သာသနာရေးဝန်ကြီးဌာန

**သာသနာရေးဦးစီးဌာန**

**ဓမ္မပဒအဋ္ဌကထာ မြန်မာပြန်**

# ဓမ္မပဒဝတ္ထု

( ပထမတွဲ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ၂၀၁၂

သာသနာရေးဝန်ကြီးဌာန

**သာသနာရေးဦးစီးဌာန**

**ဓမ္မပဒအဋ္ဌကထာ မြန်မာပြန်**

# ဓမ္မပဒဝတ္ထု

## ( ပထမတွဲ )

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ၂၀၁၂

၂၉၁၂၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

ဓမ္မပဒဝတ္ထုမြန်မာပြန်

# နိဒါန်း

**ခေတ်ကောင်းချိန်ခါ သာသနာ**

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှါ ပွင့်ထွန်း ပေါ်ပေါက်တော်မူလာသည်နှင့် အညီ သံသရာဝဲဩဃ၌ နစ်မျောလျက် ရှိကြကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့အား ကယ်မဆောင်ယူ ပြည်နိဗ္ဗူသို့ ပို့တော်မူနိုင်ရန် မဟာကရုဏာတော်ကြီးမားစွာဖြင့် မနေမနား လေးဆယ့်ငါးဝါ ကာလကြာအောင် ကျွတ်ထိုက်ကြသူ များဗိုလ်လူတို့၏ အလိုဆန္ဒ အရာဌာနအားလျော်စွာ တရားဒေသနာများကို ဟောကြားတော်မူလျက် မြတ်စွာဘုရားရှင်သည် သာသနာတော်ကြီးကို ပြုစုပျိုးထောင်တော် မူခဲ့ပါသည်။

ထိုကဲ့သို့ မြတ်စွာဘုရားရှင်သည် ပြုစုပျိုးထောင်၍ ဆုံးမတော်မူခဲ့သော မြတ်စွာဘုရားရှင်၏ နှုတ်ခပါဋ်တော်လာ အဆုံးအမတရားတော်ကို သာသနာဟု ခေါ်ဆိုရပေသည်။

ယင်း သာသနာတော်မြတ်ကြီးကို ဆက်လက် သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် အစိုးရအဆက်ဆက်တို့သည် အားပေးချီးမြှောက် ထောက်ပံ့မှုတည်းဟူသော ရေလောင်းပေါင်းသင်၊ မြေတောင်မြှောက်မှုကို စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ကြပါသည်။

သာသနာတော်ကြီး ဆက်လက်သန့်ရှင်း တည်တံ့ ပြန့်ပွား စည်ပင်ရေးသည် တိုင်းပြည်အုပ်ချုပ်သူ ဘုရင်များနှင့် အစိုးရများ၏ အားပေးချီးမြှောက် ထောက်ပံ့မှုအပေါ်၌ များစွာ အမှီပြုနေရကား အားပေးချီးမြှောက် ထောက်ပံ့မှု အားကောင်းလျှင် အားကောင်းသလောက်၊ အားနည်းလျှင် အားနည်းသလောက် ခေါက်ရှာငှက်ပမာ နိမ့်တုံမြင့်တုံ ဖြစ်တတ်ချေသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈–ခုနှစ်၊ စက်တင်ဘာလ ၁၈–ရက်နေ့တွင် နိုင်ငံတော် အာဏာအရပ်ရပ်ကို လွှဲပြောင်းတာဝန်ယူပြီးချိန်မှစ၍ သမိုင်းဝင် သာသနိက အဆောက်အအုံများကို ဘက်စုံ

မွမ်းမံပြုပြင် တည်ဆောက်ခဲ့သဖြင့် ထည်ဝါခန့်ညားစွာ ကြည်ညိုဖွယ်ကို ဆောင်နိုင်လာတော့သည်။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အသစ်များကို တီထွင် ပြဋ္ဌာန်း၍ ဆက်ကပ် အပ်နှင်းသည်မှာလည်း ထူးခြားသော သာသနာ့မှတ်တိုင်တစ်ခု ဖြစ်ပေသည်။

ကမ္ဘာ့အလယ်တွင် ဗုဒ္ဓသာသနာတော်ကြီး နေလို လလို ထွန်းလင်းတောက်ပစေရန် ပြည်ပသာသနာပြု လုပ်ငန်းများကိုလည်း တိုးချဲ့၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပေသည်။

ထို့ပြင် ဗုဒ္ဓသာသနာ မထွန်းတောက်သေးသော နယ်စပ်ဒေသနှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၅၄–ခုနှစ်၊ သီတင်းကျွတ်လတွင် နယ်စပ်ဒေသနှင့် တောင်တန်းဒေသများသို့ သာသနာပြုကြွရောက်တော်မူခဲ့ကြသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သာသနာပြုလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းလေးပါး လှူဖွယ်ဝတ္ထုများကို လှူဒါန်းရုံမျှဖြင့် အားမရဘဲ ယင်းဒေသရှိ သာသနာပြုရဟန်းတော်များနှင့် ဗုဒ္ဓဘာသာဝင်များ သိထားသင့်၊ မှတ်သားသင့်၊ လိုက်နာသင့်၊ ကျင့်ဆောင်သင့်သော ပါဠိတော် မြန်မာပြန်ကျမ်းများ၊ ငါးရာငါးဆယ်ဇာတ်တော်များ၊ ဓမ္မပဒဝတ္ထု မြန်မာပြန် စသော လေးဆယ့်ကိုးမျိုးသော ကျမ်းစာအဖြာဖြာတို့ဖြင့်လည်း ထောက်ပံ့ လှူဒါန်းလိုသောကြောင့် လိုအပ်သော ကျမ်းစာအုပ်များကို အလျင်အမြန် ပြန်လည်ပုံနှိပ်ပေးရန် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနအား ညွှန်ကြားခဲ့ပါသည်။

ယင်းသို့ ပြန်လည်ရိုက်နှိပ်ရန် လိုအပ်သော ကျမ်းစာအုပ်များတွင် ဓမ္မပဒဝတ္ထုသည်လည်း တစ်ကျမ်းအပါအဝင်ဖြစ်ရာ ယင်းဓမ္မပဒဝတ္ထုကျမ်း၌ အတွဲအားဖြင့် ငါးတွဲရှိပါသည်။ ယင်းဓမ္မပဒနှင့် ပတ်သက်၍ စာရှုသူများအား အနည်းငယ် တင်ပြလိုပါသည်။

**ဓမ္မပဒအဓိပ္ပာယ်**

ဓမ္မပဒပါဠိတော်သည် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တွင် ခုဒ္ဒကနိကာယ်၌ ပါဝင်သော ကျမ်းစာဖြစ်သည်။ ဓမ္မပဒဟူသည် (ဓမ္မ=တရားတော်တို့၏ + ပဒ=အပေါင်းအစု၊ တရားတော်အပေါင်းအစု)ဟု အဓိပ္ပာယ်ရသည်။ တရားပဒေသာ တရားညွန့်ပေါင်းကျမ်းကြီး ဟူ၍လည်း ခေါ်ဆိုသင့်သည်။ မှန်ပါသည်။ ဤဓမ္မပဒကျမ်းကြီး၌ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန် တရားများဆိုင်ရာ

ပါဝင် ဟောကြားထားပါသည်။ ယင်းလောကုတ္တရာတရားတော်ကို ဦးတည်၍ လူမှုရေး၊ ကြီးပွားရေး၊ စီးပွားရေး၊ ပညာရေး စသည့်လောကီရေးရာ အကျိုးကျေးဇူး များစွာဖြစ်နိုင်သည့် တရားတော်များကိုလည်း ထည့်သွင်းဟောကြားထားပါသည်။ ထို့ကြောင့် ဓမ္မပဒဟူသောပါဠိဘာသာအမည်ကို တရားပဒေသာ၊ တရားညွှန့်ပေါင်းကျမ်းကြီးဟူ၍ ခေါ်ဆိုသင့်ပါသည်။

ဘုရားရှင်သည် ဤဓမ္မပဒပါဠိတော် ဂါထာများဖြင့် သတ္တဝါအနန္တတို့အား ကိလေသာ အမိုက်မှောင်ကို ဖျက်ခဲ့တော်မူစေ၍ နိဗ္ဗာန်သို့ ပို့တော်မူခဲ့သည်။ မိခင်သည် ငိုကြွေးနေသော သားငယ်ကို နို့ချိုတိုက်ကျွေးကာ ဂီတဖြင့် ချော့၍ အငိုတိတ်စေသကဲ့သို့ ဘုရားရှင်သည်လည်း ကိလေသာအပူမီးဖြင့် ငိုကြွေးနေရသည့် သတ္တဝါများအား ဤဓမ္မပဒနို့ချိုဒေသနာကို တိုက်ကျွေးတော်မူ၍ ဓမ္မဂီတဖြင့် နှစ်သိမ့်စေလျက် ကိလေသာအငိုကို တိတ်စေတော်မူခဲ့လေသည်။

**ဓမ္မပဒဒေသနာ ကြားနာရကျိုး**

ဤဓမ္မပဒလာ ဂါထာများကိုကြားနာရရုံဖြင့် ဗုဒ္ဓဘာသာအဖြစ်သို့ ရောက်ရှိခဲ့ရသောသူများမှာ အသောကမင်းကြီးနှင့်အနော်ရထာမင်းကြီးတို့ ဖြစ်သည်။

**အသောကမင်းကြီး**

ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် နှစ်ပေါင်း ၁၂၀– ခန့်က ဗုဒ္ဓ၏ အဆုံးအမ သာသနာတော်ကြီး ပျောက်သုဉ်းလုနီးနီးဖြစ်၍ မိစ္ဆာဝါဒီများ ဖိစီးလွှမ်းမိုး ကြီးစိုးနေချိန်တွင် သာသနာပြုပုဂ္ဂိုလ်အစစ်အမှန်ကို ရှာကြံလိုလားသော အသောက မင်းတရားကြီးသည် စိတ်ပြေလက်ပျောက် လေသောက်တံခါးကို ဖွင့်ကာ နန်းရင်ပြင်ကို ကြည့်ရှုနေစဉ် ဝိနည်းသင်္ကန်းပုဒ်တော်နှင့်အညီ နန်းရင်ပြင်၌ ဖြည်းညင်းစွာ လှမ်းကြွ၍သွားသော သာသနာ့ကျက်သရေဆောင် နိဂြောဓသာမဏေကို မြင်လျှင် ကြည်ညိုစေတနာသဒ္ဓါတရားတဖွားဖွား ဖြစ်ရကား ထိုနိဂြောဓသာမဏေကို နန်းတော်သို့ပင့်ဖိတ်၍ လျှူဖွယ်ဝတ္ထု အစုစုဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ပြီးနောက် နိဂြောဓသာမဏေမိန့်တော်မူသည့် "အပ္ပမာဒေါ အမတံပဒံ" အစရှိသော ဂါထာတရားကို ကြားနာရ၍ ဗုဒ္ဓဘာသာဝင်စင်စစ် ဖြစ်ခဲ့လေသည်။

**အနော်ရထာမင်းကြီး**

သာသနာနှစ်–၁၅၆၁-ခုနှစ်သို့ ရောက်သောအခါ အနော်ရထာမင်းကြီးသည် အရည်းကြီးတို့၏ မသင့်မလျော် ဖောက်ပြန် မှားယွင်းသည့် အကျင့်ယုတ်များကို တွေ့မြင်ရသော အခါ ဘုန်းကံပါရမီ ရင့်သန်သူဖြစ်သော ကြောင့် မကြည်ညို မနှစ်သက်နိုင် ရှိနေခဲ့သည်။

ယင်းသို့ ဖြစ်နေစဉ်မှာပင် တောလိုက်မုဆိုး တစ်ယောက်သည် ထူးဆန်းသည့် အဝတ်အစားကို ဆင်ယင်ထားသည့် အရှင်ဓမ္မဒဿီ ဘွဲ့တော်ရှိသော ရှင်အရဟံကို ပင့်ဆောင်လာရာ ကြည်ညိုဖွယ် အတိရှိသော ရှင်အရဟံကို ဖူးမြင်လိုက်ရသောအခါ အနော်ရထာဘုရင်သည် အရည်းကြီးများနှင့် မိုးမြေအလား အလွန်ကွာခြားသည့် ရှင်အရဟံ အရှင်မြတ်ကို အလွန်တရာ ကြည်ညိုမှုသဒ္ဓါတရား ဖြစ်ပွားခဲ့သည်။ ပစ္စည်းလေးပါး လှူဒါန်းပူဇော်၍ တရားဟောကြားတော်မူပါလော့ဟု တောင်းပန်သောအခါ "အပ္ပမာဒေါ အမတံပဒံ" အစရှိသော ဓမ္မပဒဂါထာတော်မြတ်ကို ရှင်အရဟံ ဟောတော်မူသည်။ အနော်ရထာမင်းကြီးသည် ထိုဓမ္မပဒ ဂါထာတော်မြတ်ကို နာကြားရပြီးနောက် သာသနာတော်၌ သက်ဝင်ယုံကြည် သရဏဂုံ တည်၍ ဗုဒ္ဓဘာသာဝင်စင်စစ် ဖြစ်ခဲ့လေသည်။

ထို့ပြင် ဤဓမ္မပဒ ဝတ္ထုတော်ကြီးကို ဖတ်ရှုရခြင်းဖြင့် ဗုဒ္ဓခေတ် ယူ့အဖွဲ့အစည်း လူမှုဆက်ဆံရေး သဘောတရားများ၊ လူနေမှုအဆင့်အတန်း၊ လူတို့၏ ကိုယ်ကျင့်တရားများကို သိနိုင်သည့်အပြင် ဘုရင်မင်းမြတ်များ၊ မှူးမတ်များ၊ စစ်သူကြီးနှင့် စစ်သည်တော်များ၊ သူဌေးသူကြွယ်၊ ကုန်သည်များ၊ လယ်သမားနှင့် အလုပ်သမားများ၊ ဘိတ္ထိတက္ကတွန်းများ၊ ပရိဗိုဇ်များ စသည်ဖြင့် လူ့အလွှာပေါင်းစုံကိုလည်း လေ့လာတွေ့ရှိနိုင်ပေသည်။ ယင်းတို့၏ ဘဝများမှ သင်ခန်းစာများစွာ ရယူနိုင်ပေသည်။

**သာသနာရေး ဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေခြင်း**

ဤမျှအကျိုးကျေးဇူး ကြီးမားလှသော ကျမ်းစာအုပ်ကို နယ်စပ်ဒေသနှင့် တောင်တန်းဒေသရှိ သာသနာပြုပုဂ္ဂိုလ်များနှင့် ဗုဒ္ဓဘာသာဝင်များ၊ ဗုဒ္ဓဘာသာကို လေ့လာလိုက်စားလိုသူများအတွက် ရည်ရွယ်၍ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအုံ့မောင်ကိုယ်တိုင် ဦးစီး၍ အောက်ဖော်ပြပါ ပညာရှင်(၅)ဦးတို့က အဋ္ဌကထာနှင့် အညီ မြန်မာပြန်ဆို ရေးသားခဲ့ကြပါသည်—

(က) ဦးလှစိုး .... .... သုတေသနမှူး

(ခ) ဦးတင်အောင်ထွန်း .... ။

(ဂ) ဦးမြင့်နိုင် .... လက်ထောက်သုတေသနမှူး

(ဃ) ဦးလှဆန်းဝင်း .... ဒုတိယကျမ်းပြုမှူး

(င) ဦးဌေးဆောင် .... လက်ထောက်ကျမ်းပြုမှူး

ဤဓမ္မပဒဝတ္ထု မြန်မာပြန် (၅)ကျမ်းတွဲကို သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ အထားအသို အပြင်အဆင် မွမ်းမံခြယ်လှယ်၍ မင်ကျမင်န ကောင်းမွန်စွာဖြင့် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိအပ်ပါသတည်း။

ဓမ္မာစရိယ-ဦးတင်လှိုင်
စာပြင်မှူးချုပ်

ဓမ္မပဒဝတ္ထု

(ပထမတွဲ)

# မာတိကာ

---


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၁။ ယမကဝဂ် | |
| ၁။ | စက္ခုပါလမထေရ်ဝတ္ထု .... .... ... | ၁ |
| | သာဝတ္ထိပြည် မဟာသုဝဏ္ဏသူဌေးကြီး၏ သားနှစ်ယောက် | ၁ |
| | သာဝတ္ထိပြည် လူဦးရေ ခုနစ်ကုဋေ .... | ၄ |
| | မဟာပါလသူကြွယ် ရဟန်းပြုခြင်း .... | ၅ |
| | ကျေးရွာ ဒါယကာတို့ ကျောင်းဆောက်ကိုးကွယ်ကြခြင်း | ၇ |
| | စက္ခုပါလမထေရ် တရားအားထုတ်ပုံ .... | ၈ |
| | မလျှော့သောလုံ့လ .... | ၉ |
| | စက္ခုပါလမထေရ် သုက္ခဝိပဿက ရဟန္တာ ဖြစ်တော်မူခြင်း .... | ၁၂ |
| | ပဋိသမ္ဘိဒါပတ္တရဟန္တာများ .... | ၁၃ |
| | သာမဏေကို စေလွှတ်၍ မထေရ်အားပင့်စေခြင်း.... | ၁၅ |
| | သူတော်ကောင်း နတ်ကောင်းမခြင်း .... | ၁၉ |
| | စက္ခုပါလမထေရ်၏ အတိတ်ဝတ္ထု .... | ၂၃ |
| | ရဟန္တာသုံးသောင်း ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြခြင်း | ၂၄ |
| ၂။ | မဋ္ဌကုဏ္ဍလီဝတ္ထု | ၂၀ |
| | အဒိန္နပုဗ္ဗကသူဌေးကြီး၏သား မဋ္ဌကုဏ္ဍလီ .... | ၂၀ |
| | မဋ္ဌကုဏ္ဍလီကို ဗုဒ္ဓစက္ခုဉာဏ်တော်ဖြင့် မြင်တော်မူခြင်း | ၂၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မင္ဂကုဏ္ဍလီနတ်သား ဖခင်ပုဏ္ဏားအား တရားပြခြင်း | ၃၁ |
| | မြတ်စွာဘုရားကို ပင့်ဖိတ်၍ ပူဇော်ကြခြင်း .... | ၃၈ |
| | သားအဖနှစ်ယောက်တို့ သောတာပန်တည်ကြခြင်း | ၄၁ |
| ၃။ | တိဿမထေရ်ဝတ္ထု | ၄၄ |
| | မြတ်စွာဘုရားစကားကို နားမထောင်ကြခြင်း | ၄၄ |
| | တိဿရဟန်း၏ အတိတ်ဝတ္ထု .... | ၄၆ |
| | တန်ခိုးကြီးသော နာရဒရသေ့ .... | ၄၈ |
| | ရဟန်းတော်တစ်သိန်း သောတာပန်တည်ခြင်း .... | ၅၀ |
| ၄။ | ကာဠိဘီလူးမဝတ္ထု | ၅၂ |
| | မယားကြီးမိန်းမမြုံက မယားငယ်အား မကောင်းကြံခြင်း | ၅၃ |
| | မယားကြီးနှင့် မယားငယ်တို့ ဆုတောင်းမှားကြ၍ နိုင်ရာစားဘဝ ရောက်ကြပုံ .... | ၅၄ |
| | ဘီလူးမကို ပူဇော်သဖြင့် ကူညီခြင်း .... | ၅၉ |
| ၅။ | ကောသမ္ဗကရဟန်းတို့၏ဝတ္ထု | ၆၀ |
| | ဝိနည်းဓိုရ်ရဟန်းနှင့် ဓမ္မကထိကရဟန်းတို့၏ အငြင်းပွားမှု | ၆၀ |
| | ပြဟ္မာပြည်တိုင်အောင် ကွဲပြားကုန်ခြင်း .... | ၆၁ |
| | မြတ်စွာဘုရား အဆုံးအမကို မလိုက်နာကြခြင်း .... | ၆၂ |
| | ဒီဃီတိကောသလမင်းကြီး ဝတ္ထု .... | ၆၃ |
| | မိဖုရားကြီးအား ကိုယ်ဝန်တည်ခြင်း .... | ၆၄ |
| | ပုရောဟိတ်ပုဏ္ဏားက အလိုပြည့်အောင် ဆောင်ရွက်ပေးခြင်း .... | ၆၅ |
| | ဒီဃာဝုမင်းသား ဝတ္ထု .... | ၆၆ |
| | ဒီဃာဝုမင်းသားအား ဆုံးမသောစကား .... | ၆၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မိဘနှစ်ပါးတို့ အလောင်းကို ပူဇော်ခြင်း .... | ၆၈ |
| | ဒီဃာဝုမင်းသား မိဘစကားကို နားထောင်သဖြင့် ဆိုးနန်းစည်းစိမ်ကိုရခြင်း .... | ၆၉ |
| | မြတ်စွာဘုရား ပါလိလေယျကကောသို့ ကြွရောက်ဝါဆိုတော်မူခြင်း .... | ၇၄ |
| | ပါလိလေယျက ဆင်မင်း ဝတ္ထု .... .... .... | ၇၅ |
| | မျောက်သည်လည်း မြတ်စွာဘုရားအား ပူဇော်ခြင်း .... | ၇၇ |
| | ရဟန်းတော်တို့ ညီညွတ်ကြခြင်း .... .... .... | ၇၈ |
| | အရှင် အာနန္ဒာ မြတ်စွာဘုရားထံ ချဉ်းကပ် ပူဇော်ခြင်း .... | ၈၀ |
| | ရဟန်းတော် ငါးရာတို့ အရပ်ဟတ္ထဖိုလ် တည်ကြခြင်း .... | ၈၁ |
| | ပါလိလေယျက ဆင်မင်း တာဝတိံသာ နတ်ပြည်၌ဖြစ်ခြင်း .... | ၈၃ |
| | ကောသမ္ဗီ ရဟန်းတို့ကို ကောသလမင်းကြီးက ထားမြစ်ခြင်း .... | ၈၅ |
| | ရဟန်းများ သောတာပတ္တိဖိုလ်၌ တည်ခြင်း .... .... | ၈၆ |
| ၆။ | မဟာကာဠ မထေရ် ဝတ္ထု .... .... .... | ၈၈ |
| | မဟာကာဠ, စူဠကာဠတို့ ရဟန်းပြုကြခြင်း .... .... | ၈၈ |
| | သုသာန်စောင့်မ၏ လျှောက်ချက်.... .... .... | ၉၀ |
| | မဟာကာဠ မထေရ် ရဟန္တာ ဖြစ်ခြင်း .... .... | ၉၂ |
| | စူဠကာဠကို မယားဟောင်းတို့က ဖမ်းခြင်း .... .... | ၉၃ |
| | မဟာကာဠ၏ မယားဟောင်း ရှစ်ယောက် .... .... | ၉၄ |
| ၇။ | အရှင်ဒေဝဒတ်ဝတ္ထု .... .... .... | ၉၉ |
| | အရှင် သာရိပုတ္တရာ ဒါနတရား ဟောကြားတော်မူခြင်း .... | ၁၀၀ |
| | ရဟန်း ဝတ်စံထောင်ကို ဆွမ်းလှူခြင်း .... .... | ၁၀၁ |
| | အရှင်ဒေဝဒတ်အား သင်္ကန်းလှူခြင်း .... .... | ၁၀၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ဆင်သတ် ယောကျ်ား ဝတ္ထု .... .... .... | ၁၀၃ |
| | ဘုရားလောင်း ဆင်မင်း .... .... .... | ၁၀၄ |
| ၈။ | အရှင် သာရိပုတ္တရာ ဝတ္ထု .... .... .... | ၁၀၇ |
| | ဗုဒ္ဓဝင် အကျဉ်းချုပ် .... .... .... | ၁၀၈ |
| | အရှင် သာရိပုတ္တရာနှင့် အရှင် မောဂ္ဂလာန် .... .... | ၁၁၂ |
| | တောင်ထိပ် ပွဲသဘင် .... .... .... | ၁၁၃ |
| | သိဉ္စည်း ဆရာကြီးထံ ပရိဗိုဇ်ရဟန်း ပြုကြခြင်း .... .... | ၁၁၄ |
| | တရားထူး တရားမှန်ကို ထပ်၍ ရှာကြံခြင်း .... .... | ၁၁၅ |
| | အရှင် အဿဇိ မထေရ်နှင့် တွေ့ခြင်း .... .... | ၁၁၆ |
| | ဥပတိဿ ပရိဗိုဇ် သောတာပန် တည်ခြင်း .... .... | ၁၁၈ |
| | ကောလိတ ပရိဗိုဇ် သောတာပန် တည်ခြင်း .... .... | ၁၁၉ |
| | သိဉ္စည်း ဆရာကြီး၏ ဝါဒ .... .... .... | ၁၂၀ |
| | အရှင် သာရိပုတ္တရာနှင့် အရှင် မောဂ္ဂလာန်တို့ ရဟန္တာဖြစ်ခြင်း .... | ၊၂၁ |
| | အရှင် ကောဏ္ဍည၏ အတိတ် ဝတ္ထု .... .... | ၁၂၄ |
| | စူဠကာဠသည် ကိုးကြိမ်တိုင် ပေးလှူခြင်း .... .... | ၁၂၅ |
| | အရှင် ယသနှင့် ငါးကျိပ် ငါးယောက်တို့၏ အတိတ် ဝတ္ထု .... | ၁၂၇ |
| | ဘဒ္ဒဝဂ္ဂီ မင်းသား သုံးကျိပ်တို့၏ အတိတ် ဝတ္ထု .... .... | ၁၂၈ |
| | ဥရုဝေလ ကဿပ ညီနောင်တို့၏ အတိတ် ဝတ္ထု .... .... | ၁၂၉ |
| | မင်းသား သုံးယောက်တို့၏ စေတနာ .... .... | ၁၃၀ |
| | ရှစ်သောင်းလေးထောင်သော သူတို့ ပြိတ္တာဘုံ၌ ဖြစ်ကြခြင်း .... | ၁၃၂ |
| | ပြိတ္တာဘုံ အကြောင်း .... .... .... | ၁၃၃ |
| | အရှင် သာရိပုတ္တရာ၊ အရှင် မောဂ္ဂလာန်တို့၏ အတိတ် ဝတ္ထု .... | ၁၃၅ |
| | အနောမဒဿီ မြတ်စွာဘုရားရှင် သရဒ ရသေ့ထံသို့ ကြွတော်မူခြင်း | ၁၃၇ |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ


အနောမဒဿီ မြတ်စွာဘုရားသည် ပန်းနေရာထက်၌
၇-ရက် သီတင်းသုံးတော်မူခြင်း .... .... ၁၄၀
အရဒရသေ့သည် ပန်းထီးဖြင့် ဆောင်းမိုးပူဇော်ခြင်း .... ၁၄၁
ရသေ့ ၇-သောင်း ၄-ထောင် ရဟန္တာဖြစ်ခြင်း .... .... ၁၄၂
သရဒရသေ့၏ ဆုတောင်း .... .... .... ၁၄၃
သီရိဝစ္စနသူကြွယ်၏ ဆုတောင်း .... .... .... ၁၄၄
သိဥ္စည်းဆရာကြီး အကြောင်းကို လျှောက်ထားခြင်း .... ၁၄၇

၉။ အရှင်နန္ဒမထေရ်ဝတ္ထု .... .... .... ၁၅၀
ဇနပဒကလျာဏီ၏ အမှာစကား .... .... .... ၁၅၁
သားတော်ရာဟုလာ မြတ်စွာဘုရားထံ အမွေတောင်းခြင်း .... ၁၅၂
သားတော်ရာဟုလာအား အမွေပေးတော်မူခြင်း.... .... ၁၅၃
ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက လျှောက်ထားတောင်းပန်ခြင်း ၁၅၃
မဟာဓမ္မပါလဇာတ် ဝတ္ထု .... .... .... ၁၅၄
ဓမ္မပါလ သတို့သား .... .... .... ၁၅၅
ဒိသာပါမောက္ခဆရာကြီး၏ စူးစမ်းချက် .... .... ၁၅၆
တရားစောင့်က ငယ်ရွယ်စဉ် မသေနိုင် .... .... ၁၅၉
တရားကျင့်သူကို တရားက ပြန်၍စောင့်ခြင်း .... .... ၁၆၄
ညီတော် အရှင်နန္ဒသည် ဇနပဒကလျာဏီကို စွဲလမ်းနေခြင်း .... ၁၆၆
ညီတော်အရှင်နန္ဒကို တာဝတိံသာနတ်ပြည်သို့ ခေါ်ခြင်း .... ၁၆၇
ရဟန်းတို့က ပြက်ရယ်ပြုကြခြင်း .... .... .... ၁၆၈
အရှင်နန္ဒ ရဟန္တာဖြစ်ခြင်း .... .... .... ၁၆၈
ညီတော်နန္ဒအတိတ်ဝတ္ထု .... .... .... ၁၆၂
မြည်းမစကားကြောင့် ခုခံပြောဆိုခြင်း .... .... ၁၇၃
ကပ္ပဋကုန်သည်က ဖြားယောင်းခေါ်ဆောင်ခြင်း.... .... ၁၇၄

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | စုန္ဒ ဝက်ထိုးသမား ဝတ္ထု .... .... .... | ၁၇၆ |
| | အသက်ရှင်စဉ် ငရဲမီးလောင်ခြင်း .... .... .... | ၁၇၇ |
| ၁၁။ | မဟာဓမ္မိက ဥပါသကာဝတ္ထု .... .... .... | ၁၈၀ |
| | နတ်ရထားခြောက်စင်းဖြင့် လာရောက်ခေါ်ယူခြင်း .... | ၁၈၁ |
| | မဟာဓမ္မိကဥပါသကာအကြောင်းကို သားသမီးတို့အား ပြောကြားခြင်း .... .... .... .... | ၁၈၂ |
| | တုသိတာနတ်ပြည်၌ ဖြစ်ကြောင်းဟောကြားတော်မူခြင်း .... | ၁၈၄ |
| ၁၂။ | ရှင်ဒေဝဒတ်ဝတ္ထု ... .... .... .... | ၁၈၆ |
| | မင်းသား ၆- ယောက် .... ... .... | ၁၈၇ |
| | မရှိမုန့်အကြောင်း .... .... .... .... | ၁၈၇ |
| | မယ်တော်ကို အပြစ်တင်ခြင်း .... .... .... | ၁၈၈ |
| | အနုရုဒ္ဓါမင်းသား ရဟန်းပြုခြင်း.... .... .... | ၁၈၉ |
| | ဥပါလိဆတ္တာသည် .... .... .... .... | ၁၉၂ |
| | ရှင်ဒေဝဒတ်၏ မကောင်းသောအကြံ .... .... | ၁၉၄ |
| | ဒေဝဒတ်သည် မြတ်စွာဘုရားအား ရန်ငြိုးဖွဲ့ခြင်း .... | ၁၉၅ |
| | မြတ်စွာဘုရားကိုသတ်ရန် ကြံစည်ခြင်း .... .... | ၁၉၆ |
| | စူဠဟံသ မဟာဟံသဝတ္ထု .... .... .... | ၁၉၇ |
| | ခေမာရေကန်ကြီး .... .... .... | ၁၉၈ |
| | ရွှေဟင်္သာမင်း .... .... .... | ၁၉၉ |
| | သုမုခစစ်သူကြီး .... .... .... | ၂၀၀ |
| | ခေမာမုဆိုးက ဆောင်ခြင်း .... .... .... | ၂၀၃ |
| | အရှင်ဒေဝဒတ်အကြံ .... .... .... | ၂၀၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ရှင်ဒေဝဒတ် သံဃာသင်းခွဲခြင်း .... .... | ၂၀၆ |
| | အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် .... .... | ၂၀၈ |
| | ကာဠှသမင် .... .... .... | ၂၀၈ |
| | ကေနိပါတ် လက္ခဏဇာတ် .... .... .... | ၂၀၉ |
| | အဟုယူတတ်သော ဒေဝဒတ်အလောင်း .... .... | ၂၀၉ |
| | ကျေးဇူးမသိသော ဒေဝဒတ်အလောင်း .... .... | ၂၁၁ |
| | မြတ်စွာဘုရားအား ဖူးလိုသောဒေဝဒတ် .... .... | ၂၁၃ |
| | ရှင်ဒေဝဒတ် သရဏဂုံဆောက်တည်ခြင်း .... .... | ၂၁၄ |
| | ရှင်ဒေဝဒတ် အဝီစိငရဲ၌ဖြစ်ခြင်း .... .... | ၂၁၆ |
| | သီလဝဆင်မင်း .... .... .... | ၂၁၆ |
| | မဟာပိင်္ဂလဇာတ် .... .... .... | ၂၁၇ |
| ၁၃။ | သုမနဒေဝီဝတ္ထု .... .... .... | ၂၁၉ |
| | သုမနဒေဝီ .... .... .... | ၂၂၁ |
| ၁၄။ | သူငယ်ချမ်းရဟန်း ၂-ပါးဝတ္ထု .... .... .... | ၂၂၄ |
| | ဂန္ထဓုရပုဂ္ဂိုလ် မှားယွင်းချက် .... .... .... | ၂၂၅ |
| | ပြဿနာမေးတော်မူခြင်း .... .... .... | ၂၂၆ |


## ၂။ အပ္ပမာဒဝဂ်


| | | |
| --- | --- | --- |
| ၁။ | သာမာဝတီဝတ္ထု .... .... .... | ၂၃၁ |
| | ဝေဠုဒီပကရသေ့ နတ်ဖြစ်ခြင်း .... .... .... | ၂၃၂ |
| | ဟတ္ထိကန္တ စောင်းတော်မန္တန် .... .... .... | ၂၃၃ |
| | ကောသမ္ဗီပြည် ပူရန္တပ္ပမင်းကြီး .... .... .... | ၂၃၄ |
| | ညောင်ပင်ပေါ်တွင် သားဖွားခြင်း .... .... | ၂၃၄ |
| | အလ္လကပ္ပရသေ့နှင့် တွေ့ခြင်း .... .... .... | ၂၃၆ |
| | ပူရန္တပ္ပမင်း သေလွန်ခြင်း .... .... .... | ၂၃၇ |
| | ဥတေနမင်းသား ထီးနန်းသိမ်းပိုက်ခြင်း .... .... | ၂၃၈ |
| | အလွန်လိမ္မာသော ဆင်မင်း .... .... .... | ၂၃၉ |
| | ကောတုဟလိကနှင့် ကာဠီ .... .... .... | ၂၄၀ |
| | သားငယ်ကို ပစ်ထားခဲ့ခြင်း .... .... .... | ၂၄၁ |
| | နွားကျောင်းသား၏ နို့ညှစ်မင်္ဂလာပွဲ .... .... | ၂၄၁ |
| | ခွေးဘဝ၌ ဖြစ်ခြင်း .... .... .... | ၂၄၂ |
| | ပစ္စေကဗုဒ္ဓါအား ကြည်ညိုလှသော ခွေး .... | ၂၄၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဃောသကနတ်သားဖြစ်ခြင်း .... .... | ၂၄၄ |
| | နတ်တို့သေခြင်း ၄-မျိုး .... .... .... | ၂၄၅ |
| | ကောသမ္ဗီသေဋ္ဌေးကြီး .... .... .... | ၂၄၇ |
| | ခုနစ်ကြိမ်တိုင် စွန့်ပစ်ခြင်း .... .... | ၂၄၈ |
| | သားအရင်း သေဆုံးရပုံ .... .... .... | ၂၅၂ |
| | တောသေဋ္ဌေးသမီး .... .... .... | ၂၅၅ |
| | သေဋ္ဌေးသမီး၏ ချစ်မေတ္တာ .... .... | ၂၅၅ |
| | လက်ထပ်မင်္ဂလာ .... .... .... | ၂၅၇ |
| | သေဋ္ဌေးကြီးက လူလွှတ်၍ခေါ်ခြင်း .... .... | ၂၅၈ |
| | သေဋ္ဌေးကြီးထံ သွားရောက်ကြခြင်း .... .... | ၂၆၀ |
| | သေဋ္ဌေးကြီးရာထူး ခန့်အပ်ခြင်း .... .... | ၂၆၁ |
| | မယ်ကာဠီက ရှင်းပြရခြင်း .... .... | ၂၆၂ |
| | ဘဒ္ဒဝတီသေဋ္ဌေးကြီး .... .... .... | ၂၆၄ |
| | သေဋ္ဌေးသမီး မယ်သာမာ .... .... | ၂၆၅ |
| | သေဋ္ဌေးလင်မယား သေဆုံးခြင်း .... .... | ၂၆၆ |
| | မိတ္တသူကြွယ်က မေးစားခြင်း .... .... | ၂၆၆ |
| | သာမာဝတီ အမည်တွင်ခြင်း .... .... | ၂၆၇ |
| | ဃောသကသေဋ္ဌေးကြီးက မွေးစားပြန်ခြင်း .... | ၂၆၈ |
| | သာမာဝတီကို မိဖုရားမြှောက်ခြင်း .... .... | ၂၆၈ |
| | ဝါသုလဒတ္တာ မိဖုရား .... .... .... | ၂၇၀ |
| | စဏ္ဍပဇ္ဇောတမင်းကြီး၏ ယန္တယားဆင်ရုပ် .... | ၂၇၁ |
| | ဥဒေနမင်းကြီး ရန်သူလက်တွင်းရောက်ရပုံ .... | ၂၇၁ |
| | ဟတ္ထိကန္တမန္တန်ကို တောင်းခြင်း .... .... | ၂၇၂ |
| | သမီးတော်အား မန္တန်သင်ခိုင်းခြင်း .... .... | ၂၇၃ |
| | သမီးတော်နှင့် ဥဒေနမင်း ချစ်ကြိုက်ခြင်း .... | ၂၇၄ |
| | စဏ္ဍပဇ္ဇောတမင်းကြီး၏ ရှေးကောင်းမှု .... .... | ၂၇၅ |
| | မာဂဏ္ဍိပုဏ္ဏား မြတ်စွာဘုရားနှင့် တွေ့ခြင်း .... | ၂၇၆ |
| | ခြေတော်ရာ ပဒစေတီကို ပြစော်မူခြင်း.... .... | ၂၈၀ |
| | ခြေရာရှင်၏ စိတ်သဘောထား .... .... | ၂၈၁ |
| | အနာဂါမိဖိုလ်တည်ကြခြင်း .... .... | ၂၈၂ |
| | မာဂဏ္ဍီ ရန်ငြိုးဖွဲ့ခြင်း .... .... .... | ၂၈၃ |
| | မာဂဏ္ဍီ မိဖုရားဖြစ်ခြင်း .... .... .... | ၂၈၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ရသေ့ငါးရာနှင့် ညောင်ပင်စောင့်နတ်မင်း .... | ၂၇၄ |
| | ညောင်ပင်စောင့်နတ်မင်း၏ ရှေးဘဝကုသိုလ် .... | ၂၇၅ |
| | ရသေ့ငါးရာတို့ မြတ်စွာဘုရားထံသို့ သွားကြခြင်း .... | ၂၇၇ |
| | ရသေ့ငါးရာတို့ ရဟန္တာဖြစ်ကြခြင်း ... .... | ၂၇၈ |
| | ကောသမ္ဗီပြည်သို့ မြတ်စွာဘုရား ကြွတော်မူခြင်း .... | ၂၇၉ |
| | ခုဇ္ဇုတ္တရာ သောတာပန်တည်ခြင်း .... ... | ၂၉၀ |
| | သာမာဝတီနှင့် နန်းတွင်းသူ မောင်းမတို့သောတာပန်တည်ခြင်း .... | ၂၉၁ |
| | ခုဇ္ဇုတ္တရာအား မိခင်အရာ၌ ထားခြင်း .... .... | ၂၉၂ |
| | မာဂဏ္ဍီက မင်းကြီးထံ ပြောကြားခြင်း .... .... | ၂၉၂ |
| | မာဂဏ္ဍီသည် လုလင်တို့ကို တံစိုးပေး၍ အဆဲခိုင်းခြင်း .... | ၂၉၃ |
| | သာမာဝတီတို့အား ဖျက်ဆီးရန် ကြံစည်ခြင်း .... .... | ၂၉၆ |
| | စောင်းအတွင်း၌ မြွေထည့်ထားခြင်း .... .... | ၂၉၇ |
| | ဥတေနမင်းကြီးက သာမာဝတီအား တောင်းပန်ရခြင်း .... | ၂၉၉ |
| | မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါဟု တိုက်တွန်းခြင်း .... | ၃၀၀ |
| | သာမာဝတီအား ဆုပေးခြင်း .... .... .... | ၃၀၁ |
| | ပုဆိုးငါးရာ လှူဒါန်းခြင်း .... .... .... | ၃၀၂ |
| | နန်းတော်ကို မီးရှို့၍ သတ်ခြင်း .... .... .... | ၃၀၄ |
| | သာမာဝတီ၏ အဆုံးအမ .... .... .... | ၃၀၅ |
| | ရာဇပရိယာယ်ဖြင့် စစ်မေးတော်မူခြင်း .... .... | ၃၀၆ |
| | မာဂဏ္ဍီအား ကြီးလေးသော ရာဇဒဏ်ပေးခြင်း .... .... | ၃၀၇ |
| | ရဟန်းတို့က မေးလျှောက်ခြင်း .... .... .... | ၃၀၈ |
| | ရှေးကမကောင်းမှု .... .... .... | ၃၀၈ |
| | ခုဇ္ဇုတ္တရာ၏ ရှေးအကြောင်း .... .... .... | ၃၀၉ |
| | ရဟန္တာထေရ်ရီမကို စေခိုင်းမှုအပြစ် .... .... | ၃၁၀ |
| | သောတာပန် စသည်တည်ခြင်း .... .... .... | ၃၁၁ |
| ၂။ | ကုမ္ဘဃောသက သေဋ္ဌေးသားဝတ္ထု .... .... | ၃၁၆ |
| | ခစားမှုဖြင့် အသက်မွေးခြင်း .... .... .... | ၃၁၇ |
| | သမီးတော်နှင့် သွေးဆောင်ခြင်း .... .... | ၃၁၈ |
| | ကုမ္ဘဃောသက အိမ်ထောင်ကျခြင်း .... .... | ၃၂၀ |
| | ကုမ္ဘဃောသကအား နန်းတော်က ခေါ်ခြင်း .... .... | ၃၂၀ |
| | သမက်တော်အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားခြင်း | ၃၂၃ |
| | ကုမ္ဘဃောသက သောတာပန်တည်ခြင်း .... .... | ၃၂၄ |

ဓမ္မပဒဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | စူဠပန္ထကမထေရ် ဝတ္ထု .... .... .... | ၃၂၅ |
| | လမ်းတွင်မေး၍ မဟာပန္ထက စူဠပန္ထကခေါ်ခြင်း.... .... | ၃၂၆ |
| | ကလေးများက ဘိုးဘွားတို့ကို မေးခြင်း .... .... | ၃၂၇ |
| | မိဘများတံ ပြန်လာခြင်း .... .... .... | ၃၂၈ |
| | မဟာပန္ထက ရဟန္တာဖြစ်ခြင်း .... .... .... | ၃၂၉ |
| | စူဠပန္ထကအား ကျောင်းတော်မှ နှင်ထုတ်ခြင်း .... .... | ၃၃၀ |
| | စူဠပန္ထကသည် မြတ်စွာဘုရားနှင့် တွေ့ခြင်း .... .... | ၃၃၁ |
| | ပိဋကသုံးပုံဆောင် ရဟန္တာဖြစ်ခြင်း .... .... | ၃၃၃ |
| | စူဠပန္ထကသည် ရဟန်းတစ်ထောင် ဖန်ဆင်းတော်မူခြင်း .... | ၃၃၅ |
| | ရဟန်းတော်များက ချီးမွမ်းထောမနာပြုကြခြင်း.... .... | ၃၃၆ |
| | စူဠပန္ထက၏ ရှေးအကြောင်း .... .... .... | ၃၃၈ |
| | ယုံးခြားသောမန္တန်တော် .... .... .... | ၃၃၉ |
| | မင်းကြီး မြို့လှည့်၍ နားထောင်ခြင်း .... .... | ၃၃၉ |
| | တန်ခိုးကြီးသောမန္တန် .... .... .... | ၃၄၀ |
| | အသပြာတစ်ဆောင် ပူဇော်ခြင်း .... .... .... | ၃၄၁ |
| ၄။ | ဗာလနက္ခတ်ပွဲ ကြွေးကြော်သော ဝတ္ထု .... .... | ၃၄၅ |
| | အရိယာဝါးကုဋေ .... .... .... | ၃၄၅ |
| ၅။ | မဟာကဿပမထေရ်ဝတ္ထု .... .... | ၃၄၈ |
| ၆။ | မမေ့လျော့သောရဟန်း မေ့လျော့သောရဟန်းနှစ်ပါးဝတ္ထု | ၃၅၀ |
| | မြတ်စွာဘုရားက မေးတော်မူခြင်း .... .... | ၃၅၁ |
| ၇။ | မဃလုလင်ဝတ္ထု .... .... .... | ၃၅၃ |
| | မဃလုလင်အကြောင်း .... .... .... | ၃၅၄ |
| | သိကြားမင်းကျင့်ဝတ် ခုနစ်ပါး .... .... | ၃၅၅ |
| | သိကြားမင်း၏ အတိတ်ဝတ္ထု .... .... | ၃၅၇ |
| | မဃလုလင်၏ အဖော်များ .... .... | ၃၅၈ |
| | မကောင်းကြံသော ရွာစားကြီး .... .... | ၃၅၈ |
| | မေတ္တာ၏ တန်ခိုးကြီးပုံ .... .... | ၃၅၉ |
| | ရွာစားအသစ် ခန့်ခြင်း .... .... | ၃၆၀ |
| | မယားလေးယောက် .... .... .... | ၃၆၀ |
| | အကြံကောင်းသော သုဓမ္မာ .... .... | ၃၆၁ |
| | သုနန္ဒာရေကန် .... .... .... | ၃၆၂ |
| | သုစိတ္တာ၏ ပန်းဥယျာဉ် .... .... | ၃၆၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | အလှကြိုက်သော သုဇာတာ | ၃၆၃ |
| | တာဝတိံသာသို့ဖြစ်ခြင်း | ၃၆၃ |
| | အသုရာပြည် | ၃၆၄ |
| | တာဝတိံသာအကြောင်း | ၃၆၄ |
| | နေဝဏ်ဆင်အကြောင်း | ၃၆၅ |
| | သုဓမ္မာ မိဖုရား၊ သုနန္ဒာမိဖုရား၊ သုစိတ္တာမိဖုရား | ၃၆၇ |
| | ဗျိုင်းမသုဇာတာ | ၃၆၇ |
| | ဗျိုင်းမကလေးကို တာဝတိံသာသို့ခေါ်ခြင်း | ၃၆၈ |
| | သုဇာတာဗျိုင်းမကို ပြက်ရယ်ပြုခြင်း | ၃၆၉ |
| | အိုးထိန်းသည် သမီး | ၃၆၉ |
| | ရွှေသခွါးသီး ရောင်းသော သိကြားမင်း | ၃၇၀ |
| | အသုရာသမီး သုဇာတာ | ၃၇၁ |
| | သုဇာတာပန်းကုံးစွပ်ပွဲ | ၃၇၁ |
| | သုဇာတာကို တာဝတိံသာသို့ ဆောင်ခြင်း | ၃၇၂ |
| | သိကြားမင်းထံ အခွင့်အရေးတောင်းခြင်း | ၃၇၃ |
| | အသုရာတို့ စစ်ပွဲ | ၃၇၃ |
| | သောတာပန် တည်ကြခြင်း | ၃၇၄ |
| ၈။ | အညတရရဟန်းဝတ္ထု | ၃၇၅ |
| | ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း | ၃၇၆ |
| ၉။ | နိဂမဝါသီတိဿမထေရဝတ္ထု | ၃၇၇ |
| | မြတ်စွာဘုရားနိဂမဝါသီ တိဿမထေရ်အား ကောင်းချီးပေးတော်မူခြင်း | ၃၇၈ |
| | သိကြားမင်းသည် ဟသ်ာမင်းအဖြစ် ဖန်ဆင်းခြင်း | ၃၇၉ |
| | သုဝဇာတ်ကို ပေါင်းတော်မူခြင်း | ၃၈၀ |

## ၃။ စိတ္တဝဂ်

| | | |
| --- | --- | --- |
| ၁။ | မေဃိယမထေရ်ဝတ္ထု | ၃၈၂ |
| | အကုသိုလ်ဝိတက်ပွားများခြင်း | ၃၈၃ |
| | မေဃိယမထေရ် သောတာပန်တည်ခြင်း | ၃၈၄ |
| ၂။ | အညတရရဟန်းဝတ္ထု | ၃၈၆ |
| | ကျောင်းနေရာစသည် လှူဒါန်းခြင်း | ၃၈၇ |
| | ရဟန်းတို့၏ ကတိကဝတ် | ၃၈၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မာတိကမာတာ ဒါယိကာမကြီး အနာဂါမ်တည်ခြင်း .... | ၃၈၉ |
| | ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ခြင်း .... .... | ၃၉၀ |
| | အညတရ ရဟန်းတော်တစ်ပါး .... .... | ၃၉၂ |
| | တင်နည်းသောတရားကို ပေးတော်မူခြင်း .... .... | ၃၉၃ |
| | ရဟန္တာဖြစ်ခြင်း .... .... | ၃၉၅ |
| | ကိုးဆယ့်ကိုးဘဝ လင်ကိုသတ်ခြင်း .... .... | ၃၉၆ |
| | အသက်နှင့်လဲ၍ ကယ်ဆယ်ခဲ့ခြင်း .... .... | ၃၉၆ |
| ၃။ | အညတရ ဥက္ကဏ္ဌိတဘိက္ခုဝတ္ထု .... .... | ၃၉၇ |
| | အနုပုဗ္ဗသေဋ္ဌေးသား ရဟန်းပြုခြင်း .... .... | ၃၉၉ |
| | သာမဏေတို့က မေးလျှောက်ခြင်း .... .... | ၃၉၉ |
| | သေဋ္ဌေးသား သောတာပန်တည်ခြင်း .... .... | ၄၀၁ |
| ၄။ | သံဃရက္ခိတမထေရ်၏ တူရင်းဖြစ်သောမထေရ်ငယ်ဝတ္ထု .... | ၄၀၂ |
| | စိတ်ကူးဖြင့် အိမ်ထောင်သားမွေးမှု .... .... | ၄၀၃ |
| | ရဟန်းငယ် ထွက်ပြေးရန်ကြံခြင်း .... .... | ၄၀၄ |
| | ရဟန်းငယ် သောတာပန်တည်ခြင်း .... .... | ၄၀၅ |
| ၅။ | စိတ္တဟတ္ထမထေရ်ဝတ္ထု .... .... | ၄၀၇ |
| | နွားပျောက်သောယောကျ်ား ရဟန်းပြုခြင်း — — | ၄၀၇ |
| | ခြောက်ကြိမ်တိုင် လူထွက်ခြင်း .... .... | ၄၀၈ |
| | ခုနစ်ကြိမ်မြောက် ရဟန်းပြုခြင်း .... .... | ၄၀၉ |
| | ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ခြင်း .... .... | ၄၁၀ |
| | ကုဒ္ဒါလပဏ္ဍိတဇာတ်ဝတ္ထု .... .... | ၄၁၃ |
| | ဗာရာဏသီမင်းကြီးက မေးမြန်းခြင်း .... .... | ၄၁၄ |
| | ခုနစ်ပြည်ထောင်မင်းများ တောထွက်ခြင်း .... .... | ၄၁၅ |
| ၆။ | ရဟန်းငါးရာတို့ဝတ္ထု .... .... | ၄၁၆ |
| | တောစောင့်နတ်တို့က ကြောက်မက်ဖွယ် အဆင်းအသံတို့ကိုပြခြင်း | ၄၁၇ |
| | ရဟန်းတို့ ရောဂါဖြစ်ခြင်း .... .... | ၄၁၈ |
| | မေတ္တသုတ်အာနုဘော် .... .... | ၄၁၉ |
| | ရဟန်းငါးရာ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ခြင်း .... .... | ၄၂၀ |


ဓမ္မပဒဝတ္ထုပထမတွဲ ပြီး၏။

# ဓမ္မပဒအဋ္ဌကထာမြန်မာပြန်

# ဓမ္မပဒဝတ္ထု

## ( ပထမတွဲ )

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ ယမကဝဂ်

### ၁။ စက္ခုပါလမထေရ်ဝတ္ထု

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

ဤမနောပုဗ္ဗင်္ဂမာ အစရှိသော ဒေသနာတော်ကို အဘယ်အရပ်၌ ဟောတော်မူအပ်သနည်း၊ သာဝတ္ထိမြို့၌ ဟောတော်မူ၏။ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောတော်မူအပ်သနည်း၊ စက္ခုပါလမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### သာဝတ္ထိပြည် မဟာသုဝဏ္ဏသေဋ္ဌေးကြီး၏ သားနှစ်ယောက်

သာဝတ္ထိပြည်၌ မဟာသုဝဏ္ဏအမည်ရှိသော သေဋ္ဌေးကြီး တစ်ဦးရှိ၏။ ထိုသေဋ္ဌေးကြီးသည် ကြွယ်ဝ၏။ ရွှေ,ငွေ စသော လောကီရတနာ ဥစ္စာ[illegible] ရှိ၏။ ကျွန်မိန်းမ, ကျွန်ယောကျ်ား စသောအားဖြင့် များသောစည်းစိမ် အခြံအရံလည်းရှိ၏။ သားသမီး တစ်စုံတစ်ယောက်မျှမရှိ။ ထိုသေဋ္ဌေးသည် တစ်နေ့သ၌ ဂင်္ဂါမြစ်နား ရေချိုးဆိပ်သို့ သွား၍ ရေချိုးပြီးသောအခါ ရေချိုးဆိပ်မှ တစ်ဖန် အိမ်သို့ပြန်လာရာ လမ်းခရီးအကြား၌ အရွက်အခက်နှင့် ပြည့်စုံသော

တောစိုးသစ်ပင်ကြီးကို မြင်၍ "ဤသစ်ပင်ကို တန်ခိုးအာနုဘော်ကြီးသော နတ်မင်းသည် စောင့်ရှောက်အပ်သည် ဖြစ်လတ္တံ့"ဟု အကြံဖြစ်သဖြင့် ထိုသစ်ပင်ကြီး၏ အောက်အဖို့ဖြစ်သော မြေပြင်ကို သုတ်သင်ရှင်းလင်းစေလျက် ထံတိုင်း အကာအရံပြုစေခြင်း သဲဖြူခင်းခြင်း တံခွန် ကုက္ကား မုလေးပွား ကြက်လျှာ ကောင်းမွှာ စိုက်ထူခြင်း စသည်ဖြင့် တန်ဆာဆင်ပြီးသောအခါ လက်ယာရစ် လှည့်လည် ပူဇော်၍ "အကျွန်ုပ်အား သားရတနာကိုသော်လည်းကောင်း၊ သမီးရတနာကိုသော်လည်းကောင်း ရပါမူကား အရှင် နတ်မင်းတို့အား ကြီးမားလှစွာသော ပူဇာသက္ကာရကို ပြုပါအံ့"ဟု ဆုတောင်း၍ ဖယ်သွား၏။

ထိုနောက် မကြာမြင့်မီပင်လျှင် ထိုသေဌေး၏ ဇနီးဖြစ်သော သေဌေးမဝမ်းပဋိသန္ဓေတည်နေ၏။ သေဌေးကတော်သည် ကိုယ်ဝန်၏ တည်သောအဖြစ်ကို သိ၍ သေဌေးအား ပြောကြား၏။ ထိုသေဌေးလည်း သေဌေးမအား ကိုယ်ဝန်၏ အစောင့်အရှောက်ကို ပေး၍ လေးမြတ်ပြုစု ကြည့်ရှုစောင့်ရှောက်သဖြင့် ဆယ်လကိုလွန်လျှင် သားကောင်းရတနာကို ဖွားမြင်လေ၏။ မဟာသုဝဏ္ဏ သေဌေးလည်း အမည်မှည့်အံ့သော နေ့သို့ရောက်လျှင် ရှေးအခါက ငါစောင့်ရှောက်အပ်သော တောစိုးသစ်ပင်ကြီးကို အမှီပြု၍ ရအပ်သော သားဖြစ်ပေသည်ဟု ထိုသတို့သားအား "ပါလ"ဟူသော အမည်ကိုပြု၏။ ထိုသေဌေးမသည် အခြားသားတစ်ယောက်ကို ဖွားမြင်ပြန်လေ၏။ ထိုသူငယ်အား "စူဠပါလ" ဟူသော အမည်ကိုမှည့်၍ အကြီးဖြစ်သော ပါလသတို့သားအား "မဟာပါလ" ဟူသောအမည်ကို ပြုကြကုန်၏။ ထိုညီနောင်နှစ်ယောက်တို့သည် အရွယ်သို့ရောက်ခဲ့လျှင် အိမ်ထောင်ခြင်းကိစ္စဖြင့် နှောင်ဖွဲ့ခြင်းကို ပြုကြရလေကုန်၏။ နောက်အဖို့ အခါဝယ် မိဘနှစ်ပါး သေလွန်သဖြင့် ကြွင်းကျန်တည်ရှိရစ်ခဲ့သော ပစ္စည်းဥစ္စာများစွာဥဿုံ အလုံးစုံသော စည်းစိမ်ချမ်းသာကို ညီနောင်နှစ်ယောက်တို့သည်သာ ခံစားသုံးဆောင် နေထိုင်ကြရလေကုန်သတည်း။

ထိုအခါဝယ် မြတ်စွာဘုရားရှင်သည် ဓမ္မစကြာ ဒေသနာမြတ်ကို ဟောပြီး၍ သော် စရီးစဉ်အတိုင်း ဒေသစာရီကြွလာတော်မူ၍ အနာထပိဏ် သေဌေးကြီးသည် လေးဆယ့်ငါးကုဋေသော အသပြာငွေကို စွန့်လွှတ်၍ ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန် ကျောင်းတော်ကြီး၌ လူအပေါင်းကို နတ်ရွာခရီးလမ်း၌ လည်းကောင်း၊ နိဗ္ဗာန်ခရီးလမ်း၌ လည်းကောင်း တည်စေလျက် သီတင်းသုံးတော်မူသတည်း။

## အနာထပိဏ်သေဋ္ဌေးကြီး၏ ဘုရားအပေါ်ထားရှိသော စေတနာ

ထိုစကားကို အနည်းငယ် ချဲ့ဦးအံ့— မြတ်စွာဘုရားရှင်သည် မယ်တော်ဘက်မှ ရှစ်သောင်းကုန်သော ဆွေတော် မျိုးတော်တို့ လည်းကောင်း၊ ခမည်းတော်ဘက်မှ ရှစ်သောင်းကုန်သော ဆွေတော် မျိုးတော်တို့ လည်းကောင်း၊ ဤ တစ်သိန်းခြောက်သောင်းကုန်သော ဆွေတော် မျိုးတော်တို့သည် ဆောက်လုပ် လှူဒါန်းအပ်သော နိဂြောဓာရုံ ကျောင်းတော်၌ တစ်ဝါမျှသာလျှင် ဝါကပ်ဆို သီတင်းသုံးတော်မူ၏။ အနာထပိဏ်သေဋ္ဌေးကြီးသည် ကောင်းမွန်စွာ ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းကြီး၌ တစ်ဆယ့်ကိုးဝါတို့ တိုင်တိုင် ဝါကပ်ဆို သီတင်းသုံးတော်မူ၏။ ဝိသာခါ ဒါယိကာမသည် မဟာလ္လတာ တန်ဆာ၏ တန်ဖိုးနှင့်ညီမျှသော နှစ်ဆယ့်ခုနစ်ကုဋေသော အသပြာကို ကောင်းစွာ စွန့်လွှတ်သဖြင့် ဆောက်လုပ်လှူဒါန်းအပ်သော ပုဗ္ဗာရုံကျောင်းတော်၌ ခြောက်ဝါတို့ပတ်လုံး သီတင်းသုံး ဝါကပ်ဆိုတော်မူ၏။ အနာထပိဏ်, ဝိသာခါ ဤနှစ်ဖြာကုန်သော အမျိုးတို့၏ ဂုဏ်သိမ်ကြီးမြတ်သည်ကို အစွဲပြု၍ သာဝတ္ထိပြည်ကြီးကို ကပ်မှီးတော်မူပြီးသောအခါ နှစ်ဆယ့်ငါးဝါတို့ပတ်လုံး သီတင်းသုံး ဝါကပ်ဆိုတော်မူ၏။ အနာထပိဏ် ဒါယကာ, ဝိသာခါ ဥပါသိကာမကြီးတို့လည်း အမြဲမပြတ် မြတ်စွာဘုရားရှင်အား တစ်နေ့တစ်နေ့လျှင် နှစ်ကြိမ်နှစ်ကြိမ် ဆည်းကပ်ခစား သွားရောက်ကြကုန်၏။ မြတ်စွာဘုရားထံမှောက်သို့ သွားရောက် ချဉ်းကပ်ကုန်သော် "သာမဏေငယ်တို့သည် ငါတို့၏လက်တို့ကို ကြည့်ရှုကုန်လတ္တံ့" ဟု ကြံ၍ လှူဒါန်းရန် မပါသော အချည်းနှီးသော လက်ဖြင့် တစ်ခါမျှ သွားရောက်ဖူးသည်မရှိ။ နံနက်အခါ၌ သွားရောက်ကုန်သည်ရှိသော် ခဲဖွယ်ဘောဇဉ်၊ ချိုချဉ်အာဟာရ အစရှိသည်တို့ကို ကိုင်ငင်ဆွဲယူကုန်လျက်သာ ညနေအခါ၌ သွားရောက်ကုန်သည် ရှိသော် ငါးပါးကုန်သော ဆေးတို့ကို လည်းကောင်း၊ ရှစ်ပါးကုန်သော အဖျော်တို့ကို လည်းကောင်း သင့်လျော်လျောက်ပတ်ရာ ယူငင်၍သာလျှင် သွားကြကုန်၏။ ထိုနှစ်ဦးကုန်သော အမျိုးတို့၏ အိမ်တို့၌ နှစ်ထောင် နှစ်ထောင်ကုန်သော ရဟန်းတို့ ရှင်လန်းမျှတ သပ္ပါယဖြစ်ရာ နေရာအခင်းတို့ကို အမြဲမပြတ် ခင်းထားအပ်ကုန်၏။ ဆွမ်း ခဲဖွယ် ဘောဇဉ်ချိုချဉ်အာဟာရ ဆေး စသော ဝတ္ထုတို့တွင် အကြင်သို့ သဘောရှိသော ပစ္စည်းဝတ္ထုကို အလိုရှိ၏။ အလိုရှိသော ရဟန်းအား အလိုရှိတိုင်း မဆိုင်းမတွ တခဏခြင်း ပြည့်စုံသည်သာတည်း။ ထိုသူနှစ်ဦးတို့တွင် အနာထပိဏ်သေဋ္ဌေးသည် တစ်ခုသော နေ့၌မျှလည်း မြတ်စွာဘုရားရှင်ကို တစ်ခုသော အမေးပုစ္ဆာပြဿနာကို မေးလျှောက်ဖူးသည်မရှိ။ အဘယ့်ကြောင့်နည်းဟူမူ ထိုအနာထပိဏ် သေဋ္ဌေး၏ သဘောသည် မြတ်စွာဘုရားရှင်ကား အတုမရှိသော ဘုရားရှင်ဖြစ်သောကြောင့်လည်း သိမ်မွေ့နူးညံ့၏။ မင်းမျိုးဖြစ်၍လည်း သိမ်မွေ့နူးညံ့၏။ အကယ်၍ ငါသည် တစ်စုံတစ်ခုသော အမေး

ပုစ္ဆာ ပြဿနာကို မေးလျှောက်ခဲ့သည့်ရှိသော် ဤသေဋ္ဌေးကား ကျေးဇူး ဥပကာရ ငါ့အား များလှပေသည်ဟု နှလုံးပိုက်တော်မူ၍ ငါ့အား တရားစကား ဟောကြား ပြတော်မူရသည်ရှိသော် ဘုရားရှင်အား အလွန်ပင်ပန်း နွမ်းနယ်သည် ဖြစ်ရာ၏ဟု ကြံစည်၍ ဘုရားရှင်၌ လွန်ကဲသော ချစ်ခင်ကြည်ညိုခြင်း ရှိသဖြင့် မမေးမလျှောက်လေသတည်း။

ယင်းသို့ လျှောက်မေးခြင်းကို မပြုသော်လည်း မြတ်စွာဘုရားရှင်သည် ထိုသေဋ္ဌေးကြီးသည် လာရောက်ထိုင်နေကာမျှ၌သာလျှင် ဤသေဋ္ဌေးသည် ငါဘုရားကို မစောင့်ရှောက်အပ်သော နေရာ၌ စောင့်ရှောက်၍ နေဘိသည်။ ထိုစကားမှန်၏။ ငါဘုရားသည် ကမ္ဘာတစ်သိန်း အလွန်ရှိကုန်သော လေးသင်္ချေ တို့ပတ်လုံး တန်ဆာဆင်အပ်သော မိမိ၏ ဦးခေါင်းတော်ကို ဖြတ်တောက်လျက် မျက်လုံးတော် နှလုံးသားတို့ကို ထုတ်ဆောင်ပြီးလျှင် အသက်နှင့်တူသော သားသမီးကို စွန့်လွှတ်၍ ပါရမီတော်တို့ကို ဖြည့်ဆည်းပူးတော်မူသည် ရှိသော် သူတစ်ပါးတို့အား တရားစကားတော်ကို ဟောကြားတော်မူခြင်းငှာလျှင် ဖြည့်ဆည်းပူးတော်မူခဲ့လေသည်။ ဤသေဋ္ဌေးသည် ငါဘုရားကို မစောင့်ရှောက် အပ်သောအရာ၌ စောင့်ရှောက်၍ နေဘိသည်ဟု နှလုံးသွင်းတော်မူ၍ တစ်ခုသော တရားကို ဟောကြားတော် မူသည်သာလျှင်တည်း။

သာဝတ္ထိပြည် လူဦးရေ ခုနစ်ကုဋေ

ထိုအခါ သာဝတ္ထိပြည်ကြီး၌ ခုနစ်ကုဋေမျှကုန်သော လူတို့ နေထိုင်ကြကုန်၏။ ထိုခုနစ်ကုဋေကုန်သော လူတို့တွင် မြတ်စွာဘုရား၏ တရားသံကို နာကြားရသဖြင့် ငါးကုဋေမျှကုန်သော လူတို့သည် အရိယာ သာဝကချည်း ဖြစ်ကြကုန်၏၊ နှစ်ကုဋေကုန်သော လူတို့သည်သာ ပုထုဇဉ်တို့ ဖြစ်ကြပေကုန်၏။ ထိုနှစ်ဦးသော လူမျိုးတို့တွင် အရိယာသာဝကတို့အား နံနက်အခါ၌ အလှူကို ပေးခြင်း ညချမ်းသောအခါ၌ ပန်းနံ့သာစသည်ကို လက်စွဲလျက် အဝတ်အထည် ဆေး အဖျော် ယမကာ စသည်တို့ကို ယူစေလျက် တရားနာအံ့သောငှါ ကျောင်းသို့ သွားခြင်းအားဖြင့် ကိစ္စနှစ်ပါးတို့သည် သာလျှင်ရှိသည် ဖြစ်ကုန်၏။ ထိုတစ်နေ့သ၌ ညချမ်းအခါ၌ ပန်းနံ့သာစသည်တို့ကိုလက်စွဲလျက်ပြုမြဲတိုင်းသော ဝတ်ဖြင့်သာ တရားနာအံ့သောငှါ ကျောင်းတော်သို့ သွားကြကုန်သော အရိယာ သာဝကတို့ကို မဟာပါလသူကြွယ် မြင်လျှင် သို့မျှလောက်သော ဤလူအပေါင်းသည် အဘယ်အရပ်သို့ သွားသနည်းဟု မေး၏။ မြတ်စွာဘုရား၏တရား နာအံ့သောငှါ သွားသတည်းဟု ပြန်ကြားပြောဆိုသော စကားကို ကြားသိရလျှင် ယင်းသို့ဖြစ်ပါမူ ငါသည်လည်း တရားနာအံ့သောငှါ လိုက်သွားအံ့ဟု ကြံပြီးလျှင် လိုက်သွား၍ မြတ်စွာဘုရားကို ရှိခိုးပြီးသော် ပရိသတ် အစွန်အဖျား၌ ထိုင်နေ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အလေ့အဘောမည်သည်ကား တရားကို ဟောကြားသည့်ရှိသော် သရဏဂုံသီလ ရဟန်းအဖြစ် စသည် ရရှိစေနိုင်မည့် အကြောင်းကို ကြည့်ရှုလျက် ကျွတ်ထိုက်သော သတ္တဝါ၏ အဇ္ဈာသယ၏ အစွမ်းဖြင့် ဟောကြားတော်မူမြဲ ဖြစ်၏။ ထို့ကြောင့် ထိုနေ့တွင် မြတ်စွာဘုရားရှင်သည် ထိုသူကြွယ်အား အကြောင်း၏ ပြည့်စုံခြင်းဖြင့် ကျွတ်ထိုက်သော ပုဂ္ဂိုလ်၏ အဖြစ်ကို မြင်တော်မူ၍ ဒါနနှင့်စပ်သော တရားစကား, သီလနှင့်စပ်သော တရားစကား, နတ်ရွာနှင့်စပ်သော တရားစကား, ကာမဂုဏ်၏အပြစ်, ကာမဂုဏ်၏ ယုတ်ညံ့သောအဖြစ်, ထိုကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း၌ အကျိုးကိုပြလျက် ဟောကြားတော်မူ၏။

## မဟာပါလသူကြွယ် ရဟန်းပြုခြင်း

ထိုအခါ တရားကိုနာလျက်ပင် မဟာပါလ သူကြွယ်သည် ဤသို့သောအကြံ ဖြစ်၏။ "ဤပစ္စုပ္ပန်ဘဝမှ သေလွန်၍ နောက်ဘဝသို့သွားရသည်ရှိသော် ငါ၏ သား, ငါ၏သမီး, ငါ၏ညီငယ်, ပစ္စည်းဥစ္စာ ရတနာစည်းစိမ် ရိပ်ငြိမ်ချမ်းသာတို့သည် ငါသွားရာသို့ ပါလာလိုက်လာတော့မည် မဟုတ်။ ငါ၏ ခန္ဓာကိုယ်မျှသော်လည်း ငါနှင့်အတူတကွ သွားရာဘဝသို့ ပြောင်းကြွ၍ လိုက်တော့မည်မဟုတ်" ဟု ကြံစည်အောက်မေ့လျက် "အိမ်ရာထောင်သော လူတို့ဘောင်၌ နေချေသဖြင့် ငါ့အား အကျိုးမရှိ၊ ယခုပင်လျှင် ရဟန်းပြုတော့အံ့" ဟု အကြံဖြစ်၍ ထိုမဟာပါလသည် တရားဒေသနာတော်အဆုံး၌ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ ချဉ်းကပ်၍ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ဘုရားတပည့်တော်အား ရဟန်းပြုပေးတော်မူပါဟု ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ကြား၏။

မြတ်စွာဘုရားရှင်ကလည်း "မဟာပါလ အသင်အား ပန်ကြားခြင်းငှါ ထိုက်သော ဆွေမျိုးဉာတိ မရှိသလော" ဟု မေးတော်မူလျှင် ရှေ့ဘုန်းတော်ရှင် အရှင်ဘုရား၊ ဘုရားတပည့်တော်အား ပန်ကြား ခွင့်တောင်းဖွယ် ညီငယ် တစ်ယောက် ရှိပါ၏ဟု လျှောက်ကြားရာ ထိုသို့ဖြစ်လျှင် သင်၏ညီကို ခွင့်ပန်ချေဦးလော့ဟု မိန့်တော်မူသဖြင့် မဟာပါလသူကြွယ်လည်း ကောင်းပါပြီဟု ဝန်ခံပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးပူဇော်ပြီးသော် အိမ်သို့ပြန်လာ၍ ညီဖြစ်သော စူဠပါလကို ခေါ်စေပြီးလျှင် အမောင် စူဠပါလ ဤအိမ်၌ သဝိညာဏက သက်ရှိဥစ္စာသည်လည်းကောင်း, အဝိညာဏက သက်မဲ့ဥစ္စာသည်လည်းကောင်း များစွာရှိ၏။ ထိုအလုံးစုံသော ဥစ္စာရတနာကို ငါ့၏ညီသာ သိမ်းဆည်း စောင့်ရှောက်ပါလေလော့။ ငါ့ညီ၏ ဝန်တာ ဖြစ်ပါစေလော့၊ ငါ့ညီအား

ဆောင်နှင်းပါ၏ဟု ပြောကြား၏၊ စူဠပါလကလည်း အရှင် နောင်တော်တို့သည် အဘယ်အရပ်သို့ သွားမည်နည်းဟု မေးသဖြင့် ငါသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ထံ၌ ရဟန်းပြုတော့အံ့ဟု ပြောကြား၏၊ စူဠပါလက နောင်တော်သည် အဘယ်သို့ ပြောလိုက်သနည်း။ အကျွန်ုပ်သည် မိခင်သည် သေလွန်ပြီးသည် ရှိသော် နောင်တော်ကိုပင် အမိကဲ့သို့လည်းကောင်း၊ ဖခင်သည် သေလွန်သည် ရှိသော် နောင်တော်ကိုပင် ဖခင်ကဲ့သို့လည်းကောင်း ရအပ်ပါပြီ။ နောင်တော် ရဟန်းမပြုပါလင့်၊ ပစ္စည်းဥစ္စာ ရတနာရွှေငွေ အထွေထွေ ပေါများသည်ကို ခံစား သုံးဆောင်လျက် လူ့ဘောင်ကနေလျက်ပင် ကုသိုလ်ကောင်းမှုတို့ကို ပြုစုရှာကြံတော်မူပါဟု တောင်းပန်၏၊ မဟာပါလ သူကြွယ်ကလည်း ညီငယ် ဖြစ်သော စူဠပါလ မြတ်စွာဘုရားရှင်သည် လက္ခဏာယာဉ် သုံးပါးသို့တင်၍ နူးညံ့သိမ်မွေ့လှစွာသော အစ၏ ကောင်းခြင်း, အလယ်၏ ဖကောင်းခြင်း, အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်မြတ် ဟောကြားတော်မူသည်ကို ငါကြားနာရ၍ ထိုတရားကို အိမ်ရာထောင်သော လူ၏ ဘောင်၌နေ၍ အားထုတ်ခြင်းငှာ မစွမ်းနိုင်ရာ၊ ရဟန်းပြုမှသာ သင့်လျော်ချေမည်ဟုပြောလျှင် စူဠပါလကလည်း နောင်တော် ယခုအခါကား ပျိုမြစ်နုနယ် ငယ်ရွယ်သောအခါ ဖြစ်ပါသည်။ နောင်အခါ အိုမင်းသောအရွယ်သို့ရောက်သည် ရှိသော် ရဟန်းပြုတော်မူပါကုန်ဟု တောင်းပန်၏။ ညီငယ်စူဠပါလ အိုမင်းသော ငါ၏လက်ခြေတို့သည် အစိုးမရကုန်၊ ငါ၏အလိုသို့ မလိုက်ကုန်။ ဆွေမျိုးတို့ဆိုလျှင်ကား ဆိုဖွယ်ရာမရှိတော့ချေ။ ငါသည် သင့်စကားကိုမလိုက်နာဘဲ ရဟန်းတရားကို ဖြည့်ကျင့်တော့အံ့ဟု မဟာပါလသူကြွယ်က ပြန်ကြားဖြေဆိုလိုသည်ဖြစ်၍ ဤဂါထာကို ရွတ်၏—

> ဇရာ ဇဇ္ဇရိတာ ဟောန္တိ၊ ဟတ္ထပါဒါ အနဿဝါ။
> ယဿ သော ဝိဟတတ္ထာမော၊ ကထံ ဓမ္မံ စရိဿတိ။

ညီထွေး စူဠပါလ ဇရာဖြင့်အိုမင်းကုန်သောအခါလက်ခြေတို့ကို အစိုးမရကုန်၊ ခွန်အားမရှိသောသူသည် အဘယ်သို့လျှင် တရားကို ကျင့်နိုင်ပါအံ့နည်း။

မြတ်စွာဘုရားရှင်၏ အထံ၌ ရဟန်းပြုတော့အံ့ဟု စူဠပါလသူကြွယ်၏ ဟန့်တား ငိုကြွေးစဉ်ပင်လျှင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ သွားရောက်၍ ရဟန်းအဖြစ်ကို တောင်းပန်၍ ရဟန်းအဖြစ်ကိုရပြီးသောအခါ ငါးဝါတို့ ပတ်လုံး ဆရာဥပဇ္ဈာယ်တို့၏ထံ၌ နေလျက် သီတင်းကျွတ်လပြည့် မဝါရဏာနေ့၌ ပဝါရဏာပြုပြီး၍ ဘုရားကိုယ်တော်မြတ်သို့ ချဉ်းကပ်ရှိခိုးပြီးလျှင် ဤသို့မေးလျှောက်၏။

အရှင်ဘုရား ဤသာသနာ၌ ရှက်ဆောင်ဖွယ် ဓုရတို့သည် အဘယ်မျှ ရှိပါကုန်သနည်းဟု မေးလျှောက်လေသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အသည်း ချစ်သားရဟန်း ငါ၏သာသနာ၌ ရဟန်းတို့ ရှက်ဆောင်ဖွယ် ဓုရတို့သည် ဂန္ထဓုရ, ဝိပဿနာဓုရအားဖြင့် နှစ်ပါးအပြားရှိကုန်သတည်းဟု မိန့်တော်မူ၏၊ အရှင်ဘုရား ဂန္ထဓုရဟူသည်ကား အဘယ်ပါနည်း။ ဝိပဿနာဓုရဟူသည် အဘယ်ပါနည်းဟု တစ်ဖန် မေးလျှောက်ပြန်လျှင် ချစ်သားရဟန်း ဂန္ထဓုရမည်သည်ကား မိမိပညာအား လျှောက်ပတ်စွာ တစ်ခုသောနိကာယ်, နှစ်ခုသောနိကာယ်ဟု ဆိုအပ်သော ဘုရားစကားတော်ကို လည်းကောင်း၊ စွမ်းနိုင်သည်ရှိသော် အလုံးစုံ ပိဋကတ်သုံးပုံဟု ဆိုအပ်သော ဘုရားစကားတော်ကို လည်းကောင်း သင်အံလေ့ကျက် ရှက်ဆောင်ပို့ချ၍ ဝါစုဂ္ဂတပြုခြင်းပေတည်း။ ဝိပဿနာဓုရမည်သည်ကား ပေါ့သောအသက်မွေးခြင်းရှိသော ဆိတ်ငြိမ်သော ကျောင်း၌ ကိန်းအောင်းမွေ့လျော်သောပုဂ္ဂိုလ်အား အတ္တဘော၌ ခယဝယကမ္မဋ္ဌာန်းကို ဖြစ်စေ၍ အမြဲမပြတ် အထပ်ထပ်သောလုံ့လကို ပြုသည်၏ ... ဖြင့် ဝိပဿနာကို ပွားများသုံးသပ်လျက် အရဟတ္တဖိုလ်ကို ယူခြင်းတည်းဟု မိန့်တော်မူ၏။

ရွှေဘုန်းတော်ရှင် ရှင်ပင်ဘုရား တပည့်တော်သည်ကား အသက်အရွယ်ကြီးသောအခါ၌ ရဟန်းပြုရသောကြောင့် ဂန္ထဓုရကို ဖြည့်စွမ်းခြင်းငှာ မတတ်နိုင်ပါ။ ဝိပဿနာဓုရကို ဖြည့်ကျင့် ရှက်ဆောင်ပါအံ့၊ တပည့်တော်အား တစ်ခုသော ကမ္မဋ္ဌာန်းကို ဟောကြားတော်မူပါကုန်လော့ဟု လျှောက်ကြားလေလျှင် မြတ်စွာဘုရားရှင်သည် ထိုမဟာပါလအား အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် စွမ်းဆောင်နိုင်သော ကမ္မဋ္ဌာန်းကို ဟောကြားတော်မူ၏၊ ထိုမဟာပါလလည်း မြတ်စွာဘုရားကို ရှိခိုးပူဇော်ပြီးသော် မိမိနှင့်အတူတကွ သွားလိုသော ရဟန်းတို့ကိုရှာလတ်သော် ခြောက်ကျိပ်မျှလောက်သော ရဟန်းတို့ကိုရ၍ ထိုခြောက်ကျိပ်မျှလောက်သော ရဟန်းအဖော်တို့နှင့်တကွ ဇေတဝန်ကျောင်းတော်မှ ထွက်ခဲ့ကြပြီးသော် ယူဇနာ တစ်ရာနှစ်ဆယ်ရှိသော လမ်းခရီးသို့သွား၍ တစ်ခုသော ကြီးစွာသော အစုန်အဖျားဖြစ်သော ရွာသို့ရောက်လျှင် ထိုရွာ၌ အခြံအရံဖြစ်သော ရဟန်းများနှင့်တကွ ဆွမ်းအလို့ငှာ ကြွဝင်တော်မူ၏။

## ကျေးရွာ ဒါယကာတို့ ကျောင်းဆောက် ကိုးကွယ်ကြခြင်း

လူပေါင်းများစွာတို့လည်း ဝတ်ကြီးဝတ်ငယ်တို့ဖြင့် ပြည့်စုံသော ရဟန်းတို့ကို မြင်လျှင် ကြည်ညိုသော စိတ်ရှိကြသဖြင့် ပင့်ဖိတ်ပြီးသောအခါ နေရာတို့ကို ပြင်ဆင်၍ ခင်းပေး သီတင်းသုံး နေထိုင်စေ၍ မွန်မြတ်သော အာဟာရဖြင့် သုပ်ကျွေးလှူဒါန်းကြပြီးသော် "အရှင်ဘုရား အရှင်မြတ်တို့သည် ဘယ်အရပ်သို့

သွားတော်မူကြပါမည်နည်း”ဟု မေးလျှောက်အပ်ကုန်လျှင် “ဒါယကာအပေါင်းတို့ ငါတို့သည်ကား အကြင်အကြင် ချမ်းသာရာအရပ်သို့သာသွားကြကုန်အံ့”ဟု ပြန်ကြားပြောဆိုသည်ရှိသော် အရှင်မြတ်တို့သည် ဤအရပ်ဒေသ၌ ဝါကပ်လိုသော ဆန္ဒရှိကြသဖြင့် ကျောင်းနေရာရှာမှီးသောအဖြစ်ကို ပညာရှိသောလူတို့က သိ၍ အရှင်ကောင်း အရှင်မြတ်တို့သည် ဤအရပ်ဒေသ၌ ဤသုံးလပတ်လုံး အကယ်၍ ဝါကပ်သီတင်းသုံးကြသည် ဖြစ်ကုန်အံ့၊ တပည့်တော်ဒါယကာတို့လည်း သုံးဖြာသော သရဏဂုံ၌ တည်၍ ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလတို့ကို စွမ်းနိုင်သမျှ ကျင့်သုံးဆောက်တည်ပါကုန်အံ့၊ အရှင်မြတ်တို့သည် ဤအရပ်ဒေသ၌ ဝါကပ်သီတင်းသုံးနေထိုင်ခြင်းငှာ သည်းခံတော်မူကြပါကုန်ဟု လျှောက်ကြား ပင့်ဖိတ်ကုန်၏။

ထိုအရှင်မြတ်တို့လည်း ငါတို့သည် ဤအမျိုးသားတို့ကို အမှီရသဖြင့် ဘဝနိဿရဏဝဋ္ဋ်မှ ထွက်မြောက်ကြောင်း ကောင်းသောပဋိပတ်ကို ပြုကုန်အံ့ဟု သည်းခံတော် မူကြလေကုန်၏။ လူအပေါင်းတို့လည်း အရှင်မြတ်တို့၏ ပဋိညာဉ်ကိုယူ၍ ကျောင်းကို သုတ်သင် ရှင်းလင်း၍ နေ့သန့်ရာ ညဉ့်သန့်ရာတို့ကို ပြည့်စုံစေပြီးလျှင် လှူဒါန်းကြကုန်၏။

## စက္ခုပါလမထေရ် တရားအားထုတ်ပုံ

အရှင်မြတ်အပေါင်းတို့သည် နေ့စဉ်မပြတ် ထိုရွာတွင်းသို့ ဆွမ်းခံခြင်းငှာ ကြွဝင်ကြလေသော် ဆေးသမားတစ်ယောက်သည် အရှင်မြတ်တို့သို့ ချဉ်းကပ်၍ အရှင်ဘုရားတို့ များစွာသော သူတို့၏နေရာ၌ မကျန်းမာခြင်းသည် ရှိတတ်ပါသည်။ ထိုသို့ အကြောင်းကိစ္စ ရှိသည်ဖြစ်ခဲ့သော် တပည့်တော်အား ပြောကြားတော်မူပါကုန်။ တပည့်တော် ကုစားပါအံ့ဟု လျှောက်ကြားဖိတ်မန်၏။ ဝါကပ်အံ့သောနေ့သို့ ကျရောက်သောအခါ မဟာပါလမထေရ်မြတ်က ရဟန်းအပေါင်းတို့ကိုခေါ်၍ ငါ့ရှင်တို့ ငါ့ရှင်တို့သည် ဤဝါတွင်းသုံးလကို အဘယ်မျှလောက်ကုန်သော ဣရိယာပုထ်တို့ဖြင့် လွန်စေကြကုန်လတ္တံ့နည်းဟု မေး၏၊ ရဟန်းအပေါင်းတို့ကလည်း အရှင်ဘုရား တခြင်း, ထိုင်ခြင်း, သွားခြင်း, လျောင်းခြင်းတည်းဟူသော လေးပါးသော ဣရိယာပုထ်တို့ဖြင့် လွန်စေကြပါကုန်လတ္တံ့ဟု လျှောက်လျှင် ငါ့ရှင်တို့၏ အမှုသည် အဘယ်သို့လျှင် သင့်လျော်နိုင်ပါအံ့နည်း၊ မမေ့မလျော့အပ်သည် မဟုတ်ပါတုံလော၊ ငါတို့သည် သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ထံမှ ကမ္မဋ္ဌာန်းတရားကို သင်ကြားဆောင်ယူ၍ လာခဲ့ကြသည် မဟုတ်တုံလော၊ မြတ်စွာဘုရားတို့မည်သည် မမေ့လျော့လျက်နှင့် နှစ်သက်စေခြင်းငှာ မစွမ်းနိုင်ရာ။

မမေ့မလျော့သော အပ္ပမာဒဖြင့် ကလျာဏအဇ္ဈာသယသည်သာ နှစ်သက်အပ်ကုန်၏။ ငါ့ရှင်တို့ မေ့လျော့သော ပုဂ္ဂိုလ်မည်သည်ကား အပါယ်လေးပါးတို့သည် မိမိနေရာ အိမ်နှင့်တူကုန်၏၊ ထို့ကြောင့် ငါ့ရှင်တို့သည် မမေ့မလျော့ ဖြစ်ကြပါကုန်လော့ဟု တိုက်တွန်းတော်မူ၏။ ထိုရဟန်းတို့က အရှင်ဘုရားတို့ကား အဘယ်မျှသော ဣရိယာပုထ်ဖြင့် ဝါတွင်းသုံးလကို လွန်စေအံ့နည်းဟု တစ်ဖန်ပြန်၍ မေးလျှောက်ကြပြန်သည်ရှိသော် ငါ့ရှင်တို့ ငါသည်ကား ကျောက်ကုန်းကို ဆန့်၍ အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပထကို ပယ်ရှားလျက် သုံးပါးသော ဣရိယာပထတို့ဖြင့်သာ ကာလကို လွန်စေအံ့ဟု ပြောလျှင် ကောင်းလှပါပြီ အရှင်ဘုရား အပ္ပမာဒတရားဖြင့် အားထုတ်၍ နေကြပါကုန်အံ့ဟု လျှောက်ထား ဝန်ခံကြကုန်၏။

မဟာပါလမထေရ်မြတ်အား ညအခါကာလတွင် ငိုက်မျဉ်းအိပ်ပျော်ခြင်းသို့ မသက်စေဘဲ တရားကို အားထုတ်သည်ရှိသော် ညဥ့်ဦးယံကိုကျော်၍ သန်းခေါင်ယံသို့ရောက်သောအခါ အပေါက်ရှိသော ရေပြည့်အိုးမှ ပေါက်၍ကျသော ရေပေါက်တို့ကဲ့သို့ မျက်ရည်အပေါက်ပေါက် ကျရောက်ထွက်စီးသဖြင့် မျက်စိရောဂါသည် ဖြစ်လာ၏။ ထိုမဟာပါလမထေရ်သည် ညဥ့်သုံးယံပတ်လုံး ရဟန်းတရားကိုသာ အားထုတ်လျက် နေအရုဏ်ကြွ မိုးသောက်သို့ကျလျှင် တိုက်ခန်းတွင်းသို့ ကြွဝင်၍ နေတော်မူ၏။ ရဟန်းတို့သည်လည်း ဆွမ်းခံချိန် တန်သောအခါ၌ မထေရ်၏ အထံသို့သွား၍ အရှင်ဘုရား ဆွမ်းခံချိန် တန်ပါပြီဟု လျှောက်ကြားကြ၏။ ထိုသို့ဖြစ်လျှင် ငါ့ရှင်တို့ သပိတ် သင်္ကန်းကို ယူကြကုန်လော့ဟု ဆို၍ မိမိသည်လည်း သပိတ် သင်္ကန်းကိုယူ၍ ထွက်၏။ ရဟန်းတို့သည် မထေရ်၏မျက်စိမှ ယိုပေါက် ကျထွက်သော မျက်ရည်စက်ကို မြင်၍ အရှင်ဘုရား....အရှင်ဘုရား၏ မျက်စိသည် အသို့ဖြစ်သနည်းဟု မေးလျှောက်ကုန်၏။ ငါ့ရှင်တို့ ငါ၏မျက်စိတို့ကို လေတို့သည် ထိုးကျင့်ကုန်၏ဟု မိန့်တော်မူ၏။ အရှင်ဘုရား ဈေးအခါက ဆေးသမားသည် ဖိတ်ထားဖူးသည် မဟုတ်ပါလော။ ထိုဆေးသမားအား ကြားကုန်အံ့ဟုလျှောက်လျှင် ကောင်းလှပေပြီ ငါ့ရှင်တို့ဟု မိန့်တော်မူသဖြင့် ထိုရဟန်းတို့သည် ဆေးသမားသို့ ကပ်၍ အကြောင်းကို ပြောကြားကုန်၏။ ထိုဆေးသမားလည်း ဆီကိုချက်၍ ပို့စေ၏။ မဟာပါလထေရ်လည်း နှာနှတ်တံဖြင့် ဆီကို သွန်းလောင်းသည်ရှိသော် ထိုင်လျက်သာလျှင် ခတ်၍ ရွာတွင်းသို့ ဝင်တော်မူ၏။

## မလျော့သောလုံ့လ

ဆေးသမားလည်း မထေရ်ကိုမြင်၍ ဤသို့လျှောက်ကြား၏ အရှင်ဘုရား.... အရှင်ဘုရား၏ မျက်စိတို့ကို လေဆိုးကျင့်ပါသည် မဟုတ်လောဟု လျှောက်၏။

မထေရ်ကလည်း ဩဒ်–ဟုတ်ပေ၏ ဒါယကာ ငါ့အား မျက်စိရောဂါ ဖြစ်သည်ဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား ဘုရားတပည့်တော် ပို့လှူလိုက်သော ဆီကို နှာနှတ်တံဖြင့် သွန်းလောင်းခတ်ပါသည် မဟုတ်လောဟု လျှောက်၏။ ခထ်ပေ၏ ဒါယကာဟု မိန့်တော်မူလျှင် ယင်းသို့ဖြစ်လျှင် ယခု အဘယ်သို့ နေပါသနည်းဟု လျှောက်သော် ဒါယကာ ရှေးအခါကကဲ့သို့ပင် နာကျင်မြဲ နာကျင် သည်သာတည်းဟု မိန့်တော်မူသည်ရှိသော် ဆေးဆရာလည်း ငါသည် တစ်ကြိမ်မျှ ခတ်ခြင်းဖြင့်သာလျှင် ငြိမ်းပျောက် ချမ်းသာခြင်းငှါ စွမ်းနိုင်သော ဆီကို မထေရ်ထံသို့ ပို့စေပါလျက် ယခု ရောဂါမငြိမ်းပျောက် သည်ကား အကြောင်းအသို့နည်းဟု ဆင်ခြင်၍ အရှင်ဘုရား....ဆီကို ခတ်သော အခါ အရှင်ဘုရားတို့အား ထိုင်၍ခတ်သလော၊ အိပ်၍ခတ်သလောဟု မေး လျှောက်လျှင် မထေရ်သည် တစ်စုံတစ်ရာမျှ မပြန်ကြား မပြောဆိုဘဲ ဆိတ် ဆိတ်သာနေ၏။ ဆေးသမားလည်း အဖန်ဖန် မေးမြန်း လျှောက်ထားသော် လည်း စကားမပြန်သဖြင့် မထေရ် သီတင်းသုံးရာဖြစ်သော ကျောင်းသို့ ငါသွား၍ ကြည့်ရှုတော့အံ့ဟု ကြံစည်ပြီးလျှင် အရှင်ဘုရား ထိုသို့ဖြစ်လျှင် ကြွသွားတော်မူပါတော့ဟု လျှောက်ကြား၍ မထေရ်ကို လွှတ်လိုက်ပြီးသော် ကျောင်းသို့သွား၍ မထေရ်၏နေရာကို ကြည့်ရှုသည်ရှိသော် စင်္ကြံကြွသော နေရာ, ထိုင်သောနေရာကိုသာ မြင်၍ လျောင်းရာ, အိပ်ရာကို မမြင်သော ကြောင့် အရှင်ဘုရား အရှင်တို့အား ထိုင်၍ ဆီကို သွန်းလောင်းထည့်ခတ်ပါ သလော၊ အိပ်၍ ဆီကို သွန်းလောင်း ထည့်ခတ်ပါသလောဟု တစ်ဖန် မေး လျှောက်ပြန်၏။ မထေရ်သည် ဆိတ်ဆိတ်သာနေ၏။ ဆေးသမားကလည်း အရှင်ဘုရား ဤသို့ မပြုပါကုန်လင့်။ ရဟန်းတရား မည်သည်ကား ကိုယ်လက် ကျန်းမာချမ်းသာ မျှတသဖြင့်သာလျှင် အားထုတ်ခြင်းငှါ စွမ်းနိုင်ပါသည်။ အရှင်ဘုရား လျောင်းလျက် သွန်းလောင်းတော်မူပါကုန်ဟု အထပ်ထပ် အဖန်ဖန် တောင်းပန်၏။ မထေရ်ကလည်း ဒါယကာ သင်သွားလေဦးတော့၊ ငါသည် တိုင်ပင်၍ သိရအံ့ဟု မိန့်တော်မူ၍ ဆေးသမားကို လွှတ်လိုက်၏။ မထေရ်အား ထိုရွာ၌ တိုင်ပင်ဆွေးနွေး မေးမြန်းဖို့ရာ ဆွေမျိုးတော်စပ်သူ တစ်စုံတစ်ယောက်မျှ မရှိ။ မိမိ၏ကိုယ်နှင့် တိုင်ပင်ဆွေးနွေးလိုသောကြောင့် မိန့်ဆိုတော်မူ၏။

ဆေးဆရာသည် ဖယ်သွားသောအခါ မထေရ်သည်လည်း မိမိ၏ ကိုယ်ကို မိမိတိုင်ပင်သည်ကား "ငါ့ရှင် ပါလိတ ဆိုစမ်းပါဦး၊ အသင်သည် မိမိမျက်စိတို့ကို ကြည့်မည်လော၊ သို့မဟုတ် မြတ်စွာဘုရား၏ သာသနာကို ကြည့်မည်လော၊ ငါ့ရှင် ပါလိတ....သင်အား အစမထင် အပြင်ကျယ်စွာ သံသရာဝဋ် ကျင်လည်

၍လာခဲ့ရသဖြင့် မျက်စိကန်းသောဘဝ, ခံစား၍လာရသည်ကား ပမာဏ အရေအတွက် မရှိ၊ အရှမက များပြားလှစွာသော ဘုရားတို့ကိုသော်လည်း လွန်၍ ရှိခဲ့လေကုန်ပြီ။ ထိုသို့ များစွာသော လွန်ခဲ့ရသော ဘုရားရှင်တို့တွင် တစ်ဆူသော ဘုရားရှင်ကိုသော်လည်း မလုပ်မကျွေး မဆည်းကပ်လိုက်ရလေ။ ဤ ယခုအခါ၌ ဝါတွင်းသုံးလပတ်လုံး လျောင်း၍ မအိပ်တော့အံ့ဟု မပြတ်သော ဝီရိယကို ပြုတော့အံ့။ ငါ့ရှင် ပါလိတ....ဤ မျက်စိရောဂါသည် ပေါက်ထွက်ကွဲပျက်၍ သွားသော်လည်း သွားစေ၊ မြတ်ဘုရား သာသနာကိုသာ ဆောင်ပါလေ။ အသင်၏ မျက်စိတို့ကို ငဲ့ညှာတွယ်တာခြင်း မပြုပါလင့်” ဟု မိမိကိုယ်ကို ဆုံးမလိုသည် ဖြစ်၍ ဤဂါထာတို့ကို ရွတ်ဆိုတော်မူ၏—

စက္ခူနိ ဟာယန္တု မမာယိတာနိ၊
သောတာနိ ဟာယန္တု တထေဝ ကာယော။
သဗ္ဗမ္ပိဒံ ဟာယတု ဒေဟနိဿိတံ၊
ကိံ ကာရဏာ ပါလိတ တွံ ပမဇ္ဇသိ။

စက္ခူနိ ဇီရန္တု မမာယိတာနိ၊
သောတာနိ ဇီရန္တု တထေဝ ကာယော။
သဗ္ဗမ္ပိဒံ ဇီရတု ဒေဟနိဿိတံ၊
ကိံ ကာရဏာ ပါလိတ တွံ ပမဇ္ဇသိ။

စက္ခူနိ ဘိဇ္ဇန္တု မမာယိတာနိ၊
သောတာနိ ဘိဇ္ဇန္တု တထေဝ ကာယော။
သဗ္ဗမ္ပိဒံ ဘိဇ္ဇတု ဒေဟနိဿိတံ၊
ကိံ ကာရဏာ ပါလိတ တွံ ပမဇ္ဇသိ။

ငါ့ရှင်ပါလိတ မြတ်နိုးအပ်ကုန်သော မျက်စိတို့သည် ဆုံးရှုံးပါစေ၊ ထို့မှ တစ်ပါးသော နားတို့သည် ဆုံးရှုံးပါစေ၊ ကိုယ်သည်လည်း ဆုံးရှုံးပါစေ၊ ကိုယ်၌ စပ်သမျှ အလုံးစုံသည်လည်း ဆုံးရှုံးပါစေ၊ အဘယ်အကြောင်းကြောင့် သင်သည် မေ့လျော့အံ့နည်း။

ငါ့ရှင်ပါလိတ မြတ်နိုးအပ်ကုန်သော မျက်စိတို့သည် ဆွေးမြေ့ပါစေကုန်၊ ထို့မှတစ်ပါးသော နားတို့သည် ဆွေးမြေ့ပါစေကုန်၊ ကိုယ်သည်လည်း ဆွေးမြေ့ပါစေကုန်၊ ကိုယ်နှင့် စပ်သမျှ အလုံးစုံသည်လည်း ဆွေးမြေ့ပါစေ၊ အဘယ် အကြောင်းကြောင့် သင်သည် မေ့လျော့အံ့နည်း။

ငါ့ရှင်ပါလိတ မြတ်နိုးအပ်ကုန်သော မျက်စိတို့သည် ကွဲပျက်ပါစေကုန်၊ ထိုမှ တစ်ပါးသော နားတို့သည် ကွဲပျက်ပါစေကုန်၊ ကိုယ်သည်လည်း ကွဲပျက်ပါစေကုန်၊ ကိုယ်နှင့်စပ်သမျှ အလုံးစုံသည်လည်း ကွဲပျက်ပါစေ၊ အဘယ် အကြောင်းကြောင့် သင်သည် မေ့လျော့ဘိသနည်း။

## ဆေးဆရာ လက်လျှော့ရခြင်း

ဤသုံးဂါထာတို့ဖြင့် မိမိကိုယ်ကို မိမိသည်ပင်လျှင် ဆုံးမလျက် ထိုင်နေ၍သာ နှာနှတ်ခြင်း အမှုကို ပြုပြီး၍ ရွာသို့ ဆွမ်းခံကြွဝင်တော်မူ၏။ ဆေးသမားလည်း မထေရ်ကို တွေ့မြင်လျှင် အရှင်ဘုရား နှာနှတ်ခြင်းအမှုကို ပြုပေ၏လောဟု မေးလျှောက်လေ၏။ ဒါယကာ ငါနှာနှတ်ခြင်းအမှုကို ပြုပေ၏ဟု မိန့်တော်မူ၏။ ဆေးသမားက အရှင်ဘုရား ယခုအခါ အဘယ်သို့ရှိပါသေးသနည်းဟု မေးလျှောက်လေ၏။ဒါယကာ ရှေးကကဲ့သို့ပင် ထိုးကျင့် နှိပ်စက်သည်သာလျှင်တည်းဟုမိန့်တော်မူ၏၊ အရှင်ဘုရား အရှင်တို့အား ထိုင်နေ၍ ဆေးခတ်သလော၊ လျောင်းအိပ်၍ပင် ဆေးခတ်သလောဟု မေးလျှောက်၏။ မထေရ်မြတ်လည်း ဆိတ်ဆိတ်သာလျှင် နေတော်မူ၏။ ဆေးသမားလည်း အဖန်ဖန် မေးအပ်သော်လည်း တစ်စုံတစ်ရာ အကြောင်းကိုမျှ ပြန်မပြောပေ။ ထိုအခါ ဆေးသမားက မထေရ်ကို "အရှင်ဘုရားတို့ အရှင်ဘုရားတို့သည် လျှောက်ပတ်သည်ကို မပြုကြကုန်။ ယနေ့မှစ၍ ဤအမည်ရှိသော ဆေးသမားသည် ငါ့အား မျက်စဉ်းဆီကို လှူအပ်သည် ဖြစ်၍ နှာနှတ်ခြင်း, ခတ်ခြင်းအမှုကို ပြုသည်ဟု မိန့်ဆိုတော် မမူကြပါကုန်လင့်၊ ဘုရားတပည့်တော်သည်လည်း မျက်စဉ်းဆီကို ချက်လှူ ခတ်ထည့်စေသည်ဟု မပြောဆိုပါတော့အံ့"ဟု လျှောက်၏။

## စက္ခုပါလမထေရ် သုက္ခဝိပဿက ရဟန္တာဖြစ်တော်မူခြင်း

ထိုမထေရ်လည်း ဆေးသမားသည် စွန့်လွှတ်သောကြောင့် ကျောင်းသို့ ပြန်ကြွ၍ သင့်ကို ဆေးသမားသည် စွန့်ပစ်သွားပြီ၊ ရဟန်း ဣရိယာပုထ်ကို မစွန့်လွှတ်ပါလင့်ဟု ဆိုလိုသည်ဖြစ်၍ ဤဂါထာကို ရွတ်ဆိုတော်မူ၏–

> ပဋိက္ခိတ္တော တိကိစ္ဆာယ၊ ဝေဇ္ဇေနာပိ ဝိဝဇ္ဇိတော၊
> နိယတော မစ္စုရာဇဿ၊ ကိံ ပါလိတ ပမဇ္ဇသိ။

ငါ့ရှင် ပါလိတ ဆေးဆရာသည် ဆေးကုခြင်းမှ ပယ်မြစ်ရှောင်ကြဉ်အပ်ပြီ၊ သေမင်းတံ ဆောင်နှင်းအပ်ပြီ၊ သင်သည် အဘယ်အကြောင်းကြောင့် မေ့လျော့အံ့နည်း။

ဤဂါထာဖြင့် မိမိကိုယ်ကို ဆုံးမတော်မူပြီး၍ ရဟန်းတရားကို အားထုတ်တော်မူ၏။ ထိုသို့အားထုတ်ပြုလုပ်သော် မဇ္ဈိမယာမ် လွန်မြောက် မိုးသောက်ယံ အကျတွင် မဟာပါလမထေရ်မြတ်၏ နှစ်ရပ်သော စက္ခုတော်နှင့် ကိလေသာတို့သည် မရှေးမနှောင်း တစ်ပြိုင်နက်တည်း ကွဲပျက်ခြင်းသို့ ရောက်ကုန်၏။ ထိုမထေရ်သည် သုက္ခဝိပဿက အရဟန္တာအဖြစ် ဖြစ်တော်မူလျက် တိုက်ခန်းအတွင်းသို့ ဝင်တော်မူ၍ သီတင်းသုံးနေတော်မူ၏။

## ပဋိသမ္ဘိဒါပတ္တရဟန္တာများ

ရဟန်းတို့သည် ဆွမ်းခံချိန်ရောက်သောအခါ လာ၍ အရှင်ဘုရား ဆွမ်းခံချိန် တန်ပါပြီဟု လျှောက်ကြားကုန်၏။ မဟာပါလမထေရ်ကလည်း ငါ့ရှင်တို့ ဆွမ်းခံသွားအံ့သောအခါ တန်ပြီလောဟု တစ်ဖန်မေးတော်မူလျှင် အခါတန်ပါပြီဟု ပြန်၍လျှောက်ကြားကုန်၏။ ထိုသို့ဖြစ်လျှင် ငါ့ရှင်တို့သည် သွားကြကုန်လောဟု မိန့်တော်မူ၏။ အရှင်ဘုရားကား အသို့နည်းဟု ရဟန်းတို့က ပြန်၍ လျှောက်ကုန်၏။ ငါ့ရှင်တို့ ငါ့အား မျက်စိတို့သည် ကွဲပျက်ခြင်းသို့ ရောက်လေပြီဟု မိန့်တော်မူ၏။ ထိုရဟန်းအပေါင်းတို့လည်း ထိုမဟာပါလမထေရ်၏ မျက်စိတို့ကို ကြည့်ရှုကြပြီးလျှင် မျက်ရည်ပြည့်သော မျက်နှာရှိကြပြီးလျှင် "အရှင်ဘုရား ထိုသို့ဖြစ်လျှင် ကြံစည်စိုးရိမ်ခြင်းကို မဖြစ်ပါလင့်၊ တပည့်တော်တို့သည် အရှင်အား ကြည့်ရှုလုပ်ကျွေးပါကုန်အံ့"ဟု မထေရ်ကို သက်သာရာရစေလျက် ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို ပြု၍ ဆွမ်းအလို့ငှါ ရွာထဲသို့ ကြွဝင်တော်မူကြကုန်၏။

ရွာ၌နေသူ လူအပေါင်းတို့လည်း မထေရ်ကို မမြင်သောကြောင့် အရှင်ဘုရားတို့ တပည့်တော်တို့၏ အရှင်ဖြစ်တော်မူသော မဟာပါလိတ အရှင်သည် အဘယ်မှာနည်းဟု မေးလျှောက်ကုန်သည်ရှိသော် ရဟန်းတို့ကလည်း အလုံးစုံသော အကြောင်းတို့ကို ပြန်ကြားကြကုန်၏။ ရဟန်းတို့စကားကို ကြားသိရသောအခါ ဒါယကာတို့သည် ယာဂု ခဲဖွယ်တို့ကို ပို့စေ၍ မိမိတို့သည်လည်း ဆွမ်း ဘောဇဉ်တို့ကို ယူပြီးသောအခါ ကျောင်းသို့ လာ၍ မထေရ်ကို ရှိခိုးပြီး၍ ခြေတော်ရင်း၌ ဝပ်စင်းလျက် ငိုကြွေးကြပြီးလျှင် "အရှင်ဘုရား ထိုသို့ဖြစ်လျှင် မစိုးရိမ်ပါကုန်လင့်၊ အရှင်ဘုရားတို့အား တပည့်တော် ဒါယကာ ဒါယိကာမ အပေါင်းတို့သည် လုပ်ကျွေး ပြုစုပါကုန်အံ့"ဟု သက်သာရာကို ရစေ၍ ဖယ်သွားကြလေကုန်၏။ ထိုနေ့မှစ၍ ယာဂု ခဲဖွယ် ဘောဇဉ် ပဉ္စသမျှကို အမြဲမပြတ် ကျောင်းသို့သာလျှင် ပို့ကြကုန်၏။ မထေရ်မြတ်သည်လည်း ခြောက်ကျိပ်မျှလောက်ကုန်သော အရှင်မြတ်တို့ကို အစဉ်မပြတ် အဆုံးအမ ပေးတော်မူ၏။

သံဃာတော် အရှင်တို့သည်လည်း ထိုမထေရ်မြတ်၏ ဩဝါဒ၌ တည်၍နေကြ၍ ရဟန်းတို့ တရားကို ပွားများ အားထုတ်ကြကုန်သည်ရှိသော် သီတင်းကျွတ် လပြည့် ပဝါရဏာနေ့အနီး၌အလုံးစုံသောသံဃာတော် အရှင်တို့သည် ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူကုန်၏။

## ညီဖြစ်သူ စူဠပါလသူကြွယ်ထံ မှာကြားခြင်း

ထိုအရှင်မြတ်တို့သည် ဝါကျွတ်သောအခါ မြတ်စွာဘုရားရှင်ကိုဖူးမြင်ခြင်းငှာ သွားလိုကုန်သောကြောင့် မထေရ်၏ထံသို့ သွားပြီးလျှင် အရှင်ဘုရား မြတ်စွာဘုရားကို ဘုရားတပည့်တော်တို့သည် ဖူးမြော်ခြင်းငှာ အလိုဆန္ဒ ရှိပါကုန်၏ဟု လျှောက်ကြားကုန်၏။ မထေရ်အရှင်မြတ်လည်း သံဃာတော်တို့ လျှောက်ကြားသော စကားကို ကြားတော်မူလျှင် ဤသို့ ဆင်ခြင်တော်မူ၏။ "ငါသည် အလွန် အားနည်းချေသည် လမ်းခရီးအကြား၌လည်း များစွာသော ဘီလူးတို့ သိမ်းဆည်း စောင့်ရှောက်သော တောအုပ် ရှိလေသည်။ ထိုသူတို့နှင့် အတူတကွ ငါသွားရသည်ရှိသော် ခရီးအကြား၌ အလုံးစုံသော သူတို့သည် များစွာ ပင်ပန်းခြင်း ရှိကြပေလိမ့်မည်။ ဆွမ်း ဘောဇဉ် အာဟာရတို့ကို ရလွယ်ခြင်းငှာ မစွမ်းနိုင်ကုန်လတ္တံ့။ ဤသူတို့ကို ရှေးဦးစွာ စေလွှတ်မှ တော်မည်"ဟု ကြံစည်၍ ငါ့ရှင်တို့ သင်တို့သည် ရှေးဦးစွာ သွားနှင့်ကြကုန်လော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား အရှင်တို့ကား အသို့နည်းဟု ရဟန်းတို့က မေးလျှောက်ကုန်၏။ ငါ့ရှင်တို့ ငါသည်ကား ခွန်အားနည်းသည် လမ်းခရီးအကြား၌ ဘီလူးအများတို့သည် သိမ်းဆည်း စောင့်ရှောက်သော တောအုပ်သည် ရှိ၏။ ငါသည် အသင်တို့နှင့် အတူတကွ သွားရသည်ရှိသော် အလုံးစုံသောသူတို့ ပင်ပန်းခြင်း ဖြစ်ပေကုန်လိမ့်မည်။ သို့ဖြစ်၍ ငါ့ရှင်တို့သည် ရှေးဦးစွာ သွားနှင့်ကြကုန်လော့ဟု မိန့်တော်မူ၏။ ရဟန်း အများတို့ကလည်း အရှင်ဘုရား ဤကဲ့သို့ မပြုပါကုန်လင့်၊ ဤသံဃာတော် အများတို့သည် အရှင်ဘုရားနှင့် အတူတကွသာ သွားလိုပါကုန် သည်ဟု အဖန်ဖန် တောင်းပန် လျှောက်ကြားကြကုန်၏။ မထေရ်မြတ်ကလည်း ငါ့ရှင်တို့ သင်တို့သည် ငါနှင့် အတူတကွ သွားခြင်းကို အလိုဆန္ဒ နှစ်သက်ခြင်း မရှိကြကုန်လင့်၊ ငါနှင့် အတူတကွ သွားရကုန်သည် ရှိသော် ငါ့အား မချမ်းသာခြင်း ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ အသင်တို့သည်သာ ရှေးဦးစွာ သွားကြကုန်လော့။ ငါ့ရှင်တို့ကို မြင်လျှင် ငါ၏ညီသည် ငါ၏အကြောင်းကို မေးလျှောက်လတ္တံ့။ ထိုအခါ ငါ၏ မျက်စိတို့ ပျက်စီးကြောင်းကို ပြန်ကြားကြကုန်လော့။ ထိုညီငယ်သည် ငါ၏ထံသို့ တစ်စုံတစ်ယောက်သောသူကို စေလွှတ်လတ္တံ့၊ ထိုစေလွှတ်သောသူ လာရောက်မှသာလျှင် ထိုသူနှင့် အတူတကွ

လာခဲ့တော့အံ့၊ အသင်တို့သည် ငါ၏ စကားဖြင့် မြတ်စွာဘုရားကိုလည်းကောင်း၊ ရှစ်ကျိပ်သော မဟာ သာဝကတို့ကို လည်းကောင်း ရှိခိုးကြကုန်လော့ဟု မိန့်တော်မူ၍ ထိုရဟန်းတို့ကို လွှတ်လိုက်၏။

သံဃာတော်တို့သည်လည်း မထေရ်မြတ်ကို သည်းခံစေတော်မူကြပြီး၍ ရွာတွင်းသို့ ကြွဝင်ခဲ့ကုန်၏။ လူတို့လည်း သံဃာတော်တို့ကိုမြင်လျှင် သိတင်းသုံးထိုင်နေစေပြီးလျှင် ဆွမ်းကို လှူဒါန်း ဆက်ကပ်ကြပြီး အရှင်မြတ်တို့အား သွားအံ့သော အခြင်းအရာသည် ထင်ရှားကြပါ၏လောဟု မေးလျှောက်ကုန်၏။ သံဃာတော် အရှင်တို့က ဩဝါဒ်-ဟုတ်ပေ၏။ ဒါယကာတို့ ငါတို့သည် မြတ်စွာဘုရားရှင်အား ဖူးမြင်ခြင်းငှာ အလိုရှိကုန်၏ဟူ၍ မိန့်တော်မူကုန်၏။ ထိုဒါယကာအပေါင်းတို့သည် အဖန်ဖန် လျှောက်ကြားတောင်းပန်၍ ကြွသွားလိုသော ဆန္ဒတော် ရှိကြသည်ကို သိကုန်သောကြောင့် လမ်းခရီးဌာနသို့ ပို့လိုက်ကြပြီးလျှင် ငိုကြွေး မြည်တမ်း ပြန်လည်၍ သွားကုန်၏။ ထိုသံဃာတော် အရှင်တို့သည်လည်း အစဉ်အတိုင်း ကြွလာခဲ့ကြ၍ ဇေတဝန်ကျောင်းတော်သို့ သွားကြ၍ မြတ်စွာဘုရားရှင်ကိုလည်းကောင်း၊ ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့ကိုလည်းကောင်း မထေရ်၏စကားဖြင့် လျှောက်ကြားရှိခိုးပြီးနောက် နက်ဖြန်မိုးသောက်ရောက်သောနေ့၌ အကြွင်အရပ်၌ မထေရ်၏ညီ နေမ်။ ထိုခရီးလမ်းသို့ ဆွမ်းခံဝင်ကုန်၏။ စူဠပါလသူကြွယ်သည်လည်း သံဃာတော် အရှင်တို့ကို ရှေးကမြင်ဖူး၍ သိတင်းသုံးနေစေတော်မူပြီး၍ ပဋိသန္ဓာရစကားတို့ကို လျှောက်ကြား မေးမြန်းပြီးသော် အရှင်ဘုရားတို့ တပည့်တော်၏ နောင်တော်ဖြစ်သော မထေရ်သည် အဘယ်မှာ ရှိသနည်းဟု မေးလျှောက်၏။ ထိုအခါ သံဃာတော် အရှင်တို့သည် စူဠပါလသူကြွယ်အား မထေရ်၏ အကြောင်း အလုံးစုံကို အကုန် ပြန်ကြားကုန်၏။

## သာမဏေကို စေလွှတ်၍ မထေရ်အား ပင့်စေခြင်း

ထိုစူဠပါလ သူကြွယ်သည် သံဃာတော် အရှင်တို့ စကားကို ကြားသိရ၍ သံဃာတော်တို့ ခြေရင်း၌ ဝပ်စင်းလူးလိမ့်လျက် ငိုကြွေး မြည်တမ်းပြီး၍ အရှင်ဘုရားတို့ ဤယခုအခါ အဘယ်သို့ ပြုရပါမည်နည်း ဟု မေးလျှောက်၏။ ဒါယကာသူကြွယ် မထေရ်သည် အသင်၏ထံမှ တစ်စုံတစ်ယောက်သော သူ၏ လာခြင်းကို တောင့်တ ငံ့ဆိုင်းတော်မူ၏။ တစ်စုံတစ်ယောက်သော သူအား စေခိုင်းအပ်သည်ရှိသော် ထိုသူနှင့် အတူတကွ ကြွလာတော်မူလတ္တံ့ဟု မိန့်တော်မူကုန်၏။ အရှင်ဘုရားတို့ ဤသူငယ်သည်ကား အကျွန်ုပ်၏ တူဖြစ်သော ပါလိတ အမည်ရှိသော သူပါတည်း။ ထိုသူငယ်ကို စေလွှတ်တော် မူကြပါကုန်လော့ဟု လျှောက်ကြား၏။ သံဃာတော်တို့က ဒါယကာ ဤသူငယ်ကို ဤသို့သော

အသွင်အပြင်ဖြင့် ဤသို့ မလျှော် လမ်းခရီးအကြား၌ များစွာသော ဘေး အန္တရာယ် ရှိလေသည်။ ထိုသူ့ကို ရှင်သာမဏေပြုစေ၍ စေလွှတ်ခြင်းငှာ သင့်လျော်မည်ဟု မိန့်တော်မူကြသော် သူကြွယ်ကလည်း ကောင်းလှပါပြီ၊ အရှင်ဘုရားတို့ သင့်တင့်လျောက်ပတ် ကောင်းမြတ်မည်ကို ပြုစု၍ ကြည့်ရှု စေလွှတ်တော်မူပါဟု လျှောက်ကြားသော အခါ သံဃာတော် အရှင်မြတ် တို့လည်း သူငယ်ကို ရှင်သာမဏေ ပြုပြီးလျှင် လခွဲမျှလောက်သော ကာလ ပတ်လုံး သပိတ် သင်္ကန်း လှမ်းယူ ကိုင်ငင် အသွင်အပြင် အနေအထား အသွား အလာတို့ကို သင်စေပြီး၍ လမ်းခရီးကို ပြောကြား၍ စေလွှတ်လိုက်ကြကုန်၏။

ထိုမောင်ရှင် သာမဏေသည်လည်း ထိုမထေရ်မြတ် သွမ်းခံရွာသို့ ကျရောက် သောအခါ ရွာထံခါး၌ ဒါယကာကြီး တစ်ယောက်ကို မြင်၍ "ဒါယကာ ဤရွာကို အမှီပြု၍ နေရသော တောကျောင်းတစ်ကျောင်းသည် ရှိပါသလော"ဟု မေး၏။ ဒါယကာကြီးကလည်း "အရှင်ဘုရား ရှိပါ၏"ဟု လျှောက်၏။ ဒါယကာ ထိုကျောင်း၌ အဘယ်မထေရ် သီတင်းသုံးနေသနည်းဟု မေးသည်ရှိသော် အရှင်ဘုရား ပါလိတမည်သော မထေရ်သည် သီတင်းသုံးနေပါသည်ဟု လျှောက် ကြား၏။ ထိုသို့ဖြစ်လျှင် ဒါယကာ ငါ့အား သွားရာလမ်းခရီးကို ကြားပါကုန် လော့ဟု ပြောဆိုသည်ရှိသော် အရှင်ဘုရား အရှင်ဘုရားက အဘယ်သူပါနည်း ဟု မေးလျှောက်သော် ဒါယကာ ငါသည် မထေရ်၏ တူတည်းဟု မိန့်ဆိုတော် မူလျှင် ဒါယကာကြီးလည်း ထိုသာမဏေကို ပင့်ဆောင်၍ ကျောင်းသို့ ပို့ပေး၏။ ထိုသာမဏေသည် မထေရ်ကို ရှိခိုးပြီးလျှင် လခွဲမျှလောက်သော ကာလပတ်လုံး ဝတ်ကြီးဝတ်ငယ်ကို ပြုလျက် မထေရ်အရှင်မြတ်ကို ကောင်းစွာ လုပ်ကျွေး ပြီးသော် အရှင်ဘုရား တပည့်တော်၏ ဦးရီးဖြစ်သော သူကြွယ်သည် အရှင် ဘုရား၏ ကြွလာခြင်းကို ပြင်းစွာ တောင့်တလျက် ရှိပါသည် သို့ဖြစ်၍ ယခုအခါ လာသည့်တော်မူပါကုန်၊ သွားကြပါကုန်အံ့ဟု လျှောက်ထား ခွင့်ပန်သဖြင့် ရှင်သာမဏေ ထိုသို့ဖြစ်လျှင် ဤငါ၏ တောင်ဝှေးစွန်းကို ကိုင်လော့ဟု မိန့်တော် မူ၏။ ထိုသာမဏေသည် တောင်ဝှေးစွန်းကို ကိုင်လျက် မထေရ်နှင့် အတူတကွ ရွာတွင်းသို့ ဝင်ခဲ့၏။ လူအပေါင်းတို့သည် မထေရ်ကို သီတင်းသုံး နေစေတော် မူပြီးလျှင် "အရှင်ဘုရားအသို့နည်း။ အရှင်ဘုရားတို့အား ကြွသွားအံ့သော အခြင်းအရာသည် ထင်ပါသည်တကား"ဟု လျှောက်ကြား မေးမြန်းကုန်၏။ ဟုတ်ပေ၏ ဒါယကာတို့ ငါသည် သွားရောက်ပြီးသော် မြတ်စွာဘုရားရှင်ကို ရှိခိုးအံ့ဟု မိန့်တော်မူ၏။ ထိုဒါယကာ ဒါယိကာမအပေါင်းတို့လည်း အမျိုးမျိုး သော အခြင်းအရာအားဖြင့် တားမြစ်တောင်းပန်သော်လည်း ပြန်လည် ဆုတ်နစ် ခြင်းငှာ အခွင့်ကိုမရ။ မထေရ်ကို လွှတ်လိုက်ရ၍ ထင်းဝက်မျှ ခရီးကို ပို့လိုက်ကြ ပြီးသောအခါ သည်းစွာ ငိုကြွေးမြည်တမ်းလျက် ပြန်လည်ကြကုန်၏။

## ထင်းခွေသည်မနှင့် တွေ့ခြင်း

မောင်ရှင် သာမဏေသည်လည်း တောင်ဝှေးစွန်း၌ ကိုင်ငင်လျက် မထေရ်အရှင်မြတ်ကို ယူဆောင်၍ လာခဲ့သည်ရှိသော် ခရီးအကြား တောအုပ်၌ မထေရ်အရှင်သည် ရှေးကြွလာစဉ်က သီတင်းသုံးခဲ့ဖူးသော ရွာတစ်ရွာသို့ရောက်လေ၏။ သာမဏေသည် ရွာထဲမှထွက်လာခဲ့ရာ တောအုပ်တစ်ခု၌ သီချင်းသီလျက် ထင်းခွေ၍နေသော တစ်ယောက်သော မာတုဂါမ၏ သီချင်းသံကို ကြားလျှင် အသံ၌ နိမိတ်ကို ယူလေ၏။

[ထိုစကားသည် မှန်၏။ မိန်းမ၏ အသံကဲ့သို့သော တစ်ပါးသော အသံသည် ယောကျ်ားတို့၏ အလုံးစုံသော ကိုယ်ကို နှံ့၍ တည်စေခြင်းငှါ စွမ်းနိုင်သော မည်သည် မရှိ။]

ထို့ကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အင်္ဂုတ္တရပါဠိတော်၌ ဤသို့ ဟောတော်မူ၏—

နာဟံ ဘိက္ခဝေ အညံ ဧကသဒ္ဒမ္ပိ သမနုပဿာမိ၊ ယော ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိသဒ္ဒေါ။

ရဟန်းတို့....ဤမိန်းမ၏ အသံကဲ့သို့ အခြားသော ယောကျ်ား စိတ်ကို သိမ်းကျုံးဆွဲငင်နိုင်သော အသံမည်သည်ကို ငါဘုရား မြင်တော်မမူ။

မောင်ရှင် သာမဏေသည် ထိုထင်းခွေသည့် မိန်းမအသံ၌ နိမိတ်ကိုယူ၍ တောင်ဝှေးစွန်းကို လွှတ်၍ "အရှင်ဘုရား ဤအရပ်ဌာန၌ ခေတ္တဆိုင်းငံ့ ရပ်တန့်တော်မူပါဦး၊ တပည့်တော်အား တစ်စုံတစ်ခု ပြုဖွယ်ကိစ္စ ရှိပါသေးသည်" ဟု လျှောက်ကြားပြီးလျှင် ထိုထင်းခွေမိန်းမ၏ အထံသို့ သွားလေ၏။ ထင်းခွေမိန်းမလည်း သာမဏေကို မြင်လျှင် တိတ်တဆိတ် နေ၏။ မောင်ရှင် သာမဏေသည် ထိုထင်းခွေမိန်းမနှင့်တကွ သီလ၏ ပျက်စီးခြင်းသို့ ရောက်လေ၏။ မထေရ်မြတ်အရှင်လည်း ကြံဆင်ခြင်တော် မူသည်မှာ "ဤယခုအခါ၌ပင်လျှင် မိန်းမ၏ တစ်ခုသော သီချင်းသံကို ကြားရ၏။ ထိုသီချင်းသီသော မိန်းမ၏ အသံသည် ပြတ်ခဲ့၏။ သာမဏေလည်း အလွန်ကြာမြင့်၏။ ထိုသာမဏေသည် မာတုဂါမနှင့် အတူတကွ သီလပျက်စီးခြင်းသို့ ရောက်သည် ဖြစ်လတ္တံ့"ဟု ကြံဆင်ခြင်တော်မူ၏။

ထိုသာမဏေသည် မိမိကိစ္စကို ပြီးစေ၍ လာပြီးသော် အရှင်ဘုရား သွားကြကုန်အံ့ဟု လျှောက်၏။ မထေရ်က သာမဏေကို အသင်သည် ယုတ်မာ

ညစ်ညမ်းသော အမှုကို ပြုကျင့်သလောဟု မေးတော်မူ၏။ သာမဏေလည်း ဆိတ်ဆိတ်သာနေ၏။ အထပ်ထပ်မေးသော်လည်း ဝစီစိုတင်ခုကိုမျှ မပြော မဆိုသည်ရှိသော် သာမဏေကို မထေရ်က "ငါ့ရှင် သာမဏေ အသင်ကဲ့သို့ ယုတ်မာသော အကျင့်ကို ကျင့်ကြံပြုလုပ်သဖြင့် ယုတ်မာသော သဘောရှိသော သူသည် ငါ၏ တောင်ဝှေးအစွန်းကို ကိုင်ဆောင်ခြင်းငှာမထိုက် ကိုင်ဖွယ်မရှိ" ဟု မိန့်တော်မူသော် ထိုသာမဏေသည် ထိတ်လန့် တုန်လှုပ်ခြင်းသို့ ရောက်၍ ဖန်ဆည်စွန်းသော အဝတ်တို့ကို ပယ်ပြီးသောအခါ လူ၏အမှတ်ဖြင့် ဝဝ ရှုံးဆောင်၍ အရှင်ဘုရား တပည့်တော်သည် ရှေးအခါက သာမဏေ ဖြစ်ပါသည်။ ယခုအခါ လူအဖြစ်သို့ ရောက်ပါပြီ၊ အရှင်ဘုရား တပည့်တော်သည် သာသနာတော်သမ်း ရဟန်းသာမဏေ ပြုသော်လည်း သဒ္ဓါတရား ဖြစ်ပွားယုံကြည်သဖြင့် ရဟန်းပြုသည် မဟုတ်ပါ။ သွားလာအပ်သော ခရီးလမ်း၌ ဘေးဘျမ်းကို ကြောက်ရွံ့ခြင်းကြောင့် ရဟန်းပြုခြင်း ဖြစ်ပါသည်။ အရှင်ဘုရား လာလှည့် သွားကြကုန်အံ့ဟု လျှောက်၏။ မထေရ်မြတ်ကလည်း ငါ့ရှင် လူ၏အဖြစ်ဖြင့်ပင် ယုတ်မာသော အကျင့်ကို ကျင့်သည်ဖြစ်စေ၊ ရဟန်းအဖြစ်ဖြင့်ပင် ယုတ်မာသော အကျင့်ကို ကျင့်သည်ဖြစ်စေ ယုတ်မာသော သဘောရှိသည်သာလျှင်တည်း။ အသင်သည် ရဟန်းသာမဏေ၏ အဖြစ်၌ တည်၍လည်း သီလမျှကို ပြည့်စုံအောင် စောင့်ရှောက်ပြုကျင့်ခြင်းငှါ မစွမ်းနိုင်။ လူဖြစ်သောအခါ ဘယ်မှာလျှင် ကောင်းသောအကျင့်ကို ကျင့်ကြံအားထုတ် ပြုလုပ်ခြင်းငှါ စွမ်းနိုင်ပါအံ့နည်း။ အသင်သို့သော သဘောရှိသော ယုတ်မာသော သူသည် ငါ၏ တောင်ဝှေးစွန်းကို ကိုယ်ဖွယ်ကိစ္စ မရှိဟု မိန့်တော်မူ၏။ အရှင်ဘုရား ဤတောလမ်းခရီးသည် ဘီလူးတို့ သိမ်းဆည်း စောင့်ရှောက်သဖြင့် ကြောက်မက်ဖွယ် ဘေးဘျမ်းရှိသော တောလမ်းခရီး ဖြစ်ပါသည်။ မထေရ်မြတ်အရှင်လည်း မျက်စိမမြင်သဖြင့် ရှေ့ဆောင်သူမရဘဲ ဤနေရာဌာန၌ အဘယ်ကဲ့သို့နေနိုင်ပါကုန်အံ့နည်းဟု လျှောက်ထားသည်ကို ကြားသိတော်မူသော် မထေရ်မြတ်က "ငါ့ရှင် သူငယ် အသင်သည် တွေးထင်စိုးရိမ်ခြင်းကို မပြုလင့်။ ဤအရပ်ဌာန၌ လျောင်း၍ သေသော်လည်း သေစေ၊ လူးလဲပြန်လှန် ခံစားရမည်သော်လည်း ခံစားရစေ၊ သင်နှင့်တကွ သွားဖို့ဆန္ဒ မရှိပြီ" ဟု မိန့်တော်မူပြီးလျှင် ဤနှစ်ဂါထာတို့ကို ရွတ်ဆိုတော်မူ၏-

ဟန္ဒာဟံ ဟတစက္ခုသ္မိ၊ ကန္တာရဒ္ဓါနမာဂတော။
သေယျမာနော န ဂစ္ဆာမိ၊ နတ္ထိ ဗာလေ သဟာယတာ။

ဟန္ဒာဟံ ဟတစက္ခုသ္မိ၊ ကန္တာရဒ္ဓါနမာဂတော။
မရိဿာမိ, နော ဂမိဿာမိ၊ နတ္ထိ ဗာလေ သဟာယတာ။

ငါ့ရှင်လုလင် ယခုငါသည် မျက်စိပျက်စီး၏၊ အစွန်စည်ခရီးခဲသို့ ရောက်လာခဲ့၏။ သေရပါသော်လည်း ငါမသွားတော့၊ လူမိုက်နှင့် မဆက်ဆံလိုတော့ချေ။ ငါ့ရှင်လုလင် ယခုငါသည် မျက်စိပျက်စီး၏၊ အစွန်ရှည် ခရီးခဲသို့ ရောက်နေ၏၊ အသေခံအံ့၊ သင်နှင့်အတူ မလိုက်တော့အံ့၊ လူမိုက်နှင့်အပေါင်းအဖော် မပြုလို။

မိန့်တော်မူသောစကားကို လုလင်ငယ်ကြားတည့်လျှင် သံဝေဂဖြစ်ပွားလျက် "ငါ့အား ဝန်လေးစွာသောအမှုကို ပြုမိချေသည်တကား၊ အနိုင်အထက်နိုပ်စက်မလျော် မတော်သော အမှုတို့ကို ပြုမိလေသည်တကား" ဟု နှစ်ဘက်သော မောင်းလက်တို့ကို ဦးထိပ်ထက်တင်ထား မြည်တမ်းဟစ်အော်လျက် ကြောက်လန့်တကြား တောအုပ်သို့ ပြေးသွား ဖဲ့ရှောင်လေ၏။

## သူတော်ကောင်း နတ်ကောင်းမခြင်း

မထေရ် အရှင်မြတ်၏ သီလအာနုဘော် တန်ခိုးကြောင့် အလျား ယူဇနာခြောက်ဆယ်, အနံယူဇနာ ငါးဆယ်, ထု-တစ်ဆယ့်ငါးယူဇနာ နီစွာသော လယ်ခေါင်ရန်းပန်းကဲ့သို့ နူးညံ့သော အဆင်းရှိသော ထိုင်သောအခါ ထသော အခါတို့၌ ညွတ်ခြင်း တက်ကြွခြင်း သဘောရှိသော နူးညံ့သိမ်မွေ့စွာသော သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် မူလောင်သောအခြင်းအရာကို ပြ၏။ သိကြားမင်းလည်း "အသို့နည်း ဤသိကြားမင်း၏အဖြစ်မှ ငါ့ကို ရွေ့လျော စေလိုသလော"ဟု နတ်တို့၏ မျက်စိဖြင့် ကြည့်ရှု ဆင်ခြင်သည်ရှိသော် မဟာပါလိတ အရှင်ကို မြင်တော်မူ၏။ ထိုကြောင့် ရှေးအဋ္ဌကထာ ဆရာတို့သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူကြကုန်၏—

သဟဿနေတ္တော　ဒေဝိန္ဒော၊ ဒိဗ္ဗစက္ခုံ ဝိသောဓယိ။
ပါပဂရဟီ အယံ　ပါလော၊ အာဇီဝံ ပရိသောဓယိ။

သဟဿနေတ္တော　ဒေဝိန္ဒော၊ ဒိဗ္ဗစက္ခုံ ဝိသောဓယိ။
ဓမ္မဂရုကော　အယံ ပါလော၊ နိသိန္နော　သာသနေ ရတော။

မျက်လုံးတစ်ထောင် အမြင်ဆောင်သော သိကြားမင်းသည် နတ်မျက်စိကို စင်ကြယ်စေလျက် ဤပါလိတအရှင်သည် မကောင်းမှုကို ကဲ့ရဲ့၍ အသက်မွေးမှုကို စင်ကြယ်စေပြီဟု မြင်လေပြီ။

မျက်လုံးတစ်ထောင် အမြင်ဆောင်သော သိကြားမင်းသည် နတ်မျက်စိကို စင်ကြယ်စေလျက် ဤအရှင်ပါလိတသည် တရား၌ လေးစား၍ ဘုရား သာသနာ၌မွေ့လျော်တော်မူ၏။

သိကြားမင်းအား ထိုသို့ထင်ထင် မြင်တော်မူပြီးမှ ဆင်ခြင်တော်မူသည်မှာ "မြတ်စွာဘုရား သာသနာ၀ယ် ယုတ်မာသော အကျင့်ရှိသောသူတို့ကို ကဲ့ရဲ့ ရှုတ်ချသောအားဖြင့် တရားကို အလေးအမြတ်ပြုလုပ်ပေသော ဤအမင်မြတ်၏ ထံတော်သို့ ငါမသွားခဲ့သည်ရှိသော် ငါ၏ ဦးခေါင်းထိပ်သည် ခုနစ်စိတ်ကွဲရာ၏" ဟု ဆင်ခြင်တော်မူ၍ အရှင်မြတ်ထံသို့ လာခဲ့၏။ ထို့ကြောင့် ဓမ္မသင်္ဂါယနာ ဆရာတို့သည် ဤဂါထာကို မိန့်တော်မူကုန်၏-

သဟဿနေတ္တော ဒေဝိန္ဒော၊ ဒေဝရဇ္ဇသိရိန္ဓရော။
တင်္ခဏေန အာဂန္တွာန၊ စက္ခုပါလမုပါဂမိ။

မျက်လုံးတစ်ထောင် အမြင်ဆောင်သော နတ်ပြည်အသရေကို ဆောင်သော သိကြားမင်းသည် ထိုခဏ၌ မထေရ်နေသော တောအုပ်သို့ သက်ဆင်းလာခဲ့၍ စက္ခုပါလမထေရ်မြတ်သို့ ချဉ်းကပ်လေ၏။

ယင်းသို့သော အခြင်းအရာဖြင့် သိကြားမင်းသည် သက်ဆင်းလာခဲ့၍ မထေရ်မြတ်အနီး၌ ခြေသံကိုပြု၏။ ထိုအခါ မထေရ်က ဤအနီးအပါး၌ သွားအံ့သောသူကား အဘယ်သူနည်းဟု မေးတော်မူသော် သိကြားမင်းက "အရှင်ဘုရား တပည့်တော် ခရီးသွားသူပါတည်း"ဟု လျှောက်၏။ ဒါယကာ အသင်သည် အဘယ်အရပ်သို့ သွားမည်နည်းဟု မေးတော်မူသော် အရှင်ဘုရား သာဝတ္ထိပြည်သို့ သွားပါအံ့ဟု လျှောက်၏။ ဒါယကာ သွားလေလော့ ဟု မိန့်တော်မူလျှင် သိကြားမင်းက တစ်ဖန်ပြန်၍ အရှင်ဘုရား အရှင်မြတ်သည်ကား အဘယ်အရပ်သို့ ကြွအံ့နည်းဟု မေးလျှောက်သော် ဒါယကာ ငါသည်လည်း သာဝတ္ထိပြည်သို့ပင် သွားအံ့ဟု မိန့်တော်မူသဖြင့် အရှင်ဘုရား ထိုသို့ဖြစ်လျှင် အတူတကွ သွားကြပါကုန်အံ့ဟု လျှောက်ကြား၏။ ဒါယကာ ငါသည်ကား အားနည်းသည်၊ ငါနှင့်အတူတကွ သွားရသည်ရှိသော် အသင် အား ခရီးကြာမြင့်ခြင်း ဖြစ်ပေလိမ့်မည်ဟု မထေရ်က မိန့်တော်မူလျှင် အရှင် ဘုရား တပည့်တော်အား အဆောတလျင် ပြုဖွယ်ကိစ္စ မရှိပါ။ တပည့်တော် သည်လည်း အရှင်ဘုရားနှင့်အတူတကွ သွားရသည်ရှိသော် ဆယ်ပါးသော ပုညကြိယာဝတ္ထုတို့တွင် တစ်ခုသော ပုညကြိယာဝတ္ထုကို ရပါလိမ့်မည်။ သို့ ဖြစ်၍ အတူတကွပင် သွားကြကုန်အံ့ဟု လျှောက်၏။ မထေရ်လည်း ဤသူ သည် သူတော်ကောင်း ဖြစ်ပေလိမ့်မည်ဟု ကြံစည် ဆင်ခြင်တော်မူပြီးလျှင် ထိုသို့ဖြစ်လျှင် ဒါယကာ ငါ၏တောင်ဝှေးစွန်းကို ကိုင်လော့ဟု မိန့်တော်မူ၏။ သိကြားမင်းသည် မထေရ်၏ တောင်ဝှေးကိုဆွဲ၍ မြေကြီးကို အကျဉ်းချုံး လျက် ညချမ်းသောအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်

စေ၏။ မထေရ်သည် ခရုသင်းသံ့ ထက်စည်သံ စသည်တို့ကို ကြားရသော် ဤအသံတို့သည် အဘယ်အရပ်၌ ဖြစ်အပ်သော အသံနည်းဟု မေးတော်မူသဖြင့် အရှင်ဘုရား သာဝတ္ထိပြည်၌ဖြစ်သော အသံပါဟု လျှောက်၏။ ငါတို့သည် ရေးအခါသွားစဉ် ကြ မြင့်စွာ သွားရသည်တကားဟု မိန့်တော်မူလျှင် အရှင်ဘုရား တပည့်တော်သည် ဖြောင့်သောခရီးက် သိပါသည်ဟူ၍ လျှောက်ကြားသဖြင့် ထိုခဏ၌ မထေရ်လည်း "ဤသူသည်ကား လူသားမဟုတ် နတ်ဖြစ်သတကား"ဟု မှတ်ထင်တော်မူ၏။ ထိုကြောင့် ရှေးအဋ္ဌကထာဆရာတို့သည် ဤဂါထာကိုမိန့်ဆိုတော်မူ၏—

သဟဿနေတ္တော ဒေဝိန္ဒော၊ ဒေဝရဇ္ဇသိရိန္ဓရော။
သန္ဓိပိတ္ထာန တံ မဂ္ဂံ၊ ခိပ္ပံ သာဝတ္ထိမာဂမိ။

မျက်လုံးတစ်ထောင် အမြင်ဆောင်သော နတ်ပြည်အသရေကိုဆောင်သော သိကြားမင်းသည် ထိုခရီးလမ်းကို ချုံး၍ ဆောလျင်စွာ သာဝတ္ထိပြည်သို့ ဆိုက်ရောက်လေ၏။

ထိုသိကြားမင်းသည်လည်း မထေရ်ကို ပင့်ဆောင်၍ မထေရ်သီတင်းသုံးရန် ညီငယ်သူကြွယ် ဆောက်လုပ်အပ်သော သစ်ရွက်မိုး ကျောင်းသို့ ဆောင်၍ ပလ္လင်နေရာ၌ သီတင်းသုံး နေစေပြီးသောအခါ ခင်မင်ရင်းနှီးသော သူငယ်ချင်းအသွင်ဖြင့် စူဠပါလသူကြွယ်၏ အထံသို့သွား၍ အဆွေစူဠပါလဟုခေါ်၍ အဆွေ အဘယ်ကိစ္စနည်းဟု မေးသည်ရှိသော် သင်၏နောင်တော်မထေရ် ကြွလာတော်မူသည်ကို သိ၏လောဟု မေးသဖြင့် အဆွေ ငါသည် မသိ၊ မထေရ် ကြွလာသလောဟု သူကြွယ်က ပြန်၍ မေးသော် အဆွေ ယခုအခါ မထေရ်သည် ကြွလာတော်မူသည်။ ယခု ငါသည် ကျောင်းသို့သွားသည်ဖြစ်၍ အသင်သည် ဆောက်လုပ်အပ်သော ကျောင်းသင်္ခမ်း၌ သီတင်းသုံးနေတော်မူသော မထေရ်ကိုမြင်၍ လာခဲ့သည်ဟု ပြောဆိုပြီးလျှင် သိကြားမင်းသည် ဖဲသွားလေ၏။

စူဠပါလသူကြွယ်လည်း ကျောင်းသို့သွား၍ မထေရ်ကို မြင်လျှင် ခြေရင်း၌ လူးလိမ့်လူ့က် "ဤသို့ဖြစ်မည်ကို မြင်၍ အရှင်ဘုရားတို့အား ရဟန်းပြုရန် ခွင့်မပေးပါ စသည်တို့ကို ပြောဆို၍ ကျွန်မ၏ သားငယ်နှစ်ယောက်တို့ကို တော်လှန်သည်တို့ကိုပြု၍ မထေရ်အထံ၌ ရဟန်းပြုစေပြီးလျှင် ရွာတွင်းက ယာဂုဆွမ်းစသည်တို့ကို ဆောင်ယူ၍ မထေရ်ကို လုပ်ကျွေးကုန်လော့ဟု ဆောင်နှင်း၏။ သားမတော်ငယ် နှစ်ပါးတို့လည်း ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်က် မထေရ်ကို ကောင်းစွာလုပ်ကျွေးကုန်၏။

## စက္ခုပါလမထေရ်အား ကဲ့ရဲ့ရှုတ်ချခြင်း

တစ်နေ့သ၌ အရပ်မျက်နှာတို့၌ နေလေ့ရှိကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ကုန်အံ့ဟု ဇေတဝန် ကျောင်းတော်သို့လာ၍ မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးပြီးသော် ရှစ်ကျိပ်သော မဟာသာဝကတို့ကို ဖူးမြော်ရှိခိုးကုန်အံ့ဟု ကျောင်းစဉ် လှည့်လည်၍ စက္ခုပါလမထေရ် သီတင်းသုံးသော နေရာသို့ကျရောက်၍ ဤမထေရ်ကိုလည်း ဖူးမြင်ကုန်အံ့ဟု ရှေးရှုလာကုန်၏။ ထိုခဏ၌ မိုးကြီးသည် ရွာလာသဖြင့် ထိုရဟန်းတို့သည် "ယခုအခါကား မိုးလည်းချုပ်ပြီ၊ မိုးကြီးလည်း တက်၍ ရွာလတ်ပြီ၊ နံနက်မိုးသောက် ရောက်သောအခါမှ နံနက်စောစောလာ၍ ဖူးမြော်တော့အံ့" ဟု မိမိတို့ရောက်ရာကျောင်းသို့ ပြန်လည် ကိန်းအောင်းကုန်၏။ မိုးသည်လည်း ပထမယံပတ်လုံးရွာ၍ သန်းခေါင်ယံ၌ ကင်းစင်ရကား စက္ခုပါလမထေရ်သည် အားထုတ်အင်သော ဝီရိယရှိသည်ဖြစ်၍ စင်္ကြံသွားတတ်သော အလေ့တော်ရှိ၏။ ထို့ကြောင့် ပစ္ဆိမယံ စင်္ကြံလျှောက်တော်မူ၏။

ထိုအခါ မိုးရွာသစ်စဖြစ်သော မြေကြီး၌ များစွာကုန်သော ပိုးပရန်တို့သည် ထကုန်၏။ ထိုပိုးပရန်တို့သည် မထေရ်၏ စင်္ကြံစွန်း၌ များသောအားဖြင့် ပျက်စီးသေလွန်ကုန်၏။ အတွင်းနေ တပည့်တို့လည်း မထေရ်၏ စင်္ကြံကြွရာအရပ်ကို စောစောကပင်လျှင် တံမြက် မလှည်းမိကုန်။ ထိုမှတစ်ပါးသော ရဟန်းတို့သည် မထေရ်၏ သီတင်းသုံးနေသောနေရာကို ကြည့်ရှုကုန်အံ့ဟု လာလတ်၍ စင်္ကြံ၌ သေသော ပိုးကောင်တို့ကို မြင်လျှင် ဤအရပ်၌ အဘယ်သူသည် စင်္ကြံသွားသနည်းဟု မေးကုန်သည် ရှိသော် မထေရ်၏ တပည့်တို့က အရှင်ဘုရား တပည့်တော်တို့၏ ဥပဇ္ဈာယ်ဆရာသည် စင်္ကြံတုံ့ခေါက် လျှောက်တော်မူပါသည်ဟု လျှောက်ကြားကြသဖြင့် သံဃာတော်တို့လည်း "ငါ့ရှင်တို့ ကြည့်ရှုကြပါကုန်လော့။ ဤရဟန်းအား စက္ခုထင်ရှားရှိသောအခါ အိပ်ပျော်ငိုက်မျဉ်း၍ တစ်စုံတစ်ခုသော တရားကိုမျှ အားထုတ်သည်ကို မပြုမူ၍ ယခု စက္ခုချို့တဲ့သော အခါ၌ စင်္ကြံကြွ၍ ဤမျှလောက်သော သတ္တဝါတို့ကို သတ်လေဘိသည်တကား၊ မိမိ၏ အကျိုးစီးပွားကို ပြုအံ့ဟု ပြုလုပ်ကျင့်ကြံပါသော်လည်း အကျိုးစီးပွားမဲ့ကိုသာ ပြုမိလေသည်" ဟု ကဲ့ရဲ့ရှုတ်ချပြီးနောက် ထိုရဟန်းတို့သည် မြတ်စွာဘုရားအထံတော်သို့ သွား၍ ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား စက္ခုပါလမထေရ်သည် စင်္ကြံသွားသည်ဟူ၍ များစွာသော သတ္တဝါတို့ကို သတ်လေဘိသည်ဟူ၍ လျှောက်ကြားကုန်၏။

ချစ်သားရဟန်းတို့ ထိုစက္ခုပါလမထေရ် သတ္တဝါတို့အား သတ်အပ်သည်ကို အသင်တို့မြင်ကုန်သလောဟု မြတ်စွာဘုရားက မေးတော်မူသည်ရှိသော် မမြင်ပါဘုရားဟု လျှောက်ကြားကြသဖြင့် ချစ်သားရဟန်းတို့သည် စက္ခုပါလမထေရ် သတ္တဝါတို့အား သတ်အပ်သည်ဖြစ်ကို သင်တို့မမြင်လေကုန်ဘိသကဲ့သို့ ထို့အတူသာလျှင် စက္ခုပါလ မထေရ်သည်လည်း ထိုသတ္တဝါတို့ကို မမြင်ကုန်။ ချစ်သားရဟန်းတို့ အာသဝေါ ကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့အား သေစေလိုသော စေတနာမည်သည် မရှိဟု မိန့်တော်မူ၏။ ရဟန်းတို့လည်း မြတ်စွာဘုရား ထိုစက္ခုပါလမထေရ်အား အရဟတ္တဖိုလ်၏ အကြောင်း ကောင်းစွာပြည့်စုံသော ကုသိုလ်ကံပါရမီ ပြည့်စုံပါသည်ရှိသော် ဘယ်အတွက်ကြောင့် စက္ခုကွယ်ပျက်ခြင်း ဖြစ်ပါလေသနည်းဟု လျှောက်ကြားကုန်သည်ရှိသော် ချစ်သားရဟန်းတို့ မိမိပြုအပ်သော မကောင်းမှုကံအစွမ်းကြောင့် စက္ခုကွယ်ပျက်ခြင်း ဖြစ်လေသည်ဟု မိန့်တော်မူသော် ရဟန်းတို့က ဘုန်းတော်ကြီးသော မြတ်စွာဘုရား စက္ခုပါလမထေရ် ပြုအပ်သော မကောင်းမှုကံအား အဘယ်နည်းဟု မေးလျှောက်ကြကုန်သည်ရှိသော် ထိုသို့ဖြစ်လျှင် ချစ်သား ရဟန်းများတို့ နာကြကုန်လော့ဟု တိုက်တွန်းတော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## စက္ခုပါလမထေရ်၏ အတိတ်ဝတ္ထု

ချစ်သားရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြုလတ်သည်ရှိသော် ဆေးသမား တစ်ဦးသည် ရွာ နိဂုံး ဇနပုဒ်တို့ကို လှည့်လည်လျက် ဆေးကုသခြင်းအမှုကိုပြုရာ ထိုအခါ စက္ခုရောဂါဖြင့် ပြင်းစွာဖိစီး အားနည်းသောမိန်းမတစ်ယောက်ကို တွေ့မြင်၍ အသင်အား အဘယ်သို့သော မချမ်းသာခြင်းဖြစ်သနည်းဟု မေး၏။ အရှင်ကျွန်တော်မသည် မျက်စိရောဂါတို့ဖြင့် မမြင်ပါဟု ပြောလျှင် အသင်အားငါသည် ဆေးကုသခြင်းအမှုကို ပြုအံ့ဟုဆို၏။ အရှင် ဆေးကုခြင်းငှါ စွမ်းနိုင်လျှင် ကုမပါဟု တောင်းပန်၏၊ ဆေးဆရာကလည်း အသင့်ကို ကုမသည်ရှိသော် ငါ့အား ဆေးခကို ပေးလတ္တံ့လောဟု မေးက အရှင် အကယ်၍ အကျွန်ုပ် မျက်စိကို ပကတိ ထင်မြင်အောင် ကုစားခြင်းငှာ စွမ်းနိုင်ပါအံ့။ အကျွန်ုပ်သည် သားသမီးတို့နှင့် တကွ အသင်၏ ကျွန်အဖြစ်ကို ဖြစ်ပါစေလော့ဟု ဝန်ခံ၏။ ဆေးဆရာလည်း ကောင်းလှပြီဟု နှစ်သက်၍ ထက်မြက်သော ဆေးကို စီရင်၍ ပေး၏။ ထိုမိန်းမသည် တစ်ကြိမ် ခတ်ကာမျှဖြင့် ပကတိသော မျက်စိတို့သည် ဖြစ်လေကုန်၏။

ထိုမိန်းမလည်း ငါသည် သားသမီးနှင့်တကွ ကျွန်ဖြစ်ပါအံ့ဟု ဆေးဆရာအား ဝန်ခံ၍ ထားခဲ့၏။ထားတိုင်းတစေကျွန်ဖြစ်၍နေရာသိမ်မွေ့နူးညံ့သော စကားဖြင့် ပြောကြားခိုင်းစေခြင်း မဖြစ်လတ္တံ့။ ဆေးဆရာအား လုည့်ပတ်တော့အံ့ဟု ကြံပြီးမှ ထိုခဏ၌ ဆေးဆရာသည် လာ၍ နှမ သင်၏ ရောဂါဝေဒနာသည် အဘယ်သို့ ရှိလေသနည်းဟု မေးလေ၏၊ အရှင် ရှေးအခါ၌ မျက်စိရောဂါ သည် အနည်းငယ်သာ ထိုးကျင့် နှိပ်စက်ပါသည်။ ယခုမှာမူကား ရှေးကထက် တို၍ ထုံးကျင့် ကိုက်ခဲပါသည်ဟု ပြောလျှင် ဆေးဆရာသည် "ဤမိန်းမကား ငါ့ကို တစ်စုံတစ်ခုသော ဆေးခကို မပေးလိုသောကြောင့် လုည့်ပတ်ပြောဆို လေသည်။ ထိုသူပေးအပ်သော ဆေးဖြင့် ငါ့အား အဘယ်မှုအံ့နည်း။ ယခု အခါ ထိုသူကို မျက်စိကန်းအောင် ပြုအံ့"ဟု ကြံပြီးလျှင် အိမ်သို့ပြန်၍ မိမိ မယားအား အကြောင်းကို ပြန်ကြား၏။ မယားလည်း တိတ်တဆိတ်နေလျှင် ထိုဆေးဆရာသည် တစ်ခုသောဆေးကို ရှာကြံစုဆောင်း ထောင်းထုဖော်စပ်၍ ထိုမိန်းမ၏ထံသို့ သွားပြီးလျှင် နှမ ဤဆေးကို ကွင်းလေ့ဟု ပေး၍ ဆေးကို ကွင်းစေ၏။ ဆေးကို ကွင်းကာမျှဖြင့် ထိုမိန်းမအား နှစ်ဖက်သော မျက်စိတို့သည် ဆီမီးလျှံကဲ့သို့ ကွယ်ပျက်ကုန်၏။ ထိုဆေးဆရာသည် ယခုအခါ စက္ခုပါလမထေရ် ဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူပြီးမှ ချစ်သားရဟန်းများတို့ ထိုအခါ ငါ့သားတော်ဖြစ်သော စက္ခုပါလသည် မိမိပြုအပ်သော မကောင်းမှုကံသည် မိမိသို့ အစဉ်တစိုက် နောက်မှ လိုက်သည်ဖြစ်၍ ယခုဘဝ၌ မျက်စိကန်းခြင်း ဖြစ်ရလေသည်။

## ရဟန်းသုံးသောင်း ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်ကြခြင်း

ချစ်သားရဟန်းတို့ ထိုမကောင်းမှုကံ မည်သည်ကား ဝန်ကိုရွက်ဆောင်သော နွားလား၏ နင်းတိုင်းနင်းတိုင်းသော ခြေရာကို လှည်းဘီးစက်သည် ထက်ကြပ် မကွာ နင်းကာသာလျှင် လိုက်ဘိသကဲ့သို့ ပြုအပ်သောသူသို့ အစဉ်မပြတ် ထက်ကြပ်မကွာ လိုက်သည်သာလျှင်တည်းဟု ဟောကြားတော်မူပြီးသော် အနုသန္ဓေကို စပ်တော်မူ၍ တည်စေအပ်ပြီးကာမျှဖြစ်သော ကမ္ပည်းစာကို ထပ်၍ တစ်ဖန် မင်း၏ တံဆိပ်ဖြင့် ခပ်နှိပ်ပြန်သကဲ့သို့ တည်စေအပ်ပြီးသော အဆုံးအမ တော်ကို ထပ်၍ တစ်ဖန် တံဆိပ်ခတ်တော်မူပြန်လိုသော တရားမင်း ဖြစ်တော် မူသော မြတ်စွာဘုရားရှင်သည် ဤဂါထာကို ဟောတော်မူ၏—

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

ရဟန်းတို့ နာမက္ခန္ဓာ တရားလေးပါးတို့သည် ဝိညာဏက္ခန္ဓာသာလျှင် ပြဋ္ဌာန်းခြင်းရှိကုန်၏။ အကြီးအမြတ်ဖြစ်ကုန်၏။ ဝိညာဏက္ခန္ဓာဖြင့် ပြီးကုန်၏။ ပြစ်မှားလိုသော စိတ်ဖြင့် ပြောဆို၊ ပြုလုပ်သော ပုဂ္ဂိုလ်သို့ ဆင်းရဲသည် အစဉ်လိုက်၏။ ဥပမာ— လှည်းဘီးသည် ဝန်ဆောင်နွားလား၏ ခြေရာသို့ အစဉ်လိုက်သကဲ့သို့ အစဉ်လိုက်၏။

ထိုဂါထာ၌ မနော ဟူသည်ကား ကာမာဝစရကုသိုလ် စသည်ဖြင့်ကွဲပြားသော အလုံးစုံသော ဘုံလေးပါး၌ဖြစ်သော စိတ်တည်း။ ဤပုဒ်၌ ထိုအခါ ထိုဆေးသမားအား ဖြစ်ပေါ်သောစိတ်၏အစွမ်းဖြင့် နှိုင်းယှဉ်ပိုင်းခြားလျက် ဒေါမနဿဝေဒနာနှင့် တကွ ဖြစ်သော ပဋိဃသမ္ပယုတ်စိတ်ကိုသာ ရအပ်၏တည်း။ ပုဗ္ဗင်္ဂမာ ဟူသည်— ရှေ့သွားရှိခြင်းတည်း၊ ထိုပြစ်မှားသည့်စိတ်နှင့် ထိုပြည့်ခြင်းတည်း။ ဓမ္မာ ဟူသည်— ဂုဏ်၊ ဒေသနာ သင်ခြင်း၊ သတ္တဇီဝမှ ကင်းဆိတ်ခြင်း ဟူသော အနက်တို့၏ အစွမ်းအားဖြင့်၊ လေးပါးကုန်သော သဘောတရားတို့သည် ဓမ္မ မည်ကုန်၏တည်း။

ထိုလေးပါးသော အနက်တို့တွင် ဓမ္မလည်းကောင်း၊ အဓမ္မလည်းကောင်း၊ နှစ်ပါးစုံတို့သည် တူသော အကျိုးပေးခြင်းရှိသည် မဖြစ်ကုန်၊ အဓမ္မသည် ငရဲသို့ ဆောင်၏။ ဓမ္မသည် သုဂတိဘဝသို့ရောက်စေ၏။ ဤ၌ ဂုဏ်ကျေးဇူးရှိသော ဓမ္မမည်၏။

ရဟန်းတို့ သင်တို့အား အစ၌ကောင်းခြင်းနှင့် ပြည့်စုံသော တရားကို ဟောအံ့၊ ဤနေရာ၌ ဒေသနာဓမ္မမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ကား အချို့သော အမျိုးသားတို့သည် တရားကို သင်ယူကုန်၏။ သုတ်ကို ဂေယျကို သင်ကုန်၏။ ဤနေရာ၌ ပရိယတ္တိဓမ္မ မည်၏။

ထိုအခါ၌ သတ္တမှဆိတ်သောတရားတို့သည် ဖြစ်ကုန်၏။ ခန္ဓာတို့သည် ဖြစ်ကုန်၏။ ဤနေရာ၌ သတ္တမှဆိတ်သော ဓမ္မမည်၏။ နိဇ္ဇီဝဓမ္မဟူသည်လည်း ဤနည်းလျှင် နည်း ရှိ၏။ ထိုလေးပါးသောအနက်တို့တွင် ဤအရာ၌ သတ္တပါ မဟုတ်၊ အသက်မဟုတ်သော သဘောကို အလိုရှိအပ်၏။

ထို နိဿတ္တနိဇ္ဇီဝဓမ္မသည် အနက်အားဖြင့် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဟူသော နာမက္ခန္ဓာသုံးပါးတို့တည်း။

ထိုစကားမှန်၏၊ ထိုခန္ဓာသုံးပါးတို့သည် ဝေဒနာက္ခန္ဓာ အစရှိကုန်သော သုံးပါးသောခန္ဓာတို့အား ဝိညာဏက္ခန္ဓာ ဟူသော ပြဋ္ဌာန်းခြင်းရှိ၏။ ထိုကြောင့် မနောပုဗ္ဗင်္ဂမမည်ကုန်၏၊ ထိုဝေဒနာက္ခန္ဓာ အစရှိကုန်သော ခန္ဓာသုံးပါးတို့နှင့် တကွ အသို့ဖြစ်ပါနည်း ဟူမူကား ဝတ္ထုသောမှီရာရှိသောစိတ်သည် တူသော အာရုံရှိသောစိတ်သည် မရှေးမနှောင်း တစ်ပြိုင်နက်သော ခဏ၌ ဖြစ်သည် ရှိသော်ပုဗ္ဗင်္ဂမမည်၏။ ထို့ကြောင့် ဥပ္ပါဒက္ခဏ၌ သဟဇာတသတ္တိ၊ နိဿယသတ္တိ၊ သမ္ပယုတ္တသတ္တိ အစရှိသည်ဖြင့် ကျေးဇူးပြုတတ်သော အနက်ကြောင့် မနောပုဗ္ဗင်္ဂမ မည်၏၊ ထင်စွာဆိုဦးအံ့၊ တစ်ပေါင်းတည်းရွာကိုဖျက်ခြင်း အစရှိကုန်သော အမှုတို့ကို ပြုကုန်သော များစွာကုန်သော ခိုးသူတို့သည် ပြုကုန်သည် ရှိသော် အဘယ်သူသည် ထိုခိုးသူတို့၏ ပြဋ္ဌာန်းသနည်းဟူ၍ ဆိုသည်ရှိသော် အကြင်ခိုးသူကြီးသည် ထိုခိုးသူငယ်တို့အား အထောက်အပံ့ဖြစ်၏။ အကြင်ခိုးသူကြီးကိုမှီ၍ ထိုခိုးသူငယ်တို့သည် ထိုရွာဖျက်ဆီးခြင်း အစရှိသော အမှုကို ပြုကုန်၏။ ထိုဒတ္တခိုးသူကြီးကိုလည်းကောင်း၊ ထိုမိတ္တခိုးသူကြီးကိုလည်းကောင်း၊ ထိုခိုးသူတို့တွင် ရှေ့သွားဟူ၍ဆိုအပ်သကဲ့သို့ ထိုအတူ ဤဥပမာ၏ပြည့်စုံခြင်းကို သိအပ်၏။ ထို့ကြောင့်ဥပ္ပါဒက္ခဏ၌ သဟဇာတသတ္တိ၊ နိဿယသတ္တိ၊ သမ္ပယုတ္တသတ္တိ စသည်ဖြင့် ကျေးဇူးပြုတတ်သော အနက်ကြောင့် ထိုဝေဒနာက္ခန္ဓာ အစရှိကုန်သော ခန္ဓာသုံးပါးတို့အား ဝိညာဏက္ခန္ဓာ ပြဋ္ဌာန်းခြင်းရှိ၏။ ထို့ကြောင့် မနောပုဗ္ဗင်္ဂမမည်ကုန်၏။ ထိုစကားမှန်၏၊ ထိုဝေဒနာက္ခန္ဓာ အစရှိကုန်သော ခန္ဓာသုံးပါးတို့သည် စိတ်မဖြစ်သော် ဖြစ်ခြင်းငှာ မတတ်နိုင်ကုန်။ စိတ်သည်ကား အချို့သော စေတသိက်တို့သည် မဖြစ်ကုန်သော်လည်း ဖြစ်သည်သာတည်း။ အဓိပတိ အစွမ်းအားဖြင့်ကား ထိုဝေဒနာက္ခန္ဓာ အစရှိသော ခန္ဓာသုံးပါးတို့အား ဝိညာဏက္ခန္ဓာဟူသော အမြတ်ရှိ၏။ ထို့ကြောင့် မနောသေဋ္ဌ မည်ကုန်၏။ ထိုစကားကိုထင်ရှားပြဦးအံ့။ ခိုးသူအစရှိကုန်သော သူတို့၏ ခိုးသူကြီး အစရှိသူတို့သည် အစိုးရသည်ဖြစ်၍ မြတ်ကုန်သကဲ့သို့ ထိုအတူ ထိုဝေဒနာ အစရှိကုန်သော ခန္ဓာသုံးပါးတို့ကိုလည်း ဝိညာဏက္ခန္ဓာသည် အစိုးရသည်ဖြစ်၍ ဝိညာဏက္ခန္ဓာသည်သာလျှင် မြတ်၏။ သစ် အစရှိသည်တို့ဖြင့် ပြီးကုန်သော ထိုထိုဘဏ္ဍာတို့သည် သစ်ဖြင့်ပြီးခြင်းအစရှိသည် မည်ကုန်သကဲ့သို့ ထို့အတူ ထိုဝေဒနာ အစရှိကုန်သော ခန္ဓာသုံးပါးတို့သည်လည်း စိတ်အားဖြင့် ပြီးသော ကြောင့် မနောမယမည်ကုန်၏။

ပဒုဋ္ဌေန ဟူသည်= အာဂန္တုက ဖြစ်ကုန်သော အဘိဇ္ဈာ အစရှိကုန်သော အပြစ်တို့ဖြင့် ပြစ်မှားလိုသောစိတ်ဖြင့်တည်း။ ထိုစကားမှန်၏။ ပကတိသော စိတ်သည်လည်းကောင်း၊ ဘဝင်စိတ်သည်လည်းကောင်း၊ ထိုပုဂ္ဂိုလ်ကိုပြစ်မှား ခြင်းမရှိ၊ ထိုစကားကိုထင်ရှားပြဦးအံ့။ ရေကြည်သည် အခိုက်အတန့်ဖြစ်ကုန်

သော အညိုအစရှိသည်တို့ဖြင့် ညစ်နွမ်းသော ညိုသောရေ အစရှိသော အပြားရှိ၏ ရေသစ်သည် မဖြစ်သကဲ့သို့လည်းကောင်း၊ ရွှေရေကြည်သည် သာလျှင် မဖြစ်သကဲ့သို့လည်းကောင်း၊ ထို့အတူ ထိုစိတ်သည်လည်း အခိုက်အတန့်ဖြစ်ကုန်သော အဘိဇ္ဈာအစရှိကုန်သော အပြစ်တို့ဖြင့် ပြစ်မှားခြင်းရှိ၏။ စိတ်အသစ်သည် မဖြစ်ခြင်းကြောင့် မြတ်စွာဘုရားသည် ရဟန်းတို့ ပြိုးပြိုးပြက်ရှိသော ဤစိတ်သည်လည်း အခိုက်အတန့် ဖြစ်ပေါ်လာသော ညစ်နွမ်းခြင်းတို့ဖြင့် ညစ်နွမ်းရ၏ ဟု ဟောတော်မူ၏။ ဤသို့ပြစ်မှားလိုသောစိတ ဖြင့် အကယ်၍ ဆိုမူလည်း ဆိုငြားအံ့၊ ပြုမူလည်းပြုငြားအံ့၊ ထိုသို့ဆိုသောသူသည် ဝစီဒုစရိုက်တရားလေးပါးကိုသာလျှင် ဆို၏။ ပြုသောသူသည် ကာယဒုစရိုက်သုံးပါးကိုသာလျှင် ပြု၏။ အဘိဇ္ဈာအစ ရှိသည်တို့သည် မဆိုမပြုမူ၍ ထိုသို့ပြစ်မှားလိုသော စိတ်ရှိသည်၏အဖြစ်ကြောင့် မနောဒုစရိုက်သုံးပါးကို ပြည့်စေ၏။

ဤသို့ ထိုပုဂ္ဂိုလ်အား အကုသလကမ္မပထတရား ဆယ်ပါးတို့သည် ပြည့်ကုန်၏၊

**တတောနံ ဒုက္ခမန္ဝေတိ** ဟူသည်–ထိုဒုစရိုက်သုံးပါးကြောင့် ထိုပုဂ္ဂိုလ်ကို ဆင်းရဲသည် အစဉ်လိုက်၏။ ဒုစရိုက်၏ အာနုဘော်ကြောင့် အပါယ်လေးဘုံ၌လည်းကောင်း၊ လူ့ဘုံတို့၌လည်းကောင်း၊ မိုက်သည်၏အဖြစ်သို့ ရောက်သော **ကာယိကဒုက္ခ**လည်းကောင်း၊ ဤသို့သော အကြောင်းကြောင့် ကိုယ်စိတ်ကို မှီ၍ဖြစ်သော အကျိုးဖြစ်သော ဆင်းရဲသည် အစဉ်လိုက်၏။ ဥပမာ အဘယ်နည်း—

**စက္ကံဝ ဝဟတော ပဒံ**ဟူသည်=လည်းဦး၌ကသောလှည်းဦးဝန်ကိုရွက်ဆောင်သော နွားလား၏ ခြေရာသို့ လှည်းဘီးသည် အစဉ်လိုက်သကဲ့သို့တည်း။ ထိုစကားကို ထင်စွာပြအံ့။ လှည်းဘီးကို တစ်ရက်ပတ်လုံး လည်းကောင်း၊ နှစ်ရက်တို့ပတ်လုံးလည်းကောင်း၊ ငါးရက်တို့ပတ်လုံးလည်းကောင်း၊ ဆယ်ရက်တို့ပတ်လုံး လည်းကောင်း၊ လခွဲပတ်လုံး လည်းကောင်း၊ တစ်လ လည်းကောင်း၊ ဝန်ကိုရွက်ဆောင်သော ထိုနွားလားသည် လှည်းဘီးစက်ကို နစ်စေခြင်းငှာ စွန့်ခြင်းငှာ မတတ်နိုင် စင်စစ်–ထမ်းပိုးသည် ရှေ့သို့တက်သော ထိုနွားလား၏ လည်ကိုညှဉ်းဆဲ၏။ လှည်းဘီးသည် နောက်သို့ဆုတ်သော နွားလား၏ ပေါင်သားကို ထိခိုက်၏။ ဤနှစ်ပါးသော အကြောင်းတို့ကြောင့် ညှဉ်းဆဲသော လှည်းဘီးစက်သည် ထိုနွားလား၏ ခြေရာတိုင်း ခြေရာတိုင်း ဖြစ်သကဲ့သို့ ထို့အတူလျှင် အကယ်၍ ပြစ်မှားလိုသောစိတ်ဖြင့် သုံးပါးသော ဒုစရိုက်တို့ကို ပြည့်စေ၍ တည်သောပုဂ္ဂိုလ်သို့ ငရဲအစရှိသော ထိုထိုရောက်ရာရောက်ရာအရပ်၌

နှစ်ရှိက်ကသာလျှင် အရင်းရှိသော ကိုယ်ကြောင့်လည်း ဖြစ်သော စိတ်ကြောင့်လည်းဖြစ်သော ဆင်းရဲသည် အစဉ်ဖွဲ့၍လိုက်၏ ကြိသည်ကား အနက်တည်း။

ဂါထာ၏အဆုံး၌ ရဟန်းသုံးသောင်းတို့သည် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ရောက်လာသော တရားနာပရိသတ်အားလည်း အကျိုးစီးပွားရှိ၏။

ရှေးဦးစွာသော စက္ခုပါလမထေရ် ဝတ္ထု ပြီး၏။

---

## ၂။ မဋ္ဌကုဏ္ဍလီဝတ္ထု

### ပစ္စုပ္ပန်ဝတ္ထု

မနောပုဗ္ဗင်္ဂမာ အစရှိသော ဤဒုတိယဂါထာကိုလည်း မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှန်ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်စံပယ်တော်မူစဉ် မဋ္ဌကုဏ္ဍလီ သတို့သားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### အဒိန္နပုဗ္ဗကသေဋ္ဌေးကြီး၏သား မဋ္ဌကုဏ္ဍလီ

သာဝတ္ထိပြည်ကြီး၌ ပစ္စည်းဥစ္စာ ကြွယ်ဝသော အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးရှိသတဲ့။ ထိုပုဏ္ဏားကြီးသည် တစ်စုံတစ်ယောက်သော သူအား အနည်းငယ်မျှသော ပစ္စည်းကို ပေးဖူးသည်မရှိ။ ထို့ကြောင့် အဒိန္နပုဗ္ဗက ဟူသော အမည်ကို သာလျှင် မှတ်မိသိရှိကုန်၏။ ထိုပုဏ္ဏားအား အလွန်ချစ်မြတ်နိုးအပ်သော နှလုံးကို ပွားစေတတ်သော သားတစ်ယောက်ရှိ၏။ ထိုအခါ၌ သားငယ်ဝတ်ဆင်ဖို့ရာ တန်ဆာကို ပြုလုပ်လိုသည်ဖြစ်၍ အကယ်၍ ငါသည် ရွှေပန်းထိမ်သည်တို့ကို စေခိုင်းပြောကြား ပြုလုပ်စေအံ့ အခကိုပေးရလတ္တံ့ ”ဟု ကြံ၍ မိမိကိုယ်တိုင် ရွှေတို့ကို ခတ်လျက် ပြေပြစ်သော နားတောင်းတို့ကို ပြု၍ပေး၏။ ထို့ကြောင့် ထိုသူငယ်အား မဋ္ဌကုဏ္ဍလီ ဟူသော အမည်သည် ထင်ရှားလေ၏။

ထိုသူငယ်အား တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ၌ ကိုယ်လက်ပြောင်းတတ်သော ပဏ္ဍုရောဂါသည် ဖြစ်၏။ သူ၏မိခင်လည်း သားကို ကြည့်ပြီးသောအခါ အရှင်ပုဏ္ဏား အသင့်သားအား ရောဂါဖြစ်ပွား၍ နေချေသည်။ တတ်သိလိမ္မာသော ဆေးဆရာတို့ကို ခေါ်၍ သားငယ်ကို ကုစားပါလေ”ဟု ပြောလေလျှင် အိုရှင်မ ဆေးဆရာကို အကယ်၍ ခေါ်ဆောင်ကုစေသည်ရှိသော် ဆေးဖိုးကို ပေးရပေလိမ့်မည်။ အို့နှမ အသင်သည် ငါ၏ဥစ္စာ ကုန်ပြတ်ခြင်းကို

မကြည့်ရှုပြီလောဟု ပြော၏။ သူငယ်၏ မိခင်ကလည်း အိုပုဏ္ဏား ထိုသို့ ဆေးဆရာတို့ဖြင့် မကုသသည်ရှိသော် အဘယ်သို့ပြုမည်နည်းဟု မေး၏။ အိုနှမ အကြင်သို့သော အခြင်းအရာ အမှုဖြင့် ပြုသည်ရှိသော် ငါ၏ဥစ္စာ မကုန်၊ ထိုအခြင်းအရာဖြင့် ပြုအံ့ဟုပြောပြီးမှ ထိုပုဏ္ဏားသည် ဆေးဆရာတို့ အထံသို့ သွားပြီးလျှင် ဤအမည်ရှိသော ရောဂါအား အသင်တို့သည် အဘယ်သို့သော ဆေးကိုပေး၍ ကုသခြင်းကို ပြုကုန်သနည်းဟု မေးက ဆေးဆရာတို့ကလည်း "ထိုပုဏ္ဏားအား ဟုတ်ဟုတ်ငြားငြားသော သစ်ခွ သစ်ခေါက် စသည်တို့ကို စုဆောင်းထောင်းထု၍ ပေးကုန်သည်ဟု ပြောကြားသဖြင့် ထိုပုဏ္ဏားလည်း ယင်းသို့သော အခြင်းအရာကို ဆောင်၍ မိမိသားအား ဆေးအမှုကို ပြု၏။ ထိုသို့ ဆေးကုခြင်းအမှုကို ပြုစဉ်ပင်လျှင် ရောဂါသည် မယုတ်လျော့ဘဲ တဖြည်းဖြည်း တိုးပွားအားကြီးရှိသော လာသဖြင့် ဆေးကုရသည်၏ အဖြစ်သို့ ရောက်လေ၏။ ပုဏ္ဏားလည်း ထိုသား၏ အလွန်အားနည်းသော အဖြစ်ကိုသိ၍ ဆေးဆရာတစ်ယောက်ကို ခေါ်၏။ ဆေးဆရာလည်း သူငယ်ကိုလာ၍ ကြည့်ရှုပြီးလျှင် မကုစားကောင်းသောအဖြစ်သို့ ရောက်သည်ကိုသိ၍ "ငါတို့အား ပြုဖွယ် ကိစ္စရှိသေးသည် တစ်ပါးသော ဆေးသမားကိုခေါ်၍ ကုစားပါဦးလော့"ဟု ဆို၍ စွန့်ပစ်ထွက်သွားလေ၏။ ပုဏ္ဏားလည်း သားသူငယ်၏ သေအံ့သောအခါကို သိ၍ ဤသူငယ်အား ကြည့်ရှုခြင်းငှာ များစွာသော သူတို့သည်လာကြကုန်သည် ရှိသော် ငါ၏အိမ်တွင်း၌ သိမ်းဆည်းသိုမှီး၍ ထားအပ်သော ပစ္စည်းအများကို မြင်ကြကုန်လတ္တံ့။ သူငယ်ကို အိမ်ပသို့ ထုတ်အံ့ဟု ကြံပြီးလျှင် သားငယ်ကို အိမ်ဦးအပြင်၌ လျောင်းအိပ်စေ၏။

## မဋ္ဌကုဏ္ဍလီကို ဗုဒ္ဓစက္ခုဉာဏ်တော်ဖြင့် မြင်တော်မူခြင်း

ထိုနေ့၌ပင် မြတ်စွာဘုရားရှင်သည် နံနက်စောစောကပင် မဟာကရုဏာ သမာပါတ်မှ ထ၍ ရှေးနောင်တော် ဖြစ်ကုန်သော ဘုရားရှင်တို့၏ အထံတော်တို့၌ ပြုအပ်သော အဆောက်အဦး အထူးပြန့်ပြော များမြတ်သော ကုသိုလ် အကြောင်းရင်း ရှိသဖြင့် ကျွတ်ထိုက်ကုန်သော ဝေနေယျ သတ္တဝါတို့ကို ကြည့်ရှုတော်မူခြင်းအကျိုးငှာ တစ်သောင်းသော လောကဓာတ်တို့၌ ဉာဏ်တော် တည်းဟူသော ကွန်ရက်ကိုဖြန့်လျက် ဗုဒ္ဓစက္ခုတို့ဖြင့် ကြည့်ရှုတော်မူသည်ရှိသော် အိမ်ဦးကြမ်းပြင်၌ ပြင်းပြသောရောဂါဖြင့် လွှမ်းမိုးစွာနှိပ်စက် ပက်လက်တစောင်း လျောင်းလျက်ပြန်လှန် ခံစားရှိနေရသော မဋ္ဌကုဏ္ဍလီ သတို့သားသည် ဉာဏ်တော်ကွန်ရက်၏ အတွင်းသို့ ဝင်လာသဖြင့် ကောင်းစွာ မြင်တော်မူ၏။ ယင်းသို့ထင်ထင် မြင်တော်မူပြီး၍ အိမ်တွင်းမှ ထုတ်ဆောင်ပြီး အပပြင်ဘက်၌ လျောင်းစက်အိပ်စေသည်ကို သိ၍၊ "ငါဘုရား ကြွသွားသဖြင့် ထိုသတို့သားအား

အကျိုးစီးပွား ရှိလတ္တံ့လော”ဟု စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် ဤသူငယ်သည် ငါဘုရားရှင်၌ ကြည်လင်ညွတ်ရှိုင်းသော စိတ်ကိုဖြစ်စေ၍ သေလွန်သည်ရှိသော်တာဝတိံသာနတ်ပြည်၌ဝယ် ယူဇနာသုံးဆယ်အပြန့်ကျယ်သော ရွှေဗိမာန်ကြီး၌ နတ်သမီးတစ်ထောင် ခြံရံလျက် နတ်သား၏ အဖြစ်ကို ရလတ္တံ့။ အဒိန္နပုဗ္ဗက ပုဏ္ဏားသည်လည်း သား၏အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ပြီးလျှင် သုသာန်သို့လာ၍ ပြင်းစွာ ငိုကြွေးလှည့်လည်လတ္တံ့။

မဋ္ဌကုဏ္ဍလီ နတ်သားသည်လည်း လှည်းခြောက်ဆယ်တိုက် ဝန်မျှ ပမာဏရှိသော တန်ဆာကို တန်းဆာဆင်ပြီးလျှင် နတ်သမီးတစ်ထောင် ခြံရံအပ်သော သုံးဂါဝုတ်မျှင့်သော မိမိအတ္တဘောကို ကြည့်ရှု၍ “ယခု ဤနတ်ရှာဥ္စရောက်လာ ခံစားအပ်သော ငါသည် အဘယ်ကဲ့သို့သော ကောင်းမှု ကုသိုလ်ကံကြောင့် ရှင်စံပျော်ပါး ခံစားရိပ်ငြိမ် စည်းစိမ်ကို ရလေသနည်း”ဟု ကြည့်ရှုသည်ရှိသော် ငါဘုရားရှင် ကိုယ်တော်မြတ်၌ ကြည်ညိုအပ်သော ကုသိုလ်ကံကြောင့် ရအပ်သော အဖြစ်ကိုသိပြီး၍ ဤဖခင် ပုဏ္ဏားသည် ဥစ္စာပစ္စည်း နည်းပါးပြတ်တောက်အံ့သည်မှ ကြောက်သောကြောင့် ငါကဲ့သို့သောသားသည် မကျန်းမမာ ရောဂါဖြစ်ပွားသည်ကို ဆေးသမားတို့ဖြင့် မကြည့်ရှု မကုသ၊ ဤယခုအခါ သေလွန်၍ လာခဲ့မှ သုသာန်သို့သွား၍ ငိုကြွေးမြည်တမ်းကိသည်၊ ကိုပုဏ္ဏားအား ငါသွား၍ ဖောက်ပြန်ခြင်းသို့ ရောက်သည်ကို ပြုအံ့ဟု မိမိ၏ဖခင်သည် ငိုကြွေးနေသည်ကို မနှစ်သက် မချမ်းသာသဖြင့် မဋ္ဌကုဏ္ဍလီ သတို့သား၏အသွင်ဖြင့်လာ၍ သင်္ချိုင်းအနီး၌ လဲလျောင်းလျက် ငိုကြွေးမြည်တမ်းလတ္တံ့။

ထိုအခါ ပုဏ္ဏားက သတို့သားကို သင်ကား အဘယ်သူနည်းဟု မေးသည်ရှိသော် ငါသည်ကား သင်၏သားဖြစ်သော မဋ္ဌကုဏ္ဍလီတည်းဟု ပြောကြားလတ္တံ့၊ သင် အဘယ်အရပ်မှာ ဖြစ်သနည်းဟု မေးပြန်သော် တာဝတိံသာနတ်ပြည်၌ ဖြစ်သည်ဟု ပြောကြားလတ္တံ့၊ ဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုစုဆည်းပူးသည် အရကြောင့် ဖြစ်ရလေသနည်းဟု တစ်ဖန်မေးပြန်သော် ငါဘုရား၌ ကြည်ညိုသောစိတ်ကြောင့် ဖြစ်သတည်းဟု ပြောကြားလတ္တံ့၊ ထိုအခါ အဒိန္နပုဗ္ဗက ပုဏ္ဏားသည် ငါ၏အထံ၌ အရှင်ဘုရား အရှင်ဘုရားတို့၌ စိတ်ကြည်ညိုကာမျှဖြင့် နတ်ပြည်၌ ဖြစ်ဖူးသော သူမည်သည် ရှိပါသလောဟု မေးလတ္တံ့၊ ထိုအခါ ငါဘုရားသည် ပုဏ္ဏားကြီးအား ဤမျှအတိုင်းအရှည် ရှိကုန်သော တစ်ရာသောသူဘို့ဟူ၍လည်းကောင်း၊ တစ်ထောင်သော သူတို့ဟူ၍လည်းကောင်း၊ တစ်သိန်းသူတို့ဟူ၍ လည်းကောင်း ပိုင်းခြားရေတွက်ခြင်းငှာ မတတ်ကောင်းဟု မိန့်ဆိုတော်မူပြီး၍ ဓမ္မပဒ ဂါထာဒေသနာကို ဟောတော်မူရသည် ရှိသော် ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား

အကျွတ်တရားကိုရခြင်း ဖြစ်ပေလတ္တံ့။ မဋ္ဌကုဏ္ဍလီ နတ်သားနှင့်တကွ အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးလည်း သောတာပန်ဖြစ်လတ္တံ့၊ ဤအမျိုးသားကိုမှီ၍ မဟာသဘင်ပွဲကြီး ယင်ရလတ္တံ့ဟု မြင်တော်မူလေ၏။

## မဋ္ဌကုဏ္ဍလီနတ်သား ဖခင်ပုဏ္ဏားအား တရားပြခြင်း

ယင်းသို့သော အကြောင်းဖြစ်အင်ကို မြင်တော်မူပြီးမှ နံနက်မိုးသောက်ရောက်လာသောအခါ မြတ်စွာဘုရားရှင်သည် ကိုယ်လက်တော် သုတ်သင်ပြီးလျှင် သံဃာတော်အပေါင်း ခြံရံလျက် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံခြင်းငှာ ကြွဝင်တော်မူလာခဲ၍ အစဉ်အတိုင်းအားဖြင့် အဒိန္နပုဗ္ဗက ပုဏ္ဏား အိမ်တံခါးသို့ ကြွသွားတော်မူလေ၏။ ထိုခဏ၌ မဋ္ဌကုဏ္ဍလီ သတို့သားသည် အိမ်တွင်းသို့ ရှေ့ရှုနေသော အခိုက်အခါ ဖြစ်သောကြောင့် ကိုယ်တော်အား မမြင်စွမ်းနိုင်သည်ကို မြတ်စွာဘုရားသည် သိတော်မူပြီး၍ တစ်ခုသော ရောင်ခြည်တော်ကို လွှတ်တော်မူ၏။ ထိုအခါ မဋ္ဌကုဏ္ဍလီ လုလင်သည် "ဤ အရောင်ကား အဘယ်အရောင်နည်း" ဟု ပြန်လှန်၍ လျောင်းလျက်ပင် ကြည့်ရှုလေသော် သဗ္ဗညု မြတ်စွာဘုရားကို ထင်ရှားစွာ မြင်ပြီး၍ ဤသို့ ဆင်ခြင်သည်မှာ— "ငါသည် အလွန်တရာ မိုက်မဲလှစွာသော အဖကို မှီရခြင်းကြောင့် ဤသို့ သဘောရှိသော မြတ်စွာဘုရားကို ညွတ်တွားဆည်းကပ်လျက် ကိုယ်ဖြင့် အမှုကြီးငယ်ကို ရွက်ဆောင်ခြင်းငှာ လည်းကောင်း၊ ဒါနဗ္ဗဝတ္တုကို ပူဇော်ပေးခြင်းငှာ လည်းကောင်း၊ တရားတော်ကို ကြားနာရခြင်းငှာ လည်းကောင်း အခွင့်ကိုမရ၊ ယခုအခါ ရောဂါပြင်းစွာဖိ၍ မချိဒုက္ခ ခံစားရသောငါသည် နှစ်ဖြာထွေးယှက် လက်အုပ်ချီမိုး ရှိခိုးခြင်းကိုမျှ မပြုနိုင်သဖြင့် တစ်ပါးသောအမှု ပြုဖွယ်မရှိချေ"ဟု ဆင်ခြင်ပြီးမှ စိတ်တွင် ကြည်ညိုခြင်းကို ဖြစ်စေ၏။ မြတ်စွာဘုရားရှင်လည်း "ဤလုလင်အား ဤမျှသောစိတ်၏ ကြည်ညိုခြင်းမျှဖြင့် သင့်လျော်လျောက်ပတ်လောက်ပြီ"ဟု နှလုံးသွင်းတော်မူ၍ ကြွသွားတော်မူ၏။ မဋ္ဌကုဏ္ဍလီ သတို့သားသည် မြတ်စွာဘုရား ကြွသွားသော် မျက်စိ၏ မြင်ရာဌာနကို လွန်လျှင် အစဉ်အတိုင်း ကြည်ညိုသောစိတ်ဖြင့် သေလွန်သည်ရှိသော် အိပ်ပျော်သော ယောကျ်ား နိုးလာသောကဲ့သို့ တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်လေ၏။

အဒိန္နပုဗ္ဗကပုဏ္ဏားကြီးသည်လည်း မဋ္ဌကုဏ္ဍလီသတို့သား၏ ရုပ်အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်စေပြီး၍ သုသာန်၌ နေ့တိုင်းမပြတ် သွားလျက် "အို... တစ်ယောက်တည်းသော ငါ့သား၊ သင် အဘယ်အရပ်သို့ သွားပါသနည်း"ဟု ငိုကြွေး၏။ မဋ္ဌကုဏ္ဍလီနတ်သားလည်း မိမိ၏စည်းစိမ်ချမ်းသာကို ကောင်းစွာ ကြည့်ရှုလျက် ယခုအခါ မိမိ၏ စည်းစိမ်ချမ်းသာကို အဘယ်သို့သော ကံကြောင့်

ခံစားပျော်ပါးရပါလိမ့်မည်နည်းဟု စူးစမ်းကြည့်ရှုလတ်သော် မြတ်စွာဘုရားရှင်၌ ကြည်လင်ညွတ်ရိုင်းသော စိတ်ကြောင့်ဟု သိ၍ "ဤပုဏ္ဏားသည် ငါ့အား မချမ်းမသာ ရောဂါဖြစ်ပွားစဉ် အခါ၌ ဆေးကုခြင်း အမှုကိုမျှ မပြု မကြည့်ကြံ၍မရှုဘဲ ယခုမှတစ်ဖန် သုသာန်သို့လာ၍ ပြင်းစွာ ငိုပြန်ဘိသည်။ ထိုပုဏ္ဏားအား ဖောက်ပြန်သော အခြင်းအရာသို့ ရောက်အောင်ပြုခြင်းငှာ အပ်၏"ဟုကြံ၍ မဋ္ဌကုဏ္ဍလီသတို့သား၏ အသွင်ဖြင့် လာ၍ သုသာန်အနီး၌ မောင်းနှစ်ဖက် တို့ကို မြှောက်လျက် ပင့်ချီပြီးခါလွန်စွာငိုကြွေး ရပ်တည်၍နေ၏ အဒိန္နပုဗ္ဗကပုဏ္ဏားကြီးလည်း ထိုသူငယ်သည် ပြင်းစွာ ပူဆွေးသော လက္ခဏာ, ငိုကြွေးသော အခြင်းအရာကို မြင်၍"ငါသည်ကား ဆယ့်ခြောက်နှစ်ရှယ် သားသူငယ်သည် ကွယ်လွန်သွားဘိသောကြောင့် သောကယှက်ထွေး ငိုကြွေးမြည်တမ်းရ၍ နေရ၏။ ဤသူငယ်သည် အဘယ်သို့သော ကိစ္စအကြောင်းကြောင့် ငိုကြွေးပါလိမ့်မည်နည်း ထိုသူငယ်ကို မေးမြန်းအံ့"ဟု ကြံပြီးလျှင် ဤဂါထာကိုရွတ်၏–

အလင်္ကတော မဋ္ဌကုဏ္ဍလီ၊ မာလဓာရီ ဟရိစန္ဒနုဿဒေါ။
ဗာဟာ ပဂ္ဂယှ ကန္ဒသိ၊ ဝနမဇ္ဈေ ကိံ ဒုက္ခိတော တုဝံ။

လုလင်၊ တန်ဆာဆင်ထားသော၊ ပြေပြစ်သော နားတောင်းရှိသော ပန်းကိုဆောင်ထသော စန္ဒကူးရွှေဖြင့် လိမ်းကျံထသော သင်လုလင်သည် လက်မောင်းတို့ကို မြှောက်၍ တောအလယ်၌ အဘယ်သို့လျှင် ဆင်းရဲသည်ဖြစ်၍ ငိုကြွေးမြည်တမ်းဘိသနည်း။

လုလင်ငယ်လည်း ထိုစကားကို ပြန်ကြား ဖြေဆိုလိုသောကြောင့် ဤဂါထာကိုရွတ်၏–

သောဝဏ္ဏမယော ပဘဿရော၊ ဥပ္ပန္နော ရထပဉ္စရော မမ။
တဿ စက္ကယုဂံ န ဝိန္ဒာမိ၊ တေန ဒုက္ခေန ဇဟာမိ ဇီဝိတံ။

ငါ့အား ရွှေဖြင့်ပြီးသော ပြိုးပြိုးပျက်ပျက် အရောင်ရှိသော ရထားအိမ်ရှိ၏၊ ထိုရထားအိမ်၏ လည်းဘီးစက်အစုံကို မရ၊ ထိုဒုက္ခကြောင့် အသက်ကို စွန့်ရတော့အံ့။ ဟု ဖြေဆိုပြန်ကြားက အဒိန္နပုဗ္ဗက ပုဏ္ဏားလည်း ထိုလုလင်အား တစ်ဖန် ပြောဆိုလိုပြန်သောကြောင့် ဤဂါထာကို ရွတ်ဆိုပြန်၏–

သောဝဏ္ဏမယံ မဏိမယံ၊ လောဟိတကမယံ အထ ရူပိယမယံ။
အာစိက္ခ မေ ဘဒ္ဒ မာဏဝ၊ စက္ကယုဂံ ပဋိပါဒယာမိ တေ။

ကောင်းသောလုလင် ရွှေဖြင့်ပြီးသော၊ ပတ္တမြားဖြင့်ပြီးသော၊ သံဖြင့်ပြီးသော၊ ငွေဖြင့်ပြီးသော လှည်းဘီးအစုံကို ပြောကြားပါလော၊ သင်အား လှည်းဘီးအစုံကို ရပါစေအံ့။

ထိုပုဏ္ဏား၏ စကားကို မဋ္ဌကုဏ္ဍလီနတ်သား ကြား၍ "ဤပုဏ္ဏားသည် သားအား ဖြစ်ပွားရောဂါ ပြင်းစွာတက်ကြွသည်ကို ဆေးကုခြင်းကိုမျှ မပြု၊ ယခုငါ့အား သူ၏သားနှင့်အသွင်တူသည်ဟု ရွှေစသည်ဖြင့်ပြီးသော လှည်းဘီးစက်တို့ကို လုပ်ပေးအံ့ဟု ဝန်ခံ ပြောဆိုသည်မှာ ရှိစေဦး ထိုပုဏ္ဏားကို ထင်ရှားအောင် နှိပ်အံ့"ဟုကြံ၍ အသင်ပုဏ္ဏား ငါ့အား အဘယ်မျှလောက်သော လှည်းဘီးစက်အစုံကို ပြုလုပ်၍ ပေးလတ္တံ့နည်းဟု မေးက အမောင်လုလင် အသင်သည် အကြင်မျှလောက်သော ပမာဏကို အလိုရှိ၏။ ထိုမျှလောက်သော ပမာဏကို ပြုလုပ်၍ ပေးအံ့ဟု ဝန်ခံသည်ရှိသော် မဋ္ဌကုဏ္ဍလီနတ်သား လုလင်သည်လည်း မိမိအလိုရှိသည်ကို တောင်းဆိုလိုသောကြောင့် ဤဂါထာကို ရွတ်ဆို၏—

သော မာဏဝေါ တဿ ပါဝဒိ၊

စန္ဒ သူရိယာ ဥဘယေတ္ထ ဒိဿရေ။

သောဝဏ္ဏမယော ရထော မမ၊

တေန စက္ကယုဂေန သောဘတိ။

အိုပုဏ္ဏားကြီး ဤကောင်းကင်၌ ညီနောင်ဖြစ်ကုန်သော လ,နေတို့သည် ထင်ရှားရှိကုန်၏။ ထိုလ,နေဟူသော ရထားလှည်းဘီးအစုံဖြင့် ငါ၏ ရွှေဖြင့်ပြီးသော ရထားသည် တင့်တယ်လှပါပေ၏။ ဤသို့ ထိုလုလင်သည် ထိုအဒိန္နပုဗ္ဗက ပုဏ္ဏားအား ပြန်ကြားပြောဆိုလေ၏။

ထိုအခါ အဒိန္နပုဗ္ဗက ပုဏ္ဏားက ပြန်ကြားလိုသောကြောင့် ဤဂါထာကို ရွတ်ဆိုပြန်၏—

ဗာလော ခေါ တွံ အသိ မာဏဝ၊ ယော တွံ ပတ္ထယသိ အပတ္ထိယံ။
မညာမိ တုဝံ မရိဿသိ၊ န ဟိ တွံ လစ္ဆသိ စန္ဒသူရိယေ။

လုလင် မတောင့်တအပ်သော နေ,လကို တောင့်တသော သင်လုလင်သည် လူမိုက်ဖြစ်ခဲ့၏။ သင်လုလင်သည် သေရလတ္တံ့ဟု ငါမှတ်ထင်၏။ မှန်၏ သင်လုလင်သည် လ,နေတို့ကို မရလတ္တံ့။

ထိုအခါ မဋ္ဌကုဏ္ဍလီနတ်သား လုလင်က အသင်ပုဏ္ဏား မိမိသည် မရ လေငြားသော်လည်း မျက်ဝါးထင်ထင် ကြည့်ရှု၍ မြင်ရသည်ကို လိုချင်ဆန္ဒ တောင့်တငိုကြွေးသော သူနှင့် မိမိလည်းမရ, အရိပ်မျှမထင် မမြင်သောအရာကို အခါခါ တောင့်တ ငိုကြွေးသောသူ ထိုသူနှစ်ဦးတို့တွင် အဘယ်သူက သာလွန် ပိုမို၍ မိုက်ဖျင်းလေသနည်းဟု ဆိုပြီး၍ ဤဂါထာကို ရွတ်ဆို၏—

ဂမနာဂမနမ္ပိ ဒိဿတိ၊
ဝဏ္ဏဓာတု ဥဘယတ္ထ ဝီထိယာ။
ပေတော ကာလကတော န ဒိဿတိ၊
ကော နိဓ ကန္ဒတံ ဗာလျတရော။

အို—ပုဏ္ဏား နှစ်တန်ကုန်သော ခရီး၌ သွားခြင်း လာခြင်း လှည့်လည်ခြင်း တို့ကိုလည်း မြင်ရ၏။ အဆင်းသဘောကိုလည်း မြင်ရ၏။ သေသွားသော သားဖြစ်သူကား မမြင်ရ၊ ဤသချိုင်း၌ ငိုကုန်သောငါတို့တွင် အဘယ်သူသည် သာ၍ မိုက်ပါသနည်း။

ထိုစကားကို အဒိန္နပုဗ္ဗကပုဏ္ဏားကြီး ကြားလျှင် ဤလုလင်သည် သင့်တင့် လျောက်ပတ် ကောင်းမြတ်သည်ကိုသာ ပြောဆိုပေသည်”ဟု နှလုံးသွင်း၍—

သစ္စံ ခေါ ဝဒေသိ မာဏဝ၊
အဟမေဝ ကန္ဒတံ ဗာလျတရော။
စန္ဒံဝိယ ဒါရကော ရုဒံ၊
ပေတံ ကာလကတာ’ဘိပတ္ထယိံ’။

အမောင်လုလင် သင်သည် မှန်ကန်လျောက်ပတ် ကောင်းမြတ်သောစကား ကိုသာ မြွက်ဆို ပြောကြားလေသည်။ ကောင်းကင်က လနေကို တောင့်တ လေဘိသကဲ့သို့ သေလွန်ပြောင်းကြွ မတွေ့မထင် မမြင်ရသော သားကို ငါ့အား တောင့်တ ငိုကြွေးသည်မှာ အလွန်တရာ မိုက်မဲတွေဝေလှပေ၏သည်ဟု ပြောဆိုစဉ် ဤလုလင်၏ စကားကြောင့် သောကတရား ပယ်ရှားကင်းကွာလျက် သက်သာ ရာကိုရ၍ လုလင်အား ချီးမွမ်းထောမနာလိုသည်ဖြစ်သောကြောင့် ဤသုံးဂါထာ တို့ကို ရွတ်ဆို၏—

အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ ဩသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။

အဗ္ဗဟီ ဝတ မေ သလ္လံ၊ သောကံ ဟဒယနိဿိတံ။
ယော မေ သောကပရေတဿ၊ ပုတ္တသောကံ အပါနုဒိ။

သွာဟံ အဗ္ဗူဠ္ဟသလ္လောသ္မိ၊ သီတိဘူတောသ္မိ နိဗ္ဗုတော။
န သောစာမိ န ရောဒါမိ၊ တဝ သုတွာန မာဏဝ။

လုလင် အလျှံ တပြောင်ပြောင် တောက်လောင်သော ထောပတ်ဆီဖြင့် သွန်းလောင်းထသော မီးကို ရေဖြင့် ငြိမ်းစေဘိသကဲ့သို့ သောကမီး တောက်လောင်သော ငါ့ကို တရားဟူသော ရေစင် သွန်းလောင်း၍ အလုံးစုံ ပူလောင်ခြင်းကို ငြိမ်းစေဘိ၏။

လုလင် သောကနှိပ်စက်သော ငါ၏ သား၌ ဖြစ်သော စိုးရိမ်ခြင်းကို ပယ်ဖျောက်ပေးသော သင်လုလင်သည် ငါ၏နှလုံးသား၌မှီသော ငါ၏ စိုးရိမ်မှု ငြောင့်တံသင်းကို နုတ်ပယ်ပါပေ၏။

လုလင် ထိုငါသည် သင်လုလင်၏စကားကို ကြားနာရ၍ နုတ်ပယ်အပ်ပြီးသော စိုးရိမ်ခြင်းငြောင့်တံသင်းရှိပြီ၊ ငြိမ်းအေးပြီ၊ ငြိမ်းချမ်းပြီ၊ အမောင်လုလင် ဤနေရာကာလမှစ၍ မစိုးရိမ်တော့အံ့၊ မငိုကြွေးတော့အံ့။

ဤသို့ပြောဆိုပြီးမှ ထစ်ဖန် ထိုလုလင်ကို အသင်ကား အဘယ်အမည်ရှိသနည်းဟု အဒိန္နပုဗ္ဗက ပုဏ္ဏားက မေးမြန်းလိုသောကြောင့် ဤဂါထာကို ရွတ်၏—

ဒေဝတာ နုသိ ဂန္ဓဗ္ဗော၊ အဒု သက္ကော ပုရိန္ဒဒေါ။
ကော ဝါ တွံ ကဿ ဝါ ပုတ္တော၊ ကထံ ဇာနေမု တံ မယံ—

လုလင် သင်ကား နတ်လော၊ ဂန္ဓဗ္ဗနတ်လော သို့မဟုတ်လျှင် ရှေးဦးအလှူပေးဖူးသော သိကြားမင်းလော၊ သင်ကား အဘယ်သူနည်း၊ အဘယ်သူ၏ သားဖြစ်သနည်း၊ သင်လုလင်ကို ငါတို့သည် အဘယ်သို့လျှင် သိရကုန်အံ့နည်း။

ဟု မေးသည်ရှိသော် မင္ဂကုဏ္ဍလီနတ်သားလုလင်သည် ပြန်ကြား ဖြေဆိုလိုသည် ဖြစ်သောကြောင့် ဤဂါထာကို ရွတ်၏—

ယဉ္စ ကန္ဒသိ ယဉ္စ ရောဒသိ၊
ပုတ္တံ အာဠာဟနေ သယံ ဒဟိတွာ။
သွာဟံ ကုသလံ ကရိတွာ ကမ္မံ၊
တိဒသာနံ သဟဗျတံ ဂတော။

ပုဏ္ဏား သင်သည် သားကို သင်္ချိုင်း၌ မိမိကိုယ်တိုင် မီးသင်္ဂြိုဟ်၍ သားကို အကြောင်းပြု၍ မြည်ကမ်းရ၊ ငိုကြွေးရ၏၊ ထိုအကျွန်ုပ် သားသည်ယ်သည် ကုသိုလ်ကံကိုပြု၍ တာဝတိံသာနတ်တို့၏ အပေါင်းအဖြစ်သို့ ရောက်ရလေ၏။ ဟု ပြောကြား၏။

ထိုအခါ၌ အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးက တစ်ဖန် မေးပြန်လိုသောကြောင့် ဤဂါထာကို ရွတ်ပြန်၏—

အပ္ပံ ဝါ ဗဟုံ ဝါ နာဒ္ဓသဘံ၊
ဒါနံ ဒဒန္တဿ သကေ အဂါရေ။
ဥပေါသထကမ္မံ ဝါ တာဒိသံ၊
ကေန ကမ္မေန ဂတောသိ ဒေဝလောကံ။

အိုလုလင် နည်းသည်လည်းဖြစ်သော၊ များသည်လည်းဖြစ်သော အလှူကို ငါတို့ မပေးလှူကုန် အလှူကို မပေးလှူသောငါ၏ မိမိတို့အိမ်၌ ထိုသို့သဘော ရှိသော ဥပုသ်စောင့်သုံးမှုသည်လည်း မရှိပေ။ အဘယ်ကောင်းမှုကံကြောင့် နတ်ပြည်သို့ ရောက်ရသနည်း။

## တာဝတိံသာ နတ်သားဖြစ်ရခြင်း

မဋ္ဌကုဏ္ဍလီ နတ်သားသည် ထိုပုဏ္ဏားအား ပြန်ကြား ဖြေဆိုလိုသောကြောင့် ဤဂါထာတို့ကို ရွတ်၏—

အာဗာဓိကောဟံ ဒုက္ခိတော ဂိလာနော၊
အာတုရရူပေါမှိ သကေ နိဝေသနေ။
ဗုဒ္ဓံ ဝိဂတရဇံ ဝိတိဏ္ဏကင်္ခံ၊
အဒ္ဒက္ခိံ သုဂတံ အနောမပညံ။

သွာဟံ မုဒိတမနော ပသန္နစိတ္တော၊
အဉ္ဇလိံ အကရိံ တထာဂတဿ။
တွာဟံ ကုသလံ ကရိတွာန ကမ္မံ၊
တိဒသာနံ သဟဗျတံ ဂတော။

အို...ပုဏ္ဏား ငါသည် မိမိအိမ်၌ အနာနှိပ်စက်သည်ဖြစ်၍ ဆင်းရဲခြင်းသို့ ရောက်၏။ မကျန်းမာ၍ နာကျင်သော သဘောရှိ၏။ အကျွန်ုပ်သည် သစ္စာလေးပါးကို သိတော်မူသော ကိလေသာမြူကင်းသော ကူးမြောက်ပြီးသော ယုံမှားခြင်းရှိသော မနှိုင်းယှဉ်အပ် မြတ်သော ပညာရှိသော မြတ်စွာဘုရားကို ဖူးမြင်လိုက်ရပြီ။

ထိုငါသည် ဝမ်းမြောက်သော စိတ်နှလုံးရှိ၍ ကြည်ညိုသောစိတ် ရှိသည် ဖြစ်၍ မြတ်စွာဘုရားအား လက်အုပ်ချီခြင်းကို ပြုခဲ့ဖူးပြီ၊ ထိုငါသည် ထိုသို့ သဘောရှိသော ကုသိုလ်ကံကို ပြု၍ တာဝတိံသာ နတ်တို့၏အဖော်အဖြစ်သို့ ရောက်ရလေ၏။

ထိုလုလင်ငယ် ပြောကြားနေစဉ်ပင်လျှင် ပုဏ္ဏားကြီး၏ တစ်ကိုယ်လုံးကို ပီတိဖြင့် ပြည့်နှက်၍ နေ၏။ ထိုပုဏ္ဏားကြီးသည် ထိုမိမိ၌ ဖြစ်ပေါ်နေသော နှစ်သက်မှုကို ပြောကြားလိုသောကြောင့် ဤဂါထာကို ရွတ်ဆို၏–

အစ္ဆရိယံ ဝတ အဗ္ဘုတံ ဝတ၊
အဉ္ဇလိကမ္မဿ အယမီဒိသော ဝိပါကော။
ဇဟာမိ ပမုဒိတမနော ပသန္နစိတ္တော၊
အဇ္ဇေဝ ဗုဒ္ဓံ သရဏံ ဝဇာမိ။

လုလင် လက်အုပ်ချီမိုးရှိခိုးမှုကံကြောင့် ဤသို့သဘောရှိသော အကျိုး ရှိ၏။ အံ့ဩဖွယ်ကောင်းပါပေစွ။ မဖြစ်စဖူး ထူးဆန်းပါပေစွ၊ ငါသည်လည်း ဝမ်းမြောက်သော စိတ်နှလုံး ရှိ၍ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ယနေ့ပင် လျှင် မြတ်စွာဘုရားကို ကိုးကွယ်ခြင်းသို့ ရောက်ပါတော့၏ ဟု ပြောဆိုသည် ရှိသော်—

### မဋ္ဌကုဏ္ဍလီနတ်သားက ဖခင်ပုဏ္ဏားအား တိုက်တွန်းခြင်း

မဋ္ဌကုဏ္ဍလီနတ်သားလည်း ထိုပုဏ္ဏားအား တိုက်တွန်း နှိုးဆော်လိုသည် ဖြစ်သောကြောင့် ဤဂါထာတို့ကို ရွတ်ဆို၏—

အဇ္ဇေဝ ဗုဒ္ဓံ သရဏံ ဝဇာဟိ၊
ဓမ္မဉ္စ သံဃဉ္စ ပသန္နစိတ္တော။
တထေဝ သိက္ခာပဒါနိ ပဉ္စ၊
အခဏ္ဍဖုလ္လာနိ သမာဒိယဿု။

ပါဏာတိပါတာ ဝိရမဿု ခိပ္ပံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယဿု။
အမဇ္ဇပေါ မာစ မုသာ ဘဏာဟိ၊
သကေန ဒါရေန စ ဟောဟိ တုဋ္ဌော။

အို....ပုဏ္ဏား ယနေ့ပင်လျှင် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရား ကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း ကိုးကွယ် ခြင်းသို့ ရောက်ပါလေလော့။ ထို့မှတစ်ပါး မကျိုးမပေါက် ကောင်းသော သီလ ဖြစ်ကုန်သော ငါးပါးသော သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည်ပါလော့။

သူ့အသက်သတ်ခြင်းမှ လျင်စွာ ရှောင်ကြဉ်ပါလော့။ လူ့ရွာ၌ သူတစ်ပါး ဥစ္စာကို ခိုးယူခြင်းကို ရှောင်ကြဉ်ပါလော့။ သေရည် မသောက်ပါလင့်၊ မုသား မဆိုပါလင့်၊ မိမိမယားဖြင့်သာ ရောင့်ရဲနှစ်သက်သည် ဖြစ်ပါလော့ဟု တိုက်တွန်း နှိုးဆော်သည်ရှိသော် အဒိန္နပုဗ္ဗကပုဏ္ဏားလည်း ထိုစကားကို ဝန်ခံလိုသော ကြောင့် ဤဂါထာတို့ကို ရွတ်၏–

အတ္ထကာမော သိ မေ ယက္ခ၊ ဟိတကာမောသိ ဒေဝတေ။
ကရောမိ တုယှံ ဝစနံ၊ တွံသိ အာစရိယော မမ။

ဥပေမိ သရဏံ ဗုဒ္ဓံ၊ ဓမ္မဉ္စာပိ အနုတ္တရံ။
သံဃဉ္စ နရဒေဝဿ၊ ဂစ္ဆာမိ သရဏံ အဟံ။

ပါဏာတိပါတာ ဝိရမာမိ ခိပ္ပံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယာမိ။
အမဇ္ဇပေါ နော စ မုသာ ဘဏာမိ၊
သကေန ဒါရေန စ ဟောမိ တုဋ္ဌော။

အို နတ်မင်း သင်နတ်မင်းသည် ငါ၏အကျိုးကို အလိုရှိ၏။ အို နတ်မင်း သင်နတ်မင်းသည် ငါ၏ အစီးအပွားကို အလိုရှိ၏။ သင်၏ စကားကို လိုက်နာ၍ ပြုတော့အံ့ သင်နတ်မင်းသည် ငါ၏ဆရာဖြစ်၏။

ငါသည် ဘုရားကိုလည်းကောင်း၊ အတုမရှိသော တရားတော်ကိုလည်းကောင်း၊ ကိုးကွယ်ပါတော့အံ့။ မြတ်စွာဘုရား၏ တပည့်သား သံဃာကိုလည်းကောင်း ကိုးကွယ်ပါတော့အံ့။

သူ့အသက်ကို သတ်ခြင်းမှ အမြန် ရှောင်ပါတော့အံ့။ လောက၌ သူတစ်ပါး ဥစ္စာကို ခိုးခြင်းမှ ရှောင်ပါတော့အံ့၊ သေရည် မသောက်တော့ပြီ။ မုသား မဆို တော့ပြီ။ မိမိမယားဖြင့်သာ နှစ်သက်ပါတော့အံ့—

ဟု ဝန်ခံသော စကားကို ပြောကြားသည်ရှိသော် မဋ္ဌကုဏ္ဍလီ နတ်သားသည် "အသင်ပုဏ္ဏား အသင်၏အိမ်၌ များသော စည်းစိမ်သည်ရှိ၏။ ဘုရားရှင်သို့ ဆည်းကပ်၍ အလှူဒါနကို လှူဒါန်းပါလေလော့၊ တရားတော်မြတ်ကို ကြားနာ လေလော့၊ အမေးပုစ္ဆာကို မေးလျှောက်လေလော့"ဟု တိုက်တွန်းနှိုးဆော်ခဲ့ပြီး၍ ထိုနေရာ၌ပင် ကွယ်လေ၏။

## မြတ်စွာဘုရားကို ပင့်ဖိတ်၍ ပူဇော်ကြခြင်း

အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးလည်း အိမ်သို့ ပြန်သွား၍ ပုဏ္ဏေးမကို ခေါ်ပြီး လျှင် "ရှင်မ ငါသည် ရဟန်းဂေါတမကို ပင့်ဖိတ်၍ ပြဿနာကို မေးအံ့၊

ပူဇော်သက္ကာရကို ပြုအံ့”ဟု ပြောဆိုခဲ့ပြီးလျှင် ကျောင်းတော်သို့ သွားလေ၍ မြတ်စွာဘုရားကို ရှိမခိုး စကားတုံမပြုဘဲ တင့်အပ် လျောက်ပတ်သော အရပ်၌ နေလျက် ရှင်ကြီးဂေါတမ ယနေ့နံနက်အခါ သံဃာတော်နှင့်တကွ အကျွန်ုပ် ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ခြင်းငှါ သည်းခံတော်မူပါဟု လျှောက်ကြား၏။ မြတ်စွာဘုရားရှင်သည်လည်း သည်းခံတော်မူ၏။ ထိုအဒိန္နပုဗ္ဗက ပုဏ္ဏားသည် မြတ်စွာဘုရား သည်းခံတော်မူသည်ကို သိ၍ လျင်စွာ သွားပြီးသော် မိမိ၏အိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်စေ၏။ မြတ်စွာဘုရားရှင်သည် ရဟန်း သံဃာတော်အပေါင်း ခြံရံလျက် ထိုပုဏ္ဏားအိမ်သို့ ကြွတော်မူ၍ ခင်းထားအပ် သော နေရာ၌ သီတင်းသုံးနေတော်မူ၏။ အဒိန္နပုဗ္ဗက ပုဏ္ဏားလည်း ရှိသေစွာ လုပ်ကျွေး ပြုစု၏။ လူအပေါင်းတို့သည် စည်းဝေးကြကုန်၏။

မိစ္ဆာဒိဋ္ဌိပုဏ္ဏားသည် မြတ်စွာဘုရားကို ပင့်ဖိတ်ေ သာ် လူ့အဖွဲ့အစည်း နှစ်ခုတို့သည် စုဝေးကြကုန်၏။ မိစ္ဆာဒိဋ္ဌိတို့သည် ‘ယနေ့ ရဟန်းဂေါတမကို အမေးပုစ္ဆာ ပြဿနာကို ပြုလျက် ညှဉ်းပန်း အပ်သည်ကို ငါတို့ ကြည့်ရှု ကြကုန်အံ့”ဟု စည်းဝေး လာရောက်ကြကုန်၏။ သမ္မာဒိဋ္ဌိဖြစ်သော လူတို့သည် ယနေ့မြတ်စွာဘုရားရှင်၏ တင့်တယ်စံပယ်ခြင်းကို ကြည့်ရှုကြ ကုန်အံ့”ဟု စည်းဝေး လာရောက်ကြကုန်၏။ ထိုအခါ အဒိန္နပုဗ္ဗကပုဏ္ဏားကြီး သည် ဆွမ်းစားပြီးသည့် အဆုံး၌ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သို့ ချဉ်းကပ်၍ နိမ့်သောနေရာတစ်ခု၌ ထိုင်နေလျက် “အရှင်ဂေါတမ အသင် တို့အား ပေးလှူပူဇော်ခြင်းကို မပြုမူ၍ တရားကို မကြားနာမူ၍ ဥပုသ်သီလ စောင့်သုံးခြင်းကို မပြုမူ၍ သက်သက် စိတ်၏ ကြည်ညိုကာမျှဖြင့်သာလျှင် နတ်ပြည်၌ ဖြစ်ဖူးသောသူတို့မည်သည် ရှိပါကုန်သလော”ဟု မေးလျှောက်၏။ မြတ်စွာဘုရားရှင်က အိုပုဏ္ဏား ငါ့ကို အသင်သည် အဘယ်ကြောင့် မေးလျှောက် ဘိသနည်း၊ အသင်၏သား မဋ္ဌကုဏ္ဍလီသည် ငါဘုရား၌ စိတ်ကို ကြည်ညိုစေ၍ မိမိ၏ နတ်ပြည်၌ ဖြစ်ရသည့်အဖြစ်ကို အသင်အား ဆိုဖူးပြီ မဟုတ်တုံလော ဟု မိန့်တော်မူသော် ရှင်ကြီးဂေါတမ အဘယ်အခါ၌ ဆိုဖူးသနည်းဟု မေးပြန်သော် ပုဏ္ဏား သင်သည် ယနေ့ သုသာန်သို့ သွား၍ ငိုကြွေးမြည်တမ်း သည်ရှိသော် အသင်၏ အနီး၌ မောင်းနှစ်ဘက်တို့ကို မြှောက်လျက် ငိုကြွေး နေသော လုလင်တစ်ယောက်ကို တွေ့မြင်၍ “အလက်တော မဋ္ဌကုဏ္ဍလီ” စသည်တို့ဖြင့် အသင်မေးသည် မဟုတ်တုံလော အစရှိသော စကားတို့ဖြင့် ပုဏ္ဏားနှင့် နတ်သားတို့သည် ပြောဆိုသည်ကို မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်က ထပ်၍တစ်ဖန် ဟောကြားပြသတော်မူလျက် အလုံးစုံသော မဋ္ဌကုဏ္ဍလီ ဝတ္ထုကို ဟောတော်မူ၏။ ထို့ကြောင့် ဤမဋ္ဌကုဏ္ဍလီဝတ္ထုသည် ဘုရားဟောမည်

သည်ဖြစ်ပြီ။ ထိုအကြောင်းကို ပြောပြတော်မူပြီး၍ အိုပုဏ္ဏား ငါဘုရား၌ စိတ်ကို ကြည်ညိုစေသည်ဖြစ်၍ နတ်ပြည်၌ ဖြစ်ကြကုန်သော သူတို့သည် ဤမျှ အတိုင်းအရှည်ရှိသော တစ်ရာ, နှစ်ရာတို့ ဟူ၍ ရေတွက် ပိုင်းခြားနိုင်ခြင်း မည်သည် မရှိဟု မိန့်တော်မူ၏။

## တာဝတိံသာ၌ ဖြစ်ရပုံကို လျှောက်ထားခြင်း

ထိုအခါ များစွာသော လူအပေါင်းတို့သည် ယုံမှားခြင်း ရှိကြကုန်၏။ ယုံမှားခြင်းရှိသည်ကို မြတ်စွာဘုရားရှင်သည် သိမြင်တော်မူပြီး၍ "မဋ္ဌကုဏ္ဍလီ နတ်သားသည် မိမိဗိမာန် ခြွေရံစည်းစိမ်နှင့် တကွ လာစေသတည်း" ဟု မိန့်တော်မူ၏။ မဋ္ဌကုဏ္ဍလီနတ်သားသည်လည်း နတ်၌ ဖြစ်သော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော သုံးဂါဝုတ်မျှ ပမာဏရှိသော ခန္ဓာကိုယ်ဖြင့် ဗိမာန်နှင့်တကွ လာခဲ့ပြီးသော် ဗိမာန်မှသက်ဆင်း၍ မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကို ရှိခိုးပြီးသောအခါ တင့်အပ်လျောက်ပတ်သော နေရာ၌ နေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် "သင်နတ်သားသည် ဤ စည်းစိမ်ကို အဘယ်ကောင်းမှုကံကို ပြု၍ ရသနည်း"ဟု ထိုနတ်သားကို မေးတော် မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ။
ဩဘာသေန္တီ ဒိသာ သဗ္ဗာ၊ ဩသဓီ ဝိယ တာရကာ။
ပုစ္ဆာမိ တံ ဒေဝ မဟာနုဘာဝ၊ မနုဿဘူတော ကိမကာသိ ပုညံ။

အို—နတ်သား သောက်ရှူးကြယ်ကဲ့သို့ နှစ်သက်ဖွယ်သော အဆင်းဖြင့် ခပ်သိမ်းကုန်သော အရပ်မျက်နှာတို့ကို ထွန်းလင်းစေလျက် တည်၏။ အာနုဘော် ကြီးသော အို....နတ်သား သင့်ကို ငါမေးပါ၏၊ လူဖြစ်ဖူးသော သင်သည် အဘယ်ကောင်းမှုကို ပြုခဲ့ဖူးသနည်း။

မဋ္ဌကုဏ္ဍလီ နတ်သားသည်—

အရှင်ဘုရား အကျွန်ုပ်အား ဤစည်းစိမ်ချမ်းသာကို အရှင်ဘုရားတို့၌ စိတ်ကို ကြည်ညိုစေ၍ ရအပ်ပါသည်ဘုရား။

ဟု လျှောက်ကြားသော် မြတ်စွာဘုရားရှင်က အသင်သည် ငါဘုရား၌ စိတ်ကို ကြည်ညိုစေခြင်းကြောင့် ဤစည်းစိမ်ချမ်းသာကို ရလေသလော ဟု ထပ်မံ၍ တစ်ဖန်မေးမြန်းသော် ဟုတ်မှန်လှပါ၏ အရှင်ဘုရားဟုလျှောက်ကြားသည်ရှိသော်

များစွာသော လူအပေါင်းသည် မဋ္ဌကုဏ္ဍလီနတ်သားကိုကြည့်ရှုလျက် အစ္စရိယာ ဝတ ဘော မုဒ္ဓဂုဏာ-စသော စကားတို့ကို ဆိုကုန်လျက် အိုအချင်းတို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ဂုဏ်ကျေးဇူးတော်တို့သည် အလွန်အကြူးအထူး သဖြင့်ဖြစ်သော ချီးမွမ်းဖွယ်ကြီးပါပေတကား။ အဒိန္နပုဗ္ဗကပုဏ္ဏား၏ သား မည်သော မဋ္ဌကုဏ္ဍလီသည် တပါးသော ကောင်းမှု တစ်စုံတစ်ခုကို မပြုမူ၍ မြတ်စွာဘုရားရှင်၌ စိတ်ကိုကြည်ညိုစေခြင်းကြောင့် ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာကို ခံစားရရှိလေသည် ဟု ချီးမွမ်း ပြောကြားကြကုန်၏။

## သားအဖနှစ်ယောက်တို့ သောတာပန်တည်ကြခြင်း

ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ငရိသတ် လူအများတို့အား ကုသိုလ်ကံ အကုသိုလ်ကံတို့ကို စီမံအားထုတ် ပြုလုပ်သောအရာ၌ စိတ်သာလျှင် ပြဋ္ဌာန်း၏၊ စိတ်သာလျှင်မြတ်၏၊ ကြည်ညိုမြတ်နိုးသော စိတ်ဖြင့် ပြုအပ်သော ကောင်းမှုကုသိုလ်ကံသည် နတ်ပြည်သို့လည်းကောင်း၊ လူ့ ပြည်သို့လည်းကောင်း ကျင်လည်ပြောင်းရွှေ့ရသော ပုဂ္ဂိုလ်သို့ အရိပ်၏တမျှ ပမာဏကဲ့သို့ မိမိကိုယ်ကို မစွန့်မူ၍ ထက်ကြပ်မကွာ အစဉ်တစိုက် လိုက်သတည်း ဟု ဤသို့သော ဝတ္ထုကို ဟောကြားတော်မူပြီးသော် အနုသန္ဓေကို စပ်၍ တည်စေအပ်ပြီးသော ကမ္ပည်း စာကို ထပ်၍တဖန် မင်း၏တံဆိပ်ဖြင့် ခတ်နှိပ်ပြန်ဘိသကဲ့သို့ တည်စေအပ်ပြီး သော အဆုံးအမတော်ကို ထပ်၍တဖန် တံဆိပ်ခတ်တော် မူပြန်လိုသော တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် ဤဂါထာ ကို ဟောတော်မူ၏—

၂။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

နာမက္ခန္ဓာတရား သုံးပါးတို့သည် ဝိညာဏက္ခန္ဓာလျှင် ရှေ့သွားရှိကုန်၏၊ အစိုး ရကုန်၏။ ဝိညာဏက္ခန္ဓာဖြင့်ပြီးကုန်၏ ကြည်လင်စိတ်ဖြင့် ပြောဆိုပြုလုပ်သော ပုဂ္ဂိုလ်သို့ ထိုကြည်လင်စိတ်ဖြင့် ပြောဆို ပြုလုပ်ခြင်းကြောင့် ချမ်းသာသည် အစဉ်လိုက်၏၊ အရိပ်သည် အစဉ်လိုက်သကဲ့သို့ အစဉ်လိုက်၏ ဤသို့မိန့်တော် မူ၏။

ထိုဂါထာ၌ မနော ဟူသည်=သာမညအားဖြင့် အလုံးစုံလည်း ဖြစ်သော ဘုံလေးပါး၌ဖြစ်သော စိတ်ကို အကယ်၍ ဆိုသော်လည်း ဤပုဒ်၌ နိုင်းယှဉ်

မွတ်သား ပိုင်းခြားအပ်သော ကာမာဝစရကုသိုလ်စိတ် ရှစ်ပါးကို ရအပ်၏၊ ဝတ္ထု၏အစွမ်းအားဖြင့်ကား ဆောင်အပ်သော ထိုကာမာဝစရ ကုသိုလ်မှလည်း သောမနဿဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့်ယှဉ်သော စိတ်ကိုသာလျှင် ရအပ်၏။

ပုဗ္ဗင်္ဂမ ဟူသည်=ရှေ့သွားရှိသည်ဖြစ်၍ ထိုဉာဏသမ္ပယုတ်စိတ်နှင့် ပြည့်စုံ၏။

**စမ္မာ ဟူသည်**=ဝေဒနာအစရှိကုန်သော ခန္ဓာသုံးပါးတို့တည်း၊ ထိုစကားမှန်၏ ထိုဝေဒနာအစရှိကုန်သော ခန္ဓာသုံးပါးတို့သည် ဥပ္ပါဒပစ္စည်း သဟဇာတသတ္တိ၊ နိဿယသတ္တိ၊ သမ္ပယုတ္တသတ္တိ စသည်တို့ဖြင့် ကျေးဇူးပြုတတ်သော အနက် ကြောင့် ဝေဒနာအစရှိကုန်သော ခန္ဓာသုံးပါးတို့အား သောမနဿဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာ ရှေ့သွားရှိ၏။ ထို့ကြောင့် မနောပုဗ္ဗင်္ဂမာမည်၏၊ ထိုစကားကိုထင်စွာပြအံ့ တပေါင်းတည်းဖြစ်၍ များစွာသော ရဟန်းသံဃာအား သင်္ကန်းလှူခြင်း အစရှိကုန်သော ကောင်းမှုတို့ကိုလည်းကောင်း၊ မြတ်သော ပူဇော်ခြင်း တရားနာခြင်း အစရှိကုန်သော ကောင်းမှုတို့ကိုလည်းကောင်း ပန်း နံ့သာတို့ဖြင့် ရှိသေစွာပူဇော်ခြင်း အစရှိကုန်သော ကောင်းမှုတို့ကိုလည်းကောင်း များစွာသောသူတို့သည် ပြုကုန်သည်ရှိသော် အဘယ်သူသည် ထိုသူတို့တွင် ရှေ့သွားနည်း ဤသို့ဆိုအပ်သည်ရှိသော် ထိုသူတို့အား အကြီးအကဲဖြစ်သော သူသည် အထောက်အပံ့ဖြစ်၏၊ ထိုသူတို့သည် အကြီးအကဲကိုမှီ၍ ကောင်းမှုပြု ကုန်၏၊ ထိုအကြီးအကဲသည် တိဿမည်သူဖြစ်စေ ဖုဿမည်သူဖြစ်စေ ထိုသူတို့တွင် ရှေ့သွားဟူ၍ ဆိုအပ်သကဲ့သို့ ထို့အတူ ဤဥပမာ၏ ပြည့်စုံခြင်းကို သိအပ်၏၊ ဤသို့ ဥပ္ပါဒပစ္စည်း ကျေးဇူးပြုတတ်သော အနက်ကြောင့် ထိုဝေဒနာက္ခန္ဓာ အစရှိကုန်သော ခန္ဓာသုံးပါးတို့အား ဝိညာဏက္ခန္ဓာရှေ့သွားရှိ၏၊ ထို့ကြောင့် မနောပုဗ္ဗင်္ဂမာမည်ကုန်၏ ထိုစကားမှန်၏ ထိုဝေဒနာက္ခန္ဓာ အစရှိကုန်သော ခန္ဓာသုံးပါးတို့သည် မနောဝိညာဉ်မဖြစ်လသော် မဖြစ်ကုန်၊ မနောဝိညာဉ် သည်ကား အချို့သော စေတသိက်တို့သည် မဖြစ်ကုန်သော်လည်း ဖြစ်သည် သာလျှင်တည်း၊ ဤသို့ အဓိပတိ၏အစွမ်းအားဖြင့် ထိုဝေဒနာက္ခန္ဓာ အစရှိ ကုန်သော ခန္ဓာသုံးပါးတို့အား ဝိညာဏက္ခန္ဓာအစိုးရ၏၊ ထို့ကြောင့် မနော သေဋ္ဌာ မည်ကုန်၏၊ ထိုစကားကို ထင်စွာပြအံ့ လူအပေါင်း စသည်တို့အား အစိုးရသော ယောကျ်ားကို ဂိုဏ်း၏ အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့ ထို့အတူ ထိုဝေဒနာက္ခန္ဓာအစရှိကုန်သော ခန္ဓာသုံးပါးတို့ကိုလည်း ဝိညာဏက္ခန္ဓာသည် အစိုးရ၏၊ ရွှေအစရှိသည်တို့ဖြင့် ပြီးစေအပ်ကုန်သော ဘဏ္ဍာတို့သည် ရွှေဖြင့် ပြီးသည်မည်ကုန်သကဲ့သို့ ထို့အတူ ထိုဝေဒနာက္ခန္ဓာအစရှိကုန်သော ခန္ဓာသုံးပါး တို့သည်လည်း စိတ်အားဖြင့်ပြီးသောကြောင့် မနောမယာ မည်ကုန်၏။

**ပသန္နေန** ဟူသည်= သူတပါးစည်းစိမ်ကို မတပ်မက်ခြင်း အစရှိကုန်သော ကျေးဇူးတို့ဖြင့် ကြည်လင်သော စိတ်နှလုံးဖြင့်တည်း။

**ဘာသတိ ဝါ ကရောတိ ဝါ** ဟူသည်—ဤသို့သဘောရှိစေ ာ မနောဝိညာဉ်ဖြင့် ပြောဆိုသောသူသည် ဝစီသုစရိုက် တရားလေးပါးကိုသာလျှင် ပြောဆို၏၊ ပြုသောသူသည် ကာယသုစရိုက်တရား သုံးပါးကိုသာလျှင်ပြု၏။ သူတပါးစည်းစိမ်ကို မတပ်မက်ခြင်း အစရှိသည်တို့ဖြင့် မပြောဆို မပြုလုပ်ဘဲ ထိုသို့ကြည်လင်သော စိတ်ရှိသည်၏ အဖြစ်ကြောင့် မနောသုစရိုက်တရားသုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့သည် ပြည့်စုံကုန်၏။

**တတော နံ သုခ မန္ဝေတိ** ဟူသည်=ထိုသုစရိုက်သုံးပါးအပြားကြောင့် ထိုပုဂ္ဂိုလ်သို့ ချမ်းသာသည် အစဉ်လိုက်၏၊ ဤပုဒ်၌ ဘုံသုံးပါး၌ဖြစ်သော ကုသိုလ်ကို အလိုရှိအပ်သောကြောင့် ဘုံသုံးပါး၌ဖြစ်သော သုစရိုက်၏ အာနုဘော်ဖြင့် သုဂတိဘုံ၌ဖြစ်သော ပုဂ္ဂိုလ်ကိုလည်းကောင်း ဒုဂ္ဂတိဘုံ၌လည်း ချမ်းသာကို ခံစားရာအရပ်၌ တည်သောပုဂ္ဂိုလ်ကို လည်းကောင်း ကာယပသာဒ ဟူသော ဝတ္ထုဖြစ်သော အခြား ဟဒယဝတ္ထုလည်းဖြစ်သော ကိုယ်စိတ်တို့၌ ဖြစ်သော အကျိုးချမ်းသာသည် အစဉ်လိုက်၏၊ မစွန့်၊ ဤသို့ အနက်ကို သိအပ်၏၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူ အရိပ်သည် အစဉ်လိုက်သကဲ့သို့တည်း၊ ထိုစကားမှန်၏ အရိပ်မည်သည်ကား ကိုယ်နှင့်ဆက်စပ်ခြင်းရှိ၏၊ ကိုယ်သွားသည် ရှိသော် သွား၏၊ ရပ်သည်ရှိသော် ရပ်၏၊ ထိုင်သည်ရှိသော်ထိုင်၏၊ သိမ်သိမ်မွေ့မွေ့ ပြောသဖြင့် လည်းကောင်း ကြမ်းကြမ်းတမ်းတမ်း ပြောဆိုသဖြင့်လည်းကောင်း ပြန်လော့ဟု ဆိုသော် လည်းကောင်း ပုတ်ခတ်၍ လည်းကောင်း ပြန်နစ်စေသောငှါ မစွမ်းနိုင်သကဲ့သို့၊ အဘယ့်ကြောင့်နည်းဟူမူ ကိုယ်နှင့် ဆက်စပ်နေသည်၏ အဖြစ်ကြောင့်တည်း၊ ဤအတူလျှင် ကုသလကမ္မပထတရား ဆယ်ပါးတို့ကို လေ့ကျက်ခြင်း အဖန်ဖန် လေ့ကျက်ခြင်းဟူသော အကြောင်းရင်းရှိသော ကာမာဝစရ အစရှိသော အပြားရှိသော ကိုယ်စိတ်နှစ်ပါး၏ ချမ်းသာခြင်းသည် ရောက်ရာ ရောက်ရာ အရပ်၌ အစဉ်လိုက်သော အရိပ်ကဲ့သို့ဖြစ်၍ မစွန့်၊ ဤကားအနက်တည်း။

ဂါထာ၏ အဆုံး၌ ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့သည် အကျွတ်တရားကို ရကုန်၏။ မင်္ဂလကုဏ္ဏ္လီ နတ်သားလည်း သောတာပတ္တိဖိုလ်၌ တည်၏။ အဒိန္နပုဗ္ဗကပုဏ္ဏားလည်း သောတာပတ္တိဖိုလ်၌ တည်၍ ကြီးစွာသော စည်းစိမ်ဥစ္စာကို မြတ်စွာဘုရား သာသနာတော်၌ စွန့်လွှတ် ကြဲဖြန့်လေ၏။

နှစ်ခုမြောက် မင်္ဂလကုဏ္ဏ္လီဝတ္ထု ပြီး၏။

## ၃။ တိဿမထေရ်ဝတ္ထု

အက္ကောစ္ဆိ မံ အဝဓိ မံ-အစရှိသော ဤဓမ္မဒေသနာတော်ကို သဗ္ဗညု မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူသောအခါ တိဿမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ပစ္စုပ္ပန်ဝတ္ထု

ထိုအရှင်တိဿမထေရ်သည် မြတ်စွာဘုရား ခမည်းတော် နှမတော်၏သား တည်း။ ထိုအရှင်တိဿသည် အရွယ်ကြီးရင့်သောအခါ၌ ရဟန်းပြုလျက် မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်တို့အားဖြစ်သော လာဘ်ပူဇော် သက္ကာရတို့ကို စားသောက်လျက် ဆူဖြိုးသော ကိုယ်ရှိသည်ဖြစ်၍ အဖန်တလဲလဲ နှက်ခတ်ချုပ် လုပ်အပ်သော သင်္ကန်းတို့ဖြင့် ဝတ်ရုံလျက် များသောအားဖြင့် ကျောင်း၏ အလယ်တွင် ခစားလုပ်ကျွေး စည်းဝေးရာဖြစ်သော ဇရပ်တစ်ခု၌ နေလေ့ရှိ၏။ မြတ်စွာဘုရားရှင်ကို ဖူးမြင်ခြင်းငှါ လာကုန်သော အာဂန္တုကရဟန်းတို့သည် တိဿရဟန်းကြီးကို မြင်၍ တစ်ပါးသော မဟာထေရ်ကြီး ဖြစ်ပေလတ္တံ့ဟူသော အမှတ်ဖြင့် ထိုတိဿမထေရ်ထံသို့ သွား၍ ဝတ်ကြီး ဝတ်ငယ် ခြေကိုဆုပ်နယ် ခြင်း စသည်တို့ကို ပန်ကြားကုန်၏။ ထိုတိဿမထေရ်လည်း ဆိတ်ဆိတ်နေ၏။ ထိုအခါ ရဟန်းငယ်တစ်ပါးက အရှင်ဘုရားတို့သည် ဝါတော် အဘယ်မျှရှိပြီ နည်းဟု မေးလျှောက်သော် တိဿရဟန်းကလည်း အသက်အရွယ်ကြီးရင့်မှ ရဟန်းပြုသောကြောင့် ငါ့အား ဝါမရှိသေးဟု ပြောဆိုသော် ဆိုနိုင်ကြက်ခဲ သော ငါ့ရှင်ရဟန်းကြီး အသင်သည် မိမိ၏ ပမာဏကိုသော်လည်း မသိ၊ ဤမျှ ကုန်သော မဟာထေရ်တို့ကို တွေ့မြင်ပါလျက် အရိုအသေ အမှုကိုမျှ မပြု၊ဝတ်ကြီး ဝတ်ငယ်တို့ဖြင့် ပန်ကြား မေးလျှောက်အပ်သည်ရှိသော် ဆိတ်ဆိတ်သာ နေဘိ ၏။ အသင်အား အလျှိုလိုမျှလည်း မရှိဟု ပြောဆိုကြပြီး လက်ဖျောက်တီး ကုန်၏။ တိဿရဟန်းလည်း ခတ္တိယမာန်ကို ဖြစ်စေလျက် သင်တို့သည် ယခု အဘယ်သူ၏ထံသို့ လာကြသနည်းဟု မေး၍ မြတ်စွာဘုရား အထံတော်သို့ လာကုန်သည်ဟု ပြောဆိုသည်ရှိသော် ငါ့ကို ဘယ်သူလို့ ထင်မှတ်ကြကုန် သနည်း၊ သင်တို့ကို ငါသည် အရင်းက ဖြတ်အံ့ဟု ကြိမ်းမောင်းပြောဆိုပြီးသော် ဆင်းရဲငြိုငြင်သော စိတ်နှလုံးဖြင့် ပူကျူးမရ တမ်းတ ငိုကြွေးလျက် မြတ်စွာ ဘုရား၏ အထံတော်သို့ သွားလေ၏။

### မြတ်စွာဘုရားစကားကို နားမထောင်ခြင်း

ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သား တိဿ သင်သည် အဘယ်သို့သော အကြောင်းကြောင့် နှလုံးမကြည် မျက်ရည်ယိုစီးအောင် ငိုကြွေးလျက် လာသနည်းဟု မေးတော်မူ၏။ ထိုအာဂန္တုက ရဟန်းတို့သည်လည်း

"ဤတိဿရဟန်းသည် ဘုရားထံသို့သွား၍ တစ်စုံတစ်ခု ချောက်ချားသည်ကို ပြုရာ၏"ဟု ကြံ၍ ထိုတိဿရဟန်းနှင့် အတူတကွ လိုက်သွားပြီးလျှင် မြတ်စွာဘုရားရှင်ကို ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေကြကုန်၏။ ထိုတိဿရဟန်းကြီးလည်း မြတ်စွာဘုရား မေးတော်မူသည်ရှိသော် အရှင်ဘုရား ဤရဟန်းတို့သည် တပည့်တော်ကို ဆဲရေးပါကုန်၏ဟု လျှောက်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အဘယ်အရပ်၌နေသော အသင်ကို ဆဲရေးသနည်းဟု မေးတော်မူသော် အရှင်ဘုရား ကျောင်း၏အလယ်ဖြစ်သော ဇရပ်၌ နေပါသည် ဟု လျှောက်၏။ အသင်အား ဤရဟန်းတို့ ကြွလာသည်တို့ကို မြင်၏လောဟု မေးတော်မူပြန်က အရှင်ဘုရား မြင်ပါ၏ဟု လျှောက်၏။ ခရီးဦးကြိုခြင်းကို ပြု၏လောဟု မေးတော်မူလျှင် မပြုပါဘုရားဟု လျှောက်၏။ ပရိက္ခရာတို့ကို ကိုင်တွယ်လှမ်းလင့်၍ ယူငင်ခြင်းဖြင့် ပန်ကြား၏လောဟု မေးပြန်လျှင် မပန်ကြားပါဘုရားဟု လျှောက်၏။ ဝတ်ကြီးဝတ်ငယ်တို့ဖြင့် ပန်ခြင်း သောက်ရေဖြင့်ပန်ခြင်း အိပ်ရာနေရာကိုဆောင်ခြင်း ခြေကိုဆုပ်နယ်ခြင်း စသည်တို့ကို ပြု၏လောဟု မေးတော်မူပြန်လျှင် မပန်ကြား မပြုပါဘုရားဟု လျှောက်ကြား၏။

ချစ်သားတိဿ သီတင်းကြီးဖြစ်ကုန်သော ရဟန်းတို့အား ထိုအလုံးစုံသော ဝတ်တရားကို ပြုအပ်၏။ ထိုဝတ်တရားကို မပြုမူ၍လည်း ကျောင်းအလယ်၌ နေခြင်းငှါ မထိုက်၊ ချစ်သားတိဿ သင်အားသာလျှင် အပြစ်ရှိ၏။ သို့ဖြစ်၍ ရဟန်းတို့ကို သည်းခံစေလော့ဟု မိန့်တော်မူ၏။ တိဿရဟန်းလည်း အရှင်ဘုရား ထိုရဟန်းတို့သည် တပည့်တော်အား ဆဲရေးကုန်၏။ သို့ဖြစ်၍ ထိုရဟန်းတို့အား တပည့်တော် သည်းမခံစေနိုင်ပါဟု လျှောက်၏။ ချစ်သားတိဿ ဤသို့မပြုလင့် သင့်အားသာလျှင် အပြစ်ရှိသည်၊ ထိုရဟန်းတို့ကို သည်းခံစေဘိလော့ဟု မိန့်တော်မူပြန်သော် အရှင်ဘုရား သည်းမခံစေနိုင်ပါဟု လျှောက်ကြားပြန်၏။

ထိုအခါ အနီး၌နေကုန်သော ရဟန်းတို့က မြတ်စွာဘုရား ဤတိဿရဟန်းသည် ကြမ်းတမ်းအမျက် ဆိုနိုင်ခက်သော ဒုဗ္ဗစပုဂ္ဂိုလ် ဖြစ်ပါသည်ဘုရား ဟု လျှောက်ကြားကုန်သည်ရှိသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ဤတိဿသည်ကား ယခုအခါ၌သာလျှင် ဆိုနိုင်ခက်ခဲသည် မဟုတ်သေး၊ ရှေးအခါကာလကလည်း ဆိုနိုင်ခက်ခဲလှသည် သာတည်းဟု မိန့်တော်မူ၍ ရဟန်းအများတို့ကလည်း ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား ထိုတိဿရဟန်းအား ယခုအခါ၌ ဆိုနိုင်ခက်ခဲသည်ကို မျက်မြင်ဒိဋ္ဌဖြစ်၍ ဘုရား တပည့်တော်တို့ သိရပါပြီ။ ရှေးအခါက ဤတိဿရဟန်းသည် ဆိုနိုင်ခက်ခဲသော အခြင်းအရာမှာ အဘယ်သို့ပါနည်းဘုရား ဟု လျှောက်ထား ပန်ဆင်သော်

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ထိုသို့ဖြစ်လျှင် နာလင့်ကြကုန်လော့ဟု တိုက်တွန်းတော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## တိဿရဟန်း၏ အတိတ်ဝတ္ထု

ချစ်သားရဟန်းတို့ ရှေးအခါ ဗာရာဏသီပြည်ကြီး၌ ဗာရာဏသီမင်းသည် မင်းပြုလတ်သည်ရှိသော် ဒေဝိလအမည်ရှိသော ရသေ့သည် ရှစ်လတို့ပတ်လုံး ဟိမဝန္တာတောကြီး၌ နေရ၍ချဉ်ဆားကိုမှီဝဲခြင်းငှါ လေးလတို့ပတ်လုံး မြို့ကိုအမှီပြုသဖြင့်နေလိုသည်ဖြစ်၍ ဟိမဝန္တာတောမှ လာပြီးလျှင် မြို့၏တံခါး၌ သူငယ်တို့ကို မြင်၍ "ဤမြို့သို့ ရောက်လာကုန်သော ရသေ့ ရဟန်းတို့သည် အဘယ်အရပ်၌ တည်းခိုနေထိုင်ကြသနည်း"ဟု မေး၏။ သူငယ်တို့လည်း အရှင်ဘုရား အိုးထိန်းသည်၏ဇရပ်၌ တည်းခို နေထိုင်ကြပါသည်ဟူ၍ လျှောက်ကြားသည်ရှိသော် ရသေ့သည် အိုးထိန်းသည်ဇရပ်သို့သွား၍ တံခါး၌ ရပ်ပြီးလျှင် ဘဂ္ဂဝအသင်အား အကယ်၍ ဝန်မလေးသည် ဖြစ်အံ့၊ အသင်၏ဇရပ်၌ တစ်ညဥ့်မျှ တည်းခိုနေထိုင်ပါရစေဟု ပြော၏။ အိုးထိန်းသည်လည်း အကျွန်ုပ်အား ညဥ့်အခါကာလ၌ ဇရပ်ဝယ် ပြုဖွယ်ကိစ္စ မရှိ။ ဇရပ်လည်း အလွန်ကျယ်၏။ အရှင်ဘုရား ချမ်းသာသုခ အလိုရှိသမျှ နေတော်မူလော့ဟု ဆောင်နှင်း အပ်နှံ၏။ ဒေဝိလရသေ့သည် ထိုအိုးထိန်းသည် ဇရပ်သို့ဝင်၍ နေသည်ရှိသော် နာရဒအမည်ရှိ ရသေ့ တစ်ယောက်သည်လည်း ဟိမဝန္တာတောမှ လာ၍ အိုးထိန်းသည်ကို တစ်ညဥ့်မျှ တည်းခိုရန် အကြောင်းကို အခွင့်တောင်း ပန်ကြား၏။ အိုးထိန်းသည်က ပထမ ရှေးဦး လာရောက်နှင့်သော ရသေ့သည် ဤဆရာရသေ့နှင့် အတူတကွ နေလိုကြသည်ဖြစ်အံ့ နေရာ၏။ အကယ်၍ မနေလိုကြသည်ဖြစ်အံ့၊ မိမိကိုယ်ကို လွတ်အောင် ပြောဆိုခြင်းငှါ အပ်၏ ဟုကြံ၍ အရှင်ဘုရား ပထမ ရှေးဦးစွာ လာရောက်နေနှင့်သော ဆရာရသေ့တစ်ပါးသည် ရှိ၏။ အကယ်၍ ထိုဆရာရသေ့ သည် နှစ်သက်သည် ဖြစ်ခဲ့ပါအံ့၊ ထိုဆရာရသေ့၏ အလိုဖြင့် နေတော်မူလော့ဟု ပြောဆို၏။ နာရဒရသေ့လည်း ဒေဝိလရသေ့၏ အထံသို့ကပ်၍ ဆရာရသေ့ ဆရာအား အကယ်၍ ဝန်မလေးခဲ့ပါသည် ဖြစ်အံ့၊ ငါတို့သည်လည်း ဤဇရပ်၌ တစ်ညဥ့်မျှ တည်းခိုနေထိုင်ပါရစေဟု ပြောဆို ခွင့်ပန်၏။

ဒေဝိလရသေ့ကလည်း ဆရာ ဇရပ်သည် အလွန်ကျယ်၏။ တစ်နေရာ၌ဝင်၍ နေပါလော့ ဟု ဆိုသည်ရှိသော် ဝင်သွား၍ ရှေးဦးစွာ တည်းခိုနေနှင့်သော ဒေဝိလရသေ့၏ တစ်ပါးသောအဖို့၌ တည်းခို နေထိုင်၏။ ရသေ့နှစ်ပါးတို့သည် အောက်မေ့နှစ်သက်ဖွယ် စကားတို့ကို ပြောကြား ဆွေးနွေး မေးမြန်းကြပြီး၍ အိပ်ကြသောအခါ၌ နာရဒရသေ့သည် ဒေဝိလရသေ့၏ အိပ်ရာနေရာ အရပ်ကို လည်းကောင်း၊ တံခါးကိုလည်းကောင်း သေချာစွာ မှတ်သား၍ အိပ်၏။

ဒေဝီလရသေ့သည် အိပ်သောအခါ မိမိ၏နေရာ၌ မအိပ်မူ၍ တံခါး၏အလယ်၌ ဖီလာကန့်လန့် အိပ်နေ၏။ နာရဒရသေ့သည် ညဉ့်အခါ ထွက်လတ်သည်ရှိသော် ထိုဒေဝီလရသေ့၏ ဆံကျစ်တို့၌ နင်းမိလေ၏။ အဘယ်သူသည် ငါ၏ဆံကျစ်ကို နင်းသနည်းဟု ဒေဝီလရသေ့က ဆိုသည်ရှိသော် နာရဒရသေ့က ဆရာရသေ့ အကျွန်ုပ်ပါတည်းဟု ပြော၏။ ဒေဝီလရသေ့က ကောက်ကျစ်စဉ်းလဲသောရသေ့ တောမှ လာ၍ ငါ၏ ဆံကျစ်ကို အဘယ့်ကြောင့် နင်းဘိသနည်း ဟု ဆို၏။ နာရဒရသေ့က ဆရာရသေ့ အသင်တို့၏ ဤနေရာအရပ်၌ အိပ်နေအပ်သည်ကို မသိသောကြောင့် နင်းမိပါသည်၊ အကျွန်ုပ်အား သည်းခံတော်မူပါကုန်ဟု တောင်းပန်၍ ထိုဒေဝီလရသေ့ ငြည်းတမ်း၍ နေစဉ်ပင်လျှင် ပြင်အပသို့ ထွက်ခဲ့လေ၏။

ဒေဝီလရသေ့လည်း ဤရသေ့ ဝင်ပြန်သော်လည်း ငါ့ကိုသာကျော်နင်း၍ ဝင်ပေရာ၏ ဟု ပြန်လှန်ပြီးသောအခါ ခြေထားရာအရပ်၌ ဦးခေါင်းကို ထား၍ အိပ်နေ၏။ နာရဒရသေ့လည်း ပြန်၍ ဝင်သည်ရှိသော် ငါသည် ရှေးဦးစွာ ထွက်လာသည်ရှိသော် ဆရာရသေ့၌ ဆံကျစ်ကို နင်းသောအားဖြင့် ပြစ်မှားမိပြီ။ ဤယခုအခါ ငါသည် ဆရာရသေ့၏ ခြေရင်းဘက်နံပါးဖြင့် ဝင်သွားအံ့ဟု ကြံပြီးလျှင် လာခဲ့သည်ရှိသော် လည်ပင်း၌ နင်းမိလေ၏။ ဤယခု လည်ပင်းကို နင်းလာပြန်သောသူကား အဘယ်သူနည်းဟု မေးဆိုသော် ဆရာရသေ့ အကျွန်ုပ်ပါတည်းဟု နာရဒရသေ့က ဆိုတည့်လျှင် ဒေဝီလရသေ့က ကောက်ကျစ် စဉ်းလဲသောရသေ့ ရှေးဦးတစ်ခါ ဆံကျစ်တို့၌ နင်းသွားပြီး၍ ယခုတဖန် လည်ပင်း၌ နင်းပြန်ဘိ၏။ အသင့်ကို ငါသည် ကျိန်အံ့ဟုဆိုသော် ဆရာရသေ့ ငါအား အပြစ်မရှိ၊ ငါသည် အသင်တို့၏ ဤသို့ အိပ်သည်၏အဖြစ်ကို မသိသောကြောင့် ရှေးဦးစွာလည်း တစ်ခါ ပြစ်မှားမိပါသည်။ ဤယခုအခါ၌ကား ခြေရင်းဖြစ်သော အဖို့ဖြင့် ဝင်အံ့ဟူ၍ ဝင်လာပါသည်။ ဆရာရသေ့ ငါ့အား သည်းခံပါ၊ တောင်းပန်ပါ၏ဟု နာရဒရသေ့ကဆိုလျှင် ကောက်ကျစ်စဉ်းလဲသော ရသေ့ အသင့်ကို ကျိန်အံ့ ဟု ဆိုသော် ဆရာရသေ့ မကျိန်ပါလင့်၊ အပြစ်ကို သည်းခံပါ ဟု နာရဒရသေ့သည် အကြိမ်ကြိမ် အဖန်ဖန် တောင်းပန်လေ၏။

ထိုသို့ အကြိမ်ကြိမ် အဖန်ဖန်တောင်းပန်သော်လည်း ထိုစကားကို နာယူခြင်း မပြုမူ၍ ဒေဝီလရသေ့သည် ကျိန်ဆိုခြင်းငှါ ဤဂါထာကို ရွတ်ဆို၏–

သဟဿရံသိ သတတေဇော၊ သူရိယော တမဝိနောဒနော။
ပါတောဒယန္တေ သူရိယေ၊ မုဒ္ဓါ တေ ဖလတု သတ္တဓာ။

ရောင်ခြည်တစ်ထောင်ဆောင်သော အရာမကသော တန်ခိုးရှိသော နေမင်းသည် အမိုက်မှောင်ကို ပယ်ဖျောက်တတ်၏။ နံနက်ခင်း၌ နေမင်းသည်တက်လာသော် သင်ရသေ့၏ ဦးခေါင်းသည် ခုနစ်စိတ်ခုနစ်ဖြာ ကွဲပါစေသတည်း။

နာရဒရသေ့ကလည်း ဆရာရသေ့ ငါ့အား အပြစ်မရှိ၊ ငါ၏ တောင်းပန်စကား ပြောကြားစဉ်ပင်လျှင် အသင်တို့သည် ကျိန်ဆိုဘိ၏။ အကြင်သူအား အပြစ်သည်ရှိ၏၊ ထိုသူ၏ ဦးထိပ်သည် ခုနစ်စိတ် ကွဲပါစေသတည်း။ အပြစ်မရှိသောသူအား မကွဲပါစေသတည်းဟု ဤဂါထာဖြင့် ကျိန်ဆို၏–

သဟဿရံသီ ဿတတေဇော ။လ။ မုဒ္ဓါ တေ ဖလတု သတ္တဓာ။

## တန်ခိုးကြီးသော နာရဒရသေ့

ထိုနာရဒရသေ့သည် ကြီးသော တန်ခိုးအာနုဘော် ရှိ၏။ လွန်လေပြီးသော အတိတ်၌ ကမ္ဘာလေးဆယ် မရောက်သေးသော အနာဂတ်၌ ကမ္ဘာလေးဆယ်အားဖြင့် ကမ္ဘာရှစ်ဆယ်တို့ကို အောက်မေ့ဆင်ခြင်၍ ထင်မြင်ခြင်းငှါ စွမ်းနိုင်၏။ ထိုသို့ထင်မြင်ခြင်းငှါ စွမ်းနိုင်သောကြောင့် ယခု ငါတို့နှစ်ဦး ကျိန်ဆိုကြသော ကျိန်စာ အပြစ်သည် အဘယ်သူ၏ အထက်၌ ကျလတ္တံ့နည်းဟု စူးစမ်းဆင်ခြင်သည်ရှိသော် ဆရာ ဒေဝိလရသေ့၏ အပေါ်၌ ကျလတ္တံ့သည်ကို သိ၍ ထိုသူ၌ အစဉ်သနားသဖြင့် မိမိ၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် နေအရုဏ်တက်ခြင်းကို တားမြစ်၍ ထားလေ၏။ မြို့သူမြို့သား လူအပေါင်းတို့သည် နေအရုဏ်အထက် မတက်မလင်းသည်ရှိသော် မင်းကြီး၏ နန်းတော်တံခါးသို့ သွားကြ၍ အရှင်မင်းကြီး အသင်သည် မင်းပြုသည်ရှိသော် နေအရုဏ်သည် မတက်ပါ။ အရှင်မင်းကြီး အကျွန်ုပ်တို့အား နေအရုဏ်ကို တက်တော်မူပါစေလော့ဟု ပြောဆိုမြည်တမ်းကုန်၏။ မင်းကြီးသည် ကာယကံ စသော မိမိပြုအပ်သော အမှုတို့ကို ကြည့်ရှုသည်ရှိသော် တစ်စုံတစ်ခုသော အရာကိုမျှ မသင့်မလျောက်ပတ် မအပ်သော အခြင်းအရာကို မမြင်သောကြောင့် ဆင်ခြင်ပြန်သည်မှာ ဤအကြောင်းသည် အဘယ်သို့သော အကြောင်းနည်း။ ရသေ့ ရဟန်းတို့ ကွဲပြား ငြင်းခုံခြင်း ဝိဝါဒကြောင့် ဖြစ်ရလေသလေယောဟု တွေးတော ယုံမှားဖြစ်၍ အသင်တို့ အသို့နည်း ဤမြို့၌ တစ်စုံတစ်ယောက်သော ရသေ့ ရဟန်းသည် ရှိသလောဟု မေးသည်ရှိသော် အရှင်မင်းကြီး ယမန်နေ့ ညချမ်းအခါ အိုးထိန်းသည် ဇရပ်သို့ ရသေ့တို့သည် လာကုန်သည်ဖြစ်၍ ရှိ၏ဟု လျှောက်ကြားကြကုန်သော် မင်းကြီးသည် ထိုခဏ၌ပင်လျှင် မီးရှူးမီးတိုင်ဖြင့် ညီထွန်း ကိုင်ဆောင်စေကုန်လျက် အိုးထိန်းသည်၏ ဇရပ်သို့ သွားပြီးသောအခါ နာရဒရသေ့ကို ရှိသေစွာရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေထိုင်ပြီးလျှင် ဤဂါထာဖြင့် မေးလျှောက်၏–

ကမ္မန္တာ နံ ပွဝတ္တန္တိ၊ ဇမ္ဗုဒီပဿ နာရဒ။

ကေန လောကော တမောဘူတော၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ရှင်နာရဒရသေ့ ဇမ္ဗူကျွန်းနေ လူအပေါင်းအား အမှုကိစ္စ ကြီးငယ်တို့သည် မဖြစ်ပါကုန်၊ ရှင်နာရဒရသေ့ အဘယ့်ကြောင့် လူအပေါင်းသည် အမိုက်ဖုံးဘိ သနည်း။ ထိုအကြောင်းကို မေးအပ်သော် သင်ရသေ့သည် အကျွန်ုပ်အား မိန့်တော်မူပါလော။

ပြည်ရှင်မင်းကြီးက မေးလျှောက်သော် နာရဒရသေ့က အကြောင်းအလုံးစုံကို အကုန်ပြန်ကြား၍ ဤသို့သောအကြောင်းကြောင့် ငါ့ကို ဤဒေဝိလရသေ့သည် ကျိန်ဆဲ၏၊ ထိုအခါ ငါဆရာကလည်း ငါ့အား အပြစ်မရှိ၊ အကြင်သူအား အပြစ်ရှိ၏၊ ထိုသူအားသာလျှင် ကျစေသတည်းဟု တစ်ဖန်ကျိန်ဆိုပေ၏။ ၎င်း ကျိန်စာသည် မည်သူ၏ အပေါ်သို့ ကျရောက်မည်နည်းဟု စူးစမ်းဆင်ခြင်လတ်သော် အရှေ့ပြုဗ္ဗာဝိဒေဟာကျွန်းထက်မှ နေဝန်းထွက်သောအခါ ဆရာဒေဝိလ၏ ဦးခေါင်းဦးထိပ်သည် ခုနစ်စိတ် ကွဲလတ္တံ့သည်ကို မြင်၍ ထိုသူ၌ အစဉ်သနားသောကြောင့် နေဝန်းတက်ထွန်းအံ့သည် အခွင့်ကို ငါမပေးသတည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား အဘယ်သို့ ပြုလုပ်သည်ရှိသော် အန္တရာယ် မရှိသည် ဖြစ်ပါအံ့နည်းဟု မေးလျှောက်သော် ဒကာတော် မင်းကြီး အကယ်၍ ထိုဆရာရသေ့သည် ငါ့ကို သည်းခံစေအံ့၊ ထိုအန္တရာယ်သည် မဖြစ်ရာဟု မိန့်တော်မူလျှင် မင်းကြီးကလည်း ထိုသို့ဖြစ်လျှင် သည်းခံစေပါ လော့ဟု ဒေဝိလရသေ့ကို တိုက်တွန်းသည်ရှိသော် ဒေဝိလရသေ့လည်း ဤရသေ့ စဉ်းလဲသည် ငါ၏ဆံကျစ် လည်ပင်းတို့၌ နင်းဘိသည် ဤရသေ့ကို ငါသည် သည်းမခံစေနိုင်ဟု ဆို၏။

အရှင်ဘုရား ဤသို့မပြုပါလင့် သည်းခံပါစေလောဟု လျှောက်လျှင် ငါသည် သည်းမခံစေနိုင်ဟု ဆို၏၊ မင်းကြီးကလည်း အရှင်ဘုရား အရှင်ဘုရားသည် အကယ်၍ သည်းမခံစေသည် ဖြစ်အံ့၊ နေဝန်းပေါ်ထွက်လျှင် အရှင်၏ ဦးထိပ်သည် ခုနစ်စိတ်ကွဲလတ္တံ့ဟု ဆိုပါသော်လည်း ဒေဝိလရသေ့သည် သည်းမခံစေ၊ ထိုအခါ မင်းကြီးသည် ဒေဝိလရသေ့သည် မိမိအလိုအလျောက် သည်းမခံစေသောကြောင့် ဒေဝိလရသေ့၏ လက်, ခြေ, ဝမ်း, လည်ပင်းတို့၌ ကိုင်ပြီးလျှင် နာရဒရသေ့၏ ခြေရင်း၌ ဝပ်စင်း ညွတ်ကိုင်းစေ၏။ နာရဒရသေ့လည်း ဆရာရသေ့ ထလော့၊ ငါသည် အသင်အား သည်းခံ၏ဟုဆိုပြီး၍ မြတ်သောမင်းကြီး ဤဆရာရသေ့သည် မိမိစိတ်အလိုအားဖြင့် ငါ့အား သည်းမခံစေ၊ သို့ဖြစ်၍ ဤမြို့၏ အနီး၌ ရေအိုင်တစ်ခုရှိ၏၊ ထိုရေအိုင်၌ ဆရာရသေ့ကို ဦးခေါင်းထက်၌

မြေညက်ဆိုင်ကို တင်ထား၍ ရေလည်ပင်းမျှ ပမာဏရှိသော အရပ်၌ ထားလေလော့ဟု ဆို၏၊ မင်းကြီးသည် ထိုသို့ဆိုတိုင်းပင် ပြုစေ၏။ နာရဒရသေ့သည် ဒေဝိလရသေ့ကိုခေါ်၍ ဆရာရသေ့ ငါသည် တန်ခိုးကို ဖြေလွှတ်သဖြင့် နေရောင်အပူသည် ထလတ်သည်ရှိသော် ရေ၌ ငုပ်လျှိုး၍ တစ်ပါးသော နေရာဖြင့် တက်သွားလေလော့ဟု မှာထားပြောဆို၏၊ တန်ခိုး ကြွဒ္ဓိပါဒ်ကို ဖြေလွှတ်လတ်သည်ရှိသော် နေရောင်တွေ့ထိကာမျှ၌ ဦးခေါင်း ဦးထိပ်၌ တင်ထားအပ်သော မြေညက်စိုင်သည် ခုနစ်စိပ် ကွဲလေ၏။ ထိုဒေဝိရသေ့လည်း ငုပ်လျှိုးတိမ်းရှောင်၍ တပါးသောအရပ်ဖြင့် ထွက်ပြေးလေ၏။

## ရဟန်းတော်တစ်သိန်းသောတာပန်တည်ခြင်း

မြတ်စွာဘုရားရှင်သည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့၊ ထိုအခါ ဗာရာဏသီမင်းကြီးသည် ယခုအခါ အာနန္ဒာ ဖြစ်လာ၏၊ ထိုအခါ ဒေဝိလရသေ့သည် ယခုအခါ တိဿရဟန်း ဖြစ်လာ၏၊ ထိုအခါ နာရဒရသေ့သည် ယခုအခါ ငါဘုရားပင်တည်းဟု ဇာတ်တော်ကိုပေါင်းတော်မူပြီးမှ ချစ်သားရဟန်းတို့ ထိုအခါကပင်လျှင် ဤတိဿရဟန်းသည် ဆိုနိုင်ခက်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ တိဿမထေရ်ကို ခေါ်တော်မူပြီးလျှင် ချစ်သားတိဿ ရဟန်းတို့မည်သည်ကား ဤအမည်ရှိသော သူသည် ငါ့ကို ဆဲရေးလေသည်၊ ဤသူသည် ငါ့ကို ပုတ်ခတ် ညှဉ်းပန်းလေသည်၊ ဤအမည်ရှိသောသူသည် ငါ့ကို အောင်လေသည်၊ ဤအမည်ရှိသောသူသည် ငါ၏ပစ္စည်းဘဏ္ဍာ ဥစ္စာတို့ကို ဆောင်ယူလေသည် စသည်တို့ဖြင့် အမြဲမပြတ် အောက်မေ့ကြံစည်ခြင်းကို မပြုအပ်။ ထိုသို့ ပြုသောသူအား ခိုက်ရန်ဖြစ်ပွား အမျက်ထားခြင်းသည် မငြိမ်းမပျောက် ချမ်းသာခြင်းသို့ မရောက်နိုင်ရာ။ ဤကဲ့သို့ အောက်မေ့ကြံစည်ခြင်းကို မပြု ဂရုမထားဘဲ ပယ်ရှားနိုင်သော သူအားသာလျှင် ရန်ဟူသမျှအငြိုးပေါင်း မကောင်းသော အရာတို့သည် ချမ်းသာငြိမ်းပျောက်လေသတည်း မိန့်တော်မူပြီးသော် ဤဂါထာတို့ကို ဟောတော်မူ၏—

၃။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ။
၄။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ နုပနယှန္တိ၊ ဝေရံ တေသူပသမ္မတိ။

ဤသူသည် ငါ့ကိုဆဲဖူးပြီ၊ ဤသူသည် ငါ့ကို သတ်ပုတ်ဖူးပြီ၊ ဤသူသည် ငါ့ကို အောင်နိုင်ဖူးပြီ၊ ဤသူသည် ငါ၏ ပစ္စည်းဥစ္စာကို ခိုးဖူးပြီ၊ ဤသို့ အမျက်ဒေါသဖွဲ့သူတို့အား ရန်သည်မငြိမ်းအေးနိုင်။

ဤသူသည် ငါ့ကို ဆဲဖူးပြီ၊ ဤသူသည် ငါ့ကို သတ်ပုတ်ဖူးပြီ၊ ဤသူသည် ငါ့ကို အောင်နိုင်ဖူးပြီ၊ ဤသူသည် ငါ၏ဥစ္စာကို ခိုးဖူးပြီ၊ ဤသို့ ရန်ငြိုးဖွဲ့ မဖွဲ့သဖြင့် ရန်ငြိမ်းအေး၏။

ထိုဂါထာတို့၌ အက္ကောစ္ဆိဟူသည်=ဆဲရေးပြီဟူလို။

အဝဓိဟူသည်=ပုတ်ခတ်ပြီဟူလို။

အဇိနိဟူသည် = စဉ်းလဲသေ သက်သေကို သွင်းသဖြင့်လည်းကောင်း၊ စကားတုံ့ဆိုသဖြင့် လည်းကောင်း၊ နိုင်ထက်ကလူပြုသဖြင့် လည်းကောင်း အောင်ပြီဟူလို။

အဟာသိမေဟူသည်=ငါ၏ဥစ္စာဖြစ်သော သပိတ်စသည့်တို့တွင် တစ်စုံတစ်ခုသော ဥစ္စာကိုသာလျှင် ခိုး၏ဟူလို။

ယေ စတံဟူသည်=အကြင်အမှတ်မရှိသော နတ်၊ လူ၊ လူဝတ်ကြောင်၊ ရဟန်းတို့သည် "အက္ကောစ္ဆိ မံ" အစရှိသော အကြောင်းရှိသော ထိုအမျက်ထွက်ခြင်းကို လှည်းဦးထမ်းပိုးကို သားရေလွန်ကြိုးဖြင့် ဖွဲ့ကုန်သကဲ့သို့လည်း လည်းကောင်း၊ ငါးပုပ်စသည်တို့ကို သမန်းမျက် စသည်တို့ဖြင့် ဖွဲ့ကုန်သကဲ့သို့ လည်းကောင်း၊ အထပ်ထပ်ရစ်ပတ်၍ ဖွဲ့ကုန်၏။ တစ်ကြိမ်ဖြစ်သော ထိုသူတို့၏ ရန်သည်ဟူလို။

နသမ္မတိဟူသည်=မငြိမ်းအေးဟူလို။

ယေ စတံ နုပနယှန္တိဟူသည်=မအောက်မေ့သဖြင့် လည်းကောင်း၊ နှလုံးမသွင်းမိသည်၏ အစွမ်းဖြင့်လည်းကောင်း၊ ကံကိုဆင်ခြင်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်လည်းကောင်း၊ ဆင်းရဲခြင်း အစရှိသည်သာလျှင် အကြောင်းရှိသော ထိုအမျက်ထွက်ခြင်းကို သင်သည်လည်း အပြစ်မရှိ၊ ရှေးဘဝ၌ အမျက်ထွက်သည် ဖြစ်လတ္တံ့၊ ပုတ်ခတ်သည်ဖြစ်လတ္တံ့၊ ကောက်ကျစ်စဉ်းလဲသော သက်သေကို သွင်း၍ ရှုံးစေဖူးသည်ဖြစ်လတ္တံ့၊ ထိုသူတို့သည် တစ်စုံတစ်ယောက်၏ တစ်စုံတစ်ခုသော ဥစ္စာကို နှိပ်စက်၍ လုယူဖူးသည်ဖြစ်လတ္တံ့၊ ထို့ကြောင့် အပြစ်မရှိဘဲလည်း ဆဲရေးခြင်း စသည်တို့သို့ ရောက်၏။ ဤသို့ ရန်ငြိုးမဖွဲ့ကုန်၊ မေ့လျော့သဖြင့် ဖြစ်သော ထိုသူတို့၌လည်း ရန်သည် ဤသို့ ရန်ငြိုးမဖွဲ့သဖြင့် မီးစာမရှိသော တောမီးကဲ့သို့ ငြိမ်း၏။ ဤသည်ကား အနက်တည်း။

ဒေသနာတော်၏ အဆုံး၌ ရဟန်းတစ်သိန်းတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။ တရားဒေသနာသည် လူအပေါင်းအား အကျိုးရှိ၏။ အပြောအဆိုခက်သော ရဟန်းသည်လည်း ပြောဆိုလွယ်ကူသည်သာလျှင် ဖြစ်၏။

သုံးခုမြောက် တိဿထေရ်၏ဝတ္ထု ပြီး၏။

---

## ၄။ ကာဠီဓိတ်လူးမဝတ္ထု

**နဟိ ဝေရေန ဝေရာနိ**–အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းစံနေတော်မူသော အခါ မထင်မရှား အမြုံဖြစ်သော မိန်းမတစ်ယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ပစ္စုပ္ပန်ဝတ္ထု

သူကြွယ်၏သားတစ်ယောက်သည် ဖခင်သူကြွယ်သည် သေလွန်ပြီးသည်ရှိသော် လယ်တော၌လည်းကောင်း၊ အိမ်၌လည်းကောင်း မိမိသည်သာလျှင် ပြုဖွယ်ကိစ္စ ဟူသမျှတို့ကို ပြုစုစောင့်ရှောက်လျက် အမိကို ကောင်းစွာ လုပ်ကျွေး၏။ ထိုအခါ မိခင်က ချစ်သား အသင်အား သတို့သမီး တစ်ယောက်ကို ဆောက်နှင်းအံ့ဟု ဆို၏။ သားဖြစ်သော သူကြွယ်ကလည်း မိခင် ဤသို့မဆိုပါကုန်လင့်၊ အကျွန်ုပ်သည် အသက်ရှည်သမျှ ကာလပတ်လုံး မိခင်ကိုသာ လုပ်ကျွေးမွေးမြူ၍ နေပါအံ့ဟုဆို၏။ မိခင်လည်း ချစ်သား လယ်တော၌လည်းကောင်း၊ အိမ်၌လည်းကောင်း အမှုကိစ္စဟူသမျှကို သင်တစ်ယောက်တည်းသာ ပြုလုပ်၍နေရသည် ထို့ကြောင့် မိခင်၏စိတ်သည် ချမ်းသာရာကိုမရ ချမ်းသာခြင်းမဖြစ်နိုင်။ ချစ်သား သတို့သမီးတစ်ယောက်ကို ဆောင်ပါအံ့ဟု အဖန်တလဲလဲပြော၏။ သူကြွယ်၏သားလည်း အဖန်ဖန် အထပ်ထပ် ပယ်မြစ်ဟန့်တားပြီးလျှင် တိတ်တဆိတ်နေ၏။ ထိုမိခင်သည်လည်း အမျိုးတစ်မျိုးမှ သတို့သမီးတစ်ယောက်ကို ဆောင်လိုသည်ဖြစ်၍ အိမ်မှထွက်၏။ ထိုအခါ သားက မိခင်ကို အဘယ်အမျိုးသို့ သွားကုန်မည်နည်းဟု မေး၍ ဤအမည်ရှိသော အမျိုးသို့ သွားအံ့ဟု ဆိုသည်ရှိသော် မိခင်အား ထိုအမျိုးသို့ သွားခြင်းကို တားမြစ်၍

မိမိနှစ်သက်သော အမျိုးကို ကြားပေ၏။ မိခင်သည်လည်း ထိုအမျိုးသို့သွား၍ သတို့သမီးငယ်ကို ဖိတ်မန်တောင်းဆိုပြီးသော် နေ့ရက်တို့ကို ချိန်းချက်မှတ်သား ထား၍ ထိုသတို့သမီးကို ဆောင်ယူခဲ့ပြီးလျှင် အိမ်၌နေသည်ကို ပြု၏။

## မိန်းမမြုံမ

ထိုသတို့သမီးလည်း သားသမီး တစ်စုံတစ်ယောက်မျှ မရသဖြင့် မိန်းမမြုံ ဖြစ်လေလျှင် မိခင်က ချစ်သား သင်သည် မိမိနှစ်သက်သော သတို့သမီးကို ဆောင်အံ့သောငှါ စေခိုင်းသောကြောင့် ယခု ဆောင်လာခဲ့သော သင်၏ ခင်ပွန်း သတို့သမီးမှာ ယခုအခါ သားသမီး တစ်စုံ တစ်ယောက်မျှ မရသော မိန်းမမြုံ ဖြစ်လေသည်။ ချစ်သား သားသမီး မရှိသော အမျိုးမည်သည် အချည်းနှီးပျက်စီး၏။ ထို့ကြောင့် ချစ်သားအား တစ်ပါးသော သတို့သမီး တစ်ယောက်ကို ဆောင်ပါအံ့ဟု ဆိုသော် မိခင် ဤစကားသည် မသင့်လျော်ပါဟု မြစ်ပယ်ပြောဆိုသော်လည်း အမိသည် အဖန်တလဲလဲသာလျှင် ပြောဆို၏။ မိန်းမမြုံ သတို့သမီးလည်း ထိုစကားကို ကြား၍ "သားတို့မည်သည်ကား အမိအဘတို့၏ စကားကို လွန်ခြင်းငှါ မစွမ်း ကုန်။ ဤယခုအခါ၌ တစ်ပါးသော သားသမီးဖွားသော မိန်းမကို ဆောင်ယူ၍ ငါ့ကို ကျွန်မ၏ သုံးဆောင်ခြင်းဖြင့် သုံးဆောင်လတ္တံ့။ သတို့သမီးတစ်ယောက် ကို ငါကိုယ်တိုင် ရှာဖွေဆောင်ယူခဲ့က သင့်လျော်လိမ့်မည်" ဟု ကြံပြီးသော် ထိုမိန်းမမြုံ သတို့သမီးသည် အမျိုးတစ်မျိုးသို့သွား၍ မိမိခင်ပွန်းယောကျ်ား ၏ အလို့ငှါ သတို့သမီး တစ်ယောက်ကို ဖိတ်မန်ပြောဆို၏၊ ထိုအမျိုးတို့က လည်း ချစ်သမီး အဘယ့်ကြောင့် ဤသို့သောစကားကို ပြောဆိုဘိသနည်းဟု ပြော၍ မြစ်ပယ်ကြကုန်သည်ရှိသော် ငါသည်ကား မြုံသည်ဖြစ်၍ သားသမီး တစ်စုံတစ်ယောက်မျှမရ။ သားသမီးမရှိသော အမျိုးသည် ပျက်စီးလတ္တံ့။ အသင်တို့၏ သမီးသည် သားကိုလည်းကောင်း၊ သမီးကိုလည်းကောင်း ရ၍ ပစ္စည်းဥစ္စာ၏ အရှင်သည် ဖြစ်ပါလတ္တံ့။ ထို့ကြောင့် ထိုသတို့သမီးကို ငါ၏ အရှင် ခင်ပွန်းလင်အား ဆောက်နှင်းပါကုန်လော့ဟု တောင်းပန်၍ ဝန်ခံစေပြီး သော် မိမိခင်ပွန်းလင်၏ အိမ်သို့ ဆောင်ခဲ့လေ၍မိမိအရှင်လင်အား ဆောက်နှင်း ၏။

## မယားကြီးမိန်းမမြုံက မယားငယ်အား မကောင်းကြံခြင်း

ထိုနောက်မှ မိန်းမမြုံအား ဤသို့သော အကြံသည် ဖြစ်ပြန်၏။ "ဤမိန်းမ ငယ်သည် သားကိုလည်းကောင်း၊ သမီးကိုလည်းကောင်း အကယ်၍ ရသည် ဖြစ်အံ့။ ဤသတို့သမီးသည်သာလျှင် ပစ္စည်းဥစ္စာတို့၏ အရှင်ဖြစ်ပေလတ္တံ့။

အကြြင်သို့သော အခြင်းအရာဖြင့် ပြုသည်ရှိသော် ထိုသတို့သမီးသည် သားသမီးကိုမရ။ ထိုအခြင်းအရာအားဖြင့် ငါသည် ပြုခြင်းငှါအင်၏” ဟု ကြံ၍ ထိုသတို့သမီးကို ချစ်သမီး အကြင်အခါ၌ အသင်၏ဝမ်းဝယ် ကိုယ်ဝန်သည် တည်၏။ ထိုကိုယ်ဝန်တည်သောအခါ ငါ့အား ကြားဘိလော့ဟု ဆို၏။ ထိုသတို့သမီးလည်း ကောင်းပါပြီဟု ဝန်ခံ၍ ကိုယ်ဝန်တည်ရှိသော် ထိုမိန်းမမြုံအား ကြားပေ၏။ သတို့သမီးအား မိန်းမမြုံသည်သာလျှင် အမြဲမပြတ်အောင် ကြည့်ရှုလျက် ယာဂုခဲဖွယ်တို့ကို ပေးလေ၏။ ထိုအခါ သတို့သမီးအား အစာအာဟာရနှင့် ရောနှော၍ ကိုယ်ဝန်ကျသော ဆေးကို ကျွေးမွေး၏။ ကိုယ်ဝန်သည် လျှောကျပျက်စီးလေ၏။ နှစ်ကြိမ်မြောက် ကိုယ်ဝန်တည်သောအခါ၌လည်း ကြားပေ၏။ မိန်းမမြုံလည်း ရှေးနည်းအတူသာလျှင် လျှောကျပျက်စီးစေ၏။ ထိုအခါ သတို့သမီးကို အိမ်နီးချင်း မိန်းမတို့က အသင်အား ရန်သူသည် အန္တရာယ်ကို ပြုလေသလောဟု မေးကုန်၏။ သတို့သမီးလည်း အလုံးစုံသော အကြောင်းကို ပြန်ကြားသဖြင့် သူမိုက်မ အဘယ်ကြောင့် ဤသို့ပြုဘိသနည်း။ ဤမိန်းမမြုံသည် အသင်အား အစိုးရသော စည်းစိမ်ရှင် ဖြစ်လတ္တံ့သည်ကို ကြောက်ခြင်းကြောင့် ကိုယ်ဝန်ကျသော ဆေးကိုဖော်စပ်၍ ပေးလေသည်။ ထို့ကြောင့် အသင်အား ကိုယ်ဝန်လျှောကျ ပျက်စီးလေသည်။ နောက်နောင် တစ်ဖန် ဤကဲ့သို့မပြုလေလင့်ဟု တားမြစ်ကုန်၏။ သုံးကြိမ်မြောက် ကိုယ်ဝန်တည်သောအခါ၌ တစ်စုံတစ်ခုကိုမျှ မပြောမဆို ဆိတ်ဆိတ်သာနေ၏။ ထိုနောင်မှ မိန်းမမြုံသည် သတို့သမီး၏ ဝမ်းကိုမြင်၍ အသင်သည် ကိုယ်ဝန်တည်သည်၏ အဖြစ်ကို အဘယ့်ကြောင့် ငါ့အား မပြောဆိုသနည်းဟု မေးသော် အသင်သည် ငါ့ကို ဆောင်ယူလာပြီးလျှင် နှစ်ကြိမ်တိုင်တိုင် ကိုယ်ဝန်ကို ပယ်ချဖျက်ဆီးလေသည်။ အဘယ့်ကြောင့် သင့်ကို ငါပြောကြားအံ့နည်းဟု ဆိုသော် မိန်းမမြုံလည်း “ယခုအခါ ငါသည် ပျက်စီးလေပြီ” ဟု ကြံ၍ ထိုသတို့သမီး၏ မေ့လျော့သော အခွင့်ကိုသာ မျှော်လင့်ကြည့်ရှုလျက်နေရာ ကိုယ်ဝန်ရင့်သောအခါမှ အခွင့်ကိုရ၍ ဆေးကို ထည့်ခတ်ယှဉ်စေ၍ ပေးလေ၏။ ကိုယ်ဝန်သည် ရင့်ခြင်းကြောင့် လျှောကျခြင်းငှါ မစွမ်းနိုင်၍ ကန့်လန့်ဖီလာ လဲလျောင်းပြီးသောအခါ ပြင်းထန်သော ဝေဒနာသည်ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်လေ၏။

## မယားကြီးနှင့် မယားငယ်တို့ ဆုတောင်းမှားကြ၍ နိုင်ရာစားဘဝ ရောက်ကြပုံ

ထိုသတို့သမီးသည် သေခါနီး၌ “အသင်သည် ငါ့ကို ဆောင်ယူလာပြီးသော် အသင်သည်ပင် သုံးကြိမ်တိုင်တိုင် ကိုယ်ဝန်ကို ပျက်စီးလျှောကျစေသည်ဖြစ်၍ သားသူငယ်တို့ကို ဖျက်ဆီး၏။ ယခုအခါ၌ ငါပါပင် ပျက်စီးရတော့အံ့၊ ဤဘဝမှ

ငါသည် သေလွန်သည်ရှိသော် ဘီလူးမဖြစ်၍ အသင်၏ သားသမီးတို့ကို စားခြင်းငှါ စွမ်းနိုင်သည့်ကိုယ် ဖြစ်ရပါလို၏" ဟု ဆုတောင်း၍ သေလွန်ခဲ့သည်ရှိသော် ထိုအိမ်၌ပင်လျှင် ကြောင်မ ဖြစ်လေ၏။ မိန်းမမြုံကိုလည်း ခင်ပွန်းလင်ဖြစ်သော သူကြွယ်၏သားသည်ဖမ်းဆီးတုပ်နှောင်၍ "အသင်သည် ငါ၏အမျိုးအဆက် ပျက်အံ့ပြတ်အံ့သော အကြောင်းကို ပြုလေဘိသည်" ဟု တံတောင်ဒူးပဆစ်တို့ဖြင့် ပြင်းစွာ ထောင်းထုရိုက်နှက် ပုတ်ခတ်ခြင်းကို ပြု၏။ ထိုမိန်းမမြုံသည် ယင်းရာဒဏ်ကြောင့် သေလွန်ခဲ့ရာ ထိုအိမ်၌ပင်လျှင် ကြက်မဖြစ်လေ၏။ ကြက်မသည် မကြာမြင့်မီပင်လျှင် ကြက်ဥတို့ကို ဥ၏။ ကြောင်မသည် လာပြီးသောအခါ ကြက်မ၏ဥတို့ကို စားလေ၏။ နှစ်ကြိမ်မြောက် သုံးကြိမ်မြောက် မွေးဖွားရာ၌လည်း ထိုကြောင်မသည် လာ၍စားသည်သာလျှင်တည်း။ ကြက်မသည် သုံးကြိမ်မြောက်သောအခါ "အဥတို့ကို စားပြီး၍ ယခုအခါ ငါ့ကိုစားခြင်းငှါ အလိုရှိ၏။ ဤဘဝမှ ငါသည် သေလွန်ခဲ့သည်ရှိသော် သားသမီးနှင့် တကွသောထိုကြောင်မကို စားခြင်းငှါ စွမ်းနိုင်သည့်ကိုယ် ဖြစ်ရလို၏"ဟု ဆုတောင်းခြင်းကိုပြု၍ ထိုဘဝမှ သေလွန်ခဲ့သည်ရှိသော် သစ်မဖြစ်လေ၏။ ကြောင်မသည်ကား သမင်မ ဖြစ်လေ၏။ ထိုသမင်မ-အားသားဖွားသော် သစ်မသည် လာ၍ သုံးကြိမ်တိုင်အောင် သားငယ်တို့ကို စားလေ၏။ သမင်မသည် သေခါနီး၌ "ဤ. .သည် သုံးကြိမ်တိုင်အောင် ငါ၏သားငယ်တို့ကို စားလေ၏။ဤယခုအခါ ငါ့ကိုလည်း စားလတ္တံ့။ ဤဘဝမှ သေသည်ရှိသော် ထိုသစ်မကိုသားနှင့်တကွ စားရပါလို၏"ဟု ဆုတောင်း၍ ထိုသမင်မ ဘဝမှ သေလွန်ခဲ့သည်ရှိသော် ဘီလူးမ ဖြစ်လေ၏။ သစ်မသည်လည်း ထိုဘဝမှ စုတေလာခဲ့သည်ရှိသော် သာဝတ္ထိပြည်ဝယ် အမျိုးတစ်မျိုး၌ အမျိုးသမီး ဖြစ်လေ၏။

ထိုသတို့သမီးသည် အစဉ်အတိုင်း ကြီးပွား၍ အရွယ်သို့ ရောက်လာသည်ရှိသော် မြို့တံခါး၏ အနီးဖြစ်သောရွာ၌ ခင်ပွန်းလင်တစ်ဦး၏ အိမ်သို့ ရောက်သွားရလေ၏။ နောက်အခါ၌ ထိုအမျိုးမိန်းမသည် သားဖွားသည်ရှိသော် ဘီလူးမသည် အမျိုးမိန်းမ၏ ချစ်မြတ်နိုးအပ်သော အပေါင်းအဖော်၏အသွင်ကို ပြုပြင် ဖန်ဆင်းပြီးမှ လာ၍ ငါ၏အဖော်မသည် အဘယ်မှာနည်းဟု မေး၏။ တိုက်ခန်း၏အတွင်း၌ သားဖွား၍နေသည်ဟု ဆိုကြသောစကားကို ကြားသော် "သားယောကျ်ားပင် ဖွားမြင်သလော သို့မဟုတ် သမီးမိန်းမပင် ဖွားမြင်သလော ငါကြည့်ရှုအံ့"ဟု ဆို၍ တိုက်ခန်း၏ အတွင်းသို့ ဝင်ပြီးလျှင် ကြည့်ရှုသကဲ့သို့ပြု၍ သူငယ်ကို ယူပြီးသောအခါ ကိုက်စားသည်ဖြစ်၍ သွားလေ၏။ ၎င်းနောက်တစ်ဖန် ဒုတိယအကြိမ် ဖွားမြင်သောအခါ၌လည်း ထိုအတူသာလျှင် ကိုက်စား၏။ သုံးကြိမ်မြောက်၌ ကိုယ်ဝန်ကို ရပြန်၍ ဖွားမြင်အံ့သောအချိန်သို့

နီးလတ်သည်ရှိသော် မိမိ၏ ခင်ပွန်းလင်ကို တိုင်ပင်သည်မှာ "အရှင် ဤအရပ်၌ နေ၍ ဤဒေသ၌ ဘီလူးမတစ်ယောက်သည် ငါ၏ သားငယ်နှစ်ယောက်တို့ကို စားသောက်၍ သွားလေပြီသည်။ ယခု ဖွားမြင်လတ္တံ့သော သားသူငယ်ကို မူကား အမျိုးတို့အိမ်သို့ သွား၍ ဖွားမြင်အံ့"ဟု တိုင်ပင်ပြီးလျှင် အမျိုးတို့၏ အိမ်သို့သွား၍ သားကို ဖွားမြင်လေ၏။

ထိုအခါ ဘီလူးမသည် ရေပို့ဆောင်ရသော အလှည့်အကြိမ်သို့ ကျသဖြင့် သွားရလေ၏။ ထိုစကားမှန်၏ ဝေဿဝဏ္ဏနတ်မင်းကြီးအား ဘီလူးမတို့သည် အကြိမ်အလှည့်ဖြင့် အနောတတ္တအိုင်ကြီးမှ ဦးခေါင်းအဆက်ဆက်အားဖြင့် ရွက်ဆောင်ရကုန်၏။ ထိုသို့ရွက်ဆောင်ခြင်းသည် လေးလကို လွန်သဖြင့်လည်းကောင်း၊ ငါးလကို လွန်သဖြင့်လည်းကောင်း လွတ်ကြရကုန်၏။ တစ်ပါးသော ဘီလူးမတို့သည် ပင်ပန်းလှသော ကိုယ်ရှိကုန်သည်ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်လေကုန်၏။ ထိုဘီလူးမသည်ကား ရေဆောင်ပို့ရသော အလှည့်အကြိမ်မှ လွတ်ကာမျှဖြင့်သာလျှင် လျင်စွာသောအဟုန်ဖြင့် ထိုအမျိုးမိန်းမ၏ အိမ်သို့ သွားလေ၍ ငါ၏အဖော် ခင်းပွန်းမသည် အဘယ်မှာနည်း၊ အဘယ်အရပ်၌ မြင်ကြပါသနည်းဟု မေး၏။ လူအပေါင်းတို့ကလည်း ထိုအမျိုးမိန်းမအား ဤအရပ်၌ ဖွားမြင်တိုင်းသော သားသူငယ်တို့ကို ဘီလူးမ လာ၍စားလေသောကြောင့် အမျိုးတို့၏အိမ်သို့ သွားလေသည်ဟု ပြောဆိုကုန်၏။ ထို ဘီလူးမသည်လည်း "ဟုတ်ဟုတ်ငြားငြား ယင်းသို့သွားစေကာမူ ငါ၏လက်မှ ဆက်ဆက် မလွတ်ပေလတ္တံ့"ဟု ကြံ၍ လျင်စွာသောအဟုန်ဖြင့် တိုက်တွန်းအပ်သော စိတ်ရှိလျက် မြို့သို့ ရှေးရှုပြေးသွားလေ၏။

အမျိုးမိန်းမသည်လည်း အမည်ကိုယူအံ့သောနေ့၌ သူငယ်ကို ရေသုံးသပ်စေ၍ အမည်ကိုပြုပြီးသော် မိမိ၏ခင်ပွန်း လင်ယောကျ်ားအား အရှင် ငါတို့၏ နေရာအိမ်သို့ ပြန်ကြကုန်အံ့ဟု ပြောဆိုတိုင်ပင်လျက် သားငယ်ကိုယူ၍ အရှင်လင်နှင့်တကွ မြတ်စွာဘုရားကျောင်းတော်၏အလယ်၌ ဖြတ်သန်း၍သွားသော လမ်းခရီးဖြင့် သွားကြကုန်လျက် အမျိုးမိန်းမသည် သားငယ်ကိုမိမိလင်အား ပေး၍ ကျောင်းရေကန်၌ ရေသုံးသပ်ပြီးသော် ရေကန်မှတက်၍ သားငယ်ကို ယူပြီးမှ ခင်ပွန်းဖြစ်သော လင်သည် ရေသုံးသပ်စဉ် သားငယ်ကို နို့တိုက်၍ နေသော် အဝေးမှလာသော ဘီလူးမကိုမြင်လျှင် သိနှင့်သည်ဖြစ်၍ "အရှင် လျှင်စွာလာ၍ သားငယ်ကို ဆောင်ယူပါလော့။ ရှေ့ကလာသော သူသည်ကား ငါတို့၏သားငယ်ကို ကိုက်စားတတ်သော ဘီလူးမတည်း"ဟု ကျယ်စွာသော အသံကိုပြု၍ ထိုခင်ပွန်းလင် လာသည်တိုင်အောင် တည်အံ့သောငှါ မစွမ်းနိုင်သည်ဖြစ်၍ ပြန်လည်ပြီးလျှင် မြတ်စွာဘုရားကျောင်းတော်သို့ ရှေးရှုပြေးဝင်

လေ၏။ ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ပရိသတ်တို့၏ အလယ်၌ တရားတော်ကို ဟောကြား၍ နေတော်မူ၏။ ထိုအမျိုးမိန်းမသည် မြတ်စွာဘုရားရှင်၏ ခြေတော်ရင်းအပြင်၌ သားငယ်ကို ချထား အိပ်နေစေပြီး၍ "ဘုန်းတော် ကြီးတော်မူလှသော မြတ်စွာဘုရား အရှင်ဘုရားတို့အား ဤသူငယ်ကို လှူပါ၏။ အရှင်ဘုရားတို့သည် တပည့်တော်မ၏ သားငယ်အား အသက်ကို ကယ်မ ပေးသနားတော်မူပါဘုရား"ဟု လျှောက်ကြား၏။

## ဘီလူးမ သောတာပန်တည်ခြင်း

တံခါးမုခ်၌ စောင့်နေသော သုမနနတ်သည် ဘီလူးမအား အတွင်းသို့ ဝင်စိမ့်သောငှါ ခွင့်မပေး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အာနန္ဒာ မထေရ်ကို ခေါ်တော်မူပြီးလျှင် ချစ်သားအာနန္ဒာ သွားတည့်ချေ ထိုဘီလူးမကို ခေါ်ချေလော့ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း သွား၍ မြတ်စွာဘုရား အမိန့်တော်ဖြင့် ခေါ်တော်မူ၏။ ဘီလူးမသည် ဝင်လာသည်ရှိသော် အမျိုး မိန်းမလည်း အရှင်ဘုရား ကိုက်စားတတ်သော ဘီလူးမသည် လာချေပြီဟု လျှောက်၏။ မြတ်စွာဘုရားရှင်ကလည်း လာစေ အသင်သည် အသံမပြုလင့်ဟု မိန့်တော်မူပြီးသော် လာရောက်၍ ရပ်တည်သော ဘီလူးမကို "အဘယ်ကြောင့် ဤကဲ့သို့သောအမှုကို ပြုဘိသနည်း အသင်တို့သည် ငါကဲ့သို့ သဘောရှိသော မြတ်စွာဘုရားရှင်မျက်မှောက်ကို အကယ်၍ မရမရောက်ခဲ့သည် ဖြစ်ခဲ့တုံအံ့၊ မြွေနှင့် မြွေပါကဲ့သို့လည်းကောင်း၊ ဝံနှင့် ကြို့ပင်စောင့်နတ်တို့ကဲ့သို့လည်းကောင်း ကျီးနှင့် ခင်ပုပ်ဘို့ကဲ့သို့လည်းကောင်း အသင်တို့အား ကမ္ဘာပတ်လုံး မဆုံးမချင်း ရန်ငြိုးဖွဲ့ခြင်းတို့သည် ဖြစ်ကုန်ရာ၏ အဘယ်ကြောင့် ခိုက်ရန်ကို ရန်တုံ့မူခြင်း ပြုကြကုန်ဘိသနည်း၊ ခိုက်ရန်တို့မည်သည်ကား ရန်တုံ့မမူသဖြင့်သာလျှင် ငြိမ်းပျောက်ကုန်၏။ ရန်တုံ့မမူသဖြင့် ထိုထိုသော ခိုက်ရန်ခပ်သိမ်းတို့သည် မငြိမ်း မပျောက်သည်သာလျှင်တည်း"ဟု မိန့်တော်မူပြီးလျှင် ဤ ဂါထာကို ဟောကြားတော်မူ၏–

၅။ န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော–

ထိုဂါထာ၌ န ဟိ ဝေရေန ဟူသည် = ထိုစကားကို ထင်ရှားပြအံ့။ တံထွေး၊ ချွဲခန်း၊ နုပ် အစရှိသော မစင်တို့ဖြင့် လိမ်းကျံရာအရပ်ကို ထိုမစင် အစရှိသည်တို့ဖြင့်လျှင် ဆေးသူတို့သည် စင်ကြယ်အောင်၊ အနံ့ မရှိအောင် မပြုနိုင်။ စင်စစ် ထိုအရပ်သည် အတိုင်းအထက်အလွန် လွန်စွာ မစင်ကြယ် သကဲ့သို့လည်းကောင်း၊ မကောင်းသော အနံ့တို့ဖြင့် လွန်စွာ လှိုင်သကဲ့သို့လည်း

ကောင်း၊ ဤအတူသာလျှင် ဆဲရေးသူကို တစ်ဖန် ဆဲရေးသူသည် ပုတ်ခတ်သူကို တစ်ဖန် ပုတ်ခတ်သူသည် ရန်တုံ့မူသဖြင့် ရန်ကို ငြိမ်းအေးစေခြင်းငှာ မတတ်နိုင်။ စင်စစ် အလွန်အလွန် ရန်ပွားခြင်းကိုသာလျှင် ပြု၏။ ထို့ကြောင့် ရန်တို့မည်သည်ကား ရန်တုံ့မူသဖြင့် တစ်ခါတစ်ရံ၌လည်း မငြိမ်းကုန်။ စင်စစ် တိုးပွားကုန်သည်သာလျှင်တည်း။

**အဝေရေန စ သမ္မန္တိ** ဟူသည်=အကျယ်ဆိုဦးအံ့။ တံတွေး အစရှိကုန်သော မစင်တို့ကို အထူး ကြည်လင်သော ရေဖြင့် ဆေးကုန်သော် ပျောက်ကုန်၏။ ထိုမစင်ရှိရာအရပ်သည် စင်ကြယ်သကဲ့သို့လည်းကောင်း၊ အနံ့ကောင်းသကဲ့သို့လည်းကောင်း၊ ဤအတူသာလျှင် ရန်တုံ့မမူသဖြင့် သည်းခံခြင်း မေတ္တာရေဖြင့် အသင့်အဘင့် နှလုံးသွင်းခြင်းဖြင့် ပညာဖြင့် ဆင်ခြင်သဖြင့် ရန်တို့သည် ငြိမ်းကုန်၏။ တစ်ဖန် မဖြစ်ခြင်းသို့ ရောက်ကုန်၏။

**ဧသ ဓမ္မော သနန္တနော** ဟူသည် = ရန်တုံ့မမူသဖြင့် ရန်၏ ငြိမ်းခြင်းဟု ဆိုအပ်သော ထိုသဘောသည်ကား ရှေး၌ဖြစ်သော အကျင့် သဘောတည်း။ အလုံးစုံသော ဘုရား ပစ္စေကဗုဒ္ဓ ရဟန္တာတို့၏ သွားရာလမ်းတည်း။ ဤသည်ကား ပြီးဆုံးခြင်းသို့ ရောက်၏။

ဤလောက၌ ရန်တုံ့မူသဖြင့် ရန်တို့သည် တရံတစ်ဆစ်မျှ မပျောက်ကုန်သာလျှင်တည်း။ ရန်တုံ့မမူဖြင့်သာလျှင် ငြိမ်းပျောက်ကုန်၏။ ဤသို့ ရန်ငြိုးကို ရန်တုံ့မမူသဖြင့် ငြိမ်းခြင်းသည် ရှေးရှေး၌ဖြစ်သော သဘော တံတွာ ဓမ္မတာ ပင်တည်း။

ဒေသနာတော်၏ အဆုံး၌ ဘီလူးမသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရားရှင်သည် ထိုအမျိုးမိန်းမကို ဘီလူးမအား အသင့်သားကို ပေးလိုက်လော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား ကြောက်ရွံ့လှပါသည်ဟု လျှောက်၏။ မကြောက်နှင့် အသင့်သား ထိုဘီလူးမကိုမှီ၍ ဘေးအန္တရာယ် မရှိပြီဟု မိန့်တော်မူသော် အမျိုးမိန်းမသည် သားသူငယ်ကို ဘီလူးမ၏ လက်သို့ ထည့်လိုက်၏။ ဘီလူးမသည် သူငယ်ကို ဖက်ယမ်းနမ်းရှုပ်ပြီး တစ်ဖန် သူငယ်၏ မိခင်လက်သို့ ထည့်ပြီးလျှင် ငိုကြွေးငှာ အားထုတ်၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုဘီလူးမကို အသင်သည် အဘယ်ကြောင့် ငိုကြွေးဘိသနည်းဟု မေးတော်မူ၏။ ဘီလူးမလည်း အရှင်ဘုရား အကျွန်ုပ်သည် ရှေးအခါ၌ အမှတ်မရှိ တစ်စုံတစ်ခုသောအကြောင်းဖြင့် အသက်

မွေးခြင်းကိုပြုပါသော်လည်း ဝမ်းပြည့်ရုံမျှကိုသော်လည်း မရပါ၊ဤယခုအခါမှာ အဘယ်ကဲ့သို့ အသက်ရှည်နိုင်ပါအံ့နည်းဟု လျှောက်ကြား၏။ မြတ်စွာဘုရားက ဘီလူးမကို အသင်သည် မစိုးရိမ် မကြောင့်ကြလင့်ဟု မိန့်တော်မူပြီးမှ သက်သာရာကိုရစေ၍ သူငယ်၏မိခင်ကို အသင်သည် ဤဘီလူးမကို အိမ်သို့ဆောင်သွား၍ တစ်ခုသောနေရာ၌ နေစေပြီးလျှင် အဦးဖြစ်သော ယာဂု ထမင်းတို့ကိုပေးလျက် လုပ်ကျွေးလေလော့ဟု မိန့်တော်မူ၏။ ထိုမိန်းမသည် ဘီလူးမကို ခေါ်ဆောင်ခဲ့၍ ခေါင်လျှောက်၏အထက်၌ နေစေပြီးလျှင် အဦးဖြစ်သော ယာဂု ထမင်းတို့ဖြင့် လုပ်ကျွေးပေ၏။ ဘီလူးမအား စပါးထောင်းသောအခါ ကျည်ပွေ့ဖြင့် ဦးထိပ်ကို ပုတ်ခတ်သကဲ့သို့ ထင်၏။ ထိုဘီလူးမလည်း အဖော်မိန်းမကို ခေါ်၍ ငါသည် ဤအရပ်၌ နေခြင်းငှာ မစွမ်းနိုင်၊ တစ်ပါးသော နေရာ၌ ငါ့အား ထားပါလော့ဟု ပြော၍ စပါးထောင်းရာ တင်းကုပ်, ရေအိုးစရည်း, စဖို, တံစက်မြိတ်, တံမြက်ချေးစွန့်ရာအရပ်, ရွာတံခါးတို့၌ ထားပါသော်လည်း ဤအရပ်တို့၌ နေရသော ငါသည် "စပါးထောင်းသောအခါ ကျည်ပွေ့ဖြင့် ဦးထိပ်ကိုခွဲဘိသကဲ့သို့ ထင်ပေသည်။ဤရေအိုးစရည်း၌ သင်တို့သားငယ်တို့သည် လုတ်ဆေးရေကို ထွေးကုန်၏။ဤစဖို၌ ခွေးတို့သည် အိပ်ကုန်၏။ဤတံစက်မြိတ်၌ သူငယ်တို့သည် မစင်ကို စွန့်ကုန်၏။ ဤတံမြက်ချေးစွန့်ရာ အရပ်၌ အမှိုက်တို့ကို စွန့်ကုန်၏။ ဤရွာ၏တံခါး၌ ရွာသူသားငယ်တို့သည် ကျည်းသားခတ်ခြင်း ကစားခြင်းကို ပြုကုန်၏" စသည်တို့ဖြင့် ထိုအလုံးစုံသော နေရာတို့ကို ပယ်၏။ ထိုမှနောက် ရွာ၏အပဖြစ်သော ဆိတ်ငြိမ်သော နေရာတစ်ခု၌ ဘီလူးမကို နေစေ၍ အဦးဖြစ်သော ယာဂု ထမင်း စသည်တို့ကို ဆောင်၍ လုပ်ကျွေးပေ၏။

## ဘီလူးမကို ပူဇော်သဖြင့် ကူညီခြင်း

ထိုအခါ ဘီလူးမအား အကြံဖြစ်သည်မှာ "ငါ၏အဖော်မသည် ယခုအခါ ငါ့အား ကျေးဇူးအထူးသဖြင့် များပေသည်၊ ငါသည် သူ၏ကျေးဇူးတို့ကို တစ်ဖန် ပြန်၍ ပြုဦးအံ့"ဟု ကြံပြီးမှ ထိုဘီလူးမသည် ဤနှစ်၌ ကောင်းစွာ မိုးရွာသွန်းခြင်း ဖြစ်လတ္တံ့၊ ကုန်းအရပ်ဌာန၌ ကောက်ပင်စိုက်ပျိုးခြင်းကို ပြုလေလော့။ ဤနှစ်၌ မိုးကောင်းစွာ မရွာသွန်းခြင်း ဖြစ်လတ္တံ့၊ တွင်းကျင်း ချိုင့်ကမ်း ရှိုက်ဝှမ်းသော အရပ်တို့၌ ကောက်ပင်စိုက်ပျိုးခြင်းကို ပြုလေလော့ဟု အဖော်မအား ကြား၏။ ကြွင်းသော သူတို့သည် ပြုစု စိုက်ပျိုးအပ်သော ကောက်ပင်အပေါင်းသည် ရေလွှမ်းမိုးခြင်း ရေမရှိခြင်းဖြင့် ပျက်စီး၏။ ထိုမိန်းမအား ကောက်ပင်အသီးအနှံသည် အလွန်လျှင် ပြည့်စုံပေ၏။ ထိုအခါ များစွာသောလူတို့က ချစ်သမီး အသင်သည် ပြုအပ်သော ကောက်သည် ရေလွှမ်းမိုးခြင်း ရေပြတ်ခြင်းတို့ဖြင့် မပျက်စီးလေ၊ အသို့နည်း အသင်သည်

မိုးကောင်းမည် မိုးဆွံ့မည်အဖြစ်ကို သိသဖြင့် ပြုအပ်လေသလော၊ အကြောင်းအသို့နည်းဟု မေးကြကုန်၏။ ငါတို့၏ အဖော်မ ဖြစ်သော ဘီလူးမသည် မိုးကောင်းမည် မိုးဆွံ့မည်အဖြစ်ကို ပြောကြားပေ၏။ ငါတို့သည် ထိုဘီလူးမ၏ စကားဖြင့် ကုန်းတို့၌လည်းကောင်း၊ ချိုင့်ဝှမ်းရာ အရပ်တို့၌လည်းကောင်း ကောက်ပင်တို့ကို စိုက်ပျိုးပြုစုကုန်၏။ ထို့ကြောင့် ငါတို့အား ပြည့်စုံကုန်၏။ အသင်တို့သည် ငါတို့၏အိမ်မှ အမြဲမပြတ် ယာဂုထမင်းစသည်တို့ကို ဆောင်ယူအပ်သည်ဖြစ်၍ ထိုဘီလူးမအား ကျွေးမွေးပေးကမ်းရသည်ကို မမြင်ကုန်သလော။ အသင်တို့သည်လည်း ထိုအတူ ထိုဘီလူးမအား အဦးဖြစ်သော ယာဂုထမင်းတို့ကို ဆောင်၍ ပေးကျွေးပူဇော်ကြကုန်လော့၊ အသင်တို့၏ အမှုကိုလည်း ကြည့်ရှုစောင်မ လတ္တံ့ဟု ပြော၏။

ထိုအခါ ဘီလူးမအား မြို့၌နေကုန်သော ဒေသလုံးစုံသော သူတို့သည် ပူဇော်သက္ကာရကို ပြုစုကြကုန်၏။ ထိုဘီလူးမသည်လည်း ထိုနေ့မှစ၍ အလုံးစုံသော သူတို့၏ အမှုတို့ကို ကြည့်ရှုပြောဆိုသဖြင့် များစွာသော အခြံအရံရှိသည် ဖြစ်၍ လာဘ်ပြန့်ပြောသည် အဖြစ်သို့ ရောက်လေ၏။ ထိုဘီလူးမသည် နောက်အခါ၌ ရှစ်ပါးသော စာရေးတံထမင်းတို့ကို ဖြစ်စေကုန်၏။ထိုရှစ်ပါးသော စာရေးတံထမင်းတို့ကို ယနေ့တိုင်ကျအောင် ပေးလှူပူဇော်လျက် ရှိကြကုန်၏။

လေးခုမြောက် ကာဠီဘီလူးမဝတ္ထု
ပြီး၏။

---

## ၅။ ကောသမ္ဗကရဟန်းတို့၏ဝတ္ထု

**ပရေ စ န ဝိဇာနန္တိ**- အစရှိသော ဤတရားဒေသနာတော်မြတ်ကို ဘုရားရှင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ ကောသမ္ဗီပြည်၌ နေကုန်သော ရဟန်းတို့ကို အကြောင်းတစ်ခု ပြုတော်မူသောအားဖြင့် ဟောကြားတော် မူပေ၏။

### ဝိနည်းဓိုရ်ရဟန်းနှင့် ဓမ္မကထိက ရဟန်းတို့၏ အငြင်းပွားမှု

ကောသမ္ဗီပြည် ဃောသက သေဋ္ဌေးသည် ဆောက်လှုအပ်သော ဃောသိတာရုံကျောင်း၌ ငါးရာ ငါးရာစီ အခြံအရံရှိသော ဝိနယဓရ ရဟန်းတစ်ပါး၊ ဓမ္မကထိက ရဟန်းတစ်ပါးအားဖြင့် နှစ်ပါးကုန်သော ရဟန်းတို့သည် နေကြကုန်၏။ ထိုနှစ်ပါးတို့တွင် ဓမ္မကထိကရဟန်းသည် တစ်နေ့သောအခါ၌ ကိုယ်လက်

သုတ်သင်ခြင်းကို ပြု၍ ရေအင်းပျဉ်၌ သန့်သက်ရေကြွင်းကို ခွက်၌ ထားပြီးလျှင် ထွက်သွားလေ၏။ နောက်မှ ဝိနယဓရပုဂ္ဂိုလ်သည် ထိုရေအိမ်၏ အတွင်းသို့ ဝင်သည်ရှိသော် ရေကိုမြင်၍ ထွက်ပြီးလျှင် ဓမ္မကထိက ရဟန်းကို ငါ့ရှင်.... သင်သည် ရေကို ထားအပ်သလောဟု မေး၏။ ဓမ္မကထိက ရဟန်းသည် ငါ့ရှင်.... ဩော်....ဟုတ်ပေ၏ဟု ဝန်ခံ၏။ အသို့နည်း၊ ဤသို့ထားရာ၌ အာပတ်သင့်သည်၏ အဖြစ်ကို မသိသလောဟု မေး၏။ ဩော်....ငါ့ရှင် မသိပါဟူ၍ ဆိုသည် ရှိသော် ငါ့ရှင်.... ဤအရာ၌ အာပတ်သင့်သတည်းဟု ဆိုသော် ဓမ္မကထိက ရဟန်းက ထိုသို့ အာပတ်သင့်ပြီးတကား ထိုအာပတ်ကို ကုစားအံ့ဟု ဆို၏။ ဝိနယဓရ ရဟန်းကလည်း၊ ငါ့ရှင်....လွန်ကျူးလိုသော စိတ်ကြံမစေတနာ မရှိဘဲသော် လည်းကောင်း၊ သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့် လည်းကောင်း ပြုမိသော အရာ၌ အာပတ်မသင့်ဟု ဆိုသော် ဓမ္မကထိက ရဟန်းသည် ထိုအာပတ်၌ အာပတ်မသင့်ဟု အယူရှိ၏။

ဝိနယဓရ ရဟန်းသည်လည်း မိမိ တပည့်တို့အား ဤဓမ္မကထိက ရဟန်းသည် အာပတ်သို့ ရောက်သည်ကိုမျှ မသိဟု ပြောကြား၏။ ဝိနယဓရ ရဟန်း၏ တပည့်တို့လည်း ဓမ္မကထိက ရဟန်း၏ တပည့်တို့ကိုမြင်၍ သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် အာပတ်သို့ ရောက်ပြီးလျက်လည်း အာပတ်သင့်သည်၏ အဖြစ်ကို မသိဟု ဆိုကုန်၏။ ထိုရဟန်းတို့သည် သွားရောက်၍ မိမိ၏ ဥပဇ္ဈာယ်ဆရာအား ကြားလျှောက်ကုန်၏။ ဓမ္မကထိက ရဟန်းကလည်း ဤဝိနယဓရ ရဟန်းသည် ရှေး၌ အာပတ်မသင့်ဟု ဆိုပြီးလျက် ယခုတစ်ဖန် အာပတ်သင့်သည်ဟု ဆိုပြန်သည်မှာ လိမ်လည်လှည့်ဖြား ချွတ်ယွင်းသော စကားကို ပြောဘိသည်ဟု ဆို၏။ ဓမ္မကထိက၏ တပည့်တို့သည်လည်း ဝိနယဓရ ရဟန်း တပည့်တို့၏ အထံသို့ သွား၍ အသင်တို့၏ ဥပဇ္ဈာယ်ဆရာသည် မဟုတ်မမှန် ချွတ်ယွင်းသော စကားကို ဆိုသတည်းဟု ဆိုကြကုန်၏။ ထိုရဟန်းတို့သည် အချင်းချင်း ခိုက်ရန်ငြင်းခုံ ဖြစ်ပွားကုန်၏။ ထိုနောက်မှ ဝိနယဓရ ရဟန်းသည် အခွင့်ကိုရ၍ ဓမ္မကထိက ရဟန်းအား အာပတ်ကို မရှုမမြင်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလေ၏။

## ဖြဟ္မာပြည်တိုင်အောင် ကွဲပြားကုန်ခြင်း

ထိုအခါမှစ၍ ထိုရဟန်းတို့၏ အလုပ်အကျွေး ဖြစ်ကုန်သော ဒါယကာတို့သည်လည်း နှစ်ခုသော အဖို့အစု ဖြစ်ကုန်၏။ ဩဝါဒကို ခံယူကြကုန်သော ရဟန်းမိန်းမတို့သည်လည်းကောင်း၊ အစောင့်အရှောက်ဖြစ်သော နတ်တို့သည် လည်းကောင်း ထိုနတ်တို့၏ အဆွေခင်ပွန်း ကျွမ်းဝင် ဆက်ဆံကုန်သော စာတုမဟာရာဇ်နတ်တို့ကို အစပြု၍ ပုထုဇဉ်ဟူသမျှတို့သည် အထက်ဖြဟ္မာပြည်သို့ ကျအောင် ကွဲပြားကြကုန်၏။ စာတုမဟာရာဇ်နတ်ကို အစပြု၍

အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင် တစ်ပြိုင်နက်သော ကောလာဟလသည် ဖြစ်လေ၏။ ထိုအခါ မထင်ရှားသော ရဟန်းတစ်ပါးသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ကပ်၍ နှင်ထုတ်ခြင်းကို ပြုကုန်သော ဝိနယဓရ အန္တေဝါသိက မထေရ်တို့၏ တရားနှင့် လျော်ကပ်သော ဝိနည်းကံဖြင့် သာလျှင် နှင်ထုတ်အပ်ဟူ၍ အမှတ်ရှိသော အယူကိုလည်းကောင်း၊ နှင်ထုတ် အပ်ကုန်သော ဓမ္မကထိက အန္တေဝါသိက တပည့် မထေရ်တို့၏ တရားနှင့် မလျော်သော နှင်ထုတ်ခြင်းဖြင့် နှင်ထုတ်အပ်သည် ဟူသော အယူကို လည်းကောင်း၊ နှင်ထုတ်ခြင်းကို ပြုကုန်သော ဝိနယဓရ၏ တပည့် မထေရ်တို့ သည် တားမြစ်အပ်ကုန်သော်လည်း ဓမ္မကထိက၏ တပည့် မထေရ်တို့ အစဉ် ခြံရံပြီးလျှင် မဆင်ခြင်မစူးစမ်း ပရမ်းပတာ သွားလာလှည့်လည်ကုန်သည်ကို လည်းကောင်း၊ စိစစ် ရှုံးပေါင်း အကြောင်းမျိုးစုံတို့ကို အကုန်ကြားလျှောက်၏။

## မြတ်စွာဘုရား အဆုံးအမကို မလိုက်နာကြခြင်း

မြတ်စွာဘုရားရှင်သည် သင်ချစ်သား ရဟန်းများတို့...သင့်တင့် ညီညွတ် ကြကုန်လော့ဟု နှစ်ကြိမ်တိုင်တိုင် စေလွှတ်၍ မိန့်တော်မူသော်လည်း သင့်တင့် ညီညွတ်ခြင်းငှာ အလိုမရှိကြသော အဖြစ်တို့ကို ကြားတော်မူ၍ သုံးကြိမ် မြောက်၌ သံဃာတို့သည် ကွဲပြားလေပြီဟု ထိုရဟန်းတို့၏ အထံသို့ ကိုယ်တော် ကိုယ်တိုင် ကြွသွားတော်မူ၍ နှင်ထုတ်ခြင်း ဥက္ခေပနီယကံကို ပြုကုန်သော ရဟန်းတို့အား နိက္ခေပနီယကံကို ပြုခြင်း၌ အပြစ်ကိုလည်းကောင်း၊ နှင်ထုတ် ခြင်း ဥက္ခေပနီယကံ အပြုခံရကုန်သော ရဟန်းတို့အား အာပတ်ကို မကုစား ခြင်း အပြစ်ကိုလည်းကောင်း ဟောကြားတော်မူပြီး၍ တစ်ဖန် ထိုငြင်းခုံကွဲပြား ကုန်သော ရဟန်းတို့အား ဃောသိတာရုံ ကျောင်းတိုက်၌ပင်လျှင် တစ်သိမ် တည်း၌ ဥပုသ်ပြုခြင်း စသည်တို့ကို ခွင့်ပြုတော်မူပြီးလျှင် ဆွမ်းစားဇရပ် စသည်တို့၌ ငြင်းခုံခိုက်ရန်ကို ပြုကုန်သော ရဟန်းတို့ နေရာတစ်ပါး မခြားဘဲ နေရမည်ဟူသော ဆွမ်းစားဇရပ်၌ ဝတ်ကို ပညတ်တော်မူပြီး၍ ဤယခု တစ်ဖန် ခိုက်ရန်ငြင်းခုံ ဖြစ်ပွားကွဲပြား၍ နေကြကုန်သည်သာလျှင်တည်းဟု ကြားတော် မူသောကြောင့် ထိုအရပ်သို့ ကြွတော်မူပြန်၍ ချစ်သား ရဟန်းတို့ ခိုက်ရန် ငြင်းခုံ ကွဲပြားခြင်းကို မပြုကြကုန်လင့် အစရှိသည်တို့ကို မိန့်တော်မူပြီး၍ ချစ်သား ရဟန်းတို့ ...ထိုခိုက်ရန် ငြင်းခုံဖြစ်ပွား ကွဲပြားခြင်းတို့ မည်သည်ကား အကျိုးစီးပွားမရှိသည်ကို ပြုတတ်ကုန်၏၊ ငြင်းခုံခိုက်ရန်ကို အမှီပြု၍ နှံစုတ် ငှက်မငယ်သည် ကြီးကျယ်သော ကာယဗလရှိသော ဆင်ပြောင်ကိုသော်လည်း အသက် ကုန်ခြင်းသို့ ရောက်စေဖူးပြီဟု နှံစုတ်ငှက်မငယ် ဇာတ်ကို ဟောတော် မူပြီး၍ ချစ်သားရဟန်းတို့...အသင်တို့သည် သင့်တင့်ညီညွတ်ဆည် ဖြစ်ကြ

ကုန်လော့၊ ငြင်းခုံကွဲပြားခြင်းကို မပြုကြကုန်လင့်၊ ငြင်းခုံကွဲပြားခြင်းကို အမှီပြု၍ အသိန်းမက များစွာသော ငုံးငှက်တို့သည် အသက်ကုန်ခြင်းသို့ ရောက်ဖူးကုန်ပြီဟု ငုံးမင်းဇာတ်ကို ဟောတော်မူ၏။

ဤသို့ ဟောကြားမြွက်ဖော် အမိန့်တော်ရှိသော်လည်း မနာမယူကြသော ကြောင့် မကင်မရှားသော ဓမ္မဝါဒီ ရဟန်းတစ်ပါးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ပင်ပန်းခြင်းကို အလိုမရှိသဖြင့် ဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ဆိုင်းငံ့တော်မူပါဦးလော့။ တရားအရှင် ဖြစ်တော်မူသော မြတ်စွာဘုရား ကြောင့်ကြမဲ့ မျက်မှောက် ပစ္စုပ္ပန်၌ဖြစ်သော ဖလသမာပတ်ချမ်းသာကို ခံစားလျက်သာ သီတင်းသုံးတော် မူပါလော့။ ဤကဲ့သို့ ငြင်းခုံခိုက်ရန်ဖြစ်ပွားလျက် ကွဲပြားသောအရာဖြင့် တပည့်တော်တို့ အလိုအလျောက်သာ ထင်ရှားပါကုန်လတ္တံ့ဟု လျှောက်ကြားသည် ရှိသော် မြတ်စွာဘုရားရှင်သည် အတိတ်ကို ဆောင်တော်မူ၏။

## ဒီဃီတိကောသလမင်းကြီးဝတ္ထု

ချစ်သားရဟန်းတို့.... ရှေး၌ ဖြစ်ဖူးသည်ကား ဗာရာဏသီပြည်ကြီး၌ ဗြဟ္မဒတ္တ အမည်ရှိသော ကာသိကရာဇ် မင်းသည် မင်းပြုဟော်မူ၏။ ထိုမင်းသည်ကား များမြတ် ပြန့်ပြောကြွယ်ဝသော ပစ္စည်းဥစ္စာ ရတနာ ရွှေ ငွေ ခြေရွှေ သင်းပင်း ဆင်မြင်း ရထား များစွာသော စစ်သည်ဗိုလ်ထု ခွန်အားနှင့်လည်း ပြည့်စုံပေ၏။ အဝန်း အလျား ကျယ်သောအားဖြင့် ကြီးကျယ်သော နိုင်ငံရှင် ဖြစ်ရကား ပြည့်ဝသော ကျီကြဘဏ္ဍာလည်း ရှိပေ၏။ ကောသလ တိုင်း၌လည်း ဒီဃီတိကောသလ မင်းသည် မင်းပြုတော် မူ၏။ ထိုမင်းသည်ကား နည်းစွာသော ပစ္စည်းဥစ္စာ၊ ရတနာ ရွှေငွေ ခြေရွှေ သင်းပင်း ဆင်မြင်း ရထား ခွန်အား ဗိုလ်ထုရှိ၏။ သေးငယ်သော နိုင်ငံရှင် ဖြစ်၍ မပြည့်ဝသော ကျီကြဘဏ္ဍာ ရှိ၏။

ချစ်သားရဟန်းတို့ ထိုအခါ ဗြဟ္မဒတ္တ အမည်ရသော ကာသိကရာဇ်မင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်တို့ကိုစုရုံး၍ ဒီဃီတိကောသလမင်းအား စစ်ထိုး ခြင်းငှာ တက်ချီ၍သွား၏။ ဒီဃီတိကောသလမင်းလည်း ဗြဟ္မဒတ္တ မည်သော ကာသိကရာဇ်မင်းကြီးသည် အင်္ဂါလေးပါးရှိသော စစ်သည်တို့ကို ရုံးစု၍ ငါ့အား စစ်ပြုခြင်းငှါ လာသည်ဟု သတင်းစကား ကြားသိရသောကြောင့် ဤသို့ ကြံ ဆင်ခြင်တော်မူ၏။ ကာသိကတိုင်းကြီးရှင် ဘုရင်ဗြဟ္မဒတ်သည်ကား များမြတ် ကြွယ်ဝပေါများလှသော ပစ္စည်းဥစ္စာ ရတနာ ရွှေ ငွေ ခြေရွှေသင်းပင်း ဆင်မြင်း ကျီကြ ပြည့်ဝလှပေ၏။ ငါ့မှာမူကား နွမ်းပါးဆင်းရဲသော ပစ္စည်းဥစ္စာ ရတနာ

ရွှေငွေ ခြေရွှေသင်းပင်း ဆင်မြင်းကျီကြ ရှိချေသည်။ ငါသည် ဗြဟ္မဒတ္တ ကာသိကမင်းနှင့် စစ်ချင်းရင်ဆိုင် ဆိုင်ပြိုင် တိုက်ခိုက်ခြင်းငှါ တစ်ကြိမ်မျှသော်လည်း မစွမ်းနိုင်လတ္တံ့။ ယင်းသို့ဖြစ်၍ ငါသည် ရှေးဦးစွာအစ စောစောကပင် မြို့မှထွက်ခွါ တော်လျော်ရာ၌ အသက်ချမ်းသာအောင်သာ ကောင်းစွာ စောင့်ရှောက် တော့အံ့ဟုကြံ၍ ဒီဃီတိကောသလမင်းကြီးသည် မိဖုရားကြီးကိုယူပြီးမှ စောစောကပင် မြို့မှထွက်ကြွတော်မူခဲ့လေ၏။

ချစ်သားရဟန်းများတို့ ထိုအခါ ဗြဟ္မဒတ္တမည်သော ကာသိကမင်းသည် ဒီဃီတိကောသလမင်း၏ ရထားဆင်မြင်းမှစ၍ မကြွင်းစေရ ကျီကြဘဏ္ဍာ စည်းစိမ် ဥစ္စာတို့ကို ကောင်းစွာယူဆောင် အောင်မြင်ပြီးမှ ငြိမ်သက်စွာ နေကြ၏။ ဒီဃီတိကောသလမင်းသည် မိဖုရားနှင့်တကွ ဗာရာဏသီပြည်သို့ လာခဲ့ကြသည်ရှိသော် အစဉ်အတိုင်းအားဖြင့် ဗာရာဏသီပြည်သို့ ရောက်ကြ၍ ဗာရာဏသီပြည်၏ အစွန်းအရပ်ဖြစ်သော အိုးထိန်းသည်အိမ်၌ အဝတ်ဖြူကို ဝတ်ဆင်လျက် မထင်ရှားသောအသွင်ဖြင့် နေ၏။

## မိဖုရားကြီးအား ကိုယ်ဝန်တည်ခြင်း

ထိုအခါ မကြာမီပင်လျှင် ဒီဃီတိကောသလမင်း၏ မိဖုရားကြီးအား ကိုယ်ဝန်သည် တည်၏။ ကိုယ်ဝန်တည်သောအခါ မိဖုရား၌ ချင်ခြင်း ဖြစ်လာသည်ကား အရှေ့ပုဗ္ဗာ ဝိဒေဟာကျွန်းမှ နေဝန်း ပေါ်ထွက်လာသောအခါ ချပ်ဝတ်မိန်ညိုစသော စစ်ဝတ်တန်ဆာတို့ကို ဆင်ယင်ဝတ်စားလျက် ကောင်းစွာသော မြေအဖို့၌တည်သော အင်္ဂါလေးပါးရှိသော စစ်သည်တို့ကို ကြည့်ရှုလိုခြင်း သန်လျက်ဆေးသောရေကို သောက်ခြင်းငှါ အလိုရှိခြင်းအားဖြင့် ချင်ခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်သား ရဟန်းတို့ ထိုအခါ မိဖုရားကြီးသည် ဒီဃီတိကောသလမင်းကြီးအား အရှင်မင်းကြီး ကျွန်တော်မအား ကိုယ်ဝန်သန္ဓေ တည်လျက်ရှိခဲ့ပြီ။ ဤသို့သဘောရှိသော ချင်ခြင်းကိုလည်း ဖြစ်ပွားသည်ဟု မိမိဆန္ဒ ချင်ခြင်းဖြစ်သမျှကို လျှောက်ကြားကုန်၏။

ဒီဃီတိကောသလ မင်းလည်း မိဖုရားကြီးအား အကြောင်းကို ကြားလိုသောကြောင့် ဤစကားရပ်ကို ရွတ်ဆို၏—

ကုတော ဒေဝိ အမှာကံ ဒုဂ္ဂတာနံ စတုရင်္ဂိနီ သေနာ သန္နဒ္ဓါ
ဝမ္မိကာ သုဘူမေ ဌိတာ ခဂ္ဂါနဥ္ဓောဝနံ ပါတုံ—

ငါ၏ မိဖုရား ရန်သူတို့ဘေးမှ ကင်းဝေးအောင် ကြံဖန်လျက် တစ်နိုင်ငံ တစ်ရပ်ကျေးသို့ ထွက်ပြေးပြီးမှ အသက်ကို ချမ်းသာရအောင် ပရိဗ္ဗာဇက အသွင်ကိုလဲလျက် ဆင်းရဲလျက် နေကုန်သော ငါတို့အား ချပ်ဝတ်မိန်ညို

စသည်တို့ကို ဆင်ယင်ဝတ်စားလျက် အင်္ဂါလေးပါးရှိသော စစ်သည်တို့ကို အဘယ်သို့ရနိုင်ပါမည်နည်း၊ သန်လျက်ပွတ်သွေး ဆေးသောရေတို့ကို သောက်ခြင်းငှါ အဘယ်သို့ ရနိုင်ပါအံ့နည်းဟု ပြောကြားသော် မိဖုရားကြီးက လျှောက်ကြားပြန်လိုသောကြောင့် ဤပါဠိကို ရွတ်၏—

သစေဟံ ဒေဝ န လဘိဿာမိ မရိဿာမိ—

ကျွန်တော်မ၏ သခင်မင်းမြတ် ကျွန်တော်မ စိတ်တွင်း ချင်ခြင်း ဖြစ်ပွားလေးပါးသော အင်္ဂါနှင့် ပြည့်စုံသော စစ်သည်တို့အား ကြည့်ရှုခြင်းကိုလည်းကောင်း၊ သန်လျက်သွေး၍ ဆေးသောရေကို သောက်မျိုခြင်းကိုလည်းကောင်း အကယ်၍ မရပါသည်ဖြစ်ခဲ့တုံအံ့။ ကျွန်တော်မသည် သေလွန်ရပါလတ္တံ့ဟု လျှောက်ကြား၏။

## ပုရောဟိတ်ပုဏ္ဏားက အလိုပြည့်အောင် ဆောင်ရွက်ပေးခြင်း

ထိုအခါ ဗြဟ္မဒတ္တ အမည်ရသော ကာသိက မင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ဒီဃီတိကောသလမင်း၏ ချစ်ကျွမ်းဝင်လှသော အဆွေခင်ပွန်း ဖြစ်သဖြင့် ဒီဃီတိကောသလမင်းကြီးသည် ပုရောဟိတ်ပုဏ္ဏား၏ အထံသို့ သွား၍ ငါ၏ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်လှသော အို–ပုရောဟိတ်ပုဏ္ဏားကြီး အသင်၏ မိတ်ဆွေမ ဖြစ်သော ငါ၏ မိဖုရား၌ ဤသို့သဘောရှိသော ချင်ခြင်း ဖြစ်ပွားလေသည်ဟု ပြောဆိုသော် ပုရောဟိတ်ပုဏ္ဏားက အရှင်မင်းကြီး ထိုသို့ဖြစ်လျှင် မိဖုရားကို အကျွန်ုပ် ကြည့်ရှုပါဦးအံ့ဟု ပြောသည်ရှိသော် မိဖုရားကိုခေါ် သွား၍ ပုရောဟိတ်ပုဏ္ဏားကိုပြသော် အဝေးက လာသော မိဖုရားကိုမြင်လျှင် နေရာမှ ထ၍ လက်ဝဲတစ်ဘက် ပခုံးထက်၌ ကိုယ်ဝတ် စံပယ်တင်လျက် မိဖုရားကြီးအား တုပ်ကွရိုကျိုး ရှိခိုးပြီးမှ— အို အချင်းတို့ ဝမ်း၌တည်သော ဤသူငယ်သည် ကောသလတိုင်းကြီးရှင် ဘုရင်ဖြစ်လေစွတကား။ သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ပြီးမှ အရှင်မိဖုရား မစိုးရိမ်လင့်၊ အရှင်မိဖုရား ဖြစ်ပွား တောင့်တ ချင်ခြင်းဟူသမျှတို့ကို ပြည့်စုံစေအံ့ဟု နှစ်သိမ့်စေပြီးမှ ပုရောဟိတ်ပုဏ္ဏားသည် ဗြဟ္မဒတ္တမင်းမြတ်၏ အထံတော်သို့ သွားရောက် ချဉ်းကပ်ပြီးလျှင် အရှင်မင်းကြီး ထိုသို့သဘောရှိသော နိမိတ်လက္ခဏာ တစ်ခုသောအခြင်းအရာ ထင်ပါသည်။ နံနက်မိုးသောက် နေထွက်ခြင်းသို့ ရောက်လတ်သော် ချပ်ဝတ်မိန်ညို မောက်တုံ မောက်ရှည် စသည်ဝတ်ဆင်လျက်အင်္ဂါလေးပါးရှိသော စစ်သည်တို့သည် ကောင်းမွန်သော မြေအဖို့၌ တည်ပါစေလော့။ သန်လျက်ကိုလည်း ဆေးကြောပါစေလော့ဟု လျှောက်ထား၏။

မွပဒ (ပ) ၅—ပ-မ-သ-စ

ချစ်သားရဟန်းတို့ ထိုအခါ ပြဟ္မဒတ္တမည်သော ကာသိကရာဇ်မင်းက အို– အချင်းတို့ အကြင်သို့သော အခြင်းအရာဖြင့် ပုရောဟိတ်ပုဏ္ဏားသည် စိမ်ခန့်ထား၏၊ ထိုသို့သော အခြင်းအရာဖြင့် ပြုကြကုန်လော့ဟု စေခိုင်းတော်မူသဖြင့် နံနက် မိုးသောက် နေထွက်ခြင်းသို့ ရောက်သည်ရှိသော် ချပ်ဝတ်မိန်ညို စသည်ကို ဆင်ယင်ဝတ်စားလျက် အင်္ဂါလေးပါးရှိသော စစ်သည်တို့သည် ကောင်းမြတ်သော မြေအဖို့၌ တည်သည်ကို မြင်ရသဖြင့် လည်းကောင်း၊ သန်လျက်ရေကို သောက်ရသဖြင့် လည်းကောင်း ထိုခဏ၌သာလျှင် မိဖုရားအား ဖြစ်ပွားသော ချင်ခြင်းသည် ငြိမ်းခြင်းသို့ ရောက်လေ၏။

## ဒီဃာဝုမင်းသား ဝတ္ထု

ထိုမှနောက်ကျ ကာလရှည်သဖြင့် မိဖုရားကြီးအား ကိုယ်ဝန်ရင့်ခြင်းကိုစွဲ၍ သားတစ်ယောက်ကို ဖွားမြင်တော်မူ၏။ ထိုသူငယ်အား ဒီဃာဝု ဟူသော အမည်ကို ပြုပေ၏။ ချစ်သားရဟန်းတို့ ဒီဃာဝုမင်းသားသည် မကြာမီပင် ကြီးပွား၍ သိကြားလိမ္မာသော အရွယ်သို့ ရောက်သော် ဒီဃိတိကောသလ မင်းသည် စဉ်းစားတော်မူသည်မှာ ပြဟ္မဒတ္တကာသိက မင်းမြတ်သည် ငါတို့၏ စီးပွားမဲ့ကိုသာ ရှာကြံဆည်းပူး အထူးအားထုတ် ပြုလုပ်၍ ရှိချေသည်။ ငါတို့၏ တိုင်းပြည် ထီးနန်း စည်းစိမ် ချမ်းသာ ဗိုလ်ပါ ဆင်, မြင်း ကျွန်သင်း ကျွဲ, နွား အစရှိသောအားဖြင့် များစွာသော ပြည်ရွာ ဇနပုဒ် အစုတို့ကို လုယက်ဖျက်ဆီးလေသည်။ ငါတို့သည် ဤနေရာ ဌာန၌ နေထိုင်ကြသည်ကို အကယ်၍ သိခဲ့အံ့။ ငါတို့သုံးယောက်လုံး တစ်ချက်တည်း ပြုန်းအောင် အဆုံးစီရင်လတ္တံ့။ ဒီဃာဝုအမည်ရှိသော သားငယ်ကို မြို့၏အပြင်၌ နေစေရသည်ရှိသော် သင့်လျော်လျောက်ပတ် ကောင်းမြတ်ရာ၏ဟု ကြံပြီးလျှင် ဒီဃိတိကောသလ မင်းသည် ဒီဃာဝုမင်းသားကို မြို့၏အပြင်၌ အပ်နှံထားသည် ဖြစ်၍ နေစေ၏။ ဒီဃာဝုမင်းသားလည်း မြို့၏ အပြင်၌နေလျက် အလုံးစုံသော အတတ်တို့ကို မပြတ်လေ့ကျင့်သဖြင့် မကြာမြင့်မီပင်လျှင် တတ်မြောက်လေ၏။

## ဆေတ္တာသည်ကြောင့် အမှုပေါ်ခြင်း

ထိုအခါ ဒီဃိတိကောသလမင်း ဆေတ္တာသည်သည် ပြဟ္မဒတ္တမင်းကြီးထံ၌ နေသည်ဖြစ်၍ တစ်ရံသောအခါ ဆေတ္တာသည်သည် ဒီဃိတိကောသလမင်းသည် မိဖုရားနှင့်တကွ ဗာရာဏသီပြည်၌ နေကြသည်ကို တွေ့မြင်လေသဖြင့် ဗာရာဏသီပြည်ကြီးရှင် ဘုရင်ပြဟ္မဒတ်သို့ ဆည်းကပ် ဝပ်တွားလျက် လျှောက်ကြားသည်မှာ—အရှင်မင်းကြီး အရှင်မင်းမြတ် စံတော်မူရာ ဗာရာဏသီပြည်၏ အတွင်းတွင် ရွာစွန်ဖျားနား အိုးထိန်းသည်များတို့၏ တစ်နေရာ၌ ဒီဃိတိ

ကောသလမင်းဖျားနှင့် မိဖုရားမောင်နှံ နှစ်ဦးတို့သည် ပထင်ရှားသော ပရိဗိုဇ် အသွင်ကို ဆင်ယင်ဝတ်စား ယခု ထင်ရှားရှိပါသည်ဟု လျှောက်ကြား ပန်ဆင် သော် ဘုရင်ဗြဟ္မဒတ္တ မင်းကြီးသည် မင်းချင်းယောကျ်ား လူအများတို့အား အချင်းတို့ မိဖုရားနှင့်တကွ ဒီဃီတိကောသလမင်းကြီးကို ဖမ်းဆီးတုပ်နှောင် လျက် ယူဆောင်ခဲ့ကြကုန်လော့ဟု စေခိုင်းတော်မူ၏။ မင်းချင်းယောကျ်ား လူအများတို့လည်း မင်းကြီး၏ စကားကို နားစိုက် သည်းခံ၍ လျှင်မြန်စွာ သွားပြီးလျှင် မိဖုရားနှင့်တကွ ဒီဃီတိကောသလမင်းကို ဖမ်းဆီး တုတ်နှောင်၍ မင်းကြီးထံသို့ ဆောင်ယူခဲ့ကုန်၏။

ထိုအခါ ဗြဟ္မဒတ္တမင်းကြီးက မင်းချင်းယောကျ်ား လူအများတို့ကို အချင်းတို့ ထိုသို့ဖြစ်လျှင် မိဖုရားနှင့်တကွ ဒီဃီတိကောသလမင်းကို အဖွဲ့မြဲမြံ လက်ပြန်ကြိုးတို့ဖြင့် တုတ်နှောင် ဖွဲ့ချည်၍ သင်တုန်းဖြင့် ဦးပြည်းရိတ်၍ ကြမ်း တမ်းသော အသံရှိသော ထက်စည်ဖြင့် လမ်းဆုံလမ်းမတစ်ခုမှ လမ်းဆုံလမ်းမ တစ်ခုသို့ ရိုက်နှက်ယူဆောင် လှည့်လည်လျက် တောင်တံခါးဖြင့် ထွက်သွားပြီး သောအခါ လေးမြွာလေးစိတ် ဖြတ်ပိုင်းခွဲစိတ်ပြီးမှ လေးမျက်နှာတို့၌ စွန့်ပစ်ကြ ကုန်လော့ဟု စေခိုင်းတော်မူ၏။ မင်းချင်းယောကျ်ား လူအများတို့သည်လည်း မင်းကြီးခိုင်းစေသော စကားကို မှတ်သားဝန်ခံလျက် တစ်ဆံခြည်မယွင်းအောင် မင်းကြီး အာဏာတော်အတိုင်း ပြုလုပ်ကြကုန်၏။

## ဒီဃာဝုမင်းသားအား ဆုံးမသောစကား

ထိုအခါ ဒီဃာဝုမင်းသားသည်လည်း မိခင်ဖခင် နှစ်ပါးတို့ကို မတွေ့မမြင်ရ သည်ကား အတော်ကြာချေပြီ၊ ယခုအခါ ငါသည် မိခင်ဖခင်တို့အထံသို့ သွား ရောက်ကြည့်ရှု ဖူးမြော်အံ့ဟု ကြံဆင်ခြင်၍ ဗာရာဏသီပြည်၏ အတွင်းသို့ ချဉ်း ကပ် ဝင်ရောက်လာခဲ့ရာ မြို့တွင်းသို့ ကျလာလျှင် ရာဇဝတ်ပြစ်ဒဏ် ပြင်းထန် ကျရောက်လျက် မြဲမြံစွာ ဖွဲ့အပ်သော ကြိုးလက်ပြန်တို့ဖြင့် တုတ်နှောင် ဖွဲ့ချည်၍ ဦးပြည်းရိတ်ပြီးမှ ခရီးလမ်းမ တစ်ခုမှသည် ခရီးလမ်းမ တစ်ခုသို့ စသည်တို့ဖြင့် လှည့်လျက် ဆောင်ယူအပ်သော မိခင် ဖခင်တို့ကို မြင်လျှင် ကြေကွဲသော သောကတရားတို့ကို ပယ်ရှားလျက် လူအများတို့၏ အတွင်းသို့ ရောနှောယှက် ဝင်ပြီးလျှင် မိခင်ဖခင်တို့ကို ကြည့်ရှုဖူးမြော်လေ၏။

ထိုအခါ ဒီဃီတိကောသလမင်းလည်း အဝေးမှလာသော ဒီဃာဝုမင်းသား ကိုမြင်၍ ဤစကားကို မိန့်ဆို၏။

မာ ခေါ တွံ တာတ ဒီဃာဝု ဒီဃံ ပဿ မာရဿံ၊
န ဟိ တာတ ဒီဃာဝု ဝေရေန ဝေရာ သမ္မန္တိ၊
အဝေရေန ဟိ တာတ ဒီဃာဝု ဝေရာ သမ္မန္တိ။

ချစ်သား ဒီဃာဝု ရန်ငြိုး ရှည်ခြင်းကို မကြည့်ရှုလင့်၊ ချစ်သား ဒီဃာဝု မိတ်ဆွေဖွဲ့မှု ဖြတ်တောက်ခြင်း အတိုကိုလည်း မကြည့်ရှုလင့်၊ ချစ်သား ဒီဃာဝု ရန်တုံ့မှုသဖြင့် ရန်တို့မငြိမ်းအေးနိုင်ကုန်၊ ချစ်သားဒီဃာဝု ရန်တုံ့မမူသဖြင့်လျှင် ရန်တို့ ငြိမ်းအေးကုန်၏။

ဟု ပြောဆိုလေသော် များစွာသော လူအပေါင်းတို့က အကြောင်းကို မသိကြသောကြောင့် ဤဒီဃီတိကောသလမင်းသည် ရူးသွပ်ခြင်းသို့ ရောက်လေသဖြင့် ထိုဤယောင်ယမ်းမြည်တမ်းသော အခြင်းအရာ လက္ခဏာသဏ္ဌာန် ရှိလေသည်။ ဤကောသလမင်း၏ ဒီဃာဝုကား အဘယ်နည်း၊ အဘယ်သူကို ရည်၍ "မာ ခေါ တွံ တာတ ဒီဃာဝု" စသော စကားတို့ကို ဆိုလေသနည်းဟု ပြောဆိုကြကုန်သည်ရှိသော် ဒီဃီတိကောသလမင်းက ဤပါဠိကို ရွတ်၏။

နာဟံ ဘဏေ ဥမ္မတ္တကော ဝိပ္ပလပါမိ အပိ စ ယော ဝိညူ သော ဝိဘာဝေဿတိ–

အို–အချင်းတို့ ငါသည်ကား သေခါနီးသို့ကျ၍ ရူးသွပ်သည်ဖြစ်၍ မြည်တမ်း ယောင်ယမ်းသည်မဟုတ်။ ဤပရိသတ်ဗိုလ်ထု လူများစုတို့တွင် ပညာသတိရှိသောသူသည် "မာ ခေါ တွံ တာတ ဒီဃာဝု" စသော ငါဆိုအပ်သော စကားကို ထင်ရှားစွာ သိရစ်လတ္တံ့ဟု ပြော၏။

ချစ်သားရဟန်းတို့ ထိုအခါ မင်းချင်းယောကျ်ားလူအများတို့သည် မိဖုရားနှင့်တကွ ဒီဃီတိကောသလမင်းကြီးကို ခရီးလမ်းမ တစ်ခုမှ ခရီးလမ်းမတစ်ခုသို့ ယူဆောင်လျက် မြို့၏တောင်တံခါးဖြင့် ထွက်သွားဆောင်ထုတ်၍ မိဖုရားနှင့်တကွ ဒီဃီတိကောသလ မင်းကြီးကို သတ်ဖြတ်ပိုင်းဝေလျက် လေးပုံပြုပြီး အစောင့်အရှောက်ကို ထားလျက် ပြန်သွားကြကုန်၏။

## မိဘနှစ်ပါးတို့ အလောင်းကို ပူဇော်ခြင်း

ဒီဃာဝုမင်းသားလည်း ဗာရာဏသီမြို့တွင်းသို့ ဝင်သွား၍ သေအရက်တို့ကို ထုတ်ဆောင်ယူငင် ပြီးသောအခါ အစောင့်အရှောက်တို့အား တိုက်ကျွေး၍ ထိုအစောင့်အရှောက်တို့ မေ့လျော့လည်းလဲ၍ နေကြစဉ် ထင်းတို့ကို ရှာမှီးစုဆောင်း၍ မိခင်ဖခင် နှစ်ပါးတို့၏ ကိုယ်ကို ထင်းပုံထက်သို့ တင်၍ မီးတိုက်သင်္ဂြိုဟ်၍ လက်ယာရစ် သုံးကြိမ်လှည့်လျက် ထင်းပုံကို ရှိခိုး၏။

ထိုအခါ ဗြဟ္မဒတ္တ အမည်ရသော ကာသိကမင်းကြီးသည် အထက်ဖြစ်သော ပြာသာဒ်၌ တည်သည်ဖြစ်၍ လက်ယာရစ်သုံးကြိမ် လှည့်သည်ကိုပြုလျက် ထင်းပုံကို လက်အုပ်ချီမိုး ရှိခိုးသော ဒီဃာဝုမင်းသားကို မြင်၍ ဆင်ခြင်တော်မူသည်မှာ "ဤသူသည် ဒီဃိတိကောသလမင်း၏ မိရင်းဘရင်းတို့မှ ဆင်းသက်ပြန့်ပွားသော အမျိုးသားစစ် ဖြစ်ပေလိမ့်မည်။ ဩော်- ငါ့အား အကျိုးစီးပွား မဲ့လေစွတကား၊ ငါ့အား တစ်စုံတစ်ယောက်သောသူမျှ လာ၍ မကြားချေတကား" ဟု စဉ်းစားဆင်ခြင်တော်မူ၏။

ဒီဃာဝုမင်းသားလည်း တောထဲသို့သွား၍ လူမကြားရအောင် သည်းစွာ ငိုကြွေးပူဆွေးပြီးမှ မျက်ရည်တို့ကို သိမ်းဆည်း သုတ်သင်ပြီးသော် ဗာရာဏသီပြည်တွင်းသို့ဝင်၍ နန်းတွင်း၏ အနီးဖြစ်သော ဆင်တင်းကုတ်သို့ သွားပြီးမှ ဆင်ဆရာ၏အထံ၌ ဆရာ အကျွန်ုပ်သည် အတတ်ကို သင်ကြားလိုပါသည်ဟု ပြော၏။ ဆရာကလည်း အမောင်လုလင် သင်ကြားလေ့ဟု ဆိုသဖြင့် ဒီဃာဝုသတို့သားသည် ဆင်ဆရာထံ၌ နေပြီးမှ နံနက်မိုးသောက်ချိန်သို့ ရောက်လတ်သော် ဆင်တင်းကုပ်၌ သာယာချိုမြိန် ကောင်းမြတ်လှသော အသံဖြင့် သီချင်းကိုသီလျက် စောင်းတီးလေသောအခါ ဗြဟ္မဒတ္တကာသိကမင်းကြီးသည် မိုးသောက်နံနက်၌ နှစ်သက်ဖွယ်သော အသံတို့ဖြင့် သာယာကောင်းမွန်စွာ သီချင်းကို သီလျက် စောင်းတီးသောအသံကို ကြားတော်မူ၍ အနီး၌ ခစားလာရောက်သော လူတို့ကို အချင်းတို့ ဤသီချင်းသံ စောင်းသံတို့သည်ကား အဘယ်သူ၏အသံနည်းဟု မေးတော်မူ၏။ လူအပေါင်းတို့ကလည်း အရှင်မင်းမြတ် ဤအမည်ရှိသော ဆင်အတတ်ကိုသင်သော ဆင်ဆရာတပည့်၏ အသံ ဖြစ်ပါသည်ဟု လျှောက်ကြား၏။

## ဒီဃာဝုမင်းသား မိဘစကားကို နားထောင်သဖြင့် ထီးနန်းစည်းစိမ်ကို ရခြင်း

အို....အချင်းတို့ ထိုသို့ဖြစ်လျှင် သီချင်းသီလျက် စောင်းတီးသောလုလင်ငယ်ကို ငါ၏ထံသို့ ဆောင်ခဲ့ကြကုန်လော့ဟု မင်းကြီး မိန့်တော်မူသော် မင်းချင်းယောက်ျား လူအများတို့သည် မင်းကြီး၏စကားကို ဝန်ခံပြီး၍ လျင်မြန်စွာ သွားပြီးမှ ဒီဃာဝုမင်းသားကို ခေါ်ဆောင်၍ မင်းကြီးရှေ့တော်သို့ သွင်းခဲ့ကြကုန်၏။ ရှေ့တော်သို့ ကျရောက်သော် မင်းကြီးကလည်း အချင်းလုလင်၊ အသင်သည် နံနက်မိုးသောက် ကျရောက်စဉ်အခါက သာယာစွာသော အသံတို့ဖြင့် သီချင်းကို သီဆိုလျက် စောင်းကိုတီးသည် မဟုတ်တုံလောဟု မေးတော်မူ၏။ ဒီဃာဝုမင်းသားကလည်း ဟုတ်ပါပေ၏ အရှင်မင်းကြီးဟု ဝန်ခံသဖြင့် ထိုသို့ဖြစ်လျှင် အသင်လုလင်ငယ်၊ ယခုနေ့မှစ၍ ငါ၏ထံဝယ် အမြဲခစား

လုပ်ကျွေးလော့ဟု မင်းကြီးက မိန့်တော်မူသဖြင့် ကောင်းလှပါပြီ အရှင်မင်းကြီးဟု ဝန်ခံ၍ ဒီဃာဝုသတို့သားသည် မင်းကြီးအား များစွာသော နှစ်သက်မြတ်နိုးဖွယ်တို့ကို ကြည့်ရှုလျက် ပြုစုခစား လုပ်ကျွေးသည် ရှိသော် မကြာမြင့်မီပင်လျှင် မင်းကြီးသည် ဒီဃာဝုမင်းသားကို အကျွမ်းဝင်သော်အား ဖြင့် အတွင်း၌ထားလျက် ခစားလုပ်ကျွေးစေ၏။

ထိုနောက် ဗြဟ္မဒတ္တမင်းကြီးက ဒီဃာဝုမင်းသားကို ခေါ်တော်မူ၍ အချင်းလုလင် ရထားပြင်လော့၊ သမင်တောသို့ သွားကြကုန်အံ့ဟု အမိန့်တော် ရှိသောအခါ ဒီဃာဝုမင်းသားလည်း မင်းကြီး၏ စကားကို ဝန်ခံ၍ မင်းစီး ရထားကို ပြင်ဆင်စီမံပြီးလျှင် မင်းကြီးကို လျှောက်ထားလေ၏။ ထိုအခါ ဗြဟ္မဒတ္တကာသိက မင်းမြတ်သည် မြတ်သောရထားသို့ တက်စီး၍ ဒီဃာဝု မင်းသားကို ရထားမောင်းနှင်စေ၏။ ဒီဃာဝုမင်းသားလည်း အကြင်သို့သော အခြင်းအရာဖြင့် ရထားကို မောင်းနှင်သည်ရှိသော် မင်းကြီး၏ စစ်သည်ဗိုလ်ထု တို့သည် မှီခြင်းငှါ မစွမ်းနိုင် ထိုသို့သောအခြင်းအရာဖြင့် ရထားကို လျင်မြန်စွာ မောင်းနှင်ခဲ့၍ ဝေးစွာသောအရပ်သို့ ကျရောက်လေသော် ဗြဟ္မဒတ္တမင်းကြီးက ဒီဃာဝုမင်းသားကို အချင်းလုလင် ရထားကို ချွတ်လော့၊ ငါသည် အလွန် ပင်ပန်းသော သဘောရှိ၏။ သို့ဖြစ်၍ သက်သာရာကို ရစိမ့်သောငှါ အနည်း ငယ်မျှ အိပ်အံ့ဟုဆို၏။ ဒီဃာဝုမင်းသားသည်း ကောင်းပါပြီဟု ဝန်ခံ၍ ရထားကို ချွတ်ပြီးမှ မြေ၌ ပလ္လင်ဖွဲ့ခွေသဖြင့် ထိုင်နေ၏။

ထိုအခါ ဗြဟ္မဒတ္တ အမည်ရသော ကာသိက မင်းကြီးသည် ဒီဃာဝု မင်းသား၏ ရင်ခွင်ထက်၌ ဦးခေါင်းကို ထားလျက် အိပ်သည် ရှိသော် ပင်ပန်းလှသော သဘောရှိရကား တစ်ခဏချင်း အိပ်ပျော်ခြင်းသို့ ရောက်၏။ ဒီဃာဝုမင်းသားလည်း မင်းကြီး အိပ်ပျော်သည်ကို သိလျှင် ဆင်ခြင်သည်မှာ "ဤမင်းကြီးသည် ငါတို့၏ ထီးနန်းစည်းစိမ် ရိပ်ငြိမ်ခပင်း ကျွန်သင်းကျွဲနွား ရထားဆင်မြင်းမှစ၍ ကြီကျဘဏ္ဍာတို့ကို လုယက်ဖျက်ဆီးသဖြင့် အချည်းနှီး အကျိုးမဲ့ကိုသာ ရှာကြံပြုလုပ်ရုံမျှမက ငါ၏ မိခင် ဖခင်တို့ကိုလည်း ဤမင်းကြီး ပင် သတ်လေသည်။ ယခုအခါ ငါသည် ဤရန်ကို ပယ်လှန်သတ်ဖြတ် ပြတ်အောင်ပြုတော့အံ့"ဟု ကြံ၍ သန်လျက်အိမ်မှ သန်လျက်ကို ထုတ်၏။ ထိုနောက်တစ်ဖန် စဉ်းစားဆင်ခြင်ပြန်သည်မှာ "ငါ၏ ဖခင်သည် နတ်ပြည်ခွင်သို့ ကြွတော်မူခါနီး၌ "ချစ်သား ဒီဃာဝု...အသင်သည် ရန်၏ရှည်ခြင်းကို မကြည့်ရှု ပါလင့်၊ တိုသော အဆွေခင်ပွန်းကိုလည်း မရှုပါလင့်၊ ချစ်သား ဒီဃာဝု.... ရန်ဟူသမျှတို့သည် တုံ့လှည့်တစ်ဖန် ရန်မူပြန်သဖြင့် တစ်ရံတစ်ခါမျှ ငြိမ်းပျောက် ခြင်းမရှိ၊ ရန်ကိုရန်ခြင်း တုံ့နှင်းတစ်ဖန် မလှန်မူ၍ သည်းခံနိုင်သော သူသည်

သာလျှင် ရန်အပေါင်း ဟူသမျှတို့သည် ကင်းပ ငြိမ်းချမ်းလေသတည်း”ဟု အသီးသီးအ၀၀ ညွှန်းဖော်ပြလျက် ဆုံးမတော်မူခဲ့သည် မဟုတ်တုံလော၊ ငါသည် အကာယ်၍ ဗြဟ္မဒတ္တမင်းမြတ်၏ ဦးဆက်ကို ဖြတ်လျက် သတ်မိသည် ဖြစ်ခဲ့အံ့၊ ဖခင်၏ စကားကို မနာမယူ ယွင်းဖောက်၍ ကျော်နင်းလွန်ကျူးရာ ရောက်ချေတော့မည်ဟု ထုတ်အပ်သော သန်လျက်ကို သန်လျက်အိမ်အတွင်းသို့ တစ်ဖန် သွင်းထားပြန်၏။

ထိုနည်းအတူ သုံးကြိမ်တိုင်အောင် ကြံစည်ဆင်ခြင်သည် အဆုံးသို့ကျမှ ဗြဟ္မဒတ္တ ကာသိကမင်းကြီးသည် ကြောက်ရွံ့တုန်လှုပ် ထိတ်လန့်သောသဘော ရှိသည်ဖြစ်၍ အဆောတလျင် ရှောင်တခင် အိပ်ပျော်ရာမှ ထ၏။ ထိုအခါ ဒီဃာဝုမင်းသားက အရှင်မင်းကြီး ကြောက်ရွံ့တုန်လှုပ် ထိတ်လန့်သော သဘောရှိသည်ဖြစ်၍ အဘယ်ကြောင့် စက်တော်ခေါ်ရာမှ အဆောတလျင် ရှောင်တခင် ထပါသနည်းဟု မေးသည်ရှိသော် ~ ~ ှင်းလုလင် ငါသည် အိပ်မက်ကို မြင်မက်သည်မှာ “ဤအရပ်ဒေသ တော၌ပင် ဒီဃီတိကောသလ မင်း၏ သားဖြစ်သော ဒီဃာဝုမင်းသားသည် ငါ့အား သန်လျက်ဖြင့် ဦးဆက်ကို ဖြတ်၍ ချလေသည်”ဟု အိပ်မက် မြင်လေသည်။ ထိုကြောင့် ငါသည် စက်တော်ခေါ်ရာမှ ကြောက်လန့်တကြား ဟုန်လှုပ်လျက် လျင်မြန်စွာ ထသတည်းဟု ပြန်ကြားသော် ဒီဃာဝုမင်းသားသည် လက်ဝဲလက်ဖြင့် ဗြဟ္မဒတ္တ မင်းကြီး၏ ဦးခေါင်းကိုကိုင်လျက် လက်ယာလက်ဖြင့် သန်လျက်ကို ထုတ်ကိုင် ရွယ်မိုးလျက် ဗာရာဏသီပြည်ကြီးကို အစိုးရသော ဗြဟ္မဒတ္တမည်သော ကာသိက မင်းကြီး အသင်၏ အိပ်မက်၌ ကွက်ကွက်ထင်ရှား မြင်မက်၍ ထားသော ဒီဃီတိကောသလမင်း၏သား ဒီဃာဝုမင်းသား ဟူသည် ငါမဟုတ်တုံလော၊ အသင်မင်းကြီးသည် ငါတို့၏ ထီးနန်းစည်းစိမ် ရိပ်ငြိမ်ခပင်း ကျွန်သင်းကျွဲနွား ရထားဆင်မြင်းမှစ၍ ကျီကျဘဏ္ဍာတို့ကို လုယူဖျက်ဆီး အချည်းနှီးပြုရုံမျှမက ဖမိနှစ်ပါးတို့ကို ထင်ရှားစွာ ကွပ်မျက်သဖြင့် သတ်လေသည်။ ယခုအခါ ငါအခွင့်သာသဖြင့် မညှာရက်စက် ဤတောနက်တွင် အသင်မင်းကြီး၏ အသက် ကို သတ်ဖြတ်တော့အံ့ဟု ခြိမ်းခြောက်သော် ဗြဟ္မဒတ္တမင်းကြီးသည် ပြင်းစွာ ကြောက်ရွံ့ခြင်းဖြစ်၍ ဒီဃာဝုမင်းသား၏ ခြေရင်း၌ ဝပ်ပြီးလျှင် ချစ်သား ဒီဃာဝု ငါ၏အသက်ကို ချမ်းသာပေးပါဦးလော့ဟု သုံးကြိမ်တိုင်အောင် တောင်းပန်မှ ဒီဃာဝုမင်းသားက အရှင်မင်းကြီးသည် အကျွန်ုပ်အား အသက် တည်နေရအောင် ပေးပါသည်ဖြစ်အံ့၊ အကျွန်ုပ်သည် အရှင်မင်းကြီး၏အသက်ကို ပေးခြင်းငှါ စွမ်းနိုင်ပါ၏ဟု ဆို၏။

ဗြဟ္မဒတ္တမင်းကြီးကလည်း ထိုသို့ဖြစ်လျှင် ချစ်သားဒီဃာဝု သင်သည် ငါ့အား အသက်ကို ပေးပါလော့၊ ငါသည်လည်း အသင်အား အသက်ကို ပေးပါအံ့ဟုဆို၍ အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် တည်နေသမျှ ပတ်လုံး ထိုဘဝဆုံးသည့်တိုင်အောင် အသက်ကိုပေးခြင်း စသည်ကို ပြုကြပြီးမှ နောက်၌တစ်ဖန် မပြစ်မှားဒိမ့်သောငှါ ကျိန်စာပြုခြင်းကို ပြုကုန်၏။ ထိုနောက်မှ ဗြဟ္မဒတ္တမင်းကြီးက ချစ်သားဒီဃာဝု၊ ရထားကို ကလေလော့ သွားကြကုန်အံ့ဟု မိန့်တော်မူ၏။ ဒီဃာဝုမင်းသားလည်း ကောင်းပါပြီ ဝန်ခံ၍ ရထားကို ကပြီးလျှင် မင်းကြီးအား ကြားလျှောက်၏။ မင်းကြီးလည်း ရထားကို စီးပြီးလျှင် ဒီဃာဝုမင်းသားကို မောင်းနှင်စေ၍ ခရီးအစဉ်အတိုင်း လာခဲ့ရာ ကွဲပြား၍ ကျန်ရစ်ခဲ့သော စစ်သည်ဗိုလ်ထုတို့နှင့် ပေါင်းဆုံမိလေ၏။

ထိုအခါ ဗြဟ္မဒတ္တမင်းကြီးသည် ဗာရာဏသီပြည်သို့ ဝင်၍ အလုပ်အကျွေး ဖြစ်ကုန်သော အမတ်အပေါင်းတို့ကို စည်းဝေးစေပြီးမှ အချင်းတို့ အသင်တို့သည် ဒီဃီတိ ကောသလမင်း၏ သားဖြစ်သော ဒီဃာဝုမင်းသားကို တွေ့မြင်ကြကုန်၏လော ထိုမင်းသားကို အဘယ်သို့ ပြုကြကုန်မည်နည်းဟု မိန့်ဆိုတော်မူသော် အချို့သော အမတ်တို့က အရှင်မင်းကြီး အကျွန်ုပ်တို့သည် လက်ကို ဖြတ်ကြကုန်အံ့၊ အချို့သော အမတ်သူရဲတို့က အရှင်မင်းကြီး အကျွန်ုပ်တို့သည် ခြေကို ဖြတ်ကုန်အံ့၊ အချို့ကုန်သော အမတ်သူရဲတို့က အရှင်မင်းကြီး အကျွန်ုပ်တို့သည် လက်ခြေတို့ကို ဖြတ်ကုန်အံ့၊ အချို့သော အမတ်သူရဲတို့က အရှင်မင်းကြီး အကျွန်ုပ်တို့သည် လည်ကိုဖြတ်ကုန်အံ့၊ အချို့သော အမတ်သူရဲတို့က အရှင်မင်းကြီး အကျွန်ုပ်တို့သည် နား-နှာ-ဦးခေါင်းတို့ကို ဖြတ်ကုန်အံ့ဟု အသီးသီး လျှောက်ထားကြကုန်၏။

ထိုအခါ ဗြဟ္မဒတ္တမင်းကြီးက အချင်းတို့ ဤသူငယ်သည်ကား ဒီဃီတိ ကောသလမင်း၏ သားဖြစ်သော ဒီဃာဝုမင်း သားတည်း၊ အချင်းတို့ ဤမင်းသားသည် ငါ့အား အသက်ကို ပေးအပ်၏။ ငါသည်လည်း ဤမင်းသားအား အသက်ကို ပေးအပ်သည် ဖြစ်သောကြောင့် တစ်စုံတစ်ခုမျှ ဤမင်းသားအား ပြုခြင်းကိစ္စကို မရပလေဟု မိန့်တော်မူပြီး၍ ဗြဟ္မဒတ္တ မင်းကြီးက ဒီဃာဝု မင်းသားကို ချစ်သား ဒီဃာဝု အသင်၏ ဖခင်သည် သေလွန်ခါနီးကာလက “မာ ခေါ တွံ။ ပ။ ဝေရေသမ္မန္တိ”ဟူ မှာထား ဆုံးမခဲ့သော ဩဝါဒစကားသည် အဘယ်သို့သော အကြောင်းကိုရုံးပေါင်းသမူ ရည်ညွှန်းပြုသောအားဖြင့် ဆုံးမ ခဲ့သော စကားပေနည်းဟု မေးတော်မူသည်ရှိသော် ဒီဃာဝုမင်းသားက အရှင် မင်းကြီး အကျွန်ုပ်၏ဖခင်သည် စုတိခွင်သို့ကြွဝင်ခါနီးဆုံးမမှာထားခဲ့သောစကား အပေါင်းတို့တွင် “မာ ခေါ တွံ တာတ ဒီဃာဝု ဒီဃံ” ဟူသော စကားအရမှာ

မျက်ကြွတ်ကိုးတန် ဖွဲ့ထားသောရန်ကို ရှည်ကြာသည်ကို မပြုပါလင့်ဟု ဆိုလိုပါသည်။ "မာ ရဃံ" ဟူသော စကား၏ အရမှာ အဆွေခင်ပွန်း ကျွမ်းဝင်ဆက်ဆံကုန်သော သူတို့ကို လျှင်စွာကွဲပြား မုန်းထားအမျက် ဖျက်ဆီးခြင်းကို မပြုပါလင့်ဟု ဆိုလိုပါသည်။ "န ဟိ တာတ ဒီဃာဝု ဝေရေန ဝေရာ သမ္မန္တိ၊ အဝေရေန ဟိ တာတ ဒီဃာဝု ဝေရာ သမ္မန္တိ"ဟူသော စကား၏ အရမှာ အရှင်မင်းကြီး....အရှင်မင်းကြီးသည် အကျွန်ုပ်၏ မိခင်ဖခင်တို့၏ အသက်ကို သတ်ဖြတ်အပ်သည်ဖြစ်၍ အရှင်မင်းကြီးကို အကျွန်ုပ်က အကယ်၍ သတ်သည် ဖြစ်ခဲ့အံ့၊ အရှင်မင်းကြီး၏ အကျိုးစီးပွားကို အလိုရှိကုန်သော များစွာသော သူတို့သည် ရှိကုန်၏။ ထိုသူတို့သည် အကျွန်ုပ်၏ အသက်ကို ပယ်ဖျက် ချသတ်ခြင်းကို ပြုကုန်ရာ၏။ အကျွန်ုပ်၏ အသက်ကို ပယ်ဖျက်ချသတ်သော သူတို့ကို အကျွန်ုပ်၏ အကျိုးစီးပွားကို အလိုရှိသော သူတို့က တစ်ဖန် ချသတ်ပြန်ရာ၏။ ဤသို့ တစ်ဦးနှင့် တစ်ဦးကို အထူး လုံ့လစိရိယဖြင့် သတ်ချပယ်ဖျက် ကြသည်ရှိသော် အဆက်မပြတ် အဘပ်ထပ်ရန်ကို မြင်သဖြင့် အဘယ်အခါတွင်မျှ ထိုဘေးရန်ခပ်သိမ်း ငြိမ်းပျောက်အံ့သည် မရှိ၊ ဤယခုအခါ၌ကား အရှင်မင်းကြီးသည် အကျွန်ုပ်အား အသက်ကို ပေး၏၊ အကျွန်ုပ်သည်လည်း အရှင်မင်းကြီးအား အသက်ကို ပေးသဖြင့် ဤရန်စသည် မထမကြွ တစ်ခဏဖြင့် ပပျောက်၍ ငြိမ်းရသည်ကို ဆိုလိုပါသည်။ အရှင်မင်းကြီး ဤသို့ ပြဆိုပြီးခဲ့သော အဓိပ္ပါယ်အသွယ်သွယ်တို့ကို ရည်ညွှန်းတော်မူ၍ အကျွန်ုပ်၏ ဖခင်သည် စုတိခွင်သို့ ကြွဝင်ခါနီး၌ ဆုံးမသြဝါဒစကား မှာထားခဲ့ပါသည်ဟု လျှောက်ကြားသော် ဗြဟ္မဒတ္တမင်းကြီးက ဤပါဠိဖြင့် ချီးမွမ်းထောမနာ ပြုတော်မူ၏—

> အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော၊ ယာဝ ပဏ္ဍိတော အယံ ဒီဃာဝု ကုမာရော၊ ယတြ ဟိ နာမ ပိတုနော သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနိဿတိ—

အို—အချင်းတို့ အလွန်အကျူး အထူးသဖြင့် ချီးမွမ်းအံ့သြဖွယ် ရှိပေစွတကား၊ အိုအချင်းတို့ မဖြစ်ဖူးမြဲ ဖြစ်လေစွတကား။ ဤဒီဃာဝုမင်းသားသည် သိကြားလိမ္မာ ပညာအမြင် ရှိလှပေ၏။ ယင်းကဲ့သို့လျှင် မိမိ၏ ဖခင်သည် အကျဉ်းမျှဖြင့် ဆုံးမမြွက်ဆိုခဲ့သော စကား၏ အဓိပ္ပါယ်တို့ကို အကျယ်အားဖြင့် ဝေဖန်၍ သိလေစွတကားဟု ချီးမွမ်းထောမနာပြီးလျှင် ချစ်ခင်လှစွာသော မိမိ၏ သမီးတော်ကို ထိုဒီဃာဝု မင်းသားအား ဆောင်နှင်းပြီးမှ ဒီဃာဝု မင်းသားအား ဖခင်၏ အမွေဖြစ်သော တိုင်းပြည် ထီးနန်းစည်းစိမ်ကို ပေးအပ်တော်မူ၏။

## မြတ်စွာဘုရား ပါလိလေယျကတောသို့ ကြွရောက် ဝါဆိုတော်မူခြင်း

ချစ်သားရဟန်းတို့ ထိုအခါ နှစ်ဦးသော မင်းတို့သည် အချင်းချင်း အမျက်ထွက်၍ လက်နက်စွဲကိုင် အနိုင်အထက် နှိပ်စက် အပ်ပြီးသောသူ ဖြစ်ပါလျက်နှင့်ပင်သော်လည်း သူတော်ကောင်းတည်းဟူသော ဒီဃီတိကောသလမင်း၏ ဩဝါဒစကားအရဖြင့် သည်းခံခြင်းရှိကြကုန်သည်ဖြစ်၍ နှစ်ပြည်ထောင်တို့၌ မင်းအဖြစ်သို့ ရောက်တုံသေး၏။ အသင်တို့သည် ငါကဲ့သို့သော ဘုရားသည် ထင်ရှားရှိစဉ် ဩဝါဒဒေသနာ ကောင်းစွာဟောကြားအပ်သော ဝိနည်းတရားတော်၌ သဒ္ဓါတရား ဖြစ်ပွားယုံကြည် ရဟန်းပြုကြကုန်သည် မှန်ပါလျက် ဘယ်အတွက်ကြောင့် အမျက်ဒေါသကို ပယ်ရှားလျက် သည်းခံခြင်း တရားကို အားမထုတ်ကြပါကုန်သနည်း။

နှစ်သက်သောအားဖြင့် သည်းခံခြင်းတရားကို အားထုတ်ကြပါကုန်လော့။ ငြင့်တယ်စွာ နေထိုင်ကြကုန်လော့ဟု ဆုံးမဟောကြားလေငြားသော်လည်း ထိုရဟန်းတို့ အညီအညွတ်ဖြစ်ခြင်းငှါ မစွမ်းနိုင်လေ၊ မြတ်စွာဘုရားရှင်သည် ဤကဲ့သို့ ငြင်းခုံခိုက်ရန် အတန်တန်ဖြစ်ပွားသော ရဟန်းအများတို့နှင့် ရောပြွမ်းလျက် သီတင်းသုံး မွေ့လျော် စံပယ်တော်မူရသည်၌ ငြီးငွေ့ဆန့်ကျင်ခြင်း ရှိတော်မူလှ၍ ငါဘုရားသည် များစွာသော ဤရဟန်းတို့နှင့် ရောပြွမ်း၍ နေရခြင်းသည် ပင်ပန်းဆင်းရဲသဖြင့်သာ နေရချေသည်။ ငြင်းခုံကွဲပြားသော ဤရဟန်းများတို့လည်း ငါ၏စကားကို နားယောင်ခြင်း မရှိကြကုန်။ အလုံးစုံသော ရဟန်းသံဃာ များစွာသော တပည့်ပရိသတ်တို့ကို ပယ်စွန့်လျက် တစ်ပါးတည်းသာ ကိန်းအောင်းနေခြင်းငှါ ကောင်းစွာလျှောက်ပတ်လှသေးသည်ဟု ကြံဆင်ခြင်တော်မူပြီးသော် ကောသမ္ဗီပြည်တွင်းသို့ ဆွမ်းခံခြင်းအလို့ငှါ လှည့်လည်တော်မူပြီး၍ ရဟန်းအပေါင်းတို့ကို ပန်ကြားတော်မမူခဲ့ဘဲ ကိုယ်တော်မြတ် တစ်ပါးတည်းသာလျှင် မိမိ၏ သပိတ်သင်္ကန်းတော်တို့ကို ကိုင်စွဲယူငင်တော်မူ၍ ပါလိလေယျကရွာသို့ ရှေးရှုကြွတော်မူခဲ့ပြီးလျှင် ထိုပါလိလေယျက ရွာ၌ အဖော်မလှော်က် တစ်ယောက်ထီးတည်း ကိန်းအောင်းပျော်နေလေ့ရှိသော ဘဂုမထေရ်အား တစ်ပါးတည်းသာ ကိန်းအောင်းနေမျှရာ၌ ကျင့်ရာသောဝတ် မချွတ်ဖွယ်ရန် အကြောင်းကို ကောင်းစွာ ဟောကြားတော်မူခဲ့ပြီး၍ ပါစီနဝံသ အရှေ့မိဂဒါဝုန်၌ ညီရင်းအစ်ကိုတမျှကဲ့သို့ ညီညွတ်စွာ နေကြသော မသေရ်သုံးဦးတို့ကို သင့်တင့်ညီညွတ်စွာ နေထိုင်ကြသောအရာတို့၌ ကြီးစွာသော အကျိုးအာနိသံသကို မြွက်ဟထုတ်ဖော် ဟောကြားတော်မူခဲ့

ပြီးသော် ပါလိလေယျကတောအုပ်သို့ ကပ်၍ အင်ကြင်းပင်ရင်းသို့ ကပ်လျက် တင့်ထယ်လျှောက်ပတ် မြင့်မြတ်သော ဣရိယာပုထ် မျှတသီတင်းသုံးတော်မူ၏။

ပါလိလေကယျ ဆင်မင်းဝတ္ထု

ဤတောအုပ်၌ ပါလိလေယျကမည်သော ဆင်သည် ရှေးယခင်က များလှစွာသော ဆင်အပေါင်းတို့နှင့် လှည့်ပတ်သွားလာရသည့်အခါ များစွာသော ဆင်ပေါက်, ဆင်မ,ဆင်ရွှေဟူသမျှတို့သည် ရှေးကအလျင် ပြေးဝင်သွားရှောက်၍ ညွန့်ညှောက်နုပျို စိမ်းစိုသော သစ်ရွက် သစ်ခက် မြက်တို့ကို ချိုးဖျက်စားသောက်၍ သွားကြသဖြင့် နောက်မှလိုက်ရသော ငါ့အား ရင့်ငြားကြွေရော် ကြမ်းထော်အခက် မြက်သစ်ရွက်တို့ကိုသာ စားရချေသည်။ ရေယဉ်အတွင်း သက်ဆင်းကြသော အခါလည်း ရှေကဖြတ်ကာ ကြည်အေးစွာသော ရေတို့ကို သောက်ပြီးမှ မွှေနောက်၍ပစ်ကြသောကြောင့် နောက်လှသောရေကိုသာ သောက်မျိုရချေသည်၊ ရေ၏အတွင်း ဆင်းသောအခါ တက်သောအခါတို့၌ ဆင်ပေါက်,ဆင်မ, ဆင်ရွှေဟူသမျှတို့သည် ခွန်အားဗလ နည်းပါးလှသော ငါ့အား ထိပါးတိုက်ခိုက်လျက် သွားကြကုန်သည်။ ဤသို့သော ဒုက္ခတို့ကို ငါခံစားရခြင်းသည် အပေါင်းအဖေါ်တို့နှင့်တကွ နေရခြင်းကြောင့်ဖြစ်ရလေသည်ဟု ကြံစည်တွေးတောလျက် များစွာသောသူတို့နှင့် ပေါင်းသင်းဆက်ဆံ၍ နေရခြင်းကို ငြီးငွေ့လှသောကြောင့် ဆင်အပေါင်းတို့မှ ကြဉ်ရှောင်ပယ်ခွါလျက် တစ်ကောင်တည်းသာလျှင် ပါလိလေယျက တောအုပ်၌ မွေ့လျော်လည်ပတ် ကျက်စား၍ နေသဖြင့် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အင်ကြင်းပင်ရင်းသို့ ကပ်လာ၍ မြတ်စွာဘုရားရှင်ကို ကြည်လင်ကော်ရော်ဖူးဇော် ရှိခိုးပြီး၍ ထိုဤအရပ် ထက်ဝန်းကျင်ကို ကြည့်ရှုသည်ရှိသော် လုပ်ကျွေးမည့်သူ ပုဂ္ဂိုလ်ဟူသမျှ တစ်စုံတစ်ယောက်မျှ မပါသည်ကို သေချာထင်ထင်သိမြင်သော် အကိုင်းအခက် ကောင်းမြတ်လှသော အင်ကြင်းပင်ကြီး၏ အမြစ်ဟူသမျှတို့ကို မိမိ၏ ခြေဖြင့် ဖြတ်ချေပုတ်ခတ် ဖြတ်တောက်ပယ်ရှား ရွှေပြီးသော် နှာမောင်းဖြင့် သစ်ခက်ကို ချိုးဖျက်ဖြတ်တောက်၍ ယူပြီးလျှင် မြတ်စွာဘုရား သီတင်းသုံးတော်မူရန် အလို့ငှါ ကောင်းစွာတံမြက်လှဲ၍ ပေးပေ၏။

ထိုအခါမှ စ၍ နှာမောင်းဖြင့် ရေအိုးကို ယူပြီးသောအခါ မြတ်စွာဘုရားရှင်၏ သောက်တော်ရေ သုံးတော်ရေတို့ကိုလည်း တည်ထားပေး၏။ မြတ်စွာဘုရားသည် ရေပူရေနွေးဖြင့် အလိုရှိတော်မူသည်ရှိသော် ရေပူရေနွေးကို စီရင်၍ ပေးပေ၏။ အဘယ်သို့ စီရင်နည်းဟူမူ ထင်းသစ်တို့ကို ထင်းသစ်ချင်းတိုက်ခိုက်ပွတ်ပြီး၍ မီးကိုဖြစ်စေလျက် ထိုမီး၌ သစ်တို့ကိုထည့်ပြီး မီးတောက်

ကို ဖြစ်စေ၍ မီးတောက်ထဲ၌ ကျောက်ကို ထည့်ပြီးလျှင် ကျောက်စွာမီးဖုတ်၍ တုတ်လှန်ကန်ငယ်ဖြင့် ပြန်လှန်လိမ့်ယူပြီးလျှင် ရေအိုင်ငယ်တစ်ခုသို့ ချ၍ ထို နောက်မှ နှာမောင်းတည်းဟူသော လက်ဖြင့် ရေထက်သို့ ထည့်ချ စူးစမ်း၍ ရေ၏ ပူနွေးသည်၏အဖြစ်ကို သိပြီးသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် အထံသို့သွား၍ ရှိခိုး၍နေ၏။

မြတ်စွာဘုရားရှင်ကား ပါလိလေယျက အသင်သည် ရေကို ပူစေအပ် ပြီလောဟု မိန့်တော်မူပြီးသော် ထိုရေအိုင်ငယ်သို့ ကြွသွားတော်မူပြီးလျှင် ရေသုံးသပ်တော်မူ၏၊ထိုနောက်မှ ပါလိလေယျက ဆင်သည် အသွယ်သွယ်သော သစ်သီး ကြီး ငယ်တို့ကို ရှာကြံဆောင်ယူလျက် ပေးလှူ၏။ အကြင်အခါ၌ မြတ်စွာဘုရားရှင်သည် ရွာတွင်းသို့ ဆွမ်းခံခြင်းငှါ ကြွတော်မူ၏။ ထိုအခါ၌ ပါလိလေယျကဆင်သည် မြတ်စွာဘုရားရှင်၏ သပိတ်သင်္ကန်းတော်တို့ကို ယူ၍ မိမိ၏ ဦးကင်းထက်၌ တင်ထားပြီး မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့် ထက်ကြပ် မကွာ အတူသာလျှင် လိုက်သွား၏။ မြတ်စွာဘုရားရှင်သည်လည်း ရွာ၏ ဥပစာရသို့ ကျရောက်သော် ပါလိလေယျက....ဤအရပ်မှ စ၍ အသင်သည် ရှေ့သို့တစ်ဖန် သွားပြန်အံ့သောငှါ မတတ်ကောင်း၊ငါဘုရား၏ သပိတ်သင်္ကန်းကို ဆောင်ခဲ့လော့ဟု မိန့်တော်မူ၍ သပိတ်သင်္ကန်းကို ဆောင်စေပြီးလျှင် မြတ်စွာ ဘုရားရှင်သည် ရွာတွင်းသို့ ဆွမ်းခံ ကြွဝင်တော်မူ၏။

ပါလိလေယျက ဆင်သည်လည်း ဆွမ်းခံရွာမှ မြတ်စွာဘုရား ကြွတော်မမူလာ သေးသမျှကာလပတ်လုံး မြတ်စွာဘုရား မိန့်မှာချထားခဲ့သော ထိုနေရာကပင် ငံ့လင့်ဆိုင်းမှီ ရပ်တည်စောင့်စား၍နေပြီး မြတ်စွာဘုရား ကြွလာတော်မူသည် ရှိသော် ခရီးဦးကြိုဆိုလျက် ရှေးနည်းဖြင့်သာလျှင် သပိတ်သင်္ကန်းကို ကိုင်လှမ်း ဆွဲငင် ယူ၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရာဖြစ်သော ဌာန၌ သပိတ် သင်္ကန်းကို ချထားလျက် ဝတ်ကြီးဝတ်ငယ် ဟူသမျှ ပြုဖွယ်ကိစ္စတို့ကို ပြီးစေ၍ သစ်ခက်ဖြင့် ယပ်လေခတ်လျက် နေပေ၏။ညဉ့်အခါသို့ ကျရောက်သည်ရှိသော် သားရဲ စသော ဘေးရန်တို့ကို တားမြစ် ပယ်ရှားခြင်းငှါ ကြီးစွာသော တုတ် လှန်ကန်ကို နှာမောင်းဖြင့် ချီယူလျက် မြတ်စွာဘုရားကို စောင့်ရှောက်အံ့ဟု နေအရုဏ်ရောက် မိုးသောက်မြောက်အောင် တောအုပ်၏ အကြားအကြား၌ လှည့်ပတ်သွားလာပေ၏။ ထိုအခါမှစ၍သာလျှင် ၎င်းတောအုပ်သည် ပါလိလေ- ယျက ဆင်မင်းသည် စောင့်ရှောက်အပ် သောကြောင့် ပါလိလေယျကရက္ခိတ တောအုပ်ဟု တွင်လေသတတ်။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌ မိန့်၏–

တတော ပဋ္ဌာယယေဝ ကိရ သော ဝနသဏ္ဍော ပါလိလေယျက ရက္ခိတ ဝနသဏ္ဍော နာမ ဇာတော–

ထိုပါလိလေယျက ဆင်မင်းသည် မြတ်စွာဘုရားရှင်အား ကြည်လင်မပြတ် ဝပ်ဆည်းကပ်၍ စောင့်ရှောက်အပ်သောအခါမှ စ၍သာလျှင် ထိုတောအုပ်သည် ပါလိလေယျက ဆင်သည် စောင့်ရှောက်အပ်သော တောအုပ်မည်သည် ဖြစ်သတတ်။

နေ့အရှက် မိုးသောက်သို့ ကျရောက်သော် မျက်နှာသစ်တော်ရေကို အစ ပြု၍ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ် ဟူသမျှတို့ကို တစ်စမကျန် အမှန်အမြဲ ပြုစုပေ၏။

## မျောက်သည်လည်း မြတ်စွာဘုရားအား ပူဇော်ခြင်း

ထိုမှ နောက်တရံသောအခါ ၎င်းတောအုပ်၌ ကျင်လည်ကျက်စားသွားလာ လှည့်ပတ်သော မျောက်တစ်ကောင်သည် ပါလိလေယျက ဆင်သည် မြတ်စွာ ဘုရားရှင်အား ကြည်လင်မပြတ် ဆည်းကပ်လျက် အဘိသမာစာရိက ဝတ်ကို မယွင်းချွတ်ရအောင် ပြုစုလုပ်ကျွေးသည်ကို မြင်သောကြောင့် ငါသည်လည်း တစ်စုံတစ်ခုသော အမှုကိစ္စပြုဖွယ်ရှိကလျှင် ပြုအံ့ဟု ကြံဆင်ခြင်လျက် တောနှင့် ၌ လှည့်လည်သည်ရှိသော် တစ်နေ့သောအခါ၌ ပျားကောင်မရှိသော ပျားတံ တစ်ခုကို တွေ့မြင်၍ လျင်မြန်စွာ ချိုးယူပြီးလျှင် အတံနှင့်တကွသော ပျားကို မြတ်စွာဘုရားရှင်၏ ထံသို့ ဆောင်ယူ၍ ငှက်ပျောရွက်ကို ဖြန့်ပြီးလျှင် ၎င်းငှက် ပျောရွက်၌ ထည့်လျက် တင်ထားပြီး၍ မြတ်စွာဘုရားအား ပေးလှူပူဇော် လေ၏။ မြတ်စွာဘုရားရှင်သည်လည်း အလှူခံတော်မူ၏။ မျောက်သည်လည်း မြတ်စွာဘုရား ဘုဉ်းပေးသုံးဆောင်တော်မူခြင်းကို ပြုတော်မူ၏လော ဘုဉ်းပေး သုံးဆောင်တော်မမူဘဲပင် ရှိမည်လောဟု ကြည့်ရှု၍နေသည်ရှိသော် မြတ်စွာ ဘုရားလည်းဘုဉ်းပေးသုံးဆောင်တော်မမူ၊ ကိုင်မ၍နေတော်မူသည်ကိုသာ မြင် သဖြင့် အကြောင်းမည်သို့ရှိလေသောကြောင့် မြတ်စွာဘုရားသည် ဘုဉ်းပေးသုံး ဆောင်တော် မမူလေသလောဟု တွေးတော ဆင်ခြင်လျက်ပျားတံ၏ အစွန်းကို ကြည့်ရှုစူးစမ်း ဆင်ခြင်ပြန်သော် ပျားဥတို့ကိုမြင်လေ၍ ထိုပျားဥတို့ကို တဖြည်း ဖြည်း ပယ်ရှားလျက် တစ်ဖန် ဘုရားရှင်အား ကပ်လှူပြန်၏။ မြတ်စွာဘုရားနှင့် လည်း ဘုဉ်းပေးသုံးဆောင်တော်မူ၏။ ထိုမျောက်သည်လည်း မြတ်စွာဘုရားရှင် ဘုဉ်းပေး သုံးဆောင်တော်မူသည်ကို မြင်လျှင် နှစ်သက်ကြည်လင် အလွန် ရွှင်ပြသော စိတ်ရှိလှသည်ဖြစ်၍ ထိုထိုသို့သော သစ်ခက်ကိုလက်ဖြင့် ကိုင်ဆွဲ

အားနှင့်၍ ကခုန်ရပ်တည်လေ၏ ထိုအခါ မျောက်၏ လက်ဖြင့် ကိုင်ဆွဲသော သစ်ခက်သည်လည်းကောင်း၊ ခြေဖြင့်နင်းသော သစ်ခက်သည် လည်းကောင်း ကျိုးပြတ်လေသဖြင့် အောက်သို့ ကျလေသည်ရှိသော် တစ်ခုသော သစ်ငုတ် ထက်၌ကျလျက် ထုတ်ခြင်း လျှိုထွင်းသော ကိုယ်ရှိသည်ဖြစ်၍ မြတ်စွာဘုရား ရှင်အား ကြည်လင်နှစ်သက်သော စိတ်ဖြင့် သေလွန်၍ တာဝတိံသာ နတ်ပြည်ဝယ် ယူဇနာသုံးဆယ် အပြန့်ကျယ်သော ရွှေဗိမာန်ကြီး၌ နတ်သမီး တစ်ထောင် အရံရှိသော မက္ကဋနတ်သားအမည်ဖြင့် ဖြစ်လေ၏။

မြတ်စွာဘုရားရှင်၏ထိုတောအုပ်၌ ပါလိလေယျက ဆင်မင်းသည် လုပ်ကျွေး ပြုစုအပ်သဖြင့် ဝါတွင်းသုံးလပတ်လုံး သီတင်းသုံး၍ နေတော်မူသော အဖြစ် သည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ ကျော်စောထင်ရှားခြင်း ဖြစ်လေ၏။

## ရဟန်းတော်တို့ ညီညွတ်ကြခြင်း

ကောသမ္ဗီ ပြည်သူပြည်သား များစွာသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည်လည်း ကျောင်းတော်သို့ သွားကြ၍ မြတ်စွာဘုရား ရှင်ကို မဖူးမြင်ရကုန်သည်ရှိသော် ရဟန်းတို့၏ အထံသို့ကပ်၍ အရှင်မြတ်တို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် အဘယ်အရပ်မှာ ရှိပါသနည်းဟု မေး လျှောက်၍ သံဃာတော် အရှင်တို့ကလည်း ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ မြတ်စွာဘုရားရှင်သည် ပါလိလေယျက တောခွင်သို့ကြွဝင် စံပယ်တော်မူလေသတည်းဟု ပြန်ကြား မိန့်ဆိုတော်မူကြကုန်၏။ အရှင်ဘုရား တို့ မြတ်စွာဘုရားရှင်သည် ပါလိလေယျက တောခွင်သို့ ကြွဝင်စံပယ်တော် မူသည်မှာ အဘယ်သို့သော အကြောင်းကြောင့် ပါနည်းဟု ဒါယကာတို့က မေးလျှောက်ပြန်သော် ဒါယကာတို့ ဤကောသမ္ဗီပြည်၌ နေထိုင်၍ရှိကြသော သံဃာတော်တို့သည် နှစ်ဦးနှစ်ဝါဒ ကွဲပြား၍ ရှိကြသဖြင့် ၎င်းသံဃာတို့ ညီညွတ်သင့်တင့်အောင် ဩဝါဒပေးတော်မူပါသော်လည်း တပည့်သားသံဃာ ငါတို့သည် သင့်တင့်ညီမျှ မဖြစ်ကြသောကြောင့် မြတ်စွာဘုရား ကြွသွားတော်မူ လေသည်ဟူ၍ မိန့်ဆိုကြလျှင် အသို့နည်း၊ အရှင်ဘုရားတို့သည် ဆရာဖြစ်တော် မူပေသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံ၌ ရဟန်းပြုကြသည် မှန်ပါလျက် ထိုမြတ်စွာဘုရားရှင် ဆုံးမတားမြစ်သည်ကို အရှင်မြတ်တို့ မနာ မယူမသင့်မတင့် ဖြစ်ကြကုန်ပါသေးသလောဟု ဒါယကာတို့ မေးလျှောက် သော် ဟုတ်ပေ၏ဟု ဝန်ခံကြကုန်၏။

ထိုအခါ များစွာသော လူအပေါင်းတို့သည် ဤရဟန်းတို့သည်ကား ဆရာ ဖြစ်တော်မူသောမြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုကြကုန်သည် ဖြစ်ပါ လျက် ထိုမြတ်စွာဘုရားသည် ဩဝါဒမှိုက်ဆေးကို တိုက်ကျွေးသဖြင့် သင့်တင့်

ညီညွတ်သည်ကိုပြု ပါလျက် မြတ်စွာဘုရားစကားကို လိုက်နာခြင်းမရှိ၊ မိမိတို့ဝါဒ အမျက်ဒေါသကဲ့ပြား၍သာ နေကြကုန်သည်။ ငါတို့ပြည်သူပြည်သား များစွာသော လူအပေါင်းတို့သည်လည်း ရဟန်းတို့သည် ပရမ်းပတာ အပြာပြာကွဲပြား ဝိဝါဒ ဖြစ်ပွားခြင်းကြောင့် ဤရဟန်းတို့ကို အမှီပြု၍ မြတ်စွာဘုရားရှင်ကို ဖူးခြင်းငှာ မရကုန် ယနေ့မှစ၍ ဤရဟန်းတို့ကို ငါတို့လူများအပေါင်းတို့သည် နေရာပေးခြင်း လက်အုပ်ချီမိုး ရှိခိုးခြင်း စသည်ကို မပြုကြကုန်အံ့ဟု၊ အချင်းချင်းတိုင်ပင်ညီညွတ် ကတိက ဝတ်ထားကြသဖြင့် ထိုအခါမှစ၍ ရဟန်းတို့အား အရိုအသေအမှုကိုမျှ မပြုကြဘဲ ရှိလေကုန်၏။

ထိုရဟန်းတို့လည်း ဆွမ်းဘောဇဉ် အာဟာရတို့မှစ၍ မမျှလောက် မပြည့်စုံသဖြင့် အလုံးစုံခြောက်ကပ်သော သဘောရှိကုန်ရကား နှစ်ရက်သုံးရက်မျှဖြင့်သာလျှင် ဖြောင့်မတ်တည်ကြည်သော သဘောရှိကုန်သည်ဖြစ်၍ အချင်းချင်း အပြစ်ကိုပြ၍ သည်းခံကြစေပြီးသော် ဒါယကာတို့၏ အထံသို့သွား၍ ဆို-ဒါယကာ အပေါင်းတို့ ငါတို့သည် ဝိဝါဒဖြစ်ပွား ကွဲပြားခြင်း အလုံးစုံသည် အကုန်ပြေငြိမ်း ချမ်းသာသဖြင့် ညီညွတ်စွာဖြစ်ကြလေကုန်ပြီ။ အသင်ဒါယကာတို့သည်လည်း ရှေးနှင့်တူစွာ ရှေးအခါကကဲ့သို့ ဖြစ်ကြကုန်လော့ဟု ပြောဆိုကုန်၏။ ဒါယကာတို့ကလည်း အရှင်မြတ်တို့သည် မြတ်စွာဘုရားရှင်ကို သည်းခံစေအပ်သည်ဖြစ်၍ ကန်တော့ဝန်ချအပ်ပြီလောဟု မေးလျှောက်သော် မြတ်စွာဘုရားရှင်အား မကန်တော့ ဝန်မချရသေးဟု ရဟန်းတို့က မိန့်ဆိုကုန်၏။ ထိုသို့ဖြစ်လျှင် အရှင်မြတ်တို့သည် ဆရာဖြစ်တော်မူပေသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ကန်တော့ဝန်ချသောအားဖြင့် သည်းခံကြစေကုန်လော့။ အရှင်မြတ်တို့သည် မြတ်စွာဘုရားရှင်ကို ကန်တော့ဝန်ချသောအားဖြင့် သည်းခံစေအပ်သည်ရှိသော် ဘုရားတပည့်တော် ဒါယကာတို့သည်လည်း ရှေးအခါနှင့်တူစွာ ဖြစ်ပါကုန်အံ့ဟု လျှောက်ထားကုန်၏။

ထိုရဟန်းတို့သည် ဝါလအတွင်းအခါ ဖြစ်သဖြင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏အထံသို့ သွားရောက်အံ့သောငှာ မစွမ်းနိုင်သည်ဖြစ်၍ဆင်းရဲငြိုငြင် ပင်ပန်းသဖြင့်သာလျှင် ဝါတွင်းသုံးလကို လွန်စေကြရကုန်၏။ ဝါလကျွတ်သောအခါ သာဝတ္ထိပြည်ကြီးမှ အနာထပိဏ် ဒါယကာ၊ ဝိသာခါ ဒါယိကာမ အစရှိကုန်သော ရတနာသုံးပါးတို့၌ ယုံကြည်သက်ဝင်ခြင်း ရှိကုန်သော သမ္မာဒိဋ္ဌိ အမျိုးကောင်းသား ယောကျ်ား မိန်းမတို့သည် အာနန္ဒာအရှင်မြတ်အား အရှင်ဘုရားအာနန္ဒာ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို ငါတို့အား ပြတော်မူပါကုန်လော့ဟု သတင်းစကားလျှောက်ကြား စေလွှတ်ကုန်၏။

ထိုသို့သောအရပ်မျက်နှာတို့၌ သီတင်း သုံးတော်မူကြကုန်သော ငါးရာမျှလောက်သော သံဃာတော်မြတ်တို့လည်း ဝါကျွတ်လတ်သည်ရှိသော် အရှင်အာနန္ဒာ၏ အထံသို့ ကပ်၍ ငါ့ရှင်အာနန္ဒာ ငါတို့သည် မြတ်စွာဘုရားရှင်၏ မျက်မှောက်တော်၌ တရားတော်ကို မနာရသည်မှာ ကြာမြင့်စွာ ရှိလေပြီ၊ ငါ့ရှင်အာနန္ဒာ ငါတို့သည် တောင်းပန်ပါကုန်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ မျက်မှောက်တော်၌ တရားတော်ကိုနာခြင်းငှါ အလိုရှိပါကုန်၏။ ငါတို့အား မြတ်စွာဘုရားရှင်၏ ရှေ့တော်မှောက်သို့ ရောက်အောင် ပို့သပါလော့ဟု တောင်းပန်ကြကုန်၏။

## အရှင်အာနန္ဒာ မြတ်စွာဘုရားထံ ချဉ်းကပ် ပူဇော်ခြင်း

အာနန္ဒာမထေရ်သည် ထိုရဟန်းတို့ကို ခေါ်ဆောင်ပြီးလျှင် မြတ်စွာဘုရား သီတင်းသုံးတော်မူရာဖြစ်သော ပါလိလေယျက တောအုပ်သို့ သွား၍ ဝါတွင်း သုံးလတို့ပတ်လုံး တစ်ယောက်ထည်းတည်းသာ သီတင်း သုံးတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ ဤမျှလောက်ပါ များစွာသော ရဟန်းတို့နှင့်တကွ ဆည်းကပ်ခြင်းငှါ မသင့်တင့် မလျောက်ပတ်ချေ တကားဟု စဉ်းစားကြံဆင်ခြင်တော်မူပြီးသော် ထိုရဟန်းငါးရာမျှတို့ကို အပ၌ ထားခဲ့ပြီးသော် တစ်ပါးတည်းသာလျှင် မြတ်စွာဘုရားရှင်၏ အထံသို့ ချဉ်းကပ်လေ၏။

ပါလိလေယျက ဆင်မင်းသည် အာနန္ဒာမထေရ်ကို မြင်လျှင် တုတ်လုံးကန်ကိုယူ၍ ရိုက်ပုတ်ခြင်းငှါ ပြေး၍ လာခဲ့၏။ မြတ်စွာဘုရားရှင်သည် ထိုပါလိလေယျက ဆင်ကိုကြည့်တော်မူ၍ ပါလိလေယျက လွတ်ရာတပါးသို့ ဖယ်သွားလေလော့။ အသင်သည် ဟန့်တားပယ်မြစ်ခြင်းကို မပြုလေလင့်။ ဤ ယခု ဆည်းကပ်လာသော အာနန္ဒာသည်ကား ဤငါဘုရား၏ အလုပ်အကျွေး ပေတည်းဟု မိန့်တော်မူလေ၏။ ယင်းသို့သောအခါမှ ပါလိလေယျက ဆင်သည် ထိုနေရာ၌ပင် မိမိချိင် ယူဆောင်လာသော တုတ် လုံးကန်ငယ်ကို ချစွန့်၍ သပိတ် သင်္ကန်း လှမ်းယူခြင်းကို ခွင့်ပန်၏။ အာနန္ဒာမထေရ်ကလည်း သပိတ် သင်္ကန်းကို မပေး။ ထိုအခါပါလိလေယျကဆင်က ဤအရှင်သည် သင်အပ်ပြီးသော ဆရာတို့၌ ပြုအပ်သောဝတ် မချွတ်မယွင်းသိမြင်ခြင်းသဘောသည် အကယ်၍ ရှိခဲ့သည်ဖြစ်တုံအံ့။ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ သီတင်းသုံး နေထိုင်တော် မူရာဖြစ်သော ကျောက်ဖျာထက်၌ မိမိ၏ သပိတ် ပရိက္ခရာတို့ကို တင်ထားခြင်းကို မပြုပေလတ္တံ့ ဟု ကြံ၍ ကြည့်ရှုကာသာနေ၏။ အာနန္ဒာမထေရ်လည်း မိမိ၏ သပိတ် သင်္ကန်းကို မြေကြီးအပြင်၌ ချထားပေ၏။

ပါလိလေယျက ဆင်သည် ထိုကဲ့သို့သော အကြံဖြစ်ခြင်းမှာ လောက၌ ဝတ်ကြီးဝတ်ငယ်တို့နှင့် ပြည့်စုံကုန်သော တပည့်တို့သည် ဆရာမြတ်တို့ သီတင်းသုံး နေတော်မူသော နေရာ၌လည်းကောင်း၊ သပ္ပါယ်မျှရှောင်း ကျိန်းအောင်းသော နေရာ၌လည်းကောင်း မိမိ၏ ပရိက္ခရာတို့ကို မထား မသိုမှီးကြကုန်။ ထိုကြောင့် ဤကဲ့သို့သော အကြံသည် ဖြစ်လေသတည်းဟု ၎င်း ဆင္ဒကထာ၌ မိန့်တော်မူ၏။

အာနန္ဒာ မထေရ်သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သို့ ချဉ်းကပ်၍ ရှိသေမြတ်နိုး ရှိခိုးပူဇော်ပြီးလျှင် တင့်အပ် လျောက်ပတ်သော အရပ်၌ နေထိုင်၏။

## ရဟန်းတော်ငါးရာတို့ အရဟတ္တဖိုလ်တည်ကြခြင်း

မြတ်စွာဘုရားရှင်သည်လည်း ချစ်သားအာနန္ဒာ သင်ချစ်သား တစ်ယောက်တည်းပင် လာလှည့်သလောဟု မေးတော်မူသော် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ငါးရာမျှလောက်ကုန်သော ရဟန်းတို့နှင့်အတူဘက္ခ လာခဲ့ကြပါသည်ဟု လျှောက်ကြားသဖြင့် ထိုရဟန်းတို့ကား အဘယ်မှာနည်းဟု မေးတော်မူပြန်သည်ရှိသော် အရှင်ဘုရားတို့၏ အလိုတော်ကို မသိရသေးပါသောကြောင့် ပြင်ပ၌ ငံ့လင့်ထားခဲ့ရ ပါကြောင်းကို လျှောက်ထား၍ ထိုသို့ဖြစ်လျှင် ချစ်သားအာနန္ဒာ ထိုရဟန်းတို့ကို ခေါ်ချေလော့ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာသည် လျင်စွာသွား၍ ငါးရာမျှလောက်သော ရဟန်းတို့ကို မြတ်စွာဘုရား အမိန့်တော်ဖြင့် ခေါ်ဆောင်သော် ရှေ့တော်မှောက်သို့ လာရောက်ကြကုန်၏။

မြတ်စွာဘုရားရှင်သည်လည်း ထိုရဟန်းတို့နှင့်အတူတကွ မေးမြန်းပြောဆိုမြဲစဉ်လာကို ပြုတော်မူသော် ထိုရဟန်းငါးရာတို့က မြတ်စွာဘုရား ရှင်တော်မြတ်ဘုရားသည် ဘုရားဖြစ်၍ သိမ်မွေ့နူးညံ့တော်မူပါ၏။ မင်းမျိုးဖြစ်၍လည်း သိမ်မွေ့နူးညံ့ပါ၏။ လောကဓာတ် သုံးပါး၌ တစ်ပါးမျှမပါဘဲ အရှင်မြတ်တစ်ပါးတည်းသာ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူလျက် ခဲယဉ်းစွာသော အမှုကို ပြုတော်မူပေသည်။ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို ပြည့်ကြွယ်မလပ် မျက်နှာသစ်တော်ရေကို ကပ်မည့်သူမျှ မရှိချေယောင်တကားဟု လျှောက်ကြား ပန်ဆင်ကြသည်ရှိသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ပါလိလေယျကဆင်မည်သည် ပြုပြင်ဖွယ်ဟူသမျှ အလုံးစုံသော အမှုကိစ္စတို့ကို တစ်စမကျန် စီမံ ပြုပြင်ပေကုန်သည်ဟု မိန့်တော်မူပြီး၍ ချစ်သား ရဟန်းများတို့ ဤသို့ သဘောရှိသော အပေါင်းအဖော် သင့်လျော်

လျော့ကပ်ပတ်သည်ကို မရအပ်သည်ရှိသော် တစ်ယောက်တည်း သာလျှင် သီတင်းသုံးနေခြင်းငါ သင့်လျော်လျောက်ပတ် ကောင်းမြတ်ပေ၏ဟု မိန့်တော်မူပြီးလျှင် နာဂဝဂ်လာ ဤဂါထာတို့ကို ဟောတော်မူ၏–

သစေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ၊
စရေယျ တေနတ္တမနော သတီမာ။

နော စေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊
ဧကော စရေ မာတင်္ဂရညေဝ နာဂေါ။

ဧကဿ စရိတံ သေယျော၊
နတ္ထိ ဗာလေ သဟာယတာ။
ဧကော စရေ န စ ပါပါနိ ကယိရာ၊
အပ္ပေါဿုက္ကော မာတင်္ဂရညေဝ နာဂေါ။

ဒေသနာတော်၏အဆုံး၌ ထိုငါးရာမျှလောက်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ရင့်ကျက်သော ပညာရှိထသော၊ ကောင်းသောနေခြင်းရှိထသော၊ မြဲမြံခိုင်ခံ့ တည်တံ့သောသမာဓိ ရှိထသော၊ အတူကျင့်ဖော်ဖြစ်ထသော၊ အပေါင်းအဖော်ကို အကယ်၍ရငြားအံ့၊ ထိုအပေါင်းအဖော်နှင့် ဝမ်းမြောက်သည်ဖြစ်၍ သတိရှိသည်ဖြစ်၍ ဘေးရန်အလုံးစုံတို့ကို လွှမ်းမိုး၍ကျင့်ရာ၏။

ရင့်ကျက်သော ပညာရှိထသော၊ ကောင်းသောနေခြင်း ရှိထသော၊ မြဲမြံခိုင်ခံ့ တည်တံ့သော သမာဓိရှိထသော၊ အတူကျင့်ဖော်ဖြစ်ထသော၊ အပေါင်းအဖော်ကို အကယ်၍ မရကုန်ငြားအံ့၊ အောင်အပ်ပြီးသော တိုင်းနိုင်ငံကို စွန့်ခွာ၍ လှည့်လည်သော မဟာဇနကစသော မင်းကဲ့သို့ လည်းကောင်း၊ မာတင်္ဂတော၌ တစ်ကောင်တည်း လှည့်လည်သော ပါလိလေယျက ဆင်ကဲ့သို့ လည်းကောင်း တစ်ယောက်တည်းသာ ကျင့်ရာ၏။

တစ်ယောက်တည်း၏ ကျင့်ခြင်းသည် မြတ်၏။ လူမိုက်၌ အပေါင်းအဖော်၏ အဖြစ်သည်မရှိ။ မာတင်္ဂတော၌ ဆင်ကဲ့သို့ ကြောင့်ကြမဲ့ တစ်ယောက်တည်း တည်း ကျင့်ရာ၏။ မကောင်းမှုတို့ကို မပြုကျင့်ရာ။

ယင်းသို့ တရားဒေသနာ ပြီးဆုံးသောအခါမှ အာနန္ဒာမထေရ်က ဦးချ ညွတ်တွားလျက် အနာထပိဏ်သေဋ္ဌေး စသည့်ဒကာ စေလွှတ်သော သတင်း စကားကို လျှောက်ကြား ပန်ဆင်သည်မှာ မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေထိုင်မျှတကြကုန်သော အနာထပိဏ် အမှူးရှိကုန်သော ငါးကုဋေမျှလောက် ကုန်သော သဒ္ဓါပသန္န၊ အရိယာသာဝကတို့သည် အရှင်ဘုရားတို့၏ ကြွလာ တော်မူခြင်းကို အလွန်အမင်း မျှော်ငံ့ခြင်း ရှိကြပါသည်ဟု လျှောက်ကြား၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ထိုသို့ဖြစ်လျှင် ချစ်သားအာနန္ဒာ သပိတ် သင်္ကန်းကို ဆောင်ယူခဲ့လော့ဟု မိန့်တော်မူ၍ အာနန္ဒာ မထေရ်ကို သပိတ် သင်္ကန်း ဆောင်ယူစေလျက် ထွက်ကြွတော်မူလေ၏။

## ပါလိလေယျကဆင်မင်း တာဝတိံသာနတ်ပြည်၌ ဖြစ်ခြင်း

ပါလိလေယျကဆင်လည်း မြတ်စွာဘုရားရှင်သည် ရဟန်းတော်တို့နှင့်တကွ ကြွသွားသည်ကို မြင်က အလျင်ဖြတ်ဆီး လမ်းခရီးက ကြီးကျယ်သော မိမိ၏ ကိုယ်ဖြင့် ဖီလာကန့်လန့် ဟန့်တားတည်နေ၏။

ဤဆင်သည် အဘယ်သို့သော အကြောင်းကြောင့် ပြုပါလိမ့်မည်နည်းဟု ရဟန်းတို့က မေးလျှောက်ကြသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ အသင်တို့အား သစ်သီးတည်းဟူသော ခဲဖွယ်ဘောဇဉ်ကို ပေးလှူခြင်းငှါ တောင့်တသောကြောင့် ဖီလာကန့်လန့် ဟန့်တားခြင်း ဖြစ် လေသည်။ ချစ်သားရဟန်းတို့ ဤဆင်သည်ကား ငါဘုရားအား မြင့်ရှည်စွာ နေညဉ့်ပတ်လုံး အလွန်ကျေးဇူး များလှပေသည်၊ ယင်းသို့ဖြစ်၍ ထိုဆင်၏ သဒ္ဓါကြည်ညိုသောစိတ်ကို ပျက်စီးစေခြင်းငှါ မပြုကောင်းပေ။ ချစ်သား ရဟန်းတို့ ဆုတ်နစ်၍ ပြန်လည်ကြကုန်လော့ဟု မိန့်တော်မူ၍ ရဟန်းသံဃာ တို့နှင့်တကွ မြတ်စွာဘုရားသည် ပြန်ကြွ သီတင်းသုံးနေတော်မူ၏။

ပါလိလေယျကဆင်လည်း တောအုပ်သို့ဝင်၍ ပိန္နဲသီး ငှက်ပျောသီးစသော ချိုမြိန်ကောင်းမြတ်သောအရသာရှိသော အထူးထူးသောသစ်သီးကြီးငယ်တို့ကို သယ်ယူ စုဆောင်းလျက် အစုအပုံကိုပြု၍ နက်ဖြန်မိုးသောက် ရောက်သောနေ့၌ ရဟန်းတို့အား ပေးလှူပူဇော်၏။ ငါးရာမျှလောက်သော ရဟန္တာ အရှင်မြတ်တို့ သည် အလုံးစုံတို့ကို ကုန်စေခြင်းငှါ မစွမ်းနိုင်ကြကုန်။ ဘုဉ်းပေး သုံးဆောင်တော် မူပြီးသည်၏အဆုံး၌ မြတ်စွာဘုရားရှင်သည် သပိတ်သင်္ကန်းကို ယူတော်မူလျက် ရဟန်းငါးရာတို့နှင့်တကွ တောတွင်းမှ ထွက်ကြွတော်မူ၏။

**ပါလိလေယျကဆင်သည်**လည်း ရဟန်းတို့၏ အကြားအကြားဖြင့် သွား၍ မြတ်စွာဘုရား ရှေတော်မှ ဗီလာကန့်လန့် ရပ်လာပြန်၏။ အရှင်ဘုရား အဘယ် သို့သော အမှုကို ပြုပြန်ပါသနည်းဟု ရဟန်းတို့က မေးလျှောက်သော် ချစ်သား ရဟန်းတို့ ဤဆင်သည် သင်ချစ်သားတို့ကိုသာ သွားရန်အကြောင်း ကောင်း စွာစေလွှတ်၍ ငါဘုရားကို ဆုတ်နစ်ပြန်ကြ စေလိုသောကြောင့် ဤသို့သော အခြင်းအရာကို ပြုလေသည်ဟု မိန့်တော်မူ၏။ ထိုနောက်မှ ပါလိလေယျက ဆင်ကို မြတ်စွာဘုရားရှင်က အသင်ပါလိလေယျက ယခု ငါဘုရား ကြွသွား တော်မူခြင်းသည် မပြန်သော ကြွသွားခြင်းတည်း။ ပါလိလေယျက အသင် အား ဤဘဝ ဤခန္ဓာကိုယ်ဖြင့် စျာန် ဝိပဿနာ မဂ် ဖိုလ်ကျေးဇူးကို အထူး ခံစားထိုက်သော သဘောမရှိ၊ သို့ဖြစ်၍ အသင်သည် ငါဘုရားအား မဟန့် မတားမူ၍ ဤနေရာဌာန၌ နေရစ်ခဲ့လော့ဟု မြတ်စွာဘုရား မိန့်တော်မူသော် ပါလိလေယျကဆင်လည်း မြတ်စွာဘုရားရှင်၏ စကားကိုကြား၍ မိမိ၏ ခံတွင်း ဝယ် နှာမောင်းကို သွင်းပြီးလျှင် စိုးရိမ်ပူဆွေး ငိုကြွေးလျက်သာ မြတ်စွာ ဘုရား ကိုယ်တော်မြတ်၏နောက်မှ တကောက်ကောက် လိုက်သွားလေ၏ဟု အဋ္ဌကထာ၌ မိန့်တော်မူ၏—

ထိုစကားမှန်၏။ ပါလိလေယျကဆင်သည် မြတ်စွာဘုရားရှင်ကို ဟန့်တား၍ ရသဖြင့် ဤပါလိလေယျက တောအုပ်၌ အနုတ္တရ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် သီတင်းသုံးတော်မူသည်ရှိသော် မိမိ၏ အသက်ရှည်သမျှ ကာလ ပတ်လုံး ထိုသို့သောအမှုတ်ဖြင့် ပြုစုလုပ်ကျွေးပေရာ၏။

ထိုကြောင့် ဋ္ဌင်းအဋ္ဌကထာ၌ ဤသို့ မိန့်တော်မူ၏—

သော ဟိ သတ္ထာရံ နိဝတ္တေတုံ လဘန္တော တေနေဝ နိယာမေန ယာဝဇီဝံ ပဋိဇဂ္ဂေယျ။

ထိုစကားသည်ပင်လျှင် မှန်၏။ ထိုပါလိလေယျက ဆင်သည် ဆရာစင်စစ် ဖြစ်တော်မူငြား မြတ်စွာဘုရားကို ဆုတ်နစ် ပြန်လည်စေခြင်းငှာ ရသည်ရှိသော် ထိုအမှုတ်ဖြင့်သာလျှင် အသက်ရှည်သမျှ ကာလပတ်လုံး လုပ်ကျွေးပြုစုပေရာ၏။

မြတ်စွာဘုရားရှင်သည် အစဉ်အတိုင်း ကြွတော်မူ၍ ရွာအနီးအပါးဖြစ် သော ဂါမူပစာရသို့ ကျရောက်သော် "အသင် ပါလိလေယျက ဤနေရာ ဌာနမှစ၍ အသင်၏ နေရာ မြေမျက်နှာညီပြင် တောခွင်မြိုင်နက် မဟုတ်ချေ။ အထွေထွေသော လူမျိုးတို့၏ ခိုကိုးနေမှီးရာ အရပ်ဖြစ်၍ အထပ်ထပ်သော ရန်သူတို့ဖြင့် ထွက်ပြူနှောက်ယှက်လတ္တံ့သော ခရီးနေရာဖြစ်ချေသည်။ သို့ဖြစ် သည်ကြောင့် ဤနေရာဒေသမှ ရှေ့သို့ အစဉ်မလိုက်ဘဲ ဖယ်လွှဲရှောင်ခွာ၍

ကောင်းစွာ နေရစ်ခဲ့လော့”ဟု မြတ်စွာဘုရားက မိန့်တော်မူသော် “ထိုပါလိလေယျက ဆင်သည် ပြင်းစွာ ပူဆွေး ငိုကြွေး၍သာ မြတ်စွာဘုရား ကြွသွားတော်မူရာ ဖြစ်သော လမ်းခရီးစဉ်ကို ကြည့်မျှော်လျက် မြတ်စွာဘုရားကိုယ်တော်မြတ်သည် မိမိ၏စက္ခုဖြင့် ကြည့်ရှုထင်ထင် မြင်ခြင်းငှာ စွမ်းနိုင်သော အရပ်ကိုလွန်၍ မမြင်ရသောအခါ ပြင်းစွာသော သောက တရား အားကြီးစွာ နှိပ်စက်သဖြင့် ထက်မြက်သော ဒုက္ခဝေဒနာကြောင့် ထိုခဏ၌ သာလျှင် နှလုံးရင်ဝမ်းကွဲသဖြင့် စုတိပြောင်းကြွေ သေလွန်သည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်၌ကြည်ညိုသော သဒ္ဓါတရားကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ကြီး၌ နတ်သမီးတစ်ထောင် ခြံရံအပ်သော အလယ်တွင်တင့်တယ်လျှောက်ပတ် ကောင်းမြတ်သော နတ်သားဖြစ်လေ၏။ ထိုနတ်သားအား ပါလိလေယျက နတ်သားဟူသော အမည်သာလျှင် ဖြစ်လေသတည်းဟု ရှင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

## ကောသမ္ဗိရဟန်းတို့ကို ကောသလမင်းကြီးက တားမြစ်ခြင်း

မြတ်စွာဘုရားရှင်သည်လည်း ခရီးအစဉ်အတိုင်းအားဖြင့် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်သို့ ကြွသွားတော်မူ၏။ ကောသမ္ဗီပြည်၌ အဓိကရုဏ်းဖြစ်ပွားသော ရဟန်းတို့သည်လည်း မြတ်စွာဘုရား သာဝတ္ထိပြည်သို့ ကြွသွားကြောင်းကို သတင်းစကား ကြားသိကြ၍ မြတ်စွာဘုရားရှင်ကို သည်းခံစေခြင်းငှာ ထိုသာဝတ္ထိပြည်သို့ လိုက်သွားကြကုန်၏။ ပသေနဒီကောသလ မင်းကြီးသည်လည်း ကောသမ္ဗီပြည်၌ ခိုက်ရန်ငြင်းခုံခြင်းကိုပြင်းစွာဖြစ်ပွား ကွဲပြားသောရဟန်းတို့ လာရောက် ကြကုန်သတတ်ဟု ကြားသိသောကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်၏ အထံသို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ငြင်းခုံကွဲပြား ဖြစ်ပွားသော ထိုရဟန်းတို့အား ဒကာတော်၏တိုင်းပြည်နိုင်ငံအတွင်းသို့ ချဉ်းကပ်ဝင်ရောက်ခြင်းငှာ အခွင့်ကို မပေးပါအံ့ဟု လျှောက်ကြား၏။

မြတ်စွာဘုရားရှင်ကလည်း ဒကာတော်မင်းမြတ် ထိုရဟန်း တို့သည် သီလဝန္တပုဂ္ဂိုလ်ချည်းသာ ဖြစ်ကြပေသည်၊ စစ်စစ်အားဖြင့်ကား အချင်းချင်း ကွဲပြားငြင်းခုံ ခိုက်ရန်ဖြစ်သောအားဖြင့် ငါဘုရားစကားတော်ကို မနာယူလေသည်၊ ယခု ငါဘုရားကို သည်းခံစေလိုသော ဆန္ဒဖြင့် လာရောက်ကြလေသည်။ ဒကာတော်မင်းကြီးသည် ဟန့်ဆီးပိတ်ပင်ခြင်းကို မပြုပေလင့် လာစေကုန်သတည်းဟု မိန့်တော်မူ၏။

အနာထပိဏ်သေဌေးကြီးသည်လည်း အရှင်ဘုရား ထိုရဟန်းတို့အား ဘုရားတပည့်တော်သည့် ကျောင်းအတွင်းသို့ ဝင်ခြင်းငှာ ခွင့်မပေးအံ့ဟု လျှောက်ကြားသော် မြတ်စွာဘုရားသည် ရှေးနည်းအတူ ပယ်တော်မူလျက် ဆိတ်ဆိတ်သာ နေတော်မူ၏။ သာဝတ္ထိပြည်သို့ ခရီးစဉ်အတိုင်း လာရောက်ကုန်သော ကောသမ္ဗီပြည်သား ကွဲပြားသောရဟန်းတို့အား မြတ်စွာဘုရားရှင်သည် သင့်တင့်လျောက်ပတ်သောအရပ်၌ ဆိတ်ငြိမ်သော နေရာကိုပြုစေ၍ ကျောင်း, အိပ်ရာနေရာကို ပေးစေတော်မူ၏။

တစ်ပါးသော ရဟန်းတို့သည် ငြင်းခုံကွဲပြားသော ရဟန်းတို့နှင့် အတူတကွထိုင်နေခြင်း ရပ်နေခြင်း ထိုရဟန်းတို့အား ရှိခိုးခြင်းတို့ကို မပြုကြရကုန်။ ရောက်လာတိုင်း ရောက်လာတိုင်းသော သူအပေါင်းတို့သည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏ အထံသို့ကပ်၍ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ကောသမ္ဗီပြည်၌ ငြင်းခုံ ခိုက်ရန်ဖြစ်ပွား ကွဲပြားသော ထိုရဟန်းတို့သည် အဘယ်မှာနည်းဟု မေးလျှောက်ကြသဖြင့် ဤရဟန်းတို့ပေတည်းဟု မြတ်စွာဘုရား ညွှန်ကြားပြသသည်ရှိသော် လာလာသမျှသော သူတို့သည် ကောသမ္ဗီပြည်၌ ကြီးကျယ်စွာ ငြင်းခုံခိုက်ရန်ဖြစ်ပွား ကွဲပြားသော ရဟန်းတို့သည်ကား ဤရဟန်းတို့ပင် ဖြစ်သတတ်၊ ဤရဟန်းတို့ပင် ဖြစ်သတတ်ဟု ထပ်ကာ ထပ်ကာ လက်ညှိုးညွှန်ပြ ပြောဆိုကြသော် ထိုငြင်းခုံခိုက်ရန် ဖြစ်ပွားသော ရဟန်းတို့သည် ရှက်နိုးလှသောကြောင့် ဦးခေါင်းကိုမျှ မဖော်ဝံ့ကြတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ခြေတော်ရင်း၌ ဝပ်စင်းညွှတ်တွားလျက် မြတ်စွာဘုရားကို လျှောက်ကြားတောင်းပန် သည်းခံကြစေကုန်၏။

## ရဟန်းများ သောတာပတ္တိဖိုလ်၌ တည်ခြင်း

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကလည်း ချစ်သား ရဟန်းများတို့ အသင်တို့သည် ဝန်လေးလှသော အမှုကို ပြုမိ၏။ အသင်တို့သည် ငါကဲ့သို့ သဘောရှိသော ဘုရား၏ထံ၌ ရဟန်းပြုသည် ဖြစ်ပါလျက် ငါဘုရားသည် ညီညွတ်သည်ကိုပြုပါလျက် ငါဘုရား၏ စကားတော်ကို လိုက်နာ၍ မပြုကျင့်ကြကုန်၊ ရှေး၌ဖြစ်ကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည် သတ်အံ့သည်၏ အဖြစ်သို့ ရောက်သောသူအားလည်း မိခင်ဖခင်တို့၏ စကားကို မှတ်သားနာယူလျက် ထိုမိခင် ဖခင်တို့ကို သတ်သော သူတို့၌လည်း မိခင် ဖခင်တို့စကားကို မလွန်မူ၍ ပြုကျင့်ခြင်းကြောင့် နောက်၌တစ်ဖန် နှစ်နိုင်ငံသော တိုင်းကြီးပြည်ကြီးတို့၌ သိမ်းကျုံး အုပ်ချုပ် မင်းလုပ်တော် မူရလေသေး၏တကားဟု ကောသမ္ဗီပြည်၌ ဟောကြားတော်မူအပ်သော ဒီဃီတိကောသလ ဇာတ်ကိုပင် ထပ်မံ၍ တစ်ဖန်ဟောကြားတော်မူပြန်၍ ချစ်သားရဟန်းများတို့ ထိုအခါ ဒီဃာဝု

မင်းသားသည် မိခင်ဖခင်တို့ကို သတ်ဖြတ်သော ရန်သူတို့၌လည်း ထိုမိခင်ဖခင် ကျေးဇူးရှင်တို့ သွန်သင်ပြသ ဩဝါဒကို မလွန်မူ၍ နာယူသည့်အရကြောင့် နောက်ကာလ ဗြဟ္မဒတ္တမင်းကြီး၏ သမီးတော်ကိုရ၍ ကာသိကောသလနှစ်ပြည် ထောင်တို့ကို အုပ်ချုပ်၍ မင်းလုပ်တော်မူရလေသည်၊ သင်ချစ်သား ရဟန်း များတို့သည် ငါဘုရား၏စကားကို မှတ်သားနာယူခြင်းကိုမပြု ဂရုမထား ပယ်ရှားလျက် ဝန်လေးသော အမှုကို ပြုလေသည်ဟု မိန့်တော်မူပြီးသော် ဤဂါထာကို ဟောကြားတော်မူ၏–

ပရေ စ န ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။

ရဟန်းတို့ ဤသံဃာတော်အလယ်၌ ပညာမဲ့ကြသော တစ်ပါးသူတို့သည် ငါတို့ သည် သေကြရဦးမည်ဟု မသိကြကုန်၊ ထိုသံဃာတော်အလယ်၌ ငါတို့သည် သေကြရဦးမည်ဟု သိကြကုန်သော ပညာရှိတို့ကြောင့် ခိုက်ရန်တို့သည် ငြိမ်းအေး ကုန်၏။

ထိုဂါထာ၌ ပရေ ဟူသည်=ပညာရှိတို့ကိုထား၍ ထိုပညာရှိသော သူမှတစ်ပါး ကုန်သော ငြင်းခုံတတ်ကုန်သော ရဟန်းတို့သည် ပရေ မည်ကုန်၏။ ထိုရဟန်း တို့သည် ထိုသံဃာ့အလယ်၌ အုတ်အုတ်ကျက်ကျက်ကို ပြုလုပ်လျက် ငါတို့သည် ပျက်စီးရကုန်အံ့၊ မချွတ်ကေန် သေမင်းအထံသို့ သွားရကုန်အံ့ဟူ၍ သိကုန်၏။

**တတော သမ္မန္တိ မေဓဂါ** ဟူသည်=ထိုပညာရှိတို့သည် ဤသို့သိကုန်၍ အသင့် အားဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေ၍ ငြင်းခုံခြင်းတို့၏ ငြိမ်းအေးခြင်းငှာ ကျင့်ကုန်၏။ ထိုအခါ၌ ရဟန်းတို့အား အကျင့်ဖြင့် ခိုက်ရန်တို့သည် ငြိမ်းကုန်၏ ဟူလို။

တစ်နည်း ပရေဟူသည်=ရှေး၌ ရဟန်းတို့ ငါဘုရားသည် မာဘဏ္ဍနံ ဤသို့ စသော စကားတို့ကို မိန့်တော်မူ၍ ဆုံးမသော်လည်း ငါ၏ဆုံးမခြင်းကို မခံယူဘဲ ငါဘုရားကို မမြတ်နိုးကုန်သော သူတို့သည် ပရေ မည်ကုန်၏။ ငါတို့သည် ဆန္ဒာဂတိသို့ လိုက်ခြင်းစသည်၏ အစွမ်းဖြင့် မှားသောအယူကိုယူ၍ ဤသံဃာ့ အလယ်၌ သေရကုန်အံ့၊ ငြင်းခုံခြင်းစသည်တို့၏ ပွားများခြင်းငှာ လုံ့လထုတ်ကုန် ၏ဟု မသိကြကုန်။ ယခုအခါ၌ကား အသင့်အားဖြင့် ဆင်ခြင်ကုန်လျက် ထိုသင် တို့၏ အတွင်း၌ ပညာရှိယောကျ်ားတို့သည် ရှေး၌ ငါတို့သည် ဆန္ဒာဂတိ စသည်၏အစွမ်းဖြင့် လုံ့လပြုကုန်လျက် မသင့်သောအားဖြင့် ကျင့်ခဲ့ကုန်၏ဟူ၍

သိကုန်၏။ ထိုသို့သိခြင်းကြောင့် ပညာရှိတို့၏ထံမှ ပညာရှိယောကျ်ားတို့ကိုမှီ၍ ယခုအခါ၌ ကလဟ-ဟု ဆိုအပ်ကုန်သော ဤခိုက်ရန်တို့သည် ငြိမ်းကုန်၏။ ဤကား ဤဂါထာ၌ အနက်တည်းဟူလို။

ထိုဂါထာ၏ အဆုံး၌ လာရောက်ကုန်သော အလုံးစုံသော ရဟန်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့၌ တည်ကြကုန်၏။

ငါးခုမြောက် ကောသမ္ဗိကရဟန်းတို့၏ဝတ္ထု ပြီး၏။

## ၆-မဟာကာဠမထေရ်ဝတ္ထု

**သုဘာနုပဿီ**အစရှိသော ဤတရားဒေသနာတော်ကို ဘုရားရှင်သည် သေတဗျမြို့ကို အမှီပြု၍ ရင်းတိုက်တောကြီး၌ သီတင်းသုံးတော်မူလျက် စူဠကာဠ မဟာကာဠ ရဟန်းညီနောင်နှစ်ပါး တို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သေတဗျမြို့သား စူဠကာဠ, မဇ္ဈိမကာဠ, မဟာကာဠဟူကုန်သော ညီနောင် သူကြွယ်သုံးယောက်တို့သည် ရှိကြကုန်၏။ ထိုညီနောင်သူကြွယ် သုံးယောက်တို့တွင် အစ်ကိုကြီး မဟာကာဠသူကြွယ်နှင့် ညီငယ်စူဠကာဠတို့သည် ထိုထိုသို့သော အရပ်မျက်နှာ မြို့ရွာဇနပုဒ် စသည်တို့၌ လှည့်ပတ် သွားလာလျက် လှည်းငါးရာတို့ဖြင့် အထူးထူးသော ဥစ္စာဘဏ္ဍာကို ဆောင်ကြကုန်၏။ အလတ်ဖြစ်သော မဇ္ဈိမကာဠကလည်း ထိုညီအစ်ကိုတို့သည် ဆောင်ယူခဲ့သော ပစ္စည်းဘဏ္ဍာကို ရောင်းချ၏။

### စူဠကာဠ, မဟာကာဠတို့ ရဟန်းပြုကြခြင်း

တရံသောအခါ စူဠကာဠ, မဟာကာဠဟု ဆိုအပ်ကုန်သောထိုညီနောင်သူကြွယ် နှစ်ယောက်တို့သည် လှည်းငါးရာတို့ဖြင့် အထူးထူးသော ပစ္စည်းဘဏ္ဍာကို တင်ယူပြီးလျှင် သာဝတ္ထိပြည်သို့ သွားကြ၍ သာဝတ္ထိပြည်နှင့် ဇေတဝန် ကျောင်းတော်၏အကြား လမ်းခရီးအပါး၌ လှည်းတို့ကို ဖြည်ချွတ်လျက် တန့်ရပ်နားနေကြကုန်၏။ ထိုညီနောင်နှစ်ယောက်တို့တွင် မဟာကာဠသူကြွယ်သည် ညချမ်းသောအခါ ပန်းနံ့သာစသည် လက်စွဲကုန်လျက် သာဝတ္ထိပြည်သား အရိယာသာဝက အများတို့သည် မြတ်စွာဘုရား တရားတော်ကို ကြားနာအံ့သောငှာ သွားကြကုန်သည်တို့ကို မြင်၍ ဤလူများအပေါင်းတို့သည် အဘယ်အရပ်သို့ သွားကြ

ကုန်အံ့နည်းဟု မေး၍ မြတ်စွာဘုရားကိုယ်တော်၏ ထံသို့ တရားနာအံ့သောငှာ သွားကြသော အဖြစ်ကို ပြန်ကြားပြောဆိုသဖြင့် ကြားသိရသောကာလ မဟာကာဠသူကြွယ်သည် ငါလည်း လိုက်သွားဦးအံ့ဟုကြံ၍ ညီငယ် စူဠကာဠသူကြွယ်ကို ခေါ်ပြီးလျှင် ညီငယ် လှည်းငါးရာတို့၌ မမေ့မလျော့ ကြည့်ရှု စောင့်ရှောက်ရစ်လော့၊ ငါသည် မြတ်စွာဘုရားတရားတော်ကို ကြားနာအံ့သောငှာ သွားဦးအံ့ဟု မှာထားပြောဆို၍ လိုက်သွားပြီးသော် မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးလျှင် ပရိသတ်အစွန်က ထိုင်နေ၏။

မြတ်စွာဘုရားရှင်သည်လည်း ထိုနေ့၌ မဟာကာဠသူကြွယ်၏ အဇ္ဈာသယဖြင့်သာလျှင် အစဉ်သော တရားစကားကို ဟောကြားတော်မူလျက် ဒုက္ခက္ခန္ဓ သုတ် စသည်တို့၏ အစွမ်းဖြင့် တစ်ပါးမက များလှစွာသော ပရိယာယ်တို့ဖြင့် စိပ်သွယ်ဝေဖန်လျက် ကာမဂုဏ်တို့၏ အပြစ် အာဒီနဝ ယုတ်မာညစ်ညမ်းလှသည်ကို ပြလျက် ကာမဂုဏ်မှ ထွက်မြောက်ခြင်း၏ အကျိုးအာနိသံသကို ဝေဖန်၍ ပေ ာကြားတော်မူ၏။ ထိုသို့ ဟောတော်မူအပ်သော မြတ်စွာဘုရား တရားတော်ကို ကြား၍ မဟာကာဠသူကြွယ်လည်း ပစ္စည်းဥစ္စာ ငွေရွှေ သင်းပင်း အလုံးစုံတို့ကို အကုန်စွန့်ပယ်ပစ်၍ တမလွန်လောကသို့ ပြောင်းသွား ရသော ငါ့ကို ပစ္စည်းဥစ္စာ တို့သည် သည်းကောင်း၊ ဆွေမျိုး တို့သည် လည်းကောင်း အစဉ်တစိုက် လိုက်လာမည် မဟုတ်။ မိမိ၏ ကံသာ အရင်း ပါသဖြင့် သံသရာဘဝ၌ ကျင်လည်ပြေးသွားရလတ္တံ့သည် တကား။ ငါ့အား လူ့ဘောင်၌ နေသဖြင့် အဘယ်အကျိုး ရှိချေအံ့နည်း။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏အထံ၌ ရဟန်းပြုတော့အံ့ဟု ကြံ၍ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်း အများသည် မြတ်စွာဘုရားရှင်ကို ရှိခိုးပြီး၍ ဖဲသွားကြသည် ရှိသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ ကပ်၍ ရဟန်း အဖြစ်ကို တောင်းပန်၏။

မြတ်စွာဘုရားရှင်ကလည်း အသင် မဟာကာဠ သူကြွယ် အသင့်အား ပန်ကြားဖွယ်ရာသော သူသည် တစ်စုံတစ်ယောက်မျှ မရှိပါလေသလောဟု မေးတော်မူသော် ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား တပည့်တော်အား ပန်ကြားခွင့်တောင်းဖွယ် ညီငယ်တစ်ယောက် ရှိပါသည်ဟု လျှောက်ကြား၍ ထိုသို့ဖြစ်လျှင် အသင့်ညီငယ်၏အထံ၌ ခွင့်ပန်ချေဦးလော့ဟု မိန့်တော်မူသည် ရှိသော် ကောင်းလှပါပြီ ဘုရားဟု လျှောက်ကြား ဝန်ခံ၍ လျင်မြန်စွာ ပြန်သွားပြီးလျှင် ညီငယ် စူဠကာဠကို ခေါ်၍ ညီငယ် အလုံးစုံ ဥစ္စာနှစ်ကို အကုန်သိမ်းယူ စောင့်ရှောက်လေလော့ဟု ဆောင်နှင်း၏။ ညီငယ် စူဠကာဠ က နောင်တော် နောင်တော်သည် အဘယ် ဒ ရပ်သို့ သွားမည်

နည်းဟု မေးသဖြင့် ငါသည် မြတ်စွာဘုရားအထံ၌ ရဟန်းပြုတော့အံ့ဟု ဆိုလျှင် ညီငယ် စူလကာဠသည် အထူးထူးသော အခြင်းအရာ တို့ဖြင့် များစွာ တောင်းပန်ပါလေငြားသော်လည်း ဆုတ်နစ်စေအံ့သော ငှာ မစွမ်းနိုင်သည် ဖြစ်သောကြောင့် နောင်တော် ကောင်းလှပါပြီ။ ထိုသို့ဖြစ်လျှင် အလိုဆန္ဒ ရှိတော်မူတိုင်း ပြုတော်မူပါတော့ဟု ခွင့်ပေး၏။ မဟာကာဠ သူကြွယ်လည်း မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံ၌ ရဟန်းပြုလေ၏။ ထိုနောက် များမကြာမီ ညီငယ် စူဠကာဠ သည်လည်း ငါသည် နောင်တော်ကိုယူ၍ လူထွက်အံ့ဟု ကြံ၍ ရဟန်းပြုလေ၏။

## သုသာန်စောင့်မ၏ လျှောက်ချက်

နောက်အဖို့၌ မဟာကာဠ သူကြွယ်သည် ပဉ္စင်းအဖြစ်ကို ရ၍ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ ချဉ်းကပ်ပြီးလျှင် သာသနာတော်၌ ရဟန်းတို့ ရွက်ဆောင်ဖွယ်ရာသော ဓုရတို့သည် အဘယ်မျှ ရှိပါကုန်သနည်းဟု မေးလျှောက်လျှင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ပါးတို့ကို အကျယ်အားဖြင့် ဝေဖန်ပိုင်းခြား ဟောကြား ညွှန်ပြတော် မူကုန်သည်ရှိသော် အရှင်ဘုရား တပည့်တော်သည်ကား ကြီးမှ ရဟန်းပြုပါရသော ကြောင့် ဂန္ထဓုရကို ရွက်ဆောင်အားထုတ် ပြုလုပ် ဖြည့်စွမ်းခြင်းငှာ မတတ် နိုင်ပါ။ ဝိပဿနာဓုရကိုသာ ဖြည့်ပါတော့အံ့ဟု လျှောက်ကြား၍ အရဟတ္တဖိုလ် တိုင်အောင်သော သုသာနိကဓုတင် အကျင့်ကို သင်ယူဆောင်ရွက် နာခံ မှတ်သား၍ ပဌမယံကိုလွန်သည်ရှိသော် အလုံးစုံသောသူတို့ အိပ်ပျော်ကုန်စဉ် သုသာန်သို့သွား၍ ထိုင်နေ၏။ မိုးသောက်ယံ၌ အလုံးစုံသော သူတို့သည် အိပ်ရာမှမထမီ အဖို့၌သာလျှင် ကျောင်းသို့ ပြန်လာခဲ့လေ၏။

ထိုအခါ၌ သုသာန်ကို စောင့်ရှောက်သော ကာလီအမည်ရှိသော သူကောင် ဘုဘ်သော မိန်းမတစ်ယောက်သည် မထေရ်၏ ရပ်သောနေရာ, ထိုင်သောနေရာ စင်္ကြံသွားသောနေရာကို မြင်၍ ဤအရပ်ဒေသ၌ အဘယ်သူသည် သွားလာ လှည့်ပတ်လေသနည်း။ ထိုသူကို ဖမ်းအံ့ဟုကြံ၍ စောင့်စားငံ့ဆိုင်း၍ ဖမ်းလေ ငြားသော်လည်း ဖမ်းခြင်းငှာ မစွမ်းနိုင်လေ။ တစ်နေ့သ၌ သုသာန် နေအိမ်၌သာလျှင် ဆီမီးကိုညှိထွန်း၍ သားသမီးတို့ကို ယူပြီးသော် တင့်အပ် လျှောက်ပတ်သော အရပ်တစ်ခု၌ ပုန်းအောင်း၍ နေ၏။ မဇ္ဈိမယံ၌ မထေရ်ကြွလာသည်ကိုမြင်၍ မထေရ်၏အထံသို့ လာပြီးလျှင် မိုးသေမြတ်နိုး ရှိခိုး ဦးချလျက် အရှင်ဘုရားသည် ဤအရပ်၌နေ၌ သီတင်းသုံးနေပါသလောဟု လျှောက်ကြား၏။ ဒါယိကာမ ဩော်-ငါသည် နေပေသည်ဟု မိန့်တော်မူလျှင် အရှင်ဘုရား သုသာန်၌နေသော ပုဂ္ဂိုလ်တို့ မည်သည်ကား ကျင့်ဝတ်တရားကို

သင်အပ်ပေ၏ဟု ကြားလျှောက်သော် မထေရ်က ကျင့်ဝတ်တရားကား အသို့နည်း အသင်သည် ကျင့်ဝတ်တရားကို ပြောဆိုပြသပါလော၊ အသင် ပြောဆိုသည်ရှိသော် အသင်ပြောဆိုသောအတိုင်းအားဖြင့် လိုက်နာကျင့်ဆောင်ပါအံ့ဟု မဆိုမူ၍ ဒါယိကာမ သုသာန်၌နေသော ပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်တရားကား အသို့နည်း၊ အဘယ်သို့ ပြုအပ်ပါသနည်းဟု မေးတော်မူ၏။

အရှင်ဘုရား သုသာန်၌နေသော ရဟန်းတို့မည်သည်ကား မိမိ၏ သုသာန်၌နေသည်ကို သုသာန်စောင့်ဟူ့အား လည်းကောင်း၊ မိမိ သီတင်းသုံးနေရာ ကျောင်း၌ မထေရ်ကြီးအားလည်းကောင်း၊ ရွာစားအားလည်းကောင်း ခွင့်ပန်အပ်၏။ မထေရ်က အဘယ်ကြောင့် ထိုသူတို့အား ပြောကြားခွင့်ပန်ရသနည်းဟု မေးတော်မူသော် သူတစ်ပါးကို၏ ပစ္စည်းဘဏ္ဍာကို ခိုးယူသူတို့သည် ဥစ္စာရှင်တို့သည် အစဉ်တစိုက် လိုက်အပ်သည်ရှိသော် သုသာန်၌ ဘဏ္ဍာကို စွန့်ပစ်၍ ပြေးကုန်၏။ ထိုအခါ ဥစ္စာရှင်လူတို့သည် သုသာန်၌ နေကုန်သော အရှင်တို့အား ဘေးအန္တရာယ်ကို ပြုကုန်၏။ ထိုသုသာန်စောင့် မထေရ်ကြီး ရွာစားတို့အား ခွင့်တောင်းပြီးသည်ရှိသော်ကား ငါတို့သည် ဤအရှင်ကောင်း၏ ဤမျှလောက်သော ကာလပတ်လုံး ဤသုသာန်၌ နေသည့်အဖြစ်ကို သိကြကုန်၏။ ဤအရှင်သည်ကား ခိုးသူမဟုတ်ပေဟု ဘေးအန္တရာယ်တို့ကို တားမြစ်ကန့်ကွက်ကုန်၏။ ထို့ကြောင့် သုသာန်စောင့် မထေရ်ကြီး, ရွာစားတို့အား ပန် ကြား ပြော ဆို ရသ တည်းဟု လျှောက် ကြား လျှင် မထေရ်ကလည်း ဒါယိကာမ တစ်ပါးသောပြုဖွယ်ကား အဘယ်နည်းဟု မေးတော်မူပြန်သဖြင့် အရှင်ဘုရား သုသာန်၌နေသော အရှင်မည်သည်ကား ငါး အမဲ ဟင်းမျိုး နှမ်းမုန့်ကြွပ်,ဆီတင်လဲ စသည်တို့ကို ရှောင်ကြဉ်အပ်ကုန်၏။ နေ့အခါ၌ မအိပ်အပ်၊ ပျင်းရိသော သဘောရှိသည်လည်း မဖြစ်ရာ။ အားထုတ်အပ်သော ဝီရိယ ရှိသည်သာလျှင် ဖြစ်ရာ၏။ မမြဲမမြံ စိတ်ဖောက်ပြန်ခြင်း မရှိသည်ဖြစ်၍လည်းကောင်း၊ လှည့်ပတ်တတ်သောသဘော မရှိသည်ဖြစ်၍ လည်းကောင်း ကောင်းသော အဇ္ဈာသယဖြင့် ဖြစ်ရာ၏။ ညချမ်းသောအခါ အလုံးစုံသော သူတို့၏ အိပ်ပျော်ကုန်သည် ရှိသော် ကျောင်းမှ သုသာန်သို့ လာရာ၏။ မိုးသောက်ယံ၌ အလုံးစုံသောသူတို့ မထကုန်မီသာလျှင် ကျောင်းသို့တစ်ဖန်ပြန်သွားအပ်၏။

အရှင်ဘုရား အရှင်မြတ်သည် ဤအရပ်ဒေသ၌ ဤသို့ ညွှန်ပြသောနည်းလမ်းအတိုင်း သီတင်းသုံးတော်မူလျှက် ရဟန်းတို့တရားကို အားထုတ်ရသည်ရှိသော် ရဟန်းဘို့ကိစ္စ အပြီးအဆုံးသို့ ရောက်စေခြင်းငှာ စွမ်းနိုင်ပါလတ္တံ့။ အရှင်ဘုရား သူသေကောင်ကို ထုတ်ဆောင်၍ အကယ်၍ စွန့်ပစ်ကုန်သည် ဖြစ်ခဲ့အံ့၊ ထိုသို့ စွန့်ပစ်ကုန်သည်ရှိသော် တပည့်တော်မသည် ကမ္ဗလာ အထွတ်တပ်သော အိမ်ယာသို့ကင်၍ ပန်းနံ့သာ စသည်ဖြင့် ပူဇော်ခြင်းကို ပြုပြီးလျှင် ဘုတ်

ကြည်းခြင်းကို ပြုပါအံ့။ ယင်းသို့မျှ အကယ် မစွမ်းနိုင်ခဲ့သည် ဖြစ်အံ့၊ ထင်းပုံ ထက်သို့ တင်၍ မီးဖြင့် လောင်စေလျက် ချိတ်တို့ဖြင့် ငင်ဆွဲလျက် အပသို့ စွန့်ပစ်၍ ပုဆိန်ဖြင့် နှက်ပြီးလျှင် အပိုင်းအပိုင်းဖြတ်၍ မီး၌ထည့်၍ တိုက်ပါအံ့ဟု လျှောက်ကြား၏။ ထိုအခါ မထေရ်က နှမ ကောင်းလှပေပြီ။ တစ်ခုသော ရုပ်ပါရုံကို မြင်သည်ရှိသော် ငါ့အား ပြောကြားပါလေဟု မှာထားပြောဆို၏။ ကာလီ မည်သော သုသာန်စောင့်မလည်း ကောင်းလှပါပြီ ဘုရားဟု ဝန်ခံ၏။ မဟာကာဠ မထေရ်သည် အလိုဆန္ဒ ရှိသည်အားလျော်စွာ သုသာန်၌ ရဟန်းတရားကို ကြိုးစားအားထုတ် ပြုလုပ်ပေ၏။

## မဟာကာဠမထေရ် ရဟန္တာဖြစ်ခြင်း

ညီဖြစ်သော စူဠကာဠ မထေရ်သည်ကား နံနက်မိုးသောက် ရောက်သော် အိပ်ရာမှ စောစောထ၍ လူ့ဘောင်ကိုသာလျှင် ကြံစည်၏။ မိမိ၏ သားမယားကို အမြဲမပြတ် အောက်မေ့၏။ ငါ၏ အစ်ကိုကြီးသည် အလွန် ဝန်လေးသော အမှုကို ပြုဘိသည်ဟု ကြံ၏။ ထိုအခါ အမျိုးသမီးတစ်ယောက်သည် ထိုခဏမျှ၌ ထကြွသောလေအနာကြောင့် ညချမ်းသောအခါ မညှိုးနွမ်း မပင်ပန်းသည်ဖြစ်၍ သေလွန်လေ၏၊ ထိုသူငယ်မ အလောင်းကို ဆွေမျိုးတို့သည် ထင်း ဆီ စသည်တို့နှင့်တကွ ညချမ်းသော ကာလ၌ပင်လျှင် သုသာန်သို့ ဆောင်ယူ၍ သုသာန်စောင့်အား ဤသူသေကောင်ကို မီးတိုက်ပါလေဟု အခကို ပေး၍ ဆောင်နှင်း အပ်ပြီးလျှင် ပြန်လည် ဖဲသွားကုန်၏။

ကာလီမည်သော သုသာန်စောင့်မသည်လည်း ထိုသူသေကောင်၏ ဝတ်ရုံ၍ ထားသော အဝတ်ကို ပယ်လျက် ထိုခဏ၌ သေလွန်သည်ဖြစ်၍ ရွှေအဆင်း ကဲ့သို့ အဆင်းရှိသော သူသေကောင်ကို ကြည့်ရှုပြီးလျှင် ဤသူသေကောင်သည် အရှင်အား ပြခြင်းငှါ လျောက်ပတ်သော အာရုံပေတည်းဟု ကြံ၍ မထေရ်၏ ထံသို့သွား၍ ရှိခိုးပြီးလျှင် ဤသို့ သဘောရှိသော အာရုံသည်ရှိ၏။ အရှင် ဘုရားတို့သည် ကြည့်ရှုတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ မထေရ် သည်လည်း ကောင်းပြီဟု ဝန်ခံပြီးလျှင် သူကောင်ရှိရာသို့ ကြွသွား၍ သူကောင်၌ ဝတ်ရုံ၍ထားအပ်သော အဝတ်ကို ဆောင်စေ၍ ခြေဖဝါးအပြင်မှ စ၍ ဆံထက်ဆံဖျားသို့ ကျအောင် ကြည့်ရှုပြီးလျှင် ဤရုပ်ရုံသည် အလွန် မွန်မြတ်၏။ ရွှေအဆင်းကဲ့သို့ အဆင်းရှိပေ၏။ နှမ ဤသူသေကောင်ကို မီး၌ ထည့်၍ မီးလျှံတို့ဖြင့် လောင်ကာမျှသော ကာလ၌ ငါ့အား ကြားပါလေဟု မှာထားပြောဆို၍ မိမိနေရာသို့သာလျှင် ပြန်သွားပြီးလျှင် ထိုင်နေ၏။

ထိုကာလ၌မည်သော သုသာန်စောင့်မသည်လည်း မထေရ် အမိန့်တော်ရှိတိုင်း ပြု၍ မထေရ်အား ကြားလျှောက်၏။ မထေရ်လည်း ထိုသူကောင်ရှိရာသို့ ကြွသွား၍ ကြည့်ရှုတော်မူ၏။ မီးလျှံဖြင့် လောင်ကျွမ်း ဟပ်မိသော နေရာသည် အရေတို့၏ အလှဲ့အက္ကာခြင်းဘို့ ရောက်၍ ပြောက်ကျားသော နွားမကဲ့သို့ ကိုယ်၏ အဆင်းသည် ဖြစ်၏။ ခြေတို့သည်လည်း ထွက်၍ တွဲလဲဆွဲကုန်၏။ လက်တို့သည်လည်း ကောက်ကွေးကုန်၏။ ပေါင် နဖူးတို့သည်လည်း အရေမရှိသည် ဖြစ်လေ၏။ မထေရ်သည် ဤခန္ဓာကိုယ်သည်ကား ယခုအခါ၌ပင် ကြည့်ရှုသူတို့အား အလွန်အကြူး အထူးသဖြင့် နှစ်သက်ခြင်းကို ပြုတတ်သည် ဖြစ်ပါလျက် ဤယခုအခါ၌သာလျှင် ကုန်ခြင်း ပျက်ခြင်းသို့ ရောက်၏ဟု နှလုံးသွင်းပြီးလျှင် ညဥ့်သန့်ရာ အရပ်သို့ ပြန်သွား ထိုင်နေလျက် ခယဝယ(ကုန်ခြင်း ပျက်ခြင်း) ကမ္မဋ္ဌာန်းကို ကောင်းစွာ စီးဖြန်းဆင်ခြင် ကြည့်ရှုပြီးလျှင် ဤဂါထာကို ရွတ်တော်မူ၏–

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ–

စင်စစ် သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ဖြစ်ပြီးလျှင် ပျက်တတ်သော သဘောရှိကုန်၏၊ ဖြစ်ပြီး၍ ချုပ်ကုန်၏။ ထိုသင်္ခါရ တရားတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်သည် ချမ်းသာကြောင်းပေတည်း။

ဤဂါထာကို ရွတ်ဆိုတော်မူလျက် ဝိပဿနာကို ပွားစေ၍ ပဋိသမ္ဘိဒါ လေးပါးတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏၊

ထိုမဟာကာဠ မထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်ပြီးသော် မြတ်စွာဘုရားရှင်သည် သံဃာတော်အပေါင်း ခြံရံလျက် ဒေသစာရီ လှည့်လည်ကြွမြန်း စက်ပန်းဖြန့်ချေတော်မူသည် ရှိသော် သေတဗျမြို့သို့ ကြွသွားတော်မူသည် ဖြစ်၍ ရင်းတိုက်တောအုပ်သို့ ဝင်တော်မူ၏။

## စူဠကာဠကို မယားဟောင်းတို့က ဖမ်းခြင်း

စူဠကာလမထေရ်၏ မယားတို့သည် မြတ်စွာဘုရားရှင်သည် သံဃာတော် အပေါင်း ခြံရံလျက် ကြွလာတော်မူ၍ ရင်းတိုက်တောသို့ အစဉ်အတိုင်း ရောက်လာပေသတတ်ဟု ကြားသိသောကြောင့် ငါတို့၏ အရှင်လင်ကို ယူကုန်အံ့ဟု စေလွှတ်၍ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်ကုန်၏။ မြတ်စွာဘုရားတို့ မည်သည်ကား မလေ့ကျက်အပ်သော အရပ်ဒေသ ဌာန၌ နေရာခင်းခြင်းကို ကြားသဖြင့် ရဟန်းတစ်ပါးသည် ရှေးဦးစွာ သွားခြင်းငှါ အပ်၏။ ထိုစကား မှန်၏။

မြတ်စွာဘုရား၏ နေရာတော်ကို အလယ်၌ ခင်းထား၍ ထိုမြတ်စွာဘုရား၏ လက်ယာမှ အရှင်သာရိပုတ္တရာ လက်ဝဲမှ အရှင်မောဂ္ဂလာန်၏နေရာကို ခင်းထား ပြီးလျှင် ထိုမှစ၍ နှစ်ဘက်သောနံပါးတို့ဖြင့် ရဟန်းသံဃာ၏နေရာကို ခင်းထား အပ်၏။ ထို့ကြောင့် မဟာကာဠမထေရ်သည် သက်နိုးရှိသော နေရာ၌ရပ်လျက် ညီငယ်ဖြစ်သော စူဠကာဠမထေရ်ကို သင်သည် ရှေးဦးစွာသွား၍ နေရာခင်း ခြင်းကို ကြားလေတော့ဟု စေလွှတ်လိုက်၏။ ထိုစူဠကာဠမထေရ်ကို မြင်သော အခါမှစ၍ အိမ်၌နေသူ လူများအပေါင်းသည် မထေရ်နှင့်တကွ ပြက်ရယ် အမှုကို ပြုကြ၍ နိမ့်သောနေရာတို့ကို သံဃာထေရ်၏အလို့ငှါ အစွန်း၌ ခင်းထား ကုန်၏။ မြင့်သောနေရာတို့ကို သံဃာငယ် အလို့ငှါ အလယ်၌ ထားကုန်၏။ စူဠကာဠ မထေရ်လည်း ဤသို့ မပြုကြကုန်လင့်၊ နိမ့်သောနေရာတို့ကို အထက်၌ မခင်းပါကုန်လင့်၊ မြင့်သောနေရာတို့ကို အောက်၌ မခင်းကုန်လင့်ဟု ပြောဆို၏၊ မိန်းမတို့သည် ထိုမထေရ်၏စကားကို ကြားသော်လည်း မကြားကုန်ဘိသကဲ့သို့ သင်သည် အဘယ်ကိုပြုလျက် လှည့်လည်ဘိသနည်း၊ သင်အား အဘယ်ကြောင့် နေရာတို့ကို ခင်းခြင်းငှါ မအပ်သနည်း၊ အသင်သည် အဘယ်သူကို ပန်ကြား ခွင့်တောင်း၍ ရဟန်းပြုဘိသနည်း၊ အဘယ့်ကြောင့် ရဟန်းပြုသနည်း၊ အဘယ့် ကြောင့် ဤအရပ်သို့ တစ်ဖန်ပြန်လာသနည်းဟု ပြောဆိုမြည်တမ်း၍ ဝတ်ရုံ သော သင်္ကန်းကို လုယက်ပြီးလျှင် အဝတ်ဖြူတို့ကို ဝတ်စေလျက် ဦးခေါင်း၌ ပန်းကုံးကိုတင်၍ သွားချေ မြတ်စွာဘုရားကို ပင့်ဆောင်ခဲ့လော့ ငါတို့သည် နေရာကို ခင်းထားကုန်အံ့ဟု ပြောဆို၍ စေလွှတ်လိုက်ကုန်၏။

ထိုစူဠကာဠသည် ရဟန်းအဖြစ်၌ တည်၍ မကြာမြင့်မီ တစ်ဝါမျှ မရသေးဘဲ လူထွက်ရသည်၏ အဖြစ်ကြောင့် ရှက်ရသည့် အဖြစ်ကို မသိ၊ ထို့ကြောင့် သာလျှင် စူဠကာဠလည်း ထိုအသွင်ဖြင့် ဂရုမထား၊ လေးစားမထောက် ရွံ့ကြောက်ခြင်း၊ ကင်းလျက်သာလျှင် ဘုရားရှင် ကိုယ်တော်မြတ်၏ထံသို့ သွား၍ ရှိသေမြတ်နိုး ရှိခိုးပြီးသော် ဘုရား အမှူးရှိသော သံဃာတော် အပေါင်းကို ပင့်ဆောင်၍ သွားလေ၏။

## မဟာကာဠ၏ မယားဟောင်း ရှစ်ယောက်

ရဟန်းသံဃာတော်အပေါင်း၏ ဆွမ်းစားပြီးသည်၏ အဆုံး၌ မဟာကာဠ မထေရ်၏ မယားဟောင်းတို့ကလည်း ဤစူဠကာဠ၏ မယားဟောင်းတို့သည် မိမိ၏ ခင်ပွန်းလင်ဟောင်းကို ဖမ်းယူအပ်၏။ ငါတို့သည်လည်း ငါတို့၏ ခင်ပွန်း လင်ကို ဖမ်းယူကုန်အံ့ဟု ကြံ၍ နက်ဖြန်မိုးသောက်သော နေ့၌ မြတ်စွာဘုရား ရှင်ကို ပင့်ဖိတ်ကုန်၏။ ထိုအခါ၌ နေရာခင်းခြင်းငှါ ရဟန်းတစ်ပါးသည် သွား၏။ ထိုမိန်းမတို့သည် ထိုခဏ၌ အခွင့်ကို မရသည်ဖြစ်၍ ဘုရားအမှူးရှိသော ရဟန်း

သံဃာတော် အပေါင်းကို ထိုင်နေစေ၍ ဆွမ်းကို ပေးလှူကုန်၏။ စူဠကာဠ သူကြွယ်အား မယားနှစ်ယောက်တို့သာ ရှိကုန်၏။ မဇ္ဈိမကာဠအား မယား လေးယောက်တို့ ရှိကုန်၏။ မဟာကာဠအား ရှစ်ယောက်ကုန်သော မယား တို့သည် ရှိကုန်၏။ ရဟန်းအပေါင်းသည် ဆွမ်းစားခြင်းငှါ ထိုင်နေကြကုန်သည် ဖြစ်၍ ဆွမ်းဘုဉ်းပေးကြကုန်၏။ မဟာကာဠသူကြွယ်၏ ထိုမယားဟောင်း ရှစ်ယောက်တို့သည် အပသို့ သွားလိုဘိသကဲ့သို့ နေရာမှ ထသွားကြကုန်၏။

မြတ်စွာဘုရားရှင်သည်လည်း ထိုင်နေသီတင်းသုံးတော်မူသည် ဖြစ်၍ ဆွမ်း ဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူ၏။ ထိုမြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးသည်၏ အဆုံး၌ မဟာကာဠ၏ ရှစ်ယောက်သော မယားဟောင်းတို့သည် အရှင်ဘုရား မဟာကာဠသည် အကျွန်ုပ်တို့အား အနုမောဒနာကို ပြု၍ လာပါလတ္တံ့။ အရှင် မြတ်တို့သည် ရှေးဦးစွာ ကြွတော်မူနှင့်ကြပါလော့ဟု လျှောက်ကြားကုန်၏။ မြတ်စွာဘုရားလည်း ကောင်းပြီဟု မိန့်တော်မူ၍ ရှေ့မှကြွတော်မူ၏။ ရွာတံခါးသို့ ကျရောက်လာသောအခါ ရဟန်းတို့သည် မြတ်စွာဘုရားသည် အဘယ်သို့သော အမှုကို ပြုပါလိမ့်မည်နည်း။ သိတော်မူလျက်နှင့်ပင် ပြုတော်မူလေသလော။ သို့မဟုတ် မသိတော်မူ၍ပင်တည်း ပြုတော်မူလေသလော၊ ယမန်နေ့ကာလက စူဠကာဠ၏ ရှေးဦးစွာ နေရာခင်းခြင်းငှါ သွားအပ်သည်၏ အဖြစ်ကြောင့် ပဗ္ဗဇ္ဇန္တရာယ် ဖြစ်ရလေပြီ။ ယနေ့လည်း နေရာခင်းခြင်းငှါ ရဟန်းတစ်ပါး၏ ရှေးဦးစွာ သွားအပ်သည်၏ အဖြစ်ကြောင့် အန္တရာယ်မဖြစ်လေသည်ကို ယခု တစ်ဖန် မဟာကာဠမထေရ်ကို ချန်ထားခဲ့၍ ကြွလာတော်မူပြန်ဘိလေသည်။ မဟာကာဠ မထေရ်သည်ကား သီလရှိ၏။ အကျင့်အာစာရနှင့် ပြည့်စုံ၏။ ထိုမဟာကာဠ မထေရ်၏လည်း ပဗ္ဗဇ္ဇန္တရာယ်ကို မချွတ် ပြုကြကုန်လတ္တံ့ဟု ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြကုန်၏။

## ရဟန်းအများ သောတာပတ္တိဖိုလ်၌ တည်ခြင်း

မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့၏ စကားကို ကြား၍ ဆုတ်နစ်လျက် မတ်မတ် ရပ်တော်မူပြီးသော် ချစ်သားရဟန်းတို့ အဘယ်သို့သော စကားကို ပြောကြားကြသနည်းဟု မေးတော်မူ၏။ ရဟန်းတို့ကလည်း ထိုအကြောင်းကို ပြန်ကြား၍ လျှောက်တင်ကြကုန်၏။ ချစ်သားရဟန်းတို့ အသင်တို့သည် စူဠ ကာဠကဲ့သို့ ငါ၏သားတော် မဟာကာဠကို အောက်မေ့ မှတ်ထင်ကြကုန် သလောဟု မေးတော်မူသည်ရှိသော် ရဟန်းတို့ကလည်း ဘုန်းတော်ကြီးမြတ် တော်မူလှသော မြတ်စွာဘုရား ဟုတ်မှန်လှပါသည်၊ ထိုစူဠကာဠအား မယား ဟောင်း နှစ်ယောက်မျှသာ ရှိပါကုန်သည်။ ဤမဟာကာဠအား မယား ဟောင်းရှစ်ယောက်တို့ ရှိပါကုန်သည်။ ထိုမယားဟောင်း ရှစ်ယောက်တို့သည်

ဝိုင်းဝန်း၍ ဖမ်းယူအပ်သည်ရှိသော် အဘယ်သို့ ပြုနိုင်ပါအံ့နည်း။ ထိုမယား ဟောင်းတို့၏ လက်သို့ ဆက်ဆက်ပါရလတ္တံ့ဟု လျှောက်ကြားကုန်သည် ကာလ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ဤသို့မဆိုကြကုန်လင့်၊ စူဠကာလသည် လျှောင်းခြင်း ထိုင်ခြင်း ရပ်ခြင်း သွားခြင်းတည်းဟူသော ဣရိယာပုထ် လေးပါးတို့ဖြင့် စောစောထ၍ တင့်တယ်လျှောက်ပတ်သော အာရုံ ကိုသာ များစွာရှု၍နေ၏။ ချစ်သားရဟန်းတို့ ထိုစူဠကာဠအား ဂမ်းပါးပြတ်၍ တည်သော အားငယ်သော သစ်ပင်နှင့်တူ၏။ ငါ၏သားတော်ဖြစ်သော မဟာ ကာဠသည်ကား မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ်သော အာရုံကိုသာ ရှုလျက် နေ၏။ ကျောက်အကိုပြီးသော တောင်ကြီးနှင့်တူသည်ဖြစ်၍ အရပ်ရှစ်မျက်နှာ မှ လာသော ငါးပါးသောအာရုံ ကာမဂုဏ်တည်း ဟူသော လေတို့ဖြင့် မတုန် မလှုပ်လေဟု မိန့်တော်မူပြီး၍ ဤဂါထာတို့ကို ဟောကြားတော်မူ၏—

> သုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ။
> ဘောဇနမှိ စာမတ္တညုံ၊ ကုသီတံ ဟီနဝီရိယံ။
> တံ ဝေ ပသဟတိ မာရော၊ ဝါတော ရုက္ခံဝ ဒုဗ္ဗလံ။
>
> အသုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ။
> ဘောဇနမှိ စ မတ္တညုံ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ။
> တံ ဝေ နပ္ပသဟတိ မာရော၊ ဝါတော သေလံဝ ပဗ္ဗတံ။

ထိုဂါထာတို့၏ အဆုံး၌ ရောက်လာကုန်သော ရဟန်းတို့သည် သောတာ ပတ္တိဖိုလ် စသည်တို့၌ တည်ကြကုန်၏။

လက်ခြေအင်္ဂါ စသည်တို့၌ တင့်တယ်သည်ဟု ရှုလေ့ရှိသည်ဖြစ်၍ နေလေ့ ရှိထသော စက္ခုစသော ဣန္ဒြေတို့၌ မစောင့်စည်းထသော ဘောဇဉ်၌ ရှာမှီးခံယူ သုံးဆောင်ခြင်းဟူသော အတိုင်းအရှည်ကို မသိထသော၊ ပျင်းရိထသော၊ ယုတ်လျော့သော ဝီရိယရှိထသော ထိုရဟန်းကို ကိလေသာမာရ်သည် လွှမ်းမိုး နိုပ်စက်ဘိ၏၊ ဥပမာ လေမုန်တိုင်းသည် အားမရှိသော သစ်ပင်ကို လွှမ်းမိုး နိုင်သကဲ့သို့တည်း။

လက်ခြေစသော အင်္ဂါတို့၌ အသုဘဟု ရှုလေ့ရှိသည်ဖြစ်၍ နေထသော စက္ခုစသော ဣန္ဒြေတို့၌ စောင့်စည်းထသော၊ ဘောဇဉ်၌ ရှာမှီးခံယူ သုံးဆောင် ခြင်း ဟူသော အတိုင်းအရှည် ပမာဏကို သိထသော၊ ကံ၊ ကံ၏အကျိုး ရတနာသုံးပါးတို့၌ သက်ဝင်ယုံကြည်ထသော၊ အားထုတ်အပ်သော ဝီရိယ ရှိထသော ထိုရဟန်းကို ကိလေသာမာရ်သည် မလွှမ်းမိုးနိုင်။ ဥပမာ—လေပြည် လေညင်းသည် ကျောက်တောင်ကို မလွှမ်းမိုးနိုင်သကဲ့သို့တည်း။

ထိုဂါထာတို့တွင်—

**သုဘာနုပဿိံ** ဟူသည် = တင့်တယ်သော အာရုံကို အဖန်ဖန် ရှုတတ်သော ဠဏ္ဍာရုံ၌ စိတ်ကိုလွှတ်၍ နေလေ့ရှိသော—ဟူလို။ ထိုစကား မှန်၏။ နိမိတ်ယူခြင်းကို လည်းကောင်း၊ စွဲလမ်း၍ ယူခြင်းကို လည်းကောင်း ယူသော ပုဂ္ဂိုလ်သည် ခြေသည်း လက်သည်းတို့သည် တင့်တယ်ကုန်၏ဟု ယူ၏။ လက်ချောင်းတို့သည် တင့်တယ်ကုန်၏ဟု ယူ၏။ လက် ခြေတို့သည် လည်းကောင်း၊ မြင်းခေါင်းတို့သည် လည်းကောင်း၊ ပေါင်တို့သည် လည်း ကောင်း၊ ခါးသည် လည်းကောင်း၊ ဝမ်းသည်လည်းကောင်း၊ သားမြတ် သည်လည်းကောင်း၊ လည်ပင်းသည် လည်းကောင်း၊ နှုတ်ခမ်းတို့သည် လည်း ကောင်း၊ သွားတို့သည်လည်းကောင်း၊ ခံတွင်းသည်လည်းကောင်း၊ နှာခေါင်း တို့သည်လည်းကောင်း၊ မျက်စိတို့သည် လည်းကောင်း၊ နားရွက်တို့သည် လည်း ကောင်း၊ မျက်ခုံးတို့သည်လည်းကောင်း၊နဖူးသည်လည်းကောင်း၊ဆံပင်တို့သည် လည်းကောင်း တင့်တယ်ကုန်၏ဟု ယူ၏။ ဆံပင်တို့သည် လည်းကောင်း၊ အမွေး တို့သည် လည်းကောင်း၊ လက်သည်း ခြေသည်းတို့သည် လည်းကောင်း၊ သွား တို့သည် လည်းကောင်း၊ အရေသည်လည်းကောင်း တင့်တယ်၏ဟု ယူ၏။ အဆင်းသည် တင့်တယ်၏၊ ကိုယ်သဏ္ဌာန်သည် တင့်တယ်၏၊ ဤသို့ ရှုသော ပုဂ္ဂိုလ်သည် တင့်တယ်၏ဟု အဖန်တလဲလဲ ရှုသည်မည်၏။ ဤသို့ တင့်တယ်၏ဟု ရှုလေ့ရှိလျက် နေသောသော၊ စက္ခု စသော ဣန္ဒြေတို့၌ မစောင့်စည်းထသော ပုဂ္ဂိုလ်ကို၊ ရှာမှီးခြင်း၌ အတိုင်းအရည်လည်းကောင်း၊ ခံယူခြင်း၌ အတိုင်း အရှည် လည်းကောင်း၊ သုံးဆောင်ခြင်း၌ အတိုင်းအရှည် လည်းကောင်း ဤသို့သော အတိုင်းအရှည်ကို မသိခြင်း၊ မသိခြင်းကြောင့် ဘောဇဉ်၌လည်း အတိုင်းအရှည်ကို မသိထသော၊ တစ်နည်းကား—ဆင်ခြင်ခြင်း၌ အတိုင်းအရှည် လည်းကောင်း၊ စွန့်လွှတ်ခြင်း၌ အတိုင်းအရှည်လည်းကောင်း ဤသို့သော အတိုင်းအရှည်ကိုလည်း မသိခြင်းကြောင့် အတိုင်းအရှည်ကို မသိသော၊ ဤဘောဇဉ်သည် တရားနှင့် လျော်၏၊ ဤဘောဇဉ်သည် တရားနှင့် မလျော်၊ ဤသို့ မသိထသော။

ကာမစ္ဆန္ဒဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်၏ အလိုသို့ လိုက်ခြင်း ဖြင့် ပျင်းရိခြင်းရှိထသော။

**ဟီနဝီရိယံ ဟူသည်**=လုံ့လ မရှိထသော၊ ဣရိယာပုထ် လေးပါးတို့၌ လုံ့လ ပြုခြင်းမှ ကင်းထသော ပုဂ္ဂိုလ်ကို ဟူလို။

တံ ဝေ ပသဟတိ ဟူသည်=နှိပ်စက် ညှဉ်းဆဲ၏၊ လွှမ်းမိုး ဖိစီး၏ ဟူလို။

ဓမ္မပဒ (ပ) ၇—ပ·မ·သ·စ

ဝါတော ရုက္ခံဝ ဒုဗ္ဗလံ ဟူသည်=အားကြီးသော လေသည် ကမ်းပါး ပြတ်၌ ပေါက်သော အားနည်းသော သစ်ပင်ကို လှမ်းမိုး နှိပ်စက်နိုင်သကဲ့သို့ ထိုလေသည် အားနည်းသော သစ်ပင်၏ အပွင့်, အသီး, အရွက်နု, အရွက်ရော် တို့ကိုလည်း ကျစေဘိသကဲ့သို့လည်းကောင်း၊ သစ်ခက်ငယ် တို့ကိုလည်း ချိုးသကဲ့သို့ လည်းကောင်း၊ သစ်ကိုင်းကြီး, တို့ကိုလည်း ချိုးဖဲ့သကဲ့သို့ လည်းကောင်း၊ အမြစ်နှင့် တကွလည်း ထိုသစ်ပင်ကို နုတ်၍ အထက်မှာအမြစ်၊ အောက်မှာ အခက် ရှိအောင်ပြု၍ သွားသကဲ့သို့ ဤအတူလျှင် ဤသို့သဘော ရှိသော ပုဂ္ဂိုလ်ကို အတွင်း၌ဖြစ်သော ကိလေသာမာရ်သည် နှိပ်စက်ညှဉ်းဆဲ၏။ အားကြီးသော လေသည် အားနည်းသော သစ်ပင်၏ အပွင့်, အသီး, ရွက်နု, ရွက်ရော်တို့ကို ကြွေစေသကဲ့သို့ ခုဒ္ဒါနုခုဒ္ဒက အာပတ်သို့ ရောက်ခြင်းကို လည်း ပြု၏။ သစ်ခက်ငယ်၏ ကျိုးခြင်းကဲ့သို့ နိဿဂ္ဂိ-စသော အာပတ်သို့ ရောက်ခြင်းကိုလည်း ပြု၏။ ခက်မ၏ ကျိုးခြင်းကဲ့သို့ သံဃာဒိသိသ် တစ်ဆယ့်သုံးပါး အာပတ်သို့ ရောက်ခြင်းကိုလည်း ပြု၏။ နုတ်၍ အထက်မှာ အမြစ်၊ အောက်မှာ အခက် ပြု၍ လဲစေခြင်းကဲ့သို့ ပါရာဇိက အာပတ်သို့ ရောက်ခြင်းကိုလည်း ပြု၏။ ကောင်းစွာ ဟောအပ်သော သာသနာတော်မှ ထုတ်ဆောင်၍ နှစ်ရက်, သုံးရက်ဖြင့်သာလျှင် လူဖြစ်စေ၏။ ဤသို့ သဘော ရှိသောပုဂ္ဂိုလ်ကို ကိလေသာမာရ်သည် မိမိ၏ အလိုသို့ လိုက်စေ၏ ဟူလို။

အသုဘာနုပဿိံ ဟူသည်=အသုဘ ၁၀-ပါးတို့တွင် တစ်ပါးပါးသော အသုဘကို ရှုသော စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းသော အခြင်းအရာ၌ ယှဉ်သော ဆံပင်တို့ကို မတင့်တယ်သောအားဖြင့် ရှုထသော အမွေးတို့ကို၊ခြေသည်း လက်သည်းတို့ကို၊ သွားတို့ကို၊ အရေကို၊ အဆင်းကို၊ ကိုယ်သဏ္ဌာန်ကို မတင့် တယ်သော အားဖြင့် ရှုထသော ဟူလို။

ဣန္ဒြိယေသု ဟူသည်=စက္ခုစသော ဣန္ဒြေခြောက်ပါးတို့၌ ဟူလို။

သုသံဝုတံ ဟူသည်=သုဘနိမိတ် စသည်ကို ယူခြင်းမှ ကင်းထသော၊ ပိတ် အပ်သော တံခါးရှိထသော အတင်းအရှည်ကို မသိသည်၏ အဖြစ်ကို ပယ်သဖြင့် ဘောဇဉ်၌ အတိုင်းအရှည်ကို သိထသော ဟူလို။

သဒ္ဓံ ဟူသည်=ကံ, ကံ၏ အကျိုးကို ယုံကြည်ခြင်းလက္ခဏာ ရှိထသော လောကီသဒ္ဓါနှင့်လည်းကောင်း၊ရတနာသုံးပါးတို့၌ မတုန်မလှုပ် ကြည်ညိုခြင်းဟု ဆိုအပ်သော မလောကုတ္တရာ သဒ္ဓါနှင့်လည်းကောင်း ပြည့်စုံထသော ဟူလို။

**အာရဒ္ဓဝီရိယံ** ဟူသည်=ချီးမြှင့်အပ်သော ဝီရိယရှိထသော၊ ပြည့်စုံသော လုံ့လရှိထသော ဟူလို။

**တံ ဝေ** ဟူသည်=ဤသို့ သဘောရှိသော ထိုပုဂ္ဂိုလ်ကို အားနည်းသော လေသည် ပြည်းညင်းစွာ ခတ်သည်ရှိသော် တစ်ခဲနက် ကျောက်အတိပြီးသော တောင်ကို တုန်လှုပ်စေခြင်းငှါ မတတ်နိုင်သကဲ့သို့ ထိုအတူ ကိုယ်တွင်း၌ဖြစ်သော အားနည်းသော ကိလေသာမာရ်သည်လည်း မညှဉ်းဆဲနိုင်၊ ချောက်ချားခြင်းငှါသည်းကောင်း၊ တုန်လှုပ်ခြင်းငှါလည်းကောင်း မတတ်နိုင် ဟူလို။

ထိုမဟာကာဠထေရ်၏ မယားဟောင်းတို့က မထေရ်ကို ဝိုင်းဝန်းပြီးသော် သင်သည် အဘယ်သူကို ပန်ကြား၍ ရဟန်းပြုလေသနည်း၊ ယခုအခါ၌ သင်သည် လူဖြစ်သတ္တံ့လော၊ မဖြစ်လတ္တံ့လော၊ ဤသို့အစရှိသောစကားတို့ကိုဆို၍ သင်္ကန်းအဝတ်ကို ပယ်ချွတ်ခြင်းငှါ ဖမ်းဆီးကုန်၏၊ မဟာကာဠမထေရ်သည် ထိုမိန်းမတို့၏ အခြင်းအရာအာကာရကို မှတ်၍ ထိုင်နေသောနေရာမှ ထပြီးလျှင် ဣဒ္ဓိပါဒ်တန်ခိုးတော်ဖြင့် ပျံတက်ပြီး၍ အိမ်၏ အထွတ်အချက်ကို နှစ်ဖြာခွဲပြီးသော် ကောင်းကင်ခရီးဖြင့် ကြွတော်မူလာခဲ့၍ မြတ်စွာဘုရား ဟောကြားတော်မူသော ဂါထာ၏ အဆုံး၌သာလျှင် ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ သွန်းသစ်စသော ရွှေစင်အဆင်းကဲ့သို့သော အဆင်းရှိသော ကိုယ်တော်ကို ဖူးမြော်ချီးမွမ်းကောမနာပြီးလျှင် ကောင်းကင်မှ သက်လာ၍ မြတ်စွာဘုရား၏ ရွှေစက်ပဒုံခြေတော်စုံတို့ကို ကြည်ယုံမြတ်နိုး ရှိခိုးဦးညွှတ်လေသတည်း။

ခြောက်ခုမြောက် မဟာကာဠမထေရ်ဝတ္ထု ပြီး၏။

---

## ၇။ အရှင်ဒေဝဒတ်ဝတ္ထု

အနိက္ကသာဝေါ-အစရှိသော ဤဓမ္မဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ရာဇဂြိုဟ်ပြည်၌ ဒေဝဒတ်မထေရ်၏ သင်္ကန်းရသည်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

အခါတစ်ပါး၌ အဂ္ဂသာဝက ဘုရားလက်ရုံး ရွှေဘုန်းတော်ရှင် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့သည် ငါးရာစီ ငါးရာစီ ရှိကုန်သော မိမိ၏ အခြံအရံ တပည့်သံဃာတို့ကိုယူ၍ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိခိုး ဝပ်တွား လျှောက်ကြား ခွင့်ပန်ပြီးသော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူကြကုန်၏။ ရာဇဂြိုဟ်ပြည်၌ နေလေ့ရှိကုန်

သော ဒါယကာ နှစ်ယောက် သုံးယောက်တို့သည်လည်းကောင်း၊ များစွာသော ဒါယကာတို့သည်လည်းကောင်း၊ တစ်ပေါင်းတည်းဖြစ်၍ အာဂန္တုကအလှူကို ပေးလှူကြကုန်၏။

အရှင်သာရိပုတ္တရာ ဒါနတရား ဟောကြားတော်မူခြင်း

ထိုအခါ တစ်နေ့သောနေ့၌ ရှင်သာရိပုတ္တရာအရှင်မြတ်သည် အနုမောဒနာကို ပြုတော်မူသည်ရှိသော် ဤမေဒေသနာတော်ကို ဟောတော်မူ၏—

ဧပါသကာ ဧကော သယံ ဒါနံ ဒေတိ၊ ပရံ န သမာဒပေတိ၊ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ဘောဂသမ္ပဒံ လဘတိ၊ နော ပရိဝါရသမ္ပဒံ။

ဧကော သယံ န ဒေတိ၊ ပရံ သမာဒပေတိ၊ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ပရိဝါရသမ္ပဒံ လဘတိ၊ နော ဘောဂသမ္ပဒံ။

ဧကော သယမ္ပိ န ဒေတိ၊ ပရမ္ပိ န သမာဒပေတိ၊ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ကဉ္စိကမတ္တမ္ပိ ကုစ္ဆိပူရံ န လဘတိ၊ အနာထော ဟောတိ နိပ္ပစ္စယော။

ဧကော သယမ္ပိ ဒေတိ၊ ပရမ္ပိ သမာဒပေတိ၊ သော နိဗ္ဗတ္တ-နိဗ္ဗတ္တဋ္ဌာနေ အတ္တဘာဝသတေပိ အတ္တဘာဝသဟဿေပိ အတ္တဘာဝ-သတသဟဿေပိ ဘောဂသမ္ပဒံ စေဝ ပရိဝါရသမ္ပဒံ စ လဘတိ၊

အိုဒါယကာအပေါင်းတို့ တစ်ယောက်သောသူသည် မိမိသည် အလှူဒါနကို ပေးလှူ၏၊ သူတစ်ပါးကို ပေးလှူစိမ့်သောငှာ မတိုက်တွန်း မနှိုးဆော်၊ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို မူကားရ၏။ အခြွေအရံ ပရိသတ်နှင့် မပြည့်စုံ။

တစ်ယောက်သောသူသည် မိမိသည် မပေးလှူ သူတစ်ပါးကို ပေးလှူပူဇော်စိမ့်သောငှာ တိုက်တွန်းနှိုးဆော်၏။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ အခြွေအရံ ပရိသတ်ကို ရ၏။ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကိုမူကား မရ။

တစ်ယောက်သောသူသည် မိမိသည်မူလည်း မပေးလှူ၊ သူတစ်ပါးကိုလည်း ပေးလှူစိမ့်သောငှါ မနှိုးဆော် မတိုက်တွန်း၊ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ ပအုံးရည် ပအုံးဖတ်ကိုသော်လည်း ဝမ်းပြည့်ရုံမျှ မစားမသောက်ရသည်ဖြစ်၍ ကိုးကွယ်ရာမဲ့ခြင်း အထောက်အပံ့ မရှိခြင်းသည် ဖြစ်၏။

တစ်ယောက်သောသူသည် မိမိလည်းလည်း လှူဒါန်းပေးကမ်း စွန့်ကြဲ၏။ သူတစ်ပါးကိုလည်း လှူဒါန်းပေးကမ်း စွန့်ကြဲစေ၏။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ အတ္တဘော အရာအထောင်အသိန်းတို့၌ ချမ်းသာကြွယ်ဝခြင်းကိုလည်းကောင်း၊ အခြွေအရံ ပရိသတ်တို့၏ ပြည့်စုံခံစားခြင်းကိုလည်းကောင်း ရ၏။

ဟု ဟောတော်မူသည်ရှိသော် ပညာရှိ ဒါယကာတစ်ဦးသည် ထိုတရားတော်ကို ကြားနာရလျှင် နှစ်သက် ဝမ်းသာခြင်း ဖြစ်လှ၍ ဤပါဌ်တို့ဖြင့် ချီးမွမ်းထောမနာ၏—

အစ္ဆရိယာ ဝတ ဘော၊ အဗ္ဘုတာ ဝတ ဘော၊ ဓမ္မဒေသနာ သုခကာရဏံ ကထိတံ—

အို-တရားနာ ပရိသတ်အပေါင်းတို့ တရားစစ်သူကြီး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာအရှင်မြတ် ဟောကြားတော်မူအပ်သော တရားတော်မြတ်သည် အံ့ဖွယ်သရဲ ဖြစ်လေစွတကား၊ မဖြစ်ဖူးမြဲ ဖြစ်လေစွတကား။ အရှင်သာရိပုတ္တရာ အရှင်မြတ် ဟောအပ်သော တရားတော်မြတ်သည် ချမ်းသာခြင်း၏ အကြောင်းကိုသာ ကောင်းစွာ ဟောကြားတော်မူအပ်၏။

ဟု ချီးမွမ်း ထောမနာပြီး၍ ငါလည်း ဤအကျိုးဆက်နစ်မျိုးတို့ကို ခံစားပိုင်ပိုင် ပြီးစေနိုင်သော ကုသိုလ်ကောင်းမှုကို စီမံအားထုတ်ခြင်းငှာ အင်၏ဟု ကြံပြီးလျှင် အရှင်ဘုရား နက်ဖြန်ခါ၌ တပည့်တော်၏ဆွမ်းကို အလှူခံတော်မူပါကုန်ဟု မထေရ်ကို ပင့်ဖိတ်၏။ မထေရ်ကလည်း ဒါယကာ အဘယ်မျှလောက်သော သံဃာတို့ဖြင့် အလိုရှိသနည်းဟု မေးတော်မူလျှင် အရှင်ဘုရား အရှင်မြတ်တို့အား ခြံရံအပ်သော သံဃာပရိသတ်တို့သည် အဘယ်မျှ ရှိပါကုန်သနည်းဟု မေးလျှောက်သော် ဒါယကာ သံဃာအရေအတွက် တစ်ထောင်ရှိသည်ဟု မထေရ်မြတ်က မိန့်တော်မူလျှင် အရှင်ဘုရား အလုံးစုံသော သံဃာတို့နှင့်တကွသာလျှင် နက်ဖြန်ခါ တပည့်တော်၏ ဆွမ်းကို အလှူခံတော်ပါကုန်ဟု ပင့်ဖိတ်၏။ ရှင်သာရိပုတ္တရာမထေရ်သည်လည်း သည်းခံတော်မူ၏။

## ရဟန်းတစ်ထောင်ကို ဆွမ်းလှူခြင်း

ဒါယကာသည် မြို့လမ်းခရီးသို့ လှည့်လည်လျက် အို-မိခင် ဖခင်တို့ အကျွန်ုပ်သည် နက်ဖြန်ခါ၌ တစ်ထောင်မျှသောသံဃာကို ပင့်ဖိတ်အပ်ပြီ ။ အသင်တို့သည် အဘယ်မျှလောက်ကုန်သော ရဟန်းတို့အား ဆွမ်းကို ပေးလှူခြင်းငှာ စွမ်းနိုင်ကုန်သနည်းဟု နှိုးဆော်တိုက်တွန်း ဆောက်တည်စေ၏။ လူတို့သည် မိမိ၏စွမ်းနိုင်

လောက်သော အမှတ်ဖြင့်သာလျှင် ငါတို့သည် တစ်ကျိပ်သော သံဃာတော်တို့အား ပေးလှူကုန်အံ့။ ငါတို့သည် နှစ်ကျိပ်သောသံဃာတော်တို့အား၊ ငါတို့သည် သုံးကျိပ်သော သံဃာတော်တို့အား၊ ငါတို့သည် လေးကျိပ်သော သံဃာတော်တို့အား ငါတို့သည် ငါးကျိပ်သော သံဃာတော်တို့အား၊ ငါတို့သည် တစ်ရာသော သံဃာတော်တို့အား ပေးလှူကုန်အံ့ဟု အသီးသီး ပြောဆိုဝန်ခံကုန်၏။ နှိုးဆော်တိုက်တွန်းသော ဒါယကာကလည်း ထိုသို့ဖြစ်လျှင် တစ်ခုသောအရပ်၌ ပေါင်းဆုံစည်းဝေးခြင်းကိုပြု၍ တစ်ပိုင်နက် တစ်ပေါင်းတည်းသာလျှင် လုပ်ကျွေးကြကုန်အံ့၊ အလုံးစုံသော နှမ်း၊ဆီ၊ဆန်၊ထောပတ်၊ပျား၊တင်လဲ၊သကာ စသည်တို့ကို ဆောင်ခဲ့ကြကုန်လော့ဟု ပြောဆို၍ သင်တင့်လျောက်ပတ် ကောင်းမြတ်သော တစ်ခုသောအရပ်၌ ကောင်းစွာ ဆောင်ယူ စုဆောင်းစေ၏။

ထိုအခါ သူကြွယ်တစ်ဦးသည် နှိုးဆော်တိုက်တွန်းသော ဒါယကာအား အဖိုးတစ်သိန်းထိုက်သော အနံ့တကြိုင်ကြိုင်လှိုင်သော နံ့သာဖန်ရည် ဆိုးအပ်သော ပုဆိုးကိုပေး၍ အသင်၏ ဒါနဝတ်သည် အကယ်၍ မပြည့်စုံခဲ့သည်ဖြစ်အံ့၊ ဤပုဆိုးကို စွန့်လှုတ်ထုခွဲ၍ အကြင်ဝတ္ထုသည် မပြည့်စုံ၊ ထိုဝတ္ထုကို ဖြည့်လေလော့ လို လာက်ပြည့်စုံသည် အကယ်၍ ဖြစ်ခဲ့အံ့၊ အကြင်ရဟန်းအား ပေးလှူခြင်းငှာ အလိုရှိ၏။ ထိုရဟန်းအား ပေးလှူလေလော့ဟု ဆို၍ ပေးလှူလိုက်၏။

## အရှင်ဒေဝဒတ်အား သင်္ကန်းလှူခြင်း

တိုက်တွန်းနှိုးဆော်သော ဒါယကာ၏ အလုံးစုံသော အလှူဝတ်သည်လည်း ညီညွတ်ပြည့်စုံသဖြင့် အနည်းငယ် တစ်စုံတစ်ရာမျှ ယုတ်လျော့ခြင်း မရှိသည်ဖြစ် လေ၏။ ထိုဒါယကာက ဤအဝတ်သင်္ကန်းကို သူကြွယ် တစ်ယောက်သည် ဤသို့သော စကားတို့ကို ပြောဆို၍ ပေးလှူအပ်၏။ ၎င်းအဝတ်သင်္ကန်းသည် ပိုလွန်သည် ဖြစ်ခဲ့၏။ ထိုသင်္ကန်းကို အဘယ်အရှင်အား ပေးလှူကုန်အံ့နည်းဟု လူတို့ကို မေး၏။ အချို့သူတို့က ရှင်သာရိပုတ္တရာ အရှင်မြတ်အား ပေးလှူကုန်အံ့ဟု ဆိုကုန်၏၊ အချို့သောသူတို့ကလည်း ရှင်သာရိပုတ္တရာ မထေရ်သည် ကောက်မှည့်သော ကာလ၌သာ ကြွလာ၍ ကြွသွားတော်မူတတ်သော အလေ့ရှိ၏။ ရှင်ဒေဝဒတ်သည် ငါတို့၏ မင်္ဂလာအမှု၊ အမင်္ဂလာအမှုတို့၌ ကြည့်ရှုစောင်မသဖြင့် အဖော်သဟဲလည်း ဖြစ်ပေသည်။ ရေအိုးစရည်းကြီး သဖွယ်ကဲ့သို့ အမြဲမပြတ် ငါတို့၏ အရပ်ဒေသ၌သာ သီတင်းသုံး တည်နေတော်မူသည်။ ရှင်ဒေဝဒတ်အား ထိုအဝတ်သင်္ကန်းကို ပေးလှူကုန်အံ့ဟု ဆိုကုန်၏။ များစွာသော သူတို့၏ စကားဖြင့်လည်း ရှင်ဒေဝဒတ်အား ပေးလှူအပ်၏။ ရှင်ဒေဝဒတ်အား ပေးလှူအပ်၏ဟု ဆိုကြသဖြင့် ရှင်ဒေဝဒတ်အား ပေးလှူလိုသော သူများသည် ဖြစ်ကုန်၏။ ထိုအခါ အဝတ်သင်္ကန်းကို ရှင်ဒေဝဒတ်အား

ပေးလေ့ကုန်၏။ ရှင်ဒေဝဒတ်သည်လည်း ထိုအဝတ်ပုဆိုးကို ဆုတ်ဖြတ်စီရင်ပြီး၍ ဆိုးရည်တို့ဖြင့် ဆိုးပြီးလျှင် ဝတ်ရုံ သုံးဆောင်၍ လှည့်လည်၏။

ထိုသို့ ဝတ်ရုံသုံးဆောင် လှည့်လည်သည်ကို မြင်ကြသော် လူတို့သည် ဤသင်္ကန်းသည်ကား အရှင်ဒေဝဒတ်အား မသင့်တင့်မလျော်၊ ရှင်သာရိပုတ္တရာအားသာ သင့်လျော် လျောက်ပတ်လေသည်။ အရှင်ဒေဝဒတ်သည် မိမိအား မလျောက်ပတ်သော အဝတ်သင်္ကန်းကို ဝတ်ရုံ သုံးဆောင်၍ လှည့်လည်လေသည်ဟု ပြောဆိုကြကုန်၏။

ထိုအခါ အရပ်မျက်နှာ၌ နေလေရှိသော ရဟန်းတစ်ပါးသည် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ သွားပြီးလျှင် မြတ်စွာဘုရားကို ပူဇော်မြတ်နိုး ရှိခိုး၍ ပြုအပ်ပြီးသော ပဋိသန္ထာရရှိသဖြင့် မြတ်စွာဘုရား ရှင် ကိုယ်တော်မြတ်က အဂ္ဂသာဝကနှစ်ပါးတို့၏ ချမ်းသာစွာ နေရသည်ကိုမေးတော်မူသည် ရှိသော် ထိုအာဂန္တုရဟန်းသည် အစမှစ၍ အလုံးစုံသော ထိုအကြောင်းကို ကြားလျှောက်၏။ ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားရဟန်း ယခုအခါ၌သာလျှင် ထိုဒေဝဒတ်သည် မိမိအား မလျောက်ပတ် မသင့်လျော်သော အဝတ်ကို ဝတ်ရုံ သုံးဆောင်သည် မဟုတ်သေး။ ရှေးအခါ၌လည်း ဝတ်ရုံ သုံးဆောင်သည်သာလျှင်တည်းဟု အတိတ်ကို ဆောင်တော်မူ၏။

## ဆင်သတ်ယောကျ်ားဝတ္ထု

ချစ်သားရဟန်း ရှေးလွန်လေပြီးသော အခါ၌ ဗာရာဏသီပြည်ကြီးဝယ် ဗြဟ္မဒတ်မင်းကြီးသည် မင်းအဖြစ်ကို ပြုသည်ရှိသော် ဗာရာဏသီပြည်၌ နေလေ့ရှိသော ဆင်သတ်ယောကျ်ားတစ်ယောက်သည် ဆင်ကို သတ်၍ အစွယ်တို့ကိုလည်းကောင်း၊ ခြေသည်းတို့ကိုလည်းကောင်း၊ အအူတို့ကိုလည်းကောင်း၊ တစ်ခဲနက်သော အသားကိုလည်းကောင်း ဆောင်ပြီးလျှင် ရောင်းချ၍ အသက်မွေးခြင်းကို ပြု၏။ ထိုအခါ တစ်ခုသော တောအုပ်၌ အထောင်မက များလှစွာသော ဆင်တို့သည် ကျက်စားရာကိုယူ၍ ဖယ်သွား လှည့်လည်သည်ရှိသော် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို မြင်၍ ထိုမြင်သောအခါမှစ၍ သွားလာတိုင်းသော ကာလ၌ ဒူးပုဆစ်တို့ဖြင့် တုပ်ဝပ်ရှိခိုး၍ ဖယ်သွားကုန်၏။ တစ်နေ့သ၌ ဆင်သတ်သမားသည် ထိုအမှုအရာကိုမြင်၍ ငါသည် ဤဆင်တို့ကို ငြိုငြင်ပင်ပန်းသဖြင့်သာလျှင် ပစ်ခတ်သတ်ပုတ်ရ၏။ ဤဆင်တို့သည်ကား သွားတိုင်းလာတိုင်းသော ကာလ၌ ပစ္စေကဗုဒ္ဓါတို့ကို ရှိခိုးပူဇော်ကုန်၏။ အဘယ်သို့နည်း။ ဤပစ္စေကဗုဒ္ဓါတို့ကို ဆင်တို့သည် အဘယ်ကိုမြင်သောကြောင့် ရှိခိုးကြလေကုန်သနည်းဟု ကြံစည်ဆင်ခြင်သည်ရှိသော် ကောန်မချွတ် ဖန်ရည်စွန်းသော အဝတ်ကြောင့်သာ

ဦးညွှတ်တုပ်ပြောင်း ဆင်အပေါင်းတို့ ဝပ်လျှောင်း ရှိခိုးလေသည်ဟူ၍ မှတ်ပြီး လျှင် ငါသည်လည်း ဤယခုအခါ၌ ဖန်ရည်စွန်းသော အဝတ်သက်န်း တစ်ခုကို ရခြင်းငှာ အပ်၏ဟု ကြံပြီးလျှင် ရေအိုင်တစ်ခုသို့ သက်ဆင်း၍ ရေသုံးသပ်ဝေ ၁် မူသော ပစ္စေကဗုဒ္ဓါတစ်ဆူ၏ ကမ်း၌ပုံထားအပ်သော သက်န်းတို့တွင် တစ်ထည် သော သက်န်းကို ခိုးယူလေ၍ ထိုဆင်တို့၏ သွားလာရာဖြစ်သော လမ်းခရီး၌ လှံကို လက်စွဲပြီးလျှင် ဦးခေါင်းနှင့်တကွ ရုံ၍ ထိုင်နေ၏။

ဆင်တို့သည် ထိုဆင်သတ်သမားကိုမြင်လျှင် ပစ္စေကဗုဒ္ဓါအရှင် ဟူသော အမှတ်ဖြင့် ရှိခိုး၍ ဖဲသွားကုန်၏။ ထိုဆင်သတ်သမားသည် အလုံးစုံသော ဆင်တို့၏ နောက်မှသွားသော ဆင်တစ်ကောင်ကို လှံဖြင့်ပုတ်ခတ်သတ်ခြင်းကို ပြု၍ အစွယ်သည်တို့ကို ယူပြီးလျှင် ကြွင်းသော အသေကောင်ကို မြေ၌ တူးမြှုပ်၍ သွားလေ၏။

ဘုရားလောင်းဆင်မင်း

နောက်အဖို့၌ ဘုရားလောင်းသည် ဆင်အမျိုး၌ ပဋိသန္ဓေကို ယူ၍ ဆင် တို့၏ အကြီးအမှူးသည်ဖြစ်၏။ ထိုအခါ၌လည်း ဆင်သတ်သမားသည် ရှေးနည်းအတူသာလျှင် ပြု၍နေ၏။ ဘုရားလောင်းဆင်မင်းသည်လည်း မိမိ၏ ပရိသတ် တဖြည်းဖြည်း ယုတ်လျော့ နည်းပါးသည်ကိုသိ၍ ဤဆင်အပေါင်း တို့သည် အဘယ်အရပ်သို့ သွားကြကုန်သည်ဖြစ်၍ ဤသို့ နည်းပါးခြင်း ဖြစ်လေသနည်း ဟူ၍မေးသော် အရှင် ငါတို့သည်မသိကြပါကုန်ဟု ဆိုကြသည် ရှိသော် ဆင်တစ်ကောင်မျှ ငါ့ကို မပန်ကြားဘဲ ဖဲသွားခြင်းမရှိကြကုန်၊ တစ်စုံ တစ်ခုသော အန္တရာယ်ဘေးရန်သည် ဖြစ်ရာသည်ပု၍ ကြံဆင်ခြင်ပြီးလျှင် တစ်ခုသောအရပ်၌ ဖန်ရည်စွန်းသော အဝတ်သက်န်းကိုဝတ်ရုံ၍ ထိုင်နေသော သူ၏ထံမှ ဤဘေးရန်သည် ဖြစ်လတ္တံ့ဟု ယုံမှားခြင်းရှိသည်ဖြစ်၍ ထိုသူကို ဖမ်းခြင်းငှာ အပ်၏ဟု ကြံ၍ အလုံးစုံသောဆင်တို့ကို ရှေ့မှသာလျှင်စေလွှတ် ၍ မိမိသည် နောက်မှ ငုံ့ဆိုင်းလျက် လာ၏။ ထိုဆင်သတ်သော သူသည်လည်း ကြွင်းသောဆင်တို့သည် ရှိခိုးပြီး၍ သွားကြကုန်သည်ရှိသော် နောက်မှလာသော ဘုရားလောင်းကို မြင်၍ သက်န်းကို ပယ်ခွာပြီးလျှင် လှံကို လွှတ်လိုက်၏။ ဘုရားလောင်းသည်လည်း သတိကို ရှေးရှုဖြစ်စေလျက် လာသောကြောင့် လှံကို လွှတ်လိုက်သောအခါ နောက်သို့ တစ်ဖန် တုံ့ပြန်ဖဲကြဉ်လျက် လှံကို ချွတ်လွဲစေပြီးလျှင် ဤသူသည် ဆင်တို့ကို ဖျက်ဆီးတတ်သော သူဇာည်းဟု ဖမ်းယူခြင်းငှာ ပြေးသွားလေ၏။

ဆင်သတ်သမားလည်း သစ်ပင်တစ်ပင်သို့ ရှေးရှုပြုလျက် ပုန်းအောင်းသော် ဘုရားလောင်းသည် သစ်ပင်နှင့်တကွ ဝန်းရံ၍ ထိုဆင်သတ်သမားကို နှာမောင်းဖြင့် ယူ၍ မြေကြီး၌ ပုတ်ခတ်၍ သေစေအံ့ဟုကြံ၍ သွားသည်ရှိသော် ဆင်သတ်သမားက ထုတ်ပြသော သင်္ကန်းကိုမြင်သောကြောင့် အကယ်၍ ဤသူယုတ်ကို ဖျက်ဆီးသည်ဖြစ်ခဲ့အံ့ အထောင်မက များသော ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၌ အရှက်ကို ဖျက်ဆီးအပ်သည် ဖြစ်ပေလတ္တံ့ဟု အမျက်ဒေါသကို သိမ်းဆည်း သည်းခံတော်မူ၍ အသင်သည် ဤမျှလောက်သော ငါ၏အဆွေအမျိုးတို့ကို ဖျက်ဆီးအပ်သည် မဟုတ်တုံလော ဟုမေးလျှင် အရှင် ဟုတ်ပေ၏ဟု ဝန်ခံသဖြင့် အသင်သည် အဘယ်ကြောင့် ဤကဲ့သို့ ဝန်လေးစွာသော အမှုကို ပြုလေဘိသနည်း မိမိအား မလျောက်ပတ် မလျော် ရာဂကင်းတော်မူကုန်သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့အားသာ လျောက်ပတ်သင့်လျော်သော ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို ဝတ်ရုံသုံးဆောင်လျက် ဤကဲ့သို့သဘောရှိသော ဝန်လေးစွာသော အမှုကိုပြုလေဘိသနည်းဟု ပြောဆိုဆုံးမပြီး၍ ထိုထက်ပင် အလွန်အားဖြင့် နှိပ်ကွပ် ဆုံးမတော်မူလိုပြန်သောကြောင့် အနိက္ကသာဝေါ ကာသာဝံ ။ပ။ သ ဝေ ကာသာဝ မရဟတိ— ဤဂါထာကိုရွတ်ဆိုပြီး သင်သည် မသင့်လျော်သော အမှုကို ပြုအပ်ပြီဟု ပြော၍ ဆင်သတ်သမားကို လွှတ်လိုက်၏။

ဇာတ်တော်ကို ပေါင်းခြင်း

မြတ်စွာဘုရားရှင်သည် အတိတ်၌ဖြစ်ဖူးသော ဤသို့ဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ဇာတ်တော်ကို ပေါင်းတော်မူ၏။ "ချစ်သားရဟန်းတို့ ထိုအခါ ဆင်သတ်သမားယောကျ်ားသည် ဒေဝဒတ် ဖြစ်ဖူးလေပြီ။ ထိုဆင်သတ်ယောကျ်ားအား အပြစ်အားလျော်စွာပြုလျက် ပြောဆိုဆုံးမ နှိပ်ကွပ်တတ်သော ဆင်မင်းသည် ငါဘုရားသည်သာလျှင်တည်း"ဟု ဇာတ်ကို ပေါင်းတော်မူ၏။ ချစ်သားရဟန်းတို့ ဤယခုဒေါ ခါ၌သာလျှင် ဒေဝဒတ်သည် မိမိအား မလျောက်ပတ်သော အဝတ်သင်္ကန်းကို ဝတ်ရုံသုံးဆောင်သည် မဟုတ်သေး၊ ရှေး၌လည်း ဝတ်ရုံ သုံးဆောင်ခြင်းကို ပြုဖူးသည်သာလျှင် တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာတို့ကို ဟောကြားတော်မူ၏—

၉။ အနိက္ကသာဝေါ ကာသာဝံ၊ ယော ဝတ္ထံ ပရိဒဟိဿတိ။
အပေတော ဒမသစ္စေန၊ န သော ကာသာဝမရဟတိ—

၁၀။ ယော စ ဝန္တကသာဝ'ဿ၊ သီလေသု သုသမာဟိတော။
ဥပေတော ဒမသစ္စေန၊ သ ဝေ ကာသာဝမရဟတိ—

ကိလေသာဖန်ရည် မရှိသူမဟုတ်ပါဘဲလျက် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ရုံ သုံးစွဲဘိ၏။ ဣန္ဒြေတို့ကို ဆုံးမခြင်း၊ မှန်ကန်သော စကားကို ဆိုခြင်းမှ ကင်းသောသူသည် ဖန်ရည်စွန်းသောသင်္ကန်းကို မဝတ်ရုံ မသုံးစွဲထိုက်။

မဂ်လေးပါးဖြင့် ထွေးအန်ပြီးသော ကိလေသာဖန်ရည်ရှိသော ပါတိမောက္ခ စသော သီလလေးပါးတို၌ ကောင်းစွာဆောက်တည်ခြင်းရှိသော စက္ခုစသော ဣန္ဒြေကို ဆုံးမခြင်း၊ မှန်သောစကားကို ဆိုခြင်းနှင့် ပြည့်စုံသောသူသည် ဖန်ရည် စွန်းသောသင်္ကန်းကို ထိုက်၏။

ဂါထာတို့တွင် **အနိက္ကသာဝေါ** ဟူသည်=ရာဂ စသော ဖန်ရည်တို့ဖြင့် မကင်းသော ဖန်ရည်ရှိ၏ ဟူလို။

**ပရိဒဟိဿတိ** ဟူသည် = ဝတ်ခြင်း၊ ရုံခြင်း၊ ခင်းခြင်း၏ အစွမ်းဖြင့် သုံးဆောင်လတ္တံ့ ဟူလို။

**ပရိဓဿတိ** ဟူ၍လည်း=ပါဌ်အချို့တို့ရှိ၏ ဟူလို။

**အပေတော ဒမသစ္စေန** ဟူသည်=ဣန္ဒြေကို ဆုံးမခြင်းမှ လည်းကောင်း ပရမတ္ထသစ္စာ အဖို့မှလည်းကောင်း ဝစီသစ္စာအဖို့မှ လည်းကောင်း ကင်း၏။ မယှဉ် စွန့်အပ်၏ ဟူလို။

**န သော** ဟူသည်=ဤသို့ သဘောရှိသော ထိုပုဂ္ဂိုလ်သည် သင်္ကန်းကို ဆောင်ခြင်းငှာ မထိုက်ဟူလို။

**ဝန္တကသာဝဿ** ဟူသည်=မဂ်လေးပါးတို့ဖြင့် ထွေးအန်ပြီးသော ကိလေသာ ဖန်ရည်ရှိသည်။ စွန့်အပ်ပြီးသော ဖန်ရည်ရှိသည်။ ပယ်အပ်ပြီးသော ဖန်ရည် ရှိသည် ဖြစ်ရာ၏ ဟူလို။

**သီလေသု** ဟူသည်=စတုပါရိသုဒ္ဓိသီလတို့၌ ဟူလို။

**သုသမာဟိတော** ဟူသည်=ကောင်းစွာ တည်ကြည်ခြင်းရှိသော သူသည် ကောင်းစွာ တည်သည်မည်၏ ဟူလို။

**ဥပေတော** ဟူသည်=ဣန္ဒြေတို့ကို ဆုံးမခြင်းနှင့်လည်းကောင်း၊ ဆိုအပ်ပြီး သော အပြားရှိသော ဝစီသစ္စာနှင့်လည်းကောင်း ပြည့်စုံ၏ ဟူလို။

**သ ဝေ** ဟူသည်=ဤသို့သဘောရှိသော ထိုပုဂ္ဂိုလ်သည် ဖန်ရည်စွန်းသော သင်္ကန်းကို ထိုက်၏ ဟူလို။

ဂါထာတော်၏ အဆုံး၌ အရပ်မျက်နှာ၌ နေလေ့ရှိသော ရဟန်းသည် သောတာပန်ဖြစ်လေ၏။ ထိုမှတစ်ပါး များစွာကုန်သော ပရိသတ်တို့သည်လည်း သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ ဒေသနာသည် လူအပေါင်းအား အကျိုးရှိ၏။

နှစ်ခုမြောက် အရှင်ဒေဝဒတ်ဝတ္ထု ပြီး၏။

## ၈။ အရှင်သာရိပုတ္တရာဝတ္ထု

**အသာရေ သာရမတိနော**-အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် အဂ္ဂသာဝကတို့သည် လျှောက်ကြား သိစေအပ်သော သိဥ္စည်းဆရာကြီး၏ မလိုက်လာခြင်းကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ငါတို့ မြတ်စွာဘုရားရှင်သည် ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကမ္ဘာတစ်သိန်း အလွန်ရှိကုန်သော လေးအသင်္ချေတို့၏ အထက်၌ အမရဝတီ အမည်ရှိသောမြို့၌ သုမေဓာအမည်ရှိသော ပုဏ္ဏားသူကြွယ် လုလင်ငယ်သည်ဖြစ်၍ အလုံးစုံသော အတတ်ပညာတို့၌ အပြီးအဆုံးသို့ ရောက်ပြီးသော် အမိအဖနှစ်ပါးတို့၏ ကွယ်လွန်၍သွားသဖြင့် ကုဋေအရာမက များလှစွာသော အရေအတွက်ရှိသော ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်လှူဒါန်းပြီးလျှင် ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၌ နေလျက် ဈာန်အဘိညာဉ် သမာပတ်တို့ကိုဖြစ်စေ၍ ကောင်းကင်ခရီးဖြင့် သွားသည်ရှိသော် ဒီပင်္ကရာမြတ်စွာဘုရား၏ မဟာသုဒဿနကျောင်းတော်မှ အမရဝတီမြို့သို့ ကြွဝင်ခြင်း ဒုက္ကရိုးငှါ ခရီးကို သုတ်သင်ရှင်းလင်း ပြုပြင်၍ နေကြသည်တို့ကို တွေ့မြင်၍ မိမိသည်လည်း တစ်ခုသော အရပ်ကိုယူ၍ သုတ်သင်ပြုပြင်သဖြင့် သုတ်သင်ပြုပြင်၍ မပြီးမီ ကြွတော်မူလာသော ဒီပင်္ကရာမြတ်စွာဘုရားအား မိမိကိုယ်ကို တံတားပြု၍ ညွန်ပျောင်း၌ သစ်နက်ရေကို ခင်းပြီးလျှင် တပည့် သာဝကတို့နှင့်တကွ မြတ်စွာဘုရားသည် ရွံ့ညွန်သို့ မနင်းကြွမူ၍ ငါ့ကို နင်းကြွစေသတည်းဟု ရင်ဖြင့် မြေသို့ညွတ်လျက် လျောင်းအိပ်၏။ ဒီပင်္ကရာ မြတ်စွာဘုရားရှင်သည်လည်း ထိုသုမေဓာရှင်ရသေ့ကို မြင်၍ "ဤရသေ့သည်ကား ဘုရားအညွန့်အနွယ် ဖြစ်သတတ်၊ နောင်အခါ ကမ္ဘာတစ်သိန်း အလွန်ရှိကုန်သော လေးအသင်္ချေတို့၏ အဆုံး၌ ဂေါတမအမည်ရှိသော ဘုရားသည် ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

## ဗုဒ္ဓဝင်အကျဉ်းချုပ်

ထိုဒီပင်္ကရာမည်တော်မူသော မြတ်စွာဘုရားရှင်၏ နောက်အဖို့၌ ကောဏ္ဍညာ မင်္ဂလ သုမန, ရေဝတ, သောဘိတ, အနောမဒဿီ, ပဒုမ, နာရဒ ပဒုမုတ္တရ, သုမေဓ, သုဇာတ, ပိယဒဿီ, အတ္ထဒဿီ, ဓမ္မဒဿီ, သိဒ္ဓတ္ထ, တိဿ, ဖုဿ, ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန္ဓ, ကောဏာဂမန, ကဿပ ဟူကုန်သော မြတ်စွာဘုရားရှင်တို့သည် အစဉ်အတိုင်းအားဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူကြ၍ လောကသုံးပါးကို ပညာတော်ရောင်, ကိုယ်တော်ရောင်တို့ဖြင့် မှောင်ကို ပယ်ခွင်းလျက် ထွန်းလင်း တောက်ပတော်မူစေကုန်၍ ပွင့်တော်မူကြကုန်သော ဤဘုရားရှင် နှစ်ကျိပ်လေးဆူတို့၏အထံ၌လည်း ခံအပ် ရအပ်သော ဗျာဒိတ် ကြားခြင်းရှိသည်ဖြစ်၍ ဒသပါရမီ, ဒသဥပပါရမီ, ဒသပရမတ္ထပါရမီ တည်းဟူကုန်သော ပါရမီတော် သုံးဆယ်တို့ကို ဖြည့်ဆည်းပူးတော်မူလျက် ဝေဿန္တရာ မင်း၏ အဖြစ်၌ တည်ပြီး၍ ဓမြကြီး ကို တုန်လှုပ်စေတတ် ကုန်သော အလှူကြီးကို ပေးလှူတော်မူ၍ သားမယားကိုစွန့်လွှတ်ပေးလှူ ခြင်းတည်းဟူသောပရိစ္စာဂကို ပြုတော်မူပြီး လျှင် အသက်၏ အဆုံးဝယ် တုသိတာနတ်ပြည်၌ဖြစ်၍ ထိုတုသိတာ နတ်ပြည်၌ အသက်ရှည်သမျှ ကာလပတ်လုံး တည်တော်မူ၍ တစ်သောင်းသော စကြာဠာမှ နတ်ဗြဟ္မာအပေါင်းကိုသည် ကောင်းစွာ စည်းဝေးလာလတ်၍ ဤဂါထာဖြင့် တောင်းပန်ကြကုန်၏—

> ကာလော ဒေဝ မဟာဝီရ၊ ဥပ္ပဇ္ဇ မာတုကုစ္ဆိယံ။
> သဒေဝကံ တာရယန္တော၊ ဗုဇ္ဈဿု အမတံ ပဒံ—

လုံ့လကြီးသော အလောင်းတော်နတ်သား၊ ဘုရားဖြစ်ချိန် တန်ပါပြီ၊ မယ်တော်ဝမ်းတိုက်၌ ပဋိသန္ဓေ တည်နေတော်မူပါလော့၊ နတ်နှင့်တကွသော လူအပေါင်းကို သံသရာဝဲအလျဉ်မှ ကယ်တင်တော်မူလျက် အမြိုက်နိဗ္ဗာန်ကို မဂ်ဖိုလ်ဉာဏ်ဖြင့် သိမြင်တော်မူပါလော့။

ဟု တောင်းပန်ကြသောကာလ အလောင်းတော်နတ်သားသည် ဘုရားဖြစ်အံ့သော ကာလ၊ ဇမ္ဗူဒိပ်ကျွန်းဟု ဆိုအပ်သော ဒီပ၊ မဇ္ဈိမဒေသ၏ အပါအဝင်ဟု ဆိုအပ်သော ဒေသ၊ ပုဏ္ဏားမျိုး, မင်းမျိုးဟု ဆိုအပ်သော ကုလ၊ မယ်တော်၏ အသက် ခုနစ်ရက်ဟု ဆိုအပ်သော မာတရဖြင့် ငါးပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်ရှုတော်မူပြီးသော် ထိုတုသိတာနတ်ပြည်မှစုတေတော်မူခဲ၍ ကပိလဝတ်ပြည် သာကီဝင်မျိုး၌ ပဋိသန္ဓေတည်နေတော်မူ၍ ဆယ်လကို လွန်မြောက်သဖြင့် မယ်တော်၏ဝမ်းမှ ဖွားမြင်တော်မူ၏။

သက်တော် တစ်ဆယ့်ခြောက်နှစ် ရောက်လေသောအခါ ထိုသာကီဝင်မင်းမျိုး၌ ကြီးကျယ်စွာသော စည်းစိမ်ချမ်းသာဖြင့် ကောင်းစွာစံပယ်လျက် ဇစည်အတိုးအားဖြင့် အရွယ်သို့ ရောက်လတ်သည်ရှိသော် ဥတုသုံးပါးတို့အား လျောက်ပတ်ကုန်သော ပြာသာဒ်သုံးဆောင်တို့၌ နတ်မင်း၏အသရေကဲ့သို့သော မင်း၏အသရေကို ခံစားတော်မူလျက် ဥယျာဉ်ကစားခြင်းငှါ ကြွသွားတော်မူသောအခါ၌ အစဉ်အတိုင်းအားဖြင့် သူအို၊ သူနာ၊ သူသေဟုဆိုအပ်ကုန်သော နတ်တမန်သုံးယောက်တို့ကို မြင်၍ ပြင်းစွာ ထိတ်လန့် တုန်လှုပ်ခြင်းရှိသဖြင့် ဆုတ်နစ်ပြန်လည်တော်မူ၍ လေးကြိမ်မြောက် ထွက်ကြွတော်မူသောအခါဝယ် ရဟန်း၏ အဖြစ်ကို မြင်၍ ရဟန်းအဖြစ်သည်ကား ကောင်းလှပေ၏ဟု နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေလျက် ဥယျာဉ်သို့ကြွသွားတော်မူ၍ ထိုဥယျာဉ်၌နေ့အဖို့ကို ကုန်စေပြီးလျှင် မင်္ဂလာရှိသော ရေကန်၏ ကမ်း၌ နေတော်မူခိုက် ဆေတ္တာသည် အသွင်ကို ယူ၍လာသော ဝိသကြုံနတ်သားသည် တန်ဆာဆင်အပ်သည်နှင့် စပ်ခသော ရ.ဟုလာမင်းသား၏ ဖွားမြင်သော သတင်းစကားကို ကြားသိတော်မူပြီးလျှင် သား၌ချစ်ခင်ခြင်း၏ ပြင်းပြအားကြီးသည်၏အဖြစ်ကိုသိတော်မူ၍ သားရတနာ၌ ပြင်းစွာ ချစ်ခင်နှစ်သက်ခြင်း အနှောင်အဖွဲ့သည် အကြြင်မျှလောက် ကာလပတ်လုံး မပွားများသေး၊ ထိုမျှလောက် အားမပွားခင် ကာလကပင် ပယ်ထွင် ဖြတ်တောက်မှ တော်လျော် သင့်မြတ် ပေတော့မည်ဟု ကြံစည် ဆင်ခြင်တော်မူပြီး၍ ညချမ်းသောအခါ မြို့သို့ဝင်တော်မူသည်ရှိသော် ဦးရီးတော်၏သမီး ကိသာဂေါတမီသည် ဤဂါထာကို ရွတ်ဆို၏–

## ကိသာဂေါတမီ ရွတ်ဆိုသော ဂါထာ

နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပတိ။

ထိုသားကောင်း၏မယ်တော်သည် ဒုက္ခခပ်သိမ်း အေးငြိမ်းပေလိမ့်တကား၊ ထိုသားကောင်း၏ဖခင်သည် ဒုက္ခခပ်သိမ်း အေးငြိမ်းပေလိမ့်တကား၊ ဤကဲ့သို့ ရှုဒ.ပ်သော ထိုခင်ပွန်းလင်၏ ဇနီးသည် ဒုက္ခခပ်သိမ်း အေးငြိမ်းပေလိမ့်တကား။

"ငါ့ကို ဤကိသာဂေါတမီသည် နိဗ္ဗုတပုဒ်ကို ကြားအပ်၏"ဟု လည်၌ ဝတ်ဆင်တော်မူအပ်သော ပုလဲသွယ်ကို ချွတ်တော်မူ၍ ထိုကိသာဂေါတမီအား ပေးပို့စေပြီးသော်မိမိ၏နေရာဗိမာန်တိုက်ခန်းသို့ ဝင်တော်မူပြီးလျှင် ကျက်သရေရှိသော အိပ်ရာ၌ နေတော်မူလျက် အိပ်ပျော်ကုန်သော ကချေသည်မိန်းမတို့၏ ဖောက်ပြန်သော အခြင်းအရာကို မြင်၍ ငြီးငွေ့သောနှလုံးရှိသဖြင့် ဆန္န

အမတ်ကို ထစေ၍ ကဏ္ဍကမြင်းကို ဆောင်စေပြီးမှ ကဏ္ဍကမြင်းတော်ကို တက်စီး၍ဆန္နအမတ်လျှင်အဖော်ရှိသဖြင့် တစ်သောင်းသောစကြဝဠာတိုက်တို့မှ လာရောက်ကုန်သော နတ်ဗြဟ္မာအပေါင်းတို့ဖြင့် ခြံရံလျက် မြတ်သောတောထွက်ခြင်းဖြင့် တောထွက်တောမူ၍ အနော်မ မြစ်ကမ်း၌ ရဟန်းပြုတော်မူပြီးလျှင် အစဉ်အတိုင်းအားဖြင့် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ထိုရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံလှည့်ပတ် ပဏ္ဍဝတောင်ဝန်းသို့ကပ်၍ ထိုင်နေသည့်အခါ ဗိမ္ဗိသာရအမည်ရှိသော မဂဓမင်းသည် ပိတ်မန် လျှောက်ထားအပ်သောမင်းအဖြစ်ကို ပယ်ရှားတော်မူ၍ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူသည်ရှိသော် မိမိ၏နိုင်ငံသို့ တစ်ဖန်ကြွလာအံ့သောငှါ ယူအပ်သော ပဋိညာဉ်ရှိသည်ဖြစ်၍ အာဠာရ,ဥဒက ရသေ့တို့၏ထံသို့ ဆည်းကပ်ပြီး၍ ထိုရသေ့တို့ထံ၌ ရအပ်သော ဈာန်တရားအထူးကို တန်ဆာဆင်ခြင်းကို မဖြစ်စေမူ၍ ခြောက်နှစ်ဘို့ပတ်လုံး ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ် ပြုလုပ် ပွားများ၍ ကဆုန်လပြည့်နေ့၌ နံနက်စောစောကပင်လျှင် သုဇာတာသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီး၍ နေရဉ္ဇရာမြစ်၌ ရွှေခွက်ကို ချမျှောတော်မူပြီး၍ နေရဉ္ဇရာမြစ်၏ကမ်းထိပ် တောအုပ်ကြီး၌ အထူးထူးသော သမာပတ်တို့ဖြင့် နေ့အဖို့ကို လွန်စေ၍ ညချမ်းသောအခါ၌ သောတ္ထိယအမည်တင်သော လုလင်သည် လှူဒါန်းအပ်သော မြက်ဆုပ်အလှူကို ခံယူတော်မူပြီးလျှင် နဂါးမင်းသည် ချီးမွမ်းအပ်သော ဂုဏ်တော်ရှိသဖြင့် ဗောဓိမဏ္ဍိုင်သို့ ချဉ်းကပ်၍ မြက်တို့ကို ဖြန့်ခင်းတော်မူပြီးလျှင် ငါသည် အကြင်မျှလောက်သော ကာလပတ်လုံး အာသဝေါတရားတို့မှ စိတ်သည် မလွတ်မြောက်သေး၊ တိုမျှလောက်သောကာလပတ်လုံး ဤထက်ဝယ်ဖွဲ့ခွေ နေခြင်းဟု ဆိုအပ်သောပလ္လင်ကို မဖျက်အံ့ဟု ပဋိညာဉ်ကို ပြုတော်မူ၍ အရှေ့မျက်နှာသို့ ရှေးရှုထိုင်နေတော်မူ၍ နေမဝင်မီ၌သာလျှင် မာရ်စစ်သည်အပေါင်းကို ဖြိုဖျက်နှိမ်နင်းတော်မူ၍ ပဌမယံ၌ ပုဗ္ဗေနိဝါသဉာဏ်သို့ မဇ္ဈိမယံ၌ စုတူပပါတဉာဏ်သို့ ရောက်၍ ပစ္ဆိမယံ၏ အဆုံးဝယ် ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်ကို သွင်းတောမူ၍ ဒသဗလတေ့ဝေသာရဇ္ဇ အစရှိသောအလုံးစုံသော ဘုရားဂုဏ်တော် အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း သိတော်မူပြီးသော် ထိုဗောဓိပင်ရင်း၌ ခုနစ်ရက် ခုနစ်လီတို့ပတ်လုံး လွန်မြောက်စေတော်မူ၍ ရှစ်ခုမြောက်သတ္တာဟဝယ် ဆိတ်ကျောင်းညောင်ပင်ရင်း၌ သီတင်းသုံး စံနေတော်မူလျက် တရားတော်မြတ်၏နက်နဲသိမ်မွေ့သည်ကို ဆင်ခြင်တော်မူသဖြင့်တရားဟောခြင်း၌ မကြောင့်ကြမဲ့အဖြစ်သို့ရောက်တော်မူသည်ကို တစ်သောင်းသော မဟာဗြဟ္မာတို့ဖြင့် ကောင်းမွန်စွာ ခြံရံအပ်သော သဟမ္ပတိဗြဟ္မာမင်းသည် တောင်းပန်အပ်သော တရားဟောခြင်းရှိသည်ဖြစ်၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ရှုတော်မူပြီးသော် ဗြဟ္မာမင်း၏ တောင်းပန်လျှောက်ကြားသော စကားကို နားစိုက်သည်းခံတော်

မူ၍ အဘယ်သူအား ငါဘုရားသည် တရားရှေးဦး အထူးဟောပြ ဆုံးမရပါမည်နည်းဟု ကြည့်ရှု ဆင်ခြင်သည်ရှိသော် အာဠာရရသေ့ ဥဒကရသေ့တို့၏ သေလွန်ကြသည်အဖြစ်ကို သိမြင်တော်မူပြီး၍ ပဥ္စဝဂ္ဂီရဟန်းတို့၏ ကျေးဇူးကြီးလှသည်ကိုအောက်မေ့နှလုံးသွင်းတော်မူပြီးလျှင်နေရာမှထ၍ ကာသိကတိုင်းပြည်သို့ ကြွတော်မူသည်ရှိသော် လမ်းခရီးအကြား၌ ဥပကတက္ကတွန်းနှင့်တကွ အာလာပသလ္လာပ နှုတ်ခွန်းဆက်သလျက် ကြွတော်မူခဲ့ရာ ဝါဆိုလ ပုဏ္ဏမီတိထိ ထွန်းစေ့ လပြည့်နေ့၌ ရသေ့ရဟန်းတို့၏ ကျရာ မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီ ငါးယောက်တို့၏ နေရာသို့ ကောင်းစွာ ကြွရောက်တော်မူပြီးလျှင် ငါးယောက်သော ပဥ္စဝဂ္ဂီတို့သည် မနှစ်သက်သော လက္ခဏာ မလျော်သော အခြင်းအရာတို့ဖြင့် ဦးစွာကြံစည် ဆောက်တည်မရ ပြောဆိုကြသည်ကို သိတော်မူပြီးသော် အညာတကောဏ္ဍည အမှူးရှိကုန်သော တစ်ဆယ့်ရှစ်ကုဋေကုန်သော နတ်ဗြဟ္မာ အပေါင်းတို့ကို တရားအမြိုက်ကို တိုက်ကျွေးတော်မူ၍ ဓမ္မစကြာ ဒေသနာတော်ကို ကောင်းစွာ လည်တော်မူစေပြီးလျှင် လည်စေအပ်ပြီးသော ဓမ္မစကြာ ရှိသဖြင့် ငါးရက်မြောက် ပက္ခပဥ္စမီ၌ အလုံးစုံသော ထိုရဟန်းတို့ကို တရားဦးအမြတ် အရဟတ္တဖိုလ်၌ တည်စေတော်မူပြီး၍ ထိုနေ့၌ပင်လျှင် ယသအမှူးရှိသော အမျိုးသား၏ အကြောင်းပြည့်စုံခြင်းကို မြင်တော်မူ၍ ထိုညဉ့်အဖို့၌ ပူပင်နှလုံး ယူကျုံးမရ ငြီးငွေ့လှ၍ အိမ်ကို ဘင်အိမ်သဖွယ် စွန့်ပစ်ပယ်၍ ငြိတွယ်ကင်းကွာ ရှေးရှုလာသော ယသသတို့သားကို ဟေိ ယသ-စသော စကားတော်ဖြင့် မိန့်ခေါ်တော်မူ၍ ထိုညဉ့်အဖို့၌ပင်လျှင် သောတာပတ္တိဖိုလ်သို့ ရောက်စေတော်မူ၍ တဖန် မိုးသောက်နေ့ အရဟတ္တဖိုလ်သို့ ရောက်စေတော်မူ၏။ အခါတစ်ပါး၌လည်း ထိုယသသတို့သား၏ အဖော်ဖြစ်ကုန်သော လူငါးဆယ့်လေးယောက်တို့ကို ဟေိ ဘိက္ခု ရဟန်း၏ အဖြစ်ဖြင့်ရဟန်းပြုစေတော်မူ၍ အရဟတ္တဖိုလ်သို့ ရောက်စေတော်မူ၏။

ဤသို့သော အစဉ်အတိုင်းအားဖြင့် ရဟန္တာ ခြောက်ဆယ့်တစ်ပါးတို့သည် လောက၌ ဖြစ်တော်မူကုန်သည်ရှိသော် ဝါကျွတ်သောအခါ ပဝါရဏာပြုတော်မူ၍ ချစ်သား ရဟန်းများ တို့ အသင်တို့သည် ဒေသစာရီ လှည့်လည်ဖြန့်မြန်းကုန်လော့ဟု ရဟန်း ခြောက်ကျိပ်တို့ကို ထိုထိုသို့သော အရပ်မျက်နှာတို့၌ စေလွှတ်တော်မူ၍ ကိုယ်တော်မြတ်သည် ဥရုဝေလတောအုပ်သို့ ကြွတော်မူသည်ရှိသော် လမ်းခရီး၏ အကြားဖြစ်သော ကပ္ပါသိက တောအုပ်၌ ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ကို တရားရေအေးဖြင့် တိုက်ကျွေး ဆုံးမတော်မူပေ၏၊ ထိုမင်းသား သုံးကျိပ်တို့တွင် အလုံးစုံတို့အောက် အယုတ်ဆုံးဖြစ်သော မင်းသားသည် သောတာပန်အဖြစ်သို့ ရောက်၏၊ အလုံးစုံတို့ထက် အမြတ်ဆုံးဖြစ်သော မင်းသားသည် အနာဂါမ်အဖြစ်သို့ ရောက်၏၊ ထိုအလုံးစုံသော

မင်းသားတို့ကို ဧဟိ ဘိက္ခု ရဟန်း၏ အဖြစ်ဖြင့် ရဟန်းပြုစေတော်မူလျက် တစ်ဖန် အရပ်မျက်နှာတို့၌ စေလွှတ်တော်မူပြန်၍ ကိုယ်တော်မြတ်သည် ဥရုဝေလတောအုပ်သို့ ကြွသွားတော်မူပြီးလျှင် သုံးထောင့်ငါးရာသော ယမိုက်ပြာဋိဟာတို့ကိုပြ၍ ဥရုဝေလကဿပ အစရှိကုန်သော ရသေ့တစ်ထောင် အခြံအရံရှိကုန်သော ရသေ့ညီနောင် သုံးယောက်တို့ကို ဆုံးမတော်မူပြီးလျှင် ဧဟိဘိက္ခု ရဟန်း၏ အဖြစ်ဖြင့်သာလျှင် ရဟန်းဖြစ်စေတော်မူပြီး၍ ဂယာသီသ အရပ်၌ သီတင်းသုံးတော်မူပြီးလျှင် အာဒိတ္တပရိယာယ သုတ်ဒေသနာဖြင့် ထိုရဟန်းတို့ကို အရဟတ္တဖိုလ်၌ တည်စေတော်မူ၍ ထိုရဟန္တာတစ်ထောင်ဖြင့် ခြံရံလျက် ဗိမ္ဗိသာရမင်းမြတ်အား ပေးအပ်သော ပဋိညာဉ်ကို ဖြေချွတ်လွတ်စေအံ့ဟု ရာဇဂြိုဟ်မြို့၏ ဥပစာရ၌ ထန်းတောဥယျာဉ်သို့ ကြွသွားတော်မူလေသော် မြတ်စွာဘုရားရှင်သည် ကြွလာတော်မူသတတ်ဟု သတင်းစကားကြားသိသောကြောင့် ပုဏ္ဏားသူကြွယ် တစ်သိန်း နှစ်သောင်းတို့နှင့် တကွ ဆည်းကပ်လာရောက်သော ဗိမ္ဗိသာရမင်းကြီးအား ချိုမြိန်ကောင်းမြတ်သော တရားစကားကို ဟောကြားဆုံးမတော်မူလျက် ပုဏ္ဏားသူကြွယ် တစ်သိန်းနှစ်သောင်းတို့နှင့်တကွ ဗိမ္ဗိသာရမင်းကြီးကို သောတာပတ္တိဖိုလ်၌ တည်စေတော်မူ၍ ပုဏ္ဏားသူကြွယ် တစ်သောင်းမျှတို့ကို သရဏဂုံ၌ တည်စေတော်မူပြီးလျှင် တစ်နေ့မိုးသောက်ရောက်သောနေ့၌ သိကြားနတ်မင်းသည် လုလင်ငယ်၏အသွင် ပြုပြင်ဖန်ဆင်းလျက် ချီးမွမ်းထောမနာအပ်သော ဂုဏ်ရှိသည်ဖြစ်၍ ရာဇဂြိုဟ်ပြည်ကြီးသို့ ခရီးစဉ်အတိုင်း ဝင်ကြွတော်မူ၍ ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်၌ ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စ ရှိသည်ဖြစ်၍ ဝေဠုဝန်အာရာမ်ကို အလှူခံတော်မူပြီးသော် ထိုဝေဠုဝန် ဥယျာဉ်အာရာမ်၌သာလျှင် သီတင်းသုံး စံခြင်းကို ပြုတော်မူ၏။ ထိုအခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏အထံသို့ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့သည် ရောက်လာဆည်းကပ်ကြကုန်သတည်း။

## အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်

ထိုရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၏ အကြောင်း အတ္တုပ္ပတ္တိအစဉ်ကား ဤသို့တည်း။ မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မမူမီကာလကပင်လျှင် ရာဇဂြိုဟ်ပြည်ကြီးမှ ခရီးမနီးမဝေးသော အရပ်၌ ဥပတိဿရွာ၊ ကောလိတရွာ ဟူကုန်သော ပုဏ္ဏားရွာ နှစ်ရွာတို့သည် ရှိကြကုန်၏။ ထိုရွာနှစ်ရွာတို့တွင် ဥပတိဿရွာ၌ ရူပသာရီအမည်ရှိသောပုဏ္ဏေးမ၏ ဝမ်းတိုက်၌ သန္ဓေတည်နေသော နေ့၌ပင်လျှင် ကောလိတရွာ၌ မောဂ္ဂလီ အမည်ရှိသော ပုဏ္ဏေးမ၏ ဝမ်းတိုက်ဝယ် ပဋိသန္ဓေ တည်နေလေ၏။ ထိုနှစ်ဦးသော အမျိုးတို့သည်ကား အမျိုးခုနစ်ဆက်တိုင်အောင် မပြတ်ကျွမ်းဝင် ချစ်ခင်ဆက်ဆံ

ပေါင်းသင်း၍ နေသော အမြဲမပြတ် ဖွဲ့စည်းအပ်သော အဆွေခင်ပွန်းတို့ ဖြစ်ကြကုန်၏။ ထိုပုဏ္ဏေးမ နှစ်ယောက်တို့အားလည်း တစ်နေ့တည်း၌သာလျှင် ကိုယ်ဝန်၏ အစောင့်အရှောက်ကို ပေးကြကုန်၏။ ပုဏ္ဏေးမ နှစ်ယောက်တို့သည်လည်း ဆယ်လလွန်သဖြင့် သားတို့ကို ဖွားမြင်ကုန်၏။ အမည်မှည့်အံ့သော နေ့၌ သာရီအမည်ရှိသော ပုဏ္ဏေးမ၏သားအား ဥပတိဿရွာ၌ အကြီးအမှူး ဦးစီးဥက္ကဋ္ဌဖြစ်သော အမျိုး၏ သားဖြစ်သောကြောင့် ဥပတိဿဟူသော အမည်ကို ပြုကုန်၏။ မောဂ္ဂလိပုဏ္ဏေးမ၏ သားအား ကောလိတရွာ၌ အကြီးအမှူးဖြစ်သော အမျိုး၏ သားဖြစ်သောကြောင့် ကောလိတဟူသော အမည်ကို ပြုကုန်၏။

ထိုအမျိုးသား နှစ်ဦးတို့သည် အစဉ်အတိုင်း ကြီးပွားခြင်းကို စွဲ၍ အလုံးစုံသော အတတ်တို့၏ တစ်ဘက်ကမ်းခတ် တတ်မြောက်ခြင်းသို့ ရောက်ကြကုန်၏။ ဥပတိဿလုလင်အား ကစားပျော်ရွှင်ခြင်း အကျိုးငှါ မြစ်သို့ သက်ဆင်းသွားလာသော အခါ၌ လည်းကောင်း၊ ဥယျာဉ်သို့ သွားလာသော အခါ၌ လည်းကောင်း၊ ရွှေထမ်းစင် ငါးရာတို့သည် ခြံရံကုန်၏။ ကောလိတလုလင်အားလည်း အာဇာနည်မြင်းကသော ရထားငါးရာတို့သည် ခြံရံကုန်၏။ ထိုလုလင် နှစ်ယောက်တို့သည် တစ်ယောက် တစ်ယောက်လျှင် ငါးရာ ငါးရာစီကုန်သော လုလင်ပျို အခြံအရံ ရှိကုန်၏။

## တောင်ထိပ်ပွဲသဘင်

ရာဇဂြိုဟ်ပြည်၌လည်း နှစ်စဉ်မပြတ် ပြုအပ်သော တောင်ထိပ်ပွဲသဘင်မည်သည် ရှိ၏။ ထိုလုလင် နှစ်ယောက်တို့အား တစ်ခုသော အရပ်၌သာလျှင် ညောင်စောင်းကို ဖွဲ့ကုန်၏။ နှစ်ယောက် အတူတကွ တစ်ခုတည်းသော နေရာ၌ပင် နေလျက် သဘင်ကို ကြည့်ရှုကုန်သော် ရယ်ရွှင်အပ်သော နေရာကြရောက်သောအခါ ထိတ်လန့်တုန်လှုပ်ဖွယ်သော နေရာသို့ ရောက်ကြသောအခါ ထိတ်လန့်တုန်လှုပ်ခြင်းကို ဖြစ်စေကြကုန်၏။ ပေးကမ်းဖွယ်အစုကို ကြည့်ရှုပေးကမ်းခြင်းငှါ လျောက်ပတ်သင့်တင့်သော အရာ၌ ပေးကမ်းကုန်၏။ ဤသို့သော အမှတ်ဖြင့် မပြတ်ပျော်ရွှင်လျက် သဘင်ရှုကုန်သော ထိုလုလင် နှစ်ယောက်တို့အားမိမိတို့၏ ကိုယ်တွင်း၌ ပါရမီဉာဏ် ရင့်ကျက်သည်၏ အဖြစ်ကြောင့် ရှေးရှေးသော နေ့တို့၌ကဲ့သို့ နှစ်ခြိုက်ရွှင်ပျော်ဖွယ်သော နေရာသို့ ကျရောက်သော အခါ၌လည်း မရွှင်လန်း၊ ထိတ်လန့်ထုန်လှုပ်ဖွယ်သော နေရာသို့ ကျရောက်သော အခါ၌လည်း မထိတ်လန့်၊ ပေးကမ်းခြင်းငှါ သင့်လျော်သော နေရာသို့ ကျရောက်သော အခါ၌လည်း မပေးကမ်း၊ လူနှစ်ယောက်တို့သည်လည်း ဤသို့ ကြံစည်ကြကုန်၏။ "ဤသဘင်အရပ်၌ မပြတ်

ကြည့်ရှု ယခု ငါတို့နေကြသည်မှာ ကြည့်ရှုဖွယ်ရာ တစ်စုံတစ်ခုသော အခြင်းအရာသည် အဘယ်မှာ ရှိသနည်း၊ ဤအလုံးစုံသော သတ္တဝါတို့သည် အနှစ်တစ်ရာသို့ မရောက်ဘဲ အမည်ပညတ် စွန့်အပ်သည်၏ အဖြစ်သို့ ရောက်ကြပေကုန်လတ္တံ့၊ ငါတို့သည်ကား သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်တရားမြတ်ကို ကြိုးစားရှာကြံခြင်းငှါ ကောင်းစွာ သင့်လျော်လှပေတော့သည်” ဟု ကြံစည်စဉ်းစား တရားတည်းဟူသော အာရုံကိုယူ၍ နေကြကုန်၏။

ထိုနောက် ကောလိတလုလင်က ဥပတိဿ လုလင်ကို အချင်း ဥပတိဿ အသင်သည် အခါတစ်ပါး အခြားနေ့တို့၌ကဲ့သို့ ချမ်းမြေ့နှစ်သက်စွာ ဝမ်းမြောက်ဝမ်းသာမရှိ၊ မနှစ်မြို့သော သဘောရှိ၏၊ အသင်အား အဘယ်သို့ မှတ်ထင်၍ နေပါသနည်းဟု မေးမြန်းသော် ဥပတိဿလုလင်က အဆွေကောလိတ ဤပွဲသဘင် ကပြသည်တို့အား ကြည့်ရှု၍နေခြင်း၌ အနှစ်သာရမရှိ၊ အတိသာရ ရှာမရသဖြင့် အကျိုးမဲ့သာ ဖြစ်လေသည်။ ထွက်လမ်းရှာဖွေ အေးမြစွာ နေရသော မသေရာ၌ပ်ထံကို ရှာကြံခြင်းငှါ အပ်၏ဟု ဤသို့ စဉ်းစားလျက် နေပေသည်ဟု ပြောကြားပြီး၊ အို အဆွေကောလိတ အသင်သည်လည်း မနှစ်မြို့သောသဘော ရှိလေသနည်းဟု ပြန်၍ တစ်ဖန် မေးပြန်သော် ကောလိတလုလင်ကလည်း အဆွေဥပတိဿ ငါသည်လည်း အသင်ကဲ့သို့ပင် ဖြစ်ရလေသည်ဟု ပြောဆိုသည်ရှိသော် ဥပတိဿလုလင်လည်း မိမိနှင့်တကွ တူမျှသော အဇ္ဈာသယ ရှိသည်အဖြစ်ကို သိ၍ ဥပတိဿလုလင်က တစ်ဖန်ပြန်၍ အဆွေ ကောလိတ ငါတို့နှစ်ဦးအား ကောင်းစွာ ကြံစည်မိကြကုန်ပြီ၊ သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရှာမှီးသော ငါတို့သည် တစ်ခုသော ရဟန်းပြုခြင်းငှါ အပ်ပေ၏။ ဘယ်အရပ်ဌာန ဘယ်ဆရာထံ၌ နည်းခံ၍ ရဟန်းပြုကြကုန်အံ့နည်းဟု မေး၏။

## သိဥ္စည်းဆရာကြီးထံ ပရိဗိုဇ်ရဟန်းပြုကြခြင်း

ထိုအခါ ရာဇဂြိုဟ်ပြည်ကြီး၌ သိဥ္စည်း ပရိဗိုဇ်ဆရာမည်သည် ပရိဗိုဇ်ပရိသတ်များစွာတို့နှင့်တကွ ခြံရံလျက် ထင်ရှားစွာ နေ၏။ ထိုအမျိုးသား နှစ်ဦးတို့သည် သိဥ္စည်း ဆရာကြီးထံ၌ ရဟန်းပြုကုန်အံ့ဟု တိုင်ပင်၍ လုလင်ငါးရာတို့သည် ထမ်းစင်ရထားတို့ကို ဆောင်ယူစေပြီးလျှင် အိမ်သို့ ပြန်သွားကြကုန်လော့ဟု စေလွှတ်ပြီးလျှင် ထိုလုလင်နှစ်ဦးတို့သည် တစ်ခုသောထမ်းစင် တစ်ခုသော ရထားဖြင့် သွားပြီးသောအခါ သိဥ္စည်းပရိဗိုဇ် ဆရာကြီး၏ထံ၌ ရဟန်းပြုကြလေကုန်၏။ ထိုအမျိုးသား နှစ်ဦးတို့၏ ရဟန်းပြုသောအခါမှစ၍ သိဥ္စည်းပရိဗိုဇ် ဆရာကြီးသည် ရှေးကထက် ဆတက်ထမ်းပိုး ပွားတိုးပြန့်ပြော၍ များမြတ်သော လာဘ်ပူဇော်သက္ကာရ ရှိသည်၏ အဖြစ် ရောက်လေ၏။

ထိုအမျိုးသား နှစ်ဦးတို့သည် နှစ်ရက် သုံးရက်တို့မျှဖြင့်သာလျှင် သိဥ္စည်းပရိဗိုဇ်ဆရာကြီး၏ အလုံးစုံသော အယူဝါဒကို နှိမ်နင်းချိုးဖဲ့ သင်ယူပြီးလျှင် ဆရာမြတ် အရှင်ဆရာမြတ်တို့ သိအပ်သော အယူဝါဒသည် ဤမျှသာ ရှိလေသလော၊ သို့တည်းမဟုတ် ထိုထက် ၎င် လွန်မြတ်သော အယူဝါဒ သမယ တစ်ပါး အခြားရသေးသလောဟု မေးမြန်းကြကုန်၏။ ထိုအခါ သိဥ္စည်းဆရာကြီးက အို တပည့်တို့ ငါသည် ကြံဆအပ်သော အယူဝါဒ သမယသည်ကား ဤမျှသာရှိလေ၏။ ငါ၏ အယူဝါဒ အလုံးစုံကို အကုန်အစင် သင်တို့ သိကြရလေကုန်ပြီဟု ပြောဆိုသော်—

## တရားထူး တရားမှန်ကို ထပ်၍ ရှာကြံခြင်း

ဥပတိဿ, ကောလိတဟူကုန်သော ပရိဗိုဇ်ငယ် နှစ်ဦးတို့သည် စဉ်းစား ဆင်ခြင်ကြသည်မှာ ဤဆရာ၏ အယူဝါဒသည် သည်မျှအပြီးသတ်၍ ရှိခဲ့ပါလျှင် ဤဆရာ၏ အထံ၌ ကျင့်ကြံအားထုတ် ဆည်းပူးကုတ်၍ ပြုလုပ်အပ်သော မြတ်သောအကျင့်ဟု အောက်မေ့ထင်မှတ် မဆင်ခြင်သော ပညာဖြင့် များစွာ နေ့ရက်တို့ပတ်လုံး ကျင့်သုံးဆောက်တည်၍ နေခြင်းသည် အကျိုးထူးမခံစားရဘဲ အချည်းနှီးမျှသာ ဖြစ်ရချေသည်။ ငါတို့သည် သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်တည်းဟူသော တရားကို အားထုတ်ရှာဖွေမည် နှလုံးရည်၍ လူ့ဘောင်မှ ခွာထွက်ခဲ့လေသည်။ သေလွန်ခြင်းမှ လွန်မြောက်၍ ထွက်မြောက်ရာဖြစ်သော တရားကို ဤဆရာ၏ ထံပါး၌ ဝပ်တွားဆည်းကပ်၍ နေသဖြင့် ဖြစ်စေနိုင်ခြင်းငှါ မတတ်ကောင်း။ ဤဇမ္ဗူဒိပ်ကျွန်း အပြင်သည်ကား အလွန်ပင် ကျယ်ဝန်း၏။ ရွာ, နိဂုံး, ဇနပုဒ်, မင်းနေပြည် အရပ်ရပ်သို့ လှည့်ပတ်ရှာဖွေ ရသည်ရှိသော် မချွတ်ကေန် ထွက်မြောက်ရာ နိဗ္ဗာန်တည်းဟူသော တရားထူးကို ဟောကြား ပြသတတ်သော ဆရာတစ်စုံတစ်ယောက် တွေ့ဆုံကြုံကြိုက်ဖို့ရာ ရှိတန်ပါသေး၏ဟု နှစ်ဦးသား ကြံစည် တိုင်ပင်၍ ထိုနေ့အခါမှ စ၍ အကြင် အကြင်သို့သော အရပ်ဒေသ၌ ပညာရှိသော ရဟန်းပုဏ္ဏားတို့ ထင်ရှားရှိကုန်၏ဟု ပြောဆိုကြ၏။ ထိုထိုသို့သော အရပ်သို့ သွား၍ များစွာသော ပူဇော်သက္ကာရကိုပြု၍ အမေးပုစ္ဆာ ပြဿနာကို ကောင်းစွာ မေးမြန်း ဆွေးနွေးခြင်းကို ပြုကုန်၏။ ထိုသူတို့သည် မေးအပ်သော အမေးပုစ္ဆာ ပြဿနာကို တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်တို့သည် ဖြေဆိုခြင်းငှါ မစွမ်းနိုင်ကြကုန်။ ထိုဆရာတို့က တစ်ဖန် တုံ့ပြန်၍ မေးအပ်သော အမေးပုစ္ဆာ ပြဿနာကို ဥပတိဿ, ကောလိတ နှစ်ဦးတို့က အထူးသဖြင့် ဖြေဆိုနိုင်ကုန်၏။

ဤသို့ အစဉ်အတိုင်းအားဖြင့် ဇမ္ဗူဒိပ်ကျွန်းအားလုံးကို သိမ်းကျုံး လှည့်သည် ရှာဖွေလျက် မိမိတို့၏နေရာဌာနသို့ ပြန်လာ၍ ဥပတိဿ ပရိဗိုဇ်က အဆွေ

ကောလိတ ငါတို့နှစ်ဦးတွင် အကြင်သူသည် ရှေးဦးစွာ မသေရာအရပ်ဟု ဆိုအပ်သော အမတရသကို ရရှိပေ၏။ ထိုသူသည် အခြားသူအား ပြန်ကြား ပြောဆိုရမည်ဟူသော ကတိကဝတ်ကို ထားကြကုန်၏။

## အရှင်အဿဇိမထေရ်နှင့် တွေ့ခြင်း

ဤသို့ ထိုသူတို့သည် ကတိကဝတ်ကို ထားကြပြီး၍ နေကြကုန်သည်ရှိသော် ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် မြတ်စွာဘုရားရှင်သည်လည်း ရာဇဂြိုဟ် ပြည်သို့ ရောက်တော်မူ၍ ဝေဠုဝန်ဥယျာဉ်ကို အလှူခံတော်မူပြီးလျှင် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူ၏။ ထိုအခါ၌ ချစ်သား ရဟန်းတို့ များစွာသော သူတို့၏ အကျိုးစီးပွား များစိမ့်သောငှါ ထိုပြည် ထိုပြည်သို့ လှည့်လည်၍ သွားကြကုန်လော့ဟု ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ထင်ရှား ပြခြင်းငှါ စေလွှတ်အပ်သော ခြောက်ကျိပ်တစ်ပါးသော ရဟန္တာ တို့တွင် အကျုံးဝင်သော အရှင်ပဉ္စဝဂ္ဂီငါးဦးတို့တွင် အကျုံးဝင်သော အဿဇိ မထေရ်သည် ဒေသစာရီ လှည့်လည်ဖြန့်မြန်းရာမှ ပြန်လည်၍ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလာခဲ့၏။ တစ်နေ့မိုးသောက် ရောက်သောနေ့ နံနက် စောစောကပင် လျှင် သပိတ်သင်္ကန်းကို ဆင်မြန်း ယူဆောင်တော် မူပြီးသောအခါ ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင်တော်မူ၏။

ထိုအခါ၌ ဥပတိဿပရိဗိုဇ်သည်လည်း နံနက်စောစောကပင်လျှင် ဆွမ်းစား ခြင်းကိစ္စကို ပြု၍ ပရိဗိုဇ်တို့၏အာရာမ်သို့ ဖြတ်သန်း သွားလာသည် ရှိသော် အဿဇိမထေရ်ကိုမြင်၍ ဤအရှင်ကဲ့သို့သော သဘောရှိသော ရဟန်းမြတ်ကို ငါသည် တစ်ရံခါမျှ မမြင်စဖူးသည်သာလျှင် ဖြစ်လေသည်။ ဤလောကခေတ်၌ အရဟတ္တမဂ်သို့ ရောက်တော်မူကြသော ရဟန္တာတို့တွင် ဤအရှင်မြတ်သည် လည်း အမှတ်မထင် တစ်ပါးပင် ဖြစ်ပေလိမ့်မည်။ အကယ်၍ ဤရဟန်းမြတ်သို့ ဆည်းကပ်ဝပ်တွားလျက် အရှင်မြတ်ကား အဘယ်သူကို စိတ်ထား ရည်မှန်း၍ ရဟန်းပြုပါသနည်း။ အရှင်မြတ်၏ ဆည်းကပ်မှီဝဲအပ်သော ဆရာကား အဘယ် သူပါနည်း၊ သင်သည် အဘယ်သူ ဟောကြားသော တရားဓမ္မစက်ကို နှစ်သက် ပါသနည်းဟု မေးလျှောက်အံ့ ကြံပြီးသော် တစ်ဖန် ဆင်ခြင်ပြန်သည်မှာ ယခု အခါသည်ကား ဤရဟန်းကို ပြဿနာမေးခြင်းငှါ အခါမဟုတ်သေး။ အိမ် အတွင်းသို့ဝင်လျက် ဆွမ်းခံလှည့်လည်နေ၏ဟု ကြံတွေး စဉ်းစားလျက် ခရီး လမ်းကို ဖြောင့်တန်းသိရှိလိုကုန်သောသူတို့သည် နောက်မှ နောက်မှ အစဉ် တစိုက်လိုက်ဘိသကဲ့သို့ ဤရဟန်းကို နောက်မှ နောက်မှ အစဉ်တစိုက် လိုက် သွားရမူကား ကောင်းပေအံ့ဟု ငံ့ဆိုင်းရပ်တန့်လျက် မထေရ်၏ အခြင်းအရာကို ငံ့ညှာ ကြည့်ရှုလျက်သာလျှင် လိုက်သွား၏။

အဿဇိမထေရ်လည်း ဆွမ်းဘောဇဉ်အာဟာရ မျှတလောက်အောင်ရသဖြင့် ဇစ်ပါးသောအရပ်သို့ ကြွသွား၍ ထိုင်နေအံ့သော အခြင်းအရာကို ထိုဥပတိဿ ပရိဗိုဇ် မြင်သိတည့်လျှင် လျင်စွာလာလတ်၍ ဖိမိသုံးဆောင်သော ပရိဗိုဇ် အင်းပျဉ်ကို ပြုပြင်စီမံ ခင်းကျင်း၍ ပေး၏။ မထေရ် ဆွမ်းဘုဉ်းပေးပြီးသည်၏ အဆုံး၌လည်း မိမိ၏ ကရားမှရေကို ထုတ်ဆောင်၍ မထေရ်အားပေး၏။ဤသို့ ဆရာ၏ဝတ်ကို ချွတ်မယွင်းရအောင်ပြုစုပြီး၍ ဆွမ်းစားခြင်း ကိစ္စ ပြီးသဖြင့် မထေရ်နှင့်အတူတကွ သာယာမွန်မြတ်လှသော ပဋိသန္ထာရကို ပြုပြီးသော် ငါ့ရှင် ငါ့ရှင်၏ ဣန္ဒြေတို့သည် ကြည်လင်ပါပေကုန်သည် အရေအဆင်းသည် အလွန်စင်ကြယ်လှပါပေသည်။ အသင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်း ပြုပါသနည်း။ အရှင်မြတ် အမှီသဟဲပြုသောဆရာကား အဘယ်သူပါနည်း။ အဘယ်သူသည် ဟောကြားအပ်သော တရားဓမ္မစကားကို နှစ်သက်ပါသနည်းဟု မေးလျှောက်၏။ မထေရ်ကလည်း ဤပရိဗိုဇ်တို့မည်သည်ကား ဘုရားသာသနာ တော်သို့မဝင် ဆန့်ကျင်ဘက် စင်စစ်ဖြစ်ကြကုန်၏။ ဤပရိဗိုဇ်အား ဘုရား သာသနာ ဒေသနာ၏ မဟာဂမ္ဘီရ နက်နဲသိမ်မွေ့လှသည်ကို ပြအံ့ဟု ကြံတော် မူပြီးလျှင် မိမိ၏ သီတင်းငယ်အဖြစ်ကို ပြလိုသောကြောင့် ဤပါဠိကို မိန့်ဆို တော်မူ၏–

အဟံ ခေါ အာဝုသော နဝေါ အစိရပဗ္ဗဇိတော၊ အဓုနာဂတော
ဣမံ ဓမ္မဝိနယံ၊ န တာဝါဟံ သက္ခိဿာမိ ဝိတ္ထာရေန ဓမ္မံ ဒေသေတုံ–

ငါ့ရှင် ငါသည်ကား ဘုရားမြတ်စွာ သာသနာဝယ် ရဟန်းပြုသည်ကား မကြာမြင့်သေး၊ သီတင်းငယ်အဖြစ်ဖြင့်သာ ယခုအခါ လာခဲ့ပေသည်၊ မြတ်စွာ ဘုရားသည် ဟောကြားတော်မူအပ်သော သုတ် အဘိဓမ္မာ ဝိနည်းဟု ဆိုအပ်သော ဘုရားဓမ္မစကားကို အနက်အဓိပ္ပာယ် အကျယ် ဟောပြအံ့သောငှါ ငါမစွမ်းနိုင်လတ္တံ့ဟု မိန့်တော်မူ၏။

ဥပတိဿပရိဗိုဇ်ကလည်း အရှင်ဘုရား အကျွန်ုပ်သည်ကား ဥပတိဿ မည် သောသူပါတည်း။ အရှင်ဘုရားသည် အနည်းငယ်ကိုလည်းကောင်း၊ အများကို လည်းကောင်း ဟောကြားပြသစွမ်းနိုင်သမျှကိုသာ ဟောကြားပြသတော်မူပါ။ တစ်ခုသော နည်းအမြွက်ကို အချက်တစ်ရာဖြင့် လည်းကောင်း၊ အချက် တစ်ထောင်ဖြင့်လည်းကောင်း၊ အချက်တစ်သိန်းဖြင့်လည်းကောင်း ထိုးထွင်း၍ သိမြင်ခြင်းငှါ စွမ်းနိုင်သော အရာ၌ အကျွန်ုပ်ဝန်သာ ဖြစ်ပါစေလော့ဟု ကြံ၍ ဤပါဠိဖြင့် ပြောကြား၏–

အပ္ပံ ဝါ ဗဟုံ ဝါ ဘာသမာနော၊ အတ္ထဿေဝ မေ ဗြူဟိ။
အတ္ထေနေဝ မေ အတ္ထော၊ ကိံ ကာဟသိ ဗျဉ္ဇနံ ဗဟုံ–

အရှင်ဘုရား အရှင်မြတ်သည် အနည်းငယ်မျှကို သိသည်ဖြစ်စေ အကျယ် အပွား အများကိုလည်း သိသည်ဖြစ်စေ အရှင်သိအပ်သမျှကိုသာ ဟောပြ တော်မူပါ။ အရှင်မြတ်သည် ဟောအပ်သောအခါ၌လည်း အနက်အဓိပ္ပာယ်ကို စိတ်သွယ် ဝေဖန်ပိုင်းခြားလျက် ဟောကြား ပြသတော်မူပါ။ အကျွန်ုပ်သည် အနက်အဓိပ္ပာယ်ကိုသာ တိုင်းထွာဆင်ခြင်၍ သိမြင်ခြင်းငှါ အလိုဆန္ဒ ရှိလှပါ သည်၊ လောကဝေါဟာ များစွာသောသဒ္ဒါတို့ဖြင့် အလိုမရှိပါ။

ဟု လျှောက်ကြားသော်

## ဥပတိဿပရိဗိုဇ် သောတာပန်တည်ခြင်း

အဿဇိမထေရ်မြတ်က ဤဂါထာကို ဟောကြားတော်မူ၏–

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော—

အကြောင်းဒုက္ခသစ္စာတရားတို့သည် တဏှာ ဟူသော သမုဒယသစ္စာလျှင် အစအမြွန်ရှိကုန်၏။ ထိုဒုက္ခ, သမုဒယသစ္စာနှစ်ပါးတို့၏ ချုပ်ကြောင်း၊ မဂ္ဂသစ္စာ လမ်းကိုလည်း မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်ပြီ၊ ထိုအလုံးစုံသော တရားတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ဟူသော နိရောဓသစ္စာကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်ပြီ၊ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤသို့ အယူရှိတော်မူ၏ဟု ဟောတော်၏။

ဥပတိဿပရိဗိုဇ်လည်း မထေရ် ဟောကြားသော တရားဂါထာ ဒေသနာကို ကြားနာရသော် ရှေ့နှစ်ပါဒကို ကြားနာရလျှင် နည်း တစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိဖိုလ်၌ တည်လေ၏။ နောက်နှစ်ပါဒကို မူကား သောတာပတ္တိဖိုလ်သို့ ရောက်သောအခါ၌ ပြီးဆုံးစေ၏။

ထိုပရိဗိုဇ်သည် သောတာပန်ဖြစ်၍ အထက်ဖြစ်သော တရားအထူးသည် မဖြစ်သေးသော်လည်း မချွတ်ကေန် အမှန် ဖြစ်လတ္တံ့သော အကြောင်းကို မှတ်သား၍ မထေရ်ကို လျှောက်ထားသည်မှာ အရှင်ဘုရား တရားတော် ဓမ္မစကို အထက်သို့တက်၍ ပွားဆက် ဟောကြားတော် မမူပါလင့်ဦး ဤမျှလောက်သော တရားဖြင့်သာ ဖြတ်တော်မူပါဦးဟု လျှောက်ကြား၍

အရှင်ဘုရား တပည့်တော်တို့၏ မြတ်စွာဘုရားသည် အဘယ်အရပ်၌ မျှတ ရှင်ပြုံး သီတင်းသုံးတော် မူပါသနည်းဟု မေးလျှောက်၏။ ငါ့ရှင် ပရိဗိုဇ် ယခုအခါ သဗ္ဗညု ရှင်တော် ဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး စံနေတော်မူသည်ဟု မိန့်တော်မူသော် အရှင်ဘုရား ထိုသို့ဖြစ်လျှင် အရှင် ဘုရားတို့သည် ရှေးဦးစွာ ကြွနှင့်တော်မူလော့၊ ဘုရားတပည့်တော်အား အဖော်တစ်ယောက် ရှိပါသေးသည်။ တပည့်တော်တို့တွင် အကြင်သူသည် ရှေးဦးစွာ တရားထူးကိုရ၏။ ထိုသူသည် အဖော်တစ်ယောက်အား ပြန်ကြား ပြောဆိုစတမ်းဟု အချင်းချင်း ကတိကဝတ် ထားကြပါသည်။ တပည့်တော် သည် ထိုသို့ ထားအပ်သော ကတိကဝတ် ဖြေချွတ် ရှင်းလင်းပြီးသော် အဖော် အဆွေခင်ပွန်းကို ခေါ်ယူ၍ အရှင်မြတ် ကြွလာတော်မူခဲ့သော လမ်းခရီး အစဉ်ဖြင့်သာလျှင် မြတ်စွာဘုရား၏ ဒေထံသို့ လျှင်မြန်စွာ လာခဲ့ပါကုန်အံ့ဟု လျှောက်ကြားပြီးလျှင် ထိခြင်းငါးပါး ရှိခိုးခြင်းဖြင့် မထေရ်၏ ခြေရင်းတို့၌ ဝပ်ဆင်းညွှတ်လျှိုး ရှိခိုးပြီးသောအခါ လက်ျာရစ် သုံးကြိမ် လည်သည်ကိုပြု၍ မထေရ်ကို စွန့်လွှတ်ပယ်ခွာပြီးလျှင် ပရိဗိုဇ်တို့၏ အရံသို့ ရှေးရှုသွား၏။

## ကောလိတပရိဗိုဇ် သောတာပန်တည်ခြင်း

ထိုအခါ၌ ကောလိတပရိဗိုဇ်က အဝေးမှ လာသော ဥပတိဿကို မြင်လျှင် ငါ၏ အဆွေခင်ပွန်းသည် နေ့တိုင်းနှင့်မတူ အမူကွဲပြား ယနေ့သည်ကားဆိုလျှင် ကြည်လင်သန့်ရှင်းသော အခြင်းအရာ၊ ပြုံးရွှင်သော မျက်နှာဖြင့် လာခဲ့ လေသည်။ မချွတ်ကေန် မသေရာ တရားထူး တရားမှန်ကို ကေန်ရခဲ့ဟန် ရှိလေသည်ဟု ဆင်ခြင်၍ အဆွေဥပတိဿ သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန် တည်းဟူသော တရားထူးကို ရခဲ့ပါ၏လောဟု မေး၏။ ဥပတိဿလည်း ငါ့ရှင် ကောလိတ ရခဲ့ပေ၏ဟု ဝန်ခံပြီးလျှင် ယခင်ပြမှာခဲ့သော ယေ ဓမ္မာ ဟေတုပ္ပဘဝါ- အစဖြာသော ဂါထာကိုပင် ဟောကြားပြန်၏။ ဂါထာ၏အဆုံး၌ ကောလိတသည် သောတာပတ္တိဖိုလ်၌ တည်၍ အဆွေဥပတိဿ ငါတို့၏ ဘုရား မြတ်သည် ယခု အဘယ်အရပ်၌ သီတင်းသုံးတော်မူသနည်းဟု ပြောဆို၏။ အဆွေ ကောလိတ ငါတို့၏ သဗ္ဗညု ရှင်တော်ဘုရားသည် ဝေဠုဝန်ကျောင်း တော်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံး စံတော်မူသည်ဟု ငါတို့၏ ဆရာ ဖြစ်သော အဿဇိမထေရ်သည် မိန့်မှာတော် မူခဲ့ပေသည်ဟု ပြောကြားသော် အဆွေဥပတိဿ ငါသည် အသင့်အား တောင်းပန်ပါ၏။ လာလှည့်ကုန်၊ ဆရာတစ်ဆူ ဖြစ်တော်မူသော သယမ္ဘူမြတ်ဘုရားကို သွား၍ ဖူးမြော်ပါကုန် အံ့ဟု ပြောကြားလျှင် အရှင်သာရိပုတ္တရာ မထေရ်ကား အခြင်းခပ်သိမ်းပင် ဆရာရှင်တို့၏ ကျေးဇူးကို အထူးပူဇော်တတ်သော သဘောရှိသဖြင့် အဆွေ ကောလိတ ငါတို့ ရအပ်သော တရားထူးကေန် မသေရာမှန် နိဗ္ဗာန်တည်း

ဟူသော အမတဓမ္မကို ကျေးဇူးရှိပေဖူးသော သိဥ္စည်းပရိဗိုဇ် ဆရာကြီးအား လည်း ဟောပြ ပြန်ကြားကုန်အံ့။ တရားထူး တရားမြတ်ကို သိမြင်လိုသော ဆန္ဒ ရှိပါကလျှင် သိမြင်ပါလတ္တံ့. အကယ်၍ သိမြင်လိုသော ဆန္ဒပင် မရှိ စေကာမူ ငါတို့အား သနားငဲ့ညှာ တွတ်တာယုံကြည်သဖြင့် ဘုရား၏ထံမှောက်သို့ လိုက်လာပါလတ္တံ့။ မြတ်စွာဘုရားတို့၏ တရားဓမ္မစကကို နာရ၍ မဂ်ဖိုလ်တည်း ဟူသော တရားမြတ်ကို သိမြင်ရရှိပါလတ္တံ့ဟု ပြောကြား တိုင်ပင်ပြီးသော အခါ ထိုနှစ်ဦးသော သူတို့သည် သိဥ္စည်းဆရာကြီး၏ အထံသို့ လာခဲ့ကြ၏။

## သိဥ္စည်းဆရာကြီး၏ ဝါဒ

သိဥ္စည်းဆရာကြီးလည်း ထိုသူတို့ကိုမြင်၍ အမောင်တို့ အသို့နည်း အသင် တို့သည် မသေရာ နိဗ္ဗာန်တည်းဟူသော ခရီးလမ်းသို့ ညွှန်ပြတတ်သော ဆရာ တစုံတစ်ယောက်မျှ ရခဲ့ပါသလောဟု မေးလျှင် ဩော်-ဆရာ အကျွန်ုပ်တို့သည် ရခဲ့ပါ၏။ အိုဆရာ ယခုလောက၌ ဘုရားပွင့်တော်မူလာချေပြီ။ တရားတော် မြတ်သည်လည်း ထင်ရှား ဖြစ်ပေါ်လာချေပြီ။ သံဃာတော်သည်လည်း ဖြစ်ပေါ်လာချေပြီ၊ အသင် ဆရာကြီးတို့သည်ကား အချည်းနှီး အနှစ်သာရ မရှိသော အချက်၌ နှစ်သက်လှည့်လည်၍ နေကြကုန်၏။ အို့ဆရာကြီး လာ လှည့်ကုန် မြတ်စွာဘုရား၏ အထံသို့ လျင်မြန်စွာ သွားကြကုန်အံ့ဟု ခေါ်ငင် သွေးဆောင်သော် သိဥ္စည်းဆရာက ချစ်သားတို့ အသင်တို့သည်သာ သွားကြ ကုန်လော့၊ ငါသည်ကား သွားခြင်းငှာ မစွမ်းနိုင်ဟု ဆိုသဖြင့် ဆရာ အဘယ် သို့သော အကြောင်းကြောင့် မသွားနိုင်ပါသနည်း၊ မေးက ချစ်သားတို့ ငါသည် များစွာသော လူအပေါင်းတို့၏ ဆရာဖြစ်၍ လှည့်လည်နေခဲ့ပြီ။ ယင်းသို့ လှည့်လည်နေသော ငါ၏ အတွင်းနေ တပည့်အဖြစ် နေရခြင်းသည် ရေအိုး စရည်းကြီးမှ ရေခပ်အိုးအဖြစ် ရောက်သကဲ့သို့ဖြစ်၏။ အိုးစရည်းကြီး "ငါ့အား အတွင်းနေတပည့်၏ အဖြစ်ဖြင့် နေခြင်းငှာ မစွမ်းနိုင်ပါဟု ပြန်ပြောသော် ဥပတိဿ,ကောလိတတို့က ထပ်၍တစ်ဖန် မြတ်စွာဘုရား၏ အထံသို့ အမြန်လိုက်ခဲ့ပါလော့၊ ဆရာသည် ဤသို့သော အခြင်းအရာကို မပြု ပါလင့်ဟု တောင်းပန်ပြန်သော်လည်း အမောင်တို့ ရှိစေတော့ အသင်တို့သာ သွားကြကုန်လော့၊ ငါသည် မစွမ်းနိုင်ဟု ငြင်းပယ်သဖြင့် ဥပတိဿ,ကောလိတ တို့က ဆရာ လောက၌ လူတွင်ထင်ရှား ဘုရားပွင့်တော်မူသော ကာလမှစ၍ လူများအပေါင်းသည် ပန်းနံ့သာ စသည်တို့ကို လက်စွဲလျက် ဒ.မြဲဆည်းကပ် သွားလာပြီးသောအခါ မြတ်စွာဘုရားကိုသာလျှင် ဂေ.ဝင်းစွာ ပူဇော်လတ္တံ့။ အကျွန်ုပ်တို့သည်လည်း ထိုမြတ်စွာဘုရား၏ ထံပါးနေရပ်သို့ ချဉ်းကပ် သွား ရောက်ပါကုန်လတ္တံ့။ ထိုအခါ အသင်ဆရာတို့သည် အသို့ ပြုကုန်မည်နည်းဟု လျှောက်ကြား၏။

ထိုအခါ သိဥ္စည်းဆရာက အမောင်တို့ ယခုလောက၌ ပညာနည်းနှေးသူတို့က ပေါမျှားသလော၊ သို့တည်းမဟုတ် ပညာရှင်တို့က ပေါမျှားသလောဟု မေး၏။ ဥပတိဿ,ကောလိတတို့က ဆရာ ပညာနည်းနှေးသူတို့က ပေါမျှား၍ ပညာရှင်တို့က တစ်ရံတစ်ဆစ် ဖြစ်နိုင်သောအားဖြင့် နည်းပါးပါသည်ဟု ပြောကြားလျှင် ထိုသို့ဖြစ်လျှင် ငါ၏တပည့် ချစ်သားတို့....အကြင်လူတို့သည် ဉာဏ်ပညာအမြင် ရှိကုန်၏၊ ထိုလူတို့သည် ရဟန်းဂေါတမ၏ အထံသို့ သွားကြကုန်လတ္တံ့။ အကြင်လူတို့သည်ပညာမရှိ ထိုသူတို့သည်ငါ၏ထံမှောက်သို့လာရောက်ကုန်လတ္တံ့ဟု ပြောဆို၍ အမောင်တို့ အမောင်တို့သည်သာ သွားကြကုန်။ ငါသည်ကား သွားခြင်းငှာ မစွမ်းနိုင်ဟု ပြော၏။ ဆရာ ထိုသို့ဖြစ်လျှင် အသင်တို့သည် ထင်ရှားစင်စစ် ဖြစ်ပါကုန်လတ္တံ့ပြော၍ ဥပတိဿ,ကောလိတတို့သည်ဖယ်သွားကြကုန်သည်ရှိသော် သိဥ္စည်းဆရာ၏ ပရိသတ်တို့သည် ဖရိုဖရဲ ပြိုကွဲကုန်သဖြင့် ထိုခဏ၌သာလျှင် အာရာမ်သည် အချည်းနှီးဖြစ်လေ၏။

ထိုအခါ သိဥ္စည်းဆရာသည် အချည်းနှီးသော အာရာမ်ကိုမြင်လျှင် ပူပင်လှိုက်လှဲ နှလုံးရင်ဝမ်းကွဲမျှ ပူသောသွေး ပျို့အန်လေသောကြောင့် ဥပတိဿ, ကောလိတတို့နှင့် အတူတကွ သွားကြကုန်သော ပရိဗိုဇ်ငါးရာတို့တွင် ပရိဗိုဇ် နှစ်ရာ့ငါးကျိပ်တို့သည် သိဥ္စည်းဆရာ၏ထံသို့ တစ်ဖန် ပြန်၍ နေကြရကုန်၏။ ဥပတိဿ,ကောလိတတို့လည်း ကြွင်းကုန်သော မိမိတို့၏ အတွင်းနေ တပည့် ဖြစ်ကုန်သော တပည့်နှစ်ရာ့ငါးကျိပ်တို့နှင့် အတူတကွ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ သီတင်းသုံး စံတော်မူရာဖြစ်သော ဝေဠုဝန်ကျောင်းတော်သို့ သွားကြကုန်၏။

## အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ရဟန္တာဖြစ်ခြင်း

မြတ်စွာဘုရားရှင်သည် ပရိသတ် လေးပါးအလယ်၌ တရားအမြိုက် တိုက်ကျွေးဆုံးမ ဟောပြ၍ သီတင်းသုံးတော်မူဆဲအခါ အဝေးမှ ရှေးရှုလာကုန်သော ဥပတိဿ,ကောလိတတို့ကို မြင်တော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် ချစ်သားရဟန်းတို့ ဥပတိဿ,ကောလိတဟူကုန်သော ထိုသူငယ်ချင်းနှစ်ယောက်တို့သည် ငါဘုရားထံသို့ ရှေးရှုလာကုန်၏။ ချစ်သားရဟန်းတို့ ထို သူငယ်ချင်းတို့ နှစ်ယောက်သည် ငါဘုရား၏ မြတ်သော ကောင်းသော သာဝကအစုံသည် ဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။ တပည့်ပရိသတ်တို့နှင့်တကွ ဥပတိဿ, ကောလိတတို့သည် မြတ်စွာဘုရားရှင်ကို ကြည်လင်သွတ်လျှီး ရှိခိုးပန်ဆင်လျက် သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်နေကြကုန်၏။ သင့်တင့် လျောက်ပတ်သော အရပ်၌ ဆည်းကပ် ထိုင်နေပြီးသောအခါ ဘုန်းတော်ကြီးမြတ်တော် မူသော

ရှင်တော်ဘုရား ဘုရားတပည့်တော်တို့သည် အရှင်မြတ်အထံတော်၌ ရဟန်းပဉ္စင်းအဖြစ်ကို ရပါလိုကုန်၏ဟု တောင်းပန်လျှောက်ကြားကြကုန်လျှင် မြတ်စွာဘုရားရှင်သည် ဤစကားကို မိန့်တော်မူ၏

ထေ ဘိက္ခဝေါ သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ–

ရဟန်းတို့ လာခဲ့ကြကုန် တရားတော်ကို ကောင်းစွာ ဟောတော်မူအပ်ပြီ၊ ဒုက္ခ၏ အဆုံးကို ပြုခြင်းငှါ ကောင်းစွာ မြတ်သော အကျင့်ကို ကျင့်ကြကုန်။

အလုံးစုံသော သူတို့သည် တန်ခိုးဖြင့်ပြီးသော သပိတ် သင်္ကန်းကို ဆောင်ကုန်လျက် အဝါခြောက်ဆယ် ရင့်ကြွယ်သော မထေရ်ကြီးတို့ကဲ့သို့ တရည်တည်း အထမြောက်၍ ရဟန်းဖြစ်ကြကုန်၏။ မြတ်စွာဘုရားသည် ဥပတိဿ, ကောလိတတို့၏တပည့်ပရိသတ်တို့အား စရိုက်အကျင့်၏အစွမ်းဖြင့် တရားဒေသနာကို ကောင်းစွာဆင့်ပွား ဟောကြားတော်မူ၏။ အဂ္ဂသာဝက နှစ်ပါးတို့ကို ထား၍ ကြွင်းသော သူဘို့သည် အရဟတ္တဖိုလ်သို့ရောက်ကြကုန်၏။ ဥပတိဿ, ကောလိတ တို့မှာမူကား ကြီးမားသော သာဝက ပါရမီဉာဏ်ရှိသည်၏ အဖြစ်ကြောင့် အထက်မဂ်ဖိုလ်ကိစ္စသည်အပြီးဆုံးသို့ မကျလေ၊ ထိုနောက် ရှင်မဟာမောဂ္ဂလာန်သည် ရဟန်းပြုသောနေ့မှစ၍ ရေတွက်ခုနစ်ရက်မြောက်သောနေ့အဖို့၌ မဂဓရောင်တိုင်း ကလ္လဝါဠ ရွာငယ်ကို အမှီပြု၍ သီတင်းသုံးတော်မူသည်ရှိသော် ငိုက်မျဉ်းခြင်းဖြင့် နှိပ်စက် ထိနမိဒ္ဓသို့သက်သည်ကို မြတ်စွာဘုရားကြွသွားတော်မူပြီးသောအခါ ပြင်းစွာထိတ်လန့် တုန်လှုပ်စေလျက် ထိနမိဒ္ဓကို ပယ်ဖျောက်၍ မြတ်စွာဘုရားရှင်သည် ပေးသနားအပ်သော ဓာတုကမ္မဋ္ဌာန်းကို နာဝဂျက်သာလျှင် အထက်မဂ်သုံးပါးကိစ္စကို တဝတည်း ပြီးစေ၍ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်တော်မူ၏။

ရှင်သာရိပုတ္တရာမထေရ်သည်လည်း ရဟန်းပြုသောနေ့မှစ၍တစ်လ၏ထက်ဝက် တစ်ပက္ခမျှကို လွန်လျှင် ဘုရားကိုယ်တော်မြတ်နှင့်တကွ ထိုရာဇဂြိုဟ်ပြည်ကိုသာလျှင် အမှီပြု၍ သူကရခဋလိုဏ်၌ သီတင်းသုံးနေတော်မူလျက် မိမိ၏တူတော်ဖြစ်သော ဒီဃနခပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟာကသုတ်ကို ဟောကြားတော်မူအပ်သည်ရှိသော် သုတ္တန်ဒေသနာတော်မြတ်သို့ အစဉ်အောက်မေ့သဖြင့် ဉာဏ်ကို စေလွှတ်ပွားများစေ၍ သူတစ်ပါးတို့သည် ပြုပြင်စီမံ ခူးအပ်သော ခဲဖွယ်ဘောဇဉ်ကို လှယ်လင့်တကူယူ၍ သုံးဆောင်သောသူကဲ့သို့ သာဝက ပါရမီဉာဏ်၏ အထွတ်အထိပ် အပြီးအဆုံးသို့ ရောက်တော်မူလေ၏။

[ဤနေရာ၌ စောဒကပုဂ္ဂိုလ်တို့ တက်ဆိုရန်ရှိသည်မှာ အရှင်သာရိပုတ္တရာသည် အလွန်တရာ ပညာကြီးကျယ်ခြင်း ရှိတော်မူပေ၏။ ထိုသို့ပညာအရာ ကြီးကျယ်စွာသော သဘောရှိပါလျက် အဘယ့်ကြောင့် ရှင်မဟာမောဂ္ဂလ္လာန်၏နောက် ကျရောက်ကြာမြင့်သဖြင့် သာဝကပါရမီဉာဏ် အပြီးအဆုံးသို့ ရောက်ပါလိမ့်မည်နည်းဟု စောဒနာတက်ရန်ရှိ၏။ ထိုစောဒနာကို ပရိကမ္မသည့် အားကြီးခြင်းရှိလှသောကြောင့် ကြာမြင့်မှ သာဝကပါရမီဉာဏ်သို့ ရောက်နိုင်လေသည်ဟူ၍ ဖြေကြားရာ၏။ လောကီဥပမာမှာ ပစ္စည်းဥစ္စာ ရတနာ ငွေခြွေမရှိ အလွန်ဆင်းရဲလှသော သူတို့သည် တင်စိုတစ်ခုသော အရပ်သို့ သွားလိုကုန်သည်ရှိသော် လျင်စွာသာလျင် ထွက်သွားနိုင် ကုန်ဘိသကဲ့သို့ ရေမြေသေဌ်နှင်း ပြည့်ရှင်မင်းတို့အား သွားခြင်းငှါ အလိုရှိသည်ရှိသော် လျင်မြန်စွာ မသွားနိုင်ဘဲ ဆင်မြင်းရထား များစွာသော စစ်သည်ဗိုလ်ထုတို့ကို စုရုံးပြုပြင်ခြင်း စသည်တို့ဖြင့် ကြီးမားသော ပရိကံ စီမံစုအပ်ခါ ကြာမြင့်မှ ထွက်သွားနိုင်ဘိသကဲ့သို့ မှတ်သားရာ၏ဟု ၎င်းမမ္မပဒအဋ္ဌကထာကြီး၌ မိန့်တော်မူ၏]—

အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်သည် သာဝကပါရဉာဏ် ထက်သန် ထုတ်ချောက် အပြီးအဆုံးသို့ရောက်သော ထိုနေ့၌ပင်လျှင် မြတ်စွာဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူလျက် တပည့်သာဝက အပေါင်းတို့ကို ကောင်းစွာ စည်းဝေးစေ၍ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် နှစ်ပါးတို့အား အဂ္ဂသာဝက အရာကို ပေးသနားတော်မူ၍ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

## ရဟန်းတို့က ကဲ့ရဲ့ကြခြင်း

ထိုအခါ များစွာသော ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ကြကုန်၏။ "မြတ်စွာဘုရားရှင်သည် နောက်မှ ရောက်လာသော ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့အား အဂ္ဂသာဝကအရာကို ပေးသနားတော်မူဟသည်ကား မျက်နှာကို ကြည့်ရှုငဲ့ရေး ဆွမ်းဘုဉ်းပေးသည်နှင့် တူလှ၏။ အကယ်၍တည်း ပေးလိုပါမူ ရှေးဦးစွာ ရဟန်းပြုကြကုန်သော ပဉ္စဝဂ္ဂီရဟန်းတို့အား အဂ္ဂသာဝက ရာထူးကို ချီးကျူးမြှောက်စား ပေးသနားခြင်းငှါ သင့်ပါသည် မဟုတ်တုံလော။ ထိုပဉ္စဝဂ္ဂီရဟန်းတို့ကို ထောက်ထားစနော ငဲ့ညှာကြည့်ရှုခြင်း မရှိစေကာမူ ယသမထေရ် အမှူးရှိကုန်သော သေဋ္ဌေးသားမထေရ် ရဟန်းငါးကျိပ်ငါးပါး တို့အား ပေးခြင်းငှါ သင့်ပါသည် မဟုတ်တုံလော၊ ထိုရဟန်းတော် မထေရ်မြတ် ငါးကျိပ်ငါးပါးတို့ကို ထောက်ထားစနော ငဲ့ညှာကြည့်ရှုခြင်း မရှိစေကာမူ

သုံးကျိပ်ကုန်သော ဘဒ္ဒဝဂ္ဂီအရှင်မြတ်တို့အား အဂ္ဂသာဝက ဌာနန္တရအထူးကို မြှောက်ကျူး ပေးသနားသင့်သည် မဟုတ်ပါလော။ ထိုသုံးကျိပ်သောမထေရ် ဘဒ္ဒဝဂ္ဂီတို့ မျက်နှာကို မငဲ့ညှာလျှင် ရှိပါစေဦး။ ဥရုဝေလကဿပ အစရှိကုန်သော နောင်ညီ သုံးယောက်တို့အား ချီးမြှောက် ပေးသနားခြင်းငှါ အပ်ပါသည်။ ထိုမျှလောက်ကုန်သော ရဟန်းတော် မထေရ်ကြီးတို့ကို စွန့်ပယ်၍ အသွယ်သွယ်သော ရဟန်းတို့ နောက်မှလာရောက်၍ ရဟန်းပြုကုန်သော အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့အား အဂ္ဂသာဝကရာထူးကို ချီးကျူး ပေးသနားခြင်းသည် မျက်နှာကို ကြည့်ရှုငဲ့ညှာသဖြင့် အဂ္ဂသာဝက ရာထူးကို ချီးကျူးပေးသနားလေသည်တကား”ဟု များစွာ ပြောဆိုကုန်၏။

ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ အဘယ်ကို ပြောဆိုကြကုန်သနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော စကားကို ပြောကြားကြပါကုန်သည်ဟု အလုံးစုံသော အကြောင်းတို့ကို ရှုံးပေါင်း၍ လျှောက်ထားသည်ရှိသော် ချစ်သားရဟန်းတို့ ငါဘုရားသည် မျက်နှာလိုက်စား ထောက်ထားကြည့်ရှုသဖြင့် အဂ္ဂသာဝက ဌာနန္တရကို ပေးသနားတော်မူသည် မဟုတ်ချေ။ ထိုပုဂ္ဂိုလ်တို့အား မိမိ၏ ရည်ညွှန်းတောင့်တအပ်သည့် အတိုင်း သာလျှင် ငါဘုရား ပေးသနားတော်မူလေသည်။ ချစ်သားရဟန်းတို့ အညာတ ကောဏ္ဍညသည် တစ်ခုသော ကောက်ကို စိုက်ပျိုးပြုစုသော် ကိုးကြိမ်ကိုင် အောင်သော အဦးအလှူကို ကြည်ဖြူရွှင်လန်း လှူဒါန်းသဖြင့် အဂ္ဂသာဝက အရာကို ဖြစ်ပါလိုကြောင်း ဆုတောင်းပန်ယူ၍ လှူဒါန်းသည်မဟုတ်။ အမြတ်အဦး အထူးဖြစ်သော အရဟတ္တဖိုလ်တရားကို များစွာအုပ်ခြုံ အလုံးစုံသော သူတို့၏ ရှေးဦးစွာသိခြင်း အလို့ငှါသာ ဆုတောင်းပန်ဆင်၍ ကြည်ရွှင်မြတ်လေး ပေးလှူပူဇော်ခဲ့လေသည်ဟု မိန့်တော်မူသော် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား အဘယ်အခါက ဆုတောင်းလျက် ကောင်းစွာ ပေးလှူ ပူဇော်ခဲ့ဖူးပါသနည်းဟု ရဟန်းတို့က လျှောက်ကြားကုန်သဖြင့် ချစ်သား ရဟန်းတို့ အသင်တို့သည် နာခြင်းငှါ အလိုဆန္ဒ ရှိကြကုန်သလောဟု မေးတော် မူသော် ကြားနာလိုပါသည်ဘုရားဟု လျှောက်ကြကုန်လျှင် ထိုသို့ဖြစ်လျှင် ချစ်သားရဟန်းတို့ ကောင်းစွာနာကြကုန်လော့ဟု မိန့်တော်မူ၍ ဇာတိတ်ကို ဆောင်တော်မူ၏။

## အရှင်ကောဏ္ဍည၏ အတိတ်ဝတ္ထု

ချစ်သားရဟန်းတို့ ဤဘဒ္ဒကမ္ဘာမှ ပြန်ကာရေတွက်သည်ရှိသော် ကိုးဆယ့် တစ်ကမ္ဘာထက်၌ ဝိပဿီမည်သော မြတ်စွာဘုရားသည် လောကဓာတ်၌ ထင်ရှား ပွင့်တော်မူ၏။ ထိုအခါ မဟာကာဠ, စူဠကာဠ ဟူကုန်သော သူကြွယ်ညီနောင်

နှစ်ယောက်တို့သည် ကြီးကျယ်စွာသော သလေးစပါးခင်း လယ်ကို စိုက်ပျိုးကြကုန်၏။

## စူဠကာဠသည် ကိုးကြိမ်တိုင် ပေးလှူခြင်း

ထိုအခါ တစ်နေ့သ၌ စူဠကာဠသည် သလေးစပါးခင်း လယ်တောသို့သွား၍ သလေးစပါးဖုံးတစ်ခုကို ခွဲနွာ၍ စား၏။ အလွန်ချိုမြိန် ကောင်းမြတ်သော အရသာသည် ဖြစ်လေသဖြင့် ထိုစူဠကာလသည် ဘုရားအမှူးရှိသော သံဃာတော်အား သလေးစပါးဖုံးကို ပေးလှူခြင်းငှါ အလိုရှိသည်ဖြစ်၍ လယ်တောမှ ပြန်လာပြီးသောအခါ အစ်ကိုကြီး၏ အထံသို့ ချဉ်းကပ်၍ နောင်တော် သလေးစပါးဖုံးကို ခွဲနွာပြီးသောအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်တို့အား လျောက်ပတ်သည်ကို ပြု၍ စီမံချက်ပြုတ် စေပြီးလျှင် အလှူဒါနကို ပေးလှူပူဇော်ကြကုန်အံ့ဟု ဆို၏။ နောင်တော်ကြီး ဖြစ်သော မဟာကာဠ–က ညီငယ် အသင်သည် အဘယ်ကဲ့သို့သော စကားကို ပြောကြားဘိသနည်း။ သလေးစပါးဖုံးကို ခွဲနွာပြီးသောအခါ ပေးလှူခြင်းမည်သည် ရှေးအခါကလည်း တစ်စုံတစ်ရာမျှ မဖြစ်စဖူး၊ နောင်၌လည်း မဖြစ်ပေလတ္တံ့။ သို့ဖြစ်၍ ငါ၏ညီငယ်သည် သွယ်သွယ်စည်ကားကြီးပွားပေါက်ရောက်၍ နေသောကောက်ပင်ကို မပျက်စီးပါစေလင့်ဟု ဟန့်တားပြောဆိုသော်လည်း ညီငယ်ဖြစ်သော စူဠကာဠ က ပေးလှူပူဇော်ခြင်းငှာ အဖန်တလဲလဲ တောင်းပန်သည်သာလျှင် ဖြစ်သောကြောင့် အစ်ကိုကြီးဖြစ်သော မဟာကာဠ က ညီငယ် ထိုသို့ဖြစ်လျှင် သလေးစပါးခင်းကို အဖို့နှစ်ခု ခွဲဝေ၍ ပြုပြီးသောအခါ ငါ၏အဖို့တွက်တာကို အနည်းငယ်မျှ မယူမသုံးသပ်ဘဲ အသင်၏ အဖို့၌ အကြင်သို့သော အမှုကိစ္စဖြင့် အသင်ပြုလိုသော ဆန္ဒရှိ၏။ ထိုအလိုရှိသောဆန္ဒကို အလိုရှိသမျှ ပြုလေတော့ဟု ခွင့်ပေးပြောဆိုသဖြင့် ညီငယ်ဖြစ်သော စူဠကာဠသည် ကောင်းလှပါပြီဟု နှစ်သက်ဝမ်းသာ သလေးစပါးလယ်ကို ခွဲဝေစိတ်ဖြာ၍ များစွာသောလူတို့ကို လက်အမှုဖြင့် ကြည့်ရှုစောင်မကြပါမည့်အကြောင်းကို တောင်းပန် ခေါ်ငင်၍ သလေးစပါးဖုံးကို ခွဲနွာပြီးသောအခါ ရေမရောသော နွားနို့ဖြင့် ချက်စေ၍ ထောပတ်ပျားရည်, တင်လဲ, သကာ စသည်တို့နှင့် ရောနှောဖက်ယှဉ်စေ၍ ဘုရားအမှူးရှိသော သံဃာအား အလှူဒါနကို ပေးလှူပူဇော်၍ ဆွမ်းစားခြင်းကိစ္စပြီးဆုံးသောအခါ၌ ဆုတောင်းမှု ပြုလိုသောကြောင့် ဤပါဠိကိုဆို၏—

ဣဒံ ဘန္တေ မမ အဂ္ဂဒါနံ အဂ္ဂဓမ္မဿ သဗ္ဗညုတညာဏ ပဋိဝေဓာယ သံဝတ္တတု—

ရွှေဘုန်းတော်ရှင် ရှင်ပင်ဘုရား ဘုရားတပည့်တော်၏ ဤကောက်ဖုံးဦး အလှူသည် တရားထူးတရားမြတ်ကို အလုံးစုံသောသူတို့၏ လက်မှန်ရှေးဦး အထူးသိမြင်ခြင်း ဖြစ်ပါစေသတည်း။

ဟု ဆုတောင်း ပန်ဆင်၏။ မြတ်စွာဘုရားရှင်သည်လည်း အသင်ဆုတောင်း တိုင်း ကောင်းစွာဖြစ်စေသတည်းဟု အနုမောဒနာကို ပြုတော်မူ၏။ စူဠကာဠ သည် လယ်တောသို့ တစ်ဖန်သွား၍ ကြည့်ရှုပြန်သည်ရှိသော် အလုံးစုံသော လယ်သည် ချက်ဖြင့်ဖွဲ့ကုန်ဘိသကဲ့သို့ သလေးနှံတို့ဖြင့် ဖုံးလွှမ်းသည်ကို မြင်၍ ပီတိငါးမျိုးကိုရ၍ "ငါ့အား အရတော်လေစွတကား ကောင်းစွာရအပ်လေစွ တကား"ဟု စဉ်းစားဆင်ခြင်၍ မုန့်ဆန်းဖြစ်လေသော ကာလ၌လည်း ရွာ၌ နေသူ လူအပေါင်းတို့နှင့်တကွ မုန့်ဆန်းဦး အလှူမည်သည်ကို ပေးလှူ၏။ ကောက်ရိတ်သောအခါ၌လည်း ရိတ်ဦးအလှူကို ပေးလှူ၏။ ကောက်ကိုထုံးဖွဲ့ ဆုပ်ငင်သောအခါ၌ ကောက်ဆုပ်ဦးအလှူကို ပေးလှူ၏။ ကောက်လှိုင်းကို စည်းသောအခါတို့၌ ကောက်လှိုင်းဦးအလှူကို ပေးလှူ၏။ ကောက်လှိုင်းကို နင်းနယ်သောအခါ၌လည်း နယ်ဦးအလှူကို ပေးလှူ၏။ စပါးတို့ကို စုပုံသော အခါ၌ ပုံဦးအလှူကို ပေးလှူ၏။ စပါးတို့ကို ရေတွက်၍ ခြင်သောအခါ၌ ခြင်ဦး အလှူကို ပေးလှူ၏။ စပါးတို့ကို ကျီကြသို့ သွင်းသောအခါ၌ ကျီသွင်းဦး အလှူကို ပေးလှူ၏။ ဤသို့လျှင် တစ်ခုသောကောက်၌ ကိုးကြိမ်တိုင်အောင် အဦးအလှူကို ပေးလှူ၏။ ယင်းသို့ ကိုးကြိမ်တိုင်အောင် ပေးလှူလေငြား သော်လည်း စူဠကာဠအား အလုံးစုံသော အကြိမ်တို့၌ ယူတိုင်းယူတိုင်းသော နေရာ၌ရှိနသည် အနည်းငယ်မျှ မယုတ်လျော့မူ၍ ပြည့်လေ၏။

ကောက်သည် သူတစ်ပါးတို့ထက် လာလွန်ပိုမို၍ ပြည့်စုံကြွယ်ဝခြင်း ဖြစ်လေ ၏။ ထိုစကားမှန်၏။ တရားတော်မည်သည်ကား မိမိကိုစောင့်ရှောက်သော သူကို အမှန်အမြဲ မလွဲမဖောက် စောင့်ရှောက်ပေ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဤဒေသနာတော်ကို ဟောကြားတော်မူ၏—

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။

ရဟန်းတို့ တရားတော်သည် တရားကိုကျင့်လေ့ရှိသူကို စင်စစ်စောင့်ရှောက် ၏။ ကောင်းစွာလေ့ကျက်အပ်သော တရားတော်သည် ချမ်းသာကို ဆောင်နိုင် ၏။ တရားကို ကျင့်လေ့ရှိသော သူသည် ဒုဂ္ဂတိဘဝသို့ မရောက်ရ၊ ဤသို့

အပါယ်မလားရခြင်းသည် ကောင်းစွာလေ့ကျက်အပ်သော တရား၏ အကျိုး အာနိသင်တည်း။

ချစ်သားရဟန်းတို့ ငါ၏သားတော်ဖြစ်သော ဤကောဏ္ဍညသည် ဝိပဿီ မြတ်စွာဘုရား၏ လက်ထက်အခါ၌ မြတ်လှသော အရဟတ္တဖိုလ်တရားကို ရှေးဦးစွာ အထူး သိမြင်ပါလိုကြောင်းကိုသာ ဆုတောင်းပန်ဆင်လျက် ကိုးမျိုး သော အဦးအလှူတို့ကို ပေးလှူပူဇော်လေသည်၊ ချစ်သားရဟန်းတို့ ငါ၏ သားတော်ဖြစ်သော ကောဏ္ဍညသည် ဤကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာတစ်သိန်းထက် ဟံသာဝတီပြည်၌ သီတင်းသုံးတော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ လက်ထက်၌လည်း ခုနစ်ရက်တို့ကာလ ပတ်လုံး ကြီးစွာသောအလှူဒါနတို့ကိုပေးလှူ၍ မြတ်စွာဘုရားရှင်၏ ခြေတော် ရင်း၌ ဝပ်စင်းပြီးသောအခါ မြတ်သော အရဟတ္တဖိုလ်တရားကို သူတစ်ပါးတို့ ရှေးဦး အထူးသိမြင်ခြင်းကိုသာ ပန်ဆင်ဆုတောင်းလေသည်။ ချစ်သားရဟန်း တို့ ဤငါ၏သားတော်ဖြစ်သော ကောဏ္ဍည တောင့်တပတ္တနာသည့် အတိုင်း ကိုသာ ငါဘုရား ပေးသနားတော်မူလေသည်။

### အရှင်ယသနှင့် ငါးကျိပ်ငါးယောက်တို့၏ အတိတ်ဝတ္ထု

ချစ်သားရဟန်းတို့ မျက်နှာကိုကြည့်ရှုလိုက်စား အဂတိတရားဖြင့် ငါဘုရား ပေးသနားတော်မူသည် မဟုတ်ဟု မိန့်တော်မူသောအခါ ရဟန်းတို့က တစ်ဖန် မြတ်စွာဘုရား ယသအမှူးရှိကုန်သော အမျိုးသား ငါးကျိပ်ငါးယောက်တို့သည် အဘယ်သို့သော ကောင်းမှုအထူးကို ဆည်းပူးဖြည့်ကျင့် ခဲ့ကြပါကုန်သနည်းဟု မေးလျှောက်ပြန်သော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ယသသတို့သားအမှူးရှိကုန်သော ထိုအမျိုးသား ငါးကျိပ်ငါးယောက်တို့သည် လည်း တစ်ဆူသော မြတ်စွာဘုရား၏ အထံ၌ အရဟတ္တဖိုလ်ကို တောင့်တ ဆုပန်ကုန်လျက် များစွာသောကောင်းမှုကုသိုလ်ကံကို စီမံပြုစုခဲ့ကြ၍ နောက် အဖို့ဝယ် ဘုရားပွင့်တော်မမူမီ ထိုအမျိုးသား ငါးကျိပ်ငါးယောက်တို့သည် အပေါင်းအဖော်တို့သည် ဖြစ်ကြကုန်၍ တညီတညွတ်တည်း အစုအဖွဲ့ကိုဖွဲ့သဖြင့် ကောင်းမှုကုသိုလ်ကံတို့ကို စီမံပြုစုကုန်လျက် ကိုးကွယ်ရာမဲ့သောအားဖြင့် သေလွန်ပြောင်းကြွသော သူတို့၏ ရုပ်အလောင်းတို့ကို ကောင်းစွာ သုတ်သင် ပြုပြင်သင်္ဂြိုဟ်လျက် ထိုထိုသို့သောအရပ်သို့ လှည့်ပတ်သွားလာလေ့ ရှိကုန်၏။

ထိုငါးကျိပ်ငါးယောက်သောသူတို့သည် တစ်နေ့သောအခါ ကိုယ်ဝန်ရှိသော တစ်ယောက်သော မိန်းမငယ် သေလွန်သည်ကိုမြင်၍ မီးသင်္ဂြိုဟ်ခြင်းကို ပြုကြ ကုန်အံ့ဟု သုသာန်သို့ ဆောင်ခဲ့ကုန်၏၊ ထိုသူအများတို့တွင် ငါးယောက်သော

သူတို့ကို အသီးခွဲခြားပြီးလျှင် အသင်တို့သည် မီးသဂြိုဟ်ကြကုန်လော့ဟု သုသာန်၌ထားခဲ့၍ ကြွင်းသောသူတို့သည် ရွာတွင်းသို့ ဝင်ကြကုန်၏။ သုသာန်၌ ကြွင်းကျန်ရစ်ခဲ့သော ငါးယောက်သောသူတို့တွင် ယသသေဋ္ဌေးသားအလောင်း ဖြစ်သော တစ်ယောက်သော သူငယ်သည် ထိုသူသေကောင်ကို ကြည့်ရှုလျက် တံစို့တို့ဖြင့်ထိုး၍ ပြန်လှန်ပြီးလျှင် မီးတိုက်သောအခါ လွန်စွာမတင့်တယ် စက်ဆုပ်ရွံရှာဖွယ်ရှိသော အသုဘသညာကို ကောင်းစွာရရှိသဖြင့် ကြွင်းသော အဖော်လေးယောက်တို့အား "အိုအချင်းတို့ ကြည့်ရှုကြပါကုန်လော့၊ ဤခန္ဓာကိုယ်အကောင်သည် ထိုထိုသို့သော အရပ်တို့၌ စုတ်ပြတ် ပျက်စီးအပ်သော အရေရှိသည်ဖြစ်၍ နွားပြောက် နွားကျားကဲ့သို့ မစင်မကြယ်သော အနံ့အဆင်းရှိသည်ဖြစ်၍ အလွန်တရာ ရွံရှာစက်ဆုပ်ဖို့ရာ ကောင်းလေသည်" ဟု ညွှန်ပြ၏။ ကြွင်းကုန်သော လေးယောက်ကုန်သော သူတို့သည်လည်း ထိုသူသေကောင်၌ မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ်သော အခြင်းအရာဖြင့် အသုဘသညာကို ရကုန်၏။ ထိုငါးယောက်သော သူတို့သည် ရွာသို့ပြန်လာခဲ့ကြ၍ ကြွင်းကုန်သော အဆွေခင်ပွန်း အဖော်တို့အား ပြန်ကြားပြောဆိုကုန်၏။ ယသ၏ အလောင်းဖြစ်သော သူငယ်သည်ကား အိမ်သို့ပြန်သွား၍ မိမိ၏ မိခင် ဖခင်တို့အားလည်းကောင်း၊ မယားအားလည်းကောင်း ပြန်ကြားပြောဆိုပေ၏။ ထိုအလုံးစုံသောသူတို့သည် အသုဘဘာဝနာကို ကောင်းစွာပွားများကုန်၏။ ချစ်သားရဟန်းတို့ ဤသည်လျှင် ယသအမှူးရှိသော အမျိုးသား ငါးကျိပ်ငါးယောက်တို့၏ ရှေး၌ပြုအပ်သော ကောင်းမှုကုသိုလ်ကံပေတည်း။

ချစ်သားရဟန်းတို့ ထိုကဲ့သို့ ဆည်းပူးခဲ့သော ကုသိုလ်အထူး ကမ္မကြောင့် ယသသတို့သားအား မာတုဂါမအပေါင်း၌ သုသာန်ကဲ့သို့သော အမှတ်သညာသည် ဖြစ်ပေါ်လာပေ၏။ ဤသို့သော အကြောင်း၏ပြည့်စုံခြင်းဖြင့် အလုံးစုံသော သူတို့အားလည်း တရားအထူးကို ရှင်မြူးဝမ်းသာရရှာသည် ဖြစ်လေသတည်းဟု မိန့်တော်မူပြီးမှ ချစ်သားရဟန်းတို့ ထိုသူတို့သည်လည်း မိမိတို့သည် တောင့်တသည့် အတိုင်းသာလျှင် ရကြကုန်၏၊ ငါဘုရားသည် မျက်နှာလိုက်စား အဂတိတရားဖြင့် ပေးသနားတော်မူသည် မဟုတ်ဟု မိန့်တော်မူ၏။

## ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့၏ အတိတ်ဝတ္ထု

ဘုန်းတော်ကြီးတော်မူလှပေသော မြတ်စွာဘုရား ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့သည်ကား အဘယ်သို့သော ကောင်းမှုကုသိုလ်ကို ပြုစုအားထုတ်ခဲ့ဖူးပါကုန်သနည်းဟု ရဟန်းတို့က တစ်ဖန် မေးလျှောက်သော် ချစ်သားရဟန်းတို့ ထိုဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့သည်လည်း အလုံးစုံသော ဘုရားရှင်တို့၏ အထံ၌ အရဟတ္တဖိုလ်ကို တောင့်တ၍ များစွာသောကောင်းမှုတို့ကို ပြုပြီးသော

အခါ နောင်အဖို့ဖြစ်သော မြတ်စွာဘုရား ပွင့်တော်မမူမီကာလ၌ သုံးကျိပ်သော သေသောက်ကြူးတို့ဖြစ်ရ၍ တုဿလဒေဝတ်၌ ဝက်မင်း၏ ဩဝါဒကို နာခံမှတ်သား ရသောကြောင့် အနှစ်ခြောက်သောင်းဘို့ ကာလပတ်လုံး ငါးပါးသီလကို စောင့်ရှောက်ခဲ့ကြကုန်၏။ ချစ်သားရဟန်းတို့ ဤဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ် တို့သည်လည်း မိမိတို့သည် တောင့်တခဲ့သည့် ဆုတောင်းအတိုင်းသာ ရကုန်၏။ ငါဘုရားသည် မျက်နှာလိုက်စား အဂတိတရားဖြင့် အဂ္ဂသာဝကရာထူးကို ချီးကျူးပေးသနားတော်မူသည်မဟုတ်ဟု မိန့်တော်မူ၏။

## ဥရုဝေလကဿပ ညီနောင်တို့၏ အတိတ်ဝတ္ထု

ထိုနောက် ရဟန်းတို့က ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော မြတ်စွာ ဘုရား ဥရုဝေလကဿပ အစရှိကုန်သော ညီနောင်မထေရ်တို့သည် အဘယ်ကဲ့သို့ သော ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ခဲ့ပါကုန်သနည်းဟု လျှောက်ကြား ကြပြန်သည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ထိုဥရုဝေလကဿပ စသော ညီနောင်တို့သည်လည်း ရှေးအခါက အရဟတ္တ ဖိုလ်ကိုသာ ရည်ညွှန်းတောင့်တလျက် ကောင်းမှုအထူးတို့ကို ဆည်းပူးပြုစုခဲ့ကြ ကုန်၏။ ချစ်သားရဟန်းတို့ ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တိဿဘုရားဟူ၍လည်းကောင်း၊ ဖုဿဘုရားဟူ၍ လည်းကောင်း နှစ်ဆူသော ဘုရားရှင်တို့သည် လူ့တွင်ထင်ရှား ဘုရားဖြစ်တော် မူကြ၏။ ထိုနှစ်ဆူသော ဘုရားရှင်တို့တွင် ဖုဿဘုရား၏ ခမည်းတော်သည်ကား မဟိန္ဒမင်းမည်သည် ဖြစ်ပေ၏။ ထိုဖုဿဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသည်ရှိသော် မင်းကြီး၏ သားတော် အငယ်သည် ပဌမ အဂ္ဂသာဝက၊ ပုရောဟိတ်၏ သားသည် ဒုတိယအဂ္ဂသာဝက ဖြစ်ပေ၏။

မဟိန္ဒမင်းကြီးသည် မြတ်စွာဘုရားရှင်၏ အထံသို့သွား၍ ငါ၏သားတော် ကြီးသည် ဘုရားဖြစ်တော်မူလေသည်၊ ငါ၏သားငယ်သည် ပဌမအဂ္ဂသာဝက ဖြစ်လေသည်၊ ပုရောဟိတ်၏ သားသည် ဒုတိယအဂ္ဂသာဝက ဖြစ်လေသည်ဟူ၍ ထိုသားကြီး, သားငယ်, ပုရောဟိတ်၏ သားတို့ကို တစိမ့်စိမ့် ကြည့်ရှု ဖူးမြော် ပြီးလျှင် ဘုရားလည်း ငါ၏ ဘုရားပင်ဖြစ်လေသည်၊ တရားတော်သည်လည်း ငါ့သားတော်ဘုရားက ဟောကြားတော်မူအပ်သည်ဖြစ်၍ ငါ၏ တရားတော်ပင် ဖြစ်လေသည်၊ သံဃာတော်သည်လည်း ငါ၏ သံဃာတော်ပင် ဖြစ်လေသည်ဟု ဆို၍ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု သုံးကြိမ် တိုင်အောင် ဥဒါန်းကျူးရင့်ပြီး၍ မြတ်စွာဘုရား ခြေတော်ရင်း၌ ဝပ်စင်း ပြီးသောအခါ၊ ဘုန်းတော်ကြီးမြတ်လှပေသော သားတော်ဘုရား ယခုခမည်း တော်၏ အသက် ပရိစ္ဆေဒသည် အနှစ်ကိုးသောင်းမျှ တွက်စစ်ရှည်အံ့သည်

ဖြစ်၍ အစွန်ဖျားနား သွားလာထိုင်နေလျက် ငိုက်မျဉ်းအိပ်ပျော်လေဘိသော ကာလကဲ့ကိုဖြစ်ချေသည်၊ သို့ဖြစ်၍ သားတော်ဘုရားသည် သူတစ်ပါး၏ အိမ်တံခါးသို့ ကြွသွားဖြန့်ချီတော်မမူဘဲ ခမည်းတော်၏ အသက်ရှည်သမျှကာလပတ်လုံး ခမည်းတော်၏ ပစ္စည်းလေးပါးတို့ကိုသာ သားတော်ဘုရားသည် နှစ်သက်ခံယူတော်မူ၍ သီတင်းသုံးတော်မူပါကုန်ဘုရား'ဟု လျှောက်ကြားဝန်ခံပဋိညာဉ်ကိုယူ၍ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အား အမြဲပြေတ် လုပ်ကျွေးပြုစု၏။

## မင်းသားသုံးယောက်တို့၏ စေတနာ

မဟိန္ဒမင်းကြီးအား ထိုမှတစ်ပါးသော သားတော် သုံးယောက်တို့သည် ရှိကုန်၏။ ထိုသုံးယောက်ကုန်သော သားတော်တို့တွင် သားတော်အကြီးအား စစ်သည်ငါးရာ အခြံအရံတို့လည်း ရှိကုန်၏။ အလတ်ဖြစ်သော သားတော်အား စစ်သည်သုံးရာ အခြံအရံတို့သည် ရှိကုန်၏။ အငယ်ဖြစ်သော သားတော်အား စစ်သည်နှစ်ရာ အခြံအရံတို့သည် ရှိကုန်၏။ ထိုသုံးယောက်ကုန်သော မင်းသားတို့သည် ငါတို့သည်လည်း နောင်တော်ဘုရားကို ဆွမ်းကျွေးကုန်အံ့ဟု ခမည်းတော်၏ အထံဝယ် ခွင့်ပန် လျှောက်တောင်းပန်ကုန်သော်လည်း အခွင့်ကိုမရ၍ နောက်၌ထပ်မံ အတန်တန် ခွင့်ပန်လျှောက်ထားပါသော်လည်း အခွင့်ကို မရရှိခဲ့ကြသည်ဖြစ်၍ တစ်ရံသောအခါ မင်းကြီး၏ ပိုင်နက် ရွာစွန်ကျေးလက်သည် ပျက်စီး၍ရှိခဲ့သောကြောင့် ခမည်းတော် မင်းတရားက ထိုကျေးလက်ရွာဖျားသို့ သားတော်တို့သည် ထွက်သွားပြီးသောအခါ ကောင်းစွာ ငြိမ်သက်သည်ကို ပြုလေလော့ဟု စေလွှတ်တော်မူသဖြင့် မင်းသားတို့သည် ထွက်သွားပြီးလျှင် ဖျက်ဆီးနှောက်ယှက်သော ပစ္စန္တရစ်ရွာကို ငြိမ်သက် အေးချမ်းခြင်းကို ဖြစ်စေလျက် ခမည်းတော်၏အထံသို့ တစ်ဖန် ပြန်လာခဲ့ကြကုန်၏။ ထိုအခါ ခမည်းတော်မင်းကြီးသည် သားတော်တို့၏ လည်ကိုဖက်၍ ဦးခေါင်း၌ နမ်းရှုပ်သည်ကို ပြုပြီးသောအခါ သားတော်တို့ ငါ၏ သားတော်တို့အား ခမည်းတော်ဘုရားသည် ဆုကို ပေးသနားတော်မူ၏ဟု မိန့်တော်မူ၏။

မင်းသားတို့လည်း ကောင်းလှပါပြီ ခမည်းတော်ဘုရားဟု လျှောက်ကြားပြီးလျှင် ပေးသနားသောဆုကို ယူအပ်သည်ကိုပြု၍ နှစ်ရက် သုံးရက်လွန်မြောက်သောအခါ တစ်ဖန် ခမည်းတော်မင်းကြီးက ငါ၏ သားတော်များသည် ငါ ပေးသနားတော်မူသောဆုကို ယူကြကုန်လော့ဟု မိန့်တော်မူသော် သားတော်တို့ကလည်း ခမည်းတော် မင်းတရား သားတော်တို့အား ကုစ်စုံတစ်ခု တစ်ပါးသောဆုဖြင့် တောင့်တခင်မင် လိုချင်နှစ်သက်ခြင်း မရှိပါ။ ဤနေ့ ဤအခါမှစ၍ သားတော်တို့သည် နောင်တော်ဘုရားကို ဆွမ်း ခံဖွယ် ဘောဇဉ် ချီချဉ်

အရသာတို့ဖြင့် ကောင်းစွာ လုပ်ကျွေးလိုကုန်၏။ သားတော်တို့အား ဤသို့သောဆုကိုသာ အလိုဆန္ဒ ပေါင်တစခင်မင်ခြင်း ရှိပါကုန်သည်။ ဤသို့သော ဆုကိုသာလျှင် ပေးတော်မူပါလော့ဟု လျှောက်ကြား ကုန်သည် ရှိသော် သားတော်မောင်တို့ ဤကဲ့သို့ သားတော်ဘုရားကို ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးလိုသောဆုကို တောင်းဆိုကြသည်မှာ ဤသို့သောဆုကို ဖခင်ဘုရားသည် ပေးသနားတော်မမူနိုင်ပေဟု မိန့်ဆိုတော်မူလျှင် မယ်တော် ဘုရားသည် အမြဲမပြတ် ပြုစုလုပ်ကျွေးသည်ကို ခွင့်မပေးနိုင်သည်ရှိသော် ခုနစ်နှစ် အပိုင်းအခြားတို့ကို ပေးသနားတော်မူပါလော့ဟု တောင်းဆိုသဖြင့် ငါ၏သားတော်တို့ ဤမျှလောက်သော အပိုင်းအခြားကိုလည်း ပေးသနားခြင်းငှာ မစွမ်းနိုင်ပါဟူ၍ မိန့်တော်မူသောကြောင့် ခြောက်နှစ်, ငါးနှစ်, လေးနှစ်, သုံးနှစ်, နှစ်နှစ်, တစ်နှစ်, ခုနစ်လ, ခြောက်လ, ငါးလ, လေးလ တို့ကို ပေးသနားတော်မူပါလော့ဟု တောင်းပန်သောအခါ၌လည်း လေးလမျှကိုပင် ခွင့်မပေးနိုင်ဟု မိန့်တော်မူသောကြောင့် ထိုသို့ဖြစ်လျှင် ခမည်းတော်ဘုရား အကျွန်ုပ်တို့ သားတော်သုံးယောက်အား တစ်ယောက်ဝ.စ်ယောက်လျှင် တစ်လအရေအတွက်မျှ အဖို့ကျကိုပြု၍ သုံးလတို့ကို ခွင့်ပေးသနားတော်မူပါကုန်လော့ဟု တောင်းပန်၏။

ထိုအခါမှ မင်းကြီးက ကောင်းလှပေပြီ၊ သားတော်တို့ ခွင့်တောင်းပန်ထွာသည့်အတိုင်း သုံးလမျှတို့ပတ်လုံး သားတော်ဘုရားကို လုပ်ကျွေးလှူဒါန်းပြုစုကုန်ကြလော့ဟု ခွင့်ပေးတော်မူ၏။ မင်းသားတို့လည်း ခမည်းတော်မင်းကြီး၏အထံမှ အခွင့်ပန်၍ ရပြီးသောအခါ ခမည်းတော်ကို ရှိခိုး၍ နေရာမှ ထလာခဲ့ကြပြီးလျှင် မိမိတို့ နေအိမ်တော်သို့ ပြန်သွားကြကုန်၏။ ထိုမင်းသား သုံးယောက်တို့အားလည်း ကျီကျဘဏ္ဍာ ဥစ္စာပစ္စည်းတို့ကို သိမ်းဆည်းစောင့်ရှောက်သော ဘဏ္ဍာစိုးတစ်ယောက်၊ အမှုကြီးငယ် အစုစုတို့ကို ကြည့်ရှုစီရင်သော စာရင်းကိုင်အမတ်တစ်ယောက်အားဖြင့် နှစ်ယောက်သော အမတ်တို့သည်လည်း ရှိကြသည်ဖြစ်၍ အမတ်တစ်ယောက်အား ယောကျ်ား တစ်သိန်း, နှစ်သောင်းတို့ အခြံအရံရှိကုန်၏။ ထိုမင်းသားတို့လည်း အမတ်တို့ကို ခေါ်စေပြီးလျှင် ငါတို့သည် ဤသုံးလပတ်လုံး ဆယ်ပါးသော သီလတို့ကို ယူ၍ နှစ်ခုသော ဖန်ရည်စွန်းသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံ၍ မြတ်စွာဘုရားနှင့်အတူ နေကြတော့အံ့။ အသင်တို့သည် ဤမျှလောက်သော ဒါနလှူဒါနဝတ်ကိုယူ၍ နေ့တိုင်း နေ့ဟုင်း ရဟန်း ကိုးသောင်းတို့အား လည်းကောင်း၊ စစ်သည်တစ်ထောင်မျှတို့အား လည်းကောင်း အလုံးစုံသော ခဲဖွယ်ဘောဇဉ်ချိုချဉ်ရသာကို ကောင်းစွာ ပြုစုစီရင် ဖြစ်ကြစေကုန်လော့။ ငါတို့သည် ဤနေ့မှစ၍ တစ်စုံတစ်ခုမျှကို မပြောမဆိုတော့အံ့ဟု ဆိုကုန်၍ ထို သုံးယောက်သော မင်းသားတို့သည် အလုပ်အကျွေး ယောကျ်ားတစ်ထောင်ကိုယူ၍ ဆယ်ပါး

သော သီလတော်မြတ်တို့ကို ကျင့်သုံးဆောက်တည်ပြီးသောအခါ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ရုံသုံးဆောင်လျက် ကျောင်းတော်၌သာလျှင် နေကြကုန်၏။

## ရှစ်သောင်းလေးထောင်သောသူတို့ ပြိတ္တာဘုံ၌ဖြစ်ကြခြင်း

ဘဏ္ဍာစိုးအမတ်သည် လည်းကောင်း၊ အမှုဆောင်သော စာရင်းကိုင်အမတ်သည် လည်းကောင်း နှစ်ဦးနှစ်ယောက်သော သူတို့သည် တစ်ပေါင်းတည်းဖြစ်၍ မင်းသားညီနောင် သုံးယောက်တို့၏ ကျီကြဘဏ္ဍာတို့မှ အလှည့်အလှည့်ဖြင့် အလှူဒါနဝတ်ကိုယူ၍ အလှူဒါနကို ပေးလှူကြကုန်၏။ အမှုကို ရွက်ဆောင် လုပ်ကိုင်ကုန်သော သူတို့၏ သားငယ်တို့သည် ယာဂုထမင်း စသည်တို့ အလို့ငှာ ငိုကြွေး၍ တောင်းကြကုန်၏။ အမှုကို ရွက်ဆောင် လုပ်ကိုင်သော သူတို့၏ သားငယ်တို့သည် ငိုကြွေး၍ တောင်းကုန်သည် ရှိသော် သည်းမခံနိုင်သော ကြောင့် ရဟန်းသံဃာတော်တို့ မကြွလာမီပင်လျှင် သားငယ်တို့အား ယာဂု ထမင်း စသည်တို့ကိုယူ၍ ပေးကုန်၏။ ရဟန်းသံဃာပေ သ်တို့ ဆွမ်းစားပြီးသည်၏ အဆုံး၌လည်း တစ်စုံတစ်ခုမျှ ပိုလွန်ဖူးသည် မရှိ။သို့ဖြစ်၍ နောက်အဖို့၌ ချက်ပြုတ်လုပ်ကိုင်သော သူတို့သည် သူငယ်တို့အားလည်းပေး၍ မိမိတို့လည်း စားသောက်ကြကုန်၏။ နှစ်သက်ဖွယ်ရာဖြစ်သော ဘောဇဉ်အာဟာရကို မြင်၍ သည်းခံခြင်းငှာ မစွမ်းနိုင်ကြကုန်သဖြင့် ရဟန်းသံဃာ၏ အဦးကို စားသောက်ကြကုန်သော သူတို့သည်ကား ရှစ်သောင်းလေးထောင်မျှလောက် ရှိကုန်၏။ ထိုရှစ်သောင်းလေးထောင် မျှလောက်ကုန်သော သူတို့သည် သံဃာတော်အား ပေးစွန့်လှူဒါန်းအပ်သော အလှူဝတ်ကို သုံးဆောင် စားသောက်ခြင်းကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ပြောင်းကြွ စုတိစိတ် ကျခဲ့သည်ရှိသော် ပြိတ္တာဘုံ၌ ဖြစ်ကြလေကုန်၏ဟု ဋ္ဌကထာကြီး၌ မိန့်တော်မူ၏။

ထိုမင်းသားညီနောင်သုံးယောက်တို့သည် တစ်ထောင်သော ယောကျ်ားနှင့် တကွ ထိုဘဝမှ သေလွန်ပြောင်းကြွ၍ နတ်ပြည်၌ ဖြစ်လေကုန်၏။ နတ်ပြည်မှ တစ်ဖန် စုတိပြန်သည်ရှိသော် လူ့ပြည်သို့ လာရောက် ကျင်လည်ရ၏။ ဤသို့ လူ့ပြည် နတ်ပြည် ကျင်လည်လျက်သာ ကိုးဆယ့်နှစ်ကမ္ဘာတို့ကု ကုန်လွန်စေ၍ ဤဘဒ္ဒကမ္ဘာသို့ ရောက်လာကြကုန်၏။

ချစ်သားရဟန်းတို့ သုံးယောက်ကုန်သော ထိုညီနောင်တို့သည်လည်း အမှုဟာတ္တဖိုလ်ကိုသာ ရလိုသောဆန္ဒဖြင့် တောင့်တကုန်လု့က်၊ ထိုအခါ ကောင်းမှုကိုပြုကြကုန်သည်။ ထိုညီနောင်တို့သည် မိမိတို့ တောင့်တခဲ့သည့်အတိုင်းသာလျှင် အရဟတ္တဖိုလ်ကို ရကြကုန်သည်။ ငါဘုရားသည် မှုက်နှာလိုက်စား အဂတိတရားဖြင့် အဂ္ဂသာဝကဋ္ဌာနကို ချီးကျူးပေးသနားတော်မူသည် မဟုတ်ဟု မိန့်တော်မူ၏။

## ပြိတ္တာတို့ အကြောင်း

ထိုမင်းသားညီနောင် သုံးယောက်ဘို၏ အမှုကြီးငယ်တို့ကို စီရင်ကြည့်ရှုတတ်သော စာရင်းကိုင်အမတ်သည် ယခုအခါ ဗိမ္ဗိသာရမင်းကြီး ဖြစ်လာ၏။ ဘဏ္ဍာစိုးသည် ဝိသာခါ ဒါယကာ ဖြစ်လာ၏။ ထိုမင်းသားတို့၏ အမှုကိစ္စကို ရွက်ဆောင်ပြုသုပ်ကုန်သော သူတို့သည်ကား ထိုဖုဿဘုရား ပွင့်တော်မူသော ကပ်ကမ္ဘာကာလ၌ ပြိတ္တာဘုံတို့၌ဖြစ်၍ သုဂတိဘဝ ဒုဂ္ဂတိဘဝ၏ အစွမ်းဖြင့် ကျင်လည်ခံစားလျက် ဤဘဒ္ဒကမ္ဘာ၌ ဘုရားလေးဆူတို့၏အကြား ကာလတို့ ပတ်လုံး ပြိတ္တာဘုံ၌သာ ဖြစ်လေကုန်၏။ ထိုပြိတ္တာတို့လည်း ဤဘဒ္ဒကပ်ကမ္ဘာ၌ အလုံးစုံသော ဘုရားတို့၏ ရှေးဦးပွင့်တော်မူသော အနှစ်၄-သောင်း အသက်တော် ရှည်သော ကကုသန်မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား ပြင်းပြစွာသော ငတ်မွတ်ခြင်းဖြင့် နှိပ်စက်ကုန်သော အကျွန်ုပ်တို့အား စား‌ကောင်းသောက်ဖွယ် အာဟာရ ရအံ့သော အခါကို ကြားတော်မူပါဘုရားဟု မေးလျှောက်ကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က အသင်တို့သည် ငါဘုရားလက်ထက်၌ နှစ်သက်တောင့်တအပ်သော အာဟာရကို မရတဲ့ ရှိကုန်လတ္တံ့။ ငါဘုရား၏နောက်ကာလ မဟာပထဝီမြေကြီးသည်အထက်သို့ တစ်ယူဇနာမျှလောက် မြင့်မောက်၍ တက်သည်ရှိသော် ကောဏာဂုံ မည်သော ဘုရားသည် လူတွင်ထင်ရှား ဘုရား ဖြစ်လတ္တံ့၊ ထိုဘုရားရှင်၏ ထံရပ်သို့ ချဉ်းကပ်ဝပ်တွား လျှောက်ကြား မေးမြန်းကြလေကုန်လော့ဟု မိန့်တော်မူ၏။

ထိုပြိတ္တာတို့သည် ဘုရားတစ်ဆူနှင့် ဘုရားတစ်ဆူ၏ အကြား ထိုမျှလောက်သော ကာလအပိုင်းအခြားကို ကုန်စေ၍ ကောဏာဂုံမြတ်စွာဘုရားသခင် ထင်ရှားဖြစ်တော်မူသည်ရှိသော် တစ်ဖန် မေးလျှောက်ကြပြန်၏။ ကောဏာဂုံမြတ်စွာဘုရားသခင်သည်လည်း ငါဘုရား၏ လက်ထက် အခါသမယ၌ အသင်တို့ တောင့်တအပ်သော အာဟာရကို မရကုန်လတ္တံ့၊ ငါဘုရားသခင်မှ နောက်ကာလ အခါမဟာပထဝီ မြေကြီးသည် အထက်သို့ တစ်ယူဇနာမျှလောက် မြင့်မောက် တက်ကြွသော ကာလ၌ ကဿပမည်တော်မူသောဘုရား ထင်ရှား ပွင့်တော်မူလတ္တံ့၊ ထိုကဿပဘုရားသို့ကပ်၍ အသင်တို့ အလိုရှိအပ် တောင့်တအပ်သည်ကို မေးလျှောက်ကြကုန်လော့ဟု မိန့်တော်မူ၏။

ပြိတ္တာတို့သည် ဘုရားတစ်ဆူနှင့် ဘုရား တစ်ဆူ၏အကြား ထိုမျှလောက်သော ကာလအပိုင်းအခြားကို ကုန်စေ၍ ကဿပ မြတ်စွာဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူသည်ရှိသော် ရှေးနည်းအတူ မေးလျှောက်ကြကုန်၏၊ ကဿပ မြတ်စွာဘုရားကလည်း ငါဘုရား၏လက်ထက်၌ အသင်တို့ နှစ်သက်တောင့်တအပ်သော အာဟာရကို မရပေကုန်လတ္တံ့၊ ငါဘုရားရှင် ကိုယ်တော်မြတ်၏ နောက်

မဟာပထဝီ မြေကြီးသည် အထက်သို့ တစ်ယူဇနာမျှလောက်မြင့်မောက်တက်ကြွသောအခါ ဂေါဝ္ဇမအမည်ရှိသော ဘုရားသည် ထင်ရှား ဖြစ်တော်မူလတ္တံ့၊ ထိုအခါ အသင်တို့၏ ဆွေမျိုးသည် ဗိမ္ဗိသာရအမည်ရှိသော မင်းကြီးသည် ဖြစ်လတ္တံ့၊ ထိုဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားရှင်အား အလှူဒါနကို ပေးလှူ၍ ကုသိုလ်အဖို့ကို အသင်တို့အား ရောက်စေလတ္တံ့၊ ထိုအခါ အသင်တို့အား ရပေကုန်လတ္တံ့ဟု မိန့်ဆိုတော်မူခဲ့၏။

## ပြိတ္တာတို့ဘဝမှ ကျွတ်လွတ်ခြင်း

ထိုပြိတ္တာတို့အား ဘုရာ့တစ်ဆူနှင့် ဘုရားတစ်ဆူအကြားကို နက်ဖြန်ကဲ့သို့ အောက်မေ့ မှတ်ထင်လျက် မျှော်ငဲ့ဆိုင်းတွ စောင့်စား၍ နေကြသဖြင့် ငါတို့ ဂေါတမဘုရား ထင်ရှားဖြစ်တော်မူလာ၍ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးသည် ရှေ့ဦးစွာသော နေ့၌ အလှူဒါနကို ပေးအပ်သည် ရှိသော် ကုသိုလ်အဖို့ကို မရကြလေသောကြောင့် ညဥ့်အဖို့၌ ကြောက်မက် ထိတ်လန့်ဖွယ်သော အသံကိုပြုလျက် မင်းကြီးအား မိမိတို့၏ ကိုယ်ကို ထင်ရှားပြကုန်၏။

ဗိမ္ဗိသာရမင်းကြီးသည် နက်ဖြန်မိုးသောက် ရောက်သောနေ့၌ ဝေဠုဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားရှင်အား ထိုအကြောင်းကို ကြားလျှောက်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က မြတ်သောမင်းကြီး....ပြိတ္တာတို့သည်ကား ဤကမ္ဘာမှ လွန်လေပြီးသော ကိုးဆယ့်နှစ်ကမ္ဘာထက် ဖုဿဘုရားရှင်ပွင့်တော်မူသောအခါ၌ အသင်မင်းကြီး၏ ဆွေမျိုးတို့ပေတည်း၊ ထိုသူတို့သည် ရဟန်းသံဃာအား ပေးလှူအပ်သော အလှူဝတ်ကို သုံးဆောင်စားသောက်ကြသောကြောင့် ပြိတ္တာတို့၏ ဘုံ၌ဖြစ်၍ အဖန်တလဲလဲ ကျင်လည်ကြသဖြင့် ကကုသန် အစရှိကုန်သော မြတ်စွာဘုရားတို့ကို ကပ်၍ မေးလျှောက်အပ်ကုန်သည်ရှိသော် ဤသို့ ဤသို့သော အကြောင်းအလုံးစုံကို အကုန် ပြန်ကြားတော်မူခဲ့ကြကုန်သည်ဖြစ်၍ ထိုမျှလောက်သော ကာလပတ်လုံး အသင်မင်းကြီး၏ အလှူဒါနကို တောင့်တလျက်သာ နေကုန်၏။ ယမန်နေ့ ကာလက အသင်မင်းကြီးသည် ပေးလှူသည်ရှိသော် အလှူ၏အဖို့ကို ပေးဝေခြင်းကို မပြုလေသဖြင့် မရရှိသောကြောင့် ဤကဲ့သို့ ထိတ်လန့်တုန်လှုပ်ဖွယ်ကို ပြုကြကုန်သည်ဟု မိန့်တော်မူ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အသို့နည်း၊ ယခုတဖန် ပေးလှူပြန်သည်ရှိသော် ရပါကုန်ဦးမည်လောဟု လျှောက်ကြားပြန်သော် ဒကာတော်မင်းကြီး သြော်–ရပါကုန်လတ္တံ့

ဟု မိန့်တော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းကို ပင့်ဖိတ်၍ တနေ့မိုးသောက် ရောက်သောနေ့၌ ကြီးစွာသော အလှူကြီးကို ပေးလှူ၍ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား ဤသို့ ပြုစုလှူဒါန်းအပ်သော ကောင်းမှုကြောင့် အကျွန်ုပ်၏ ဆွေမျိုးဖြစ်ခဲ့ဖူးကုန်သော ထိုပြိတ္တာတို့အား နတ်၌ဖြစ်သော ထမင်းအဖျော်သည် ပြည့်စုံပါစေသတည်းဟု ကုသိုလ်အဖို့ကို အမျှပေးဝေ၏။ ထိုသို့ ကုသိုလ်အဖို့ကို ပေးဝေသောအခါ ထိုပြိတ္တာတို့အား သာဓုအနုမောဒနာကို ပြုသည်ဖြစ်၍ ထိုခဏ၌ပင်လျှင် နတ်၌ဖြစ်သော ထမင်းအဖျော်တို့သည် အထင်အရှား ဖြစ်ကုန်၏။

နက်ဖြန်မိုးသောက် ရောက်သောနေ့၌ ပြိတ္တာတို့သည် အဝတ်မရှိ အချည်းနှီးသာ ဖြစ်၍ ကိုယ်ကို ပြကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားရှင်၏ အထံသို့ကပ်၍ ဘုန်းတော်ကြီးမြက်တော်မူလှသော မြတ်စွာဘုရား ယနေ့ အဝတ်မရှိသော အချည်းနှီး၏အဖြစ်ဖြင့် ပြပြန်ပါကုန်သည်ဟူ၍ လျှောက်ကြားပြန်သော် ထိုသို့ဖြစ်လျှင် ဒကာတော်မင်းကြီး အ... ...ိုကို လှူလေကုန်လော့ဟု မြတ်စွာဘုရား မိန့်တော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးသည် တစ်ဖန်မိုးသောက် ရောက်သောနေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းအား သင်္ကန်းအလှူကို ကြည်ဖြူရွှင်လန်း လှူဒါန်းပြီး၍ ဤကောင်းမှုကြောင့် ဆွေမျိုးတော်ပေပ်ခဲ့ဖူးကုန်သော ထိုပြိတ္တာတို့အား နတ်၌ဖြစ်သော အဝတ်တို့သည် ဖြစ်ပါစေကုန်သတည်းဟူ၍ ကုသိုလ်အဖို့ကို ပေးဝေသော ခဏ၌သာလျှင် သာဓုအနုမောဒနာ ပြုသည်ဖြစ်၍ ထိုပြိတ္တာတို့အား နတ်၌ဖြစ်သော အဝတ်တို့သည် ဖြစ်ကုန်၏။

ထိုအခါ ပြိတ္တာတို့သည် ပြိတ္တာ၏အဖြစ်ကို စွန့်လွှတ်လျက် နတ်၏အဖြစ်ဖြင့် တည်ကြကုန်၏။ မြတ်စွာဘုရားရှင်သည် အနုမောဒနာကို ပြုသည်ရှိသော် တိရောကုဋ္ဋေသု တိဋ္ဌန္တိ-အစရှိသဖြင့် ခုဒ္ဒကပါဌပါဠိတော်၌ တိရောကုဋ္ဋသုတ်ကို အနုမောဒနာပြုတော်မူ၏။ အနုမောဒနာ ဒေသနာတော်၏ အဆုံး၌ သတ္တဝါ ရှစ်သောင်းလေးထောင်တို့အား အကျွတ်တရားကို ရသည်ဖြစ်လေ၏။

## အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့၏ အတိတ်ဝတ္ထု

ထိုနောက်တစ်ဖန် များစွာကုန်သော ရဟန်းတို့က ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရားအဂ္ဂသာဝကဖြစ်တော်မူကြကုန်သော အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့သည် အဘယ်သို့သော ကုသိုလ်ကံကို စီမံပြုစုခဲ့ကြပါကုန်သနည်းဟု လျှောက်ကြားပြန်သော် ချစ်သားရဟန်းတို့ ငါ၏သားတော်အစုံ

ဖြစ်သော သာရိပုတ္တာ၊ မောဂ္ဂလာန်တို့သည်ကား အဂ္ဂသာဝက ဖြစ်ပါစိမ့် သောငှါ ဆုတောင်းပြုကြကုန်၏။ ချစ်သားရဟန်းတို့ ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်သင်္ချေ၏ အထက်၌ သာရိပုတ္တာသည် ဗြာဟ္မဏ မဟာသာလဟု ဆိုအပ်သော ပုဏ္ဏားသူကြွယ်၏ အမျိုး၌ဖြစ်၍ အမည်အားဖြင့် သရဒလုလင်ဟု အမည်ရှိ၏။ မောဂ္ဂလာန်သည် ပစ္စည်းဥစ္စာရတနာတို့ဖြင့် ကြွယ်ဝသော သူကြွယ်၏အမျိုး၌ဖြစ်၍ အမည်အား ဖြင့် သိရိဝဍ္ဎနသူကြွယ်ဟု အမည်ရှိ၏။ ထိုနှစ်ဦးသော သူတို့သည် အတူတကွ မြေမှုန့်ကစားဖက်ဖြစ်၍ အပေါင်းအဖော်တို့သည် ဖြစ်ကြကုန်၏။

ထိုနှစ်ယောက်တို့တွင် သရဒလုလင်သည် ဘခင်သေလွန်သဖြင့် အမျိုးတို့၏ ဥစ္စာဖြစ်သော များစွာသော ပစ္စည်းဥစ္စာကို သိမ်းဆည်းရ၍ တစ်နေ့သ၌ ဆိပ်ငြိမ်ရာသို့ ကပ်လျက် ကြံဆင်ခြင်သည်မှာ ငါသည် ဤပစ္စုပ္ပန်လောက၏ အကျိုးစီးပွားများကိုသာ မြင်ခြင်း ကြားခြင်း တွေးတော ရှုံရှာခြင်းတို့ဖြင့် ကြားသိ တွေ့မြင်ရလေသည်။ နောင်ဘဝ၏ အကျိုးစီးပွားကိုကား ထင်ရှား တစိ မသိမထင် မမြင်နိုင်အောင်ရှိချေသည်။ အမိဝမ်း၌ ပဋိသန္ဓေ တည်နေ ပြီးသောအခါ ဖွားမြင်လာသော များစွာသော သတ္တဝါတို့အား သေလွန် ပြောင်းကြွခြင်းဟု ဆိုအပ်သော မရဏသည် မုချကေန် အမှန်မလွဲ အမြဲစင်စစ် ဖြစ်လေသည်။ ငါသည် ရဟန်းအဖြစ်ကိုပြု၍ ထွက်မြောက်ရာစင်စစ် အမှန် ဖြစ်သဖြင့် အနှစ်သာရ ဓမ္မနက်ဌာန်ကို ရှာကြံခြင်းငှါ အပ်ပေ၏ဟု မြတ်လှသော နှလုံးထားဖြင့် စဉ်းစားဆင်ခြင်တော်မူ၍ ထိုသရဒ လုလင်သည် အဖော်ဖြစ် သော သိရိဝဍ္ဎနသူကြွယ်၏ အထံအရပ်သို့ ချဉ်းကပ်ပြီးလျှင် အဆွေသိရိဝဍ္ဎန ငါသည် ရဟန်း ပြုပြီးသောအခါ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ကောင်းမြတ်သော တရားကို ရှာကြံဆည်းပူးတော့အံ့၊ အသင်သည် ငါနှင့်အတူ တကွ ရဟန်းပြုခြင်းငှါ စွမ်းနိုင်လတ္တံ့လော၊ မစွမ်းနိုင်လတ္တံ့လောဟု မေး၏။ သိရိဝဍ္ဎနသူကြွယ်က အဆွေသရဒ ငါသည် ရဟန်းပြုခြင်းငှါ မစွမ်းနိုင်၊ အသင် သည်သာလျှင် ရဟန်းပြုလေလော့ဟု ပြောဆို၏။

ထိုအခါ သရဒလုလင်သည် ကြံဆင်ခြင်သည်မှာ နောင်ဘဝသို့ ပြေးသွား ကူးလည်ရသော သူသည် အဖော်ကိုလည်းကောင်း၊ ဆွေမျိုး အဆွေခင်ပွန်းကို လည်းကောင်း ယူ၍ သွားသောမည်သည် မရှိ၊ မိမိသည် ပြုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံသည်သာ မိမိ၏နောက်သို့ အစဉ်တစိုက် လိုက်သည်ဖြစ်၍ မိမိအား ချီးမြှင့်ထောက်ပင့်ခြင်း နှိပ်စက်ဖိစီးခြင်း ဖြစ်လေသည်ဟုကြံ၍ တစ်ဖန်နောင်ခါ ရတနာတို့ဖြင့်ပြည့်သော ကျီကြဘဏ္ဍာတိုက်တို့ကို ဖွင့်လှစ်စေပြီးသောအခါ အထီးကျန်သောသူ ခရီးသွားသည့်သည်ချီးမွမ်း၍ တောင်းသောသူအပေါင်း

ဖုန်းတောင်းယာစကာတို့အား ကြီးကျယ်စွာသောအလှူကို ပေးလှူစွန့်ကြဲခဲ့ရှိ ဟိမဝန္တာတောရပ် တောင်ခြေသို့ ကပ်ဝင်ပြီးလျှင် ရသေ့ ရဟန်းအဖြစ်ကို ပြု၏။

ထိုသရဒ လုလင်၏နောက်သို့လိုက်၍ တစ်ယောက် နှစ်ယောက် သုံးယောက် စသည်ဖြင့် အစဉ်အတိုင်းပွားစီး၍ ရသေ့ ရဟန်းပြုကြသဖြင့် ရသေ့ ခုနစ်သောင်း လေးထောင်မျှတို့သည် ဖြစ်ကြကုန်၏၊ သရဒရသေ့သည် အဘိညာဉ် ငါးပါး တို့ကိုလည်းကောင်း၊ သမာပတ်ရှစ်ပါးတို့ကိုလည်းကောင်း ဖြစ်စေ၍ ကြွင်းစေ သော ရသေ့တို့အား ကသိုဏ်းပရိကံကို ကြားပေ၏၊ အလုံးစုံကုန်သော ထိုရသေ့ တို့သည်လည်း အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ဖြစ်ကြစေကုန်၏။

## အနောမဒဿီ မြတ်စွာဘုရားရှင် သရဒရသေ့ထံသို့ ကြွတော်မူခြင်း

ထိုအခါ၌ အနောမဒဿီ မည်တော်မူသော မြတ်စွာဘုရားသည် ပွင့်တော် မူ၏၊ ထိုအနောမဒဿီ မြတ်စွာဘုရား၏ မြို့တော်သည်ကား စန္ဒဝတီအမည်ရှိ၏၊ ခမည်းတော်သည်ကား ယသဝါ အမည်ရှိသော မင်းကြီးတည်း၊ မယ်တော်သည် ယသောဓရာမည်သော မိဖုရားတည်း၊ သစ္စာလေးပါး တရားထင်ထင် သိမြင် သဖြင့် ပွင့်တော်မူရာဖြစ်သော ဗောဓိပင်သည် ဇောက်ကြံပင်တည်း၊ အနောမ- ဒဿီ မြတ်စွာဘုရားအား နိသဘမည်သော မထေရ်လည်းကောင်း၊ အနောမ မည်သော မထေရ်သည်လည်းကောင်း နှစ်ပါးသော မထေရ်တို့သည် အဂ္ဂသာဝက ဖြစ်ကြကုန်၏။ အမြဲစောင့်ရှောက် ကြည့်ရှု ပြုစုသော အလုပ်အကျွေးသည် ဝရုဏမည်၏၊ သုန္ဒရာလည်းကောင်း၊ သုမနာလည်းကောင်း နှစ်ပါးကုန်သော အဂ္ဂသာဝိကာမတို့သည် ဖြစ်ကြကုန်၏၊ အသက်တော်သည် အနှစ်တစ်သိန်း တည်တော်မူ၏၊ ကိုယ်တော်၏ အရပ်တော်အမြင့်သည် ငါးဆယ့်ရှစ်တောင် ပမာဏရှိ၏၊ ကိုယ်တော်မြက်၏ ကိုယ်ရောင်တော်သည် တစ်ဆယ့်နှစ်ယူဇနာ ပမာဏရှိသော အရပ်သို့ပြန့်နှံ့၏၊ တပည့်ရဟန်း တစ်သိန်းခြံရံ အပ်သည်ဖြစ်၏။ ထိုအနောမဒဿီ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် တစ်နေ့မိုးသောက် ရောက်လေသည့်အခါ မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ လောကကို ကြည့်ရှု ဆင်ခြင်တော်မူသည်ရှိသော် သရဒရသေ့ကို မြင်တော်မူ၍ "ယနေ့အခါ ငါဘုရား၏ သရဒရသေ့အထံသို့ ကြွသွားတော်မူခြင်းတည်းဟူသော အကြောင်း ကြောင့် ကြီးစွာသော တရားပွဲသဘင်သည် ဖြစ်လတ္တံ့၊ ထိုသရဒရသေ့သည် လည်း အဂ္ဂသာဝကဌာနန္တရကို တောင့်တခြင်းဖြစ်လတ္တံ့၊ သရဒရသေ့၏ အဖော် အဆွေခင်ပွန်းဖြစ်သော သီရိဝဍ္ဍနသူကြွယ်သည်လည်း ဒုတိယအဂ္ဂသာဝက ဌာနန္တရကို တောင့်တခြင်းဖြစ်လတ္တံ့၊ ဒေသနာတော်၏အဆုံး၌လည်း ထိုသရဒ ရသေ့၏ အခြံအရံအတွင်းနေ တပည့်ဖြစ်ကုန်သော ခုနစ်သောင်းလေးထောင်

မျှလောက်ကုန်သော ရသေ့တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်လတ္တံ့”ဟု မြင်တော်မူ၍ ငါဘုရားသည် ထိုအရပ်သို့ ကြွသွားခြင်းငှါ အပ်၏ဟု ကြံဆင်ခြင်တော်မူပြီးသော် ကိုယ်တော်မြတ်၏ သင်္ကန်းကိုယူ၍ တစ်စုံတစ်ယောက်သော သူကိုမျှ နောက်လိုက်အဖော် ခေါ်တော်မမူဘဲ ဟိမဝန္တာ မဟာဂနိုင် ဖလ်လိဏ်၏အတွင်း ပျော်ခင်းရွှေ့ ရွှေ နေလေ့ရှိသော ခြင်္သေ့မင်းကဲ့သို့ ကိုယ်တော်မြတ် တစ်ပါးတည်းသာ ကြွသွားတော်မူခြင်းရှိသည်ဖြစ်၍ သရဒရသေ့၏ အတွင်းနေ တပည့်တို့သည် သစ်သီးကြီးငယ် အသွယ်သွယ်တို့ကို ချီသယ်ဆောင်ယူခြင်းငှါ တောထဲသို့ သွားကြကုန်သည်ရှိသော် ငါ၏ဘုရားအဖြစ်ကို သိစေသတည်းဟု ဓိဋ္ဌာန်တော်မူ၍ သရဒရသေ့ မြင်စဉ်ပင်လျှင် ကောင်းကင်မှ သက်၍ မြေကြီး၌ တည်တော်မူ၏။

သရဒရသေ့သည် မြတ်စွာဘုရားရှင်၏ အာနုဘော်ကို လည်းကောင်း၊ ကိုယ်တော်၏ အဆင်းသဏ္ဌာန်တော်ကို လည်းကောင်း မြင်၍ လက္ခဏာအရာကောင်းစွာထင်ထင် သိမြင်စေတတ်သော ဗေဒင်မန္တာန်ကို ပြန်လှန်အောက်မေ့၍ “ဤသို့သော လက္ခဏာတို့နှင့် ပြည့်စုံသောသူ မည်သည်ကား အိမ်ရာဖွဲ့ထောင်သော လူ့ဘောင်၏ အလယ်၌ နေသည်ရှိသော် လေးကျွန်းလုံးကို အုပ်ဖုံး၍ အစိုးရသော စကြဝတေးမင်း ဖြစ်ရာ၏။ အိမ်ရာဖွဲ့နှောင်သောလူ့ဘောင်ကို စွန့်ခွါလျက် ရဟန်းပြုရသည်ရှိသော် အလုံးစုံသော ဝဋ်တရားတို့ကို ပယ်ရှား ဖြတ်ငြိမ်းလျက် ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်သောအားဖြင့် သဗ္ဗညုဘုရား ဖြစ်ပေရာ၏။ ဤယောကျ်ားသည်ကား ယုံမှားကင်းသောအားဖြင့် ဘုရားစင်စစ် ဖြစ်ပေသည်”ဟု သိ၍ ခရီးဦးကြိုဆိုခြင်းကို ပြုပြီးသော် ထိုခြင်းငါးပါး ရှိခိုးခြင်းဖြင့် ရှိသေမြတ်နိုး ရှိခိုးပြီး၍ နေရာကို ခင်း၍ပေး၏။ မြတ်စွာဘုရားသည်လည်း ခင်းထားအပ်သောနေရာ၌ ထိုင်နေသီတင်းသုံးတော်မူ၏။ သရဒရသေ့သည်လည်း မိမိအား လျောက်ပတ်သော နေရာကိုယူ၍ တင့်အပ်လျောက်ပတ်သော နေရာ၌ နေ၏။

ထိုသို့နေစဉ် အခါ၌ ရသေ့ခုနစ်သောင်းလေးထောင်မျှတို့သည် ချိုမြိန်မွန်မြတ်သော အရသာဩဇာရှိကုန်သော သစ်သီးကြီးငယ်တို့ကို တောထဲမှ ဆောင်ယူခဲ့ကြ၍ ဆရာ၏အထံသို့ ရောက်လာကုန်သည်ရှိသော် မြတ်စွာဘုရားရှင်တို့၏ လည်းကောင်း၊ မိမိတို့ ဆရာ၏လည်းကောင်း ထိုင်နေကြသော နေရာကို ကြည့်ရှု၍ အရှင်ဆရာ ငါတို့သည် ဤလောက၌ ဆရာတို့ထက် မြင့်မြတ်သောသူသည် တစ်စုံတစ်ယောက်မျှ မရှိဟု အောက်မေ့ မှတ်ထင် ဆင်ခြင်နှလုံးသွင်းမိပါသည်။ ဤယောကျ်ားသည်ကား အသင်ဆရာတို့ထက် မြင့်မြတ်လေယောင်တကားဟု ပြောဆိုကုန်၏။ ထိုအခါ သရဒရသေ့က အမောင်တို့ အမောင်

သည် အဘယ်သို့သော စကားကို ပြောဆိုကုန်ဘိသနည်း။ အလန်သေးငယ်သော မုန်ညင်းစေ့ဖြင့် ယှဉ်နာ ခေါက်သန်း ရှစ်သိန်း အစောက် မြင့်မောက်သော ထုထည်ရှိသော မြင်းမိုရ်တောင်မင်းကို အဘယ့်ကြောင့် အတတကွ နှိုင်းရှည့်ခြင်းငှါ အလိုရှိကြကုန်ဘိသနည်း။ ချစ်သားတိ သဗ္ဗညုဘုရားနှင့် ငါဆရာအား နှိုင်းရှည့်စွာနာ ဥပမာကို အသင်တို့သည် မပြုကြပါကုန်လင့်ဟု တားမြစ်၏။

ထိုအခါ များစွာသော တပည်ရဟန်းတို့သည် "ဤပုဂ္ဂိုလ်သည် ထိုထိုသို့သော သုထက် အကယ်၍ မမြတ်သည့်ဖြစ်ခဲ့အံ့။ ငါတို့၏ ဆရာသည် ဤသို့သော ဥပမာကို တင်ပြမည် မဟုတ်ချေ။ အထွေထွေသတ္တဝါ များစွာကုန်သော ပုဂ္ဂိုလ်တို့တွင် ဤယောကျ်ားသည် ယောကျ်ားမြတ်စစ် အမှန်ဖြစ်သောကြောင့် ငါတို့ဆရာသည် ကြီးကျယ်စွာသော ဂုဏ်ပုဒ်ကို ပြထုတ် ညွှန်ကြားလေဘိသည်။ ဤယောကျ်ားသည် ယောကျ်ားမြတ်စစ် ဖြစ်တော်မူပါပေသည်ဟု အလုံးစုံသော ရဟန်းတို့သည် မြတ်စွာဘုရား ခြေတော်ရင်း၌ ဝပ်စင်းညွတ်နူး ဦးဖြင့် ရှိခိုး ကြကုန်၏။

ထိုအခါ ဆရာဖြစ်သော သရဒရသေ့က အမောင်တို့ ငါတို့အား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တို့အား သင့်တင့် လျောက်ပတ်သော လှူဖွယ်ဝတ္ထုသည် တစ်စုံတစ်ခုမျှ မရှိချေ။ မြတ်စွာဘုရားရှင်သည်လည်း ဆွမ်းခံချိန်အခါ၌ ဤအရပ်ငှာနသို့ ကြွလာတော်မူချေသည်။ ငါတို့သည် အစွမ်းသတ္တိရှိသည့် အလျောက် လှူဖွယ်ဝတ္ထု အစစု ရှိသမျှကို လှူဒါန်းကြကုန်အံ့။ အသင်တို့သည် ရှာဖွေခဲ့သော သစ်သီးကြီးငယ်တို့မှ အကြင် အကြင်သို့သော သစ်သီးသည် ကောင်းမြတ် ချိုမြိန်သော အရသာရှိ၏။ ထိုထိုသို့သော သစ်သီးကို ဆောင်ယူခဲ့ကုန်လောဟု စေခိုင်း၍ သစ်သီးကြီးငယ်တို့ကို ဆောင်ယူစေပြီးလျှင် မိမိကိုယ်တိုင် လက်တို့ကို ဆေးကြော သုတ်သင်၍ ဘုရားရှင်၏ သပိတ်၌ ထည့်လှူပေ၏။ မြတ်စွာဘုရားရှင်သည် သစ်သီးကြီးငယ်ကို အလှူခံကာမျှ၌ နတ်တို့သည် နတ်သြဇာကို ထည့်ကြကုန်၏ဟု ငင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

## ရဟန္တာတစ်သိန်း ကြွလာခြင်း

သရဒရသေ့သည် သောက်တော်ရေ သုံးဆောင်တော်ရေကိုလည်း မိမိကိုယ်တိုင်သာလျှင် ငင်ကြယ်သန့်ရှင်း ကောင်းမွန်စွာစစ်၍ ပေး၏။ ထို့နောက် မြတ်စွာဘုရားရှင်သည် ဆွမ်းစားခြင်းကိစ္စ ပြီးသည်ဖြစ်၍ ထိုင်နေသီတင်းသုံးတော်မူသည်ရှိသော် သရဒရသေ့သည် အလုံးစုံသော အတွင်းနေ တပည့်ရသေ့တို့ကို ခေါ်စေ၍ မြတ်စွာဘုရားရှင်၏ အထံ၌ အသက်ထက်ဆုံး နှလုံးသွင်းအပ်အောက်မေ့အပ်သောစကားကို ပြောကြားလျက် ရှိသေစွာထိုင်နေ၏။ မြတ်စွာဘုရားရှင်သည်လည်း "ရဟန်းသံဃာအပေါင်းနှင့်တကွ အဂ္ဂသာဝကနှစ်ပါး

တို့သည် လာရောက်စေကုန်သတည်း''ဟု ကြံတော်မူ၏။ အဂ္ဂသာဝကနှစ်ပါးတို့သည်လည်း မြတ်စွာဘုရား၏ စိတ်အကြံတော်ကိုသိ၍ ဟေမဝန္တာ တစ်သိန်းတို့ဖြင့် ခြံရံကုန်လျက် လာပြီးသောအခါ မြတ်စွာဘုရားကို ကြည်လင်မြတ်နိုး ရှိခိုးညွတ်ပျပ်လျက် တင့်အပ် လျောက်ပတ်သော အရပ်၌ နေကြကုန်၏။ ထိုနောက်မှ သရဒရသေ့သည် တပည့်တို့ကိုခေါ်ပြီးလျှင် အမောင်တို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏ ထိုင်နေသီတင်းသုံးတော်မူရာဖြစ်သော နေရာသည်လည်း နိမ့်ခဲ့လေဘိသည်။ ရဟန်းတစ်သိန်းတို့၏လည်း ထိုင်နေသီတင်းသုံးရာမရှိ။ သို့ဖြစ်၍ ယခုလျှင်မြန် အသင်တို့သည် မြတ်စွာဘုရားကို ပူဇော်သက္ကာရအထူးကိုပြုခြင်းငှါ အပ်လှတော့သည်။ အမောင်တို့သည် တော၏အတွင်းတောင်ခြေရင်းမှ အဆင်းအနံ့တို့နှင့် ပြည့်စုံကုန်သော ပန်းအပေါင်းတို့ကို ဆောင်ခဲ့ကြကုန်လော့ဟု ဆို၏။

သရဒရသေ့သည် ထိုအခါ၌ကား ကြာမြင့်ဟိုသကဲ့သို့ ရှိသေး၏။ တန်ခိုးနှင့်ပြည့်စုံသောသူ၏ တန်ခိုးအရာသည် မကြံစည်နိုင်သောအဘော ရှိသောကြောင့် တခဏခြင်းဖြင့်သာလျှင် ထိုရသေ့တို့သည် အဆင်းအနံ့တို့နှင့် ပြည့်စုံကုန်သော ပန်းတို့ကို ဆောင်ယူခဲ့ကုန်သည်ဖြစ်၍ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အား တစ်ယူဇနာမျှလောက်သော ပန်းနေရာကို ခင်းလျှုကုန်၏။ အဂ္ဂသာဝကနှစ်ပါးတို့အား သုံးဂါဝုတ်ပမာဏရှိသော ပန်းနေရာကို ခင်းလျှုကုန်၏။ ကြွင်းကုန်သော ရဟန်းတို့အား ယူဇနာဝက်မှစ၍ အစဉ်အတိုင်း ပန်းနေရာကို ခင်းလျှုသဖြင့် သီတင်းငယ် ရဟန်း၏ ပန်းနေရာအခင်းသည် တစ်ဥသဘမျှ ပမာဏရှိသည် ဖြစ်လေ၏။

[ဤနေရာဌာန၌ တစ်ခုသော ကျောင်းသခ်မ်းဝယ် ဤမျှလောက် မြင့်မောက်ကြီးကျယ်သော ပန်းနေရာတို့ကို ခင်းနိုင်ကုန်ပါသလောဟု ဤကဲ့သို့မတွေးတောမကြံစည်အပ်။ အဘယ်ကြောင့်နည်းဟူမူကား အဘိညာဉ် သမာပတ်တို့ကို ရပြီးပုဂ္ဂိုလ်ချည်းသာဖြစ်ကြ၍ တန်ခိုးအရာ ဖြစ်သောကြောင့်ပေတည်းဟု ရှင်းအဋ္ဌကထာ၌ မိန့်တော်မူ၏—

အနောမဒဿီ မြတ်စွာဘုရားသည် ပန်းနေရာထက်၌
၇-ရက် သီတင်းသုံးတော်မူခြင်း

ဤသို့ အလွန်ကောင်းမြတ်ထူးဆန်းသော ပန်းနေရာတို့ကို ခင်းပြီးသောအခါ သရဒရသေ့သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ရှေ့တော်မှ လက်အုပ်ချီမိုး ရှိခိုး၍ရပ်တန့်ပြီးသော် ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှ

သော မြတ်စွာဘုရား....ဘုရားတပည့်တော်အား ရှည်မြင့်စွာသော နေ့ညဉ့် ပတ်လုံး အကျိုးစီးပွား များစေခြင်းငှါ ချမ်းသာသုံးရပ်သို့ ရောက်ခြင်းငှါ သနားငဲ့ညှာတော်မူပါသဖြင့် မြတ်စွာဘုရားရှင်သည် ဤပန်းနေရာထက်သို့ တက်ကြွ၍ သီတင်းသုံးတော်မူပါဘုရားဟု လျှောက်ကြားတောင်းပန်၏။

ထို့ကြောင့် ပါဠိတော်တို့၌ ဤဂါထာတို့ကို ဟောတော်မူခဲ့ကုန်၏—

နာနာပုပ္ဖဉ္စ ဂန္ဓဉ္စ၊ သမ္ပာဒေတွာန ဧကတော။
ပုပ္ဖါသနံ ပညာပေတွာ၊ ဣဒံ ဝစန မဗြဝိ။
ဣဒံ မေ အာသနံ ဝီရ၊ ပညတ္တံ တဝ နုစ္ဆဝိံ။
မမ စိတ္တံ ပသာဒေန္တော၊ နိသီဒ ပုပ္ဖမာသနေ။

ရဟန်းတို့ သရဒရသေ့သည် အထူးထူးသော ပန်းတို့ကိုလည်းကောင်း၊ နံ့သာကိုလည်းကောင်း တစ်ပြိုင်နက် ပြည့်စုံစေ၍ ပန်းနေရာကို ခင်းစေ၍ ဤစကားကို လျှောက်ကြား၏။

ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား ရှင်ပင်ဘုရားအား လျှောက်ပတ်သော ဤပန်းနေရာကို တပည့်တော် သရဒရသေ့သည်ကောင်းစွာ ခင်းထားအပ်ပါပြီ၊ တပည့်တော်၏စိတ်ကို ကြည်ရွှင်စေလျက် ပန်းနေရာထက်၌ ထိုင်နေတော်မူပါလော့။

ယင်းသို့ သရဒရသေ့သည် လျှောက်ထားသော် အနောမဒဿီ မြတ်စွာ ဘုရားရှင်သည် ဤဂါထာကို မိန့်ဆိုတော်မူ၏—

ထို့ကြောင့်—ပါဠိတော်၌—

သတ္တရတ္တိန္ဒိဝံ ဗုဒ္ဓေါ၊ နိသီဒိ ပုပ္ဖမာသနေ။
မမ စိတ္တံ ပသာဒေတွာ၊ ဟာသယိတွာ သဒေဝကေ။

မြတ်စွာဘုရားသည် ငါသရဒရသေ့၏ စိတ်ကို ကြည်ညိုခြင်းကိုဖြစ်စေ၍ နတ် ဗြဟ္မာ လူ သုံးဘုံသူတို့ကို ရွှင်လန်းနှစ်သက်ခြင်းကို ဖြစ်စေလျက် ခုနစ်နေ့ ခုနစ်ညဉ့်ပတ်လုံး ယူဇနာလောက် မြင့်မောကဲဝေဆာ ပန်းနေရာ၌ မျှင်ရှင် တင့်တယ် စံပယ်သီတင်းသုံးတော်မူ၏။

## သရဒရသေ့သည် ပန်းထီးဖြင့် ဆောင်းမိုးပူဇော်ခြင်း

ဤသို့ မြတ်စွာဘုရားရှင်သည် ပန်းနေရာထက်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံး စံနေတော်မူသည်ရှိသော် အဂ္ဂသာဝက နှစ်ပါးတို့သည်လည်းကောင်း၊ ကြွင်းကုန် သော ရဟန်းတို့သည်လည်းကောင်း၊ မိမိ၏ အဖို့ငှါ ခင်းထားသော နေရာ၌

ထိုင်နေ သီတင်းသုံးတော်မူကြကုန်၏။ သရဒရသေ့သည် ကြီးစွာသော ပန်းထီးကိုကိုင်၍ မြတ်စွာဘုရားရှင်၏ အထက်၌ ဗိတာန်ကြက်ဘိသကဲ့သို့ ဆောင်းလျက် ရပ်နေ၏။

မြတ်စွာဘုရားရှင်သည် "ရသေ့တို့၏ ပူဇော်သက္ကာရသည် ကြီးကျယ်သော အကျိုးအာနိသံသ ရှိသည်ဖြစ်ပါစေသတည်း"ဟု ကြံဆင်ခြင်တော်မူ၍ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။ မြတ်စွာဘုရား သမာပတ်ဝင်စားသော အဖြစ်ကိုသိ၍ အဂ္ဂသာဝကနှစ်ပါးတို့သည် လည်းကောင်း၊ ကြွင်းသောရဟန်းတို့သည် လည်းကောင်း နိရောဓသမာပတ်ကို ဝင်စားကုန်၏။ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စား၍ နေတော်မူသည်ရှိသော် သရဒရသေ့၏ အတွင်းနေ တပည့်ဖြစ်သော ရသေ့တို့သည် ဆွမ်းမှာခံချိန် အခါသို့ ကျရောက်သည်ရှိသော် တောဖြစ်သော သစ်သီးကြီးငယ်ကို ရှာကြံ သုံးဆောင်၍ ကြွင်းသောအခါ၌ ဘုရားရှင်တို့အား လက်အုပ်ချီမိုး ရှိခိုးလျက် တည်ကြကုန်၏။ သရဒရသေ့သည်ကား ဆွမ်းရှာခံချိန် အခါကာလမျှကိုသော် လည်း မသွားမူ၍ ပန်းထီးကို ဆောင်းမိုးလျက်သာလျှင် ခုနစ်ရက်ပတ်လုံး ပီတိတည်းဟူသော ချမ်းသာဖြင့် လွန်မစ၏။

## ရသေ့ခုနစ်သောင်းလေးထောင် ရဟန္တာဖြစ်ခြင်း

မြတ်စွာဘုရားရှင်သည်လည်း ခုနစ်ရက်မြောက်ကျ နိရောဓသမာပတ်မှ ထတော်မူသည်ရှိသော် လက်ယာနံပါး၌ ထိုင်နေ သီတင်းသုံးတော်မူသော အဂ္ဂသာဝက နိသဘမထေရ်ကို ခေါ်တော်မူပြီး၍ "ချစ်သားနိသဘ ပူဇော်သက္ကာရကို ပြုကြကုန်သော ရသေ့တို့အား ပန်းနေရာကို ခင်း၍ လှူဒါန်းပူဇော်ရခြင်း၏ အနုမောဒနာတရားကို ဟောကြားခြင်း ပြုလေလော့"ဟု မိန့်ဆိုတိုက်တွန်းတော်မူသောအခါ နိသဘမထေရ်သည်လည်း လေးကျွန်းသေဋ္ဌနင်းစကြာမင်း၏ အထံမှ ရအပ်သော စည်းစိမ်ချမ်းသာ ဌာနန္တရအထူးရှိသော စစ်သူကြီးကဲ့သို့ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ သာဝကပါရမီဉာဏ်၌ တည်လျက် ပန်းအခင်းနေရာ၏ အနုမောဒနာကို အားထုတ်တော်မူ၏၊ ထိုနိသဘမထေရ်၏ တရားဟောပြီးသောအဆုံး၌ ဒုတိယအဂ္ဂသာဝက အနောမထေရ်ကို ခေါ်တော်မူ၍ "ချစ်သား အနောမ သင်သည်လည်း ရသေ့တို့အား တရားကို ဟောလေလော့"ဟု မိန့်ဆိုတော်မူ၏။ အနောမမထေရ်သည်လည်း ပိဋကတ်သုံးပုံတည်းဟူသော မြတ်စွာဘုရား စကားတော်ကို သုံးသပ်မူ၍ တရားတော်ကို ဟောကြားတော်မူ၏။ အဂ္ဂသာဝကနှစ်ပါးတို့၏ တရားဟောခြင်း၌ ပုဂ္ဂိုလ်တစ်ယောက်မျှလည်း အကျွတ်တရားကိုမရ။

ထိုအခါ မြတ်စွာဘုရားရှင်သည် အတိုင်းအရှည် မရှိသော ဘုရားတို့၏အရာ၌ တည်လျက် တရားဟောခြင်းကို အားထုတ်တော်မူ၏။ ဒေသနာတော်၏ အဆုံး၌ သူရဒရသေ့ကို ထား၍ အလုံးစုံကုန်သော ရသေ့ ခုနစ်သောင်းလေးထောင် တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထေ ဘိက္ခုဝေါ အစရှိသော စကားတို့ဖြင့် လက်တော်ကို ဆန့်တန်းလျက် ဟေ ဘိက္ခု ခေါ်တော်မူသည်ရှိသော် ထိုရသေ့တို့အား ထိုခဏ၌သာလျှင် ဆံမုတ်ဆိတ် တို့သည် ကွယ်ပျောက်လျက် ပရိက္ခရာရှစ်ပါးတို့သည် ကိုယ်၌ စွပ်ကုန်သည်ဖြစ်၍ ဝါခြောက်ဆယ်ရသော မထေရ်မြတ်ကဲ့သို့ တစ်ခါတည်း အထမြောက်၍ ရဟန်းသာ ဖြစ်ကြလေကုန်၏။

## သရဒရသေ့၏ ဆုတောင်း

သရဒရသေ့သည် အဘယ်ကြောင့် အရဟတ္တဖိုလ်သို့ မရောက်လေသနည်း ဟူမူကား ပျံ့လွင့်သော စိတ်ရှိသောကြောင့် မရလေသည်။ ထိုသရဒရသေ့သည် မြတ်စွာဘုရားရှင်တို့၏ နှစ်ခုမြောက်သော နေရာ၌နေလျက် သာဝကပါရမီ ဉာဏ်၌ တည်ပြီးသော် တရားတော်ကို ဟောကြားသော အဂ္ဂသာဝက နိသဘ မထေရ်၏ ဟောအပ်သောတရားတော်ကို နာယူအံ့ဟု အားထုတ်သောအခါမှ စ၍ "ငါသည်လည်း နောင်ပွင့်လတ္တံ့သော မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်၏ သာသနာတော်၌ ဤအရှင်သည် သာဝကပါရမီဉာဏ်ဖြင့် ရအပ်သော ခုရကို ရရှိပါမူကား ကောင်းလေစွ တကား"ဟု စိတ်ကို ဖြစ်စေ၏။ ထိုသရဒ ရသေ့သည် ထိုကဲ့သို့သော စိတ်၏အကြံ အဆင်ခြင်ဖြင့် မြတ်သော အရဟတ္တ ဖိုလ်ကို ထိုးထွင်း၍ သိမြင်ခြင်းငှါ မစွမ်းနိုင်လေသတည်း။

ထိုအခါ သရဒရသေ့သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရှိသေ မြတ်နိုး ရှိခိုးပြီး၍ မြတ်စွာဘုရား၏ ရှေ့တော်၌ တည်နေပြီးသော် ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား အရှင်ဘုရားတို့၏ အခြားမဲ့ဖြစ်သော နေရာ၌ ထိုင်နေသီတင်းသုံးသော ရဟန်းသည် အရှင်ဘုရားတို့၏ သာသနာ၌ အဘယ်အမည်ရှိသည် ဖြစ်ပါသနည်းဟု မေးလျှောက်၏။ သရဒရသေ့ ဤသူ သည်ကား ငါဘုရားသည် တရားဓမ္မစက်ကို မိန့်မြွက်ဟောဖော် လည်စေတော် မူသည်ရှိသော် သာဝကပါရမီဉာဏ်၏ ဒွတ်အထိပ်သို့ရောက်သော တစ်ဆယ့် ခြောက်ပါးကုန်သော ပညာအခြင်း ထိုးထွင်း၍ သိသည်ဖြစ်၍ တည်သော ငါဘုရားသာသနာတော်၌ အဂ္ဂသာဝက နိသဘမထေရ် မည်ပေသတည်းဟု မိန့်တော်မူ၏။

ထိုအခါမှ သရဒရသေ့က ဘုန်းတော်ကြီးမြတ်တော် မူလှပေသော မြတ်စွာဘုရား အကျွန်ုပ်သည် ခုနစ်ရက်ပတ်လုံး ပန်းထီးကို ဆောင်းမိုးသဖြင့် ဘုရားရှင်ကို ကြည်လင်ကော်ရော် ပူဇော်ပါသည်။ ထိုသို့ ရှိသေညွတ်နူး အထူးသဖြင့် ပူဇော်အပ်သော ကောင်းမှု၏အကျိုးဖြင့် အကျွန်ုပ်သည် တစ်ပါးသောနတ်တို့ကို အစိုးရသော သိကြားမင်း၏ အဖြစ်ကို လည်းကောင်း၊ ဗြဟ္မာမင်း၏ အဖြစ်ကို လည်းကောင်း အလိုဆန္ဒ မတောင့်တပါ။ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌ အကျွန်ုပ်သည် ဤနိသဘမထေရ်ကဲ့သို့ တစ်ဆူသော ဘုရားရှင်၏ အဂ္ဂသာဝက ဖြစ်ရပါလို၏ဟု ဆုတောင်းခြင်းကို ပြု၏။

မြတ်စွာဘုရားရှင်သည် ဤယောကျ်ား၏ ဆုတောင်းသည် ပြည့်စုံလတ္တံ့လေလောဟု အနာဂတံသ ဉာဏ်တော်ကို စေလွှတ်၍ ကြည့်ရှုတော်မူသည်ရှိသော် ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်သင်္ချေကိုလွန်၍ ပြည့်စုံလတ္တံ့သည့် အဖြစ်ကို မြင်တော်မူ၏။ ယင်းသို့ မြင်တော်မူသော် သရဒရသေ့ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က "အချင်းသရဒ အသင်ပြုအပ်သော ဆုတောင်းသည် အချည်းနှီး မဖြစ်လတ္တံ့။ နောင်အခါ ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်သင်္ချေကို လွန်မြောက်၍ ဂေါတမ မည်သော ဘုရားသည် ပွင့်တော်မူလတ္တံ့။ ထိုဂေါတမ ဘုရား၏ မယ်တော်သည်ကား မဟာမာယာ မိဖုရားမည်သည် ဖြစ်လတ္တံ့၊ ခမည်းတော်ကား သုဒ္ဓေါဒနမင်းကြီးမည်သည် ဖြစ်လတ္တံ့၊ သားတော်ကား ရာဟုလာ အမည်ရှိလတ္တံ့၊ အလုပ်အကျွေးကား အာနန္ဒာ အမည် ရှိလတ္တံ့၊ ဒုတိယ အဂ္ဂသာဝကကား မောဂ္ဂလာန် အမည်ရှိလတ္တံ့၊ သင် သရဒရသေ့သည်ကား ထို ဂေါတမဘုရား၏ တရားစစ်သူကြီးဖြစ်သော သာရိပုတ္တရာအမည်ရှိသော ပဌမအဂ္ဂသာဝက ဖြစ်ပေလတ္တံ့"ဟု ဗျာဒိတ်စကား ညွှန်ကြားတော်မူ၏။ ဤသို့ ဗျာဒိတ်စကား ညွှန်ကြားမြွက်ဖော် တရားဟောတော်မူပြီး၍ ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ကောင်းကင်သို့ ပျံတက်ကြွသွားတော်မူလေ၏။

## သိရိဝဍ္ဎနသူကြွယ်၏ ဆုတောင်း

သရဒရသေ့သည်လည်း မိမိ၏ အန္တေဝါသိက ဖြစ်ကုန်သော မထေရ်တို့၏ အထံသို့သွား၍ မိမိနှင့် ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်းဖြစ်သော သိရိဝဍ္ဎန သူကြွယ်အား သတင်းစကားကို လျှောက်ကြားလိုက်၏။ အရှင်ဘုရားတို့ အရှင်မြတ်တို့သည် အကျွန်ုပ်၏ အဆွေခင်ပွန်းဖြစ်သော သိရိဝဍ္ဎနသူကြွယ်အား အသင်၏အဆွေခင်ပွန်းဖြစ်သော သရဒရသေ့သည် အနောမဒဿီ မြတ်စွာဘုရားရှင်၏ ခြေတော်ရင်းဝယ် နောင်အခါ၌ ပွင့်တော်မူလတ္တံ့သော ဂေါတမ မြတ်စွာဘုရားရှင်၏ သာသနာတော်၌ အဂ္ဂသာဝကအရာကို တောင့်တ ပန်ဆင်အပ်၏။

အသင်သည်လည်း ဒုတိယ အဂ္ဂသာဝကအရာကို တောင့်ထပတ္ထနာလေလော့ဟု မိန့်တော်မူလိုက်ကြပါဟု လျှောက်ကြားပြီးမှ မထေရ်တို့ ရေးဦးကပင်လျှင် တစ်စုသော နံပါးဖြင့် လျင်စွာသွား၍ သီရိဝဍ္ဎနသူကြွယ်၏ နေအိမ်တံခါး၌ ရပ်နေလေ၏။

သီရိဝဍ္ဎန သူကြွယ်လည်း ငါ၏ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်လှသော အရှင်သည် ကာလရှည်စွာ မကြွလာခြင်းကြောင့် မမြင်ရသည်ကား ကြာမြင့်လေပြီ။ ယခုတစ်ဖန် ကြွတော်မူလာပြန်ပေသည်ဟု နေရာတို့ကို ကောင်းမွန်စွာ ခင်းစေ၍ မိမိသည် နိမ့်သောနေရာ၌ နေလျက် အရှင်ဘုရား အရှင်မြတ်အား ပရိသတ်အများ အကျွင်းနေ တပည့်သားတို့သည် မထင်မြင်ချေတကားဟု လျှောက်ထား မေးမြန်း၏။ ထိုအခါ သရဒရသေ့က အဆွေ သီရိဝဍ္ဎန တပည့်ပရိသတ်တို့ကို မထင်မြင်ချေသည်ကား ဟုတ်ပေ၏။ ငါတို့ နေရာဖြစ်သော ကျောင်းသခ်မ်းသို့ အနောမဒဿီ မြတ်စွာဘုရားသည် ကြွလာတော်မူ၏။ ယင်းသို့ ကြွလာတော်မူသော် ငါတို့သည် ထိုမြတ်စွာဘုရားအား မိမိ၏ အစွမ်းသတ္တိ ရှိသည်အလျောက် ပူဇော်သက္ကာရကို ပြုကြကုန်သည်ရှိသော် မြတ်စွာဘုရားရှင်သည် အလုံးစုံသော သူတို့အား ဟရားဟောကြားတော်မူ၏။ တရားတော်၏ အဆုံး၌ ငါ့ကိုချန်ထား၍ ကြွင်းကုန်သော တပည့်အပေါင်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန်းပြုကြကုန်၏။ ငါသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ တပည့်သာဝကဖြစ်သော နိသဘမထေရ်ကိုမြင်၍ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့သော ဂေါတမမည်တော်မူသော မြတ်စွာဘုရားရှင်၏ သာသနာတော်၌ အဂ္ဂသာဝက ဌာနန္တရကို တောင့်တဆုပန်လိုက်ပေသည်။ အဆွေဖြစ်သော အသင်သည်လည်း ထိုဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတော်၌ ဒုတိယအဂ္ဂသာဝက ဌာနန္တရကို တောင့်တဆုပန်ပါလေလော့ဟု ပြောဆို၏။

အရှင်ဘုရား အကျွန်ုပ်အား မြတ်စွာဘုရားတို့နှင့်အတူတကွ အကျွမ်းဝင်ခြင်း မရှိပါဟု သီရိဝဍ္ဎနသူကြွယ်က လျှောက်လျှင် အဆွေ ဒါယကာသူကြွယ် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တို့နှင့် တကွ စကားပြောဆိုသော အရာမှာ ငါ၏ တာဝန်ဖြစ်စေ၊ အသင်သည် ကြီးကျယ်စွာသော ပူဇော်သက္ကာရကိုသာ ပြုစုစီရင်လေလော့ဟု ပြောဆို၏။ သီရိဝဍ္ဎနသူကြွယ်လည်း ထိုသရဒ ရသေ့၏ စကားကို မှတ်သားကြားနာ၍ မိမိ၏ နေအိမ်တံခါး၌ ရှစ်မင်းပယ်မျှ လောက်သော အရပ်ဒေသကို ညီညွတ်သာယာလှသော မြေပြင်ကို ပြုစေ၍ သဲကို ကြဲဖြန့်ပြီးသော် ပေါက်ပေါက်လျှင် ငါးခုမြောက်သော ပန်းတို့ကို ကြဲဖြန့်စေ၍ ကြာညိုပန်းတို့ဖြင့် ပြည့်လျှမ်းအထပ်ထပ် မဏ္ဍပ်ကို မိုးပြီးလျှင်

မြတ်စွာဘုရားတို့၏နေရာကို ခင်းစေ၍ ကြွင်းသော ရဟန်းတို့ နေရာတို့ကိုလည်း အသီးသီးပြုပြင်၍ ကြီးကျယ်စွာသော ပူဇော်သက္ကာရကို ပြုပြင် စီရင်ပြီးသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တို့အား ပင့်ဖိတ်ခြင်းငှါ သရဒ ရသေ့အား အမှတ်သင်္ကေတကို ပေး၏၊ သရဒရသေ့လည်း ဘုရားအမှူးရှိသော ရဟန်း သံဃာကိုယူပြီးသော် ထိုသိရိဝဍ္ဎနသူကြွယ်၏ နေအိမ်သို့ ကြွတော်မူ၏။

သိရိဝဍ္ဎနသူကြွယ်လည်း ခရီးဦး ကြိုဆိုခြင်းကို ပြု၍ မြတ်စွာဘုရားရှင်၏ လက်မှ သပိတ်တော်ကို ယူပြီးလျှင် မဏ္ဍပ်သို့သွင်း၍ခင်းထားအပ်သောနေရာသို့ ပင့်တင်လျှောက်ထား ခင်းထားသော နေရာတို့၌ သီတင်းသုံးတော် မူသော ဘုရားအမှူးရှိသော ရဟန်း သံဃာတော်အပေါင်းအား အလှူရေစက်ကို သွန်း ဆက်ပေးလှူ၍ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ကောင်းမွန်စွာ လုပ်ကျွေး ပြီးသော် ဆွမ်းစားပြီးသည် အဆုံးသို့ ကျသောအခါ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းကို ကောင်းမွန်တင့်အပ် မြတ်သောသူတို့အား ထိုက်လျော် လျောက်ပတ်ကုန်သော အဝတ်တို့ဖြင့် ဖုံးလွှမ်းလှူဒါန်း၍ အရှင်ဘုရား အကျွန်ုပ်သည် ကြီးကျယ်စွာ အားထုတ်၍ ပြုလုပ်အပ်သော ဤနေရာမဏ္ဍပ်၌ တစ်ထပ်တည်းမျှသော ဆွမ်းကိုသာ လှူဒါန်းလုပ်ကျွေးရသဖြင့် အနည်းငယ် မျှသာ ဖြစ်ရခြင်းသည် မသင့်မလျော်ပါ၊ ဤသို့သောအမှတ်ဖြင့်သာ မြတ်စွာ ဘုရားရှင်သည် သံဃာတော်အပေါင်းနှင့်တကွ ခုနစ်ရက်ပတ်လုံး ကြွ၍ တပည့်တော်အား အစဉ်သနားသဖြင့် ချီးမြှင့်တော်မူပါကုန်ဟု လျှောက်ကြား သော် မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ်သည်းခံတော်မူ၏။

သိရိဝဍ္ဎနသူကြွယ်သည် ထိုအမှတ်ဖြင့်သာလျှင် အစဉ်မပြတ် ခုနစ်ရက်ပတ်လုံး အလှူကြီးကို ဖြစ်စေပြီး၍ မြတ်စွာဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုး ဝပ်တုပ် လက်အုပ်မြှောက်ချီ ရပ်တည်လျက် လျှောက်ကြားသည်မှာ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ဘုရားတပည့်တော်၏ အဆွေ ဖြစ်သော သရဒရသေ့သည် အကြင် မြတ်စွာဘုရားရှင်၏ အဂ္ဂသာဝက ဖြစ်ရပါလို၏ဟု ဆုတောင်းပါ၏။ ဘုရားတပည့်တော်သည်လည်း ထို အဆွေ သရဒရသေ့ ဆုတောင်းပန်ဆင်သော ဘုရားရှင်၏ အထံ၌ ဒုတိယ အဂ္ဂသာဝက ဖြစ်ရပါလိုကြောင်း ဆုတောင်းပါသည်ဟု လျှောက်၏။

မြတ်စွာဘုရားရှင်သည် အနာဂတ်ကို ကြည့်ရှုတော်မူ၍ ထိုသိရိဝဍ္ဎနသူကြွယ် ၏ ဆုတောင်းသည် ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူ၍ သင်သည် ဤကမ္ဘာမှ ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်သင်္ချေကိုလွန်၍ ဂေါတမ မည်သော ဘုရားရှင်၏ ဒုတိယအဂ္ဂသာဝက ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ဘုရားရှင်တို့၏ ဗျာဒိတ်စကားကို ကြားရသောအခါ သီရိဝဍ္ဎနသူကြွယ်သည် အလွန်နှစ်သက် ရွှင်လန်း ဝမ်းသာသော စိတ်သည်ဖြစ်၏၊ မြတ်စွာဘုရားရှင်သည် လည်း ဆွမ်းအနုမောဒနာကို ပြု၍ အခြံအရံနှင့်တကွ ကျောင်းတော်သို့ သာလျှင် ကြွတော်မူ၏။

ချစ်သားရဟန်းများတို့ ငါ၏သားတော် ဖြစ်ကုန်သော သာရိပုတ္တရာ, မောဂ္ဂလာန်တို့သည် ထိုအခါက တောင့်ကဆုပန်ခဲ့သော ဤသို့သော ဆုပန်ခြင်း သည် ရှိ၏။ ဆုပန်ခြင်းရှိသည်အားလျော်စွာ ထိုသာရိပုတ္တရာ, မောဂ္ဂလာန် တို့သည် အဂ္ဂသာဝက ဌာနန္တရကို ရကြလေကုန်သည်။ ငါဘုရားသည် မျက်နှာ လိုက်စား အဂတိတရားဖြင့် ပေးသနားတော်မူသည်မဟုတ်ဟု မိန့်တော်မူသည် ရှိသော်—

## သိဥ္စည်းဆရာကြီး အကြောင်းကို လျှောက်ထားခြင်း

အရှင် သာရိပုတ္တရာ အရှင် မဟာမောဂ္ဂလာန် ဟူကုန်သော အဂ္ဂသာဝက နှစ်ပါးတို့သည် မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးလက်အုပ်ချီလျက် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်တို့သည် အိမ် ရာထောင်သော လူ့ဘောင်၌ နေကုန်လျက် တောင်ထိပ်သဘင်ပွဲကို ရှုခြင်းငှါ သွားကြပါကုန်သည် အစရှိသည်တို့ဖြင့် အကြင်မူ့လောက် အဿဇိမထေရ်၏ အထံသို့ရောက်၍ သောတာပတ္တိဖိုလ်ကို ထိုးထွင်း၍ သိသည်တိုင်အောင် ပစ္စုပ္ပန် ၌ဖြစ်သော အကြောင်းကို စုပေါင်းလျှောက်ကြား၍ ဘုန်းတော် ကြီးမြတ် တော်မူလှသော မြတ်စွာဘုရား....ဘုရားတပည့်တော်တို့သည် ဆရာဖြစ်သော သိဥ္စည်း၏ အထံသို့သွား၍ အရှင်ဘုရားတို့၏ ခြေတော်ရင်းသို့ ဆောင်ခြင်းငှါ ထိုသိဥ္စည်းဆရာ၏ အပ္ပဝါဒ အနှစ်သာရ မရှိသည်၏အဖြစ်ကို ပြော[illegible]လျက် အရှင်မြတ်၏ ခြေတော်ရင်း၌ ဆည်းကပ်ခြင်း၏ အကျိုးအာနိသံသကို ပြပြီး လျှင် ခေါ်ဆောင်ကြပါသည်။ ထိုအခါ သိဥ္စည်းဆရာက အမောင်တို့ ယခုအခါ သူတစ်ပါးတို့၏ အထံ၌ အဆုံးအမ ဩဝါဒကို ခံလျက် အတွင်းနေ တပည့်၏ အဖြစ်ဖြင့် နေရခြင်းမည်သည်ကား အိုးစရည်းကြီး၌ သွန်းလောင်းအပ်သော အိုးငယ်နှင့်တူ၏။ အိုတပည့်တို့ ငါသည် များစွာကုန်သော တပည့်ဒကာ အပေါင်းတို့ဆရာ အိုးစရည်းကြီးနှင့်တူစွာ ဖြစ်ဖူးပါလျက် ယခုတစ်ဖန် အိုး ငယ်၏ ပမာကဲ့သို့ သူတစ်ပါး၏ အထံ၌ အတွင်းနေတပည့် အဖြစ်ဖြင့် နေရ မည်အရာကို မစွမ်းနိုင်ပါဟု ပြောကြားပါသည်။ ယင်းသို့ ပြောကြားသော် တပည့်တော်တို့က ဆရာ ယခုအခါ၌ များစွာသော လူအပေါင်းတို့သည် ပန်းနံ့သာ စသည် လက်ဆွဲလျက် မြတ်စွာဘုရားရှင်၏ အထံသို့သာ သွား၍ ပူဇော်လတ္တံ့။ အသင်တို့သည် အဘယ်သို့ ဖြစ်နိုင်ပါကုန်လတ္တံ့နည်းဟု မေး

သောအခါ သိဉ္စည်းဆရာက အမောင်တို့ ယခုလောက၌ ပညာရှိသောသူက များသလော၊ သို့မဟုတ် နန့်နေးတွေဝေ ဖျင်းသိမ်သောသူက များသလောဟု ပြန်၍တစ်ဖန် မေးပြန်ပါသည်။ ယင်းသို့ မေးသော် တပည့်တော်တို့က ဆရာ နန့်နေး တွေဝေ သိမ်ဖျင်းသောသူက ပေါများပါသည်ဟု ပြောလျှင် တပည့်တို့ ထိုသို့ဖြစ်လျှင် ပညာရှိသော သူတို့သည် ရဟန်းဂေါတမ၏ အထံသို့ သွားကြကုန်လတ္တံ့၊ နန့်နေး တွေဝေသော ပညာမရှိသော သူတို့သည် ငါ၏အထံသို့ လာကြကုန်လတ္တံ့၊ အသင်တို့သည်သာ သွားကြကုန်လောဟု တပည့်တော်တို့ကိုသာ စေလွှတ် ခွင့်ပေးလိုက်ပါသည်။ ထိုသိဉ္စည်းဆရာသည် အရှင်မြတ်၏ အထံသို့ ချဉ်းကပ် လာရောက်ခြင်းငှါ အလိုဆန္ဒ စိုးစဉ်းမျှ မရှိပါဘုရားဟု လျှောက်ထားကြကုန်၏။

## များစွာသောရဟန်းတို့ သောတာပန်စသည်တည်ခြင်း

ယင်းသို့ လျှောက်ထားကြသော ထိုစကားကို ကြားတော်မူလျှင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ သိဉ္စည်းပရိဗိုဇ်သည် မိမိ မိစ္ဆာဒိဋ္ဌိအယူ၏ အနှစ်သာရ အနည်းငယ်မျှ မရှိသည်ကို အနှစ်သာရရှိသည်ဟူ၍ ယူ၏၊ အနှစ်သာရရှိသော သူတော်ကောင်းတရားကိုလည်း အနှစ်သာရ မရှိဟု ယူ၏။ အသင်တို့သည်ကား ဖြည့်ဆည်းပူးအပ်သော ပါရမီ စုံညီပြည့်ဘိ ပညာရှိ ဖြစ်ကြကုန်သောကြောင့် အနှစ်သာရရှိသော သူတော်ကောင်းတို့ တရားကို အနှစ်သာရအာဖြင့် သိရှိ အနှစ်သာရမရှိသော မသူတော်မိစ္ဆာတို့ တရားကို အနှစ်သာရ မရှိသော ဖြစ်အောင်ကို ဒိဋ္ဌထင်တင် သိမြင်ခြင်းရှိသည် ဖြစ်၍ အနှစ်သာရမရှိသော မသူတော်မိစ္ဆာ ယုတ်မာသောတရားကို ပယ်ရှားစွန့်လွှတ် လျက် အနှစ်သာရ ပြည့်ဝ ကောင်းမြတ်လော သူတော်ကောင်းတရားကိုသာ ယူကြလေကုန်သတည်း ဟူ၍ မိန့်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၁၁။ အသာရေ သာရမတိနော၊ သာရေ စာသာရဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ။

သာရဉ္စ သာရတော ဉတွာ၊ အသာရဉ္စ အသာရတော။
၁၂။ တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။

အနှစ်သာရ မရှိသောတရား၌ အနှစ်သာရရှိ၏ဟု မှတ်ထင်ခြင်း ရှိကုန်၏။ အနှစ်သာရရှိသော တရား၌ အနှစ်သာရမရှိဟု အမြင်ရှိကုန်၏။ မကောင်းသော အကြံလျှင် ကျက်စားရာ ရှိကုန်သော ပုဂ္ဂိုလ်တို့သည် သီလ စသော အနှစ်သာရကို မရနိုင်ကြလေကုန်။

အနှစ်သာရရှိသော တရားကိုလည်း အနှစ်သာရရှိ၏ ဟူ၍လည်းကောင်း၊ အနှစ်သာရမရှိသော တရားကိုလည်း အနှစ်သာရမရှိဟု မြင်၍ ကောင်းသော ကြံလျှင် ကျက်စားရာရှိကုန်သော ပုဂ္ဂိုလ်တို့သည် သီလစသော အနှစ်ကို ရကြလေကုန်၏။

ထိုဂါထာတို့၌—

**အသာရေ သာရမတိနော** ဟူသည်=ပစ္စည်းလေးပါး၊ ဆယ်ပါးသော အကြောင်းရှိသော မိစ္ဆာဒိဋ္ဌိ၊ ထိုမိစ္ဆာဒိဋ္ဌိ၏ မှီရာအကြောင်းဖြစ်၍ဖြစ်သော တရားဒေသနာဟူသော အနှစ်သာရမရှိသည်၌ အနှစ်သာရရှိ၏ဟု ယူလေ့ရှိကုန်သော ဟူလို။

**သာရေစာ သာရဒဿိနော** ဟူသည်=ဆယ်ပါးသော အကြောင်းရှိသော သမ္မာဒိဋ္ဌိ၊ ထိုသမ္မာဒိဋ္ဌိ၏ မှီရာဖြစ်၍ဖြစ်သော တရားဒေသနာဟူသော အနှစ်သာရရှိသည်၌ ဤသမ္မာဒိဋ္ဌိ ဒေသနာသည် အနှစ်သာရ မရှိဟု ယူလေ့ရှိကုန်သော ဟူလို။

**တေ သာရံ** ဟူသည်=မှားသော အမြင်ရှိသော အယူကိုယူ၍ တည်ကုန်သော သူတို့သည် ကာမဝိတက် စသည်တို့၏ အစွမ်းဖြင့် မှားသော ကြံစည်ခြင်းလျှင် ကျက်စားရာရှိကုန်လျက် သီလအနှစ်၊ သမာဓိအနှစ်၊ ပညာအနှစ်၊ ဝိမုတ္တိအနှစ်၊ ဝိမုတ္တိဉာဏဒဿနအနှစ်ကိုလည်းကောင်း မြတ်သောအနှစ်ဟူသော နိဗ္ဗာန်ကိုလည်းကောင်း မရကြကုန်။

**သာရဉ္စ** ဟူသည်=ထိုသီလအနှစ် အစရှိသော အနှစ်ကို "ဤဒေသနာသည် အနှစ်ရှိ၏" ဟု လည်းကောင်း၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော အနှစ်သာရ မရှိသည်ကို "ဤဒေသနာသည် အနှစ်သာရမရှိ" ဟု လည်းကောင်း သိ၍ဟူလို။

**တေ သာရံ** ဟူသည်=ဤသို့ မှန်သောအမြင်ကို ယူ၍ တည်ကုန်သော ထိုပညာရှိတို့သည် နေက္ခမ္မ သင်္ကပ္ပ စသည်တို့၏ အစွမ်းဖြင့် ကောင်းသောအကြံလျှင် ကျက်စားရာ ရှိကုန်လျက် ထိုဆိုအပ်ခဲ့ပြီးသော အပြားရှိသော အနှစ်သာရကို ရကြကုန်၏ ဟူလို။

ထိုဂါထာ၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။ စုဝေး ရောက်လာသူတို့အားလည်း အကျိုးရှိသော တရားဒေသနာသည် ဖြစ်ပြီ။

ရှစ်ခုမြောက် အရှင်သာရိပုတ္တရာ ဝတ္ထု ပြီး၏။

## ၉။ အရှင်နန္ဒမထေရ်ဝတ္ထု

**ယထာ အဂါရံ**-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး စံနေတော်မူစဉ် **အရှင်နန္ဒမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။**

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် လည်စေအပ်သော ဓမ္မစကြာတရားရှိတော်မူသဖြင့် ရာဇဂြိုဟ်ပြည်သို့ကြွရောက်၍ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူသည်ရှိသော် ငါ၏သားတော်ကို ငါ့အားဆောင်ယူ၍ ပြကြပါကုန်လော့ဟု ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် စေလွှတ်အပ်ကုန်သော တစ်ထောင်သော ပရိသတ်ဖိုလ်ပါ အခြံအရံရှိကုန်သော တမန်တစ်ကျိပ်တို့တွင် အလုံးစုံသော တမန်တို့၏ နောက်ဆုံးသွား၍ အရဟတ္တဖိုလ်သို့ ရောက်သော ကာဠုဒါယီမထေရ်သည် သွားအံ့သော အခါကိုသိ၍ ခရီးလမ်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းထောမနာ၍ လျှောက်ထားသဖြင့် ရဟန္တာနှစ်သောင်းတို့ဖြင့် ခြံရံလျက်ကပိလဝတ်ပြည်သို့ ပင့်ဆောင်ခဲ့၍ ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ပေါက္ခရဝဿမိုး ရွာသော အတ္ထုပ္ပတ္တိကို အကြောင်းပြုပြီးလျှင် ဝေဿန္တရာမင်းကြီး၏ ဇာတ်ကို ဟောတော်မူ၍ နက်ဖြန်မိုးသောက် ရောက်သောနေ့၌ ဆွမ်းခံခြင်းအလို့ငှာ ဝင်တော်မူသည်ရှိသော် ခမည်းတော် မင်းတရားသည် လျှောက်ထားသည် အရကြောင့် "ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ" အစရှိသော ဂါထာဖြင့် ခမည်းတော်မင်းမြတ်ကို သောတာပတ္တိဖိုလ်၌ တည်စေ၍ ဓမ္မဥ္စရေ-အစရှိသော ဂါထာဖြင့် မိထွေးတော်ဖြစ်သော မဟာပဇာပတိဂေါတမီကို သောတာပတ္တိဖိုလ်၌ တည်စေ၏။ ခမည်းတော် မင်းကြီးအားလည်း သကဒါဂါမိဖိုလ်၌ တည်စေတော်မူပြီးသော် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ၌ ရာဟုလမာတာ ယသောဓရာ မိဖုရား၏အဆောင်သို့ ကြွဝင်တော်မူ၍ ရာဟုလမာတာယသောဓရာ မိဖုရား၏ ဂုဏ်ကျေးဇူးစကားကို အမှီပြုလျက် စန္ဒကိန္နရီဇာတ်ကို ဟောတော်မူပြီးသည်နောက် နှစ်ရက်မြောက်အကျဝယ် ညီတော်နန္ဒမင်း၏ အဘိသိက်သွန်းသောမင်္ဂလာ၊ အိမ်တက်မင်္ဂလာ၊ ထိမ်းမြားခြင်းမင်္ဂလာတို့သည် ဖြစ်ကုန်သည်ရှိသော် ဆွမ်းခံခြင်းအလို့ငှာ ကြွဝင်တော်မူ၍ မင်္ဂလာတရားကို ဟောကြားတော်မူပြီးလျှင် ညီတော်နန္ဒမင်းသား၏ လက်၌ သပိတ်တော်ကို ပေးအပ်လျက် နေရာမှထ၍ ကြွသွားတော်မူသည်ရှိသော် နန္ဒမင်းသား၏လက်မှ သပိတ်တော်ကို မယူဘဲသာလျှင် ကြွသွားတော်မူ၏။

နန္ဒမင်းသားသည်လည်း မြတ်စွာဘုရားရှင်၌ ရိုသေသောအားဖြင့် အရှင်ဘုရားတို့သည် သပိတ်တော်ကို ယူကြကုန်လောဟု ဆိုခြင်းငှာ မဝံ့လေသောကြောင့် ဤသို့ကြံဆင်ခြင်၏။ နောင်တော်ဘုရားသည် ထိုစောင်းတန်းဦး၌

သပိတ်တော်ကို ယူလတ္တံ့ဟု အောက်မေ့မှတ်ထင်၏။ မြတ်စွာဘုရားရှင်သည် ထိုစောင်းတန်း လှေကားဦး၌လည်း သပိတ်တော်ကို ယူတော်မမူ၊ နန္ဒမင်းသားသည် ဤစောင်းတန်း လှေကားဦး၌ မယူစေကာမူ ဤမှတစ်ပါးဖြစ်သော စောင်းတန်းလှေကားရင်း၌ ယူလတ္တံ့ဟု အောက်မေ့မှတ်ထင်၏။ ထိုစောင်းတန်း ရင်း၌လည်း မြတ်စွာဘုရားရှင်သည် ယူတော်မမူ၊ ဤစောင်းတန်း၌ မယူစေကာမူ ဤမှတစ်ပါးသော မင်းရင်ပြင်၌ကျလျှင် ယူတော်မူလတ္တံ့ဟု အောက်မေ့မှတ်ထင်၏။ မြတ်စွာဘုရားရှင်သည် ထိုမင်းရင်ပြင်၌လည်း ယူတော်မမူ။ နန္ဒမင်းသားလည်း ပြန်လည်ခြင်းငှာ အလိုရှိသည်ဖြစ်၍ မနှစ်သက်တဲ့သောလျှင် ဘုရားရှင်အား ရိုသေသော ဂါရဝတရားဖြင့် အရှင်ဘုရားတို့သည် သပိတ်တော်ကို ယူတော်မူပါလော့ဟု လျှောက်ထားခြင်းငှာ မဝံ့သည်ဖြစ်၍ ဤအရပ်သို့ကျလျှင် ယူတော်မူလတ္တံ့၊ ဤအရပ်သို့ကျလျှင် ယူတော်မူလတ္တံ့ဟု မျှော်လင့်ကြံစည်၍သာ လိုက်သွားရရှာ၏။

## ဇနပဒကလျာဏီ၏ မှာစကား

ထိုသို့ အစဉ်တိုင်က် လိုက်သွားရသော ခဏ၌ ဇနပဒကလျာဏီ မင်းသမီး၏ အလုပ်အကျွေးတို့သည် ဇနပဒကလျာဏီအား အို အရှင်မ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် မောင်တော် နန္ဒမင်းသားကို ခေါ်ဆောင်၍ ကြွသွားတော်မူလေပြီ။ အရှင်မတို့သည် ထိုနန္ဒမင်းသားနှင့်ကင်း၍ အဘယ်ကဲ့သို့သော အမှုကို ပြုကြကုန်လတ္တံ့နည်းဟု ပြောကြားကုန်၏။ ဇနပဒကလျာဏီ မင်းသမီးသည် ထိုသူတို့ ပြောကြားသော စကားကိုကြားတည့်လျှင် ဦးခေါင်းဆေးမြောက် ရေပေါက်များစွာ ကျထွက်ယိုစီး ပြေပြီးဖြစ်လျက် ထက်ဝက်မျှ ဖြီးအပ်သော ဆံပင်တို့ဖြင့် လျင်မြန်စွာ သွားပြီးလျှင် သနားဖွယ်ရသော အသံကို ဖြစ်စေလျက် ဤစကားဖြင့် ကြွေးကြော်မှာထားလိုက်၏–

"တုဝဋ္ဋံ ခေါ အယျပုတ္တ အာဂစ္ဆေယျာသိ"

အို–မောင်တော်ဘုရား အလျင်အမြန်သာလျှင် ပြန်လည်တော်မူခဲ့ပါလော့။

ယင်းသို့ ဇနပဒကလျာဏီ မင်းသမီးသည် ကြွေးကြော်မှာထားလိုက်သော စကားသည် နန္ဒမင်းသား၏ နှလုံးထဲ၌ ဖီလာဆွယ်ကျ မယ်နဖြင့် စွဲဘိသကဲ့သို့ အမြဲစူးဝင်၍တည်၏၊ မြတ်စွာဘုရားရှင်သည်လည်း ညီတော်နန္ဒမင်းသား၏ လက်မှ သပိတ်တော်ကို မယူမူ၍သာလျှင် အစဉ်အတိုင်းကြွသွား၍ ထိုနန္ဒမင်းသားကို ကျောင်းတော်သို့ ဆောင်တော်မူပြီးလျှင် ညီတော်နန္ဒ အသင်သည် ရဟန်းပြုလတ္တံ့လောဟု မေးတော်မူ၏။ နန္ဒမင်းသားလည်း နောင်တော်ဘုရား၌

ရှိသေသောအားဖြင့် တပည့်တော်သည် ရဟန်းမပြုပါအံ့ဟု မလျှောက်ထားဘဲ ကောင်းလှပါပြီ နောင်တော်ဘုရား ရဟန်းပြုပါအံ့ဟု လျှောက်ထား၏။ မြတ်စွာဘုရားရှင်သည် ချစ်သားရဟန်းတို့ ထိုသို့ဖြစ်လျှင် ငါ၏ညီတော်နန္ဒကို ရဟန်းပြုကြကုန်လော့ဟု စေခိုင်းတော်မူသဖြင့် နန္ဒမင်းသားကို ရဟန်းပြုတော်မူ၏။

## သားတော်ရာဟုလာက မြတ်စွာဘုရားထံ အမွေတောင်းခြင်း

မြတ်စွာဘုရားရှင်သည် ကပိလပြည်သို့ ကြွတော်မူ၍ သုံးရက်မြောက်သော နေ့၌ ညီတော်နန္ဒမင်းသားကို ရဟန်းပြုတော်မူ၏။ ခုနစ်ရက်မြောက်သောနေ့၌ ရာဟုလမာတာ ယသော်ဓရာမိဖုရားသည် သားတော်ရာဟုလာ မင်းသားကို အထူးထူးအပြားပြားသော တန်ဆာတို့ဖြင့် ဆင်ယင်လျက် ချစ်သား လာလှည့် အသင်သည် ရှုကြည့်ပါလော့၊ နှစ်သောင်းမျှလောက်ကုန်သော ရဟန်းတို့ဖြင့် ခြံရံအပ်သော ရွှေအဆင်းကဲ့သို့ အဆင်းရှိသော ဗြဟ္မာမင်းသဏ္ဌာန် အလျှံပိုးပြောင် အရောင်အသရေရှိသော ဤရဟန်းသည်ကား အသင်၏ဖခင် ကျေးဇူးရှင် ခမည်းတော်ပေတည်း၊ အသင်၏ ခမည်းတော်အား ကြီးကျယ်စွာသော ရွှေအိုးကြီးတို့သည် ရှိကုန်၏၊ ထိုရွှေအိုးကြီးတို့သည် ချစ်သား ခမည်းတော်၏ လူ့ဘောင်၌ မပျော်ဘဲ တောထွက်တော်မူသော နေ့မှစ၍ ငါတို့သည် မတွေ့မထင် မမြင်ကြရကုန်၊ ချစ်သားသွားတည့်ချေ ဖခမည်းတော် အကျွန်ုပ်သားတော်သည် အဘိသိက်သွန်းခြင်းသို့ ရောက်၍ စကြဝတေးမင်း ဖြစ်အံ့၊ အကျွန်ုပ်သားတော်အား ဥစ္စာဖြင့် အလိုရှိပါ၏။ ပစ္စည်းဥစ္စာကို သားတော်အား ပေးသနားတော်မူပါလော၊ ဖခမည်းတော်စိုးပိုင်သော ပစ္စည်းဥစ္စာမည်သည်ကား သားသမီးတို့သည်သာ အစိုးတရ သာမိက ဖြစ်ပါသည် ဟူ၍ ပြောဆိုလျှောက်ထားပြီးလျှင် အမွေကို တောင်းချေလော့ဟု ပြောဆိုမှာထား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ စေလွှတ်၏။

ရာဟုလာမင်းသားသည်လည်း မြတ်စွာဘုရားရှင် ကိုယ်တော်၏အထံသို့ သွားဝင်ပြီးလျှင် ဖခင်တည်းဟူသော ချစ်ခြင်းကိုရ၍ နှစ်သက်ဝမ်းသာ ရွှင်လန်းစွာသော စိတ်ရှိလျက် "သုခါ တေ သမဏ ဆာယာ=သမဏ၊ ခမည်းတော် ရဟန်း။ တေ၊ ရှင်ရဟန်းမြတ်၏။ ဆာယာ၊ အရိပ်တော်သည်။ သုခါ၊ ချမ်းသာ လေစွတကား။

ခမည်းတော် ဖြစ်တော်မူပေသောရဟန်းမြတ်၊ ကျေးဇူးတော်ရှင် မွေးဖခင် ဖြစ်တော်မူသော ရှင်ရဟန်းမြတ်၏ မပြတ်သော ဩဓိသမွေတ္တာတည်းဟူသော အရိပ်သည် သားတော်ဖြစ်သော အကျွန်ုပ် ရာဟုလာမှာ အလွန်တရာ ချမ်းသာစွာ ရှိပါပေစွတကားဟုဆို၍ ထိုမှတစ်ပါး များစွာလည်းဖြစ်ကုန်သော

မိမိနှင့် လျော်က်ပတ်သော စကားတို့ကို ပြောဆိုလျက် ရပ်တည်၏။ မြတ်စွာဘုရားရှင်သည်လည်း ဆွမ်းစားခြင်းကိစ္စ ပြီးလတ်သော် အနုမောဒနာကို ပြုတော်မူပြီးလျှင် နေရာမှ ထ၍ ဖဲကြွတော်မူ၏။ ရာဟုလာမင်းသားသည်လည်း "ဒါယဇ္ဇံ မေ သမဏ ဒေဟိ၊ ဒါယဇ္ဇံ မေ သမဏ ဒေဟိ=သမဏ၊ ခမည်းတော် ရဟန်းမြတ်။ မေ-မမ၊ အကျွန်ုပ်ရာဟုလာအား။ ဒါယဇ္ဇံ၊ အမွေကို။ ဒေဟိ၊ ပေးသနားတော်မူပါလော့"။ သမဏ၊ ခမည်းတော် ရဟန်းမြတ်။ မေ မမ၊ အကျွန်ုပ်ရာဟုလာအား။ဒါယဇ္ဇံ၊ အမွေကို။ ဒေဟိ၊ ပေးသနားတော်မူပါလော့။

ခမည်းတော်ရဟန်းမြတ် သားတော်ဖြစ်သော အကျွန်ုပ်ရာဟုလာအား ခမည်းတော်၏ ပစ္စည်းဥစ္စာဖြစ်သော အမွေကို ပေးသနားတော်မူပါလော့၊ အမွေကို ပေးသနားတော်မူပါလော့ဟု နှုတ်က အဖန်တလဲလဲ မြွက်ဆိုလျက် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ နောက်သို့ အစဉ်မပြတ် တကောက်ကောက် လိုက်၏။

## သားတော် ရာဟုလာအား အမွေပေးတော်မူခြင်း

မြတ်စွာဘုရားသည် ရာဟုလာမင်းသားကို ပြန်လည်၍ နေရစ်စိမ့်သော်ငှာ မတားမြစ်၊ အလုပ်အကျွေး လူအပေါင်းသည်လည်း ဘုရားနှင့် အတူတကွ လိုက်သွားသည်ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်၊ ရာဟုလာမင်းသားသည် ဘုရားနှင့်တကွ ကျောင်းအာရာမ်သို့ကျအောင် လိုက်သွားလေ၏။ထိုနောက်မှ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ကြံဆင်ခြင်တော်မူသည်မှာ "ဤရာဟုလာသားတော်သည် ဖခင်၏ ဥစ္စာဖြစ်သော အမွေဥစ္စာကို အလိုရှိ၏။ ထိုပစ္စည်းဥစ္စာသည် ဝဋ်ဆင်းရဲနှင့် တဝဲလည်လည် အဟုတ်မကျ ကျင်လည်စေရသဖြင့် အနှစ်သာရမှ ကင်းလေသည်။ ယခုအခါ ငါသည် မဟာဗောဓိပင်ရင်း၌ နှီးရင်းရှာဖွေမှ ရအပ်သော ခုနစ်ပါးအပြားရှိသော အရိယာသူတော်မြတ်တို့၏ တောင့်တအပ်သော ဥစ္စာကို ပေးသနားအံ့၊ လောကုတ္တရာအမွေကို ခံယူသည်၏ အစွမ်းအားဖြင့် အမွေကို ခံယူစေအံ့"ဟု ကြံဆင်ခြင်တော်မူ၍ အရှင်သာရိပုတ္တရာကို ခေါ်တော်မူပြီးလျှင် ချစ်သား သာရိပုတ္တရာ ထိုသို့ဖြစ်လျှင် ငါ့သားတော် ရာဟုလာကို ရဟန်းပြုလေလော့ဟု မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာမထေရ်လည်း သားတော်ရာဟုလာမင်းသားကို ရဟန်းပြုတော်မူ၏။

## ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက လျှောက်ထား တောင်းပန်ခြင်း

ရာဟုလာမင်းသားကို ရဟန်းပြုသည်ရှိသော် သုဒ္ဓေါဒနမင်းကြီးအား လွန်ကဲသော ဒုက္ခဝေဒနာဖြစ်သဖြင့် ထိုဒုက္ခဝေဒနာကို သည်းခံအံ့သောငှာ မတတ်နိုင်သောကြောင့် ကိုယ်တိုင် မြတ်စွာဘုရား၏ ထံမှောက်သို့ လာရောက်

လျှောက်ထား၍ သားတော် ဘုရားအား ခမည်းတော်မင်းတရားသည် လျှောက်ထား တောင်းပန်ပါ၏။ အရှင်မြတ်တို့သည် အမိအဘတို့သည် အနှုးအညွတ် ခွင့်မလွှတ်သော သားသမီးကို ရှင်ရဟန်း မပြုကြပါကုန်လင့် ဟူသောဆုကို တောင်းဆို၏။ မြတ်စွာဘုရားရှင်သည်လည်း ထိုခမည်းတော် မင်းကြီးသည် တောင်းဆိုအပ်သော ဆုကို ပေးသနားတော်မူ၍ တစ်နေ့မိုးသောက် ရောက်သောနေ့အခါ မင်းအိမ်နန်းတော်၌ ပူဇော်အပ်ပြီးသော နံနက်ဆွမ်းစားခြင်း ကိစ္စ ရှိတော်မူသော မြတ်စွာဘုရားကို တင့်အပ်လျှောက်ပတ်သော အရပ်၌ ထိုင်နေသော ခမည်းတော်မင်းကြီးသည် ဘုန်းတော်ကြီးလှသော သားတော်ဘုရား အသင်တို့သည် ပြုနိုင်ခဲသောအမှုကို ပြုကျင့်အားထုတ်စဉ်ကာလက တစ်ယောက်သော နတ်သားသည် ခမည်းတော်၏ အထံသို့ ကပ်၍ ကပိလဝတ်ပြည်ကြီးရှင် ဘုရင်မင်းမြတ် အသင်၏ သားတော်ဖြစ်သော သိဒ္ဓတ္ထကုမာရမင်းသားသည် သေလွန်၍ သွားလေပြီဟူ၍ ပြောကြားလာပါသည်၊ ထိုအခါ ခမည်းတော်သည် ထိုနတ်၏ စကားကို မယုံကြည်သောကြောင့် ငါ၏ သားတော်သည် ဘုရားအဖြစ်သို့ ရောက်မူ၍ သေခြင်းမရှိပေဟု ပယ်မြစ်တားဟန့်၍ ဆိုလိုက်ပါသည်ဟု လျှောက်ထားသည်ရှိသော် မြတ်စွာဘုရားကိုယ်တော်မြတ်က ဒကာတော် ခမည်းတော်မင်းတရား ယခု ပြောကြားလာသော နတ်၏စကားကို မယုံကြည်မူ၍ ပယ်ရှားလိုက်သည်ကား မျက်မြင်ဒိဋ္ဌ မတွေ့မကြုံရမူ၍ သူတပါးအကြားမျှကို ပယ်ရှား မယုံကြည်ရသည့် အဖြစ်ကြောင့် အံ့သြချီးမွမ်းဖွယ် မရှိသေး၊ ရှေးအခါ ကာလက အရိုးတို့ကိုပြလျက် ဒိသာပါမောက္ခ ဆရာကြီးက အသင့်သား သေပါပြီဟု ပြောဆိုငြားသော်လည်း မယုံကြည်သောအားဖြင့် ပယ်ရှားလိုက်သည်ကား ထိုထက်ပင် သာလွန်ပိုမို အံ့သြချီးမွမ်းဖွယ် ရှိပါပေသည် ဟူ၍ မိန့်တော်မူပြီးမှ ဤသို့သောအတ္ထုပ္ပတ္တိအရာ၌ မဟာဓမ္မပါလဇာတ်ကို ဟောကြားတော်မူ၏။

## မဟာဓမ္မပါလ ဇာတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ္တမင်းကြီးသည် ဖြန့်ထီးယှက်အုပ်မင်းလုပ်တော်မူသည်ရှိသော် ကာသိကတိုင်း၌ဓမ္မပါလမည်သော ရွာသည်ရှိ၏၊ ထိုရွာသည် တရားစောင့်တတ် မြတ်သော လူမျိုး၏ နေရာဖြစ်သောကြောင့် ဤသို့သော အမည်ကို ရရှိစေသတတ်။ ထိုဓမ္မပါလအမည်ရသော ရွာ၌ ဆယ်ဖြာကုသလ ကမ္မပထတရားတို့ကို ပျက်ပြားမဖောက် စောင့်ရှောက်တတ်သောအရကြောင့် ဓမ္မပါလအမည်ဖြင့်ထိုဤထင်ရှားလွန်ကျော်ကြားသော ပုဏ္ဏားကြီးသည် နေ၏။ ထိုပုဏ္ဏားအမျိုး၌ အယုတ်အားဖြင့် ကျွန်အမှုလုပ်တို့

သည်လည်း အလျှုဒါနကို စွန့်ကြဲပေးကမ်း လှူဒါန်းကုန်၏။ စောင့်ရှောက်သင့်သမျှ အကျင့်သီလကိုလည်း ကျင့်သုံး ဆောက်တည်ကြကုန်၏။ ဥပုသ်စောင့်သုံးခြင်းအမှုကို ပြုကြကုန်၏။

ထိုအခါ မြတ်စွာဘုရား အလောင်းတော်သည် ဓမ္မပါလ အမည်ရသော ထိုအမျိုး၌ဖြစ်၍ ဓမ္မပါလသတို့သား ဟူသော အမည်ကိုသာလျှင် မှည့်ခေါ်ကြကုန်၏။ ထို့နောက် အရွယ်သို့ကျမြောက် ကြီးပြင်းခြင်းသို့ ရောက်သော ထိုဓမ္မပါလသတို့သားကို ဖခင်ပုဏ္ဏားကြီးက အသပြာတစ်ထောင်ကို ပေးပြီးလျှင် အတတ်သင်ယူခြင်းအကျိုးငှာ တက္ကသိုလ်ပြည်သို့ စေလွှတ်၏။ ဓမ္မပါလ မည်ရ ထင်ရှား သတို့သားသည် ဘဘွားအလို ခိုင်းစေဆိုအပ်သော ထိုတက္ကသိုလ်ပြည်သို့ သွား၍ ရှစ်ပါးဒိသာ ရပ်မျက်နှာ၏ အမှူးဖြစ်သော ဒိသာပါမောက္ခဆရာကြီးထံ၌ တတ်ရာဟူသမျှ အဝဝကို ဝ စ်ဗမကျန် သင်အံဆောင်ယူသော အားဖြင့် တပည့်လုလင်ငါးရာတို့၏ အကြီးအမှူး ဦးစီးနာယက အတွင်းနေ တပည့်သည် ဖြစ်လေ၏၊ ထိုအခါ ဒိသာပါမောက္ခဆရာ၏ ချစ်ခင်လှစွာသော သားအကြီးသည် သေလွန်သည်ဖြစ်၍ ဒိသာပါမောက္ခဆရာသည် များစွာသော တပည့်တို့ခြံရံလျက် ဆွေမျိုးအပေါင်းနှင့်တကွ ငိုကြွေးမြည်တမ်းပြီးလျှင် သုသာန်၌ သား၏အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ခြင်းအမှုကို ပြုစေ၏။ ထိုသား၏ သေလွန်ရာ သင်္ဂြိုဟ်ရာတို့၌ ဒိသာပါမောက္ခ ဆရာကြီးသည် လည်းကောင်း၊ ဆွေမျိုး အပေါင်းတို့သည် လည်းကောင်း၊ အတွင်းနေ တပည့်တို့သည် လည်းကောင်း ငိုကြွေး မြည်တမ်းကြကုန်၏။ ဓမ္မပါလသတို့သား တစ်ယောက် သည်သာလျှင် မငိုကြွေး မမြည်တမ်းဘဲ တည်နေ၏။

## ဓမ္မပါလသတို့သား

ထိုတပည့်လုလင် ငါးရာတို့သည် သုသာန်မှပြန်လာ၍ ဒိသာပါမောက္ခ ဆရာကြီး၏ အနီးထံရပ်၌ ချဉ်းကပ် ထိုင်နေပြီးသော် ဤသို့ သဘောရှိသည် မည်သော အကျင့်အာစာရနှင့် ပြည့်စုံသော တင့်တယ်ပျိုနုသော လုလင်သည် သို့စဉ်တမျှ ပျိုနုသောကာလ၌သာလျှင် အမိအဖနှစ်ပါးတို့နှင့် ထင်ရှားကွေကွင်း သေလွန်ခြင်းသို့ ရောက်ရသည်သာ ကြောက်ရွံ့ထိတ်လန့်အံ့ရာဖြစ်ငြား သနားဖွယ် ကောင်းလေစွဟု ဆိုကုန်၏။ ဓမ္မပါလလုလင်က အဆွေတို့ သင်တို့သည် ပျိုမျစ်နုနယ်သည်ဟူ၍သာ ဆုံကြကုန်၏။ ထိုသို့ ပျိုမျစ်နုနယ်ခဲ့လျှင် အဘယ့်ကြောင့် ငယ်သောအခါ၌သာလျှင် သေလွန်ရသနည်း။ ပျိုမျစ်နုနယ် ငယ်သော အခါ၌ သေလွန်ခြင်းငှါ မသင့်လျော်သည် မဟုတ်တုံလောဟု ပြော၏။

ထိုအခါ ဓမ္မပါလသတို့သားကို များစွာကုန်သော လုလင်တို့က အဆွေ အသို့ပေနည်း။ သင်သည် ဤသတ္တဝါတို့၏ သေလွန်တတ်သည်၏ အဖြစ်ကို

မသိသလောဟု မေးသဖြင့် ဓမ္မပါလသတို့သားက ငယ်လွန်သော အဖြစ်ကို မှုကား ငါသိ၏။ ယင်းသို့ပင် သေလွန်သော်လည်း ပျိုမျစ်နုနယ် ငယ်သော အခါ၌ မသေလွန်ကြကုန် အိုမင်းကြီးရင့်သော အရွယ်၌သာလျှင် သေလွန်ကြကုန်သည်ဟု ပြော၏။ လုလင်တို့က အလုံးစုံသော သင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင် အမြဲအရှည် မတည်ချည်းနှီး ပျက်စီးတတ်သည်ဖြစ်၍ အနိစ္စမည်ကုန်သည် မဟုတ်တုံလောဟု မေးကြပြန်သဖြင့် အနိစ္စကား မှန်ပေ၏။ ထိုသို့ပင် မှန်သော်လည်း သက္ကာန်သေးငယ် နုနယ်သောအရွယ်၌ သတ္တဝါတို့ မသေကုန် အိုမင်းကြီးရင့်သော အရွယ်၌ သေကုန်၏။ အနိစ္စအဖြစ်သို့ ရောက်ကုန်၏ဟု ပြော၏။ အဆွေ ဓမ္မပါလ အသင်တို့၏နေအိမ်၌ တစ်စုံ တစ်ယောက်သော သူတို့သည် မသေဖူးကုန်သလောဟု မေးကြပြန်သောအခါ ငါတို့၏အမျိုး၌ ပျိုမျစ်နုနယ် ငယ်သောအခါ၌ သတ္တဝါတို့ မသေကုန်၊အိုမင်း ကြီးရင့်သော အရွယ်၌သာလျှင် သေကုန်၏ဟု ပြော၏။ အဆွေ ဓမ္မပါလ အသို့ပေနည်း၊ ပျိုမျစ်နုနယ် ငယ်ရွယ်စဉ်ကာလ မသေကြမူ၍ ကြီးရင့်သောအရွယ်သို့ကျမှ သေလွန်ရခြင်းသည် အသင်တို့၏ မိဘ ဘိုးဘေး အမျိုးအစဉ်အဆက် ပေလောဟု မေးကုန်သည်ရှိသော် ဪ- ဟုတ်မှန်ပေ၏။ ငါတို့၏ အမျိုးအစဉ်အဆက် ပေတည်းဟု ပြန်ကြားပြောဆိုသဖြင့် လုလင်တို့လည်း ဓမ္မပါလသတို့သား ပြောကြားချေတင် ထိုအစဉ်စကားကို ဒိသာပါမောက္ခဆရာကြီးအား ပြန်ကြားကြလေကုန်၏။

## ဒိသာပါမောက္ခ ဆရာကြီး၏ စုံးစမ်းချက်

ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးသည် ဓမ္မပါလ သတို့သားကိုခေါ်စေ၍ ချစ်သား ဓမ္မပါလ အသင်တို့၏ အမျိုး၌ ငယ်ရွယ်သော သတ္တဝါတို့ မသေကုန်ဟု အသင်ပြောကြားသော ဟူသည် ဟုတ်မှန်ပေသလောဟု မေးသဖြင့် အရှင်ဆရာမြတ် ဟုတ်မှန်ပါသည်ဟု ပြောကြားသောအခါ ဒိသာပါမောက္ခ ဆရာသည် ဓမ္မပါလသတို့သား၏ စကားကို ကြားလျှင် "ဤလုလင်သည် အလွန်လျှင် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသောစကားကို ဆို၏။ ဤသူငယ်ဓမ္မပါလ၏ ဖခင်ရင်းအထံသို့ လျင်မြန်စွာ သွားရောက် ထောက်လှမ်း မေးမြန်း၍ ထိုစကား ကေန် အကယ်၍ မှန်ဘိမူ ငါသည်တမူလည်း အသက်ရှည်ကြောင်း ကောင်းမြတ်သော တရားကိုသာလျှင် ကြုံးစားဖြည့်ကျင့်အံ့"ဟု ကြံပြီးမှ ထိုဒိသာပါမောက္ခဆရာသည် သေလွန်သွားသည့် သားတည်းဟူသော အကြောင်းကြောင့် ပြုကောင်းဖွယ်ရာကိစ္စ အလုံးစုံကို အကုန်ပြီးဆုံးအောင် ပြုပြီးသော် ခုနစ်ရက် ရှစ်ရက်ကိုလွန်သဖြင့် ဓမ္မပါလသတို့သားကို ခေါ်စေ၍ အမောင် ဓမ္မပါလ ငါဆရာသည် ကောင်းစွာ စုံးစမ်းချေဦးအံ့၊ ငါပြန်လာသည်တိုင်အောင် ဤများစွာသော တပည့်လုလင်တို့ကို သွန်သင်ပြသ ပို့ချသင်ကြားလေလော့ဟု

မှာထားပြောဆိုပြီးမှ တစ်ကောင်သော သိုး၏ အရိုးတို့ကို ကောက်ယူ၍ ဆေးကြောသုတ်သင် သန့်ရှင်းစေပြီးလျှင် ပြုပြင်သွင်းသိပ် အိတ်၌ ထည့်၍ တစ်ယောက်သော အလုပ်အကျွေးကို ခေါ်ယူပြီးလျှင် တက္ကသိုလ်ပြည်မှထွက်ခဲ့၍ အစဉ်အတိုင်း အားဖြင့် ယိုဓမ္မပါလရွာသို့ ရောက်သည်ရှိသော် မဟာဓမ္မပါလ ပုဏ္ဏားကြီး၏ နေရာအိမ်ကား အဘယ်မှာနည်းဟု မေးမြန်းလျှောက်သွားသဖြင့် အိမ်တံခါးဝသို့ ကျရောက်သောအခါ တန့်ရပ်နေ၏။

မဟာဓမ္မပါလပုဏ္ဏားကြီး၏ ကျွန်အမှုလုပ်သော သူတို့တွင် အကြင် အကြင်သို့သော သူသည် ရှေးဦးပထမ တွေ့မြင်ရ၍ ထိုရှေးဦးအစ တွေ့မြင်ရသော သူသည် ဒိသာပါမောက္ခဆရာ၏ လက်မှ ထီး ဖိနပ်ကို လှမ်းယူ၏။ အလုပ်အကျွေး ငယ်၏ လက်မှလည်းအိတ်ကို လှမ်းယူ၏။ အသင်၏ သားဖြစ်သော ဓမ္မပါလ သတို့သား၏ ဆရာကြီးသည် အိမ်တံခါး၌ တန့်ရပ်တည်နေသည်ဟု သတို့သား၏ ဖခင်အား ပြောကြား လိုက်ကုန်လော့ဟု ဆိုသည်ရှိသော် ကောင်းပါပြီဟု ဝန်ခံ၍ လျင်မြန်စွာ သွားရောက်ပြောကြားကုန်၏။

မဟာဓမ္မပါလ ပုဏ္ဏားကြီးသည် လျင်စွာသော အဟုန်ဖြင့် တံခါး၏အနီးသို့ သွားရောက်၍ ဤအရပ်မှ ချဉ်းကပ် ကြွလာပါလော့ဟု အိမ်၏ အတွင်းသို့ ဖိတ်မန်သွင်းခေါ်ပြီးလျှင် ပလ္လင်နေရာ၌ ထိုင်နေစေ၏။ အလုံးစုံသော ခြေဆေးခြင်းစသော ကိစ္စအမှုကို ပြုစုပေ၏။ ဒိသာပါမောက္ခ ဆရာသည် ခဲဖွယ် ဘောဇဉ် ပြုပြင်ကျွေးမွေးသည်ကို စားသောက်ပြီးမှ သုခကထာချမ်းသာသော စကား ပြောကြားနေထိုင်သောအခါ ပုဏ္ဏားကြီး အသင်၏သားဖြစ်သော ဓမ္မပါလ သတို့သားသည် ပညာရှိပေ၏။ ဗေဒင်သုံးပုံတို့ကို လည်းကောင်း၊ အတတ်တစ်ဆယ့်ရှစ်ရပ်တို့ကိုလည်းကောင်း၊ တစ်ဖက်ကမ်းရောက် တတ်မြောက် လိမ္မာပေ၏။ စင်စစ်မှာမူကား တစ်ခုသောအကြောင်း မကောင်းအချက် မချမ်းသာခြင်း အတွက်ကြောင့် အသက်ကုန်ခြင်းသို့ ရောက်ရလေပြီ၊ အလုံးစုံသော သင်္ခါရတရားတို့သည် မမြဲမမြံ ဖောက်ပြန် ပျက်စီးတတ်သော သဘောရှိချေ၏။ မစိုးရိမ် မကြောင့်ကြပါကုန်လင့်ဟု ပြော၏။

မဟာဓမ္မပါလ ပုဏ္ဏားကြီးသည် လက်ဝါးလက်ခုပ် ရိုက်ပုတ်ခတ်တီး သည်းစွာသော ရယ်ရှင်ခြင်းကို ရယ်ရှင်၏။ ပုဏ္ဏားကြီး အဘယ်ကြောင့် ရယ်ရှင်ဘိသနည်းဟု ဆိုသည်ရှိသော် အကျွန်ုပ်၏သားသည် မသေ တစ်စုံ တစ်ယောက်သော သူသည် သေသည်ဖြစ်ပါလိမ့်မည်ဟု ပြော၏ ပုဏ္ဏားကြီး အသင့်သား၏သာလျှင် သေလွန်ခြင်းသို့ ရောက်လေသည် အသင့်သား၏ အရိုးတို့ကို ငါတို့နှင့်ပြ တွေ့မြင်ရကုန်သည်ရှိသော် ယုံကြည်ကုန်လတ္တံ့လော့ဟု

ဆို၍ အရိုးတို့ကိုထုတ်ပြီးလျှင် ဤသည်ကား အသင့်သား၏ အရိုးတို့ပေတည်းဟု ပြော၏၊ မဟာဓမ္မပါလပုဏ္ဏားကြီးက အရှင်ဆရာကြီး ဤအရိုးတို့သည် သိုး၏လည်းကောင်း၊ ခွေး၏လည်းကောင်း အရိုးတို့ ဖြစ်ကုန်ပါလိမ့်မည်၊ အကျွန်ုပ်၏သားသည်ကား သေလွန်မည်မဟုတ်၊ ထိုစကားမှန်၏ အရှင်ဆရာကြီး အကျွန်ုပ်တို့၏ အမျိုး၌ အမျိုးခုနစ်ဆက်တိုင်တိုင် ငယ်ရွယ်သောအခါ၌ သေလွန်ဖူးသော မည်သည်မရှိ၊ အရှင်ဆရာကြီးသည် လိမ်လည်လှည့်ဖြား ချွတ်ယွင်းသောစကားကို ပြောကြားမြွက်ဆို၏ဟု တစ်ဖန်ပြောဆိုပြန်၏။

ထိုအခိုက်ခဏ အနီးအပါးရှိကုန်သော ကျွန်အမှုလုပ်စသော အလုံးစုံသောသူတို့သည်လည်း လက်ဝါး လက်ခုပ် ရိုက်ပုတ် ခတ်တီး၍ သည်းစွာ ရယ်ရွှင်ကြကုန်၏၊ ဒိသာပါမောက္ခဆရာသည် ထိုသို့သော အခြင်းအရာကို မြင်လျှင် ကြည်ရွှင်လျှမ်းမောက် ဝမ်းမြောက်ခြင်းသို့ ရောက်သည်ဖြစ်၍ ပုဏ္ဏားကြီး အသင်တို့၏ အမျိုးအဆက်၌ နှစ်သက်စဖွယ် လူသူငယ်တို့၏ မသေလွန်ရခြင်းသည်ကား အကြောင်းမရှိ ပကတိသက်သက်အားဖြင့်ဖြစ်ခြင်းငှာ မစွမ်းနိုင်လေရာ၊ အဘယ်အကြောင်းကြောင့် လူသူငယ်တို့သည် မသေလွန်ရလေသနည်းဟု မေးမြန်းလိုသောကြောင့် ဤဂါထာကိုရွတ်ဆို၏—

ကိံ တေ ဝတံ ကိံ ပန ဗြဟ္မစရိယံ၊
ကိဿ သုစိဏ္ဏဿ အယံ ဝိပါကော။
အက္ခာဟိ မေ ဗြာဟ္မဏ ဧတမတ္ထံ၊
ကသ္မာ နု တုမှံ ဒဟရာ န မိယျရေ။

အို-အဆွေပုဏ္ဏားကြီး အဆွေဖြစ်သော အသင်သည် ဆောက်တည်အားထုတ်ဆည်းပူးကုတ်၍ ပြုလုပ်ကျင့်ကြံအပ်သော အသက်ရှည်ခြင်း၏ အကြောင်းကောင်းမြတ်သော အကျင့်သည်ကား အဘယ်သို့ပေနည်း၊ အဘယ်ကဲ့သို့သော အကျင့်စာရိတ္တ ဗြဟ္မစရိယကို ပြုကျင့်အားထုတ်ပါသနည်း။ ဤအသက်ရှည်ကြာမှု သေလွန်ရသော အကျိုးသည်ကား အဘယ်မပြတ် အဖန်ဖန် ကျင့်ကြံအားထုတ်အပ်သော ကောင်းသောအကျင့်၏ အကျိုးဆက်ပေနည်း။ ဓမ္မပါလသတို့သား၏ ဖခင်ဖြစ်သော ပုဏ္ဏားကြီး ဤသို့ အသက်ရှည်ခြင်း၏အကြောင်းကောင်းသောအကျင့်ကို ခရီးယူဇနာ ဝေးကွာဒေသ ဂန္ဓာလတိုင်း တက္ကသိုလ်ပြည်မှ ရောက်လာ၍ မေးအပ်သော ငါ့အား ဟုတ်တိုင်းမချန် ပြန်လှန်ဖြေကြားလိုက်ပါလော့၊ အဘယ်သို့သော အကြောင်းဝိသေသ ထင်ရှားလှ၍ သင်တို့၏ မျိုးဘနွယ်ရိုး ဆွေမျိုးစဉ်ဆက်၌ အသက်အရွယ် ငယ်သောသူတို့သည် စုတိပြောင်းကြွေ မသေလွန်ပါကုန်သနည်းဟု မေး၏။

## တရားစောင့်က ငယ်ရွယ်စဉ်မသေနိုင်

ကိုသို့ မေးအပ်သော စကားကို ကြား၍ မဟာဓမ္မပါလ ပုဏ္ဏားကြီးသည် အကြင်သို့သော ဂုဏ်ကျေးဇူး၏ အာနုဘော်အစွမ်းဖြင့် ရှင်လန်းတိုးပွား မိမိတို့ ထိုအမျိုး၌ လူသူငယ်တို့သည် သေလွန်ခြင်း မရှိကြကုန်။ ထိုအကျိုးဂုဏ်အင် အာနိသင်ရှိသော ကောင်းမြတ်သော သဘာဝမေ့ကို ညွှန်ပြချီးမွမ်းလိုသော ကြောင့် ရှေးဦးစွာသော ဤဂါထာကိုရွတ်၏–

မ္မဥ္စရာမ န မုသာ ဘဏာမ၊
ပါပါနိ ကမ္မာနိ ပရိဝဇ္ဇယာမ။
အနရိယံ ပရိဝဇ္ဇေမ သဗ္ဗံ၊
တသ္မာဟိ အမှံ ဒဟရာ န မိယျရေ။

သားငယ်ဖြစ်သော ဓမ္မပါလ၏ဆရာ... ငါတို့သည် ကုသိုလ်အပြား ကမ္မပထ တရားဆယ်ပါးကို မသွေမထောင့် ဖြောင့်ဖြောင့်ကြီး ကျင့်ကြပါကုန်၏။ ချွတ်သွင်းသော စကားကို မပြောကြား မမြွက်ဆိုကုန်။ ယုတ်မာညစ်ကျူ မကောင်းမှုတို့ကို ဖယ်လွဲ ကြဉ်ရှောင်ကုန်၏။ ကြွင်းမဲ့ဥဿုံ အလုံးစုံသော သူတော်မဟုတ် သူယုတ်တို့၏ အကျင့်ကို ဖယ်လွဲ ကြဉ်ရှောင်ကုန်၏။ ထိုသို့ ဖယ်လွှဲကြဉ်ရှောင်ကြသောကြောင့်သာလျှင် ငါတို့၏ မိဘနှစ်သွယ် ဆက်လှယ် ဖွားတိုး နွယ်အမျိုး၌ လူသူငယ်တို့သည် မသေလွန်ကြကုန်ဟု ပြန်ကြား ပြောဆိုပြီးမှ အကြောင်းတဖန် တိုးတက်၍ ပြလိုပြန်သောကြောင့် ဤဂါထာကို ရွတ်၏။

သုဏောမ ဓမ္မံ အသတံ သတဥ္စ၊
န တာပိ ဓမ္မံ အသတံ ရောစယာမ။
ဟိတွာ အသန္တေ န ဇဟာမ သန္တေ၊
တသ္မာဟိ အမှံ ဒဟရာ န မိယျရေ။

သားငယ် ဓမ္မပါလ၏ ဆရာ–ငါတို့သည် မသူတော်တို့၏ တရားကို လည်း ကောင်း၊ သူတော်ကောင်းတို့၏ တရားကိုလည်းကောင်း နားထောင်ပါကုန်၏။ သူတော် သူယုတ် နှစ်ခုချုပ်၍ မဟုတ် ဟုတ်ရာ နာကုန်ပါသော်လည်း သူတော် မဟုတ် သူယုတ်တို့၏တရားကို သဘောမှတ်ပိုက်ဂရုစိုက်၍ မနှစ်ခြိုက်ကုန်။သူယုတ် တို့ကိုစွန့်၍ သူတော် သူမြတ်တို့ကို တစ်ရံတစ်ဆစ်မျှ မစွန့်ပစ်ကြကုန်။ ထိုသို့ ယုတ်မာသော သူတို့၏တရားကို စွန့်ပစ် ပယ်ထား သူတော်ကောင်းတို့၏ တရားကို မှတ်သား ဆည်းကပ်သောကြောင့်သာလျှင် ငါတို့၏ ဖမိနှစ်သွယ် ဆက်လှယ်

ပွားတိုး နွယ်အမျိုး၌ လူသူငယ်တို့သည် မသေလွန်ကုန် သတည်းဟု ပြန်ကြားပြောဆို၏။ ဤသို့ မှီဝဲအပ်သော ဥပနိဿယဖြင့် ခယအထူး ဆည်းပူးအပ်ကောင်း အသက်ရှည်ခြင်း၏ အကြောင်းကို ပြုပြီးမှ ထိုထက်တစ်ဖန်ပြုရန် ပြုကောင်း အသက်ရှည်ခြင်း၏ အကြောင်းကို ပြပြန်လိုသောကြောင့် ဤဂါထာကို ရွတ်ဆိုပြန်၏-

သမဏေ မယံ ဗြာဟ္မဏေ အဒ္ဓိကေစ၊
ဝဏိဗ္ဗကေ ယာစနကေ ဒလိဒ္ဒေ။
အန္နေန ပါနေန အဘိတပ္ပယာမ၊
တသ္မာဟိ အမှံ ဒဟရာ န မိယျရေ-

သားငယ်ဓမ္မပါလ၏ဆရာ ကိလေသာရန် ပူပန်ခပ်သိမ်း ငြိမ်းကုန်ပြီးသော ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကိုလည်းကောင်း၊ မကောင်းမှုမှ ကင်းစင်ပသော ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကိုလည်းကောင်း၊ ဝေးရပ် ဝေးရွာ သွားလာသော ခရီးသွားတို့ကိုလည်းကောင်း၊ သာယာချောင် သီချင်းသံဖြင့် တောင်းခံလာသောသူ၊ သာမညသာ တောင်းခံလာသော သူတို့ကိုလည်းကောင်း၊ ဆင်းရဲငြိုငြင် ပင်ပန်းသော သူတို့ကိုလည်းကောင်း ထမင်းအဖျော်ဖြင့် သဒ္ဓါဖြောင့်မှန်း လှူဒါန်းလုပ်ကျွေးပါကုန်၏။ ထိုသို့လာလာသမျှ ဒက္ခိဏေယျ ထိုထို အလှူခံပုဂ္ဂိုလ်တို့ကို ကြည်ညိုသဒ္ဓါ ကောင်းစွာလုပ်ကျွေး ပေးကမ်းလှူဒါန်းခြင်းကြောင့်သာလျှင် ငါတို့၏ မိဖနှစ်သွယ် ဆက်လှယ်ပွားတိုး နွယ်အမျိုး၌ ပျိုမျစ်နုနယ် လူသူငယ်တို့သည် မသေလွန်ကုန်ဟု ပြန်ကြားပြောဆိုပြီးမှ ဒါနပြုသောအခါဝယ် စေတနာသုံးတန် ကြွင်းကျန် ပျက်ကွက်ခြင်းမရှိ အတိသဒ္ဓါဖြင့် ကောင်းစွာပြည့်စုံ ညီညွတ်သည်ကို ပြလိုပြန်သောကြောင့် ဤဂါထာကို ရွတ်ဆိုပြန်၏-

ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ၊
ဒဒံပိ စ အတ္တမနာ ဘဝါမ။
ဒတွာပိ စ နာနုတပ္ပါမ ပစ္ဆာ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ-

သားငယ်ဖြစ်သော ဓမ္မပါလ၏ဆရာ ငါတို့သည် ယခင်ပြုအပ်ခဲ့ပြီးသော အလှူခံထိုထို ပုဂ္ဂိုလ်များကို သနားပေးကမ်း လှူဒါန်းကြကုန်သော်လည်း မလှူမီကာလ ရှေးအဖို့ ပုဗ္ဗစေတနာကလည်း နှစ်လိုဝမ်းသာကုန်၏။ အလှူခံ၏ လက်ထဲသို့ ထည့်ဆဲခဏ အလယ်ဖြစ်သော မုဉ္စစေတနာ၌လည်း သဒ္ဓါတရား တက်ပွားကြည်ညို နှစ်လိုဝမ်းသာကုန်၏။ လှူဒါန်းပေးကမ်းပြီးသည်မှ နောက်အဖို့ဟု ဆိုအပ်သော အပရစေတနာ၌လည်း သဒ္ဓါတရားအမြဲထား၍ တိုးပွား

ခါခါ ဝမ်းသာကြည်ညို နှစ်လိုကုန်၏။ ထိုသို့ မလှူမီ ရှေးအဖို့ဖြစ်သော ပုဗ္ဗစေတနာ လှူဆဲဖြစ်သော မုဉ္စစေတနာ လှူပြီးသည်မှ နောက်ကာလဖြစ်သော အပရစေတနာအားဖြင့် စေတနာသုံးချက်တို့ကို ပျက်ကွက် ချွတ်ယွင်းစေခြင်းမရှိ အတိပသန္န ပေးလှူသည်အရကြောင့်သာလျှင် ဖမိနှစ်ပါးတို့မှ ပွားယှက်ကြီးကျယ် အမျိုးအနွယ်၌ ယယ်ရွယ်သော သူတို့သည် သေလွန်ခြင်း မရှိကုန်သတည်းဟု ဒါနတည်းဟူသော အကြောင်း ကောင်းစွာအားထုတ် ဆည်းပူးကုတ်၍ ပြုလုပ်သည့်အတွက်ကြောင့် အသက်တာရှည် တည်နေရသည်ကို ပြပြီး၍ ထိုမှတစ်ပါးလည်းဖြစ်သော အသက်တာရှည် တည်နေရခြင်း၏ အကြောင်းကို ကောင်းစွာပြလိုပြန်သောကြောင့် ဤဂါထာကို ရွတ်ဆိုပြန်၏—

ပါဏာတိပါတာ ဝိရမာမ သဗ္ဗေ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယာမ။
အမဇ္ဇပါ နောပိ မုသာ ဘဏာမ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

သားယယ်ဖြစ်သော ဓမ္မပါလ၏ဆရာ ငါတို့တစ်စု၊ ယခု ဤအမျိုးတို့သည် သူတစ်ပါး၏အသက်ကို ပယ်ဖျက်သတ်ချခြင်းမှ ကြဉ်ရှောင်ကြကုန်၏။ အလုံးစုံသော ငါတို့သည် လောက၌ သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်ကြကုန်၏။ အရက်တို့ကို သောက်စားခြင်းမှလည်း ကြဉ်ရှောင်ကြကုန်၏။ မဟုတ်မမှန် လိမ်လည်လှည့်ဖြား စကားကို ရယ်မြူးလို၍မျှလည်း ပြောဆိုခြင်းမှ ကြဉ်ရှောင်ကြကုန်၏။ ထိုသို့ ပါဏာတိပါတ, အဒိန္နာဒါန, မုသာဝါဒ, သုရာမေရယတို့မှ အပဝေးစွာ ပယ်ရှောင်ခွါသောကြောင့်သာလျှင် ငါတို့၏ အမျိုးအနွယ်၌ လူသူငယ်တို့သည် သေကွယ်ပြောင်းလွန်ခြင်းမရှိဟု လေးပါးသော သီလသိက္ခာပုဒ်စောင့်ချုပ် လုံခြုံသည်ကို ပြပြီးလျှင် သူတစ်ပါးတို့၏ မယားချစ်လင်တို့၌ ဖြစ်တင်လွန်ကျူးတတ်သော ကာမေသုမိစ္ဆာစာရမှလည်း ကြဉ်ရှောင်သည်၏ အဖြစ်ကို ပြပြန်လိုသောကြောင့် ဤဂါထာကို ရွတ်ဆိုပြန်၏—

မယဉ္စ ဘရိယံ နာတိက္ကမာမ၊
အမှေ စ ဘရိယာ နာတိက္ကမန္တိ။
အညတြ တာဟိ ဗြဟ္မစရိယံ စရာမ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

သားယယ်ဖြစ်သော ဓမ္မပါလ၏ဆရာ၊ ငါတို့သည် မိမိအိမ်ရှင် မယားမှတစ်ပါး အခြားဖြစ်သော မိန်းမတို့၌ လွန်ကျူးသွားလာခြင်း မရှိကြကုန်။ ငါတို့၏ အိမ်ရှင်ဖြစ်သော ခင်ပွန်းမယားတို့သည်လည်း မိမိတို့၏ ယောကျ်ားမှတစ်ပါး အခြား

ဖြစ်သော ယောကျ်ားတို့နှင့် သွားလာပျော်မြူး လွန်ကျူးခြင်းမရှိကြ။ သူတစ်ပါး၏ ခင်ပွန်းလင်မယားတို့မှ ကြဉ်ရှောင်ကြ၍ ဗြဟ္မစရိယအကျင့်ကို ပြုကျင့်အားထုတ်လေ့ ရှိကြကုန်၏။ ထိုသို့ ဗြဟ္မစရိယအမှုကို ပြုကျင့်စောင့်ရှောက်ခြင်းကြောင့်သာလျှင် ငါတို့၏အမျိုး၌ ငယ်ရွယ်သောသူတို့သည် သေလွန်ခြင်း မရှိလေကုန်သတည်းဟု ငါးပါးသော သီလ၌ ကာမေသုမိစ္ဆာစာရကို အသီးထုတ်နုတ်၍ ပြပြီးမှ ယင်းသို့ ကာမေသုမိစ္ဆာစာရ ဝေးစွာကြဉ်ရှောင် ရှက်ဆောင်စင်ကြယ်သော ခင်ပွန်းမတို့အား သားသမီးတို့သည် ဖွားမြင်ရရှိခဲ့သည်ရှိသော် ပညာသတိ ရှေးရှိသောအား သားသမီးကောင်းတို့သာ ဖွားမြင် ရရှိကြကုန်သည်ဟု ပြပြန်လိုသောကြောင့် ဤဂါထာကို ရွတ်ဆို၏–

တောသု ဝေ ဇာယရေ သုတ္တမာသု၊
မေဓာဝိနော ဟောန္တိ ပဟူတပညာ၊
ဗဟုဿုတာ ဝေဒဂုနော စ ဟောန္တိ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

သားငယ်ဖြစ်သော ဓမ္မပါလ၏ဆရာ ယခင် ပြအပ်ခဲ့ပြီးသော သိက္ခာငါးပါးတို့မှ မြဲစွာကြဉ်ရှောင် စောင့်ရှောက်သဖြင့် ကောင်းသော အကျင့်အာစာရ သီလရှိကုန်သော ထိုမိန်းမတို့အား ထိုသားသမီးတို့သည် ဖွားမြင်လာရကုန်သည်ရှိသော်။ ဝရဇိန်စက်ကဲ့သို့ ထက်မြက် လျင်မြန်သော ဉာဏ်ပညာ၊ အမှုခပ်သိမ်းဟူသမျှ၌ တစ်ခုမျှမကျန် ကြံဖန် ဖုံးလွှမ်းစွမ်းနိုင်သောပညာတို့သည် ရှိကုန်၏။ အမှတ်အသား ပွားများလေ့ကျက် ဆောင်ရွက်ထင်ရှား များသောအကြားအမြင်လည်း ရှိကုန်၏။ တစ်ခဲနက်သော ကျောက်သားဖြင့် စိုက်ထားသော ကျောက်တိုင်သည် ရှစ်စိုင်သော မျက်နှာတို့မှ တိုက်ချလာသော လေအဟုန်တို့ဖြင့် တုန်လှုပ်ခြင်းမရှိ ပကတိခိုင်ကြံ့ တည်တံ့ဘိသကဲ့သို့ မြဲမြံခိုင်ခံ့ တည်တံ့သော သီလ စသော ဂုဏ်လည်းရှိကုန်၏။ ယိုသို့ ထက်မြက် လျင်မြန်သော ပညာရှိခြင်း၊ အရာခပ်သိမ်း၌ စွမ်းနိုင်သော ပညာရှိခြင်း၊ များသော အကြားအမြင်ရှိခြင်း၊ မြဲမြံခိုင်ခံ့သော သီလ စသော ဂုဏ်ရှိခြင်း စသော အကြောင်းကြောင့်သာလျှင် ငါတို့နေရာ ဓမ္မပါလအမည်ရသောရွာဝယ် နှစ်ဖြာဖမိ၊ ပါးဘိနွယ်ရိုး၊ ငါတို့အမျိုး၌၊ သတို့သားငယ် အရွယ်နုပျိုသော သူဟူသမျှတို့သည် မသေလွန်ကြလေသတည်းဟု သားသမီးတို့သည် ပညာသမာဓိ ထင်ရှားရှိသဖြင့် ပစ္စက္ခဘဝအကြောင်း ကောင်းမြတ်သောအကျင့် အားထုတ်သည်ကို ပြပြီး၍ နောင်ဘဝအကြောင်းကိုလည်း ကောင်းစွာအားထုတ် ဆည်းပူးကုတ်၍ ပြုလုပ်ကြလေသတည်းဟု ပြလိုပြန်သောကြောင့် ဤဂါထာကို ရွတ်ဆိုပြန်၏–

မာတာ ပိတာ စ ဘဂိနီ ဉာတယော စ၊
ပုတ္တာ စ ဒါရာ စ မယဥ္စ သဗ္ဗေ။
ဓမ္မံ စရာမ ပရလောကဟေတု၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

သားငယ်ဖြစ်သော ဓမ္မပါလ၏ဆရာ....ငါတို့၏အမျိုး၌ မိခင်ဖခင်တို့သည်လည်းကောင်း၊ နှမသားချင်း နောင်ရင်း ညီငယ်တို့သည်လည်းကောင်း၊ သားသမီး မယား အိမ်ရှင်တို့သည်လည်းကောင်း၊ ငါတို့သည်လည်းကောင်း နောင်ဘဝ၌ ဒုက္ခပြင်းထန် ပူပန်ဆင်းရဲ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးဘုံတို့၌ တွေ့ဆုံကျရောက်မည်ကို အလွန်ကြောက်ရွံ့လှသည်ဖြစ်၍ ဒုစရိုက်ဆယ်ပါး မသူတော်တို့၏တရားကို ပယ်ရှားဖြတ်တောက် စွန့်ပစ်လျက် အနှစ်ရသာ ဩဇာနက်ပြည့် ထင်ရှားရှိသော ကုသိုလ်ကမ္မပထ တရားကိုသာလျှင် ကြိုးစားအားထုတ် ဆည်းပူးကုတ်၍ ပြုလုပ်ကျင့်ကြံလေ့ ရှိကြကုန်၏။ ထိုသို့ အကုသိုလ်တရားတို့ကို ပယ်ရှားဖြတ်တောက် ပြီးသောအခါ ကုသိုလ်တရားကို ကြိုးစားအားထုတ် ကျင့်ကြံခြင်းကြောင့်သာလျှင် ငါတို့၏အမျိုးအနွယ်၌ ငယ်ရွယ်သောသူတို့သည် သေလွန်ခြင်းမရှိလေသတည်းဟု အမိအဖ စသည်မကင်း ဆွေမျိုးရင်းတို့ အားထုတ်ခြင်းကိစ္စကို ဖော်ပြပြောဆိုပြီးမှ ထိုထက်အလွန် ပြည့်နှံဖော်ထုတ် အယုတ်အားဖြင့် ကျွန်အမှုလုပ် စသည်တို့ပင်သော်လည်း နောင်ဘဝအကြောင်း ကောင်းမှုကို အားထုတ်ကြသည်ဟု ပြပြန်လိုသောကြောင့် ဤဂါထာကို ရွတ်ဆိုပြန်၏—

ဒါသာ စ ဒါသျော အနုဇီဝိနော စ၊ ပရိစာရကာ ကမ္မကရာ စ သဗ္ဗေ။
ဓမ္မံ စရန္တိ ပရလောကဟေတု၊ တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

သားငယ်ဖြစ်သော ဓမ္မပါလ၏ဆရာ ငါတို့၏ မိဖနှစ်သွယ် ဆက်လှယ်ပွါးတိုးနွယ်အမျိုး၌ ကျွန်ယောကျ်ားတို့သည် လည်းကောင်း၊ ကျွန်မိန်းမတို့သည်လည်းကောင်း၊ မှီ၍ အသက်မွေးလေ့ရှိသော သူတို့သည်လည်းကောင်း၊ အလုပ်အကျွေးတို့သည်လည်းကောင်း၊ အမှုလုပ်တို့သည်လည်းကောင်း ပြဆိုခဲ့ပြီးသော အလုံးစုံသောသူတို့သည် တမလွန်ပြောင်းကြွ နောက်နောင်သောဘဝတို့၌ ဆင်းရဲရမည်မှ ကြောက်သောကြောင့် မဖောက်မပြန် ဆယ်တန်သောကောင်းမှုကုသိုလ်တရားကို အားထုတ်ကျင့်သုံးကြပေကုန်၏။

## တရားကျင့်သူကို တရားကပြန်၍စောင့်ခြင်း

ထိုသို့ ဆယ်ပါးသော ကုသိုလ်တရားကို အားထုတ်ကျင့်သုံးခြင်းကြောင့် သာလျှင် ငါတို့၏အမျိုး၌ နှမ်းညိုးစဖွယ် ငယ်ရွယ်ပျိုနုစဉ်ကာလက သေလွန်ခြင်း မရှိကြလေကုန်ဟု ပြန်ကြားပြောဆိုပြီးမှ တရားကို ကျင့်လေ့ရှိကုန်သော သူတို့၏ ဂုဏ်ကျေးဇူးအထူးကို ပြောကြားပေ၏။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
သောနိသံသော ဓမ္မေ သုစိဏ္ဏေ၊ န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။
ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊ ဆတ္တံ မဟန္တံ ဝိယ ဝဿကာလေ။
ဓမ္မေန ဂုတ္တော မမ ဓမ္မပါလော၊ အညဿ အဋ္ဌီနိ သုခီ ကုမာရော။

သားငယ်ဖြစ်သော ဓမ္မပါလ၏ဆရာ ကုသိုလ်ဆယ်ပါးတရားကို ကျင့်လေ့ရှိသောသူကို ကုသိုလ်ဆယ်ပါး မြတ်တရားသည် စင်စစ်သဖြင့် စောင့်ရှောက်နိစ္စ မတော်မူတတ်၏။ မပြတ်ခါခါ ကောင်းစွာလေ့ကျင့်အပ်သော ကုသိုလ်ဆယ်ပါး မြတ်တရားသည် ကိုယ်စိတ်နှစ်ဖြာ မြတ်ချမ်းသာကို ရွက်ဆောင်တတ်၏။ ကုသိုလ်ဆယ်ပါး မြတ်တရားကို ကြိုးစား ကျင့်ကြံလေ့ရှိသူသည် မကောင်းသောသူတို့၏ လားရာဖြစ်သော အပါယ်လေးဝ ဒုဂ္ဂတိဘဝသို့မလားမကပ်ရာ။ ဤသို့ အပါယ်လေးရပ်သို့ မလားမကပ် နတ်ရပ်သုဂတိ၌သာ ကျင်လည် ခံစားခြင်းအကျိုးသည် ကောင်းစွာ လေ့ကျက်အပ်သော ကုသိုလ်ဆယ်ပါး တရားတော်၏ အကျိုးဆက်ဂုဏ်အင် အာနိသင်ပေတည်း။

သားငယ်ဖြစ်သော ဓမ္မပါလ၏ဆရာ ရှစ်မျက်နှာလုံး ပိတ်ဖုံးသည်းစွာ မိုးကြီးရွာသောအခါ၌ ကိုင်ဆောင်အပ်သော ကြီးစွာသော ထီးသည် မိုးရေ စိုစွတ်ခြင်းမှ စောင့်ရှောက်လေသကဲ့သို့ ပမာနှိုင်းယူ ဤအတူသာလျှင် တရားကို ကျင့်လေ့ရှိသောသူကို ကုသိုလ်ဆယ်ပါး မြတ်တရားသည် စင်စစ်ကေန် အမှန် မလွဲသဖြင့် စောင့်ရှောက်ပေ၏။ ဒိသာပါမောက္ခဆရာ ကုသိုလ်ဆယ်ပါး မြတ်တရားသည် စောင့်ရှောက်လုံခြုံစေအပ်သော သတို့သားဖြစ်သော ဓမ္မပါလ သည် ချမ်းသာစွာ ရှိပေ၏။ သင်ဆရာသည် ဆောင်ယူခဲ့သော အရိုးတို့သည် သိုး ခွေး စသော သတ္တဝါများတို့တွင် တစ်ပါးတစ်ဦးသောသူ၏ အရိုးတို့သည် ဖြစ်ပါကုန်လတ္တံ့သည်သာတည်းဟု ပြန်ကြားပြောဆိုသော အခါ ဒိသာပါမောက္ခ ဆရာသည် ထိုအခြင်းအရာ အကုန် အလုံးစုံသော စကားကိုကြားသိသည်ရှိသော် ငါ၏ လာခြင်းသည် အလျဉ်းပြီးစီး အကျိုးကြီးလှပေ၏။ အချည်းနှီး အကျိုးမဲ့

မဟုတ်ချေတကားဟု ပွားများတက်သစ် ဖြစ်သော 'ဝမ်းမြောက်ခြင်းရှိသည် ဖြစ်၍ ဓမ္မပါလ သတို့သား၏ ဖခင်ပုဏ္ဏားကြီးကို သည်းခံစေပြီးလျှင် ငါသည် ဤအရပ်သို့ လာရောက်သဖြင့် အသင်တို့အား စုံစမ်းခြင်း အကျိုးငှာ ဤသိုး၏ အရိုးတို့ကို သယ်ပိုးရွက်ဆောင် ယူလာခဲ့ကုန်၏။ အသင်၏ သားဖြစ်သော ဓမ္မပါလ သတို့သားသည် နာဖျားမကျန်း ဘေးဘျမ်းမရှိ မငြိမတွယ် စင်ကြယ် သန့်ရှင်း ရောဂါကင်းပါပေ၏။ အသင်တို့ စောင့်ရှောက်အပ်သော တရားကို ငါ့အားလည်း ပေးပါကုန်လော့ဟု ပြောဆိုတောင်းပန် ကျင့်ရန်ဖြစ်သော တရား အသီးသီးကို ကမ္ပည်းစာ၌ ရေးတင်လျက် နှစ်ရက်သုံးရက်မျှ နေပြီးသောအခါ တက္ကသိုလ်ပြည်သို့ ပြန်သွား၍ ဓမ္မပါလသတို့သားအား အလုံးစုံသော အတတ် တို့ကို သင်ယူစေပြီးမှ ကြီးကျယ်များမြတ်သော အခြံအရံနှင့်တကွ ပြန်သွားရန် စေလွှတ်လိုက်၏။

### ဇာတ်တော်ကို ပေါင်းခြင်း

ဤသို့လျှင် ဘုရားရှင် ကိုယ်တော်မြတ်က ခမည်းတော်မင်းကြီး ထိုအခါ ပါရမီနုစဉ်ကပင် အရိုးတို့ကို ပြလျက် အသင်၏သား သေလွန်ကြောင်းနှင့် ဖြားယောင်း လှည့်ပတ် အထပ်ထပ် ပြောဆိုသည်ကိုသော်လည်း ယုံကြည်ခြင်း မရှိဘဲလျက် ယခုအခါ ပါရမီရင့်သန် အချိန်တန်သောဘဝ၌ ဒိဋ္ဌမျက်မြင် မဟုတ်လျှင်ဘဲ သုတစကားပြောသည် ကြားနာရကာမျှဖြင့် အဘယ်မှာလျှင် ယုံကြည်ခြင်း ရှိနိုင်ပါအံ့နည်းဟု မိန့်ဟောတော်မူပြီးမှ ဇာတ်တော်ကို ပေါင်းတော်မူ၏။

ခမည်းတော် ဒါယကာမင်းကြီး ထိုအခါက ဓမ္မပါလသတို့သား၏ ဆရာ ဖြစ်သော ဒိသာပါမောက္ခဆရာသည် ယခုအခါ ငါဘုရား၏သားတော် လကျ်ာရံ ဋ္ဌာနန္တရ အဂ္ဂသာဝက သာရိပုတ္တရာ ဖြစ်လာ၏။ ထိုအခါ ဓမ္မပါလ ရွာသား သတို့သား၏ ဖခင်ဖြစ်သော မဟာဓမ္မပါလပုဏ္ဏားကြီးသည် ယခုအခါ ခမည်း တော် ဒါယကာမင်းကြီး ဖြစ်လာ၏။ ထိုအခါ များစွာသောပရိသတ်လူအပေါင်း တို့သည် ယခုအခါ ငါဘုရား၏ ပရိသတ် ဖြစ်လာကုန်၏။ ထိုအခါက ဓမ္မပါလ သတို့သားသည် ယခုအခါ ငါဘုရား ဖြစ်လာသတည်းဟု ဇာတ်တော်ကို ပေါင်းတော်မူ၍ မဟာဓမ္မပါလဇာတ်ကို ဟောတော်မူသည်ရှိသော် ဒေသနာ တော်၏ အဆုံး၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌ တည်လေ၏။

ဤသို့သော အစဉ်အားဖြင့် ဘုရားရှင်ကိုယ်တော်မြတ်သည် ခမည်းတော် မင်းတရားကို သုံးပါးသောမဂ်ဖိုလ်တို့၌ တည်စေတော်မူပြီး၍ ရဟန်းတော် အပေါင်း ခြံရံလျက် တစ်ဖန် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူ၍ ထိုရာဇဂြိုဟ်

ပြည်မှ အနာထပိဏ်သေဋ္ဌေးကြီးသည် သာဝတ္ထိပြည်သို့ ကြွလာအံ့သောငှာ ယူအပ်ပြီးသော ပဋိညာဉ် ရှိသည့်ဖြစ်၍ ဇေတဝန်ကျောင်းတော်သည် ပြုစုစီရင်၍ ပြီးသည်ရှိသော် မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် သို့ ကြွတော်မူ၍ သီတင်းသုံး စံနေတော်မူ၏။

## ညီတော် အရှင်နန္ဒသည် ဇနပဒကလျာဏီကို စွဲလမ်းနေခြင်း

ဤသို့ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံနေတော်မူသည်ရှိသော် အရှင်နန္ဒသည် ငြီးငွေ့၍ ရဟန်းအပေါင်းတို့ အား ငါ့ရှင်တို့....ငါသည် မြတ်သောအကျင့်ကို မမွေ့လျော်ဘဲ ကျင့်နေရ၏။ ငါသည် မြတ်သောအကျင့်ကို ကျင့်ကြံအားထုတ်နေခြင်းငှာ မစွမ်းနိုင်ချေ။ သိက္ခာကို စွန့်ပစ်ပယ်ချ လူအဖြစ်ဖြင့်သာ နေတော့အံ့ဟု ပြောကြား၏။

ထိုသို့ ညီတော်နန္ဒမထေရ် ပြောဆိုသောအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူ၍ ညီတော် နန္ဒမထေရ်ကို ခေါ်စေတော်မူပြီးလျှင် ငါ့ညီနန္ဒ အသင်သည် များစွာကုန်သော ရဟန်းတို့အား ငါ့ရှင်တို့ ငါသည် မမွေ့လျော် မပျော်ပိုက်ဘဲ မြတ်သောအကျင့်ကို ကျင့်နေရချေသည်။ ယခုအခါ ငါသည် မြတ်သောအကျင့်ကို ကျင့်ကြံအားထုတ်ခြင်းငှာ မစွမ်းနိုင်ချေ။ ရဟန်းသိက္ခာ ပယ်ချစွန့်လျက် လူထွက်၍ပင် နေတော့အံ့ဟု ပြောကြားသော ဟူသည် ဟုတ်မှန် ပေသလောဟု မေးတော်မူလျှင် ဤသို့ကေန် ဟုတ်မှန်ပါကြောင်းနှင့် ညီတော် နန္ဒမထေရ်က ဝန်ခံ လျှောက်ထားသော် ငါ့ညီနန္ဒ အသင်သည် အဘယ့်ကြောင့် မမွေ့လျော်ဘဲ မြတ်သောအကျင့်ကို ကျင့်၍နေဘိသနည်း။ အဘယ့်ကြောင့် မြတ်သောအကျင့်၌ ကျင့်ကြံ အားထုတ်နေခြင်းငှာ မစွမ်းနိုင်လေသနည်း။ အဘယ့်ကြောင့် ရဟန်းသိက္ခာ ပယ်စွန့်ခွာ၍ လူထွက်နေခြင်းငှာ အလိုရှိပါ သနည်းဟု မေးတော်မူသော် ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာ ဘုရား သာကီဝင်မင်းသမီးဖြစ်သော နှမတော် "ဇနပဒကလျာဏီ" သည် ဖြေရှင်း သန့်စင် ကိုင်ငင်ဖြန့်လျက် ထက်ဝက်မျှ ဖြီးအပ်သော ဆံပင်တို့ဖြင့် အိမ်တော်မှ ထွက်လာသော ညီတော်ကို ကြည့်ရှုပြီးသောအခါ "တုဝဋ္ဋ ခေါ အယျပုတ္တ အာဂစ္ဆေယျာသိ" ဟူသော စကားတို့ဖြင့် အရှင်ကောင်းသား မောင်တော်ဘုရား ရှောင်တခင်အမြန် ပြန်လည်တော်မူခဲ့ပါလေဟု မှာထားလိုက် ပါသည်။ ယင်းသို့ နှမတော် မှာလိုက်သောစကားကို ညီတော်သည် အဖန်တလဲလဲ အမြဲစေ့စေ့ ကြံအောက်မေ့သောကြောင့် သာသနာတော်၌ မပျော်မွေ့ဘဲ လူထွက်လိုသောဆန္ဒရှိပါသည်ဟု နန္ဒမထေရ်က လျှောက်ထား၏။

## ညီတော်အရှင်နန္ဒကို တာဝတိံသာနတ်ပြည်သို့ ခေါ်ခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်နန္ဒကို လက်မောင်း၌ ကိုင်ငင်ဆွဲယူလျက် တန်ခိုးတော်အစွမ်းဖြင့် အထက် တာဝတိံသာနတ်ရွာသို့ ခေါ်ဆောင်တော်မူ၍ လမ်းခရီးအကြား မီးလောင်သော လယ်ပြင်တစ်ခုဝယ် မီးလောင်သော သစ်ငုတ်ထက်၌ ထိုင်နေသော ပြတ်သော နား, နှာခေါင်း, အမြီးရှိသော မျောက်အိုမတစ်ကောင်ကို ပြတော်မူပြီးသော် တာဝတိံသာ နတ်ပြည်၌ သိကြားနတ်မင်းအား ခစားလုပ်ကျွေးခြင်းငှာ လာကုန်သော ခိုခြေအဆင်းရှိကုန်သော အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာ ညီစွာသန့်သစ် အပြစ်လွတ်ကင်းသော နတ်သမီးငါးရာတို့ကို ပြတော်မူ၏။

[ခိုခြေ၏အဆင်းကဲ့သို့သောအဆင်းရှိသည်ဟူသည်ကား နီမြန်းသော အဆင်းရှိသောကြောင့် ခိုခြေ၏အဆင်းနှင့် တူကုန်သည်ဟု ဆိုလိုသည်ဟု ရင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။]

ဤသို့ သိကြားနတ်မင်းထံ ခစားရန်လာ[illegible]သော နတ်သမီးငါးရာတို့ကို ညွှန်ပြတော်မူပြီးသော် မြတ်စွာဘုရား ကိုယ်တော်မြတ်က နန္ဒ အသို့နည်း၊ နန္ဒသည် သာကီဝင်မင်းသမီး ဖြစ်သော နှမသက်လျာ ဇနပဒကလျာဏီနှင့် ဤသည်ငှာန ဤဒေသ၌ တွေ့ကြုံမြင်ကြ ခိုခြေသဏ္ဍာန်ပမာဏကဲ့သို့ အဆင်းအရောင်အဝါ ရှိကုန်သော နတ်သမီးငါးရာတို့တွင် အဘယ်သူက သာလွန်၍ အဆင်းအရောင်အဝါလှပပါသနည်း၊အဘယ်သူက သာလွန်၍ကြည်ညိုဖွယ် ရှုချင်ဖွယ်ရှိပါသနည်းဟု မေးတော်မူသော် ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား သာကီဝင်မင်းသမီးဖြစ်သော"ဇနပဒကလျာဏီ" သည် ကျိုးပဲ့စုတ်ပြတ်သောနှာခေါင်း နားအမြီးရှိသော အရိုးခေါခေါ အကြောပြိုင်းပြိုင်းထသော မျောက်အိုမနှင့် တူပါတော့သည်။ ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ဤငါးရာသော နတ်သမီးတို့နှင့် ထောက်စာသည်ရှိသော် သာကီဝင်မင်းသမီးဖြစ်သော "ဇနပဒကလျာဏီ"သည် ရေတွက်ခြင်းသို့ မရောက်ပါ၊ တစ်စိတ်တစ်ဖို့ကို မျှသော်လည်း မမီနိုင်ပါ။ စင်စစ်မှာကား ဤ နတ်သမီးငါးရာတို့သည်သာ အဆင်းအရေအဆင်းအဝါ အလွန်တရာလှပပါသည်။ ကြည့်ရှုချင်ဖွယ် ရှိလှပါသည်ဘုရားဟု လျှောက်ကြားသော် မြတ်စွာဘုရားကိုယ်တော်မြတ်က နန္ဒ အသင်သည် မြတ်သောအ[illegible]ငြင့်၌ မွေ့လျော်ပါလော၊ ငါဘုရားသည် အသင့်အား ခိုခြေကဲ့သို့ အဆင်းရှိကုန်သော ထိုနတ်သမီးငါးရာတို့နှင့် မွေ့လျော် ပျော်ပါးခြင်းကို ရစေအံ့ဟု မိန့်တော်မူသောစကားကို ကြား၍ နန္ဒမထေရ်က ဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ဘုရားရှင်က ခိုခြေ၏ အဆင်းကဲ့သို့ ဝင်းဝင်းတောက်ပသော ကိုယ်ရောင်ဖြင့် ကြည့်ရှု၍မငြီးနိုင်သော

နတ်သမီး ငါးရာတို့ကို ရရန် တာဝန်ခံသည်ဖြစ်ပါအံ့၊ ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား၊ တပည့်တော်သည် မြတ်သော အကျင့်၌ ပျော်ပိုက်ပါတော့အံ့ဟု လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် နန္ဒမထေရ်ကို ခေါ်ဆောင်တော်မူခဲ့၍ တာဝတိံသာနတ်ပြည်၌ ကွယ်လွန်ခဲ့သဖြင့် ဇေတဝန်ကျောင်းတော်၌ ရှင်ပျော်စံနေသောအလား ထင်ရှားဖြစ်တော်မူ၏။

## ရဟန်းတို့က ပြက်ရယ်ပြုကြခြင်း

ရဟန်းတို့သည်လည်း မြတ်စွာဘုရား မိထွေးတော်၏ သားဖြစ်သော နန္ဒမထေရ်ကား နတ်သမီးတို့ကို ရလိုသော အကြောင်းကြောင့် ကောင်းမြတ်သော အကျင့်ကို ကျင့်သတတ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကလည်း ထိုနန္ဒမထေရ်အား ခိုခြေကဲ့သို့ အဆင်းရှိကုန်သော နတ်သမီးငါးရာတို့ကို ပျော်ပါးရလွယ်စိမ့်သောငှာ ပြုပြင်စီမံ၍ ပေးတော်မူလတ္တံ့ဟု ကြားသိကုန်၏။ ထိုအခါ ရှင်နန္ဒမထေရ်၏ အဖော် ရဟန်းတို့သည် အရှင်နန္ဒကို အခစား ရောင်းဝယ် ဖောက်ကားသော ခေါ်ဝေါ်ပြောခြင်းတို့ဖြင့် ပြောဆိုလျက် အရှင်နန္ဒသည် နတ်သမီးတည်းဟူသော အဖိုးအခကို ရအောင် မြတ်သောအကျင့်ဖြင့် ရင်းနှီးခြင်းကို ပြုသတတ်၊ နတ်သမီးတို့ကို ရဖို့အားခဲ စဉ်းလဲ ဆောင်ယူလိုသောကြောင့် မြတ်သောအကျင့်ကို ကျင့်ပေသတတ်။ ထိုသူ၏ နောင်တော်ဖြစ်သော မြတ်စွာဘုရားကလည်း အရှင်နန္ဒကို ခိုခြေကဲ့သို့ အဆင်းရှိကုန်သော နတ်သမီးငါးရာတို့ ရခြင်းငှာ ပြုစုစီမံ၍ ပေးလတ္တံ့ဟု ပြက်ရယ်ပြုကြကုန်၏။

## အရှင်နန္ဒ ရဟန္တာဖြစ်ခြင်း

ထိုအခါ အရှင်နန္ဒသည် အဖော်ရဟန်းတို့က အခစား ရောင်းဝယ်ဖောက်ကား စဉ်းလဲစဉ်းစား စကားဝေါဟာရတို့ဖြင့် မကြာခဏ ပြက်ရယ်ပြုကြသည်ကို ငြီးငွေ့စိတ်ညှိုး ရှက်နိုးစက်ဆုပ်ခြင်း ရှိလှသည်ဖြစ်၍ တစ်ယောက်တည်း တည်းသားလျှင် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် မမေ့မလျော့ ပျင်းစွာသော လုံ့လဝီရိယဖြင့် သမထ, ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းတို့၌ စီးဖြန်းပွားများ တပ်ညွတ်သောစိတ် ရှိသည်ဖြစ်၍နေသည်ရှိသော် မကြာမြင့်မီပင်လျှင် အကြင် အရဟတ္တဖိုလ်၏ အကျိုးငှာ အမျိုးကောင်းသားတို့သည် အိမ်ရာထောင်သော လူ့ဘောင်မှ ထွက်ရှောင်ခွာမြန်းလျက် ရဟန်းပြုတော်မူကုန်၏။ အလွန်အကျူး အထူးကောင်းမြတ်သော အကျင့်ကို မျက်မှောက် ဘဝ၌ပင် ကိုယ်တိုင် သိ၍ မျက်မှောက်ပြုလျက် ကပ်ရောက်နေ၏။ ပဋိသန္ဓေနေခြင်းသည် ကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်ပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုအပ်ပြီ၊ အခြားသော အတ္တဘော၏ အဖြစ်မရှိပြီဟု ကောင်းစွာ ထိုးထွင်း၍ သိပြီ၊ အရှင်နန္ဒသည် ရဟန္တာတို့တွင်

ဘစ်ပါးအပါအဝင် ဖြစ်ပြီ။ ထိုသို့ အရှင်နန္ဒသည် အရဟတ္တဖိုလ်သို့ မျက်မှောက် ပြုရသောအခါတစ်ဦးသောနတ်သားသည်အလုံးစုံသောဇေတဝန်ကျောင်းတော် ကို ကိုယ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေလျက် မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်သို့ ချဉ်းကပ်ရှိခိုးပြီးသောအခါ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာ ဘုရား၊ အရှင်နန္ဒသည်အာသဝေါတရား ကုန်ခန်းခြင်းတည်းဟူသော အရဟတ္တ ဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ပညာကို လည်းကောင်း မျက်မှောက် ကိုယ်၏ အဖြစ်၌ ကိုယ်တိုင် မျက်မှောက်သိမြင် ကြည့်ရှုမပြုတ် ကပ်၍ သီတင်း သုံးတော်မူသတည်းဟု လျှောက်ကြားလာ၏။ မြတ်စွာဘုရားရှင်သည်လည်း အရှင်နန္ဒ၏ အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုသော အဖြစ်ကို မြတ်စွာဘုရား၏ ရွှေညာဏ်တော်ဖြင့် ထင်ရှားစွာ သိမြင်တော်မူနှင့်၏။

ထိုအရှင်နန္ဒသည်လည်း ထိုညဉ့်ကို လွန်မြောက်သဖြင့် နံနက်မိုးသောက် ကျရောက်သောအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် အထံသို့ ချဉ်းကပ်၍ ဘုန်းတော် ကြီးတော်မူလှသော နောင်တော်ဘုရား ဘုရားတပည့်တော်သည် ခိုခြေအဆင်းရှိကုန်သော နတ်သမီးငါးရာတို့နှင့် စံစားလိုချင်သောဆန္ဒကြောင့် ရလိမ့်မည်အထင်မှတ်နှင့် မြတ်သောအကျင့်ကို ကျင့်ပါသည်၊ မြတ်စွာဘုရားသည် အသင် ကြိုးစားအားထုတ်၍ ကျင့်ကြံလျှင် ရစေအံ့ဟု ဝန်ခံတော်မူသည်မှာ အရှင်ဘုရားသည် ယခုအခါ ဝန်ခံခြင်းမှ လွတ်ပါပြီဘုရားဟု လျှောက်ကြား သော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မိမိသည် သိမြင်တော်မူနှင့်သည့် အကြောင်း နတ်သားသည် လာ၍ လျှောက်ထားကြောင်းတို့ကို မိန့်တော်မူပြီးမှ ယင်းသို့ဖြစ်လျှင် နန္ဒ ငါဘုရားသည် ထိုဝန်ခံခြင်းမှ လွတ်ပေပြီဟု မိန့်တော် မူပြီးလျှင် အကြောင်းထင်ထင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားရှင်သည် ထိုအခါကာလ၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏—

ယဿ နိတ္တိဏ္ဏော ပင်္ကော၊ မဒ္ဒိတော ကာမကဏ္ဋကော။
အမောဟက္ခယံမနုပ္ပတ္တော၊ သုခဒုက္ခေသု န ဝေဓတိ သ ဘိက္ခူ။

အမှတ်မထင် အကြင်သူအား ညစ်ကျုအာရုံ ကာမဂုဏ်တည်းဟူသော ညွန်ပျောင်းကို မဂ်ညာဏ်ဖိုလ်ညာဏ် အားစွမ်းအင်ကြောင့် လျင်မြန်ကူးမြောက်ရ လေပြီ၊ အလှန်တကဲ နက်နဲမိုက်စူး ကာမဂုဏ်တည်းဟူသော ဆူးငြောင့်ကို မဂ်ညာဏ် ဖိုလ်ညာဏ် ပယ်တွန်းလှန်၍ အမြန် ချိုးဖွဲ့အပ်လေပြီ၊ လေးပါးသစ္စာ မထင်သာအောင် ပြင်ကာထွေးယှက်တတ်သော အဝိဇ္ဇာတည်းဟူသော မောဟ ကုန်ခြင်းသို့ မဂ်အဆင့်ဆင့် တက်မြင့်အလျဉ်း အစဉ်ရောက်ရလေပြီ၊ ကာမဂုဏ် ညွန်ဆူး လွန်ကျူးချိုးချ မောဟကုန်သောထိုသူအား ချမ်းသာ ဆင်းရဲတို့၌ မတုန်လှုပ်။

## များစွာသော ရဟန်းတို့ သောတာပန် စသည်တည်ခြင်း

ထိုမှနောက်ကျ တစ်နေ့သောအခါ၌ ရဟန်းတို့သည် အရှင်နန္ဒကို ငါ့ရှင်နန္ဒ အသင်သည် ရှေးအခါက မြတ်သောအကျင့်၌ ငြီးငွေ့သည်ဟူ၍ ဆိုချေသည်။ ဤယခုအခါကား အသို့နည်း၊ အသင်အား လူထွက်လိုသောဆန္ဒ အာလယ ရှိပါသေးသလောဟု မေးမြန်းပြောဆိုကြသော် အရှင်နန္ဒ-က ငါ့ရှင်တို့ ငါ့အား လူထွက်လိုသော အာသာဆန္ဒ အာလယမရှိပါပြီဟု ပြောဆိုသော စကားကို ကြားသိကြသော် ရဟန်းများတို့က "အရှင်နန္ဒသည် မဟုတ်မမှန် လိမ်လည် လှည့်ဖြားလျက် ထင်ရှားမရှိသောအရာကို ထင်ရှားရှိသည်ဟု ပြောဆိုဘိသည်၊ အရဟတ္တဖိုလ် စကားကို ဖြေကြား ပြောဆိုဘိသည် ရှေးလွန်လေပြီးသော နေ့တို့၌ မြတ်သောအကျင့်ဝယ် ငြီးငွေ့ခြင်းရှိသည်ဟု ပြောဆိုဖူးပါလျက် ယခုမှ တစ်ဖန် ငါ့အား လူ့ဘောင်ဘဝအလို့ငှါ အာလယမရှိပါဟု ပြောဆိုပြန်ဘိ သည်"ဟု ပြောဆိုကြပြီးသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ ချဉ်းကပ်ပြီးလျှင် ထိုသို့သောအကြောင်းတို့ကို လျှောက်ကြား ကြကုန်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်ကလည်း ချစ်သားရဟန်းများတို့ လွန်လေပြီး သော နေ့တို့၌ နန္ဒ၏ ခန္ဓာကိုယ်အတ္တဘောသည် မကောင်းသဖြင့် မိုးအုပ်အပ် သော အိမ်နှင့်တူပေ၏။ ဤယခုအခါ၌ကား ကောင်းစွာ မိုးထားအပ်သော အိမ်နှင့် တူပေသည်ဖြစ်၏။ ထိုစကား သင့်၏။ ချစ်သားရဟန်းတို့ ဤနန္ဒသည် နတ်သမီးတို့ကို တွေ့မြင်သော ကာလမှ စ၍ ရဟန်းကိစ္စ တစ်စမကျန် ပြီးဆုံးရန် အကြောင်းကို ကောင်းမွန်စွာသော ဝီရိယအထူးတို့ဖြင့် လွန်စွာအားထုတ်ခြင်း အရကြောင့် ထိုရဟန်းကိစ္စသည် တစ်စမကျန် အမှန်ပြီးဆုံးခြင်းသို့ ရောက် လေသတည်းဟု မိန့်တော်မူပြီး၍ ဤဂါထာတို့ကို ဟောကြားတော်မူ၏–

၁၃။ ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။

၁၄။ ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ န သမတိ ဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိ ဝိဇ္ဈတိ။

မကောင်းသဖြင့် မိုးအပ်သောအိမ်ကို မိုးရေမိုးပေါက်သည် ကောင်းစွာ ထိုးဖောက် ကျဆင်းသကဲ့သို့၊ ဤအတူ သမထ ဝိပဿနာ ဘာဝနာတို့ဖြင့် မပွားများအပ်သော စိတ်ကို ရာဂတည်းဟူသော ကိလေသာသည် ထိုးဖောက် ဖျက်ဆီးလေ၏။

ကောင်းစွာ မိုးထားအပ်သော အိမ်ကို မိုးရေမိုးပေါက်သည် မထိုးဖောက် နိုင်သကဲ့သို့ ဤအတူ သမထ,ဝိပဿနာ ဘာဝနာတို့ဖြင့် ကောင်းစွာ ပွားများ အပ်သော စိတ်ကို ရာဂတည်းဟူသော ကိလေသာသည် မထိုးဖောက် မဖျက် ဆီးနိုင်။

ထိုဂါထာတို့၌ **အဂါရံ ဟူသည်**=အမှတ်မရှိသောအိမ်ကို ဟူလို။

**ဒုစ္ဆန္နံ ဟူသည်**=ကျဲသောအမိုးရှိသော၊အပေါက်ငယ် အပေါက်ကြီးရှိသော ဟူလို။

**သမတိ ဝိဇ္ဈတိ ဟူသည်**=မိုးရေမိုးပေါက်သည် ထိုးဖောက်၏ ဟူလို။

**အဘာဝိတံ ဟူသည်**= ထိုအိမ်ကို မိုးပေါက်သည် ထိုးဖောက်သကဲ့သို့ ဘာဝနာမှ ကင်းသည်၏အဖြစ်ကြောင့် ကမ္မဋ္ဌာန်းမပွားအပ်သောစိတ်ကို ရာဂ သည် ထိုးဖောက်၏။သက်သက်ရာဂသည်သာလျှင် ထိုးဖောက်သည်မဟုတ်သေး။ ဒေါသ၊ မောဟ၊ မာန အစရှိကုန်သော အလုံးစုံသော ကိလေသာတို့သည် ထိုသို့သဘောရှိသောစိတ်ကို အလွန်အကဲသာလျှင် ထိုးဖောက် ကုန်သည်သာ တည်း ဟူလို။

**သုဘာဝိတံ ဟူသည်**=သမထဘာဝနာ ဝိပဿနာဘာဝနာတို့ဖြင့်ကောင်းစွာ ပွားများအပ်သော ဤသို့သဘောရှိသောစိတ်ကို ကောင်းစွာ မိုးအပ်သော အိမ်ကို မိုးပေါက်သည် ထိုးဖောက်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့၊ ရာဂအစရှိကုန် သော ကိလေသာတို့သည် လွန်စွာ ကိုးဖောက်ခြင်းငှါ မစွမ်းနိုင်ကုန် ဟူလို။

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ထိုအခါ များစွာကုန်သော ရဟန်းတို့သည် တရားသဘင်အစည်းအဝေး ခွင်သို့ ကြွဝင်လာရောက်တော်မူကြသော် "ငါ့ရှင်တို့ ငါတို့၏ဆရာ ဘုရားကိုယ် တော်မြတ်တို့မည်သည် အလွန်အထူးတင့်တယ် အံ့ဖွယ်ရှိလှပါပေသည်တကား။ ဇနပဒကလျာဏီကို အမှီပြု၍ ပြဟ္မစရိယ တည်း ဟူသော သာသနာတော်မှ လူထွက်လိုသော အရှင်နန္ဒကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် နတ်သမီး ဖြင့် ဖျောင်းဖျသည်ကိုပြု၍ ဆုံးမလေသတည်း"ဟူသော စကားကို ဖြစ်စေကြ ကုန်၏။ မြတ်စွာဘုရားရှင်သည်လည်း ကြွတော်မူလာ၍ ချစ်သားရဟန်းများတို့ အသင်တို့သည် ငါဘုရားကြွတော်မူလာသော ယခုအခါမှာ အဘယ်သို့သော

တရားစကားတို့ကို ပြောကြား စည်းဝေးထိုင်နေကြကုန်သနည်းဟု မေးတော်မူလေက ဤမည်သော အကြောင်းစကားတို့ဖြင့် ပြောကြားစည်းဝေးကြပါသည်ဟု ရဟန်းတို့က လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့ ယခုအခါ၌သာလျှင် ဤနန္ဒကို မာတုဂါမဖြင့် ဖြားယောင်း ဖျောင်းဖျ ဆုံးမရသည် မဟုတ်သေး။ ရှေးအခါက လွန်လေပြီးသော ဘဝ၌လည်း မာတုဂါမနှင့် ဖြားယောင်း ဖျောင်းဖျလျက် ဆုံးမတော်မူဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ အတိတ်ကို ဆောင်တော်မူ၏။

## ညီတော်နန္ဒ အတိတ်ဝတ္ထု

ချစ်သား ရဟန်းများတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်းကြီးသည် မင်းအဖြစ်ပြုတော်မူသည်ရှိသော် ဗာရာဏသီပြည်၌ နေလေ့ရှိသော ကပ္ပဋ္ဌမည်သော ကုန်သည်တစ်ဦးသည်ရှိ၏။ ထိုကပ္ပဋ္ဌကုန်သည်အား တစ်ကုမ္ဘမျှသော ဝန်ကို ရွက်ဆောင်နိုင်သော မြည်းတစ်ကောင်သည်ရှိ၏။ ထိုမြည်းသည် တစ်နေ့တည်း၏ အစွမ်းဖြင့် ခုနစ်ယူဇနာတို့ကို သွားခြင်းငှာ စွမ်းနိုင်၏။ ထိုကပ္ပဋ္ဌကုန်သည်သည် တစ်ရံသောအခါ မြည်းကို ဝန်တင်၍ မြည်းဝန်တင် ကုန်သည်တို့နှင့် အတူတကွ တက္ကသိုလ်တိုင်းပြည်သို့ သွားပြီးလျှင် တက္ကသိုလ်ပြည်သို့ ကျရောက်သော် ကုန်ကိုရောင်းချ ဖြေရှင်း၍ မပြီးသေးသမျှ ကာလပတ်လုံး အစားစာရေ ရှာဖွေစားသောက်ချန် အလို့ငှါ မြည်းကိုလွှတ်၍ ထား၏။

ထိုအခါ ကပ္ပဋ္ဌကုန်သည်၏ မြည်းသည် ကျောက်ကုန်းထက်၌ တင်ထားအပ်သော ဝန်သည်မရှိ ကုန်ခန်းပေါ့လန်းသော ကျောက်ကုန်းရှိလျက် လှည့်လည်သည်ရှိသော် တစ်ကောင်သော မြည်းမကို မြင်၍ အလျင်ကပ်ရောက်သော် ထိုမြည်းမသည် မြင်းဖိုနှင့်တကွ ဆက်သွယ်စကားကို ပြုလျက် မြည်းမက အသင်တို့သည် အဘယ်အရပ်က လာခဲ့သနည်းဟု မေး၏။ ကပ္ပဋ္ဌကုန်သည်၏ မြည်းက ဗာရာဏသီပြည်က လာခဲ့ကြောင်းကို ပြောကြားသဖြင့် အဘယ်အမှုကိစ္စကြောင်းခြင်းကဖြင့် လာခဲ့ကြပါသနည်းဟု မေးပြန်လျှင် ကုန်သွယ်ခြင်းအမှုဖြင့် ယခုလာခဲ့ပေသည်ဟု ပြောသောအခါ အဘယ်မျှလောက်သော ဝန်ကို ရွက်ဆောင်ရပါသနည်းဟု မေးပြန်သဖြင့် တစ်ကုမ္ဘမျှလောက်သောဝန်ကို ရွက်ဆောင်ရပေသည်ဟု ပြောကြားက အသင်သည် ဤမျှလောက်သောဝန်ကို ရွက်ဆောင်ထမ်းပိုးလျက် အဘယ်မျှသော ခရီးယူဇနာ ဝေးကွာသော ဒေသသို့ သွားရပါသနည်း ဟု မေးလျှင် ခုနစ်ယူဇနာမျှလောက်သော ခရီးသို့ သွားရသည်ဟု ပြောကြားသော် ထိုမျှလောက် ခရီးသွားရသော အသင့်အား ရောက်ရာရောက်ရာ အရပ်ဌာန၌ တစ်စုံတစ်ခုသော ခြေကို ဆုပ်နယ်ခြင်း,

ကျောက်ကုန်းကို ဆုပ်နယ်ခြင်းအမှု ပြုစုခြင်းသည် ရှိပါသလောဟု မေးလျှင် မရှိပါဟု ပြောကြားသောကြောင့် အသင် ဤသို့ ပြောကြားသောအစဉ် အတိုင်း အသင်အား ဖြစ်ရသည်ရှိသော် အသင်အား ကြီးစွာသော ဒုက္ခကို ခံစား၍ နေရချေသည်တကား ဟု မြည်းမ-က ဆို၏။

တိရစ္ဆာန်တို့အား ခြေဆုပ်လက်နယ် ပြုသောသူ အစရှိသည်တို့ မည်သည် တစ်စုံတစ်ယောက်မျှ မရှိသတတ်၊ ယင်းသို့ပင် မရှိလေငြား သော်လည်း ကာမဂုဏ်တည်းဟူသော အာရုံဖြင့် ခုံမင်နှောင်ဖွဲ့ စေ့ဆော် ချုပ်ချယ်ခြင်း အလို့ငှါ ဤသို့ သဘောရှိသော စကားကို ပြောကြား မြွက်ဆိုလေသတည်းဟု ရင်းအဋ္ဌကထာ၌မိန့်၏။

## မြည်းမ၏စကားကြောင့် ခုခံ ပြောဆိုခြင်း

ထိုမြည်းဖိုသည်လည်း မြည်းမ၏ စကားကို ကြားသိသော် မြည်းမ၏ စကားဖြင့် ကပ္ပဋကုန်သည်ထံ နေရန်အကြောင်း မကောင်း စိတ်တွင် ငြီးငွေ့ ခြင်း ဖြစ်လေ၏။ ကပ္ပဋ ကုန်သည်လည်း ဘဏ္ဍာကြီးငယ် အသွယ်သွယ်တို့ကို ကောင်းစွာ ရှင်းလင်း ဖြေလွှတ် ရောင်းချပြီး မိမိ မြည်းသတ္တဝါတို့၏ အထံသို့ သွားပြီးလျှင် ချစ်သား လာလှည့်၊ ငါတို့ သွားကြကုန်အံ့ဟု ခေါ်၏။ ထိုအခါ မြည်းက အရှင်တို့သည်သာ သွားကြကုန်လော့။ ငါသည်ကား မလိုက်တော့ အံ့ဟု ပြောသဖြင့် ကပ္ပဋကုန်သည်သည် အတန်တန် တောင်းပန် ပြောကြား သော်လည်း မသွားလိုသောကြောင့် "ဤမြည်းကို ငါသည် ရိုက်ပုတ်ညှဉ်းပန်း ရေရွတ်၍ ဆောင်အံ့"ဟု ကြံပြီးလျှင် ဤဂါထာကို ရွတ်၏—

ပတောဒံ တေ ကရိဿာမိ၊ သောဠသင်္ဂုလိကဏ္ဍကံ။
သဉ္ဆိန္ဒိဿာမိ တေ ကာယံ၊ ဧဝံ ဇာနာဟိ ဂြဒြဘ။

အိုမြည်း....အသင်မြည်းအား တစ်ဆယ့်ခြောက်လက်သစ်ရှိသော ဆူးရှိ သော နှင်တံကို ရိုက်ပုတ်ခြင်းကို ပြုအံ့၊ အိုမြည်း....အသင်မြည်း၏ ကိုယ်ကို ဖြတ်တောက်အံ့၊ ဤသို့ ပြုလုပ်ခံရမည်ကို သိပါလော့။

ဟုပြောဆိုသောစကားကို မြည်းကကြားလျှင် အို....အရှင် ကောင်းပြီ၊ ငါသည် လည်း အရှင်အား ပြုအပ်သော အခြင်းအရာကို သိစေအံ့ဟု ဆို၍ ဤဂါထာကို ရွတ်၏—

ပတောဒံ မေ ဇာရိယာသိ၊ သောဝဏ္ဏသင်္ဂုလိကဏ္ဍုကံ။
ပုရတော ပတိဋ္ဌဟိတွာန၊ ဥဒ္ဒရိတွာန ပဗ္ဗတော။
ဒန္တံ တေ ပါတယိဿာမိ၊ ဇဝံ ဇာနာဟိ ကပ္ပဋ။

ကပ္ပဋ၊ သင်သည် အကျွန်ုပ်အား တစ်ဆယ့်ခြောက်လက်သစ်ရှိသော ဆူးရှိသော နှင်တံကို အကယ်၍ ပြုသည်ရှိသော် အကျွန်ုပ်သည် ရှေ့တည့်တည့်မှ မြောက်၍ အသင်၏ သွားကို ကြွေကျစေအံ့၊ ကပ္ပဋ ဤသို့ ပုတ်ခတ်မည်ကို သိပါလော့ဟု ပြန်ပြောသော စကားကို ကြားလျှင်—

## ကပ္ပဋကုန်သည်က ဖြားယောင်း ခေါ်ဆောင်ခြင်း

ကပ္ပဋကုန်သည်က "ဤမြည်းသည် ရှေးအခါတို့ကနှင့်မတူ အမူကွဲပြား ပြန်ကြားခုံသည်မှာ အဘယ်သို့သော အကြောင်းကြောင့် ဤသို့ ခုံပြောဆိုလေသနည်းဟု ကြံ၍ ထိုမှ ဤမှ ကြည့်ရှုသည်ရှိသော် ထိုမြည်းမကို မြင်၍ "ဤမြည်းမသည် ငါ၏မည်းကို နည်းတစ်ခုခု ညွှန်ပြပုံပြီးလျှင် ယခု သင်ထား အပ်သည် ဖြစ်လတ္တံ့၊ အသင်မြည်းအား ဤသို့ သဘောရှိသော မြည်းမကို မရ ရအောင် ရှာဖွေလျက် ငါဆောင်နှင်းအံ့ဟု ပြောပြီးလျှင် မာတုဂါမဖြင့် ဖြားယောင်း၍ ဤမြည်းကို ခေါ်ဆောင်မှသာ သင့်လျော် လျောက်ပတ်ချေတော့မည်"ဟူ၍ ကြံပြီးသော် ဤဂါထာကိုရွတ်၏—

စတုပ္ပဒိံ သင်္ခမုခိံ၊ နာရိံ သဗ္ဗင်္ဂသောဘိနိံ။
ဘရိယံ တေ အာနယိဿာမိ၊ ဇဝံ ဇာနာဟိ ဂဒြဘ။

အိုမြည်း ခြေလေးချောင်းရှိထသော ခရုသင်းကဲ့သို့ ဖြူဖွေးသောမျက်နှာ ရှိထသော ခပ်သိမ်းသော အင်္ဂါကြီးငယ်တို့ဖြင့် တင့်တယ် ကောင်းမြတ်သော မြည်းမလည်း ဖြစ်သော မယားကို သင့်အား ခေါ်ဆောင်ပေးအံ့၊ အိုမြည်း ဤသို့ ခင်ပွန်းမ ရအံ့သည်ကို သိပါလော့။

ကပ္ပဋကုန်သည် ပြောဆိုသောစကားကို မြည်းကကြားလျှင် အလွန်နှစ်သက် ဝမ်းသာသော စိတ်ရှိသည်ဖြစ်၍ ဤဂါထာကို ရွတ်ဆိုပြန်၏—

စတုပ္ပဒိံ သင်္ခမုခိံ၊ နာရိံ သဗ္ဗင်္ဂသောဘိနိံ။
ဘရိယံ မေ အာနယိဿသိ၊ ဇဝံ ဇာနာဟိ ကပ္ပဋ။
ကပ္ပဋ ဘိယျော ဂမိဿာမိ၊ ယောဇနာနိ စတုဒ္ဒသ။

အိုကပ္ပဋ ခြေလေးချောင်းရှိထသော ခရုသင်းကဲ့သို့ ဖြူဖွေးသော မျက်နှာ ရှိထသော ခပ်သိမ်းသောအင်္ဂါကြီးငယ်တို့ဖြင့် တင့်တယ်ထသော မြည်းမလည်း ဖြစ်ထသော ခင်ပွန်း မယားကို အကျွန်ုပ်အား ဆောင်ပေးပါအံ့။ ကပ္ပဋ ရှေးကထက်လွန်စွာ တစ်ဆယ့်လေးယူဇနာတို့ကို သွားပါတော့အံ့။

ထိုအခါ ကပ္ပဋကုန်သည်က ချစ်သား ထိုသို့ ဖြစ်လျှင် လာလှည့်ခဲ့လော့၊ သွားကြပါကုန်အံ့ဟု ခေါ်ဆောင်ပြီးလျှင် မိမိ နေရာဖြစ်သော ဗာရာဏသီ ပြည်သို့ ပြန်လာမဲ့လေ၏။

ဗာရာဏသီ ပြည်သို့ ရောက်၍ နှစ်ရက်သုံးရက်ကို လွန်မြောက်သဖြင့် ထိုမြည်းက ကပ္ပဋကုန်သည်ကို အိုအရှင် အရှင်တို့သည် အကျွန်ုပ်အား သင်၏ ခင်ပွန်းမ မယားကို ဖွေရှာ ယူဆောင်ပေးအံ့ဟု ဝန်ခံပြောဆိုဖူးသည် မဟုတ်ပါကုန်လော့ဟုပြောသော် ကပ္ပဋကုန်သည်က ချေ ဟုတ်ပေ၏။ငါသည် ပြောဆိုမိပေ၏။ အိုမြည်း ငါသည် ပြောဆိုမိသော စကားကို မဖျက်ဆီးပါအံ့။ သင်၏မယားမြည်းမကို ရှာဖွေ ယူဆောင်၍ ငါပေးပါအံ့။ ကျွေးမွေးပေးကမ်း အပ်သော အာဟာရအစာကိုမူကား သင်တစ်ယောက်၏ အဖို့အတွက် အစမျှကို သာ ငါပေးနိုင်အံ့။ အသင်၏ ထိုအစာအာဟာရ တစ်ယောက်ဖြင့် သင့်အား လည်းကောင်း သင်၏အဖော်ဖြစ်သော မယားအားလည်းကောင်း လောက်ငမည်, မလောက်ငမည်ကို အသင်၏ဉာဏ်ဖြင့် ကောင်းစွာ စဉ်းစား၍ သိလေလော့။ နှစ်ယောက်ကုန်သော အသင်လင်မယားတို့၏ ပေါင်းဖော်ခြင်းကို အစွဲပြု၍ များစွာကုန်သော သားသမီးတို့ကို ဖွားမြင်ကုန်လတ္တံ့၊ ထိုသို့ ဖွားမြင် ကြသော များစွာကုန်သော သူတို့နှင့်အတူတကွ အသင်အား တစ်ယောက်စာ မျှသာဖြစ်သော ဤအစာအာဟာရ လောက်ငမည်, မလောက်ငမည်ကို အသင် သာလျှင် ဉာဏ်ဖြင့်ကြည့်၍ သိပါလေလော့ဟု အလုံးစုံသော အကြောင်းခြင်းရာ တို့ကို သေချာစွာ ပြောကြားသော် မြည်းသည် ထိုကုန်သည်သည် ပြောကြား စဉ်းစားစဉ်ပင်လျှင် မြည်းမ၌ တွယ်တာခြင်းမရှိသည် ဖြစ်လေ၏။

ဇာတ်တော်ကို ပေါင်းခြင်း

မြတ်စွာဘုရားရှင်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့ ထိုအခါ မြူးယောင်း ပြောဆိုသော မြည်းမသည် ယခု အခါ ဇနပဒကလျာဏီ ဖြစ်လာ၏။ မြည်းဖိုသည် ယခုအခါ နန္ဒမထေရ် ဖြစ်လာ၏။ထိုအခါ ကပ္ပဋကုန်သည်သည် ယခုအခါ ငါဘုရားဖြစ်လာ၏။ချစ်သားရဟန်း တို့ ယခုအခါ၌သာ ငါသည် ဤနန္ဒမထေရ်ကို မာတုဂါမဖြင့် မြူးယောင်း ဖျောင်းဖျ၍ ဆုံးမတော်မူရသည် မဟုတ်သေး။ ရှေးအခါ၌လည်း မာတု ဂါမဖြင့် မြူးယောင်းဖျောင်းဖျ ဆုံးမတော်မူသည်သာလျှင်တည်းဟု ဇာတ် တော်ကို ပြီးဆုံးစေတော်မူ၏။

ကိုးခုမြောက် နန္ဒမထေရ်ဝတ္ထု ပြီး၏။

## ၁၀။ စုန္ဒဝက်ထိုးသမားဝတ္ထု

**ဣမံ ဓမ္မဒေသနံ**—အစရှိသော ဤဓမ္မဒေသနာတော်ကို ဘုရားကိုယ်တော်မြတ်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်း မျှတတော်မူစဉ် စုန္ဒအမည်ရှိသော ဝက်ထိုးသမားယောကျ်ားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုစုန္ဒမည်သော ဝက်ထိုးသမားယောကျ်ားသည် အနှစ်ငါးဆယ်တို့ပတ်လုံး ဝက်တို့ကိုသတ်၍ မိမိသည်လည်း စားသောက်လျက် အိမ်ဈေး စသည်သို့ ချရောင်းပြီးလျှင် အသက်မွေးခြင်းကိုပြု၏။ ဝက်တို့သည်ကုန်၍ ဆာလောင်မွတ်သိပ်ပြန်သော် လှည်းတို့ဖြင့်ကောက်စပါးကိုယူ၍ ဇနပုဒ်ကြီးငယ် အသွယ်သွယ် အရပ်ရပ်သို့ လှည့်ပတ်သွားလာ၍ တစ်ကွမ်းစား နှစ်ကွမ်းစားမျှဖြင့် ပဏာမ အလိုက် ထိုက်သည်အားလျော်စွာ ပေး၍ ရွာ၌ ဝက်ငယ်တို့ကို ဝယ်ယူစုဆောင်းလျက်ဝက်ဖြင့်လှည်းကိုပြည့်စေပြီးသောအခါ ပြန်လာယူဆောင်ခဲ့၍ မိမိနေအိမ်၏ နောက်၌သာလျှင် ခြံကဲ့သို့ တစ်ခုသောအရပ်ကို ထက်ဝန်းကျင်ဝန်းရံပြီးသော် ထိုဝန်းရံအပ်သော နေရာ၏ အတွင်းအဖို့၌သာလျှင် ဝက်တို့အား နေစေ၍ ဝက်တို့၏ အစာကို ထည့်သွင်းတင်ထား စိုက်ပျိုး၍ သွားလာ လှည့်ပတ်ရာ မျှားစွာလုံးစုံ အထူးထူးသောချုံတို့ကိုလည်းကောင်း၊ ဝက်တို့ပျော်မြူး လူးလိမ့်ရစ်ထွေး ကိုယ်အညစ်အကြေးတို့ဖြင့် သုံးဆောင်ရာ ကောင်းစွာညွန်အိုင်တို့ကိုလည်းကောင်း ပြုစုဝသည်ထား စားစေသောအားဖြင့် ထိုဝက်တို့သည် ကြီးပွားခြင်းသို့ ရောက်ကြကုန်သည်ရှိသော် အကြင်အကြင်သို့သော ဝက်ကို သတ်ဖြတ်ခြင်းငှာ အလိုရှိ၏။ ထိုသတ်ဖြတ်ခြင်းငှာ အလိုရှိသောဝက်ကို ဝက်သတ်သော နေရာအရပ်၌ ညပ်စသော ဝတ္ထုဖြင့် ဖိညှပ်ချည်တုပ် မတုန်လှုပ်အောင် နှောင်ဖွဲ့ပြီးလျှင် ကိုယ်အသား၏ ကြီးပွားဖူးရောင်၍ ပြောင်ပြောင်တက်ဆူ ထူထဲသောငှာ လေးမြှောင့်ရှိသော ဆောက်ပုတ်ဖြင့် ပုတ်ခတ်ရိုက်နှက်အချက်စေ့အောင် ထုပြီး၍ ထူထဲတိုးပွါးသော အသားရှိလေပြီဟု သိပြီးသောအခါ ခံတွင်းကိုဖွင့်၍ သွားအကြားအကြား၌ ဒုတ်တံငယ်ကို သွယ်သွယ်လျှိမြှောက်ပင့်ထောက်ပြီးသော် သံခွက်ဖြင့် ကျိုက်ကျိုက်ပွက်ဆူသော ရေပူရေနွေးကို ခပ်ယူဆောင်ခြင်းဖြင့် ဟင်းလင်းပွင့်သောခံတွင်း၌ သွန်းလောင်း၏။ ထိုသို့ သွန်းလောင်းအပ်သော ကျိုက်ကျိုက်ဆူသော ရေပူရေနွေးသည် ဝမ်းတွင်းသို့ ဝင်၍ ကျင်ကြီးကို ယူပြီးသောအခါ အောက်အဖို့ ဝစ္စမဂ်အားဖြင့် ထွက်၏။ အကြင်မျှလောက် ဝမ်း၏အတွင်း၌ အနည်းငယ် ကျင်ကြီးသည်ရှိသေး၏။ ထိုမျှလောက်သောကာလပတ်လုံး ဝမ်းတွင်းမှဆင်းသက်လာသောရေပူသည် နောက်ကျုနြှသာလျှင် ထွက်လာ၏။ ဝမ်း၏အတွင်း၌ ကျင်ကြီးကျင်ငယ် အသွယ်သွယ်

သော အညစ်အကြေးတို့ ကုန်သဖြင့် အလုံးစုံ စင်ကြယ်သည်ရှိသော် ဝမ်း၌ သွန်းလောင်းသော ရေသည် မနောက်ကျုဘဲ ကြည်လင် သန့်ရှင်း စင်ကြယ်စွာ ထွက်၏။ ထိုမှ နောက်၌ ကြွင်းသော ရေတို့ကို ကျောက်ကုန်း၌ သွန်းလောင်း၍ မည်းနက်သောအပေါ် ရေကို ခွာပြီးလျှင် ထိုနောက်မှ မြက်မီး ရှူးဖြင့် အမွေးတို့ကို မီးတိုက် လောင်ကျွမ်းစေ၍ ထက်စွာသော သန်လျက်ဖြင့် ဦးဆက် ဦးခေါင်းကို ဖြတ်ပိုင်း သိမ်းယူလျက် အလိမ်းလိမ်းကျထွက် ယိုစီးသော သွေးသံရှိသော အသားကို အိုးခွက်၌ထည့်သွင်း၍ အသားအသွေးနှင့်တကွ ဆုပ်နယ် ချက်ပြုတ် ပြီး၍ သားမယားတို့၏ အလယ်၌ တင့်တယ်စွာ ထိုင်နေ စားသောက်၍ ကြွင်းသော အသားတို့ကို ရောင်းစားခြင်းကို ပြု၏။

## အသက်ရှင်စဉ် ငရဲမီးလောင်ခြင်း

ဤသို့သော အကြောင်းဖြင့်သာလျှင် အသက်မွေးခြင်းကို ပြုသော ထိုစုန္ဒ ဝက်ထိုးသမားအား နှစ်ပေါင်း ငါးဆယ့်ငါးနှစ်တို့ကို လွန်လေကုန်၏။ ယင်းကဲ့သို့ ငါးဆယ့်ငါးနှစ် ပွားများလွန်စွာ ရှည်မြင့်ကြာသော်လည်း ထိုစုန္ဒဝက်ထိုးသမား သည် မိမိအိမ်မှ မနီးမဝေးသော ကျောင်း၌ သီတင်းသုံးတော်မူသော မြတ်စွာ ဘုရားရှင်အား တစ်နေ့သ၌လည်း ပန်းတစ်ဆုပ်ကိုသော်လည်းကောင်း၊ ဆွမ်း တစ်ယောက်ချို့မျှကိုသော်လည်းကောင်း ထိုမှတစ်ပါးလည်းဖြစ်သော တစ်စုံ တစ်ခုသော ဝတ္ထု ပြုစုလှူဒါန်း ပေးကမ်းဖူးသည်ဟူ၍ မရှိလေ။ နောင်အခါ စုန္ဒ ဝက်ထိုးသမား၏ကိုယ်၌ ကြီးကျယ်စွာသောရောဂါသည် ထိုးကျင့်နှိပ်စက်စွဲကပ် ပေါ်လာ၏။ အသက်ထင်ရှား ရှိစဉ်ပင်လျှင် အဝီစိငရဲမီးသည် ထခဲ့လေ၏။

အဝီစိငရဲမီးမည်သည်ကား ယူဇနာတစ်ရာ ဝေးကွာသော အရပ်မှ တည်လျက် ကြည့်ရှုသောသူအားလည်း မျက်စိကွဲထွက် ပျက်စီးလောက်အောင် ပူလောင် နှိပ်စက်ခြင်းဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ပါဠိတော်၌ ဤသို့ဟောတော်မူ၏—

တဿ အယောမယာဘူမိ၊ ဇလိတာ တေဇသာယုတာ။
သမန္တာ ယောဇနသတံ၊ ဖရိတွာ တိဋ္ဌတိ သဗ္ဗဒါ—

ထိုအဝီစိငရဲကြီး၏ အလျှံပြောင်ပြောင် တောက်သော အခိုးအလျှံနှင့် ယှဉ်သော သံဖြင့် ပြီးသော မြေသည် အရပ်ထက်ဝန်းကျင်မှ ယူဇနာ တစ်ရာ ကို အချင်းခပ်သိမ်း နှံ့၍ တည်၏။

[ရှင်နာဂသေန မထေရ်မြတ်သည်လည်း ထိုအဝီစိငရဲမီး၏ ယခု လောက၌ ထင်ရှားရှိကြသော ပြကတေ့သော မီးထက် ဆထက်ထူးချွန် ကဲလွန်သော အရာမှာ ဥပမာဤသို့ ပြတော်မူ၏။ သာဂလပြည်ကြီးကို

အစိုးရတော်မူသောဒကာတော်မိလိန္ဒမင်းကြီး....တောင်ထွတ်မျှလောက် ပမာဏရှိသော ကျောက်စိုင် ကျောက်ခဲ ကျောက်ဖျာကြီးသည်လည်း ရေမိုး၌ ထည့်ချက်အပ်သည်ရှိသော် တစ်ခဏချင်းဖြင့်သာလျှင် ကြေမွပျက်စီး ကုန်ခမ်းခြင်းသို့ ရောက်ရာ၏။ ဤငရဲ၌ ကျရောက် ကျင်လည်ရသော သတ္တဝါတို့သည်ကား မိမိသည် ပြုအပ်သော အကုသိုလ်ကံ၏ အစွမ်းသတ္တိဖြင့် အမိ၏ ဝမ်းခေါင်း၌ ကိန်းအောင်းရသော သူငယ်ကဲ့သို့ ပျောက်ကွယ် ကြေမွခြင်း မရှိ၊ ပကတိအတိုင်းပင် ကျင်လည်ခံစား ရလေကုန်သည်ဟူ၍ ဥပမာ ပြတော်မူ၏။]

စုန္ဒသူကရ အမည်ရှိသော ထိုဝက်ထိုးသမားအား ပြအပ်ခဲ့ပြီးသော ဥပမာသာဓကဖြင့် ပူပြင်းလှသော ထိုငရဲမီးသည် ထလတ်သည်ရှိသော် မိမိသည် ပြုအပ်သော အကုသိုလ် မကောင်းကံနှင့် တူစွာသော အခြင်းအရာသည် ဖြစ်၏။ ထိုစုန္ဒသူကရ ဝက်ထိုးသမားအား အိမ်၏ အလယ်၌သာလျှင် ဝက်၏ အသံကို မြည်တွန်အော်ဟစ်ပြီးလျှင် ပုဆစ်ဒူးတို့ဖြင့် ချမထောက်လှည့်လည်လျက် အိမ်၏ အရှေ့နံရံ, အနောက်နံရံကို ခေါက်ပြန်လူးလာ သွားလာလှည့်ပတ်၍ နေရ၏။

ထိုအခါ ဆွေမျိုး အပေါင်းတို့သည် စုန္ဒသူကရကို မြဲမြံစွာ တုတ်နှောင်ဖွဲ့ချည် ဖမ်းယူ၍ ခံတွင်းကို ပိတ်ကုန်သော်လည်း ကမ္မဝိပါကအရာဌာနကို မည်သူ တစ်စုံတစ်ယောက်မျှ တားမြစ်ခြင်းငှာ မစွမ်းနိုင်။ ထိုစုန္ဒသူကရသည် မြည်တွန်အော်ဟစ်ပြီးလျှင် ထိုမှဤမှ လှည့်လည်မြဲတိုင်းသာ လှည့်လည်ပြေးသွား၍ နေရသဖြင့် ပတ်လည် ဝန်းကျင်ဖြစ်ကုန်သော ခုနစ်အိမ်သော အရပ်ဌာနတို့၌ နေထိုင်ကြသော လူတို့သည် အိပ်ပျော်ခြင်းကို မရကြလေကုန်။ သေအံ့သောဘေးဖြင့် ကြံတွေးထိတ်လန့် တုန်လှုပ်သည်ဖြစ်၍ အိမ်မှ အပသို့ ထွက်သွားသည်ကို တားမြစ်ခြင်းငှာ အလုံးစုံသော များစွာသော အိမ်နေ လူအပေါင်းသည် အကြင်သို့သော အခြင်းအရာဖြင့် အိမ်၏အတွင်း၌ တည်သည်ရှိသော် အပသို့ ထွက်သွားလှည့်လည်ခြင်းငှာ မစွမ်းနိုင်၊ ထိုသို့သော အခြင်းအရာဖြင့် အလုံးစုံသော အိမ်တံခါးတို့ကို ဖွဲ့ထားနှောင်ချည်ပိတ်ဆို့ကုန်လျက် အိမ်အပမှ ခြံရံစောင့်ရှောက်လျက်သာ နေ၏။

စုန္ဒမည်သော ဝက်ထိုးသမားလည်း အိမ်၏အတွင်း၌သာလျှင် ငရဲမီးအပူပြင်းဆူ ပူလောင်သဖြင့် ဟစ်အော်မြည်တမ်း ပရမ်းပတာ ပြေးကာလှည့်လည် ထိုဤအထပ်ထပ် မရပ်တည်နိုင်အောင် ခုနစ်ရက်ပတ်လုံး ခံစားကျင်လည်နေရ၏။ ဤသို့ ခုနစ်ရက်မြောက်နေ့၌ သေလွန်ခြင်းကို ပြု၍ **အဝီစိငရဲ၌** ဖြစ်လေ၏။

[ထိုအဝီစိငရဲအရကို ဒေဝဒူတသုတ္တန်အလာဖြင့် ကောင်းစွာမှတ်သား ဖွင့်ဆိုရာ၏။ ၎င်းအဋ္ဌကထာ၌ပင် အဝီစိငရဲကို ဒေဝဒူတသုတ်ဖြင့် ဖွင့်ဆို အပ်၏ဟု မိန့်တော်မူ၏။]

## သောတာပန်တည်ခြင်း

ရဟန်းတို့သည် ထိုစုန္ဒဝက်ထိုးသမား၏ အိမ်တံခါးအနီးအပါးဖြင့် သွားလာ ကြကုန်သည်ရှိသော် ဝက်ကဲ့သို့ဟစ်အော်သော ထိုအသံကိုကြား၍ ဝက်၏အသံ တည်းဟူသော အမှတ်သညာကိုရှိလျက်သာ ထိုရဟန်းတို့သည် ကျောင်းသို့ ရောက်သွားသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏အထံ၌ ချဉ်းကပ် နေထိုင် ကုန်လျက် ဤသို့ လျှောက်ကြားကြကုန်၏။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ စုန္ဒမည်သော ဝက်ထိုး သမား၏အိမ်၌ တံခါးတို့ကိုပိတ်ထားလျက် ဝက်တို့ကို သတ်အပ်ကုန်သည်ကား ယနေ့ ခုနစ်ရက်မြောက်ရှိလေပြီ။ ထိုစုန္ဒဝက်ထိုးသမား၏အိမ်၌ တစ်စုံတစ်ခုသော မင်္ဂလာအမှုကို ပြုအံ့သည်ဟူ၍ ထင်ပါသည် အရှင်ဘုရား။ ဤမျှလောက်သော ဝက်တို့ကိုသတ်ဖြတ်သော ထိုသတ္တဝါအား တစ်ကြိမ်တစ်ခါမျှ ချစ်ခင်တွယ်တာ ညှာတာသနားတတ်သော စိတ်သည် မရှိ၊ ရှန့်ရင်းလှပါသည် ဤကဲ့သို့ ရှန့်ရင်း ကြမ်းတမ်းလှသော သတ္တဝါကို တပည့်တော်တို့ တစ်ရံတစ်ခါမျှ မတွေ့မမြင်ဖူး ပါဟု လျှောက်ကြားကြသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ထိုစုန္ဒဝက်ထိုးသမားသည် ဤခုနစ်ရက်တို့၌ ဝက်တို့ကို သတ်သည် မဟုတ်၊ ထိုစုန္ဒဝက်ထိုးသမားအား ပြုအပ်သောကံနှင့် အလားတူစွာ အကျိုး သည်ထင်ရှားဖြစ်၍ အသက်ရှင်စဉ်ပင်လျှင် အဝီစိငရဲမီးပူသည် ထခဲ့၏။ ထိုငရဲမီး ပူဖြင့် ခုနစ်ရက်တို့ပတ်လုံး ဝက်၏အသံကဲ့သို့ မြည်တွန်ဟစ်အော်လျက် မိမိ၏ နေအိမ်၌ အကြိမ်ကြိမ် လှည့်ပတ်ပြေးသွား၍ နေပြီးလျှင် ယနေ့ သေလွန်ခြင်းကို ပြု၍ အဝီစိငရဲ၌ ဖြစ်လေသည်ဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးမြတ် တော်မူလှသော မြတ်စွာဘုရား ဤပစ္စုပ္ပန်လောက၌ပင်လျှင် ပူပန်ဆင်းရဲ ကြောက်ရွံ့စိုးရိမ် အကြိမ်ကြိမ်ခံရပြီးမှ တစ်ဖန်ထိုနောက် တစ်ဘဝသို့ ရောက်သော အခါ ပြင်းစွာပူလောင်သောဌာန အဝီစိငရဲ၌ပင် ဖြစ်ရပါသေးသလောဟု လျှောက်ကြားကြသောအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ဩော်...ဟုတ်မှန်ပေ၏။ သတိမေ့လျော့သောသူတို့ မည်သည်ကား လူဖြစ်စေ, ရဟန်းဖြစ်စေ ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ စိုးရိမ်ပူပန် ရသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၁၇။ ဣဓ သောစတိ ပေစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ၊
ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော—

မကောင်းမှုကို ပြုလေ့ရှိသောသူသည် ပစ္စုပ္ပန်ဘဝ၌ စိုးရိမ်ပူပန်ရ၏။ နောင်ဘဝ၌ စိုးရိမ်ပူပန်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ စိုးရိမ်ပူပန်ရ၏။ မိမိပြုအပ်သော ညစ်နွမ်းသော မကောင်းမှုကံကိုမြင်၍ ထိုမကောင်းမှုပြုသူသည် စိုးရိမ်ရ၏။ ပင်ပန်းရ၏။

ထိုဂါထာ၌ **ပါပကာရီ** ဟူသည်=အထူးထူးအပြားပြားသော မကောင်းမှုကံကို ပြုတတ်သောပုဂ္ဂိုလ်သည် ငါသည် ကောင်းမှုကို မပြုမိလေစွတကား၊ ငါသည် မကောင်းမှုကို ပြုမိ၏ဟု စင်စစ်အားဖြင့်သာလျှင် သေရအံ့သော အခါ၌ ဤပစ္စုပ္ပန်ဘဝ၌ စိုးရိမ်ရ၏။ ဤသည်လျှင် ထိုဝက်သားထိုးသည်၏ စိုးရိမ်ဖွယ်ရှိသော မကောင်းမှုကံတည်း။ အကျိုးကိုခံစားလျက် တမလွန်ဘဝ၌ စိုးရိမ်ရ၏။ ဤသည်လျှင် ထိုဝက်သားထိုးသည်၏ တမလွန်ဘဝ၌ စိုးရိမ်ဖွယ်ရှိသော အကျိုးတည်း။ ဤသို့ ထိုစုန္ဒမည်သော ဝက်သားထိုးသည်သည် နှစ်တန်သောဘဝ၌ စိုးရိမ်ရသည်သာလျှင်တည်း။ ထိုသို့သော အကြောင်းဖြင့်သာလျှင် အသက်ရှင်စဉ်ပင် စုန္ဒအမည်ရှိသော ဝက်သားထိုးသည်သည်လည်း စိုးရိမ်ရ၏။

**ဒိသွာကမ္မကိလိဋ္ဌံ** ဟူသည် = မိမိ၏ညစ်နွမ်းသော အကုသိုလ်ကံကို မြင်၍ အထူးထူးအပြားပြား မြည်တမ်းယောင်ယမ်းလျက် ပင်ပန်း၏ဟူလို။

ဂါထာ၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပန် အစရှိသည်တို့သည် ဖြစ်ကုန်၏။ လူအပေါင်းအား အကျိုးရှိသော တရားဟောခြင်းသည် ဖြစ်၏။

ဆယ်ခုမြောက် စုန္ဒဝက်ထိုးသမားဝတ္ထု ပြီး၏။

---

## ၁၁။ မဟာဓမ္မိကဥပါသကာဝတ္ထု

**ဣဓ မောဒတိ**–အစရှိသော ဤဓမ္မဒေသနာတော်ကို ဘုရားရှင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဓမ္မိက ဥပါသကာကို အကြောင်းပြု၍ ဟော ကြား ဆုံးမ တော်မူ၏။

သာဝတ္ထိပြည်ကြီး၌ ဓမ္မိကဥပါသကာ ငါးရာမျှတို့သည် ရှိသည်ဖြစ်ကြကုန်သတတ်။ ထိုဥပါသကာ ငါးရာမျှတို့တွင် တစ်ယောက် တစ်ယောက်အား ဥပါသကာ ငါးရာမျှတို့သည် ခြံရံကုန်၏။ အကြင် ဥပါသကာသည် အကြင်ရွှေလောက် ပွားမြောက်များစွာ ဥပါသကာတို့တွင် အကြီးအမှူး ဖြစ်၏။ ထိုဥပါသကာကြီးသည် မဟာဓမ္မိကဥပါသကာ မည်၏။ ထိုဥပါသကာတို့၏ အကြီးအမှူးဖြစ်သော မဟာဓမ္မိကဥပါသကာအား သားခုနစ်ယောက်, သမီးခုနစ်ယောက်တို့သည် ရှိကုန်၏။ ထိုသားသမီးတို့တွင် တစ်ယောက် တစ်ယောက်သောသူအား တစ်ခု တစ်ခုစီသော သလာကယာဂု, သလာကဘတ်, ပက္ခိကဘတ်, နိမန္တနဘတ်, ဥပေါသထိကဘတ်, အာဂန္တုကဘတ်, သံဃဘတ်, ဝါဆိုသင်္ကန်းကို ပေးလှူခြင်းတို့ဖြင့် ထိုအလုံးစုံကုန်သော သားသမီးတို့သည် အမိအဖ ပြုကျင့်ကြသော အမူအရာ ကောင်းစွာအတု ပြုကျင့်လိုက်စားသဖြင့် အနုဇာတသားသမီးချည်းသာ ဖြစ်ကုန်၍ မိမိ၏ မယားနှင့်တကွ တစ်ကျိပ်ခြောက်ယောက်ကုန်သော သူတို့သည် တစ်ဆယ့် ခြောက်ပါးကုန်သော သလာကယာဂုဘတ် စသည်တို့ကို ဖြစ်စေ၍ ဆောက်တည် လှူဒါန်းကုန်၏။

## နတ်ရထားခြောက်စင်းဖြင့် လာရောက်ခေါ်ယူခြင်း

ဤသို့ ပြအပ်ခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် ထိုမဟာဓမ္မိကဥပါသကာသည် သားမယားတို့နှင့်တကွ သီလသီတင်းမကင်းသဖြင့် အကျင့်ကောင်းမြတ် ဒါနအရပ်ရပ်ကို အထပ်ထပ်လှူဒါန်း ပြုစုလျက်နေရာ နောက်တစ်ရံခါ၌ ထိုမဟာဓမ္မိကဥပါသကာအား ရောဂါစွဲကပ် အာယုသင်္ခါရ ဆုတ်ယုတ်သော အခါ ထိုမဟာဓမ္မိက ဥပါသကာသည် တရားတော်ကို နာလိုသောကြောင့် ရဟန်းတစ်ပါးမျှကိုလည်းကောင်း၊ ရဟန်းတော် တစ်ကျိပ်ခြောက်ပါးမျှတို့ကိုလည်းကောင်း စေလွှတ်သနားတော် မူပါကုန်ဟု မြတ်စွာဘုရားရှင်၏အထံသို့ တမန်စေလွှတ် ပင့်လျှောက်၏။ မြတ်စွာဘုရားရှင်သည်လည်း ရဟန်းတို့ကို စေလွှတ်တော်မူသဖြင့် ထိုရဟန်းတို့သည် ကြွသွားတော်မူကြ၍ မကျန်းမမာ ရောဂါစွဲကပ်သော မဟာဓမ္မိက ဥပါသကာ၏ လျောင်းရာဖြစ်သော ညောင်စောင်းကို ထက်ဝန်းကျင် လှည့်ပတ် ခြံရံလျက် စီမံခင်းကျင်းအပ်သော နေရာတို့၌ ထိုင်နေ သီတင်းသုံးကုန်ကြသည် ရှိသော် ဓမ္မိကဥပါသကာ-က အရှင်ဘုရားတို့ အရှင်မြတ်တို့အား ဘုရားတပည့်တော်၏ ကြည့်ရှုထင်ထင် ဖူးမြင်ရခြင်းသည် ရခဲပါလတ္တံ့။ တပည့်တော်သည် ယခုအခါ အားနည်းခြင်းဖြစ်လာပါပြီ။ သို့ဖြစ်၍ အရှင်မြတ်တို့သည် တပည့်တော်အား တစ်ခုသောသုတ္တန်ဒေသနာတော်ကို ရွတ်ဖတ် သရဇ္ဈာယ်ကြကုန်သည်ဖြစ်၍ ချီးမြှင့်တော်မူပါကုန်လော့ဟု လျှောက်ကြား တောင်းပန်သည်ရှိသော် ဥပါသကာ အဘယ်သုတ္တန်ကို နာခံ မှတ်သားလိုသနည်းဟု ရဟန်းတော်တို့က ပြန်၍တစ်ဖန်

မေးမြန်းသော် အရှင်ဘုရားတို့ အလုံးစုံကုန်သော ဘုရားရှင်ကိုယ်တော်မြတ်တို့ မစွန့်အပ်သော သတိပဋ္ဌာန သုတ္တန်ဒေသနာတော်ကို နာခံလိုပါသည်ဟု လျှောက်ကြားသည်ရှိသော်—

"ကောယနေော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ" အစရှိသော သတိပဋ္ဌာနသုတ္တန် ဒေသနာတော်မြတ်ကို ရွတ်ဖတ် သရဇ္ဈာယ်ကုန်၏။

ထိုခဏ၌ နတ်ပြည်ခြောက်ထပ်တို့မှ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော သိန္ဓဝ နတ်မြင်းဘစ်ထောင်ကသော အပြန့်အကျယ် တစ်ရာ့ငါးဆယ် ယူဇနာရှိကုန်သော နတ်ရထားခြောက်စင်းတို့သည် လျှင်စွာ ဆိုက်ရောက် လာကြကုန်၏။ ထိုရထားခြောက်စင်းတို့၌ ပါလာတည်ရှိကုန်သော နတ်သားတို့သည် ငါတို့၏ နတ်ပြည်သို့ ဆောင်ကုန်အံ့။ ငါတို့၏ နတ်ပြည်သို့ ဆောင်ကုန်အံ့ဟု ပြောဆိုပြီးလျှင် "အိုအချင်း ဥပါသကာ၊ မြေအိုးမြေခွက်ကို ခွဲဖျက်စွန့်ပစ်ပြီးလျှင် ရွှေအိုး ရွှေခွက်ကို ပိုက်ဖက်ပွေ့ယူဘိသကဲ့သို့၊ ငါတို့၏ နေရာဖြစ်သော နတ်ပြည်၌ မွေ့လျော် ပျော်ပါးခြင်းငှါ ဤရထား၌ ဖြစ်ပါလော့။ ငါတို့၏ နေရာဖြစ်သော နတ်ပြည်၌ မွေ့လျော် ပျော်ပါးခြင်းငှါ ဤရထား၌ ဖြစ်ပါလော့"ဟု မိမိတို့၏ စံနေရာဖြစ်သော နတ်ပြည်ကို များစွာ ချီးမွမ်းထောမနာ ကုန်သည်ဖြစ်၍ ခေါ်ဆိုကြကုန်၏။ ဓမ္မိကဥပါသကာသည် ထိုနတ်သားတို့၏ ပြောကြားခေါ်ဆိုကြသော စကားသည် တရားတော်၏ အန္တရာယ်ဖြစ်သည်ဟု အလိုဆန္ဒ မရှိလှသောကြောင့် အသင်တို့သည် ငံ့လင့်ကြပါဦး၊ ငံ့လင့်ကြပါဦးဟု ဟန့်တားမြစ်ပယ်၏။ ရဟန်းတော်အရှင်မြတ်တို့ ကလည်း ငါတို့ကို ဟန့်တား မြစ်ပယ်လေသည်ဟူ၍ အထင်တော်ရှိကြသော ကြောင့် သတိပဋ္ဌာန သုတ်တော်ကို မရွတ်ဖတ် မသရဇ္ဈာယ်မူ၍ ဆိတ်ဆိတ် သာလျှင် နေကြလေသည်။

## မဟာဓမ္မိက ဥပါသကာအကြောင်းကို သားသမီးတို့အား ပြောပြခြင်း

ထိုအခါ ဓမ္မိက ဥပါသကာ၏ သားသမီးတို့သည် "ငါတို့ ကျေးဇူးရှင် ဖခင်သည်ကား ကာလရှည်စွာ ရှေးအခါ၌ မြတ်စွာဘုရား၏ တရားဒေသနာကို နာခံယူစွဲရသည်ရှိသော် မရောင့်ရဲနိုင်သော သဘောရှိပါသည်၊ ဤယခုအခါမှာ မူကား ဘုရားသားကျော် ရဟန်းတော် အရှင်အပေါင်းတို့ကို ကောင်းစွာ ပင့်ဖိတ်ပြီး မိမိကပင် ရွတ်ဖတ်သရဇ္ဈာယ် စေသည်ဖြစ်ပါလျက် ယခုတစ်ဖန် မိမိသည်ပင် တားမြစ်ပြန်ဘိသည် သေလွန်ခြင်း၏သဘောကို မကြောက်သော သတ္တဝါမည်သည် မရှိချေတကား"ဟု များစွာငိုကြွေးမြည်တမ်းကြကုန်၏။

ရဟန်းတော်အရှင်မြတ်တို့သည်လည်း ယခုအခါ ငါတို့၏အခွင့်နေရာ မဟုတ်ချေပြီဟု နေရာမှထ၍ ကြွသွားရှောင်ဖယ်ကြကုန်၏။ ဓမ္မိကဥပါသကာသည် အတန်ငယ်သောကာလကို လွန်စေ၍ သတိတရား ထင်ရှားတစ်ဖန် ရပြန်သော အခါ သား, သမီးတို့ကိုခေါ်၍ ချစ်သားချစ်သမီးတို့ အသင်တို့သည် အဘယ့် ကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်းကို ပြုကုန်ဘိသနည်းဟု မေးလျှင် ဖခင် အသင်တို့သည် ရဟန်းတော်သခင် အရှင်မြတ်တို့ကို ပင့်ခေါ် တောင်းပန်၍ သုတ္တန်ဓမ္မကို ကြားနာသည် ဖြစ်ပါလျက် မိမိသည်ပင် တစ်ဖန် တားမြစ်ပြန်သည် ထိုကြောင့် အကျွန်ုပ် သားသမီးတစ်စုသည် သေအံ့သော သဘောကို မကြောက်သော သတ္တဝါမည်သည် မရှိချေတကားဟု များစွာငိုကြွေးမြည်တမ်းကြပါသည်ဟု သားသမီးတို့က ပြောလျှင် ချစ်သား ချစ်သမီးတို့ ရဟန်းတော်သခင် အရှင်မြတ်တို့သည် ယခု အဘယ်မှာနည်းဟုမေးသော် ဖခင် ရဟန်းတော် အရှင်ကောင်းတို့သည် ယခုအခါ ငါတို့အခွင့်အရာ မဟုတ်ချေဟု နေရာမှထ၍ ဖယ်ကြွတော်မူကြလေကုန်ပြီဟု ပြောဆို၏။

ချစ်သား ချစ်သမီးတို့၊ ငါသည် ရဟန်းတော်အရှင်မြတ်တို့နှင့် အတူတကွ စကားပြောဆိုရသည် မဟုတ်ချေတကားဟု ဆိုသည်ရှိသော် ဖခင် အရှင်ကောင်းတို့နှင့် စကားပြောဆိုသည် မဟုတ်လျှင် ဖခင် အဘယ်သူနှင့် စကားပြောဆိုပါသနည်းဟု မေးမြန်းလျှင် ဖခင်က ချစ်သား ချစ်သမီးတို့ နတ်ပြည် ခြောက်ထပ်တို့မှ လာကုန်သော နတ်သားတို့သည် နတ်ရထားခြောက်စင်းတို့ကို တန်ဆာဆင်ကုန်လျက် ယူလာပြီးလျှင် ကောင်းကင်၌တည်ကုန်၍ ငါတို့၏ နတ်ပြည်၌ မွေ့လျော်ပျော်ပါးပါလော့၊ ငါတို့၏ နတ်ပြည်၌ မွေ့လျော်ပျော်ပါး ပါလော့ဟု ကျယ်စွာသောအသံဖြင့် အဖန်ဖန် တောင်းပန်ပြောဆိုခြင်းကို ပြုကုန်၏။ ထိုသို့ပြောဆိုတောင်းပန်ကုန်သော နတ်တို့နှင့်သာ ဖခင်သည် စကားပြောဆိုခြင်းကို ပြုပါသည်ဟူ၍ပြောလျှင် ဖခင် ထိုရထားတို့သည် အဘယ်မှာရှိကုန်သနည်း အကျွန်ုပ်တို့သည် မမြင်ရပါကုန်တကားဟု ပြောကြားသော် ချစ်သား ချစ်သမီးတို့ အသင်တို့အား ကောင်းစွာ သီကုံးကျစ်ဖွဲ့အပ်သော ပန်းကုံးသည် ရှိကုန်သလောဟုမေးလျှင် ရှိပါ၏ဖခင်ဟု ဝန်ခံပြောဆိုသဖြင့် ချစ်သား ချစ်သမီးတို့ နတ်ပြည်ခြောက်ထပ်တို့တွင် အဘယ်နတ်ပြည်သည် သာလွန်ပိုမို၍ မွေ့လျော်ပျော်ပါးဖွယ်ကောင်းလေသနည်းဟု မေးပြန်သောအခါ ဖခင် အလုံးစုံကုန်သော ဘုရားအလောင်းတော်တို့၏ မယ်တော် ခမည်းတော်တို့ စံရာ တုသိတာနတ်ပြည်သည် နတ်ပြည်တကာတို့ထက် သာလွန်ပိုမို၍ နှလုံးမွေ့ လျော် ပျော်ဖွယ်ရာကောင်းပါသည်ဟု ပြောသဖြင့် ထိုသို့ဖြစ်လျှင် ချစ်သား ချစ်သမီးတို့ 'တုသိတာနတ်ပြည်မှလာသော ရထား၌ ကပ်ငြိတည်နေစေသတည်း ဟု စိတ္တာန်ဆောက်တည်၍ ပန်းကုံးကို ပစ်လွှင့်ကြကုန်လောဟု ပြောဆိုသော်

ပြောဆိုသောအတိုင်း ပန်းကုံးကို မြှောက်ပစ်ကြကုန်၏။ ထိုပန်းကုံးသည် တုသိတာနတ်ပြည်မှလာသော ရထားဦး၌ ကပ်ငြိ၍ ကောင်းကင်၌ တွဲလဲဆွဲ၍ တည်၏။ များစွာသောလူအပေါင်းတို့သည် ကောင်းကင်၌ တွဲလဲဆွဲလျက်တည်သော ပန်းကုံး ပန်းဆိုင်းကိုသာ မြင်ရကုန်၏။ ရထားကိုမူကား မမြင်ကြရလေ။

ဓမ္မိကဥပါသကာ က ချစ်သား ချစ်သမီးတို့ ဤတွဲလဲဆွဲ၍ တည်နေသော ပန်းကုံးပန်းဆိုင်းကို မြင်ကြကုန်၏လောဟု မေးလျှင် ဖခင် မြင်ပါကုန်၏ဟု ပြောဆိုသည်ရှိသော် ချစ်သား ချစ်သမီးတို့ ဤပန်းကုံးပန်းဆိုင်းသည်ကား တုသိတာနတ်ပြည်မှလာသော နတ်ရထား၌ တွဲလဲဆွဲသော ပန်းကုံးပန်းဆိုင်းတည်း။ ချစ်သား ချစ်သမီးတို့ ငါသည် တုသိတာနတ်ပြည်သို့ လိုက်သွား၍ ပျော်ပါးစံနေတော့အံ့။ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း သောက ပရိဒေဝ တရားတို့ကို မဖြစ်ပွားမအောက်မေ့ကြကုန်လင့်။ အသင်တို့သည် ငါ၏ထံ၌ ဆက်ဆံကျွမ်းဝင် ယခုဘဝကဲ့သို့ပင် ဖြစ်ခြင်းငှာ အလိုဆန္ဒ ရှိကြပါမူကား ငါဖခင်သည် ပြုပြင်လှူဒါန်းဆောင်စွမ်း စောင့်ရှောက်အပ်သော အမှတ်ဖြင့် မပြတ် ဆည်းပူးအားထုတ်သဖြင့် ဒါန သီလစသော ကုသိုလ်ကောင်းမှုကံတို့ကို စိမ်ပြုလုပ်ကြကုန်လော့ဟု အဆုံးအမဩဝါဒကို ပြောပြပေးဆိုပြီးသော် သေလွန်ခြင်းကို ပြု၍ တုသိတာနတ်ပြည်မှလာသော နတ်ရထား၌တည်၏။

"ထိုခဏ၌သာလျှင် ထိုဓမ္မိကဥပါသကာအား လှည်းခြောက်ဆယ်တိုက်မျှ လောက်ဝန်ရှိသော တန်ဆာတို့ဖြင့် တန်ဆာဆင်အင်သော သုံးဂါဝုတ်မျှပမာဏရှိသော အတ္တဘောရှိသဖြင့် နတ်သမီးတစ်ထောင်ခြံရံလျက် ယူဇနာ နှစ်ရာ့ငါးဆယ်ရှိသော ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသော ဗိမာန်ကြီးသည် ထင်ရှားဖြစ်ပေါ်လာ၍ ချမ်းသာသော စည်းစိမ်သုခကို ခံစံပျော်ပါးရလေ၏" ဟု ၎င်းအဋ္ဌကထာ၌ မိန့်တော်မူ၏-

## တုသိတာနတ်ပြည်၌ဖြစ်ကြောင်း ဟောကြားတော်မူခြင်း

ဓမ္မိကဥပါသကာ၏ လျောင်းရာဖြစ်သော ညောင်စောင်းအနီး နေရာမှ ဖယ်ကြွတော်မူကြကုန်သော ထိုရဟန်းတို့သည်လည်း ကျောင်းသို့ အစဉ်အတိုင်း ရောက်သည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ အသင်တို့သည် ဥပါသကာအား တရားဟောခဲ့ပါ၏လောဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် တရားဒေသနာကို ကောင်းစွာဟောကြား သရဇ္ဈာယ်ပါသည်၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား တရားဒေသနာကိုကောင်းစွာဟောကြား၍ တရားမပြီးဆုံးမီအကြား၌ ငံ့လင့်ပါကုန်ဦးလော့ဟု တားမြစ်ပိတ်ပင်ပါသည်၊ ထိုအခါ ဥပါသကာ၏ သား သမီးတို့သည် ပြင်းစွာငိုကြွေးကြပါကုန်သည်ဘုရား

တပည့်တော်တို့သည်လည်း ယခုအခါ ငါတို့၏နေရာ အခွင့်မဟုတ်ဟု နေရာမှထ၍ ဖယ်ရှောင် တွက်ခွာလာခဲ့ကြပါကုန်သည်ဟု ရဟန်းတို့က လျှောက်ကြား သော် မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ထိုဥပါသကာ သည် အသင်တို့နှင့် အတူတကွ စကားပြောဆိုသောအားဖြင့် တားမြစ်သည် မဟုတ်ချေ နတ်ပြည်ခြောက်ထပ်တို့မှ နတ်သားတို့သည် နတ်ရထား ခြောက်စင်း တို့ကို တန်ဆာဆင်လျက် ဥပါသကာကို မိမိတို့၏ နတ်ပြည်သို့ လိုက်ပါမည့် အကြောင်း တောင်းပန်ပြောဆို ခေါ်ငင်ကြလေသည် ထိုသို့ခေါ်ငင် ပြောဆို ကြသော စကားကို တရားတော် အန္တရာယ် ငြိတွယ်ကပ်ရောက် မလျှောက် ပတ်ဟု အထင်ရှိသဖြင့် အလိုဆန္ဒမရှိသောကြောင့် ထိုနတ်သားတို့နှင့် အတူ တကွ စကားဆိုခြင်းမျှသာ ဖြစ်လေသည်ဟု မိန့်တော်မူသော် ရဟန်းတို့က ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား မဟာဓမ္မိက ဥပါသကာ သည် ထိုနတ်သားတို့နှင့် စကားပြောဆိုပါသလောဟု ပြန်၍တစ်ဖန် လျှောက် ကြားပြန်သောကြောင့် ဟုတ်မှန်ပေသည် ချစ်သား ရဟန်းတို့ဟု မိန့်တော် မူသောအခါ။

## ရဟန်းများသောတာပန်စသည်ဖြစ်ခြင်း

ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ယခုအခါ ထိုဒါယကာသည် အဘယ်အရပ်မှာ ဖြစ်ပါလေသနည်းဟု မေးလျှောက်ပြန်သဖြင့် ချစ်သားရဟန်းတို့ တုသိတာနတ်ပြည်၌ ဖြစ်လေသည်ဟု မိန့်တော်မူလျှင် ရဟန်းတို့က ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား ယခု ပစ္စုပ္ပန်ဘဝ၌ ဓမ္မိကဥပါသကာသည် ဆွေမျိုးတို့၏အလယ်၌ တင့်တယ် သင့်လျော် ဝမ်းမြောက်ဝမ်းသာ ကျင်လည်ခံစား၍ ဤယခုပင်လျှင် တမလွန် လောက၌လည်း ဝမ်းမြောက်ဝမ်းသာ ပျော်ပါးဖွယ်ကောင်းသော ဘုံဘဝ၌ သာလျှင် ဖြစ်ရပေသည်ဟု ချီးမွမ်းထောမနာ၍ လျှောက်ထားကြပြန်သော အခါ မြတ်စွာသုံးလူ့ သဗ္ဗညုရှင်တော်ဘုရားက ချစ်သားရဟန်းတို့ စင်စစ် ကေန် ဟုတ်မှန်လှပေ၏ မမေ့မလျော့သော သူသည် လူသည်မူလည်းဖြစ်စေ ရဟန်းသည်မူလည်းဖြစ်စေ အလုံးစုံကုန်သော နေရာဌာနဘုံဘဝတို့၌ ဝမ်းမြောက် ဝမ်းသာ ကြည်လင်ကာလျှင် ကောင်းစွာပျော်ပါး ရလေသတည်းဟု မိန့်တော် မူပြီး၍ ဤဂါထာကို ဟောတော်မူ၏-

> ၁၆။ ဣဓ မောဒတိ ပေစ္စ မောဒတိ၊
> ကတပုညော ဥဘယတ္ထ မောဒတိ။
> သော မောဒတိ သော ပမောဒတိ၊
> ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။

ပြုအပ်ပြီးသော ကောင်းမှုရှိသူသည် ပစ္စုပ္ပန်ဘဝ၌ ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌ ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန် တမလွန်နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ မိမိ၏စင်ကြယ်သော ကောင်းမှုကံကိုမြင်ရ၍ ထိုကောင်းမှုပြုသူသည် ဝမ်းမြောက်ရပေ၏။ အထူးဝမ်းမြောက်ရပေ၏။

ထိုဂါထာ၌ **ကတပုညော**ဟူသည်=အထူးထူးအပြားပြားသော ကုသိုလ်ကို ပြုတတ်သူသည် "ငါသည် မကောင်းမှုကို မပြုမိလေစွ၊ ငါသည် ကောင်းမှုကို ပြုမိလေစွ"ဟု ကံဟူသော ဝမ်းမြောက်ခြင်းဖြင့် ဝမ်းမြောက်ရ၏၊ တမလွန်ဘဝ၌ ကံ၏အကျိုးကို ခံစားရ၍ ဝမ်းမြောက်ခြင်းဖြင့် ဝမ်းမြောက်ရ၏။ ဤသို့ နှစ်တန်သောဘဝ၌ ဝမ်းမြောက်သည်မည်၏။

**ကမ္မဝိသုဒ္ဓိဟူသည်**=ဓမ္မိကဥပါသကာသည်လည်း မိမိ၏ကံ၏ စင်ကြယ်ခြင်း ကုသိုလ်ကံ၏ ပြည့်စုံခြင်းကိုမြင်ရ၍ မသေမီ ရှေးအဖို့ဖြစ်သော ဤလောက၌လည်း ဝမ်းမြောက်ရ၏ သေချိန်ကိုပြု၍ ယခုအခါ၌ တမလွန်ဘဝ၌လည်း အလွန်ဝမ်းမြောက်ရသည်သာဟူလို။

ဂါထာ၏အဆုံး၌ များစွာသော သူတို့သည် သောတာပန်အစရှိသည်တို့သည် ဖြစ်ကုန်၏။ လူအပေါင်းအားလည်း အကျိုးရှိသော တရားဟောခြင်းသည် ဖြစ်၏။

တစ်ဆယ့်တစ်ခုမြောက် မဟာဓမ္မိကဥပါသကာ ဝတ္ထု ပြီး၏။

## ၁၂။ ရှင်ဒေဝဒတ်ဝတ္ထု

**ဣဓတပ္ပတိ–** အစရှိသော ဤတရားဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

[ဤရှင်ဒေဝဒတ်၏ စကားအစဉ်မှာ ရဟန်းပြုသော ကာလမှစ၍ မြေမျိုသည်တိုင်အောင် ဝတ္ထုစကားတို့ကို အကျယ် ဝိတ္ထာရအားဖြင့် ထိုထိုသို့သော ကျမ်းဂန်တို့မှ လာသည်ကို ထုတ်ဆောင်၍ မှတ်သားရာ၏။ ဤဝတ္ထုမှာမူကား အဋ္ဌကထာလာတိုင်း အကျဉ်းသခေ်ပ အစဉ်ကိုမျှသာ ရေးသားဆိုပြပေတော့အံ့။]

## မင်းသားခြောက်ယောက်

မြတ်စွာဘုရားသည် အနုပိယအမည်ရှိသော မလ္လာမင်းတို့၏ နိဂုံးသည် ရှိ၏။ ထိုနိဂုံးကို အမှီပြု၍ အနုပိယမည်သော သရက်ဥယျာဉ်တော်၌ သီတင်းသုံးစံတော်မူသည် ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ် အလောင်းတော်၏ လက္ခဏာကြီးငယ်ကို ဖတ်သောနေ့၌သာလျှင် ရှစ်သောင်းမျှလောက်ကုန်သော ဆွေတော် မျိုးတော်တို့သည် မင်းသည်မူလည်း ဖြစ်စေ၊ ဘုရားသည်မူလည်းဖြစ်စေ မင်းညီမင်းသားတည်းဟူသော ခတ္တိယပရိသတ်ဖြင့် မပြတ်ခြံရံလှည့်ပတ်ရစေအံ့ဟု ရှစ်သောင်းမျှလောက်ကုန်သော မင်းသားတို့သည် ဝန်ခံကြကုန်၏။ ထိုမင်းသားတို့သည် များသောအားဖြင့် ရဟန်းပြုကြကုန်သည်ရှိသော် ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓါမင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ္တမင်းသားအားဖြင့် ဤခြောက်ယောက်ကုန်သော မင်းသားတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ နောက်သို့ အစဉ်တစိုက်လိုက်၍ ရဟန်းမပြုသည်ကို မြင်ကြကုန်သည်ရှိသော် "ငါတို့၏ သားတို့ကို ရဟန်းပြုစေကြရကုန်၏။ ဤခြောက်ယောက်သော သာကီဝင်မင်းတို့သည်ကား ဘုရားနှင့် ဆွေမျိုးမတော်ယောင်တကား၊ ဆွေတော်မျိုးတော် မဟုတ်ဟန်တကား၊ ဤမင်းသားတို့သည် အဘယ်ကြောင့် မြတ်စွာဘုရား၏ နောက်သို့ အစဉ်တစိုက် လိုက်၍ ရဟန်း မပြုကြပါလိမ့်မည်နည်း" ဟု တီးတိုးစကား ပြောကြားဖြစ်စေကြကုန်၏။

ထိုအခါ မဟာနာမ် အမည်ရှိသော သာကီဝင်မင်းသည် အနုရုဒ္ဓါမင်းသား၏ အထံသို့ ချဉ်းကပ်၍ ညီတော် ငါတို့၏ အမျိုးအနွယ်၌ ရဟန်းပြုသောသူသည် မရှိလေသေး၊ အသင်ညီတော်တည်း ရဟန်းပြုမည်လော၊ သို့တည်း မဟုတ် ငါနောင်တော်သည်ပင်လျှင် ရဟန်းပြုရမည်လောဟု မေး၏။ ထိုအနုရုဒ္ဓါ မင်းသားသည်ကား သိမ်မွေ့နူးညံ့သော သဘောရှိ၏။ ပြည့်စုံကြွယ်ဝသော စည်းစိမ်ချမ်းသာ ရှိ၏။ မရှိဟူသော စကားကိုမျှလည်း မကြားသိစဖူးပေ၊ ထိုစကားကို အနည်းငယ် ချဲ့ဦးအံ့။

## မရှိမုန့်အကြောင်း

တစ်နေ့သ၌ ထိုမင်းသားခြောက်ယောက်တို့သည် မုန့်လောင်းတမ်း ကစားကြကုန်သည်ရှိသော် အနုရုဒ္ဓါမင်းသားသည် မုန့်ရှုံးသည်ဖြစ်၍ မုန့်ယူခြင်းအလို့ငှါ စေလွှတ်၏။ ထိုအခါ မင်းသား၏ မိခင်သည်လည်း မုန့်တို့ကို စီရင်ပြုလုပ်၍ ပို့လိုက်ပေ၏။ ထိုမင်းသားတို့သည် မုန့်ကို စားသောက်ပြီးသော် တစ်ဖန်ကစားကြပြန်၏။ အဖန်ဖန်မပြတ် ကစားကြရာ ထိုအနုရုဒ္ဓါ မင်းသားအားသာ

လျှင် ဆုံးရှုံးသဖြင့် စေလွှတ်အပ်သည်ရှိသော် မင်းသား၏မိခင်သည် စေလွှတ်တိုင်း သုံးကြိမ်တိုင်အောင် မုန့်တို့ကို စေလွှတ်ပေးပို့စေ၍ လေးကြိမ်မြောက်ကျသောအခါ၌ မုန့်မရှိပြီဟု စေလွှတ်လိုက်လေ၏။ ထိုအနုရုဒ္ဓါ မင်းသားသည်လည်း မရှိဟူသော စကားကို တစ်ရံတစ်ခါမျှ မကြားဖူးသည်၏ အဖြစ်ကြောင့် ဤမရှိ ဟူသော အရာသည် မုန့်အထူးတစ်မျိုးပင် ဖြစ်ပေလိမ့်မည်ဟု အောက်မေ့ထင်မှတ်လျက် ငါ့အား ထိုမရှိမုန့်ကိုပင် ဆောင်ယူခဲ့ကုန်လော့ဟု စေလွှတ်လိုက်ပြန်၏။

မင်းချင်းတို့သည် ထိုအနုရုဒ္ဓါမင်းသား၏ မိခင်ကိုကား "အရှင်မ မရှိမုန့်ကို ပေးပါကုန်တဲ့"ဟု ပြောဆိုလတ်သော် မယ်တော်ကလည်း ငါ၏သားတော်သည် မရှိဟူသော စကားကို မကြားဖူးသည် ဖြစ်ပေလိမ့်မည်၊ ဤသို့သော ဥပါယ်တံ့ချဉ် အကြောင်း တစ်စုံတစ်ရာဖြင့် သားတော်ကို သိစေအံ့ဟု ကြံပြီးလျှင် အချည်းနှီးမုန့်မပါသော ရွှေခွက်တစ်ခုကို တစ်ပါးသော ရွှေခွက်တစ်ခုဖြင့် မှောက်အုပ်စေခိုင်း ပို့လွှတ်လိုက်၏၊ မြို့စောင့်နတ်တို့သည် ကြံဆင်ကြကုန်သည်မှာ အနုရုဒ္ဓါမည်သော သာကီဝင်မင်းသားသည် အန္နဘာရ ဖြစ်စဉ်ကာလ သေဌေး၏ဘဝက ဆင်းရဲလုသည့်အခါ မိမိစားရန်အလို့ငှါ ဆောင်ယူခဲ့သော ထမင်းကို ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား ပေးလှူ၍ မရှိဟူသော စကားကို ငါအားမကြားရယည် ဖြစ်စေသတည်း ဘောဇဉ်တို့၏ ဖြစ်ရာဒေသဌာနကို မသိရသည် ဖြစ်ပါစေသတည်းဟု ဆုတောင်းမှုကို ပြုခဲ့ဖူး၏။ အကယ်၍ အချည်းနှီး မုန့်မရှိသော ရွှေခွက်ကို မြင်ခဲ့တုံအံ့ နတ်တို့၏ သဘင်အစည်းအဝေးနှင့်သို့ မဝင်ရပေလတ္တံ့၊ ငါတို့၏ ဦးခေါင်းသည်လည်း ခုနစ်စိတ် ခုနစ်မြွာ ကွဲပျက်၍ ကျပေလတ္တံ့"ဟုကြံ၍ ထိုရွှေခွက်ယဲသို့ နတ်၌ဖြစ်သော မုန့်တို့ဖြင့် ပြည့်သည်ကိုပြုကြကုန်၏။ ထိုရွှေခွက်ကို ကစားဝိုင်းအဝန်း၌ တင်ထား၍ ဖွင့်လှစ်အပ်သည်ရှိသော် ဖွင့်လှစ်ကာမျှဖြင့်သာလျှင် မုန့်၏အနံ့သည် အလုံးစုံသောမြို့ကို ဖုံးလွှမ်းဘိသကဲ့သို့တည်၏။ မုန့်ပိုင်းကို ခံတွင်း၌ ထည့်ကာမျှဖြင့်သာလျှင် အရသာကိုဆောင်ကုန်သော အကြော ခုနစ်ထောင်တို့သို့ ပြန့်နှံ့ထိခိုက်၏။

## မယ်တော်ကို အပြစ်တင်ခြင်း

ထိုအခါ အနုရုဒ္ဓါမင်းသားသည် စဉ်းစားဆင်ခြင်သည်မှာ "ငါ၏ မိခင်သည် ငါ၏အပေါ်၌ ငံ့မျှော်ချစ်ခင်ခြင်းမရှိ၊ ဤမျှလောက်သော ကာလပတ်လုံး မရှိဟူသောမုန့်ကို မပြုလုပ် ကျွေးချက်၍မပေးစဖူး၊ ယခုအခါမှသာ ပေးပေတော့သည်၊ ဤယနေ့ကာလ ဤမှစ၍ တစ်ပါးသောမုန့်ကို မစားတော့အံ့ဟု

ကြ၍ အိမ်သို့ပြန်သွားပြီးလျှင် ထိုအနုရုဒ္ဓါမင်းသားသည် မယ်တော်ကို မေးသည်မှာ မယ်တော်-မယ်တော်တို့အားသားတော်ဖြစ်သော အကျွန်ုပ်ကို ချစ်ခင်ခြင်းရှိပါ၏လော၊ ချစ်ခင်ခြင်း မရှိလေသလောဟု မေးသောကာလ မယ်တော်ကလည်း ချစ်သား အဘယ်သို့သောစကားကို ပြောကြားလိုက်ပါဘိသနည်း။ တစ်ဖက်တစ်ခုသော မျက်စိသာရှိသောသူသည် မိမိ၏ တစ်ဖက်သော စက္ခုကို ဂရုလေးစား နှလုံးထားသော အားဖြင့် များစွာ စောင့်ရှောက်ဘိ သကဲ့သို့ မယ်တော် ငါသည်လည်း သားတော်အသင့်ကို ကိုင်တွယ်ဖြစ်ငြား နှလုံးသွေး နှလုံးသားကဲ့သို့ပင် အလွန်လျှင် ချစ်ခင်ခြင်း ရှိပါသည်ဟု ပြောသောကာလ မင်းသားက "မယ်တော်ထိုသို့ချစ်ခင်ခြင်းရှိပါလျက် ဤမျှလောက်သောကာလပတ်လုံး မယ်တော်သည် အကျွန်ုပ်အား မရှိဟူသောမုန့်ကို ချက်ပြုတ်လုပ်ကိုင်၍ အဘယ်ကြောင့် မပေးပါသနည်းဟု မေး၏။ ထိုအခါ မယ်တော်သည် အလုပ်အကျွေးငယ်တို့ကို ခေါ်၍ အသင်တို့သည် ရွှေခွက်ကို ယူသွားသောကာလ ရွှေခွက်၌ တစ်စုံတစ်ခုသောဝတ္ထုကို မြင်ကြသလောဟုမေး၏။ အလုပ်အကျွေးတို့ကလည်း အရှင်မ ရွှေခွက်သည် မုန့်တို့ဖြင့် ပြည့်ပါသည် ဤမုန့်နှင့်တူသောမုန့်ကို အကျွန်ုပ်တို့သည် ရှေးအခါကာလ တစ်ရံတစ်ခါမျှ မမြင်ဖူးပါဟု လျှောက်ထားပြောဆိုကြသောကာလ မယ်တော်က ဆင်ခြင်သည်မှာ ငါ၏သားသည် ဘုန်းကျက်သရေကြီးသော သားဖြစ်ပေသည်။ နောက်နောက်သော ဘဝအခါက ပြုအပ်ခဲ့ပြီးသော ဆုတောင်းခြင်းရှိသည်ဖြစ်၍ နတ်တို့သည် ရွှေခွက်ကို မုန့်ဖြင့်ပြည့်စေပြီး စေလွှတ် ပို့ဆက်အပ်သည် ဖြစ်ကုန်လတ္တံ့ဟု ကြံဆင်ခြင်တော်မူ၏။

ထိုအခါ အနုရုဒ္ဓါမင်းသားက မိခင် ဤနေ့မှစ၍ သားတော်သည် တစ်ပါးသော မုန့်မည်သည်ကို မစားတော့အံ့ဟု မရှိမုန့်ကိုသာ ချက်ပြုတ်လုပ်ကိုင်၍ ပေးသနားတော်မူပါလော့ဟု ပြော၏။ မိခင်သည်လည်း ထိုအခါမှစ၍ မုန့်စားခြင်းငှါ အလိုရှိသည်ဟု ဆိုသည်ရှိသော် အချည်းနှီးသောရွှေခွက်ကို တစ်ပါးသောရွှေခွက်ဖြင့် ဖုံးအုပ်၍ပို့လိုက်၏။ အနုရုဒ္ဓါမင်းသားသည် အကြင်မျှလောက်သော ကာလပတ်လုံး အိမ်ရာထောင်သော လူ့ဘောင်၌နေ၏၊ ထိုမျှလောက် ကာလပတ်လုံး နတ်တို့သည် နတ်၌ဖြစ်သော မုန့်တို့ကို ထည့်သွင်း ပို့ဆက်လိုက်ရကုန်၏။

## အနုရုဒ္ဓါမင်းသား ရဟန်းပြုခြင်း

ထိုအနုရုဒ္ဓါမင်းသားသည် ဤမျှလောက်မရှိဟူသော စကားကိုမျှမကြားသိဖူးသောကြောင့် ရဟန်းအဖြစ်မည်သည်ကို အဘယ်သို့ သိနိုင်ပါလတ္တံ့နည်း။ သို့ဖြစ်၍ အနုရုဒ္ဓါမင်းသားသည် နောင်တော်ကို ရဟန်းအဖြစ် မည်သည်ကား

အဘယ်သို့နည်းဟု မေး၏။ နောင်တော်က ညီတော်ရဟန်းအဖြစ်မည်သည်ကား ဆံမုတ်ဆိတ်တို့ကို ပယ်ချသုတ်သင်၍ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို ဝတ်ရုံသုံးဆောင်သဖြင့် ထင်းသစ်သားတို့ဖြင့် ပြုပြင် စီရင်အပ်သော ညောင်စောင်း အင်းပျဉ်အခင်း၌လည်းကောင်း၊ ကြိမ်ဖြင့်ခက်သော ညောင်စောင်း အင်းပျဉ်၌လည်းကောင်း အိပ်နေသုံးဆောင်လျက် ဆွမ်းအာဟာရ မျှတခြင်းအလို့ငှါ ရွာကြုံလှည့်လည်သဖြင့်နေရ၏။ ဤသည်လျှင် ရဟန်း၏ ပြုဖွယ်ကိစ္စပေတည်းဟု ဆိုသည်ရှိသော် နောင်တော် အကျွန်ုပ်သည်ကား သိမ်မွေ့နူးညံ့လှပါသည်။ ရဟန်းပြုခြင်းငှါ မစွမ်းနိုင်ပါဟု ဆိုလျှင် ထိုသို့ဖြစ်လျှင် ညီချစ်အသင်သည် လူတို့ပြုပြင်ဖွယ်ရာ အမှုကိစ္စဟူသမျှကို သင်ယူ မှတ်နာလျက် ဃရာဝါသ လူ့ဘောင်၌ နေပါလော့။ နောင်တော်သည် ရဟန်းပြုပါအံ့။ ငါတို့၏ အမျိုးအနွယ်မှ တစ်စုံတစ်ယောက်သောသူမျှ ရဟန်းမပြုဘဲနေခြင်းငှါ မတတ်ကောင်းဟု ပြောဆို၏။

ထိုအခါ နောင်တော် မဟာနာမမင်းသားကို ညီတော် အရုဒ္ဓါမင်းသားက နောင်တော် လူ့ဘောင်လောက၌ ပြုဆောင်ဖွယ် အမှုကိစ္စဟူသည်ကား အဘယ်ပါနည်းဟု မေးပြန်၏။ ထမင်းဖြစ်ရာဌာနကိုမျှလည်း မသိသော အမျိုးကောင်းသားသည် လူ့ဘောင်လောက၌ လုပ်ဆောင်ဖွယ်ရာသော အမှုကိစ္စကို အဘယ်သို့ သိနိုင်ပါအံ့နည်း။ ထိုစကားကို ချဲ့ဦးအံ့—တရံသော နေ့အခါ၌ ကိမိလ, ဘဒ္ဒိယ, အနုရုဒ္ဓါ-ဟူသော မင်းသားသုံးယောက်တို့အား ငြင်းခုံကြသော စကားသည် ထင်ရှားဖြစ်၏။ ထမင်းဟူသည် အဘယ်အရပ်၌ ဖြစ်လာသနည်းဟု စကားဖြစ်ကြကုန်၏။ ထိုအခါ ကိမိလမင်းသားက ကျီ၌ ဖြစ်၏ဟုဆို၏။ ထိုအခါ ဘဒ္ဒိယမင်းသားက ကိမိလမင်းသားကို သင်သည် ထမင်းဖြစ်ရာ အရပ်ကိုမျှမသိလေ။ ထမင်းမည်သည်ကား အိုးခွက်၌ဖြစ်သည်ဟု ဆို၏။ အနုရုဒ္ဓါမင်းသားကလည်း သင်တို့နှစ်ယောက်သည် ဘယ်ဒေသ ဘယ်ဌာနအတွင်းမှ ထမင်းဖြစ်သည်ကို မသိမကျွမ်းကြလေ။ ထမင်းမည်သည်ကား ရတနာတို့ဖြင့် စီခြယ်အပ်သော ရွှေခွက်ထဲ၌ ဖြစ်ပေါ်လာသည်ဟူ၍ ပြောဆို၏။

ထိုမင်းသားသုံးယောက်တို့တွင် တစ်နေ့သ၌ ကိမိလမင်းသားသည် ကျီမှ ကောက်ကို ထုတ်ဆောင် ယူငင်သည်တို့ကို မြင်ဖူး၏။ ထို့ကြောင့် ထမင်းတို့သည် ကျီ၌သာလျှင်ဖြစ်ကုန်သည်ဟု မှတ်ထင်၏။ ဘဒ္ဒိယမင်းသားသည် တစ်နေ့သ၌ အိုးခွက်မှ ထမင်းကို ချက်ပြုတ်ခူးဆွ ပွားစေသည်ကို မြင်လိုက်ဖူးသောကြောင့် ထမင်းသည် အိုးခွက်၌သာလျှင် ဖြစ်သည်ဟုအမှတ်ရှိ၏။ အနုရုဒ္ဓါမင်းသားမူကား ကောက်ကိုကျီကြဘဏ္ဍာမှ ထုတ်ဆောင်သည်ကိုလည်းကောင်း၊ ကောက်ကို ထောင်းထုသည်ကိုလည်းကောင်း ထမင်းချက်ပြုတ်သည်ကို လည်းကောင်း၊

ထမင်းခူးဆွသည်ကို လည်းကောင်း တစ်ရံတစ်ခါမျှ မတွေ့မထင် မမြင်ဖူးဘဲ ထမင်းကို ခူးဆွစီရင်ပြီးသော် ရွှေသို့ရောက်၍ ချထားသည်မျှကိုသာလျှင် မြင်ဖူးတွေ့ဖူး၏။ ထိုကြောင့် အနုရုဒ္ဓါမင်းသားသည် စားခြင်းငှာ အလိုရှိသော အခါဝယ် ထမင်းသည် ခွက်ထဲ၌ ဖြစ်ပေါ်လာသည်ဟု အမှတ်ရှိ၏။ ထိုကြောင့် မင်းသားသုံးယောက်တို့ ထမင်းဖြစ်ရာအရပ်ကို မသိကြကုန်။

ဤမျှလောက်သော ချမ်းသာသုခနှင့်ပြည့်စုံသော မင်းသားအား အဘယ်မှာ လူတို့ ပြုဆောင်ဖွယ်ရာသော အမှုကို သိနိုင်ပါအံ့နည်း ထိုကြောင့် လူ့ဘောင်၌ ပြုဖွယ်ကိစ္စကို **နောင်တော်** မဟာနာမ မင်းသားအား မေးလေသတည်း။

မဟာနာမ မင်းသားကလည်း ချစ်ညီ ရှေးဦးစွာ လယ်ကို ထွန်စေအပ်၏။ ဤသို့ အစရှိသော နှစ်တိုင်းနှစ်တိုင်း၌ ပြုဖွယ်ကိစ္စ ဟူသမျှကို ပြန်ကြားပြောဆိုသည်ဖြစ်၍ ကြားသိသော် နောင်တော် အဘယ်အခါ၌ အမှုကိစ္စတို့၏ ပြီးဆုံးခြင်းသည် ထင်ပါအံ့နည်း။ အဘယ်အခါ၌ ငါတို့သည် ကြောင့်ကြမဲ့ စည်းစိမ် ချမ်းသာတို့ကို သုံးဆောင်ခံစား၍ နေရပါမည်နည်းဟု မေးပြန်သော် ညီချစ် အသက်ရှည်သမျှ ဘယ်အခါမှအမှုကိစ္စတို့၏ ပြီးဆုံးခြင်းသည် မရှိပေဟု ပြောကြားသဖြင့်နောင်တော်ထိုသို့ဖြစ်ပြီးလျှင် နောင်တော်သည်သာလျှင် လူ့ဘောင်၌ နေတော်မူပါ။ ညီတော်သည် ထိုလူ့ဘောင်ဖြင့် အလိုမရှိပါပြီဟု ပြောပြီးလျှင် အနုရုဒ္ဓါမင်းသားသည် မိခင်၏ ထံသို့သွား၍ မိခင် သားတော် အကျွန်ုပ်ကို ရဟန်းပြုခြင်းငှာ ခွင့်ပေးသနားပါလောဟု ခွင့်ပန်ပြောဆို၏၊ မိခင်လည်း အထူးထူး အပြားပြား များစွာသော အကြောင်းတို့ဖြင့် သုံးကြိမ်တိုင်အောင် မြစ်ပယ်ဟန့်တားပြီး၍ ချစ်သားအသင်သည် ဤမျှလောက် ရဟန်းပြုလိုသော ဆန္ဒ ရှိခဲ့ပါမူ သင်၏သူငယ်ချင်း အဆွေခင်ပွန်း အဖော်ဖြစ်သော ဘဒ္ဒိယ မင်းသားသည် ရှိသည်မဟုတ်လော။ ချစ်သား ထိုဘဒ္ဒိယမင်းသားသည် အကယ်၍ ရဟန်းပြုသည် ဖြစ်ခဲ့ပါအံ့ ထိုဘဒ္ဒိယမင်းသားနှင့် အတူတကွ ရဟန်းပြုလေလော့ဟုဆိုသည်ရှိသော် အနုရုဒ္ဓါမင်းသားသည် ဘဒ္ဒိယမင်းသား၏ အထံသို့ချဉ်းကပ်၍ အဆွေငါ၏မယ်တော်သည် ရဟန်းပြုပါရမည့်အကြောင်းနှင့် တောင်းပန်ပါသည်ကို ခွင့်မပေးဘဲ အသင်နှင့်စပ်လျက် အဆွေသည် အကယ်၍ ရဟန်းပြုသည်ဖြစ်အံ့၊ ရဟန်းပြုလေလော့ဟု ခွင့်လွှတ်လိုက်သည်ဟု ပြောဆို၍ အထူးထူး အပြားပြား များစွာသော အခြင်းအရာတို့ဖြင့် သိစေပြီးသော် ခုနစ်ရက် မြောက်သောနေ့၌ မိမိနှင့်အတူတကွ ရဟန်းပြုအံ့သောငှာ ပဋိညာဉ် ယူပေ၏။ ထိုနောင်မှ ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓါမင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ်မင်းသား၊ ဟူကုန်သော ဤမင်းသား ခြောက်ယောက်တို့နှင့်တကွ ဥပါလိဆတ္တာသည်လျှင် ခုနစ်ယောက်မြောက်

သောသူတို့သည် နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကို ပျော်ပါးစံစားသော နတ်သားကဲ့သို့ ခုနစ်ရက်ပတ်လုံး စည်းစိမ်ချမ်းသာ ကြီးကျယ်စွာကို ခံစား စံစားပြီး၍နတ်၏ဥယျာဉ်သို့ ပျော်ပါးစံပယ်အံ့သောငှာထွက်ကြသော နတ်သား တို့ကဲ့သို့ အင်္ဂါလေးပါးရှိသော စစ်သည်ဗိုလ်ပါဖြင့် ခြံရံလျက် ထွက်သွားပြီး သောအခါ တစ်ပါးသော နိုင်ငံ၌ာနသို့ ကျရောက်ကြသည်ရှိသော် မင်း၏ အာဏာဖြင့် စစ်သည်တို့ကို ပြန်စေ၍ သူတစ်ပါးနိုင်ငံသို့ သက်ခဲ့ကြကုန်၏။

## ဥပါလိဆတ္တာသည်

သူတစ်ပါးနိုင်ငံအတွင်းသို့ ချဉ်းကပ်ဝင်ရောက်မိသောအခါ၌ မင်းသား ခြောက်ယောက်တို့သည် မိမိတို့ဆင်ဝတ်ခဲ့သော တန်ဆာတို့ကို ဖြေချွတ်၍ အထုပ်အဖွဲ့ကို ပြုပြီးလျှင် အချင်းဥပါလိ အသင်အား ဤမျှသော ပစ္စည်း ဥစ္စာ ဘဏ္ဍာတို့ဖြင့် အသက်မွေးခြင်းငှါ လုံလောက်လေပြီ။ သို့ဖြစ်၍ အသင် သည် ဤပစ္စည်းဘဏ္ဍာ ဥစ္စာတို့ကိုယူ၍ ပြန်သွားဆုတ်နစ်ပြီးလျှင် နေရစ်လော့ ဟု ပေးကြကုန်၏။ ဥပါလိဆတ္တာသည်လည်း မင်းသားတို့၏ ခြေရင်း၌ ဝပ်စင်းလူးလှိမ့်လျက် ငိုကြွေး၍ တောင်းပန်ပါသော်လည်း အခွင့်ကို မရသဖြင့် အာဏာကို လွန်ဆန်အံ့သောငှာ မဝံ့သည် ဖြစ်သောကြောင့် နေရာမှ ထပြီး သော် ဆုတ်နစ်ပြန်လည်ခဲ့ရလေ၏။

ထိုမင်းသားတို့နှင့် ဥပါလိဆတ္တာသည် သည် သွေဖယ်ခွဲခွာသော အခါ၌ အလုံးစုံသော တောအုပ်သည် သစ်ပင်တို့ ညွတ်ငိုက်သဖြင့် ငိုကြွေးဘိသကဲ့သို့ လည်းကောင်း၊ အိုးထိန်းစက်ပမာမဟာပထဝီမြေကြီးသည်တုန်လှုပ်သော အခြင်း အရာကို ရောက်ဘိသကဲ့သို့လည်းကောင်း ဖြစ်၏။ ဥပါလိသည် အနည်းငယ် ဆုတ်နစ်ပြန်လည်၍ ဤသို့အကြံဖြစ်သည်မှာ “ဤ သာကီဝင်မင်းသားတို့သည် ကြမ်းတမ်းသော အမျက်ဒေါသ မာန်မာနရှိကုန်၏။ ဤဥပါလိသည် မင်းသား ငယ်တို့ကို သတ်ဖြတ်ပြီး ဘဏ္ဍာတို့ကို ယူလေသတည်းဟု ငါ့ကို သတ်ဖြတ်ကြ ကုန်၏။ ဤသာကီဝင်မင်းသားများစွာတို့သည် ဤသို့သဘောရှိသောစည်းစိမ်ကို ပယ်၍ ဆင်ယင်ဝတ်စား များစွာအဖိုးထိုက်သော ဤတန်ဆာတို့ကို ထွေးအန် အပ်ပြီးသော တံတွေးပေါက်ပမာ ရှုရှာစွန့်ပစ်ပြီးလျှင် ရဟန်းပြုကြတုံသေး၏။ တစ်စုံတစ်ခုသော စည်းစိမ်ချမ်းသာ တပ်မက်စရာမရှိသောငါသည် အဘယ်သို့ လျှင် ရဟန်းမပြုဘဲ ရှိပါအံ့နည်း”ဟု ကြံဆင်ခြင်ပြီးသောကာလ တန်ဆာ တို့ဖြင့် ထည့်သွင်း ထုတ်ပိုးအပ်သော ဘဏ္ဍာထုပ်ကို ဖြေချွတ်ပြီးလျှင် ထို တန်ဆာတို့ကို သစ်ပင်၌ တွဲလွဲဆွဲ၍ အလိုရှိသော သူတို့သည် ယူကြစေကုန် သတည်းဟု ကြွေးကြော်ပြောဆိုပြီးသော် ထိုမင်းသားတို့၏ ထံသို့ တစ်ဖန်

ပြန်သွားလေလျှင် ထိုမင်းသားတို့က ဥပါလိ အသင်အဘယ်ကြောင့် ဆုတ်နစ် ပြန်လာပြန်သနည်းဟု မေးသည်ရှိသော် မိမိသည် အကြံဖြစ်သော အခြင်းအရာ များစွာရုံးပေါင်း ဤသို့သော အကြောင်းကို ကြားလျှောက်၏။

ထိုအခါ မင်းသားတို့သည် ဥပါလိဆေတ္တာသည်ကို ယူဆောင်ခေါ်ငင်ခဲ့ပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ သွားကြ၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပူဇော်ပြီးသော် ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား အကျွန်ုပ်တို့ သာကီဝင် မင်းမျိုးတို့ မည်သည်ကား မာန်မာနကို မှီစွဲလျက် အမြဲတက်ကြွလေ့ ရှိကုန်၏။ ဤဥပါလိသည် တပည့်တော်တို့၏ ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး ပြုစုလုပ်ကျွေး၍နေသော ခြေရင်း အလုပ်အကျွေးပါတည်း။ ဤဥပါလိကို ရှေးဦးစွာ ရဟန်းပြုတော်မူပါကုန်။ အကျွန်ုပ်တို့သည် ထိုဥပါလိအား လက်အုပ်ချီမိုး ရှိခိုးခြင်း စသည်တို့ကို ပြုကြရပါကုန်လတ္တံ့။ ဤသို့ ဥပါလိကို ရှိခိုးခြင်း စသည်ကို ပြုကြရကုန်သည်ရှိသော် အကျွန်ုပ်တို့အား တက်ကြွသောမာန်မာန သည် ပျောက်ပျက်စီးခြင်း ဖြစ်ပါလတ္တံ့ဟု လျှောက်ထား၍ ထိုဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေပြီးသော် နောက်မှ မိမိတို့သည် ရဟန်းပြုကြကုန်၏။

ထိုသို့ ရဟန်းပြုအပ်သော အရှင်တို့တွင် အရှင်ဘဒ္ဒိယသည် ထိုဝါ၏အတွင်း ဖြင့်သာလျှင် ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခု, အာသဝက္ခယ တည်းဟူသော ဝိဇ္ဇာသုံးပါး မြတ်တရားကို ပိုင်းခြားတိတိ သိမြင်ရရှိတော်မူသော တေဝိဇ္ဇာရဟန္တာ ဖြစ်လေ၏။ အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရပြီး၍ နောက်မှ မဟာပုရိသဝိတက္ကသုတ္တန် ဒေသနာတော်မြတ်ကို ကြားနာရသည် ရှိသော် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရှင်အာနန္ဒာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ဘဂုမထေရ်လည်းကောင်း, ကိမိလမထေရ်လည်းကောင်း ဤနှစ်ပါးသောမထေရ်တို့သည် နောက်၌ဖြစ်သောအဖို့၌ ဝိပဿနာကို အဆင့်ဆင့် ပွားစေ၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

အရှင်ဒေဝဒတ်သည်ကား ပုထုဇဉ် အဖြစ်ဖြင့်သာလျှင် လောကီဈာန် အဘိညာဉ်တန်ခိုးနှင့် ပြည့်စုံသော အဖြစ်သို့ရောက်၍ နောက်အဖို့ ဖြစ်သော ကာလ၌ နတ်,လူ,ဗြဟ္မာ,သတ္တဝါတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူပေသော မြတ်စွာ ဘုရားရှင်သည် ကောသမ္ဗီပြည်၌ သီတင်းသုံး စံနေတော်မူသည် ရှိသော် တပည့် သားဖြစ်သော သံဃာတော်နှင့်တကွသော မြတ်စွာဘုရားရှင်အား ကြီးကျယ် ပြန့်ပြောများမြတ်သော လာဘသက္ကာရသည် ဖြစ်လေ၏။ ပုဆိုး,အဝတ်,ဆေး, အဖျော်ယမကာစသည် လက်စွဲကုန်သော ဥပါသကာ,ဥပါသိကာ ဖြစ်ကုန်သော လူအပေါင်းတို့သည် ကျောင်းသို့ ဝင်ရောက်လာပြီးသော် ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်မှာနည်း။ အရှင်သာရိပုတ္တရာမထေရ်သည် အဘယ်

အရပ်၌ သီတင်းသုံးနေတော်မူသနည်း။ အရှင်မောဂ္ဂလာန်မထေရ်သည် အဘယ်အရပ်၌ သီတင်းသုံးနေတော်မူသနည်း။ အရှင်မဟာကဿပမထေရ်သည် အဘယ်အရပ်၌ သီတင်းသုံးနေတော်မူသနည်း။ အရှင်ဘဒ္ဒိယမထေရ်သည် အဘယ်အရပ်၌ သီတင်းသုံး နေတော်မူသနည်း။ အရှင်အနုရုဒ္ဓါမထေရ်သည် အဘယ်အရပ်၌ သီတင်းသုံး နေတော်မူသနည်း။ အရှင်ဘဂုမထေရ်သည် အဘယ်အရပ်၌ သီတင်းသုံးနေတော်မူသနည်း။ အရှင်အာနန္ဒာမထေရ်သည် အဘယ်အရပ်၌ သီတင်းသုံး နေတော်မူသနည်း။ အရှင်ကိမိလမထေရ်သည် အဘယ်အရပ်၌ သီတင်းသုံး နေတော်မူသနည်း။ ဤသို့ စသည်ဖြင့် မေးမြန်းပြောဆို ကြကုန်ပြီးလျှင် ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့၏ ထိုင်နေ သီတင်းသုံးတော်မူရာ အရပ်ကို ကြည့်ရှုဖူးမြော်လျက် လှည့်လည်ကြကုန်၏။ အရှင်ဒေဝဒတ်မထေရ်သည်ကား အဘယ်အရပ်၌ သီတင်းသုံးသနည်း၊ အဘယ်အရပ်၌ နေသနည်း ဟူ၍ မေးမြန်းမည့်သူ တစ်စုံတစ်ယောက်မျှ မရှိလေ။

## ရှင်ဒေဝဒတ်၏ မကောင်းသောအကြံ

ထိုအခါ အရှင်ဒေဝဒတ်သည် ဤသို့သော အကြံဖြစ်၏။ "ငါသည်လည်း ထိုအရှင်ဘဒ္ဒိယစသော သူတို့နှင့် အတူတကွသာလျှင် ရဟန်းပြုပါသည်။ ထို ဘဒ္ဒိယစသော သူတို့သည်လည်း မင်းမျိုးမှဖြစ်သော ရဟန်းဖြစ်ကြပါကုန်သည်။ ငါသည်လည်း မင်းမျိုးမှပြုအပ်သော ရဟန်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပါလျက် လာဘ်ပူဇော်သက္ကာ များစွာလက်ထဲ၌ စွဲကိုင်ကြကုန်သော လူအပေါင်းတို့သည် ထိုရဟန်းတို့ကိုသာလျှင် ရှာမှီးလှည့်လည်ကြကုန်၏။ ငါ၏ အမည်ကို မေးမြန်းပြောဆို ခေါ်ဝေါ်ခြင်းမျှမရှိလေ။ အသို့နည်း၊ ငါသည် အဘယ်သူနှင့် တကွ ပေါင်းစည်းတစ်ချက်တည်း ဖြစ်၍ အဘယ်သူကို ရှင်လန်းနှစ်မြို့ ကြည်ညို စေပြီးလျှင် ငါ့အား လာဘ်ပူဇော်သက္ကာ များစွာ အထွေထွေကို ဖြစ်စေရပါ အံ့နည်း"ဟု အကြံဖြစ်ပြီးမှ ထိုနောက်တစ်ဖန် အကြံဤသို့ ဖြစ်ပြန်သည်မှာ ရာဇဂြိုဟ်ပြည်ကြီးကို အစိုးရတော်မူသော ဤ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားရှင်ကို ရှေးဦးအစ ပထမဖူးမြင်သဖြင့်သာလျှင် တစ်သိန်းတစ်သောင်းကုန်သော ပုဏ္ဏားသူကြွယ်တို့နှင့် တကွ သောတာပတ္တိဖိုလ်၌ တည်လေပြီ၊ ထို ဗိမ္ဗိသာရမင်းနှင့် တစ်ပေါင်းတည်းဖြစ်ခြင်းငှာ မတတ်ကောင်း။ သာဝတ္ထိပြည်ကြီးကို အစိုးရတော်မူသော ကောသလမင်းကြီးနှင့်လည်း အတူတကွ တပေါင်းတည်းဖြစ်ခြင်းငှာ မစွမ်းနိုင်။

ရာဇဂြိုဟ်ပြည်ကြီးရှင် ဘုရင်ဗိမ္ဗိသာရမင်းမြတ်၏ တောင်ညာစံဒေဝီ ဝေဒေဟီ မိဖုရားသား ဖြစ်သော ဤအဇာတသတ် မင်းသားငယ်သည်ကား တစ်စုံတစ်ခု သော ဂုဏ်ကျေးဇူးဥပကာရ ဒေါသဒေါပြစ်ကို စင်စစ် ထင်ထင် သိမြင်ခြင်းမရှိ။

ထိုအဇာတသတ် မင်းသားငယ်နှင့် အတူတကွ တပေါင်းတည်း ဆက်ဆံ ပေါင်းသင်းခြင်းကို ဖြစ်စေအံ့''ဟု ကြံပြီးလျှင် ထိုရှင်ဒေဝဒတ်သည် ကောသမ္ဗီ ပြည်မှ ရာဇဂြိုဟ်ပြည်သို့ ခရီးစဉ်အတိုင်း အားဖြင့် သွား၍ သတို့သားငယ်၏ အသွင်ကို ပြုပြင်ဖန်ဆင်းပြီးသော် အဆိပ်လျှင်သော မြွေလေးကောင် တို့ကို လက်ခြေလေးခုတို့၌ ကိုင်ငင်သည်ကိုပြု၍ တစ်ကောင်သောမြွေကို လည်ပင်း၌ ရစ်ပတ်ဆွဲငင် ပန်ဆင်၍ တစ်ကောင်သောမြွေကို ဦးခေါင်းထက်၌ ခေါင်းခုကို ပြု၍ တစ်ကောင်သောမြွေကို ပခုံးထက်၌ တင်ထားသည်ကို ပြု၍ ဤသို့သော မြွေတည်းဟူသော ခါးကြိုးတန်ဆာ ဆင်ယင်ကာဖြင့် အာကာသကောင်းကင်မှ သက်ဆင်းလာ၍ အဇာတသတ်မင်းသား၏ ရင်ခွင်ထက်၌ ထိုင်နေလျှင် အဇာ တသတ်မင်းသားသည် အလွန်တမင်း ကြောက်ရွံ့ခြင်းရှိသဖြင့် သင်သည် အဘယ်သူနည်းဟု မေးမြန်းသည်ရှိသော် မင်းသား ငါသည်ကား အရှင်ဒေဝ ဒတ်ပင်တည်းဟု ပြောဆိုပြီး ထိုအဇာတသတ် မင်းသား၏ အလွန် ရွံ့ကြောက် တုန်လှုပ်ခြင်းဘေး ကင်းဝေးပယ်ဖျောက်ခြင်းငှာ ထိုအတ္တဘောကိုစွန့်၍ ပကတိ သော မိမိ၏ အတ္တဘောအသွင်ကို စီရင်ပြုလုပ် ဒုကုဋ်သပိတ်သင်္ကန်းကို သည်ပိုး လွယ်ဆောင်ပြီးလျှင် မင်းသား၏ ရှေ့မျက်နှာဖြစ်သောအရပ်မှ မတ်မတ်ရပ်ပြီး သော် ထိုအဇာတသတ်မင်းသားကို မြတ်နိုးကြည်ညို ရိုသေ နှစ်သက်ခြင်းကို ဖြစ်စေ၍ များမြတ်ပြန့်ပြော ကြွယ်ဝသော လာဘ်ပူဇော်သက္ကာရကို ဖြစ်စေ၏။

### ဒေဝဒတ်သည် မြတ်စွာဘုရားအား ရန်ငြိုးဖွဲ့ခြင်း

ထိုအရှင်ဒေဝဒတ်သည် ကြွယ်ဝပြန့်ပြောများသော လာဘ်ပူဇော် သက္ကာဖြင့် ပြင်းစွာနှိပ်စက်သောစိတ်၏ တက်ကြွခြင်းရှိသည်ဖြစ်၍ ''ငါသည် ရဟန်းအပေါင်း တည်းဟူသော ပရိသတ်ကို ရွက်ဆောင်အံ့''ဟု ယုတ်မာသောအလိုနိုင်ငံ စိတ် အကြံကို ဖြစ်စေပြီးလျှင် မဟုတ်မမှန် ဖောက်ပြန်သောစိတ်အကြံ ဖြစ်သည်နှင့် တကွနက် လောကီစျာန် အဘိညာဉ်တန်ခိုးမှ နွမ်းညှိုးဆုတ်ယုတ် ပျက်စီး၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ တစ်ဖန် ချဉ်းကပ်ပြီးသော် ဝေဠုဝန် ကျောင်းတော်၌ မင်းနှင့်တကွသော ပရိသတ်အား တရားမြတ်ရေအေး တိုက်ကျွေးဆုံးမ သီတင်းသုံးတော်မူသော မြတ်စွာဘုရားရှင်ကို ကြည်လင် ညွှတ်လျှိုး ရှိခိုးပြီးလျှင် နေရာမှထ၍ လက်အုပ်ကို မြှောက်ချီလျက် ဣဿရိယ စသော ဘုန်းတော်ခြောက်ဖြာတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ယခု အခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် အိုမင်းကြီးရင့်သော အရွယ်သို့ ရောက်ခဲ့ပါပြီ။ ကြောင့်ကြမဲ့ လျစ်လျူပြုတော်မူ၍ ဘုရား ကိုယ်တော်မြတ်သည် မျက်မှောက်၌ဖြစ်သော တရားချမ်းသာကိုသာ ကောင်းစွာခံစားလျက် သီတင်း သုံး စံနေတော်မူပါလော့။ တပည့်တော်သည် ရဟန်း သံဃာတော်အပေါင်း တည်းဟူသော ပရိသတ်ကို ဆောင်ပါအံ့။ အရှင်ဘုရား တပည့်တော်အား

ရဟန်းသံဃာအပေါင်းကို ဆောင်နှင်းတော်မူပါလော့ဟု လျှောက်ထားလျှင် မြတ်စွာဘုရားရှင်သည် ထွေးစွန့်ပစ်အပ်သော တံတွေးကို မျိုမိသည်အလား စက်ဆုပ်ဖွယ်ရာဖြစ်သော အခြင်းအရာကို မိန့်ဆိုခြင်းဖြင့် မောင်းမဲ ခြိမ်းခြောက်တော်မူ၍ ပယ်တော်မူအပ်သည်ရှိသော် အရှင်ဒေဝဒတ်သည် နှလုံးမသက်သာပြင်းစွာ အမျက်ထွက်သော စိတ်ရှိသည်ဖြစ်၍ ရှေးဦးစွာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၌ ရန်ငြိုးကိုဖွဲ့ထား၍ ဖယ်သွားလေသည်။

## မြတ်စွာဘုရားကို သတ်ရန်ကြံစည်ခြင်း

ထိုမှ နောက်၌ အရှင်ဒေဝဒတ်အား မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ ပကာသနီယကံကို ပြုစေတော်မူ၏။ ထို အရှင်ဒေဝဒတ်သည်လည်း "ယခုအခါ၌ ငါ့ကို ရဟန်းဂေါတမသည် ပယ်စွန့်လေပြီ။ ယခုအခါ ငါသည် ထိုရဟန်းဂေါတမ၏ အကျိုးစီးပွားပျက်ပြားခြင်းကို ပြုတော့အံ့"ဟု ကြံပြီးလျှင် အဇာတသတ် မင်းသားသို့ကပ်၍ အသင်မင်းသား ရှေးအခါကာလ၌ ဖြစ်ကုန်သော လူအပေါင်းတို့သည် အသက်ရှည်ကြကုန်၏။ ယခုအခါ များစွာသော လူတို့သည်ကား နည်းပါးဆုတ်ပျက် တိုသောအသက် ရှိကုန်၏။ သင်မင်းသားသည် အကြောင်းတစ်ခု ဂရုပြုထိုက်သောအားဖြင့် ထင်ရှားရှိပေ၏။ သင်မင်းသားသည် ပျိုမျစ်နုနယ် ငယ်ရွယ်သော အခါ မင်းသား၏ အဖြစ်ကပင် သေလွန်ရအံ့လည်းမသိနိုင်။ ထို့ကြောင့် သင်မင်းသားသည် ခမည်းတော်မင်းကြီးကို ဖျက်ဆီးသတ်ဖြတ်၍ မင်းပြုလေလော့။ ငါသည်လည်း မြတ်စွာဘုရားကို ပယ်ရှားသတ်ပစ်၍ ဘုရားဖြစ်ပါအံ့ဟု ပြောဆို၍ အစီအရင်ကို ညွှန်ပြသဖြင့် အဇာတသတ်မင်းသားသည် ရှင်ဒေဝဒတ် ညွှန်ပြသော နည်းလမ်းဖြင့် ခမည်းတော်ကို ဖမ်း၍ ပယ်ချ သတ်ဖြတ်ပြီးသောအခါ မင်းအဖြစ်၌ တည်သည်ရှိသော် အရှင်ဒေဝဒတ်သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို သတ်ဖြတ်ခြင်းငှါ လေးသမားယောကျ်ားတို့ကို စေလွှတ်လျှင် ထိုယောကျ်ားတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်၍ ဆုတ်နစ်ပြန်လည်ကြကုန်သည်ရှိသော် မိမိကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်ထိပ်သို့တက်၍ ငါသည်သာလျှင် ရဟန်းဂေါတမကို အသက်မှ ပယ်ဖျက်သတ်ချအံ့ဟုကြံ၍ ကျောက်လုံးကို လှိမ့်ချပစ်လွှတ်ပြီးလျှင် သွေးစိမ်းရှင်ရှင် တည်စေခြင်းတည်းဟူသော လောဟိတုပ္ပါဒကံကိုပြု၍ ဤသို့သော အကြောင်းဖြင့်လည်း သတ်ခြင်းငှါ မစွမ်းနိုင်သေးသည်ရှိသော် တစ်ဖန် နာဠာဂီရိဆင်ကို လွှတ်စေပြန်၏။

ထိုသို့ စေလွှတ်အပ်သော နာဠာဂီရိဆင်သည် ရှေးရှုလာသောအခါ ညီတော်အာနန္ဒာမထေရ်သည် မိမိ၏ အသက်ကို မငဲ့ကွက် မညှာတာ မြတ်စွာဘုရားကိုယ်တော်မြတ်၏ အစားအားဖြင့် စွန့်လွှတ်၍ ရှေ့တော်၌ ရပ်တည်လာသည်

ကို မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ပယ်ရှား၍ ရှေးရှုပြေးလာသော နာဠာဂီရိဆင်ကို ဆုံးမတော်မူပြီးလျှင် မြို့တွင်းမှ ထွက်ကြွတော်မူပြီး ကျောင်းတော်သို့ ကျရောက်တော်မူသည်ရှိသော် အထောင်မက များလှစွာသော ဥပါသကာတို့သည် ရှေးရှုဆောင်လာ ကြီးကျယ်စွာသော ဒါနကို ခံယူသုံးဆောင်တော်မူပြီး၍ ထိုနေ့၌စည်းဝေးရောက်လာကုန်သော တစ်ဆယ့်ရှစ်ကုဋေ အရေအတွက်ရှိကုန်သော ရာဇဂြိုဟ် ပြည်သူပြည်သားတို့အား အစဉ်အတိုင်းသော တရားစကားဖြင့် ဟောကြားဆုံးမ၍ ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါကိုအား အကျွတ်တရားကို ရခြင်းဖြစ်ကြရလေသည်ရှိသော်–

ရဟန်းသံဃာတော် အပေါင်းတို့က ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား အရှင်မြတ်အား ညီတော်ဖြစ်သော ရှင်အာနန္ဒာ၏ ကျေးဇူး ဥပကာရသည်ကား အလွန် ကြီးကျယ်လှပါသည်။ ထိုသို့သဘောရှိသည် မည်သော ရုန့်ရင်းကြမ်းတမ်းခက်ထန်လှစွာသော နာဠာဂီရိဆင်သည် ရှေးရှုလာသည်ရှိသော် မိမိ၏ အသက်ကိုစွန့်၍ မြတ်စွာဘုရား၏ ရှေ့တော်မှ မက်မတ်ရပ်တည်နေဝံ့ပါပေသည်ဟူ၍ အရှင်အာနန္ဒာမထေရ်၏ ဂုဏ်ကျေးဇူးစကားကို လျှောက်ထားပြောဆိုသည်ကို မြတ်စွာဘုရား ကြားသိတော် မူသောကာလ၊ ချစ်သားရဟန်းတို့ ငါ၏ ညီတော် အာနန္ဒာသည် ယခုအခါ၌သာလျှင် ငါဘုရား၏ အတွက်ကြောင့် မိမိအသက်ကို စွန့်လွှတ်သည်မဟုတ်သေး၊ ရှေးအခါ၌လည်း ငါဘုရားရှင်ကိုယ်တော်မြတ်၏ အကျိုးစီးပွားအလို့ငှါ မိမိ၏ အသက်ကို စွန့်လွှတ်ဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ရဟန်းအပေါင်းတို့သည် လျှောက်ထား တောင်းပန်အပ်သောကြောင့် စူဠဟံသ၊ မဟာဟံသ၊ ကက္ကဋကဇာတ်တို့ကို ဟောကြားတော်မူ၏။

## စူဠဟံသ မဟာဟံသဝတ္ထု

ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ကာသိကရာဇ်တိုင်း ဗာရာဏသီပြည်ကြီးကို ထီးဖြူယှက်မိုး အစိုးရတော်မူသော သံယမ အမည်ရှိသော မင်းကြီး၏ တောင်ညာစံဒေဝီ မဟေသီ လက်ယာ ခေမာမည်သော မိဖုရားသည် တစ်ရံသောအခါမိုးသောက်ခါနီးသောအခါ၌ ရွှေဟင်္သာသည်ဝင်လာသောအားဖြင့် တရားဟောသည် အချက်ကို အိပ်မက်မြင်သောကြောင့် ထိုရွှေဟင်္သာမင်း တရား၌ တောင့်တခင်မင် လိုချင်ခြင်းကို ဖြစ်စေ၍ မအီမသာ မကျန်းမာသော အရောင်ဖြင့် အဆောင်တိုက်ခန်း၌ ညိုးနွမ်းနုံးခွေ အိပ်နေသည်ကို မင်းကြီး သိတော်မူ၍ ကိုယ်တိုင် ကြွလာတော်မူပြီးလျှင် မိဖုရားကြီးကျောက်ကုန်းကို သုံးသပ်တော်မူ၍ မအီမသာ ရောဂါဖြစ်ပွားကြောင်းကို မေးလျှင် လိုချင်တောင့်တအပ်သော အကြောင်းကို ပြန်ပြောင်း လျှောက်ထားလိုက်သော် ကျက်သရေတိုက်ခန်းမှထွက်ကြွခဲ့၍ အမတ်အပေါင်းတို့ကို စည်းဝေးစေပြီးသော်

မိဖုရားသည် မအိမသာဖြစ်ကြောင်း ချင်ခြင်းဖြစ်ကြောင်းကို ပြန်ကြားပြော ဆို၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဟင်္သာသည် ရှိပေသလောဟု မေးတော်မူသည်ရှိသော် အရှင်မင်းကြီး... အကျွန်ုပ်တို့သည် ရွှေအဆင်းနှင့် တူသောအဆင်းရှိသောဟင်္သာကို ကြားသိထင်ထင် မမြင်စဖူးပါဟု လျှောက် လျှင် အဘယ်သူသည် သိပါမည်နည်းဟု မေးတော်မူပြန်သော် အရှင်မင်းမြတ် ပုဏ္ဏားတို့သည် သိကုန်ရာ၏ဟု လျှောက်ထားသဖြင့် ပုဏ္ဏားအပေါင်းတို့ကို စည်းဝေးစေ၍ မေးတော်မူသည်ရှိသော် အရှင်မင်းမြတ် လူ, ငါး, ပုစွန်, လိပ်, သမင်, ဥဒေါင်း, ဟင်္သာ ဤသတ္တဝါ ခုနစ်မျိုးတို့သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏။

## ခေမာရေကန်ကြီး

ထိုခုနစ်မျိုးတို့တွင် ဓတရဋ္ဌ ရွှေဟင်္သာမျိုးသည် ဉာဏ်ပညာနှင့် ပြည့်စုံ၏ဟု ဗေဒင်ကျမ်းတို့၌ လာသော အကြောင်းကို ရှုံးပေါင်း လျှောက်တင်လျှင် ကြည်ရွှင် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ထိုဟင်္သာတို့သည် အဘယ်အရပ်၌ နေကုန်သနည်းဟု မေးတော်မူပြန်သော် နေရာကို မသိကြောင်းဖြင့် လျှောက် ထားပြန်လျှင် အဘယ်သူတို့သည် သိကုန်လိမ့်မည်နည်းဟု မေးတော်မူ၍ မုဆိုး တို့.... သိပါကုန်လတ္တံ့ဟု လျှောက်သဖြင့် မုဆိုးအပေါင်းတို့ကို ခေါ်၍ မေးတော် မူသည်ရှိသော် အရှင်မင်းမြတ်.. ဟိမဝန္တာတောဝယ် စိတ္တကုဋ်တောင်ရွှေလိုဏ်၏ အတွင်း၌ နေကုန်၏ဟု အဆက်ဆက်သော အမျိုးအနွယ်မှ ဆောင်အပ်သော စကားဖြင့် ကြားဖူးပါသည်ဟု လျှောက်ထားလျှင် ဖမ်းဆီးအံ့သော အကြောင်း ကို သိ၏လောဟု မေးတော်မူ၍ မသိပါကြောင်းကို လျှောက်ထားသဖြင့် ပုဏ္ဏားပညာရှိတို့ကို ခေါ်တော်မူ၍ စိတ္တကုဋ်တောင်၌ ရှိကြောင်းကို မိန့်ဆိုတော် မူပြီးမှ ဖမ်း၍ ရအံ့သော အကြောင်းကို မေးတော်မူသည်ရှိသော် သွား၍ ဖမ်းယူသောထက် မြို့၏ အနီးအပါးကို ဥပါယ်တံမျဉ်ဖြင့် လှည့်ပတ် ဖြားယောင်း သွေးဆောင် ဖမ်းယူရသည်ရှိသော် ကောင်းမြတ် သင့်လျော်ပါလိမ့်မည်ဟု လျှောက်ထားပြီး အဘယ်သို့သော ဥပါယ်တံမျဉ်ဖြင့် ဖမ်းယူရအံ့နည်းဟု မေးတော်မူပြန်သည် ရှိသော် အရှင်မင်းမြတ် မြို့မှ သုံးဂါဝုတ်မျှသော မြောက် အရပ်၌ သုံးဂါဝုတ် အတိုင်းအရှည်ရှိသော သတ္တဝါတို့ကို ဘေးမဲ့ပေးရာ ခေမာ အမည်ရှိသော အိုင်ကန်ကို တူးစေ၍ အထူးထူးသော ကြာမျိုးတို့ဖြင့် ဖွံ့ဖြိုး ပြည့်စုံစေလျက် တစ်စုံတစ်ယောက်သောသူကိုမျှ အနီးအရပ်သို့ မချဉ်းကပ်စေဘဲ လိမ်မာသော ငှက်ခတ်သမားတို့ကိုသာ ဆောင်နှင်း အပ်နှံ၍ လေးတန်သော အရပ်အထောင့်တို့၌ ကြောင့်ကြ ဘေးမဲ့ကို ကြွေးကြော်စေအပ်သည်ရှိသော် အထူးထူးသော ငှက်အပေါင်းသည် တစ်ပေါင်းတည်း ကျကာဖြင့် အရပ် ရှစ်မျက်နှာမှ စုဝေးလာပါကုန်လတ္တံ့။ ထိုဟင်္သာတို့သည်လည်း ဘေးမရှိသော

အဖြစ်ကို အဆင့်ဆင့် ကြားသိသဖြင့် လာရောက်ကြပါကုန်လတ္တံ့။ ထိုအခါ သားမြီးကျော့ကွင်းဖြင့် ထောင်ယူကုန်သည်ရှိသော် ဧကန်မုချ ရပါကုန်လတ္တံ့ဟု လျှောက်ထားသဖြင့် ထိုစကားအတိုင်း စီရင်သည်ရှိသော် အထူးထူး အပြားပြား သော ငှက်တို့၏ စုဝေးရာ ဖြစ်လေ၏။

## ရွှေဟင်္သာမင်း

ထိုအိုင်ကြီး၏ ဘေးမရှိသည်အဖြစ်ကို ကြားသိလျှင် ရှေးဦးစွာ တိဏ ဟင်္သာမျိုးတို့သည် လာကုန်၏၊ ထိုနောင် ပဏ္ဍုဟင်္သာမျိုး၊ ထိုနောင် မနော- သိလာ ဟင်္သာမျိုး၊ ထိုနောင် ပါက ဟင်္သာမျိုးတို့သည် လာကြကုန်၏။ ထိုအိုင် ကြီး၏ အကြောင်းကို ဟေရဋ္ဌ ဟင်္သာမျိုးတို့သည် ပါက ဟင်္သာမျိုးတို့မှ အဆင့်စကား ကြားသိရလျှင် ထိုအိုင်ကြီးသို့ သွားလိုသောဆန္ဒ အားကြီးလှ သည်ကို စစ်သူကြီးအား ပြောကြားသဖြင့် စစ်သူကြီးသည် ဟင်္သာမင်းကို အကြောင်းခြင်းတ အဝဝကို တစ်စမကျန် ပြန်လှန်၍ လျှောက်သည်ရှိသော် ဟင်္သာမင်းက– အသင်တို့ လူမည်သည်ကား များစွာ ပရိယာယ် မာယာ ဝေဝုစ်ဝက်* ခက်ထန်သော အတိုင်ပင် ရှိကုန်၏။ ဥပါယ်တံမျဉ်၌ အသီးသီး အဖြာဖြာ များစွာ လိမ်မာကုန်၏။ ဤအိုင်ကြီးသည် ရှေးအခါ မရှိပါဘဲလျက် ယခုမှတစ်ဖန် ရုတ်ချည်း ဧပါ လာပြန်သည်မှာ ငါတို့ကို ဖမ်းခြင်းငှာ စီရင်သည် ဖြစ်ပေလိမ့်မည်။ အတည်လိုက်လျော သဘော မဟုတ်ချေ။ လူ့ပြည်သို့ သွား ခြင်းကို သင်တို့သည် မနှစ်သက်ကြပါကုန်လင့်ဟု မြစ်တားလျက် များမကြာမီ ပင်လျှင် ဟင်္သာအပေါင်းတို့က တိုက်တွန်းပြန်သဖြင့် သုံးကြိမ်စေအောင် လျှောက်တင်မှ ငါ၏ အကွက်ကြောင့် ဤအဆွေအမျိုးတို့သည် နွမ်းညှိုးမကောင်း မကျဉ်းမြောင်းကောင်းပေဟု အလိုလိုက်၍ ကိုးသောင်း ခြောက်ထောင် ကုန် သော ဟင်္သာအပေါင်းတို့ ခြံရံလျက် ပျံတက်၍ သွားပြီးသောအခါ ထိုအိုင်ကြီး၌ ခုနစ်ရက်မြောက်အောင် ပျော်ပါးကစား၍ ခုနစ်ရက်မြောက်သောနေ့တွင် ခေမာ မုဆိုးသည် ထောင်ထားအပ်သော ကျော့ကွင်း၌ ခြေကိုညွတ်ဘိသကဲ့သို့ သက် ဆင်းမိ၍ သံပြား သံစောင်းဖြင့် ရစ်ပတ်ဘိသကဲ့သို့ မြဲစွာနိုင်ခံ့သောကြောင့် ကျော့ကွင်းကို ပြတ်စေအံ့ဟုရုန်းသည်ရှိသော် ရှေးဦးစွာ ရွှေအဆင်းနှင့်တူသော အရေပြတ်၏။

နှစ်ကြိမ်မြောက် ရုန်းသည်ရှိသော် ကမ္ဗလာအဆင်းနှင့် တူသော အသား ပြတ်၏။ သုံးကြိမ်မြောက် ရုန်းသည်ရှိသော် ညှိသောအဆင်းရှိသော အကြော တို့သည် ပြတ်၏။ သုံးကြိမ်တိုင်အောင် လုံ့လကိုပြု၍ ရုန်းပါသော်လည်း လွတ်ခွင့်မရ။ လေးကြိမ်မြောက်ကျအောင် ရုန်းရသည်ရှိသော် ခြေပြတ်၍ လွတ်ဖို့ရာသော အကြောင်းရှိလျက် မင်းတို့မည်သည် အင်္ဂါချို့နဲ့သဖြင့်

မလျှောက်ပတ်ဟု လေးကြိမ်မြောက်အောင် မရှန်းမူ၍ ပြင်းထန်စွာသော ဝေဒနာရှိပါလေငြားသော်လည်း ယခုအခါ ငါသည် ဟစ်အော် ကြွေးကြော် သည်ရှိသော် ငါ၏အဒဿအမျိုးဖြစ်ကုန်သော ဟင်္သာအပေါင်းတို့သည် ပြင်းစွာ ထိတ်လန့်တုန်လှုပ်ခြင်း ရှိကြကုန်သည်ဖြစ်၍ ရှတ်တရက် ပျံသွားကြကုန်လတ္တံ့။ ထိုသို့ ပျံသွားကုန်သည်ရှိသော် အစာမဝ အာဟာရ မတောင့်ခြင်းကြောင့် လမ်းခရီးဌာန သမုဒ္ဒရာသို့ကျ၍သေကျေ ပျက်စီးရကုန်လတ္တံ့ဟု အောက်မေ့ကြံ ဆင်ခြင် ပြီးလျှင် သည်းထန်စွာသော ဆင်းရဲ ဝေဒနာကို သတိပညာဖြင့် သိမ်းဆည်းဆင်ခြင် သည်းခံပြီးမှ အစာဝသဖြင့် ရေနှံ့ပျော်မြူး၍ နေကြသော ကာလမှ ပြင်းစွာသောအသံဖြင့် ဟစ်အော်ကြွေးကြော်သည်ရှိသော် များစွာ သော ဟင်္သာအပေါင်းတို့သည် ကြောက်လန့်တကြားဖြစ်၍ ရုတ်ချင်းထပြီးလျှင် သုံးစုသုံးထွေ ကွဲပြားလျက် စိတ္တကုဋ်တောင်သို့ ရှေးရှုလျင်စွာ ထွက်ပြေး ပျံသွားကြကုန်၏။

## သုမုခစစ်သူကြီး

စစ်သူကြီးသည် ဤဘေးအန္တရာယ်သည်ကား ငါတို့သခင် အရှင်မင်းကြီးမှ ဖြစ်သော ဘေးရန် အန္တရာယ်လေလော့ဟု ကြံ၍ ရှေးဦးစွာ ပျံသွားသော ဟင်္သာအစုကိုမှီအောင် ပျံလိုက်ပြီးမှ ကြည့်ရှုစူးစမ်းသည်ရှိသော် အရှင်သခင် မင်းကြီးကို မမြင်သောကြောင့် ဆုတ်နစ်ပြန်နှဲပြီးမှ အလယ်ဖြစ်သော ဟင်္သာ အစုသို့ဝင်၍ ကြည့်ရှုပြန်သော် မတွေ့မမြင်ပြန်သောကြောင့် ဆုတ်နစ်၍ ကျန်ရစ်ခဲ့ပြီးမှ အဆုံးဖြစ်သော ဟင်္သာစုသို့ဝင်၍ ကြည့်ရှုပြန်သော် မတွေ့မမြင် ပြန်သောကြောင့် ဤဘေးရန်သည် အမှန်မချွတ် ငါတို့ အရှင်သခင်မင်းမြတ် အား ရောက်အပ်သော အန္တရာယ် ဖြစ်လေသည်ဟု သိ၍ ရေအိုင်ကြီးသို့ တစ်ဖန် ပြန်ပြီးလျှင် ကြည့်ရှုသည်ရှိသော် ကျော့ကွင်း၏ နိုင်ငံသို့ လိုက်ပါရသည် ဖြစ်၍ ပြက်သော အရေ အသား အကြော ကျထွက်သော သွေးတို့ဖြင့် အလိမ်းလိမ်းကပ်လျက် ရေစပ် ညွန်တွင်း၌ ဝပ်စင်းလျောင်းကာ ခံနေရရှာသော ဟင်္သာမင်းကို မြင်လျှင် အရှင်မင်းမြတ် တစ်စုံတစ်ခုကိုမျှ မကြောက်ရွံ့ပါလင့်။ ငါ၏အသက်ကို ငဲ့ကွက်တွယ်တာ မညှာဘဲ စွန့်လွှတ်ပယ်ခွာလျက် အရှင်မင်းမြတ် ကိုဤဘေးအန္တရာယ်မှ လွတ်ပါစေအံ့ဟု နှစ်သိမ့်ဖြားယောင်း ဖျောင်းဖျပြောဆို လျက် ကောင်းကင်မှသက်၍ ဟင်္သာမင်း၏ ထံပါး၌ ခစားလာရောက်နေပေ၏။

ထိုအခါ ဟင်္သာမင်းက ကိုးသောင်း ခြောက်ထောင် မျှလောက်ကုန်သော ဟင်္သာအပေါင်းတို့သည် သေအံ့သော ဘေးမှ ကြောက်ရွံ့သောကြောင့် ငါ့ကို စွန့်ပစ်ထားခဲ့၍ ပြန်သွားကြလေပြီ၊ ဤစစ်သူကြီးသည် ပြန်၍သွားပြီးသည် ဖြစ်ပါလျက်နှင့် ယခုတစ်ဖန် ပြန်လာ၍ ငါ၏အနီး၌ နေလာပြန်ဘိသည်မှာ

နောင်အခါ ရန်သူဖြစ်သောမုဆိုးသည်ရှေးရှုလာသောအခါ ကြောက်ရွံ့စွာသော စိတ်ဖြင့် ငါ့ကိုစွန့်ပစ်၍ ပြန်သွားဦးမည်လော "မသွားလတ္တံ့လော"ဟု စူးစမ်းသော အားဖြင့် ပြန်သွားရန် အကြောင်းကို တိုက်တွန်းတော် မူလိုသောကြောင့် ဤဂါထာတို့ကို ရွတ်၏—

ဧတေ ဟံသာ ပက္ကမန္တိ၊ ဝက္ကင်္ဂါ ဘယမေရိတာ။
ဟရိတ္တစ ဟေမဝဏ္ဏ၊ ကာမံ သုမုခ ပက္ကမ။

ဩဟာယ မံ ဉာတိဂဏာ၊ ဧကံ မံ ပါသဝံ ဂတံ။
အနပေက္ခမာနာ ဂစ္ဆန္တိ၊ ဧကောဝ အဝဟိယျသိ။

ပတေဝ ပတတံ သေဋ္ဌ၊ နတ္ထိ ဗန္ဓေ သဟာယတာ။
မာ အနီဃာယ ဟာပေသိ၊ ကာမံ သုမုခ ပက္ကမ—

မဟာလှေခါးပွင့်အဆင်းကဲ့သို့ ဝင်းဝင်းသရေ ရွှေသော အပေါ်ရေရှိသော ကြည့်ရှုစချင့် တင့်တယ်သော နှုတ်သီးမျက်နှာရှိသော စစ်သူကြီးသုမုခ၊ ကံ ပေးသည်အလျောက် ကောက်သော လည်ပင်းရှိကုန်သော ကိုးသောင်းခြောက် ထောင်မျှလောက်ကုန်သော ထိုဆွေမျိုးအပေါင်း ဟင်္သာတို့သည် ငါဟစ်အော် သောအသံကြောင့် အမုန်ကြုံကြိုက် ဘေးကြီး ဆိုက်ချေပြီဟူ၍ မသိငါ့အောက် ကြောက်ခြင်းဘေးဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍ ဦးတည်ရာအရပ်ထံသို့လျင်မြန်စွာ ပျံတက်၍ ပြေးထွက်ကြလေကုန်ပြီ။အရောင်ထွေထွေ ရွှေသော အဆင်းရှိသော စစ်သူကြီးသုမုခ၊ အသင်သည်လည်း အလိုလျောက် ကြောက်သောဘေးဖြင့် ကင်းဝေးသောနေရာသို့ ဖယ်ခွါပျံသွားပါလေလော့။

ရွှေသော အဆင်းရှိသော စစ်သူကြီးသုမုခ တစ်ယောက်ထီးတည်း ငါ့ကို ဆွေမျိုးဖြစ်သော ဟင်္သာအပေါင်းတို့သည် စွန့်ခဲ့၍ ငဲ့ကွက်ခြင်း မရှိကုန်သည် ဖြစ်၍ ကိုယ်လွတ်ဘာသာ စံနေရာသို့ ပြန်ကာသွားခဲ့ကြလေကုန်ပြီ။ စစ်သူကြီး သုမုခ အသင်သည် တစ်ယောက်ထီးတည်း အဘယ်ကြောင့် နေရစ်ခဲ့ရသနည်း။

ဟင်္သာအပေါင်း ကိုးသောင်း ခြောက်ထောင် မျှသောကုန်အောင်တို့ထက် မြတ်လှသော စစ်သူကြီးသုမုခ၊ အသင်အလိုအလျောက်သာ ပြန်သွားပါလေ လော့။ ရန်သူလက်မိ နှောင်ဖွဲ့ဘိသည့် အရာဝယ် အဆွေခင်ပွန်းမည်သည် မရှိရာ။ ဟင်္သာအပေါင်း ကိုးသောင်း ခြောက်ထောင်တို့ထက် မြတ်သော စစ်သူကြီး သုမုခ၊ မိမိကိုယ်သည် ထိုထိုရန်သူ ပေါ်ပြူနှောင့်ယှက် ထွက်၍မသိ ဆင်းရဲမရှိခြင်းငါ ပြုအပ်သော လုံ့လဝီရိယကို အနည်းငယ်မျှ မယုတ်ပါစေ လင့်။အခွင့်သင့်သည် အားလျော်စွာ တော်ရာအရပ်တစ်ပါး ဖယ်သွားပျံတက် ပါလေလော့ဟု ပြောဆိုသော်—

စစ်သူကြီး သုမုခ-ကလည်း ဤရွှေဟင်္သာမင်းသည် ချစ်ကြည်နှလုံး ယူကျုံး သည့်ပမာ ငါ၏ကောင်းသော အဆွေခင်ပွန်း၏ အဖြစ်ကို မသိ၊ ချစ်ဖွယ် အရောင် ဟန်ဆောင်လှည့်ပတ်သော အဆွေခင်ပွန်းကဲ့သို့ ထင်မှတ်ခြင်းဖြင့် နှလုံးသွင်း ရှိသောကြောင့်သာ ယခုငါ့အား ဤကဲ့သို့သော စကားတို့ကို ပြောကြား လေဘိသည်။ ယခုအခါ ငါသည် ချစ်ခင်နှစ်သက် ဆက်ဆံ ပေါင်းသင်းထိုက်သော အဆွေခင်ပွန်းကောင်း၏ အဖြစ်ကို သိစေအံ့ဟု ကြံ ပြီးလျှင် ဤပါဠိဂါထာတို့ကို ရွတ်၏။

နာဟံ ဒုက္ခပရေတောတိ၊ ဓတရဋ္ဌ တုဝံ ဇဟေ။
ဇီဝိတံ မရဏံ ဝါ မေ၊ တယာ သဒ္ဓိံ ဘဝိဿတိ။

နာဟံ ဒုက္ခပရေတောတိ၊ ဓတရဋ္ဌ တုဝံ ဇဟေ။
န မံ နရိယသံယုတ္တေ၊ ကမ္မေ ယောဇေတုမရဟတိ။

သကုမာရော သခါ အသ္မိ၊ သစိတ္တေ စသ္မိ တေ ဌိတော။
ဉာတော သေနာပတီတိနာဟံ၊ ဟံသာနံ ပဝရုတ္တမ။

ကထံ ဟံ ဝိကတ္ထိဿံ၊ ဉာတိမဇ္ဈေ ဣတော ဂတော။
ဇဟိတွာ ပတတံ သေဋ္ဌ၊ ကိန္တေ ဝက္ခာမိတော ဂတော။
ဣဓ ပါဏံ စဇိဿာမိ၊ အနရိယံ ကတ္တုမုဿဟေ။

ဓတရဋ္ဌ အမည်တော်ရပေသော မြတ်သောမင်းကြီး အကျွန်ုပ်စစ်သူကြီး သည် ငြီးငြူရွံဖွယ် အသွယ်သွယ်သော ဒုက္ခတို့ဖြင့် မုချအပြီး ဖိစီးနှိပ်စက် အပ်၏ဟူ၍ အရှင်မင်းမြတ်ကို မစွန့်ပါ၊ အကျွန်ုပ်သုမုခ၏ အသက်သည် မပျက် အရှည် တည်နေခြင်းသည်လည်းကောင်း၊ သေလွန်ခြင်းသည်လည်းကောင်း ကျေးဇူးတော်သခင် အရှင်မင်းကြီးနှင့် အတူကကွသာ ဖြစ်ပါအံ့။

ဓတရဋ္ဌ မည်တော်မူသော မင်းမြတ် ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့ဖြင့် မုချမှန်စေ့ တွေ့ထိဆင်းရဲ အမြဲခံစားရလတ္တံ့ပင် ဖြစ်လင့်ကစား အရှင်မင်း မြတ်အား သေအံ့သောဘေးမှ တွေးတောကြောက်ရွံ့သည် ဖြစ်၍ မစွန့်တော့ ပါအံ့၊ အရှင်မင်းကြီးသည် အကျွန်ုပ်ကို မဟုတ်မတရား ပျက်ပြားဖောက်ပြန် မမှန်အကျင့် မသင့်မလျော် မသူတော်တို့ကျင့်ထုံး နှလုံးသွင်းအရာ၌ ပါရောက် ယှဉ်စေသဖြင့် တိုက်တွန်းတော်မူခြင်းငှါမထိုက်။

ဟင်္သာအပေါင်း ကိုးသောင်း ခြောက်ထောင်တို့ထက် အလွန်အကြူး အထူးသဖြင့် မြတ်တော်မူသော မင်းမြတ် အကျွန်ုပ်သည် အရှင်မင်းကြီး၏ ဟစ်ပြိုင်နက် ပဒ္မိသန္ဓေနေခြင်း အတူတကွပေါက်ဖွားခြင်း အပေါင်းအဖော်

အဖြစ်ဖြင့်အတူတကွ ကြီးမြောက်ခြင်းတည်းဟူသော အရာဌာနတို့ဖြင့် အလွန်အားထားအပ်စွာသော လက်ယာမှုကိစ်နှင့် တူသော အဆွေခင်ပွန်း ချစ်ကျွမ်းအဝင်ဆုံးသောသူ ဖြစ်ပါသည်၊ အရှင်မင်းကြီး၏ စိတ်နှလုံး၌ ယူကျုံးချစ်ကြည် တည်သောသူလည်း ဖြစ်ပါသည်။

ဟင်္သာအပေါင်း ကိုးသောင်း ခြောက်ထောင်တို့ထက် ဘုန်းရောင်တင့်အပ်မြတ်တော်မူပေသော မင်းကြီး အကျွန်ုပ် သုမုခသည် များစွာသောင်းသောင်းဟင်္သာအပေါင်းတို့၏ ရှေ့ဆောင်ဖြစ်သော စစ်သူကြီးဟု အံ့ချီးအပ်သောဂုဏ်ကြိဘာတို့ဖြင့် များစွာသောသူတို့ကို သံမြင်ထင်ရှားပါသည်၊ ထိုသို့ သိမြင်ထင်ရှားပါလျက် အရှင်မင်းကြီးကို တစ်ယောက်ထီးတည်း အချည်းနှီး စွန့်ပစ်ခဲ့၍ ဤရေအိုင်အရပ်မှ ပျံသွားသည်ရှိသော် ဆွေမျိုးတို့၏ အလယ်သို့ ကျရောက်သော် အဘယ်သို့ ပြောကြားပါအံ့နည်း၊ ဤရေအိုင်အရပ်မှ မကာပ်ကြောက်၍ စွန့်၍သွားသော အကျွန်ုပ်သည် ဆွေမျိုးအပေါင်း ဖြစ်ကုန်သောဟင်္သာတို့က မေးသော် အရှင်မင်းကြီး၏ အကြောင်းကို အဘယ်ကဲ့သို့ ပြန်ကြားရပါအံ့နည်း။

ပျံတက်ကုန်သော ဟင်္သာအပေါင်းတို့ထက် မြတ်တော်မူသော ကျေးဇူးတော်သခင်အရှင်မင်းကြီး စစ်သူကြီးဖြစ်သော အကျွန်ုပ်သုမုခသည် အရှင်မင်းကြီးအား ဖမ်းဆီးအပ်သော ညှတ်ကွင်းမိရာ ဤအိုင်သာ၌သာလျှင် နှစ်သက်စရာခံမင်မှာသော အသက်ကို မင်းကြီး အတွက်ကြောင့် စွန့်လွှတ်ခြင်းကို ပြုပါတော့အံ့၊ မသူတော်ခင်ပွန်းယုတ်တို့၏ပြုလုပ်သောအမှုကို ပြုကျင့်ခြင်းငှာမဝံ့ပါဟု သုမုခစစ်သူကြီးက လျှောက်ထားပြီးမှ နေကြစဉ်အခါ မုဆိုးသည်လာ၍ ဖမ်းယူ၏။

## ခေမာမုဆိုးက ဆောင်ခြင်း

ချစ်သားရဟန်းတို့ ထိုအခါ၌ သုမုခဟင်္သာသည် ဘေးမှမခွါဘဲ သနားဖွယ်ရာသော အကြောင်းတို့ကို ပြောဆိုသော် မုဆိုးက သနားကြင်နာခြင်းရှိလှ၍ အသင်တို့ အသင်တို့သည် ဆွေမျိုးအပေါင်းအား ကောင်းစွာရှင်လန်းနှစ်သက်ခြင်းကိုဖြစ်စေလျက် ပျံသွားပါလေလော့ဟု လွှတ်လိုက်၏။ စစ်သူကြီးသုမုခဟင်္သာလည်း ဖမ်းဆီးသော အခြင်းအရာတို့ကိုမေး၍ မုဆိုးပြန်ပြောသဖြင့် သဘောအလုံးစုံကို သိရပြီးသော် ဟင်္သာမင်း၏ဘုန်းပညာ အာနုဘော် တောက်ပစေလိုသောကြောင့်လည်းကောင်း၊ မိမိ၏ခင်ပွန်းကောင်းသဘောကိုပြလိုသောကြောင့်လည်းကောင်း၊ မုဆိုးအား လုံ့လဝီရိယဖြင့် ဖမ်းဆီးအပ်သောအရာသည် အချည်းနှီးမဖြစ်ဘဲ စည်းစိမ်ချမ်းသာကို ရစေလိုသောကြောင့် လည်းကောင်း၊

ပြည့်ရှင်မင်းကြီးအား ငါးပါးသောသီလ၌ တည်စေလိုသောကြောင့် လည်းကောင်း မိဖုရား၏ နှလုံးအလိုကို ပြည့်စေလိုသောကြောင့် လည်းကောင်း ဤသို့သောအကြောင်းတို့ကို ရှုံးပေါင်း၍ မြင်တော်မူသောကြောင့် မိမိတို့အား ဗာရာဏသီပြည့်ရှင်မင်းကြီး အထံသို့ ဆောင်အံ့သောငှာ တိုက်တွန်း၏။

မုဆိုးကလည်း အသင်တို့ မင်းတို့မည်သည်ကား ပရိယာယ် မာယာများလှသည်ဖြစ်၍ ဒေါသအမျက်ကော်ထန်လှပါသည်။ သတ်လိုသောအခြင်းအရာဖြင့် လှည့်ပတ် ဖြားယောင်းသည့်ကိုလည်း မသိနိုင်ပါ။ သို့ဖြစ်၍ အသင်တို့သည် မင်းကြီး၏အထံသို့ရောက်ခြင်းကို အလိုရှိတော်မမူလင့်ဟု အဖန်တလဲလဲ ပယ်ရှားသော်လည်း အထပ်ထပ် တိုက်တွန်းသည်ဖြစ်၍ မင်းကြီး၏အထံသို့ ဆောင်ခဲ့ပေ၏။ မင်းကြီးအထံသို့ ကျရောက်သောအခါ ရွှေဟင်္သာမင်းသည် ပြည့်ရှင်မင်းကြီးအား ငါးပါးသီလ၌ တည်စေပြီး၍ ခေမာမိဖုရားကြီးအားလည်း တရားဟောပြတော်မူပေ၏။ မင်းမိဖုရားနှစ်ပါးသော သူတို့လည်း ကြည်ဖြူနှစ်သက်ခြင်း ရှိလှသည်ဖြစ်၍ များစွာသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်၍ စံတော်မူရာဖြစ်သော စိတ္တကူဋ်တောင်သို့ ပြန်ပို့တော်မူစေပြီးလျှင် မုဆိုးအားလည်း များစွာသော စည်းစိမ်ချမ်းသာကို ပေးသနားတော်မူလေ၏။

## ဇာတ်တော် ပေါင်းခြင်း

ဤသို့သော အတိတ်ဇာတ်ကို ဆောင်တော်မူ၍ ချစ်သား ရဟန်းများတို့ ညီတော်အာနန္ဒာသည် ယခုအခါ၌သာလျှင် ငါဘုရား၏ အတွက်ကြောင့် မိမိ၏ အသက်ကို စွန့်လွှတ်သည်မဟုတ်သေး၊ ရှေးအခါ၌လည်း ငါဘုရားရှင် ကိုယ်တော်မြတ်၏ အကျိုးစီးပွားကို ကိုးစားထောက်မြော် ရှေးရှုကြသောအားဖြင့် မိမိ၏အသက်ကို စွန့်လွှတ်ဖူးသည်သာလျှင်တည်းဟု ဇာတ်ကိုပေါင်းတော်မူ၏။ ချစ်သားရဟန်းတို့ ထိုအခါက ဟင်္သာမင်းကို ဖမ်းယူသောငှက်မုဆိုးသည် ယခုအခါ ငါဘုရားဖွားဖက် ကောထွက်တော်မူရာ ပါလာသော ဆန္နအမတ် ဖြစ်လာ၏။ ထိုအခါ ခေမာမိဖုရားကြီးသည် ယခုအခါ ငါဘုရား၏ သမီးတော် ခေမာဘိက္ခုနီမဖြစ်လာ၏။ ထိုအခါ ဗာရာဏသီပြည်ကြီးကို အစိုးရတော်မူသော သံယမမင်းသည် ယခုအခါ လက်ယာတော်ရံ ရာထူးရသော သာရိပုတ္တရာမထေရ် ဖြစ်လာ၏။ ထိုအခါက သုမုခအမည်ရှိသော စစ်သူကြီးဟင်္သာသည် ယခုအခါ ညီတော်အာနန္ဒာဖြစ်လာ၏။ ထိုအခါ များစွာသော ပရိသတ်တို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်ဖြစ်လာကြ၏။ ထိုအခါ တေရဋ္ဌရွှေဟင်္သာမင်းသည် ယခုအခါ ငါဘုရား ဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

[ဤအရာ၌ အလွန်ကျယ်အံ့စိုး၍ အသီတိနိပါတ် မဟာဟံသဇာတ်ကို အတ္ထုပ္ပတ်စေ့ရုံ စကားအဆက် အမြွက်မျှကိုသာ ယည့်လိုက်သည်။ အကျယ်ကိုလိုက ၎င်းအဋ္ဌကထာမှာ ကြည့်ရှုကြပါကုန်။ ကြွင်းကျန်သော ဇာတ်တို့မှသည်း ထိုအတူပင် ကြည့်ရှုတော်မူကြပါကုန်။]

## အရှင်ဒေဝဒတ်အကြံ

ထိုအခါ အရှင်ဒေဝဒတ်၏ ပြုအပ်သော အမှုသည်ကား မထင်ရှားသေး။ ဗိမ္ဗိသာရမင်းကြီးကို မိမိ၏ ပယောဂဖြင့် ပယ်ချ သတ်ပုတ်ခြင်းသည်လည်း ထင်ရှားမဖြစ်သေး၊ လေးသမားတို့ကို စေလွှတ်သော အမှုသည်လည်း မထင်ရှားသေး၊ ဂိဇ္ဈကုဋ်တောင်ထိပ်မှ ကျောက်လုံးဖြင့် လှိမ့်ချသတ်ပုတ်သည်လည်း မထင်ရှားသေး၊ အကြင်အခါ၌ နာဠာဂိရိဆင်ကို စေလွှတ်၏။ ထိုအခါ၌ လူအပေါင်းသည် "အချင်းတို့ ဤအရှင်ဒေဝဒတ်သည် သည်မျှသာမဟုတ်သေး၊ ပြည့်ကြီးသခင် ဘုရင်မင်းမြတ်ကို သတ်စေအပ်သည်လည်း ရှင်ဒေဝဒတ်၏ အမှုပင်ဖြစ်လေသည်။ လေးသမားတို့ကို စေလွှတ်၍ သတ်အပ်သည်လည်း အရှင်ဒေဝဒတ်ပင် ဖြစ်လေသည်။ ကျောက်လုံးကို ချသည်လည်း အရှင်ဒေဝဒတ်ပင် ဖြစ်လေသည်။ ယခုအခါ၌ကား ထိုရှင်ဒေဝဒတ်သည် နာဠာဂိရိဆင်ကို လွှတ်လေသည်။ ဤမျှလောက်သော အခြင်းအရာဖြင့် ယုတ်မာ ညစ်ညမ်းလှသော သူယုတ်ကို ပေါင်းဖော်ကြည်ဖြူပြီးလျှင် မင်းကြီးသည် အဘယ်ကြောင့် လှည့်လည်၍ နေပါလိမ့်မည်နည်း" ဟူသော အုတ်အုတ်ကျက်ကျက်သော စကားကို ဖြစ်စေ၏။ အဇာတသတ်မင်းကြီးသည်လည်း လူများအပေါင်း မကောင်းသတင်း ပြောဆိုခြင်း စကားကို ကြားသိသည်ဖြစ်၍ အမြဲမပြတ် ဆောက်တည်တိုင်း ဖြစ်သော ငါးရာကုန်သော ထမင်းချက် အိုးဝတ်တို့ကို ဖြေချွတ်ပယ်ဖြတ်၍ တစ်ဖန် ရှင်ဒေဝဒတ်၏အထံသို့ ချည်းကပ်အံ့သောငှာ မသွားဘဲနေလေ၏။

မြို့သူမြို့သား အမျိုးတို့၏ အိမ်သို့သွား၍ ချဉ်းကပ် ဆွမ်းရပ်ခံသောထိုအရှင် ဒေဝဒတ်အား တစ်ယောက်ချို တင်ဇွန်းမျှလောက်သော ဆွမ်းကိုသော်လည်း မပေးမလှူကြကုန်။ ထိုအရှင်ဒေဝဒတ်သည် ကင်းပြတ်တိမ်မြုပ် ဆုတ်ယုတ်သော လာဘသက္ကာရ ရှိသည်ဖြစ်၍ ပလွှားမြွက်ထောင်အံ့ဖွယ်ဖြစ်အောင် ပြုခြင်းဖြင့် အသက်မွေးမှုလိုသောကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏ အထံသို့ ကပ်၍ ဝတ္ထုငါးပါးကိုတောင်းလျှင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ငါ့ရှင် ဒေဝဒတ် ဤအမှုသည်ကား မအပ်မလျော် အခွင့်မတော်ချေ၊ အကြင်သူသည် အလိုဆန္ဒရှိလှ၏။ ထိုသူသည် တောကျောင်းနေသော အာရညိကပုဂ္ဂိုလ်သည် ဖြစ်စေလော့၊ အစရှိသည်ဖြင့် ပယ်တော်မူသောအခါ အရှင်ဒေဝဒတ်က အို ငါ့ရှင်တို့ အဘယ်သူ၏ စကားသည် သင့်လျော်လျောက်ပတ် ကောင်းမြတ် တင့်တယ်

လေသနည်း။ မြတ်စွာဘုရားရှင်၏ စကားကလည်း ကောင်းမြတ် သင့်လျော်လေသလော၊ သို့တည်းမဟုတ် ငါ၏စကားကပင် ကောင်းမြတ်သင့်လျော်လေသလော။ ငါသည် မြင့်မြတ်သော အကျင့်စာရိတ္တ ဥက္ကဋ္ဌအစွမ်းဖြင့် အရှင်ဘုရားတပည့်သည် တောင်းပန်ပါ၏။

(က) တပည့်တော်ဖြစ်သော ရဟန်းတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး တောကျောင်းနေသောအာရညိက အဖြစ်ဖြင့်သာ ဖြစ်ပါစေကုန်သတည်း၊

(ခ) အိမ်စဉ်မပြတ် လှည့်ပတ်တောင်းခံရှာဖွေ မျှတရသော ပိဏ္ဍပါတိက အဖြစ်ဖြင့်သာ ဖြစ်ပါစေကုန်သတည်း၊

(ဂ) ဒါယကာ-ဒါယိကာမတို့ လှူဒါန်းအပ်သော ဂဟပတိစီဝရ ကို မသုံးဆောင်ကြဘဲ မြေမှုန့်အလိမ်းလိမ်း ကပ်ငြိသော ပံသုကူလသင်္ကန်းကိုသာ ဆင်မြန်းသုံးဆောင်ကြစေသတည်း။

(ဃ) ကျောင်းသို့ မချဉ်းမကပ် တောရပ်အတွင်း သစ်ပင်ရင်းသို့သာ ချဉ်းကပ်၍ ရုက္ခမူလိက နေကြပါစေသတည်း။

(င) ငါး အမဲတို့ကို မစားသောက်ကြပါစေကုန်သတည်း—

ဟု တောင်းပန်လျှောက်ကြားပါလျက် ငါ၏စကားကို ပယ်ရှား စွန့်ပစ်တော်မူလေဘိသည်။ အကြင်သူသည် သံသရာဝဋ္ဋဒုက္ခမှ ထွက်မြောက်ခြင်းငှာ အလိုရှိ၏။ ထိုသူသည် ငါနှင့်အတူတကွ လိုက်လာကြကုန်လော့ဟု ခေါ်ငင်ကြွေးကြော်၍ ဖဲသွားလေ၏။

## ရှင်ဒေဝဒတ် သံဃာသင်းခွဲခြင်း

ထိုရှင်ဒေဝဒတ်၏ စကားကိုကြား၍ ရဟန်းပြုသစ်စ ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းတို့သည် နုံ့နှေးသော ပညာရှိသည်ဖြစ်၍ "အရှင်ဒေဝဒတ်သည် ကောင်းသော အခြင်းအရာကိုသာ ပြောကြားပေ၏။ ငါတို့သည် အရှင်ဒေဝဒတ်၏စကားကို မျှားစွာနှစ်သက်၏၊ အရှင်ဒေဝဒတ်နှင့် အတူတကွသာ လှည့်လည် သွားလာကုန်အံ့"ဟု အရှင်ဒေဝဒတ်နှင့် အတူတကွ လိုက်ပါကြကုန်၏။ ထိုအရှင် ဒေဝဒတ်သည် မိမိ၏နောက်သို့ လိုက်ပါကုန်သောရဟန်းငါးရာတို့နှင့်တကွဝတ္ထုငါးပါးတို့ဖြင့် ခေါင်းပါးအကျင့် အသင့်လိုက်စားလူအများတို့ကို ထင်ရှားသိစေလျက် ဥပါသကာ ဥပါသကီ အလီလီသော အမျိုးတို့၌ ရနိုးသမျှ ဆွမ်းစသော ဘောဇဉ်ကိုဖွင့်င်တောင်းယူ စားသောက်လျက်သံဃာကွဲပြားစေခြင်းငှာ လုံ့လကိုပြုလေ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ထိုဒေဝဒတ်သည် သံဃာကွဲပြား စိမ့်သောငှာအစုစုဖြစ်၍ သံဃာမညီညွတ်စိမ့်သောငှာ ပြုသောဟူသည် မှန်ပေ သလောဟု မေးတော်မူ၍ မှန်ပါသည်ဘုရားဟု လျှောက်ကြားသဖြင့် ချစ်သား ဒေဝဒတ် သံဃာကို ခွဲခြင်းမည်သည်ကား အလွန်ဝန်လေးလှသော ကံကြီး ဖြစ်ပေသည်။ အသင်သည် ဤသို့မပြုပေလင့် အစရှိသော စကားတို့ဖြင့် ဆုံးမတားမြစ်ပါသော်လည်း မြတ်စွာဘုရား စကားတော်ကို မနာယူမူ၍ ဖဲသွား သည်ရှိသော် ရာဇဂြိုဟ် ပြည်တွင်း၌ ဆွမ်းခံရြင်းငှာ လှည့်လည်သော အရှင် အာနန္ဒာကို မြင်၍ ငါ့ရှင်အာနန္ဒာ ယနေ့ကို အစပြု၍ ငါသည် မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်မှ အသီးအခြား ကြဉ်ရှောင် ဖယ်ထား၍ ရဟန်း သံဃာ့အပေါင်းမှ အသီးအခြား ကြဉ်ရှောင်ဖယ်ထား၍ ဥပုသ်ပြုတော့အံ့။ သံဃ ကံကို ရွက်ဆောင်တော့အံ့ဟု ပြောကြားမှာထားလိုက်ပေ၏။ အရှင် အာနန္ဒာ မထေရ်သည်လည်း ထိုအကြောင်းကို မြတ်စွာဘုရားရှင်အား ကြားလျှောက်၏။ ယင်းသို့ ကြားလျှောက်သော ထိုစကားကို မြတ်စွာဘုရား ကြားသိတော်မူသည်ရှိသော် ဖြစ်သော ဓမ္မသံဝေဂ ရှိတော်မူသည်ဖြစ်၍ ဒေဝဒတ်သည် နတ်နှင့်တကွသော လူအပေါင်း၏အကျိုးစီးပွားမဲ့ကို မှီသော မိမိ၏အဝီစိငရဲ၌ လွန်ကဲသောဒုက္ခဖြင့် ခံစားရလတ္တံ့သောကံကြီးကိုပြုလေသည် တကားဟု ကြံဆင်ခြင်တော်မူ၍ ဤဂါထာကို ဟောမိန့်တော်မူ၏—

သုကရာနိ အသာဓူနိ၊ အတ္တနော အဟိတာနိ စ။
ယံ ဝေ ဟိတဉ္စ သာဓုဉ္စ၊ တံ ဝေ ပရမဒုက္ကရံ။

ရဟန်းတို့ မိမိ၏ အကျိုးစီးပွားမရှိသည်တို့ကိုလည်းကောင်း၊ ရှုံ့ဖွယ် စက်ဆုပ် ယုတ်မာသော အမှုတို့ကိုလည်းကောင်း စိတ်အလိုလိုက် နှစ်ခြိုက်စဖွယ်ပြုလွယ် ကုန်၏။ စင်စစ် အကြင်အမှုသည် အကျိုးစီးပွားများလည်းများ၏။ ချီးမွမ်း ဖွယ်ကြောင်း ကောင်းလည်းကောင်း၏။ ထိုအမှုကို စင်စစ် အလွန်အကဲ ပြုနိုင် ခဲပေ၏။

ဤသို့ ဂါထာကို ကောင်းစွာမိန့်ကြားတော်မူပြီး၍ တစ်ဖန်လည်း ဤဥဒါန်း ကို ကျူးရင့်တော်မူပြန်၏—

သုကရံ သာဓုနာ သာဓု၊ သာဓု ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊ ပါပမရိယေဟိ ဒုက္ကရံ။

သူတော်ကောင်းသည် ကောင်းမှုကို ပြုကျင့်လွယ်၏။ ယုတ်မာသူသည် ကောင်းမှုကို ပြုနိုင်ခဲ၏။ ယုတ်မာသူသည် မကောင်းမှုကိုပြုလွယ်၏။ သူတော် ကောင်းသည် မကောင်းမှုကို လွန်စွာ ပြုကျင့်နိုင်ခဲ၏။

## အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်

ထိုအခါ ရှင်ဒေဝဒတ်သည် ဥပုသ်နေ့၌ မိမိ၏ ပရိသတ်နှင့်တကွ တင့်အပ်လျောက်ပတ်သော တစ်ခုသောအရပ်၌ ချဉ်းကပ်ထိုင်နေပြီးလျှင် အကြင်သူအား ဤဝတ္ထုငါးပါးတို့ကိုနှစ်သက် ကုန်၏။ ထိုသူသည် စာရေးတံတို့ကို ယူစေသတည်းဟု ကြွေးကြော်သော် သိတင်းငယ်ဖြစ်ကုန်သော ဂုဏ်ကျေးဇူးအထူးကို မသိကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းငါးရာတို့သည် စာရေးတံကို ယူအပ်ကုန်သည်ဖြစ်၍ သံဃာကိုခွဲပြီးလျှင် ထိုရဟန်းတို့ကိုယူ၍ ဂယာသီသသို့ သွားလေ၏၊ ထိုအရှင်ဒေဝဒတ်၏ ဂယာသီသအရပ်သို့ ဖဲသွားသည်ကို မြတ်စွာဘုရား ကြားသိတော်မူ၍ ထိုရဟန်းတို့ကို ဆောင်ယူစိမ့်သောငှာ မြတ်စွာဘုရားသည် အဂ္ဂသာဝကနှစ်ပါးတို့ကို စေလွှတ်တော်မူ၏။

အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန် ဟူကုန်သော နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည်လည်း ထိုဂယာသီသ အရပ်သို့ ကြွသွားတော်မူ၍ ဒေသနာတည်းဟူသော ပါဋိဟာရိယဖြင့် ဆုံးမတော်မူခြင်း, တန်ခိုးတည်းဟူသော ပါဋိဟာရိယဖြင့် ဆုံးမတော်မူခြင်း တည်းဟူသော နှစ်ပါးကုန်သော ဆုံးမခြင်းတို့ဖြင့် အစဉ်အတိုင်း ဆုံးမတော်မူကုန်လျက် ထိုရဟန်းတို့ကို တရားအမြိုက်တိုက်ကျွေး သောက်မျိုစေကုန်သည်ဖြစ်၍ ရဟန်းတို့ကို ခေါ်ဆောင်တော်မူကြပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူကြကုန်၏။

ကောကာလိက သည်လည်း ငါ့ရှင်ဒေဝဒတ် ထလော့၊ အသင်၏ ပရိသတ်ဖြစ်သော ထိုရဟန်းသံဃာတော် အပေါင်းကို သာရိပုတ္တရာ မောဂ္ဂလာန်တို့သည် ခေါ်ဆောင်ယူငင်၍ သွားကြလေကုန်ပြီ။ အသင့်ကို ငါသည် ရှေးဦးစွာကာလက ပြောကြားဖူးသည် မဟုတ်တုံလော့။ ငါ့ရှင်....သာရိပုတ္တရာ, မောဂ္ဂလာန်တို့နှင့် အကျွမ်းဝင်ခြင်းကို မပြုပါလင့်။ သာရိပုတ္တရာ မောဂ္ဂလာန်တို့သည် ယုတ်မာသော အလိုဆိုးရမ္မက် နှိပ်စက်ကုန်၏။ သူတစ်ပါးတို့၏ ခြွေရံပရိသတ်ကို မိမိ၏အလိုသို့ လိုက်စေသောအားဖြင့် သွေးဆောင်တတ်သည်ဟု ပြောကြားဖူးသည် မဟုတ်လောဟု ပြောကြားပြီးလျှင် ဖဝါးနောင့်ဖြင့် ရင်လယ်ကို ကျင်နာဖွယ်ပုတ်ခတ်ဆောင့်နှက်၏။ ထိုအရပ်၌ပင်လျှင် အရှင်ဒေဝဒတ်အား ပူလောင်သော သွေးအလျှံသည် ပျို့အန်ခြင်းဖြစ်လေ၏။

## ကာဠသမင်

ရဟန်းသံဃာအပေါင်း ခြံရံလျက် ကောင်းကင်ဖြင့် ကြွတော်မူလာသော အရှင်သာရိပုတ္တရာကို မြင်ကြကုန်၍ ရဟန်းတို့က ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ကြွသွားတော်မူသောအခါ မိမိကိုယ်တော်လျှင် နှစ်ယောက်မြောက်သည်ဖြစ်၍ ကြွသွားတော်မူ၏။ ဤယခုအခါ၌ များစွာသော အခြံအရံရှိသည်ဖြစ်၍ ကြွတော်မူလာခြင်း

သည်ကား အလွန်အကြူး အထူးတင့်တယ်လှပါသည်ဟူ၍ လျှောက်ကြားသော် မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ဤယခုအခါ၌သာလျှင် သာရိပုတ္တရာသည် တင့်တယ်သည်မဟုတ်သေး၊ ရှေးအခါ တိရစ္ဆာန်အမျိုး၌ ဖြစ်စဉ်ကပင် ငါ၏သားတော်ဖြစ်သော သာရိပုတ္တရာသည် ငါဘုရား၏အထံသို့ လာသည်ရှိသော် တင့်တယ်ဖူးသည်သာလျှင်တည်းဟူ၍ မိန့်တော်မူပြီး၍—

ကေနိပါတ် လက္ခဏဇာတ်

ဟောတိ သီလဝတံ အတ္ထော၊ ပဋိသန္ထာရဝုတ္တိနံ။
လက္ခဏံ ပဿ အာယန္တံ၊ ဉာတိသံဃပုရက္ခတံ။
အထ ပဿသိ’ မံ ကာဠံ၊ သုဝိဟီနံဝ ဉာတိဘိ။

ကေနိပါတ် လက္ခဏဇာတ် ပါဠိဂါထာကို ဟောတော်မူ၏။

သီလသီတင်း စောင့်သုံးခြင်းရှိကုန်ကသော ဓမ္မာမိသနှစ်ရပ်ဖြင့် စေ့စပ်သော ဖြစ်ခြင်းရှိသော သူတို့အား အကျိုးစီးပွားများခြင်းသည် ဖြစ်၏။ ဆွေမျိုးအပေါင်း ခြံရံလျက် ရှေးရှုလာသော လက္ခဏကို စေ့စေ့ငုငု ကြည့်ရှုပါလော့။ ထိုမှတစ်ပါး မဟုတ်ငြားဘဲ ဆွေမျိုးအပေါင်းတို့မှ အလွန်ကင်းပြတ် ဆုတ်ယုတ် ပျက်စီး၍သာလျှင် တစ်ယောက်ထီးတည်း ရှေးရှုလာသော ဤကာဠမည်တွင်သော သမင်ကို စေ့စေ့ငုငု ကြည့်ရှုပါလော့။

အတုယူတတ်သော ဒေဝဒတ်အလောင်း

ထိုနောက်တစ်ဖန် ရဟန်းတော်တို့က ဘုန်းတော်ကြီးလှပေသော မြတ်စွာဘုရား ဒေဝဒတ်သည် နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကို နှစ်ဘက်ကုန်သော နံပါးတို့၌ ထိုင်နေစေ၍ ဘုရားတည်းဟူသော တင့်တယ်စံပယ်ခြင်းဖြင့် တရားကို ဟောအံ့ဟု အရှင်ဘုရားတို့၏ အပြုအမူကို အတုအပလိုက်၍ ပြုလုပ်ပါသည်ဟု လျှောက်ကြားသည်ရှိသော် မြတ်စွာဘုရားရှင်က ချစ်သားရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါဘုရား၏ အပြုအမူကို အတုအပလိုက်၍ ပြုလုပ်သည် မဟုတ်သေး ရှေးအခါကလည်း ပြုလုပ်ဖူးလှလေပြီ။ ယင်းသို့ပင် အတုအပလိုက်၍ အားစိုက်ပြုလုပ်သော်လည်း မစွန်နိုင်သည်သာတည်းဟု မိန့်တော်မူပြီး ဤဒုကနိပါတ် ဝီရကဇာတ်လာ နှစ်ဂါထာတို့ကို ဟောကြားတော်မူ၏။

အပိ ဝီရက ပဿေသိ၊ သကုဏံ မဉ္ဇုဘာဏကံ။
မယူရဂီဝသင်္ကာသံ၊ ပတိံ မယှံ သဝိဋ္ဌကံ။
ဥဒကထလစရဿ ပက္ခိနော၊ နိစ္စံ အာမကမစ္ဆဘောဇိနော။
တဿာနုကရံ သဝိဋ္ဌကော၊ သေဝါလေ ပလိဂုဏ္ဌိတော မတော။

အရှင်ဝီရက ချိုမြိန်ကောင်းမြတ်သော အသံလည်းရှိထသော ဥဒေါင်းလည်ဆံ့ ညို့ညို့ ကြွကြွ လှပကြော့ရှင်းသော အဆင်းလည်းရှိထသော ကျွန်တော်မ၏ ငယ်ကကျွမ်းဝင် အရှင်ချစ်လင်ဖြစ်သော သဝိဋ္ဌက အမည်ရှိသော ငှက်ကို အရှင်သည် စင်စင်ကေန် အမှန်ထင်ထင် မြင်လိုက်ပါသလော။

ကျီးမ ရေကုန်းနှစ်ပြင် ကျင်လည်ကျက်စားခြင်း၌ စွမ်းနိုင်သော အမြဲမပြတ် စိမ်းစိုသောငါးကို စားလေ့ရှိထသော ထိုသို့သဘောရှိသော ငှက်၏ ကြံဆောင်ရည်၍ အတုပြုသောကြောင့် (ဝါ)အတုပြုသော သင့်လင်မည်ရ သဝိဋ္ဌကသည် ရေအိုင်ပေါက်လာ မှော်များစွာ၌ လက်, ခြေ, အတောင် မလှုပ်တ်အောင်လျှင် ကုန်အောင်ငြိကပ်၍ စုတိချုပ်ကြေ သေခဲ့လေပြီ။

ဤသို့ဇာတ်လာ ပါဠိဂါထာတို့ကို ကောင်းစွာ ဟောကြားတော်မူပြီးသော် နောက်အဖို့ကာလ ဖြစ်ကုန်သော နေ့တို့၌လည်း ထိုသို့သဘောရှိသည်သာလျှင် ဖြစ်သော စကားကို အကြောင်းပြုတော်မူ၍ ဤဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော ဒုကနိပါတ်ကလန္ဒကဇာတ်လာ ဤဂါထာကို ရွတ်ဆို၏။

အစာရိဝတာယံ ဝိတုဒံ ဝနာနိ၊ ကဋ္ဌင်္ဂရုက္ခေသု အသာရကေသု။
အထာ'သဒါ ခဒိရံ ဇာတသာရံ၊ ယတ္ထာ'ဘိဒါ ဂရုဠော ဥတ္တမင်္ဂံ။

အိုကလန္ဒက ငှက်တွင်အမြတ် အမည်တပ်သော ဤသို့သဘောရှိသော သင်သည် အနှစ်မဲ့မှန် လက်ပံ, ကသစ်တောတို့ကို နှုတ်သီးဖြင့် ထွင်းထိုး ဖောက်လျက် အနှစ်မဲ့မှန် လက်ပံ ကသစ် အစရှိကုန်သော အသုံးမသွင်း တောထင်းသစ်ပင်တို့၌ စင်စစ် ကျင်လည် ကျက်စားလှလေပြီ။ ထိုနောင်မှ ဇာတ်အားစင်စစ် အနှစ်ရှိထသော ရှားတောသို့ ရောက်လာပြီး၍ အကြင် သစ်ပင်၌ သင်သည် ကိုယ်အင်္ဂါတွင် မြတ်ရာဘားရှောင်း ဦးခေါင်း ဦးထိပ်တို့ တိုက်ခဲ့လေပြီ၊ ထိုသစ်ပင်သည် ရှားပင်မည်၏။ ဤဂါထာဖြင့် တန်ဆာဆင် အပ်သော ဧကနိပါတ် ဝိရောစနဇာတ် အစရှိသည်တို့ကို ဟောကြားတော်မူ၏။

လသီ စ တေ နိပ္ဖလိတာ၊ မတ္ထကော စ ပဒါလိတော။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ အဇ္ဇ ခေါ တွံ ဝိရောစသိ။

လုံ့လနည်းမှေး ဟယ်မြေခွေး အသင်မြေခွေး၏ ဦးနှောက်သည်လည်း ယိုစီးကျထွက်၏။ ဦးထိပ်-ဦးခေါင်းသည်လည်း ကွဲခဲ့လေ၏။ အသင်မြေခွေး၏ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော နံရိုးတို့သည် ချိုးနဲ့ကျိုးပျက် ကုန်လေပြီ။ ယခုပင်လျှင် အသင်မြေခွေးသည် ကြည့်ရှုစချင့် သင့်တင့်အထူး ပျော်မြူးစံပယ် ဦးလော့။

## ကျေးဇူးမသိသော ဒေဝဒတ်အလောင်း

တစ်ဖန် ရဟန်းတို့က အရှင်ဒေဝဒတ်သည် သူပြုဖူးသော ကျေးဇူးကို အထူးသတ်မှတ် မသိတတ်ပလေ-ဟူသော စကားကို အကြောင်းပြု၍ ဤဂါထာ တို့ဖြင့် တန်ဆာ ဆင်အပ်ကုန်သော စတုက္ကနိပါတ် သကုဏဇာတ်တို့ကို ဟောကြားတော်မူ၏။

အကရမှသ တေ ကိစ္စံ၊ ယံ ဗလံ အဟုဝမှသေ။
မိဂရာဇ နမော တျတ္ထု၊ အပိ ကိဉ္စိ လဘာမသေ။
မမ လောဟိတဘက္ခဿ၊ နိစ္စံ လုဒ္ဒါနိ ကုဗ္ဗတော။
ဒန္တန္တရဂတော သန္တော၊ တံ ဗဟုံ ယမ္ပိ ဇီဝသိ။

အို-ခြင်္သေ့ ငါတို့အား အကြင်ခွန်အားသည် ဖြစ်ပြီ။ ထိုခွန်အားဖြင့် အသင်ခြင်္သေ့၏ ဆောင်ရွက်မှုယ်မှု တစ်ခုသော ကိစ္စကိုငါတို့သည် ပြုရကုန်ပြီ။ သားများသေ၌နင်း ခြင်္သေ့မင်း အသင်ခြင်္သေ့မင်းအား ရှိသေညွတ်လျှိုး ရှိခိုးခြင်းသည် ဖြစ်စေသတည်း။ အနည်းငယ်သောအမဲကို ရနိုင်ကုန်ငြား အံ့လည်း မသိ၊ အမြဲ ကြမ်းကြုတ်အမှုန် ခက်ထန်သောဖမှုတို့ကို ပြုတတ် ထသော အသွေးတည်းဟူသော အစာရှိသော ငါ၏ အစွယ်သွားကြား သို့ ရောက်သည် ယင်ရှားဖြစ်လျက် အသင်သည် အကြင်ကြောင့် အသက် ရှည်ရှည် တည်နေရ၏။ ထိုသို့ အသက်ရှည်ရှည် တည်နေရခြင်းသည် ကျေးဇူး ပြန့်ပွား များလှလေပြီ။

တစ်ဖန် ထိုအရှင်ဒေဝဒတ်၏ သတ်ခြင်းငှာ လုံ့လပြုသည်ကို အကြောင်း ပြု၍ ဤဂါထာဖြင့် တန်ဆာဆင်အပ်သော ဧကနိပါတ် ကုရုင်္ဂဇာတ် အစရှိသည် တို့ကို ဟောကြားတော်မူ၏-

ဉာတမေတံ ကုရုင်္ဂဿ၊ ယံ တွံ သေပဏ္ဏိ သိယျသိ။
အညံ သေပဏ္ဏိ ဂစ္ဆာမိ၊ န မေ တေ ရုစ္စတေ ဖလံ။

ယမနေပင် သင်သည် အသီးကို အကြင်ကြောင့် ငါ၏ရှေ့သို့ ဖရိုဖရဲ ကြဲဖြန့် ဘိ၏။ ထိုအကြောင်းသည် ဆတ်အား သိသာထင်ရှားပြီ။ သင်ယမနေပင်၏ အသီးကို ငါသည် မနှစ်သက်အပ်။ ယမနေပင် တစ်ပါးသော သစ်ပင်သို့ ငါသည် သွားတော့အံ့။

ဤသို့ အစရှိကုန်သော ဇာတ်တို့ကို ဟောကြားတော်မူပြီး၍ တစ်ဖန် မိုးသောက်ရောက်သောနေ့၌ ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား အရှင်ဒေဝဒတ်သည် မပြုအပ်သောအရာ မြတ်စွာဘုရားရှင်အား လုံ့လ

ပြုခြင်းကြောင့် လာဘ်ပူဇော် သက္ကာရမှုလည်းကောင်း၊ ရဟန်း၏အဖြစ်မှုလည်းကောင်း နှစ်ပါးစုံသောအကျိုးတို့မှ နွမ်းညှိုးပျက်စီး အချည်းနှီးဖြစ်လေဘိသည်ဟူသော စကားတို့သည် ဖြစ်ကုန်သည်ရှိသော် ဘုရားကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ယခုအခါ၌သာ ဒေဝဒတ်သည် မပြစ်မှားအပ်သော ငါဘုရား၌ ပြစ်မှားခြင်း လုံ့လကိုပြုသောကြောင့် အကျိုးနှစ်ပါးတို့သည် ဆုတ်ယုတ်ပျက်ပြားရသည်မဟုတ်သေး။ ရှေးအခါကာလ၌လည်း ဆုတ်ယုတ် ပျက်ပြားဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ဧကနိပါတ် ဥဘတောဘဋ္ဌဇာတ် ဂါထာပါဌ်ကို ဟောတော်မူ၏-

အက္ခီ ဘိန္နာ ပဋော နဋ္ဌော၊ သခီ ဂေဟေ စ ဘဏ္ဍနံ။
ဥဘတော ပဒုဋ္ဌာ ကမ္မန္တာ၊ ဥဒကမှိ ထလမှိ စ။

အချင်းယောကျ်ား သင်၏ မျက်စိတို့သည် ကွဲပေါက်ခဲ့ကုန်၏၊ အဝတ်ပုဆိုးသည် ပျောက်ခဲ့၏။ အိမ်၌လည်း မယားသည် အိမ်နီးချင်းအဆွေမနှင့် တကူ ခိုက်ရန်ဖြစ်၏။ ရေ၌လည်းကောင်း၊ ကြည်း၌လည်းကောင်း နှစ်ပါးစုံသော အရပ်တို့၌ အမှုတို့သည် အချည်းနှီး ပျက်စီးကုန်၏။

[ဤနေရာ၌ နိပါတ်ဇာတ်တော်လာ သာဓကတို့ကို များစွာ ဟောပြတော်မူသောကြောင့်၊ အတိတ်ဇာတ်နိပါတ်တို့ကို ဆောင်ခြင်းငှာ အလွန်သင့်လျော်ပေ၏။ သို့သော်လည်း ဆောင်အပ်သော ဇာတ်နိပါတ်သည် အလွန်များပြားသဖြင့် လိုရင်းစကား အပြီးမသတ် မရပ်တန့်နိုင်မည်ကို စိုးရိမ်ကြောင့်ကြသောကြောင့် ဇာတ်နိပါတ်တို့ကို ဆောင်၍ အကျယ်မပြဘဲ အဋ္ဌကထာလာသည့်အတိုင်းသော စကားအစဉ်မျှကိုသာ ရေးပြလိုက်ပါသည်။ အကျယ်မှာ ဤကျမ်း၌လာသော သာဓကတို့ကို ကြည့်ရှုထောက်ဆ၍ နိပါတ်ပါဠိတော်အဋ္ဌကထာတို့၌ ကြည့်ရှု၍ယူတော်မူကြပါစေသတည်း။ ။ဤကား အမှာ]။

ယင်းသို့ ပြအပ်ခဲ့ပြီးသော စကားအစဉ်အတိုင်းအားဖြင့် မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူလျက် အရှင်ဒေဝဒတ်ကို အကြောင်းပြုသောအားဖြင့် များစွာကုန်သော ဇာတ်တို့ကို ဟောကြားတော်မူပြီး၍ ရာဇဂြိုဟ်ပြည်မှသည် သာဝတ္ထိပြည်သို့ ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံနေတော်မူ၏။

## မြတ်စွာဘုရားအား ဖူးလိုသောဒေဝဒတ်

ရှင်ဒေဝဒတ်သည်လည်း ကိုးလတို့ပတ်လုံး မကျန်းမမာ ရောဂါစွဲကပ်သည်ဖြစ်၍ နောက်ဖြစ်သော စုတိမနေ သေလွန်ခါနီး ကာလအခါ၌ မြတ်စွာဘုရားရှင်ကို ဖူးမြင်လိုသည်ဖြစ်၍ မိမိ၏ တပည့်တို့ကိုခေါ်ပြီးလျှင် အချင်းတပည့်တို့ မကျန်းမမာ စွဲကပ်သော ငါသည် မြတ်စွာဘုရားရှင်တို့ကို ဖူးမြင်ခြင်းငှါ အလိုရှိပါသည်။ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ အထံသို့ဆောင်၍ ငါ့အား ဘုရားကို ပြကြပါကုန်လော့ဟု ပြောဆို၏။ တပည့်တို့ကလည်း အိုဆရာ အသင်သည် စွမ်းနိုင်သည့်ကာလ၌ မြတ်စွာဘုရား၏ ရန်သူဖြစ်၍ လှည့်လည်ပြီးလျှင် ယခု မကျန်းမမာ ရောဂါစွဲကပ်သော အခါမှ ဘုရားရှင်ကို ဖူးမြင်လိုသည်မှာ ငါတို့သည် ထိုမြတ်စွာဘုရား၏ အထံသို့ ပြန်ဆောင်ပို့သခြင်းငှါ မဝံ့ပါဟု ပြောသည်ရှိသော် အိုအချင်းတပည့်တို့၊ငါ့ကို မဖျက်ဆီးကြပါကုန်လင့်။ ငါသည်သာလျှင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၌ ရန်ငြိုးဖွဲ့အပ်သည်ဖြစ်၍ ပြစ်မှားမိပါသည်။ မြတ်စွာဘုရား ကိုယ်တော်မြတ်အားကား ငါ၏အပေါ်၌ ဆံဖျားမျှသော်လည်း ရန်ငြိုးဖွဲ့ခြင်းမရှိပေ။ ထိုကြောင့် ဥပါလိထေရအပဒါန်ပါဠိတော်၌ ဤသို့ မိန့်တော်မူ၏–

ဝဓကေ ဒေဝဒတ္တမှိ၊ စောရေ အင်္ဂုလိမာလကေ။

ဓနပါလေ ရာဟုလေ စ၊ သဗ္ဗတ္ထ သမမာနသော–

ထိုစကားမှန်၏။ မြတ်စွာဘုရားရှင်သည် မိမိကို သတ်အံ့ဟု လုံ့လပြုသော ဒေဝဒတ်၌လည်းကောင်း၊ လူတို့ကိုသတ်၍ လက်တို့ကို ဖြတ်သော သူသတ်ခိုးသူကြီး အင်္ဂုလိမာလ၌လည်းကောင်း၊ မိမိအား ထိုးသတ်အံ့ဟု ရှေးရှုပြေးလာသော ဓနပါလအမည်ရှိသော နာဠာဂီရိဆင်၌လည်းကောင်း၊ ဘဒ္ဒကစ္စာနာယသောဓရာဒေဝီ မယ်တော်မှ ဖွားမြင်တော်မူသော ရင်သွေးသက်လျာ ရာဟုလာသားတော်၌လည်းကောင်း ဤအလုံးစုံသော ရန်သူသားငယ်တို့၌ စိတ်ဝယ်မပြား တူသောအားဖြင့် ကြီးမားသော မေတ္တာစိတ်နှစ်လုံးကို ကျင့်သုံးဆောက်တည်တော်မူနိုင်ပေ၏။

မြတ်စွာဘုရားရှင်သည် သတ်မည်ဟုကြံသော အရှင်ဒေဝဒတ်အပေါ်၌လည်းကောင်း၊အင်္ဂုလိမာလ သူခိုးအပေါ်၌ လည်းကောင်း၊ဓနပါလဆင်အပေါ်၌လည်းကောင်း၊ သားတော်ရာဟုလာအပေါ်၌ လည်းကောင်း ဤအလုံးစုံသော ပုဂ္ဂိုလ်တို့၌ တန်းတူညီမျှသောစိတ် ထားတော်မူပါပေ၏။

အရှင်ဒေဝဒတ်သည် အို အချင်း တပည့်တို့ ငါ့အား မြတ်စွာဘုရား၏ အထံတော်သို့ ဆောင်ပို့၍ ထိုမြတ်စွာဘုရားကို ပြကြပါကုန်လော့ ဟူ၍သာ အဖန်တလဲလဲ အမြဲမပြတ် တောင်းပန်၏။ ထိုအခါ များစွာကုန်သော တပည့်တို့သည် ထိုအရှင်ဒေဝဒတ်ကို ညောင်စောင်းဖြင့် ထမ်းဆောင် ယူငင်၍ ထွက်ခဲ့ကြကုန်၏။ ရဟန်းတို့သည်လည်း ဒေဝဒတ်၏ လာသောအဖြစ်ကိုကြား၍ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဒေဝဒတ်သည် အရှင်ဘုရားအား ဖူးမြော်ခြင်းငှာ လာပါသတတ် ဟူ၍ လျှောက်ကြားကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကလည်း ချစ်သား ရဟန်းတို့ ဒေဝဒတ်သည် ဤအတ္တဘော ခန္ဓာကိုယ်ဖြင့် ငါဘုရားကို ကြည့်ရှု ဖူးမြော်ခြင်းငှာ မရပေလတ္တံ့ဟု မိန့်တော်မူ၏။

[ထိုစကားကို ထင်ရှားစွာ ပြလိုက်ဦးအံ့၊ ထိုအရှင်ဒေဝဒတ်သည် ငါးပါးကုန်သော ဝတ္ထုတို့ကို တောင်းပန်သောအခါမှစ၍ တစ်ဖန် မြတ်စွာဘုရားကို ဖူးမြော်ခွင့်မရပေ။ ယင်းသို့ ဖူးမြော်ခွင့်မရခြင်းသည် ဓမ္မတာသဘော ဖြစ်ပေသတတ်ဟု ရင်းအဋ္ဌကထာ၌ မိန့်တော်မူ၏]။

## ရှင်ဒေဝဒတ် သရဏဂုံဆောက်တည်ခြင်း

ရဟန်းတို့ကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအမည် ဤအမည်ရှိသော အရပ်သို့ ရောက်လာပါကုန်ပြီဟု လျှောက်ထားကြသည်ကာလ ဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ အကြင်သို့သောအမှုဖြင့် ပြုအပ်သည်ရှိသော် ငါဘုရား ကိုယ်တော်မြတ်ကို ဖူးမြော်ရ၍ အလိုရှိသမျှ ပြည့်စုံပေ၏။ ထိုအမှုဖြင့်ပြုသော်လည်း ဒေဝဒတ်သည် ငါဘုရားကိုယ်တော်မြတ်ကို မဖူးမြော်ရလတ္တံ့ဟု မိန့်တော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအရပ်မှ တစ်ယူဇနာမျှလောက်သော အရပ်သို့ ရောက်လာပါပြီ။ ယူဇနာဝက်မျှလောက်သော အရပ်သို့ ရောက်လာပါပြီ။ ဇေတဝန်ကျောင်းတော် ရေကန်ကြီး၏ အနီးသို့ ရောက်လာပါပြီဟူ၍ အဆင့်ဆင့် လျှောက်ကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကလည်း ချစ်သားရဟန်းတို့ စံတော်မူရာဖြစ်သော ဇေတဝန် ကျောင်းတော်၏အတွင်းသို့ အကယ်၍ လာရောက်စေကာမူ ငါဘုရားကို ဖူးမြင်ခြင်းငှါ မရလတ္တံ့ဟု မိန့်တော်မူ၏။ ဒေဝဒတ်ကို ထမ်းဆောင်ယူငင်၍ လာကုန်သော သူတို့သည် ဇေတဝန်ကျောင်းတော်၏ အနီးဖြစ်သော ရေကန်၏ ကမ်းရိုး၌ ညောင်စောင်းကိုချပြီးလျှင် ရေချိုးခြင်းငှါ ရေကန်သို့သက်ကြကုန်၏။ အရှင်ဒေဝဒတ်သည်လည်း ညောင်စောင်းမှ ထ၍ နှစ်ဖက်ကုန်သောခြေတို့ကို မြေကြီး၌ချထား၍ ထိုင်နေ၏။ ခြေနှစ်ဖက်တို့သည် မြေထဲသို့ဝင်ကုန်သဖြင့်

ထိုရှင်ဒေဝဒတ်သည် အစဉ်အတိုင်းအားဖြင့် ထိုနောက်ဖမျက်၊ ထိုနောက် သလုံးမြင်းခေါင်း၊ ထိုနောက် ခါး၊ ထိုနောက် သားမြတ်တိုင်အောင် ဝင်၍ မေးရိုး၏ မြေကြီးဝယ် ဝင်သဲဆဲအခါ၌ ဤဂါထာကို ရွတ်ဆို၏—

ဣမေဟိ အဋ္ဌီဟိ တမဂ္ဂပုဂ္ဂလံ၊ ဒေဝါတိဒေဝံ နရဒမ္မသာရထိံ။
သမန္တစက္ခုံ သတပုညလက္ခဏံ၊ ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ။

အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူထသော နတ်အပေါင်းတို့၏ ခိုကိုးရာ နတ်မင်းကြီးလည်း ဖြစ်တော်မူထသော၊ လူအပေါင်းကို ဆုံးမရာ၌ ရထားထိန်းသဖွယ် ဖြစ်တော်မူထသော ဿဗ္ဗညုတဉာဏ်တော် ရှိတော်မူထသော ရာပေါင်းများစွာသော ဘုန်းကံကြောင့် တင့်တယ်သောလက္ခဏာတော် ရှိတော်မူထသော ထိုမြတ်စွာဘုရားကို ဤအရိုးတို့ဖြင့်လည်းကောင်း၊ ဤအသက်တို့ဖြင့်လည်း ကောင်း ကိုးကွယ်ခြင်းသို့ ကပ်ရောက်ပါ၏။

ဤသို့သော အကြောင်းဖြစ်အင်ကို မြင်တော်မူသောကြောင့် မြတ်စွာဘုရား ရှင်သည် အရှင်ဒေဝဒတ်ကို ရဟန်းပြုတော်မူသည် ဖြစ်သတတ်။ ထိုစကား မှန်၏။ အရှင်ဒေဝဒတ်သည် အကယ်၍ ရဟန်းမပြုသည်ရှိသော် လူဖြစ်၍ ဝန်လေးသောကံကို မပြုနိုင်ရာပေ။ ယင်းသို့ ဝန်လေးသော ကံကိုပင် မပြုနိုင်သော်လည်း ရဟန်းမပြုဘဲ နောင်အခါ၌ ဘဝမှထွက်မြောက်ခြင်း အကြောင်းကို ပြုခြင်းငှာ မစွမ်းနိုင်ပေရာ။ ရဟန်းပြုရသည်ဖြစ်၍ ထို အရှင် ဒေဝဒတ်သည် ဝန်လေးသောကံကို အကယ်၍ကား ပြု၏ရှင့်။ ယင်းသို့ ဝန်လေးသောကံကိုပင် ပြုငြားသော်လည်း ရဟန်းပြုရခြင်းကြောင့် ထိုအရှင်ဒေဝဒတ်သည် ဝဋ်မှ ထွက်မြောက်ခြင်း အကြောင်းကို ပြုခြင်းငှာ စွမ်းနိုင်လတ္တံ့ဟု ဤကဲ့သို့သော အကြောင်းဖြစ်အင်ကို ထင်မြင်ရည်ညွှန်းတော်မူသည်ဖြစ်၍ မြတ်စွာဘုရားသည် အရှင်ဒေဝဒတ်ကို ရဟန်းပြုတော်မူပေ၏။

ထိုအရှင်ဒေဝဒတ်သည် ဤကမ္ဘာမှ သင်္ချာတွက်ကိန်း ကပ်တစ်သိန်းထက်၌ အဋ္ဌိဿရ အမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်ပေလတ္တံ့ဟု ငရင်းအဋ္ဌကထာ၌ မိန့်၏။

ထိုစကားသည် မှန်၏။ ထိုဒေဝဒတ်သည် ဤဘဒ္ဒကပ်ကမ္ဘာမှ နောင်လာလတ္တံ့သော ကပ်တစ်သိန်းထက်၌ အဋ္ဌိဿရ အမည်ရှိသော လေးပါးသစ္စာ ဘာသာသိမြင်သော ပစ္စေကဗုဒ္ဓါ အရှင်သည် ဖြစ်လတ္တံ့။

[ဤနေရာ၌ အရှင်ဒေဝဒတ်၏ အလောင်းဥတုဇရုပ်သည် အဘယ် ကဲ့သို့ ဖြစ်လိမ့်မည်ကို ပညာရှင်တို့ ဆင်ခြင်အပ်၏။ ဤကားအမှာ။]

## ရှင်ဒေဝဒတ် အဝီစိငရဲ၌ ဖြစ်ခြင်း

ထိုအရှင်ဒေဝဒတ်သည် မြေကြီးအတွင်းသို့ ဆင်းဝင်၍အဝီစိငရဲ၌ ဖြစ်လေ၏။ မတုန်မလှုပ် မြတ်စွာဘုရား၌ ပြစ်မှားသည်၏ အဖြစ်ကြောင့် မတုန်မလှုပ် သာလျှင်ဖြစ်၍ ခံစားစေသတည်းဟု ယူဇနာ တစ်ရာရှိသော အဝီစိငရဲကြီး အတွင်း၌ ယူဇနာ တစ်ရာလောက် အမြင့် အစောက်ရှိသော ကိုယ်ခန္ဓာ သည် ဖြစ်လေ၏။ ဦးခေါင်းသည် နားရွက်စွန်းတိုင်အောင် အထက်သံပြား အမိုး၌ စူးဝင်လေ၏။ ခြေတို့သည် ဖမျက်တိုင်အောင် အောက်အဖိုဖြစ်သော သံမြေပြင်သို့ စူးဝင်လေ၏။ ထန်းပင်လုံးကြီး ပမာဏရှိသော သံဆူးကျင်သည် အနောက်နံရံမှ ထွက်၍ ကျောက်ကုန်း၏ အလယ်ကို ဖောက်ခွဲစူးဝင်ပြီးသော် ရင်ပြင့်ထွက်ပြီးလျှင် အရှေ့နံရံသို့ စူးဝင်၏။ တစ်ချောင်းသော သံတံကျင်သည် တောင်ဘက်ဖြစ်သော နံရံမှထွက်လေ၍ လကျာ်နံဘေးကို ဖောက်ခွဲစူးဝင်၍ လက်ဝဲနံဘေးဖြင့် ထွက်ပြီးလျှင် မြောက်ဘက်နံရံသို့ စူးဝင်လေ၏။ တစ်ချောင်း သော သံတံကျင်သည်လည်း အထက်ဖြစ်သော သံပြားအမိုးမှ ထွက်လာ၍ ဦးထိပ်ကို ဖောက်ခွဲစူးဝင်ပြီးမှ အောက်အဖိုဖြင့် ထွက်ပြီးလျှင် အောက်အဖို၌ ဖြစ်သော သံမြေသို့ စူးဝင်လေ၏။ ဤသို့ ပြအပ်ခဲ့ပြီးသော အစဉ်အတိုင်း အားဖြင့် အရှင်ဒေဝဒတ်သည် ထိုအဝီစိငရဲကြီး၌ မတုန်မလှုပ်သာလျှင် ဖြစ်၍ ခံစားရလေ၏။

ရဟန်းတို့ကလည်း ဤမျှလောက်သော အရပ်သို့လာလျက်လည်း ဒေဝဒတ် သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ဖူးမြော်ခြင်းငှာ မရဘဲသာလျှင် မြေကြီးသို့ ဝင်ရလေသည်ဟူသော စကားကို ဖြစ်စေကြကုန်၏။

### သီလဝဆင်မင်း

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါဘုရား၌ ပြစ်မှားလွန်ကျူးခြင်းကြောင့် မြေကြီးသို့ဝင် ရသည် မဟုတ်ချေသေး၊ ရှေးအခါကာလ၌လည်း ဝင်ရဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ဆင်မင်းဖြစ်တော်မူသော အခါ၌ ခရီးမှားသော ယောကျ်ားကို သက်သာရာကိုရစေ၍ မိမိ၏ ကျောက်ကုန်းပေါ်သို့ တင်ပြီးသော် ဘေးမရှိ ချဉ်းကပ် လူနီးသောအရပ်သို့ ပို့လိုက်သဖြင့် နောက်တစ်ဖန် သုံးကြိမ်တိုင်အောင် ပြန်လာ၍ အဖျားဖြစ်သော အဖိုအရပ်၌လည်းကောင်း၊ အလယ်ဖြစ်သော အဖိုအရပ်၌လည်းကောင်း၊ အရင်းဖြစ်သော အဖိုအရပ်၌လည်းကောင်း ဤသို့ သုံးပိုင်းသုံးရပ် အစွယ်ကို တောင်းဖြတ်၍ သုံးကြိမ်မြောက်အကျ ဿရင်းကို ဖြတ်ပြီးအခါ၌ ဘုရားလောင်းဆင်မင်း၏ ပသာဒစက္ခုဖြင့် ကြည့်ရှုထင်ထင်

မြင်ကောင်းသော ဒေသကို လွန်ကာမတ္တ ယုတ်မာလှသော ထိုယောကျ်ားအား မဟာပထဝီမြေကြီးသို့ အချည်းနှီးဝင်ရလေသည်ကို ပြတော်မူခြင်းငှာ ကေနိပါတ် သီလဝနာဂရာဇဇာတ်လာ ဂါထာကို ဟောတော်မူ၏။

အကတညုဿ ပေါသဿ၊ နိစ္စံ ဝိဝရဒဿိနော။
သဗ္ဗံ စေ ပထဝိံ ဒဇ္ဇာ၊ နေဝ နံ အဘိရာဓယေ။

ပြုဖူးသော ကျေးဇူးကို မသိထသော အမြဲဖျက်ဆီးရန်သင့် အခွင့်ကိုသာ ကြည့်ရှုလေ့ရှိထသော ယောကျ်ားအား ကြွင်းမဲ့ဥဿုံ အလုံးစုံသော မြေပြင်အလုံး သိမ်းကျုံးပိုင်နင်း မင်းအဖြစ်ကို အကယ်၍ ပေးစေကာမူ ထိုသူယုတ်မာကို အလိုပြီးလျက် မနှစ်သက်နိုင်ရာသာလျှင်တည်း။

ဤသို့ သီလဝဆင်မင်းဇာတ်ကို ဟောတော်မူပြီး၍ တစ်ဖန် ထိုကဲ့သို့သဘောရှိသောစကားကိုပင်ဖြစ်စေပြန်သောအရာ၌ ခန္တိဝါဒီရသေ့မြတ် ဖြစ်တော်မူသောအခါ၌ မိမိ၌ ပြစ်မှားပုတ်ခတ်၍ ကလာဗုမင်းကြီးအား မြေကြီးသို့ ခွဲဝင်ရသည်အဖြစ်ကို ပြတော်မူခြင်းငှာ ခန္တိဝါဒီဇာတ်ကို လည်းကောင်း၊ စူဠဓမ္မပါလမင်းသားငယ်ဖြစ်စဉ်အခါ၌ မိမိ၌ ပြစ်မှားပုတ်ခတ် သတ်ဖြတ်သော မဟာတာပမင်းကြီးအား မဟာပထဝီမြေကြီး၏ အတွင်းသို့ သက်ဆင်း၍ ဝင်ရသည်အဖြစ်ကို ပြတော်မူခြင်းငှာ စူဠဓမ္မပါလဇာတ်ကို လည်းကောင်း ဟောကြားတော်မူ၏။

## မဟာပိင်္ဂလဇာတ်

အရှင်ဒေဝဒတ်သည် မြေခွဲမျို၍ မြေကြီး၏အတွင်းသို့ သက်ဆင်းဝင်ရသည်ရှိသော် များစွာသော လူအပေါင်းသည် ကြည်လင်ရွှင်လန်း နှစ်သက်ခြင်းရှိသည်ဖြစ်၍ တံခွန်, ကုက္ကား ငှက်ပျောပင်တို့ကို စိုက်စေပြီးလျှင် ကြာပွင့်ကြာချပ်တို့ဖြင့် အထပ်ထပ် ပြည့်စုံဖွံ့ဖြိုးသော ရေပြည့် ကြာသွတ်အိုးတို့ကို တင်ထား၍ အိုအချင်းတို့ ငါတို့အား လူ၏အဖြစ်ကို အရတော်လေစွတကားဟု ဟစ်ကြားကြွေးကြော် ပြောဆိုကုန်လျက် ကြီးစွာသော ပွဲလမ်းသဘင်ဖြင့် ပျော်ရွှင်ခံစား၏။ ထိုသို့သော အကြောင်းဖြစ်အင်ကို မြတ်စွာဘုရားရှင်အား လျှောက်ကြားကုန်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ဤယခုအခါ၌သာလျှင် ဒေဝဒတ်သည် သေလွန်ရာ၌ များစွာသောလူအပေါင်းသည် နှစ်သက်ကြသည် မဟုတ်သေး။ ရှေးအခါ၌လည်း နှစ်သက်ဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ အလုံးစုံသော လူအပေါင်းအား မချစ်ခင်

မနှစ်မြို့အပ်သော ခက်ထန် ကြမ်းကြုတ်သော ဗာရာဏသီပြည်၌ ပိင်္ဂလ အမည်ရှိသော မင်းကြီးသည် သေလွန်သည်ရှိသော် လူများအပေါင်းအား နှစ်သက်ရွှင်လန်းသည်၏ အဖြစ်ကို ပြတော်မူခြင်းငှာ ဤဒုကနိပါတ် မဟာ ပိင်္ဂလဇာတ်အလာ ဂါထာတို့ကို ဟောကြားတော်မူ၏။

သဗ္ဗော ဇနော ဟိံသိတော ပိင်္ဂလေန၊
တသ္မိံ မတေ ပစ္စယံ ဝေဒယန္တိ။
ပိယော နု တေ အာသိ အကဏှနေတ္တော၊
ကသ္မာ နု တွံ ရောဒသိ ဒွါရပါလ။

န မေ ပိယော အာသိ အကဏှနေတ္တော။
ဘာယာမိ ပစ္စာဂမနာယ တဿ၊
ဣတော ဂတော ဟိံသေယျ မစ္စုရာဇံ၊
သော ဟိံသိတော အာနေယျ ပုန ဣဓ။

အချင်း ဒွါရပါလ(ဝါ)အချင်းတံခါးမှူး ပိင်္ဂလမည်သော မင်းသည် ခပ်သိမ်း ပြောထူ ဖိုလ်လူအပေါင်းကို ရိုက်ပုတ်မောင်းမဲ ညှဉ်းဆဲအပ်၏။ ထိုပိင်္ဂလမင်းသည် သေလွန်သည်ရှိသော် နှစ်သက်ခြင်းကို ခံစားကုန်၏။ နားမျက်စိပါ မသက်သာ အောင် ခက်မာကြမ်းကြုတ် ပြုလုပ်မြွက်ထောင် ကြောင်သောမျက်စိရှိသော ပိင်္ဂလ ကို သင်ဒွါရပါလသည် ချစ်ခင်နှစ်သက် စုံမက်အပ်သည် ဖြစ်ရှာလေ သလော။ အဘယ်ကြောင့် သင်ဒွါရပါလသည် စိုးရိမ်ပူဆွေး ငိုကြွေးဘိလေ သနည်း။

ကြောင်သောမျက်စိရှိသော ပိင်္ဂလကို ငါသည် ချစ်ခင်နှစ်သက် စုံမက် မြတ်နိုးခြင်းသည် တစ်ရံတစ်ဆစ် မဖြစ်ဖူးပါ။ ထိုပိင်္ဂလ၏ ပြန်၍တစ်ဖန် လာပြန် ခြင်းဖြင့် တွေးတောရွံ့လောက် ကြောက်လှပါ၏။ ဤဘဝမှ စုတိပြောင်းငြား သေလွန်၍ သွားပေသော ပိင်္ဂလသည် သေမင်းကို ညှဉ်းဆဲခြောက်လှန့်ရာ၏။ တစ်ဖန် ဤပစ္စုပ္ပန်ဘဝသို့ ထိုကြမ်းကြုတ်ပါလှ ပိင်္ဂလကို သေမင်းမခံ ပြန်၍ ဆောင်ခဲ့ငြားအံ့၊ ပြန်၍ တစ်ဖန် ညှဉ်းဆဲပြန်မည်သာလျှင်တည်း။

## သောတာပန်စသည် တည်ခြင်း

ရဟန်းတို့သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သို့ ချဉ်းကပ်ပြီးသော အခါ ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား ယခုအခါ ဒေဝဒတ်သည် အဘယ်အရပ်မှာ ဖြစ်ပါလေသနည်းဟု လျှောက်ထားကြသော် ဘုရားရှင်

ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ဒေဝဒတ်သည် အဝီစိငရဲကြီး၌ ဖြစ်ရလေသည်ဟူ၍ မိန့်တော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဒေဝဒတ်သည် ဤယခု ပစ္စက္ခဖြစ်သော ပစ္စုပ္ပန်ဘဝ၌ ပူပန်လျက်သာလျှင် လှည့်လည်ရပြီး၍ တစ်ဖန် တစ်ခုသောဘဝသို့ ပြောင်းကြွ၍ သွားရပြန်ပါသော်လည်း ပူပန်အပ်သော နေရာဌာန၌သာ ဖြစ်ရပြန်လေဘိသည်ဟု ရဟန်းတို့ လျှောက်ထားသဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ရဟန်းတို့ သြော်.... ဟုတ်ပေ၏။ ရဟန်းတို့သည်မူလည်း ဖြစ်စေကုန်။ လူတို့သည်မူလည်းဖြစ်စေကုန်။ မေ့လျော့၍ နေလေ့ရှိသော သူတို့သည် ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ပူပန်ရသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၁၇။ ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ၊
ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
ပါပံ မေ ကတန္တိ တပ္ပတိ၊
ဘိယျော တပ္ပတိ ဒုဂ္ဂတိံ ဂတော။

မကောင်းမှုပြုလေ့ရှိသောသူသည် ဤပစ္စုပ္ပန်ဘဝ၌ ပူပန်ရ၏၊ နောင်ဘဝ၌ ပူပန်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝ၌ ပူပန်ရ၏။ ငါသည် မကောင်းမှုကို ပြုအပ်ပြီဟု ပူပန်ရ၏။ ဒုဂ္ဂတိဘဝသို့ရောက်၍ လွန်စွာပူပန်ရ၏။

ထိုဒေသနာ ဂါထာ၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန်စသည် ဖြစ်ကြလေကုန်၏။

တစ်ဆယ့်နှစ်ခုမြောက် ရှင်ဒေဝဒတ်၏ ဝတ္ထုပြီး၏။

---

## ၁၃။ သုမနဒေဝီဝတ္ထု

ဣဓ နန္ဒတိ—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းတော်မူစဉ် သုမနဒေဝီကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သာဝတ္ထိပြည်ကြီး၌ အနာထပိဏ်သူဌေးကြီး၏နေအိမ်ဝယ်နေ့တိုင်းနေ့တိုင်း အစဉ်မပြတ် နှစ်ထောင်မျှလောက်ကုန်သော ရဟန်းတို့သည်ဆွမ်းဘုဉ်းပေးတော်မူကြကုန်၏။ ထိုအတူ ဝိသာခါ ဒါယိကာမ၏ နေအိမ်၌လည်း နှစ်ထောင်မျှလောက်ကုန်သော ရဟန်းတော်တို့သည် နေ့တိုင်းမပြတ် ဆွမ်းဘုဉ်းပေးတော်မူကြကုန်၏။ သာဝတ္ထိပြည်ကြီး၌ အကြင်အကြင်သို့သော သူသည် အလှူဒါနကို ပေးလှူခြင်းငှာ အလိုရှိ၏။ ထိုထိုသို့သော သူသည် ထိုနှစ်ဦးကုန်သော ဝိသာခါ အနာထပိဏ်တို့အား အခွင့်ကို ပန်ကြားလျက် ထိုသူနှစ်ဦးတို့၏ ထံမှ အခွင့်ကို

ရမှသာလျှင် အလှူဒါနကို ပြုကြရကုန်၏။ အဘယ်ကြောင့်နည်း ဟူမူကား အသင်တို့ ပြုစုလှူဒါန်း လုပ်ကျွေးအပ်သော အလှူမဏ္ဍပ် တင်းကုပ်အိမ်သို့ အနာထပိဏ်သေဋ္ဌေးကြီးသည် လည်းကောင်း၊ ဝိသာခါ ဒါယိကာမသည် လည်းကောင်း လာရောက်ပါ၏လောဟု မေးသော် မလာမရောက်ပေဟု ဆိုသည်ရှိသော် တစ်သိန်းမျှလောက်သော ပစ္စည်းဥစ္စာ ဒေသပြာကို စွန့်လွှတ်၍ ပြုအပ်သော အလှူဒါနပင် ဖြစ်လေငြားသော်လည်း ဤအလှူဒါနမည်သည် အဘယ်သို့သော အလှူဒါနပေနည်းဟု ကဲ့ရဲ့ရှုတ်ချကုန်၏။ နှစ်ဦးကုန်သော ထိုဝိသာခါ အနာထပိဏ်တို့သည်ကား ရဟန်းသံဃာတော်မြတ်၏ နှစ်သက် အပ်သည်တို့ကို လည်းကောင်း၊ လျောက်ပတ် သင့်လျော်သော အမှုတို့ကို လည်းကောင်း အလုန်အကျူး အထူးအားဖြင့် သိတတ်ကုန်၏။ ထိုအနာထပိဏ် ဝိသာခါတို့သည် ကြည့်ရှု စီရင်အပ်ကုန်သည်ရှိသော် ရဟန်းတို့သည် စိတ်အလို အားလျော်စွာ ဘုဉ်းပေးသုံးဆောင်တော်မူကြကုန်၏။ ထို့ကြောင့် အလုံးစုံသော သူတို့သည် အလှူဒါနကို ပြုလုပ်လိုသည်ရှိသော် ထိုအနာထပိဏ် ဝိသာခါတို့ကို ခေါ်ငင်ယူဆောင်၍ သွားကြကုန်၏။

ဤသို့ အလှူကို ပြုလုပ်လှူဒါန်းသမျှကို လိုက်၍ ကြည့်ရှုစောင်မရသော ကြောင့် ထိုအနာထပိဏ် ဝိသာခါတို့သည် မိမိ၏ နေအိမ်၌ ရဟန်းတော်တို့ကို လုပ်ကျွေးခြင်းငှါ အခွင့်မရလေကုန်။ ထိုသို့ ရဟန်းတော်တို့ကို မိမိတို့ လုပ်ကျွေး ခွင့်ကို မရသောကြောင့် ဝိသာခါ ဒါယိကာမသည် အဘယ်သူသည် ငါ၏ နေရာ၌ တည်၍ ရဟန်းသံဃာတော်တို့ကို လုပ်ကျွေးပြုစုနိုင်ပါအံ့နည်းဟု စူးစမ်းဆင်ခြင် သည်ရှိသော် သား၏ သမီးဖြစ်သော မြေးကိုမြင်၍ ထိုမြေးမကို မိမိ၏ နေရာ၌ ထား၍ ပြုစုပေ၏။ ထိုသတို့သမီးသည်လည်း အဘွား၏အိမ်၌ နေလျက် ရဟန်း တော်အပေါင်းအား လုပ်ကျွေးပြုစုပေ၏။

အနာထပိဏ် သေဋ္ဌေးကြီးသည်လည်း ရဟန်းသံဃာတော်တို့အား လုပ်ကျွေး ပြုစုသောအရာ၌ မဟာသုဘဒ္ဒါ အမည်ရှိသော မိမိ၏ သမီးအကြီးကို ထားပေ၏။ ထိုသုဘဒ္ဒါသည်လည်း ရဟန်းတော်တို့၏ အမှုကြီးငယ် ရှက်ဆောင်ဖွယ်ရာသော အမှုကိစ္စဟူသမျှကို ရှက်ဆောင်ပြုစုလျက် တရားတော်ကို နာရသည် ရှိသော် သောတာပန်ဖြစ်၍ အမျိုးဖြစ်သော ခင်ပွန်းလင်၏ အိမ်သို့ လိုက်ပါရလေ၏။ ထိုနောက် အနာထပိဏ်သေဋ္ဌေးကြီးသည် ရဟန်းသံဃာတို့အား ပြုစုလုပ်ကျွေး သောအရာ၌ စူဠသုဘဒ္ဒါမည်သော သမီးကို ထားပေ၏။ ထို စူဠသုဘဒ္ဒါ သည်လည်း ရဟန်း သံဃာတော်တို့၏ အမှုကြီးငယ် အသွယ်သွယ်သော ဝေယျာဝစ္စကို ပြုစုလျက် တရားတော်ကို အစဉ်မပြတ် ကြားနာရသဖြင့် သောတာပန်ဖြစ်၍ အမျိုးဖြစ်သော ခင်ပွန်းလင်၏ အိမ်သို့ လိုက်ပါသွားရ ပြန်လေ၏။

## သုမနဒေဝီ

ထိုအခါ ရဟန်းသံဃာတော်တို့ကို ပြုစုလုပ်ကျွေးသောနေရာဝယ် သုမနဒေဝီ အမည်ရှိသော သမီးအငယ်ကို ထားပေ၏။ ထိုသုမနဒေဝီသည်ကား တရားတော်မြတ်ကို ကြားနာရသဖြင့် သကဒါဂါမိမဂ်ဖိုလ်သို့ ရောက်၍ ပျိုမျစ်နုနယ်ငယ်ရွယ်သော သတို့သမီး၏ အဖြစ်ဖြင့်သာလျှင် ထိုသို့ သဘောရှိသော မချမ်းမသာ ကျင်နာနှိပ်စက် တက်ပွား ထိုးကျင့်သော အနာကြောင့် အစာအာဟာရ ဖြတ်ခြင်းကို ပြု၍ ဖခင်ကို ဖူးမြင်ခြင်းငှါ အလိုရှိသည်ဖြစ်၍ ဖခင်ဖြစ်သော အနာထပိဏ်သေဌေးကြီးကို ခေါ် စေ၏။ ထိုအနာထပိဏ်သေဌေးကြီးလည်း တစ်ခုသော အလှူမဏ္ဍပ် တင်းကုပ်၌ နေလျက် သမီး၏ သတင်းစကားကို ကြားသိသောကြောင့် အိမ်သို့ လျင်စွာ ပြန်လာခဲ့၍ ချစ်သမီးသုမနဒေဝီ အသို့ပေနည်းဟု မေးမြန်းပြောဆိုသော် သုမနဒေဝီက အဘယ်နည်းမောင်ငယ်ဟူသော စကားကို တုံ့ပြန်၏။ ချစ်သမီးသုမန ယောင်ယမ်းမြည်တမ်းပါသလောဟု မေးသောအခါ မောင်ငယ် မယောင်ယမ်းပါဟု ပြန်ပြော၏။ ချစ်သမီး သုမနဒေဝီ၊ ကြောက်ရွံ့သလောဟု မေးသော် မောင်ငယ် ငါသည် မကြောက်ရွံ့ပါဟု ဤမျှသို့သာ ပြောကြား၍ သတို့သမီးသည် သေလေ၏။

အနာထပိဏ်သေဌေးကြီးသည် သောတာပန်ပင် ဖြစ်လေငြားသော်လည်း သမီးသေလွန်ခြင်းကို စွဲ၍ဖြစ်သော သောကကို သည်းခံခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ သမီး၏ ရှုပကာယအလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုစေ၍ မိမိသည် ပြင်းစွာငိုကြွေးပြီးသော် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ သွားရောက်လျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်က မြင်တော်မူ၍ သေဌေးကြီး အဘယ်သို့သော အကြောင်းအခြင်းအရာ နှလုံးမသာဖွယ်အရင်း ဆင်းရဲငြိုငြင်ပင်ပန်းခြင်းရှိသည် ဖြစ်၍ မျက်ရည်ယိုစီးသော မျက်နှာဖြင့် ပြင်းစွာ ပူဆွေးငိုကြွေး၍ လာခဲ့သနည်းဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်၏ သမီးငယ်ဖြစ်သော သုမနဒေဝီသည် သေလွန်ပြောင်းကြွပါသည်၊ သို့ဖြစ်၍ ဘုရားတပည့်တော် သောကတရား ဖြစ်ပွားငိုကြွေးရပါသည်ဟု လျှောက်ကြားသော်–

မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒါယကာ သေဌေးကြီး သမီးငယ်သည် သေနယ်ပြောင်းကြွ သည်ကိစ္စဖြင့် အဘယ့်ကြောင့် ငိုကြွေးရသနည်း၊ အလုံးစုံသော သတ္တဝါတို့သည် မလွဲကေန် အမှန် သေလွန်ကြရကုန်သည် မဟုတ်တုံလောဟုမိန့်တော်မူသောအခါ အနာထပိဏ်သေဌေးကြီးကဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသတ္တဝါတို့သည် မချွတ်မလွဲ အမြဲသေရသည်အဖြစ်ကို တပည့်တော် သိမြင်ပါ၏။ ဤသို့သဘောရှိသော အရှက်အကြောက်ရားနှင့်

ပြည့်စုံလှသော တပည့်တော်၏သမီးသည် သေခါနီး၌ သတိကို ရှေးရှု တည်စေအံ့သောငှါ မစွမ်းနိုင်သည်ဖြစ်၍ ယောင်ယမ်းမြည်တမ်းလျက် သေလွန်ရပါသည်။ ထို့ကြောင့် အရေအတွက် အတိုင်းအရှည်မရှိ၊ အလွန် ကြီးကျယ်စွာသော နှလုံးမသက်သာခြင်း တရားသည် တပည့်တော်အား ဖြစ်ပွားပါသည်ဟု လျှောက်လျှင်-

မြတ်စွာဘုရားရှင်က ဒါယကာ သူဌေးကြီး အသင့်သမီး သုမနဒေဝီ ဆိုမြည် ယောင်ယမ်းအပ်သော စကားသည်ကား အဘယ်သို့နည်းဟု မေးတော်မူလျှင်-

ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား တပည့်တော်သည် ချစ်သမီး သုမန-ဟု ရှေးဦး ခေါ်လိုက်ပါသည်၊ ထိုအခါ တပည့်တော်၏ သမီးငယ်သည် တပည့်တော်ကိုပင် အဘယ်နည်း မောင်ငယ်ဟူ၍ စကားတုံ့ကို ပြန်ပါသည်။ ထို့နောက် ချစ်သမီး သုမနဒေဝီ ယောင်ယမ်း မြည်တမ်းသလောဟု မေးပြန်သော် မောင်ငယ် မမြည်တမ်း မယောင်ယမ်းပါဟု ပြန်ဆိုပါသည်၊ ကြောက်ရွံ့ပါသလော ချစ်သမီး သုမနဒေဝီဟု မေးပြန်သော် မကြောက်ရွံ့ပါ မောင်ငယ်ဟု ပြန်ပြောပါသည်၊ ဤမျှလောက်သော စကားကို ပြောဆိုပြီးသောအခါ သေသွားပါသည်ဟု လျှောက်ထား၏။

ထိုအခါ အနာထပိဏ် သူဌေးကြီးကို မြတ်စွာဘုရား ကိုယ်တော်မြတ်က သူဌေးကြီး အသင်၏သမီးသည်ယောင်ယမ်းမြည်တမ်းသည်မဟုတ်ဟု မိန့်တော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသို့ မမြည်တမ်း မယောင်ယမ်းပါလျှင် အဘယ့်ကြောင့် မောင်ငယ်ဟု ပြောဆို ခေါ်ဝေါ်ပါသနည်းဟု လျှောက်ထားလျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒါယကာ အနာထပိဏ် သူဌေးကြီး အသင်၏ သမီးငယ်ဖြစ်သော သုမနဒေဝီသည် အသင်သူဌေးကြီးထက် မဂ်ဖိုလ်တို့ဖြင့် ကြီးပေ၏။ သူဌေးကြီး အသင်သည်ကား သောတာပန်သာ ဖြစ်လေသည်။ အသင်၏ သမီးငယ်သည်ကား သကဒါဂါမိဖိုလ်၌ တည်လေသည်၊ ဤသို့ မဂ်ဖိုလ်တို့ဖြင့် ကြီးသည် အဖြစ်ကြောင့် အသင်သူဌေးကြီးကို မောင်ငယ်ဟု ခေါ်လေသည်ဟု မိန့်တော်မူသောအခါ အနာထပိဏ် သူဌေးကြီးက ဤသို့ဟုတ်ပါပေသလော မြတ်စွာဘုရားဟု လျှောက်ကြားသဖြင့် ဤသို့ဟုတ်မှန်ပေ၏ဟု မိန့်တော်မူလျှင် အရှင်ဘုရား တပည့်တော်၏ သမီးငယ်ဖြစ်သော သုမနဒေဝီသည် ယခုအခါ အဘယ်အရပ်၌ ဖြစ်ပါလေသနည်းဟု လျှောက်ကြားသော် ဒါယကာသူဌေးကြီး တုသိတာနတ်ပြည်၌ ဖြစ်လေသည်ဟု မိန့်တော်မူလျှင် ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား တပည့်တော်၏ သမီးသည် ဤပစ္စုပ္ပန်ဘဝ၌ ဆွေမျိုးတို့၏ အလယ်ဖြစ်သော အကြား၌ နှစ်သက် ကြီးပွား ပျော်ပါးလှည့်လည်၍ ဤပစ္စုပ္ပန်ဘဝမှ သေလွန်

၍ သွားပြန်ပါသော်လည်း နှစ်သက် ရွှင်လန်း စံမြန်းဖွယ် ကောင်းမြတ်သော နေရာ၌သာလျှင် ဖြစ်ပါလေသည်ဟု လျှောက်ထား၏။ ထိုအခါ ဘုရားရှင် ကိုယ်တော်မြတ်က အနာထပိဏ် သေဋ္ဌေးကြီးကို ဩဝါဒ ဟုတ်ပေ၏ သေဋ္ဌေး ကြီး မမေ့မလျော့သော သူတို့မည်သည်ကား လူတို့သည်မှုလည်း ဖြစ်စေကုန်၊ ရဟန်းသည် မှုလည်း ဖြစ်စေကုန်။ ဤပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ နောင်ဘဝ၌ လည်းကောင်း နှစ်သက်ပျော်ပါး ခံစားရကုန်သည်သာလျှင်တည်း ဟူ၍ မိန့်တော်မူပြီး၍ ဤဂါထာကို မိန့်တော်မူ၏ —

## သောတာပန် တည်ကြခြင်း

၁၈။ ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ၊
ကတပုညော ဥဘယတ္ထ နန္ဒတိ။
ပုညံ မေ ကတန္တိ နန္ဒတိ။
ဘိယျော နန္ဒတိ သုဂတိံ ဂတော။

ပြုအပ်ပြီးသော ကောင်းမှုရှိသူသည် ဤပစ္စုပ္ပန် လောက၌ နှစ်သက်ရ၏။ နောင်ဘဝ၌ နှစ်သက်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်ပါးသောဘဝ၌ နှစ်သက်ရ၏။ ငါသည် ကုသိုလ်ကောင်းမှုကို ပြုမိလေပြီဟု နှစ်သက်ရ၏။ သုဂတိဘဝသို့ လားရဘိမူ လွန်စွာ နှစ်သက်ရ၏။

ထိုဂါထာ၌—

**ဣဓ** ဟူသည်=ဤလောက၌ ကံကိုနှစ်သက်ခြင်းဖြင့် နှစ်သက်ရ၏ ဟူလို။

**ပေစ္စ** ဟူသည်=တမလွန်လောက၌ ကံ၏အကျိုးကို နှစ်သက်ခြင်းဖြင့် နှစ်သက်ရ၏ဟူလို။

**ကတပုညော** ဟူသည်=အထူးထူးသောကောင်းမှုကို ပြုတတ်သူ တည်းဟူလို။

**ဥဘယတ္ထ** ဟူသည်=ဤဘဝ၌ ငါသည် ကုသိုလ်ကို ပြုအပ်ပြီ၊ ငါသည် မကောင်းမှုကို မပြုအပ် ဤသို့ နှစ်သက်၏။ တမလွန်ဘဝ၌ ကံ၏အကျိုးကို ခံစားလျက် နှစ်သက်ရ၏ဟူလို။

**ပုညံမေ** ဟူသည်=ဤဘဝ၌ နှစ်သက်ခြင်းရှိသောသူကား ငါသည် ကောင်းမှုကို ပြုအပ်ပြီဟူ၍လည်းကောင်း နှစ်သက်ရ၏၊ ဝမ်းမြောက်ကာမျှဖြင့်လျှင် ကံကို နှစ်သက်ခြင်းကို စွဲ၍ လွန်စွာနှစ်သက်ရ၏။ ဤသို့ ကံ၏အကျိုးကို

နှစ်သက်ခြင်းဖြင့်ကား သုဂတိဘဝသို့ သွား၏။ ငါးဆယ့်ခုနစ်ကုဋေသော နှစ်တို့ ပတ်လုံးလည်းကောင်း၊ အနှစ်ခြောက်သောင်းတို့ပတ်လုံး လည်းကောင်း နတ်စည်းစိမ်ကို ခံစားလျက် တုသိတာနတ်ပြည်၌ လွန်စွာနှစ်သက်၏ ဟူလို။

ဤဒေသနာ ပါဠိဂါထာ၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန် စသည် ဖြစ်ကြလေကုန်၏။

တစ်ဆယ့်သုံးခုမြောက် သုမနဒေဝီဝတ္ထု ပြီး၏။

---

## ၁၄။ သူငယ်ချင်း ရဟန်းနှစ်ပါးဝတ္ထု

ဗဟုမ္ပိ စေ-အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားကိုယ်တော်မြတ်သည် ဇေတဝန်ကျောင်းရပ်၌ သီတင်းသုံးနေတော်မူစဉ် သူငယ်ချင်း ရဟန်းနှစ်ပါးတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သာဝတ္ထိပြည်သား သူငယ်ချင်း အမျိုးကောင်းသား နှစ်ယောက်တို့သည် ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို ကြားနာရအပ်သည်ဖြစ်၍ ကာမဂုဏ်တို့ကို စွန့်ပစ်ပယ်ခွာ သာသနာတော်၌ ရင်ပေးလျက် ရဟန်းပြုကြကုန်ပြီးလျှင် ငါးဝါတို့ပတ်လုံး ဆရာဥပဇ္ဈာယ်တို့၏ အထံ၌ နေ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ထံရပ်တို့ ချဉ်းကပ်ပြီးလျှင် သာသနာတော်၌ ရှက်ဆောင်ဖွယ်ရာသော ဓုရကို မေးလျှောက်၍ ဂန္ထဓုရကို လည်းကောင်း၊ ဝိပဿနာဓုရကိုလည်းကောင်း အကျယ်ဝိတ္ထာရအားဖြင့် ကြားနာရပြီး၍ ရဟန်းတစ်ပါးသည် ဘုန်းတော် ကြီးတော်မူလှပေသော မြတ်စွာဘုရား တပည့်တော်သည် အနွယ်ကြီးရင့်မှရဟန်းပြုရသောကြောင့် ဂန္ထဓုရကိုကား ရွက်ဆောင်ခြင်းငှာ မစွမ်းနိုင်၊ ဝိပဿနာဓုရကို ဖြည့်ပါတော့အံ့ဟု အရဟတ္တဖိုလ် တိုင်အောင်သော ဝိပဿနာဓုရကို မိန့်မြွက် ဟောကြားပါမည့် အကြောင်းကို တောင်းပန် လျှောက်ထား မှတ်သား နာယူလျက် အထပ်ထပ် စေ့ဆော် လုံ့လ ဝီရိယကို ပြုသောကြောင့် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဤမှတစ်ပါး ဖြစ်သော အဖော်ရဟန်းသည်ကား ငါသည် ဂန္ထဓုရကို ဖြည့်ခြင်းငှာ စွမ်းနိုင်၏ဟု ကြံ၍ အစဉ်အတိုင်းအားဖြင့် ပိဋကသုံးပုံတည်း ဟူသော ဘုရားစကားတော်ကို သင်ယူ၍ ရောက်ရာ ရောက်ရာ အရပ်၌ တရားစကားကို ဟောကြားတော်မူ၏။ သရဘညဝတ်ကို ရွတ်၏။ ရဟန်းငါးရာတို့အား ဘုရားစကားတည်း ဟူသော တရားတော်ကို ချပို့လျက် လှည့်လည်၏။ဂိုဏ်းကြီး

တစ်ဆယ့်ရှစ်ရပ်တို့၏ ဆရာသည် ဖြစ်၏။ ရဟန်းတို့သည် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူ၍ ဤမှတစ်ပါးဖြစ်သော ဝိပဿနာဒုရကို ဆောင်သော ရဟန္တာမထေရ်၏ အထံသို့ သွား၍ ထိုမထေရ်၏ ဩဝါဒ၌ တည်လျက် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်ရှိသော် မထေရ်ကို ရှိခိုး၍ အရှင်ဘုရား တပည့်တော်တို့သည် ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှာ အလိုရှိပါကုန်သည်ဟူ၍ ခွင့်ပန်လျှောက်ကြားကုန်၏။ မထေရ်သည်လည်း ငါ့ရှင်တို့ သွားကြလေလော့ ငါ၏စကားဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကို ရှိခိုးပြီး၍ မဟာထေရ်ရှစ်ကျိပ်တို့ကိုလည်း ရှိခိုးကြပါကုန်လော့၊ ငါ၏ အဖော်ဖြစ်သော မထေရ်ကိုလည်း တပည့်တော်တို့၏ ဆရာသည် အရှင်မြတ်ကို ရှိခိုးလိုက်ပါသည်ဟု လျှောက်ကြားလေကုန်လော့ဟု မှာထားပြီးလျှင် လွှတ်လိုက်၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုလည်းကောင်း၊ မဟာထေရ် ရှစ်ကျိပ်တို့ကိုလည်းကောင်း ဦးတင်ညွတ်လျှိုး ရှိခိုးပြီးသော် ဂန္ထဓုရမထေရ်ကို ရှိခိုး၍ အရှင်ဘုရား.... တပည့်တော်တို့၏ ဆရာသည် အရှင်မြတ်တို့ကို ရှိခိုးလိုက်ပါ၏ဟူ၍ ဂန္ထဓုရကို ဆောင်သော အဖော်ဖြစ်သော ရဟန်းအား လျှောက်ကြားကုန်၏။ ထိုဂန္ထဓုရကို ဆောင်သော ရဟန်းကလည်း အသင်တို့ဆရာသည် အဘယ် အမည်ရှိသောသူနည်းဟု မေးသည်ရှိသော် အရှင်မြတ်တို့၏ အဖော်ဖြစ်သော ရဟန်းပါဟု ဆိုကြကုန်၏။

## ဂန္ထဓုရပုဂ္ဂိုလ် မှားယွင်းချက်

ဤသို့လျှင် အဖန်တလဲလဲ အမြဲမပြတ် သတင်းစကားကို စေလွှတ်အပ်သည်ရှိသော် ဂန္ထဓုရကို ဆောင်သော ထိုရဟန်းသည် အနည်းငယ်မျှသော အခါကို သည်းခံ၍ နောက်အဖို့၌ သည်းခံအံ့သောငှါ မစွမ်းနိုင်သည်ဖြစ်၍ တပည့်တော်တို့၏ ဆရာသည် အရှင်မြတ်တို့ကို ရှိခိုးလိုက်ပါသည်ဟူ၍ လျှောက်သည်ရှိသော် အသင်တို့ဆရာဖြစ်သော ထိုသူသည် အဘယ်သူနည်းဟု မေးဆိုလျှင် အရှင်မြတ်တို့၏ အဖော် အဆွေခင်ပွန်းပါဟု ရဟန်းတို့ လျှောက်သောအခါ အသို့နည်း၊ အသင်တို့သည် ထိုရဟန်း၏အထံ၌ သင်ကြားအပ်သလော၊ ဒီဃနိကာယ စသည်တို့တွင် အမှတ်မရှိ နိကာယ်တစ်ပါးပါးကိုလည်း သင်ယူသလော၊ ပိဋကသုံးပုံတို့တွင် ပိဋကတ်တစ်ပုံကိုလည်း သင်ယူသလောဟု မေးဆိုပြီးလျှင် လေးပါဒမျှရှိသော ဂါထာကိုလည်း မသိမမြင်၊ ပံသုကူလသင်္ကန်းကို ကောက်ယူ၍ ရဟန်းပြုသောအခါ၌သာလျှင် တောသို့ဝင်၍ များစွာကုန်သော အတွင်းနေတပည့်တို့ကို ရပေ၏တကား။ ထိုရဟန်း၏ လာသောအခါ ငါသည် ပြဿနာကို မေးခြင်းငှါ သင့်အပ်၏ဟု ကြံ၏။

ထိုသို့ကြံပြီးသည်မှ နောက်အဖို့၌ မထေရ်ဆည် မြတ်စွာဘုရား ကိုယ်တော် မြတ်ကို ဖူးမြော်ခြင်းငှါ လာခဲ့သည်ရှိသော် အဖော်ဖြစ်သော မထေရ်၏ အထံ၌ သပိတ်သင်္ကန်းကို ထားလျက် သွားပြီးလျှင် မြတ်စွာဘုရားကိုယ်တော်မြတ်ကို လည်းကောင်း၊ မဟာထေရ်ရှစ်ကျိပ်တို့ကိုလည်းကောင်း ရှိခိုးပြီး၍ အဖော် ဖြစ်သော မဟာထေရ်၏ နေရာဌာနသို့ ပြန်လည်၍ လာခဲ့၏။ ထို အခါ မထေရ် အား ဝတ်ကြီးဝတ်ငယ်ကို ပြုစေပြီးလျှင် ထပ်တူထပ်မျှ ပမာဏရှိသော နေရာကို ယူ၍ အမေးပုစ္ဆာ ပြဿနာ ကို မေးအံ့ဟု ထိုင်နေ၏။

## ပြဿနာ မေးတော်မူခြင်း

ထိုခဏ၌ မြတ်စွာဘုရားရှင်သည် ဤဂန္ထဓုရကို ဆောင်သော ရဟန်းသည် ဤသို့သဘောရှိသော ငါဘုရားသားတော်ကို ညှဉ်းပန်း၍ ငရဲ၌ ဖြစ်လေရာ၏ဟု မြင်တော်မူသဖြင့် ထိုရဟန်း၌ အစဉ်သနားသော စိတ်ရှိတော်မူသည် ဖြစ်၍ ကျောင်းစဉ် လှည့်လည်ခြင်းကို လှည့်လည်တော်မူဘိသကဲ့သို့ ထိုရဟန်းတို့၏ ထိုင်နေရာအရပ်သို့ကြွတော်မူ၍ ခင်းထားအပ်သော မြတ်စွာဘုရားရှင်၏နေရာ၌ ထိုင်နေ သီတင်းသုံးတော်မူ၏။

[ထိုစကားမှန်၏။ ထိုထိုသို့သော အရပ်တို့၌ ထိုင်နေကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ နေရာကို ခင်းထား၍သာ နေကြကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ပကတိခင်းထားအပ်သော နေရာ၌သာလျှင် ထိုင်နေ သီတင်းသုံးတော် မူ၏ဟု ဋ္ဌကထာ၌ မိန့်တော်မူ၏။]

ယင်းသို့ ထိုင်နေ သီတင်းသုံးတော်မူပြီး၍ မြတ်စွာဘုရားရှင်သည် ဂန္ထဓုရကို ဆောင်သော ရဟန်းကို ပဌမဈာန်၌ အမေးပုစ္ဆာ ပြဿနာကို မေးတော်မူ၍ ထိုရဟန်းက ဖြေဆိုသည်ရှိသော် ဒုတိယဈာန်ကို အစပြု၍ သမာပတ်ရှစ်ပါး တို့၌ လည်းကောင်း ရုပ်နာမ်တို့၌လည်းကောင်း အမေးပုစ္ဆာပြဿနာကို မေးတော်မူ၏။ ဂန္ထဓုရကို ဆောင်သော ရဟန်းသည်လည်း အလုံးစုံသော မေးသမျှကို ဖြေဆို၍ ပြ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုရဟန်းကို သောတာပတ္တိမဂ်၌ အမေး ပုစ္ဆာပြဿနာကို မေးတော်မူ၏၊ ထိုရဟန်းသည် တစ်စုံတစ်ခုကိုမျှ ဖြေဆိုခြင်းငှာ မစွမ်းနိုင်၊ ထိုသို့ ဂန္ထဓုရကိုဆောင်သောရဟန်း မဖြေဆိုနိုင်သောအခါမှ ရဟန္တာ ဖြစ်ပြီးသော ဝိပဿနာဓုရဆောင်သော မထေရ်ကို လှည့်၍ မေးတော်မူပြန်၏။ မထေရ်သည် ဖြေဆို၏။ မြတ်စွာဘုရားရှင်သည် ကောင်းလှပေ၏ ကောင်းလှ

ပေ၏ ချစ်သားရဟန်းဟု ကောင်းချီးပေးတော်မူသဖြင့် အလွန်နှစ်သက်တော်မူ၍ ကြွင်းသော မဂ်တို့၌ အစဉ်အတိုင်းသော အမေးပုစ္ဆာပြဿနာကို မေးတော်မူ၏၊ ဂန္ထဓုရကို ဆောင်သော ရဟန်းသည် တစ်စုံတစ်ခုကိုမျှသော်လည်း ဖြေဆိုခြင်းငှာ မစွမ်းနိုင်၊ ရဟန္တာဖြစ်သော မထေရ်သည်ကား မေးတိုင်းမေးတိုင်းသော အမေးပုစ္ဆာပြဿနာကို ဖြေဆို၏။ ရှေးနည်းအတူ လေးပါးကုန်သော အရာတို့၌လည်း ထိုရဟန္တာမထေရ်အား ကောင်းချီးကို ပေးတော်မူ၏၊ မြတ်စွာဘုရား ကောင်းချီးပေးတော်မူသော ထိုအသံကြား၍ ဘုမ္မစိုးနတ်တို့ကို အစပြု၍ ဗြဟ္မာ့ပြည်တိုင်အောင် အလုံးစုံကုန်သော နတ်ဗြဟ္မာ အပေါင်းတို့သည် လည်းကောင်း၊ နဂါးဂဠုန်တို့သည်လည်းကောင်း ကောင်းချီးကို ပေးကြကုန်၏။

## သောတာပန်စသည်တည်ခြင်း

ထိုသို့ ကောင်းချီးပေးသည်ကို ကြားသော် ဂန္ထဓုရကို ဆောင်သော မထေရ်၏အတွင်းနေ တပည့်တို့သည် လည်းကောင်း၊ အတူနေ တပည့်တို့သည် လည်းကောင်း မြတ်စွာဘုရားရှင်ကို ကဲ့ရဲ့ရှုတ်ချကုန်၏၊ "ဤအမှုသည်ကား အသို့နည်း၊ မြတ်စွာဘုရားသည် တစ်ပုံတစ်ခုကိုမျှ မသိသော သက်ကြီးရွယ်ရင့်ဖြစ်သော မထေရ်အား လေးပါးကုန်သော အရာတို့၌ ကောင်းချီးကို ပေးတော်မူလေသည်။ အလုံးစုံသော ပရိယတ်ကို ဆောင်တော်မူသော ရဟန်းငါးရာတို့၏ အမှူးဖြစ်သော ငါတို့၏ ဆရာကိုမူကား ချီးမွမ်းခြင်းကိုမျှ သော်လည်း မပြု" ဟု ကဲ့ရဲ့ရှုတ်ချကုန်၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့ကို ချစ်သားရဟန်းတို့ အသင်တို့သည် အဘယ်သို့သော စကားတို့ကို ပြောဆိုကြသနည်းဟု မေးတော်မူ၍ ထိုအကြောင်းကို ကြားလျှောက်ကြကုန်သည်ရှိသော် ချစ်သားရဟန်းတို့ အသင်တို့၏ ဆရာသည် ငါဘုရား၏ သာသနာတော်၌ အဖိုးအခဖြင့် နွားတို့ကို စောင့်ရှောက် ထိန်းကျောင်းရသောသူနှင့် တူ၏၊ ငါ၏ သားတော်သည်ကား အလိုရှိတိုင်း နွားနို့အရသာ ငါးမျိုးတို့ကို သုံးဆောင် စားသောက်ရသော နွားရှင်နှင့် တူလေသည်ဟူ၍ မိန့်တော်မူပြီး၍ ဤဂါထာတို့ကို မိန့်တော်မူ၏။

၁၉ ဗဟုမ္ပိ စေ သံဟိတ ဘာသမာနော၊
န တက္ကရော ဟောတိ နရော ပမတ္တော။
ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ၊
န ဘာဂဝါ သာမညဿ ဟောတိ။

၂၀။ အပ္ပမ္ပိ စေ သံဟိတ ဘာသမာနော၊
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။

ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော။

အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊
သ ဘာဂဝါ သာမညဿ ဟောတိ။

အကျိုးစီးပွားရှိသော ပိဋကတ်သုံးပုံကို အကြိမ်များစွာ ဟောပြောပါသော်လည်း မေ့လျော့၍ ပြုသင့်သော အနိစ္စ စသည်ဖြင့် နှလုံးသွင်းခြင်းကို မပြုသောသူသည် သူတစ်ပါးတို့၏ နွားတို့ကို ရေတွက် ထိန်းကျောင်းရသော နွားကျောင်းသားကဲ့သို့ သူတော်ကောင်းတို့အား မဂ်ဖိုလ်ဟူသော ရဟန်းကျေးဇူးအဖို့သည် မဖြစ်၊

အကျိုးစီးပွားရှိသော ဘုရားစကားတော်ကို အနည်းငယ် ဟောပြောပါသော်လည်း တရားအား လျော်သော အကျင့်ကို ကျင့်လေ့ရှိသူသည် တဏှာကိုလည်းကောင်း၊ ဒေါသကိုလည်းကောင်း၊ မောဟကိုလည်းကောင်း ပယ်စွန့်၍ ကောင်းစွာအပြားအားဖြင့် သိသည်ဖြစ်၍ ကောင်းစွာ လွတ်သောစိတ်ရှိသည် ဖြစ်၍ ဤဘဝ၌လည်းကောင်း၊ နောင်ဘဝ၌လည်းကောင်း ဒိဋ္ဌိတဏှာတို့ဖြင့် ပြင်းစွာ စွဲလမ်းခြင်း မရှိသော သူသည် မဂ်ဖိုလ် အထူး ရဟန်းကျေးဇူး၏ အဖို့ရှိသည် ဖြစ်၏။

ထိုဂါထာတို့၌ **သံဟိတံ** ဟူသည်=ပိဋကတ်သုံးပုံဟု ဆိုအပ်သော ဘုရားစကားတော်၏ ဤအမည်တည်း၊ ထိုဘုရားစကားကို ဆရာတို့သို့ ချဉ်းကပ် သင်ယူ၍ များစွာလည်း သူတစ်ပါးတို့အား ဟောပြောလျက် ပို့ချသော် ထိုတရားကို နာယူ၍ ပြုတတ်သူသည် ထိုအမှုကို ပြုတတ်သည် မဖြစ်။ ကြက်၏အတောင်ဖြန့်ကာမျှလည်း အနိစ္စအစရှိသည်၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်းကို မဖြစ်စေ၊ ဥပမာကား—ဤပုဂ္ဂိုလ်သည် တစ်နေ့ပတ်လုံး အခဖြင့် နွားတို့ကို ထိန်းကျောင်းသော နွားကျောင်းသားသည် စောစောကလျှင် အကြွင်းမဲ့သော အမှုကို ဝန်ခံ၍ ညအခါ၌ နွားတို့ကို စားကျက်မှ လိုက်ခဲ့၍ နွားရှင်တို့အား အပ်နှင်း၍ တစ်နေ့အခမျှကို ယူသကဲ့သို့ အလိုရှိတိုင်း နွား၅နို့ဟူသော ငါးမျိုးတို့ကို မစားရသကဲ့သို့ ဤအတူ သက်သက် တပည့်တို့၏ ဟူထံ၌ ဝတ်ကြီးဝတ်ငယ် ပြုခြင်းမျှ၏ အဖို့ရှိသည်ဖြစ်၏။ ရဟန်းအဖြစ်ဟုဆိုအပ်သော မဂ်ဖိုလ်၏ကား အဖို့ရှိသည် မဖြစ်။

နွားကျောင်းသားသည် အပ်နှင်းအပ်ကုန်သော နွားတို့၏ နွားနို့အရသာကိုကား နွားရှင်တို့သည်သာလျှင် စားကုန်သကဲ့သို့ ထို့အတူ ထိုဂန္ထဓုရပုဂ္ဂိုလ်သည် ဟောအပ်သောတရားကို နာယူ၍ ကမ္မဋ္ဌာန်းစသည်ကို ပြုတတ်သော ပုဂ္ဂိုလ်တို့သည် ဆုံးမသည်အားလျော်စွာ ကျင့်၍ အချို့သောပုဂ္ဂိုလ်တို့သည် ပထမဈာန် စသည်တို့သို့ ရောက်ကုန်၏။အချို့သောပုဂ္ဂိုလ်တို့သည် ဝိပဿနာကို ပွားစေ၍ မဂ်ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။ နွားရှင်တို့သည် နွားနို့အရသာ၏ အဖို့ရှိသကဲ့သို့ ရဟန်းအဖြစ်ဟူသော မဂ်ဖိုလ်၏ အဖို့ရှိကုန်၏။ ဤသို့ ဘုရားရှင်သည် သီလနှင့်ပြည့်စုံသော အကြားအမြင် များသော မေ့မေ့လျော့လျော့နေလေ့ရှိသော အနိစ္စ စသည် အစွမ်းဖြင့် နှလုံးသွင်းခြင်း၌ မေ့လျော့သော ရဟန်း၏အစွမ်းဖြင့် ပထမ ဂါထာကို ဟောတော်မူ၏၊သီလမရှိသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော် မမူ။ ဒုတိယဂါထာကိုကား အကြားအမြင်နည်းသော အသင့်အတင့် နှလုံးသွင်းခြင်း၌ အမှုကိုပြု၍ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းရှိသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောအပ်၏။

ထိုဒုတိယဂါထာ၌ အပ္ပမ္ပိ စေ ဟူသည်=အနည်းငယ်သော တစ်ဝဂ် နှစ်ဝဂ်မျှလည်းဖြစ်၏။

**ဓမ္မဿ ဟောတိ အနုဓမ္မစာရီ** ဟူသည်=အကျိုးကို သိခြင်းဖြင့် အကြောင်းကို သိခြင်းဖြင့် လောကုတ္တရာတရား ကိုးပါးအား လျော်သော သဘောတရားသည် ရှေ့အဖို့ဖြစ်သော အကျင့်ဟု ဆိုအပ်သော စတုပါရိသုဒ္ဓိသီလကိုလည်းကောင်း၊ ဓုတင်ဆောက်တည်ခြင်း အသုဘကမ္မဋ္ဌာန်း စသော အပြားကိုလည်းကောင်း ကျင့်တတ်သောကြောင့် လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်သည်မည်၏။ ထိုပုဂ္ဂိုလ်သည် ယနေ့လည်းကောင်း၊ နက်ဖြန်လည်းကောင်းတည်း ဟု ထိုးထွင်း၍ သိခြင်းကို အလိုရှိလျက် လုံ့လည်၏။ ထိုပုဂ္ဂိုလ်သည် ဤကောင်းသောအကျင့်ဖြင့် ရာဂကိုလည်းကောင်း၊ ဒေါသကိုလည်းကောင်း၊ မောဟကိုလည်းကောင်း ပယ်စွန့်၍ ကောင်းစွာ အကြောင်းရှိသောနည်းဖြင့် ပိုင်းခြား၍ သိအပ်သောတရားတို့ကို ပိုင်းခြား၍ သိသော တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပဿဒ္ဓိဝိမုတ္တိ၊ နိဿရဏဝိမုတ္တိတို့၏ အစွမ်းဖြင့် ကောင်းစွာ လွတ်ပြီးသော စိတ်ရှိသော ဟူလို။

အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ ဟူသည်=ဤပစ္စုပ္ပန်ဘဝ တမလွန်ဘဝ၌ အကျုံးဝင်သည်လည်း ဖြစ်ကုန်သော အဇ္ဈတ္တိက ဗာဟိရလည်းဖြစ်ကုန်သော ခန္ဓာ, အာယတန, ဓာတ်တို့ကို လေးပါးသော ဥပါဒါန်တို့ဖြင့် စွဲလမ်းခြင်းမရှိသော ရဟန္တာမြတ်သည် မဂ်ဟုဆိုအပ်သော ရဟန်းအဖြစ်၏ အစွမ်းဖြင့်လည်းကောင်း၊ မဂ်၏အကျိုးဖြစ်သော ဖိုလ်ဟုဆိုအပ်သော ရဟန်းအဖြစ်၏

အစွမ်းဖြင့်လည်းကောင်း၊ အသေက္ခဓမ္မက္ခန္ဓာငါးပါးဟူသော ရဟန်းအဖြစ်၏ လည်းကောင်း အဖို့ရှိ၏။ ဤသို့ နန်းအိမ်၏ ရတနာဖြင့်ပြီးသော အထွတ်ကဲ့သို့ အရဟတ္တဖိုလ်အထွတ်ရှိသော ဒေသနာဖြင့် အထွတ်ကို ယူတော်မူ၏ဟူလို။

ထိုဒေသနာဂါထာတို့၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန်စသည် ဖြစ်လေကုန်၏။

တစ်ဆယ့်လေးခုမြောက် သူငယ်ချင်းရဟန်းနှစ်ပါးဝတ္ထု

ပြီး၏။

ရှေးဦးစွာသောယမကဝဂ်ပြီး၏

# ၂။ အပ္ပမာဒဝဂ်

## ၁။ သာမာဝတီဝတ္ထု

အပ္ပမာဒေါ အမတံ ပဒံ-အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာ ဘုရားရှင်သည် ကောသမ္ဗီပြည်ကြီးကို အမှီပြု၍ ဃောသိတာရုံ ကျောင်း တော်ကြီး၌ သီတင်းသုံးတော်မူလျက် သာမာဝတီ အမှူးရှိကုန်သော မိန်းမငါးရာ တို့၏ လည်းကောင်း၊ မာဂဏ္ဍီအမှူးရှိကုန်သော မိန်းမငါးရာ, ဆွေမျိုးငါးရာ တို့၏ လည်းကောင်း သေလွန်ခြင်း အချည်းနှီး ပျက်စီးခြင်းကို အရင်းမူလ အကြောင်းပြု၍ ဟောကြားတော်မူပေ၏။

### အလ္လကပ္ပမင်းနှင့် ဝေဋ္ဌဒီပကမင်းတို့ ရသေ့ရဟန်း ပြုကြခြင်း

ရှေးသရောအခါ အလ္လကပ္ပတိုင်း၌ အလ္လကပ္ပ အမည်ရှိသော မင်းသည် လည်းကောင်း၊ ဝေဋ္ဌဒီပကတိုင်း၌ ဝေဋ္ဌဒီပကအမည်ရှိသော မင်းသည် လည်း ကောင်း၊ ဤမင်းနှစ်ပါးတို့သည် ပျိုမြစ်နုနယ် ငယ်ရွယ်သော အခါမှစ၍ အဖော်အဆွေခင်ပွန်း ချစ်ကျွမ်းဝင် ဆက်ဆံသဖြင့် တစ်ဦးသော ဆရာ၏ အမျိုးဝယ် အတတ်ပညာကို ကောင်းစွာ သင်ယူ၍ မိမိ ဖခင်တို့၏ ကွယ်လွန် သဖြင့် ထီးဖြူကို စိုက်ဆောင်းစေ၍ အလျားအားဖြင့် ဆယ်ယူဇနာ ဆယ်ယူဇနာ စီရှိသော တိုင်းကြီး၌ အသီးသီး မင်းဖြစ်ကြကုန်၏။ ထိုမင်းနှစ်ပါးတို့သည် ရံဖန်ရံဖန် ကောင်းစွာ စည်းဝေးကြ၍ တပေါင်းတည်း တည်ကုန်လျက် တပေါင်းတည်း ထိုင်နေ လျောင်းစက်ကုန်လျက် ပဋိသန္ဓေ တည်နေသည်လည်း ဖြစ်သော သေလွန်သည်လည်း ဖြစ်သော လူများအပေါင်းကို မြင်ကုန်သည် ဖြစ်၍ နောင်ဘဝသို့ ပြောင်းကြွ၍ သွားသောသူကို အတူမကွာ လိုက်ပါနိုင်သောသူ မည်သည် မရှိ။ ယုတ်သော အပိုင်းအခြားအားဖြင့် မိမိ၏ ကိုယ်ပင်သော်လည်း မလိုက်မပါ ခြင်းရာဥဿုံ အလုံးစုံကိုပင် စွန့်ပယ် ပစ်ထားလျက် သွားရစချေအံ့သည်တကား။ ငါတို့အား လူတို့ဘောင်၌ နေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ရဟန်းပြုကြကုန်အံ့ဟု တိုင်ပင်ပြီးလျှင် တိုင်းပြည် တို့ကို သားမယားအား ဆောင်နှင်းအပ်နှံ၍ ရသေ့ရဟန်းအဖြစ်ကို ပြုကြကုန် ပြီးသော် ဟိမဝန္တာ တောအရပ်၌ ချဉ်းကပ်နေထိုင်ကုန်လျက် တိုင်ပင် ဆွေးနွေး ကြကုန်သည်မှာ ငါတို့သည် လောကီလူတို့ နှစ်မြို့ဖွယ် ကြီးကျယ်စွာသော မင်းအဖြစ်ကို စွန့်မစ်ရှောင်ပယ်လျက် တောလယ်ထွက်မြန်း ရဟန်းပြုကြကုန် သည်၊ မိမိ ဝမ်းရေး သက်မွေးမလုံ မပြည့်စုံ မစွမ်းနိုင်သောကြောင့် ရဟန်းပြု ကုန်သည် မဟုတ်ချေ။ ငါတို့နှစ်ယောက်သည် တောအောက်မြိုင်ခြေ တစ်နေရာ

တည်း၌ စုမိုး၍ နေကြကုန်သည်ရှိသော် ရသေ့ရဟန်း မပြုသည်နှင့်ပင် တူပေ ကုန်လတ္တံ့။ ထိုသို့သော အကြောင်းကြောင့် ငါတို့သည် အသီးသီးသော နေရာဖြင့်သာလျှင် နေကြကုန်အံ့။ သင်သည် တစ်ခုသော တောင်၌ နေလော့။ ငါသည် ဤတောင်၌ နေအံ့။ လခွဲတိုင်းသော ဥပုသ်နေ့၌သာလျှင် တပေါင်း တည်း တွေ့ဆုံခြင်း ဖြစ်ကြကုန်အံ့”ဟု တိုင်ပင်ပြီးမှ ထိုနောက်တစ်ဖန် အကြံ ဖြစ်ပြန်သည်မှာ ဤသို့ ကြံစည် တိုင်ပင်သဖြင့်သာ နေခြင်းသည်လည်း အဖော် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူပေဟု ကြည်ဖြူနှလုံး ကျင့်သုံးအားကိုးကာ အဖော်နှင့် မွေ့လျော်သည်သာ ဖြစ်လတ္တံ့။ သို့ဖြစ်၍ သင်သည်လည်း သင်၏ တောင်မှ မီးကို ညှိထွန်းလေလော့။ ငါသည်လည်း ငါ၏တောင်၌ မီးကို ညှိထွန်းပေအံ့။ ထိုသို့သော အမှတ်ဖြင့် ရှိသည်၏အဖြစ်ကို သိကြကုန်အံ့ဟု တိုင်ပင်စကားကို ပြောကြား၍ နေကြကုန်၏။ ထိုမှနောက်ဖြစ်သော အဖို့၌ ဝေဠဒီပကရသေ့သည် သေ၍ တန်ခိုးကြီးသော နတ်မင်း၏ အဖြစ်ဖြင့် ဖြစ်လေ၏။

## ဝေဠဒီပကရသေ့ နတ်ဖြစ်ခြင်း

ထိုနောက် လခွဲသို့ ရောက်လတ်သော် မီးကို မမြင်သောကြောင့် တစ်ပါး သော အဖော် အလ္လကပ္ပ ရသေ့သည် ငါ၏ အဖော်ဖြစ်သော ဝေဠဒီပက ရသေ့ သည်ကား သေလေပြီဟူ၍ သိ၏။ ဝေဠဒီပကရသေ့သည် နတ်မင်း၏အဖြစ် ဖြစ်သော ခဏ၌သာလျှင် မိမိ၏ နတ်မင်းစည်းစိမ် အသရေ အထွေထွေကို သေချာစွာ ကြည့်ရှုပြီးလျှင် မိမိသည် ပြုအပ်သော ကောင်းမှုကံကို ပြန်လှန် စုံစမ်း ဆင်ခြင်အပ်သည်ရှိသော် တောထွက်သောအခါမှ စ၍ မိမိ၏ ပြင်းစွာ ကျင့်အပ်သော ရသေ့အကျင့်ကို မြင်ပြီး၍ ယခု သွားပြီးလျှင် ငါ၏အဖော်ကို ဖူးမြော်အံ့ဟုကြံ၍ ထိုအတ္တဘောကို စွန့်ပြီးလျှင် ခရီးသွားသော ယောကျ်ား၏ အသွင်ကဲ့သို့ ပြုပြင်ဖန်ဆင်းပြီးလျှင် ထိုအလ္လကပ္ပရသေ့၏ အထံသို့ သွား၍ ရှိသေ မြတ်နိုး ရှိခိုးပြီးသော် တင့်အပ်လျောက်ပတ်သော အရပ်၌ နေ၏။

ထိုအခါ ခရီးသွား ယောကျ်ားကို အလ္လကပ္ပ ရသေ့က အသင်သည် အဘယ်အရပ်မှ လာခဲ့ပေသနည်းဟု မေး၏။ ခရီးသွားသော ယောကျ်ား ကလည်း အရှင်ဘုရား အကျွန်ုပ်သည် ဝေးစွာသော အရပ်မှ လာခဲ့ပါသည်။ အရှင်ဘုရား အသို့နည်း၊ အရှင်မြတ်တို့သည် ဤအရပ်ဒေသ၌ တစ်ယောက် တည်းသာလျှင် နေတော်မူသလော၊ တစ်ပါးလည်းဖြစ်သော တစ်စုံတစ်ယောက် သော အဖော်သည် ရှိပါသေးသလောဟု မေး၏။ အလ္လကပ္ပ ရသေ့က ငါ့အား အဖော်တစ်ယောက်ရှိ၏ဟု ဆိုလျှင် ထိုအဖော်သည် ယခု အဘယ်အရပ်မှာနည်း ဟု မေးသဖြင့် တစ်ခုသော တောင်၌နေ၏။ ဥပုသ်နေ့ ကြုံကြိုက်လေသဖြင့်လည်း မီးကို မညှိထွန်း၊ သို့ဖြစ်၍ ငါ၏ အဖော်သည် သေလွန်သည် ဖြစ်ပေလိမ့်မည်ဟု

ပြောဆိုလျှင် ခရီးသွား ယောကျ်ားက ဟုတ်ပေ၏ အရှင်ဘုရား၊ သေသွားပါပြီ အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်မြတ်အဖော်ဖြစ်သော ထိုရသေ့ပါတည်းဟု လျှောက်ကြားသဖြင့် ယခု၊ အသင်သည် အဘယ်အရပ်၌ ဖြစ်လေသနည်းဟု မေးပြန်လျှင် အရှင်ဘုရား အကျွန်ုပ်သည် နတ်ပြည်၌ တန်ခိုးကြီးသော နတ်မင်း၏ အဖြစ်ဖြင့် ဖြစ်ပါသည်။ အကျွန်ုပ်သည် အရှင်မြတ်အား ဖူးမြင်လိုသောကြောင့် ယခုတစ်ဖန် လာခဲ့ပြန်ပါသည်ဟု လျှောက်ကြားပြီးမှ အရှင်ဘုရား စင်စစ် အားဖြင့်ကား ဤအရပ်ဒေသ၌ သီတင်းသုံးနေကုန်သော အရှင်မြတ်တို့အား တစ်စုံတစ်ခု နှိပ်စက် ညှဉ်းပန်းခြင်းကို ပြုတတ်သော ဘေးရန်အန္တရာယ် ရှိပါသလောဟု မေးလျှောက်၏။

## ဟတ္ထိကန္တ စောင်းတော်မန္တန်

ဩော်-ရှိပေ၏ ဒါယကာ၊ ဆင်ကိုမှီ၍ အလွန်ပင်ပန်း ညစ်နွမ်းသည်ဟု ပြောသော် အရှင်ဘုရား ထိုဆင်တို့သည် အဘယ်သို့ ပြုကုန်သနည်းဟု မေးလျှောက်လျှင် ဒါယကာ ဆင်တို့သည် ညဉ့်အခါ၌ တံမြက်လှည်းအပ်သော နေရာဌာန၌ မစင်ကျင်ကြီးကို စွန့်ချခဲ့ကြကုန်၏။ ခြေတို့ဖြင့် ပုတ်ခတ်၍ မြေမှုန့်တို့ကို ကြဲဖြန့်မြှောက်လွှင့်ကုန်၏၊ ငါသည် နံနက်စောစော ထပြီး မစင်ကျင်ကြီး တို့ကို စွန့်ပစ်ရလျက် မြေမှုန့်ကို ညီညွတ်အောင် ပြုပြင်ရသည်ဖြစ်၍ ဆင်းရဲ ပင်ပန်း ညစ်နွမ်းပေသည်ဟု ပြောလျှင် အရှင်ဘုရား အရှင်မြတ်သည် ထိုဆင်တို့၏ မလာခြင်းကို အလိုရှိပါကုန်သလောဟု မေးလျှောက်က ဒါယကာ ထိုဆင်တို့၏ မလာခြင်းကို အလိုရှိပါသည်ဟု မိန့်ဆိုသဖြင့် ထိုသို့ဖြစ်လျှင် ထိုဆင် တို့၏ မလာခြင်းကို ပြုအံ့ဟုဆို၍ ရသေ့အား ဆင်တို့နှစ်သက်ခြင်း ဝမ်းမြောက် ခြင်းကို ဖြစ်စေတတ်သောကြောင့် ဟတ္ထိကန္တအမည်ရှိသော စောင်းကိုလည်း ကောင်း၊ ဟတ္ထိကန္တ အမည်ရှိသော မန္တန်ကိုလည်းကောင်း ပေး၏။

ယင်းသို့ စောင်းမန္တန်တို့ကို ပေးသော်လည်း စောင်း၏သုံးခုသော ညှို့တို့ကို ပြု၍ သုံးခုသောမန္တန်ကို တင်စေပြီးလျှင် ဤညှို့ကို ခတ်၍ ဤမန္တန်ကို ရွတ်သည် ရှိသော် ပြန်လည်၍ ကြည့်ရှုခြင်းငှါ မစွမ်းနိုင်အောင် ဆင်တို့သည် ထွက်ပြေး ကုန်၏။ ဤညှို့ကို ပုတ်ခတ်၍ ဤမန္တန်ကို ရွတ်သည်ရှိသော် ဆုတ်နစ်ပြန်လည်၍ နောက်မှ ကြည့်ရှုကုန်ပြီးသော် ပြေးကြကုန်လတ္တံ့၊ ဤညှို့ကို ပုတ်ခတ်၍ ဤမန္တန်ကို ရွတ်သည်ရှိသော် ဆင်ရှေ့သည် ကျောက်ကုန်းကို ညွတ်လျက် ရှေးရှုလာ၏၊ ဤသို့သော စကားတို့ကို မှာကြားပြောဆိုပြီးလျှင် အကြင်အမှုကို အရှင်မြတ်သည် အလိုရှိရာ၏၊ ထိုအမှုကို ပြုလေလောဟု ပြောဆို၍ ဖယ်သွား လေ၏။ အလ္လကပ္ပရသေ့သည် ပြေးစေတတ်သော မန္တန်ကို ရွတ်၍ ပြေးစေ တတ်သောညှို့ကို ပုတ်ခတ်ပြီးလျှင် ဆင်တို့ကို ပြေးစေ၍ နေ၏။

## ကောသမ္ဗီပြည် ပူရန္တပ္ပမင်းကြီး

ထိုအခါ ကောသမ္ဗီပြည်၌ ပူရန္တပ္ပ အမည်ရှိသောမင်းကြီးသည် မင်းပြု၏။ ထိုမင်းကြီးသည် တစ်နေ့သ၌ ကိုယ်ဝန်ရှိသော မိဖုရားကြီးနှင့် အတူတကွ နေရောင်တောက်စ အခါ နေစာလှုံလျက် လွင်တီးခေါင်အပြင်၌ နေ၏၊ မိဖုရားသည် မင်းကြီးဝတ်ရုံခြုံအပ်သော အဖိုးတစ်သိန်းထိုက်သော နီမြန်းသော ကမ္ဗလာကို ဝတ်ရုံသိုင်းခြုံ၍ ထိုင်နေလျက် မင်းကြီးနှင့် အတူတကွ စကား ပြောဆိုပြီးသော မင်းကြီး၏ လက်ချောင်းမှ အဖိုးတစ်သိန်းထိုက်သော မင်းကြီး လက်စွပ်ကို ချွတ်ယူ၍ မိမိလက်ချောင်း၌ ဆင်ဝတ်၏။

ထိုအခါ၌ ဟတ္ထိလိင်္ဂမည်သော ထီးလှိုင်ငှက်သည် ကောင်းကင်ဖြင့် လာခဲ့သည် ရှိသော် ကမ္ဗလာနီကို ဝတ်ရုံသိုင်းခြုံ၍ နေသော မိဖုရားကို မြင်၍ သားတစ် ဟူသော အမှတ်ဖြင့် ထိုးသုတ်ခြင်းငှါ အတောင်တို့ကို လွှတ်၍ သက်ဆင်း၏။ မင်းကြီးသည် ထိုငှက်၏ သက်ဆင်းသော အသံဖြင့် နေရာမှ ထ၍ နန်းတော် အဆောင်တွင်းသို့ ဝင်လေ၏။ မိဖုရားသည် လေးသော ကိုယ်ဝန်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကြောက်သော သဘောရှိသည်၏အဖြစ်ကြောင့် လည်းကောင်း လျင်မြန်စွာ သွားခြင်းငှါ မစွမ်းနိုင်။ ထိုအခါ မိဖုရားကို ထီးလှိုင်ငှက်သည် အတောင်ဖြင့် ဖုံးအုပ်လျက် ခြေသည်းအကြားတည်းဟူသော ချိုင့်၌ နေစေ၍ ကောင်းကင်ခရီးဖြင့် ပျံလေ၏။

[ထီးလှိုင်ငှက်တို့သည်ကား ဆင်ငါးစီးတို့၏ အားအစွမ်းကို ဆောင် ခြင်းငှါ စွမ်းနိုင်ကုန်၏။ ထို့ကြောင့် ကောင်းကင်ခရီးဖြင့် ဆောင်ယူ ပြီးလျှင် အလိုရှိအပ်သော နေရာ၌ ချနေ၍ အသားကို စားသောက် ခြင်းငှါ စွမ်းနိုင်ကုန်၏ဟု ၎င်းအဋ္ဌကထာ၌ မိန့်တော်မူ၏။]

## ညောင်ပင်ပေါ်တွင် သားဖွားခြင်း

ထိုမိဖုရားသည်လည်း ထိုငှက်သည် ဆောင်အပ်သည်ရှိသော် သေအံ့သော ဘေးမှ တွေးတော ကြောက်ရွံ့သည် ဖြစ်၍ ကြံဆင်ခြင်သည်မှာ "အကယ်၍ ငါသည် ဟစ်အော်မြည်တွန်ခြင်းကို ပြုခဲ့အံ့၊ လူတို့၏ အသံမည်သည်ကား တိရစ္ဆာန်တို့အား အလွန်ကြောက်ရွံ့ တုန်လှုပ်ထိတ်လန့်ခြင်းကို ဖြစ်စေတတ်၏။ ထိုငါ၏ အသံကို ကြား၍ ငါ့ကို လွှတ်ချ စွန့်ပစ်လိုက်လတ္တံ့၊ ဤသို့ စွန့်ပစ် ချလွှတ်လိုက်သည်ရှိသော် ကိုယ်ဝန်နှင့်တကွသော ငါသည် အသက်ကုန်ခြင်းသို့ ရောက်ရလတ္တံ့။ အကြင်အရပ်၌ နားနေချထား၍ စားခြင်းငှါ အားထုတ်လတ္တံ့၊ ထိုသို့ နားနေချထား စားသောက်ခြင်းငှါ အားထုတ်သောအခါ၌ ထိုငှက်ကို လူ၏ အသံပြု၍ ပြေးစေအံ့"ဟု ကြံပြီးလျှင် မိဖုရားသည် မိမိ၏ ပညာရှိသည်၏

အဖြစ်ကြောင့် သည်းခံ၍သာ နေ၏။ ထိုအခါ ဟိမဝန္တာတောအရပ်၌ အတန်ငယ်ကြီးပွား၍ စည်ကားကောင်းမွန်စွာ မဏ္ဍပ်၏ အခြင်းအရာဖြင့် တည်သော ပညောင်ပင်ကြီးတစ်ပင်သည် ရှိ၏။ ထိုဟတ္ထိလိင် အမည်ရှိသော ထိုငှက်သည်လည်း သမင် သား ငါးတို့ကို ထိုပညောင်ပင်ကြီးသို့ ဆောင်ယူ၍ စားလေ့ရှိ၏။ ထိုကြောင့် မိဖုရားကို ဆောင်ယူသော အခါ၌လည်း ထိုပညောင်ပင်ကြီးသို့ ဆောင်ယူခဲ့၍ အကိုင်းအခက် ခွ၏ အတွင်း၌ ချထားပြီးလျှင် လာခဲ့သော ခရီးကို ပြန်၍ ကြည့်၏။

[လာခဲ့သော ခရီးကို ပြန်၍ ကြည့်ခြင်းမည်သည် ထိုငှက်တို့၏ အလေ့ဖြစ်ပေသတတ်ဟု ဋ္ဌကထာ၌ မိန့်တော်မူ၏။]

ထိုခဏ၌ မိဖုရားသည် "ယခုအခါ ဤငှက်ကို ပြေးစေခြင်းငှါ သင့်လျော်လျောက်ပတ်၏"ဟု ကြံ၍ လက်နှစ်ဘက်တို့ကို ပင့်မြှောက်ရိုက်တီး၍ လက်၏ အသံကိုလည်းကောင်း၊ ခံတွင်းက ဟစ်အော်ကြွေးကြော်သော အသံကိုလည်းကောင်း ပြု၍ ထိုငှက်ကြီးကို ပျံထွက်ပြေးစေ၏။ ထိုအခါ မိဖုရားအား နေသည် အနောက်ဂေါယာကျွန်းသို့ ယွန်းခိုလှည့်ဝင်သောအခါ၌ ကံကြောင့်ဖြစ်သော လေအဟုန်တို့သည် ဝုန်းလှုပ်၍ လာကုန်၏။ အလုံးစုံကုန်သော အရပ်မျက်နှာတို့၌ ထစ်ချုန်းကြေညာလျက် ကြီးကျယ်စွာသော မိုးကြီးသည် ထ၍ ရွာသွန်းခဲ့လေ၏။ ချမ်းသာစည်းစိမ်ကို ခံစားသုံးဆောင်သော ဘုရင်မင်းမြတ်၏ မိဖုရားကြီးအား အရှင်မ မကြောက်ပါလင့်ဟု ပြောဆို အားပေးမည့်သူ တစ်စုံတစ်ယောက်ကိုမျှ မရရှိဘဲ ထက်မြက်လွန်ကဲသော ဆင်းရဲဒုက္ခဖြင့်သာ နှိပ်စက်ခံစားရသည် ဖြစ်သောကြောင့် အလုံးစုံသော ညဥ့်သုံးယံပတ်လုံး အနည်းငယ်မျှသော အိပ်ပျော်ခြင်းကိုမျှ မရသည် ဖြစ်လေ၏ဟု ဋ္ဌကထာ၌ မိန့်တော်မူ၏။

ညဥ့်၏လင်းစင် မိုးသောက်ရောက်သည်ရှိသော် မိုးသားတိမ်ပုပ် ဖုံးလွှမ်းအုပ်ခြင်းမှ ကင်းခြင်းသည် လည်းကောင်း၊ နေအရုဏ် တက်ကြွခြင်းသည် လည်းကောင်း၊ ထိုမိဖုရား၏ ကိုယ်ဝန်မှ ထမြောက် ဖွားမြင်ခြင်းသည် လည်းကောင်း တစ်ပြိုင်နက် တစ်ချက်တည်းသာလျှင် ဖြစ်လေ၏။

ထိုမိဖုရားသည် မိုးတည်းဟူသော ဥတုကို လည်းကောင်း၊ တောင်တည်းဟူသော ဥတုကိုလည်းကောင်း၊ အရုဏ်တည်းဟူသော ဥတုကိုလည်းကောင်း ယူ၍ ဖွားမြင်အပ်သည်၏ အဖြစ်ကြောင့် သားငယ်အား ဥတေန ဟူသော အမည်ကို ပြုလေ၏။ အလ္လကပ္ပရသေ့၏လည်း ထိုပညောင်ပင်ကြီးမှ မနီးမဝေးသော အရပ်၌ နေရာသခ်မ်းသည် ဖြစ်ပေ၏။

## အလ္လကပ္ပရသေ့နှင့်တွေ့ခြင်း

ထိုရသေ့သည် ပကတိအားဖြင့် မိုးရွာသောနေ့၌ ချမ်းအေးသောဘေးမှ ကြောက်ရွံ့သဖြင့် သစ်သီးကြီးငယ်အလို့ငှါ တောသို့မဝင် ထိုပညောင်ပင်ကြီးအရင်းသို့ ချဉ်းကပ်သွားရောက်၍ ငှက်သည်စားအပ်သော အသားတို့၏ အရိုးကို ဆောင်ယူ၍ ထောင်းထုပြီးသော် အရသာရေကို ပြု၍ သောက်၏။ ထို့ကြောင့် ထိုနေ့၌လည်း အရိုးကို ဆောင်အံ့ဟူ၍ ထိုသစ်ပင်သို့သွား၍ သစ်ပင်ရင်း၌ အရိုးတို့ကို ရှာမှီးလျက် အထက်၌ သူငယ်ငိုသံကို ကြား၍ အထက်သို့ မျှော်ကြည့်သည်ရှိသော် မိဖုရားကိုမြင်၍ သင်သည် အဘယ်သူဖြစ်ပေသနည်းဟု မေးသော် အကျွန်ုပ် လူမိန်းမပါဟု ဆိုသည်ရှိသော် အဘယ့်ကြောင့် ဤအရပ်သို့ လာရောက်သနည်းဟု မေးသော် ဟတ္ထိလိင်ငှက်သည် ချီဆောင်ယူလာပါသည်ဟု ဆိုသည်ရှိသော် ထိုသို့ဖြစ်လျှင် သက်ဆင်းခဲ့လောဟု ဆိုလျှင် ထိုမိဖုရားသည် အရှင်ကောင်း ဇာတ်ပျက်စီးအံ့သည်မှ ကြောက်ရွံ့လှပါသည်ဟု ပြန်ပြောသောအခါ သင် အဘယ်အမျိုးနည်းဟု မေးသဖြင့် မင်းမျိုးပါဟု ပြောသော် ငါသည်လည်း မင်းမျိုးသည်သာလျှင် ဖြစ်သည်ဟု ပြောလျှင် ထိုသို့ဖြစ်လျှင် ခတ္တိယမာယာကို မိန့်ဆိုပါဟု တောင်းပန်သဖြင့် ထိုရသေ့သည် ခတ္တိယမာယာကို ဆို၏။ ထိုသို့ဖြစ်လျှင် အရှင်ကောင်း တက်လာခဲ့၍ အရှင်သည် သားငယ်ကို အောက်သို့ ချပါလော့ဟု ဆို၏။ ရသေ့သည် တစ်ဘက်သော နံပါးအဖို့ဖြင့် တက်အံ့သော လမ်းကိုပြု၍ သစ်ပင်ထက်သို့ တက်ပြီးသော် သူငယ်ကို ယူ၏။ သူငယ်ကိုယူသောအခါ အကျွန်ုပ်ကို လက်ဖြင့် မထိပါစေလင့်ဟု ဆိုသည်ရှိသော် ထိုမိဖုရားကို မထိစေမူ၍သာလျှင် သူငယ်ကို သစ်ပင်အောက်သို့ ပို့ချ၏။ မိဖုရားသည်လည်း သက်ဆင်း၏။

ထိုအခါ မိဖုရားကို ကျောင်းသခ်မ်းသို့ဆောင်၍ သီလပျက်စီးခြင်းကို မပြုမူ၍သာလျှင် အစဉ်သနား ချောင့်ရှောက် မပ္စသောအားဖြင့် ပြုစုလုပ်ကျွေးသုတ်သင်၏၊ ပျားကောင်မရှိသော ပျားလဘို့ကို ဆောင်၍ အလိုလို ပေါက်ရောက်ကြီးပွားသော သလေးစပါးကို ဆောင်ပြီးလျှင် ယာဂုကို ချက်၍ပေး၏။ ဤသို့သော အခြင်းအရာဖြင့် ထိုရသေ့သည် လုပ်ကျွေး ပြုစုသည်ရှိသော် မိဖုရားသည် နောက်အဖို့၌ စဉ်းစားကြံဆင်ခြင်သည်မှာ “ငါသည် လာအပ်သော ခရီးကိုလည်း မသိ၊ သွားအပ်သော ခရီးကိုလည်း မသိ။ ဤရှင်ရသေ့သည်လည်း ငါနှင့် အကျွမ်းဝင်ခြင်းမျှလည်းမရှိ၊ ဤရသေ့သည် အကယ်၍ ငါတို့ကို ပယ်ရှားစွန့်ပစ်လျက် တစ်စုံတစ်ခုသောအရပ်သို့ သွားခဲ့သည်ရှိသော် နှစ်ယောက်ကုန်သော ငါတို့သားအမိသည် ဤအရပ်၌ပင်လျှင် သေလွန်ခြင်းသို့ ရောက်ပေကုန်လတ္တံ့။ တစ်စုံတစ်ခုသောအမှုကိုပြု၍ ဤရသေ့၏ သီလကို ဖျက်ဆီးပြီးလျှင်

အကြြင်သို့သော အခြင်းအရာဖြင့် ပြုသည်ရှိသော်–ဤရသေ့သည် ငါ့ကို မလွှတ်နိုင်၊ ထိုသို့သောအခြင်းအရာဖြင့် ပြုခြင်းငှါ သင့်လျော် လျောက်ပတ်အပ်၏”ဟု စွဲ၏။ ထိုအခါ မိဖုရားသည် ထိုရသေ့ကို မကောင်းသော အဝတ်ကို ဝတ်ခြင်း ရုံခြင်းဖြင့်ပြု၍ ဖျောင်းဖျ ဖြားယောင်းပြီးလျှင် သီလပျက်စီးခြင်းသို့ ရောက်စေ၏။ ထိုအခါမှစ၍ နှစ်ယောက်ကုန်သောသူတို့သည် အညီအညွတ် ချစ်ခင်သော ပေါင်းဖော်ခြင်းဖြင့် နေကြကုန်၏။

## ပူရန္တပ္ပမင်းသေလွန်ခြင်း

ထိုမှနောက်ဖြစ်သော တစ်နေ့သောနေ့၌ ရသေ့သည် နက္ခတ်ယှဉ်ခြင်းကို ကြည့်ရှုသည်ရှိသော် ပူရန္တပ္ပမင်း၏ နက္ခတ်သည် ညှိုးနွမ်းခြင်းကို မြင်၍ နှမ ကောသမ္ဗီပြည်၌ ပူရန္တပ္ပမင်းသည် သေလွန်လေပြီဟု ဆို၏။ အရှင် အဘယ် ကြောင့် ဤသို့ဆိုဘိသနည်း။ ထိုပူရန္တပ္ပမင်းနှင့်တကွ အရှင်အား ရန်ငြိုးဖွဲ့ခြင်း ရှိလေသလောဟု မေးသော် ချစ်နှမ ထိုပူရန္တပ္ပမင်းနှင့် ရန်ငြိုးဖွဲ့ခြင်း မရှိပါ။ ထိုပူရန္တပ္ပမင်း၏နက္ခတ် ညှိုးနွမ်းခြင်းကိုမြင်၍ ဆိုပေသည်ဟု ပြောလျှင် မိဖုရား သည် ပြင်းစွာငိုကြွေး၏။ ထိုအခါ ရသေ့က မိဖုရားကို အသင် အဘယ့်ကြောင့် ငိုကြွေးသနည်းဟု မေး၍ မိဖုရားသည် ထိုပူရန္တပ္ပမင်း၏ မိမိအရှင်သခင် လင်၏ အဖြစ်ကို ပြောကြား၏။ ရသေ့ကလည်း ချစ်နှမ မစိုးရိမ် မပူဆွေး မငိုကြွေး ပေလင့်။ အမိဝမ်းတိုက်၌ စွဲပိုက်သန္ဓေ တည်နေဖွားမြင်သော သတ္တဝါတို့ မည်သည်အားကား မြဲသောသေခြင်း ရှိပေသည်ဟု ပြောသော် အရှင် ဤအကြောင်းကို အကျွန်ုပ်သည့် သိမြင်ပါ၏ဟု ပြောသဖြင့် ထိုသို့သိမြင်သည် ရှိသော် အဘယ့်ကြောင့် ငိုကြွေးဘိသနည်းဟုမေးသော် အကျွန်ုပ်၏သားသည် အမျိုးတို့၏ ဥစ္စာဖြစ်သော မင်းအဖြစ်အား လျောက်ပတ်၏။ အကျွန်ုပ်၏ သားသည် ထိုတိုင်းပြည်၌ ဖြစ်ပါဘိမူကား ထီးဖြူကို စိုက်ဆောင်းပေကုန်လတ္တံ့၊ ယခုအခါမှာ ရှုံးခြင်းကြီးစွာ ဖြစ်လေစွတကား ဟူသော စိုးရိမ်ကြောင့်ကြခြင်း ဖြင့် ငိုကြွေးမိပါသည်ဟု ပြော၏။ ချစ်နှမ ရှိစေလော့၊ မစိုးရိမ် မကြောင့်ကြ လင့်၊ ထိုမင်းသားငယ်၏ မင်းအဖြစ်ကို အကယ်၍ တောင့်တသည်ဖြစ်အံ့၊ ငါသည် မင်းအဖြစ်ကိုရသော အခြင်းအရာကို ပြုအံ့ဟုဆို၏။ အရှင် ဤကဲ့သို့ ပြုနိုင်ဘိမူကား ကောင်းလှပါပြီဟု မိဖုရားဆိုသဖြင့် ချစ်နှမ ကောင်းပြီ အသင်၏သားကို မင်းဖြစ်အောင် ပြုပေအံ့ဟု ဝန်ခံ၏။ ထိုအခါ မင်းသားအား ဟတ္ထိကန္တစောင်းကိုလည်းကောင်း၊ ဟတ္ထိကန္တမန္တန်ကိုလည်းကောင်း ပေး၏။

ထိုအခါ မင်းသားအား နတ်မင်းသည် ပေးအပ်သောနည်းဖြင့် သာလျှင် ပြောကြား၍ ဤစောင်းညို့ကို ပုတ်ခတ်တီး၍ ဤမန္တန်ကို ရွတ်သည်ရှိသော် တစ်ထောင်မျှလောက်ကုန်သော များစွာသောဆင်တို့သည် လာကုန်၍ မဏ္ဍပ်၏

ပမာ ဝန်းယှက်ကာသော ပညောင်ပင်ရင်း၌ နေကုန်လတ္တံ့။ ထိုအခါ ဥတေန မင်းသားကို အလ္လကပ္ပရသေ့က ဆင်တို့ မလာမီပင်လျှင် သစ်ပင်ထက်သို့တက်၍၊ ထိုဆင်တို့လာကုန်သည်ရှိသော် ဤမန္တန်ကိုရွတ်၍ ဤညို့ကို ပုတ်ခတ်၍ တီးခြင်းကို ပြုလျှင် အလုံးစုံကုန်သော ဆင်တို့သည် ပြန်လည်၍ ကြည့်ခြင်းငှာလည်း မစွမ်းနိုင်ကုန်သည်ဖြစ်၍ ပြေးကြကုန်လတ္တံ့။ ထိုအခါ သစ်ပင်ထက်မှသက်ဆင်း၍ လာခဲ့လေဟုဆို၏။ ဥတေနမင်းသားသည် ပြောဆိုမှာထားသော စကားအတိုင်းပြု၍ ပြန်လာခဲ့ပြီးလျှင် ထိုအကြောင်းကို ကြား၏။ ထိုနောက်နှစ်ရက်မြောက်သောနေ့၌ မင်းသားကို ရသေ့က ယနေ့ ဤမန္တန်ကိုရွတ်၍ ဤညို့ကို ပုတ်ခတ်၍ တီးလေလော့။ အလုံးစုံသော ဆင်တို့သည် ဆုတ်နစ်၍ ကြည့်ကုန်ပြီးသော် ပြေးကုန်လတ္တံ့ဟု ပြောဆို မှာထား၏။ ထိုအခါ၌လည်း ပြောဆိုမှာထားတိုင်းပြု၍ ပြန်လာခဲ့ပြီးသော် ထိုအကြောင်းကိုကြား၏။ ထိုနောက် သုံးရက်မြောက်သောနေ့၌ မင်းသားကို ရသေ့က ယနေ့ ဤမန္တန်ကိုရွတ်ဆို၍ ဤညို့ကို ပုတ်ခတ်၍ တီးလေလော့၊ ဆင်ရှေ့သည် ကျောက်ကုန်းကို ညွတ်လျက် လာလတ္တံ့ဟု ပြောပြန်၏။ ဥတေနမင်းသားလည်း ပြောဆိုမှာထားတိုင်း ပြု၍ တစ်ဖန်ပြန်ပြီးသော် ထိုအကြောင်းကို ရသေ့အား ကြားပေ၏။

## ဥတေနမင်းသား ထီးနန်းသိမ်းပိုက်ခြင်း

ထိုအခါ အလ္လကပ္ပရသေ့သည် မင်းသား၏မယ်တော်ကိုခေါ်၍ ချစ်နှမ အသင့် သားအား သဟင်းစကား မှာကြားပေးပို့လိုက်လေလော့၊ ဤမျှသော အခြင်းအရာဖြင့်သာလျှင် သွားရောက်၍ မင်းဖြစ်ခြင်းငှာ ထိုက်ပေလတ္တံ့ဟုဆို၏။ မိဖုရားလည်း သားတော်ကိုခေါ်ပြီးသော် ချစ်သား သင်သည် ကောသမ္ဗီပြည် ပရန္တပမင်း၏ သားတည်း၊ ငါ့ကို ဟတ္ထိလိင်အမည်ရသော ထီးလှိုင်ငှက်သည် ချီဆောင်ယူလာခဲ့၏ဟု ပြောဆိုပြီးသော် ချစ်သား အသင်သည်သွား၍ စစ်သူကြီး စသည်တို့၏အမည်တို့ကို ကြားသိလေလော့၊ ဤဆိုသော စကားမျှဖြင့် ထိုသူတို့ မယုံကြည်ကုန်သည်ရှိသော် အသင်၏ ခမည်းတော်သည် ဝတ်ရုံအပ်သော ဤကမ္ဗလာကိုလည်းကောင်း၊ အသင်၏ခမည်းတော်သည် ဝတ်ဆင်အပ်သော ဤလက်စွပ်ကိုလည်းကောင်း ပြလေလော့ဟု ပြောဆိုမှာထားပြီး၍ ထိုကမ္ဗလာ လက်စွပ်တို့ကိုပေး၍ လွှတ်လိုက်သည်။

မင်းသားသည် ရသေ့ကိုရှိခိုး၍ ဤယခုအခါ အဘယ်သို့ ပြုရမည်နည်းဟု မေး၏။ ရသေ့က အသင်မင်းသား အသင်သည် သစ်ပင်၏ အောက်အဖို့ဖြစ်သော အခက်၌နေ၍ ဤမန္တန်ကိုရွတ်ပြီးလျှင် ဤညို့ကို ပုတ်ခတ်သည်ရှိသော် အကြီးအမှူးဖြစ်သော ဆင်တစ်ကောင်သည် ကျောက်ကုန်းကိုညွတ်၍ ချဉ်းကပ်လာလတ္တံ့၊ ထိုဆင်၏ ကျောက်ကုန်းထက်သို့ တက်နေလျက် လူ့ပြည်သို့သွား၍ မင်းအဖြစ်ကို ယူလေလော့ဟုဆို၏။

## အလှန်လိမ္မာသောဆင်မင်း

ထိုဥတေနမင်းသည်လည်း မိခင်ဖခင်တို့ကို ရှိခိုး၍ မှာထားသော စကားအတိုင်း ပြုသဖြင့် လာသော ဆင်၏ ကျောက်ကုန်းထက်၌ နေလျက် ဆင်၏ နားရင်း၌ မန္တန်ကို ရွတ်၏။ ငါလည်း ကောသမ္ဗီပြည် ပူရန္တပ္ပမင်းကြီး၏ သားအရင်းအစစ် ဖြစ်ပါသည်။ ဆင်မင်း ငါ့အား ခမည်းတော်၏ ပစ္စည်းဥစ္စာဖြစ်သော မင်းအဖြစ်ကိုယူ၍ ပေးပါလော့ဟု ဆို၏။ ဆင်သည် မင်းသား၏ စကားကို ကြား၍ များစွာကုန်သော အထောင်မကသော ဆင်တို့သည် စည်းဝေးစေကုန်သတည်းဟူ၍ ဆင်၏ မြည်တွန်ခြင်းဖြင့် မြည်တွန်ကျူးရင့်၏၊ များစွာကုန်သော အထောင်မကသော ဆင်တို့သည် စည်းဝေးလာရောက်ကုန်၏။ တစ်ဖန် အိုမင်းကြီးရင့်ကုန်သော ဆင်တို့သည် ဖဲရှောင်စေကုန်သတည်းဟူ၍ ကျူးရင့်သောအသံဖြင့် မြည်တွန်ကျူးရင့်ပြန်၏။ အိုမင်းကြီးရင့်ကုန်ပြီးသော ဆင်တို့သည် ဖဲရှောင်ကုန်၏။ တစ်ဖန် အလွန်ငယ်ရွယ်ကုန်သော ဆင်တို့သည် ဆုတ်နစ်စေကုန်သတည်းဟု ကျူးရင့် မြည်တွန်ပြန်၏။ ထိုဆင်ငယ်တို့သည် ပြန်လည် ဆုတ်နစ်ကုန်၏။

ထို ဥတေနမင်းသားသည် များစွာကုန်သော တစ်ထောင် မျှလောက်ကုန်သော ဆင်စစ်သည်အပေါင်းတို့ဖြင့် ခြံရံလျက် ပစ္စန္တရစ်ရွာသို့ ရောက်၍ မင်းသားက ငါသည် ကောသမ္ဗီပြည် ပူရန္တပ္ပ မင်းကြီး၏ သားတော်တည်း။ စည်းစိမ်ချမ်းသာကို တောင့်တကုန်သော သူတို့သည် ငါနှင့်အတူတကွ လိုက်လည့်ကြကုန်ဟုဆို၏။ ထိုပစ္စန္တရစ်ရွာမှ စ၍ လူအပေါင်းတို့အား စုဆောင်းချီးမြှင့်ခြင်းကို ပြုပြီးသော် အစဉ်အတိုင်းသွား၍ မြို့ကို ဝန်းရံပြီးလျှင် စစ်ကိုတည်း ထိုးအံ့လော၊ တိုင်းပြည်ကို ဆောင်နှင်း၍ မင်းအဖြစ်ကိုတည်း ပေးအံ့လော ဟု သတင်းစကားကို ပို့လွှတ်စေခိုင်း၏။

မြို့သူမြို့သားတို့သည် ငါတို့သည် မင်းနှစ်ပါးတို့ကို ပေးခြင်းငှာ မတတ်နိုင်ကုန်။ ငါတို့၏ မိဖုရားသည် လေးသော ကိုယ်ဝန်ရှိလျက် ဟတ္ထိလိင်္ဂ ငှက်သည် ထိုးဆောင်ချီင်၍ ယူသွားလေသည်။ ထိုမိဖုရား၏ ရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ မရှိသည်၏ အဖြစ်ကိုလည်းကောင်း ငါတို့သည် မသိကြကုန်။ အကြင်မျှလောက် ကာလပတ်လုံး ထိုမိဖုရား၏ သတင်းစကားကို မကြားမသိရကုန်။ ထိုမျှလောက်သော ကာလပတ်လုံး ငါတို့သည် စစ်ကိုလည်း မထိုးနိုင်။ တိုင်းပြည်ကို ဆောင်နှင်း၍ မင်းအဖြစ်ကိုလည်း မပေးနိုင်ဟူ၍ ဆိုကြကုန်၏။ ထိုအခါ ပူရန္တပ္ပပြည်၌ အစဉ်အဆက်အားဖြင့် မင်းပြုရသည် ဖြစ်ပေသတတ်။ ထိုနောက်မှ ဥတေနမင်းသားက ငါသည် ပူရန္တပ္ပမင်းကြီး၏ သားတော်တည်းဟု ဆိုပြီးသော် စေ်သူကြီး အစရှိသည်တို့၏ အမည်ကို ပြောဆို၍ ထိုမျှသော

စကားဖြင့် မယုံကြည်ကုန်သေးသော သူတို့အား ကမ္ဗလာကို လည်းကောင်း၊ လက်စွပ်ကိုလည်းကောင်း ပြ၏။ စစ်သူကြီးနှင့်တကွကုန်သော ထိုကောသမ္ဗီ ပြည်သူပြည်သားတို့သည် ကမ္ဗလာကိုလည်းကောင်း၊ လက်စွပ်ကိုလည်းကောင်း မြင်လျှင် မင်းကြီး၏ ပစ္စည်းဘဏ္ဍာ၏အဖြစ်ကို အမှတ်သညာ သိကြကုန်သည် ဖြစ်၍ မြို့တံခါးကို ဖွင့်ပြီးလျှင် ထိုဥတေနမင်းသားကို မင်းအဖြစ်၌ အဘိသိက် သွန်းကြကုန်၏။ ဤကား ရှေးဦးစွာ ဥတေနမင်းသား၏ မင်းအဖြစ်သို့ ရောက်ခြင်းတည်း။

## ကောတုဟလိကနှင့် ကာဠီ

အလ္လကပ္ပတိုင်း၌ လူတို့သည် ငတ်မွတ်သောအား ရှားပါးခြင်း ဘေးဖြင့် ယှက်ထွေးနှိပ်စက် ဖိစီးခြင်းသည် ဖြစ်ပေါ်လာသည်ရှိသော် အသက်ရှည်ရှေး မွေးမြူအံ့သောငှာ မစွမ်းနိုင်သောကြောင့် ကောတုဟလိက အမည်ရှိသော လူတစ်ယောက်သည် ကာဠီအမည်ရှိသော မိမိ၏မယားကိုလည်းကောင်း၊ ပျို့မျစ်နုနယ်သော သားငယ်ကလေးတစ်ယောက်ကို လည်းကောင်း ယူ၍ ကောသမ္ဗီပြည်သို့ သွား၍ အသက်ရှည်ရအံ့ဟု လမ်း၌ သုံးစားစရာ ရိက္ခာကို ယူပြီးသော် အလ္လကပ္ပတိုင်းပြည်မှ ထွက်လာခဲ့၏။

> [ဤနေရာ၌ အချို့ကုန်သော ဝိညူတို့ကား ရင်နာဖြင့် များစွာသော လူတို့သည် သေလွန်ကြကုန်သည်တို့ကို မြင်ကုန်သည်ဖြစ်၍ ထွက်သွားကြကုန်၏ဟု မိန့်ဆိုတော်မူကြကုန်သည်သာလျှင်တည်းဟု အဋ္ဌကထာ၌ မိန့်တော်မူ၏။]

ထိုသူတို့သည် အစဉ်အတိုင်း သွားကြကုန်သဖြင့် စားသောက် မှီဝဲစရာ ရိက္ခာကုန်ခန်းသည်ရှိသော် မွတ်သိပ် ဆာလောင်ခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ သူငယ်ကို ချီသယ် ယူဆောင်ခြင်းငှာ မစွမ်းနိုင်ကြကုန်။ ထိုအခါ ယောကျ်ားက မိမိ၏ မယားကို နှမ ငါတို့သည် အသက်ရှည်ရှည် တည်နေ ရကုန်သည်ရှိသော် တစ်ဖန် သား, သမီးမည်သည်ကို ရပါကုန်လတ္တံ့၊ ထိုသူငယ် ကို တောလယ်မြိုင်ဖျား စွန့်ပစ်ထား၍ ငါတို့ သွားပါကုန်အံ့ဟု ဆို၏။ သား, သမီး၌ မိခင်တို့၏နှလုံးမည်သည်ကား ယုကျုံးမရ နူးညံ့ သိမ်မွေ့လှပေ၏၊ ထိုကြောင့် မယားဖြစ်သော မိန်းမက အရှင် အသက်ရှင်စဉ် ထင်ရှားရှိသော သားကို အကျွန်ုပ် စွန့်ပစ်ပယ်ထားအံ့သောငှာ မစွမ်းနိုင်ပါဟု ဆို၏။ ထိုအခါ ခင်ပွန်းယောကျ်ားက ထိုသို့ဖြစ်လျှင် အဘယ်သို့ ပြုမည်နည်းဟု မေးသော် အလှည့်ဖြင့် ချီဆောင်ကြပါကုန်အံ့ဟု ဆို၏။ မိခင်သည် မိမိ၏အလှည့် အကြိမ်၌ ပန်းကုံးပန်းဆိုင်းကဲ့သို့ သူငယ်ကိုချီပင့်၍ ရင်၌အိပ်စေပြီးလျှင် ရင်ခွင်ဖြင့်

ရှက်ဆောင်ချီယူ၍ ဖခင်အား ပေး၏။ ဖခင်ဖြစ်သောသူ၏လည်း သူငယ်ကို ချီယူ၍ ချင်ရှက်ဆောင်၍ ထားရသောနေရာ အကြိမ်၌ ဆာလောင်မွတ်သိပ်သောထက်လည်း အားကြီးသော ဆင်းရဲဝေဒနာသည် ဖြစ်၏။ ထိုယောကျ်ားသည် မိမိမယားကို အဖန်ဖန် နှမ ငါတို့သည် အသက်ရှည်ရှည် ဝ.ည်နေရကုန်သည်ရှိသော် သား,သမီးကို ရပါကုန်လတ္တံ့၊ ဤသူငယ်ကို စွန့်ပစ်ကြပါကုန်အံ့ဟု ဆို၏။ ထိုမိန်းမသည်လည်း အဖန်ဖန် အထပ်ထပ် ပယ်မြစ်၍ စကားတို့ကို မပေးဘဲ နေလေ၏။

## သားငယ်ကိုပစ်ထားခဲ့ခြင်း

သူငယ်သည် အလှည့်လှည့်ဖြင့် ဆောင်ယူသည်ဖြစ်၍ ပြောင်းပါများသည်ရှိသော် ပင်ပန်းသော သဘောရှိသည်ဖြစ်၍ ဖခင်၏လက်၌ အိပ်ပျော်လေ၏။ ထိုယောကျ်ားသည်လည်း သူငယ်၏ အိပ်ပျော်သော အဖြစ်ကိုသိ၍ မိခင်ကိုရှေ့မှ သွားစေသည်ကို ပြုပြီးလျှင် တစ်ခုသော ချုံ၏အောက်၌ မြက်သစ်ရွက်ကို ခင်းပြီးသော် သူငယ်ကို အိပ်စေ၍သွား၏။ မိခင်သည် ပြန်လည်၍ ကြည့်ရှုသော် သားငယ်ကို မမြင်သောကြောင့် အရှင် အကျွန်ုပ်၏သားသည် အဘယ်မှာနည်းဟု မေး၏။ ငါသည် တစ်ခုသောချုံ၏အောက်၌ အိပ်စေ၍ ထားခဲ့ပေသည်ဟု ပြောသျှင် အရှင် အကျွန်ုပ်ကို မဖျက်ဆီးပါလင့် အကျွန်ုပ်သည် သားငယ်နှင့်ကင်း၍ အသက်ရှည်ခြင်းငှာ မစွမ်းနိုင်ပါ၊ အကျွန်ုပ်သားကို ယခုတစ်ဖန် ပြန်ဆောင်ယူငင်၍ ပေ,ပါဟု ရင်ကိုလက်ဖြင့်ပုတ်ခတ်လျက် ငိုကြွေး၏။ ထိုအခါ ယောကျ်ားသည် ပြန်လည်၍ သူငယ်ကို ဆောင်ယူ၏။ သားငယ်သည်လည်း ခရီးအကြား၌ သေလွန်လေ၏။ ဤသို့ သားငယ် သေလွန်သောအခါ သေလွန်ရာအရပ်၌သာလျှင် သားငယ်ကို စွန့်ပစ်၍ သွားလေ၏။

[ထိုယောကျ်ားသည် သားငယ်ကို လမ်းခရီးအကြား၌ စွန့်ပစ်ဒအပ်သော အကျိုးဆက်ဖြင့် နောင်ဘဝ၌ ခုနစ်ကြိမ်တိုင်တိုင် စွန့်ပစ်သည်ကို ခံရလေ၏။ ဤသို့ သဘောရှိသော မကောင်းမှုမည်သည်ကား အနည်းငယ်ဟူ၍ မထိမဲ့မြင် မမှတ်မထင်အပ် ရင်းအင်္ဂကထာ၌ မိန့်၏။]

## နွားကျောင်းသား၏ နို့ညှစ်မင်္ဂလာပွဲ

ထိုသူတို့သည်လည်း ခရီးစဉ်အတိုင်းသွား၍ နွာကျောင်းသားရွာတစ်ရွာသို့ ရောက်လေကုန်၏။ ထိုသူတို့ ရောက်သောနေ့သည်လည်း နွားကျောင်းသား၏ အိမ်ဝယ် နွားနို့ညှစ်မင်္ဂလာသည်ဖြစ်၏။ နွားကျောင်းသား၏အိမ်၌ အမြဲမပြတ် တစ်ပါးသော ပစ္စေကဗုဒ္ဓါအရှင်သည် ဆွမ်းဘုဉ်းပေးတော်မူ၏။ နွားကျောင်း

သားသည် ထိုပစ္စေကဗုဒ္ဓါကို ဆွမ်းကျွေး၍ မင်္ဂလာကိုပြု၏။ များစွာကုန်သော နို့ထမင်းတို့ကို စီရင်အပ်သည်ဖြစ်၍ နွားကျောင်းသားသည် ခရီးအစဉ်အတိုင်း အားဖြင့် ရွေးရှုရောက်လာကုန်သော ထိုသမီး, ခင်ပွန်း, လင်မယားတို့ကို မြင်သော် အဘယ်အရပ်မှ လာခဲ့သနည်းဟု မေး၍ ထိုအကြောင်းအလုံးစုံကို အကုန်ကြားသိလျှင် နူးညံ့သိမ်မွေ့သော သဘောရှိသော အမျိုးကောင်းသားသည် ထိုသမီးခင်ပွန်း လင်မယားတို့၌ အစဉ်သနားသည်ကိုပြု၍ များစွာသော ထောပတ်နှင့်တကွ နို့ထမင်းကို ပေးစေ၏။ မယားကလည်း ချစ်လင် အရှင်သည် အသက်ရှည်သည်ရှိသော် အကျွန်ုပ်သည်လည်း အသက်ရှည်သည် မည်ပါသည်၊ ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံး အစာအာဟာရ မမျှရသည်ဖြစ်၍ နွမ်းပိန်ညှိုးငယ်သော ဝမ်းရေရှိသည် ဖြစ်ခဲ့ပေ၏။ အလိုရှိတိုင်း စားသောက်သုံးဆောင်ပါလေလော့ဟုဆို၍ ထောပတ်နို့ခမ်းကို ခင်ပွန်းလင်သို့ ရွေးရှုသာလျှင်ပြု၍ မိမိသည် ညံ့သော ထောပတ် အနည်းငယ်မျှကိုသာ စားသောက်၏။

## ခွေးအဝဥ္ဓဖြစ်ခြင်း

လင်ယောကျ်ားသည် များစွာ စားသောက်၍ ခုနှစ်ရက်, ရှစ်ရက်တို့ပတ်လုံး မွတ်သိပ်ဆာလောင်ခြင်း ပြင်းသည်ဖြစ်၍ အာဟာရ၌ တပ်မက်သောတဏှာကို ဖြတ်ခြင်းငှာ မစွမ်းနိုင်။ နွားကျောင်းသားသည် ထိုသူတို့အား နို့ထမင်းကို ပေးစေ၍ မိမိသည် စားသောက်ခြင်းငှာ အားထုတ်၏။ ကောတုဟလိကသည် ထိုနွားကျောင်းသား စားသောက်သည်ကို ကြည့်ရှု၍ နေ၏။ အောက်အဖို့ဖြစ်သော အင်းပျဥ်၌အိပ်သော ခွေးမအား နွားကျောင်းသားသည် ခူးယူ၍ ကျွေးမွေးပေးကမ်းအပ်သော နို့ထမင်းခဲကို မြင်၍သာလျှင် "ဤခွေးမသည်ကား ဘုန်းကံရှိပေစွတကား အမြဲမပြတ် ဤသို့သဘောရှိသော ခဲဖွယ်ဘောဇဉ်အစာကို ရပေ၏"ဟု ကြံ၏။ ထို ကောတုဟလိက အမည်ရှိသော ငတ်မွတ်သော ခရီးသွားယောကျ်ားသည် ညဥ့်အဖို့၌ ထိုနို့ထမင်းကို အစာကြေစိမ့်သောငှာ မစွမ်းနိုင်သည်ဖြစ်၍ သေလွန်သည်ရှိသော် ထိုအိမ်၌ရှိသော ခွေးမ၏ ဝမ်း၌ ဖြစ်လေ၏။

ထိုအခါ ကောတုဟလိက၏ မယားသည် ကြွင်းကျန်ရစ်သော ရုပ်အလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စကိုပြု၍ ထိုနွားကျောင်းသား အိမ်၌သာလျှင် အစာကိုပြု၍ ဆန်နှမ်းကိုရသည်ရှိသော် ချက်ပြုတ်၍ ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ထည့်၍ တည်စေပြီးလျှင် အရှင်ဘုရား အရှင်မြတ်တို့အား ဤသို့ပြုစု လှူဒါန်းအပ်သော ကောင်းမှု၏အဖို့သည် အရှင်မြတ်တို့ ကျွန်ဖြစ်သော တပည့်တော်မ၏ ခင်ပွန်းလင်အား ရောက်ပါစေသတည်းဟုဆို၍ ကြံဆင်ခြင်သည်မှာ "ငါသည် ဤ

အရပ်၌သာလျှင် နေခြင်းငှာ အပ်၏။ အမြဲမပြတ် အရှင်မြတ်သည် ဤအရပ် ဤနေအိမ်သို့ ကြွတော်မူလာ၏။ လှူဖွယ်ဝတ္ထုသည် ရှိသည်မှုလည်းဖြစ်စေ၊ မရှိသည်မှုလည်းဖြစ်စေ နေ့တိုင်းနေ့တိုင်း ဦးတင်ညွတ်လျှိုး ရှိခိုးရပေ၏။ နေ့တိုင်းနေ့တိုင်း ဝေယျာဝစ္စကို ပြုရပေ၏။ နေ့တိုင်းနေ့တိုင်း စိတ်ကိုကြည်ညို စေရပေ၏။ ယင်းသို့ နေ့တိုင်းမပြတ် ရှိခိုးခြင်းဝေယျာဝစ္စအမှုကို ပြုရခြင်း၊ စိတ်ကို ကြည်ညိုစေခြင်းဖြင့် များစွာသော ကုသိုလ်ကောင်းမှုသည် ပွားပေလတ္တံ့”ဟု ကြံ၍ ထိုမိန်းမသည် နွားကျောင်းသား အိမ်၌သာ အစာစားကိုပြု၍ နေ၏။

ထိုနွားကျောင်းသား၏ ခွေးမသည်လည်း ခြောက်လ ခုနစ်လတို့ပတ်လုံး ပဋိသန္ဓေတည်နေ၍ တစ်ကောင်တည်းသာလျှင် ဖြစ်သော ခွေးကို ဖွားမြင်၏။ နွားကျောင်းသားသည် ထိုခွေးငယ်အား နွားနို့ကိုပေး၏။ ထိုခွေးငယ်သည် မကြာမြင့်မီပင် ကြီးပွားခြင်းသို့ ရောက်လေ၏။

## ပစ္စေကဗုဒ္ဓါအား ကြည်ညိုလှသောခွေး

ထိုနောက် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဆွမ်းဘုဉ်းပေးသည်ရှိသော် ထိုခွေးငယ်အား အမြဲမပြတ်တစ်ခုတစ်ခုသော ထမင်းခဲကိုပေး၏။ ထိုခွေးသည် ထမင်းခဲကို အမှီပြု၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်၌ ချစ်ခင်ခြင်းသည် ဖြစ်လေ၏။ နွားကျောင်းသားသည်လည်း တစ်နေ့ကို အမြဲနှစ်ကြိမ်တိုင်တိုင် ပစ္စေကဗုဒ္ဓါအား ခစားခြင်းငှါသွားသည်ရှိသော် ခရီးအကြား၌ သားရဲရှိရာအရပ်ဝယ် တုတ်တံဖြင့် ချုံတို့ကိုလည်းကောင်း၊ မြေကြီးကိုလည်းကောင်း ပုတ်ခတ်၍ စူးစူး ဟူသော အသံကို သုံးကြိမ်တိုင်အောင် ပြုပြီးလျှင် သားရဲတို့ကို ပြေးလွှဲစေ၏။ ခွေးသည်လည်း နွားကျောင်းသားနှင့်အတူတကွ လိုက်ပါ၍ သွား၏။

ထိုနွားကျောင်းသားသည် တစ်နေ့သ၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို အရှင်ဘုရား အကြင်အခါ၌ တပည့်တော်အား အခွင့်မရသည်ဖြစ်လတ္တံ့၊ ထိုအခါ ဤခွေးကို စေလွှတ်လိုက်ပါအံ့။ အရှင်မြတ်သည် ဤခွေးကို စေလွှတ်သော အမှတ်ဖြင့် ကြွတော်မူလာခဲ့ပါကုန်လော့-ဟု လျှောက်ထား၏။ ထိုနေ့မှစ၍ မိမိသည် အခွင့်မရသော နေ့၌ မျစ်သားသွားချေ၊ အရှင်မြတ်ကို ပင့်ဆောင်၍ လာခဲ့လော့ဟု ခွေးကိုစေလွှတ်၏။ ထိုခွေးသည် စကား တစ်ခွန်းတည်းဖြင့် သာလျှင် ပြေးသွား၍ အရှင်၏ ချုံကို ပုတ်ခတ်သောနေရာ မြေကိုပုတ်ခတ်သော နေရာ၌ သုံးကြိမ်တိုင်အောင် အူဟောင်၍ ထိုအသံဖြင့် သားရဲတို့ကို ပြေးလွှဲ ပုန်းရှောင်သည်၏အဖြစ်ကိုသိ၍ သွားလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်လည်း နံနက်စောစောကပင်လျှင် ကိုယ်လက်သုတ်သင်ခြင်း အမှုကိုပြု၍ သစ်ရွက်မိုးသောကျောင်းသို့ဝင်၍ ထိုင်နေသီတင်းသုံးတော်မူသည်ရှိသော် ပစ္စေကဗုဒ္ဓါ၏

သိတင်းသုံးတော်မူရာအရပ်သို့ သွား၍ သစ်ရွက်မိုးသော ကျောင်းသခ်မ်းတံခါး၌ သုံးကြိမ်တိုင်အောင် အူဟောင်ပြီးလျှင် မိမိ၏ လာသောအဖြစ်ကို သိစေပြီး၍ တင့်အပ်လျှောက်ပတ်သော တစ်ခုသောအရပ်၌ ဝပ်၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်လည်း အခါကိုမှတ်၍ ထွက်ကြွတော်မူသည်ရှိသော် အူဟောင်လျက် ရှေ့မှ ပြေးသွား၏။ လမ်းခရီးအကြားအကြား၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ထိုခွေးကို စူးစမ်းလိုသောကြောင့် တစ်ပါးသောခရီးကို ဖယ်လွှဲ၍ ကြွတော်မူ၏။ ထိုအခါ ခွေးသည် ပစ္စေကဗုဒ္ဓါ၊ အရှင်မြတ်၏ ရှေ့အဖို့မှ ဖီလာကန့်လန့် ရပ်တည်၍ အူဟောင်ပြီးလျှင် ဤမှတစ်ပါးဖြစ်သော ဖြောင့်မှန်သောခရီးသို့ တင်ပေ၏။ ထိုမှ နောက်ဖြစ်သော တစ်နေ့သောနေ့၌ တစ်ပါးသောခရီးကို ဖယ်ကြွ၍ သွားတော်မူသည်ရှိသော် ထိုခွေးသည် ရှေ့မှသွားလျှင် ဖီလာကန့်လန့်ရပ်၍ တားမြစ်ပါသော်လည်း မဆုတ်မနစ်မူ၍ ခွေးကို ခြေတော်ဖြင့် ပုတ်ခတ်တိုက်ခိုက်၍ သွား၏။ ခွေးသည် ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ မပြန်လည်သည်၏ အဖြစ်ကို သိ၍ ဆုတ်နစ်ပြန်လည်ပြီးလျှင် ဝတ်ရုံသော သင်္ကန်းကို ကိုက်၍ဆွဲငင်လျက် တစ်ပါးလည်းဖြစ်သော ဖြောင့်မှန်သောခရီးစဉ်ကိုသာလျှင် ထိုပစ္စေကဗုဒ္ဓါကို တင်ပေ၏။ ထိုခွေးသည် ဤသို့သောအခြင်းအရာဖြင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်၌ အားကြီးသော ချစ်ခင်ခြင်းကို ဖြစ်စေ၏။ ထိုမှနောက်ဖြစ်သော တစ်ပါးသော အဖို့၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ သင်္ကန်း နွမ်းဟောင်း ဆွေးမြေ့ခဲ့၏။ ထိုအခါ ပစ္စေကဗုဒ္ဓါအား နွားကျောင်းသားသည် သင်္ကန်းအဝတ်တို့ကို ပေးလှူ၏။

## ဃောသကနတ်သားဖြစ်ခြင်း

ထိုနွားကျောင်းသားကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်က မိန့်ဆိုတော်မူသည်မှာ ဒါယကာ သင်္ကန်းမည်သည်ကား တစ်ယောက်တည်းပြုခြင်းငှါ ငြိုငြင်ဆင်းရဲခဲယဉ်းလှပေသည် ချမ်းသာရာအရပ်သို့ သွား၍ ပြုတော့အံ့ဟု မိန့်ဆိုတော်မူ၏။ နွားကျောင်းသားကလည်း အရှင်ဘုရား ဤအရပ်၌သာ ပြုတော်မူပါကုန်လော့ဟူ၍ လျှောက်ကြား၏၊ ဒါယကာ ငါသည် မစွမ်းနိုင်ဟု မိန့်တော်မူသဖြင့် အရှင်ဘုရား ထိုသို့ဖြစ်လျှင် ကြာမြင့်ရှည်စွာ သိတင်းသုံး နေတော်မမူပါကုန်လင့်ဟု လျှောက်ကြားလိုက်၏။ ခွေးသည်လည်း ထိုသူတို့ပြောသောစကားတို့ကို မှတ်သားနာခံလျက် တည်နေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဒါယကာ နေရစ်ခဲ့လေလော့ဟု နွားကျောင်းသားကို ဆုတ်နစ်ပြန်လည်စေ၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် ဂန္ဓမာဒနတောင်သို့ ချီးရှုဖဲကြွတော်မူလေ၏။ ထိုသို့ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကောင်းကင်ခရီးဖြင့်ဖဲကြွတော်မူသည်ကို ကြည့်မျှော်မော်ရှုလျက် အူဟောင်၍ ရပ်တည်နေသော ထိုခွေးအား ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် မျက်စိဖြင့် မြင်ကောင်းသော အရပ်ဒေသကို လွန်သည်ရှိသော် နှလုံးရင်ဝမ်းကွဲ၍ သေလေ၏။

[လူတို့သည် ကောက်ကျစ်သော နှလုံးရှိကုန်သည်သာတည်း။ တိရစ္ဆာန် တို့မည်သည်ကား ဖြောင့်မတ်သောသဘော ရှိကုန်၏။ မကောက်မကျစ် ကုန်။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဟောတော်မူခဲ့၏။]

ဤပြအပ်ခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် နွားကျောင်းသား၏ ခွေးသည် ထိုသို့ ဖြောင့်မတ်သော စိတ်ရှိသဖြင့် မကောက်မကျစ်သော သဘော ရှိသည်၏အဖြစ်ကြောင့် သေ၍ တာဝတိံသာနတ်ပြည်၌ဖြစ်လျက် နတ်သမီး တစ်ထောင်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားသုံးဆောင်ရလေ၏။

ထိုနတ်သား၏ နားရင်း၌ ပြောဆိုတိုင်ပင်အပ်သော အသံသည် တစ်ဆယ့် ခြောက်ယူဇနာအရပ်သို့ နှံ့၏။ ကတိပြောဆိုသော စကားအသံသည်ကား ယူဇနာ တစ်သောင်းရှိသော နတ်ပြည်ကို ဖုံးလွှမ်း၏။ ထိုကြောင့် ထိုနတ်သား အား ဃောသကနတ်သားဟူသော အမည်သည် ဖြစ်လေ၏။ ဤကဲ့သို့ အသံ၏ ပြင်းထန်စွာ ကျယ်လွင့်သဖြင့် သင့်တင့်ကောင်းမြတ်သော အကျိုးကို ခံစား ရခြင်းသည် အဘယ်သို့သော ကောင်းမှု၏အကျိုးဆက်နည်းဟူမူကား "ပစ္စေက ဗုဒ္ဓါ အရှင်မြတ်၌ ချစ်ခင်ခြင်းဖြင့် အူဟောင်ခြင်းကို ပြုသောကံ၏ အကျိုးဆက် အာနိသံသပေတည်း" ဟု ရင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

## နတ်တို့သေခြင်းလေးမျိုး

ထိုဃောသကနတ်သားသည် နတ်ပြည်၌ ကြာမြင့်စွာမတည်မူ၍ သေလွန်လေ၏။ ထိုစကားမှန်၏နတ်သားတို့သည် နတ်ပြည်ဇုတိ သေလွန် ကုန်သည်ရှိသော် အသက်ကုန်ခြင်းကြောင့်လည်းကောင်း၊ ကောင်းမှု ကုန်ခြင်းကြောင့်လည်းကောင်း၊ အာဟာရကုန်ပြတ်ခြင်းကြောင့်လည်း ကောင်း၊ အမျက်ထွက်ခြင်းကြောင့်လည်းကောင်း ဤအကြောင်း လေးပါးတို့ကြောင့် သေလွန်ကုန်၏။ ထိုလေးပါးတို့တွင်–

(က) အကြင်သူသည် များစွာကုန်သော ကုသိုလ်ကောင်းမှုကံကို ပြုအပ်၏။ ထိုသူသည် နတ်ပြည်၌ဖြစ်၍ အသက်ရှည်သမျှကာလပတ်လုံး တည်နေ၍ သေလွန်ပြီးသောအခါ အထက်အထက်ဖြစ်သော နတ် ပြည်၌ ဖြစ်လေ၏။ ဤသို့သော သေလွန်ခြင်းသည် အသက်ကုန်ခြင်း ကြောင့် သေလွန်ခြင်းမည်၏။

(ခ) အကြင်သူသည် အနည်းငယ်မျှသော ကုသိုလ်ကောင်းမှုကို ပြုအပ်၏၊ မင်း၏ ကျီတော်၌ ထည့်သွင်းပျံ့ထားအပ်သော လေးကွမ်းစား မျှလောက်သော စပါးကဲ့သို့ အသက်တမ်း၏အကြား၌သာလျှင် ထိုသူ၏

ကုသိုလ်ကောင်းမှုသည် ကုန်၏။ အသက်အပိုင်းအခြား၏ အကြား၌ သာလျှင် သေလွန်ခြင်းကို ပြု၏။ ဤသို့ သေလွန်ခြင်းသည် ကောင်းမှု ကုသိုလ်ကံ ကုန်သောကြောင့် သေလွန်ခြင်းမည်၏။

(ဂ) နတ်သားတစ်ယောက်သည် ကာမဂုဏ်တို့ကို သုံးဆောင် ခံစားသည်ရှိသော် သတိလွတ်ကင်း တွေ့ဝေသဖြင့် အာဟာရကို မသုံးဆောင် မစားသောက်မူ၍ ညစ်နွမ်းပင်ပန်းသော သဘောရှိသည် ဖြစ်၍ သေလွန်ခြင်းကို ပြု၏၊ ဤသို့ သေလွန်ခြင်းသည် အာဟာရ ကုန်ပြတ်ခြင်းကြောင့် သေလွန်ခြင်းမည်၏။

(ဃ) နတ်သားတစ်ယောက်သည် သူတစ်ပါး စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို သည်းမခံနိုင်သောကြောင့် အမျက်ဒေါသ ပြင်းစွာထ၍ သေလွန်ခြင်းကို ပြု၏။ဤသို့ သေလွန်ခြင်းသည် အမျက်ဒေါသကြောင့် သေလွန်သည်မည်၏။

ဤဆိုအပ်ခဲ့ပြီးသော လေးပါးကုန်သော သေလွန်ခြင်းတို့တွင် ဤဃောသက နတ်သားသည်ကား ကာမဂုဏ်တို့ကို သုံးဆောင်ခံစား အားကြီးခြင်းကြောင့် လွတ်ကင်းသော သတိရှိသည်ဖြစ်၍ အာဟာရ ကုန်ခန်း ကင်းပြတ်ခြင်းကြောင့် သေလွန်လေ၏ဟု ရင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

## ပထမအကြိမ်

ထိုဃောသကနတ်သားသည် နတ်ရွာနတ်ပြည်မှ စုတေလာခဲ့၍ ကောသမ္ဗီ ပြည်၌ ပြည့်တန်ဆာမ၏ ဝမ်းဝယ် ပဋိသန္ဓေ ယူနေလေ၏၊ ပြည့်တန်ဆာမသည် လည်း သားကို ဖွားမြင်သောနေ့အဖို့၌ ဤယခု ဖွားမြင်အပ်သောသူသည် သားလော သမီးလောဟု ကျွန်မကို မေး၍ အရှင်မ သားသူငယ်ပါဟု ဆိုသည်ရှိ သော် အို ကျွန်မ ယခု ဤသူငယ်ကို ဗန်းဆန်ကောထက်၌ တင်ထား၍ တံမြက် ချေး အမှိုက်တို့ကို စွန့်သောနေရာ အထက်၌ စွန့်ပစ်လေလော့ဟု စေခိုင်း၍ ထိုသူငယ်ကို စွန့်ပစ်စေ၏။ [ထိုစကား မှန်၏။ ပြည့်တန်ဆာမတို့သည် သမီး ကို သုတ်သင်ကျွေးမွေးကုန်၏။ သားကို မသုတ်သင် မကျွေးမွေးကုန်။ အဘယ့် ကြောင့်ဟူမူကား သမီးသည် ပြည့်တန်ဆာမတို့၏ အနွယ်အဆက်ကို ဆက်စပ် ပွားများစေ၏။ ထို့ကြောင့် သမီးကို သုတ်သင်ကျွေးမွေးကုန်၏ဟု ရင်းအဋ္ဌ- ကထာ၌ မိန့်တော်မူ၏။]

သူငယ်ကို ကျွဲတို့သည် လည်းကောင်း၊ ခွေးတို့သည် လည်းကောင်း ဝန်းရံ၍ နေကြကုန်၏။ ပဋ္ဌဝဇ္ဇကာဗုဒ္ဓါ၌ ချစ်ခင်ခြင်းအမှန်ရှိသော ခွေး၏ဘဝက ယောင်အောင်ခြင်းကို ပြုခဲ့သော အကျိုးဆက်ဖြင့် တစ်ကောင်မျှလည်းဖြစ်သော ခွေး, ကျွဲသည် အနီးသို့ ချဉ်းကပ်ခြင်းငှါ မစွမ်းနိုင်။ ထိုနောက်၌ တစ်ယောက်သောလူသည် မြို့၏အပသို့ ထွက်သွားသည်ရှိသော် ကျွဲခွေးတို့သည် ဝန်းဝိုင်းစုရုံး၍နေသော ထိုသူငယ်ကို မြင်၍ ဤငွေ့ဆည်ကား အဘယ်နည်းဟု သွား၍ ကြည့်သော် သူငယ်ကိုမြင်လျှင် သားတည်းဟူသော ချစ်ခင်နှစ်သက်ခြင်းကို ရ၍ ငါ့အား သားကို ရအပ်ပြီဟု အိမ်သို့ ဆောင်လေ၏။

## ကောသမ္ဗီသေဋ္ဌေးကြီး

ထိုအခါ ကောသမ္ဗီသေဋ္ဌေးကြီးသည် မင်းအိမ်သို့ သွားသည်ရှိသော် မင်းအိမ်မှ ဆင်းသက်၍ ရှေးရှုလာသော ပုရောဟိတ်ပုဏ္ဏားကို မြင်၍ ဆရာ အသို့နည်း၊ ဆရာသည် ယနေ့ နိမိတ်ကို လည်းကောင်း၊ နက္ခတ်၏ ယှဉ်ခြင်းကို လည်းကောင်း၊ ကြည့်ရှုပါသလောဟု မေးမြန်းလေ၏။ ပုရောဟိတ်ပုဏ္ဏားက ဪ- သေဋ္ဌေးကြီး ကြည့်ရှုပေသည်ဟုဆို ... အသင် ပုရောဟိတ်ဆရာ ငါတို့အား အသို့ဖြစ်လတ္တံ့နည်း၊ တစ်ပါးသောသူတို့အား အဘယ်သို့ ဖြစ်လတ္တံ့နည်း၊ ဇနပုဒ်အား အသို့ဖြစ်လတ္တံ့နည်းဟု သေဋ္ဌေးကြီးက မေးပြန်၏။

ပုရောဟိတ်ပုဏ္ဏားကလည်း အသင်သေဋ္ဌေးကြီး တစ်ပါးသောအကြောင်းမူကား မရှိ၊ ဤကောသမ္ဗီပြည်၌ ယနေ့ဖွားသော သူငယ်သည် သေဋ္ဌေးကြီး ဖြစ်လတ္တံ့ဟု ဆို၏။ ထိုအခါ သေဋ္ဌေးမယား၌ လေးသောကိုယ်ဝန် ရှိ၏။ ထို့ကြောင့် သေဋ္ဌေးကြီးသည် လူတစ်ယောက်ကို အသင်သည် အိမ်သို့သွားတဲ့ချေ၊ ငါ၏ခင်ပွန်းမဖြစ်သော သေဋ္ဌေးကတော်အား သားသမီး ဖွားမြင်သည်ကို လည်းကောင်း၊ မဖွားမြင်သည်ကို လည်းကောင်း သိ၍ လျင်စွာလာခဲ့လော့ဟု စေလွှတ်ထောက်လှမ်း စုံစမ်းစေသဖြင့် မဖွားမြင်သေးသည်၏ အဖြစ်ကို ကြားသိ၍မင်းကို ဖူးမြင်ပြီးသော်လျင်စွာအိမ်သို့ပြန်သွား၍ကာဠီအမည်ရှိသော ကျွန်မကို ခေါ်ပြီးလျှင် အသပြာ တစ်ထောင်ပေး၍ ဟယ် ကျွန်မ လျင်စွာ သွားချေ၊ ဤမြို့၌ စုံစမ်းဆင်ခြင်၍ အသပြာတစ်ထောင်ကို ပေးပြီးသော် ယနေ့ဖွားသော သူငယ်ကို ယူဆောင်ရ၍ လာခဲ့လော့ဟု စေလွှတ်၏။

ကျွန်မသည်လည်း သွား၍ စုံစမ်း မေးမြန်းသည်ရှိသော် ထိုသူငယ်ကို ကောက်ယူရရှိသော အိမ်သို့ သွားရောက်၍ သူငယ်ကိုမြင်လျှင် အိမ်ရှင်တို့ကို အရှင် ဤသူငယ်သည် ဘယ်နေ့အခါ၌ ဖွားမြင်သော သူငယ်ပါနည်းဟု မေးသော် ယနေ့ဖွားမြင်သော သူငယ်ဟု ဆိုသည်ရှိသော် ဤသူငယ်ကို အကျွန်ုပ်အား ပေးပါလော့ဟုဆို၍ တစ်ခုသော အသပြာကို အစပြု၍ အဖိုးကို ပွား

စေပြီးလျှင် အသပြာတစ်ထောင်ကို ပေး၍ ထိုသူငယ်ကို ဆောင်ယူပြီးလျှင် သေဌေးကြီးအား ပြ၏။ သေဌေးသည်လည်း “ငါ့အား အကယ်၍ သမီးကို ဖွားမြင်ခဲ့အံ့၊ ထိုဖွားမြင်သော ငါ၏ သမီးနှင့်တကွ ဤသူငယ်ကို စုံဖက်ထိမ်းမြား လက်ထပ်၍ သေဌေးကြီးရာထူး ဌာနန္တရအရှင်ကို ပြုပေအံ့။ ငါ့အား အကယ်၍ သားဖွားခဲ့သည်ဖြစ်အံ့၊ ဤသူငယ်ကို သတ်အံ့” ဟု ကြံပြီးလျှင် သူငယ်ကို မိမိအိမ်၌ ကျွေးမွေးသုတ်သင်ခြင်းကို ပြုစေ၏။ ထိုနောက် နှစ်ရက်သုံးရက်ကို လွန်မြောက်သဖြင့် ထိုသေဌေးကြီး၏ ခင်ပွန်းမဖြစ်သော သေဌေးကတော်အား သူငယ်ကို ဖွားမြင်လေ၏။

## ခုနစ်ကြိမ်တိုင် စွန့်ပစ်ခြင်း

သေဌေးကြီးလည်း “ဤသူငယ်သည် မရှိသည်ရှိသော် ငါ၏ သားသည် သာလျှင် သေဌေးအရာကို ရလတ္တံ့။ ယခုအခါ၌ ထိုသူငယ်ကို သတ်ခြင်းငှါ သင့်လျော် လျောက်ပတ်အပ်၏” ဟု ကြံ၍ ကာဠီမည်သော ကျွန်မကို ခေါ်ပြီးသော် ဟယ် ကျွန်မ သွားချေ၊ နွားခြံမှ နွားအပေါင်းတို့ ထွက်လာသော အခါ ခြံတံခါးဝ အလယ်၌ ဤသူငယ်ကို ဖီလာကန့်လန့် အိပ်စေလော့ ဤသူငယ်ကို နွားမတို့သည် နင်းနယ်၍ သတ်လတ္တံ့။ နင်းနယ်သည် မနင်းနယ်သည်၏ အဖြစ်ကိုသိ၍ လာခဲ့လော့ဟု ပြောဆိုစေလွှတ်၏။

## ဒုတိယအကြိမ်

ထိုကျွန်မသည် သွား၍ နွားကျောင်းသားယောကျ်ားသည် ခြံတံခါးကို ဖွင့်ကာမျှ၌သာလျှင် ခြံတံခါးဝအလယ်၌ သူငယ်ကို ဖီလာကန့်လန့် အိပ်စေ၍ ပစ်ထား၏။ နွားတို့၏ အကြီးအမှူးဖြစ်သော ဥသဘသည် အခါတစ်ပါး၌ အလုံးစုံကုန်သော နွားတို့၏နောက်မှ ထွက်သွားသော်လည်း ထိုနေ့၌ကား အလုံးစုံသောနွားတို့၏ ရှေးဦးစွာထွက်လာ၍ သူငယ်ကိုမြင်လျှင် ခြေလေးချောင်းတို့၏ အတွင်းကျသည်ကိုပြု၍ တန့်ရပ်၏။ အရာမက များစွာကုန်သော နွားတို့သည် ဥသဘ၏ နံပါးနှစ်ဖက်တို့ကို ပွတ်တိုက်လျက် ထွက်သွားကြကုန်၏။ နွားကျောင်းယောကျ်ားက “ဤဥသဘသည် ကာလတစ်ပါး အခြားနေ့ရက်ဖြစ်သော ရှေးအခါ၌ အလုံးစုံသော နွားတို့၏ နောက်မှ ထွက်၏။ ယနေ့ကား အလုံးစုံသောနွားတို့၏ ရှေးဦးစွာ ထွက်လာ၍ ခြံတံခါးအလယ်၌ မတုန်မလှုပ် ရပ်တည်၏။

ဤအကြောင်းသည်ကား အဘယ်သို့သော အကြောင်းကိစ္စပေနည်းဟုကြံ၍ လျင်မြန်စွာ သွားပြီးလျှင် ထိုန္တား ဥသဘ၏ အောက်၌ အိပ်သောသူငယ်ကို မြင်သည်ရှိသော် သားတည်းဟူသော ချစ်ခြင်းကိုရ၍ ငါ့အား သားကို ရအပ်ပြီဟု အိမ်သို့ ယူဆောင်လေ၏။ ကျွန်မ ကာဠီသည် အိမ်သို့ပြန်သွား၍ သေဋ္ဌေးကြီးက မေးသည် ရှိသော် ထိုအကြောင်းကို အကုန်ပြန်ကြားသော် သွားချေ၊ ထိုသူငယ်ကို အသပြာတစ်ထောင်ကို ပေး၍တစ်ဖန် ဆောင်ချေဦး လော့ဟု ဆိုပြန်သဖြင့် တစ်ဖန် န္တားကျောင်းသား၏ အထံ၌ အဖိုးတစ်ထောင်ကို ပေး၍ ဆောင်ယူပြီးလျှင် သေဋ္ဌေးကြီးအား ပေး၏။

## တတိယအကြိမ်

ထိုနောက် သေဋ္ဌေးကြီးက ထိုကာဠီမည်သော ကျွန်မကို ချစ်သမီးကာဠီ ဤကောသမ္ဗီပြည်၌ လှည်းငါးရာတို့သည် မိုးသောက်အခါ၌ ဝ ၌ ကုန်သွယ်ခြင်း အလို့ငှာ သွားကြကုန်လတ္တံ့။ သင်သည် ဤသူငယ်ကို ဆောင်ယူ၍ လှည်းဘီး စက်၏ သွားရာခရီး၌ အိပ်စေလော့။ န္တားတို့သည်မူလည်း နင်းနယ်ချိုးဖျက် ကုန်လတ္တံ့။ လှည်းဘီးသည်မူလည်းခွဲဖြတ်လတ္တံ့။ ထိုအကြောင်း အရပ်ရပ်ကို တပ်အပ်ထင်ထင် သိမြင်ခြင်း ရှိသည်ဖြစ်၍သာလျှင် လာခဲ့လေလော့ဟု ဆို၏။ ကာဠီမည်သော ကျွန်မသည်လည်း ထိုသူငယ်ကို ဆောင်ယူခဲ့ပြီးလျှင် လှည်းဘီး စက်၏ လိမ့်သွားရာအရပ်၌ ကန့်လန့်ဖီလာ အိပ်စေ၏။

ထိုအခါ လှည်းမှူးသည် ရှေ့ကဖြစ်၏။ န္တားတို့သည် ထိုနေရာဌာနသို့ ကျရောက်လာသည်ရှိသော် ရှက်ဆောင်အပ်သော ဝန်ဖြစ်သော လှည်းဦးကို စွန့်ကုန်၏။ အဖန်တလဲလဲ န္တားကို ဝန်တင်လှည်းက မောင်းနှင်ပါကုန်သော်လည်း ရှေ့မှုမသွားကြကုန်။ ဤသို့ မသွားကုန်သည်ရှိသော် တိုန္တားတို့နှင့် အတူတကွ လှည်းမှူး၏လုံ့လအားထုတ် ပြုလုပ်စဉ်ပင်လျှင် နေအရုဏ်ထသဖြင့် မိုးသောက် ခြင်းသို့ ရောက်လေ၏။ လှည်းမှူးသည် ထိုန္တားတို့သည် အဘယ်သို့ သဘောရှိ သည်မည်သော အမှုကြောင့် ဤသို့ပြုကြပါလိမ့်မည်နည်းဟု ခရီးလမ်းကို ကြည့်ရှု သည်ရှိသော် သူငယ်ကိုမြင်၍ ငါသည် ဝန်လေးသောအမှုကို ပြုမိလေစွတကားဟု ကြံ၍ ငါ့အား သားကို ရအပ်ပြီဟု နှစ်သက်သော စိတ်ရှိသဖြင့် ထိုသူငယ်ကို အိမ်သို့ဆောင်လေ၏။

ကာဠီမည်သော ကျွန်မသည် အိမ်သို့ပြန်သွား၍ သေဋ္ဌေးကြီးက မေးသည် ရှိသော် ထိုအလုံးစုံသော အကြောင်းကိုပြန်ကြားသော် သွားချေ ထိုသူငယ်ကို တစ်ဖန် အသပြာ တစ်ထောင်ပေး၍ ဆောင်ယူခဲ့လောဟု ဆိုသဖြင့် ထိုကျွန်မ သည် ပြောကြားသော စကားအတိုင်း ပြုပေ၏။

## စတုတ္ထအကြိမ်

ထိုနောက်တစ်ဖန် သေဌေးကြီးက ကျွန်မကို ယခုအခါ၌ ထိုသူငယ်ကို သူကောင်တို့ မြှုပ်ရာဖြစ်သော သုသာန်သို့ ဆောင်ယူ၍ ချုံကြား၌အိပ်စေဘိလော့၊ ထိုသုသာန် ချုံထဲ၌ ခွေးစသော သတ္တဝါကိုသည် ခဲအပ်ကုန်သည် ဖြစ်၍လည်းကောင်း ဘီလူးတို့သည် မူလည်း ပုတ်ခတ်အပ်ကုန်သည် ဖြစ်၍လည်းကောင်း သေဆုံးလတ္တံ့၊ ထိုသူငယ်၏ သေသည်၏အဖြစ် မသေသည်၏ အဖြစ်ကိုလည်း သိသည်ဖြစ်၍ လာခဲ့လေလောဟု မှာထားပြောဆို၏။ ကျွန်မသည် ထိုသူငယ်ကို ဆောင်သွားပြီးလျှင် သုသာန်၌ အိပ်စေ၍ သင့်တင့်သော အရပ်၌ နေရာတစ်ခုက ကြည့်ရှုစောင့်စား၍ တည်နေ၏။ ထိုသူငယ်ကို ခွေးသည်လည်းကောင်း ကျီးသည်လည်းကောင်း ဘီလူးသည် လည်းကောင်း အနီးသို့ ချဉ်းကပ်ခြင်းငှာ မစွမ်းနိုင်။

[ထိုသူငယ်အား အမိလည်းမရှိ၊ အဖလည်းမရှိ၊ အစ်ကိုကြီး အစရှိကုန်သော သူတို့တွင် တစ်စုံ တစ်ယောက်သောသူမျှ စောင့်ရှောက်သူ မရှိသည်မဟုတ်တုံလော၊ သို့ပါလျက် ထိုခွေး, ကျီး, ဘီလူးတို့ အနီးသို့ ချဉ်းကပ်ခြင်းငှာ မစွမ်းနိုင်အောင် အဘယ်သူသည် စောင့်ရှောက်လေသနည်းဟူမူကား ခွေးဘဝဖြစ်စဉ်ကာလ၌ ပစ္စေကဗုဒ္ဓါ၌ ချစ်ခင်ခြင်းဖြင့် ဖြစ်စေအပ်သော သွားခြင်း, ဟောင်ခြင်းမျှသည်သာလျှင် ထိုသူငယ်ကို စောင့်ရှောက်လေ၏ဟု ဋ္ဌင်းအဋ္ဌကထာ၌ မိန့်၏။]

ကိုအခါ ဆိတ်ကျောင်းသားတစ်ယောက်သည် အထောင်မက များစွာကုန်သော ဆိတ်တို့ကို ကျက်စားရာသို့ ဆောင်လျက် သုသာန်၏နံပါးဖြင့် သွား၏။ တစ်ကောင်သော ဆိတ်မသည် သစ်ရွက်တို့ကိုစားလျက် ခြုံ၏ အကြားသို့ ဝင်သည်ရှိသော် သူငယ်ကိုမြင်၍ ဒူးဆစ်တို့ဖြင့် တန့်ရပ်ထောက်တည်လျက် သူငယ်အား နို့ကိုပေး၏။ ဆိတ်ကျောင်းသားသည် "ဟေ့....ဟေ့"ဟူသော အသံကို ပြုလေသော်လည်း မထွက်။ ဆိတ်ကျောင်းသားသည် တောင်ဝှေးနှင့်တံဖြင့် ထိုဆိတ်မကိုရိုက်ပုတ်၍ ထုတ်အံ့ဟုကြံ၍ ချုံ၏ အကြားသို့ ဝင်သည်ရှိသော် ဆိတ်သည် ဒူးဆစ်ဖြင့် ထောက်တည်လျက် သူငယ်ကို နို့ရည်တိုက်ကျွေး၍နေသော ဆိတ်မကိုမြင်လျှင် သူငယ်၌ သားတည်းဟူသော ချစ်ခင်ခြင်းကို ရ၍ ငါအား သားကိုရအပ်ပြီဟု ထိုသူငယ်ကို အိမ်သို့ဆောင်ယူ၍ ဖယ်သွားလေ၏။

ကာဠီမည်သော ကျွန်မသည် အိမ်သို့ပြန်သွား၍ သေဋ္ဌေးကြီးသည်မေးသည် ရှိသော် အလုံးစုံသော အကြောင်းကိုကြား၍ သွားချေ။ ထိုသူငယ်ကို တစ်ဖန် အသပြာတစ်ထောင်ကို ပေး၍ ဆောင်ယူခဲ့လော့ဟု ဆိုသဖြင့် ပြောဆိုသော အတိုင်းပင် ပြုပေ၏။

## ပဥ္စမအကြိမ်

ထိုနောက် သေဋ္ဌေးကြီးက ကျွန်မကို ချစ်သမီးကာဠီ ဤသူငယ်ကို ယူပြီးလျှင် ခိုးသားတို့ကို ချသတ်ရာဖြစ်သော တောင်ပေါ်သို့တက်၍ တောင်ကမ်းပါးပြတ်၌ ပစ်ချလေလော တောင်ဝှမ်း၌ ထိပါးတိုက်ခိုက်အပ်သည်ရှိသော် အပိုင်းပိုင်းပြတ်၍ မြေကြီး၌ ကျလတ္တံ့။ ထိုသူငယ်၏ သေသည်၏အဖြစ် မသေသည်၏ အဖြစ်ကိုလည်း ကောင်းစွာသိ၍သာလျှင် လာခဲ့လော့ဟု ပြောဆိုစေခိုင်းလိုက်၏။ ကျွန်မသည်လည်း ထိုသူငယ်ကို ထိုတောင်အရပ်သို့ဆောင်၍ တောင်ထိပ်၌ တန့်ရပ်တည်နေလျက် တောင်ချောက်ကမ်းပါးပြတ်သို့ သူငယ်ကို ပစ်ချလိုက်၏။ ထိုတောင်ဝှမ်းကိုမှီ၍ ကြီးကျယ်စွာသော ဝါးချုံကြီးသည် တောင်သို့ အစဉ်လျှောက်သဖြင့် ကြီးပွား၏။ ထိုဝါးချုံကြီး၏အထက် တခဲနက်ဖြစ်သော ချင်ရွေးချုံသည် လွှမ်းမိုးဖုံးအုပ်၍ တည်၏။ သူငယ်သည် ကျလတ်သည်ရှိသော် ကော်ဇောအပေါ်၌ ကျရောက်ဘိသကဲ့သို့ ထိုချုံထက်၌ ကျရောက်၏။ ထိုနေ့၌ပင်လျှင် ကျူထရံသည် အကြွင်းအမွှားသည့်ဝါးအခွံအဖို့ကို ပေးအံ့သောအလှည့်သို့ ရောက်၏။ ထိုကျူထရံသည်ကြီးသည် သားနှင့် အတူတကွသွား၍ ထိုဝါးချုံကို ဖြတ်ခြင်းငှာ အားထုတ်၏။ ဝါးချုံကိုဖြတ်သဖြင့် ဝါးချုံသည် လှုပ်ရှားသည် ရှိသော် သူငယ်သည် အသံကိုပြု၏။ ထိုကျူထရံသည် သားအဖလည်း ဤအသံသည်ကား သူငယ်၏ အသံကဲ့သို့ပင် ဖြစ်ချေသည်တကားဟု တစ်ဘက်သော နံပါးဖြင့်တက်၍ ကြည့်ရှုသည်ရှိသော် ထိုသူငယ်ကို မြင်သော် ငါ့အား သားကို ရအပ်ပြီဟု နှစ်သက်ရွှင်လန်းသောစိတ်ရှိသဖြင့် ယူ၍သွားလေ၏။

ကာဠီမည်သော ကျွန်မသည်လည်း သေဋ္ဌေး၏အထံသို့သွား၍ သေဋ္ဌေးသည် မေးအပ်သည်ရှိသော် ထိုအလုံးစုံသော အကြောင်းကို ပြန်ကြား၍ သွားချေ။ တစ်ဖန် အသပြာတစ်ထောင်ကိုပေး၍ ဆောင်ယူခဲ့လော့ဟုဆိုသည် ရှိသော် ဆိုသောအတိုင်းပင် ပြုပေ၏။

## ဆဋ္ဌမအကြိမ်

သေဋ္ဌေးကြီး၏ ဤသို့ဤသို့သော သေကြောင်း လုံ့လဝီရိယကို ပြုစဉ်ပင်လျှင် သူငယ်သည် ကြီးပွားခြင်းသို့ ရောက်လေ၏။ ထိုသူငယ်အား ဃောသကဟူသော အမည်သည် ဖြစ်လေ၏။ ထိုသူငယ်သည် သေဋ္ဌေးကြီးမျက်စိ၌

ဆူးခြောင့်ကဲ့သို့ထင်၏။ ဖြောင့်မတ်စွာ ကြည့်ရှုခြင်းငှာ မစွမ်းနိုင်။ ထိုမှ နောက် အဖို့ဖြစ်သော အခါ၌လည်း သူငယ်၏ သေအံ့သောအကြောင်းကိုသာ ကြံစည် လျက် ဖိမိ၏အဖော်ဖြစ်သော အိုးထိန်းသည်၏ အထံသို့ သွားပြီးလျှင် အဘယ် အခါ၌ အိုးဖုတ်ရာ တင်းကျင်းတို့ကို ပြုစုစီမံ လိမ်းကျံမီးဖုတ်လတ္တံ့နည်းဟု မေး၍ နက်ဖြန်ခါ ပြုအံ့ဟုဆိုသော် ထိုသို့ဖြစ်လျှင် ဤ အသပြာတစ်ထောင်ကို ယူ၍ ငါ့အား တစ်ခုသောအမှုကို ရွက်ဆောင်ပြုစု၍ ပေးပါလော့ဟု ဆို၏။အရှင် သေဌေးကြီး အဘယ်သို့သောအမှုကို ပြုရမည်နည်းဟု မေးသော် ငါ့အား ယုတ်မာညစ်ညမ်းဆိုးသွမ်းသော သားတစ်ယောက်သည် ရှိ၏။ ထိုသားကို အသင်၏အထံသို့ စေလွှတ်လိုက်အံ့။ ထိုအခါ သူငယ်ကိုခေါ် ယူ၍ အိုးဖုတ်ရာ ဖြစ်သော ခန်းတိုက်၏အတွင်းသို့ သွတ်သွင်းပြီးလျှင် ထက်လှစွာသောပဲခွပ်ဖြင့် အပိုင်းပိုင်းဖြတ်ပြီး၍ အိုးစရည်း၌ ထည့်သွင်းပြီးလျှင်အိုးဖိုတွင်းကျင်းသို့ သွင်းပြီး မီးတိုက်ဖုတ်မှိုက်ပါလော့။ ဤအသပြာတစ်ထောင်သည် အသင့်အား မချွတ် မယွင်း ဟုတ်မှန်ခြင်းအရာ လက်ဆောင်နှင့်သာ တူပါသည်။ ထို့ထက် အလွန် အသင်အား ပြုဖွယ်ကိစ္စ လျောက်ပတ်လှသည်ကို နောက်မှတစ်ဖန် ပြုပြန်ပါဦးအံ့ ဟု ပြောသော် ဤအိုးထိန်းသည်ကလည်း ကောင်းလှပါပြီဟု ဝန်ခံ၏။ သေဌေး ကြီးလည်းအိမ်သို့ ပြန်လာခဲ့လေ၏။

## သားအရင်း သေဆုံးရပုံ

ထိုနောက်တစ်ဖန် နက်ဖြန်မိုးသောက် ရောက်သောနေ့၌ ဃောသက သတို့သားကို ခေါ်ပြီးလျှင် ချစ်သား ယမန်နေ့က ငါသည် အိုးထိန်းသည်ကို တစ်ခုသောအမှု စေခိုင်းခြင်းကို ပြုအပ်၏။ ချစ်သား လာလှည့်၊ သင်သည် ထိုအိုးထိန်းသည်၏ အထံသို့သွား၍ ဤသို့ဆိုချေလော ယမန်နေ့က ငါ၏ဖခင် စေခိုင်းအပ်သော အမှုကို မချွတ်မယွင်း ပြီးပါစေလော့ဟု ပြောဆိုချေဟူ၍ ဃောသကသူငယ်ကို စေလွှတ်၏။ ဃောသက သတို့သားလည်း ကောင်းပါပြီ ဝန်ခံ၍ သွား၏။ ဃောသကသတို့သား ထိုသို့သွားသည်ရှိသော် ဤမှတစ်ပါး သော သေဌေး၏ သားရင်းဖြစ်သော သူငယ်သည် သူငယ်တို့နှင့် အတူတကွ အန်စာဂုံညင်းကစား၍နေရာက ထိုဃောသက သတို့သားကိုမြင်၍ ခေါ်ပြီးလျှင် နောင်တော် အဘယ်အရပ်သို့ သွားမည်နည်းဟု မေးသော် ဖခင်၏ သတင်း စကားကိုယူ၍ အိုးထိန်းသည်၏အထံသို့ သွားအံ့ဟု ဆိုသည်ရှိသော် နောင်တော် ထိုအရပ်သို့ အကျွန်ုပ် သွားပါအံ့။ ဤသူငယ်တို့သည် အကျွန်ုပ်ကို အကြိမ် များစွာ ဂုံညင်းအမှတ် အပိုင်းအခြား အရေအတွက် တစ်သိန်းကို အောင် နိုင်ကြလေကုန်၏။ အကျွန်ုပ်အား ထိုဆုံးရှုံးလေပြီးသော ဂုံညင်းတို့ကို တစ်ဖန် အောင်နိုင်စေ၍ ပေးပါလော့ဟု ဆို၏။ ငါသည် ဖခင်ကို ကြောက်လှပါ၏ဟု

ဆိုသည်ရှိသော် နောင်တော် မကြောက်ပါလင့်။ အကျွန်ုပ်သည် ထိုသစာင်း စကားကို ဆောင်ပါအံ့။ အကျွန်ုပ်သည် များစွာသော ဂုဏ်အစဉ် အဖိုးအခ တို့ကို ရှုံးအပ်၏။ အကြင်မျှလောက် အကျွန်ုပ်သည် သစ္စာစကားကို ပို့၍ ပြန်လာ၏။ ထိုမျှလောက်သောအခါဖြင့် အကျွန်ုပ် ဆုံးရှုံးလေပြီးသော ဂုဏ်အစဉ် အဖိုးအခ တစ်သိန်းကို ပြန်၍ အောင်နိုင်ရရှိအောင် ပြုပါလော့ဟု တိုက်တွန်း တောင်းပန်၏။

ဃောသက သတို့သားသည်ကား ဂုဏ်းကစားခြင်း၌ အလွန် လိမ်မာပေ သတတ်၊ ထို့ကြောင့်သာလျှင် သေဋ္ဌေး၏ သားရင်းဖြစ်သော သူငယ်သည် ဃောသကသတို့သားကို အမြဲမပြတ် အထပ်ထပ် တောင်းပန် တိုက်တွန်း၏၊ ဃောသက သတို့သားသည်လည်း ထိုသို့ဖြစ်လျှင် သွားချေ၊ အိုးထိန်းသည်ကို ဆိုချေလော့။ အကျွန်ုပ်၏ ဖခင်သည် ယမန်နေ့က ဤအမှုကို အသင်အား စေခိုင်းခဲ့၏။ စေခိုင်းသောအမှုကို ယခုပြီးပါစေလော့ ဆိုချေဟု မှာထား၍ စေလွှတ်လိုက်၏။ သေဋ္ဌေး၏ သားအရင်းဖြစ်သော ထိုသူငယ်သည်လည်း အိုးထိန်းသည်၏ အထံသို့သွား၍ မှာလိုက်သော စကားအလုံးစုံကို ပြန်ကြား ၏။ ထိုအခါ အိုးထိန်းသည်သည် သူငယ်ကို သေဋ္ဌေးမှာထား ပြောဆိုအပ် သော အမှတ်ဖြင့်သာလျှင် သတ်ဖြတ်၍ အိုးဖုတ်သောကျွင်း၌ ထည့်သွင်းလေ၏။

ဃောသကသတို့သားသည်လည်း နေ့အဖို့ကို ကစား၍ ညချမ်းသောအခါ၌ အိမ်သို့သွားသည်ရှိသော် သေဋ္ဌေးကြီးသည် ဃောသကကိုမြင်၍ ချစ်သား အသို့နည်း။ အိုးထိန်းသည်၏အထံသို့ မသွားသလောဟု ဆိုသည်ရှိသော် မိမိ၏ မသွားသော အကြောင်းကိုလည်းကောင်း၊ ညီငယ်၏ သွားသော အကြောင်းကို လည်းကောင်း ပြောကြား၏။ ထိုသို့ ပြောကြားသော စကားကို ကြားတဲ့လျှင် သေဋ္ဌေးကြီးသည် ငါ၏အကြံသည်ကား စက်ဆုပ်ရွံရှာဖွယ် ရှိလေစွဟု ပြင်းပြ သော မြည်တွန်ခြင်းကို မြည်တွန်၍ အလုံးစုံသောကိုယ်၌ ကျိုက်ကျိုက်ဆူသော သွေးရှိသကဲ့သို့ ဖြစ်ပြီးလျှင် အိုအချင်း အိုးထိန်းသည် ငါ့ကို မဖျက်ဆီးပါလင့် ငါ့ကို မဖျက်ဆီးပါလင့်ဟု မောင်းနှစ်ဘက်ကို ချီပြီးလျှင် ငိုမြည်တမ်းလျက် အိုးထိန်းသည်၏ အထံသို့ လျှင်စွာပြေးသွား၏။ အိုးထိန်းသည်လည်း အဝေးမှ ပြေးလာသော ထိုသေဋ္ဌေးကြီးကိုမြင်လျှင် အရှင် အသံကို မပြုပါလင့်၊ အရှင် မှာထားသောအမှုသည် ပြီးပါလေပြီဟူ၍ ဆို၏။

ထိုသေဋ္ဌေးကြီးသည် တောင်ဖြင့် လွှမ်းမိုးဖိစီးသကဲ့သို့ ကြီးကျယ်စွာသော သောကဖြင့် လွှမ်းမိုးဖိစီးသည်ဖြစ်၍ အရေအတွက်အဝိုင်းအရှည်မရ ကြီးကျယ် လှသော နှလုံးမသာသာခြင်းကို ခံစားရလေ၏။ ယင်းသို့ ကြီးကျယ်စွာသော

နှလုံးမသက်သာခြင်းကို ပြင်းစွာ ခံစားရခြင်းသည် မပြစ်မှားထိုက်သော ပုဂ္ဂိုလ်အား ပြစ်မှား လွန်ကျူးခြင်းကြောင့် ခံစားရလေသည်။ ထို့ကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒဏ္ဍဝဂ်လာ လေးဂါထာတို့ကို ပြမှာဟော ကြားတော်မူခဲ့၏။

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။

ရာဇတော ဝါ ဥပဿဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။
ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုနံ။

အထဝဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သော ဥပပဇ္ဇတိ၊

ယင်းဂါထာတို့၏ အနက်အဓိပ္ပာယ်တို့သည် အထက်၌ ထင်ရှားပါလတ္တံ့။

## သတ္တမအကြိမ်

ယင်းသို့ ဖြစ်သော်လည်း သေဋ္ဌေးကြီးသည် တစ်ဖန် ဃောသက သတို့သားကို ဖြောင့်ဖြောင့်တည့်တည့် ကြည့်ရှုခြင်းငှါ မစွမ်းနိုင်။ "ဤ ဃောသကကို ငါသည် အဘယ်သို့သော ပရိယာယ်ဖြင့် လီဆယ်ကြံအပ်၍ သတ်ရပါအံ့နည်း"ဟု စဉ်းစား ကြံစည်၍သာ နေသည်ရှိသော် ငါ၏ ပိုင်စားရာ ဖြစ်သော တစ်ရာသောရွာ၌ ငါ၏အမှုကို ပြုစုရွက်ဆောင်၍နေသော စာရင်း ကိုင်၏ အထံသို့ စေလွှတ်၍ ထိုဃောသကကို သတ်စေအံ့ဟု အကြောင်းထင် ထင် တွေးမြင်ရရှိသော် ဤသူငယ် သတို့သားသည် ငါ့အား ယုတ်မာစွာသော သားဖြစ်လေသည်၊ ဤသူငယ်ကို သတ်၍ ကျင်ကြီးတွင်း၌ ပစ်ချလိုက်ပါလေ။ ဤသို့ ငါမှာတိုင်း ပြုအပ်သည်ရှိသော် ငါသည် ဦးရီးအား ပေးကမ်းပြုစုဖွယ်နှင့် စပ်သည်ကို သိပါအံ့ဟု ထိုစာရင်းကိုင် သေဋ္ဌေးယ်အား မှာစာကမ္ပည်းကို ရေးပြီးလျှင် ချစ်သား ဃောသက၊ ငါတို့ ပိုင်စားရာဖြစ်သော တစ်ရာသော ရွာ၌ စာရင်းကိုင်ဖြစ်သော သေဋ္ဌေးယ်သည် ရှိ၏၊ ဤကမ္ပည်းမှာစာကို ဆောင်ယူ၍ ထိုစာရင်းကိုင်သေဋ္ဌေးယ်အား ပေးအပ်လေလော့ဟု မှာထား ပြောဆို၍ ကမ္ပည်းမှာစာကို ထိုဃောသက၏ ပုဆိုးစွန်း၌ ဖွဲ့ချည်လိုက်၏။ ထိုဃောသကသည်ကား အက္ခရာ မှာစာ၏ အယူအလိုကို မသိလေ။ ထိုစကား မှန်၏။ ပျိုမျစ်နုနယ် ငယ်သော ကာလမှစ၍ ထိုဃောသက သတို့သားကို

သတ်ဖြတ်စေလျက်သာလျှင် သေဋ္ဌေးကြီးသည် သတ်ခြင်းငှါ မစွမ်းနိုင်ဘဲသာ ရှိရလေသည်သာ။ အဘယ်မှာလျှင် အကျွာရာ အယူသမယ ဖတ်ရွတ်လိမ့်မှာ ရအောင် သင်စေပါအံ့နည်းဟု ၎င်းဒဉ္ဇကထာ၌ မိန့်တော်မူ၏။

## ဘောသေဋ္ဌေးသမီး

ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ထိုဃောသကသည် မိမိအား သတ်လတ္တံ့သော စာကိုသာလျှင် ပုဆိုးစွန်း၌ ဖွဲ့ချည်လျက် အိမ်မှထွက်ပြီးလျှင် ဖခင် အကျွန်ုပ်အား လမ်း၌စားသုံးစရာ ရိက္ခာမရှိပါဟု ဆို၏။ သေဋ္ဌေးကြီးက ချစ်သား လမ်း၌ စားသုံးစရာ ရိက္ခာဖြင့် ပြုဖွယ်မရှိပေ။ ခရီးအကြား ဤအမည်ရှိသော ရွာ၌ ငါ၏အဖော် ခင်ပွန်းဖြစ်သော သေဋ္ဌေးသည် ရှိ၏။ ထိုသေဋ္ဌေး၏အိမ်၌ နံနက်စာ စားခြင်းကိုပြု၍ ရှေ့သို့သွားလေလော့ဟု ဆို၏။ ဃောသက သတို့သားလည်း ကောင်းလှပါပြီ ဝန်ခံ၍ ဖခင်ကိုရှိခိုးပြီးလျှင် အိမ်မှထွက်၍ ခရီးစဉ်အတိုင်း လာခဲ့သည်ရှိသော် ဖခင်မှာထားလိုက်သော ထိုရွာသို့ရောက်၍ သေဋ္ဌေး၏အိမ်ကို မေးပြီးလျှင် သေဋ္ဌေး၏မယားကို တွေ့မြင်၍ ထိုဃောသက သတို့သားကို ဘယ်အရပ်မှ လာခဲ့ပေသနည်းဟု မေးသည် ရှိသော် မြို့တွင်းမှ လာခဲ့ကြောင်းကို ပြန်ကြားပြောဆို၏။

အမောင်သည် အဘယ်သူ၏ သားပေနည်းဟု မေးပြန်သော် မိခင် အသင်တို့၏အဖော် အဆွေခင်ပွန်းဖြစ်သော သေဋ္ဌေး၏ သားပါတည်းဟု ပြောကြားလျှင် ဃောသက သတို့သားမည်သည် အမောင်လုလင်ပင် ဖြစ်ပေသလောဟု မေးသဖြင့် မိခင် ဩော်-ဟုတ်ပါပေ၏ဟု ပြော၏။ ထိုဃောသကသတို့သားကို မြင်သည်၏ တစ်ပြိုင်နက်သာလျှင် သေဋ္ဌေး၏မယားအား သားတည်းဟူသော ချစ်ခြင်းသည် ဖြစ်ပေ၏။

## သေဋ္ဌေးသမီး၏ ချစ်မေတ္တာ

သေဋ္ဌေးအား တစ်ဆယ့်ငါးနှစ်၊ တစ်ဆယ့်ခြောက်နှစ် အရွယ်ရှိသော သမီး တစ်ယောက်ရှိ၏၊ အလွန် အဆင်းလှအံ့၊ ကြည့်ရှုစဖွယ် ကြည်ညိုဖွယ်လည်း ရှိ၏၊ ထိုသေဋ္ဌေးသမီးကို စောင့်ရှောက်ခြင်းငှါ တစ်ယောက်တည်းသာလျှင် ဖြစ်သော ခိုင်းစေရာ ကျွန်မကို ပေး၍ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်ပြင် ကျက်သရေရှိသော တိုက်ခန်း၌ နေစေကုန်၏။ သေဋ္ဌေးသမီးသည် ထိုခဏ၌ ကျွန်မကို အိမ်ဈေးသို့ စေလွှတ်၏။ ထိုအခါ ကျွန်မကို သေဋ္ဌေး၏ မယားမြင်၍ အဘယ်အရပ်သို့ သွားမည်နည်းဟု မေးလျှင် အရှင်မ၏သမီးသည် စေခိုင်းအပ်သဖြင့် အိမ်ဈေးသို့ သွားပါမည်ဟု ဆိုသည်ရှိသော် ဤအရပ်သို့

ဦးစွာလာလှည့်ပါလော့။ သင်၏ အရှင်မ စေလွှတ်သည်ကို ရှိပါစေဦး။ ငါ၏ သားအား အင်းပျဉ်ကိုခင်းပြီးမှ ခြေတို့ကိုဆေးပြီးသော် ဆီဖြင့် လိမ်းကျံသော် အိပ်ရာကို ခင်း၍ ပေးခဲ့ပါဦးလော့။ နောက်မှ အသင်၏ အရှင်မ စေခိုင်းသည်ကို ပြုပါဘိလော့ဟု ဆို၏။

ကျွန်မသည် သေဋ္ဌေး၏မယား ခိုင်းစေတိုင်းသော အမှုကိစ္စ ဟူသမျှတို့ကို တစ်စမကျန် ပြုပေ၏။ ထိုအခါ ကြာမြင့်မှပြန်လာသော ကျွန်မကို သေဋ္ဌေးသမီးက ကြာမြင့်ရသလော ဟူ၍ ခြိမ်းခြောက်၏။ ထိုသို့ ခြိမ်းခြောက်မောင်းမဲသော် ကျွန်မက သေဋ္ဌေးသမီးကို အရှင်မ အကျွန်ုပ်အား အမျက်မထွက်ပါလင့်။ သေဋ္ဌေးသား ဃောသကသည် လာရောက်သောကြောင့် အရှင်မ၏မိခင်သည် ဤသို့ ဤသို့သောအမှုကို ခိုင်းစေသဖြင့် အလုံးစုံသော အမှုကိစ္စကို ပြုစုပြီးမှ အိမ်ဈေးသို့သွား၍ ပြန်ခဲ့ရလေသည်။ ထိုကြောင့် ကြာမြင့်ပါသည်ဟု ပြော၏။

သေဋ္ဌေးသမီးသည် သေဋ္ဌေးသား ဃောသကဟူသောအမည်ကို ကြားတည့် လျှင်ပင် ချစ်ခင်ခြင်းသည် အရေစသည်တို့ကိုဖြတ်၍ ရိုးတွင်းခြင်ဆီကို ထိခိုက်၍ တည်၏။ ဒ. ဘယ်ကြောင့်နည်းဟူမူ ရှေးဘဝဝယ် ကောတုဟလဖြစ်စဉ်၌ ထိုသေဋ္ဌေးသမီးသည် ဃောသက သတို့သား၏ မယားဖြစ်၍ တစ်ကွမ်းစား ချက်သော ထမင်းကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ပေးလှူဆက်ကပ်၏။ ထိုကောင်းမှု၏အာနုဘော်ဖြင့် တမလွန်ဘဝ ပြောင်းကြွခဲ့၍ ဤသေဋ္ဌေးမျိုး၌ ဖြစ်လေ၏။ ထိုကြောင့် သေဋ္ဌေးသမီးကို ထိုသို့သောရှေး၌ ဖြစ်ဖူးသော ချစ်ခင်စုံမက် နှစ်သက်ခြင်းသည် လွှမ်းမိုး၍ယူလေ၏။

ထိုကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဤဂါထာကို ဟောတော်မူ၏—

> ပုဗ္ဗေ၀ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
> ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံ၀ ယထောဒကေ။

ငါ့သားမြတ်တို့ ရှေးရှေးဘဝ၌သာလျှင် ပေါင်းသင်းကြည်ဖြူ အတူတကွနေဖူးသဖြင့်လည်းကောင်း၊ ပစ္စုပ္ပန်ဘဝ၌ စောင်မ ဖွံ့ဖြိုး အကျိုးစီးပွားကို ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း ဤသို့ပြထား ကြောင်းနှစ်ပါးကြောင့် ထိုသို့ထင်ထင်မြင်လျှင်မြင်ချင်း ပြင်းစွာသော ချစ်ခြင်းသည် အမှန်စင်စစ်ဖြစ်ခဲ့ပေ၏။ ဥပမာဆို အဘယ်လိုနည်းဟူမူကား

အေးမြသွင်သွင် ရေအပြင်၌ ရန့်ထင်းစွာ ကြာသည် ပေါက်ရောက်ကြီး
စွာ ဖြစ်ပွားလာသို့ ပမာနိုင်းယှဉ် ထိုအတူ ချစ်ခင်နှစ်သက် စုံမက်ခြင်း
သည် အမှန်စင်စစ် ဖြစ်ပါပေ၏။

ထိုအခါ သေဋ္ဌေးသမီးက ကျွန်မကို မိခင် ထိုဃောသက သေဋ္ဌေးသားကား ယခု အဘယ်မှာနည်းဟု မေး၏။ အရှင်မ အိပ်ရာ၌ လျောင်းလျက် အိပ်နေပါသည်ဟူ၍ဆိုလျှင် ထိုသေဋ္ဌေးသား၏လက်ထဲ၌ တစ်စုံတစ်ခုသော ဝတ္ထုသည် ရှိပါသလောဟုမေးသဖြင့် ပုဆိုးစွန်း၌ ကမ္ပည်းစာရှိပါသည်ဟု ပြောလျှင် သေဋ္ဌေးသမီးသည် ဤကမ္ပည်းစာသည်ကား အဘယ်သို့သော အကြောင်းကို မှာထားသော ကမ္ပည်းစာ ဖြစ်လေသနည်းဟု ဃောသက သေဋ္ဌေးသားသည် အိပ်၍နေသည်ရှိသော် မိခင်ဖခင်တို့ တစ်ပါးကို နှလုံးသွင်းသည်ဖြစ်၍ မမြင် ကန်စဉ် အောက်သို့ သက်ဆင်းပြီးလျှင် ထိုကမ္ပည်းစာကို ဖြေချွတ် ယူငင်၍ မိမိ၏တိုက်ခန်းသို့ဝင်ပြီးသော် တံခါးကိုပိတ်ပြီး လေသာပြူတင်းကို ဖွင့်လှစ်၍ အက္ခရာ အယူဝါဒ ဖတ်ရွတ်ယူဆခြင်း၌ လိမ္မာလှသဖြင့် ကမ္ပည်းစာကို ဖတ်ရွတ် ကြည့်ရှုပြီးသော် "ဩော်–အံ့ဖွယ်ရှိလေစွတကား။ ဤသူ့မိုက်သည် မိမိ၏ သေလတ္တံ့သော ကမ္ပည်းစာကို ပုဆိုးစွန်း၌ ဖွဲ့ချည်ပြီး လှည့်လည်လေသည် တကား၊ ငါသည် အကယ်၍ မတွေ့မမြင်ခဲ့အံ့ ထိုသူ၏အသက်သည် ရှိတော့ မည်မဟုတ်"ဟု ကြံပြီးမှ ထိုကမ္ပည်းမှာစာကို ဆုတ်ဖျက် ခွဲဖြတ်ပြီးလျှင်း သေဋ္ဌေးကြီး၏ စကားဖြင့် တစ်ပါးသော ကမ္ပည်းမှာစာကို ရေးသားသည်ကာ "ဤသတို့သားသည် ငါ၏သားဖြစ်သော ဃောသက အမည်ရှိသောသူတည်း။ ထိုသတို့သားကို ငါ၏ပိုင်စားရာ ရွာတစ်ရာမှ လက်ဆောင်ကို ယူဆောင်စေ၍ ဤအမည်ရှိသော ဇနပုဒ် သေဋ္ဌေး၏သမီးနှင့် အတူတကွ ထိမ်းမြား လက်ထပ် ခြင်း မင်္ဂလာကို ပြုပြီးလျှင် မိမိနေရာဖြစ်သော ရွာ၏အလယ်၌ ဘုံနှစ်ဆင့်ရှိသော အိမ်ကို ပြုစေ၍ တံတိုင်းဝန်းရံခြင်းဖြင့်လည်းကောင်း, ယောကျာ်းတို့ အစောင့် အရှောက်ဖြင့်လည်းကောင်း ကောင်းစွာစီမံလျက် စောင့်ရှောက်ခြင်းကို ပြုပါ လော့။ ငါ့အားလည်း ဤသို့ ဤသို့သောအမှုကို အကျွန်ုပ်သည် ပြုအပ်သည်ဟူ၍ သတင်းစကား ပြန်ကြားပို့လွှတ်လိုက်ပါလော့။ ဤသို့ ပြုအပ်သည်ရှိသော် ငါသည် ဦးရီးအား ပြုခြင်းငှါသင့်လျော် လျောက်ပတ်သည်ကို သိပါအံ့" ဟု တစ်ဖန်ရေးသား၍ ပြုပြီးလျှင် ဃောသက သေဋ္ဌေးသား၏ ပုဆိုးစွန်း၌သာလျှင် ဖွဲ့ချည်ပေ၏။

## လက်ထပ်မင်္ဂလာ

ထိုဃောသကသည် နေ့အဖို့ကိုအိပ်ပြီးမှ အိပ်ရာမှထပြီးလျှင် ခဲဖွယ်ဘောဇဉ် ကို စားသောက်ပြီး၍ ဖယ်သွားလေ၏။ တစ်ဖန် နက်ဖြန်မိုးသောက်ရောက်သော နေ့၌ နံနက်စောစောကပင်လျှင် ထိုရွာသို့သွား၍ စာရင်းကိုင် သေဋ္ဌေးငယ်သည်

ရွာ၌အမှုကိစ္စကို ပြုလျက်ပင်လျှင် တွေ့မြင်လေ၏။ ထိုစာရင်းကိုင် သေဋ္ဌေးငယ်သည်မှာသော်ကား သေဋ္ဌေးသားကို မြင်၍ အမောင် အဘယ်နည်းဟု မေးသော် အကျွန်ုပ်၏ဖခင်သည် အသင်တို့၏ထံသို့ ကမ္ပည်းစာကို ပို့စေအပ်သတည်းဟု ပြောလျှင် အမောင် ကမ္ပည်းစာ အဘယ်မှာနည်း ဆောင်ယူခဲ့လော့ဟုဆို၍ သေဋ္ဌေးငယ်သည် ကမ္ပည်းစာကို ယူပြီးလျှင် ဖတ်၍ နှစ်သက်ကြည်ရွှင်သော စိတ်ရှိသဖြင့် အို…အချင်းတို့ ငါ၏အရှင်သည် ငါ့၌ချစ်ခင်သည်ကို အသင်တို့ ရှုကြပါကုန်လော့၊ သားကြီး၏မင်္ဂလာကို ပြုစေသတည်းဟု ငါ၏ထံသို့စေလွှတ်လိုက်ပေ၏။ လျင်မြန်စွာ သစ်စားသည်တို့ကို ဆောင်ယူခဲ့ကြလော့ဟု လက်အောက်ဖြစ်ကုန်သော သေဋ္ဌေးငယ်တို့ကို ပြောဆို၍ ရွာ၏အလယ်၌ ဆိုအပ်ခဲ့ပြီးသော အခြင်းအရာရှိသော အိမ်ကို ပြုစေပြီးလျှင် ရွာတစ်ရာမှ လက်ဆောင်ကို ဆောင်ယူစေ၍ ဇနပုဒ်သေဋ္ဌေးသမီးကို ဆောင်ယူပြီးလျှင် ထိမ်းမြားလက်ထပ်ခြင်းမင်္ဂလာကို ပြုပြီး၍ သေဋ္ဌေးကြီးအား ဤသို့ဤသို့သော အမှုကို ငါသည်ပြုအပ်ပြီဟူ၍ သတင်းစကားကို ကြားသိစေလွှတ်လိုက်၏၊ ထိုသို့ ပေးပို့လိုက်သော သတင်းစကားကို ကြား၍ သေဋ္ဌေးကြီးအား "အကြင်အမှုကို ငါသည်ပြု၏၊ ထိုသို့ပြုသော အမှုအပြစ်သည် တစ်ရံတစ်ဆစ်မျှ မဖြစ်ဘဲ၊ အကြင်အမှုကို ငါသည်မပြုပေ၊ ထိုမပြုသော အမှုသည်သာလျှင် ဖြစ်လေဘိတော့သည်"ဟူ၍ ကြီးကျယ်စွာသော နှလုံးမသာယာခြင်း ဒေါသသည် ဖြစ်ပွားလေ၏။ သား၌ဖြစ်သော သောကနှင့်တကွ နှလုံးမသက်သာသော သောကသည် တစ်ပေါင်းတည်းဖြစ်၍ ဝမ်းတွင်း၌ နှလုံးသွေး, နှလုံးသား ပူလောင်ခြင်းကို ဖြစ်စေ၍ လွန်ကဲထက်မြက်သော ဝမ်းလားခြင်းကို ဖြစ်စေ၏။

## သေဋ္ဌေးကြီးက လူလွှတ်၍ ခေါ်ခြင်း

သေဋ္ဌေးသမီးသည်လည်း သေဋ္ဌေးကြီး၏အထံမှ တစ်စုံတစ်ယောက်သော သူသည် အကယ်စင်စစ် လာသည်ဖြစ်ခဲ့အံ့၊ ငါ့အားမပြောကြားမူ၍ သေဋ္ဌေးသားအား ရှေးဦးစွာ မပြောမဆိုကြလင့်ဟု စေခိုင်းမှာထား၏။ သေဋ္ဌေးကြီးသည်လည်း "ဤယခုအခါ၌ ထိုကြမ်းကြုတ်ခက်မာ ဆိုးနိုင်ခဲစွာသော သားကို ငါ၏ ပစ္စည်းဥစ္စာ ရတနာအနှစ်၏အရှင်ကို မပြုပေအံ့"ဟု ကြံပြီးလျှင် တစ်ယောက်သော စာရင်းကိုင် အမှုဆောင်သောသူကို ဦးရီး၊ ငါ၏သားကို ကြည့်ရှုခြင်းငှာ အလိုရှိ၏၊ တစ်ယောက်သော ခြေရင်းအလုပ်အကျွေးကို တစ်ခုသောကမ္ပည်းမှာ စာရေးသားပြီးလျှင် စေလွှတ်၍ ငါ၏သားကို ခေါ်စေလော့ဟု ဆို၏။ ထိုအမှုဆောင် စာရင်းကိုင်လည်း ကောင်းပါပြီ ဝန်ခံပြီးသော် ကမ္ပည်းစာကို ရေးသား၍ ပေးအပ်ပြီးလျှင် ယောကျ်ားတစ်ယောက်ကို စေလွှတ်လိုက်၏။ သေဋ္ဌေးသမီးသည် စေခိုင်းသူ အိမ်တံခါး၌ ရောက်ထည့်သည်၏အဖြစ်ကို

ကြွားသံ၍ ခေါ်စေပြီးသော် အမောင် အဘယ်သို့သော ကိစ္စပေနည်းဟု စစ်မေး၏။ စေလွှတ်အပ်သောသူက အရှင်မ သေဋ္ဌေးကြီးသည် မကျန်းမမာရောဂါစွဲကပ်ပေ၏။ သားကို ကြည့်ရှုခြင်းငှါ ခေါ်စေပါသည်ဟု ပြောဆို၏ အမောင် ရောဂါစွဲကပ်၍ မကျန်းမမာသော ဖခင်သည် အားရှိပါသေးသလော၊ အားနည်းပြီလောဟု မေး၏။ အရှင်မ ခွန်အားကြီးလှပါသေး၏။ အစာအာဟာရကိုလည်း စားသောက်ပါသေး၏ဟု ပြန်ကြားပေ၏။ သေဋ္ဌေးသမီးသည် ဃောသက သေဋ္ဌေးသားကို မသိစေမူ၍သာလျှင် စေခိုင်းအပ်သော တမန်အစား အဝတ် အစား ဆိပ်ရာနေရာ ရိက္ခာကိုပေးစေ၍ ငါသည် စေလွှတ်အပ်သောအခါမှ သွားပါလော့၊ ယခုဆိုင်းငံ့၍ နေပါဦးဟု ပြောဆိုမှာထား၏။

သေဋ္ဌေးကြီးသည် တစ်ဖန် အမှုဆောင်စာရင်းကိုင်ကို ဦးရိး အသို့နည်း၊ အသင်ဘည် ငါ၏သားအထံသို့ မစေလွှတ်ဘဲ ရှိလေသလောဟု ဆိုပြန်၏။ အရှင် အကျွန်ုပ်သည် စေလွှတ်ပါ၏။ စင်စစ်မူကား သွားသော ယောကျ်ားသည် မပြန်လာသေးပါဟု ပြောသော် ထိုသို့ဖြစ်လျှင် တစ်ဖန် တစ်ပါး တစ်ယောက်သောသူကို စေလွှတ်ဦးလော့ဟု ဆို၏။ အမှုဆောင်စာရင်းကိုင်လည်း စေလွှတ်လိုက်၏။ သေဋ္ဌေးသမီးသည် ထိုနှစ်ကြိမ်မြောက် စေလွှတ်အပ်သော တမန်ယောကျ်ားကိုလည်း လုပ်ကျွေးပြုစု တားမြစ်၍ထား၏။

ထိုအခါ သေဋ္ဌေးကြီးအား အနာရောဂါသည် ပြင်းစွာအားကြီး ဖြစ်ပွား၏။ တစ်ခုသော အညစ်အကြေး စွန့်ရာဖြစ်သော အိုးကို ထည့်သွင်းရသည်ရှိသော် တစ်ခုသောအိုးကို ထုတ်ရ၏။ တစ်ဖန် သေဋ္ဌေးကြီးက အမှုဆောင် စာရင်းကိုင်ကို ဦးရိး အသင်သည် ငါ၏သားအထံသို့ အဘယ့်ကြောင့် တမန်ကို မစေလွှတ်သနည်းဟု မေးပြန်၏။ အရှင် အကျွန်ုပ်သည် စေလွှတ်ပါ၏။ စင်စစ်မူကား သွားသော ယောကျ်ားသည် မပြန်လာသေးပါဟု ပြောသော် ထိုသို့ဖြစ်လျှင် တစ်ဖန် တစ်ပါးတစ်ယောက်သော သူကို စေလွှတ်လိုက်ပါဦးလောဟု ဆိုသဖြင့် အမှုဆောင် စာရင်းကိုင်သည် စေလွှတ်လိုက်ပြန်၏။ သေဋ္ဌေးသမီးသည် သုံးကြိမ်မြောက် လာရောက်သည်လည်းဖြစ်သော တမန်ကို ထိုအတူသာလျှင် အကြောင်းအလုံးစုံကို အကုန်အစင် စစ်မေးပြန်၏။ စေလွှတ်အပ်သော တမန်ကလည်း အရှင်မ ပြင်းထန်စွာသော အနာရောဂါ ဖြစ်ပွားပါသည်။ သေဋ္ဌေးကြီးသည် အစာအာဟာရကို ပယ်ဖြတ်၍ သေခြင်းလျှင် လည်းလျောင်းရာရှိသည် ဖြစ်ပါလေပြီ။ အညစ်အကြေး ထည့်ရာဖြစ်သော တစ်ခုသောအိုးကို ထုတ်ရသည်ရှိသော် တစ်ခုသောအိုးကို သွင်းရ၏ဟု ပြောကြား၏။

## သေဋ္ဌေးကြီးထံ သွားရောက်ကြခြင်း

သေဋ္ဌေးသမီးသည် "ဤယခုသည်ကား သွားအံ့သောအခါ တန်ချေပြီ" ဟု ကြံ၍ သေဋ္ဌေးသားအား အရှင်၏ ဖခင်သည် မကျန်းမမာ ရောဂါစွဲကပ်ဖြစ်ပွားသည်ဟု ပြောကြားစဉ် ချစ်နှမ အဘယ်ကို ပြောဆိုသနည်းဟု ဆိုသည်ရှိသော် အသင်၏ အဖသည် မချမ်းမသာခြင်း ဖြစ်လေသည်ဟု ပြန်ပြောသဖြင့် ဤယခုအခါမှာ အဘယ်သို့ ပြုရပါမည်နည်းဟု မေးလျှင် ပိုင်စားရာ ရွာတစ်ရာမှ ကောင်းစွာ ဖြစ်မြောက်လာသော လက်ဆောင်ကို ယူသွားပြီးလျှင် ထိုဖခင်ကို ဖူးမြင်ကြကုန်အံ့ဟု ဆို၏၊ ယောသက သေဋ္ဌေးသားသည် ကောင်းပြီဟု နှစ်သက်ဝန်ခံ၍လက်ဆောင်ကို ဆောင်စေပြီးလျှင်လှည်းတို့ဖြင့် တိုက်ယူ၍ ဖဲသွားလေ၏။ ထိုနောက်မှ ဃောသက သေဋ္ဌေးသားကို သေဋ္ဌေးသမီးက ချစ်လင် အရှင်၏ဖခင်သည် ခွန်အားနည်းပါး ကြီးပွားသော ရောဂါဖြစ်လေသည်။ ဤမျှ အတိုင်းအရှည်ရှိသော လက်ဆောင်ကို ယူဆောင်၍ သွားရလေကုန်သော ငါတို့အား ကြာမြင့်ခြင်း ဖြစ်ပေလိမ့်မည်။ ဤလက်ဆောင် အလုံးစုံကို ဆုတ်နစ်ပြန်တည်စေလော့ ဆို၍ ထိုလက်ဆောင် အလုံးစုံကို မိမိ၏ အမျိုးအိမ်သို့ စေလွှတ်ပို့တင်စေပြီးသော် တစ်ဖန် ဃောသက သေဋ္ဌေးသားကို အရှင် အသင်သည် မိမိဖခင်၏ ခြေရင်း နံပါးအဖို့၌ တည်နေပါလော့။ ကျွန်တော်မသည် အသင်ဖခင်၏ ဦးခေါင်းရင်း နံပါးအဖို့၌ တည်နေပါအံ့ဟု မှာထား ပြောဆို၏။ အိမ်သို့ ဝင်ရောက်သောအခါလည်း အိမ်၏ အရှေ့အနောက် အရပ်မှ အစောင့်အရှောက်ကို ပြုကြ ယူကြကုန်လော့ဟု မိမိ၏ အစေအပါး ယောကျ်ားတို့ကို စေခိုင်း၏။

အိမ်သို့ ဝင်ရောက်သောအခါ၌ကား သေဋ္ဌေးသား ဃောသကသည် အဖ၏ ခြေရင်းနံပါး၌ တည်နေ၏။ သေဋ္ဌေးသမီးသည် ဦးခေါင်းရင်း နံပါးအဖို့၌ ထိုင်နေ၏။ ထိုခဏ၌ သေဋ္ဌေးကြီးသည် ပက်လက် အိပ်နေ၏။ အမှုဆောင် စာရင်းကိုင်သည် သေဋ္ဌေးကြီး၏ ခြေတို့ကို ဆုတ်နယ်လျက် အရှင်သေဋ္ဌေးမင်း အရှင်၏သားသည် ရောက်လာပါပြီဟူ၍ ပြော၏။ ထိုဃောသကသည် အဘယ်မှာနည်းဟု မေးက အရှင်သားသည် အရှင်၏ ခြေရင်း၌ တည်နေပါသည်ဟု ပြော၏။ ထိုအခါ ဃောသကလုလင်ကို မြင်၍ စာရင်းကိုင်ကို ခေါ်ပြီးလျှင် ငါ၏အိမ်၌ ပစ္စည်းဥစ္စာသည် အဘယ်မျှလောက် ရှိလေသနည်းဟု မေးလျှင် အရှင် ရွှေ, ငွေတည်းဟူသော ဥစ္စာ၏သာလျှင် ကုဋေလေးဆယ် ရှိပါကုန်သည်။ နေ့တိုင်းမပြတ် သုံးဆောင် ခံစားအပ်သော အဆောက်အဦ, ဥစ္စာဘဏ္ဍာတို့၏ လည်းကောင်း၊ တောရွာ, လယ်, ကျွန်, နွား, ကျွဲ, ဆင်ယာဉ်, မြင်းယာဉ်, လှည်းတို့၏လည်းကောင်း ဤမျှသော အပိုင်းအခြား ရှိလေ

သတည်းဟူ၍ ပြောဆိုသည်ရှိသော် ဤမျှအကုန် အလုံးစုံသော ပစ္စည်းဘဏ္ဍာကို ငါ၏သားဖြစ်သော ဃောသကအား မပေးမကမ်းဟု ဆိုလိုလျက် ပေးကမ်းပါ၏ဟု ဆိုမိလေ၏။

ထိုစကားကို ကြားသော် သေဋ္ဌေးသမီးသည် "ဤသေဋ္ဌေးကြီးသည် တစ်ဖန် ပြောဆိုပြန်သည်ရှိသော် တစ်ပါးသော တစ်စုံတစ်ခုသော စကားကို ဆိုရာ၏" ဟု သေဋ္ဌေးသမီးသည် စိုးရိမ်ပူပန်ခြင်းဖြင့် ထိုးကျင့် နှိပ်စက်ဘိသကဲ့သို့ ဆံတို့ကိုကြဲ၍ ငိုမြည်တမ်းလျက် သခင်သေဋ္ဌေး အဘယ်သို့သော အကြောင်းကြောင့် ဤစကားကို ဆိုတော်မူဘိကုန်သနည်း၊ အရှင်သေဋ္ဌေးတို့၏ ဤအမှည်ရှိသော စကားကို ကြားနာရကုန်ဘဲ့။ ထိုစကားတို့ကို ကြားနာရသဖြင့် အကျွန်ုပ်တို့အား ဘုန်းကျက်သရေ မရှိကုန်ဟု ဆိုလျက် ဦးခေါင်းဖြင့် ထိုသေဋ္ဌေးကြီးကို ရင်လယ်၌ ပုတ်ခတ်တိုးဝှေ့ကျရောက်လျက် အကြင်သို့သော အခြင်းအရာဖြင့် ပြုသည်ရှိသော် တစ်ဖန် ပြောဆိုအံ့သောငှါ မစွမ်းနိုင်၊ ထိုသို့သော အကြောင်းအချင်းအရာဖြင့် သေဋ္ဌေးကြီး၏ ရင်လယ်၌ ဦးထိပ်ဦးခေါင်းဖြင့် တိုက်နိုက်လျက် ငိုကြွေးမြည်တမ်းခြင်းကို ပြုလေ၏။ သေဋ္ဌေးကြီးသည် ထိုခဏ၌သာလျှင် သေလွန်ခြင်းကို ပြုပေ၏။

## သေဋ္ဌေးကြီးရာထူး ခန့်အပ်ခြင်း

ထိုသေဋ္ဌေးကြီးသည် သေလွန်ပြောင်းကြွသည် ရှိသော် ဥဒေနမင်းကြီးအား ကြားလျှောက်ကုန်၏။ မင်းကြီးသည် သေဋ္ဌေးကြီး၏ ရုပ်အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ခြင်းအမှုကို ပြုစေ၍ ထိုသေဋ္ဌေးကြီးအား သားသည်လည်းကောင်း၊ သမီးသည် လည်းကောင်း ရှိသလောဟု မေး၏။ အရှင်မင်းမြတ် ဃောသကမည်သော ထိုသေဋ္ဌေးကြီး၏ သားသည် ရှိပါသည်၊ အလုံးစုံသော ဥစ္စာနှစ်ကို သားဖြစ်သော ထိုဃောသကအား ဆောင်နှင်းအပ်၍သာလျှင် သေလွန်ပါသည်ဟု လျှောက်ကြားကုန်၏။ မင်းကြီးသည် နောက်အဖို့၌ သေဋ္ဌေးသားကို ခေါ်စေ၏။ ထိုခေါ်သောနေ့၌ မိုးသည် ရွာ၏။ မင်းရင်ပြင်ဝယ် ထိုထိုသို့သော အရပ်၌ မိုးရေသည် တည်နေ၏။ သေဋ္ဌေးသားသည် မင်းကြီးကို ဖူးမြော်အံ့ဟု သွားလေသောအခါ မင်းကြီးသည် လေသာပြူတင်းကို ဖွင့်လှစ်၍ ရှေး႑လာသော ထိုဃောသကသေဋ္ဌေးသားကို ကြည့်ရှုသည်ရှိသော် မင်းရင်ပြင်၌ ရေအိုင်ငယ်ကို ခုန်လွှား၍လာသော ထိုဃောသကသတို့သားကို မြင်၍ လာရောက်ပြီး ရှိခိုး၍တည်နေသော ဃောသက သေဋ္ဌေးသားကို အမောင်လုလင် ဃောသက အမည်ရှိသောသူသည် အသင်ပေလောဟု မေး၍ အရှင်မင်းမြတ် ဩော်-ဟုတ်ပါပေ၏ဟု လျှောက်ကြားသည်ရှိသော် ဖခင်သည် သေခွင်ပြောင်းကြွ ဝင်သွားရသည်ဟူ၍ လျှောက်သော် အသင်၏ဖခင်

သည် သေခွင်ပြောင်းကြွင်သွားရသည်ဟူ၍ မစိုးရိမ် မကြောင့်ကြလေလင့်၊ အသင်ဖခင်၏ အမွေဖြစ်သော သေဌေး၏အရာကို အသင်အားသာလျှင် ငါ ပေးသနားတော်မူမည်ဟု ဃောသကကို သက်သာရာရစေ၍ အမောင် သွား လေတော့ဟု လွှတ်လိုက်၏။ မင်းကြီးသည် အစဉ်အတိုင်း ပြန်သွားသော ဃောသကကို ကြည့်ရှုလျက်သာလျှင် ရပ်တည်၏။ ထိုဃောသကသည် လာခဲ့ သောအခါ၌ ခုန်လွှားခဲ့သော ရေအိုင်ငယ်ကို ပြန်သွားသောအခါ ဆင်းသက် ၍ သွား၏။ ထိုဃောသကကို မင်းကြီးသည် ထိုအရပ်မှသာလျှင် ခေါ်စေ၍ အချင်းလုလင် အဘယ့်ကြောင့်နည်း အသင်သည် ငါ၏အထံသို့ လာသည်ရှိသော် ရေ အိုင်ငယ်ကို ခုန်လွှား၍ လာခဲ့၏။ ပြန်သွားသော အခါ၌မူကား သက်ဆင်း၍ သွားဘိသည်မှာ အကြောင်း အဘယ့်နည်းဟု မေးတော်မူ၏။ အရှင်မင်းမြတ် ဩော်- ဟုတ်ပေ၏။ အကျွန်ုပ်သည် ထိုဓဏ္ဍ သူငယ်ဖြစ်သောကြောင့် ကစား ခုန်လွှား၍ သွားလေ့ရှိသောအခါ မည်ပါသည်။ ဤယခုအခါ၌မူကား အကျွန်ုပ် အား အရှင်မင်းမြတ်သည် ရာထူးဌာနန္တရကို ပေးသနားတော်မူသောအား ဖြင့် ကြားတော်မူအပ်၏။ ထို့ကြောင့် ရှေးကကဲ့သို့ သွားလာခြင်းကို မပြုကျင့် မူ၍ ယခုအခါ၌ ဖြည်းညင်းသက်သာ သိမ်မွေ့စွာသော သဘောရှိသည်ဖြစ်၍ လှည့်လည်ခြင်းငှါအပ်၏ဟု ကြံဆင်ခြင်မိသောကြောင့် သွားလာခြင်း ဖြစ်ပါ သည်ဟူ၍ လျှောက်ထားလျှင် ထိုစကားကို ကြားသိတော်မူ၍ မင်းကြီးက "ဤ ယောကျ်ားသည်ကားပညာရှိပေ၏။ဤယခုအခါ၌သာလျှင်လုလင်အား သေဌေး ၏ရာထူးဌာနန္တရကို ပေးတော့အံ့"ဟု ကြံဆင်ခြင်တော်မူ၍ အဖသည် သုံးဆောင် ခံစားအပ်သော စည်းစိမ်ချမ်းသာကို ပေးသနားတော်မူ၍ အလုံးစုံသော အဆောက်အဦနှင့်တကွ သေဌေး၏ ရာထူးကို ချီးကျူးမြတ်လေး ပေးသနား တော် မူလိုက်၏။

## မယ်ကာဠီက ရှင်းပြရခြင်း

ထိုဃောသကသေဌေးသည် ရထား၌စီးနင်းလျက် မြို့ကို လက်ယာရစ် လှည့် လည်သည်ကို ပြု၏။ ဃောသကသေဌေး၏ ကြည့်ရှုတိုင်း ကြည့်ရှုတိုင်းသော အရပ်သည် တုန်လှုပ်၏။ သေဌေးသမီးသည် ကာဠီမည်သော ကျွန်မနှင့် အတူတကွ တိုင်ပင်ပြောဆို၍ နေကြကုန်သည်ရှိသော် မိခင်ကာဠီ အသင် သည် မွေးမြူအပ်သော အသင်သား ဃောသကအား ဤမျှ အတိုင်းအရှည်ရှိ သော စည်းစိမ်ချမ်းသာသည် ငါ့ကိုအမှီပြု၍ ဖြစ်လေသည် ရလေသည်ဟု ဆို၏။ အရှင်မ အဘယ်ကြောင့်ပေနည်းဟု မေးလျှင် မိခင် ဤသူသည် မိမိအားသတ် သော ကမ္ဗည်းမှာစာကို ပုဆိုးစွန်း၌ ဖွဲ့ချည်လျက် ငါတို့၏အိမ်သို့ လာရောက် ၏။ ထိုအခါ ငါသည် ထိုကမ္ဗည်းစာကို ဖောက်ခွဲဆုတ်ဖြဲပြီး ထိုဃောသက

အား ငါနှင့် အတူတကွ ထိမ်းမြားဆောင်နှင်း မင်္ဂလာကို ပြုစိမ့်သော်ငါ တစ်ပါးသော ကမ္ပည်းစာကိုရေးသား၍ ဤမျှအတိုင်းအရှည်ရှိသော ကာလပတ်လုံး ထိုသူ၌ အစောင့်အရှောက်ကို ပြုရလေသတည်းဟူ၍ ဆို၏။ အရှင်ချစ်သမီး အသင်သည်ကား ဤမျှကိုသာ တွေ့မြင်ရလေသည်။ ဤသူကို သေဋ္ဌေးကြီးသည် ပျိုမျစ်နုနယ် ငယ်ရွယ်သောအခါမှစ၍ သတ်စေလျက် သတ်ခြင်းငှါ မစွမ်းနိုင်လေ။ သက်သက် ဤသူကို အမှီပြု၍ များစွာသော ဥစ္စာသည် ကုန်လေသည်ဟု ဆို၏။ မိခင် သေဋ္ဌေးကြီးသည် ငင်စစ်အားဖြင့် အလွန်ဝန်လေးသော အမှုကို ပြုမိလေသည်တကားဟု ဆို၍ မြို့ကို လက်ယာရစ် လှည့်လည်သည်ကိုပြု၍ အိမ်သို့ ဝင်ရောက်သောအခါ တစ်ဖန် ဃောသကသေဋ္ဌေးကိုမြင်၍ ဤမျှလောက်သော စည်းစိမ်ချမ်းသာသည် ငါ့ကိုအမှီပြု၍ ဖြစ်လေသည်ဟု အလွန် ရယ်ခြင်းကိုပြု၏။ ထိုအခါ သေဋ္ဌေးသမီးကို ဃောသကသေဋ္ဌေးသားက အဘယ်ကြောင့် ရယ်ရွှင်ခြင်းကို ပြုသနည်းဟု မေး၏။ တစ်ခုသော အကြောင်းကို အမှီပြု၍ ရယ်ရွှင်ပါသည်ဟု ပြော၏။ ထိုအကြောင်းကို ဆိုလော့ဟု မေးလျှင် သေဋ္ဌေးသမီးသည် မပြောမဆိုဘဲ နေ၏။ ဃောသကသေဋ္ဌေးသည် အသင် အကယ်၍ မပြောမဆိုသည်ဖြစ်အံ့၊ အသင်ကို နှစ်ပိုင်းနှစ်ပြ သတ်ဖြတ်အံ့ဟု သံလျက်ကို ဆွဲကိုင်ငင်ထုတ်၏။ သေဋ္ဌေးသမီးက အရှင် အသင်သည် ဤမျှအတိုင်းအရှည်ရှိသော စည်းစိမ်ချမ်းသာကို ငါ့ကို အမှီပြု၍သာ ရလေသည်ဟု ကြံဆင်ခြင်မိသောကြောင့် ရယ်ရွှင်မိပါသည်ဟု ပြော၏။ ဃောသကသေဋ္ဌေးက အကယ်စင်စစ်အားဖြင့် ပြောင်းသွားသေခွင် ငါ၏ဖခင်သည် မိမိ၏ဥစ္စာကို ငါ့အား ပေးအပ်ဆောင်နှင်းခဲ့၏၊ ဤသို့ပေးအပ် ဆောင်နှင်းခဲ့ရာ၌ အသင်ပြုအပ်သော လုံ့လ ဝီရိယကား အဘယ်မှာနည်းဟု ပြော၏။ "ထိုဃောသကသေဋ္ဌေးသားသည် ဤမျှလောက်သော ကာလပတ်လုံး တစ်စုံတစ်ခုကိုမျှ မသိ။ ထို့ကြောင့် သေဋ္ဌေးသမီးစကားကို မယုံကြည်လေသတည်း" ငင်းအဋ္ဌကထာ၌ မိန့်၏။

ထိုဃောသကသေဋ္ဌေးသားအား သေဋ္ဌေးသမီးသည် အရှင်တို့၏ ဖခင်သည် သတ်အပ်သော ကမ္ပည်းစာကို ရေးသား၍ ပေးပြီး စေလွှတ်အပ်ကုန်၏။ အသင်တို့ကို ငါသည် ဤသို့ဤသို့သော အမှုကိုပြု၍ စောင့်ရှောက်အပ်ကုန်သည်ဟု အလုံးစုံသော အကြောင်းကို ပြော၏။ အသင်သည် မဟုတ်မမှန်သော စကားကို ပြောဆိုလေသည်ဟု မယုံကြည်သောကြောင့် မိခင်ဖြစ်သော ကာဠီကို မေးအံ့ဟုကြံ၍ မိခင် အကျွန်ုပ်၏ ဖခင်ဖြစ်သော သေဋ္ဌေးသည် ဤသို့သောအမှုကို ပြုသောဟူသည် မှန်ပေသလောဟု မေး၏။ ချစ်သား ဪ-ဟုတ်ပေ၏။ ပျိုမျစ်နုနယ် ငယ်ရွယ်သောအခါမှစ၍ သင့်ကိုသတ်လိုသည်ဖြစ်၍ အားထုတ်ပါသော်လည်း သတ်ခြင်းငှါ မစွမ်းနိုင်ဘဲ သင်ချင်သားကို

အမိုပြု၍ များစွာသော ပစ္စည်းဥစ္စာသည် ကုန်လေသည် ဌာနနှစ်ပါးတို့၌ သင်ချစ်သားသည် သေခြင်းမှ လွတ်လေပြီ။ ဤယခုအခါ၌ ပိုင်စားရာဖြစ်သော ရွာမှလာလတ်၍ အလုံးစုံသော ပစ္စည်းဥစ္စာ အဆောင်အရွက်နှင့်တကွ သေဋ္ဌေး၏ နေထုံးသို့ ရောက်လေသတည်းဟု ပြော၏။ ဃောသကသေဋ္ဌေးသည် ထို စကားကို ကြားသိ၍ "ဤအမှုသည်ကား စင်စစ် ဝန်လေးစွတကား။ ဤသို့ သဘောရှိသော သေခြင်းမှ လွတ်ကင်းထမြောက်၍ လာခဲ့သော ငါ့အား မေ့လျော့သောအားဖြင့် ဇီဝိတိန္ဒြေကို မြင့်ရှည်စွာ တည်နေခြင်းငှာ မလျောက် ပတ် မမေ့မလျော့သည် ဖြစ်ပေအံ့"ဟု ကြံ၍ နေ့တိုင်းနေ့တိုင်း တစ်သိန်း တစ်သိန်းသော အသပြာတို့ကို စွန့်လွှတ်ပြီးလျှင် ခရီးသွားတို့အား လည်း ကောင်း၊ အထီးကျန်ကာ ဆင်းရဲစွာသောသူ ဒုစရိုသည်အား လည်းကောင်း လှူဒါန်းပေးကမ်းခြင်းကို ဖြစ်စေ၏။ ထိုဃောသကသေဋ္ဌေး၏ အလှူဝတ်ကို မိတ္တအမည်ရှိသော သူကြွယ်သည် ပြုစုစီရင်၍ ပေးကမ်းလှူဒါန်းပေ၏။ ဤကား ဃောသကသေဋ္ဌေး၏ ဝတ္ထုစကားစဉ်တည်း။

## ဘဒ္ဒဝတိ သေဋ္ဌေးကြီး

ထိုကာလ၌ ဘဒ္ဒဝတီပြည်ဝယ် ဘဒ္ဒဝတီမည်သော သေဋ္ဌေးသည် ဃောသက သေဋ္ဌေး၏ မတွေ့မမြင်ဖူးသော အဖော်အဆွေ ခင်ပွန်းဖြစ်၏။ ဘဒ္ဒဝတီပြည် မှ လာကြကုန်သော ကုန်သည်တို့၏ အထံ၌ ဃောသက သေဋ္ဌေးသည် ဘဒ္ဒဝတီ သေဋ္ဌေး၏ စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းကိုလည်းကောင်း၊ အရွယ် အသက် အပိုင်းအခြားကိုလည်းကောင်း ကြားသိ၍ ထိုဘဒ္ဒဝတီသေဋ္ဌေးနှင့် အတူတကွ အဖော်အဆွေခင်ပွန်းအဖြစ်ကို အလိုရှိသောကြောင့် လက်ဆောင်ကို ပို့စေ၏။ ဘဒ္ဒဝတီသေဋ္ဌေးသည်လည်း ကောသမ္ဗီ တိုင်းပြည်မှ လာရောက်ကုန်သော ကုန်သည်တို့၏ အထံ၌ ဃောသကသေဋ္ဌေး၏ စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းကို လည်းကောင်း၊ အရွယ် အသက် အပိုင်းအခြားကို လည်းကောင်း ကြားသိ၍ ထိုသူနှင့်အတူတကွ အပေါင်းအဖော် အဆွေခင်ပွန်း၏ အဖြစ်ကို အလိုရှိ သောကြောင့် လက်ဆောင်ကို ပို့လွှတ်၏။ ဤသို့သော အကြောင်းအရာဖြင့် ထို သေဋ္ဌေးနှစ်ဦးတို့သည် အချင်းချင်း မမြင်ဖူးသော အဖော်အဆွေ ခင်ပွန်း ဖြစ်၍သာလျှင် နေကြကုန်၏။ နောက်အဖို့ဖြစ်သောကာလ ဘဒ္ဒဝတီသေဋ္ဌေး၏ နေအိမ်၌ အဟိဝါတမည်သော ရင်အနာသည် ကျရောက်၏။ ထိုရင်အနာသည် ကျရောက်သည်ရှိသော် ရှေးဦးစွာ ယင်တို့သည် သေကုန်၏။ ထိုနောက် အစဉ် အတိုင်းအားဖြင့်သာလျှင် ပိုးမွှား၊ ကြွက်၊ ကြက်၊ ဝက်၊ နွား၊ ကျွန်မိန်းမ၊ ကျွန် ယောကျ်ားတို့သည် သေကုန်၏။ အလုံးစုံသောနောက်မှ အိမ်နေလူတို့သည် သေကုန်၏။ ထိုရင်နာဖြစ်ကုန်သောသူတို့တွင် အကြင်သူတို့တွင် နံရံကိုဖောက် ခွဲ၍ ပြေးထွက်ကုန်၏။ ထိုသူတို့သည် အသက်ကို ရကုန်၏။

ထိုအခါ၌လည်း ဘဒ္ဒဝတီသေဋ္ဌေး လည်းကောင်း၊ သေဋ္ဌေး၏ မယား လည်းကောင်း၊ သေဋ္ဌေး၏သမီး လည်းကောင်း သုံးယောက်ကုန်သောသူတို့ သည် ထိုသို့သော အခြင်းအရာဖြင့် ပြူပြီးမှ ပြေးထွက်၍ ဃောသကသေဋ္ဌေးကို တောင့်တလျက် ကောသမ္ဗီပြည်သို့ သွားအံ့သောခရီးကို သွားကြကုန်၏။ ထို သုံးယောက်ကုန်သော သူတို့သည် ခရီးအကြား၌သာလျှင် ကုန်သော ရိက္ခာ ရှိကုန်သဖြင့် လေပူဖြင့် လည်းကောင်း၊ မွတ်သိပ်ခြင်းတို့ဖြင့် လည်းကောင်း၊ ညစ်နွမ်းပင်ပန်းသောကိုယ် ရှိသဖြင့်သာလျှင် ငြိုငြင်သောအားဖြင့် ကောသမ္ဗီ ပြည်သို့ရောက်၍ ရေမိုးချမ်းသာသော နေရာဌာန၌ တန့်ရပ် နားနေပြီးလျှင် ရေချိုးပြီး၍ မြို့၏တံခါး၌ တစ်ခုသော ဇရပ်သို့ ခိုဝင်ကြကုန်၏။

ထိုသို့ ဇရပ်၌ ခိုဝင်နားနေပြီးသော် သေဋ္ဌေးက မိမိ၏ မယားကို ချစ်နှမ ဤသို့သောအကြောင်းဖြင့် သွားကြကုန်သည်ရှိသော် မွေးဖွားအပ်သောအမိပင် ဖြစ်လင့်ကစား မနှစ်သက် မခင်မင်စေသောအားဖြင့် နှလုံးကို မပွားစေသည် ဖြစ်ပေကုန်လတ္တံ့။ ငါ၏ အဖော် အဆွေခင်ပွန်းဖြစ်သော ဃောသကသေဋ္ဌေး သည် ခရီးသွား အထီးကျန်သောသူ အစရှိသည်တို့အား နေ့တိုင်း နေ့တိုင်း အသပြာတစ်ထောင်ကို စွန့်လွှတ်ပြီးလျှင် အလှူဒါနကိုပေးလှူစေ၏။ထိုအလှူ မဏ္ဍပ် တင်းကုပ်သို့ သမီးငယ်ကို စေလွှတ်ပြီးလျှင် အာဟာရကို ဆောင်စေ၍ တစ်ရက်, နှစ်ရက် ဤတည်းခိုရာဖြစ်သော ဇရပ်၌သာလျှင် ကိုယ်ကို ရှောင့်ရဲ စေ၍ အဖော် အဆွေခင်ပွန်းဖြစ်သော ဃောသကသေဋ္ဌေးကို ကြည့်ရှုကြကုန် အံ့ဟု ဆို၏။ သေဋ္ဌေး မယားသည် ကောင်းလှပါပြီ အရှင်ဟု ဝန်ခံ၍ ထိုသူတို့ သည် ဇရပ်၌သာလျှင် နေကြကုန်၏။

## သေဋ္ဌေးသမီး မယ်သာမာ

နက်ဖြန်မိုးသောက် ရောက်သောနေ့၌ အခါကို ကြားသဖြင့် အထီးကျန် သောသူ ခရီးသွားသောသူတို့သည် အာဟာရအလို့ငှါ သွားကုန်သည်ရှိသော် အမိအဖတို့သည် ချစ်သမီး သင်သည် သွား၍ ငါတို့၏ စားရန် အာဟာရကို ဆောင်ယူခဲ့ပါလော့ဟု သမီးကို စေလွှတ်ကုန်၏။ များစွာသော စည်းစိမ် ရှိသော အမျိုး၏သမီးသည် ပျက်စီးခြင်းဖြင့် ကင်းပြတ်သော အရှက်ရှိသည် ဖြစ်၍ မရှက်မကြောက်နိုင်သော အဖြစ်သို့ ရောက်သဖြင့် ခွက်ကို လက်ဆွဲလျက် အထီးကျန်သော လူများနှင့် အတူအကွ အာဟာရအလို့ငှါ သွား၍ ချစ်သမီး ဘယ်နှစ်ယောက်အဖို့ကို ယူအံ့နည်းဟု မေးသည်ရှိသော်ကား သုံးယောက် အဖို့ကို ယူပါမည်ဟူ၍ ဆို၏။ ထိုအခါ သေဋ္ဌေးသမီးအား သုံးယောက်စာ အဖို့ကို ပေးကုန်၏။

## သေဋ္ဌေးလင်မယား သေဆုံးခြင်း

သေဋ္ဌေးသမီးသည် ထမင်းကို ဆောင်ယူခဲ့ပြီးသော် သုံးယောက်ကုန်သော သူတို့သည်လည်း တစ်ပြိုင်နက်စားခြင်းငှာ ထိုင်နေကုန်၏။ ထိုနောက် မိခင်နှင့် သမီးတို့သည် သေဋ္ဌေးကို ဆိုကြကုန်၏။ အရှင် ပျက်စီးခြင်းမည်သည်ကား ကြီးကျယ်စွာသော အမျိုးတို့အားလည်း ဖြစ်ကုန်၏။ ငါတို့ကို မကြည့်ရှု မငဲ့ညာမူ၍ အရှင်သာလျှင် စားပါလော့။ တစ်စုံတစ်ခုသော အခြင်းအရာဖြင့် ပူပန်ညှိုးငယ်စွာ မကြံအောက်မေ့ပါလင့်ဟု ဤသို့သော အကြောင်းအခြင်းအရာ များစွာကုန်သော အပြားတို့ဖြင့် ထိုသေဋ္ဌေးကို တောင်းပန်ပြောဆို၍ ကျွေးမွေးကုန်၏။ သေဋ္ဌေးသည် စားသောက်၍ အစာကို ကြေစီမ့်သောငှာ မစွမ်းနိုင်သောကြောင့် နေအရှက်တက်လေသည်ရှိသော် သေလွန်ခြင်းကို ပြုလေ၏။ မိခင်နှင့်သမီးတို့သည် အထူးထူး အပြားပြားသော အခြင်းအရာတို့ဖြင့် များစွာ မြည်တမ်း၍ ငိုကြွေးကြကုန်၏။ သတို့သမီးငယ်သည် တစ်ဖန် မိုးသောက်သော နေ့၌ ငိုကြွေးလျက်သာ အာဟာရကို ဆောင်ယူခြင်းအလို့ငှါ သွား၍ ဘယ်နှစ်ယောက်အဖို့ ယူလတ္တံ့နည်းဟု ဆိုကုန်သည်ရှိသော် နှစ်ယောက်အဖို့ ပါဟုပြော၍ အာဟာရကိုဆောင်ယူပြီး အမိကိုတောင်းပန်၍ ကျွေးမွေးပေ၏။ မိခင်သည် ထိုသမီးသည် တောင်းပန်အပ်သဖြင့် စားသောက်၍ ထိုနေ့၌ပင် သေခြင်းကို ပြုလေ၏။

## မိတ္တသူကြွယ်က မေးစားခြင်း

သတို့သမီးသည် တစ်ယောက်ထီးတည်း စိုးရိမ်မြည်တမ်း ငိုကြွေးလျက် ကိုယ်၏ဆင်းရဲခြင်း ဖြစ်သောထက် ဆာလောင်မွတ်သိပ်ခြင်း ဆင်းရဲခြင်းသည် လွန်ကဲထက်မြက်သဖြင့် နက်ဖြန်မိုးသောက် ရောက်သောနေ့ဝယ် ဖုန်းတောင်းယာစကာတို့နှင့် အတူတကွ ငိုကြွေးမြည်တမ်းလျက်သာ အစာအာဟာရ အလို့ငှါ သွားရောက်၍ မိတ္တသူကြွယ်သည် ထိုသတို့သမီးကိုမြင်၍ ချစ်သမီး ဘယ်နှစ်ယောက်အဖို့ ယူအံ့နည်းဟုဆိုသည်ရှိသော် တစ်ယောက်အဖို့သာ ယူပါမည်ဟုဆို၏။ မိတ္တသူကြွယ်က အသင် အသင်သည် သုံးရက်တို့ပတ်လုံး ထမင်းကို ယူ၍လည်း ပမာဏကို မသိလေ။ ထိုကြောင့် အသင်၏အဖို့ဖြစ်သော ထမင်းသည် မရှိလေပြီ။ သူယုတ်မ ဖယ်သွားလေလော့ ယနေ့မှ အသင်၏ဝမ်းပမာဏ အတိုင်းအရှည်ကို သိလေသလောဟူ၍ ဆို၏။

အရှက်အကြောက်နှင့် ပြည့်စုံသော အမျိုးသမီးသည် ရင်ချိုင့်အလယ်၌ လှံဖြင့် ပုတ်ခတ်ထိုးဆွဘ်သကဲ့သို့ အမာ၌ ဆားမှုဖြင့် သွန်းလောင်းထည့်ဘိသကဲ့သို့ ပြင်းပြစွာ တုန်လှုပ်နာကျင်ခြင်းသို့ ရောက်၍ အရှင် အဘယ်နည်းဟု ပြန်၍ဆို၏။ အသင်သည် ရှေးအဖို့၌ သုံးယောက်စာအဖို့အစုကို ယူအပ်ကုန်၏။

ယမန်နေ့က နှစ်ယောက်စာအဖို့ကို ယူ၏။ ယနေ့ကား တစ်ယောက်စာအဖို့ကို ယူဘိ၏။ အသင်အား ယနေ့မှ မိမိဝမ်း၏ပမာဏကို သိအပ်သည်ဆိုပေသည်ဟု ပြောသော် အရှင် အကျွန်ုပ်၏အလိုငှါ ယူသည်ဟူ၍ မှတ်ထင်တော် မမူပါ လင့်ဟု ပြောသဖြင့် သို့ဖြစ်လျှင် အဘယ်ကြောင့် ဤသို့ ယူလေသနည်းဟု ပြန်၍မေးသော် အရှင် ရှေးဖြစ်သောနေ့၌ သုံးယောက်ဖြစ်ပါသည်၊ ယမန် နေ့က နှစ်ယောက်ဖြစ်ပါသည်၊ ယနေ့ကား တစ်ယောက်ထီးသာ ဖြစ်တော့ သည်ဟု ဆိုလျှင် သူကြွယ်က အဘယ်အကြောင်းကြောင့်နည်းဟု မေးလျှင် ဖြစ်ရင်းမူလမှစ၍ အကြောင်းအလုံးစုံကို အကုန်ပြန်ကြား ပြောဆိုသော သတို့သမီး၏စကားကို ကြား၍ မျက်ရည်တို့ကို တည်ဖေအံ့သောငှါ မစွမ်းနိုင် သည် ဖြစ်သောကြောင့် အားကြီးသော နှလုံးမသက်သာခြင်း ဖြစ်ပွား၍ ချစ်သမီး ဤသို့သော ဆင်းရဲဒုက္ခ တွေ့ကြုံခဲ့ရသည်ရှိသော် ငါ၏သမီးသည် အနည်းငယ်မျှသော စိုးရိမ်ကြောင့်ကြခြင်း မဖြစ်ပါစေလင့်တော့၊ အသင်၏ ဖခင်ဖြစ်သော ဘဒ္ဒဝတီသေဋ္ဌေး၏ သေလွန်သောအခါမှစ၍ ငါ၏သမီးမည်သည် ဖြစ်ပေတော့သည်ဟု နှစ်သိမ့်ဖြားယောင်း ဖျောင်းဖျပြောဆိုပြီး ဦးခေါင်း၌ နမ်းရှုပ်ပြီးလျှင် အိမ်သို့ဆောင်၍ မိမိ၏ သမီးကြီးအရာ၌ ထားပေ၏။

## သာမာဝတီ အမည်တွင်ခြင်း

ထိုသတို့သမီးသည် အလှူအိမ် တင်းကုပ်၌ ကြီးကျယ် ဆူညံသော အသံကိုကြား၍ ဖခင် ဤလူများ အပေါင်းသည်ကား အသံ ကင်းတိတ် ဆိပ်သည်ကိုပြု၍ အလှူဒါနကို အဘယ်ကြောင့် မပေးလှူပါကုန်သနည်းဟု ဆို၏။ ချစ်သမီး ပြုပြင်ခြင်းငှါ မစွမ်းနိုင်ပါဟု ဆိုသဖြင့် ဖခင် တတ်နိုင် ကောင်းပါ၏ဟု ဆိုလျှင် ချစ်သမီး အဘယ်သို့ ပြုပါမည်နည်းဟူ၍ မေးသော် ဖခင် အလှူအိမ် တင်းကုပ်ကို ဝန်းရံ၍ တစ်ယောက် တစ်ယောက်၏သာလျှင် ဝင်ခြင်းငှါလောက်သော ပမာဏဖြင့် နှစ်ခု နှစ်ပေါက်ကုန်သော တံခါးတို့ကို ယှဉ်ဖောက်စေ၍ တစ်ခုသော တံခါးပေါက်ဖြင့် ဝင်ပြီးသော် တစ်ခုသော တံခါးပေါက်ဖြင့် ထွက်ကြကုန်လေဘုဟူ၍ မိန့်ဆိုကုန်လော့။ ဤသို့ ပြုအပ်သည် ရှိသော် အသံကင်းတိတ် ဆိတ်သည်ဖြစ်၍ ယူပါကုန်လတ္တံ့ဟု ပြောဆို၏။ သူကြွယ်လည်း သတို့သမီး၏ စကားကိုကြား၍ ချစ်သမီး ဤအကြောင်း သည်ကား ကောင်းလှပေ၏ဟု နှစ်သက်၍ ထိုသို့ ပြောဆိုတိုင်းသော အခြင်း အရာဖြင့် ပြုပေ၏။ "ထိုသတို့သမီးသည် ရှေးအခါ ဇမ္ဗူရာဇ်သိင်္ဂီ နာရနီဂ်ဝါ မဟာလေ့ကားပွင့်၏ အဆင်းကဲ့သို့ ဝင်းဝါသော အဆင်းရှိသောကြောင့် သာမာ အမည်ရှိ၏။ ဤယခုအခါ အကာတံတိုင်း စောင်ရန်းအရံကို ပြုအပ် သည်၏အဖြစ်ကြောင့် သာမာဝတီမည်သည်ဖြစ်လေ၏ဟု ဋ္ဌင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

## ဃောသကသေဋ္ဌေးကြီးက မေးစားပြန်ခြင်း

ထိုသို့စီရင်ပြုစုသဖြင့် ပေးလှူသော အခါမှ စ၍ အလှူအိမ် တင်းကုပ်၌ အုတ်အုတ်ကျွက်ကျက်သော အသံသည် ပြတ်လေ၏။ ဃောသက သေဋ္ဌေးသည် ရှေးအခါ ထိုအသံကို နားထောင်လျက် ငါ၏အလှူအိမ် တင်းကုပ်က အသံပေတည်းဟု အသံကို ကြားနာရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ နှစ်ရက်သုံးရက် အသံကိုမကြားရသည် ဖြစ်သောကြောင့် မိမိ၏ အထံသို့ ခစားချဉ်းကပ်ခြင်းငှာ လာရောက်သော မိတ္တသူကြွယ်ကို အသင်သည် အထီးကျန်သေသူ, ခရီးသွားသောသူ စသည်တို့အား အလှူဒါနကို ပေးလှူပါ၏လောဟု မေး၏။ အရှင် ပေးကမ်းလှူဒါန်းပါ၏ဟု ပြောဆိုသဖြင့် ထိုသို့ ပေးလှူသည်ရှိသော် နှစ်ရက်, သုံးရက် အသံကို မကြားရချေတကားဟု ဆိုပြန်သဖြင့် အရှင် အကြင်သို့သော အခြင်းအရာအားဖြင့် ယူသည်ရှိသော် အသံကင်း တိတ်ဆိတ်သည်ဖြစ်၍ ယူကြကုန်၏။ထိုသို့သော အကြောင်းအခြင်းအရာကို အကျွန်ုပ်ပြုပါသည်ဟု ပြောလျှင် အသင်သည် ထိုသို့ဖြစ်လျှင် ရှေးယခင်က ဤကဲ့သို့ အဘယ်ကြောင့် မပြုပါသနည်းဟု မေးသဖြင့် အရှင် အကျွန်ုပ်သည် မသိပါသောကြောင့် မပြုရပါသည်ဟု ဆိုသည်ရှိသော် ဤယခုအခါ၌ အသင်အား အဘယ်ကြောင့် သိပြန်သနည်းဟု မေးသဖြင့် အရှင် အကျွန်ုပ်၏ သမီးသည် ပြောကြားပါသည်ဟုဆို၏။

ငါသည် မသိအပ်သောသမီးသည် အသင့်အား ရှိသေးသလောဟု မေးသဖြင့် သူကြွယ်သည် ရင်နာဖြစ်သော ကာလမှစ၍ အလုံးစုံသော ဘဒ္ဒဝတီသေဋ္ဌေး၏ ဖြစ်သောအကြောင်းကို ကြားပြီးလျှင် ထိုသာမာဝတီအား မိမိ၏ သမီးကြီးအရာ၌ ထားသည်၏ အဖြစ်ကို ကြား၏။ ထိုအခါ မိတ္တသူကြွယ်ကို ဃောသက သေဋ္ဌေးက ဤသို့ဖြစ်ခဲ့သည် ရှိသော် အဘယ်ကြောင့် ငါ့အား မပြောမဆိုဘိသနည်း။ ငါ၏အဖော် အဆွေခင်ပွန်း ဖြစ်သောသူ၏ သမီးသည် ငါ၏သမီး မည်သည် မဟုတ်တုံလောဟု ဆို၍ ထို သာမာဝတီ သတို့သမီးကို ခေါ်စေပြီးလျှင် ချစ်သမီး အသင်သည် ငါ၏ အဆွေခင်ပွန်း အဖော်ဖြစ်သော ဘဒ္ဒဝတီသေဋ္ဌေး၏ သမီးဟူသည် ဟုတ်ပေသလောဟု မေး၏၊ ဖခင် ဟုတ်ပေ၏ဟုပြောသော် ထိုသို့ဖြစ်လျှင် ချစ်သမီး မစိုးရိမ်မကြံစည်ပါလင့်။ ငါ၏သမီး ဖြစ်ပါလေတော့ဟု ထိုသာမာဝတီ သတို့သမီးကို ဦးခေါင်း၌ နမ်းပြီးသော် အခြံအရံအလို့ငှာ ထိုသာမာဝတီအား ငါးရာမျှလောက်ကုန်သော မိန်းမတို့ကိုပေး၍ သာမာဝတီကို မိမိ၏ သမီးကြီးအရာ၌ ထားပေ၏။

## သာမာဝတီကိုမိဖုရား မြှောက်ခြင်း

ထို့နောက် တစ်နေ့သောအခါ ကောသမ္ဗီပြည်၌ နက္ခတ်သဘင် ကြွေးကြော်ဖူးခြင်းသည် ဖြစ်၏။ ထိုနက္ခတ်ပွဲ ကြိမ်သည်ရှိသော် အပသို့မထွက်သော အမျိုးသမီးသည်လည်း မိမိ၏ အခြံအရံနှင့်တကွ ခြေဖြင့် သာလျှင် မြစ်ဆိပ်သို့သွား၍

ရေချိုးကြကုန်၏။ ထိုကြောင့် ထိုနေ့၌ သာမာဝတီသည်လည်း ငါးရာကုန်သော မိန်းမတို့ဖြင့် ခြံရံလျက် မင်းရင်ပြင်ဖြင့် ဖြတ်သန်း၍သွားလျှင် ရေချိုးခြင်းငှာ မြစ်ဆိပ်သို့ ရှေးရှုသွားလေ၏။ ဥတေနမင်းသည် ခြသေ့ံခံသော လေသာနန်း ပြတင်း၌ရပ်လျက် သာမာဝတီသတို့သမီးတို့ မြင်လျှင် ဤမိန်းမတို့သည်ကား အဘယ်သူ၏ ကချေသည် မိန်းမတို့ပေနည်းဟု မေး၏။ အရှင်မင်းမြတ် တစ်စုံ တစ်ယောက်သောသူ၏ ကချေသည် မိန်းမတို့ မဟုတ်ပါဟု လျှောက်လျှင် ထိုသို့ မဟုတ်ခဲ့သည်ရှိသော် အဘယ်သူ၏ သမီးပေနည်းဟု မေးတော်မူသဖြင့် အရှင် မင်းမြတ် ဃောသကသေဋ္ဌေးကြီး၏ သမီး သာမာဝတီမည်သော သတို့သမီး ပါတည်းဟူ၍ လျှောက်၏။ ဥတေနမင်းသည် သာမာဝတီသတို့သမီးကို မြင်က ကတည်းကပင်လျှင် ချစ်ခင်ခြင်းရှိသဖြင့် သေဋ္ဌေးကြီးအား သတင်းစကားကို ငါ့အား သမီးကို ပို့စေလိုသတတ်ဟု စေလွှတ်လိုက်၏။ ဃောသကသေဋ္ဌေး ကလည်း အရှင်မင်းမြတ် မစေလွှတ် မပို့ဆက်ဝံ့ပါဟူ၍ လျှောက်လိုက်၏။ဥတေန မင်းကလည်း ဤသို့ မပြုပါလင့် စေလွှတ်ပို့ဆက်ခြင်းကိုသာပြု၍ စေလွှတ်ပို့ဆက် ပါဟု မိန့်တော်မူပြန်သဖြင့် အရှင်မင်းမြတ် ငါတို့သေဋ္ဌေးမျိုး မည်သည်ကား သတို့သမီးငယ်တို့ကို ပုတ်ခတ်ညှဉ်းပန်း၍ ဆောင်ရမည်ဘေးဖြင့် တွေးရှုံ ကြောက်ထိတ်ခြင်း ရှိလှပါသည်။ သို့ဖြစ်၍ မပို့ဆက်နိုင်ဟု လျှောက်ထားသော် မင်းကြီးသည် အမျက်ထွက်၍ ထိုအိမ်ကို တံဆိပ်ခတ်စေပြီးလျှင် သေဋ္ဌေးကို လည်းကောင်း၊ သေဋ္ဌေးမယားကို လည်းကောင်း လက်ကိုကိုင်ငင်ဆွဲ၍ အိမ်မှ အပသို့ ထုတ်သည်ကို ပြုစေ၏။

သာမာဝတီသည် ရေချိုးပြီး၍ ပြန်လာလျှင် အိမ်သို့ဝင်ခြင်းငှါ အခွင့်ကို မရသည်ဖြစ်၍ ဖခင် ဤအမှုသည်ကား အဘယ်အမှုတို့ပေနည်းဟု မေး၏၊ ချစ်သမီး မင်းကြီးသည် အသင်၏အကြောင်းကြောင့် စေလွှတ်ပေ၏၊ ထိုအခါ ငါတို့သည် မပေးကုန်အံ့ဟု ဆိုသည်ရှိသော် အိမ်ကို တံဆိပ်ခတ်စေ၍ ငါတို့ ကိုလည်း အပသို့နှင်ထုတ်သည်ကိုပြုစေသည်ဟုပြော၏။ ဖခင် အရှင်တို့သည် ပြုအပ်သောအမှုသည် ဝန်လေးလှပေသည်၊ ပြည့်ရှင်မင်းကြီးက စေလွှတ်အပ် သည်ကို အဘယ့်ကြောင့် မပေးဟူ၍ ငြင်းပယ်ပါသနည်း၊ ဤကဲ့သို့ မငြင်း ပယ်ဘဲ ငါ၏သမီးကို အခြံအရံနှင့်တကွ အကယ်၍ ယူဆောင်ကြကုန်သည် ဖြစ်ခဲ့အံ့၊ ပေးပါမည်ဟူ၍ ဤမျှကိုဆိုရပါမည်ဟု ပြောသော် ချစ်သမီး အသင် နှစ်သက်သည်ရှိသော် ကောင်းပါပြီ၊ ဤသို့ သင်ပြောသောအတိုင်း ပြုပါအံ့ ဟုပြော၍ မင်းကြီးအား သတင်းစကားကို ထိုထိုသို့သော အခြင်းအရာဖြင့် စေလွှတ်၏၊ မင်းကြီးသည် ကောင်းလှပြီဟုဝန်ခံ၍ ထိုသာမာဝတီကို အခြံအရံ နှင့်တကွ ဆောင်ယူပြီးလျှင် အဘိသိက်သွန်း၍ မြတ်သော မိဖုရားကြီးအရာ၌

ထားပေ၏၊ ကြွင်းကုန်သော မိန်းမတို့သည် ထိုသာမာဝတီ၏ အလုပ်အကျွေး အခြံအရံမိန်းမတို့သည် ဖြစ်ကြကုန်၏။ ဤကား သာမာဝတီမိဖုရား၏ ဝတ္ထု တည်း။

## ဝါသုလဒတ္တာမိဖုရား

ဥတေနမင်းကြီးအား သာမာဝတီ မိဖုရားမှ တစ်ပါးလည်း ဖြစ်သော ဝါသုလဒတ္တာ အမည်ရှိသော မိဖုရားသည်လည်း ရှိပေ၏။ ထိုဝါသုလဒတ္တာမိဖုရား သည်ကား စဏ္ဍပဇ္ဇောတမင်း၏ သမီးတော်တည်း ထိုစကားကို အနည်းငယ် ချဲဦးအံ့။

ဥဇ္ဇေနီပြည်၌ စဏ္ဍပဇ္ဇောတအမည်ရှိသော မင်းသည်ရှိ၏။ ထိုမင်းကြီးသည် တစ်နေ့သောအခါ၌ ဥယျာဉ်တော်မှ ပြန်လာခဲ့သည်ရှိသော် မိမိ၏ စည်းစိမ် ချမ်းသာကို ကြည့်ရှု၍ တစ်ပါးသော တစ်စုံတစ်ယောက်သော သူအားလည်း ဤကဲ့သို့သဘောရှိသော စည်းစိမ်ချမ်းသာသည် ရှိလေသလောဟု မေးမြန်း ပြောဆိုသော် အရှင်မင်းမြတ်၏ စည်းစိမ်ချမ်းသာဟူသည် အဘယ်သို့သော အခြင်းအရာဖြင့် ကောင်းစွာ ပြောပလောက်အံ့နည်း၊ ကောသမ္ဗီ ပြည်၌ ဥတေန မင်းကြီး၏ စည်းစိမ်ချမ်းသာသည်ကား အလွန်အားဖြင့် ချမ်းသာကြီးကျယ် လှပါသည်ဟု ဆိုသည်ရှိသော် မင်းကြီးက ထိုသို့ဖြစ်လျှင် ထိုဥတေနမင်းကို ဖမ်းယူအံ့ဟု ဆိုသည်ရှိသော် ဥတေနမင်းကို ဖမ်းယူခြင်းငှါ မစွမ်းနိုင်ပါဟု ဆိုကြလျှင် အမှတ်မရှိ တစ်စုံတစ်ခုသောအမှုကိုပြု၍ ဖမ်းယူအံ့သလျှင်ကတည်း ဟု ဆိုပြန်သဖြင့် အရှင်မင်းမြတ် ဖမ်းယူခြင်းငှါ မစွမ်းနိုင်ပါကုန်ဟု ဆိုပြန်သော် အဘယ်ကြောင့် မဖမ်းယူနိုင်သနည်းဟု မေးတော်မူသဖြင့် အရှင်မင်းမြတ် ထိုဥတေနမင်းသည် ဟတ္ထိကန္တ အမည်ရှိသော အတတ်ကိုတတ်၏။ မန္တာန်ကို ပြန်လှန် ရွတ်အံ သရဇ္ဈာယ်လျက် ဟတ္ထိကန္တစောင်းကို တီးပြီးသောအခါ ဆင်တို့ကိုပြေးမူလည်း ပြေးစေ၏။ ဖမ်းမူလည်းဖမ်းယူ၏၊ ဆင်ယာဉ်နှင့်လည်း ပြည့်စုံ၏၊ ထိုမင်းနှင့်တူသော မင်းမည်သည်မရှိ၊ ထိုကြောင့် အကျွန်ုပ်တို့သည် ဥတေနမင်းကို ဖမ်းယူခြင်းငှါ မစွမ်းနိုင်ပါကုန်။ အရှင်မင်းမြတ် အရှင်မင်းမြတ် သည် ကေန် အမြဲမလွဲနိုင်သောအားဖြင့် ဥတေနမင်းကြီး၏ ရှုံးခြင်းကိုလည်း ကောင်း၊ အရှင်မင်းကြီး၏ အောင်နိုင်ခြင်းကိုလည်းကောင်း အကယ်၍ အလို ဆန္ဒရှိခဲ့ပါအံ့၊ ထိုသို့ အလိုဆန္ဒရှိလျှင် သစ်သားဆင်ကိုပြုစေ၍ ထိုမင်းကြီး၏ စနေရာ နိုင်ငံအနီးသို့ စေလွှတ်တော်မူလော့၊ ထိုဥတေနမင်းသည် ဆင်ယာဉ်ကို လည်းကောင်း၊ မြင်းယာဉ်ကိုလည်းကောင်း သတင်းစကား ကြားသိသည် ရှိသော် ဝေးကွာသော အရပ်သို့သော်လည်းသွား၏။ ထိုသို့သော အခြင်းအရာ ဖြင့် လာရောက်သော ထိုမင်းကြီးကို ဖမ်းယူခြင်းငှါ တတ်ကောင်းသည်ဖြစ်လတ္တံ့ ဟု လျှောက်ကြားကုန်၏။

## စဏ္ဍပဇ္ဇောတမင်းကြီး၏ ယန္တရားဆင်ရုပ်

စဏ္ဍပဇ္ဇောတမင်းကြီးသည် ဤသို့သောအကြောင်းသည်ကား ကောင်းမြတ်သင့်လျော်၏ဟု သစ်သားဖြစ်ပြီးသော ယန္တရားဆင်ကို ပြုစေ၍ အပဉ္စ ပုဆိုးပိုင်းတို့ဖြင့် ရစ်ပတ်ပြီးလျှင် ပန်းချီ ဆေးရေးအမှုကို ဆန်းကြယ်စွာ ပြု၍ ထိုဥတေနမင်းကြီး၏ တိုင်းနိုင်ငံ အနီးအရပ်ဖြစ်သော တစ်ခုသော ရေအိုင်၏ ကမ်း၌ လွှတ်စေ၏၊ ဆင်ရုပ်ဝမ်း၏အတွင်း၌ ခြောက်ဆယ်ကုန်သောယောကျ်ားတို့သည် အလဲအလှယ် လူလားတုံ့ခေါက် စင်္ကြံလျှောက်ကုန်၏၊ ဆင်ချေးကို ဆောင်၍ ထိုထိုသို့သောအရပ်တို့၌ စွန့်ကုန်၏။ တစ်ယောက်သော တောသွားမုဆိုးသည် ဆင်ကိုတွေ့မြင်လျှင် ငါတို့၏မင်းကြီးအား သင့်လျော်လျောက်ပတ်၏ဟု ကြံ၍ သွားပြီးသော် မင်းကြီးအား အရှင်မင်းမြတ် တစ်ကိုယ်လုံး ဖွေးဖွေးဖြူသော ကေလာသတောင်ထွတ်နှင့်တူသော အဆင်းအဖို့ရှိသော အရှင်မင်းမြတ်တို့အားသာလျှင် လျောက်ပတ်ထိုက်တန်သော ဆင်ပြောင်တစ်စီးကို ဘုရားကျွန်တော် မြင်အပ်ပါသည်ဟူ၍ ကြားလျှောက်၏။

## ဥတေနမင်းကြီး ရန်သူ့လက်တွင်းရောက်ရပုံ

ဥတေနမင်းကြီးသည် ထိုကြားလျှောက်လာသော မုဆိုးပင်လျှင် ခရီးညွှန်ပြု၍ ဆင်ကို စီးတော်မူပြီး အခြံအရံနှင့်တကွ ထွက်တော်မူ၏။ ထိုဥတေနမင်းကြီး၏ ထွက်လာခြင်းကို သိ၍ သူလျှိုယောကျ်ားတို့သည် သွားပြီး စဏ္ဍပဇ္ဇောတမင်းကြီးအား ကြားလျှောက်ကုန်၏၊ စဏ္ဍပဇ္ဇောတမင်းသည် ထွက်လာ၍ အလယ်၌ အချည်းနှီး တစ်စုံတစ်ခုမျှမရှိသည်ကိုပြုပြီးလျှင် နှစ်ဖက်ကုန်သော နံပါးတို့၌ စစ်သည်အပေါင်းကို ဖုံးကွယ်၍ ထားစေ၏။ ဥတေနမင်းသည် စဏ္ဍပဇ္ဇောတမင်းကြီး၏ လာသည်ကို မသိသောကြောင့် ဆင်သို့ အမှီလိုက်၏။ ဥတေနမင်းကြီးသည် လျင်မြန်သော အဟုန်ဖြင့်လိုက်သည်ရှိသော် ဆင်ရုပ်၏အတွင်း၌ တည်ကုန်သောလူတို့သည် လျင်စွာသောအဟုန်ဖြင့် ပြေးကုန်၏။ သစ်သားဆင်သည် မန္တန်ကို ရွတ်ဖတ်ပြန်လှန် သရဇ္ဈာယ်၍ စောင်းကိုတီးသော မင်းကြီး၏ စောင်းသံကို မကြားဘိသကဲ့သို့ ပြေးသည်သာလျှင်တည်း။ ဥတေနမင်းကြီးသည် ဆင်ပြောင်ကို မှီခြင်းငှါ မစွမ်းနိုင်သည်ဖြစ်သောကြောင့် မြင်းကို တက်စီး၍ အစဉ်လိုက်ပြန်၏။ ထိုဥတေနမင်းကြီးသည် လျင်စွာသော အဟုန်ဖြင့် အစဉ်လိုက်သည်ရှိသော် စစ်သည်အပေါင်းသည် ဆုတ်နစ် ကျန်ရစ်ခဲ့လေ၏။ ဥတေနမင်းကြီးသည် တစ်ယောက်တည်းသာလျှင် ဖြစ်လေ၏။

ထိုအခါ ဥတေနမင်းကို နှစ်ဖက်ကုန်သော နံပါးတို့၌စီရင်စေလွှတ်၍ထားအပ်ကုန်သော စဏ္ဍပဇ္ဇောတမင်းကြီး၏ မင်းချင်းယောကျ်ားတို့သည် ဖမ်းယူ၍ မိမိ၏မင်းကြီးအား ပို့ဆက်ကြကုန်၏။ ထိုအခါ ဥတေနမင်း၏ စစ်သည်အပေါင်းတို့သည် ရန်သူ၏ အလိုနိုင်ငံသို့ လိုက်ပါရောက်သွားရသည်၏အဖြစ်ကိုသိ၍ မြို့၏အပ၌ သစ်တပ်မြို့တည်၍နေ၏။ စဏ္ဍပဇ္ဇောတ မင်းသည်လည်း ဥတေနမင်းကို အရှင်ဖမ်းယူခြင်းဖြင့်သာလျှင် ဖမ်းယူ၍ တစ်ခုသောခိုးသူနှောင်အိမ်၌ထည့်သွင်း ချုပ်နှောင်ဖမ်းဆီး၍ တံခါးကို ပိတ်ထားပြီးလျှင် သုံးရက်တို့ပတ်လုံးအောင်သေသောက်ခြင်းကို သောက်လေ၏။

ဥတေနမင်းသည် သုံးရက်မြောက်သောနေ့၌ အစောင့် အရှောက်တို့ကို အမောင်တို့ အသင်တို့၏မင်းသည် အဘယ်၌ စံနေတော်မူသနည်းဟု မေး၏။ အစောင့်အရှောက်တို့က ရန်သူဖြစ်သောမင်းကို ငါသည် ဖမ်းယူရလေပြီဟု အောင်သေကို သောက်သည်ဟုပြော၏။ အသင်တို့ ဤအမူသည်ကား အဘယ်အမူနည်း။ အသင်တို့၏မင်းသည်ကား မိန်းမ၏အမူအရာကဲ့သို့ ပြုအပ်ချေသည်တကား။ ရန်သူဖြစ်သော မင်းတစ်ပါးကိုဖမ်းယူ၍ လွှတ်မူလည်း လွှတ်ခြင်းငှါလည်းကောင်း၊ သတ်မူလည်း သတ်ခြင်းငှါလည်းကောင်း အပ်ပါသည် မဟုတ်တုံလော၊ ငါတို့ကို ဆင်းရဲကျဉ်းကြပ်စွာသော နှောင်အိမ်တွင်းသို့ သွတ်သွင်း ဖွဲ့နှောင်နေစေ၍ အောင်သေကို သောက်ချေသည်တကား ဟု ပြောဆို၏။ အစောင့်အရှောက်ဖြစ်ကုန်သော ထိုယောကျ်ားသည် သွား၍ ထိုအကြောင်းကို စဏ္ဍပဇ္ဇောတမင်းကြီးအား လျှောက်ကြားကုန်၏။

## ဟတ္ထိကန္တမန္တန်ကို တောင်းခြင်း

စဏ္ဍပဇ္ဇောတမင်းကြီးသည် လာ၍ အသင်သည် ဤသို့သော စကားကို ပြောဆိုသော ဟူသည် မှန်ပေသလောဟု မေးသဖြင့် အရှင်မင်းမြတ် ဟုတ်ပါပေ၏ ဟု ဝန်ခံလျှင် ကောင်းပြီ အသင်ကိုလွှတ်အံ့ အသင်အား ဤသို့သဘောရှိသော မန္တန်သည်ရှိသတတ်၊ ထိုမန္တန်ကို ငါ့အားပေးလတ္တံ့လောဟု ဆို၏။ ကောင်းပြီ ပေးအံ့ သင်ခြင်းငှါ လျှောက်ပတ်သော အခါ၌ သင်ယူလေလော့ အသို့နည်း။ အသင်သည် ငါ့အား ရှိခိုးနိုင်လတ္တံ့လောဟု မေး၏။ ငါသည် အသင်ကို ရှိမခိုးနိုင်ဟုဆိုလျှင် အကယ်၍ ရှိမခိုးနိုင်သည် ဖြစ်ခဲ့အံ့ ငါသည် သင့်အား မန္တန်ကို မပေးနိုင်ပါ၏ဟုဆို၏။ ဤသို့ မပေးခဲ့သည်ရှိသော် အသင့်အား မင်းဒဏ်ကို ပြုပေအံ့ဟုဆိုသည်ကာလ အသင်မင်းကြီး အသင့်မင်းဒဏ်ကို ပြုလိုလျှင် ပြုလေလော့ ငါ၏ကိုယ်အား အစိုးရ၏။ စိတ်အား အစိုးမရဟုပြော၏။

စဏ္ဍပဇ္ဇောတမင်းကြီးသည် ဥတေနမင်း၏ ရဲရင့်သောအားဖြင့် ကြုံးဝါးသော အသံကိုကြား၍ "အဘယ်သို့သော အကြောင်းဖြင့် ဤမန္တန်ကို သင်ယူရပါအံ့နည်းဟု ကြံ၍ ဤမန္တန်ကို တစ်ပါးသော သူကို သိစေခြင်းငှါ မတတ်

မတတ်ကောင်း၊ ငါ၏ သမီးတော်ကို ထိုသူ၏အထံ၌ သင်စေ၍ ငါသည် ငါ၏ သမီးတော်၏အထံ၌ သင်ယူတော့အံ့”ဟု ကြံပြီးလျှင် ဥတေနမင်းကို အသင်သည် တစ်ပါးသော ရှိခိုး၍ သင်ယူသောသူအား ပေးလတ္တံ့လော ဟု မေး၏။ မင်းမြတ် ကြေဉ်–ဟုတ်ပေ၏။ ငါ့အား ရှိခိုးသောသူကို ပေးအံ့ဟု ဆို၏။ ထိုသို့ဖြစ်လျှင် ငါတို့၏ နန်းအိမ်တော်၌ ခါးကုန်းမတစ်ယောက်သည် ရှိ၏။ ထိုခါးကုန်းမအား တင်းတိမ်အကာ၏အတွင်း၌ ရှိခိုး ထိုင်နေစေပြီးသည်ကာလ အသင်သည် တင်းတိမ်အကာ၏ အပ၌ ဝ ည်လျက်သာလျှင် မန္တန်ကို ချပေလော့ဟု ဆို၏။ မင်းမြတ် ကောင်းပါပြီ၊ ခါးကုန်သောသူသည်မူလည်း ဖြစ်စေ၊ ဆွံ့အသော သူသည်မူလည်းဖြစ်စေ ရှိခိုးသောသူအား ပေးအံ့ဟု၍ ဝန်ခံ၏။

**သမီးတော်အား မန္တန်သင်စိုင်းခြင်း**

ထိုနောက်မှ စဏ္ဍပဇ္ဇောတမင်းကြီးသည် သွားပြီးလျှင် သမီးတော် ဝါသုလဒတ္တာကို ချစ်သမီး တစ်ယောက်သော ကိုယ်လုံးဖြူသော ခရသင်း နူနာစွဲသော သူနူတစ်ယောက်သည် အဖိုးအတိုင်းမသိ ထိုက်သော မန္တန်ကို တတ်၏။ ထိုမန္တန်ကို တစ်ပါးသောသူကို သိစိမ့်သော၄ါ မတတ်ကောင်း၊ ချစ်သမီးသည် တင်းတိမ်ကာရံသော အတွင်းက ထိုင်နေ၍ ရှိခိုးပြီးလျှင် မန္တန်ကို သင်ယူလေလော့။ ထိုသူနူသည် ကာရံသော တင်းတိမ်၏ အပ၌ တည်လျက် အသင့်အား ချပို့လတ္တံ့၊ အသင် သမီးတော်၏ အထံ၌ ခမည်းတော်သည် ထိုမန္တန်ကို သင်ယူအံ့ဟု ဤသို့သော အခြင်းအရာဖြင့် စဏ္ဍပဇ္ဇောတမင်းကြီးသည် ထိုဥတေနမင်းနှင့် သမီးတော်၏အချင်းချင်း ရေ နှောပေါင်းယှက် အပ်သောအကြောင်းမှ ကြောက်သဖြင့် သမီးတော်ကို သူကုန်းမ၊ ဥတေန မင်းကို တစ်ကိုယ်လုံးဖြူသော သူနူကိုပြု၍ ပြောဆို မှာထားသင်ယူစေ၏။

တင်းတိမ်အရံအကာ၏ အတွင်း ရှိခိုး၍ ထိုင်နေသော ဝါသုလဒတ္တာ မင်းသမီးအား ထိုဥတေနမင်းသည် တင်းတိမ်အကာ၏ အပ၌ဝ ည်လျက် မန္တန်ကို ချပို့ပေ၏။ ထိုအခါ တစ်ပါးသောနေ့၌ မန္တန်ကို အဖန်ဖန် အထပ်ထပ် ချပို့ ရွတ်ဆိုလေငြားသော်လည်း မန္တန်ပုဒ်တစ်နက်ကို ပြပြင်စွာ ရွတ်ဆိုခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ ထိုဝါသုလဒတ္တာ မင်းသမီးကို အချင်း သူကုန်းမ အသင်၏ နှုတ်ခမ်းသည် ကြမ်းတမ်း ထူထဲလွန်းလှချေတကား၊ အသင်၏ နှုတ်ခမ်းကို အိုးချမ်းစသည်တို့ဖြင့် ပုတ်ခတ်ပွတ်တိုက်ခြင်းကို ပြုရလတ္တံ့။ ဤသို့ ဤသို့လျှင် ပီပြင်အောင် ရွတ်ဆိုပါတော့လောဟု ဆို၏။ ဝါသုလဒတ္တာ မင်းသမီးသည် အမျက်ထွက်၍ ကြမ်းတမ်း ယုတ်မာလှစွာသော တစ်ကိုယ်လုံး ဖြူသော အိုအချင်းလူနူ အဘယ်ကို ဆိုဘိသနည်း။ ငါကဲ့သို့ သဘောရှိသော ဘုရင်မင်းမြတ်၏ သမီးတော်သည် အဘယ့်ကြောင့် သူကုန်းမ မည်သည်ဖြစ်ရ မည်နည်းဟု ပြန်၍ ငေါက်ငန်းပြောဆို၏။

## သမီးတော်နှင့် ဥတေနမင်း ချစ်ကြိုက်ခြင်း

ဥတေနမင်းသည် တင်းတိမ်စွန်းကိုပင့်၍ အသင်သည် အဘယ်သူ ဖြစ်ပေသနည်းဟု မေးသည်ရှိသော် ငါသည် မင်းကြီး၏ သမီးတော် ဝါသုလဒတ္တာ အမည်ရှိသတည်းဟု ဆို၏။ အသင်၏ ဘခမည်းတော်သည် ငါ့အား ဆိုသည် ရှိသော် သူကုန်းမဟု ပြောဆိုပေသည်ဟု ပြောသည်ကာလ အကျွန်ုပ်အား ပြေ သောတာလလည်း အရှင့်တစ်ကိုယ်လုံးဖြူသော သူနူပြု၍ ပြောဆိုပါ သည်ဟု အချင်းချင်း ပြောဆိုကြပြီး ထိုနှစ်ဦးကုန်သော သူတို့သည်လည်း မင်းကြီးသည် ငါ တို့အား ရောနှော ထွေးယှက်ခြင်းကို ပြုအံ့သောဘေးမှ ကြောက်သောကြောင့် ဆိုအပ်သည် ဖြစ်ပေလိမ့်မည်ဟု တင်းတိမအကာအရံ၏ အတွင်း၌သာလျှင် ရောနှောစပ်ယှက်ခြင်းကို ပြုကြလေကုန်၏။ ထိုနေ့မှစ၍ မန္တန်ကို သင်ယူခြင်းသည်လည်းကောင်း၊ အတတ်ကို သင်ယူခြင်းသည်လည်း ကောင်း မရှိ။ မင်းကြီးသည်လည်း သမီးတော်ကို ချစ်သမီး အတတ်ကို သင်ယူပါ၏လောဟု အမြဲမပြတ် မေး၏။ ဘခမည်းတော် သင်ယူပါ၏ဟု လျှောက်၏။

ထိုမှ နောက်ဖြစ်သော တစ်နေ့အခါ၌ ဝါသုလဒတ္တာမင်းသမီးကို ဥတေနမင်းက ချစ်နှမ အရှင်လင်တို့သည် ပြုစုချီးမြှင့်အပ်သော စည်းစိမ်ချမ်းသာ မည်သည် ကား မိခင် ဖခင်တို့သည်လည်းကောင်း၊ မောင်ကြီး, မောင်ငယ်, အစ်မ ညီမတို့သည်လည်းကောင်း ပြုခြင်းငှါ မစွမ်းနိုင်ကုန်။ အသင် ချစ်နှမသည် မောင်တော် ငါ့အား ဇီဝိတဒါနကို အကယ်၍ ပေးပါသည်ဖြစ်ခဲ့အံ့၊ အသင် ချစ်နှမအား ငါးရာကုန်သော မိန်းမတို့ အမြဲအခြံအရံကို ပေး၍ မြတ်သော မိဖုရားကြီးအရာကို ပေးပါအံ့ဟု ဆို၏။

ဝါသုလဒတ္တာမင်းသမီးက မောင်တော် မင်းမြတ် မောင်တော်ဘုရား အမိန့် ထားတော်မူသောစကား၌ မြဲမြံခိုင်ခံ့ တည်တံ့ခြင်းငှါ အကယ်၍ စွမ်းနိုင်ကုန် သည် ဖြစ်ခဲ့ပါကုန်အံ့၊ မောင်တော် မင်းမြတ်၏ အသက်ကို ပေးပါမည်ဟု လျှောက်ထား၏။ ချစ်နှမ စွမ်းနိုင်ပါသည်ဟု ဆိုသဖြင့် အရှင်မင်းမြတ် ကောင်း ပါပြီဟု ဝန်ခံ၍ ဝါသုလဒတ္တာမင်းသမီးသည် ဖခင်၏ အထံသို့ သွားပြီးလျှင် ရှိခိုးပြီး တင့်အပ်လျှောက်ပတ်သော အရပ်၌တည်၏။

ထိုအခါ မင်းသမီးကို စဏ္ဍပဇ္ဇောတမင်းကြီးက သမီးတော် အတတ်သည် ပြီးဆုံးပါပြီလောဟု မေးတော်မူ၏၊ ခမည်းတော် အလုံးစုံ အကုန် မပြီးတတ် သေးပါဟု လျှောက်ကြားသဖြင့် ချစ်သမီး ထိုသို့ မပြီးသေးသည် ရှိသော် အသင်သည် အဘယ်ကို အလိုရှိသနည်းဟု မေးတော်မူသော် ခမည်းတော်

ဘုရား အကျွန်ုပ်အား တစ်ခုသောတံခါး တစ်ပါးသောယာဉ်ကို ရခြင်းငှါ သင့်လျော်လျောက်ပတ် အပ်ပါသည်ဟု လျှောက်ထားလျှင် သမီးတော် ဤ တစ်ခုသော တံခါး တစ်ပါးသောယာဉ်သည် အဘယ်အလို့ငှါ ပေနည်းဟု မေးတော်မူသဖြင့် ခမည်းတော်မင်းမြတ် ညဉ့်အခါ၌ နက္ခတ်ကြယ် အမှတ်ဖြင့် မနှင့်နန်း၏ ဥပစာအလို့ငှါ ကစ်မူသော ဆေးဖြစ်ကိုယူ၍ ပြုအပ်သောအမှုသည် ရှိပါသတတ်။ ထိုကြောင့် အကျွန်ုပ်တို့အား အခါဟုတ်သည်မူလည်း ဖြစ်စေ၊ အခါမဟုတ်သည်မူလ ည်းဖြစ်စေ ထွက်သွားသောကာလ၌ တစ်ခုသောတံခါးကို လည်းကောင်း၊ တစ်ခုသောဆင်ယာဉ်ကိုလည်းကောင်း ရခြင်းငှါ သင့်လျော် လျောက်ပတ် အပ်ပါသည်ဟု လျှောက်ထား၏၊ မင်းကြီးလည်း ကောင်းပြီဟူ၍ ဝန်ခံ၏။ ထိုသူတို့သည် မိမိတို့နှစ်သက်အပ်သော တံခါးတစ်ခုကို လက်သို့ ရောက်သည်ကို ပြုကြကုန်၏။

### စဏ္ဍပဇ္ဇောတမင်းကြီး၏ ရှေးကောင်းမှု

စဏ္ဍပဇ္ဇောတ မင်းကြီးအား ငါးပါးကုန်သော ယာဉ်လျင်တို့သည် ရှိသည် ဖြစ်ကုန် ၏။

(၁) ဘဒ္ဒဝတီမည်သော ဆင်မသည် တစ်နေ့ကို ယူဇနာ ငါးဆယ် တိုင်တိုင် သွားနိုင်၏။

(၂) ကာကမည်သော ကျွန်သည် တစ်နေ့လျှင် ယူဇနာခြောက်ဆယ် တို့ကို သွားနိုင်၏။

(၃-၄) စေလကဏ္ဍိမည်သော မြင်းသည်လည်းကောင်း, မုဥ္စကေသီ မည်သော မြင်းသည်လည်းကောင်း ဤမြင်းနှစ်ကောင်တို့သည် ယူဇနာတစ်ရာသို့ သွားရောက်နိုင်ကုန်၏။

(၅) နာဠာဂိရိအမည်ရှိသော ဆင်သည် ယူဇနာတစ်ရာ့နှစ်ဆယ်တို့ သွားရောက်နိုင်၏ ။

ထိုစဏ္ဍပဇ္ဇောတမင်းကြီးသည် မြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးအခါ၌ တစ်ယောက်သော အစိုးရသောသူ၏ အလုပ်အကျွေးဖြစ်ပေသတတ်။ ထိုအခါ တစ်နေ့သ၌ အစိုးရသော သူသည် မြို့၏အပသို့ ထွက်သွား ရေချိုး၍ ပြန်လာ ခဲ့သည်ရှိသော် တစ်ပါးသော ပစ္စေကဗုဒ္ဓါအရှင်သည် မြို့သို့ဆွမ်းအလို့ငှါ ကြွဝင် တော်မူလျှင် အလုံးစုံကုန်သော မြို့သူမြို့သားတို့အား မာရ်မင်းသည် လှည့်ပတ်၍ ထားအပ်သောကြောင့် တစ်ယောက်ချို တစ်ဇွန်းမျှသော ဆွမ်းကိုလည်း မရဘဲ ဆေးကြောမြဲအတိုင်းသော သပိတ်ဖြင့်သာလျှင် ထွက်ကြွ ပြန်လည်တော် မူလာခဲ့၏။

ထိုအခါ ပစ္စေကဗုဒ္ဓါသည် မြို့တံခါးသို့ ရောက်တော်မူသည်ရှိသော် မာရ်မင်းသည် မထင်ရှားသော အသွင်ဖြင့် ချဉ်းကပ်၍ အရှင်မြတ်အား တစ်စုံတစ်ခုကို ရပါသလောဟု မေးသဖြင့် ပစ္စေကဗုဒ္ဓါက အသင်သည် အဘယ်ကြောင့် ငါ့အား မရအပ်သောအခြင်းအရာကို ပြုဘိသနည်းဟု မိန့်တော်မူလျှင် ထိုသို့တပြီးကား ဆုတ်နစ်ပြန်လည်၍ ယခုတဖန် ကြွဝင်တော်မူပါဦး။ ဤအခါမှာမူကား မပြုတော့အံ့ဟူ၍ လျှောက်ကြား၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလည်း တစ်ဖန်ငါပြန်၍ မကြွဝင်တော့အံ့ဟုမိန့်တော်မူ၏။ "ထိုစကားမှန်၏၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ပြန်၍တစ်ဖန် အကယ်၍ ကြွဝင်တော်မူသည်ဖြစ်အံ့၊ မာရ်မင်းသည် အလုံးစုံကုန်သော မြို့သူမြို့သားတို့၏ကိုယ်၌ ပူးဝင်ပြီးသော် လက်ခုပ်တီး၍ ပြက်ရယ်မှုဖြင့် ကစားခြင်းကို ပြုရာ၏ဟု ရင်းအဋ္ဌကထာ၌မိန့်တော်မူ၏။

ပစ္စေကဗုဒ္ဓါ အရှင်သခင်မြတ်သည် ပြန်ဝင်လှည့်လည်ခြင်း ငှါ အလိုမရှိသည်ရှိသော် မာရ်မင်းသည် ထိုအရပ်၌ပင် ကွယ်လေ၏။ ထိုအခါ အစိုးရသောသူသည် ဆေးကြောမြဲတိုင်းသော သပိတ်တော်ဖြင့် ကြွတော်မူလာသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို တွေ့မြင်၍ ရှိသေမြတ်နိုး ရှိခိုးပြီးသော် အရှင်ဘုရား တစ်စုံတစ်ခုသော ဆွမ်းကို ရပါသလောဟု မေးလျှောက်၏။ ဒါယကာဆွမ်းခံလှည့်လည်၍ ပြန်ခဲ့ပေသည်ဟူ၍ မိန့်တော်မူ၏။ ထိုဒါယကာသည် ကြံဆင်ခြင်သည်မှာ "အရှင်မြတ်သည် ငါ့လျှောက်ထား မေးအပ်သော စကားကို ဟုတ်တိုင်းသောအားဖြင့် ပြန်ကြားမြွက်ဖော် အမိန့်တော်မြတ် မရှိဘဲ တစ်ပါးသောစကားကို မိန့်ဆိုတော်မူသည်မှာ တစုံတစ်ခုသောဆွမ်းကို ရတော်မူသည် မဖြစ်ပေလတ္တံ့" ဟုကြံ၏။ ထို့နောက်မှ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်ကို ကြည့်သည်ရှိသော် အချည်းနှီးသော သပိတ်ကိုမြင်၍ မိမိ၏အိမ်၌ ဆွမ်း၏ကျက်နပ်သည်၏အဖြစ် မကျက်နပ်သည်၏အဖြစ်ကို ကေန်တည့်ဟည့် မသိနိုင်သေးသည်၏အဖြစ်ကြောင့် လှူလိုခြင်း၌ မရဲရင့်သောစိတ်ရှိသည်ဖြစ်၍ သပိတ်ကိုယူခြင်းငှါ မဝံ့သဖြင့် အရှင်ဘုရား အတန်ငယ် တစ်ခဏမျှ ဆိုင်းငံ့ရပ်တန့်သည်းခံတော်မူပါကုန်ဦးဟု လျှောက်ထား၍ လျင်စွာ အိမ်သို့ ပြန်သွားပြီးလျှင် ငါတို့၏ စားဖို့ရန်အလို့ငှါ စီရင်အပ်သောထမင်းသည် ကျက်နပ်ပြီလောဟူ၍ မေး၏၊ ကျက်နပ်ပါပြီဟု ဆိုသည်ရှိသော် မိမိ၏အနီးအပါး၌ရှိသော ထိုအလုပ်အကျွေးကို အမောင်–အသင်မှ တစ်ပါးသော သူသည် အသင့်ထက် လျင်မြန်ခြင်းနှင့် ပြည့်စုံသောမည်သည် မရှိ၊ လျင်စွာသွား၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ အထံသို့ရောက်သောအခါအရှင်ဘုရားသပ်တ်တော်ကို အကျွန်ုပ်အားပေးသနားတော်မူပါလော့ဟု လျှောက်ထား၍ သပိတ်ကို တောင်းယူပြီးလျှင် လျင်စွာလာခဲ့ပါလေ့ဟု ပြော၏။အလုပ်အကျွေးဖြစ်သော ထိုသူသည်ရည်းတစ်ခွန်းတည်းသောစကားဖြင့်သာလျှင် ပြေးလေ၍ သပိတ်တော်ကို လျှောက်ထား တောင်း

ယူ၍ ဆောင်ခဲ့၏။အစိုးရသော ဒါယကာလည်း မိမိ၏စားရန်ထမင်းဖြင့် သပိတ်တော်ကိုပြည့်စေ၍ ဤဆွမ်းကို လျင်စွာယူသွား၍ အရှင်မြတ်အား ဆက်ရောက်ကပ်ချေလော့။ငါသည် အသင့်အား ဤအလှူမှ ကုသိုလ်အဖို့ကို ပေးပေ ပါမည်ဟုဆို၏။ အလုပ်အကျွေး ထိုယောကျာ်းလည်း လျင်စွာသွား၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား သပိတ်ကို ကပ်လှူပြီးလျှင် ငါးပါးသော ထိခြင်းရှိသော ရှိခိုးခြင်းဖြင့် ရှိသေမြတ်နိုး ရှိခိုးပြီးသော် အရှင်ဘုရား မွန်းတည့်အခါ နီးလတ်ပြီဟူ လျှောက်ထားပြီးမှ—

"အကျွန်ုပ်သည် အလွန်လျင်စွာ အားထုတ်သဖြင့် လာခြင်း သွားခြင်းကို ပြုရပါသည်အရှင်ဘုရား။အကျွန်ုပ်အား ဤသို့ လျင်စွာ အားထုတ်ခြင်းရှိသော ကုသိုလ်၏ အစွမ်းအာနုဘော်ဖြင့် ယူဇနာ ငါးဆယ်, ယူဇနာ ခြောက်ဆယ်, ယူဇနာ တစ်ရာ ယူဇနာ တစ်ရာ့နှစ်ဆယ်, အဝေးရှည်သောခရီးသို့ သွားနိုင်ခြင်းငှါ စွမ်းနိုင်ကုန်သော ယာဉ်တို့သည် ဖြစ်ပါစေကုန်သတည်း။

"အရှင်ဘုရား အကျွန်ုပ်အား လာသော်လည်းကောင်း၊ သွားသော်လည်းကောင်း ကိုယ်ကို နေရှိန်ဖြင့် ပူလောင်ခြင်းကို ခံရပါသည်၊ ထိုသို့ နေရှိန်ဖြင့် ပြင်းစွာ ပူလောင်သည်ကို ခံရသောကုသိုလ်၏ အကျိုးအားဖြင့် အကျွန်ုပ်အား နောင်လာလတ္တံ့သော အနာဂတ်ကာလ ဖြစ်လေတိုင်း ဖြစ်လေတိုင်းသော ဘဝ၌ ဘုန်းတန်ခိုး အာဏာသည် နေရှိန်အာနုဘော် တန်ခိုးစက်၏ ထက်မြက်ခြင်းနှင့် တူသည် ဖြစ်ပါစေသတည်း။"

ဤဆွမ်းကို လှူဒါန်းသောအရာ၌ အကျွန်ုပ်၏ အရှင်ဖြစ်သောသူသည် အကျွန်ုပ်အား ကုသိုလ်အဖို့ကို ပေးဝေအပ်ပါသည်။ ထိုအရှင် ပေးဝေအပ်သော ကုသိုလ်အဖို့၏ အကျိုးဆက်အားဖြင့် အရှင်မြတ်တို့သည် သိအပ်သောတရား၏ အဖို့၌သည် ဖြစ်ပါစေသတည်း"—

ဟု ဆုတောင်းမှုကို ပြုလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်လည်း အသင်တောင်းသော ဆုအတိုင်း ပြည့်စုံစေလော့-ဟု မိန့်ဆိုတော်မူပြီး၍ ဤဂါထာတို့ကို အနုမောဒနာ ပြုတော်မူ၏—

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။
ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ။

[ဤနှစ်ဂါထာပါဌ်တို့သည် ပစ္စေကဗုဒ္ဓါတို့၏ အနုမောဒနာ ဂါထာပါဌ်တို့ပေတည်း]

အလိုရှိအပ် တောင့်တအပ်သော ဝတ္ထုသည် သင့်အား ဆောဆော လျင်လျင်သာလျှင် ပြည့်စုံပါစေသတည်း။ ပန္နရသီ တိထိနက်မျှ အခါကျသော ရွှေလမင်းသည် ပြည့်လေဘိသကဲ့သို့ ထိုအတူ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော တစ်စမကျန် ကောင်းသော အကြံတို့သည် မချွတည့်တည့် ပြည့်စုံပါစေကုန်သတည်း။

အလိုရှိအပ်တောင့်တအပ်သောဝတ္ထုသည် သင့်အား ဆောဆောလျင်လျင် သာလျှင်ပြည့်စုံပါစေသတည်း ထွန်းလင်းတောက်ပ ရစေထိုထို အလိုခပ်သိမ်းကို ပေးတတ်သော ဝေပုလ္လပဗ္ဗတာ ပေ်နေရာမှ ကောင်းစွာဖြစ်ပွား ပတ္တမြားသည် အလိုခပ်သိမ်း ပြေငြိမ်းကုံလုံ ပြည့်စုံဘိသကဲ့သို့ ထိုအတူ တစ်စမကျန် ကောင်းသော အကြံတို့သည် မချွတည့်တည့် ပြည့်စုံပါစေကုန်သတည်း။

ဤသည်လျှင် ထိုစဏ္ဍပဇ္ဇောတမင်းကြီး၏ ရှေး၌ ပြုကျင့်အပ်သော ကောင်းမှုပေတည်း။ ထိုစေခိုင်းအပ်သော လျင်မြန်စွာ သွားလာသော အလုပ်အကျွေးယောကျ်ားသည် ဤ ယခုအခါ၌ စဏ္ဍပဇ္ဇောတမင်းကြီး ဖြစ်လာ၏။ ထိုကံ၏ အကျိုးဆက်ဖြင့် ဤငါးပါးကုန်သော ယာဉ်လျှင်တို့သည် ဖြစ်ကုန်၏။

ယင်းမှထိုနောက် တစ်နေ့ရောက်သောအခါ စဏ္ဍပဇ္ဇောတ မင်းကြီးသည် ဥယျာဉ် ကစားခြင်းငှါ ထွက်တော်မူ၏။ ဥဒေနမင်းသည် ယနေ့ ပြေးထွက်ခြင်းငှါ အခွင့်သင့်လျော်သည်ဟု ကြီးကျယ်ကုန်သော သားရေ အိတ်တို့ကို ရွှေငွေဖြင့် ပြည့်စေ၍ ကရေဏုဆင်မ၏ ကျောက်ကုန်းထက်၌ တင်ထားပြီးလျှင် ဝါသုလဒတ္တမင်းသမီးကို ယူ၍ ထွက်ပြေးလေ၏။ နန်းတော်တွင်း၌ အစောင့်အရှောက်တို့သည် ပြေးထွက်သော ဥဒေနမင်းကိုမြင်၍ လျင်မြန်စွာ သွားပြီးလျှင် မင်းကြီးအား လျှောက်ကုန်၏။ စဏ္ဍပဇ္ဇောတ မင်းကြီးသည် လျင်စွာလိုက်ကြကုန်လောဟု စစ်သည်အပေါင်းကို စေလွှတ်၏။ ဥဒေနမင်းသည် စစ်သည်အပေါင်း၏ ပြေးလိုက်လာသော အဖြစ်ကိုသိ၍ အသပြာအိတ်ကို ပြေကြဲဖြန့်ကျဲစေ၏။ လူများအပေါင်းတို့သည် အသပြာတို့ကို ရွေးချယ်ကောက်ယူပြီးမှ တဖန်လိုက်ကြကုန်ပြန်၏။ ဥဒေနမင်းသည် ရွှေဖြင့်ပြည့်သော အိတ်ကို ဖြေ၍ ချထားခဲ့ပြန်၏။ ထိုလိုက်သော ဗိုလ်ပါရဲမက်တို့အား ကြဲဖြန့်သော ရွှေတို့ကို ဖွေရှာကောက်ငင်၍ နေသဖြင့် ကြာမြင့်ကုန်သည်ရှိသော် စဏ္ဍပဇ္ဇောတမင်းကြီး၏ နိုင်ငံမှအပဖြစ်သော ဥဒေနမင်း နိုင်ငံအတွင်းသို့ ဆုတ်နစ်ပြန်လည်၍ မိမိနေရာ ဖြစ်သော အိမ်တော် တဲနန်းသို့ ရောက်၏။

ထိုအခါ ရေးရှုပြန်လာသော ဥတေနမင်းကို မြင်ကုန်သည် ဖြစ်၍သာလျှင် မိမိ၏ စစ်သည်အပေါင်းသည် ပန်းရံလုကဲ မြို့သို့သင်းပေ၏။ ထိုဥတေနမင်းသည် မြို့တွင်းနန်းတော်သို့ ရောက်၍သာလျှင် ဝါသုလဒတ္တာမင်းသမီးကို အဘိသက် သွန်း၍ မြတ်သော မိဖုရားကြီး အရာ၌ ထားပေ၏။ ဤကားစဝါသုလဒတ္တာ မိဖုရားကြီးဝတ္ထုတည်း။

## မာဂဏ္ဍီမိဖုရား

ထိုမှတစ်ပါးသော မာဂဏ္ဍီအမည်ရှိသော သတို့သမီးသည်လည်း ဥတေန မင်းကြီး၏အထံမှ မြတ်သော မိဖုရားကြီး အရာအထူးကိုရပေ၏၊ ထိုမာဂဏ္ဍီမိဖုရား သည်ကား ကုရုတိုင်း၌ မာဂဏ္ဍီအမည်ရှိသော ပုဏ္ဏားကြီး၏ သမီးတည်း။ ထို မာဂဏ္ဍီအမည်ရှိသော မိဖုရား၏မိခင်ဖြစ်သော ပုဏ္ဏေးမသည်လည်း မာဂဏ္ဍီ အမည်ရှိ၏၊ ဘထွေးဖြစ်သော ပုဏ္ဏားသည်လည်း မာဂဏ္ဍီမည်သည်သာလျှင် တည်း၊ ထိုမာဂဏ္ဍီသတို့သမီးသည် အလွန် အဆင်းလှ၏။ နတ်သမီးနှင့်တူသော အဖို့ရှိ၏။ မာဂဏ္ဍီပုဏ္ဏားကြီးသည် မိမိ၏ သမီးဖြစ်သော မာဂဏ္ဍီအား လျောက်ပတ်သင့်လျော်သော အရှင်ဝ င်ကို မရသည်ဖြစ်၍ ကြီးကျယ်သည်ထက် ကြီးကျယ်ကုန်သော အမျိုးတို့သည်လာ၍ တောင်းပါလေငြားသော်လည်း ငါ၏ သမီးအား အသင်တို့သည် မသင့်လျော် မလျောက်ပတ်ဟု မောင်းမဲ ခြိမ်းခြောက်၍ လွှတ်လိုက်၏။

## မာဂဏ္ဍီပုဏ္ဏား မြတ်စွာဘုရားနှင့် တွေ့ခြင်း

ထိုအခါ တစ်နေ့သ၌ သုံးတိုက်မကုဋ္ဌ အတုလဘဂဝါ ဆရာမြတ်ဖြစ်သော ဘုရားသည် လင်းစင်မိုးသောက် ရောက်သောအခါ၌ လောကကိုကြည့်ရှု တော်မူသည်ရှိသော် မယားနှင့် တကွသော မာဂဏ္ဍီပုဏ္ဏားကြီး၏ အနာဂါမိ ဖိုလ်သို့ ရောကအံ့သော အကြောင်း၏ ပြည့်စုံခြင်းကို မြင်တော်မူ၍ ကိုယ်တော် မြတ်၏ သပိတ်သင်္ကန်းကို ကိုယ်တိုင်ယူတော်မူပြီးသည်ကာလ မာဂဏ္ဍီပုဏ္ဏားကြီး ၏ ရွာနှင့် ပြင်ပသို့ ထွက်သောအခါ မီးပူဇော်လုပ်ကျွေးရာ အရပ်သို့ ကြွတော်မူ၏။ ထိုမာဂဏ္ဍီပုဏ္ဏားကြီးသည် မြတ်စွာဘုရားကိုယ်တော်မြတ်၏ တင့်တယ်လှပခြင်း အဆင်း၏ အထွတ်အထိပ် အမြတ်သို့ ရောက်တော်မူသော အတ္တဘောတော်ကို ကြည့်ရှု၍ "လောက လူ့ရွာ၌ ဤယောကျာ်းနှင့်တူသော တစ်ပါးသော ယောကျာ်းသည် မရှိ။ ဤယောကျာ်းသည် ငါ၏သမီးအား သင့်လျော် လျောက်ပတ်၏ ဤယောကျာ်းအား လုပ်ကျွေးမွေးမြူစိမ့်သောငှါ ငါ၏ သမီးကို ပေးအံ့"ဟု ကြံပြီးလျှင် အိုအရှင် ရဟန်း ငါ့အား သမီးတစ်ယောက်သည် ရှိ၏။ ငါသည် ဤမျှသောက်သောကာလပတ်လုံး ထိုသမီးအား သင့်လျော် လျောက်ပတ်သော ယောကျာ်းကို မတွေ့မမြင် အသင်တို့သည်ကား ထိုငါ၏

သမီးအား သင့်လျော် လျောက်ပတ်၏။ ငါ၏သမီးသည်လည်း အသင်တို့အား လျှင် လျောက်ပတ်၏။ အသင်တို့အားလည်း ခြေရင်းအလုပ်အကျွေးကို ရခြင်းငှါ အပ်ပါသည်။ ငါ၏သမီးအားလည်း ကိုးကွယ်ဆည်းကပ်စရာ အရှင်လင်ကို ရခြင်းငှါ အပ်ပါသည်၊ ငါ၏သမီးကို အသင်အား ငါသည် ပေးအပ်ဆောင်နှင်း အံ့၊ အကြင်မျှလောက် ငါလာသည်တိုင်အောင် ဤအရပ်၌ ဆိုင်ငံ့တန့်ရပ်ပါ ဦးလော့ဟု ဆို၏။ မြတ်စွာဘုရားသည် ထိုပုဏ္ဏားအား တစ်စုံတစ်ခုမျှသော စကားကို မဆိုမူ၍ ဆိတ်ဆိတ်သာလျှင် နေတော်မူ၏။

## သမီးကိုခေါ် သွားခြင်း

မာဂဏ္ဍီပုဏ္ဏားကြီးသည် လျင်စွာသောအဟုန်ဖြင့် အိမ်သို့ ပြန်သွား၍ အို အရှင်မ ငါ၏သမီးအား သင့်လျော်လျောက်ပတ်သော ယောကျ်ားကို မြင်ခဲ့ရ သည်ကို ဆို၍ ဆောဆောလျင်လျင် ရှောင်တခင် သမီးငယ်ကို တန်ဆာဆင် လော့ဟု ပြောဆိုပြီးလျှင် တန်ဆာဆင်စေ၍ ပုဏ္ဏေးမနှင့်တကွ သမီးကို ယူခဲ့ကြ ပြီးသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ သွားကြလေ၏။ အလုံးစုံသော မြို့သည် တုန်လှုပ်၏။ ဤမာဂဏ္ဍီပုဏ္ဏားကြီးသည် ဤမျှလောက် သော ကာလပတ်လုံး ငါ၏သမီးအား သင့်လျော်လျောက်ပတ်သောသူ မရှိဟု သမီးကို တစ်စုံတစ်ယောက်သောသူအား မပေးဘဲ ယနေ့ ငါ၏ သမီးအား သင့်လျော် လျောက်ပတ်သောသူကို တွေ့မြင်ခဲ့သည်ဟု ဆိုပေသတတ်။ ထိုယောကျ်ားသည် အဘယ်သို့သော သဘောရှိပါလိမ့်နည်း၊ ထိုယောကျ်ားကို ကြည့်ရှုကြကုန်အံ့ဟု များစွာသော လူအပေါင်းတည်း မာဂဏ္ဍီပုဏ္ဏားလင်မယား သားအမိတို့နှင့် အတူတကွသာ ထွက်လာ၏။

## ခြေတော်ရာ ပဒစေတီကို ပြတော်မူခြင်း

ထိုပုဏ္ဏားကြီးသည် သမီးကိုယူ၍ လာသည်ရှိသော် မြတ်စွာဘုရားကိုယ်တော် မြတ်သည် ထိုပုဏ္ဏားကြီး မှာထားပြောဆိုသော နေရာ၌ တန့်ရပ်ငံ့ရှည် တည်တော် မမူဘဲ ထိုအရပ်၌ ခြေတော်ရာ ပဒစေတီကိုပြ၍ ကြွတော်မူပြီးလျှင် တစ်ပါးသော အရပ်၌ တန့်ရပ်တည်နေတော်မူ၏။

"ထိုစကားမှန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်တို့၏ ခြေတော်ရာ ပဒစေတီ သည် ဓိဋ္ဌာန်ဆောက်တည်၍ နင်းချတော်မူသော အရပ်ဌာန၌သာလျှင် ထင်၏။ တစ်ပါးသော နေရာဌာန၌မူကား မထင်။ အကြင်သူတို့၏ အကျိုးငှါ ဓိဋ္ဌာန် ဆောက်တည်တော်မူအပ်၏။ ထိုသူတို့သည်သာလျှင် ခြေတော်ရာ ပဒစေတီကို မြင်ရကုန်၏။ ထိုသူတို့၏ မမြင်ခြင်းကို ပြုခြင်းငှါ ဆင်အစရှိသော သတ္တဝါတို့ သည်လည်း နင်းနယ် ချေပစ်သည်မူလည်းဖြစ်စေ၊ ကြီစွာသော မိုးကြီးသည်

ရှာသည်မှုလည်းဖြစ်စေ၊ ပြင်းစွာသော လေအဟုန်သည် သုန်သုန်ပြေးဒိုက် တိုက်သည်မှုလည်းဖြစ်စေ၊ ဤ စိတ်တစ်ခုသော ဝတ္ထုသည် ခြေတော်ရာကို ချေဖျက် ပျောက်စေခြင်းငှါ မစွမ်းနိုင်ဟု ရင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

## ခြေရာရှင်၏ စိတ်သဘောထား

ထိုအခါ၌ ပုဏ္ဏေးမက ပုဏ္ဏားကြီးကို အသင်ပြောကြားသော ထိုယောကျ်ား သည်ကား အဘယ်မှာနည်းဟု ဆို၏။ ဤအရပ်၌ ရပ်၍ဆိုင်းလင့်ပါဦးဟု ထိုသူကို ငါ မှာထား ပြောဆိုခဲ့ပါသည်။ ယခု အဘယ်အရပ်သို့ သွားပါလိမ့်မည်နည်းဟု ကြည့်ရှုသည်ရှိသော် ခြေတော်ရာ ပဒစေတီကို တွေ့မြင်၍ ဤသည်ကား ထိုယောကျ်ား၏ ခြေရာပေတည်းဟု ပြောဆို၏။ ပုဏ္ဏေးမသည် လက္ခဏာကို သိမြင်ခြင်းငှာ စွမ်းနိုင်ကုန်သော ဗေဒင်သုံးပုံတို့ကို ဆောင်ရွက်လေ့ကျက်၍ ထားအပ်သည်၏ အဖြစ်ကြောင့် လက္ခဏာကို ပြဆိုသော မန္တန် ဗေဒင်ကျမ်းကို ပြန်လှန် အောက်မေ့ သရဇ္ဈာယ်လျက် ခြေရာလက္ခဏာကို စူးစမ်းဆင်ခြင်ပြီးလျှင် ပုဏ္ဏားကြီး ဤခြေရာသည်ကား ကာမဂုဏ်ငါးပါးကို မွေ့ခုန်ပျော်ပါး လိုက်စား သုံးဆောင်သော သူ၏ခြေရာမဟုတ်ချေတကားဟုဆို၍ပြီး၍ ဤဂါထာကိုရွတ်၏—

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊
ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ။
မူဠှဿ ဟောတိ အဝကဍ္ဍိတံ ပဒံ၊
ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။

ဆိုအရှင်ပုဏ္ဏား လောဘစမွက် အလိုထွက်၍ တပ်နှစ်သက်တတ်သောသူ၏ ခြေရာသည်ကား ဆောင့်ကြောင့်ထိုင်နေသောသူ၏ ခြေရာကဲ့သို့ ရှိလေသည်။ ဒေါသအချက် ပြင်းစွာထွက်၍ ရက်စက်ကြမ်းကြုတ် ယုတ်မာပြစ်မှားတတ်သော သူ၏ ခြေရာသည်ကား လျှင်စွာခြေဆောင့် ဖနှောင့်ရာသည် ညီစွာမသွယ် စဉ်းငယ်သိမ်ပေ၏။ မောဟလွှမ်းကဲ မိုက်မဲတွေဝေစွာ မလိမ္မာသောသူ၏ ခြေရာ သည် ဆွဲငင်၍ သွားဘိသကဲ့သို့ အလားမဖြောင့် ၍တတ်ချေသည်။ ကိလေသာ ဝဋ် စသည်မည္သတ်ဘဲ ဝဋ်ကင်းပြတ်လေပြီးသော သူ၏ ခြေရာသည် ဤအရပ်၌ ရှိသော ခြေရာကဲ့သို့ပင် ဖြစ်လေသည်ဟုဆိုသော် ပုဏ္ဏေးမကို ပုဏ္ဏားကြီးက အိုရှင်မ အသင်သည် ရေခွက်၌ မိကျောင်းကို မြင်သကဲ့သို့လည်းကောင်း၊ အိမ်၏အလယ်၌သာလျှင် နေသော သူခိုးကို မြင်သကဲ့သို့လည်းကောင်း လက္ခဏာ ဖတ်ဆိုသောကျမ်း၌ အနည်းငယ်မျှကိုသာ မြင်လေ့ရှိပါသည်။ ရှင်မ သည် ဆိတ်ဆိတ်မနေပါဦးဟု ဆို၏။

ပုဏ္ဏားမကလည်း အရှင်ပုဏ္ဏား အရှင်ပုဏ္ဏားသည် အကြင်အမှုကို အလိုရှိ၏၊ ထိုအလိုရှိသောအမှုကို ငါ့အားပြောဆိုပါလော့၊ ဤခြေရာသည်ကား ငါးပါး အာရုံ ကာမဂုဏ်ကို ခံမင်လိုက်စား မှီဝဲသွားလာ လှည့်ပတ်သောသူ၏ ခြေရာ သည် အလျှင်းပင်မဟုတ်ဟု ရဲရင့်စွာ ဆိုပေ၏။ ထိုနောက်မှ ကြည့်ရှုပြန်သည် ရှိသော် မြတ်စွာဘုရားကို တွေ့မြင်၍ ငါပြောဆိုသော ယောကျ်ားသည် ဤ ယောကျ်ားပင် ဖြစ်ပေသည်ဟု ပြောပြီးသော် ပုဏ္ဏားကြီးသည် မြတ်စွာဘုရား အထံသို့ သွား၍ အို-ရှင်ရဟန်း ငါ၏သမီးကို အသင်အား မွေးကျွေးသုတ်သင် ပြုစုစိမ့်သောငှာ ပေးပါ၏ဟု ဆို၏။

## အနာဂါမိဖိုလ်တည်ကြခြင်း

မြတ်စွာဘုရားရှင်သည် အသင်၏သမီးကို ငါ့အား အလိုရှိ၏ဟူ၍ လည်းကောင်း၊ အလိုမရှိဟူ၍ လည်းကောင်း မိန့်ဆိုတော်မမူဘဲ အို-ပုဏ္ဏား အသင်အား တစ်ခုသောအကြောင်းကို ဆိုအံ့ဟု မိန့်တော်မူလျှင် အို-ရဟန်း ဆိုပါလော့ဟု ပြောသည်ရှိသော် မြတ်သောတောထွက်ခြင်းဖြင့် တောထွက် တော်မူသည်မှစ၍ အဇပါလညောင်ပင်ရင်းတိုင်အောင် အစဉ်လိုက်၍ မြှူးယုက် ဖွဲ့စည်း ဖျက်ဆီးသော မာရ်နတ်သည် အဇပါလညောင်ပင်ရင်း သီတင်းသုံးနေ သောအခါ၌ "ငါ၏ပိုင်နက် နိုင်ငံချက်မှ လွတ်ထွက်လေပြီ၊ ဤယခုအခါ ငါသည် တစ်ယောက်တည်းသာ မွေ့လျော်ပျော်ပါးဖွယ် ရှိချေတော့သည်"ဟု စိုးရိမ် ပူပန်ခြင်းဖြင့် ပြင်းထန်စွာ နှိပ်စက်ထိုးကျင့်၍နေသော ထိုမာရ်မင်း၏ စိုးရိမ် ပူပန်ခြင်း သောကကို ပယ်ချုပ်ငြိမ်းပျောက်စေခြင်းငှာ လာရောက်ကုန်သော မာရ်မင်းသမီးတို့သည် သတို့သမီးငယ်၏ အသွင်ဖြင့်သည်ကို ပြုပြင်ဖန်ဆင်းပြီး သောအခါ ဖြားယောင်းလာသည်ကို မိန့်ဆိုမြွက်ကြားတော်မူပြီးမှ ထိုအခါ၌ သော်သည်း ငါ့အား အလိုမရှိပါဘဲလျက် ကျင်ကြီး၊ ကျင်ငယ် စက်ဆုပ်ဖွယ် အပေါင်း မကောင်းရနံ့ မသန့်ယုက်ထွေး အညစ်အကြေးတို့နှင့် ပြည့်သော အသင်ပုဏ္ဏား၏သမီး မာဂဏ္ဍီဖြင့် ငါ့အား အဘယ်မှာ အလိုရှိပါအံ့နည်းဟု ပြတော်မူလိုသောကြောင့် ဤဂါထာကို ဟောကြားတော်မူ၏—

ဒိသွာန တဏှံ အရတိံ ရဂ္ဂံ၊
နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။
ကိံ မေ ဝိဒံ မုတ္တကရီသပုဏ္ဏံ၊
ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။

တဏှာမည်သော မာရ်မင်း၏ သမီးကိုလည်းကောင်း၊ အရတိမည်သော မာရ်မင်း၏ သမီးကိုလည်းကောင်း၊ ရာဂါမည်သော မာရ်မင်း၏ သမီးကို လည်းကောင်း မြင်၍လည်း နှစ်ယောက်အစုံ မှီးခုန်ရည်ရွ မေထုန်မှု၌ ငါ၏

စိတ်ဖြင့် ဆောင်တအပ်သော 'အလိုရှိသည်လည်း တဏှာ ရတိ ရဂါ ဆတ် မဖြစ်ဘူး၊ ကျင်ငယ်, ကျင်ကြီးတို့ဖြင့် ပြည့်သော ဤမာဂဏ္ဍီကို ငါဘုရားအား ဒေ ဘ ယ် နှင့်မျှ အလိုရှိပါချိမ့်မည်နည်း၊ ထိုသင်၏သမီး မာဂဏ္ဍီကို ခြေတို့ဖြင့်လည်း ထိခြင်းငှာ အလိုမရှိပါချေ။

ထိုဒေသနာ ပါဠိဂါထာ၏အဆုံး၌ မာဂဏ္ဍီပုဏ္ဏားကြီးသည် လည်းကောင်း၊ မာဂဏ္ဍီပုဏ္ဏေးမသည်လည်းကောင်း အနာဂါမိဖိုလ်၌ တည်ကြကုန်၏။

## မာဂဏ္ဍီ ရန်ငြိုးဖွဲ့ခြင်း

မာဂဏ္ဍီသတို့သမီးသည်လည်း ဤရဟန်းသည် ငါ့အား အကယ်၍ အလိုမရှိသည် ဖြစ်ခဲ့အံ့ အလိုမရှိသောအဖြစ်ကိုသာလျှင် ပြောဆိုရပါမည်။ ဤရဟန်းသည် ငါ့ကို ကျင်ငယ်,ကျင်ကြီးတို့ဖြင့် ပြည့်သည်ကိုပြု၍ ပြောကြား၏။ ခြေတို့ဖြင့်သော်လည်း အသင့် သမီးကို ထိခြင်းငှာ အလိုမရှိဟု ဆိုဘိသည်။ ရှိစေဦးတော့ ငါသည် မိမိဇာတ်, အမျိုး, အရပ်, စည်းစိမ်ချမ်းသာ, အရွယ်၏ ပြည့်စုံခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော လုပ်ကျွေးပြုစု မှီခိုဆည်းကပ်ရာ ခင်ပွန်းလင်ကို ရသည်ရှိသော် ရဟန်းဂေါတမအား ပြုခြင်းငှာ သင့်လျော်လျောက်ပတ်သည်ကို သိစေအံ့ဟု မြတ်စွာဘုရားကိုယ်တော်မြတ်၌ ရန်ငြိုးဖွဲ့၏။

[အသို့နည်း မြတ်စွာဘုရားရှင်သည် ထိုမာဂဏ္ဍီသတို့သမီး၏ မိမိ၌ ရန်ငြိုးဖွဲ့ခြင်း ဖြစ်လတ္တံ့သည်၏ အဖြစ်ကို သိတော်မူလေသလော၊ မသိတော်မူဘဲပင် ရှိလေသလောဟူမူ သိတော်မူသည်သာလျှင်တည်း။ ယင်းသို့ သိတော်မူပါလျက် အဘယ့်ကြောင့် မြတ်စွာဘုရားသည် ဂါထာကို ဟောတော်မူဘိလေသနည်း ဟူမူကား သတို့သမီးငယ်မှ တစ်ပါးကုန်သောမာဂဏ္ဍီခင်ပွန်း လင်မယားတို့၏ အစွမ်းဖြင့် ဟောတော်မူသည်။ "ထိုစကားမှန်၏၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တို့သည် ရန်ငြိုးဖွဲ့ခြင်းကို မရေတွက်မူမူ၍ မဂ်,ဖိုလ်ကို ရခြင်းငှာ ထိုက်ကုန်သော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် တရားတော်ကို ဟောကြားတော်မူကုန်သည်သာလျှင်တည်း"ဟု ရင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။]

မိခင် ဘခင်ဖြစ်ကုန်သော ပုဏ္ဏေးမ, ပုဏ္ဏားကြီးတို့သည်လည်း ထိုသမီးကို ဆောင်ယူ၍ ဘကြီးဖြစ်သော စူဠမာဂဏ္ဍီ ပုဏ္ဏား၏အထံ၌ အပ်နှံ ဝန်ခံစေပြီးလျှင် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

## မာဂဏ္ဍီ မိဖုရားဖြစ်ခြင်း

ဓုဋ္ဌမာဂဏ္ဍီ ပုဏ္ဏားသည်လည်း စဉ်းစား ကြံဆင်ခြင်သည်မှာ "ငါ၏ သမီးသည် ယုတ်သော သတ္တဝါအား မသင့်လျော် မလျောက်ပတ်၊ တစ်ယောက်သော ပြည့်ရှင်မင်းမြတ်အားသာ သင့်လျော် လျောက်ပတ်ပေသည်"ဟု ကြံ၍ ထိုမာဂဏ္ဍီ သတို့အမီးကို ယူဆောင်ပြီး ကောသမ္ဗီပြည်သို့ သွား၍ အလုံစုံကုန်သော တန်ဆာတို့ဖြင့် တန်ဆာ ဆင်ပြီးလျှင် ဤမိန်းမ ရတနာသည် အရှင်မင်းကြီးအားသာလျှင် သင့်လျော်လျောက်ပတ်ထိုက်တန်သည်ဟု ဥတေနမင်းကြီးအား ပို့ဆက်ပေ၏။ ဥတေနမင်းကြီးသည် မာဂဏ္ဍီ သတို့သမီးကို မြင်၍သာလျှင် အားကြီးသောချစ်ခြင်းရှိသည်ဖြစ်၍ အဘိသိက် သွန်းခြင်းကို ပြုပြီးလျှင် မိန်းမငါးရာတို့ အခြံအရံကိုပေး၍ မြတ်သောမိဖုရားကြီး အရာ၌ ထားပေ၏။ ဤကား မာဂဏ္ဍီမိဖုရား၏ဝတ္ထုတည်း။

## ရသေ့ငါးရာနှင့် ညောင်ပင်စောင့် နတ်မင်း

ဤသို့ ပြဆိုအပ်ပြီးသောစကား အစဉ်အတိုင်းအားဖြင့် ဥတေနမင်းကြီးအား ကချေသည်အပေါင်း တစ်ထောင့်ငါးရာတို့ ခြံရံလျက် မြတ်သောမိဖုရား သုံးယောက်တို့သည် ရှိသည်ဖြစ်ကုန်၏။ ထိုအခါ၌ ဃောသကသေဋ္ဌေး၊ ကုက္ကုဋသေဋ္ဌေး၊ ပါဝါရိကသေဋ္ဌေး ဟူကုန်သော သေဋ္ဌေးကြီး သုံးယောက်တို့သည် ကောသမ္ဗီပြည်၌ ရှိသည်ဖြစ်ကုန်၏။ ထိုသေဋ္ဌေးကြီးတို့သည် မိုးလကပ်ခြင်းငါးနီးလတ်သောအခါ ရသေ့ငါးရာတို့သည် ဟိမဝန္တာတောမှလာခဲ့၍ မြို့၌ ဆွမ်းရှာခြင်းအလို့ငှာ ကြွဝင်တော်မူကြသည်တို့ကို မြင်လေက ကြည်ညိုခြင်းရှိလှ၍ ပင့်ဖိတ်ထိုင်နေစေပြီးလျှင် ဆွမ်းကျွေးပြီး ပဋိညာဉ်ကို ယူစေ၍ လေးလတို့ပတ်လုံး မိမိ၏အထံ၌ နေစေပြီး လျှင် တပန် မိုးလကျတ်လတ်သော် ပြန်လာစိမ့်သောငှာ ဝန်ခံစေ၍ လွှတ်လိုက်ကုန်၏။ ရသေ့တို့သည်လည်း ထိုကာလမှစ၍ ရှစ်လတို့ ပတ်လုံး ဟိမဝန္တာ၌နေ၍ မိုးလေးလတို့ပတ်လုံး ထိုသေဋ္ဌေးကြီးတို့၏ အထံ၌ နေကြကုန်၏။ ထိုရှင်ရသေ့တိသည် နောက်အဖို့ဖြစ်သောတစ်ပ းသောအခါ၌ ဟိမဝန္တာမှ လာသည်ရှိသော် တောအုပ်၌ တစ်ခုသော ပညောင်ပင်ကြီးကို တွေ့မြင်၍ ထိုညောင်ပင်၏အရင်း၌ ထိုင်နေကြကုန်၏။

ထိုရသေ့ငါးရာတို့တွင် အကြီးအမှူးဖြစ်သော ရသေ့က ကြံဆင်ခြင်သည်မှာ "ဤသစ်ပင်၌ စောင့်ရှောက်ထိန်းသိမ်းရသော နတ်သည်ကား ယုတ်သည်မဖြစ်ပေလတ္တံ့၊ ဤသစ်ပင်အရပ်၌ တန်ခိုးကြီးသော နတ်မင်းသည် စောင့်ရှောက်ထိန်းသိမ်းအပ်သည်ဖြစ်ပေလိမ့်မည်။ ဤသစ်ပင်၌စောင့်ရှောက်ထိန်းသိမ်းသော နတ်မင်းသည် ဤရသေ့အပေါင်းအား သောက်ရေကို ပေးလှူပါမူကား ကောင်း

လေစွ”ဟု ကြဲ၍ ထိုနတ်သည်လည်း သောက်ရေကို ပေးလှူ၏။ ရသေ့သည် ချိုးရေကို ကြံလောက်မေ့၏။ ထိုချိုးရေကိုလည်း ပေးလှူ၏။ထိုနောက်မှ ခဲဖွယ်ဘောဇဉ်ကို ကြံပြန်၏။ထိုခဲဖွယ်ဘောဇဉ်ကိုလည်း ပေးလှူ၏။ ထိုနောက်မှ ရသေ့အား ဤသို့သောအကြံသည် ဖြစ်၏။“ဤနတ်မင်းသည် ငါတို့ ကြံတိုင်း ကြံတင်းသော အလုံးစုံကို ပေးလှူ၏။ ထိုနတ်မင်းကို မြင်ရပါမူကား ကောင်းလေစွ” ဟု တောင့်တကြံစည်၏။ နတ်မင်းသည် သစ်ကိုင်းသစ်ခက်ကို နှင်ဖြာဖောက်ခွဲလျက် မိမိကိုယ်ကို ပြပေ၏။ ထိုအခါ ရသေ့တို့သည် ထိုနတ်မင်းကို အသင်နတ်မင်း အသင်နတ်မင်းအား ဤကဲ့သို့သော ကြီးကျယ်စွာသာစည်းစိမ်ချမ်းသာကို အဘယ်သို့သော ကောင်းမှုကံကိုပြု၍ ရအပ်ပါလေသနည်းဟု မေးကြကုန်၏။ အရှင်မြတ်တို့ မမေးတော်မူကြပါကုန်လင့်ဟုတားမြစ်သော်လည်း နတ်မင်း ပြန်ကြားပါလော့ဟုတိုက်တွန်းကုန်၏။ထိုနတ်သည်ကား မိမိပြုအပ်သော ကုသိုလ်ကံ၏ အနည်းငယ်မျှသာ ရှိသည်၏အဖြစ်ကြောင့် ရှက်နိုးလှသည်ဖြစ်၍ ဆိုခြင်းငှာ မဝံ့လေ။ ရသေ့တို့သည် အဖန်ဖန်အထပ်ထပ် မပြတ်တိုက်တွန်း နှိပ်နယ်၍ မေးအပ်သည်ရှိသော် အရှင်မြတ်တို့ ထိုသို့ဖြစ်လျှင် နာတော်မူကြလော့ဟု ဆို၍ အကြောင်းကိုပြန်ပြောပေ၏။

## ညောင်ပင်စောင့် နတ်မင်း၏ ရှေးဘဝကုသိုလ်

ထိုနတ်သားသည် ရှေးဘဝက တစ်ယောက်သော သူဆင်းရဲ ဖြစ်ခဲ့၍ အခစားဖြင့် အမှုလုပ်ခြင်းကို ရှာသည်ရှိသော် အနာထပိဏ်သေဌေးကြီး၏ ထံ၌ အခဖြင့်လုပ်ဆောင်အပ်သော အမှုကိစ္စတစ်ခုကိုရ၍ အနာထပိဏ်သေဌေးကြီးကို အမှီပြုပြီး အသက်မွေးမြူ၏။ ထိုနောက် တစ်ကြိမ်သော ဥပုသ်နေ့ ကြုံကိုက်ရောက်လာသည်ရှိသော် အနာထပိဏ်သေဌေးကြီးသည် ကျောင်းတော်မှပြန်လာခဲ့၍ အခဖြင့် အမှုလုပ်ဆောင်သော ထိုသူရင်းငှားအား ယနေ့ ဥပုသ်နေ့ ကြိမ်သော နေ့အဖြစ်ကို တစ်စုံတစ်ယောက်သောသူသည် ပြောကြားလိုက်သည် မဟုတ်တုံလော့ဟုမေးလျှင် အမှုင်သေဌေးမင်း မပြော ကြားပါဟု ပြောသဖြင့် ထိုသို့ဖြစ်လျှင်ထိုအခစားသူရင်းငှား၏အလို့ငှာ ညစာထမင်းကိုချက်ထားကြကုန်လော့ဟု ဆိုသောကြောင့် တစ်ကွမ်းစားမျှလောက်သောဆန်ကို အခစားသူရင်းငှား စားရန်အလို့ငှာချက်ထားကြကုန်၏၊ထိုအခစားသူရင်းငှားယောကျ်ားသည် တစ်နေ့ပတ်လုံး တော၌ အမှုကြီးငယ်ကိစ္စကို ပြုစုရွက်ဆောင်၍ ညချမ်းသော အခါ၌ အိမ်သို့ပြန်လာပြီး ထမင်းကိုခူးဆွ၍ပေးသည်ရှိသော် ငါသည် ဆာလောင်မွတ်သိပ်လှသည်ဟု ဆောဆော လျင်လျင် ရှောင်တခင် မစားသေးမူ၍သာလျှင် တစ်ပါးသော နေ့ရက်တို့မှာ ဤအိမ်၌ ထမင်းကို ပေးကြကုန်လော့၊ ဟင်းကို ပေးကြကုန်လော့၊အမဲဟင်းလျာကိုပေးကြကုန်လော့ဟု ကြီးစွာသောအုတ်အုတ်ကျက်ကျက်သည်ဖြစ်၏။အလုံးစုံကုန်သောသူတို့သည် ယနေ့အသံကားတိတ်ဆိတ်

ကုန်သည် ဖြစ်ကုန်၏။ ငါတစ်ယောက်အားသာ အာဟာရထမင်းကို ခူးဆွတ်၍ ပေးကုန်၏။ အကြောင်းအသို့နည်း''ဟု ကြံဆင်ခြင်ပြီးလျှင် ကြွင်းကုန်သော သူတို့သည် စားကုန်ပြီလော၊ မစားကုန်သေးသလောဟု မေး၏။

အမောင် မစားကြကုန်ဟု ဆိုသဖြင့် အဘယ်ကြောင့် မစားကြပါကုန်သနည်းဟု မေးပြန်သော် ဤအိမ်ဝယ် ဥပုသ်နေ့ ကြိမ်သောအခါ၌ ညစာထမင်းကို မစားမသောက်ကြကုန်။ အလုံးစုံကုန်သော သူတို့သည် ဥပုသ်သီလကို စောင့်သုံးကုန်၏။ ယုတ်သော အပိုင်းအခြားအားဖြင့် နို့စို့သူငယ်ဘို့ကိုသော်သည်း ခံတွင်းကို ဆေးကြော၍ စတုမဓုကို ကိုယ်ခံတွင်း၌ ထည့်သွင်းစေ၍ သေဌေးကြီးသည် ဥပုသ်သုံးခြင်းတို့ကို ပြုစေ၏။ နံ့သာ ဆီမီးတိုင်တို့ကို ညှိထွန်း၍ လူငယ်၊လူကြီး အသီးသီးသော သူတို့သည် အိပ်ရာသို့ ကပ်ကုန်လျက် ရွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်းသရဇ္ဈာယ်ကြကုန်၏။ အသင်အားကား ဥပုသ်နေ့၏ အဖြစ်ကို ဆိုခြင်းငှာ သတိကို မပြုမိကြကုန်။ ထို့ကြောင့် အသင်စာ့ဖို့ ထမင်းကို ချက်ဖပ်ကုန်၏။ ထိုထမင်းကို အသင်သည် စားလော့ဟု ဆို၏။

အခစား သူရင်းငှါးကလည်း ဤ ယခု အခါ၌ ဥပုသ်စောင့်သုံးခြင်းဖြင့် အကျိုးမပျက် ရကောင်းသည် အကယ်၍ ဖြစ်ခဲ့ပါလျှင် အကျွန်ုပ်သည်လည်း ဥပုသ်စောင့်သုံးခြင်း ဖြစ်လိုပါသည်ဟု ဆိုသော် ဤအကြောင်းကို သေဌေးကြီးသည် သိ၏။ ထိုသို့ဖြစ်လျှင် သေဌေးကြီးကို မေးကြကုန်အံ့ဟု ထိုသူတို့သည် သွားကြ၍ သေဌေးကြီးကို မေးကြကုန်၏။ သေဌေးကြီးက ဤသို့ဆို၏။ ယခုအခါ၌လည်း ဘောဇဉ်ကို မစားမသောက်မူ၍ ခံတွင်းကို ဆေးကြောပြီးလျှင် ဥပုသ်အင်္ဂါတို့ကို ဆောက်တည်သည်ရှိသော် ထက်ဝက်သော ဥပုသ်ကံကို ရပါလတ္တံ့ဟုပြော၏။ အခစားသူရင်းငှါး ယောကျ်ားသည် သေဌေးကြီး၏ စကားကို ကြား၍ ပြောဆိုတိုင်းကိုပင် ပြုပေ၏။ ထိုနောက် တစ်နေ့ပတ်လုံး အမှုကိစ္စအဝဝကို ရွက်ဆောင်ပြု၍ မွတ်သိပ်ဆာလောင်ခြင်း ပြင်းစွာနှိပ်စက်အပ်သော အခစား သူရင်းငှါး၏ ကိုယ်၌ လေတို့သည် ပျက်ကုန်၏။ ထိုသူသည် ဝမ်းကို ကြိုးဖြင့်ဖွဲ့၍ ကြိုး၏ အစွန်ဖြင့် ဆွဲငင်ပြီးလျှင် လူးလိမ့်ပြန်လည်၏။ အနာထပိဏ်သေဌေးကြီးသည် ထို အကြောင်းကို ကြားသိ၍ မီးရှူးမီးတိုင်တို့ဖြင့် ထွန်းညှိ၍ စတုမဓုကို ယူစေ လျက် အခစားသူရင်းငှါး၏ အထံသို့လာခဲ့ပြီးလျှင် ချစ်သား အသို့နည်းဟုမေး၏ အရှင်သေဌေးမင်း အကျွန်ုပ်အား လေရောဂါသည် ပြင်းစွာ ဖွားတက် ပျက်၍ ရှိခဲ့ပါသည်ဟု ပြောသော် ထိုသို့ဖြစ်လျှင် ချစ်သား ထ၍ ဤ စတုမဓုဆေးကို စားသောက်ပါလော့ဟု ဆိုသဖြင့် အရှင်သေဌေးမင်း အရှင်တို့

သည် စားသောက်ကြပါကုန်သလောဟု မေးလျှင် ချစ်သားငါတို့အား မချမ်းမသာ ရောဂါဖြစ်ပွားခြင်းမရှိ၊ အသင်သည်သာလျှင် စားသောက်လေလော့ဟု ပြောသော် အမျှင် အကျန်ပ်သည် ဥပုသ်စောင့်သုံးခြင်း ကုသိုလ်ကံစီမံပြုစုရပါသော်လည်း အလုံးစုံသော တစ်နေ့လုံးကို စောင့်သုံးခြင်းငှာ မစွမ်းနိုင်ပါ၊ တစ်ဝက်မသော ဥပုသ်ကို စောင့်သုံး ဆောက်တည်ရသော အကျွန်ုပ်အား ချိုင့်ယှင်းချွတ်ခြင်း မရှိပါစေလင့်တော့ဟုကြံ၍ စားသောက်ခြင်းငှာ အလိုမရှိပါဟု ဆိုလျှင် ချစ်သား ဤသို့ မပြုလင့်ဟု အဖန်တလဲလဲ ပြောဆိုသော်လည်း အလိုမရှိသောကြောင့် နေအရှက်တက်ကြွသည်ရှိသော် ညှို နွမ်းသောပန်းကဲ့သို့ သေလွန်ခြင်းကိုပြု၍ ဤညောင်ပင်၌ ဖြစ်လေ၏။

နတ်မင်းသည် ဤသို့သော အကြောင်းကို ပြောဆိုပြီးလျှင် ထိုအနာထပိဏ် သူဌေးကြီးသည် ဘုရားကို မြတ်နိုး၏၊ တရားတော်ကိုမြတ်နိုး၏။ သံဃာတော်ကိုမြတ်နိုး၏။ ထိုအနာထပိဏ် သူဌေးကြီးကို အမှီပြု၍ ပြုအပ်သော ထက်ဝက်သော ဥပုသ်၏အကျိုးဆက်ဖြင့် ဤသို့သော စည်းစိမ်ချမ်းသာကို ငါသည်ရအပ်သတည်းဟုဆို၏။ ဘုရားဟူသော အသံကိုကြားရ၍ ရသေ့ငါးရာတို့သည်ရေနှု ထပြီးလျှင် နတ်မင်းအား လက်အုပ်ချီမိုး ရှိခိုးပြီး ဘုရားဟူ၍ ဆိုပါသလောဟု မေးသဖြင့် နတ်မင်းကသည် ဘုရားဟူ၍ ဆိုပေသည်ဟုပြော၏။ ဤသို့သော အခြင်းအရာဖြင့် သုံးကြိမ်တိုင်အောင် ရွတ်ဆိုဝန်ခံပြီးမှ ဤဥဒါန်းကို ရွတ်ဆိုကြကုန်၏—

ဃောသောပိ ခေါ ဧသော ဒုလ္လဘော လောကသ္မိံ။

စင်စစ်ကေန် အမှန်မလွဲသဖြင့် လောကအပြင် ဘုံသုံးခွင်၌ ဤသို့ထင်ရှားဘုရား ဟူသော ကြွေးကြော်ပြောဆိုသော အသံကိုမျှသော်လည်း ကြားနာရလှ ခဲစွ၂၏။

## ရသေ့ငါးရာတို့ မြတ်စွာဘုရားထံသို့ သွားကြခြင်း

ဥဒါန်းကိုကျူးရင့်ပြီးလျှင် အရှင်နတ်မင်းများစွာကုန်သောကမ္ဘာတစ်သိန်းတို့၌ မကြားစဖူးသောအသံကို ရှင်နတ်မင်း၏အထံမှ ဘုရားဟူသောစကားကို ငါတို့အား ကြားနာရပေသည်ဟု ပြောဆိုချီးမွမ်းကြကုန်၏။ ထိုနောက်မှ အတွင်းနေ တပည့်တို့က ဆရာရသေ့ကို ထိုသို့ဖြစ်လျှင် မြတ်စွာဘုရားအထံတော်သို့ သွားကြကုန်အံ့ဟုဆိုကုန်၏။ အမောင်တို့ သူဌေးကြီး သုံးဦးတို့သည် ငါတို့အား ကျေးဇူးများကုန်၏။ နက်ဖန် ထိုသူဌေးကြီးတို့အိမ်၌ ဆွမ်းကိုခံယူ၍ သူဌေးကြီးတို့အား အကြောင်းကိုကြားပြီး၍ သွားကြကုန်အံ့။ အမောင်တို့ သည်းခံ

ကြပါဦးလော့ဟု တပည့်တို့ကို သည်းခံစေကုန်၏။ နက်ဖြန် မိုးသောက် ရောက်သောနေ့၌ သေဋ္ဌေးကြီးတို့ကား ယာဂုထမင်းကို ပြည့်စုံစေ၍ နေရာတို့ကိုခင်းပြီးလျှင် ယနေ့သည်ကား ငါတို့အရှင်တို့၏ ကြွတော်မူလာအံ့သော နေ့ပေတည်းဟု သိ၍ ခရီးဦး ကြိုဆိုခြင်းကို ပြုမြဲသော် ထိုရသေ့တို့ကို ပင့်ယူ၍ အိမ်သို့သွားပြီး ထိုင်နေစေပြီးလျှင် ဆွမ်းကိုပေးလှူကုန်၏။ ရသေ့တို့သည် ဆွမ်းစားခြင်းကိစ္စပြီးဆုံးသည်ရှိသော် သေဋ္ဌေးကြီး ငါတို့သည် သွားကုန်တော့အံ့ဟု ဆိုကုန်၏။ အရှင်ဘုရားတို့ အရှင်မြတ်တို့သည် မိုးလေးလပတ်လုံး အကျွန်ုပ်တို့အား ပူဇော်အပ်သော ပဋိညာဉ်ရှိသည် မဟုတ်ကုန်လော။ ဤယခုအခါ၌ အဘယ်အရပ်သို့ အရှင်မြတ်တို့သည် ကြွတော်မူကြကုန်လတ္တံ့နည်းဟု မေးလျှောက်၏။ သေဋ္ဌေးကြီးတို့ လောကလူ့ရွာ၌ ဘုရားပွင့်တော်မူသတတ်။ တရားဖြစ်တော်မူသတတ်။ သံဃာဖြစ်တော်မူသတတ်။ ထိုကြောင့် မြတ်စွာဘုရား၏အထံသို့ သွားကုန်တော့အံ့ဟု ပြောသော် အရှင်မြတ်တို့ အသို့နည်း၊ ထိုမြတ်စွာဘုရား၏ အထံသို့ အရှင်မြတ်တို့အားသာ သွားအပ်ပါသလောဟု မေးလျှောက်လျှင် ဒါယကာတို့ တစ်ပါးသောသူတို့အားလည်း တားမြစ်ပိတ်ပင်ခြင်းမရှိဟု ဆိုသဖြင့် အရှင်မြတ်တို့ ထိုသို့ဖြစ်လျှင် ဆိုင်းတွင့်သင့်တော် မူကြပါဦး။ အကျွန်ုပ်တို့သည်လည်း သွားအံ့သော အစီအရင်ကိုပြု၍ လိုက်ပါကုန်အံ့ဟုလျှောက်၏။

## ရသေ့ငါးရာတို့ ရဟန္တာဖြစ်ကြခြင်း

အသင်တို့သည် အမှုကြီးငယ် အစီအရင်ကို ပြုကုန်သည်ရှိသော် ငါတို့အား ကြာကြင့်ခြင်းဖြစ်လိမ့်မည်၊ ငါတို့သည် ရှေးမှသွားနှင့်ကုန်တော့အံ့ အသင်တို့သည် နောက်မှ လိုက်လာကုန်လော့ဟုဆို၍ ထိုရသေ့တို့သည် ရှေးဦးစွာ မြတ်စွာဘုရားအထံသို့ သွား၍ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုမြင်လျှင် ကြည်နူးစိတ်လန်းချီးမွမ်းထောမနာ ပြီး ရှိသေမြတ်နိုး ရှိခိုးပြီးသော် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေကြကုန်၏။ ထိုအခါ ရောက်လာကုန်သော ထိုရသေ့တို့အား မြတ်စွာဘုရားသည် အစဉ်သောစကားကို မိန့်ဆိုတော်မူပြီး၍ တရားဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ အလုံးစုံကုန်သော ရသေ့တို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ရဟန်းအဖြစ်ကို တောင်းပန်လျှင် ရဟန်းတို့ လာလှည့်ကုန်လော့ စသော စကားတော်၏ အခြားမဲ့၌ တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းကို ဆင်မြန်း လွယ်ဆောင်ကုန်လျက် "ဟေဝိဘိက္ခု" ရဟန်းတို့ ဖြစ်ကြလေကုန်၏။

ထိုသေဋ္ဌေးကြီး သုံးယောက်တို့သည်လည်း ငါးရာငါးရာကုန်သော လှည်းတို့ဖြင့် အဝတ်ပုဆိုး ထောပတ် ပျား တင်လဲ အစရှိကုန်သော အလုံးစုံသော လှူဒါန်းဖွယ် အဆောက်အဦတို့ကို ယူ၍ သာဝတ္ထိပြည်သို့ ခရီးအစဉ်အတိုင်း

ရောက်လာ၍ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ရှိသေမြတ်နိုး ရှိခိုးပြီးသော် တရားစကားကို ကြားနာရ၍ တရားဒေသနာ ဂါထာ၏အဆုံး၌ သောတာပတ္တိဖိုလ်၌တည်၍ လ၏ ထက်ဝက် တစ်ဆယ့်ငါးရက်မျှ ကာလပတ်လုံး အလှူဒါနကို ပေးလှူလျက် မြတ်စွာဘုရား၏ ထံတော်၌သာ မှီဝဲဆည်းကပ်နေ၍ ကောသမ္ဗီပြည်သို့ ကြွလာတော်မူခြင်းငှါ ဘုရားရှင်ကို တောင်းပန် လျှောက်ထားပြီးသော် မြတ်စွာဘုရားကိုယ်တော်မြတ်က ပဋိညာဉ်ကို ပေးသဖြင့် ဒါယကာ သေဋ္ဌေးကြီးတို့ လာခြင်းကောင်းတော်မူကုန်သော ဘုရားတို့သည် ဆိတ်ငြိမ်ရာ အရပ်၌သာလျှင် မွေ့လျော်လေကုန်၏ဟု မိန့်တော်မူသော် အရှင်ဘုရား တပည့်တော်တို့သည် သိပါပြီ၊ တပည့်တော်တို့သည် စေလွှတ်အပ်သော သတင်းစကားဖြင့် အရှင်ဘုရား ကြွတော်မူလာခြင်းငှါ သင့်လျော်လျောက်ပတ်အပ်ပါသည် ဘုရားဟု လျှောက်ထားပြီးလျှင် ကောသမ္ဗီပြည်သို့ ပြန်သွား၍ ဃောသက သေဋ္ဌေးကြီးသည် ဃောသိတအာရာမ်၊ ကုက္ကုဋသေဋ္ဌေးကြီးသည် ကုက္ကုဋ အာရာမ်၊ ပါဝါရိကသေဋ္ဌေးကြီးသည် ပါဝါရိကအာရာမ်အားဖြင့် သုံးပါး ကုန်သော အာရာမ်ကျောင်းတိုက်ကြီးတို့ကို ပြုလုပ်၍ မြတ်စွာဘုရားကိုယ်တော် မြတ် ကြွလာစိမ့်သောငှါ သတင်းစကားကို စေလွှတ်ကြကုန်၏။

## ကောသမ္ဗီပြည်သို့ မြတ်စွာဘုရား ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ထိုသေဋ္ဌေးကြီးတို့ စေလွှတ်အပ်သော သတင်းစကားကို ကြားသိတော်မူ၍ ကောသမ္ဗီပြည်သို့ ကြွတော်မူ၏။ ထိုသေဋ္ဌေးကြီးတို့သည် ခရီးဦးကြိုဆိုပြီး မြတ်စွာဘုရားကို ကျောင်းအာရာမ်သို့ ပင့်သွားပြီးလျှင် အလှည့်လှည့်ဖြင့် လုပ်ကျွေး ပြုစုကြကုန်၏။ မြတ်စွာဘုရားသည် နေ့တိုင်း နေ့တိုင်း တစ်ခုတစ်ခုသော ကျောင်း၌ သီတင်းသုံးစံနေတော်မူ၏။ အကြင် သေဋ္ဌေး၏ ကျောင်း၌ ကိန်းအောင်း သီတင်းသုံးစံနေ၏။ ထိုသေဋ္ဌေး၏ အိမ်တံခါး၌သာ ဆွမ်းအလို့ငှါ လှည့်လည်ကြွတော်မူ၏။ ထိုအခါ သေဋ္ဌေးကြီး သုံးဦးတို့၏ အလုပ်အကျွေးဖြစ်သော သုမနမည်သော ပန်းသည်သည် ရှိ၏။ ထိုသုမနပန်းသည်သည် ထိုသေဋ္ဌေးကြီးတို့ကို ဤသို့ ဆိုပေ၏။ အကျွန်ုပ်သည် အရှင်တို့အား ရှည်စွာသော နေ့ညဉ့်ပတ်လုံး ကျေးဇူးများသောသူ ဖြစ်ပါသည်၊ အကျွန်ုပ်သည်လည်း မြတ်စွာဘုရားကို ဆွမ်းကျွေးခြင်းငှါ အလိုရှိပါသည်။ အကျွန်ုပ်အား တစ်နေ့အဖို့မျှ မြတ်စွာဘုရားကို ပေးသနားကြပါဦးလော့ဟု ခွင့်တောင်း၏။ ထိုသို့ဖြစ်လျှင် အချင်းသုမန နက်ဖြန်အခါ၌ ကျွေးမွေးလှူဒါန်း လေလော့ဟု ခွင့်ပေး၏။ အရှင်တို့ ကောင်းပါပြီဟု ဝမ်းမြောက်ဝမ်းသာ ဝန်ခံ၏။ ထိုသုမနပန်းသည်သည် မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်၍ လှူဖွယ်ဝတ္ထု တို့ကို စီရင်၏။

## ခုဇ္ဇုတ္တရာ သောတာပန်တည်ခြင်း

ထိုအခါ ဥတေနမင်းကြီးသည် သာမာဝတီ မိဖုရားအား နေ့တိုင်းနေ့တိုင်း ပန်းအဖိုး အသပြာ ရှစ်ကျပ်တို့ကို ပေး၏။ ထိုသာမာဝတီမိဖုရား၏ ခုဇ္ဇုတ္တရာ အမည်ရှိသော ကျွန်မသည် သုမနပန်းသည်၏ အထံသို့သွား၍ အမြဲမပြတ် ပန်းတို့ကို ဝယ်ယူ၏။ ထိုအခါ ဆွမ်းကျွေးသော နေ့၌လာသော ထိုခုဇ္ဇုတ္တရာကို သုမနပန်းသည်က ငါသည် မြတ်စွာဘုရားကို ပင့်ဖိတ်အပ်သည် ဖြစ်၍ ယနေ့ အထွတ်အမြတ် အစီးဖြစ်သော ပန်းတို့ဖြင့် ပူဇော်အံ့၊ အသင်သည် တစ်ခဏမျှ ဆိုင်းငံ့ပါဦး၊ ဆွမ်းဖြင့် လုပ်ကျွေးပြုစုရာ၌ အဖော်ဖြစ်၍ တရားတော်နာပြီးလျှင် ကြွင်းကုန်သောပန်းတို့ကို ယူပြီးသော် သွားရပါလတ္တံ့ဟု ဆို၏။ ခုဇ္ဇုတ္တရာ လည်း ကောင်းပါပြီဟု ဝန်ခံ၏။ သုမနပန်းသည်လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာတော် အပေါင်းကို လုပ်ကျွေးပြုစုပြီးသောအခါ အနုမောဒနာကို ပြုခြင်းငှာ သပိတ်ကိုယူ၏။ မြတ်စွာဘုရားသည် အနုမောဒနာ တရားဒေသနာ ကို အားထုတ် ဟောကြားတော်မူ၏။ ခုဇ္ဇုတ္တရာကျွန်မသည် မြတ်စွာဘုရား၏ တရားစကားကို ကြားနာလျက်သာလျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုခုဇ္ဇုတ္တရာသည် တစ်ပါးကုန်သော နေ့တို့၌ အသပြာလေးကျပ်တို့ကို မိမိ၏ အဖို့ယူ၍ အသပြာ လေးကျပ်တို့ဖြင့်သာလျှင် ပန်းတို့ကို ဝယ်ယူ၍ သွား၏။ တရားတော်ကို ကြားနာရ၍ အကျွတ်တရားကိုရသော ထိုနေ့၌မူကား အသပြာ ရှစ်ကျပ်တို့ဖြင့် ပန်းတို့ကို ဝယ်ယူ၍ သွားလေ၏။

ထိုအခါ ခုဇ္ဇုတ္တရာကျွန်မကို သာမာဝတီမိဖုရားက မိခင် အံ့သို့နည်း၊ ယနေ့ ငါတို့အား အရှင်မင်းမြတ်သည် နှစ်ဆတက်သော ပန်းဖိုးကို ပေးသနားတော် မူလေသလောဟု ဆို၏။ အရှင်မ မင်းကြီးက ပေးသနားတော်မူသည် မဟုတ်ပါ ဟု ဆိုလျှင် မိခင် ထိုသို့ မပေးဘဲလျက် အဘယ်ကြောင့် ပန်းတို့ဘည် များပါ လိမ့်မည်နည်းဟု မေးသော် အရှင်မ တစ်ပါးကုန်သော နေ့မှာမူကား ကျွန်တော်မသည် အသပြာလေးကျပ်တို့ကို ယူထား၍ အသပြာ လေးကျပ် တို့ဖြင့် ဝယ်ယူ၍ ပန်းတို့ကို ဆောင်ကြဉ်းခဲ့ပါသည်ဟု ပြောလျှင် မိခင် ယနေ့ ကား အဘယ်ကြောင့် မယူသနည်းဟု မေးသဖြင့် အရှင်မ ယနေ့မှာမူကား သစ္စာလေးပါး မြတ်တရားကို တစ်ပါးမလှော်က် တစ်ယောက်တည်းသာ ဆရာမရှိ သိမြင်တော်မူပေသော မြတ်စွာဘုရားကိုယ်တော်မြတ်၏ တရားတော် မြတ်ကို ကြားနာ၍ တရားထူးကို ရအပ်သည် အဖြစ်ကြောင့် မယူပေသည်ဟု ပြော၏။ ထိုအခါ ခုဇ္ဇုတ္တရာကျွန်မကို ကြမ်းတမ်းယုတ်မာလှစွာသော အိုအချင်း ကျွန်မ...ဤမျှလောက်သော ကာလပတ်လုံး အသင်သည် ခိုးယူအပ်သော အသပြာတို့ကို ငါ့အား ပေးလော့ဟု မခြိမ်းမခြောက် မဆိုမူ၍ မိခင် အသင်

သည် သောက်မျိုးရှိခဲ့သော အမြိုက်တရားကို ငါတို့အားလည်း တိုက်ကျွေးပါ လော့ဟု တောင်းပန် ပြောဆိုလျှင် ထိုသို့ဖြစ်လျှင် ငါ့ကို ရေချိုးလေလော့ဟု ဆိုသည်ရှိသော် တစ်ဆယ့်ခြောက်လုံးကုန်သော နံ့သာရေအိုးတို့ဖြင့်သွန်းလောင်း ကောင်းမွန်စွာ ချိုးစေပြီး၍ ပြေပြစ် ချောမွေ့သော ပုဆိုးနှစ်ထည်တို့ကို ပေးစေ၏။ ခုဇ္ဇုတ္တရာသည် တစ်ထည်သောပုဆိုးကိုဝတ်၍ တစ်ထည်သောပုဆိုးကို ရုံပြီးလှျင် နေရာကို ခင်းစေ၍ တစ်ခုသော ယပ်ကို ဆောင်ယူစေပြီးသော် ခင်းအပ်သော မြတ်သောနေရာ၌ ထိုင်နေလျက် ဆန်းကြယ်သောယပ်ကို ကိုင်ယူ ပြီးလျှင် ငါးရာကုန်သော နန်းတွင်းသူ မောင်းမမိဿံတို့ကို ခေါ်စေ၍ မြတ်စွာ ဘုရားသည် ဟောတော်မူအပ်သော အမှတ်ဖြင့် သာလျှင် တရားတော်ကို ဟောကြားတော်မူ၏။

## သာမာဝတီနှင့် နန်းတွင်းသူ မောင်းမတို့ သောတာပန်တည်ကြခြင်း

ထိုခုဇ္ဇုတ္တရာ၏ တရားစကားကို ကြားနာရ၍ အလုံးစုံကုန်သော နန်းတွင်းသူ မောင်းမအပေါင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။ အလုံးစုံ ကုန်သော ထိုနန်းတွင်းသူ မောင်းမအပေါင်းတို့သည် ခုဇ္ဇုတ္တရာကို ရှိသေမြတ်နိုး ရှိခိုး၍ မိခင် ယနေ့မှစ၍ အသင်မိခင်သည် ညစ်နွမ်းဖွယ်သော အမှုကိစ္စတို့ကို မပြုပါလင့်၊ ငါတို့၏ မိခင်အရာ၌လည်းကောင်း၊ ဆရာ၏ အရာ၌လည်းကောင်း၊ တည်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ သွားပြီးလျှင် မြတ်စွာ ဘုရားသည် ဟောတိုင်း ဟောတိုင်းသော တရားတော်ကို ကြားနာပြီးသည့် ကာလ ငါတို့အား ဟောကြားပါလော့ဟု ပြောဆိုကုန်၏။ ခုဇ္ဇုတ္တရာသည် ထိုသို့ ပြောဆိုတိုင်းသာလျှင် ပြုလျက် နောက်အဖို့၌ ပိဋကတ်သုံးပုံကို ဆောင်သည် ဖြစ်လေ၏။ ထိုနောက် ခုဇ္ဇုတ္တရာကို မြတ်စွာဘုရားကိုယ်တော်မြတ်က ဤသို့ ဧတဒဂ် ထားတော်မူ၏—

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဉပါသိကာနံ ဗဟုဿုတာနံ ဓမ္မကထိကာနံ ယဒိဒံ ခုဇ္ဇုတ္တရာ။

ရဟန်းတို့ ငါဘုရား၏ တပည့်မဖြစ်ကုန်သော များသော အကြားအမြင် ရှိကုန်သော တရားဟောဖြစ်ကုန်ထသော တပည့်ဒါယိကာမ တို့တွင် ( ဝါ) တပည့် ဒါယိကာမတို့ထက် အကြင်ခုဇ္ဇုတ္တရာသည် ရှိ၏၊ ထိုခုဇ္ဇုတ္တရာသည် အလွန် မြတ်ပေ၏။

## ခုဇ္ဇုတ္တရာအား မိခင်အရာ၌ ထားခြင်း

သာမာဝတီမိဖုရား အမှူးရှိကုန်သော နန်းတွင်းသူ ငါးရာတို့သည်လည်း ခုဇ္ဇုတ္တရာကို မိခင် ငါတို့သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ အလိုရှိပါကုန်၏။ ငါတို့အား မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ပြတော်မူပါလော့၊ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ပါကုန်အံ့ဟု တောင်းပန် ပြောဆိုကြကုန်၏။ အရှင်မဘို့ မင်းမျိုးမည်သည်ကား ဝန်လေးလှပါသည် အရှင်မတို့ကိုယူဆောင်ပြီး အပပြင်ဘက်သို့ ထွက်သွားခြင်းငှါ မတတ်ကောင်းပါဟု ဆိုလျှင် မိခင် ငါတို့အား မဖျက်ဆီးပါလင့် ငါတို့အား မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ပြပါလော့ဟု ထပ်ကာထပ်ကာ တောင်းပန်ကြကုန်သဖြင့် ထိုသို့ဖြစ်လျှင် အရှင်မတို့၏ နေရာ တိုက်ခန်းတို့၏ နံရံတို့၌ အကြင်မျှလောက် ပြတင်းပေါက်ကို ဖောက်အပ်သည် ရှိသော် ကြည့်ရှုခြင်းငှါ စွမ်းနိုင်၏။ ထိုမျှလောက်သော ပြတင်းပေါက်ကို ဖြတ်တောက်၍ နံ့သာပန်းစသည်တို့ကို ဆောင်ယူ လက်စွဲကုန်လျက် သုံးဦးကုန်သော သေဋ္ဌေးကြီးတို့၏ အိမ်တံခါးသို့ ကြွသွားပြန်လာတော်မူသော မြတ်စွာဘုရားကို အရှင်မတို့သည် ထိုထိုသောအရပ်တို့၌ တည်၍ ကြည့်ရှုကြကုန်လော့။ လက်တို့ကို မြှောက်ကြွဆန့်ချီ၍ ရှိခိုးပူဇော်ကြကုန်လော့ဟု ပြောဆို၏။ သာမာဝတီ အမှူးရှိကုန်သော နန်းတွင်းသူ ငါးရာတို့သည် ထိုသို့သော အခြင်းအရာဖြင့် ပြု၍ မြတ်စွာဘုရား ကြွသွားတော်မူသောအခါ၌ လည်းကောင်း၊ ပြန်လည်တော်မူသော အခါ၌လည်းကောင်း ကြည့်ရှုဖူးမြော်လျက် ရှိခိုးပူဇော်ကြကုန်၏။

## မာဂဏ္ဍီက မင်းကြီးထံ ပြောကြားခြင်း

ထိုနောက် တစ်နေ့သ၌ မာဂဏ္ဍီမိဖုရားသည် မိမိ၏ ပြာသာဒ်အပြင်မှ ထွက်၍ စင်္ကြံသွားလျက်သာလျှင် သာမာဝတီ အမှူးရှိကုန်သော နန်းတွင်းသူ မောင်းမတို့နေရာသို့ သွားပြီးလျှင် တိုက်ခန်းတို့၌ အပေါက်ကိုမြင်၍ ဤပြတင်း အပေါက်ကား အဘယ်နည်းဟု မေးသော် သာမာဝတီ အမှူးရှိကုန်သော မောင်းမတို့ကလည်း ထိုမာဂဏ္ဍီမိဖုရား၏ မြတ်စွာဘုရားကိုယ်တော်မြတ်၌ ရန်ငြိုးဖွဲ့ထားအပ်သည် အဖြစ်ကို မသိသောကြောင့် မြတ်စွာဘုရားသည် ဤမြို့သို့ ကြွတော်မူလာသော် ငါတို့သည် ဤနေရာဌာန၌ တည်လျက် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ကြည့်ရှုဖူးမြော် ပူဇော်ရှိခိုးကုန်သတည်းဟု ဆိုကုန်သည်ရှိသော် "ရဟန်းဂေါတမသည် ဤမြို့သို့ လာရောက်ပေပြီ။ ဤယခုအခါ၌ ရဟန်းဂေါတမအား ပြုအပ်သည်ကို သိစေအံ့။ ဤသာမာဝတီအမှူးရှိကုန်သော မိန်းမတို့သည်လည်း ထိုရဟန်းဂေါတမ အလုပ်အကျွေး ဖြစ်ကုန်သည်။ ဤမိန်းမတို့အားလည်း ပြုအပ်သောအမှုကို သိစေအံ့" ဟုကြံပြီးသော် မင်းကြီး၏

အတံသို့သွား၍ မြတ်သောမင်းကြီး သာမာဝတီအမှူးရှိကုန်သော နန်းတွင်းသူ မောင်းမတို့အား အပြပြင်ဘက်၌ တောင့်တမြတ်နိုးခြင်းရှိ၏။ နှစ်ရက် သုံးရက် မျှဖြင့်သာလျှင် အရှင်မင်းကြီး၏ အသက်ကို ချသတ်ကုန်လတ္တံ့ဟု လျှောက် တင်၏။ ဥတေနမင်းကြီးသည် "သာမာဝတီအမှူးရှိကုန်သော ထိုမိန်းမတို့ကား ဤသို့သဘောရှိသည်ကို မပြုပေလတ္တံ့"ဟု မယုံကြည် အဖန်တလဲလဲဆိုသော် လည်း မယုံကြည်သည်သာလျှင်တည်း။

ဤသို့ သုံးကြိမ်တိုင်အောင် ပြောဆို၍မျှလည်း မယုံကြည်ဘဲရှိသောအခါ အရှင်မင်းကြီး ကျွန်တော်မ၏စကားကို အကယ်၍ မယုံကြည်သည် ဖြစ်ခဲ့ပါအံ့ သာမာဝတီအမှူးရှိသော ထိုမိန်းမတို့၏ နေရာဌာနသို့ကြွသွား၍ စူးစမ်းဆင်ခြင် တော်မူပါဟု လျှောက်ထား၏။ ဥတေနမင်းကြီးသည် ကြွသွားကြည့်ရှုသည် ရှိသော် တိုက်ခန်းတို့၌ အပေါက်တို့ကိုမြင်၍ ဤအပေါက်တို့သည်ကား အဘယ် နည်းဟု မေးသဖြင့် ထိုအကြောင်းကို ကြားလျှောက်ကုန်သည်ရှိသော် ထိုမိန်းမ တို့အား အမျက်မထွက်မူ၍ တစ်စုံတ[illegible]သော စကားကို မဆိုဘဲလျှင် အပေါက် တို့ကို ပိတ်စေ၍ အလုံးစုံကုန်သော တိုက်ခန်းတို့၌ အထက်မြင့်ရာ၌ ဖောက်အပ် သော လေသာတံခါးရွက်တို့ကို ပြုစေ၏။ "အထက်၌ ဖောက်အပ်သော လေသာပြဘင်း တံခါးရွက်တို့သည် ထိုအခါ၌ ဖြစ်ပေသတတ်ဟု။ ၎င်း အဋ္ဌကထာ၌ မိန့်တော်မူ၏။

## မာဂဏ္ဍီသည် လူမိုက်တို့ကို တံစိုးပေး၍ အဆဲခိုင်းပြင်း

မာဂဏ္ဍီမိဖုရားသည် သာမာဝတီအမှူးရှိကုန်သော ထိုနန်းတွင်းသူ မောင်းမ တို့အား တစ်စုံတစ်ခုပြုခြင်းငှါ မစွမ်းနိုင်သောကြောင့် ရဟန်းဂေါတမအား သာလျှင် ပြုအပ်သောအမှုကို သိစေသည်ဖြစ်၍ ပြုအံ့ဟု မြို့သူမြို့သားတို့အား တံစိုးလက်ဆောင်ပေး၍ မြို့တွင်းသို့ဝင်၍ ဆွမ်းခံခြင်းငှါ လှည့်လည်ကြွဝင်သော ရဟန်းဂေါတမကို ကျွန်အမှုလုပ်တို့နှင့်တကွ ဆဲရေးရေရွတ်၍ ပြေးစေကြကုန် လော့ဟု တံစိုးလက်ဆောင်ကို ပေး၍ ခိုင်းစေ၏။ ရတနာသုံးပါးတို့၌ မကြည်ညို ကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် မြို့တွင်းသို့ ကြွဝင်တော်မူလာသော မြတ်စွာဘုရား ကိုယ်တော်မြတ်၏ နောက်သို့ အစဉ်လိုက်၍ အသင်တို့သည် ခိုးသူဓားပြ တည်း၊ မိုက်မဲသောသူတည်း၊ တေဝေသောသူတည်း၊ ကုလားအုပ်, နွား, မြည်း, ငရဲ သူ, သတ္တဝါ တိရစ္ဆာန် ဖြစ်ပေသတည်း၊ အသင်အား ကောင်းသော အလား ရှိသော သူကောင်းနတ်ကောင်း၏အဖြစ်သည် မရှိ၊ အသင်အား ဒုဂ္ဂတိသို့သာ လားအပ်သော အဖို့ရှိ၏။ ဤသို့သော အခြင်းအရာ ဆယ်ဖြာကုန်သော ဆဲရေးခြင်း အက္ကောသဝတ္ထုတို့ဖြင့် ဆဲရေးရေရွတ်ကုန်၏။

ထိုသို့ ဆဲရေးရေရွတ်သည်ကိုကြား၍ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ဤသို့သော စကားကို လျှောက်ကြားပေ၏။ ဘုန်းတော် ကြီးတော်မူလှသော မြတ်စွာဘုရား ဤကောသမ္ဗီ ပြည်သူပြည်သားတို့သည် တပည့်တော်တို့ကို အလွန်တရာ ဆဲရေး ရေရွတ်ကြပါကုန်သည်။ ဤမြို့မှ တစ်ပါးသောမြို့သို့ ဖဲကြွသွားကြပါကုန်အံ့ဟု လျှောက်ထား၏။ ချစ်သား အာနန္ဒာ အဘယ်မြို့သို့ သွားမည်နည်းဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီး မြတ်တော်မူသော မြတ်စွာဘုရား.... တစ်ပါးသောမြို့သို့ သွားပါကုန်အံ့ဟု လျှောက်ထား၏။

ချစ်သားအာနန္ဒာ ရွှေ့ပြောင်း၍ သွားအပ်သော ထိုတစ်ပါးသော မြို့၌ လူတို့သည် ဆဲရေးရေရွတ်ကုန်သည်ရှိသော် တစ်ဖန် ဘယ်မြို့ ဘယ်အရပ်သို့ သွားပါကုန်အံ့နည်းဟု မေးတော်မူပြန်သော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ထိုမှတစ်ပါးလည်းဖြစ်သော မြို့သို့သွားပါကုန်အံ့ဟု လျှောက် ထားလျှင် ချစ်သားအာနန္ဒာ ထိုအရပ်၌ လူတို့သည် ဆဲရေးကုန်သည်ရှိသော် အဘယ်အရပ်သို့ သွားကုန်အံ့နည်းဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား ထိုအခါ၌လည်း တစ်ပါးသောမြို့သို့ ရွှေ့ပြောင်း သွားပါ အံ့ဟု လျှောက်ထားပြန်လျှင် ချစ်သားအာနန္ဒာ ဤသို့ပြုခြင်းငှါ မသင့်တင့် မလျှောက်ပတ်။ အကြင်အရပ်မြို့ရွာ၌ အဓိကရုဏ်းသည်ဖြစ်၏။ ထိုအရပ်၌ သာလျှင် ထိုအဓိကရုဏ်းကို ငြိမ်းစေပြီးသော် တစ်ပါးသော အရပ်သို့သွားခြင်း ငှါ သင့်လျော်လျောက်ပတ် ကောင်းမြတ်ပေ၏။ ချစ်သားအာနန္ဒာ အသင်တို့ အား အဘယ်သူတို့သည် ဆဲရေးရေရွတ် ကုန်သနည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးသော မြတ်စွာဘုရား ကျွန်အမှုလုပ်တို့ကို အစပြု၍ အလုံးစုံ ကုန်သောသူတို့သည် ဆဲရေး ရေရွတ်ကြပါကုန်သည်ဟု လျှောက်ထားသော် ချစ်သားအာနန္ဒာ ငါဘုရားသည် စစ်မြေပြင်သို့ စစ်ဖက်သက်ဝင်သော ဆင်ပြောင်ကြီးနှင့်တူ၏၊ ထိုစကားမှန်၏၊ စစ်မြေအရပ်၌ စစ်ဖက်သက်ဝင်သော ဆင်ပြောင်ကြီးအား အရပ် လေးမျက်နှာတို့မှ ပစ်လွှတ်အပ်သည် ဖြစ်၍ လာကုန်သော မြားတို့ကို သည်းခံခြင်းငှါ ဝန်ဖြစ်ဘိသကဲ့သို့၊ ထိုအတူသာလျှင် များစွာကုန်သော သီလအလျှင်း ကင်းရှင်းပြတ်ကျ ဒုဿီလတို့သည် ပြောဆို ဆဲရေး ရေရွတ်ကြသောစကားကို သည်းခံခြင်း မည်သည်ကား ငါဘုရား၏ ဝန်ဆပတည်းဟု မိန့်ဆိုတော်မူပြီးလျှင် မိမိကိုယ်တော်မြတ်ကို အကြောင်းပြု၍ တရားဒေသနာ ကောင်းစွာ ညွှန်းဆော် ပြဖော် ဆုံးမတော်မူလိုသောကြောင့် နာဂဝဂ် လာ ဤဂါထာတို့ကို ဟောကြားတော်မူ၏—

အဟံ နာဂေါဝ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။

ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာဘိရူဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊ ယော'တိဝါကျံ တိတိက္ခတိ။

ဝရမဿတရာ ဒန္တာ၊ အာဇာနီယာ စ သိန္ဓဝါ။
ကုဉ္ဇရာ စ မဟာနာဂါ၊ အတ္တဒန္တော တတော ဝရံ။

စစ်မြေပြင်၌ ဆင်ပြောင်သည် လေးမှ လွတ်၍ မိမိ၏ အပေါ်၌ ကျသော မြားကို သည်းခံသကဲ့သို့၊ ဤအတူ ငါဘုရားသည် ရှစ်ပါးသော အနရိယ ဝေါဟာရအစွမ်းအားဖြင့် ဖြစ်သော လွန်ကျူးသော စကားကို သည်းခံတော်မူအံ့၊ ထိုစကား သင့်လျော်ပေစွ ညစ်ညူး ဆိုးသွမ်းသော သဘောအားဖြင့် သီလမရှိသော များစွာသော လူအပေါင်းသည် ချုပ်ချယ်၍ ဆိုတတ်၏။

များစွာသော လူအပေါင်း၏ အလယ်သို့သွားကုန်သော သူတို့သည် ယဉ်ကျေးသော နွား,မြင်းကို ဆောင်ကုန်၏။ မင်းသည်လည်း ယဉ်ကျေးသော ဆင်,မြင်းကို စီးသွား၏။ အကြင်သူသည် လွန်ကြူးပြစ်မှား ရန်းကားမိုးကဲ ဆဲရေးရေရွတ်၍ ဆိုသောစကားကို သည်းခံ၏။ ဤသို့ သည်းခံခြင်း သဘော ရှိသော အမျက် ဒေါသ မာန်မာနကို ဆုံးမပြီးသည်ဖြစ်၍ ယဉ်ကျေးသော သူသည် လူတို့တွင် (ဝါ)လူတို့ထက် အထူးသင့်လတ် မြတ်၏ဟု ချီးမွမ်းအပ်၏။

ကောင်းစွာ ဆုံးမအပ်သည်ဖြစ်၍ ယဉ်ကျေးကုန်သော မြင်းမမှ ဖွားသော အဿတိုရ်မြင်းတို့သည်လည်း မြတ်၏။ ကောင်းစွာ ဆုံးမအပ်သည် ဖြစ်၍ ယဉ်ကျေးသော အကြောင်းဟုတ်သည် မဟုတ်သည်ကို သိကုန်သော သိန္ဓော မြင်းတို့သည်လည်းကောင်း၊ ကောင်းစွာ ဆုံးမအပ်သည်ဖြစ်၍ ယဉ်ကျေးကုန် ပြီးသော ကုဉ္ဇရဟု ဆိုအပ်ကုန်သော ဆင်ပြောင်ကြီးတို့သည် လည်းကောင်း မြတ်ကုန်၏။ မဂ်ဉာဏ်မြင်သိ မိမိကိုယ်ကို ကောင်းစွာ ဆုံးမပြီးသည် ဖြစ်၍ ယဉ်ကျေးသော သူသည် ထိုဆိုအပ်ခဲ့ပြီးသော အလုံးစုံသော သူတို့ထက် မြတ်လှပေ၏။ ဓမ္မကထာ ဒေသနာသည် ရောက်လာသော လူအပေါင်းအား အကျိုးရှိသည် ဖြစ်စေ၏။

ဤသို့သော အခြင်းအရာဖြင့် တရားဒေသနာတော်ကို ကောင်းစွာဟောပြ တော်မူပြီး၍ ချစ်သား အာနန္ဒာ အသင်သည် မကြံအောက်မေ့လင့်၊ ဤသူတို့ သည် ခုနစ်ရက်မျှသာ ဆဲရေးရေရွတ်ကုန်လတ္တံ့၊ ရှစ်ရက်မြောက်သောနေ့၌

တိတ်ဆိတ်သည် ဖြစ်ကုန်လတ္တံ့ ဟု မိန့်တော်မူ၏။ ထိုစကားမှန်၏။ အရှင်ဘုရား ကိုယ်တော်မြတ်အား ဖြစ်ပေါ် လာသော အဓိကရုဏ်းသည် ခုနစ်ရက်အထက်သို့ လွန်၍ မသွားမရောက်ဟု ရှင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

## သာမာဝတီတို့အား ဖျက်ဆီးရန် ကြံစည်ခြင်း

မာဂဏ္ဍီမိဖုရားသည် မြတ်စွာဘုရားကို ဆဲရေးရေရွတ်စေသဖြင့်လည်း ပြေး စိမ့်သောငှါ မစွမ်းနိုင်။ အဘယ်သို့ ပြုရပါမည်နည်းဟု ကြံဆင်ခြင်သည်ရှိသော် "ဤသာမာဝတီ အမှူးရှိကုန်သော မောင်းမတို့သည် ထိုရဟန်းဂေါတမအား ထောက်ပံ့ခြင်းကို ပြုကြကုန်သည်။ သာမာဝတီ အမှူးရှိကုန်သော မောင်းမတို့ ၏ ပျက်စီးခြင်းကို ပြုအံ့" ဟု ကြံပြီး တစ်နေ့သောအခါ မင်းကြီး၏ သေသောက်ရာ အရပ်၌ ဆည်းကပ်ခစားခြင်းကို ပြုသည်ရှိသော် ဘထွေးကို တမန်စေလွှတ်လေဟန်ပြု၍ သတင်းစကားကို ကြားမှာ စေလွှတ်လိုက်၏။ ငါ့အား ရှစ်ကောင်ကုန်သော ကြက်သေတို့ကို လည်းကောင်း၊ ရှစ်ကောင် ကုန်သော ကြက်ရှင်တို့ကို လည်းကောင်း ယူဆောင်၍ လာခဲ့ပါလေ။ လာပြီး သော အခါ၌လည်း စောင်းတန်းလှေကားထိပ်၌ တန့်ရပ်၍ လာရောက်သည် ၏ အဖြစ်ကို ကြားပြီးသည့်ကာလ ဝင်လာပါဟု ဆိုသော်လည်း မဝင်ဦးဘဲ ရှေးဦးစွာ ရှစ်ကောင်ကုန်သော ကြက်ရှင်တို့ကို ပို့စေပါလော့။ နောက်မှ ရှစ်ကောင်ကုန်သော ကြက်သေတို့ကို ပို့စေပါလော့ဟု အလုပ်အကျွေးငယ်အား ငါ၏စကားကို လိုက်နာသည်ကို ပြုလေလော့ဟု တံစိုးလက်ဆောင်ကို ပေး၏။

မာဂဏ္ဍီမိဖုရားသည် လာ၍ မင်းကြီး၏ တိုက်ခန်းတံခါး၌တည်၍ ဝင်လော့ ဟု ဆိုသည်ရှိသော် မင်းကြီး၏ သေသောက်ရာ မြေအရပ်အဖို့သို့ မဝင်လိုပါ ဟု ဆို၏။ မာဂဏ္ဍီသည် အလုပ်အကျွေးငယ်ကို ဒါမောင် ငါ၏ ဘထွေးအထံ သို့ သွားချေလော့ဟု စေလွှတ်၏။ အလုပ်အကျွေးငယ်လည်း သွား၍ ထို ဘထွေးသည် ပေးအပ်သော ရှစ်ကောင်သော ကြက်ရှင်တို့ကို ဆောင်ခဲ့၍ အရှင်မင်းကြီး ပုရောဟိတ်ပုဏ္ဏားသည် လက်ဆောင်ကို စေလွှတ်ပို့ဆက် အပ်ပါ သည်ဟု လျှောက်၏။ ဥတေနမင်းကြီးသည် ငါတို့အား စားကောင်းသောက်ရာ လက်သုပ် ဟင်းလျာ ဖြစ်မူက ကောင်းလေစွ၊ အဘယ်သူကို ချက်ပြုတ်စေရပါ အံ့နည်းဟု မိန့်ဆိုတော်မူလျှင် မာဂဏ္ဍီမိဖုရားက အရှင်မင်းမြတ် သာမာဝတီ အမှူးရှိကုန်သော ငါးရာကုန်သော မိန်းမတို့သည် အမှုကိစ္စ အနည်းငယ်မျှ မရှိပါဘဲ အမှုမဲ့ လှည့်လည် နေထိုင်ကြပါသည်။ ထိုမိန်းမတို့အား စေခိုင်း တော်မူပါလော့၊ ထိုမိန်းမတို့သည် ချက်ပြုတ် ဆောင်ခဲ့ပါကုန်လတ္တံ့ဟု တင်လျှောက်လေ၏။ မင်းကြီးသည် သွားတဲ့ချေ သာမာဝတီအမှူးရှိကုန်သော မိန်းမတို့အား ပေးလေလော့။ ဟစ်ပါးသော သူ၏လက်သို့ မပေးမူ၍ သာမာ

ဝတီသည်သာလျှင် ကိုယ်တိုင်သတ်ပုတ်၍ ချက်စေကုန်သတည်းဟု စေလွှတ်၏။ အလုပ်အကျွေးငယ်သည် ကောင်းလှပါပြီ အရှင်မင်းမြတ်ဟု ဝန်ခံ၍ သွားပြီးလျှင် ထိုထိုသောအတိုင်းကို ပြုပေ၏။ သာမာဝတီအမှူးရှိကုန်သော မိန်းမတို့သည်လည်း သူတစ်ပါး၏ အသက်သတ်ခြင်းကို ငါတို့မပြုကုန်ဟု ပယ်၏။ အလုပ်အကျွေးငယ်သည် လာ၍ ထိုအကြောင်းကို မင်းကြီးအား ကြားလျှောက်၏။

မာဂဏ္ဍီမိဖုရားက မင်းမြတ်အရှင်မင်းမြတ်အား မြင်အပ်ပြီလော၊ ဤယခုအခါ၌ ထိုမိန်းမတို့၏ သူတစ်ပါးတို့၏ အသက်သတ်ခြင်း ပြုသည်ကို လည်းကောင်း၊ မပြုသည်ကို လည်းကောင်း သိရအံ့၊ အရှင်မင်းမြတ် ဤကြက်ကို ချက်ပြုတ်၍ ရဟန်းဂေါတမအား ပို့စေသတည်းဟူ၍ မိန့်တော်မူပါလော့ဟု လျှောက်တင်၏။ မင်းကြီးလည်း သင်ပြသော နည်းလမ်းအတိုင်း ဆို၍ ပို့စေ၏။ အလုပ်အကျွေးငယ်လည်း ထိုကြက်တို့ကိုယူ၍ သွားဘိသကဲ့သို့ ပြု၍ သွားပြီးလျှင် ထိုကြက်ရှင်တို့ကို ပုရောဟိတ်ပုဏ္ဏားအားပေး၍ ကြက်သေတို့ကို ထိုမိန်းမတို့၏အထံသို့ ဆောင်၍ ဤကြက်တို့ကို ချက်၍ မြတ်စွာဘုရားရှင်၏ အထံသို့ ပို့လှူကြကုန်လော့ဟု စေလွှတ်လိုက်ပါသည်ဟု ဆို၏။ အရှင် ဆောင်ခဲ့လော့ ဤအမှုသည်ကား ငါတို့၏ အမှုကိစ္စပေတည်းဟု ခရီးဦးကြိုဆို၍ ယူကုန်၏။ ထိုအလုပ်အကျွေးငယ်သည် မင်းကြီး၏အထံသို့ သွားရောက်လျှင် အမောင် အသို့နည်းဟု မေးသည်ရှိသော် ရဟန်းဂေါတမအားဟု ဆိုကာမျှဖြင့်သာလျှင် ခရီးရင်ဆိုင် ထလာ၍ ယူကုန်ပါသည်ဟု ကြားလျှောက်၏။

မာဂဏ္ဍီမိဖုရားက အရှင်မင်းမြတ် မြင်အပ်ပြီလော အရှင်သို့ သဘောရှိသော ကျေးဇူးတော်ရှင် ဘုရင်မင်းမြတ်၏ အလိုငှါကိုမူကား မပြုကုန်၊ ထိုမိန်းမတို့အား အပပြင်ဘက်၌ နှစ်သက် တောင့်တခြင်း ရှိပါကုန်သည်ဟု တင်လျှောက်ပါလေငြားသော်လည်း အရှင်မင်းမြတ်သည် မယုံကြည်ပါဟု လျှောက်ထား၏။ ဥတေနမင်းကြီးသည် ထိုစကားကို ကြားလျက်လည်း သည်းခံတော်မူ၍ ဆိတ်ဆိတ်သာလျှင် နေတော်မူ၏။ မာဂဏ္ဍီမိဖုရားလည်း အဘယ်သို့ ပြုရပါဦးမည်နည်းဟု ကြံဆင်ခြင်ပြန်၏။

## စောင်းအတွင်း၌ မြွေထည့်ထားခြင်း

ထိုအခါ၌ကား ဥတေနမင်းကြီးသည် သာမာဝတီမိဖုရား, ဝါသုလဒတ္တာမိဖုရား, မာဂဏ္ဍီမိဖုရား ဟူကုန်သော မိဖုရားသုံးယောက်တို့၏ ပြာသာဒ်ဆောင်အပြင်၌ အလှည့်အလှည့်ဖြင့် စံစား စံပယ်လျက် ခုနစ်ရက် ခုနစ်ရက်ကို လွန်စေ၏။ ထိုအခါ မင်းကြီးသည် နက်ဖြန်, သန်ဘက် သာမာဝတီ၏ ပြာသာဒ်

ဆောင်အပြင်သို့ ကြွသွားလတ္တံ့ဟု သိ၍ မာဂဏ္ဍီမိဖုရားသည် ဘထွေးပုဏ္ဏားအား အဆိပ်ပြည့်သော မြွေတစ်ကောင်ကို ဖမ်းယူ၍ အစွယ်ကို ဆေးဖြင့် နှုတ်ပြီးသော် အကျွန်ုပ်၏အထံ ပို့စေသတည်းဟု သတင်းစကား စေလွှတ်၏။ ဘထွေးဖြစ်သော ထိုပုဏ္ဏားသည် မှာတိုင်းသောစကားကို ပြု၍ပို့စေ၏။ ဥတေနမင်းကြီးသည် မိမိ၏ သွားရာအရပ်သို့ ဟတ္ထိကန္တ စောင်းကိုယူ၍သာလျှင် သွား၏။ မင်းကြီး၏ စောင်းခွက်၌ တစ်ခုသော အပေါက်သည်ရှိ၏။ မာဂဏ္ဍီမိဖုရားသည် ထိုအပေါက်ဖြင့် မြွေကိုသွင်း၍ အပေါက်ကို ပန်းကုံးဖြင့်ပိတ်၏ မြွေသည် နှစ်ရက် သုံးရက်ပတ်လုံး စောင်း၏ အတွင်း၌သာလျှင် နေရ၏။ မာဂဏ္ဍီမိဖုရားသည် မင်းကြီးသွားအံ့သောနေ့၌ အရှင်မင်းမြတ် ယနေ့ အဘယ်သူ၏ ပြာသာဒ်အဆောင်သို့ ရွှေစကြာ ဖြန့်ချီတော်မူလတ္တံ့နည်းဟု မေးလျှောက်၍ သာမာဝတီမိဖုရား၏ အဆောင်သို့ သွားအံ့ဟု ဆိုသည်ရှိသော် မင်းမြတ် ယနေ့ ကျွန်တော်မသည် မနှစ်သက်ဖွယ်ရာသော အိပ်မက်ကို မြင်မက်ပါသည် ထိုသာမာဝတီ၏ ပြာသာဒ်ဆောင်သို့ ကြွတော်မူခြင်းငှါ မသင့်လျော်ပါဟု လျှောက်ထားလျှင် သွားအံ့သလျှင် ကတည်းဟု မိန့်တော်မူသဖြင့် မာဂဏ္ဍီမိဖုရားသည် သုံးကြိမ်တိုင်တိုင် တားမြစ်တောင်းပန်၍ မရသောကြောင့် ဤကဲ့သို့ တောင်းပန်၍မရခဲ့သည်ရှိသော် ကျွန်တော်မသည်လည်း အရှင်မင်းကြီးတို့နှင့်အတူတကွ လိုက်သွားအံ့ဟု ဆို၍ ဆုတ်နစ် ပြန်လည်စေငြားသော် မဆုတ်နစ် မပြန်လည်မူ၍ အရှင်မင်းမြတ်သည် အသို့ဖြစ်လတ္တံ့သည်ကို မသိနိုင်ဟုဆို၍ မင်းကြီးနှင့် အတူတကွသာလျှင် လိုက်သွား၏။

ဥတေနမင်းကြီးသည် သာမာဝတီ အမှူးရှိကုန်သော မောင်းမတို့သည် ပေးအပ်ကုန်သော အဝတ်တို့ကိုလည်းကောင်း၊ ပန်းနံ့သာ တန်ဆာတို့ကို လည်းကောင်း ဆင်ယင်ပြီးလျှင် ကောင်းသော ဘောဇဉ်ကို စားသောက်တော်မူ၍ စောင်းကို ဦးခေါင်းရင်း၌ထားပြီး အိပ်ရာ၌ အိပ်၏။ မာဂဏ္ဍီမိဖုရားသည် ထိုမှဤမှ လှည့်လည်ဘိသကဲ့သို့ဖြစ်၍ စောင်းပေါက်မှ ပန်းကုံးကို ပယ်ပစ်၏။ မြွေသည် နှစ်ရက် သုံးရက်ပတ်လုံး ကင်းသော အာဟာရ ရှိသည်ဖြစ်၍ ထိုအပေါက်ဖြင့် ထွက်၍ ကြည့်ရှုစဉ်ပင်လျှင် ပါးပျဉ်းကိုပြု၍ အိပ်ရာအင်းပျဉ်၌ အိပ်၏။ မာဂဏ္ဍီမိဖုရားသည် ထိုမြွေကိုမြင်၍ အရှင်မင်းကြီး အလွန်စက်ဆုပ် ကြောက်ရွံ့ဖွယ်သော မြွေတည်းဟု ကျယ်စွာသော အသံကိုပြု၍ မင်းကြီးအားလည်းကောင်း၊ ထိုမိန်းမတို့အား လည်းကောင်း ဆဲရေးပျက်ဤအလွန်မိုက်လှစွာသော မင်းသည် ဘုန်းကျက်သရေ မရှိလေစွ။ ငါသည် အဖန်တလဲလဲ တားမြစ် တောင်းပန်ပါလျက် ငါ၏စကားကို မနာယူ၊ ဘုန်းကျက်သရေ မရှိကုန်သော ဤမိန်းမတို့သည်လည်း ဆိုနိုင်ခဲကုန်၏။ မင်းကြီး၏ အထံမှ အသင်တို့သည် အဘယ်ကို မရကုန်သနည်း။ ဤမင်းကြီးသည်

သေခဲ့သည်ရှိသော် အသင်တို့အား အဘယ်သို့လျှင် ချမ်းသာစွာ အသက် မွေးနိုင်ကုန်လတ္တံ့နည်း။ မင်းကြီးသည် အသက်တော် ရှည်သည်ရှိသော် အသင် တို့အား အဘယ်မှာ ဆင်းရဲ ငြိုငြင် ပင်ပန်းခြင်းဖြင့် အသက်ရှည်ရအံ့နည်း။ ငါသည် ယနေ့ ယုတ်မာသော အိပ်မက်ကို မြင်မက်ပါသည် သာမာဝတီ၏ ပြာသာဒ်ဆောင်သို့ သွားခြင်းငှါ မသင့်လျော်ပါဟု အဖန်တလဲလဲ တားမြစ် တောင်းပန် လေငြားသော်လည်း ငါ၏စကားကို မနာယူ ဟုဆို၏။

## ဥတေနမင်းကြီးက သာမာဝတီအား တောင်းပန်ရခြင်း

ဥတေနမင်းကြီးသည် မြွေကိုမြင်လျှင် သေအံ့သော ဘေးဖြင့် ခြိမ်းခြောက် အပ်သည်ဖြစ်၍ ဤမိန်းမတို့သည်ကား ဤသို့သဘောရှိသည် မည်သည်ကို ပြုကြ ကုန်လတ္တံ့။ ဩော် အလွန် ယုတ်မာလေစွတကား။ ဤမိန်းမတို့၏ ယုတ်မာ သောအဖြစ်ကို မာဂဏ္ဍီသည် အဖန်တလဲလဲ ပြောကြားလေငြားသော်လည်း မာဂဏ္ဍီ၏ စကားကို ငါမယုံကြည်၊ ရှေးဦးစွာ မိမိ၏ တိုက်ခန်းတို့၌ အပေါက် တို့ကိုပြု၍ နေကုန်၏။ တစ်ဖန် ငါသည် စေလွှတ်အပ်ကုန်သော ကြက်တို့ကို ငြင်း၍ ပို့စေကုန်၏။ ယနေ့ ငါ၏အိပ်ရာ၌ မြွေကို လွှတ်ကုန်၏ဟု ဒေါသအမျက် ပြင်းစွာ ထွက်သဖြင့် ဟူးဟူးပြောင်ပြောင် တောက်လောင်သော မီးလျှံကဲ့သို့ဖြစ်လေ၏။ သာမာဝတီမိဖုရားသည်လည်း မိန်းမငါးရာတို့အား မိခင်တို့ ငါတို့အား တစ်ပါး သော ကိုးကွယ်ရာသည် မရှိ။ လူတို့ကို အစိုးရတော်မူသော ဘုရင်မင်းမြတ်၌ လည်းကောင်း။ မာဂဏ္ဍီမိဖုရား၌လည်းကောင်း၊ မိမိ၏ကိုယ်၌ လည်းကောင်း ထပ်တူထပ်မျှသာလျှင် မေတ္တာစိတ်ကို ဖြစ်စေကုန်လော့။ တစ်စုံတစ်ယောက် သော သူအား အမျက်ထွက်ခြင်းကို မပြုကြကုန်လင့်ဟု အဆုံးအမ ဩဝါဒကို ပေး၏။

ဥတေနမင်းကြီးသည် ဗိုလ်ခြေ တစ်ထောင်အားဖြင့် တင်အပ်သော ဆိတ်ချို လေးကိုယူ၍ လေးညှို့ကို ဖြန့်ပြီးလျှင် အဆိပ်ဖြင့်လူးသော မြားကိုတင်၍ သာမာဝတီမိဖုရားကို ရှေးဦးတင်ပြီးလျှင် အလုံးစုံကုန်သော မိန်းမတို့ကို အစဉ် အတိုင်း ထားစေ၍ သာမာဝတီ မိဖုရားရင်၌ မြားကို ပစ်လွှတ်၏။ ထိုပစ်လွှတ် အပ်သော မြားသည် သာမာဝတီမိဖုရား၏ မေတ္တာအာနုဘော်၏ အစွမ်းဖြင့် ဆုတ်နစ်ပြန်လည်၍ လာသောလမ်းခရီးသို့ ရှေးရှုသည်ဖြစ်၍သာလျှင် မင်းကြီး၏ နှလုံးသို့ စူးဝင်မည်ကဲ့သို့ တည်၏။ မင်းကြီးသည် ကြံဆင်ခြင်သည်မှာ "ငါသည် ပစ်အပ်သော မြားသည်ကား ကျောက်ကိုသော်လည်း ဖောက်ထွင်း၍ သွား၏။ ယခု ဟင်းလင်းအပြင် ကောင်းကင်၌ တားမြစ်အပ်သော အရာဌာနသည် အနည်းငယ်မျှ မရှိ။ ထိုသို့ မရှိပါဘဲလျက် ဤမြားသည် ပြန်လည်၍လာပြီးသော အခါ ငါ၏ နှလုံးသို့ ရှေးရှုသည်ဖြစ်ဘိ၏ဟု ထိတ်လန့်တုန်လှုပ်သော စိတ်ရှိသည်

ဖြစ်၍ သတ္တဝါမဟုတ်သော အသက် ဇီဝိတိန္ဒြေ မရှိသော ဤသို့ သဘောရှိသော မြားပင်စေသော်လည်း ထိုသာမာဝတီ၏ ဂုဏ်ကျေးဇူးကို သိတုံသေး၏။ ငါသည် လူစင်စစ်ဖြစ်ပါလျက် သာမာဝတီ၏ ဂုဏ်ကျေးဇူးအထူးကို မသိပလေ”ဟု ကြံဆင်ခြင်ပြီးလျှင် ထိုဥတေနမင်းကြီးသည် လေးကို စွန့်ပစ်ပြီး၍ လက်အုပ်ချီပြီးသော် သာမာဝတီ၏ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်နေ၍ ဤဂါထာကို ရွတ်၏–

သမ္မုယှာမိ ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။
သာမာဝတိ မံ တာယဿု၊ တွဉ္စ မေ သရဏံ ဘဝ။

သာမာဝတီမိဖုရား ငါသည် အသိဉာဏ်ကင်း မိုက်အဖျင်းဖြင့် ပြင်းစွာ တွေဝေမိပါ၏။ ခပ်သိမ်းအပြား မထားသတိ ငါမိုက်မိပေ၏။ ငါ့အား အလုံးစုံ ကုန်သော အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဝကုန်သော သန္တာန်တို့သည် ပြင်းထန်နက်နဲမိုက်မဲ တွေဝေကုန်၏။သာမာဝတီ သညီထင်ရှား အိုနှမတော် ရှင်မိဖုရား ရှေးကပြုဖူး သော ကျေးဇူးကို မြော်ငင်သောအားဖြင့် ငါ့ကို ကယ်တင်ပါလော့။ နှမတော် သက်ထား ရှင်မိဖုရားသည်သာလျှင် ငါမင်းမြတ်၏ မှီခို ညွတ်လျှိုး ကိုးကွယ် ဆည်းကပ် မှီခိုရာသည် ဖြစ်ပါလော့ဟု ဆို၏။

## မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါဟု တိုက်တွန်းခြင်း

သာမာဝတီ မိဖုရားသည် မင်းကြီး၏စကားကို ကြား၍ ကောင်းလှပါပြီ အရှင်မင်းမြတ် အကျွန်ုပ်ကို ဆည်းကပ် ကိုးကွယ်ခြင်းသို့ ရောက်ပါလော့ဟု မဆိုမူ၍ မြတ်သော မင်းကြီး အကျွန်ုပ်သည် မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကိုသာလျှင် ကိုးကွယ်ခြင်းသို့ ရောက်၏။ ထိုမြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကို မောင်တော် အရှင်မင်းမြတ်သည် ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်ပါလေ့ဟု ပြောဆိုပြီး၍ တစ်ဖန် တိုက်တွန်း ပြောဆိုလိုပြန်သည် ဖြစ်သောကြောင့် ဤဂါထာတို့ကို ရွတ်ဆို၏–

မာ မံ တွံ သရဏံ ဂစ္ဆ၊ ယမဟံ သရဏံ ဂတာ။
ဧသ ဗုဒ္ဓေါ မဟာရာဇ၊ ဧသ ဗုဒ္ဓေါ အနုတ္တရော။
သရဏံ ဂစ္ဆ တံ ဗုဒ္ဓံ၊ တွဉ္စ မေ သရဏံ ဘဝ။

မြတ်စွာဘုရား ကိုယ်တော်မြတ်၏ တပည့်သာဝိကာမဖြစ်သော သာမာဝတီ မိဖုရားသည် ဤသို့သော စကားကို ပြောကြားပြီး၍ မြတ်သော မောင်တော် မင်းကြီး ကျွန်တော်မ ခင်ပွန်းလင် အရှင်မင်းမြတ်သည် ကျွန်တော်မကို

ကိုးကွယ်ဆည်းကပ်ခြင်းသို့ မရောက်ပါလင့်၊ ကျွန်တော်မသည် အကြင် အစ္စိန္တေယျ လောကထွတ်ထားသဗ္ဗညုမြတ်စွာဘုရားကို ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာ၏အဖြစ်သို့ ရောက်ပါ၏။ ပြည်ကြီးသခင် ဘုရင်မင်းမြတ် ကျွန်တော်မသည် ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဖြစ်သော မြတ်စွာ ဘုရား ကိုယ်တော်မြတ်သည်ကား ဆိုလျှင် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထိုးထွင်း ဆရာကင်း၍ သိမြင်းသို့ ရောက်တော်မူပေ၏။

သစ္စာလေးပါး မြတ်တရားကို သူတစ်ပါးတို့အား သိမြင်စေတော်မူတတ်ပေ ၏။ ပြဟ္မာနတ်လူ သုံးဘုံသူတွင် ဝစ်စိုတစ်ယောက်သော တူသောသူ ရှိတော် မမူ။ ထိုသို့ ပဓာန အနည်းငယ်မျှဖြင့်သာ ပြုတော်မူအပ်သည်ဖြစ်၍ အထပ်ထပ် ချီးမွမ်း အံ့ဩသော်လည်း ပြောပ၍မဆုံးနိုင်သော ဂုဏ်တော်တို့ဖြင့် ထင်ပေါ် ကျော်ကြားသော ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်ကို ကျွန်တော်မသခင် အရှင်မင်းမြတ်သည် ကိုးကွယ်ဆည်းကပ် မှီခိုပုန်းအောင်းခြင်းသို့ ရောက်တော် မူပါလော့။ အရှင်သခင် ဘုရင်မင်းမြတ်သည်လည်း ကျွန်တော်မ၏ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာဖြစ်ပါလော့ဟု လျှောက်တင်၏။ ဥတေနမင်းကြီး လည်း ယခုအခါ ငါသည် အလွန်အကဲ ဆင်းရဲဒုက္ခ တွေ့ကြုံရမည် ဖြစ်၍ ကြောက်ရွံ့လှပါသည်ဟု ဆိုပြီး၍ ဤဂါထာကို ရွတ်ဆို၏—

သေ ဘိယျော ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။
သာမာဝတိ မံ တာယဿု၊ တွဉ္စ မေ သရဏံ ဘဝ။

ထိုအခါ သာမာဝတီမိဖုရားသည် ရှေးနည်းဖြင့်သာလျှင် တစ်ဖန်ပြောဆို ပယ်ရှားပြန်သည်ကာလ ထိုသို့ဖြစ်လျှင် နှမ သာမာဝတီ အသင့်ကိုလည်း ဆည်းကပ် ကိုးကွယ်ခြင်းသို့ ရောက်ပါအံ့၊ အသင်ချစ်နှမသည် ကိုးကွယ် လည်းလျောင်း ပုန်းအောင်း မှီခိုရာဖြစ်တော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကိုလည်း ဆည်းကပ်မှီခို ကိုးကွယ်ခြင်းသို့ ရောက်ပါတော့အံ့၊ အသင်ချစ်နှမအား အလိုရှိအပ်သော ဆုမြတ်ကို ပေးပါ၏ဟု ဆိုသည်ရှိသော် အရှင်မင်းမြတ် အရှင်မင်းမြတ်သည် ပေးသနားတော် မူအပ်သော ဆုမြတ်ကို ယူအပ်သည် ဖြစ်ပါစေတော့ဟု တင်လျှောက်၏။

## သာမာဝတီအား ဆုပေးခြင်း

ထိုဥတေနမင်းမြတ်သည် မြတ်စွာဘုရားကိုယ်တော်မြတ်သို့ ချဉ်းကပ်ပြီး ကိုးကွယ်ဆည်းကပ်ရာ အဖြစ်သို့ရောက်၍ ပင့်ဖိတ်ပြီးသော် ရဟန်းသံဃာတော် အပေါင်းအား ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူ၍ သာမာဝတီမိဖုရားကို

ခေါ်ပြီးလျှင် ချစ်နှမသာမာဝတီ ထလော့၊ အသင့်အား ငါသည် ပေးသနားအပ်သောဆုကို ယူလောဟုမိန့်ဆို၏။ ပြည့်ကြီးသခင် အရှင်မင်းမြတ် ကျွန်တော်မအား ရွှေ ငွေအစရှိကုန်သောဥစ္စာတို့ဖြင့် အလိုမရှိပါ၊ ကျွန်တော်မအား ဤသို့သော ဆုကိုသာ ပေးသနားတော်မူပါလော့၊ အကြင်သို့သော အခြင်းအရာဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်နှင့်တကွ ငါးရာကုန်သောရဟန်းတော်တို့သည် အမြဲမပြတ် ဤနန်းတော်သို့ ကြွတော်မူလာ၍ တရားတော်ကို နာရပါလိုကုန်၏။ ဤသို့သော ဆုကိုသာ အလိုဆန္ဒရှိလှပါသည်ဟု လျှောက်၏။ ဥတေနမင်းကြီးသည် မြတ်စွာဘုရားရှင်ကို ရှိခိုးမြတ်နိုး ရှိခိုးပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရဟန်းငါးရာတို့နှင့်တကွ ဤနန်းတော်သို့ အမြဲကြွတော်မူကြပါကုန်လော၊ သာမာဝတီအမှူးရှိကုန်သော နန်းတွင်းသူမောင်းမတို့သည် တရားတော်ကို နာလိုကုန်သည်ဟူ၍ ဆိုပါသည်ဟု လျှောက်ထား၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒါယကာမင်းကြီး ဘုရားရှင်တို့မည်သည် ကား တစ်စုံတစ်ခုသော အရပ်၌ အမြဲကြွသွားခြင်းငှာ မအပ်။ ဒါယကာမင်းကြီး အလုံးစုံသောလူအပေါင်းသည် ဘုရားရှင်ကို ကြွတော်မူလာခြင်းငှာ တောင့်တသည်ဟု မိန့်တော်မူသည့်ကာလ ထိုသို့ဖြစ်လျှင် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား တစ်ပါးသောရဟန်းကို စေလွှတ်တော်မူပါကုန်လော့ဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို စေလွှတ်တော်မူ၏၊ အရှင်အာနန္ဒာသည် ရဟန်းငါးရာတို့ကို ယူ၍ အမြဲမပြတ် မင်းအိမ်နန်းတော်သို့ ကြွတော်မူ၏။ ထိုမိဖုရားတို့သည်လည်း အမြဲမပြတ် အရှင်အာနန္ဒာမထေရ်တို့ကို အခြံအရံနှင့်တကွ ဆွမ်းကျွေး၍ တရားတော်ကို ကြားနာရကုန်၏။

## ပုဆိုးငါးရာ လှူဒါန်းခြင်း

ထိုသာမာဝတီမိဖုရားအမှူးရှိကုန်သော မိန်းမငါးရာတို့သည် တစ်နေ့သ၌ အရှင်အာနန္ဒာမထေရ်၏ တရားစကားကို ကြားနာ ကြည်ညိုသည်ဖြစ်၍ အပေါ်ရုံ ပုဆိုးငါးရာတို့ဖြင့် ပူဇော်ခြင်းကို ပြုကြကုန်၏။ တစ်ခုတစ်ခုသော အပေါ်တင် ပန်းနွယ်ပုဆိုးသည် ငါးရာ ငါးရာ အဖိုးထိုက်၏။ ထိုအလုံးစုံကုန်သော မိန်းမတို့၏အထံ၌ မင်းကြီးသည် ကြည့်ရှု၍ တစ်ထည်ကိုမျှ မမြင်သောကြောင့် အပေါ်တင်ပန်းနွယ်ပုဆိုးတို့သည် အဘယ်မှာနည်းဟု မေး၏။ ကျွန်တော်မတို့သည် အရှင်အာနန္ဒာအား ပေးလှူပါကုန်သည်ဟု လျှောက်တင်၏။ ထိုအရှင်အာနန္ဒာသည် အလုံးစုံကို အကုန် ခံယူသလောဟု မေးသဖြင့် ဩော်–အရှင်မင်းမြတ် အကုန်ဘဲ ခံယူသည်ဟု လျှောက်တင်သည့်ကာလ

ဥစောနမင်းကြီးသည် အရှင်အာနန္ဒာမထေရ်မြတ်သို့ ချဉ်းကပ်၍ ရှိခိုးပြီးသော် ထိုငါးရာကုန်သော နန်းတွင်းသူ မောင်းမတို့သည် အပေါ်ရုံ ပန်းနှယ်ပုဆိုးတို့ကို ပေးလှူအပ်သည်အဖြစ်ကို မေးလျှောက်၍ ထိုမိန်းမတို့၏ ပေးလှူအပ်သည်၏ အဖြစ်ကိုလည်းကောင်း မထေရ်အရှင်သည် ခံယူအပ်သည်၏ အဖြစ်ကို လည်းကောင်း ကြားနာရ၍ သိပြီးသည်ကာလ အရှင်ဘုရား အဝတ်တို့သည် အလွန်များချေသည်တကား ဤမျှလောက်သော အဝတ်တို့ဖြင့် အဘယ်ကို ပြုကုန်လတ္တံ့နည်းဟု မေးလျှောက်၏။

ဒကာတော် မင်းကြီး ငါတို့အား ဝတ်လောက်ရုံမျှကုန်သော အဝတ်တို့ကို ယူ၍ ကြွင်းသော အဝတ်တို့ကို ဆွေးမြေ့ ဟောင်းနွမ်းသော သင်္ကန်းရှိကုန်သော ရဟန်းတို့အား ပေးလှူသည်ဟု မိန့်တော်မူသည်ရှိသော် ထိုရဟန်းတို့သည် မိမိ၏ ဆွေးမြေ့ ဟောင်းနွမ်းကုန်သော သင်္ကန်းတို့ကို အသို့ ပြုကုန်သနည်းဟု မေးလျှောက်သဖြင့် ဒကာတော်မင်းကြီး မိမိထက် ဟောင်းနွမ်း ဆွေးမြေ့သော သင်္ကန်းရှိကုန်သော ရဟန်းတို့အား ပေးလှူကုန်သည်ဟု မိန့်ဆိုပြန်သဖြင့် အရှင်ဘုရား ထိုရဟန်းတို့သည် မိမိ၏ အလွန်ဟောင်းနွမ်း ဆွေးမြေ့သော သင်္ကန်းတို့ကို အသို့ ပြုပါကုန်သနည်းဟု မေးလျှောက်ပြန်လျှင် ဒကာတော်မင်းကြီး သင်္ကန်းဟောင်းတို့ကို အိပ်ရာခင်း ပြုကုန်သတည်းဟု မိန့်တော်မူသည်ကာလ ရှေးက ရှိသောအိပ်ရာခင်းဟောင်းတို့ကို အသို့ပြုကုန်သနည်းဟု မေးပြန်သဖြင့် မြေအခင်းပြုလုပ်ကြကုန်သတည်းဟု မိန့်တော်မူပြန်လျှင် ရှေးကရှိသော မြေအခင်းဟောင်းတို့ကို အသို့ပြုကုန်သနည်းဟုမေးလျှင် ဒကာတော်မင်းကြီး ခြေသုတ်ပုဆိုး ပြုလုပ်ကုန်သည်ဟု မိန့်ဆိုပြန်သဖြင့် ရှေးကရှိသောခြေသုတ်ပုဆိုးဟောင်းတို့ကို အသို့ပြုကုန်သနည်းဟု မေးလျှောက်ပြန်သဖြင့် ဒကာတော်မင်းကြီး ရှေးကရှိသောအဟောင်းဖြစ်သော ခြေသုတ်ပုဆိုးတို့ကို အပိုင်းပိုင်း အနုပ်နုပ် ခုတ်စင်းပြီးသည်ကာလ မြေညက်ဖြင့် ဆုပ်နယ်ပြီးလျှင် နံရံ၌ လိမ်းကျံကုန်သတည်းဟု မိန့်တော်မူ၏။ အရှင်မြတ်တို့ အရှင်မြတ်တို့အား လှူဒါန်းအပ်သော အလှူဝတ္ထုတို့သည် ဤမျှလောက်သောအမှုကို ပြုကုန်၍သော်လည်း မပျက်မစီး ကုန်ချေသည်တကားဟု လျှောက်ထားသော် ဩော်-ဟုတ်ပေ၏ ဒကာတော်မင်းကြီးဟု မိန့်တော်မူလျှင် ဥတေနမင်းကြီးသည် ကြည်ညိုလှသည်ဖြစ်၍ တစ်ပါးလည်း ဖြစ်ကုန်သော အဝတ်ပုဆိုးငါးရာတို့ကို ဆောင်စေလျက် မထေရ်၏ ခြေရင်း၌ တင်ထားလှူဒါန်းပေ၏။

အရှင်အာနန္ဒာ မထေရ်သည်ကား အဖိုးအားဖြင့် အသပြာငါးရာ ထိုက်တန်ကုန်သော အဝတ်တို့ကို တစ်ထောင်သော အဖို့ဖြင့် ခြေရင်း၌ထား၍ လှူအပ်သည်တို့ကို အကြိမ်တစ်သိန်းတိုင်တိုင် ရ၏။ အဖိုးတစ်ထောင် ထိုက်သည်လျှင်

ဖြစ်ကုန်သော သက်န်းတို့ကို တစ်ထောင်သောအဖိုးဖြင့် ခြေရင်း၌ထား၍ လှူအပ်ကုန်သည်တို့ကို အကြိမ်တစ်ထောင် တိုင်တိုင် ရပေသတတ်။ အဖိုးတစ်သိန်းထိုက်ကုန်သည်သာလျှင် ဖြစ်ကုန်သော အဝတ်သက်န်းတို့ကို တစ်ထောင်သောအဖိုးဖြင့် ခြေရင်း၌ထား၍ လှူအပ်ကုန်သည်တို့ကို အကြိမ်တစ်ရာ တိုင်တိုင် ရတော်မူပေသတတ်။ တစ်ထည်, နှစ်ထည်, သုံးထည်, လေးထည်, ငါးထည်, ဆယ်ထည် ဤသို့ အစရှိသောနည်းဖြင့် ရအပ်သော အဝတ်သက်န်းတို့၏ကား အရေအတွက် အပိုင်းအခြားမရှိလေ။ "မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံယူတော်မူပြီးသည်ရှိသော် အရှင်အာနန္ဒာမထေရ်သည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းသို့ လှည့်လည်တော်မူ၍ အလုံးစုံကုန်သော ကျောင်းတို့၌ ရဟန်းတို့အား မိမိ၏ ပစ္စည်းဥစ္စာသာလျှင်ဖြစ်ကုန်သော သပိတ်သက်န်းတို့ကို ပေးလှူတော်မူဖူးသတတ်"ဟု ဂှင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

## နန်းတော်ကို မီးရှို့၍ သတ်ခြင်း

မာဂဏ္ဍီမိဖုရားသည်လည်း "အကြင်အမှုကို ငါသည်ပြု၏၊ ထိုပြုသော အမှုသည် ပြုတိုင်းမဖြစ်ဘဲ တစ်ပါးသော အခြင်းအရာဖြင့်သာလျှင် ဖြစ်လေဘိသည်။ ဤယခုအခါ အသို့ပြုပါရမည်နည်း"ဟု ကြံဆင်ခြင်၍ ဤသို့သော အကြောင်းတစ်ခုသည် ရှိပေသည်ဟု ကြံဆင်ခြင်မိသောကြောင့် ဥတေနမင်းကြီးသည် ဥယျာဉ်ကစားခြင်းငှါ ထွက်သွားသောအခါ၌ ဘထွေး၏ အထံသို့ ဘထွေး သာမာဝတီ၏ ပြာသာဒ်သို့သွား၍ ပုဆိုးကျိုကျတို့ကို လည်းကောင်း ဆီတိုက်တို့ကိုလည်းကောင်း ဖွင့်စေ၍ အဝတ်တို့ကို ဆီအိုးတို့၌ ထည့်ဆွတ်ပြီး၊ သည်စိုင်တို့ကို ရစ်ပတ်၍ သာမာဝတီ အမှူးရှိကုန်သော ထိုအလုံးစုံကုန်သော မိန်းမတို့ကို တစ်ပေါင်းတစ်စည်းပြုပြီးသော် တံခါးကို လုံစွာပိတ်ပြီးလျှင် အပ၌ ယန္တရားစက်ကိုပေး၍ ဆီမီးတိုင်တို့ဖြင့် နန်းအိမ်တော်၌ မီးညှိတိုက်ရှို့ပေးပြီး သက်ဆင်း၍ သွားပါလေဘ့ဟု သတင်းစကားကို မှာကြား စေလွှတ်လိုက်၏။ ထိုဘထွေး ပုဏ္ဏားသည်လည်း ပြာသာဒ်သို့တက်၍ ကျိုကျဉ်ကို ဖွင့်စေပြီးလျှင် အဝတ်တို့ကို ဆီအိုးတို့၌ထည့်သွင်း ဆီဖြင့် ဆွတ်ပြီးသော် သည်တိုင်တို့ကို ရစ်ပတ်ခြင်းငှါ အားထုတ်၏။

ထိုအခါ ပုဏ္ဏားကို သာမာဝတီအမှူးရှိကုန်သော မိန်းမငါးရာတို့သည် ဘထွေး ဤအမှုကား အဘယ်သို့သော အမှုပေနည်းဟု ဆိုကုန်လျက် ချဉ်းကပ်လာကုန်၏။ ချစ်သမီးတို့ မင်းကြီးသည် မြဲမြံ ခိုင်ခံ့စေခြင်းငှါ ဤသည်တိုင်တို့ကို ဆီလိမ်းကျံသော ပုဆိုးပိုင်းတို့ဖြင့် ရစ်ပတ်စေသည်၊ မင်းအိမ်နန်းတော်မည်သည်ကား ကောင်းသောအကြောင်းရေးနှင့် ယှဉ်သည်ကို လည်းကောင်း၊

မကောင်းသောအကြောင်းနှင့် ယှဉ်သည်ကိုလည်းကောင်း သိနိုင်ခဲ၏။ချစ်သမီး တို့သည် ငါ၏အထံ၌ ဖြစ်ကြကုန်လေ့ဟု စုရုံးပြောဆိုခေါ်ငင်ပြီးသောကာလ ထိုအလုံးစုံကုန်သော မိန်းမတို့ လာရောက်သောအခါ တိုက်ခန်း၌ သွင်း၍ တံခါးတို့ကိုပိတ်ပြီးသော် အပ၌ ယန္တရားစက်ကိုပေး၍ အစမှစ၍သာလျှင် မီးကို တိုက်ညှိရှို့ပေးလျက် သက်ဆင်းခဲ့ပေ၏။

## သာမာဝတီ၏ အဆုံးအမ

သာမာဝတီမိဖုရားသည် ထိုမိန်းမ ငါးရာတို့အား ရှင်မတို့ အစမထင်သော သံသရာ၌ ကျင်လည်ပြေးသွား မျှောပါးနစ်မွန်း၍ လာခဲ့ရကုန်သော ငါတို့အား ဤအတူသာလျှင် ပြင်းထန်စွာသော မီးလျှံဖြင့် လောင်ကျွမ်း၍ သေကြေ ပျက်စီးရသော ခန္ဓာကိုယ် အတ္တဘောတို့၏ အပိုင်းအခြားကို မြတ်စွာဘုရား ကိုယ်တော်မြတ်၏ သဗ္ဗညုတဉာဏ်တော်ဖြင့် သော်လည်းကောင်း ထုတ်ဖော် ပိုင်းခြား ရေတွက်ခြင်းငှါမလွယ် မမေ့မလျော့ မပေါ့သော သတိတရားကို ရှေး သွားဖြစ်စေကြစေကုန်လော့ဟု အဆုံးအမဩဝါဒကို ပေး၏။ ထိုမိန်းမတို့သည် နန်းအိမ်တော်ကို မီးလောင်မြိုက်စဉ်ပင်လျှင် ဝေဒနာပရိဂ္ဂဟကမ္မဋ္ဌာန်းကို နှလုံး သွင်းကုန်လျက် အချို့ကုန်သော မိန်းမတို့သည် သကဒါဂါမိဖိုလ်သို့ အချို့ကုန် သော မိန်းမတို့သည် အနာဂါမိဖိုလ်သို့ရောက်ကုန်၏။

ထိုအခါ များစွာကုန်သော ရဟန်းတို့သည် ညချမ်းအခါ ဆွမ်းခံရွာမှ ဖဲကုန်သည်ရှိသော် အကြင်အရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံး စံနေတော် မူ၏။ ထိုမြတ်စွာဘုရား စံတော်မူရာအရပ်သို့ ချဉ်းကပ်ပြီး မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးသော် တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေကြကုန် ၏။ တင့်အပ်လျောက်ပတ်သောအရပ်၌ ချဉ်းကပ် ထိုင်နေပြီးသော် ထိုရဟန်း တို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ယခုအခါ ဥတေနမင်းကြီး၏ ဥယျာဉ်တော်သို့ ထွက်သွားစဉ် နန်းတော်တွင်း၌ မြတ်သောပြာသာဒ် နန်းအိမ်ကို မီးတိုက်အပ်သည် ဖြစ်၍ သာမာဝတီ အမှူးရှိကုန်သော မိန်းမငါးရာတို့သည် သေလွန်ခြင်းကိုပြုကြကုန်၏။ အရှင်ဘုရား သာမာဝတီ အမှူးရှိကုန်သော ထိုဥပါသိကာမ ငါးရာတို့အား အဘယ်သို့ လားရာဂတိရှိပါကုန်သနည်း။ အဘယ်သို့သော တမလွန်ဘဝ ရှိပါ ကုန်သနည်းဟု ဤသို့သော စကားကိုမေးလျှောက်ကုန်၏။

ချစ်သားရဟန်းတို့ ဤဥပါသိကာမငါးရာတို့တွင် သောတာပန်တို့သည်လည်း ပါရှိကုန်၏။ သကဒါဂါမ်တို့သည်လည်း ပါရှိကုန်၏။ အနာဂါမ် တို့သည်လည်း ပါရှိကုန်၏။ ချစ်သားရဟန်းတို့ ထိုအလုံးစုံကုန်သော ဥပါသိကာမတို့သည်

မဂ်ဖိုလ်ကို ရခြင်း အကျိုးကင်းသဖြင့် သေလွန်ခြင်းကို မပြုကြလေကုန်ဟု မိန့်တော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့သော အကြောင်းကိုသိမြင်တော်မူပြီး၍ ထိုအခါ ဤဥဒါန်းကို ကျူးရင့်တော်မူ၏—

ဒမာဟာသမ္ဗန္ဓနော လောကော၊ ဘဗ္ဗရူပေဝ ဒိဿတိ။
ဥပဓိဗန္ဓနော ဗာလော၊ တမသာ ပရိဝါရိတော။
သဿတောရိဝ ခါယတိ၊ ပဿတော နတ္ထိ ကိဉ္စနံ။

ငါ့သားမြတ်တို့ သတ္တလောကသည် တွေဝေမိုက်ဆ မောဟနှင့် စပ်ယှဉ်ခြင်းရှိသည်ဖြစ်၍ ထိုက်သောသဘောကဲ့သို့ ဝါ၊ သို့သောလျှင် ကိလေသာတည်းဟူသော အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့သော အဝိဇ္ဇာဟူသော အမှောင်ဖြင့် ခြံရံအပ်သော သူမိုက်သည် မြဲသောသဘောကဲ့သို့ ထင်၏။ မြဲသော သဘောရှိသော နိဗ္ဗာန်ကိုမြင်သော ပုဂ္ဂိုလ်အား တစ်စုံတစ်ခုမျှသော စိုးရိမ်ခြင်းသည် ဝါ၊ ကိလေသာဟူသော ကြောင့်ကြစိုးရိမ်ခြင်းသည် မရှိ။

ဤသို့သောဥဒါန်းကို ကျူးရင့်တော်မူပြီး၍ ချစ်သားရဟန်းတို့ ဤသတ္တဝါတို့မည်သည်ကား သံသရာဝဋ်၌ မလွတ်တာရှည် ကျင်လည် ပြေးသွားရကုန်သည်ရှိသော် မြဲသောကာလပတ်လုံး မမေ့မလျော့ကုန်သည်ဖြစ်၍ ကုသိုလ်ကောင်းမှုကံကိုသာလျှင် စီမံအားထုတ် မပြုလုပ်ကြကုန် သတိမေ့လျော့ပေါ့တန်သဖြင့် နေခြင်းရှိသည်ဖြစ်၍ မကောင်းမှု အကုသိုလ်ကံကိုလည်း စီမံအားထုတ်ပြုလုပ်ကုန်၏။ ထိုကြောင့် သတ္တဝါတို့သည် သံသရာဝဋ်ဆင်းရဲ၌ အမြဲမပြတ် အထပ်ထပ် ကျင်လည် ပြေးသွားကုန်လျက် ချမ်းသာ ဆင်းရဲကိုလည်း အစဉ်မလွဲ အမြဲခံစားရကုန်၏ဟု တရားတော်ကို ဟောကြားတော်မူ၏။

## ရာဇပရိယာယ်ဖြင့် စစ်မေးတော်မူခြင်း

ဥတေနမင်းကြီးသည် သာမာဝတီမိဖုရား၏ နန်းပြာသာဒ်ကို မီးလောင်ပေသတတ်ဟု ကြားသိ၍ လျင်မြန်စွာသောအဟုန်ဖြင့် လာခဲ့ပါသော်လည်း မီးမလောင်ကျွမ်းမီ မှီခြင်းငှါ မစွမ်းနိုင်လေ။ လာရောက်ပြီး အိမ်နန်းပြာသာဒ်ကို မီးငြိမ်းစေ၍ ဖြစ်ပွားသော အားကြီးသောနှလုံးမသက်သာခြင်း ဒေါမနဿ ရှိသည်ဖြစ်၍ အမတ်အပေါင်း ခြံရံလျက် ထိုင်နေတော်မူပြီးလျှင် သာမာဝတီမိဖုရား၏ ဂုဏ်ကျေးဇူးတို့ကို အစဉ်အောက်မေ့လျက် ဤအမှုကို အဘယ်သူ ပြုပါလိမ့်မည်နည်းဟု ကြံဆင်ခြင်သော် မချွတ်ကေန် မာဂဏ္ဍီသည် ပြုပေလိမ့်မည်ဟု သိပြီး၍ ခြိမ်းခြောက်၍ မေးအပ်သည်ရှိသော် မပြောဆိုဘဲ ရှိလတ္တံ့။ ဖြည်းဖြည်းသာသာ အကြောင်းတစ်စုံတစ်ရာဖြင့် မေးအံ့ဟုကြံ၍ အို အချင်း အမတ်အပေါင်းတို့ ဤမှ ရှေးအခါ၌ ငါသည် ထကြွလုံ့လ ဝီရိယ ဥဿာဟ

ထားလျက် တွေးတောယုံမှား ရှိရှားကြောက်လန့် တုန်လှုပ်လျက်သာ နေရ၏။ သာမာဝတီသည် ငါမင်းမြတ်အား အမြဲမပြတ် ဖျက်ဆီးအပ်သော အခွင့်ကိုသာ ရှာကြံဆည်းပူး၍နေ၏။ ဤယခုအခါမှာမူကား ငါ၏စိတ်သည် ငြိမ်းအေးခြင်း ဖြစ်ပေတော့အံ့။ ယခုအခါ ငါသည် ချမ်းသာအေးမြသဖြင့် အိပ်ရခြင်း, နေရခြင်း, စားရခြင်းကိုရသည် ဖြစ်ပေတော့မည်ဟု မိန့်တော်မူ၏။ အမတ်အပေါင်းတို့က အရှင်မင်းမြတ် အဘယ်သူသည် ဤအမှုကို ပြုပါလိမ့်မည်နည်းဟု မေးလျှောက်ကုန်၏။ အို အမတ်အပေါင်းတို့ ငါ၏ ချစ်ခင်နှစ်သက် စုံမက်ခြင်း ရှိသော တစ်စုံတစ်ယောက်သော သူသည် ပြုအပ်သည် ဖြစ်ပေလတ္တံ့ဟု မိန့်ဆိုတော်မူသော် မာဂဏ္ဍီမိဖုရားသည် အနီးအပါး၌ တည်နေလျက် ထိုသို့ ပြောဆိုသောစကားကို ကြားသည်ရှိသော် အရှင်မင်းမြတ် ဤအမှုကို တစ်ပါးသော တစ်စုံတစ်ယောက်သောသူသည် အဘယ်မှာ ပြုခြင်းငှါ စွမ်းနိုင်ပါတော့အံ့နည်း။ ကျွန်တော်မသည် ပြုအပ်၏။ ကျွန်တော်မသည် ဘထွေးကို စေခိုင်း၍ ပြုစေအပ်၏ဟု တင်လျှောက်၏။

## မာဂဏ္ဍီအား ကြီးလေးသော ရာဇဒဏ်ပေးခြင်း

မင်းကြီးကလည်း ချစ်နှမ အသင်ကို ထား၍ တစ်ပါးတစ်ယောက်သော ငါ၌ ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးသော သူမည်သည် မရှိ။ အသင်အား ငါသည် အလွန်ရွှင်မျှ ကြည်ညိုနှစ်သက်ခြင်း ရှိသည်ဖြစ်ပေ၏။ အသင်အား ငါသည် မြတ်သောဆုကို ပေးသနားတော်မူအံ့။ မိမိ၏ ဆွေမျိုးအပေါင်းတို့ကို ခေါ်စေလော့ဟု မိန့်တော်မူသည်ရှိသော် မာဂဏ္ဍီမိဖုရားက ဆွေမျိုးအပေါင်းတို့အား မင်းကြီးသည် ငါ့အား နှစ်သက်ကြည်ညိုခြင်းရှိ၍ မြတ်သောဆုကို ပေးအပ်၏။ လျင်စွာ လာခဲ့ကြကုန်လော့ဟု သတင်းစကားကို မှာထားစေလွှတ်၏။ မင်းကြီးသည် လာတိုင်းလာတိုင်းကုန်သော သူတို့အား ကြီးစွာသော ပူဇော်သက္ကာကို ပြုပေ၏။ ထိုသို့ ပြုသည်ကို မြင်ကြသောကြောင့် မာဂဏ္ဍီမိဖုရား၏ ဆွေမျိုးမတော်သောသူတို့လည်း တံစိုးလက်ဆောင်ကိုပေး၍ ငါတို့သည် မာဂဏ္ဍီမိဖုရား၏ ဆွေမျိုးတို့တည်းဟူ၍ လာကြကုန်၏။ ဥတေနမင်းကြီးသည် ထိုအလုံးစုံကုန်သော သူတို့ကို ဖမ်းယူစေ၍ မင်းရင်ပြင်၌ ချက်အတိုင်းအရှည်ပမာဏရှိသော တွင်းတို့ကို တူးစေပြီး ထိုအလုံးစုံကုန်သောသူတို့ကို တွင်းထဲသို့ သက်ဆင်းနေစေပြီးလျှင် မြေမှုန့်တို့ဖြင့်ဖို့၍ အထက်၌ ကောက်ရိုးကို ကြဲစေပြီးသော် မီးဖြင့်တိုက်စေ၏၊ အရေစုတ်ပြတ်သော ကာလ၌ သံထွန်သွားဖြင့် ထွန်စေ၍ အပိုင်းပိုင်းအမျှင်မျှင်ကိုပြုစေ၏။ မာဂဏ္ဍီ၏ ကိုယ်မှလည်း ထက်စွာသောဓားဖြင့် ထူထဲထူထဲကုန်သော နေရာတို့၌ အသားကို လှီးခွါယူပြီးလျှင် အိုးကင်းကို ခုံလောက်ထက်သို့ တင်၍ မုန့်ကဲ့သို့ ချက်ကြော်ပြီးသော် ထိုမာဂဏ္ဍီကိုပင် စားစေ၏။

## ရဟန်းတို့က မေးလျှောက်ခြင်း

တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဤသို့ သဘောရှိသော သဒ္ဓါ တရားဖြင့် ကြည်ညိုခြင်းရှိလှစွာသော ဥပါသိကာမအား ဤသို့သဘောရှိသော သေခြင်းသည် မလျောက်ပတ် မသင့်လျော်လေစွတကားဟု စကားကို ဖြစ်စေ ကြကုန်၏။ မြတ်စွာဘုရားရှင်သည် အစည်းအဝေးခွင်သို့ ကြွဝင်တော်မူလာ၍ ချစ်သားရဟန်းတို့....ယခု ငါဘုရား ကြွတော်မူဆဲအခါ၌ အဘယ်သို့သော စကားဖြင့် စည်းဝေးနေထိုင်ကြကုန်သနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော စကားပါဟု လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့ သာမာဝတီအမှူး ရှိကုန်သော ထိုဥပါသိကာမ ငါးရာတို့အား ဤဘဝခန္ဓာကိုယ် အတ္တဘော၌ သာလျှင် မသင့်လျော် မလျောက်ပတ်သော သေခြင်းသို့ ရောက်ရလေသည်၊ ရှေးအခါဘဝ၌ ထိုဥပါသိကာမတို့သည် ပြုအပ်သောကံအား သင့်လျော် လျောက်ပတ်သော သေခြင်းကို ရကုန်ပြီဟု မိန့်တော်မူလျှင် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ထိုဥပါသိကာမ ငါးရာတို့သည် ရှေး၌ပြုအပ် သော ကံသည်ကား အဘယ်သို့နည်း။ တပည့်တော်တို့အား ထိုအကြောင်းကို ဟောကြားတော်မူပါကုန်လော့ဟု လျှောက်ထားသော် ထိုရဟန်းတို့သည် လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## ရှေးက မကောင်းမှု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်းကြီးသည် မင်း အဖြစ်ကို ပြုသည်ရှိသော် မင်းကြီး၏နန်းတော်၌ အမြဲမပြတ် ပစ္စေကဗုဒ္ဓါ အရှင်မြတ် ရှစ်ပါးတို့သည် ဆွမ်းဘုဉ်းပေးတော်မူကြကုန်၏။ နန်းတွင်းသူ မိန်းမငါးရာတို့သည် ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို လုပ်ကျွေးပြုစုကုန်၏။ ထိုပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့တွင် ပစ္စေကဗုဒ္ဓါ ခုနစ်ပါး တို့သည် ဟိမဝန္တာသို့ကြွတော် မူကြကုန်၏။ ပစ္စေကဗုဒ္ဓါတစ်ပါးသည် မြစ်၏ကမ်းနားဝယ် မြက်ချုံတစ်ခု၌ ၏။ ထိုမြက်ချုံအတွင်း၌ နိရောဓသမာပတ်ကို ဝင်စား၍ သီတင်းသုံးနေတော်မူ၏။ ထိုနောက် တစ်နေ့သောအခါ၌ မင်းကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ကြွ သွားကုန်သည်ရှိသော် ထိုနန်းတွင်းသူ မိန်းမငါးရာတို့ကိုယူ၍ ရေကစားခြင်းကို ကစားခြင်းငှါ မြစ်သို့ထွက်လေ၏။ ထိုအခါ မိန်းမငါးရာတို့သည် နေ့အဖို့ကို ရေ၌ကစား၍ ရေမှတက်ပြီးသော် ချမ်းအေးခြင်းဖြင့် ပြင်းစွာ နှိပ်စက်အပ်သည် ဖြစ်၍ မီးကို လှုံခြင်းငှါ အလိုရှိသည် ဖြစ်သောကြောင့် ငါတို့အား မီးပြုရာ အရပ်ကို ကြည့်ရှုကြကုန်လော့ဟု ပြောဆို၍ ထိုမှဤမှ လှည့်လည်ကုန်သည် ရှိသော် အရှင်ပစ္စေကဗုဒ္ဓါ နိရောဓသမာပတ်ကို ဝင်စားတော်မူရာ ဖြစ်သော ထိုမြက်ချုံကို မြင်၍ မြက်အစုတည်းဟူသော အမှတ်သညာဖြင့် ဝန်းရံ၍ တည်

နေပြီး မီးဖြင့် တိုက်ပေးကြကုန်၏။မြက်တို့ မီးလောင်၍ ကျကုန်သည်ရှိသော် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကိုမြင်၍ "ငါတို့အား ပျက်စီးခြင်း ဖြစ်လေကုန်ပြီ။ မင်းကြီး ကိုးကွယ်တော်မူသော အရှင်ပစ္စေကဗုဒ္ဓါကို မီးလောင်ချေပြီ၊ မင်းကြီးသည် သိတော်မူသည်ရှိသော် ငါတို့အား ဖျက်ဆီးပေလတ္တံ့၊ ထိုပစ္စေကဗုဒ္ဓါကို ကောင်းစွာ လောင်ကျွမ်းအောင် ပြုကြကုန်အံ့"ဟု အလုံးစုံကုန်သော မိန်းမတို့သည် ထိုမှ ဤမှ ထင်းသစ်တို့ကို ဆောင်၍ ပစ္စေကဗုဒ္ဓါ အရှင်၏ အထက်၌ စုပုံကြပြီးလျှင် ကြီးစွာသော ထင်းပုံအစုကြီးသည် ဖြစ်လေ၏။ ထို ထင်းပုံကြီးကို မီးတိုက်၍ "ဤယခုအခါ၌ မွှာမူကား အကြွင်းမရှိ လောင်ပေတော့"ဟု ဖဲသွားကြကုန်၏။

ထိုမိန်းမတို့သည် ရှေးဦးစွာ စိတ်စေတနာ မရှိသည်သာလျှင် ဖြစ်သောကြောင့် ကမ္မပထ မမြောက်၍ ကံဖြင့် မဖွဲ့အပ်ကုန်။ ကံသို့မရောက်ကုန်။ ယခုတစ်ခါ နောက်အကြိမ်မှာကား စေတနာ ရှိသောကြောင့် ကံဖြင့် ဖွဲ့သော ပြစ်မှားခြင်းသို့ ရောက်ကုန်၏။ ပစ္စေကဗုဒ္ဓါကိုကား သမာပတ်၏ အတွင်း၌ လှည်းတစ်ထောင်မျှလောက်ကုန်သော ထင်းတို့ကိုယူ၍ မီးဖြင့် တိုက်ရှို့လေငြားသော်သည်း ပူသောအခွေ့ကိုမျှလည်း ယူခြင်းငှါ မစွမ်းနိုင်။ ထို့ကြောင့် ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ခုနစ်ရက်သောနေ့၌ ထတော်မူပြီးသောအခါ အလိုရှိတော်မူတိုင်း ချမ်းသာရာ အရပ်သို့ ကြွသွားတော်မူ၏။ မိန်းမငါးရာတို့သည်လည်း ထိုကံကို ပြုအပ်သည် အဖြစ်ကြောင့် များစွာကုန်သော အနှစ်အသိန်းတို့ ကာလပတ်လုံး ငရဲ၌ကျက်ရပြီး၍ ထိုကံ အကျိုးအကြွင်း၏ အစွမ်းဖြင့်သာလျှင် ဘဝတစ်ရာတို့ပတ်လုံး ဤနည်းဖြင့်သာလျှင် နေအိမ်ကိုမီးသင့်လောင်သည်ရှိသော် မိမိတို့ပါ ကျွမ်းလောင်ရကုန်၏။

## ခုဇ္ဇုတ္တရာ၏ ရှေးအကြောင်း

ချစ်သားရဟန်းများတို့ ဤသည်လျှင် သာမာဝတီမိဖုရားအမှူးရှိကုန်သော ထိုဥပါသိကာမ ငါးရာတို့၏ ရှေး၌ ပြုအပ်သော မကောင်းမှု ကံတည်းဟု ဤသို့ မိန့်တော်မူသည်ရှိသော် ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို လျှောက်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ခုဇ္ဇုတ္တရာသည်ကားအဘယ်သို့သော ကံကြောင့် ကုန်းသည်ဖြစ်ပါလိမ့်မည်နည်း။အဘယ်သို့သော ကောင်းမှုကံကြောင့် ပညာကြီးသည် ဖြစ်ပါလိမ့်မည်နည်း။ အဘယ်သို့သော ကောင်းမှုကံကြောင့် သောတာပတ္တိဖိုလ်ကို ရပါလိမ့်မည်နည်း။အဘယ်ကြောင့် သူတစ်ပါးတို့အစေအပါး ဖြစ်ရလိမ့်မည်နည်းဟု မေးလျှောက်ကုန်သည်ရှိသော် ချစ်သားရဟန်းတို့ ထိုဗြဟ္မဒတ်မင်းသည်ပင် ဗာရာဏသီပြည်၌ မင်းပြုတော်မူစဉ်က ပစ္စေကဗုဒ္ဓါသည် အနည်းငယ် ကုန်းသော သဘောရှိ၏။ ထိုအခါ

တစ်ယောက်သော အလုပ်အကျွေးမိန်းမသည် ကမ္ဗလာကို ရုံ၍ ရွှေခွက်ငယ်ကို လက်စွဲပြီးလျှင် ငါတို့၏ပစ္စေကဗုဒ္ဓါသည်ကား ဤသို့ ဤသို့ လှည့်လည်ဘိသည်ဟု ကုန်းသောအဖြစ်ကိုပြု၍ ထိုပစ္စေကဗုဒ္ဓါ၏ လှည့်လည်ကြွသွားတော်မူသော အခြင်းအရာကို ပြက်ရယ်ပြု၍ ပြပေ၏။ ထိုကံ၏ အကျိုးဆက်ဖြင့် ကုန်းသော သူ၏အဖြစ်သည် ဖြစ်လေ၏။

ထိုပစ္စေကဗုဒ္ဓါတို့ကို ရှေးဦးစွာသောနေ့ဝယ် မင်းအိမ်နန်းတော်၌ ထိုင်နေသီတင်းသုံးစေတော်မူ၍ သပိတ်ကိုယူစေပြီးလျှင် နို့ဃနာဆွမ်းဖြင့် ပြည့်စေ၍ ပေးလှူ၏။ ပူလှစွာသော နို့ဃနာဆွမ်း၏ ပြည့်ကာမျှ၌သာလျှင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် လဲလှယ် လဲလှယ်၍သာလျှင် ကိုင်ယူကုန်၏။ ပစ္စေကဗုဒ္ဓါ၏ အတုအပကို ပြသော ထိုမိန်းမသည် ထိုသို့သော အခြင်းအရာဖြင့် ပြတော်မူကြကုန်သည်တို့ကို မြင်၍ မိမိ၏ ဥစ္စာဖြစ်ကုန်သော ဆင်စွယ်လက်ကောက်ရှစ်ခုတို့ကို ပေးလှူ၍ ဤလက်ကောက်ထက်၌ တင်ထား၍ ကိုင်ယူတော်မူပါကုန်လော့ဟု လျှောက်ထား၏။ အရှင်ပစ္စေကဗုဒ္ဓါတို့သည် ထိုသို့ ဆိုတိုင်းသော အခြင်းအရာကို ပြု၍ ထိုဥပါသိကာမကို ကြည့်ရှုသော် ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှပေသော အရှင်မြတ်တို့ တပည့်တော်မတို့အား ဤဝတ္ထုဖြင့် အလိုမရှိပါပြီ၊ အရှင်မြတ်တို့အားသာလျှင် ဤဝတ္ထုတို့ကို စွန့်လှူအပ်ပါသည်၊ ထိုဝတ္ထုတို့ကို ဆောင်ယူ၍ ကြွတော်မူကြပါကုန်လော့ဟု လျှောက်ထား၏။ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် နန္ဒမူလတောင်ဝှမ်းသို့ယူ၍ ကြွတော်မူကြလေကုန်၏။ ထိုဥပါသိကာမသည် လှူဒါန်းအပ်ကုန်သော သပိတ်ခြေ ဆင်စွယ်လက်ကောက်တို့သည် ယနေ့ထက်ထိ အနှောင့်အယှက်အပျက်အစီးမရှိဘဲ နန္ဒမူလတောင်ဝှမ်း၌ အထင်အရှားရှိကုန်၏ဟု ဋ္ဌကထာ၌ မိန့်၏။

### ရဟန္တာထေရီမကို စေခိုင်းမှုအဖြစ်

ခုဇ္ဇုတ္တရာသည် ထိုသပိတ်ခြေလှူရသော ကံ၏အကျိုးဆက်ဖြင့် ယခုအခါ၌ ပိဋကတ်သုံးပုံကိုဆောင်သော ကြီးသော ပညာရှိသော သူ၏အဖြစ်သည် ဖြစ်လေ၏။ ပစ္စေကဗုဒ္ဓါတို့အား လုပ်ကျွေးပြုစုသော အကျိုးဆက်ဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ချစ်သားရဟန်းတို့ ဤသည်လျှင် ထို ခုဇ္ဇုတ္တရာ၏ တစ်ဆူသောဘုရား၏အကြား၌ ပြုအပ်သောကံပေတည်း။

ကဿပမြတ်ဘုရား၏ လက်ထက်၌ကား ဗာရာဏသီပြည်၌ သေဋ္ဌေးသမီး တစ်ယောက်သည် ညချမ်းသောအခါ ကြေးမုံပြင်ကို ယူ၍ မိမိကိုယ်ကို တန်ဆာဆင်လျက် နေ၏။ ထိုအခါ သေဋ္ဌေးသမီးအား ချစ်ကျွမ်းဝင်သော

တစ်ပါးသော ရဟန္တာမိန်းမသည် ထိုသေဋ္ဌေးသမီးကို ရှုမြင်ခြင်းငှာ သွားလေ၏။ ထိုစကားမှန်၏။ ကုန်ပြီးသော အာသဝေါတရား ရှိကုန်သော ရဟန္တာ မိန်းမတို့သည်လည်း ညချမ်းသောအခါ၌ အလုပ်အကျွေးဖြစ်ကုန်သော ဒါမျိုးတို့ကို ရှုမြင်ခြင်းငှာ အလိုရှိကုန်၏ဟု ဖင်းဂါထာ၌ မိန့်တော်မူ၏။

ထိုခဏ၌ သေဋ္ဌေးသမီး၏အထံဝယ် ခိုင်းစေအပ်သော အမှုဆောင်ရွက်သော သူသည် တစ်စုံတစ်ယောက်မျှ မရှိ။ ထိုသေဋ္ဌေးသမီးက အရှင်မ အရှင်မအား ရှိသေမြတ်နိုး ရှိခိုးပါ၏။ ရှေးဦးစွာ တပည့်တော်မ၏ ထိုတန်းဆာပခြုပ်ကို ယူ၍ သနားတော်မူပါကုန်ဦးဟု ဆိုလျှင် မထေရ်က ကြံဆင်ခြင်သည်မှာ "အကယ်၍ ငါသည် ဤဘဏ္ဍာထုပ် ပခြုပ်ကိုယူ၍ မပေးသည်ဖြစ်ခဲ့အံ့၊ ငါ၌ ရန်ငြိုးဖွဲ့၍ ငရဲ၌ ဖြစ်လတ္တံ့။ အကယ်၍ ငါသည် ယူပေးသည်ဖြစ်ခဲ့အံ့၊ သူတစ်ပါး၏ အစေအပါးကို ခံရသော အမှုလုပ်ကျွန်၏ အဖြစ်ဖြင့် ဖြစ်ပေလတ္တံ့။ ငရဲ၌ ပူလောင်ပြင်းပြ ဆင်းရဲဒုက္ခကို ခံရသောထက် သူတစ်ပါး၏အစေအပါး ကျွန်အမှုလုပ် ဖြစ်ရသည် ကား မြတ်သေး၏"ဟု ကြံဆင်ခြင်တော်မူ၍ ထိုရဟန္တာမသည် သေဋ္ဌေးသမီး အား အစဉ်သနားသည်ကို အစွဲပြု၍ ဘဏ္ဍာထည့်ရာဖြစ်သော ပခြုပ်ကိုယူ၍ သေဋ္ဌေးသမီးအား ပေးလိုက်၏။ ထိုကံ၏ အကျိုးဆက်ဖြင့် သူတစ်ပါးတို့၏အစေ အပါးကိုခံရသော ကျွန်အမှုလုပ် ဖြစ်လေသည်ဟု ဟောကြားတော်မူ၏။

## သောတာပန်စသည် တည်ခြင်း

တစ်ဖန် တစ်နေ့သောအခါ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့အရှင်တို့ သာမာဝတီ အမှူးရှိကုန်သော မိန်းမငါးရာတို့သည် အိမ်နန်းတော်၌ မီးဖြင့် လောင်ကျွမ်းကုန်သည်၊ မာဂဏ္ဍီ၏ ဆွေမျိုးတို့ကို အထက်၌ကောက်ရိုးကို မီးတိုက် ရှို၍ သံဆွန်သွားတို့ဖြင့် တိုက်ခွဲဖျက်ဆီးအပ်ကုန်လျက် မာဂဏ္ဍီအားကျိုက်ကျိုက် ဆူသော ဆီပူဖြင့် ကျက်အပ်ကုန်၏။ ဤသို့ သေလွန်ပျက်စီးကြသော အရာ၌ အဘယ်သူတို့သည် အသက်ရှည်သည် မည်ပါကုန်လိမ့်မည်နည်း။ အဘယ်သူတို့ သည် သေသည်မည်ပါကုန်လိမ့်မည်နည်းဟူသောစကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ယခုအခါ၌ အဘယ်သို့သောစကားကို ပြောကြား စည်းဝေး ထိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော စကား ပါဟု လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့ အမှတ်မထင် အကြင် အလုံးစုံကုန်သော သတ္တဝါတို့သည် မေ့လျော့ကုန်၏။ ထိုမေ့လျော့ကုန်သော သတ္တဝါတို့သည် အနှစ်တစ်ရာပင် အသက်ရှည်လေငြားသော်လည်း သေသည် မည်ကုန်သည်သာလျှင်တည်း။ အကြင်သူတို့သည်ကား မမေ့လျော့ကုန်။ ထို

မမေ့လျော့ကုန်သော သူတို့လည်း သေလွန်ကုန်သော်လည်း အသက်ရှည်သည် မည်ကုန်သည်သာလျှင်တည်း။ ထို့ကြောင့် မာဂဏ္ဍီသည် အသက်ရှည်၍ပင် နေငြားသော်လည်း သေသည် မည်သည်သာလျှင်တည်း။ သာမာဝတီအမှူးရှိကုန်သော မိန်းမငါးရာတို့သည်ကား သေလွန်ကုန်ငြားသော်လည်း အသက်ရှည်သည် မည်ကုန်သည်သာလျှင်တည်း။ ချစ်သားရဟန်းတို့ မမေ့လျော့ကုန်သော သူတို့သည် မသေသည် မည်ကုန်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ဤ ဂါထာတို့ကို ဟောကြားတော်မူ၏—

၂၁။ အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

၂၂။ ဧတံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ၊
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။

၂၃။ တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှပရက္ကမာ။
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

မမေ့မလျော့ခြင်းသည် အမြိုက်နိဗ္ဗာန်ရခြင်းအကြောင်း ဖြစ်၏။ မေ့လျော့ခြင်းသည် အဖန်တလဲလဲ သေရခြင်းအကြောင်း ဖြစ်၏။ မမေ့လျော့သူတို့သည် သေသည်မမည်ကုန်။ မေ့လျော့သူတို့သည်ကား သေကုန်သကဲ့သို့ မမေ့လျော့ သူတို့သည် မသေကုန်။

မမေ့လျော့ခြင်း၌ တည်ကုန်သော ပညာရှိတို့သည် ဤသို့ အထူးအားဖြင့် သိမြင်၍ မမေ့လျော့ခြင်း၌ နှစ်သက်ဝမ်းမြောက်ကြကုန်၏။ ထိုပညာရှိတို့သည် အရိယာပုဂ္ဂိုလ်တို့၏ ကျက်စားရာဖြစ်သော ဗောဓိပက္ခိယတရား၌ မွေ့လျော်ကြကုန်၏။ မမေ့လျော့ခြင်း၌ ဤသို့ အထူးအားဖြင့် သိ၍ ပညာရှိတို့သည် အရိယာပုဂ္ဂိုလ်တို့၏ ကျက်စားရာဖြစ်သော မမေ့မလျော့ခြင်း၌ မွေ့လျော်ကုန်သည် ဖြစ်၍ နှစ်သက်ဝမ်းမြောက်ကြကုန်၏။

ထိုပညာရှိတို့သည် ဈာန်ရှိကုန်၍လည်းကောင်း၊ မပြတ်သော လုံ့လရှိကုန်၍ လည်းကောင်း၊ ယောဂလေးပါး ငြိမ်းရာဖြစ်သော အတုမရှိမြတ်သော နိဗ္ဗာန်သို့ရောက်ကြကုန်၏။

ထိုဒေသနာ ဂါထာပါဌ်တို့၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန် အစရှိသည် ဖြစ်ကုန်၏။

**ထိုဂါထာတို့တွင် အပ္ပမာဒေါ**ဟူသည် = မြတ်သောအနက်ကိုပြ၏။ မြတ်သော အနက်ကို ယူ၍တည်၏ မှန်၏။ အလုံးစုံလည်းဖြစ်သော ပိဋကတ် သုံးပုံဟု ဆိုအပ်သော ဘုရားစကားတော်ကို ဆောင်၍ ဟောသည်ရှိသော် မမေ့မလျော့ ခြင်းသို့သာလျှင် သက်ဝင်၏။ ထို့ကြောင့် သေယျထာပိ။ပ။ မဟတ္တာယတိ ဟူ၍ ဟောအပ်ပြီ။ ရဟန်းတို့ အမှတ်မရှိကုန်သော သလုံးမြင်းခေါင်းဖြင့် သွားတတ် ကုန်သော သတ္တဝါတို့၏ ခြေရာတို့သည် ရှိကုန်၏။ ထိုအလုံးစုံသော ခြေရာ တို့သည် ဆင်ခြေရာ၌ ပေါင်းနှင်း စုဝေးခြင်းသို့ ရောက်ကုန်၏။ ခြေရာတို့တွင် ကြီးသောအနက်အားဖြင့် ဆင်ခြေရာကို မြတ်၏ဟူ၍ ဆိုအပ်သကဲ့သို့ ဤအတူ လျှင် ရဟန်းတို့ ခပ်သိမ်းကုန်သော ကုသိုလ်တရားတို့သည် အပ္ပမာဒတရားလျှင် အကြောင်းရင်း ရှိကုန်၏။ အပ္ပမာဒသို့ စုဝေးခြင်း ပေါင်းခြင်း ရှိကုန်၏။ မမေ့ မလျော့ခြင်းသည် ထိုတရားတို့တွင် မြတ်၏ဟူ၍ ဆိုအပ်၏။ ဤတရားသည် အနက်အားဖြင့် သတိနှင့် မကင်းမကွာသည် မည်၏။ ဤ အပ္ပမာဒဟူသည် အမြဲထင်သော သတိ၏လျှင် အမည်တည်း ဟူလို။

**အမတံပဒံ** ဟူသည်=နိဗ္ဗာန်ကို အမတဟူ၍ ဆိုအပ်၏။ ထိုစကားမှန်၏။ ထိုနိဗ္ဗာန်သည် ပဋိသန္ဓေနေခြင်း မရှိသောကြောင့် မအိုနိုင်, မသေနိုင်။ ထို့ကြောင့် အမတဟူ၍ ဆိုအပ်၏။ ရောက်တတ်ကုန်၏။ ဤ ဝစနတ္ထကြောင့် ပဒမည်၏။ နိဗ္ဗာန်သို့ ရောက်ကုန်၏။ ဤကား အနက်။

နိဗ္ဗာန်သို့ ရောက်ကြောင်းတည်း။ နိဗ္ဗာန်သို့ရောက်ကြောင်း နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းတည်း။ ဤသို့ ဆိုလို၏ ဟူလို။

**ပမာဒေါ** ဟူသည်= မေ့လျော့သောအဖြစ် လွတ်သောသတိဟု ဆိုအပ် သော ဤပမာဒဟူသော အမည်သည် သတိလွတ်သော သူ၏ အမည်တည်း ဟူလို။

**မစ္စုနော** ဟူသည်=သေမင်း၏ ဟူလို။

**ပဒံ** ဟူသည်=ဒ့ကြောင်းတည်း ဟူလို။ ထိုစကားမှန်၏။ မေ့လျော့သော သူသည် ပဋိသန္ဓေနေခြင်းကို မလွန်နိုင်။ ပဋိသန္ဓေနေခြင်း ရှိသော သူသည် အိုလည်းအို၏။ သေလည်းသေ၏။ ထို့ကြောင့် မေ့လျော့သူသည် သေခြင်း ၏ အကြောင်းမည်သည် ဖြစ်၏။ သေခြင်းသို့ ရောက်၏။

**အပ္ပမတ္တာ နမီယန္တိ** ဟူသည်=သတိနှင့် ပြည့်စုံသည်သာလျှင် ဖြစ်ကုန်သော မမေ့လျော့သူတို့သည် မသေကုန်, မအိုကုန်။ သေခြင်းကင်းကုန်၏။ ဤသို့ မမှတ်အပ်ကုန်။ ထိုစကား မှန်၏။ တစ်စုံတစ်ခုသော မအိုသော, မသေသော

သတ္တဝါဟူသည် မရှိ။ မေ့လျော့သောသူ၏ ဝဋ်၌ ကျင်လည်ခြင်းသည်ကား ပြတ်၏။

ထို့ကြောင့် မေ့လျော့သောသူတို့သည် ပဋိသန္ဓေ အစရှိသည်တို့မှ မလွတ်နိုင်သောကြောင့် အသက်ရှည်ကုန်သော်လည်း သေသည်သာလျှင် မည်ကုန်၏။ မမေ့လျော့သောသူတို့သည်ကား သတိမကောင်းခြင်းလက္ခဏာကို ပွားစေ၍လျှင်စွာ မဂ်ဖိုလ် စသည်တို့ကို မျက်မှောက်ပြု၍ နှစ်ကြိမ်မြောက်သော ကိုယ်အဖြစ် သုံးကြိမ်မြောက်သော ကိုယ်အဖြစ်တို့၌ မဖြစ်ကုန်။ ထို့ကြောင့် ထိုသူတို့သည် ရှင်ကုန်သော် လည်းကောင်း၊ သေကုန်သော် လည်းကောင်း မသေသည်သာလျှင် မည်ကုန်၏။

**ယေ ပမတ္တာ ယထာ မတာ** ဟူသည်=သတိလွတ်သော သတ္တဝါတို့သည် မေ့လျော့သော သေခြင်းဖြင့် သေသည်၏ အဖြစ်ကြောင့် ဥပမာဖြင့် ထင်စွာပြဦးအံ့။ အသက်၏ ပြတ်ခြင်းဖြင့် သေသော သူတို့သည် ထင်းတုံးနှင့် တူကုန်သကဲ့သို့ ထို့အတူလျှင် ဝိညာဉ်မှ ကင်းကုန်သည် ဖြစ်ကုန်၏။ ထိုစကား သင့်စွ။ ထိုသူတို့အားလည်း သူသေကဲ့သို့ လူတို့အား ● ရှေးဦးစွာ အလှူပေးကုန်အံ့။ သီလကို စောင့်ကုန်အံ့။ ဥပုသ်စောင့်သုံးမှုကို ပြုကုန်အံ့။ ဤသို့ တစ်ခုသော စိတ်သည်လည်း မဖြစ်။ ရဟန်းတို့အားလည်း ဆရာဥပဇ္ဈာယ် စသည်တို့အား ဝတ်ကြီး ဝတ်ငယ် စသည်တို့ကို ဖြည့်ကုန်အံ့။ ဓုတင်တို့ကို ဆောက်တည်ကုန်အံ့။ ဘာဝနာကို ပွားစေကုန်အံ့။

ဤသို့ တစ်ခုသော ကုသိုလ်စိတ်သည်လည်း မဖြစ်။ ထို့ကြောင့် သေသောသူနှင့် ထိုအသက်ရှည်သော ရဟန်းတို့သည် ထူးသော အကြောင်းရှိကုန်သည်သာလျှင် အဘယ်မှာ ဖြစ်နိုင်ကုန်အံ့နည်း။ ထို့ကြောင့် ယေပမတ္တာ ။ပ။ မတာတိ ဟူ၍ ဟောအပ်ပြီဟူလို။

**ဧဝံ ဝိသေသတော ဉတွာ** ဟူသည်=သတိလွတ်သောသူသူအား ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းသည်မရှိ။ မမေ့မလျော့သောသူအား ဝဋ်မှ ထွက်မြောက်ခြင်း ရှိ၏။ ဤသို့ အထူးအားဖြင့်သာလျှင် သိ၍ ဤအထူးကို အဘယ်သူတို့သည် လျှင် သိကုန်သနည်း။ ဤသို့ ဆိုငြားအံ့ဟူလို။

**အပ္ပမာဒမှိ ပဏ္ဍိတာ** ဟူသည်=ပညာရှိကုန်သော အပြားအားဖြင့် သိခြင်း ရှိကုန်သော, မိမိ၏ အပ္ပမာဒတရား၌ တည်၍ အပ္ပမာဒတရားကို ပွားစေကုန်သော သူတို့သည် ဤသို့ ထူးသောအကြောင်းကို သိကုန်၏ ဟူလို။

**အပ္ပမာဒေ ပမောဒန္တိ** ဟူသည်= ထိုပုဂ္ဂိုလ်တို့သည် ဤသို့သိ၍ မိမိ၏ ထို အပ္ပမာဒတရား၌ ဝမ်းမြောက်ကုန်၏။ ရွှင်သော မျက်နှာရှိကုန်သည် အလွန် နှစ်သက်ဝမ်းမြောက်ကုန်သည် ဖြစ်ကုန်၏။

**အရိယာနံ ဂေါစရေ ရတာ** ဟူသည်=ထိုသူတော်ကောင်းတို့သည် ဤသို့ အပ္ပမာဒတရား၌ ဝမ်းမြောက်ကုန်သည် ဖြစ်၍ ထိုအပ္ပမာဒကိုပွားစေ၍ အရိယာ ဖြစ်ကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏ ကျက်စားရာ အာရုံဟု ဆိုအပ် သော သတိပဋ္ဌာန်လေးပါး အပြား ရှိသော ဗောဓိပက္ခိယတရား ၃၇-ပါး၌ လည်းကောင်း၊ လောကုတ္တရာတရား ကိုးပါး၌လည်းကောင်း အလွန် မွေ့လျော် ကုန်သည် ဖြစ်ကုန်၏ ဟူလို။

**တေ ဈာယိနော** ဟူသည်=ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ကုန်သော ထိုပညာရှိတို့သည် သမာပတ် ရှစ်ပါးဟု ဆိုအပ်သော အာရမ္မဏူပဈာန်ဖြင့် လည်းကောင်း၊ ဝိပဿနာမဂ်ဖိုလ်ဟု ဆိုအပ်သော လက္ခဏူပဈာန်ဖြင့် လည်းကောင်း၊ ဤသို့ နှစ်ပါးအပြား ရှိကုန်သည်လည်း ဖြစ်သော ဈာန်ဖြင့် နိဗ္ဗာန်တို့ကို လောင်စေတတ်ကုန်သော ဟူလို။

**သာတတိကာ** ဟူသည်=လွန်မြတ်သော တောထွက်တော်မူသော ကာလမှ စ၍ အရဟတ္တမဂ်ကို ရသည်တိုင်အောင် အမြဲကိုယ်ဖြင့် ပြုအပ်သော လုံ့လ စိတ်ဖြင့် ပြုအပ်သော လုံ့လရှိကုန်သော ဟူလို။

**နိစ္စံ ဒဠှပရက္ကမာ** ဟူသည်=ယောကျ်ားတို့၏ အားအစွမ်းဖြင့် ရောက်အပ် သော အလိုသို့ မရောက်မူ၍ ဝီရိယ၏ကောင်းစွာ တည်ခြင်းသည် မဖြစ်လတ္တံ့။ ဤသို့ သဘောရှိသော လုံ့လဖြင့် အကြား၌ မဆုတ်မနစ် မလျော့မူ၍ မြဲစွာ ဖြစ်သော မြဲမြံသော လုံ့လနှင့် ပြည့်စုံကုန်သော ဟူလို။

**ဖုသန္တိ** ဟူသည်=တွေ့ခြင်း ရောက်ခြင်းတို့သည် ဉာဏ်ဖြင့် ရောက်ခြင်းသည် လည်းကောင်း၊ အကျိုးဖြင့် ရောက်ခြင်းသည် လည်းကောင်း ဤသို့ နှစ်ပါး တို့တည်း။ ထိုနှစ်ပါးတို့တွင် မဂ်လေးပါး တို့သည် ဉာဏ်ဖြင့် ရောက်သည် မည်ကုန်၏။ ဖိုလ်လေးပါးတို့သည် အကျိုးဖြင့် ရောက်သည် မည်ကုန်၏။ ထိုနှစ်ပါး တို့တွင် ဤအရာ၌ အကျိုးဖြင့် ရောက်ခြင်းမည်သည်ကို အလိုရှိအပ်၏။ အရိယာ ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်လျက် ပညာရှိတို့သည် ထိုဖိုလ်လေးပါးသို့ ရောက်ခြင်းဖြင့် ရောက်ကုန်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်၏။

**ယောဂက္ခေမံ အနုတ္တရံ** ဟူသည်=လူအပေါင်းကို သံသရာဝဋ်ဆင်းရဲ၌ဖြစ်သော နှစ်စေကုန်သော ယောဂလေးပါးတို့မှလည်း ဘေးမရှိသော အလုံးစုံကုန်သော လောကီလောကုတ္တရာ တရားတို့တွင် မြတ်သည်၏ အဖြစ်ကြောင့် အနုတ္တရ မည်သော ဟူလို။

## ၂။ ကုမ္ဘဃောသကသေဋ္ဌေးသား ဝတ္ထု

**ဥဋ္ဌာနဝတော**-အစရှိသော ဤတရားဒေသနာတော်ကို ဘုရားကိုယ်တော်မြတ်သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကုမ္ဘဃောသကသေဋ္ဌေးသားကို အကြောင်းပြု၍ ဟောကြားတော်မူပေ၏။

ရာဇဂြိုဟ်မြို့၌ ပစ္စည်းဥစ္စာ များစွာကြွယ်ဝပေါများလှသော သေဋ္ဌေးကြီးတစ်ဦးသည် ရှိ၏။ ထိုရာဇဂြိုဟ် သေဋ္ဌေးကြီးအိမ်၌ အဟိဝါတမည်သော ယင်နာသည် ဖြစ်၏။ ထိုယင်နာသည် ဖြစ်ပွားသည်ရှိသော် ယင် မှက်ကို အစပြု၍ နွားတိုင်အောင် တိရစ္ဆာန်တို့သည် ရှေးဦးစွာ သေကုန်၏၊ ထိုနောက် ကျွန်အမှုလုပ်သူတို့သည် သေကုန်၏။ ဤလုံးစုံတို့၏နောက်မှ အိမ်ရှင်တို့သည် သေကုန်၏။ ထိုကြောင့် ယင်အနာ ရောဂါသည် အလုံးစုံတို့၏နောက် သေဋ္ဌေးကြီးကို လည်းကောင်း၊ သေဋ္ဌေး၏ မယားကိုလည်းကောင်း ယူလေ၏။ ထိုသေဋ္ဌေးလင်မယားတို့သည် ရောဂါဖြင့် တွေ့ထိကုန်သည်ဖြစ်၍ မိမိတို့အထံ၌ တည်သော သားငယ်ကို တစ်မှိတ်စိမ့် ကြည့်ရှုပြီးလျှင် မျက်ရည် ယိုပြည့်သော မျက်စိတို့ဖြင့် သားငယ်ကို ချစ်သား ဤသို့သော ရောဂါသည် ဖြစ်ပွားသည်ရှိသော် နံရံကို ခွဲဖောက်၍ အကြင်အမှတ် မရှိသောသူတို့သည် ပြေးထွက်ကုန်၏။ ထိုသူတို့သည် အသက်ကို ရကုန်၏။ အမောင်ချစ်သားသည် ငါတို့အား သနားငဲ့ညှာ တွယ်တာတည့်တည့် ပြန်မကြည့်ဘဲ ပြေးလွှဲရှောင်ထွက် အသက်ချမ်းသာမှ တစ်ဖန်ပြန်လာပြီး ငါတို့သည် ဤမည်သောအရပ်၌ ကုဋေလေးဆယ်မျှလောက် ပမာဏရှိကုန်သော ပစ္စည်းဥစ္စာတို့ကို သိုမှီးမြှုပ်နှံ၍ ထားအပ်ကုန်၏။ ထိုဥစ္စာကို ထုတ်ဖော်ယူဆောင်ပြီးလျှင် အသက်မွေးခြင်းကို ပြုလေလော့ဟု မှာထား၏။ ထိုသားငယ်သည်လည်း မိခင်ဖခင်ကျေးဇူးရှင်တို့၏ စကားကိုကြား၍ စိုးရိမ်ပူဆွေး ငိုကြွေးပြီ သော် မိခင်ဖခင်တို့ကို ဦးတင်ညွတ်လျှိုး ရှိခိုးပြီး၍ သေအံ့သောဘေးမှ တွေးတော ရွံကြောက်သောကြောင့် နံရံကို ဖောက်ခွဲပြီးလျှင် ထွက်ပြေးတိမ်းရှောင်၍ ပစ္စန္တရစ်ရွာသို့သွားပြီး၍ ထိုပစ္စန္တရစ်ရွာ၌ တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး နေပြီးလျှင် တစ်ဖန်ပြန်လာခဲ့၏။

## ခစားမှုဖြင့် အသက်မွေးခြင်း

ထိုအခါ သတို့သားလုလင်သည် ငယ်ရွယ်စဉ်အခါက ဘွားရ၍ ကြီးပွား ပေါက်ရောက်သော ဆံမုတ်ဆိတ် ကျင်စွယ်ရှိသောအခါ၌ လာအပ်သည်၏ အဖြစ်ကြောင့် တစ်စုံတစ်ယောက်သောသူမျှ မမှတ်မိလေ၊ ထိုလုလင်သည် မိခင် ဘဘွားတို့ ပေးသနားခဲ့သော အမှတ်သညာ၏ အစွမ်းဖြင့် ဥစ္စာထားရာအရပ်သို့ ချဉ်းကပ်သွားရောက်ကြည့်ရှုသည်ရှိသော် ပစ္စည်းဥစ္စာ၏ တစ်စုံတစ်ရာနှောင့် ယှက်၍ အပျက်အစီးမရှိသည်၏ အဖြစ်ကို သိပြီး ကြံဆင်ခြင်သည်မှာ 'ငါ့ကို သေဋ္ဌေးသားဟူ၍ ထင်ရှား ပြောပလောက်အောင် တစ်စုံတစ်ယောက်မျှ မသိ ချေ၊ ငါသည် အကယ်၍ ဥစ္စာကို ထုတ်ဖော်၍ သုံးဆောင်ခဲ့အံ့၊ တစ်ယောက် သော သူဆင်းရဲသည် ရွှေအိုးကို ထုတ်ဖော်အပ်သတည်းဟု ငါ့ကိုဖမ်းယူ၍ ညှဉ်းပန်းကုန်ရာ၏။ ယခုအခါ ငါသည် အခစားအမှုကိုပြု၍ အသက်မွေးရသည် ရှိသော် သင့်လျော်လျောက်ပတ် ကောင်းမြတ်လိမ့်မည်"ဟု ကြံပြီးမှ ထိုအခါ တစ်ခုသော ပုဆိုးပိုင်းကိုဝတ်၍ တစ်စုံတစ်ယောက်သောသူသည် အခစားသဖြင့် ခိုင်းစေခြင်းငှါ အလိုရှိသလောဟု မေးမြန်းလျက်အခစားအမှုကို ပြုလေ့ရှိသော သူတို့၏ ခရီးမသို့ ရောက်လေ၏။ ထိုအခါ လုလင်ကို အခစားအမှုကို ပြုလေ့ ရှိသောသူတို့မြင်၍ငါတို့၏ တစ်ခုသောအမှုကို အမြဲမပြတ်အကယ်အသင်ပြုသည် ဖြစ်ခဲ့အံ့၊အသင်အား ထမင်းစည်းဟူသောအခကို ပေးကုန်အံ့ဟုဆိုကြကုန်၏။ ပြုရအံ့သော အမှုသည် အဘယ်နည်း မေးသဖြင့် သတိမေ့လျော့သည်ကို တိုက်တွန်းနှိုးဆော် သိစေသော အမှုပေတည်း၊ အကယ်၍အသင်သည် စွမ်းနိုင် သည်ရှိသော် နံနက်စောစောကပင်လျှင်ထ၍ အမောင်တို့ ထကြကုန်လော့၊ လှည်းတို့ကို ပြင်ဆင်ဖွဲ့စည်းကြကုန်လော့၊ နွားတို့ကို ကကြကုန်လော့၊ဆင်မြင်း တို့၏ မြက်အလို့ငှါ သွားချိန်တိုင်သော အခါတည်း၊မိခင်တို့ အသင်တို့သည်လည်း ထကြကုန်လော့၊ယာဂုကိုချက်ကြကုန်လော့၊ထမင်းကို ချက်ကြကုန်လော့ အစ ရှိသဖြင့် စိစစ်လှည့်လည်၍ ကြားလေလော့ဟု ပြောပေ၏။ ထိုလုလင်သည် ကောင်းပါပြီဟု ဝန်ခံသော် လုလင်နေရန်အလို့ငှါ တစ်ခုသောအိမ်ကို ပေးကြ ကုန်၏။ ထိုလုလင်သည်လည်း နေ့တိုင်းနေ့တိုင်း ခိုင်းစေမှာထားသော အမှုကို ပြုပေ၏။

ထိုအခါ တစ်နေ့သ၌ ဗိမ္ဗိသာရမင်းကြီးသည် ထိုလုလင်၏ အသံကိုကြား လေ၏။ ထိုဗိမ္ဗိသာရမင်းကြီးသည်ကား အလုံးစုံသောသူတို့၏ အသံ၌ သိတတ် သော သဘောရှိ၏။ ထို့ကြောင့် ဤအသံသည်ကား များစွာသော ပစ္စည်းဥစ္စာ ရှိသော ယောကျ်ား၏ အသံပေတကားဟု ဆို၏၊ ထိုသို့ဆိုသောအခါ မင်းကြီး၏ အထံ၌ တည်ရှိသော တစ်ယောက်သော ကိုယ်လုပ်တော်မောင်းမသည် "မင်းကြီး

ကား ဟုတ်ဟုတ်ငြားငြား သာမညအားဖြင့် ဤစကားကိုမဆိုဘဲ ရှိလတ္တံ့၊ ဤသူကို ငါသိခြင်းငှါအပ်၏”ဟုကြံ၍ အဓမောင်သူးချေ၊ ဟစ်အော်ကြွေးကြော်သော ဤသူကို သိအောင်ပြုခဲ့ဘိလော့ဟု တစ်ယောက်သော ယောကျ်ားကို စေလွှတ်၏၊ စေလွှတ်အပ်သော ထိုယောကျ်ားသည် လျင်စွာသော အဟုန်ဖြင့် သွား၍ ဟစ်အော် ကြွေးကြော်သော လုလင်ကို မြင်ပြီးသော် ပြန်လာခဲ့၍ ဤသူသည် တစ်ယောက်သော အစအမှုခိုင်းစေလေ့ ရှိကုန်သောသူတို့၏ အခကိုပြုသော အထီးကျန်သော လူပေတည်းဟု ပြောကြား၏။ ဗိမ္ဗိသာရမင်းကြီးသည် ဤသူသည်ကား အထီးကျန်သော သူတည်းဟူသော စကားကို ကြား၍ ဆိတ်ဆိတ်သာလျှင် နေ၏။ နှစ်ရက်မြောက်သော နေ့၌လည်းကောင်း၊ သုံးရက်မြောက်သော နေ့၌လည်းကောင်း ထိုလုလင်၏ အသံကိုကြား၍ ရှေးနည်းအတူ သာလျှင် ဆို၏။

## သမီးတော်နှင့် သွေးဆောင်ခြင်း

အလုပ်အကျွေး ကိုယ်လုပ်တော် မောင်းမကလည်း ရှေးနည်းအတူ ကြံ၍ အဖန်တလဲလဲ စေလွှတ်ပြီး ကြည့်ရှုပါစေသော်လည်း အထီးကျန်သောသူတည်းဟု ဆိုသည်ရှိသော် ကြံဆင်ခြင်၏။ “မင်းကြီးသည် ဤသူသည် အထီးကျန်သော သူတည်းဟု ပြောဆိုသောစကားကို ကြားပါသော်လည်း မယုံကြည်။ အဖန်ဖန် အထပ်ထပ် မပြတ်သာလျှင် ဤအသံသည်ကား များစွာသော ဥစ္စာရှိသော ယောကျ်ား၏ အသံဟူ၍သာ ဆိုလေသည်။ ဤအရာ၌ တစ်စုံတစ်ခုသော အကြောင်းသည် ဖြစ်ရာ၏။ ဟုတ်မှန်တိုင်းသော သဘောအားဖြင့် ဤအမှုကို သိခြင်းငှါ အပ်၏ဟု ကြံ၍ ကိုယ်လုပ် မောင်းမသည် မင်းကြီးကို အရှင်မင်းမြတ်...အကျွန်ုပ်သည် တစ်ထောင်မျှလောက်သော အသပြာကို ရပါမူကား သမီးကို ယူ၍သွားပြီး ဤဥစ္စာကို မင်းအိမ်သို့ရောက်အောင် သွင်းပါအံ့ဟု လျှောက်တင်၏။ မင်းကြီးလည်း ကိုယ်လုပ်မောင်းမ၏ စကားကိုကြား၍ ကိုယ်လုပ်မောင်းမအား တစ်ထောင်သော အသပြာကို ပေးစေ၏။

ထိုမိန်းမသည် အသပြာတစ်ထောင်ကို ယူပြီးလျှင် သမီးကို ညစ်နွမ်းသော သဘောရှိသော အဝတ်တစ်ထည်ကို ဝတ်စေ၍ သမီးနှင့်တကွ ထွက်ခဲ့၍ ခရီးသွားသော သူကဲ့သို့ အခစားဖြင့် အသက်မွေးလေ့ရှိသော သူတို့နေရာ ခရီးမသို့ သွားရောက်ပြီးလျှင် တစ်ခုသောအိမ်သို့ ဝင်ပြီး မိခင်....ငါတို့သည် ခရီးသွား ဧည့်သည်တို့ပါတည်း၊ တစ်ရက် နှစ်ရက် ဤအရပ်၌ အပန်းဖြေ နားနေ သက်သာရာကို ရစေ၍ သွားပါကုန်အံ့ဟု ဆို၏။ မိခင်....ဤအိမ်သည်ကား များစွာသောလူတို့ ရှိကုန်၏။ ဤအိမ်၌ နေခြင်းငှါ မတတ်ကောင်းပါ၊

ကုမ္ဘဃောသက၏ အိမ်သည်ကား လူမရှိ၍ အချည်းနှီးဖြစ်ပါသည်၊ ထိုအိမ်သို့ သွားကြပါကုန်လော့ဟု ညွှန်ကြား ပြောဆိုလိုက်၏။ ထိုမိန်းမသည် ကုမ္ဘဃောသကလုလင်၏ အိမ်သို့သွား၍ အရှင်—ငါတို့သည် ခရီးသွားတို့ပါတည်း၊ တစ်ရက် နှစ်ရက် ဤအိမ်၌ တည်းခိုနေထိုင်ပါရစေကုန်ဟုဆို၍ ကုမ္ဘဃောသကသည် အဖန်တလဲလဲ မြစ်ပယ်အပ်သော်လည်း အရှင်....ယနေ့ တစ်နေ့မျှကို တည်းခိုနေထိုင်၍ နံနက်စောစောက ပင်လျှင် သွားအံ့ဟုဆို၍ ထွက်ခြင်းငှါ အလိုမရှိလေ။ ထိုမိန်းမသည် ကုမ္ဘဃောသကလုလင်၏အိမ်၌ တည်းခိုနေထိုင်ပြီး တစ်ဖန်မိုးသောက် ရောက်သောနေ့ဝယ် ကုမ္ဘဃောသကလုလင်၏ တောသို့ သွားအံ့သောအခါ၌ အရှင်... သင်၏ ရိက္ခာဆန်ကို ပေးခဲ့၍ သွားလေလော့၊ သင်၏ စားရန်ဖြစ်သော အာဟာရကို ငါတို့ ချက်ပြုတ်၍ ထားကုန်အံ့ဟု ဆို၏၊ မိခင်.. အလိုမရှိပါ၊ ကျွန်ုပ်သည်သာလျှင် ချက်၍ စားပါတော့အံ့ဟု ဆိုသည်ရှိသော် အဖန်တလဲလဲ တောင်းပန်၏၊ ကုမ္ဘဃောသကသည် ပေးအပ်သည်ရှိသော် ယူကာမျှကိုသာလျှင် ပြု၍ အိမ်ဈေးမှ အိုးခွက်တို့ကိုလည်းကောင်း၊ သန့်ရှင်းစင်ကြယ်သော ဆန်တို့ကိုလည်းကောင်း ဆောင်စေ၍ မင်းအိမ်၌ ချက်အပ်သော အမှတ်ဖြင့်သာလျှင် ကောင်းစွာ စင်ကြယ်သော ထမင်းကိုလည်းကောင်း၊ ကောင်းသော အရသာရှိကုန်သော နှစ်မျိုး သုံးမျိုးကုန်သော လက်သုပ်ဟင်းလျာတို့ကို လည်းကောင်း ချက်ပြုတ်၍ တောမှ ပြန်လာသော ကုမ္ဘဃောသက လုလင်အား ပြုပြင်၍ ပေး၏။

ထိုအခါ မွန်မြတ်သော ခဲဖွယ် ဘောဇဉ် ဟင်းလျာတို့ကို စားသောက်ရသဖြင့် ကုမ္ဘဃောသက လုလင်၏ နူးညံ့သိမ်မွေ့သော စိတ်ရှိသည်၏ အဖြစ်သို့ ရောက်သည်ကို သိ၍ အရှင်....ငါတို့သည်ကား ပင်ပန်းသော သဘောရှိသည် ဖြစ်ကြကုန်၏။ တစ်ရက် နှစ်ရက် ဤအိမ်၌သာလျှင် တည်းခို နေထိုင်ပါရစေကုန်ဦးဟု ဆို၏။ ကုမ္ဘဃောသကသည် ကောင်းပြီဟု ဝန်ခံ၍ ညချမ်းအခါ၌လည်းကောင်း၊ တစ်ဖန် မိုးသောက်နေ့၌လည်းကောင်း ချိုမြိန် ကောင်းမြတ်သော ထမင်းကို ချက်၍ ကုမ္ဘဃောသက လုလင်အား ပြုပြင်၍ ပေးပေ၏။ ထိုကုမ္ဘဃောသက လုလင်၏ နူးညံ့သော စိတ်ရှိသည်ကို သိ၍ အရှင်.... နှစ်ရက်. သုံးရက်ပတ်လုံး ဤအိမ်၌သာလျှင် တည်းခို နေထိုင်ပါရစေဦးဟု ပြောဆိုပြီးလျှင် ထိုအိမ်၌ နေကုန်လျက် ထက်စွာသော ဓားဖြင့် ကုမ္ဘဃောသက လုလင် ညောင်စောင်း၏ အောက်၌ အဘောင်ကို ထိုထိုသို့သော နေရာ၌ ခွဲဖျက် ဖြတ်တောက်၍ ထား၏၊ ညောင်စောင်းသည် ထိုကုမ္ဘဃောသက လုလင်လာ၍ ထိုင်နေကာမတ္တမျှဖြင့် အောက်၌ တွဲလဲဆွဲလေ၏။ ကုမ္ဘဃောသကသည် အဘယ်ကြောင့် ဤညောင်စောင်းကို ခွဲဖျက်၍ သွားကြပါလိမ့်မည်နည်းဟု ဆို၏။ အရှင် .... ရွာသူသားငယ်တို့ကို တားမြစ်ခြင်းငှါ

မစွမ်းနိုင်ပါကုန်၊ လာ၍လာ၍ ဤညောင်စောင်း၌သာလျှင် စည်းဝေးထိုင်နေကုန်ဘိသည်ဟု ဆို၏။ မိခင်...အကျွန်ုပ်အား ဤသို့သော ဆင်းရဲဒုက္ခသည် အသင်တို့ကို မှီ၍ ဖြစ်လေပါသည်။ ငါသည် ရှေးအခါ၌ တစ်စုံတစ်ခုသော အရပ်သို့ သွားလိုသည်ရှိသော် တံခါးကိုပိတ်၍ သွားပေသည်ဟု ဆိုသည်ကာလ ချစ်သား အဘယ်သို့ပြုအံ့နည်း၊ တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါဟု ဆို၏။ ထိုမိန်းမသည် ဤသို့သော အမှုတ်ဖြင့်သာလျှင် နှစ်ရက် သုံးရက်တို့ ပတ်လုံး ဖျက်ဆီးဆုတ်ဖြတ်၍ ကုမ္ဘဃောသကလုလင်သည် အမျက်ဖြစ်ပွား များစွာပြစ်ဖွဲ့ကဲ့ရဲ့ရှုတ်ချ ဆိုလေကြသော်လည်း နှေးနည်းအတူသာလျှင် ပြောဆိုပြီးသော် တစ်ဖန် တစ်ချောင်း နှစ်ချောင်းသော ကြိုးတို့ကို ထား၍ ကြွင်းသောကြိုး အလုံးစုံတို့ကို အကုန်ဖြတ်၏။

## ကုမ္ဘဃောသက အိမ်ထောင်ကျခြင်း

ထိုနေ့၌ ကုမ္ဘဃောသကလုလင်သည် ထိုင်ကာမျှဖြင့်သာလျှင် အလုံးစုံသော နေရာသည် မြေကြီး၌ ကျလေ၏။ ဦးခေါင်းသည် ပုဆစ်ဒူးတို့နှင့်တကွ တစ်ပေါင်းတည်းသာလျှင် ဖြစ်လေ၏။ ကုမ္ဘဃောသကလုလင်သည် ထ၍ အဘယ်ကို ပြုရမည်နည်း၊ ယခုအခါ၌ အဘယ်သို့ သွားရပါမည်နည်း၊ အိပ်ရာဖြစ်သော ညောင်စောင်းကိုလည်း အသင်တို့သည် အမှုင်မဟုတ်သကဲ့သို့ ပြုလေသည်ဟူ၍ ဆို၏။ ချစ်သား ငါသည် အဘယ်သို့ ပြုရပါမည်နည်း၊ ချစ်ကျွမ်းသော အိမ်နီးချင်းသူငယ်တို့ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါ။ ချစ်သား ရှိပါစေလော့၊ မကြံစည်မစိုးရိမ် မအောက်မေ့ပါလင့်၊ ဤအခါ၌ ဘယ်အရပ်သို့သွားအံ့မည်နည်းဟုဆို၍ သမီးကိုခေါ်ပြီးလျှင် ချစ်သမီး သင့်မောင်ကြီး၏ အိပ်ရာနေရာအရပ်ကို ပြုလော့ဟုဆို၏၊ သတို့သမီးလည်း တစ်ဘက်သောနံပါး၌ အိပ်၍ အရှင် ဤအရပ်သို့ လာလှည့်ဟု ဆို၏။ မိခင်ဖြစ်သောသူကလည်း ကုမ္ဘဃောသကလုလင်ကို ချစ်သား သွားချေ၊ အသင်၏နှမနှင့် အတူတကွ အိပ်လေလော့ဟု ဆို၏။ ကုမ္ဘဃောသကလုလင်သည် ထိုသတို့သမီးနှင့် အတူတကွ တစ်ခုသော ညောင်စောင်း၌ အိပ်၍ ထိုနေ့၌ပင်လျှင် ပေါင်းဖော်ခြင်းကို ပြုလေ၏။ သတို့သမီးသည် ထ၍ ငို၏။ ထိုအခါ သတို့သမီးကို မိခင်ကို ချစ်သမီး အဘယ်ကြောင့် ငိုကြွေးဘိသနည်းဟု မေး၏။ မိခင် ဤပြည်သောအမှုသည် ဖြစ်လေပြီဟု ဆို၏။ ချစ်သမီး ရှိပါစေတော့၊ အကြောင်းတရားကို တားမြစ်ပြုပြင်ခြင်းငှာအဘယ်သို့ တတ်ကောင်းပါအံ့နည်း။ အသင်သည်လည်း တစ်ယောက်သော မှီခိုဆည်းကပ်ရာ ခင်ပွန်းလင်ကို ရခြင်းငှာ အင့်ပါ၏။ ဤလုလင်သည်လည်း တစ်ယောက်သော ခြေရင်း အလုပ်အကျွေးဖြစ်သော မယားကိုရခြင်းငှာ အပ်၏ဟု ဆို၍ ထိုသူတို့ကို ပေးစားထိမ်းမြားပြီး သားသမက်ဒ ဖြစ်ကို ပြုလေ၏။ ထိုသူတို့သည် အညီအညွတ် ပေါင်းဖော်ယှဉ်တွဲ နေထိုင်ကြကုန်၏။

မိခင်ဖြစ်သော ထိုမိန်းမသည် နှစ်ရက် သုံးရက်ကို လွန်မြောက်သဖြင့် မင်းကြီးအား အရှင်မင်းမြတ် အခစားဖြင့် အသက်မွေးလေ့ရှိသော သူတို့၏ ခရီးလမ်းမ၌ သဘင်ကိုပြုတော်မူကုန်လော့။ အကြင်သူ၏ အိမ်၌ သဘင်ကိုမပြု၊ ထိုသူအား ဤမျှသော ဒဏ်သည် ဖြစ်စေသတည်းဟု ကြွေးကြော်ခြင်းကို ပြုတော်မူပါလော့ဟု သတင်းစကားကို စေလွှတ်ပို့လိုက်၏။ ဗိမ္ဗိသာရမင်းကြီးသည် သတင်းစကားပါးလာသော အတိုင်းအားဖြင့် ပြုစေ၏။ ထိုအခါ ကုမ္ဘဃောသကကို ယောက္ခမက ချစ်သား အခစားလမ်းမ၌ မင်းကြီး၏အာဏာဖြင့် သဘင်ကို ပြုအပ်သည် ဖြစ်ပေ၏၊ အသွ့်ပြုကုန်အံ့နည်းဟု ဆို၏။ မိခင် ငါသည် အခစားအမှုကို ပြုပါသော်လည်း အသက်မွေးခြင်းငှာ မစွမ်းနိုင်ပါ၊ အဘယ် သို့လျှင် ပြုနိုင်ပါအံ့နည်းဟု ဆို၏။ ချစ်သား ဟာရဝါသကိစ္စဖွဲ့နှောင် အိမ်ရာ ထောင်၍ လူ့ဘောင်၌ နေသောသူတို့မည်သည်ကား ကြွေးမြီကိုသော်လည်း ယူရကုန်၏။ မင်း၏ အာဏာကို မပြုဘဲနေခြင်းငှာ မရအပ်ကုန်၊ ယူအပ်သော ကြွေးမြီမှာ တစ်ခုသောအကြောင်းဖြင့် လွတ်ခြင်းငှာ တတ်ကောင်း၏။ ချစ်သား သွားချေ၊ တစ်စုံတစ်ခုသော သူ၏ထံမှ တစ်ခု နှစ်ခုကုန်သော အသပြာတို့ကို ဆောင်ယူခဲ့လော့ဟု ဆို၏။ ထိုကုမ္ဘဃောသကလုလင်သည် ငြူစူမျက်ဖွဲ့ ကဲ့ရဲ့ ရှုတ်ချလျက်သွားပြီးသော် ကုဋေလေးဆယ်သော ဥစ္စာတို့ ထားရာအရပ်မှ တစ်ခုသာလျှင်ဖြစ်သော အသပြာကို ဆောင်ယူခဲ့၏။

ထိုမိန်းမသည် ကုမ္ဘဃောသကလုလင် ပေးအပ်သော အသပြာကို မင်းကြီး အား ပို့စေ၍ မိမိ၏ တစ်ခုသောအသပြာဖြင့် သဘင်ကို ပြုပြီးသော် တစ်ဖန် နှစ်ရက် သုံးရက်ကို လွန်မြောက်သဖြင့် ရှေးနည်းအတူသာလျှင် သတင်းစကား ကို စေလွှတ်၏။ မင်းကြီးသည် သဘင်သို့ ပြုစေကုန်သတည်း၊ မပြုကုန်သော သူတို့အား ဤမျှသောဒဏ် ဖြစ်စေသတည်းဟု မင်း၏အာဏာဖြင့် စေလွှတ်၏။ တဖန် ကုမ္ဘဃောသကကို ယောက္ခမဖြစ်သော မိန်းမသည် ရှေးနည်းအတူသာ လျှင်ဆို၍ နှိပ်နယ်အပ်သည်ရှိသော် ဥစ္စာထားရာအရပ်သို့ သွား၍ သုံးခုသော အသပြာတို့ကို ဆောင်ယူခဲ့ပြီး ပေး၏။

## ကုမ္ဘဃောသကအား နန်းတော်က ခေါ်ခြင်း

ထိုမိန်းမသည် ကုမ္ဘဃောသကလုလင် ဆောင်ယူခဲ့သော အသပြာတို့ကို မင်းကြီးအားပို့စေ၍ တစ်ဖန် နှစ်ရက် သုံးရက်ကို လွန်မြောက်သဖြင့် ရှေးနည်း အတူသာလျှင် မင်းကြီးအား အရှင်မင်းမြတ် ယခုအခါ မင်းချင်းယောကျ်ား တို့ကို စေလွှတ်၍ ဤကုမ္ဘဃောသကလုလင်ကို ခေါ်လာစေသတည်းဟု သတင်း စကားကို ပို့ဆက်လိုက်၏။ ဗိမ္ဗိသာရမင်းကြီးသည် မင်းချင်းယောကျ်ားတို့ကို စေလွှတ်လိုက်၏။ မင်းချင်းယောကျ်ားတို့လည်း ထိုအရပ်သို့သွား၍ ကုမ္ဘ-

ဃောသက အမည်ရှိသောသူသည် အဘယ်သူနည်းဟု မေးပြီးလျှင် မှာမြဲကုန်လျက် ကုမ္ဘဃောသက လုလင်ကို တွေ့မြင်သောအခါ အိုအချင်းလာလှည့် အသင့်ကို မင်းကြီးသည် ခေါ်သတည်းဟု ဆိုကြကုန်၏။ ထိုကုမ္ဘဃောသက လုလင်သည် ကြောက်ရွံ့သောကြောင့် ငါ့ကို မင်းကြီးသည် မသိ၊ ဤသို့ အစရှိသော စကားတို့ကိုဆို၍ သွားခြင်းငှါ အလိုမရှိဘဲ နေ၏လေ၏။

ထိုအခါ ကုမ္ဘဃောသကလုလင်ကို အနိုင်အထက်အားဖြင့် လက်စသည်တို့၌ ကိုင်ဆွဲ၍ ငင်ကုန်၏။ ယောက်ျားမဖြစ်သော မိန်းမသည် ထိုမင်းချင်းယောကျ်ားတို့ကိုမြင်၍ အချင်းဆိုနိုင်ခက်သော ယောကျ်ားတို့ အသင်တို့သည် ငါ့သမက်ကို လက်စသည်တို့၌ ကိုင်ဆွဲခြင်းငှါမလျောက်ပတ်ကုန်ဟု ခြိမ်းခြောက်၍ ချစ်သား လာလှည့် မကြောက်ပါလင့်၊ မင်းကြီးကို ဖူးမြင်၍ သင်၏ လက် စသည်တို့ကို ကိုင်ဆွဲငင်ကုန်သော သူတို့အား လက်တို့ကိုသာလျှင်ဖြတ်စေအံ့ဟုဆို၍ ထိုမိန်းမတို့သည် သမီးကိုခေါ်ယူ၍ ရှေ့မှသာလျှင် မင်းအိမ်သို့ သွားရောက်ပြီး အသင့်ကို လဲလှယ်၍ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်လျက် တင့်အပ်လျောက်ပတ်သော အရပ်၌တည်နေ၏။ မင်းချင်း ယောကျ်ားတို့သည် ကုမ္ဘဃောသကလုလင်ကို ဆွဲငင်၍ ဆောင်ကုန်သည်သာလျှင်တည်း။

ထိုအခါ ရှိခိုး၍ တည်လာသော ကုမ္ဘဃောသက လုလင်ကို မင်းကြီးက သင်သည် ကုမ္ဘဃောသကမည်သောသူ ဟုတ်ပေသလောဟု မေးတော်မူ၏။ အရှင်မင်းမြတ် ဟုတ်ပါပေ၏ဟု ဝန်ခံလျှင် အဘယ့်ကြောင့် များစွာသော ဥစ္စာကို ငါ့အားလှည့်ပတ်ပြီး သုံးစွဲစားသောက်၍ နေဘိသနည်းဟု မေး၏။ အရှင်မင်းမြတ် အကျွန်ုပ်အား များစွာသော ဥစ္စာ အဘယ်မှာ ရှိပါတုံအံ့နည်း။ အခစားအမှုကိုပြု၍ အသက်မွေးရပါသည်ဟု လျှောက်၏။ ဗိမ္ဗိသာရမင်းကြီးက ဤသို့ မပြုလင့်၊ အဘယ့်ကြောင့် ငါတို့ကို လှည့်ပတ်ဘိသနည်းဟု မိန့်ဆိုလျှင် အရှင်မင်းမြတ် မလှည့်ပတ်ပါ၊ အကျွန်ုပ်အား ဥစ္စာမရှိပါဟု လျှောက်၏။

ထိုအခါ မင်းကြီးသည် ကုမ္ဘဃောသကအား ထိုအသပြာတို့ကို ရှေ့မှာ ထုတ်ပြပြီးလျှင် ဤအသပြာတို့သည်ကား အဘယ်သူ၏ အသပြာတို့ပေနည်းဟု ဆို၏။ ထိုကုမ္ဘဃောသကသည် မှင်မိသည်ဖြစ်၍ ဤအသပြာတို့ကို ထုတ်၍ ဆောင်ယူအပ်သောငါသည် မိုက်မဲလေစွတကား၊ အဘယ်ကြောင့်သာလျှင် ဤအသပြာတို့သည် မင်းကြီး၏လက်သို့ ရောက်ပါလိမ့်မည်နည်းဟု ထိုမှဤမှ ကြည့်ရှုသည်ရှိသော် အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် တိုက်ခန်းတံခါးရင်း၌တည်ကုန်သော နှစ်ယောက်ကုန်သော ထိုမိန်းမတို့ကိုမြင်၍ "ဤအမှုသည်ကား အလွန်ဝန်လေးသောအမှု ဖြစ်ချေသည်တကား၊ ဤမိန်းမ

တို့ကို မင်းကြီးသည် စေလွှတ်အပ်သည် ဖြစ်ပေလိမ့်မည်”ဟု ကြံဆင်ခြင်၏။ ထိုအခါ ကုမ္ဘဃောသကလုလင်ကို မင်းကြီးက အိုအချင်း ဆိုဘိလော့ အဘယ် ကြောင့် ဤသို့ ပြုဘိသနည်းဟု ဆို၏။ အရှင်မင်းမြတ် အကျွန်ုပ်အား အားကိုးမှီခိုရာ မရှိပါဟုလျှောက်လျှင် ငါသို့ သဘောရှိသောသူသည် အသင်၏ အားကိုးမှီခိုရာဖြစ်ခြင်းငှါ မအပ်ပါသလောဟုမိန့်တော်မူသဖြင့် အရှင်မင်းမြတ် သင့်လျော် ကောင်းမြတ်သည် အကယ်၍ဖြစ်ခဲ့ပါအံ့။ အရှင်မင်းမြတ်သည် အကျွန်ုပ်၏ အားကိုးရာဖြစ်တော်မူပါလော့ဟုလျှောက်လျှင် အိုအချင်း အားကိုး မှီခိုရာဖြစ်အံ့။ အသင်အား ဥစ္စာသည် အဘယ်မျှ ရှိသနည်းဟု မေးတော်မူက အရှင်မင်းမြတ် ကုဋေလေးဆယ်မျှလောက် ရှိပါသည်ဟု လျှောက်ထားသည် ရှိသော် အဘယ်ကိုရခြင်းငှါ အပ်သနည်းဟု မေးတော်မူသဖြင့် အရှင်မင်းမြတ် လှည်းတို့ကိုရခြင်းငှါ အပ်ပါသည်ဟု လျှောက်၏။

## သမက်တော် အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားခြင်း

ဗိမ္ဗိသာရမင်းကြီးသည် အရာမကသော လှည်းတို့ကို ကစေပြီးလျှင် စေလွှတ်၍ ထိုဥစ္စာတို့ကို ယူဆောင်စေပြီး မင်းရင်ပြင်၌ အစုအပုံကို ပြုစေပြီးသော် ရာဇဂြိုဟ် ပြည်သူပြည်သားများစွာတို့ကို စည်းဝေးစေ၍ ဤရာဇဂြိုဟ်မြို့၌ တစ်စုံ တစ်ယောက်သောသူအား ဤမျှလောက်သောဥစ္စာသည် ရှိပါသလောဟု မေး တော်မူ၍ အရှင်မင်းမြတ် မရှိပါဟု လျှောက်ထားကုန်သည်ရှိသော် ထိုသူအား အဘယ်သို့ပြုခြင်းငှါ အပ်သနည်းဟု မေးတော်မူသဖြင့် အရှင်မင်းမြတ် ပူဇော် သက္ကာရကို ပြုခြင်းငှါ အပ်ပါသည်ဟု လျှောက်ဆိုသည်ရှိသော် ကြီးစွာသော ပူဇော်သက္ကာရဖြင့် သေဋ္ဌေး၏အရာ၌ထား၍ သမီးကိုလည်း ထိုကုမ္ဘဃောသက အားသာလျှင် ထိမ်းမြားဆောင်နှင်း၍ ကုမ္ဘဃောသကနှင့် အတူတကွ မြတ်စွာ ဘုရားထံတော်သို့ သွားကြပြီးလျှင် မြတ်စွာဘုရားကို ကြည်လင်ညွတ်လျှိုး ရှိခိုးပြီး၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤယောကျ်ားကို ရှုတော်မူပါကုန်လော၊ ဤသို့သဘောရှိသော တည်ကြည်သော ပညာရှိသော သူမည်သည်မရှိပါ၊ ကုဋေလေးဆယ်မျှသော ဥစ္စာစည်းစိမ် ချမ်းသာရှိသော သူဖြစ်ပါလျက်သော်လည်း ပေါ်လွင်ထင်ရှားသော အခြင်းအရာကို လည်း ကောင်း၊ ငါဟူသောမာန်ကို လည်းကောင်း မပြုမူ၍ အထီးကျန်စွာ ဆင်းရဲ ရှာသောသူကဲ့သို့ ပုဆိုးပိုင်းကို ဝတ်ရုံသုံးဆောင်လျက် အခစား ခရီးလမ်းမ၌ အခစားအမှုကို ပြုပြီး အသက်မွေး၍ နေပါသည်။ ဒကာတော်သည် ဤမည်သော အကြောင်းဥပါယ်တံမျဉ်ဖြင့် သိအောင်ပြုရပါသည်။ အမှန်တိတိ သိပြီး၍လည်း ခေါ်စေပြီးသော် ဥစ္စာရှိသည်အဖြစ်ကို ဝန်ခံစေ၍ ထိုဥစ္စာကို

ဆောင်ယူစေပြီးလျှင် သေဒွေးအရာ၌ ထားအပ်ပါသည်။ သမီးကိုလည်း ထိုကုမ္ဘဃောသကအား ဒကာတော်သည် ပေးအပ်ဆောင်နှင်းပါသည်။ အရှင်ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်သည် ဤသို့သဘောရှိသော တည်ကြည်သောသူကို မတွေ့မထင် မမြင်ဖူးပါဘုရားဟု လျှောက်ထား၏။

## ကုမ္ဘဃောသက သောတာပန်တည်ခြင်း

ထိုသို့ လျှောက်ထားသော စကားကို ကြားသိတော်မူ၍ ဘုရားရှင်က ဒါယကာမင်းမြတ် ဤသို့သဘောရှိသော အသက်ရှင်သောသူ၏ အသက်မွေးခြင်းသည် တရားသဖြင့် သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အသက်မွေးခြင်း မည်၏။ သူတစ်ပါး၏ ပစ္စည်းဘဏ္ဍာကို ခိုးခြင်း အစရှိသောအမှုသည်ကား ပစ္စုပ္ပန်ဘဝ ဤလောက၌လည်း နှိပ်စက်ဖိစီး ဖျက်ဆီးတတ်၏။ တမလွန်လောက နောင်ဘဝ၌လည်း နှိပ်စက်ဖိစီး ဖျက်ဆီးတတ်၏။ ထိုသူ တစ်ပါး၏ ပစ္စည်းဥစ္စာ ဘဏ္ဍာကို ခိုးယူခြင်း ဟူသော အကြောင်းကြောင့် ချမ်းသာခြင်းမည်သည် မရှိ။ ထိုစကားသည် သင့်၏။ တစ်စုံတစ်ယောက်သော ယောကျ်ားအား စီးပွားဥစ္စာ ဆုံးရှုံးပျက်စီးသော အခါ၌ လယ်ထွန်ခြင်းကိုလည်းကောင်း၊ သူတစ်ပါး အစေအပါး အခစားကိုလည်းကောင်းပြု၍ အသက်မွေးခြင်းသည်သာလျှင် တရားသဖြင့် သင့်တင့်ကောင်းမြတ်သော အသက်မွေးခြင်း မည်၏။ ဤသို့သဘောရှိသော ဝီရိယနှင့် ပြည့်စုံသော သတိနှင့် ပြည့်စုံသော ကိုယ်နှုတ်တို့ဖြင့် စင်ကြယ်သောအမှုရှိသော ပညာဖြင့် စူးစမ်း ဆင်ခြင်၍ ပြုလေ့ရှိသော ကိုယ်နှုတ်နှစ်လုံး သုံးပါးလုံး၌ ကျင့်သုံးစောင့်စည်းသော တရားသဖြင့် အသက်မွေးမှုခြင်းကို မွေးမှုလေ့ရှိသော သတိယှဉ်းချွတ် မလွတ်သော အဖြစ်၌ တည်သောသူအား အစိုးရခြင်း စည်းစိမ်ချမ်းသာသည် တစ်နေ့တစ်ခြား တိုးပွားစည်ပင်၍ လာသည်လျှင်တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၂၄။ ဥဋ္ဌာနဝတော သတီမတော၊
သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ စ ဓမ္မဇီဝိနော၊
အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။

ဝီရိယ ရှိထသော၊ သတိလည်း ရှိထသော၊ စင်ကြယ်သော အမှုလည်း ရှိထသော၊ စူးစမ်း၍ ပြုလုပ်လေ့ရှိထသော၊ စောင့်စည်းထသော တရားသဖြင့် အသက်မွေးထသောသူအား စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်း ကျော်စောခြင်းသည် တိုးပွားလေ၏။

ထိုဂါထာ၌ **ဥဋ္ဌာနဝတော** ဟူသည်= လုံ့လရှိသောဟူလို။

**သတိမတော** ဟူသည်= သတိနှင့် ပြည့်စုံသောဟူလို။

**သုစိကမ္မဿ** ဟူသည်= အပြစ်မရှိကုန်သော၊ ပြစ်မှားခြင်း မရှိကုန်သော **ကာယကံ** စသည်တို့နှင့် ပြည့်စုံသောဟူလို။

**နိသမ္မကာရိနော** ဟူသည်= ဤသို့လျှင် ဖြစ်လတ္တံ့၊ ဤသို့လည်းကောင်း၊ ဤသို့ပြုအံ့၊ ဤသို့လည်းကောင်း၊ ဤအမှုကို ဤသို့ပြုသည်ရှိသော် ဤမည်သော အကျိုးသည် ဖြစ်လတ္တံ့၊ ဤသို့အကြောင်းကိုမှတ်၍ ဆေးကုခြင်းကဲ့သို့ ခပ်သိမ်းသော အမှုတို့ကို ပညာဖြင့်ဆင်ခြင်၍ ပြုသောဟူလို။

**သညတဿ** ဟူသည်= ကိုယ်စသည်တို့ဖြင့် အကုသိုလ်ကို ဆည်းပူးခြင်း မရှိသောဟူလို။

**ဓမ္မဇီဝိနော** ဟူသည်= အိမ်ထောင်ခြင်း ရှိသူအား ချိန်ခွင် စဉ်းလဲခြင်း စသည်တို့ကို ကြဉ်၍ လယ်ထွန်ခြင်း၊ နွားကျောင်းခြင်း စသည်တို့ဖြင့် အိမ်ယာထောင်ခြင်း မရှိသူအား ဆေးကုခြင်း၊ တမန်စေခြင်းအမှု စသည်တို့ကို ကြဉ်၍ တရားနှင့်ညီစွာ ဆွမ်းခံခြင်းဖြင့် အသက်ကို မွေးသောဟူလို။

**အပ္ပမတ္တဿ** ဟူသည်=မကင်းသောသတိဖြင့် နေလေ့ရှိသောသူအားဟူလို။

**ယသောဘိဝဍ္ဎတိ** ဟူသည်= အစိုးရခြင်းနှင့် ပြည့်စုံခြင်း၊ စည်းစိမ်နှင့် ပြည့်စုံခြင်း ဟု ဆိုအပ်သည်လည်းဖြစ်သော၊ ကျော်စောခြင်း၊ ချီးမွမ်းခြင်းဟု ဆိုအပ်သည်လည်းဖြစ်သော ကျော်စောခြင်းလည်း တိုးပွား၏ဟူလို။

ဤဒေသနာ ဂါထာပါဠိ၏ အဆုံး၌ ကုမ္ဘဃောသက သေဋ္ဌေးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ တစ်ပါးလည်း ဖြစ်ကုန်သော များစွာကုန်သော သူကိုသည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

နှစ်ခုမြောက် ကုမ္ဘဃောသကသေဋ္ဌေး၏

ဝတ္ထုပြီး၏။

---

### ၃။ စူဠပန္ထကမထေရ်ဝတ္ထု

**ဥဋ္ဌာနေ နပ္ပမာဒေန**— ဤ တရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူလျက် စူဠပန္ထက မထေရ်တစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ရာဇဂြိုဟ်ပြည်ကြီး၌ ပစ္စည်းဥစ္စာ များစွာကြွယ်ဝသော ဓနသေဋ္ဌိ အမည်ရှိသော သေဋ္ဌေးတစ်ဦးအား သမီးငယ် တစ်ယောက်သည် ရှိလေ၏။ အရွယ်သို့ရောက်သောအခါ၌ မိခင်ဖခင်တို့သည် ဘုံခုနှစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်အပြင်ထက်၌ အလွန်ပင် စောင့်ရှောက် ထိန်းသိမ်း၍ ထား၏။ အရွယ်သို့ရောက်သော မာန်ဖြင့်ယစ်ခြင်းရှိသော ထိုသေဋ္ဌေးသမီးအား ယောကျ်ား၌ လျှပ်ပေါ်လော်လည်ခြင်းရှိသည်ဖြစ်၍ ခိုင်းစေအပ်သော မိမိ၏ကျွန်နှင့် အတူတကွ ပေါင်းဖော်ခြင်းကို ပြုပြီးလျှင် တစ်ပါးသော သူတို့သည်လည်း ငါ၏ထိုသို့သောအမှုကို သိကုန်ရာ၏ဟု ကြောက်ရွံ့သောကြောင့် ဤသို့ ဆိုပေ၏။ အမောင်ချစ်လင် ငါတို့သည် ဤအရပ်ဌာန၌ နေခြင်းငှာ မတတ်ကောင်း၊ ငါ၏မိခင်ဖခင်တို့သည် ဤသို့သောအပြစ်ကို အကယ်၍ သိကုန်သည် ဖြစ်အံ့၊ အပိုင်းအပိုင်းဖြတ်သည်ကို ပြုကုန်လတ္တံ့။ အရပ်တစ်ပါးသို့သွား၍ နေကြပါကုန်တော့အံ့ဟု ပြော၏။ ထိုနှစ်ယောက်သော သူတို့သည် လက်၌ရှိသော ဥစ္စာနှစ်ကိုယူပြီးလျှင် မြတ်သောတံခါးဖြင့် ထွက်ခဲ့၍ ဟုတ်ဟုတ်ငြားငြား သူတစ်ပါးတို့သည် ထင်ရှားတိတိ မသိမမြင်သော အရပ်သို့သွား၍ နေကြကုန်တော့အံ့ဟု တိုင်ပင်၍ နှစ်ယောက်ကုန်သော သူတို့သည် သွားကြကုန်၏။ သင့်တင့်လျောက်ပတ် အရပ်နေရာ၌ ကောင်းစွာနေထိုင်ကုန်သော ထိုသူခင်ပွန်းလင်မယားတို့အား ပေါင်းဖော်သမျှ သံဝါသကိုစွဲ၍ ထိုသေဋ္ဌေးသမီး၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေလေ၏။

## လမ်းတွင်မွေး၍ မဟာပန္ထက စူဠပန္ထကခေါ်ခြင်း

သေဋ္ဌေးသမီးသည် ကိုယ်ဝန်၏ ရင့်ခြင်းကိုစွဲ၍ ထိုခင်ပွန်းလင်နှင့် အတူတကွ ပြောပြတိုင်ပင်၏။ အမောင်ချစ်လင် ငါ့အား ကိုယ်ဝန်ရင့်ခြင်းသို့ ရောက်လေပြီ။ ဆွေမျိုးဉာတိ စသည်မစပ် ကင်းပြတ်သော နေရာဌာန၌ ကိုယ်ဝန်မှ ထမြောက်ဖွားမြင်ရခြင်း မည်သည်ကား နှစ်ဦးနှစ်ယောက်ကုန်သော ငါတို့အား ဆင်းရဲဒုက္ခတွေ့ကြုံရှက်ဆောင် ရပေလိမ့်မည်။ အမျိုးတို့၏ အိမ်သို့သာလျှင် သွားကြကုန်အံ့ဟု တိုင်ပင်လေလျှင် ခင်ပွန်းလင်ဖြစ်သော ကျွန်က ငါသည် ထိုအိမ်သို့အကယ်၍ လိုက်သွားရသည်ရှိသော် ငါ၏အသက်သည် ရှိတော့မည်မဟုတ်ဟုကြောက်သဖြင့် ယနေ့သွားကုန်အံ့၊ နက်ဖြန် သွားကုန်အံ့ဟု နေ့ရက်တို့ကိုလွန်စေ၏။ သေဋ္ဌေးသမီးသည် "ဤသူမိုက်သည်ကား မိမိအပြစ်ဒေါသကြီးကျယ်လှသည်ဖြစ်သောကြောင့် သွားခြင်းငှါ မစွမ်းနိုင်လေသည်။ ငယ်ကလေးကမွေးကျွေးသုတ်သင်ပေသော မိခင်ဖခင်တို့ မည်သည်ကား သားသမီးအပေါ်၌ငဲ့မြော် သနား စင်စစ်အားဖြင့် အစီးအပွားကိုသာ အလိုရှိလေသည်။ ဤယောကျ်ားသည် သွားသည်မူလည်းဖြစ်စေ၊ မသွားသည်မူလည်း ဖြစ်စေ

ငါသည် သွားတော့အံ့ဟု ကြံ၏။ ထိုခင်ပွန်း ယောကျ်ားသည် တစ်ပါးသော အရပ်သို့ ထွက်သွားသည်ရှိသော် သေဌေးသမီးသည် အိမ်၌ရှိသော ပစ္စည်း အသုံးအဆောင်ကို ကောင်းစွာသိမ်းဆည်းသိုမှီးပြီး၍ မိမိ၏ အမျိုးအိမ်သို့ ပြန်သွားသည် အဖြစ်ကို အခြားမဲ့ဖြစ်သော အိမ်၌နေကုန်သော သူတို့အား ကြားသိစေပြီးလျှင် ခရီးစဉ်အတိုင်း သွားလေ၏။

ထိုခင်ပွန်း လင်ယောကျ်ားသည်လည်း အိမ်သို့ပြန်လာ၍ မယားကို မမြင်သည်ရှိသော် အိမ်နီးချင်းတို့ကို မေးမြန်းသော် ခင်ပွန်းမယားသည် အမျိုးတို့၏အိမ်သို့ ပြန်သွားသည်ကို ကြားသိ၍ လျင်စွာသောအဟုန်ဖြင့် အစဉ်လိုက်သည်ရှိသော် လမ်းခရီး၌ မှီလေ၏။ သေဌေးသမီးအားလည်း ထိုလမ်း ခရီး၌ပင်လျှင် ကိုယ်ဝန်မှ ထမြောက် ဖွားမြင်ခြင်း ဖြစ်လေ၏။ လင်ယောကျ်ား သည် ချစ်နှမ ဤသို့ဖြစ်ရခြင်းကား အဘယ်ကဲ့သို့သော အကြောင်းပါနည်းဟု မေး၏။ ချစ်လင် ငါ့အား တစ်ယောက်သောသားကို ဖွားမြင်အပ်ပြီ။ ဤယခု အခါ၌ အဘယ်ကဲ့သို့ ပြုကုန်အံ့နည်းဟုဆိုလျှင် အကြင်သားဖွားခြင်းအကျိုးငှာ ငါတို့သည် အမျိုး၏အိမ်သို့သွားကုန်အံ့ဟု လာခဲ့ပေ၏။ ထိုသားဖွားခြင်းအမှုကိစ္စ သည် လမ်းခရီးဌာန၌ပင်လျှင် ပြီးခဲ့လေပြီ။ ထိုအမျိုးတို့၏ အိမ်သို့သွားသဖြင့် အဘယ်သို့ ပြုကုန်အံ့နည်း။ ပြန်လည်ကြကုန်အံ့ဟု ထိုနှစ်ယောက်သော ခင်ပွန်း လင်မယားတို့သည်လည်း တူမျှသော အလိုဆန္ဒစိတ် ရှိကြကုန်သည်ဖြစ်၍ ပြန်လည်ကြကုန်၏။

ထိုသူငယ်အား လမ်းခရီးအကြား၌ ဖွားမြင်အပ်သည်အဖြစ်ကြောင့် ပန္ထက ဟူသော အမည်ကို ပြုကြကုန်၏။ ထိုသေဌေးသမီးအား မကြာမြင့်မီပင်လျှင် တစ်ပါးလည်းဖြစ်သော ကိုယ်ဝန်သည် တည်ပြန်၏။ သေဌေးသမီးသည် ရှေးနည်း အတူသာလျှင် ခင်ပွန်းလင်ယောကျ်ားကို အမျိုးတို့၏အိမ်သို့ ပြန်သွားခြင်းငှါ တောင်းပန်ပါသော်လည်း အခွင့်မရ၍ ရှေးနည်းအတူ တိတ်တဆိတ် ထွက် ပြေးခဲ့ရာ ခင်ပွန်းလင် လိုက်လာ၍ မှီသောကာလ လမ်းခရီးအကြား၌ တစ်ယောက်သောသားကို ဖွားမြင်ပြန်၏။ ထိုသူငယ်အားလည်း လမ်းခရီး အကြား၌ ဖွားမြင်အပ်သောကြောင့် ပန္ထကဟူသော အမည်ကိုပင် မှည့်လေ ကုန်၏။ ရှေးဦးစွာ ဖွားမြင်အပ်သောသားအား မဟာပန္ထကဟူသောအမည်ကို မှည့်၍ နောက်မှ ဖွားမြင်အပ်သော သားငယ်အား စူဠပန္ထကဟူသောအမည်ကို မှည့်ကုန်၏။ ထိုခင်ပွန်းလင်မယားတို့သည် နှစ်ယောက်သောသားငယ်တို့ကို ယူ၍ မိမိတို့၏နေရာအရပ်သို့သာလျှင် သွားကုန်၏။

## ကလေးများက ဘိုးဘွားတို့ကို မေးခြင်း

ထိုခင်ပွန်းလင်မယားတို့အား မိမိတို့နေရာဖြစ်သောအရပ်၌ပင်လျှင် ကြာမြင့်ရှည်စွာ နေကုန်စဉ် မဟာပန္ထက သူငယ်သည် တစ်ပါးသော သူငယ်တို့ ဘထွေး ဘကြီးဟူ၍လည်းကောင်း၊ အဘိုး အဘွားဟူ၍လည်းကောင်း ပြောဆိုခေါ်ကြသည်တို့ကိုကြား၍ မိခင်ကို အို-မိခင် တစ်ပါးသော သူငယ်တို့သည် ဘထွေး, ဘကြီး, အဘိုး, အဘွားဟူ၍ ပြောဆိုကြပါသည်။ ကျွန်ုပ်တို့မှာမူကား အဆွေအမျိုး မရှိချေသလောဟု မေး၏။ ချစ်သား ဩော်-ဟုတ်ပေ၏။ ငါတို့အား ဤအရပ်၌ အဆွေအမျိုးတို့သည် မရှိချေ။ ရာဇဂြိုဟ်ပြည်ကြီး၌ကား နေသင့်အမည်ရသော သေဌေးကြီးသည် သင်ချစ်သား၏ အဘိုးပင်တည်း။ ထိုရာဇဂြိုဟ်ပြည်ကြီး၌ ငါတို့အား များစွာကုန်သော အဆွေအမျိုးတို့သည် ရှိကုန်၏ဟု ပြောလျှင် မိခင် အဘယ်ကြောင့် ထိုရာဇဂြိုဟ်ပြည်သို့ မသွားကြပါကုန်သနည်းဟု မေးသော် မိခင်ဖြစ်သော ထိုသေဌေးသမီးသည် မိမိ၏ မသွားမလာခြင်း အကြောင်းကို သားငယ်အား မပြောမဆိုမူ၍ သားသူငယ်တို့သည် အဖန်တလဲလဲ အမြဲမပြတ် အထပ်ထပ် ဆိုအပ်ကုန်သည်ရှိသော် မိမိခင်ပွန်းလင်ကို အရှင်ချစ်လင် ဤသားသူငယ်တို့သည် ငါ့ကို အဖန်တလဲလဲ မေးအပ်သည်ဖြစ်၍ အလွန်လျှင် ပင်ပန်းစေကုန်ဘိသည်။ အသို့နည်း မိခင် ဖခင်တို့သည် မြင်၍ ငါတို့၏အသားကို ကိုက်စားကုန်လတ္တံ့လော၊ ချစ်လင် လာလှည့်၊ သူငယ်တို့အား အဘိုး, အဘွား အမျိုးကို ပြကြကုန်အံ့ဟု ဆို၏။

## မိဘများထံ ပြန်လာခြင်း

ငါသည် မျက်မှောက်ဖြစ်ခြင်းငှါ မစွမ်းနိုင်ပါ။ အသင့်ကိုမူကား ဆောင်၍ ပို့ပါအံ့ဟု ဆို၏။ အရှင် ကောင်းပါပြီ၊ တစ်စုံတစ်ခုသော အကြောင်းဖြင့် သားသူငယ်တို့အား အဘိုး, အဘွားတို့၏ အမျိုးကိုသာလျှင် ရှုမြင်ခြင်းငှါ သင့်လျော် လျောက်ပတ်အပ်ပါသည်ဟု ဆို၍ ခင်ပွန်းလင်မယား နှစ်ယောက်တို့သည် သူငယ်တို့ကိုယူ၍ ခရီးအစဉ်အတိုင်းအားဖြင့် ရာဇဂြိုဟ်ပြည်သို့ သွားရောက်ပြီးသော် မြို့၏ တံခါးဝ၌ တစ်ခုသော ဇရပ်သို့ ဝင်၍ သူငယ်တို့၏ ခင်ပွန်းလင်မယားတို့သည် မိခင်သည် နှစ်ယောက်သော သူငယ်တို့ကိုယူ၍ မိမိ၏ လာရောက်သောအဖြစ်ကို မိခင် ဖခင်တို့အား ကြားစေ၏။ မိခင် ဖခင်ဖြစ်ကုန်သော သေဌေးကြီး ခင်ပွန်း လင်မယားတို့အား သတင်းစကားကို ကြားစေ၏။ သံသရာ၌ ကျင်လည်ကြကုန်သော သူတို့အား သားမဖြစ်ဘူးသောသူ မရှိ၊ သမီးမဖြစ်ဘူးသောသူ မရှိ၊ ထိုသူတို့သည် ငါတို့အား ပြစ်မှားလွန်ကျူးသော အရာ၌ာနသည် အလွန် အားကြီးလှပေသည်။ ထိုခင်ပွန်း လင်မယားတို့သည်

ငါတို့၏ မျက်စိဖြင့် ကြည့်ရှုထင်ထင် မြင်ကောင်းသော အရပ်၌ တည်တံ့နေထိုင်ခြင်းငှါ မတတ်ကောင်း။ ဤမျှ အတိုင်းအရှည်ရှိသော ဥစ္စာကိုယူ၍ နှစ်ယောက်သော အသင်တို့သည် ချမ်းသာရာအရပ်သို့ သွား၍ အသက်ရှည်ရှည် တည်နေကြကုန်လော့၊ သူငယ်တို့ကိုကား ငါတို့၏ထံသို့သာလျှင် ဖို့စေသတည်းဟု ဥစ္စာကိုပေး၍ တမန်ကို စေလွှတ်လိုက်ကုန်၏။ သေဋ္ဌေးသမီး ခင်ပွန်းလင်မယားတို့သည် မိခင် ဖခင်တို့သည် ပို့လွှတ်အပ်သော ဥစ္စာကိုယူ၍ သူငယ်တို့ကို လာရောက်သော တမန်တို့၏သာလျှင် လက်၌အပ်ထည့်၍ ပို့လိုက်ကုန်၏။

## မဟာပန္ထက ရဟန္တာဖြစ်ခြင်း

သူငယ်တို့သည် အဘိုး အဘွားတို့၏ အမျိုး၌ ကြီးပွားကုန်၏။ ထို နှစ်ယောက်သော သူငယ်တို့တွင် စူဠပန္ထကသည် အလွန်ငယ်သည်။ မဟာပန္ထကသည်ကား အဘိုးနှင့်တကွ မြတ်စွာဘုရား၏ တရားစကားကို နာအံ့သောငှါ သွား၏။ အမြဲမပြတ် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ထံသို့ အဖန်ဖန် ဆည်းကပ်သွားလာလေ့ရှိသော ထိုမဟာပန္ထကအား ရဟန်းအဖြစ်၌ စိတ်သည် ညွတ်၏။ မဟာပန္ထကသည် အဘိုးကို အကျွန်ုပ်ကို အကယ်၍ ခွင့်ပြုကုန်သည် ဖြစ်အံ့။ အကျွန်ုပ်သည် ရဟန်းပြုလိုပါ၏ဟု ဆို၏။ ချစ်သား အဘယ်သို့သော စကားကို ဆိုဘိသနည်း။ အလုံးစုံသော လူ့အပေါင်း၏ ရဟန်းအဖြစ်ကို ငါသည် မတားမြစ်ပါ၊ ထို့ကြောင့် ချစ်သား ရဟန်းအဖြစ်သည် ကောင်းမြတ်လှပါ၏။ အကယ်၍ စွမ်းနိုင်သည် ဖြစ်ခဲ့အံ့၊ ရဟန်းပြုပါလေလော့ဟု ဆို၍ ထိုမဟာပန္ထကကို မြတ်စွာဘုရားအထံသို့ ဆောင်ခဲ့ပြီး မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒါယကာ သေဋ္ဌေးကြီး သူငယ်ကို သင် သေဋ္ဌေးကြီးသည် အဘယ်က ရသနည်းဟုဆိုသည် ရှိသော် ဘုန်းတော်ကြီးသော မြတ်စွာဘုရား မြေး ဟုတ်ပါပေ၏။ ဤသူငယ်သည် တပည့်တော်၏ မြေးပါတည်း။ အရှင်ဘုရားတို့၏ အထံ၌ ရဟန်းပြုလိုပါ၏ဟု လျှောက်၏။ မြတ်စွာဘုရားသည် မကင်ရှားသော ပိဏ္ဍပါတစာရိက ရဟန်းတစ်ပါးကို ဤသူငယ်ကို ရဟန်းပြုလေလော့ဟု စေခိုင်း၏။ မထေရ်သည် ထိုမဟာပန္ထက သူငယ်အား တစပဉ္စက ကမ္မဋ္ဌာန်းကို ကြား၍ ရဟန်းပြုပေ၏။ ထိုမဟာပန္ထကသည် များစွာသော ဘုရားစကားတော်ကို သင်ယူ၍ အနှစ်နှစ်ဆယ်ပြည့်သည် ရှိသော် ပဉ္စင်းအဖြစ်ကို ရ၍ မဟာပန္ထကမထေရ်သည် သင့်တင့်ကောင်းမြတ်သော နှလုံးသွင်းဖြင့် ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အား ထုတ်ခြင်းကို ပြုလျက် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုမဟာပန္ထက ရဟန္တာ အရှင်မြတ်သည် ဈာန်တည်းဟူသော ချမ်းသာ၊ ဖိုလ်တည်းဟူသော ချမ်းသာဖြင့် လွန်စေလျက် "ဤသို့သော ချမ်းသာကို ညီငယ်ဖြစ်သော စူဠပန္ထကအား ပေးခြင်းငှါ တတ်ကောင်းအံ့လော" ဟု ကြံ၏။

ထိုနောက်မှ အဘိုးဖြစ်သော သေဋ္ဌေးကြီး၏ အထံသို့ သွား၍ ဤသို့ ဆိုပေ၏။ သေဋ္ဌေးကြီး အကယ်၍ ခွင့်ပြုကုန်သည် ဖြစ်အံ့။ ငါသည် ညီငယ်ဖြစ်သော စူဠပန္ထကကို ရဟန်းပြုပါရစေဟု ဆို၏။ အရှင်ဘုရား ရဟန်းပြုပါကုန်လော့ဟု လျှောက်၏။ သေဋ္ဌေးကြီးသည် သာသနာတော်၌လည်း ကောင်းစွာ ကြည်ညို ခြင်း ရှိပေသတတ်။ အသင် သေဋ္ဌေးကြီး ဤသားသူငယ်တို့သည် အဘယ်မည်သော သမီး၏ သားတို့ပေနည်းဟု မေးအပ်သည်ရှိသော် အစေအပါး ကျွန်ယောကျ်ားသည် ခိုး၍ ပြေးလွှား ပုန်းရှောင်လျက်နေသော သမီး၏ သားတို့ပေတည်းဟု ပြောဆိုခြင်းငှါ ရှက်နိုး၏။ ထို့ကြောင့် လွယ်လင့်တကူ ချမ်းသာစွာသာလျှင် ထိုသူငယ်တို့အား ရဟန်းအဖြစ်ကို ခွင့်ပြုလေသတည်း။ မဟာပန္ထကမထေရ်သည် စူဠပန္ထကကို ရဟန်းပြု၍ သီလတို့၌ တည်စေ၏။ ထိုစူဠပန္ထကသည် ရဟန်းဖြစ်၍သာလျှင် နုံ့နှေးကြံ့ကြာသော ပညာရှိ၏။

## စူဠပန္ထကအား ကျောင်းတော်မှ နှင်ထုတ်ခြင်း

ပဒ္မံ ယထာ ကောကနဒံ သုဂန္ဓံ၊
ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တမာဒိစ္စမိဝန္တလိက္ခေ–

ဟူသော ဤတစ်ခုသော ဂါထာကို လေးလတို့ပတ်လုံး သင်ယူခြင်းငှာ မစွမ်းနိုင်လေ။

ကောကနဒ အမည်ရှိသော ကြာပဒုံသည် (ဝါ) ကြာပုဏ္ဍရိတ်သည် နံနက်အခါ၌ ပျံ့ပျံ့သင်းထွက် အနံ့မပျက်ဘဲ ကောင်းသော အနံ့ရှိလျက် ကားကားတင့်တင့် ကြွားကြွားစွင့်၍ ပွင့်ခြင်းသည် ဖြစ်လေသကဲ့သို့ အဇ္ဈာဝန်းကျင်ထက်ကောင်းကင်၌ နက္ခတ်တာရာ ဂြိုဟ်တကာတို့ကို ဖြိုကာနင်းနယ် တင့်တယ်ခြင်းရှိသော တောက်လောင်ရှိန်ပြင်း ထွန်းလင်းသော တန်ခိုးအာနုဘော်ရှိသော သဟဿရောင်ခြည်တစ်ထောင်ကို ဆောင်သော နေမင်းကဲ့သို့ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ် အသွယ်သွယ်သော အံ့ဖွယ်အဆင်းတို့ဖြင့် တင့်တယ်ခြင်း ရှိတော်မူထသော နီလ,ပီတ စသည်ထွန်းပြောင် ခြည်ခြောက်ရောင်ကို ဆောင်တော်မူငြား မြတ်ဘုရားကို ပသာဒပညာ နှစ်ဖြာသော စက္ခုဖြင့် ကြည့်ရှုပါလေလော့။

ထိုစူဠပန္ထကမထေရ်သည် ကဿပဘုရား ကိုယ်တော်မြတ်၏ လက်ထက်၌ ရဟန်းပြု၍ ပညာရှိသည်ဖြစ်လျက် အမှတ်မထင် မထင်မရှားသောနုံ့နှေးသော ပညာရှိသောရဟန်းတစ်ပါး၏ ပါဠိကိုသင်ယူသောကာလပြက်ရယ်မှုကိုပြုလေ၏။

ပါဠိသင်သော ရဟန်းသည် ထိုပြုသော ပြက်ရယ်မှုဖြင့် ရှက်နိုးသည်ဖြစ်၍ ပါဠိတော်ကိုလည်း မသင်ယူ၊ သရဇ္ဈာယ်ခြင်းကိုလည်း မပြု။ ထိုကြောင့် ဤစူဠ-ပန္ထကမထေရ်သည် ရဟန်းဖြစ်၍သာလျှင် နုံ့နှေးသော ပညာရှိသည်ဖြစ်လေ၏။ သင်ယူတိုင်း သင်ယူတိုင်းသော ပုဒ်သည် အထက်အထက်ဖြစ်သော ပုဒ်သစ်ကို သင်ယူသရဇ္ဈာယ်စဉ် ပျောက်ခဲ့၏။ ထိုစူဠပန္ထကမထေရ်အား ဤဂါထာကို ရပါစိမ့်သောငှါ သင်ယူလုံ့လပြုစဉ်ပင်လျှင် လေးလတို့ကို ကျော်လွန်လေကုန်၏။

ထိုအခါစူဠပန္ထကမထေရ်ကို နောင်တော်မဟာပန္ထကမထေရ်ကပြောဆိုသည်ကား စူဠပန္ထက အသင်သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ သာသနာတော်၌မထိုက်မလျော်၊လေးလတို့ဖြင့် တစ်ခုသောဂါထာကိုသင်ယူခြင်းငှါမစွမ်းနိုင်၊ ရဟန်းကိစ္စကိုကား အဘယ်သို့လျှင်အပြီးအဆုံးသို့ ရောက်ပါစေနိုင်အံ့နည်း၊ ဤကျောင်းမှ ထွက်သွားလေလော့ဟု ကျောင်းမှနှင်ထုတ်၏၊ စူဠပန္ထကမထေရ်သည် မြတ်စွာဘုရားသာသနာတော်၌ ကြည်ညိုလေးမြတ်ခြင်းဖြင့် လူ၏အဖြစ်ကို မတောင့်တ၊ ထိုအခါ၌ မဟာပန္ထကမထေရ်သည် ဆွမ်းညွှန်ဖြစ်ပေ၏။

## စူဠပန္ထကသည် မြတ်စွာဘုရားနှင့် တွေ့ခြင်း

မင်းသားသည် မွေးမြူအပ်သော ဆရာဇီဝကသည် များစွာကုန်သော ပန်းနံ့သာပျောင်းကို ကိုင်ယူလက်စွဲလျက်မိမိ၏သရက်ဥယျာဉ်ကျောင်းသို့လာပြီးလျှင် မြတ်စွာဘုရားရှင်ကို ကြည်လင်သွက်လျှိုး ရှိခိုးပူဇော်ပြီး တရားတော်ကိုနာ၍ နေရာမှထပြီးသော် မြတ်စွာဘုရားကိုယ်တော်မြတ်ကို ရှိခိုးပြီးလျှင် မဟာပန္ထကမထေရ်သို့ကပ်၍ အရှင်ဘုရား မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏ အထံတော်၌ ရဟန်းတို့သည် အဘယ်မျှ ရှိပါကုန်သနည်းဟု မေးလျှောက်၏။ ဒါယကာ ရဟန်းတို့သည် ငါးရာအတိုင်းအရှည် ရှိကုန်သည်ဟု မိန့်တော်မူ၏။ အရှင်ဘုရား နက်ဖြန်အခါ၌ ဘုရားအမှူးရှိကုန်သော ရဟန်းတော် ငါးရာတို့ကို ယူတော်မူ၍ တပည့်တော်တို့၏အိမ်၌ ဆွမ်းကို ခံယူတော်မူပါကုန်လော့ဟု လျှောက်၏၊ မဟာပန္ထကမထေရ်သည် ဒါယကာ စူဠပန္ထကအမည်ရှိသော ရဟန်းသည် နုံ့နှေးသော ပညာရှိ၏၊ မကြီးပွားနိုင်သော သဘောရှိ၏၊ ထိုစူဠပန္ထကရဟန်းကို ထား၍ ကြွင်းကုန်သော ရဟန်းတို့အား ပင့်ဖိတ်ခြင်းကို ဝန်ခံအံ့ဟု ဆို၏။ ထိုသို့ဆိုစကားကို ကြား၍ စူဠပန္ထကမထေရ်သည် ကြံဆင်၏။ "နောင်တော်မထေရ်သည် ဤမျှအတိုင်းအရှည်ရှိကုန်သော ရဟန်းတို့အား ပင့်ဖိတ်ခြင်းကို ဝန်ခံသည်ရှိသော် ငါ့ကို အပယ်ပြု၍ ဝန်ခံ၏၊ ယုံမှားမဲ့ ငါ၏နောင်တော်မထေရ်သည် ငါ၌ သနားခင်မင် ချစ်ခင်ညာတာသောစိတ် ပျက်စီးကုန်ခန်းခြင်းဖြစ်ခဲ့လေပြီ၊ ယခုအခါ ငါအား ဤမြတ်စွာဘုရားသာသနာတော်၌ နေသဖြင့်

အဘယ်သို့ အကျိုးရှိချေတော့အံ့နည်း၊ လူဖြစ်ရ၍ ဒါန အစရှိကုန်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ဆည်းပူးလျက် အသက်ရှည်ရှည် တည်နေတော့အံ့”ဟု ကြံ၏၊ ထိုစူဠပန္ထကမထေရ်သည် တစ်ဖန်မိုးသောက် ရောက်သောနေ့၌ နံနက်စောစောကပင်လျှင် လူထွက်ခြင်းငှါ သွားလေ၏။

ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် မိုးသောက်ယံ ကာလ၌ သာလျှင် လောကကို ကြည့်ရှုတော်မူသည် ရှိသော် ဤသို့သော အကြောင်းဖြစ်အင်ကို မြင်တော်မူသောကြောင့် ရှေးဦးစွာ ကြွသွားတော်မူ၍ စူဠပန္ထကမထေရ်၏ သွားအံ့သော ခရီးဖြစ်သော တံခါးမုခ်ဝ၌ စင်္ကြံကြွတော်မူလျက် သီတင်းသုံးတော်မူနှင့်၏။ စူဠပန္ထကမထေရ်သည် သွားသည်ရှိသော် မြတ်စွာဘုရားရှင်ကို မြင်သော် အနီးသို့ ချဉ်းကပ်၍ ရှိသေမြတ်နိုး ရှိခိုးဦးချတည်နေ၏။ ထိုအခါ စူဠပန္ထကမထေရ်ကို မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သား စူဠပန္ထက သင်သည် ဤအခါ၌ အဘယ်သို့ သွားအံ့နည်းဟု မိန့်တော်မူ၏။ ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား တပည့်တော်၏ နောင်တော်သည် တပည့်တော်ကို နှင်တုတ်လိုက်၏။ ထို့ကြောင့် တပည့်တော်သည် လူထွက်ခြင်းငှါ သွားပါအံ့ဟု လျှောက်၏။ ချစ်သား စူဠပန္ထက အသင်၏ ရဟန်းအဖြစ်ကို ပြုခြင်းမည်သည် ငါဘုရား၏ အထံ၌ ပြုအပ်လေသလော၊ သို့တည်းမဟုတ် အသင်၏နောင်တော်ဖြစ်သော မဟာပန္ထက၏ အထံ၌တည်း ရဟန်းပြုအပ်လေသလောဟု မေးတော်မူ၏။ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ အထံတော်၌ ရဟန်းပြုအပ်ပါသည်ဘုရားဟု လျှောက်ထားလျှင် ချစ်သား စူဠပန္ထက ထိုသို့ဖြစ်လျှင် အသင်၏ နောင်တော်သည် နှင်တုတ်အပ်သည်ရှိသော် အဘယ့်ကြောင့် ငါဘုရား၏အထံသို့ မလာမရောက်ဘိသနည်း။ ချစ်သား စူဠပန္ထက လာလှည့်၊ သင့်အား လူ၏အဖြစ်ဖြင့် အဘယ်သို့ အကျိုးရှိလတ္တံ့နည်း၊ ငါဘုရားရှင်ကိုယ်တော်မြတ်၏ အထံ၌ နေရလတ္တံ့ဟု စက်လက္ခဏာတော်အပြင်ရှိသော လက်တော်ဖြင့် စူဠပန္ထကမထေရ်၏ ဦးခေါင်းကို သုံးသပ်တော်မူပြီးသော် မထေရ်ကိုခေါ်ယူ၍ ကြွသွားတော်မူပြီး ဂန္ဓကုဋိတိုက် မုခ်ဦး၌နေစေ၍ ချစ်သား စူဠပန္ထက အရှေ့လောကဓာတ်သို့ ရှေးရှု၍ ဤပုဆိုးပိုင်းကို “ရဇောဟရဏံ, ရဇောဟရဏံ”ဟု သုံးသပ်ဆုပ်နယ်လျက် ဤအရပ်၌ပင်လျှင် နေဦးလော့ဟု မိန့်တော်မူ၏။ တန်ခိုးတော်ဖြင့် စီရင်အပ်သော စင်ကြယ်သော ပုဆိုးပိုင်းကို ပေးတော်မူ၍ အခါကို ကြားအပ်သည် ရှိသော် မြတ်စွာဘုရားရှင်သည် ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ဇီဝက၏အိမ်သို့ ကြွသွားတော်မူ၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေသီတင်းသုံးတော်မူ၏။

## ပိဋကသုံးပုံဆောင် ရဟန္တာဖြစ်ခြင်း

စူဠပန္ထကမထေရ်သည်လည်း နေကိုကြည့်မျှော်လျက် ထိုစင်ကြယ်သော ပုဆိုးပိုင်းကို "ရဇောဟရဏံ, ရဇောဟရဏံ" ဟု ရွတ်ဆို ဆုပ်နယ်လျက်နေ၏။ ထိုပုဆိုးပိုင်းကို ဆုပ်နယ်၍နေသော စူဠပန္ထကမထေရ်အား ပုဆိုးပိုင်းသည် ညစ်နွမ်းခြင်းဖြစ်လေ၏။ ထိုနောက်မှ ကြံဆင်ခြင်၏။ "ဤပုဆိုးပိုင်းသည်ကား အလွန်လျှင် သန့်ရှင်းစင်ကြယ်၏။ ယင်းသို့ပင် သန့်ရှင်း စင်ကြယ်သော်လည်း ဤခန္ဓာကိုယ် အတ္တဘောကိုမှီ၍ ရှေး၌ဖြစ်သော သန့်ရှင်းစင်ကြယ်သော သဘောကို စွန့်ပြီး ဤသို့သော ညစ်နွမ်းခြင်းသည် ဖြစ်ရလေဘိသည်။ စင်စစ်အားဖြင့် ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပေါင်း၍ ပြုပြင်စီရင်အပ်ကုန်သော သင်္ခါရတရားတို့သည် အမြဲမမြဲတတ် ဖောက်ပြန်တတ်သော အစွမ်းသတ္တိ ရှိချေကုန်သည်တကား" ဟု ခယဝယ သဘောကို ဆောက်တည် ထင်မြင်စေလျက် ဝိပဿနာကို ပွါး၏။

မြတ်စွာဘုရားသည် စူဠပန္ထကမထေရ်၏စိတ်သည် ဝိပဿနာသို့ တက်လေပြီဟု သိမြင်တော်မူ၍ ချစ်သား စူဠပန္ထက သင်သည် ထိုစင်ကြယ်သော ပုဆိုးပိုင်းသည်သာလျှင် ညစ်နွမ်းခြင်း မှူအညစ်အကြေး ဖြစ်လေသည်ဟူသော အမှတ်ကို မပြုပါလေလင့်။ သင်၏ အဇ္ဈတ္တသန္တာန် ကိုယ်တွင်း၌ ရှုပါရုံ ဇ:စရှိသော ကာမဂုဏ်ငါးပါး အာရုံတို့ကို ပွါးများနှစ်သက် တပ်မက်တတ်သော ရာဂအစ ရှိသော မှူတို့သည် ထင်ရှားရှိပေကုန်၏။ ထိုရာဂစသော မှူတို့ကိုလည်း ထုတ်ဆောင်ပါလော့ဟု မိန့်တော်မူပြီးသော် ကိုယ်ရောင်တော်ကို လွှတ်တော်မူပြီးလျှင် ရှေ့တည့်တည့်မှ ထိုင်နေသီတင်းသုံးနေတော် မူဘိသကဲ့သို့ ထင်မြင်စေအပ်သော သဘောရှိသည်ဖြစ်၍ ဤဂါထာတို့ကို ဟောကြားတော်မူ၏-

ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ၊
ရာဂဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွ ဘိက္ခဝေါ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

ဒေါသော ရဇော န စ ပန ရေဏု ဝုစ္စတိ၊
ဒေါသဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွ ဘိက္ခဝေါ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

မောဟော ရဇော န စ ပန ရေဏု ဝုစ္စတိ၊
မောဟဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွ ဘိက္ခဝေါ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

ရဇဟူသည် ငါးပါးအာရုံ ကာမဂုဏ်တို့ကို ခုံမင်တပ်မက် နှစ်သက်တတ်သော လောဘပေတည်း။ မြူကို မဆိုအပ်။ ရဇဟူသော ဤအမည်သည် ငါးပါးအာရုံ ကာမဂုဏ်တို့ကို ခုံမင်တပ်မက် နှစ်သက်တတ်သော ရာဂ၏အမည် ပေတည်း။ ကိလေသာဟူ ကင်းသောမြူရှိသော သယမ္ဘူထွတ်ထား မြတ်ဘုရား၏ သာသနာတော်၌ သာသနာတော်ထမ်း ရဟန်းတို့သည် ပြင်းစွာ တပ်မက် နှစ်သက်တတ်လှ ဤရာဂဟူသောမြူကို ပယ်စွန့်၍ နေကြကုန်၏။

ရဇဟူသည် အမျက်ထွက်ခြင်း ပေတည်း။ မြူကိုလျှင် မဆိုအပ်။ ဤရဇဟူသော အမည်သည် ဖျက်ဆီးတတ်သော ဒေါသ၏ အမည်တည်း။ ကိလေသာဟူ ကင်းသောမြူရှိသော သယမ္ဘူထွတ်ထား မြတ်စွာဘုရား၏ သာသနာတော်၌ သာသနာ့ဝန်ထမ်းရဟန်းတို့သည် ဤဒေါသတည်းဟူသော မြူကိုပယ်စွန့်၍ နေကုန်၏။

ရဇဟူသည်ကား တွေဝေမိုက်မဲခြင်း မောဟပေတည်း။ မြူကို မဆိုအပ်။ ဤရဇဟူသောအမည်သည် မိုက်မဲတွေဝေခြင်း မောဟ၏ အမည်တည်း။ ကိလေသာဟူ ကင်းသောမြူရှိသော သယမ္ဘူထွတ်ထား မြတ်စွာဘုရား၏ သာသနာတော်၌ တွေဝေမိုက်မဲတတ်သော မောဟတည်းဟူသော ဤမြူကို ပယ်စွန့်၍ နေကုန်၏။

ထိုဂါထာတို့၏အဆုံး၌ စူဠပန္ထကမထေရ်သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ပဋိသမ္ဘိဒါတို့နှင့်တကွသာလျှင် စူဠပန္ထကမထေရ်အား သုံးပုံသော ပိဋကတို့သည် ထင်မြင်ရရှိ နှုတ်တက်ဆောင်ခြင်းသို့ ရောက်လေကုန်၏။

ထိုစူဠပန္ထကမထေရ်သည် ရှေးအခါ၌ ပြည်ရှင်မင်းကြီးဖြစ်၍ မြို့သို့ လက်ယာရစ် လှည့်လည်ခြင်းကို ပြုလျက် နဖူးမှ ချွေးသည် ထွက်သည်ရှိသော် စင်ကြယ်သောပုဆိုးစွန်းဖြင့် သုတ်၏။ စင်ကြယ်သော ပုဆိုးသည် ညစ်နွမ်းခြင်းဖြစ်လေ၏။ ထိုမင်းကြီးသည် “ဤကိုယ်ကိုမှီ၍ ဤသို့သဘောရှိသော စင်ကြယ်သော ပုဆိုးသည် ပကတိသဘောကို စွန့်၍ ညစ်နွမ်းခြင်းဖြစ်လေဘိသည်။ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပေါင်း၍ ပြုပြင်စီရင်အပ်ကုန်သော သင်္ခါရတရားတို့သည် အမြဲမရှိချေကုန်သည် တကား” ဟု အနိစ္စသညာကိုရ၏။ ထိုအကြောင်းကြောင့် စူဠပန္ထကမထေရ်အား ရဇောဟရဏံ ကမ္မဋ္ဌာန်းသည်သာလျှင် အထောက်အပံ့ အကြောင်းဖြစ်လေ၏။

## စူဠပန္ထကသည် ရဟန်းတစ်ထောင် ဖန်ဆင်းတော်မူခြင်း

မင်းသားသည် မွေးမြူအပ်သော ဆရာဇီဝကသည်လည်း မြတ်စွာဘုရားရှင်အား အလှူရေစက်ကို ညွတ်စေ၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဆရာဇီဝက ကျောင်း၌ ရဟန်းရှိသေးသည် မဟုတ်တုံလောဟု မိန့်တော်မူ၍ လက်တော်ဖြင့် သပိတ်ကို ပိတ်တော်မူ၏။ မဟာပန္ထကမထေရ်က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကျောင်း၌ ရဟန်းမရှိချေပြီဟု နားတော်လျှောက်၏။ မြတ်စွာဘုရားရှင်သည် ဆရာဇီဝက ကျောင်း၌ ရဟန်းရှိသေး၏ဟု ထပ်၍ တစ်ဖန် မိန့်တော်မူပြန်၏။ ဆရာဇီဝကသည် ထိုသို့ဖြစ်လျှင် အချင်း ကျောင်း၌ ရဟန်းရှိသည် အဖြစ်ကိုလည်းကောင်း၊ မရှိသည်အဖြစ်ကိုလည်းကောင်း အသင်သည်ပင်လျှင် သိလေလောဟု အစေအပါး ယောကျ်ားကို စေလွှတ်၏။ ထိုခဏ၌ စူဠပန္ထကမထေရ်သည်"ငါ၏နောင်တော်သည် ကျောင်း၌ ရဟန်းမရှိဟု ဆို၏။ ကျောင်း၌ ရဟန်းတို့၏ ရှိသည်အဖြစ်ကို ထိုနောင်တော်အား ထင်ရှား ပြပေအံ့" ဟု အလုံးစုံသော သရက်ဥယျာဉ်တောကို ရဟန်းတို့ဖြင့် ပြည့်စေ၏။ အချို့ကုန်သော ရဟန်းတို့သည် သင်္ကန်းချုပ်ခြင်းအမှုကို ပြုကုန်၏။ အချို့သော ရဟန်းတို့သည် ဆိုးရေတပ်ခြင်းအမှုကို ပြုကုန်၏။ အချို့သော ရဟန်းတို့သည် သရဇ္ဈာယ်ခြင်းကို ပြုကုန်၏။ ဤသို့သော အခြင်းအရာဖြင့် အချင်းချင်း အပြုအမူ မတူသော ရဟန်းတစ်ထောင်ကို ဖန်ဆင်းပေး၏။ စေခိုင်းအပ်သော ထိုယောကျ်ားသည် ကျောင်း၌ များစွာကုန်သော ရဟန်းတို့ကို မြင်၍ ဆုတ်နစ်ပြန်လည်၍ သွားပြီးလျှင် အရှင် ... အလုံးစုံသော သရက်ဥယျာဉ်တောသည် ရဟန်းတို့ဖြင့် ပြည့်၏ဟု ဆရာဇီဝကအား ကြားပေ၏။ စူဠပန္ထကမထေရ်သည် တစ်ထောင်သော မိမိကိုယ်ကို ဖန်ဆင်းတော်မူ၏။ အကြင်မျှလောက် ဆွမ်းဘုဉ်းပေးအံ့သောငှာ ဝင်လာသည်တိုင်အောင် နှလုံးမွေ့လျော် ပျော်ဖွယ်ရာအပေါင်းတို့ဖြင့် ကောင်းစွာ ပွားစည်သော သရက်ဥယျာဉ်တော၌ သီတင်းသုံးနေတော်မူ၏။ ထို့ကြောင့် ပါဠိတော်၌ ဤဂါထာကို မိန့်တော်မူခဲ့ကြကုန်၏ –

> သဟဿက္ခတ္တုအတ္တာနံ၊ နိမ္မိနိတွာန ပန္ထကော။
> နိသီဒမ္ဗဝနေ ရမ္မေ၊ ယာဝ ကာလပ္ပဝေဒနာ။

စူဠပန္ထကမထေရ်သည် ရဟန်းတစ်ထောင် မိမိကိုယ်ကို ဖန်ဆင်း၍ ဆွမ်းဘုဉ်းပေးချိန် ရောက်သောကာလ၌ ဝင်လာသည်တိုင်အောင် နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော သရက်ဥယျာဉ်တော၌ သီတင်းသုံးတော်မူ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် စေခိုင်းအပ်သော ထိုယောကျ်ားကို ကျောင်းသို့ သွားပြီး မြတ်စွာဘုရားသည် စူဠပန္ထကမည်သော ရဟန်းကို ခေါ်တော်မူသတည်း ဟူ၍ ဆိုလေလော့ဟု မိန့်တော်မူ၏။ ထိုယောကျ်ား

သည် သွားရောက်၍ မြတ်စွာဘုရား မိန့်ဆိုတော်မူသည့်အတိုင်း ဆိုသည် ရှိသော် "ငါသည် စူဠပန္ထက, ငါသည် စူဠပန္ထက"ဟု ခံတွင်းတစ်ထောင် မျှလောက်တို့သည် ထ၍ ပြောဆိုကုန်၏။ စေခိုင်းအပ်သော ယောကျ်ားသည် ပြန်သွား၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား.... အလုံးစုံသော ရဟန်းတို့သည် စူဠပန္ထကသည်သာလျှင် မည်ပါကုန်သတတ်ဟု လျှောက်ထား၏။ ထိုသို့ဖြစ်လျှင် သွားချေဦး၊ အကြင်ရဟန်းသည် ငါသည် စူဠပန္ထက-ဟု ရှေး ဦးစွာ ဆို၏။ ထိုရဟန်းကို လက်၌ ကိုင်စွဲလေလော့၊ ကြွင်းကုန်သော ရဟန်း တို့သည် ကွယ်ပျောက်ကုန်လတ္တံ့ဟု မိန့်ဆိုတော်မူ၏။ စေခိုင်းအပ်သော ထိုယောကျ်ားသည် မြတ်စွာဘုရား မိန့်ဆိုတော်မူသောအတိုင်း ပြုလေ၏။ ထိုခဏ၌သာလျှင် တစ်ထောင်မျှလောက်ကုန်သော ရဟန်းတို့သည် ကွယ်ပျောက် ကုန်၏။ စူဠပန္ထကမထေရ်သည် စေခိုင်းလိုက်သော ထိုယောကျ်ားနှင့် အတူတကွ သာလျှင် ကြွလာတော်မူခဲ့၏။

မြတ်စွာဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသည်၏ အဆုံး၌ ဆရာဇီဝကကို ခေါ်တော်မူ၍ အချင်းဇီဝက စူဠပန္ထက၏ သပိတ်ကို ယူလေလော့၊ ဤ စူဠပန္ထကသည် အသင့်အား အနုမောဒနာကို ပြုလတ္တံ့ဟု မိန့်တော်မူ၏။ ဆရာဇီဝကသည် မြတ်စွာဘုရား မိန့်တော်မူတိုင်း ပြုပေ၏။ စူဠပန္ထကမထေရ် သည် ခြင်္သေ့၏ အသံကဲ့သို့သော အသံကို ကျူးရင့်လျက် ပျိုပျစ်နုနယ် ငယ်ရွယ်စွမ်းသန် လျင်မြန်သော ခြင်္သေ့ကဲ့သို့ ပိဋကတော်သုံးပုံတို့ကို တုန်လှုပ် ချောက်ချားစေ၍ အနုမောဒနာကို ပြုတော်မူ၏။

## ရဟန်းတော်များက ချီးမွမ်းထောမနာ ပြုကြခြင်း

မြတ်စွာဘုရားရှင်သည် နေရာမှ ထတော်မူ၍ ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ကျောင်းတော်သို့ ကြွတော်မူ၍ ရဟန်းတို့သည် ဝတ်ကြီး ဝတ်ငယ်ကို ပြုအပ်သည်ရှိသော် နေရာမှ ကြွတော်မူ၍ ဂန္ဓကုဋိတိုက် မုခ်ဦး၌ တည်နေ တော်မူလျက် ရဟန်းသံဃာတော် အပေါင်းအား မြတ်စွာဘုရားရှင်၏ အဆုံး အမတော်ကို ပေးသနားတော်မူပြီးလျှင် ကမ္မဋ္ဌာန်းကို ဟောကြားတော်မူ၍ ရဟန်းသံဃာတော် အပေါင်းကို လွှတ်လိုက်ပြီးသည် ရှိသော် အလွန်တင့်အပ် လျောက်ပတ်သော ရနံ့ရှိသော ပန်းပေါင်းအနံ့တို့ဖြင့် ထုံအပ်သော ဂန္ဓကုဋိတိုက် သို့ ကြွဝင်တော်မူပြီး လက်ယာနံစောင်းဖြင့် လျောင်းစက်တော်မူခြင်းတည်း ဟူသော ကေသရာဇာခြင်္သေ့မင်း၏ အိပ်ခြင်းသဘောရှိသော သီဟသေယျာသို့ ကပ်တော်မူ၏။ ထိုနောက် ညချမ်းသောအခါ၌ ရဟန်းတော်တို့သည် ထိုမှဤမှ စည်းဝေးလာတော်မူသည်ဖြစ်၍ နီမြန်းသောကမ္ဗလာတင်းတိမ်ဖြင့် ရံဘိသကဲ့သို့ ထိုင်နေတော်မူပြီး ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို

ချီးကျူး ပြောဆိုအံ့သောငှာ အားထုတ်ကုန်၏။ ငါ့ရှင်တို့ ... မဟာပန္ထကမထေရ်သည် ညီငယ်ဖြစ်သော စူဠပန္ထက၏ အဇ္ဈာသယကို မသိသောကြောင့် လေးလတို့ဖြင့် တစ်ခုသောဂါထာကို သင်ယူစေခြင်းငှါ မစွမ်းနိုင်။ ဤသူသည်ကား နုံ့နှေးသော ပညာရှိသော သူတည်းဟု ကျောင်းမှ နှင်ထုတ်လေဘိသည်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကား မိမိတည်းဟူသော ကိုယ်တော်၏ အတုမရှိ လွန်မြောက်သော တရားမင်းမြတ် ဖြစ်တော်မူသောကြောင့် ထိုစူဠပန္ထက မထေရ်အား တစ်ထပ်သော ဆွမ်း၏ မဘုဉ်းပေးမီ အတွင်း၌သာလျှင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်ကို ပေးသနားတော် မူပေ၏။ ပိဋကတ်သုံးပုံတို့သည် ပဋိသမ္ဘိဒါနှင့် တကွသာလျှင် ထင်မြင်ဆောင်ရွက်ခြင်းသို့ ရောက်ကုန်၏။ ဩော် အံ့ဖွယ် ရှိပါပေစွတကား၊ မြတ်စွာဘုရားရှင် ကိုယ်တော်တို့၏ အားအစွမ်းတော်မည်သည်ကား အလွန် ကြီးကျယ်တော်မူပါသည်တကားဟု ချီးမွမ်းထောမနာ ပြုကြကုန်၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် တရားသဘင်၌ ဤသို့သော တရားစကား၏ ဖြစ်ခြင်းကို သိတော်မူ၍ ယခုအခါ ငါဘုရားသည် ကြွသွားခြင်းငှာ သင့်လျော်လျောက်ပတ်အပ်၏ဟု ဘုရားတည်းဟူသော စံပယ်ကျိန်းလျောင်း ကိန်းအောင်းခြင်းမှ ထတော်မူ၍ ကောင်းစွာ နီးမြန်းသော နှစ်ထပ်သော သင်းပိုင်သက်န်းကို ဝတ်ရုံတော်မူ၍ လျှပ်စစ်နွယ်ကဲ့သို့သော ခါးပန်းကြိုးတော်ကို ပန်းဖွဲ့တော်မူပြီးလျှင် နီးမြန်းသော ကမ္ဗလာနီနှင့်တူသော မြတ်စွာဘုရား သင်္ကန်းတော်ကို ဝတ်ရုံ၍ ကောင်းသောရနံ့ သင်းပျံ့မွှေးလှ ဂန္ဓကုဋိတိုက်တော်မှ ထွက်ကြွတော်မူ၍ အမုန်ယစ်သော ဆင်ပြောင်ကြီးကဲ့သို့ ကေသရာဇာ ခြင်္သေ့မင်းနှင့်တူသော တင့်တယ်စံပယ်ခြင်း ရှိတော်မူသော အဆုံးအပိုင်းအခြား အတိုင်းအရှည် မရှိသော ဘုရားတည်းဟူသော တင့်တယ်စံပယ်ခြင်းဖြင့် တရားသဘင်သို့ ကြွဝင်တော်မူလာ၍ တန်ဆာဆင်အပ်သော ခစားရာဖြစ်သောမဏ္ဍပ် အပြင်အလယ် တင့်တယ်ကောင်းမွန်စွာ ခင်းထားအပ်သော ဘုရားနေရာတော်သို့ တက်ကြွတော်မူပြီး နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရ တည်းဟူသော ခြောက်သွယ်ကုန်သော ဘုရားရောင်ခြည်တော်တို့ကို လွှတ်လျှက် ရေပြင်ဇလာ အဏ္ဏဝါအစုတ် သမုဒ်ဝန်းလျှား ချောက်ချား တုန်လှုပ်ဘိသကဲ့သို့ လည်းကောင်း၊ ယုဂန္ဓိုရ် တောင်ထိပ်၌ ထွန်းလင်းထွက်လာစဖြစ်သော နေလုလင်ကဲ့သို့ လည်းကောင်း ခင်းထားအပ်သော နေရာ၏ အလယ်၌ တင့်တယ် ကောင်းမွန်စွာ သီတင်းသုံး စံနေတော်မူ၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ကြွလာတော်မူကာ မျှ၌သာလျှင် ရဟန်းသံဃာ အပေါင်းသည် စကားကို တန့်ရပ်ပိုင်းဖြတ်၍ ဆိတ်ဆိတ်ဖြစ်လေ၏။

မြတ်စွာဘုရားသည် အလွန်နူးညံ့ သိမ်မွေ့စွာသော မေတ္တာစိတ်ဖြင့် ပရိသတ်ကို ကြည့်ရှုတော်မူ၍ "ဤပရိသတ်သည် အလွန်တင့်တယ်၏။ တစ်စုံတစ်ယောက်သော သူ၏ လက်၏ အလိုလိုဖြစ်ခြင်းသည်လည်းကောင်း၊ ခြေ၏ အလိုလိုဖြစ်ခြင်းသည် လည်းကောင်း၊ ချောင်းဆိုးသံ ခြေဆတ်သောအသံသည် လည်းကောင်း မရှိ။ အလုံးစုံကုန်သော ရဟန်းတို့သည် ဘုရားတည်း ဟူသော ရိုသေခြင်းဖြင့် ငါဘုရားအား ရိုသေခြင်း ရှိကုန်၏။ ဘုရားတည်းဟူသော တန်ခိုးရှိန်စော် အာနုဘော်ဖြင့် ခြိမ်းခြောက်အပ်သည် ဖြစ်၍ ငါဘုရားသည် အာယုကပ်လုံးလည်း စကားမဆိုမူ၍ ထိုင်နေသီတင်းသုံးတော်မူသည် ရှိသော် ရှေးဦးစွာ စကားဖြစ်စေ၍ မပြောမဆိုကြဘဲ ရှိကုန်လတ္တံ့။ စကားကို ဖြစ်စေအပ်သော ဝတ်မည်သည်ကိုကား ငါဘုရားသည်သာလျှင် သိအပ်ပေ၏။ ငါဘုရားသည်သာလျှင် ရှေးဦးစွာ ပြောဆိုပေအံ့"ဟု ကြံအောက်မေ့တော်မူ၍ သာယာစွာသော ဗြဟ္မာမင်း၏ အသံကဲ့သို့သော မြတ်သော အသံတော်ဖြင့် ရဟန်းတို့ကို ခေါ်တော်မူ၍ ချစ်သား ရဟန်းတို့ ယခုအခါ၌ အဘယ်မည်သော စကားဖြင့် အညီအညွတ် စည်းဝေးကုန်ဘိသနည်း။ ငါဘုရား မကြွလာမီ အကြား၌ ဖြစ်သော အသင်တို့၏ အဘယ်သို့သော စကားသည် အပြီးအဆုံး မသတ်ဘဲ တန့်ရပ်၍ နေကြကုန်ဘိသနည်းဟု မေးတော်မူသောကြောင့် ဤအမည်ရှိသော အကြောင့်ပါတည်းဟု လျှောက်ကြားသည်ရှိသော် ချစ်သား ရဟန်းတို့ ငါ့သားတော်ဖြစ်သော စူဠပန္ထကသည် ဤ ယခုအခါ၌သာလျှင် နုံ့နှေးသောပညာရှိသည် မဟုတ်သေး။ ရှေးအခါ၌လည်း နုံ့နှေးသော ပညာရှိဖူးသည်သာလျှင်တည်း။ သက်သက်သော်ကား ဤ ယခုအခါ၌သာလျှင် ငါဘုရားသည် ထိုစူဠပန္ထက၏ မှီခို ကိုးကွယ်ရာ ဖြစ်ဖူးသည် မဟုတ်သေး၊ ရှေးအခါ၌လည်း မှီခို ကိုးကွယ်ရာ ဖြစ်ဖူးသည်သာလျှင်တည်။ ရှေး၌သော်ကား ငါဘုရားသည် ဤ စူဠပန္ထကကို လောက၌ ဖြစ်သော မြတ်သာ သေဌေး စည်းစိမ်၏ အရှင်အဖြစ်ကို ပြုခဲ့ဖူးသည်။ ဤ ယခုအခါ၌လည်း လောကုတ္တရာ ဖြစ်သော စည်းစိမ်၏ အရှင်အဖြစ်ကို ပြုအပ်၏ဟု မိန့်တော်မူသော် ထိုအကြောင်းကို အကျယ်အားဖြင့် နာခြင်းငှာ အလိုရှိကုန်သော ရဟန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## စူဠပန္ထက၏ ရှေးအကြောင်း

ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီး၌ မျိုးမိုးပျော်မွေ့နေထိုင်လေ့ရှိသော လုလင်တစ်ယောက်သည် တက္ကသိုလ်တိုင်းပြည်သို့ သွား၍ အလုံးစုံသော အတတ်တို့ကို သင်ယူခြင်းငှာ ဒိသာပါမောက္ခ ဆရာ၏ အထံ၌ ပညာရည်နို့ကို သောက်စို့မှီဝဲသော အတွင်းနေ တပည့်ဖြစ်၍

လုလင် ငါးရာတို့၏ အလယ်၌ အလွန်လျှင် ဆရာအား ကျေးဇူးပြုသည် ဖြစ်ပေ၏။ ခြေဆုပ်ခြင်း အစရှိကုန်သော အလုံးစုံသော အမှုကိစ္စတို့ကို ပြုပေ၏။ စင်စစ်သော်ကား နုံ့နှေးသော ပညာရှိသည်၏ အဖြစ်ကြောင့် တစ်စုံတစ်ခုသော အတတ်ပညာကို သင်ယူခြင်းငှာ မစွမ်းနိုင်လေ။ ဒိသာပါမောက္ခ ဆရာကြီးကလည်း ဤတပည့်သည်ကား ငါ့အား များစွာကျေးဇူး အထူးသဖြင့် များပေသည်။ ဤသူကို တတ်မြောက်အောင် သင်စေအံ့ဟု လုံ့လပြုပါသော်လည်း တစ်စုံတစ်ခုသော အတတ်ကိုမျှ သင်ယူစေခြင်းငှာ မစွမ်းနိုင်။ ထိုလုလင်သည် ကြာမြင့်ရှည်စွာ နေလေငြားသော်လည်း တစ်ခုသော ဂါထာကိုသော်လည်း သင်ယူခြင်းငှာ မစွမ်းနိုင်သောကြောင့် ဆန့်ကျင်ငြီးငွေ့သော အားဖြင့် ပြန်သွားတော့အံ့ဟု ဆရာကြီးကို ပန်ကြားခွင့်တောင်း၏။

## ထူးခြားသော မန္တန်တော်

ဒိသာပါမောက္ခ ဆရာလည်း ကြံဆင်ခြင်သည်မှာ "ဤသူသည် ငါ့အား အလွန်အထူး ကျေးဇူးဥပကာရ များလှပေ၏။ ထိုသူငယ်အား ငါသည် ပညာရှိသည် အဖြစ်ကို အဖန်တလဲလဲ အမြဲမပြတ် ဟောင့်တအပ်၏။ ယင်းသို့ တောင့်တပါသော်လည်း အတတ်ပညာ အထမြောက်ခြင်းကို ပြုခြင်းငှာ မစွမ်းနိုင်။ စင်စစ်မချွတ် ငါသည် ဤသူအား အထောက်အပံ ကျေးဇူးတုံ့ဆပ်ခြင်းကို ပြုခြင်းငှာ အပ်၏။ ငါသည် တစ်ခုသော မန္တန်ကို ဖွဲ့၍ပေးအံ့ဟု ကြံ၍ ဒိသာပါမောက္ခဆရာသည် ထိုလုလင်ကို တောထဲသို့ ခေါ်ဆောင်၍ "ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကာရဏာ ဃဋ္ဋေသိ၊ အဟမ္ပိ တံ ဇာနာမိ"ဟူသော ဤမန္တန်ကို ဖွဲ့၍ သင်ယူစေပြီးသော် အကြိမ်တစ်ရာမက ပြန်လှန်သရဇ္ဈာယ်စေ၍ အသင်အား ထင်ရှားရမိပေပြီလောဟု မေးသည်ကာလ ဆရာ ကြော်- ထင်ရှားရမိပါပြီဟု ဆိုသည်ရှိသော် နုံ့နှေးသော ပညာရှိသောသူ မည်သည်ကား လုံ့လဝီရိယကို ပြု၍ လေ့ကျက်ခြင်းကို ပြုအပ်သော အတတ်သည် မပြေးထွက် မပျောက်ပျက်ဟု ကြံ၍ လမ်း၌ သုံးစရာ ရိက္ခာကို ပေးပြီးသော် သွားလေလော့၊ အသင်သည် ဤမန္တန်ကို မှီ၍ အသက်မွေးလေတော့။ မန္တန် မပျောက် မမေ့စိမ့်သောငှာ ထိုသူအား အမြဲမပြတ် အထပ်ထပ် သရဇ္ဈာယ်ခြင်းကို ပြုလေလော့ဟု ပြောဆို မှာထား၍ လွှတ်လိုက်၏။

## မင်းကြီးမြို့လှည့်၍ နားထောင်ခြင်း

ထိုအခါ တက္ကသိုလ်တိုင်းပြည်မှ ပြန်လာသော ထိုလုလင်အား ဗာရာဏသီပြည်သို့ ရောက်သောကာလ၌ ငါ၏သားသည် အတတ်ပညာကို သင်ယူ၍ ပြန်လာသည်ဟူ၍ မိခင်ဖခင်တို့သည် ကြီးကျယ်စွာသော ချီးမြှင့်ခြင်းဖြင့်

ပွဲဇော်သက္ကာရကို ပြုပေ၏။ ထိုအခါ ဗာရာဏသီပြည်ကြီးကို အစိုးရစေသော မှုသော ပြည့်ရှင်မင်းကြီးသည် ငါအား ကာယဏ် အစရှိသည်တို့တွင် တစ်စုံ တစ်ခုသော အပြစ်သည် ရှိသလေးဟု ကြည့်ရှုဆင်ခြင်သည် ရှိသော် မိမိအား မလျောက်ပတ်သောအမှုကို မမြင်မူ၍သာလျှင် မိမိ၏အပြစ် မည်သည် ကား မိမိအား မထင်ပေ၊ သူတစ်ပါးတို့အားသာ ထင်လေသည်။ မြို့ကိုလှည့်လည် နားထောင်အံ့ဟု ကြံ၍ ညချမ်းသောအခါ ထိုပြည့်ရှင်မင်းကြီးသည် မထင်ရှား သော အသွင်ဖြင့် ထွက်၍ "ညချမ်းသောအခါ၌ စားသောက်ပြီး၍ ထိုင်နေ ကုန်သော လူတို့၏ စကားပြောခြင်း မည်သည်ကား အထူးထူးအပြားပြား များ၏။ ငါသည် အကယ်၍ မတရားသဖြင့် မင်းပြုခဲ့သည် ဖြစ်အံ့၊ ယုတ်မာသော တရားမစောင့်သော မင်းသည် ဒဏ်ပေးခြင်း အခွန်စသည်ကို များစွာ သိမ်းယူ ခြင်းတို့ဖြင့် ဖျက်ဆီးခြင်းကို ပြုဘိသည်ဟု ဆိုကုန်လတ္တံ့၊ အကယ်၍ တရားသဖြင့် မင်းပြုသည်ဖြစ်ခဲ့တုအံ့၊ ငါတို့၏ မင်းသည် အသက်ရှည်ရှည် တည်နေပါစေ သတည်းဟု ဤသို့ အစရှိသော စကားကိုဆို၍ ငါ၏ ဂုဏ်ကျေးဇူးကို ဆိုကုန် လတ္တံ့ဟု ကြံ၍ ထိုထိုသို့သော အိမ်တို့၏ နံရံကို အစဉ်လျှောက်မှီသဖြင့်သာလျှင် လှည့်လည်၏။

## တန်ခိုးကြီးသော မန္တန်

ထိုခဏ၌ ဥမင်ဖြင့် ခိုးယူတတ်ကုန်သော ခိုးသူတို့သည် အိမ်နှစ်အိမ်တို့၏ အကြား၌ ဥမင်ကို ဖောက်နှံလျက် တစ်ခုသောလမ်းမဖြင့် နှစ်ခုကုန်သော အိမ် တို့ကို ဝင်ခြင်းငှာ ဥမင်ကို တူးဖောက်ကုန်၏။ မင်းကြီးသည် ထိုခိုးသူတို့ကို မြင်၍ အိမ်၏ အရိပ်၌သာလျှင် ရပ်တည်၏။ ခိုးသူတို့၏ ဥမင်ကို ဖောက်ခွဲ၍ အိမ်သို့ ဝင်ပြီးလျှင် ဘဏ္ဍာတို့ကို ကြည့်ရှုသောကာလ၌ လုလင်သည် အိပ်ရာမှ နိုး၍ မန္တန်ကို ကျယ်စွာသော အသံဖြင့် သရဇ္ဈာယ်လျက် ဤသို့ ရွတ်ဆို၏—

ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကာရဏာ ဃဋ္ဋေသိ၊ အဟမ္ပိ တံ ဇာနာမိ—

သင်သည် ချုပ်ချယ်ဘိ၏။ ချုပ်ချယ်ဘိ၏။ အဘယ်သို့သော အကြောင်း ကြောင့် ချုပ်ချယ်ဘိလေသနည်း။ ငါသည်လည်း ထိုသို့သော အကြောင်းကို သိ၏။

ခိုးသူတို့သည် ထိုမန္တန်ကို ကြား၍ ဤသူသည် ငါတို့အား သိအပ်လေပြီ။ ဤယခုအခါ၌ ငါတို့အား ရိုက်ပုတ်ဖျက်ဆီးလတ္တံ့ဟု ကိုယ်တွင်ဝတ်သော အဝတ်တို့ကိုသော်လည်း စွန့်လွှတ်၍ အလွန် ကြောက်လန့်တုန်လှုပ်ခြင်းရှိသဖြင့် ရှေးရှုရာ ရှေးရှုရာ အရပ်ဖြင့်သာလျှင် ထွက်ပြေးကြလေကုန်၏။ ပြည့်ရှင်မင်းကြီး သည် ထိုခိုးသူတို့ ထွက်ပြေးကုန်သည်တို့ကိုမြင်၍လည်းကောင်း၊ ထိုလုလင်၏ မန္တန်

ရွှတ်အုံသရဇ္ဈာယ်သောအသံကိုကြားရ၍လည်းကောင်း အိမ်ကိုပိုင်းခြားမှတ်သားပြီးသော် မြို့သို့လှည့်လည်သိမ်းဆည်း ကြည့်ရှုနားထောင်ပြီး၍ စံတော်မူရာဖြစ်သော နန်းတော်သို့ ဝင်လေ၏။

မင်းကြီးသည် ထိုညဉ့်ကိုလွန်မြောက်၍ လင်းစင်းခြင်းသို့ ရောက်သည့်ရှိသော် နံနက်စောစောကပင်လျှင် တစ်ယောက်သော မင်းချင်း ယောကျ်ားကို ခေါ်၍ အို–အချင်း သွားချေ၊ ဤအမည်ရှိသောခရီး၊ ဤအမည်ရှိသော အိမ်၌ ဥမင်ကို ဖောက်ခဲ့အပ်၏၊ ထိုလမ်းခရီး ထိုအိမ်၌ တက္ကသိုလ်တိုင်းပြည်မှ အတတ်ပညာသင်ယူ၍ ပြန်လာသော လုလင်သည် ရှိ၏။ ထိုလုလင်ကိုခေါ်ဆောင်ခဲ့လော့ဟု စေလွှတ်လိုက်၏။ မင်းချင်း ယောကျ်ားလည်း သွား၍ ပြည့်ရှင်မင်းမြတ်သည် အသင့်ကိုခေါ်အပ်သတည်းဟု ဆို၍ လုလင်ကို ခေါ်ဆောင်ခဲ့၏။

## အသပြာတစ်ထောင်ပူဇော်ခြင်း

ထိုအခါ မင်းကြီးက အမောင် အသင်သည် တက္ကသိုလ်တိုင်းပြည်မှ အတတ်ပညာကို သင်ယူ၍လာသော လုလင်ဟူသည် ဟုတ်မှန်ပေသလောဟု မေးတော်မူသော် အရှင်မင်းမြတ် ဟတ်မှန်ပါ၏ဟု လျှောက်လျှင် အမောင် ငါတို့အားလည်း ထိုအတတ်ပညာကို ပေးပါလော့ဟု ဆို၏၊ အရှင်မင်းမြတ် ကောင်းပါပြီ၊ တူမျှသောနေရာ၌ ထိုင်နေ၍ သင်ယူတော်မူပါလော့ဟု လျှောက်ကြား၏၊ မင်းကြီးသည် ပြောဆိုသောအတိုင်းကိုပြု၍ မန္တန်ကို သင်ယူပြီး ဤသည်ကား အသင်အား ဆရာ၏အဖြစ်၌ အဖိုးပေတည်းဟု အသပြာတစ်ထောင်ကို ပေး၏။

ထိုအခါ စစ်သူကြီးသည် မင်းကြီး၏ ဆေတ္တာသည်ကို အဘယ်အခါ၌ မင်းကြီး၏ မုတ်ဆိတ်ကျင်စွယ်ကို ပယ်ရိတ် သုတ်သင်ခြင်းကို ပြုပေအံ့နည်းဟု ဆို၏။ နက်ဖြန်ခါ၌လည်းကောင်း၊ သန်ဘက်ခါ၌လည်းကောင်း အသုည့်အကြိမ် ကျပါသည်ဟု ဆိုလျှင် စစ်သူကြီးသည် ထိုဆေတ္တာသည်အား တစ်ထောင်သောအသပြာကို ပေး၍ ငါတို့အား အမှုကိစ္စတစ်ခုသည် ရှိပေ၏ဟု ဆိုသဖြင့် အရှင် အဘယ်သို့သော အမှုပါနည်းဟု ဆိုသည်ရှိသော် မင်းကြီး၏ မုတ်ဆိတ်ကျင်စွယ်ကို ပယ်ရိတ်သုတ်သင်ခြင်းကို ပြုဘိသကဲ့သို့ သင်တုန်းကို အလွန်ထက်စွာ ပွတ်သွေး၍ လည်ချောင်းရေမျိုကို ပိုင်းဖြတ်ဘိလော့၊ အသင်သည် စစ်သူကြီးဖြစ်ပေလတ္တံ့၊ ငါသည် မင်းဖြစ်အံ့ဟုဆို၏။

ထိုဆေတ္တာသည်သည် ကောင်းပြီဟုဝန်ခံ၍ မင်းကြီး၏မုတ်ဆိတ်ကျင်စွယ်ကို ပယ်ရိတ် သုတ်သင်ခြင်းကို ပြုသောနေ့၌ နံ့သာရေဖြင့်မုတ်ဆိတ်ကျင်စွယ်ကို ဆွတ်လိမ်း၍ နဖူးကို ကိုင်မလျက် သင်တုန်းသည် အသွားအနည်းငယ်

တုံးသေး၏၊ တစ်ချက်တည်းဖြင့်သာလျှင် လည်ချောင်းရေမျိုကို ဖြတ်ခြင်းငှါ သင့်၏ဟု တဖန် တင့်အပ်လျှောက်ပတ်သော အရပ်၌ သင်တုန်းကို မှတ်တိုက်၍ သေး၏။ ထိုခဏ၌ မင်းကြီးသည် မိမိ၏ မန္တန်ကို အောက်မေ့မိ၍ သရဇ္ဈာယ် ခြင်းကို ပြုလျက် ဤသို့ရွတ်ဆို၏–

ဃဋေသိ ဃဋေသိ၊ ကိံ ကာရဏာ ဃဋေသိ၊ အဟမ္ပိ တံ ဇာနာမိ–

ဆေတ္တာသည်၏နဖူးမှ ချွေးတို့သည် ယိုထွက်ကြကုန်၏။ ထိုဆေတ္တာသည်သည် မင်းကြီးသည် ငါ၏ အကြောင်းကို သိလေပြီဟု ကြောက်ရွံ့လှသည် ဖြစ်၍ သင်တုန်းကို မြေကြီး၌ စွန့်ပစ် ချထားပြီး ခြေရင်း၌ ရင်ဖြင့် ဝပ်၏။ မင်းတို့ မည်သည်ကား အလွန်တရာ လိမ္မာသော ဉာဏ်စွမ်း ရှိကုန်၏။ ထို့ကြောင့် ဆေတ္တာသည်ကို ဤသို့ဆို၏။ ကြမ်းတမ်းယုတ်မာလှသော အချင်းဆေတ္တာသည် မင်းကြီးသည် ငါ့ကိုမသိဟူသော အမှတ်ကို ပြုလေဘိသလောဟု ခြိမ်းခြောက်၏။ ဆေတ္တာသည်ကလည်း အရှင်မင်းမြတ် အကျွန်ုပ်အား ဘေးမဲ့ကင်းစွာ ချမ်းသာ ရာကို ပေးသနားတော် မူပါလော့ဟု လျှောက်တင်၏။ အသင် တောင်းပန်သော အတိုင်း ဖြစ်စေလော့၊ မကြောက်လင့် အကြောင်းကိုသာ ဆိုလော့ဟု မိန့်တော် မူလျှင် အရှင်မင်းမြတ် စစ်သူကြီးသည် အကျွန်ုပ်အား တစ်ထောင်သော အသပြာကိုပေး၍ မုတ်ဆိတ်ကျင်စွယ်ကို ပယ်ရိတ် သုတ်သင်ခြင်းကို ပြုဘိ သကဲ့သို့ လည်ချောင်းရေမျိုကို ဖြတ်လေလော့။ ငါသည် မင်းဖြစ်၍ အသင်ကို စစ်သူကြီးပြုအံ့။ ပြောဆိုမှာထားပါသည်ဟု လျှောက်တင်၏။

မင်းကြီးသည် ငါ့အား ဆရာကို အမှီပြု၍ အသက်ကို ရပေတော့သည်ဟု ကြံအောက်မေ့၍ စစ်သူကြီးကို ခေါ်စေမတော်မူပြီးလျှင် အို–အချင်း စစ်သူကြီး အသင်သည် ငါ၏ထံမှ အဘယ်မည်သည်ကို မရအပ်သနည်း၊ ဤယခုအခါ၌ အသင့်ကို ရှုမြင်ခြင်းငှာ မစွမ်းနိုင်။ ငါ၏ တိုင်းနိုင်ငံမှ ထွက်သွားလေလော့ဟု တိုင်းပြည်မှ နှင်ထုတ်၍ ဆရာကို ခေါ်စေပြီးလျှင် ဆရာ အသင့်ကို အမှီပြု၍ ငါသည် အသက်ကို ရအပ်ပေသည်ဟု ဆို၍ ကြီးစွာသော ချီးမြှင့်ခြင်း ပူဇော် သက္ကာရကို ပြု၍ ထိုဆရာအား စစ်သူကြီးအရာကို ပေးသနားတော် မူ၏။

ဇာတ်တော်ကို ပေါင်းခြင်း

ထိုအခါ၌ ဆရာဖြစ်သော စစ်သူကြီးသည် စူဠပန္ထက ဖြစ်ဖူးလေပြီ။ ဒိသာပါမောက္ခ ဆရာကြီးသည် ငါဘုရားဖြစ်ဖူးလေပြီဟု ဤသို့ အတိတ်ကို ဆောင်တော်မူ၍ ချစ်သား ရဟန်းတို့ ဤသို့ ပြအပ်ခဲ့ပြီးသော အစဉ်အတိုင်း အားဖြင့် ရှေး၌လည်း စူဠပန္ထကသည် နုံ့နှေးသော ပညာရှိသည် ဖြစ်ဖူး

လေပြီ။ ထိုအခါ၌လည်း ငါဘုရားသည် ထိုစူဠပန္ထက၏ ကိုးကွယ်ရာ ဖြစ်၍ စူဠပန္ထကကို လောကုတ္တရာဖြစ်သော စည်းစိမ်ချမ်းသာ၌ တည်စေဖူးပြီဟု မိန့်တော်မူပြီး၍ တဖန် တစ်နေ့သ၌ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် စူဠပန္ထကမထေရ်၏ မှီခိုကိုးကွယ်ရာ ဖြစ်လေသည်ကား ဩော်–အံ့ဖွယ်ရှိပါပေစွတကား ဟူသော စကားကို ဖြစ်စေသည်ရှိသော် စူဠသေဋ္ဌိဇာတ်၌ ဒ.တိင ဝတ္ထုကို ဟောတော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏–

အပ္ပကေနာပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။

အမြော်အမြင် ဆင်ခြင်သောပညာနှင့် ပြည့်စုံသော ပညာရှိသောသူသည် မကြီးမကျယ် အနည်းငယ်သော ဖြစ်သော တံစက်အောက်၌ ခံထားသော အိုးသို့ကျသော ရေပေါက်ကဲ့သို့ ဆည်းပူးအပ်သော ကုသိုလ်ကံဖြင့်လည်း မကြီးမကျယ် အနည်းငယ်သော မီးကို အားကြိုးလေထုတ် မှုတ်သည်ရှိသော် အလျှံတောက်ဟုန် ရဲရဲတုန်သော မီးပုံကြီးသည် ပွားများသကဲ့သို့ ပမာနှိုင်းယှဉ် ထိုအတူ မိမိကိုယ်ကို ကောင်းသော အကျိုးစီးပွား ဖြစ်စေ၏။

ဤသို့သော ဂါထာကို ဟောကြားတော်မူပြီး၍ ချစ်သားရဟန်းတို့ ငါဘုရားသည် ဤယခုအခါ၌သာလျှင် ဤစူဠပန္ထက၏ မှီခိုကိုးကွယ်ရာ ဖြစ်သည် မဟုတ်သေး၊ ရှေး၌လည်း မှီခိုကိုးကွယ်ရာ ဖြစ်ဖူးသည်သာလျှင်တည်း၊ ရှေးအခါ၌ကား ငါဘုရားသည် ဤစူဠပန္ထကကို လောကီ၌ဖြစ်သော သေဋ္ဌေးကြီးစည်းစိမ် ချမ်းသာ၏ အရှင်အဖြစ်ကို ပြုဖူးပြီ။ ဤယခုအခါ၌ လောကုတ္တရာတည်းဟူသော စည်းစိမ်ချမ်းသာ၏ အရှင်ကို ပြုအပ်၏။ ချစ်သား ရဟန်းတို့ ....ထိုအခါ၌လည်း စူဠကသေဋ္ဌေး၏ တပည့်ငယ်သည်ကား စူဠပန္ထကဖြစ်ဖူးပြီ၊ စူဠကသေဋ္ဌေးသည်ကား ငါဘုရားဖြစ်ဖူးပြီဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

## သောတာပန် တည်ခြင်း

တဖန်မိုးသောက် ရောက်သောနေ့၌ တရားသဘင်ဝယ် ငါ့ရှင်တို့....စူဠပန္ထကမထေရ်သည် လေးလတို့ဖြင့် လေးပါဒရှိသော ဂါထာကိုသင်ယူခြင်းငှာ မစွမ်းနိုင်သော်လည်း ဝီရိယကို မစွန့်မူ၍သာလျှင် အရဟတ္တဖိုလ်၌ တည်လေသည်။ ဤယခု အခါ၌ လောကုတ္တရာတည်းဟူသော စည်းစိမ်ချမ်းသာ၏အရှင် ဖြစ်လေသည် ဟူသောစကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ ဤယခု ငါဘုရားကြွတော်မူလာဆဲသော အခါ၌ အဘယ်အမည်ရှိသောစကားဖြင့် ပြောကြားစည်းဝေးခြင်း ဖြစ်ကြလေ

ကုန်သနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော စကားပါဝင်သည်းဟု လျှောက်ထားသည်ရှိသော် ချစ်သားရဟန်းတို့ ငါဘုရား၏ သာသနာတော်၌ အားထုတ်အပ်သော ဝီရိယရှိသောရဟန်းသည် လောကုတ္တရာတရား၏ အရှင် ဖြစ်လေသည်သာတည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၂၅။ ဥဋ္ဌာနေန'ပ္ပမာဒေန၊ သံယမေန ဒမေန စ။
ဒီပံ ကယိရာထ မေဓာဝီ၊ ယံ ဩဃော နာဘိကီရတိ—

ထကြွခြင်းဖြင့်လည်းကောင်း၊ မမေ့မလျော့ခြင်းဖြင့် လည်းကောင်း၊ စောင့်စည်းခြင်းဖြင့်လည်းကောင်း၊ ဣန္ဒြေတို့ကို ဆုံးမခြင်းဖြင့်လည်းကောင်း ပညာရှိသူသည် သံသရာတည်း ဟူသော သမုဒ္ဒရာ၌ ဩဃလေးဖြာ ကိလေသာရေအလျဉ်သည် မဖျက်ဆီးနိုင်သော အရဟတ္တဖိုလ်တည်းဟူသော ကျွန်းကို ပြုကုန်ရာ၏။

ထိုဂါထာ၌ **ဒီပံ ကယိရာထ** ဟူသည် =လုံ့လ ပြုခြင်းဟု ဆိုအပ်သော ထကြွခြင်းဖြင့်လည်းကောင်း၊ သတိနှင့် မကင်းမကွာဖြစ်သော အခြင်းအရာဟု ဆိုအပ်သော မမေ့မလျော့ခြင်းဖြင့်လည်းကောင်း စတုပါရိသုဒ္ဓိသီလဟု ဆိုအပ်သော စောင့်စည်းခြင်းဖြင့်လည်းကောင်း၊ ဣန္ဒြေကိုဆုံးမခြင်းဖြင့် လည်းကောင်း ဤသို့ အကြောင်းဖြစ်၍ ဖြစ်ကုန်သော ဤတရား လေးပါးတို့ဖြင့် တရားကို သိသော ပညာနှင့်ပြည့်စုံသော ပညာရှိသူသည် အလွန်ရခဲသည်၌ တည်သည်၏ အဖြစ်ကြောင့် အလွန်နက်နဲခြင်းရှိသော ဤသံသရာတည်းဟူသော သမုဒ္ဒရာ၌ မိမိ၏တည်ရာ ဖြစ်၍ဖြစ်သော အရဟတ္တဖိုလ်ဟု ဆိုအပ်သော ကျွန်းကို ပြုရာ၏။ ပြုခြင်းငှါတတ်နိုင်ရာ၏၊ ဤကားအနက်တည်း။ အဘယ်ကဲ့သို့ ပြုရာသနည်းဟူမူကား ဟူလို။

**ယံ ဩဃော နာဘိကီရတိ** ဟူသည် = အကြင် အရဟတ္တဖိုလ်ကို ဩဃလေးပါးသည် လွှမ်းမိုးဖျက်ဆီးခြင်းငှါ မတတ်နိုင်၊ ထိုစကားမှန်၏။ အရဟတ္တဖိုလ်ကို ဩဃဖြင့် နှိပ်စက် ဖိစီးခြင်းငှါ မတတ်နိုင် ဤသို့ဟောတော်မူ၏ ဟူလို။

ထိုဒေသနာ ပါဠိဂါထာ၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပန်အစရှိသည်တို့ ဖြစ်ကြလေကုန်၏။

သုံးခုမြောက် စူဠပန္ထကမထေရ်၏ဝတ္ထု ပြီး၏။

## ၄။ ဗာလနက္ခတ်ပွဲ ကြေးကြော်သော ဝတ္ထု၊

**ပမာဒမနုယုဉ္ဇန္တိ**–အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းစံပယ်တော်မူစဉ် သူမိုက်တို့သည် ဂုဏ်စား မြူးတူးအပ်သော ဗာလနက္ခတ်ပွဲကို အကြောင်းပြု၍ ဟောကြားတော်မူပေ၏။

တစ်ပါးသောအခါ သာဝတ္ထိပြည်၌ ဗာလနက္ခတ်မည်သည်ကို ကြေးကြော်၏။ ထိုနက္ခတ်ပွဲ ကြိမ်သောအခါ၌ အလွန်မိုက်မဲတွေဝေကုန်သော လူတို့သည် ပြာဖြင့်လည်းကောင်း၊ နွားချေးဖြင့်လည်းကောင်း ကိုယ်ကိုလိမ်းကျံ၍ ခုနစ်ရက် တို့ပတ်လုံး ယုတ်မာညစ်ညမ်း ဆိုသွမ်းငြူစူ မသူတော်တို့စကားကို ပြောကြား ဟစ်အော်ကုန်လျက် လှည့်လည်ကုန်၏။ မိဘဆွေမျိုးပေါက်ဖော် တော် စပ်ချစ်ခင် ဆကျွမ်းဝင်သောသူကိုလည်းကောင်း၊ ဆယုတ်တရား ပယ်ရှား ဖြတ်သန်း ရဟန်းကိုလည်းကောင်း၊ ဒိဋ္ဌထင်ထင် တွေ့မြင်သော်လည်း အနည်း ငယ်မျှလောက် ရှက်ကြောက်သောမည်သည်မရှိ၊ အိမ်တံခါးတိုင်း အိမ်တံခါး တိုင်း တန့်ရပ်ထိုင်နေ၍ မလျော်ကပ်ပတ် မသင့်လျော် ကြား၍မတော် မသူတော် စကားတို့ကို ဟစ်အော် ပြောဆိုကုန်၏။ လူအပေါင်းတို့သည် ထိုသူတို့၏ မသူတော်စကားကို နာခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ အစွမ်းရှိသည် အားလျော် စွာ ထက်ဝက်သော အသပြာကိုလည်းကောင်း၊ တစ်မတ်သော အသပြာကို လည်းကောင်း၊ တစ်ကျပ်သော အသပြာကို လည်းကောင်း ပေးပို့စေကုန်၏။ သူမိုက်တို့သည် ထိုထိုသို့သောသူတို့၏အိမ်တံခါး၌ ရတိုင်းရဟိုင်းသော အသပြာ ကိုယူ၍ ဖဲသွားကြကုန်၏။

### အရိယာ ငါးကုဋေ

ထိုအခါ သာဝတ္ထိပြည်ကြီး၌ ငါးကုဋေ အတိုင်းအရှည်ရှိကုန်သော အရိယာ ဖြစ်ကုန်သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ဥပဋ္ဌာကရင်းတို့သည် ရှိနေကြကုန်၏။ ထိုသူတို့သည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ဘုန်းတော် ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား ခုနစ်ရက်တို့ပတ်လုံး ရဟန်းသံဃာတော် အပေါင်းတို့နှင့်တကွ မြို့သို့ မကြွမဝင်မူ၍ ကျောင်းတော်၌ သာလျှင် သီတင်းသုံးစံနေတော်မူသည် ဖြစ်ပါစေသတည်းဟူသော သတင်း စကားကို လျှောက်ကြားစေလွှတ်ကုန်၏။ ထိုသူတို့ပင်လျှင် ခုနစ်ရက်ပတ်လုံး ရဟန်းသံဃာအပေါင်းအား ကျောင်း၌သာလျှင် ယာဂုဆွမ်းစသည်တို့ကို ပြည့်စုံ စေ၍ စေလွှတ်ပို့လိုက်ကုန်၏။ မိမိတို့သည်လည်း အိမ်မှမထွက်ကုန်။ ထိုနက္ခတ် ပွဲသည် ပြီးဆုံးခြင်းသို့ ရောက်သည်ရှိသော် ရှစ်ရက်မြောက်သော နေ့၌ ဘုရား အမှူးရှိသော ရဟန်းသံဃာတော်အပေါင်းကို ပင့်ဖိတ်ပြီး မြို့သို့သွင်းပြီးသော်

ကြီးကျယ်စွာသော အလှူဒါနကြီးကို ပေးလှူ၍ သင့်တင့် လျောက်ပတ်သော နေရာ၌ ထိုင်နေကုန်လျက် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့အား အလှန်အမင်း ဆင်းရဲပြိုငြင်ခြင်းဒုက္ခဖြင့် ခုနစ်ရက်တို့ကို လွန်ရကုန်၏။ ယုတ်မာညစ်ညမ်းကုန်သော သူမိုက်တို့၏ မလျောက်ပတ်မလျော်သော စကားကို ကြားနာရကုန်လျက် နား၏ ကွဲအက်ပွင့်ထွက်သော အခြင်းအရာသို့ ရောက်ကုန်တော့၊ မည်မျှလောက် ဖြစ်ရပါကုန်သည်။ တစ်စုံတစ်ယောက်သော သူသည် တစ်စုံတစ်ယောက်သော သူအား ရှက်ကြောက်ခြင်း မရှိပါ။ ထို့ကြောင့် တပည့်တော်တို့သည် အရှင်မြတ်တို့အား မြို့တွင်းသို့ ကြွဝင်တော်မူခြင်းငှါ မပေးမူ၍ ပိတ်ပင်တားမြစ် လျောက်ထားခြင်း ဖြစ်ပါသည်။တပည့်တော်တို့သည်လည်း မိမိတို့၏အိမ်မှအပ ပြင်ဘက်သို့ မပြူထွက်ဝံ့ပါကုန်ဟု လျောက်ကုန်၏။

## သောတာပန်တည်ကြပြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ထိုသူတို့လျောက်ကြားသော စကားကို ကြားတော်မူ၍ ပညာအဆင်အခြင်မဲ့ကုန်သော မလိမ္မာကုန်သော သူမိုက်တို့၏ အပြုအမူအရာမည်သည်ကား ဤသို့သဘောရှိသည်သာလျှင် ဖြစ်ကုန်ဘိသည်။ ပညာရှိသော ပုဂ္ဂိုလ်သည်ကား ဥစ္စာနှစ်တမျှပမာဏကဲ့သို့ မမေ့မလျော့ခြင်း အပ္ပမာဒကို စောင့်ရှောက်၍ မသေကြရာ ကြီးကျယ်စွာသော နိဗ္ဗာန်ချမ်းသာ၏ ပြည့်စုံခြင်းသို့ ရောက်ကုန်၏ဟု မိန့်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၆။ ပမာဒမနုယုဉ္ဇန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ။
အပ္ပမာဒဉ္စ မေဓာဝီ၊ ဓနံ သေဋ္ဌံဝ ရက္ခတိ။
၂၇။ မာ ပမာဒမနုယုဉ္ဇေထ၊ မာ ကာမရတိသန္ထဝံ။
အပ္ပမတ္တော ဟိ ဈာယန္တော၊ ပပ္ပောတိ ဝိပုလံ သုခံ။

မိုက်ကုန်သော ပညာမဲ့ကုန်သော လူတို့သည် မမေ့လျော့ခြင်းကို အားထုတ်ကြကုန်၏။ ပညာရှိသည် မမေ့မလျော့ခြင်းကိုသာလျှင် မြတ်သော ဥစ္စာကဲ့သို့ စောင့်ရှောက်ပေ၏။ မေ့လျော့ခြင်းကို အားမထုတ်ကြကုန်လင့်၊ ကာမဂုဏ်ဖြင့် မွေ့လျော်ပေါင်းဖော်ခြင်းကို မရကြကေုန်လင့်၊ ထိုစကားမှန်၏-မမေ့လျော့ဘဲ၊ ရှုဆင်ခြင်လေ့ရှိသော ပုဂ္ဂိုလ်သည် ကြီးကြယ်ပြန့်ပြောသော ချမ်းသာသို့ ရောက်ရလေ၏။

ထိုဂါထာတို့တွင် ဗာလာ ဟူသည်=မလိမ္မာခြင်းနှင့် ပြည့်စုံသူတို့သည် ဤပစ္စုပ္ပန်ဘဝ တမလွန်ဘဝ၌ဖြစ်သော အကျိုးစီးပွားကို မသိကုန်ခြင်းကြောင့်ဟူလို။

ဒုမ္မေဓိနော ဟူသည်=ပညာမရှိကုန်သူတို့သည် မေ့လျော့ခြင်း၌ အပြစ်ကို မမြင်ကုန်သည်ဖြစ်၍ မေ့မေ့လျော့လျော့ နေခြင်းကို အားထုတ်ကုန်၏။ ဖြစ်စေကုန်၏။ မေ့လျော့ခြင်းဖြင့် အချိန်ကို လွန်စေကုန်၏ဟူလို။

မေဓာဝီ ဟူသည်=တရားကိုသိသော ပညာနှင့်ပြည့်စုံသော ပညာရှိသူသည်ကား အနွယ်အဆက်မှလာသော အထူးသဖြင့် ချီးမွမ်းအပ်သော မြတ်သော ရတနာခုနစ်ပါးဟု ဆိုအပ်သော ဥစ္စာနှစ်ကဲ့သို့ မမေ့လျော့ခြင်းကို ရောက်ကုန်အံ့၊ ဤသို့ ဥစ္စာ၌ အကျိုးဆက်ကို မြင်ကုန်သူတို့သည် ထိုဥစ္စာကို စောင့်ကုန်သကဲ့သို့ ထိုအတူ ပညာရှိသူသည်လည်း မမေ့မလျော့သည်ဖြစ်၍ ပဌမစျာန်စသည်တို့ကို ရအံ့၊ မဂ်ဖိုလ်စသည်တို့သို့ ရောက်ရအံ့၊ ဝိဇ္ဇာသုံးပါးတို့ကိုလည်းကောင်း၊ အဘိညာဉ် ခြောက်ပါးတို့ကိုလည်းကောင်း ပြည့်စုံစေအံ့၊ ဤသို့ မမေ့မလျော့ခြင်း၌ အကျိုးဆက်ကို မြင်သည်ဖြစ်၍ မြတ်သော ဥစ္စာကဲ့သို့သော မမေ့မလျော့ခြင်းကို မဖြစ်စေကုန်လင့်၊ မေ့လျော့ခြင်းဖြင့် အချိန်ကို မလွန်စေကုန်လင့်ဟူလို။

မာကာမရတိသန္ထဝံ ဟူသည်=ဝတ္ထုကာမ ကိလေသာကာမတို့၌ မွေ့လျော်ပျော်ပါးခြင်းဟု ဆိုအပ်သော တဏှာဟူသော ပေါင်းဖော်ခြင်းကိုလည်း မဖြစ်စေကုန်လင့်၊ မရစေကုန်လင့်၊ တဖန်မရစေကုန်လင့်ဟူလို။

အပ္ပမတ္တောဟိ ဟူသည်=သတိ၏ထင်ခြင်းတည်း၊ ထိုစကား သင့်စွ၊ ထိုသတိ၏ ထင်ခြင်းဖြင့် မမေ့မလျော့သော နှစ်ပါးသော ဈာန်ရှိသောပုဂ္ဂိုလ်သည် ပြန့်ပြောသော နိဗ္ဗာန်ချမ်းသာသို့ ရောက်၏ဟူလို။

ထိုဒေသနာ ပါဠိဂါထာတို့၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန်စသည်တို့ ဖြစ်လေကုန်၏။

လေးခုမြောက် ဗာလနက္ခတ်ပွဲ ကြေးကြော်သောဝတ္ထု ပြီး၏။

## ၅။ မဟာကဿပ မထေရ်ဝတ္ထု

ပမာဒံအပ္ပမာဒေန- ဤသို့ စသည် ဓမ္မဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ်သည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းစံပယ်တော်မူလျက် အရှင်မဟာကဿပ မထေရ်မြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူပေ၏။

တစ်ပါးသော နေ့အခါ၌ အရှင်မဟာကဿပ မထေရ်မြတ်သည် ပိဏ္ဍပါတ်ချင်းသောင်ကြက် ရေစပ်ကည်ရာ လိုဏ်ဂူဟာဝယ် လေးဖြာသော ဣရိယာပထဖြင့် မျှတတော်မူလျက် ဂိဇ္ဈကုဋ္ဌ စသည်ကောင်ညှိ ခြံရံနိုသော ရာဇဂြိုဟ်ပြည်ကြီး၌ ဆွမ်းအလို့ငှါ လှည့်လည်တော်မူ၍ နေလွဲသော ညချမ်းအခါ၌ ဆွမ်းခံရွာမှ ဖဲပြီးသည်ရှိသော် အာလောက ကသိုဏ်းကို ပွားစေ၍ ရေမြေ တောတောင် စသည်တို့၌ မေ့လျော့သော သတ္တဝါတိကိုလည်းကောင်း၊ မမေ့မလျော့သော သတ္တဝါတို့ကို လည်းကောင်း၊ ကင်းပြတ်ချုပ်ဘိ စုတိဆဲဖြစ်သော သတ္တဝါတို့ကို လည်းကောင်း၊ ပဋိသန္ဓေလေးပါး ထင်ရှားငြိစွဲ ဖြစ်ဆဲသော သတ္တဝါတို့ကို လည်းကောင်း ဒိဗ္ဗစက္ခုနှင့် ကြည့်ရှုတော်မူလျက် သီတင်းသုံး စံနေတော်မူ၏။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူလျက်ပင်လျှင် အဘယ်သို့သော နေခြင်းဖြင့် ယခုငါ၏သားတော်ဖြစ်သော ကဿပသည် နေပါလိမ့်မည်နည်းဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုစူးစမ်းတော်မူသည် ရှိသော် သတ္တဝါတို့၏ စုတိခြင်း ပဋိသန္ဓေနေခြင်းတည်းဟူသော စုတူပပါတကို ကြည့်ရှုဆင်ခြင်လျက် နေသည်၏အဖြစ်ကို သိမြင်တော်မူ၍ သတ္တဝါတို့၏ စုတေခြင်း, ပဋိသန္ဓေတည်နေခြင်းတည်းဟူသော စုတူပပါတမည်သည်ကား မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏ သဗ္ဗညုတ ဉာဏ်တော်ဖြင့်လည်း မပိုင်းခြား မရေတွက်နိုင်။ အမိဝမ်း၌ ပဋိသန္ဓေ တည်စွဲနေပြီး၍ အမိအဘတို့သည် အနည်းငယ်မျှ မသိစေဘဲ ချွတ်လွဲပြောင်းကျွန် သေလွန်သော သတ္တဝါတို့၏ အပိုင်းအခြားကိုသော်လည်း ပြုခြင်းငှါ မစွမ်းနိုင်။ ထိုစုတိဆဲ, ပဋိသန္ဓေ နေဆဲသော သတ္တဝါတို့ကို သိမြင်ခြင်းငှါ အသင်၏ အရာမဟုတ်ချေ။ ချစ်သား ကဿပ မေ့လျော့သော သတ္တဝါ, မမေ့မလျော့သော သတ္တဝါတို့ကို သိမြင်ခြင်းငှါ အနည်းငယ်မျှသာလျှင် အသင်၏ အရာဖြစ်ပေသည်။ အချင်းခပ်သိမ်း စုတေဆဲဖြစ်သော သတ္တဝါတို့ကို လည်းကောင်း၊ ပဋိသန္ဓေ တည်နေဆဲဖြစ်သော သတ္တဝါတို့ကို လည်းကောင်း ကြည့်ရှုထင်ထင် သိမြင်ခြင်းငှါ သဗ္ဗညုဘုရားရှင်တို့၏သာလျှင် အရာဖြစ်လေသည်ဟု မိန့်တော်မူပြီး၍ ကိုယ်ရောင်တော်ကို နှံ့စေပြီးလျှင် တူရှုရှေ့ရောက် မျက်မှောက်၌ သီတင်းသုံးတော်မူဘိသကဲ့သို့ ဖြစ်၍ ဤဂါထာကို ဟောကြားတော်မူ၏။

၂၈။ ပမာဒံ အပ္ပမာဒေန၊ ယဒါ နုဒတိ ပဏ္ဍိတော။
ပညာပါသာဒ’ မာရုယှ၊ အသောကော သောကိနိံ ပဇံ။
ပဗ္ဗတဋ္ဌောဝ ဘူမဋ္ဌေ၊ ဓီရော ဗာလေ အဝေက္ခတိ–

ပညာရှိသည် မမေ့လျော့ခြင်းဖြင့် မေ့လျော့ခြင်းကို ပယ်ဖျောက်ရာ အခါ၌ ပညာတည်းဟူသော ပြာသာဒ်သို့ တက်၍ သောကကင်းသည်ဖြစ်၍ သောက ရှိသော သတ္တဝါအပေါင်းကို ကြည့်ရှု၏။ တောင်၌ တည်သောသူသည် မြေနိမ့်၌ တည်သောသူကို ကြည့်ရှုမြင်ရသကဲ့သို့ ပညာရှိသည် လူမိုက်တို့ကို ကြည့်ရှုမြင်ရ၏။

ထိုဂါထာ၌ **နုဒတိ** ဟူသည်=ရေကန်သို့ဝင်လာသော ရေသစ်သည် ရေဟောင်းကို ချောက်ချား၍ ထိုရေဟောင်း၏ တည်ရာအခွင့်ကို မပေးမူ၍ မိမိ၏ ထိပ်ထက်ဖြင့် ပြေးသောရေကို ပယ်ထုတ်သကဲ့သို့ ဤအတူ လျှင် ပညာရှိသူသည် အပ္ပမာဒလက္ခဏာကို ပွားစေလျက် မေ့လျော့ခြင်း၏ အခွင့်ကို မပေးမူ၍ မမေ့မလျော့ခြင်း အဟုန်ဖြင့် မေ့လျော့ခြင်းကို ပယ်ထုတ်သောအခါ၌ ထိုပယ်အပ်သော ပမာဒရှိသူသည် ထန်းကျင့်လှေကားဖြင့် ပြာသာဒ်သို့ တက်သကဲ့သို့ အလွန်တက်တတ်သော အနက်ကြောင့် ဖြူစင်စွာသော ဒိဗ္ဗစက္ခုဟု ဆိုအပ်သော ပညာပြာသာဒ်သို့ ထိုပညာပြာသာဒ်အားလျော်သော အကျင့်ကိုဖြည့်လျက် ထိုအကျင့်ဖြင့်တက်၍ သောကကြောင့်ကို ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် စိုးရိမ်ခြင်း မရှိသူသည် သောက မပယ်အပ်သေးသည့် အဖြစ်ဖြင့် စိုးရိမ် ကြောင့်ကြ ဗျာပါရရှိသော စုတေဆဲလည်းဖြစ်သော ပဋိသန္ဓေ တည်နေဆဲ လည်းဖြစ်သော သတ္တဝါအပေါင်းကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှု၏။ ဥပမာ အဘယ် ကဲ့သို့ နည်းဟူမူ- တောင်ထိပ်၌နေသူသည် မြေအမြင့်၌တည်သော သူတို့ကို ပြာသာဒ်ထက်၌နေသော သူသည်ကား ပြာသာဒ်ပရိဝုဏ်၌ နေသူတို့ကို ငြိုငြင် ခြင်း မရှိသဖြင့် မြင်သကဲ့သို့ ထို့အတူ ပညာရှိ ရဟန္တာ အရှင်မြတ်သည်လည်း မဖြတ်အပ်သေးသော ဝဋ်ဟူသော မျိုးစေ့ရှိကုန်သော ဗာလသာလျှင်ဖြစ်သော စုတေဆဲသတ္တဝါတို့ကို လည်းကောင်း၊ ပဋိသန္ဓေတည်နေဆဲ သတ္တဝါတို့ကို လည်းကောင်း ကြည့်ရှု၏ဟူလို။

ထိုဒေသနာ ပါဠိဂါထာ၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ် စသည်တို့ကို မျက်မှောက်ပြုရကုန်၏။

ငါးခုမြောက်သော ကဿပမထေရ်ဝတ္ထု ပြီး၏။

၆။ မမေ့လျော့သောရဟန်း, မေ့လျော့သောရဟန်းနှစ်ပါးဝတ္ထု

အပ္ပမတ္တော ပမတ္တေသု– ဤသို့ အစရှိသော ဤဓမ္မဒေသနာကို မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူလျက် အဖော် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်ကုန်သော ရဟန်းနှစ်ပါးတို့ကို အကြောင်း ပြု၍ ဟောကြားတော်မူ၏။

ထိုနှစ်ဦးသော ရဟန်းတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံ၌ ကမ္မဋ္ဌာန်းကို ယူသွား၍ တောကျောင်းသို့ ဝင်နေကုန်သတတ်။ ထိုနှစ်ဦးသော ရဟန်းတို့တွင် တစ်ပါးသော ရဟန်းသည် စောစောကပင်လျှင် ထင်းသင်တို့ကို ဆောင်ယူ၍ မီးအိုးကင်းကို စီရင်ပြီးလျှင် သာမဏေငယ်တို့နှင့် အတူတကွ စကားပြောပြောလျက် ပဌမယံပတ်လုံး မီးလှုံလျက်သာ နေ၏။ တစ်ပါးသော ရဟန်းသည် မမေ့မလျော့ ရဟန်းတရားကိုသာ ကြိုးစားအားထုတ်လျက် အဖော်ဖြစ်သော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော ရဟန်းကို ငါ့ရှင် ဤသို့ မပြုပါလင့်။ မေ့လျော့သောသူအား လေးပါးသော အပါယ်တို့သည် မိမိ၏ နေရာဖြစ်သော အိမ်နှင့်တူပါကုန်သည်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တို့ မည်သည်ကား စဉ်းလဲစဉ်းစား လှည့်ပတ်သောအားဖြင့် နှစ်သက်စေခြင်းငှါ မတတ်ကောင်းပါဟု ကောင်းစွာဆုံးမပေ၏။ မေ့လျော့၍နေသော အဖော် ဖြစ်သော ရဟန်းသည် ထိုရဟန်း၏ အဆုံးအမဩဝါဒကို မနာယူ။ အဆုံးအမ ဩဝါဒပေးသော ရဟန်းသည်လည်း ဤရဟန်းကား ဆိုခြင်းငှါ မခန့်၊ မလွယ်ဟု ထိုရဟန်းကို တစ်စုံတစ်ခုသော စကားကိုမျှ မပြောဆိုဘဲ မမေ့မလျော့သာလျှင် ရဟန်းတရားကို ကြိုးစားအားထုတ်ခြင်း ပြုပေ၏။

ပျင်းရိသော မထေရ်ရဟန်းသည်လည်း ပဌမယံ၌ မီးလှုံ၍ ရဟန်းတရားကို ကြိုးစားအားထုတ်သော ရဟန်း၏ စင်္ကြံကြွပြီး၍ တိုက်ခန်းသို့ဝင်သောကာလ၌ မိမိသည်လည်း ဝင်၍ အပျင်းကြီးစွာ အိပ်ပြီးလျှင် အိပ်ရာမှ ထပြီးသော် အိပ်ခြင်းငှါ ဘောသို့ဝင်အပ်လေသလော။ အသို့နည်း မြတ်စွာဘုရားရှင်တို့၏ အထံ၌ ကမ္မဋ္ဌာန်းကို ယူလာခဲ့ပြီး ထ၍ ရဟန်းတရားကို ပြုစုအားထုတ်ခြင်း ငှါ မအပ်လေသလောဟု ဆိုမြည်၍ မိမိနေရာဌာနသို့ဝင်ပြီးလျှင်လျောင်းလျက် အိပ်နေလေ၏။

ရဟန်းတရားကို အားထုတ်သော ရဟန်းသည်သည်း ပဌမယံ၌ စင်္ကြံ ကြွ၍ မဇ္ဈိမယံ၌ မေ့မိုက်အိပ်ပျော် သက်သာရာကို ရစေပြီး ပစ္ဆိမယံ၌ စောစောကပင်လျှင် ထ၍ ရဟန်းတရား အားထုတ်ခြင်းကိုပြု၏။ ထိုရဟန်း သည် ဤသို့ မမေ့မလျော့နေလျက် မကြာမြင့်မီပင်လျှင် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်ကို ရောက်လေ၏။

ပျင်းရိသော သဘောရှိသော ရဟန်းသည် မေ့လျော့သဖြင့်သာလျှင် ကာလကို လွန်မြောက်ကုန်ခန်းစေ၏။

## မြတ်စွာဘုရားက မေးတော်မူခြင်း

ထိုရဟန်းနှစ်ဦးတို့သည် ဝါကျွတ်ကုန်ပြီးသည်ရှိသော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံတော်သို့ သွားရောက်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေကြကုန်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ထိုရဟန်းတို့နှင့်တကွ ပဋိသန္ထာရကို ပြုပြီး၍ ချစ်သားရဟန်းတို့ အသို့နည်း၊ မမေ့မလျော့သည်ဖြစ်၍ ရဟန်းတရားကို အားထုတ်ခြင်း ပြုကြပါကုန်၏လော၊ အသို့နည်း။ သင်ချစ်သားတို့အား ရဟန်းကိစ္စ ဆုံးပြီးအဆုံးသို့ ရောက်ပြီလောဟု မေးတော်မူ၏။ မေ့လျော့သော ရဟန်းက ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား ဤရဟန်းအား မမေ့မလျော့ခြင်း အဘယ်မှာ ရှိပါမည်နည်း။ ကိုယ်တော် အရှင်မြတ်၏ အထံက သွားသောကာလမှစ၍ အိပ်ပြီး ငိုက်မျဉ်းလျက်သာလျှင် ကာလကို လွန်စေဘိသည်ဟု နားတော်လျှောက်၏။ ချစ်သားရဟန်း အသင်သည်ကား အဘယ်ကဲ့သို့ ကာလကို လွန်စေဘိသနည်းဟု မေးတော်မူသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် စောစောကပင်လျှင် ထင်းသစ်တို့ကို ဆောင်၍ မီးအိုးကင်းကို စီရင်ပြီးလျှင် ပဌမယာမ်၌ မီးလှုံလျက် ထိုင်နေ၍ မငိုက်မျဉ်း မအိပ်ဘဲသာလျှင် ကာလကို လွန်စေပါသည်ဟု လျှောက်တင်၏။

ထိုအခါ မေ့လျော့သော ရဟန်းကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားရဟန်း အသင်သည် မေ့လျော့ခြင်းဖြင့် ကာလကို လွန်မြောက်ကုန်စေပြီး၍ မမေ့မလျော့ပါဟု ဆိုလေသည်။ မမေ့မလျော့သော ငါ၏သားတော်ကိုမူကား မေ့လျော့သည်ကို ပြုလေဘိသည်။ အသင်သည် ရဟန်းတရားကို ကြိုးစားအားထုတ်လေ့ရှိသော ငါ၏သားတော်အထံ၌ လျှင်မြန်ခြင်းအားမှ ပျက်စီးကင်းပြတ်လေသော အားနည်းစွာ ကြွံလိုသော မြင်းပိန်ကဲ့သို့ဖြစ်ပေ၏။ ရဟန်းတရားကို ကြိုးစားအားထုတ်လေ့ရှိသော ငါ၏သားတော်သည်ကား အသင်၏ အထံ၌ လျှင်မြန်ခြင်းကို ဖြစ်စေတတ်သော ခွန်အားစွမ်းပကားနှင့် ပြည့်စုံသော သိန္ဓဝအာဇာနည်မြင်းကဲ့သို့ ဖြစ်လေ၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၂၉။ အပ္ပမတ္တော ပမတ္တေသု၊ သုတ္တေသု ဗဟုဇာဂရော။
အဗလဿံဝ သီဃဿော၊ ဟိတွာ ယာတိ သုမေဓသော–

အိပ်ပျော်သူနှင့် တူကုန်သော မေ့လျော့သူတို့အထံ၌ များစွာနိုးကြားသူနှင့် တူသော မမေ့လျော့သော ကောင်းသော ပညာရှိသည် လျင်မြန်သော မြင်းကောင်းသည် အားမရှိသော မြင်းကို ပယ်စွန့်၍ သွားသကဲ့သို့ မေ့လျော့သူကို ပယ်စွန့်၍ သွားလေ၏။

ထိုဂါထာ၌ **အပ္ပမတ္တော** ဟူသည်= သတိပြန့်ပြောခြင်းသို့ ရောက်သည်၏ အဖြစ်ဖြင့် အပ္ပမာဒနှင့် ပြည့်စုံသော ရဟန္တာသည်ဟူလို။

**ပမတ္တေသု** ဟူသည်= သတိလွတ်ခြင်း၌ တည်ကုန်သော သတ္တဝါတို့ကို ဟူလို။

**သုတ္တေသု**ဟူသည်=သတိဟူသော နိုးခြင်းမရှိသည်၏အဖြစ်ဖြင့် အလုံးစုံသော ဣရိယာပုထ်တို့၌ စိတ်ချ၍ ပျော်ပျော်အိပ်ကုန်သောသူတို့ကို ဟူလို။

**ဗဟုဇာဂရော** ဟူသည်=များစွာသောသတိ၏ပြန့်ပြောခြင်းသို့ရောက်သော နိုးကြားခြင်း၌ တည်သူသည် ဟူလို။

**အဗလဿံဝ** ဟူသည်= ဆွံ့သောခြေရှိသော ပြတ်ပြီးသော အားရှိသော အားနည်းသော မြင်းပိန်ကို လျင်မြန်သောအားနှင့် ပြည့်စုံသော သိန္ဓော အာဇာနည်မြင်းကဲ့သို့ဟူလို။

**သုမေဓသော** ဟူသည် =မြတ်သော ပညာရှိသောပုဂ္ဂိုလ်သည် ထိုသို့ ပျင်းရိခြင်းသဘောရှိသော ပုဂ္ဂိုလ်ကို အဂုံဖြင့်လည်းကောင်း၊ အဓိဂမဖြင့် လည်းကောင်း စွန့်၍သွား၏။ ယိုစကားသင့်စွ၊ ညာဏ်ထိုင်း, ညာဏ်ထုံသော ပုဂ္ဂိုလ်သည် တစ်ခုသောပါဠိကို သင်ခြင်းငှါလုံ့လပြုစဉ်လျှင် ပညာနှင့်ပြည့်စုံ သောပုဂ္ဂိုလ်သည် တစ်ခုခုသော ပါဠိအဋ္ဌကထာတို့၏၊ ဝဂ်ကို အလွယ်တကူ သင်ယူနိုင်၏။ ဤသို့ရှေးဦးစွာ အဂုံဖြင့်စွန့်၍သွား၏။ညာဏ်ထိုင်း,ညာဏ်ထုံသော သူသည်ကား ညဥ့်သန့်စရာ နေ့သန့်စရာ အရပ်တို့ကို ပြုခြင်းငှါ လုံ့လပြုစဉ် လျှင် ကမ္မဋ္ဌာန်းကို သင်၍ ရွတ်အံသရဇ္ဈာယ်၍သာလျှင် ဤသို့ပညာနှင့်ပြည့်စုံ သော ပုဂ္ဂိုလ်သည် ရှေးအဖို့၌လည်း သူတစ်ပါးသည် ပြုအပ်သော ညဥ့်သန့် စရာ အရပ်သို့သည်းကောင်း၊ နေ့သန့်စရာ အရပ်သို့လည်းကောင်း ဝင်၍ ကမ္မဋ္ဌာန်းကို သုံးသပ်သည်ရှိသော် အလုံးစုံသော ကိလေသာတို့ကို ကုန်စေ၍ လောကုတ္တရာတရား ကိုးပါးတို့ကို လက်သို့ရောက်သည်တို့ကို စွန့်၍ ချန်ထား ပစ်ခဲ့၍ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်၍ လွတ်လွတ်မငဲ့ကွက်ဘဲ နိဗ္ဗာန် ဟူသောခရီးမသို့ သွားသည်သာလျှင်တည်း ဟူလို။

ထိုဒေသနာဂါထာ၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ခြောက်ခုမြောက် မေ့လျော့သော ရဟန်း မမေ့လျော့သော ရဟန်း နှစ်ပါးဝတ္ထုပြီး၏။

## ၇။ မဃလုလင်ဝတ္ထု

**အပ္ပမာဒေန မဃဝါ**-အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်ကြီးကို အမှီပြု၍ စုလစ်မွမ်းချွန်တပ်သော ကျောင်းဇရပ်၌ သီတင်းသုံးတော်မူစဉ် သိကြားနတ်မင်းကို အကြောင်းပြု၍ ဟောကြားတော်မူပေ၏။

ဝေသာလီပြည်ကြီး၌ မဟာလိအမည်ရှိသော လိစ္ဆဝီမင်းသားသည် နေလေ၏တတ်။ ထိုမင်းသားသည် မြတ်စွာဘုရား ဟောကြားမိန့်ပြ သက္ကပဉှာသုတ္တန် ဒေသနာတော်ကို ကောင်းစွာကြားနာ၍ "မြတ်စွာဘုရား ကိုယ်တော်မြတ်သည် သိကြားမင်း၏ စည်းစိမ်ချမ်းသာကို ကြီးကျယ်စွာ ဖော်ပြလျက်ဟောပြတော်မူခြင်းကို ပြုတော်မူလေသည်မှာ မြင်တော်မူ၍တည်း ဟောတော်မူသလော၊ သို့တည်းမဟုတ် မမြင်တော်မူဘဲပင် ဟောတော်မူလေသလော၊ ထိုသို့မဟုတ် သိကြားမင်းကိုတည်း သိ၍ ဟောတော်မူလေသလော၊ ထိုအကြောင်းကို မေးအံ့"ဟု ကြံ၏။

ထိုအခါ မဟာလိအမည်ရှိသော လိစ္ဆဝီမင်းသားသည် အကြင်အရပ်၌ မြတ်စွာဘုရားကိုယ်တော်မြတ်သည် သီတင်းသုံး စံနေတော်မူ၏။ ထိုအရပ်သို့ ချဉ်းကပ်ဝပ်တွားပြီးသော် ဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ကြည်လင်ညွတ်လျှိုး ရှိခိုးပြီး၍ သင့်တင့် လျောက်ပတ်သော အရပ်၌ ထိုင်နေ၏။ သင့်တင့် လျောက်ပတ်သောအရပ်၌ ထိုင်နေပြီးသော မဟာလိ အမည်ရှိသော လိစ္ဆဝီမင်းသားသည် မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဘုန်းတော် ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား အရှင်မြတ်ဘုရားသည် နတ်တို့ကို အစိုးရတော်မူသော သိကြားမင်းကို မြင်တော်မူအပ်ပါသလောဟု ဤသို့သောစကားကို ကြားလျှောက်၏။ မဟာလိမင်းသား ငါဘုရားသည် နတ်တို့ကို အစိုးရသော သိကြားမင်းကို မြင်အပ်သတည်းဟု မိန့်တော်မူသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုသိကြားမင်းသည် သိကြားတို့နှင့် အလားတူစွာ အတုဖြစ်ပါသည် မဟုတ်တုံလော။ သို့ဖြစ်သောကြောင့်

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ နတ်တို့ကို အစိုးရတော်မူသော သိကြားမင်းကို မြင်နိုင်ခဲ့ပါသည်ဟု လျှောက်ထားလျှင် မဟာလိမင်းသား ငါဘုရားသည် သိကြားမင်းကိုလည်း သိ၏။ သိကြားဖြစ်ခြင်းကို ပြုတတ်ကုန်သော တရားတို့ကိုလည်း သိ၏။ အကြင်တရားတို့ကို ကောင်းစွာသော သဘောနှလုံးဖြင့် ကျင့်သုံးဆောက်တည်အပ်သောကြောင့် သိကြားမင်းသည် သိကြားမင်း၏အဖြစ်ကို ရ၏။ ထိုဆောက်တည် ကျင့်သုံးအပ်သော ကျင့်ဝတ်တရားကိုလည်း ငါဘုရား သိတော်မူ၏။

## မဃလုလင်အကြောင်း

မဟာလိမင်းသား နတ်တို့ကို အစိုးရတော်မူသော သိကြားမင်းသည် လူဖြစ်၍ ဖြစ်သော ရှေးအခါ၌ မဃမည်သော လုလင်သည် ဖြစ်ပေ၏။ ထို့ကြောင့် သိကြားမင်းကို မဃဝဟူ၍လည်း ခေါ်ဆိုအပ်၏။ မဟာလိမင်းသား နတ်တို့ကိုအစိုးရသော သိကြားမင်းသည် ရှေးအခါ၌ လူဖြစ်၍ ဖြစ်လျက် ရှေးဦးစွာ ဒါနကို ပေးလှူပြုစုဖူး၏။ ထိုသို့ လက်ဦးပေးလှူဖူးသော အရကြောင့် ပုရိန္ဒဒဟူ၍ ခေါ်ဆိုသမုတ်အပ်၏။ မဟာလိမင်းသား၊ နတ်တို့ကို အစိုးရသော သိကြားသည် ရှေးအခါ၌ လူဖြစ်သည်ရှိသော် ရိုသေကောင်းမွန်စွာ ဒါနကိုပေးလှူ၏။ ထိုသို့အလှူကို ရိုသေ ကောင်းမွန်စွာ ပေးလှူသောအရကြောင့် သက္ကဟူ၍လည်း မှည့်ဆို သမုတ်အပ်၏။ မဟာလိမင်းသား၊ နတ်တို့ကိုအစိုးရသော သိကြားမင်းသည် ရှေးအခါ၌ လူဖြစ်သည်ရှိသော် ဧည့်သည်တို့၏တည်းခိုရာ ဇရပ်ကို ပေးလှူဖူးပေ၏။ ထိုသို့ ဧည့်သည်တို့ တည်းခိုရာဇရပ်ကို ပေးလှူဖူးသောအရကြောင့် ဝါသဝဟူ၍လည်း ခေါ်ဆိုသမုတ်အပ်၏။ မဟာလိမင်းသား၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် တစ်ထောင်သောအကျိုးကို တစ်မုဟုတ်မျှဖြင့် သိစွမ်းနိုင်၏၊ ထိုသို့တစ်ထောင်သောအကျိုးကို တစ်မုဟုတ်မျှဖြင့် သိနိုင်သော သတ္တိအရကြောင့် သဟဿ-နေတ္တဟူ၍လည်း မှည့်ဆိုသမုတ်အပ်၏။

မဟာလိမင်းသား၊ နတ်တို့ကိုအစိုးရသော သိကြားမင်းအား သုဇာတာအမည်ရှိသော အသုရာနတ်မင်းကြီး၏ သမီးတည်းဟူသော မယားရှိ၏။ ထိုသို့ အသုရာနတ်မင်းကြီး၏သမီး သုဇာတာမိဖုရား၏ အရှင်လင် ဖြစ်သောကြောင့် သုဇမ္ပတိဟူ၍လည်း ခေါ်ဆိုသမုတ်အပ်၏။ မဟာလိမင်းသား နတ်တို့ကို အစိုးရသော သိကြားမင်းသည် တာဝတိံသာနတ်တို့အား အစိုးရသည် အဖြစ်ဖြင့် မင်းအဖြစ်ကို ပြုပေ၏။ ထိုသို့နတ်တို့အား အစိုးရသောအားဖြင့် မင်းအဖြစ်ကို ပြုသောကြောင့် ဒေဝါနမိန္ဒဟူ၍လည်း မှည့်ဆိုသမုတ်အပ်၏။

မဟာလိမ်းသား နုတ်တို့ကို အစိုးရသော လူဖြစ်၍ဖြစ်သော သိကြား မင်းအား ရှေးအခါ၌ ကျင့်ဝတ်တရား ခုနစ်ပါးတို့ကို မမေ့မလျော့ဘဲ ကောင်းစွာ ကျင့်သုံး ဆောက်တည်အပ်သည် ဖြစ်ပေကုန်၏။ အကြင် ကျင့်ဝတ်တရားခုနစ်ပါးတို့ကို ကျင့်သုံးဆောက်တည်အပ်သည်၏ အဖြစ်ကြောင့် သိကြားမင်းသည် သိကြား၏ အဖြစ်ကို ရပေ၏။

## သိကြားမင်းကျင့်ဝတ် ၇-ပါး

သိကြားဖြစ်ကြောင်း ကောင်းစွာ ကျင့်သုံး ဆောက်တည်အပ်ကုန်သော ကျင့်ဝတ်တရား ခုနစ်ပါးတို့ဟူသည် ဒေ ဘယ်သည်တို့နည်း ဟူမူကား—

၁။ အသက်ထက်ဆုံး အမိအဘကို လုပ်ကျွေးမွေးမြူသည် ဖြစ်ပေရာ၏။

၂။ အသက်ထက်ဆုံး အမျိုး၌ကြီးကုန်သော မိကြီး, မိထွေး, ဘကြီး, ဘထွေးစသည်တို့ကို ရိုသေညွတ်ပျပ် ဆည်းကပ်လုပ်ကျွေးသည် ဖြစ်ပေရာ၏။

၃။ အသက်ထက်ဆုံး နူးညံ့သိမ်မွေ့စွာ ပြေပြစ် ချောမောသောစကား ရှိသည် ဖြစ်ပေရာ၏။

၄။ အသက်ထက်ဆုံး နှစ်ဘက်သော သူတို့၏ အကြား၌ လွှကဲ့သို့ ကြမ်းတမ်းခက်ငေါသော စကားကို ဆိုလျက် ကုန်းတိုက်ချောပစ်သော စကားကို မဆိုမပြောသည် ဖြစ်ပေရာ၏။

၅။ အသက်ထက်ဆုံး ဝန်တို နှောင့်ယှက် ပယ်ဖျက် ရစ်ထွေး အညစ်အကြေးမှ ကင်းသောစိတ်ဖြင့် အိမ်ရာထောင်သော လူ့ဘောင်၌ နေပေရာ၏။ လွှတ်လွှတ်စွန့်ကြဲခြင်း ရှိသည်လည်းကောင်း၊ မလှူလိုသော မစ္ဆေရစိတ်ဖြင့် ဆို့ပိတ်ရုက်ဆုတ် ဥစ္စာကို ထုတ်၍ထားခြင်း မရှိသည်လည်းကောင်း၊ ဖရိုဖရဲ ဖြန့်ကြဲစွန့်လွှတ်မှုကား ကိုယ်သွားရာပါသော အရိပ်ကဲ့သို့ ဖြစ်လေမည်ဟု အောက်မေ့သဖြင့် ဥစ္စာကို လက်တွင်မထား ဖြန့်ကြဲသောအားဖြင့် ပြုအပ်သော ပယတပါဏိရှိသည်လည်းကောင်း၊ ပေးကမ်းစွန့်ကြဲရာ၌ မွေ့လျော်သော စိတ်နှလုံးရှိသည် လည်းကောင်း၊ ဘောင်းလာသော ခရီးသွားဧည့်သည် အထီးကျန်သောသူ, အနာထ ဖြစ်သောသူတို့နှင့် မကင်းမူ၍ စွန့်ကြဲခြင်း ရှိသည်လည်းကောင်း၊ ရှေ့တွင်ပြုပြင်၍ ရောက်လာသော မိမိသုံးဆောင်ဖို့ရာ ထမင်းမှ ခွဲခြမ်းဝေဖန်၍ ပေးလှူခြင်း၌ မွေ့လျော်သော နှလုံးရှိသည်လည်းကောင်း ဖြစ်ပေရာ၏။

၆။ အသက်ထက်ဆုံး ဟုတ်သားမှန်ကန် ဖြောင့်တန် တည့်မတ်သော စကားရှိသည် ဖြစ်ပေရာ၏။

၇။ အသက်ဆက်ဆုံး ဒ်မျက်ဒေါသ ထွက်ကြွဖြစ်ပွားခြင်းမရှိသည် ဖြစ်ပေရာ၏။ အကယ်၍ အမျက်ဖြစ်ခဲ့ငြားအံ့ လျင်စွာသာလျှင် ထိုအမျက်ကို ပယ်ဖျက်စေရာ၏။

မဟာလိမင်းသား နတ်တို့ကို အစိုးရသော သိကြားမင်းအား လူဖြစ်၍ ဖြစ်သော ရှေးအခါ၌ ဤခုနစ်ပါးသော ကျင့်ဝတ်တို့ကို မမေ့မလျော့ဘဲ ကောင်းစွာ ကျင့်သုံး ဆောက်တည်အပ်သည်တို့သည် ဖြစ်လေကုန်၏။ ထိုခုနစ်ပါးသော ကျင့်ဝတ်တရားတို့ကို ကောင်းစွာကျင့်သုံး ဆောက်တည်အပ်သည်၏ အဖြစ်ကြောင့် သိကြားမင်းသည် သိကြား၏အဖြစ်ကို ရပေ၏။ ဤနေရာ၌ သိကြား ကျင့်ဝတ်လာ ခုနစ်ဖြာတို့ကို အသာလွယ်ကူ ဆောင်ယူပါစိမ့်သောငှာ အဋ္ဌကထာဆရာတို့သည် ဤဂါထာတို့ကို မိန့်ဆိုကြကုန်၏—

မာတာပေတ္တိဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာပစာယိနံ
သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။
မစ္ဆေရဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံ နရံ။
တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟု"သပ္ပုရိသော"တိ။

ကျေးဇူးကြီးလှ မိဘဘိုးဘေးကို လုပ်ကျွေးမွေးမြူထသော အမျိုး၌ အသက်အရွယ် ဖြိုးကြွယ်ကြီးပွား သူတို့အားလျှင် ဝပ်တွားတုပ်စင်း ရိုသေခြင်း ရှိထသော သိပ်မွေ့နူးညံ့ထသော သူတစ်ပါးနားကြား၍ ကျစ်လျစ်ပြေပြစ်သော စကားရှိထသော အချစ်ရည်မြူး သူနှစ်ဦးတို့၏ အကြား၌ ကုန်းချောသော စကားကို ပယ်ရှားဖြတ်တောက်ထသော မပေးလှူလို ဝန်တိုတတ်လှ မစ္ဆေရကို ပယ်ချခြင်း၌ (ဝါ) ပယ်ချခြင်းနှင့် ယှဉ်ထသော မဖောက်မပြန် ဟုတ်မှန်သောစကားကို ဆိုထသော ပြင်းစွာအမျက် ဒေါသထွက်သည်ကို နှိပ်စက်ဖျက်ဆီးထသော ဇန္တုဟုဆိုအပ်သော ထိုသတ္တဝါဟု ဆိုအပ်သောလူကို စင်စစ် တာဝတိံသာနတ်တို့သည် သိကြားဖြစ်ကြောင်း သူတော်ကောင်းဟူ၍ ဆိုကြကုန်၏။

မဟာလိမင်းသား ဤကျင့်ဝတ်တရား ခုနစ်ပါးတို့သည် သိကြားနတ်မင်းသည် မဃလုလင် ဖြစ်စဉ်ကာလ၌ ပြုအပ်သော ကျင့်ဝတ်အမှုပေတည်းဟု မိန့်တော်မူပြီး၍ တစ်ဖန် ထိုမဟာလိမင်းသားက ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား မဃလုလင်သည် အဘယ်ကဲ့သို့ ကျင့်ဝတ်တရားကို

ဆောက်တည်ပါသနည်းဟု ထိုမဃလုလင်၏ အကျင့် အာစာရကို အကျယ် ဝိတ္ထာရအားဖြင့် နာလိုသည်ဖြစ်၍ မေးလျှောက်သည်ရှိသော် ထိုသို့ တပြီးကား မဟာလိမင်းသား ကောင်းစွာနာလော့-ဟု မိန့်တော်မူ၍ လွန်လေပြီးသော အတိတ်ကို ဆောင်တော်မူ၏။

## သိကြားမင်း၏ အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ မဂဓရာဇ်တိုင်း မစလရွာ၌ မဃအမည်ရှိသော လုလင်သည် ရွာသူရွာသားတို့၏ အမှုလုပ်ဆောင်ရာအရပ်သို့ သွား၍ မိမိ၏ တည်နေရာအရပ်ကို ခြေဖျားဖြင့် မြေမှုန့်ကို ယက်ပြီး၍ နှလုံးမွေ့လျော်ပျော် ဖွယ်ရာရှိသည်ကို ပြုပြီးလျှင် တည်နေ၏။ တစ်ယောက်သောသူသည် ထိုမဃ လုလင်ကို စွမ်းပကား လက်ရုံးဖြင့်နှိမ်နင်းပုတ်ခတ်၍ ထိုအရပ်မှ ပယ်ရှား ထုတ်ပစ်ပြီးလျှင် မိမိသည် မဃလုလင် ပြုပြင်၍ထားသော အရပ်၌ နေထိုင် ၏။ မဃလုလင်သည် ထိုသူအားလည်း အမျက်မထွက်မူ၍သာလျှင် တပါး သော အရပ်ဌာနကို နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသည်ကို ပြု၍ နေဆိုင်ပြန် ၏။ ထိုအရပ်၌လည်း မဃလုလင်ကို တပါးသောသူသည် လာ၍ စွမ်းပကား လက်ရုံးဖြင့် နှိမ်နင်းဖိစီး ပုတ်ခတ်ပြီးလျှင် ထုတ်ပစ်ပြီး မိမိသည် နေထိုင်၏။ မဃလုလင်သည် ထိုသူအားလည်း အမျက်မထွက်မူ၍သာလျှင် တပါးသောအရပ်ဌာနကို နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိအောင် ပြုပြီးသည် ကာလနေထိုင်ပြန်၏။ ဤသို့သော အစဉ်အတိုင်းအားဖြင့် အိမ်မှထွက်လာ ကုန်သော ယောကျ်ားတို့သည် လက်ရုံးစွမ်းပကားဖြင့် ဖိစီးပုတ်ခတ်၍ နေလေရာအရပ်မှ ပယ်ရှား နှင်ထုတ်ကုန်၏။ မဃလုလင်သည် "အလုံးစုံလည်း ဖြစ်ကုန်သော ဤသူဘို့သည် ကောင်းမွန်ချမ်းသာစွာ နေထိုင်ရသည် ဖြစ်ပေ ကုန်ပြီ ဤကောင်းမှုကြောင့် ငါ့အား ချမ်းသာခြင်းကို ပေးတတ်သော ကောင်းမှု ကံသည် ဖြစ်စေပရာ၏"ဟု ကြံပြီး၍ တစ်ဖန် မိုးသောက်ရောက်သောနေ့၌ ပေါက် တူးကိုယူ၍ ကောက်နယ်ပလင်းခန့်မျှလောက်သော အရပ်ကိုနှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိအောင် ပြုပေ၏။ အလုံးစုံကုန်သော သူတို့သည် လာလတ်၍ မဃလုလင် ပြုပြင်၍ထားသော နေရာ၌သာလျှင် နေလာကြကုန်၏။ ထိုအခါ ထိုသူတို့အား ချမ်းအေးသော ဆောင်းကာလ၌ မီးလှုံပါစိမ့်သောငှါ မီးကို ထည့်ဖို၍ပေး၏။ ထိုနောက်မှ "နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသောအရပ် ဌာနမည်သည်ကား အလုံးစုံသောသူတို့အား မြတ်နိုးနှစ်သက် စုံမက် တောင့်တ အပ်၏။မနှစ်မသက်သောသူမည်သည် တစ်စုံတစ်ယောက်မျှ မရှိချေ။ ဤနေ့မှစ၍ ငါသည် ဤသို့ ကြီးကျယ်စွာသော လမ်းခရီး ညီညွတ် ပြေပြစ်သည်ကို ပြုသဖြင့်

လှည့်လည်ခြင်းငှါ သင့်လျော် လျောက်ပတ်ဒ ပ်၏”ဟုကြံ၍ နံနက်စောစောက ပင်လျှင် အိမ်မှထွက်၍ ခရီးလမ်းမ လုပပြေပြစ် ညီမျှသည်ကို ပြုလျက် ပိုင်းဖြတ် တူးဆွပြီးလျှင် ဆောင်ခြင်းငှါ သင့်လျော်လျောက်ပတ်သော သစ်ပင်သစ်ခက် တို့ကို ဆောင်လျက် လှည့်လည်၏။

## မဃလုလင်၏ အဖော်များ

ထိုအခါ မဃလုလင်ကို တစ်ယောက်ေသာသူသည် မြင်၍ အချင်း အဘယ် အမှုကို ပြုသနည်းဟု မေး၏။ အချင်း ငါ့အား နတ်ပြည်သို့ သွားကြောင်း ဖြစ်သော လမ်းခရီးကို ပြုပြင်၏ဟု ဆိုသဖြင့် ထိုသို့ဖြစ်လျှင် ငါသည်လည်း အသင်၏ အဖော် ဖြစ်ပါအံ့ဟု ဆို၏။ အချင်း လာလှည့် လမ်းခရီးမည်သည်ကို များစွာသောသူတို့အား နှစ်သိုတောင့်တအပ်၏။ များသော ချမ်းသာခြင်း ရှိသည်ဖြစ်ပေ၏ဟု ဆို၏။ ထိုနေ့မှစ၍ နှစ်ယောက်သောလူတို့သည် ဖြစ်ကုန်၏။ ထိုသူနှစ်ယောက်တို့ကိုမြင်၍ ရှေးနည်းအတူသာလျှင် တပါးသောသူသည်လည်း မေးမြန်းပြီး ပြောဆိုသည်ကို ကြားသိရ၍ တပါးသော သူသည်လည်း ထိုနှစ်ယောက်သောသူတို့၏ ညီညာဖော် အဆွေခင်ပွန်း ဖြစ်လေ၏။ ဤသို့ အစဉ်အတိုင်းအားဖြင့် တစ်ယောက်, နှစ်ယောက်, သုံးယောက် စသောအားဖြင့် ဝ.စ်နေ့တစ်ခြား တိုးပွား၍ အလုံးစုံကုန်သော သုံးကျိပ်သုံးယောက်ကုန်သော လူတို့သည် ဖြစ်လေကုန်၏။ထိုအလုံးစုံသော သူတို့သည်လည်း ပေါက်တူးစသည် လက်စွဲကုန်လျက် ခရီးကို ညီညွတ်စွာ ပြုသည်ရှိသော် တစ်ယူဇနာ, နှစ်ယူဇနာမျှ အရပ်သို့ ရောက်သွားကုန်၏။

## မကောင်း ကြံသော ရွာစားကြီး

ထိုလူအပေါင်းတို့ကို မြင်၍ ရွာစားသည် ကြံဆင်ခြင်၏။“ ဤလူတို့သည် သူတစ်ပါးတို့သည် ယှဉ်၍ပြုနိုင်ခဲသော လောကီ လောကုတ္တရာအကျိုးနှစ်ပါး နှင့် ပြည့်စုံခြင်း၏ အကြောင်း၌ လုံ့လကိုပြု၍ ယှဉ်ဘိကုန်၏။ ဤသူတို့သည် တောအရပ်မှ ငါးအမဲ စသည်တို့ကိုမူလည်း အကယ်၍ ဆောင်ကုန်ငြားအံ့၊ သေကိုမူလည်း ပြုစုစီရင်၍ အကယ်၍ သောက်ငြားအံ့၊ ထိုသို့သဘောရှိသော တစ်ပါးသော အမှုကိုလည်း အကယ်၍ ပြုကုန်ငြားအံ့၊ ငါသည်လည်း တစ်စုံ တစ်ခုသော ပစ္စည်းဝတ္ထုကို ရပေရာ၏”ဟု ကြံ၏။ ထိုနောက်၌ သုံးကျိပ် သုံးယောက်ကုန်သော ထိုလူတို့ကို ခေါ်စေ၍ အသင်တို့သည် အဘယ်အမှုကို ပြုကုန်လျက် သွားလာလှည့်ပတ်ကုန်သနည်းဟု မေး၏။ အရှင်ရွာစားမင်း အကျွန်ုပ်တို့သည် နတ်ရွာ လမ်းခရီးကို ပြုပါကုန်၏ဟု ကြားလျှောက်၏။ အိမ်ရာထောင်သော လူ့ဘောင်၌ နေသောသူမည်သည်ကား ဤသို့ ပြုခြင်းငှ

မသင့်လျော် မလျောက်ပတ် မအပ်ပေ။ တောအရပ်မှ ငါးအမဲတို့ကို ဆောင်ယူခြင်းငှါလည်းကောင်း၊ သေကိုမှုလည်း ပြုစုစီရင်၍ သောက်ခြင်းငှါလည်းကောင်း အထူးထူးအပြားပြား များစွာသောဒုစရိုက်မှုတို့ကို ပြုခြင်းငှါလည်းကောင်း၊ သင့်လျော် ကောင်းမြတ်အပ်ပေသတည်းဟု ပြောဆို၏။ ထိုလူအပေါင်းတို့သည် ရွာစား၏ စကားကို မနာယူမူ၍ ပယ်ရှားကုန်၏။ ဤသို့သောနည်းဖြင့် အဖန်တလဲလဲ အမြဲမပြတ် အထပ်ထပ်ပင် ပြောဆိုပါသော်လည်း မနာမယူဘဲ ပယ်ရှားကုန်သည်သာလျှင် ဖြစ်သောကြောင့် ထိုရွာစားသည် ဒေါသအမျက်ပြင်းစွာ ထွက်၍ ဤသူတို့ကို ပျက်စီးစေအံ့ဟု ကြံပြီးမှ ပြည့်ရှင်မင်းကြီး၏ အထံသို့ သွား၍ ၊ အရှင်မင်းမြတ် အစုကိုဖွဲ့၍၊ လုယက်ပတ်သွားလာကုန်သော ခိုးသူတို့ကို မြင်ပါကုန်သည်ဟု လျှောက်တင်သော် ပြည့်ရှင်မင်းကြီးက သွားချေ ထိုသူတို့ကို ဖမ်းယူ၍ ဆောင်ခဲ့ဟု အမိန့်ချမှတ် ခိုင်းစေသည်ရှိသော် ပြည့်ရှင်မင်းကြီး၏ ပြောဆိုသော စကားအတိုင်းပြု၍ မင်းကြီးအား ပြပေ၏။ ပြည့်ရှင်မင်းကြီးသည် မစူးစမ်း မဆင်ခြင်မူ၍သာလျှင် ဆင်ဖြင့် နင်းစေကုန်လော့–ဟု စေခိုင်း၏။

## မေတ္တာ၏တန်ခိုးကြီးပုံ

မဃလုလင်သည် ကြွင်းကုန်သော လူတို့ကို အိုအချင်းတို့ အလုံးစုံသော သတ္တဝါတို့၌ ချစ်ခင်ခြင်းဟုဆိုအပ်သော မေတ္တာကိုထား၍ ငါတို့အား တစ်ပါးသော ကိုးကွယ်မှီခိုရာ မည်သည်မရှိ၊ အသင်တို့သည် တစ်စုံတစ်ယောက်သော သူ၌ အမျက်ဒေါသကို မပြုမူ၍ ပြည့်ရှင်မင်းကြီး၌လည်းကောင်း၊ ရွာစား၌လည်းကောင်း၊ နင်းနယ်အံ့သောဆင်၌လည်းကောင်း၊ မိမိကိုယ်၌လည်းကောင်း မေတ္တာစိတ်ဖြင့် တူမျှသော စိတ်နှလုံးကို ကျင့်သုံး ဆောက်တည်ခြင်း ဖြစ်ကြပါကုန်လော့ဟု အဆုံးအမ ဩဝါဒကို ပေး၏။ ထိုလူတို့သည် မဃလုလင် ပေးအပ်သော အဆုံးအမ ဩဝါဒအတိုင်း ပြုကြကုန်၏။ ထိုအခါ မဃလုလင် အမှူးရှိကုန်သော သုံးကျိပ်သုံးယောက်ကုန်သော လူတို့၏ မေတ္တာစိတ် အာနုဘော်ကြောင့် ဆင်သည် အနီးသို့ချဉ်းကပ်ခြင်းငှါ မဝံ့လေ။ ပြည့်ရှင်မင်းကြီးသည် ထိုအကြောင်းကို ကြား၍ များစွာသောလူတို့ကို မြင်ခြင်းကြောင့်သာ ဆင်သည် နင်းနယ်ခြင်းငှါ မဝံ့ဘဲရှိချေလိမ့်မည်။ သွားချေ ထိုသူတို့ကို ဖျာတို့ဖြင့် ဖုံးလွှမ်းဖိလိပ်၍ နင်းနယ်စေကုန်လော့ဟု ဆို၏။ ထိုသူတို့ကို ဖျာဖြင့် ဖုံးလွှမ်းဖိလိပ်၍ နင်းနယ်ခြင်းငှါ စေလွှတ်အပ်ပါသော်လည်း ဆင်သည် အဝေးမှသာလျှင် ဖယ်ရှောင် ပြေးလွှဲလေ၏။ ပြည့်ရှင်မင်းကြီးသည် ထိုအကြောင်းကို ကြားသိ၍ ဤအရာ၌တစ်စုံတစ်ခုသော အကြောင်းသည် ဖြစ်ပေလိမ့်မည်ဟု ကြံ၍ မဃလုလင် အမှူးရှိကုန်သော သုံးကျိပ်သုံးယောက်သော ထိုလူတို့ကို ခေါ်စေပြီးလျှင် အမောင်တို့ ငါ့ကိုအမှီပြု၍ အသင်တို့သည် အဘယ်ကို မရကုန်သနည်းဟု မေးတော်မူ၏။

## ရှာစားအသစ်ခန့်ခြင်း

အရှင်မင်းမြတ် ဤအကြောင်းသည် အဘယ်မည်သော အကြောင်းပါနည်းဟု မေးလျှောက်သော် အသင်တို့သည် အစုအသင်း ဖွဲ့စုပြီးသော် ခိုးသူတို့သည် ဖြစ်၍ တော၌ လှည့်လည်ကုန်ကြသည် မဟုတ်တုံလောဟု မိန့်တော်မူသဖြင့် အရှင်မင်းမြတ် ဤအကြောင်းကို အဘယ်သူ ပြောကြားပါသနည်းဟု မေးလျှောက်သော် အမောင်တို့ ရှာစားလာ၍ ပြောကြားသည်ဟု မိန့်တော်မူ၏။ အရှင်မင်းမြတ် အကျွန်ုပ်တို့သည် ခိုးသူ မဟုတ်ကုန်။ အကျွန်ုပ်တို့သည်ကား မိမိ၏ နတ်ရွာခရီးလမ်းကို သုတ်သင်ကုန်လျက် ဤသို့ ဤသို့သော အမှုကို ပြုပါကုန်၏။ ရှာစားသည် အကျွန်ုပ်တို့ကို အကုသိုလ် ဖြစ်အံ့သော အမှုအရာဖြင့် တိုက်တွန်းနှိုးဆော်၍ မိမိ၏စကားကို မနာယူသည် ရှိသော် ဖျက်ဆီးလိုရကား အမျက်ထွက်၍ အရှင်မင်းကြီးအား ဤသို့သော မဟုတ်မမှန် လှည့်ပတ်သောစကားကို ပြောကြားခြင်း ဖြစ်ပါသည်ဟု လျှောက်တင်၏။ အမောင်တို့ တိရစ္ဆာန်ဖြစ်သော ဤဆင်သည် အမောင်တို့၏ ဂုဏ်ကျေးဇူးကို သိတုံသေး၏၊ ငါသည် လူဖြစ်၍ဖြစ်ပါလျက် သိခြင်းငှါမစွမ်းနိုင်။ အမောင်တို့ ငါ့အား သည်းခံကြပါကုန်လောဟု ဤသို့သော စကားကိုဆို၍ သားမယားနှင့်တကွသော ရှာစားကို မဃလုလင် အမှူးရှိကုန်သော သုံးကျိပ်သုံးယောက်ကုန်သော ထိုလူတို့အား ကျွန်အလို့ငှါ ပေးလေ၏။ ဆင်ကိုလည်း စေခိုင်းစီးသုံးရန်အလို့ငှါ ပေးလေ၏။ ထိုရွာကိုလည်း အလိုရှိတိုင်း ချမ်းသာစွာ သုံးဆောင် ခံစားစိမ့်သောငှါ ရှာစားပြု၍ ပေးလေ၏။

မဃလုလင် အမှူးရှိကုန်သော ထိုသုံးကျိပ်သုံးယောက်ကုန်သော သူတို့သည် "ဤယခု ပစ္စက္ခဘဝ၌ပင်လျှင် ငါတို့သည် ပြုအပ်သောကောင်းမှု၏ အကျိုးအာနိသံသကို မြင်ရပေပြီ" ဟု အတိုင်းထက်အလွန် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ထိုဆင်ကိုလည်း အလှည့်လှည့်ဖြင့် တက်စီးသွားလာကုန်လျက် ဤယခုအခါ၌ ငါတို့သည် အလွန်အကဲ မွန်မြတ်သော ကောင်းမှုကို ပြုအပ်၏။ အဘယ်ကောင်းမှုကို ပြုကုန်အံ့နည်းဟု တိုင်ပင်ကုန်၏။

## မယားလေးယောက်

ခရီးမ လေးမွှာရှိသော အရပ်ဒေသ၌ ဇရပ်ကြီးကိုပြု၍ လူများအပေါင်း၏ အပန်းဖြေ နားနေရာဖြစ်သော ဇရပ်ကို ပြုလုပ်ကြကုန်အံ့ဟု တိုင်ပင်ကြပြီးသော် ထိုသူတို့သည် လက်သမားကိုခေါ်စေ၍ ဇရပ်ကို ဆောက်လုပ်စေကုန်၏။ မာတုဂါမတို့၌ကား ဆန္ဒနှစ်သက်ခြင်း ကင်းရှင်းသည်အရကြောင့် မာတုဂါမတို့အား ထိဇရပ်၏ ကုသိုလ်အဖို့ကို မပေးကုန်။ မဃလုလင်အိမ်၌ သုနန္ဒာ, သုစိတ္တာ,

သုဓမ္မာ, သုဇာတာ ဟူကုန်သော မိန်းမ လေးယောက်တို့သည် ရှိသည်ဖြစ်ကုန်၏။ ထိုမိန်းမလေးယောက်တို့တွင် သုဓမ္မာသည် လက်သမားနှင့် အတူတကွ တစ်ပေါင်းတည်းဖြစ်၍ မောင်ကြီး ဤဇရပ်၌ ကျွန်တော်မကို အကြီးအမှူး ပြုပါလော့ဟု ဆို၍ တံစိုးလက်ဆောင်ကို ပေး၏။ လက်သမားသည် ကောင်းပြီဟု ဝန်ခံ၍ ရှေးဦးကပင်လျှင် အထက်ချက်ထုပိကာ အလို့ငှါ သစ်ပင်ကို ခြောက်သွေ့စေ၍ ညီညွတ်ချောမော ပြေပြစ်စွာ ရွေလျက် ထွင်းပြီးလျှင် အထက်ချက် အထွတ်ထုပိကာကို ပြီးစေ၍ ဤဇရပ်သည် သုဓမ္မာ မည်၏ဟု အက္ခရာတို့ကို ဖြတ်တောက်ပိုင်းခြား ရေးသားပြီး အဝတ်ဖြင့် ရစ်ပတ်၍ ထားပေ၏။

## အကြံကောင်းသော သုဓမ္မာ

ထိုနောက် ဇရပ်ပြီးခြင်းသို့ရောက်၍ အထက်အချက်အထွတ် ထုပိကာ တင်အံ့သော နေ့၌ အရှင်တို့ တစ်ခုသော ပြုဖွယ်ကိစ္စကို မအောက်မေ့မိပါဟု ဆို၏။ အိုအချင်းလက်သမား အဘယ်မည်သော ပြုဖွယ်ကိစ္စနည်းဟု မေးသဖြင့် အထက်ချက် အထွတ်ထုပိကာပါဟု ဆိုလျှင်ရှိစေလော့၊ ငါတို့သည် ဆောင်ယူကုန်အံ့ဟုဆို၏။ အရှင်တို့ ဤယနေ့အခါ၌ဖြတ်အပ်သော စိမ်းစိုဖသောသစ်သားဖြင့် ပြုခြင်းငှါမတတ်ကောင်းပါ၊ ရှေးဦးကပင်လျှင် ပိုင်းဖြတ်ပြီးသော် ချောမော ပြေပြစ်စွာ ရွေပြီး ထွင်း၍ထားအပ်သော အထက်အချက်အထွတ် ထုပိကာကို ရခြင်းငှါ သင့်လျော် လျောက်ပတ်အပ်ပါသည်ဟုဆို၏။ ဤယနေ့အခါ၌ အဘယ်သို့ ပြုအံ့နည်းဟု မေးသဖြင့် အရှင်တို့ တစ်စုံတစ်ယောက်သော သူ၏ အိမ်၌ ပြီးဆုံးသည် ဖြစ်၍ ထားအပ်သော ရောင်းဖွယ်ဖြစ်သော အထက်အချက်အထွတ် ထုပိကာသည် အကယ်၍ ရှိခဲ့သည်ရှိအံ့၊ ထိုအထက်အချက်အထွတ် ထုပိကာကို ရှာမှီးအပ်ကုန်၏ဟုဆို၏။

ထိုသူတို့သည် ရှာမှီးကုန်သည်ရှိသော် သုဓမ္မာ၏ အိမ်၌ တွေ့၍ တစ်ထောင်သော အသပြာကိုပေး၍လည်း အဖိုးဖြင့်ဝယ်ယူ၍ မရကုန်။ အကျွန်ုပ်ကိုဇရပ်၌ ကုသိုလ်အဖို့ကို အကယ်၍ ပြုကုန်သည်ဖြစ်အံ့။ ပေးပါအံ့ဟု ဆိုသည်ရှိသော် ငါတို့သည် မာတုဂါမတို့အား ကုသိုလ်အဖို့ကို မပေးကုန်အံ့ဟုဆိုကုန်၏။ ထိုအခါ ထိုသူတို့ကို လက်သမားက အရှင်တို့ အရှင်တို့သည် အဘယ်သို့သော စကားကို ဆိုကြကုန်ဘိသနည်း၊ ဗြဟ္မာပြည်ကိုထား၍ တစ်ပါးသော အရပ်ဌာန၌ မာတုဂါမနှင့်ကင်းသော နေရာဌာနမည်သည်မရှိ။ အထက်အချက်အထွတ် ထုပိကာကိုယူကြကုန်လော့၊ ဤသို့ ယူအပ်သည်ရှိသော် ငါတို့၏အမှုကိစ္စသည် ပြီးဆုံးခြင်းသို့ ရောက်လတ္တံ့ဟု ဆို၏။ ထိုသူတို့သည် ကောင်းပြီဟုဆို၍ အထက်အချက်အထွတ် ထုပိကာကိုယူ၍ ဇရပ်ကို ပြီးဆုံးစေပြီး သုံးဖြာ သုံးဖို့တို့ကို ပြုစုခွဲဝေ

ကုန်၏။ တစ်ခုသော အဖို့နေရာ၌ အင်္ဂါရှိသော မင်းတို့၏ အဖို့နေရာကိုပြုပေ၏။ တစ်ခုသောအဖို့၌ ဆင်းရဲသော သူတို့၏နေရာကို ပြုပေ၏။ တစ်ခုသောနေရာ အဖို့၌ သူနာတို့၏ နေရာကိုပြုပေ၏။

သုံးကျိပ်သုံးယောက် ကုန်သော လူတို့သည် သုံးဆယ့်သုံးခုသော ပျဉ်အင်းပျဉ်တို့ကိုခင်း၍ ဆင်အား အမှတ်သင်္ကေတကို ပေးကြကုန်၏။ ဧည့်သည်သည် လာရောက်၍ အကြင်သူ၏ အခင်းပျဉ်အင်းပျဉ်၌ ထိုင်နေခြင်းကိုပြု၏။ ထိုဧည့်သည် အာဂန္တုကို ခေါ်ယူသွား၍ အင်းပျဉ်အရှင်၏ သာလျှင် အိမ်၌ တည်စေလော့။ ထိုဧည့်သည် အာဂန္တုအား ခြေလက်ဆုပ်နယ်ခြင်း ချေးတွန်းခြင်း ခဲဖွယ်ဘောဇဉ် အိပ်ရာပေးခြင်း အလုံးစုံတို့သည် အင်းပျဉ်ရှင်၏သာလျှင် ဝန်ဖြစ်ပေလတ္တံ့ဟု ကတိကဝတ်ထားကြ၍ အမှတ်သင်္ကေတကို ဖြစ်စေကြကုန်၏။ ဆင်သည် လာတိုင်းလာတိုင်းသော ဧည့်သည်ကို ခေါ်ယူ၍ အင်းပျဉ်ရှင်၏သာလျှင် အိမ်သို့ ဆောင်ပေ၏။ အင်းပျဉ်ရှင်သည် ထိုဧည့်သည်အား ထိုနေ့ပတ်လုံး ပြုဖွယ်ကိစ္စဟူသမျှ အလုံးစုံကိုဒကုန် ပြုစုပေ၏။

မဃလုလင်သည် ဇရပ်၏ မနီးမဝေး၌ ပင်လယ်ကသစ်ပင်ကို စိုက်၍ ထိုပင်လယ်ကသစ်ပင်၏ အရင်း အနီး၌ ကျောက်ဖျာကို ခင်းထား၏။ ဇရပ်သို့ ဝင်ရောက်တိုင်း ဝင်ရောက်တိုင်းသော လူတို့သည် အထက်ချက် ဒထွတ်ထပိကာကိုကြည့်ရှုပြီးသော် အက္ခရာတို့ကို ဖတ်ရှု၍ ဤဇရပ်သည်ကား သုဓမ္မာ အမည်ရှိသောသူ၏ ဇရပ်ပေတည်းဟု ဆိုကြကုန်၏။ သုံးကျိပ် သုံးယောက် ကုန်သော လူတို့၏ အမည်သည်ကား မထင်ရှားလေ။

## သုနန္ဒာရေကန်

သုနန္ဒာမည်သော မယားက စဉ်းစားဆင်ခြင်သည်မှာ "ဤယောကျ်ားတို့သည်ဇရပ်ကို ပြုကုန်သည်ရှိသော် ငါတို့သည် သာဓုသာဓုဟု ခေါ်ဆိုခြင်းဖြင့် မရောက်အပ်သော ကုသိုလ်အဖို့ရှိသည်ကို ပြုကြကုန်လေ၏။ သုဓမ္မာသည်ကား မိမိ၏ လိမ္မာသည်၏ အဖြစ်ကြောင့် ရောက်အပ်သော ကုသိုလ်အဖို့ ရှိသည် ဖြစ်လေပြီ။ ငါသည်လည်း တစ်စုံတစ်ခုသော ဝတ္ထုအရာကို ပြုခြင်းငှာ သင့်လျော်လျောက်ပတ်အပ်၏။ အဘယ်သို့သော ဝတ္ထုကို ပြုစုလျှဒါန်းရပါမည်နည်း"ဟု ကြံဆင်ခြင်ပြီးမှ ထို့နောက် ဤသို့သော အကြံဖြစ်သည်မှာ"ဇရပ်သို့ လာကုန်သွားကုန်သော လူတို့အား ဒသောက်ရေ,သုံးဆောင်ရေ,ချိုးရေ တိုက်ရခြင်းငှာ သင့်လျော်လျောက်ပတ်၏။ ရေကန်ကို တူးစေအံ့"ဟု ကြံပြီး ထိုသုနန္ဒာသည် ရေကန်ကို တူးစေ၏။

## သုစိတ္တာ၏ ပန်းဥယျာဉ်

သုစိတ္တာမည်သော မယားကလည်း ကြံဆင်ခြင်ပြန်သည်မှာ "သုဓမ္မာသည် ဧရပ်၏ အထက်ချက်အထွတ် ထုပိကာကိုပေးလှူအပ်၏။ သုနန္ဒာသည် ရေကန်ကို ပြုစေအပ်၏။ ငါသည်လည်း တစ်စုံတစ်ခုသော ဝတ္ထုကို ပြုစုခြင်းငှါ သင့်လျော်လျောက်ပတ်အပ်၏။ အဘယ်သို့သောဝတ္ထုကို ပြုစုလှူဒါန်းပါမည်နည်း"ဟု ကြံ၏။ ထိုနောက်မှ ဇရပ်ကိုလာကုန် သွားကုန်သော သူတို့သည် ရေကိုသောက်ချိုး၍ သွားကုန်သောကာလ၌လည်း ပန်းကိုပန်ဆင်၍ သွားခြင်းငှါ သင့်လျော်လျောက်ပတ်အပ်ပေ၏။ ပန်းအာရာမ်ကို ပြုစေအံ့ဟူသော အကြံသည်ဖြစ်၍ ထိုသုစိတ္တာသည် နှလုံးမွေ့လျော် ပျော်ဖွယ်ရှိသော ပန်းအာရာမ်ကို ပြုစေ၏။ များသောအားဖြင့်ကား ထိုပန်းအာရာမ်၌ ဤမည်ရှိသော အသီးအပွင့်နှင့်ပြည့်စုံသော သစ်ပင်သည် မရှိချေတကားဟု ပြောဆိုခြင်း မဖြစ်လောက်အောင် အလွန်ပင် ပြည့်စုံပေ၏။

## အလှူကြိုက်သော သုဇာတာ

သုဇာတာမည်သော မယားသည်ကား ငါသည် မဃလုလင်၏ ဦးရီး၏ သမီးလည်း ဖြစ်ပေ၏။ ခြေရင်းအလုပ်အကျွေးလည်း ဖြစ်၏။ ထိုမဃလုလင်သည် ပြုအပ်သော ကုသိုလ်ကောင်းမှုကံသည် ငါ့အားလည်း ရပေရာ၏။ ငါသည် ပြုအပ်သော ကုသိုလ်ကောင်းမှုကံသည် ထိုမဃလုလင်အားလည်း ရပေ၏"ဟုကြံ၍ တစ်စုံတစ်ခုသော အလှူဝတ္ထုကို မပြုစုမလှူဒါန်းမူ၍ မိမိကိုယ်ကိုသာ တန်ဆာဆင်ယင်လျက် ကာလကို လွန်စေ၏။ မဃလုလင်သည် မိခင် ဖခင်တို့အား ရှိသေကောင်းမွန်စွာ လုပ်ကျွေးခြင်း အမျိုး၌ အသက်ဂုဏ်အားဖြင့် ကြီးကုန်သော မိကြီး,မိထွေး, ဘထွေး, ဘကြီး စသောသူတို့၌ ရှိသေကိုင်းညွတ် ဝတ်အမှုကိုပြုစု ရွက်ဆောင်ခြင်း မှန်ကန်သော စကားကို ဆိုခြင်း ကြမ်းကြုတ်ယုတ်မာသော စကားကိုမဆိုခြင်း၊ ချောပစ်ကုန်းချောသော စကားကို မဆိုခြင်း၊ မစ္ဆေရကို ပယ်ဖျက်ခြင်း၊ အမျက်မထွက်ခြင်း တည်းဟူသော ဤခုနစ်ပါးကုန်သော ကျင့်ဝတ်တို့ကို ကျင့်သုံးဆောက်တည် ဖြည့်လျက် နေပေ၏။

## တာဝတိံသာ၌ ဖြစ်ခြင်း

မာတာပေတ္တိဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာပစာယိနံ။
သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။

မစ္ဆေရဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံ နရံ။
တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟု "သပ္ပုရိသော" ဣတိ—

ဟူသော ပါဠိဂါထာတို့ဖြင့် နတ်များစွာတို့ ကောင်းစွာ ချီးမွမ်းထောမနာ အပ်သည့်အဖြစ်သို့ရောက်၍ အသက်၏အဆုံး၌ တာဝတိံသာ နတ်ပြည်ဝယ် သိကြားနတ်မင်း၏ အဖြစ်သည် ဖြစ်လေ၏။ ထိုသုံးကျိပ် သုံးယောက်ကုန်သော အပေါင်းအဖော် အဆွေခင်ပွန်းတို့သည်လည်း တာဝတိံသာ နတ်ပြည်၌သာ လျှင် ဖြစ်လေကုန်၏။ လက်သမားသည် ဝိသုကြံနတ်သား ဖြစ်လေ၏။

## အသုရာပြည်

ထိုအခါ တာဝတိံသာနတ်ပြည်၌ အသုရာတို့သည် နေကုန်၏၊ ထိုအသုရာ တို့သည် အသစ်ဖြစ်သောနတ်သားတို့သည် ဖြစ်လာကုန်သတည်းဟု နတ်၌ဖြစ် သော သေအဖျော်ကို စီရင်ကြကုန်၏။ သိကြားမင်းသည် မိမိ၏ပရိသတ်၌ တစ်စုံတစ်ယောက်မျှသော သူသည် မသောက်စေခြင်းငှါ အမှတ်ကို ပေး၏။ အသုရာတို့သည် သေကိုသောက်၍ မေ့လျော့ကုန်၏။ သိကြားမင်းသည် ဤသူ တို့နှင့် ဆက်ဆံသော မင်း၏အဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု မိမိ၏ ပရိသတ်အား အမှတ်သညာကိုပေး၍ ထိုအသုရာတို့ကို ခြေတို့၌ကိုင်ငင်စေပြီး မဟာသမုဒ္ဒရာ၌ ပစ်ချစေ၏။ ထိုအသုရာတို့သည် အောက်သို့ ညွတ်သော ဦးခေါင်းဖြင့် သမုဒ္ဒရာ၌ စောက်ထိုးကျကုန်၏။ ထိုအခါ အသုရာတို့၏ ကောင်းမှု အာနုဘော်ဖြင့် မြင်းမိုရ်တောင်မင်း၏ အောက်အပြင်၌ အသုရာဗိမာန် မည် သည်ဖြစ်လေ၏။ ဆန်းကြယ်သော သခွတ်ပင် မည်သည် ဖြစ်လေ၏။

နတ်တို့သည် အသုရာတို့နှင့် စစ်ပြိုင်ရာ၌ကား အသုရာ နတ်သားတို့သည် ရှုံးကုန်သည်ရှိသော် ယူဇနာတစ်သောင်းကုန်သော တာဝတိံသာ နတ်ပြည် သည် ဖြစ်လေ၏။

## တာဝတိံသာ အကြောင်း

ထိုတာဝတိံသာနတ်ပြည်၏ အရှေ့တံခါးနှင့် အနောက်တံခါးတို့၏ အကြား သည် ယူဇနာတစ်သောင်းရှိ၏။ တောင်တံခါးတို့နှင့် မြောက်တံခါးတို့၏အကြား သည်လည်း ယူဇနာ တစ်သောင်းပင်ရှိ၏။ ထိုတာဝတိံသာ နတ်ပြည်သည် တံခါးပေါင်း တစ်ထောင်တို့နှင့် ယှဉ်သည် ဖြစ်ပေ၏။ ဥယျာဉ် ရေကန်တို့ဖြင့် တန်ဆာဆင်အပ်ပေ၏။

ထိုတာဝတိံသာ နတ်ပြည်၏အလယ်၌ ဇရပ်ဆောက်၍ လှူခဲ့ဖူးသော ကောင်းမှုစေတနာ၏ အာနိသံသအကျိုးဆက်ကြောင့် ယူဇနာသုံးရာ အစောက် အမြင့်ရှိကုန်သော တံခွန်တို့ဖြင့် တန်ဆာဆင်အပ်သော ယူဇနာ ခုနစ်ရာ

အမြင့်အစောက်ရှိသော ဝေဇယန္တာ အမည်ရှိသော ဘုံနန်းပြာသာဒ်သည် ပေါ်ထွက်လာပေ၏။ ရွှေဖြင့်ပြီးသော တံခွန်တိုင် အရိုးတို့၌ ပတ္တမြား တံခွန်ရွက်တို့သည် ဖြစ်ကုန်၏။ ပတ္တမြားဖြင့်ပြီးသော တံခွန်တိုင်အရိုးတို့၌ ရွှေတံခွန်ရွက်တို့သည် ဖြစ်ကုန်၏။ သန္တာဖြင့် ပြီးကုန်သော တံခွန်တိုင်တို့၌ ပုလဲတံခွန်ရွက်တို့သည် ဖြစ်ကုန်၏။ ပုလဲဖြင့် ပြီးကုန်သော တံခွန်တိုင်တို့၌ သန္တာ တံခွန်ရွက်တို့သည် ဖြစ်ကုန်၏။ ရတနာခုနစ်ပါးတို့ဖြင့် ပြီးကုန်သော တံခွန်တိုင်တို့၌ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော တံခွန်ရွက်တို့သည် ဖြစ်ကုန်၏။ တံခွန်တိုင်တို့၏ အလယ်၌ စိုက်ထားအပ်သော တံခွန်သည် ယူဇနာသုံးရာ အမြင့်အစောက်ရှိ၏။

ဤသို့တံခွန်နှင့်ကကွ ဇရပ်ကို ပြုစု ဆောက်လုပ်၍ လှူခဲ့ဖူးသော ကုသိုလ်ကောင်းမှုကံ၏ အာနိသံ အကျိုးဆက်ဖြင့် ယူဇနာ တစ်ထောင် မြင့်သော ဝေဇယန္တာ ဘုံနန်းပြာသာဒ်သည် ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသည်ဖြစ်၍ ဖြစ်လာပေ၏။

ပင်လယ်ကသစ်ပင်ကိုစိုက်၍ လှူဒါန်းပြုစုခဲ့ဖူးသော ကုသိုလ်ကောင်းမှုကံ၏ အာနိသံ အကျိုးဆက်ဖြင့် ထက်ဝန်းကျင်မှ ယူဇနာတစ်ရာ အဝန်းရှိသော ပင်လယ်ကသစ်ပင်သည် ဖြစ်၏။

ကျောက်ဖျာအင်းပျဉ်ကို ကသစ်ပင်ရင်း၌ ခင်းထား၍ လှူဒါန်းပြုစုခဲ့ဖူးသော ကုသိုလ်စေတနာကံ၏ အာနိသံအကျိုးဆက်ဖြင့် ပင်လယ်ကသစ်ပင်၏ အနီးအပါး၌ အလျားအားဖြင့် ယူဇနာခြောက်ဆယ် အနံအားဖြင့် ယူဇနာငါးဆယ် အထုအားဖြင့် တစ်ဆယ့်ငါး ယူဇနာ ရှိသော လယ်ခေါင်ရန်းပန်းအဆင်း ကမ္ဗလာနီ အဆင်းကဲ့သို့ ထွတ်ထွတ်နီမြန်းသော အဆင်းရှိသော ပဏ္ဍုကမ္ဗလာ အမည်ရှိသော ကျောက်နေရာသည် ဖြစ်၏။ ထိုပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ ထိုင်နေသော အခါဝယ် ထက်ဝက်သော ကိုယ်သည် နစ်မြုပ်၍ သွား၏၊ ထသောအခါ ရပ်သောအခါ၌ ပုဆစ်ဒူးဝန်းတိုင်အောင် ကျွံနစ်၍ တစ်ဖန်ပြည့်သွား၏။

## ရောဝဏ် ဆင်အကြောင်း

ရောဝဏ်အမည်ရှိသော ဆင်သည် နတ်သား၏ အဖြစ်ဖြင့် ဖြစ်ပေ၏။ ထိုစကားမှန်၏ နတ်ပြည်၌ တိရစ္ဆာန်တို့မည်သည် မဖြစ်ကုန်ဟု ဋီကာအဋ္ဌကထာ၌ မိန့်တော်မူ၏–

ထိုသို့ နတ်ပြည်၌ တိရစ္ဆာန်တို့သည် ဖြစ်ခြင်းမရှိကုန်သောကြောင့် ဧရာဝဏ်ဆင်သည် နတ်သား၏ အဖြစ်ဖြင့် ဖြစ်လေ၏၊ ထိုနတ်သားသည် ဥယျာဉ်ကစားခြင်းငှာ ထွက်ကြွလေသောအခါ၌ မိမိ၏ အတ္တဘောကို စွန့်၍ ယူဇနာတစ်ရာ့ငါးဆယ်ရှိသော ဧရာဝဏ်အမည်ရှိသော ဆင်ဖြစ်ပေ၏။

ထိုဧရာဝဏ် ဆင်နတ်သားသည် သုံးကျိပ် သုံးယောက်ကုန်သော သူတို့၏ စီးပွားခြင်းအကျိုးငှာ သုံးဆယ့်သုံးလုံးကုန်သော ဦးကင်းတို့ကို ဖန်ဆင်းပေ၏။ သုံးဂါဝုတ် တစ်ယူဇနာခွဲ ပမာဏရှိသော လည်ရစ်ရေးဖြင့် ဖန်ဆင်းပေ၏။ ထိုသူတို့၏ အလယ်၌ သိကြားနတ်မင်း၏ နေတော်မူခြင်းငှာ သုဒဿန အမည်ရှိသော ယူဇနာ သုံးဆယ်ရှိသော ဆင်ဦးကင်းကို ဖန်ဆင်း၏။ ထိုဆင်ဦးကင်း၏ အထက်အပေါ်၌ တစ်ဆယ့်နှစ်ယူဇနာရှိသော ရတနာမဏ္ဍပ် ဖြစ်ပေ၏။ ထိုတစ်ဆယ့်နှစ်ယူဇနာရှိသော မဏ္ဍပ်၏ အကြားအကြား၌ ရတနာ ၇ ပါးဖြင့် ပြီးကုန်သော တစ်ယူဇနာ အမြင့်ရှိကုန်သော တံခွန်တို့သည် ပေါက်ကုန်၏။ တံခွန်၏နံပါး၌ ရွှေခြူကွန်ရက်သည် ဆွဲ၏။ ရွှေခြူကွန်ရက်ကို ညှင်းညှင်းသောလေသည် တိုက်ခတ်အပ်သည်ရှိသော် ရွှေခြူကွန်ရက်၏ တူရိယာငါးမျိုးတို့နှင့် ရောယှက်ခြင်းရှိသော နတ်တို့၏ သီချင်းသံကဲ့သို့သော ညိုးညိုးငြိမ့်ငြိမ့်သော အသံသည် ထွက်၏။

မဏ္ဍပ်၏အလယ်၌ သိကြားနတ်မင်း၏ စံစားတော်မူစေခြင်း အကျိုးငှာ တစ်ယူဇနာရှိသော ပတ္တမြားပလ္လင်ကို ခင်းထားအပ်၏။ ထိုပတ္တမြား ရတနာပလ္လင်၌ သိကြားမင်းသည် ထိုင်နေတော်မူ၏။

သုံးဆယ့်သုံးလုံးကုန်သော ဧရာဝဏ်ဆင်၏ ဦးကင်းတို့တွင် တစ်ခုတစ်ခုသော ဦးကင်း၌ ခုနစ်ခု ခုနစ်ခုကုန်သော အစွယ်တို့ကို ဖန်ဆင်း၏၊ ထိုခုနစ်ခုကုန်သော အစွယ်တို့တွင် တစ်ခုတစ်ခုသော အစွယ်သည် ယူဇနာငါးဆယ် အလျားရှည်၏၊ တစ်ခုတစ်ခုသော အစွယ်၌ ခုနစ်ခု ခုနစ်ခုကုန်သော ရေကန်တို့သည် ပါ၍ရှိကုန်၏။ တစ်ခုတစ်ခုသော ရေကန်၌ ခုနစ်ခု ခုနစ်ခုကုန်သော ပဒုမ္မာကြာရုံတို့သည် ပေါက်ရောက်ကုန်၏။ တစ်ခုတစ်ခုသော ကြာရုံ၌ ခုနစ်ပွင့် ခုနစ်ပွင့်ကုန်သော ကြာပွင့်တို့သည် ပွင့်ကုန်၏။ တစ်ခုတစ်ခုသော ပဒုမ္မာကြာပွင့်၌ ခုနစ်ခု ခုနစ်ခုကုန်သော ပွင့်ချပ်တို့သည် ဖြစ်ကုန်၏။ တစ်ခုတစ်ခုသော ပွင့်ချပ်၌ ခုနစ်ယောက် ခုနစ်ယောက်ကုန်သော နတ်သမီးတို့သည် ကကုန်၏။

ဤသို့ပြအပ်ပြီးသော အစဉ်အတိုင်းအားဖြင့် ထက်ဝန်းကျင်မှ ယူဇနာငါးဆယ်ရှိသော အရပ်၌ ဆင်စွယ်တို့၌သာလျှင် အမြဲမပြတ် ကချေသည် ပွဲလမ်းသဘင်တို့သည် ဖြစ်ကုန်၏။ ဤသို့သော အခြင်းအရာ ကြီးကျယ်စွာသော

စည်းစိမ်ချမ်းသာကို အစဉ်ခံစားလျက် သိကြားမင်းသည် လှည့်လည်ကြွမြန်းလျက် စက်ပန်းချွေတော်မူလေသတည်း။

## သုဓမ္မာမိဖုရား

သုဓမ္မာမည်သော မယားသည် သေလွန်ခြင်းကိုပြုခဲ့၍ တာဝတိံသာ နတ်ပြည်၌ပင် ဖြစ်လေ၏။ သုဓမ္မာ အမည်ရှိသော ထိုနတ်မိဖုရားအား ယူဇနာ ကိုးရာရှိသော နတ်သဘင်သည် ဖြစ်၏။ ထိုနတ်သဘင်ထက် နှစ်သက်မွေ့လျော် လွန်စွာ ပျော်ဖွယ်ရာရှိသော တစ်ပါးသော အရပ်မည်သည် မရှိပေသတတ်၊ လ၏ ရှစ်ရက်မြောက် ရှစ်ရက်မြောက်သောနေ့၌ တရားနာခြင်းသည် ထိုသုဓမ္မာ နတ်သဘင်၌သာလျှင် ဖြစ်ပေ၏။ ထိုသုဓမ္မာနတ်သဘင်၏ အလွန်လျှင် လုံးလုံး မွေ့လျော် ပျော်ဖွယ်ရာကောင်းသောကြောင့် ယနေ့ထက်တိုင်အောင် နှလုံး မွေ့လျော် ပျော်ဖွယ်ရာရှိသော အရပ်ကိုမြင်၍ သုဓမ္မာနတ်သဘင်ကဲ့သို့ပင် ဖြစ်ပေသည်ဟု ဆိုကြကုန်၏ဟု ရှင်အဋ္ဌကထာ၌ မိန့်တော်မူ၏။

## နန္ဒာမိဖုရား

နန္ဒာမည်သော မယားသည်လည်း သေလွန်ခြင်းကိုပြုခဲ့၍ သွားရောက်ပြီးလျှင် တာဝတိံသာ နတ်ပြည်၌ပင် နတ်မိဖုရား၏ အဖြစ်ဖြင့် ဖြစ်လေ၏၊ ထိုနန္ဒာ မည်သော နတ်မိဖုရားအား ယူဇနာငါးရာရှိသော နန္ဒာမည်သော ရေကန်သည် ဖြစ်၏။

## သုစိတ္တာမိဖုရား

သုစိတ္တာမည်သော မယားသည်လည်း စုတိပြောင်းကြွေ သေလွန်ခြင်းကို ပြု၍ သွားရောက်ပြီး တာဝတိံသာနတ်ပြည်၌ပင်လျှင် နတ်မိဖုရား၏ အဖြစ်ဖြင့် ဖြစ်လေ၏။ ထိုစိတ္တာမည်သော နတ်မိဖုရားအား ယူဇနာငါးရာရှိသော စိတ္တလတာဥယျာဉ်မည်သည် ဖြစ်၏။ ထိုကြောင့် စိတ္တလတာဥယျာဉ်၌ နှလုံးမသာ မျက်နှာညှိုးငယ် သေဖွယ်သော နိမိတ် ကြောက်ထိပ်စရာ ဖြစ်ပေါ်လာသော နတ်သားတို့ကို ခေါ်သွားဆောင်ယူပြီး ဝမ်းမြောက်ဝမ်းသာ ကြည်ရွှင်စွာဖြင့် ကောင်းစွာ လှည့်လည်ကြကုန်၏။

## ဗျိုင်းမသုဇာတာ

သုဇာတာမည်သော မယားသည်ကား စုတိပြောင်းကြွေ သေလွန်ခြင်းကို ပြု၍ တစ်ခုသော တောင်ချောက်ကြား၌ တစ်ကောင်သော ငှက်ဗျိုင်းမ၏ အဖြစ် ဖြင့်ဖြစ်လေ၏။ သိကြားမင်းသည် မိမိခြေရင်း အလုပ်အကျွေး ဖြစ်ကုန်သော

ခင်ပွန်း မယားတို့ကို ကြည့်ရှု ဆင်ခြင်သည်ရှိသော် သုဓမ္မာသည် မိမိ၏စံနေရာ ဤတာဝတိံသာနတ်ပြည်၌ပင် ဖြစ်လေသည်။ ထိုအတူ သုနန္ဒာသည်လည်း ကောင်း၊ သုစိတ္တာသည်လည်းကောင်း ဤတာဝတိံသာနတ်ပြည်၌ ဖြစ်လေသည်။ သုဇာတာသည်ကား အဘယ်အရပ်မှာ ဖြစ်ပါလိမ့်မည်နည်းဟု ကြံဆင်ခြင်လျက် တောင်ချောက်ကြား၌ ဥဗျိုင်းမ၏ အဖြစ်ဖြင့် ဖြစ်၍နေသော သုဇာတာကို မြင်၍ သြော် အလွန်မိုက်စွတကား ဤသူမိုက်မသည် တစ်စုံတစ်ခုသော ကောင်းမှုကို မပြုစု မဆည်းပူးသောကြောင့် အဟိတ်သန္ဓေ စွဲနေရုပ်မှန် တိရစ္ဆာန်မျိုး၌ ဖြစ်ရလေသည်။ ဤယခုအခါ သုဇာတာဘဝမှ ပြောင်းကြွ ထိုဥဗျိုင်းမကို ပုညအထူးကို ဆည်းပူးပြုစုစေ၍ ငါနေရာဖြစ်သော ဤတာဝတိံသာ နတ်ပြည်သို့ လှည့်ပတ်ဖြားယောင်း၍ ခေါ်ဆောင်ခြင်းငှါ သင့်လျော် လျောက်ပတ်အပ်၏ဟု ကြံဆင်ခြင်၍ မိမိ၏ အတ္တဘောကို စွန့်လွှတ်ပြီး မထင် ရှားသော အသွင်ဖြင့် ထိုဥဗျိုင်းမ၏ အထံသို့သွား၍ အဘယ်သို့သော အမှုကို ပြု၍ ယခုအရပ်၌ လှည့်ပတ်သွားလာဘိသနည်းဟု မေး၏။

## ဗျိုင်းမကလေးကို တာဝတိံသာသို့ ခေါ်ခြင်း

အရှင် အသင်သည် အဘယ်သူနည်းဟု ပြန်၍မေးသဖြင့် ငါသည်အသင်၏ အရှင်ခင်ပွန်းလင် ဖြစ်ပေသော မဃလုလင်ပေတည်းဟု ဆိုသော် အို-အရှင်· အရှင်သည် အဘယ်အရပ်၌ ဖြစ်ပါသနည်းဟု မေးပြန်သဖြင့် ချစ်နှမ ငါသည် တာဝတိံသာနတ်ပြည်၌ ဖြစ်ပေသည် အသင် ချစ်နှမ၏ အဖော်မတို့ ဖြစ်ရာအရပ်ကို သိပါ၏လောဟု ပြောဆိုလျှင် အရှင် အကျွန်ုပ်သည် မသိပါဟု ပြောဆိုလျှင် အရှင် အကျွန်ုပ်သည် မသိပါဟု ပြောသဖြင့် အသင်၏ အဖော်မ သုံးယောက်တို့သည်လည်း ငါ၏အထံ၌သာ ဖြစ်ကြလေကုန်သည် အသင်သည် ထိုအဖော်မတို့အား ရှုမြင်ခြင်းငှာ အလိုရှိသလောဟု မေးလျှင် အရှင် အကျွန်ုပ် ထိုအရပ်ကို အဘယ်သို့ သွားနိုင်ပါလတ္တံ့နည်းဟု ပြောသဖြင့် သိကြားမင်းက အသင့်ကို ငါဆောင်ကြဉ်း၍ သွားအံ့ဟုဆို၍ ထိုဗျိုင်းမကို လက်အပြင်၌ တင် ထားသည်ကို ပြု၍ တာဝတိံသာနတ်ပြည်သို့ ဆောင်ယူခဲ့ပြီးသော် သုနန္ဒာ မိဖုရား၏ ရေကန် ကမ်း၌ လွှတ်ထားပြီး ဤမှတစ်ပါးလည်း ဖြစ်ကုန်သော သုံးယောက်ကုန်သော နတ်မိဖုရားတို့အား အသင်တို့၏ အဖော်မ ဖြစ်သော သုဇာတာကို ရှုမြင်လိုကုန်သလောဟု မေး၍ အရှင်မင်းမြတ် သုဇာတာသည် အဘယ်မှာနည်းဟု မေးသဖြင့် သုနန္ဒာ၏ ရေကန်ကမ်းနား၌ တည်ရှိလေ သတည်းဟု ပြောကြားလိုက်၏။

## သုဇာတဗျိုင်းမကို ပြက်ရယ်ပြုခြင်း

သုံးယောက်လည်းဖြစ်ကုန်သော ထိုနတ်မိဖုရားတို့သည် သွားရောက်၍ အရှင်မ အဆင်းသည်ကား ဩော်...အံ့ဖွယ်ရှိလေစွတကား၊ အတ္တဘောကို တန်ဆာဆင်ယင် ပြုပြင်ခြင်း၏ အကျိုးသည် ဩော်...အံ့ဖွယ်ရှိလေစွတကား၊ ဤယခုအခါ တန်ဆာဆင်လေ့ရှိသော ထိုသုဇာတာ၏ နှုတ်သီးကို ကြည့်ရှုကြပါကုန်လော့၊ ခြေတို့ကို ကြည့်ရှုကြပါကုန်လော့၊ သလုံးမြင်းခေါင်းကို ကြည့်ရှုကြပါကုန်လော့၊ ထိုသုဇာတာ၏ အတ္တဘောသည် အလွန်တင့်တယ်လေစွတကားဟု ရှုတ်ချကဲ့ရဲ့ပြက်ရယ်မှုကို ပြုကုန်လျက် ဖဲသွားကြကုန်၏။

တစ်ဖန် သိကြားမင်းသည် ထိုဗျိုင်းမ၏ အထံသို့သွား၍ သင်၏ အဖော်မတို့ကို မြင်ရပြီလောဟု ဆို၍ အရှင် မြင်ပါ၏ ငါ့ကို ပြက်ရယ်ပြု၍ သွားကြလေကုန်သည် အကျွန်ုပ်၏ နေရာဖြစ်သော တောင်ချောက်ကြားသို့သာလျှင် ပြန်ဆောင်၍ အကျွန်ုပ်ကို ပို့ပါလော့ဟု ဆိုသည်ရှိသော် ထိုဗျိုင်းမကို တောင်ချောက်ကြားသို့သာလျှင် ပြန်ဆောင်ခဲ့၍ ရေ၌ လွှတ်ပြီးသော် အသင်၏ အဖော်မ ဖြစ်ကုန်သော ထိုသူတို့၏ ပြည့်ကြွယ်ရိပ်ငြိမ် စည်းစိမ်ချမ်းသာကို မြင်အပ်သည် မဟုတ်လောဟု မေး၏။ အရှင်မင်းမြတ် မြင်အပ်ပါ၏ဟု ဆိုသဖြင့် အသင်သည်လည်း ထိုအရပ်၌ ဖြစ်ခြင်းအကြောင်း ဤကောင်းမှုကုသိုလ်ကို စီမံပြုလုပ်ခြင်းငှါ အပ်၏ဟု မိန့်ဆိုသော် အရှင်မင်းမြတ် အဘယ်ကိုပြုရပါမည်နည်းဟု ဆိုသဖြင့် အသင်သည် ငါပေးအပ်သော အဆုံးအမ ဩဝါဒကို စောင့်ရှောက်နိုင်လတ္တံ့လောဟု မေးသော် အရှင်မင်းမြတ် စောင့်ရှောက်နိုင်ပါလတ္တံ့ဟု ဆို၏။ ထိုအခါ ဗျိုင်းမအား သိကြားမင်းသည် ငါးပါးသီလတို့ကိုပေး၍ မမေ့မလျော့ စောင့်ရှောက်လေလော့ဟု တိုက်တွန်းပြောဆိုပြီးသော် ဖဲသွားလေ၏။

## အိုးထိန်းသည်သမီး

ဗျိုင်းမသည် ထိုနေ့မှစ၍ မိမိသည် အလိုလိုသေပြီးလေသော ငါးတို့ကိုသာလျှင် ရှာမှီး၍ စား၏။ သိကြားမင်းသည် နှစ်ရက်သုံးရက် လွန်မြောက်သဖြင့် ထိုဗျိုင်းမအား စူးစမ်းခြင်းငှါ သွား၍ သေအပြင်၌သေသော ငါးကဲ့သို့ဖြစ်၍ အိပ်၏။ ဗျိုင်းမသည်မြင်၍ သေလေပြီးသော ငါးဟူသောအမှတ်ဖြင့် ကောက်ယူ၏။ ငါးသည် ကျင်နာသောအခါ၌ အမြီးကိုလှုပ်၏။ ဗျိုင်းမသည် အသက်ရှိသော ငါးပေတည်းဟု ရေ၌ လွှတ်၏။ သိကြားမင်းသည် အတန်ငယ်သော ကာလကို လွန်စေ၍ တစ်ဖန် ဗျိုင်းမ၏ ရှေ့မှ ပက်လက်သည်ဖြစ်၍ အိပ်၏။ တစ်ဖန် ဗျိုင်းမသည် သေလေပြီးသော ငါးဟူသောအမှတ်ဖြင့် ကောက်ယူ၍ ကျင်နာသောအခါ ငါးသည် အမြီးလှုပ်သည်ကို မြင်သော် အသက်ရှိသော ငါးပေတည်းဟု လွှတ်၏။ ဤသို့သောနည်းဖြင့် သုံးကြိမ်တိုင်တိုင် စူးစမ်းပြီးမှု

ကောင်း၏၊ သီလစောင့်ရှောက်ပေ၏ဟု မိမိကိုယ်ကို သိစေ၍ ငါသည် အသင့်အား စူးစမ်းခြင်းငှါ လာခဲ့ပေသည်၊ ကောင်းစွာ သီလကို စောင့်ရှောက်ဘိလော့၊ ဤသို့ စောင့်ရှောက်အပ်သည် ရှိသော် မကြာမြင့်မီပင် ငါ၏အထံ၌ ဖြစ်လတ္တံ့၊ မမေ့မလျော့သည် ဖြစ်လေလောဟု ပြောဆိုဆုံးမ၍ ဖဲသွားလေ၏။ ဗျိုင်းမသည် ထိုအခါမှ စ၍ မိမိ၏ စားရန်အလို့ငှါ မိမိအလိုလို သေလေပြီးသော ငါးကို ရသောအခါလည်းရှိ၏။ မရသောအခါလည်း ရှိ၏။ တစ်ရံသောအခါ သေလေပြီးသော ငါးကို မရသည်ဖြစ်၍ နှစ်ရက်သုံးရက်ကို လွန်သဖြင့် ခြောက်ကပ်ပြီး သေလွန်ခြင်းကို ပြုခဲ့သည်ရှိသော် သီလ၏အကျိုးဆက်ဖြင့် ဗာရာဏသီပြည်၌ အိုးထိန်းသည် သမီး ဖြစ်လေ၏။

## ရွှေသခွားသီးရောင်းသော သိကြားမင်း

ထိုအခါ အိုးထိန်းသည်၏သမီး အသက်သည် တစ်ဆယ့်ငါးနှစ်, တစ်ဆယ့်ခြောက်နှစ်မျှအရွယ်ရှိသောကာလ၌ သိကြားမင်းသည် သုဇာတာသည် အဘယ်အရပ်၌ ဖြစ်ပါလိမ့်မည်နည်းဟု စူးစမ်းဆင်ခြင်သည်ရှိသော် သိမြင်၍ ဤယခုအခါ ငါသည် ထိုအရပ်သို့သွားခြင်းငှါ အပ်၏ဟု ကြံပြီးမှ သခွားသီးအရောင်အဆင်းပမာဏဖြင့် တင်အပ်သော ရတနာခုနှစ်ပါးတို့ဖြင့် ယာဉ်ကို ပြည့်စေ၍ ထိုယာဉ်ရထားကို မောင်းနှင်လျက် ဗာရာဏသီပြည်သို့ ဝင်၍ အိုမိခင် ဖခင်တို့ သခွားသီးတို့ကို ဝယ်ယူကြကုန်လော့၊ ဝယ်ယူကြကုန်လော့ဟု ဟစ်အော်ကြွေးကြော်လျက် ခရီးလမ်းမ၌ သွား၏။လူတို့သည် ပဲနောက်ပဲကြီးစသည်တို့ကို လက်စွဲကုန်လျက် လာရောက် ဝယ်ယူသည်ရှိသော် အဖိုးဖြင့် ငါမပေးဟု ဆိုသော် အဘယ်သူအား ပေးလတ္တံ့နည်းဟု ဆိုသည်ရှိသော် သီလကို စောင့်ရှောက်သော မိန်းမအား ပေးအံ့ဟု ဆို၏။ အရှင် သီလမည်သည်ကား အဘယ်သို့ သဘောရှိသနည်း။ သီလ၏ အဆင်းသည် မည်းမည်းလော၊ ထိုသို့မဟုတ် အညိုစသော အဆင်းပင် ရှိလေသလောဟု မေး၏။ အသင်တို့သည် သီလဟူသည် အဘယ်သို့သော သဘောရှိသည်မျှကိုလည်းမသိကြကုန်၊ သီလကို အဘယ်သို့လျှင် စောင့်ရှောက်နိုင်ကုန်လတ္တံ့နည်း သီလကို စောင့်ရှောက်သော မိန်းမအား ပေးအံ့ဟု ဆိုသည်ရှိသော် အရှင် အိုးထိန်းသည်၏ တစ်ယောက်သော သမီးသည်ကား သီလစောင့်အံ့ဟု ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်လှည့်လည်၏၊ ထိုအိုးထိန်းသည်၏ သမီးအား ပေးပါချေဟု ဆိုသောကြောင့် ထိုသိကြားမင်းသည် သွားလေ၏။

အိုးထိန်းသည်၏ သမီးကလည်း ထိုသခွါးသီးလှည်းသမားကို အရှင် ထိုသို့ဖြစ်လျှင် အကျွန်ုပ်အား ပေးခဲ့လော့ဟု ဆို၏။ ချစ်သမီး အသင်သည် အဘယ်သို့သော အကျင့်ကို ကျင့်သုံး ဆောက်တည်နေသနည်းဟု မေးလျှင် အရှင်

အကျွန်ုပ်သည် မစွန့်မလွှတ် မကျိုးမပေါက်စေအပ်သော ငါးပါးသီလကို ကျင့်သုံးဆောက်တည် အပ်ပါသည်ဟု ဆိုသော် ငါသည် ဤပစ္စည်းကို အသင်၏ အလို့ငှါသာ ဆောင်ခဲ့အပ်ကုန်၏ဟု ယာဉ်ကို မောင်းနှင်လျက် အိုးထိန်းသည် သမီးအိမ်သို့သွား၍ တစ်ပါးသောသူတို့သည် မဆောင်ယူအပ်သည်ကို ပြုပြီးလျှင် သခွါးသီး၏ အဆင်းဖြင့် သိကြားနတ်မင်းသည် ပေးအပ်သော ဥစ္စာကို ပေး၍ မိမိကိုယ်ကို သိစေပြီးလျှင် ဤသခွါးသီးသည်ကား အသင်ချစ်သမီး၏ အသက်မွေးခြင်းငှါ ပြည့်စုံလုံလောက်သော ပစ္စည်းပေတည်း၊ ငါးပါးသီလတို့ကို မကျိုးမပျက်သည်ကို ပြု၍ စောင့်ရှောက်ပါလေဟု ဆိုပြီး ဖဲသွားလေ၏။

## အသုရာသမီး သုဇာတာ

သုဇာတာသည်လည်း အိုးထိန်းသည် သမီးဘဝမှ စုတေခဲ့သည်ရှိသော် အသုရာနတ်ပြည်၌ အသုရာနတ်မင်း၏ သမီးဖြစ်၍ သိကြားမင်း၏ ရန်သူဘုံဆောင် ဗိမာန်အိမ်၌ ဖြစ်လေ၏။ ဗျိုင်းမယ်ဖြစ်သောဘဝ, အိုးထိန်းသည် သမီးဖြစ်သော ဘဝဟု ဆိုအပ်ကုန်သော နှစ်ပါးသော ဘဝတို့၌ သီလကို ကောင်းမွန် လုံခြုံစွာ ထိန်းသိမ်း စောင့်ရှောက်ခဲ့ဖူးသောကြောင့် အလွန်အဆင်းလှ၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏။ သူတစ်ပါးနှင့် ဆက်ဆံခြင်းမရှိသော အဆင်းသဏ္ဌာန် လွန်စွာသော ကျက်သရေနှင့် ပြည့်စုံပေ၏။ ဝေပစိတ္တိအမည်ရှိသော အသုရာနတ်မင်းကြီးသည် လာတိုင်းလာတိုင်းကုန်သော အသုရာနတ်တို့အား အသင်တို့သည် ငါ၏သမီးအား မလျောက်ပတ် မလျော်ကြကုန်ဟု ဆို၏။

ထိုသမီးငယ်ကို တစ်စုံတစ်ယောက်သောသူအား မဆောက်နှင့် မထိမ်းမြားမူ၍ ငါ၏သမီးသည် မိမိသာလျှင် မိမိအား သင့်လျော် လျောက်ပတ်သော အရှင်လင်ကို ယူလတ္တံ့ဟု အသုရာမျိုးမတ် စစ်သည်အပေါင်းကို စည်းဝေးစေ၍ ချစ်သမီး အသင့်အား သင့်လျော် လျောက်ပတ်သော အရှင်လင်ကို ယူလေလော့ဟု ထိုသမီးငယ်၏ လက်၌ ပန်းကုံးကို ပေး၏။

## သုဇာတာပန်းကုံးစွပ်ပွဲ

ထိုခဏ၌ သိကြားမင်းသည် သုဇာတာ၏ ဖြစ်ရာအရပ်ကို ကြည့်ရှုသည်ရှိသော် ထိုအကြောင်းကို သိ၍ ဤယခုအခါ ငါသည် သွားပြီးလျှင် ထိုသုဇာတာကို ဆောင်ယူခြင်းငှါ အပ်၏ဟု ကြံ၍ အိုမင်း ကြီးရင့်လေပြီးသော အသုရာ၏ အသွင်ကို ဖန်ဆင်းပြီးလျှင် သွားရောက်၍ ပရိသတ်၏ အစွန်၌ ချပ်တည်၏။ သုဇာတာသည်လည်း ထိုမှ ဤမှ ကြည့်ရှုသည်ရှိသော် ရှေ့ဘဝ၌

အတူတကွ မေတ္တာအဟုန် ထုံခဲ့ဖူးသည်၏ အစွမ်းအားဖြင့်ဖြစ်သော ချစ်ခြင်း ရှိသဖြင့် အလျဉ်ထန်စွာ ဖြာဖြာသုန်သုန် တစ်ဟုန်တည်းဖြင့်စီးသော မြစ်ရေကဲ့သို့ လွှမ်းမိုးဖိစီး မရပ်တည်နိုင်သော နှလုံးရှိသည်ဖြစ်၍ ဤအသုရာ အဖိုးအိုသည် ငါ၏ အရှင် ချစ်လင်ပေတည်းဟု ဖန်ဆင်းသော ထိုအသုရာအို၏ ဦးခေါင်းထက်၌ ပန်းကုံးကို ပစ်ချလိုက်၏။

အသုရာအပေါင်းတို့သည် ငါတို့၏ မင်းကြီးသည် ဤမျှသော ကာလပတ်လုံး သမီးနှင့် ထိုက်တန်သော ခင်ပွန်းလင်ကို မရမူ၍ ယခုအခါ၌သာလျှင် ရခဲ့လေပြီ။ ထိုမင်းကြီး၏ သမီးအား မိမိဖခင်ထက် လွန်စွာ အသက်ကြီးသော ဤအသုရာ အိုကြီးသည် သင့်လျော် လျောက်ပတ်လေ၏ဟု ပြက်ရယ်မှုကို ပြုကုန်လျက် ရှက်နိုးကုန်သည်ဖြစ်၍ ဖယ်သွားကုန်၏။

## သုဇာတာကို တာဝတိံသာသို့ ဆောင်ခြင်း

သိကြားမင်းသည်လည်း ထိုသုဇာတာ မင်းသမီးကို လက်၌ကိုင်ဆွဲလျက် ငါသည် တာဝတိံသာနတ်ပြည်ကို အစိုးရသော သိကြားမင်းပေတည်းဟု ကြွေးကြော်ဟစ်အော်သော အသံဖြင့် ကြုံးဝါးလျက် ကောင်းကင်သို့တက် သွား၏။ အသုရာတို့က သိကြားအိုသည် ငါတို့ကို လှည့်ပတ်၍ သွားသည်ဟု နှလုံးမသာမယာရှိလျက် သိကြားကို ဖမ်းခြင်းငှာ အမှီလိုက်ကုန်၏ ခရီးဦးကြိုဆို ချီးမြှောက်တတ်သော မာတလိနတ်သားသည် ဝေဇယန္တာရထားကိုဆောင်ယူ ခဲ့၍ လမ်းခရီးအကြား၌ မျှော်ငံ့ဆိုင်းလင့်၍ နေနှင့်ပေ၏။ သိကြားမင်းသည် သုဇာတာနတ်သမီးကို ထိုဝေဇယန္တာ ရထားထက်၌ တင်၍ တာဝတိံသာ နတ်ပြည်သို့ ရှေ့ရှုသွားလေ၏။

ထိုအခါ သိကြားမင်း လက်ပံတောသို့ ရောက်သောအခါ၌ ရထားသံကို ကြား၍ ကြောက်လန့် တုန်လှုပ်ကုန်သော ဂဠုန်ငှက်ငယ်တို့သည် ကျိုးကျိုး ကျည်ကျည် ငိုမြည် ဟစ်အော်ကြကုန်၏။ ထိုဂဠုန်ငှက်ငယ်တို့၏ ငိုမြည် ဟစ်အော်သောအသံကိုကြား၍ သိကြားမင်းက မာတလိနတ်သားကို အမောင် မာတလိနတ်သား ကျိုးကျိုးကျည်ကျည် ငိုမြည်ဟစ်အော်သော သူတို့သည် အဘယ်သူတို့ပေနည်းဟု မေးတော်မူ၏။ မာတလိနတ်သားကလည်း နတ်တို့ သေင်္ခနင်း သိကြားမင်း ဂဠုန်ငှက်ငယ်တို့ပါတည်းဟု လျှောက်တင်လေသော် အဘယ့်ကြောင့် ကျိုးကျိုးကျည်ကျည် ငိုမြည် ဟစ်အော်ကုန်ဘိသနည်းဟု မေးတော်မူသဖြင့် အရှင်မင်းမြတ် ရထားသံကိုကြား၍ သေအံ့သောဘေးမှ ကြောက်ရွံ့သောကြောင့် ငိုကြွေးဟစ်အော်ပါကုန်သည်ဟု လျှောက်တင်သော် ငါတစ်ယောက်ကို အမှီပြု၍ ဤမျှလောက်သော သူအပေါင်းသည် ရထား၏

အဟုန်ဖြင့် မှန့်မှန့်ညက်ညက် မပျက်စီးပါစေလင့် ရထားကို ဆုတ်နစ်ရပ်စေဦးလော့ဟု မိန့်သော် မာတလိနတ်သားသည် သိန္ဓောမြင်းတစ်ထောင်အား နှင်တံအမှတ်ကို ပေး၍ ရထားကို ဆုတ်နစ် ပြန်လည်စေ၏။

ထိုသို့ ရထားဆုတ်နစ် ပြန်လည်သည်ကိုမြင်၍ အသုရာတို့သည် သိကြားအိုသည်ကား အသုရာပြည်မှစ၍ အားကုန်ပြေးသည်ဖြစ်ပါလျက် ဤယခုတစ်ဖန် ရထားကို ဆုတ်နစ် ပြန်လည်စေသည်မှာ မချွတ်ကေန် ထိုသိကြားအိုသည် အထောက်အပင့် အဖော်သဟဲ အားကိုးကို ရသည် ဖြစ်ပေလိမ့်မည်" ဟု ကြောက်ရွံ့သောကြောင့် ပြန်လည်ကြ၍ လာခဲ့သော လမ်းခရီးဖြင့် သာလျှင် အသုရာပြည်ကို ဝင်၍ တစ်ဖန် ဦးခေါင်းကို မော်၍ မကြည့်ရှုဝံ့ကြကုန်။

## သိကြားမင်းထံ အခွင့်အရေးတောင်းခြင်း

သိကြားမင်းသည်လည်း အသုရာနတ်မင်းကြီး သမီးဖြစ်သော သုဇာတာ ကို တာဝတိံသာနတ်ပြည်သို့ ဆောင်ယူခဲ့၍ နှစ်ကုဋေ ငါးသန်းကုန်သော နတ်သမီးတို့၏ အကြီးအမှူးအရာ၌ ပေးထား၏။ ထိုသုဇာတာ မိဖုရားသည် သိကြားမင်းကို ခွင့်ပေးရန်အကြောင်းဖြင့် ဆုကိုတောင်း၏။ အရှင်မင်းမြတ် အကျွန်ုပ်အား ဤတာဝတိံသာနတ်ပြည်၌ မိခင် ဖခင်တို့သည်လည်းကောင်း မောင်ကြီး မောင်ငယ် အစ်မ ညီမတို့သည်လည်းကောင်း၊ တစ်စုံတစ်ယောက်မျှ မရှိပါ၊ အကြင် အကြင်သို့သော အရပ်သို့ အရှင်မင်းမြတ်သည် ကြွသွားတော်မူ၏။ ထိုထိုသို့သော အရပ်သို့ အကျွန်ုပ်ကို ခေါ်ယူ၍သာလျှင် ကြွသွားတော်မူပါလော့ဟု ခွင့်တောင်း၏။သိကြားမင်းသည် ကောင်းပြီးဟုဆို၍ ထိုသုဇာတာ အား ပဋိညာဉ်ကိုပေး၏။

## အသုရာတို့စစ်ပွဲ

ထိုအခါမှ စ၍ သခွတ်ပင်သည် ပွင့်သည်ရှိသော် ငါတို့၏နေရာ အရပ်၌ ဖြစ်သော ပင်လယ်ကသစ်ပင်၏ ပွင့်သောအခါတည်းဟု အသုရာတို့သည် စစ်ထိုးခြင်းငှါ တာဝတိံသာနတ်ပြည်သို့ ရှေ့ရှုတက်ကုန်၏။သိကြားမင်းသည် အောက်သမုဒ္ဒရာ၌ နဂါးတို့အား အစောင့်အရှောက်ကို ထား၏။ ထို့နောက် တစ်ဆင့်မြောက်၌ ဂဠုန်တို့အား အစောင့်အရှောက်ကို ထား၏။ ထို့နောက် တစ်ဆင့်မြောက်၌ ကုမ္ဘဏ်တို့အား အစောင့်အရှောက်ကိုထား၏။ ထို့နောက် တစ်ဆင့်မြောက်၌ ယက္ခိုက်တို့အား အစောင့်အရှောက်ကို ထား၏။ ထို့နောက် တစ်ဆင့်မြောက်၌ စတုမဟာရာဇ်နတ်တို့အား အစောင့်အရှောက်ကို ထား၏။ အလုံးစုံသော အထက်၌ကား ဘေးရန် ဥပဒ္ဒဝေါကို တားမြစ်ခြင်းငှါ

တာဝတသာနတ်ပြည်တံခါးတို့၌ ဝရဇိန်လက်နက် လက်၌စွဲသော သိကြားမင်း အရုပ်ကို ထားပေ၏။ အသုရာတို့သည် နဂါးစသည်တို့ကို အောင်၍ပင် လာလေ ငြားသော်လည်း သိကြားမင်းအရုပ်ကို မြင်သည်ရှိသော် သိကြားမင်းထွက်လာ ချေသည်ဟု ပြေးကြကုန်၏။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော စကားအစဉ်အတိုင်းအားဖြင့် မဟာလိမင်းသား မဃအမည်ရှိသော လုလင်သည် မမေ့ မလျော့သော အကျင့်ကို ကျင့်သုံး ဆောက်တည်၏။ထိုသို့ မမေ့မလျော့သည် ဖြစ်သောကြောင့် မဃလုလင်သည် ဤသို့ သဘောရှိသော အစိုးရခြင်း စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းသို့ ရောက်၍ နှစ်ထပ်ကုန်သော နတ်ပြည်တို့၌ မင်းအဖြစ်ကို ပြုရပေ၏။

## သောတာပန်တည်ကြခြင်း

မဟာလိမင်းသား–ဤမမေ့မလျော့ခြင်း မည်သည်ကား ဘုရား စသော သူတော်ကောင်းတို့သည် ကောင်းစွာ ချီးမွမ်းထောမနာအပ်၏။ မမေ့မလျော့ ခြင်းကို အမှီပြု၍ အလုံးစုံလည်းဖြစ်ကုန်သော လောကီ လောကုတ္တရာ နှစ်ဖြာ သော အကျိုးထူးတရားတို့ကို ခံစားမုချ ရလေသတည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောကြားတော်မူ၏။

၃၀။ အပ္ပမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။
အပ္ပမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ။

မမေ့မလျော့ခြင်းကြောင့် သိကြားမင်းသည် နတ်တို့ထက် မြတ်သည်၏ အဖြစ်သို့ ရောက်ရလေ၏။ မေ့လျော့ခြင်းကို အခါခပ်သိမ်း ကဲ့ရဲ့ရှုတ်ချ အပ်၏။

ထိုဂါထာ၌ **အပ္ပမာဒေန ဟူသည်**=မစလရွာ၌ မြေပြင်၌ သုတ်သင်ခြင်းကို အစပြု၍ ပြုအပ်သော သတိမကင်းခြင်းကြောင့်ဟူလို။

**မဃဝါ ဟူသည်**=ယခုတိုင်အောင် မဃဟုခေါ်ဝေါ်အပ်သော မဃလုလင်သည် နှစ်ထပ်သော နတ်ပြည်တို့၏ မင်းအဖြစ်ဖြင့် နတ်တို့တွင် အမြတ်အကြီးအဖြစ်သို့ ရောက်၏။

**ပသံသန္တိ ဟူသည်**=ဘုရားစသော ပညာရှိတို့သည် မမေ့မလျော့သော သူကို သာလျှင် ချီးမွမ်းကုန်၏။အဘယ့်ကြောင့်နည်းဟူမူကား အလုံးစုံကုန်သော အရာအထူးရှိကုန်သော လောကီ လောကုတ္တရာ ကျေးဇူးတို့ကို ရခြင်းဖြစ်သော ကြောင့်တည်း ဟူလို။

**ပမာဒေါ ဂရဟိတော သဒါ ဟူသည်**=မေ့လျော့သောသူကိုကား ထိုဘုရားအစရှိသော ပညာရှိတို့သည် အမြဲကဲ့ရဲ့ပြစ်တင်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူကား အလုံးစုံသော ပျက်စီးခြင်းတို့၏ အကြောင်းအရင်း ဖြစ်သောကြောင့်တည်း။ ထိုစကားလင့်စ သူဆင်းရဲ၏ အဖြစ်သည်လည်းကောင်း၊ အပါယ်ဘုံသို့ရောက်ခြင်းသည်လည်းကောင်း၊ အလုံးစုံတို့သည် မေ့လျော့ခြင်းလျှင် အကြောင်းရင်းရှိကုန်သည်သာလျှင်တည်း ဟူလို။

ထိုဒေသနာတော်၏အဆုံး၌ မဃာလိအမည်ရှိသော လိစ္ဆဝီမင်းသားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ရောက်လာကုန်သော ပရိသတ်များစွာတို့သည်လည်း သောတာပန် စသည်တို့ ဖြစ်ကြလေကုန်၏။

## ခုနစ်ခုမြောက် မဃလုလင်၏ဝတ္ထု ပြီး၏။

## ၈။ အညတရ ရဟန်းဝတ္ထု

**အပ္ပမာဒရတော ဘိက္ခု** – အစပြုသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းတော်မူစဉ် အညတရ ရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူပေ၏။

ထိုအညတရ ရဟန်းသည် မြတ်စွာဘုရား၏အထံ၌ အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းကို ဟောကြားတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားပြီးသောအခါ ကောင်းစွာသင်ယူခဲ့ပြီးလျှင် တောအုပ်သို့ဝင်ပြီး အဖန်တလဲလဲ စေ့ဆော်လျက် လုံ့လအားထုတ် ပြုလုပ်ပါသော်လည်း အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ မစွမ်းနိုင်၊ ထိုအညတရရဟန်းသည် အထူးပြု၍ ကမ္မဋ္ဌာန်းကို ဟောစေဦးအံ့ဟု ကြံ၍ ထိုတောအုပ်မှ ထွက်ပြီးလျှင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ လာခဲ့သည်ရှိသော် လမ်းခရီးအကြား ကြီးကျယ်စွာသော အရောင်မျိုးစုံတို့ဖြင့် တောက်လောင်ညီးညီး တောမီးကြီးထသည်ကို မြင်၍ လျင်စွာသော အဟုန်ဖြင့် မြက်သစ်ပင်မပေါက် သွေ့ခြောက်သော အပြင်ရှိသော တောင်ထိပ်ထက်သို့ တက်လျက် ထိုင်နေပြီးလျှင် တောကို လောင်စွဲသော မီးကြီးကို ကြည့်ရှုလျက် အာရုံကိုယူ၏။ "ဤတောမီးသည် ကြီးသည်လည်းဖြစ်ကုန်သော၊ ငယ်သည်လည်းဖြစ်ကုန်သော မီးစာဖြစ်ကောင်း ထင်းသစ်အပေါင်းတို့ကို ထောင်းထောင်းကြေညက် တိုက်ဖျက်လောင်စွဲလျက် သွားလေဘိသကဲ့သို့ ထိုအတူ အရိယာမဂ်တည်းဟူသော မီးသည်လည်း ကြီးကြီးငယ်ငယ်ဖြစ်ကုန်သော သံယောဇဉ်တို့ကို တောက်လောင်ကျွမ်းစေသဖြင့် သွားအပ်သည်ဖြစ်လတ္တံ့ "ဟု အာရုံကိုယူ၏။

## ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

ဘုရားရှင်ကိုယ်တော်မြတ်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော်မူလျက် သာလျှင် ထိုရဟန်း၏ စိတ်အလိုကို သိ၍ ချစ်သားရဟန်း ဤတောမီးသည် ကြီးကြီးငယ်ငယ် ဖြစ်ကုန်သော မီးစာဖြစ်ကောင်း ထင်းသစ်အပေါင်းတို့ကို ထောင်းထောင်းကြေညက် တိုက်ဖျက်လောင်စွဲဘိသကဲ့သို့ ထိုအတူ ဤသတ္တဝါတို့၏ အတွင်းအဇ္ဈတ္တသန္တာန်၌ ဖြစ်ဆဲ ဖြစ်လတ္တံ့ကုန်သော ငယ်ငယ်ကြီးကြီး ကုန်သော သံယောဇဉ်တို့ကို ပညာဉာဏ်တည်းဟူသော မီးဖြင့် လောင်ကျွမ်း စေ၍ တစ်ဖန် ဖြစ်ခြင်းငှာ မထိုက်သော သဘောတို့ကို ပြုခြင်းငှာအပ်၏ဟု မိန့်တော်မူပြီးသော် ကိုယ်တော်ရောင်ကို လွှတ်၍ ထိုရဟန်း၏ ရှေ့တူရူ မျက်မှောက်၌ကဲ့သို့ ထင်စေလျက် ဤဂါထာကို ဟောကြားတော်မူ၏ –

၃၁။ အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။
သံယောဇနံ အဏုံ ထူလံ၊ ဍဟံ အဂ္ဂိဝ ဂစ္ဆတိ။

မမေ့လျော့ခြင်း၌ မွေ့လျော်သော မေ့လျော့ခြင်း၌ ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် အငယ်အကြီးဖြစ်သော သံယောဇဉ်ကို အလျှံကြီးသော မီးကဲ့သို့ လောင်ကျွမ်းစေလျက် သွားလေ၏။

ထိုဂါထာ၌ **အပ္ပမာဒရတော ဟူသည်**= သတိမကင်းခြင်းဖြင့် အလွန်မွေ့လျော် ခြင်းရှိသော အပ္ပမာဒတရားဖြင့် လွန်ခြင်းရှိသော ဟူလို။

**ပမာဒေ ဘယဒဿိ ဝါ ဟူသည်**= ငရဲ၌ဖြစ်ခြင်းကိုအစပြု၍ မေ့လျော့ခြင်း၌ ဖြစ်သော ဘေးကိုရှုလျက် ငရဲသို့ရောက်ကြောင်းဖြစ်ကုန်သော ထိုအကုသိုလ် တရားတို့၏လည်း အရင်းဖြစ်သောကြောင့် မေ့လျော့ခြင်းကို ဘေးအားဖြင့် ရှုလျက် ဟူလို။

**သံယောဇနံ ဟူသည်**=ဝဋ်ဆင်းရဲနှင့်တကွ သံယောဇဉ် ဟူသော အဖွဲ့ကို သံသရာဝဋ်ဆင်းရဲ၌ နှစ်စေခြင်းငှာ စွမ်းနိုင်သော သံယောဇဉ်ဆယ်ပါးကို ဟူလို။

**အဏုံ ထူလံ ဟူသည်**=ကြီးသော တောကိုလည်းကောင်း၊ ငယ်သော တော ကိုလည်းကောင်း ဟူလို။

**ဍဟံ အဂ္ဂိဝ ဂစ္ဆတိ ဟူသည်**=ဤမီးသည် ကြီးသည်လည်းဖြစ်သော ငယ် သည်လည်းဖြစ်သော ထိုလောင်စာထင်းကို တောက်လောင်လျက် သွားသကဲ့သို့ ဤအတူလျှင် မမေ့မလျော့ခြင်း၌ အလွန်မွေ့လျော်ခြင်းရှိသော ထိုရဟန်းသည်

အပ္ပမာဒဖြင့် ကောင်းစွာရအပ်သော အရိယာမင်ဟူသောမီးဖြင့် ဤသံယောဇဉ် ကြိုးအဖွဲ့ကို လောင်စေလျက် တစ်ဖန် ဖြစ်ခြင်းငှာ မထိုက်သည်ကို ပြုလျက် သွား၏ ဟူလို။

ထို ဒေသနာပါဌ်ဂါထာ၏ အဆုံး၌ အညတရရဟန်းသည် ထိုင်လျက် ပင်လျှင် အလုံးစုံသော သံယောဇဉ်တို့ကို လောင်ကျွမ်း ကုန်ခန်းစေ၍ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ကောင်းကင်ခရီးဖြင့် ကြွလာခဲ့သော် ရွှေအဆင်းကဲ့သို့ အဆင်းရှိတော်မူသော မြတ်စွာဘုရား၏ ကိုယ်တော်ကို ချီးမွမ်း ထောမနာ၍ ရှိသေ မြတ်နိုး ရှိခိုးပြီးသည်ရှိသော် ဖဲသွားလေ၏။

ရှစ်ခုမြောက် အညတရရဟန်းဝတ္ထု

ပြီး၏။

---

## ၉။ နိဂမဝါသိတိဿမထေရ်ဝတ္ထု

**အပ္ပမာဒရတော** အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံနေတော်မူစဉ် နိဂမဝါသိ တိဿမထေရ်ကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူ၏။

သာဝတ္ထိပြည်ကြီးမှ မနီးမဝေးဖြစ်သော နိဂုံးတစ်ခု၌ ဖြစ်သော ကြီးပွားခြင်းရှိသော အမျိုးကောင်းသားတစ်ယောက်သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြု၍ ပဥ္စင်းအဖြစ်ကို ရပြီးသော် "နိဂမဝါသိတိဿ အမည် ရှိသော မထေရ်သည် အလိုနည်း၏၊ ရောင့်ရဲလွယ်၏၊ ဆိတ်ငြိမ်ရာ အရပ်၌ ချဉ်းကပ် မွေ့လျော်လေ့ ရှိ၏၊ အားထုတ်အပ်သော လုံ့လ ဝီရိယရှိ၏" ဟု ဂုဏ်ကျေးဇူး အများတို့ဖြင့် အထူးထင်ရှား ကျော်စော၏။ ထိုနိဂမဝါသိ တိဿမထေရ်သည် အမြဲမပြတ် ဆွေမျိုးတို့၏ ရွာ၌သာလျှင် ဆွမ်းအလို့ငှာ လှည့်လည်၏။ အနာထပိဏ်သဌေး အစရှိသည်တို့သည် ကြီးစွာသော ဒါန အလှူကြီးတို့ကို ပြုလှူကုန်သည်ရှိသော်လည်းကောင်း၊ ပသေနဒီကောသလ မင်းကြီးသည် အသဒိသဒါနကို ပြုလှူသည်ရှိသော်လည်းကောင်း၊ သာဝတ္ထိ ပြည်သို့ ကြွလာတော်မမူလေ၊ တစ်ပါးသော ရဟန်းတို့သည် "ဤနိဂမဝါသိတိဿ မထေရ်ကား ထကြွလုံ့လကို ဖြစ်စေ၍ ဖြင့် ဆွေအမျိုးတို့နှင့် ရောနှော ဆက်ဆံခြင်း ရှိသည်ဖြစ်၍သာ နေ၏။ အနာထပိဏ်သဌေး အစရှိသည်တို့

သည် ကြီးစွာသော အလှူဒါနကြီးတို့ကို ပြုကုန်သည်ရှိသော်လည်းကောင်း ပသေနဒီကောသလမင်းကြီးသည် အသဒိသဒါနကို ပြုလှူသည်ရှိသော် လည်းကောင်း မကြွ မလာ''ဟူသော စကားကို ဖြစ်စေ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်အား ကြားလျှောက်ကြကုန်၏။

## မြတ်စွာဘုရား နိဂမဝါသီတိဿမထေရ်အား ကောင်းချီးပေးတော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ထိုနိဂမဝါသီတိဿမထေရ်ကို ခေါ်စေ၍ ချစ်သားရဟန်း အသင်သည် ဤသို့သောအမှုကို ပြုဘိသောသူဟူသည် မှန်ပေ သလောဟ မေးတော်မူ၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော် အဆွေအမျိုးတို့နှင့် ဆက်ဆံရောနှောခြင်းမရှိပါ။ တပည့်တော် သည် ထိုအဆွေအမျိုးဖြစ်ကုန်သော လူတို့ကိုမှီ၍ စားသုံးသောက်မျိုလောက်ရုံ သော ဆွမ်းအာဟာရကို ရပါ၏။ ကြမ်းတမ်း ယုတ်ညံ့သည်မူလည်း ဖြစ်စေ၊ မွန်မြတ်သည်မူလည်းဖြစ်စေ မျှတ လောက်ရုံမျှကို ရပါသည်ရှိသော် အာဟာရ ကို ရှာမှီးသဖြင့် အဘယ်အကျိုးရှိအံ့နည်း တစ်ဖန်မသွားပါ။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်အား အဆွေအမျိုးနှင့် ရောနှော ဆက်ဆံ ပေါင်းသင်းခြင်းမည်သည် မရှိပါဘုရားဟု လျှောက်ကြားသည်ရှိသော် မြတ်စွာဘုရားသည် ပကတိတိုင်းသောအားဖြင့်လည်း ထိုမထေရ်၏ အဇ္ဈာသယ ကို သိတော်မူပြီးဖြစ်၍ ချစ်သားရဟန်း ကောင်း၏၊ ကောင်း၏ဟု နိဂမဝါသီ တိဿ မထေရ်အား ကောင်းချီးကို ပေးတော်မူ၍ ချစ်သားရဟန်း၊ အသင်သည် ငါကဲ့သို့ သဘောရှိသော ဆရာကောင်း ဆရာမြတ်တို့ကို မှီဝဲဆည်းကပ်ရအပ်သည် ဖြစ်၍ အလိုနည်းသဖြင့် နေထိုင်ရဲလွယ်သည်ကား စင်စစ်အားဖြင့် အံ့ဖွယ်မရှိသေး။ ဤအလိုနည်းခြင်း မည်သည်ကား ငါဘုရား ကိုယ်တော်မြတ်၏ အဆက်အနွယ် အစဉ်ပေတည်းဟု မိန့်တော်မူသော် ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ချစ်သား ရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဟိမဝန္တာတောဖြစ်သော ဂင်္ဂါမြစ်ကမ်း၌ တစ်ခုသော ရေသဖန်းပင်ဝယ် အထောင်မကများစွာကုန်သော ကျေးသားတို့သည် နေကြကုန်၏။ ယင်းကျေးသားတို့တွင် တစ်ကောင်သော ကျေးမင်းသည် မိမိနေရာဖြစ်သော ရေသဖန်းပင်၏ အသီးတို့သည် ကုန်ခဲ့သည်ရှိ သော် အညွန့်သည်လည်းကောင်း၊ အရွက်သည်လည်းကောင်း အခေါက်သည် လည်းကောင်း အကြွင်းအကြွင်းသို့သော ဝတ္ထုသည် ဤရေသဖန်းပင်၌ ကြွင်းကျန် ၍ရှိ၏။ ထိုကြွင်းကျန်ရှိသော အညွန့်ကိုလည်းကောင်း၊ အရွက်ကိုလည်းကောင်း၊

အခေါက်ကိုလည်းကောင်း စားသောက်၍ ဂင်္ဂါမြစ်၌ ရေကို သောက်ပြီးလျှင် လွန်ကဲသော အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်းရှိသည် ဖြစ်၍ တစ်ပါးသော အရပ်သို့မသွား။ ထိုကျေးမင်း၏ အလိုနည်းသောအဖြစ် ရောင့်ရဲလွယ်သော အဖြစ်၏ ဂုဏ်ကျေးဇူး အာနုဘော်ဖြင့် သိကြားမင်း၏ နေရာဗိမာန်သည် တုန်လှုပ်ခြင်းဖြစ်လေ၏။ သိကြားမင်းသည် ဆင်ခြင်သည်ရှိသော် ထိုအကြောင်းကို မြင်၍ ကျေးမင်းကို စူးစမ်းခြင်းငှါ မိမိအာနုဘော်ဖြင့် ရေသဖန်းပင်ကို ခြောက်သွေ့စေ၏။ ထိုနောက်မှ ရေသဖန်းပင်သည် သစ်ငုတ်ဖြစ်၍ အပေါက် အပေါက် ဖြစ်လျက် လေသည်တိုက်ခတ် အပ်သည် ရှိသော် လက်ဖြင့် ခေါက်အပ်သော အသံကဲ့သို့သော အသံသည် ထွက်လျက် တည်၏။ ထိုသစ်ပင်၏ အပေါက်တို့မှ အမှုန့်တို့သည် ထွက်ကုန်၏။ ကျေးမင်းသည် ထိုအမှုန့်တို့ကိုစား၍ ဂင်္ဂါမြစ်၌ ရေကိုသောက်ပြီးလျှင် တစ်ပါးသောအရပ်သို့ မသွားမူ၍ လေ, နေပူ, တံလျှပ်ကို မရေမတွက်ဘဲ ရေသဖန်းပင် ငုတ်ထက်၌သာလျှင် နေ၏။

## သိကြားမင်းသည် ဟင်္သာမင်းအဖြစ် ဖန်ဆင်းခြင်း

သိကြားမင်းသည် ထိုကျေးမင်း၏ လွန်ကဲသော အလိုနည်းခြင်း၏အဖြစ်ကို သိ၍ "အဆွေခင်ပွန်းတို့၌ ကျင့်ရာသောကျေးဇူးကို ဟောစေ၍ ကျေးမင်းအား မြတ်သောဆုကို ပေးပြီး ရေသဖန်းပင်ကို လွန်စွာ ချိုမြိန် ကောင်းမြတ်သော အရသာရှိသော အသီးကိုပြု၍ ငါပြန်လာတော့အံ့"ဟု ကြံပြီးလျှင် မိမိသည် တစ်ကောင်သော ဟင်္သာမင်း၏အဖြစ်ကို ပြုပြင်ဖန်ဆင်း၍ အသုရာနတ်မင်း၏ သမီးဖြစ်သော သုဇာတာမိဖုရားကို ရှေ့မှတင်သည်ကိုပြု၍ ရေသဖန်းပင်တောသို့ သွားပြီးလျှင် မနီးမဝေးဖြစ်သော တစ်ခုသော သစ်ပင်၏ အရိပ်၌ နားနေ၍ ထိုကျေးမင်းနှင့်အတူတကွ စကားပြောဆိုလိုသောကြောင့် ဤဂါထာကို ရွတ်၏–

သန္တိ ရုက္ခာ ဟရိပတ္တာ၊ ဒုမာနေကဖလာ ဗဟူ။
ကသ္မာ နု သုက္ခေ ကောဠာပေ၊ သုဝဿ နိရတော မနော။

သန္တာအဆင်းကဲ့သို့သော နှုတ်သီး, မြအဆင်းကဲ့သို့သော အတောင်, အမွေးတို့ဖြင့် ယဉ်ကျေးလှပလှပေသော အိုကျေးမင်း–အညွန့် အရွက် ခက်လက် ပြန့်ပြော စိမ်းစိုသော အရွက်ရှိသော သစ်ပင်တို့သည်လည်းကောင်း၊ ရေတွက် ပိုင်းခြား မှတ်သားပြသခြင်းငှါ မတတ်ကောင်းသော အသီးရှိကုန်သော များစွာကုန်သော သစ်ပင်တို့သည်လည်းကောင်း ရဂုံမြိုင်ဖျား တောင်ကြား ချောက်စောင်း စသည်တို့၌ ထင်ရှားစွာ ရှိပါကုန်၏။ အဘယ်သို့သော အကြောင်းကို ကောင်းစွာ ဆင်ခြင် ထင်မြင် ရရှိသောကြောင့် ကိုင်းခက်

ကြွေပြိုတ် အငုတ်တိမျှသာ ဖြစ်သော ဤရေသဖန်းပင်၌ အသင် ကျေးမင်း၏ စိတ်နှလုံးသည် တစ်ပါးသော ရပ်ထံသို့ မပျံသွားနိုင်ဘဲ စွဲမြဲ မွေ့လျော်နိုင်ပါဘိ သနည်း။

ဟုမေးသော် ကျေးမင်းကလည်း မိမိ၏ အလိုနည်းသောအဖြစ်ကို ဖြစ်စေလျက် အသက်ထင်ရှား မရှိသော အဆွေခင်ပွန်းတို့၌သော်လည်း ဂုဏ်ကျေးဇူးကို အထူးမြင်သိ၍ မပယ်ပစ်အပ်ကြောင်း စသည်တို့ဖြင့် များစွာ ပြောဆိုပေ၏။

သိကြားမင်းသည် ကျေးမင်း၌ ဆုကိုပေးသဖြင့် ကျေးမင်း၏ အလိုဆန္ဒ ရှိတိုင်း ရေသဖန်းပင်ကို အညွန့်အတက် ခက်လက်ဝေဆာ ကြီးကျယ်စွာ ဖြစ်ပွားလေအောင် ဖန်ဆင်း၍ ပေးပြီးမှ မိမိနေရာ တာဝတိံသာ နတ်ပြည်သို့ ပြန်သွားလေ၏။

[ဤ၌ အဋ္ဌကထာပါဠိ ရှိတိုင်းသာ ဖော်ပြလိုက်သည်၊ အကျယ်ကို အလိုရှိပါမူ နဝကနိပါတ် သုဝဇာတ် ပါဠိတော်အဋ္ဌကထာတို့ကို ကြည့်ရှု ပါကုန်။]

## သုဝဇာတ်ကို ပေါင်းတော်မူခြင်း

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဒသကနိပါတ် သုဝဇာတ်လာ ဤဓမ္မဒေသနာကို အကျယ် ဝိတ္ထာရအားဖြင့် ဆောင်တော်မူ၍ ချစ်သား ရဟန်းတို့ ထိုအခါကာလက သိကြားမင်းသည် ညီတော်အာနန္ဒာ ဖြစ်လာ၏။ ထိုအခါကာလက အလိုနည်းသည်ဖြစ်၍ အဆွေခင်ပွန်း၌ ဂုဏ်ကျေးဇူးအထူးကို သိတတ်သော ကျေးမင်းသည် ငါဘုရားသာလျှင်တည်းဟု ဇာတ်ကို ပေါင်းတော်မူပြီး၍ ချစ်သားရဟန်းတို့ ဤအလိုနည်းခြင်း မည်သည်ကား ငါဘုရားရှင် ကိုယ်တော်မြတ်၏ အစဉ်အနွယ် အဆက်ပေတည်း။ ငါ၏သားတော် ဖြစ်သော နိဂမဝါသီတိဿအား ငါကဲ့သို့ သဘောရှိသော ဆရာထူး ဆရာမြတ်ကို မှီဝဲ ဆည်းကပ် ရအပ်သည် ဖြစ်၍ အလိုနည်းသည့် အဖြစ်ကိုကား အံ့ဩဖွယ်ရာ မရှိလှသေး။ ချစ်သားရဟန်းတို့ ရဟန်းမည်သည်ကား နိဂမဝါသီတိဿမထေရ် ကဲ့သို့ အလိုနည်းသည် ဖြစ်ပေရာ၏။ ဤသို့ ၁ ဘောရှိသော ရဟန်းသည် သမထ ဝိပဿနာ တရားတို့မှလည်းကောင်း၊ မဂ်ဖိုလ်တို့မှလည်းကောင်း ဆုတ်ယုတ် ခြင်းငှာ မထိုက်။ စင်စစ်သော်ကား ဘုရားစသော ပုဂ္ဂိုလ်မွန်တို့ စံလွန်အမှန် နိဗ္ဗာန်၏သာလျှင် နီးပေ၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၃၂။ အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ။

မမေ့လျော့ခြင်း၌ မွေ့လျော်သော မေ့လျော့ခြင်း၌ ဘေးဟုရှုလေ့ရှိသော ရဟန်းသည် ဆုတ်ယုတ်ခြင်းငှာ မထိုက်။ နိဗ္ဗာန်၏သာလျှင် နီး၏။

ထိုဂါထာ၌ **အဘဗ္ဗော ပရိဟာနာယ**=ဟူသည် ဤသို့ သဘောရှိသော ထိုရဟန်းသည် သမထ ဝိပဿနာ ဓမ္မတို့မှလည်းကောင်း၊ မဂ်ဖိုလ်တို့မှလည်းကောင်း၊ဆုတ်ယုတ်ခြင်းငှါမထိုက်၊ ရောက်ကုန်ပြီးသော ကုသိုလ်တရားတို့မှ **မယုတ်၊** မရောက်ကုန်သေးသော ကုသိုလ်တရားတို့သို့ မရောက်သည် မဟုတ် **ရောက်၏**။

**နိဗ္ဗာနဿေဝ သန္တိကေ** ဟူသည်=ကိလေသ ပရိနိဗ္ဗာန်၏ လည်းကောင်း၊ အနုပါဒါပရိနိဗ္ဗာန်၏ လည်းကောင်း အနီး၌သာလျှင် ဟူလို။

ဂါထာ၏ အဆုံး၌ နိဂမဝါသီ တိဿမထေရ်သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ တပါးလည်း ဖြစ်ကုန်သော များစွာကုန်သော သူတို့သည် သောတာပန် စသည်တို့ ဖြစ်ကုန်၏။

ကိုးခုမြောက် နိဂမဝါသီတိဿမထေရ်၏ဝတ္ထု ပြီး၏။

နှစ်ခုမြောက် အပ္ပမာဒဝဂ် ပြီး၏။

# ၃။ မိဃ္ဇဝဂ်

## ၁။ မေဃိယမထေရ်ဝတ္ထု

ဖန္ဒနံ စပလံ စိတ္တံ-အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် စာလိယတောင်၌ သီတင်းသုံး စံနေတော်မူစဉ် အရှင်မေဃိယမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုမေဃိယမထေရ်သည် မြတ်စွာဘုရား ကိုယ်တော်မြတ် အဝါနှစ်ဆယ် မပြည့်မီတိုင်အောင် ကာလဖြစ်သော ပထမဗောဓိ၌ ဘုရားကိုယ်တော်မြတ်၏ အလုပ်အကျွေး ဖြစ်ပေ၏။

ထိုမေဃိယမထေရ်သည် တစ်နေ့သ၌ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ ချဉ်းကပ်ပြီးလျှင် ဤသို့ နားတော်လျှောက်၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ဇန္တုဂါမရွာသို့ ဆွမ်းအလို့ငှာ လှည့်လည်ပါဦးအံ့ဟု လျှောက်ထားပြီးလျှင် နံနက်အခါ သပိတ်သင်္ကန်းတို့ကို ဆင်မြန်းဆောင်ယူ၍ ဆွမ်းအလို့ငှာ လှည့်လည်ပြီးသည်ကာလ ဆွမ်းခံရွာမှ ဖယ်ခဲ့၍ အကြင်အရပ်၌ ကိမိကာလာယန အမည်ရှိသော မြစ်သည် ရှိ၏။ ထိုမြစ်၏ ကမ်းနားသို့ သွား၍ ဆွမ်းဘုဉ်းပေးပြီးသော် အညောင်းအညာကို ပြေစေခြင်းငှာ ထိုမှ ဤမှ လှည့်လည်သော် ကြည်ညိုဖွယ်ရှိလှသော တစ်ခုသော သရက်ဥယျာဉ်တောကို တွေ့မြင်၍ ဤသို့ အကြံဖြစ်သည်မှာ "ဤသရက်ဥယျာဉ်တောသည်ကား နှလုံး ကြည်ညို နှစ်မြို့မွေ့လျော်ဖွယ် ရှိပေစွ။ ဤသရက်ဥယျာဉ်တော၌ ကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်လိုသော အမျိုးကောင်းသားတို့အား ကမ္မဋ္ဌာန်းတရားကို အားထုတ်ခြင်းငှာ စွမ်းနိုင်သဖြင့် သင့်တင့်လျောက်ပတ်ကောင်းမြတ်ပေစွတကား။ မြတ်စွာဘုရားရှင်သည် ငါ့အား အနူးအညွတ် အကယ်၍ ခွင့်လွှတ်တော်မူသည် ဖြစ်ခဲ့အံ့။ ဤသရက်ဥယျာဉ် တော၌ပင်လျှင် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ လာတော့အံ့"ဟု အကြံဖြစ်၏။

ထိုသို့ အကြံဖြစ်ပြီးသောအခါ မေဃိယမထေရ်သည် မြတ်စွာဘုရားရှင်၏ ထံတော်ပါးသို့ ခစားချဉ်းကပ်၍ ထိုသရက်ဥယျာဉ်တော၌ ကမ္မဋ္ဌာန်းတရားကို ပွားများကြိုးကုတ် အားထုတ်ရပါမည့် အကြောင်းကို ခွင့်တောင်း ပန်ဆင် လျှောက်တင်သည်ရှိသော် မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သား မေဃိယ

အကြင်မျှလောက် ငါဘုရားအား ညွတ်တွား ဆည်းကပ် ကောင်းမြတ် တုပ်ကွေး လုပ်ကျွေးမည့်သူ ဖြစ်သော ရဟန်းသည် မလာ မရောက်သေး။ ထိုရွေ့ လောက်သော ကာလကို ခေတ္တ ငံ့လင့်ဦးလော့ဟု မိန့်တော်မူ၏။

ထိုအခါ မေဃိယမထေရ်က ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်အား တစ်စုံတစ်ခုသော မဂ်ကိစ္စအလို့ငှါ ပြုဖွယ်မရှိပါ ပြုအပ်ပြီးသော မဂ်ကိစ္စကိုလည်း အဖန်တလဲလဲ စွဲမြဲ လေ့ကျက်သောအားဖြင့် ပွားများခြင်းမရှိ ရပါ၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်အားကား မဂ်ဟူသော ပြုဖွယ်ကိစ္စရှိပါသေးသည်။ မြတ်စွာဘုရားသည် တပည့်တော်အား အကယ်၍ ခွင့်ပေးသနားတော်မူသည် ဖြစ်ပါတုံအံ့၊ ဤသရက်ဥယျာဉ်တော်၌ ကမ္မဋ္ဌာန်းတရားကို စီးဖြန်း ပွားများ အားထုတ်ခြင်းငှါ သွားလိုပါသည်ဟု နားတော်လျှောက်၏။

## အကုသိုလ်ဝိတက်ပွားများခြင်း

ထိုအခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ချစ်သား မေဃိယ ထိုကမ္မဋ္ဌာန်း တရားကို ပွားများကြိုးကုတ် အားထုတ်လိုသော သင်ချစ်သားအား ငါဘုရား သည် အဘယ်သို့လျှင် ဟန့်တားပယ်လို ဆိုတုံအံ့နည်း၊ ချစ်သား မေဃိယ ယခုအခါ သွားခြင်းငှါ သင့်လျော် လျောက်ပတ်သောအခါကို သိစေလော့ဟု မိန့်တော်မူ၏။ မေဃိယမထေရ်သည် ထိုသရက်ဥယျာဉ်တောသို့ သက်ဝင်၍ တစ်ခုသော သစ်ပင်ရင်း၌ နေ့သန့်ခြင်းယာပထဖြင့် မျှတခြင်းကိုပြု၍ နေပေ၏။

ထိုသို့ နေစဉ်အခါ မေဃိယမထေရ်အား သုံးပါးအပြားရှိသော အကုသိုလ် ဝိတက်တို့သည် လွန်စွာ နှိပ်စက်လွှမ်းမိုး၍ ဖြစ်ကုန်၏။ သုံးပါးသော အကုသိုလ် ဝိတက်ဟူသည် အဘယ်သည်တို့နည်း ဟူမူကား–

၁။ ကာမဂုဏ်နှင့်စပ်သော တဏှာလျှင် အကြောင်းရင်းရှိသော ကာမ ဝိတက်လည်း တစ်ပါး၊

၂။ သတ္တဝါတို့အား သေကျေ ပျက်စီးခြင်းကို ရှေးရှုကြံသော ဒေါသ လျှင် အကြောင်းရင်းဖြစ်သော ဗျာပါဒဝိတက်လည်း တစ်ပါး၊

၃။ သတ္တဝါတို့ကို ညှင်းပန်းခြင်းနှင့် စပ်သော ဝိဟိံသာဝိတက်လည်း တစ်ပါးအားဖြင့် သုံးပါးပေတည်း။ ဤသုံးပါးသော အကုသိုလ် ဝိတက်တို့သည် နှိပ်စက် လွှမ်းမိုးကုန်၏။

ထိုအခါ မေဃိယမထေရ်သည် အို အချင်းတို့ အံ့ဖွယ်ရှိပေစွတကား။ မဖြစ်ဖူးမြဲ ဖြစ်လေစွတကား သဒ္ဓါတရား ရှေ့သွားပုဗ္ဗင်္ဂမ ယုံကြည်ခြင်း ရှိလှသဖြင့် ဃရာဝါသ ကိစ္စဖွဲ့နှောင် အိမ်ရာထောင်သော လူ့ဘောင်မှ ထွက်ခဲ့ပြီးလျှင် ဘုရားသာသနာကို ကောင်းစွာရှက်ထမ်း ရဟန်းပြုပါကုန်သော်လည်းအကုသိုလ်ဖြစ်ကုန်သော ဤဝိတက်တို့သည် ထပ်ကြပ်စိုက်စိုက် အစဉ်လိုက်ကုန်ဘိသည်ဟု အကြံဖြစ်၍ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအားထုတ်ခြင်းငှါ မစွမ်းနိုင်ရကား မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ ပြန်လာ ချဉ်းကပ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေသော မေဃိယမထေရ်ကို ခေါ်တော်မူပြီးလျှင် ချစ်သား မေဃိယ အသင်သည် ဝန်လေးသောအမှုကို ပြုအပ်၏။ ငါဘုရားသည် တစ်ယောက်ထည်းတည်းသာ ဖြစ်ခဲ့၏။ အကြင်မျှလောက် တစ်ပါးလည်း ဖြစ်သော တစ်စုံတစ်ယောက်သော အလုပ်အကျွေးဖြစ်သော ရဟန်းသည် မလာမရောက် မတင်မြင်သေး ထိုမျှလောက်ကာလတိုင်အောင် ငံ့လင့်ပါဦးဟု တောင်းပန်အပ်သော ငါဘုရားကို တစ်ပါးတည်း စွန့်ပစ်ပယ်ထားခဲ့၍သွားသော ရဟန်းမည်သည်ကား ဤသို့ ဖောက်ပြန်သော စိတ်၏ အလိုသို့ လိုက်သဖြင့် ဖြစ်ခြင်းငှါ သင့်လျော် လျောက်ပတ်၏။

## မေဃိယမထေရ် သောတပန်တည်ခြင်း

ချစ်သား မေဃိယ ဤစိတ်သည်ကား လျင်စွာသောဖြစ်ခြင်း ချုပ်ခြင်းရှိ၏။ ထိုသို့ လျင်စွာဖြစ်ခြင်း ချုပ်ခြင်းရှိသော စိတ်ကို မိမိအလိုသို့ လိုက်စေခြင်းငှါ သင့်လျော်လျောက်ပတ်ပေ၏ဟု အဆုံးအမကို ပေးတော်မူ၍ ဤဂါထာတို့ကို ဟောတော်မူ၏ –

၃၃။ ဖန္ဒနံ စပလံ စိတ္တံ၊ ဒူရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။
၃၄။ ဝါရိဇောဝ ထလေ ခိတ္တော၊ ဩကမောကတဥဗ္ဘတော။
ပရိဖန္ဒတိဒံ စိတ္တံ၊ မာရဓေယျံ ပဟာတဝေ။

တုန်လှုပ်ထသော၊ လျှပ်ပေါ်လော်လီ ထသော၊ စောင့်ရှောက်နိုင်ခဲထသော၊ တားမြစ်နိုင်ခဲထသော စိတ်ကို ပညာရှိသည် ဖြောင့်စွာပြု၏။ ဥပမာမူကား မြားသမားသည် ကောက်သောမြားကို ဖြောင့်အောင် ပြုသကဲ့သို့တည်း။

ရေ၌ဖြစ်သောငါးသည် ရေတည်းဟူသော တည်ရာမှ ထုတ်၍ ကြည်းကုန်း၌ တင်ထားအပ်သည်ရှိသော် တဆွေ့ဆွေ့ခုန် တုန်လှုပ်ဘိသကဲ့သို့ မာရ်မင်းသည် ထားအပ်သော ကိလေသာဝဋ်ကို ပယ်ခြင်းငှါ ဤစိတ်သည် ကာမဂုဏ်တည်ရာ

ရေအယဉ်မှထုတ်၍ ဘာဝနာတည်းဟူသော ကြည်းကုန်းထက်၌ တင်ထားအပ်သည်ရှိသော် အဖန်ဖန်တုန်လှုပ်၏။

ထိုဂါထာတို့တွင် **ဖန္ဒနံ** ဟူသည်=ရူပါရုံအစရှိကုန်သောအာရုံတို့၌ တုန်လှုပ်ခြင်းရှိထသော ဟူလို။

**စပလံ** ဟူသည်= ဣရိယာပုထ်တစ်ခုဖြင့် မတည်တံ့သည်၏ အဖြစ်ကြောင့် ရွာသူရွာသားငယ်ကဲ့သို့ တစ်ခုသောအာရုံ၌ မတည်ကြည်ခြင်းကြောင့် လျှပ်ပေါ်လော်လီထသော ဟူလို။

**စိတ္တံ**ဟူသည်= ဘုံ,ဝတ္ထု,အာရုံကိရိယာအစရှိသည်ဖြင့် အလွန် ဆန်းကြယ်ခြင်းရှိသော ထိုဝိညာဉ်ကို စိတ္တဟူ၍ ဆိုအပ်၏ ဟူလို။

**ဒူရက္ခံ** ဟူသည်=ငြိုငြင်သဖြင့် ကျဉ်းမြောင်းသောအရပ်၌ ညစ်ညမ်းသဖြင့် စားလိုသော နွားကဲ့သို့ တစ်ခုခုသော သင့်တင့်လျောက်ပတ်သော အာရုံ၌သာလျှင် ထားနိုင်ခဲသောကြောင့် စောင့်နိုင်ခဲထသော ဟူလို။

**ဒုန္နိဝါရယံ**ဟူသည်= ဝိသဘာဂအာရုံသို့ သွားသောစိတ်ကို တားမြစ်ခြင်းငှါ စောင့်နိုင်ခဲသည်၏ အဖြစ်ကြောင့် တားမြစ်နိုင်ခဲထသောဟူလို။

**ဥသုကာရောဝတေဇနံ** ဟူသည်= ဥပမာမည်သည်ကား မြားသမားသည် တောမှ တစ်ခုသော ကောက်သောလှန်ကန်ကိုဆောင်ခဲ့၍ အခွံအကြေးမရှိသည်ကိုပြု၍ ပုံးရည်ဆီဖြင့် စိမ်ရွှဲ မီးအိုးကင်း၌ မီးကင်၍ မြားရိုးကိုနှိပ်၍ မကောက်သည်ကို ဖြောင့်သည်ကို **သားမကောင်၌စူးဝင်ခြင်းငှါ** သင့်သော မြားကို ပြု၏။ ပြုပြီး၍ကား **မင်းမှူးမတ်တို့အား** အတတ်ကိုပြ၍ များစွာသော မြတ်နိုးပူဇော်ခြင်းကိုရသကဲ့သို့ ဤအတူလျှင် ပညာရှိယောကျ်ားသည် တုန်လှုပ်ခြင်း စသည် သဘောရှိသော ဤစိတ်သည်မှတ်ဆောက်တည်ခြင်း၊ တောကျောင်းနေခြင်း၏ အစွမ်းဖြင့် အရေအသားပြည့်ဖွံ့ခြင်းကိုပယ်၍ ရုန့်ရင်းသော ကိလေသာကို ပယ်ခြင်းပြု၍ သဒ္ဓါတည်းဟူသော အစေးဖြင့်ဆွတ်၍ ကိုယ်နှုတ်တို့၌ ဖြစ်သော လုံ့လပြုခြင်းဖြင့် ပူပန်စေ၍ သမထဝိပဿနာတည်းဟူသော မြားရိုးကို နှိပ်၍ ဖြောင့်စွာ ကောက်ကျစ်ခြင်းမရှိသည်ကို အဆိပ်မရှိသည်ကိုပြု၏။ ပြုပြီး၍ကား သင်္ခါရတို့ကို သုံးသပ်၍ ကြီးစွာသောအဝိဇ္ဇာဟူသောအစိုက်တိုက်ကို ဖောက်ခွဲ၍ ဝိဇ္ဇာသုံးပါးတို့ကို လည်းကောင်း၊ အဘိညာဉ် ခြောက်ပါးတို့ကို လည်းကောင်း၊ လောကုတ္တရာ ကိုးပါးတို့ကိုလည်းကောင်း ဤသို့ ဤအထူးကိုလက်သို့ ရောက်သည်ကိုသာလျှင်ပြု၍ မြတ်သောအလှူခံပုဂ္ဂိုလ်၏ အဖြစ်ကိုရ၏။

**ဝါရိဇောဝ**ဟူသည်=ငါးကဲ့သို့ဟူလို။

**ဓိတ္တော**ဟူသည်= လက်ဖြင့်လည်းကောင်း၊ ခြေဖြင့်လည်းကောင်း ကွန်ယက်တို့တွင် တစ်ပါးပါးဖြင့်လည်းကောင်း ကြည်းကုန်း၌ စွန့်အပ်၏။

**ဩကမောကတ**ဟူသည်= ရေဟုဆိုအပ်သောတည်ရာတည်းဟူလို။

**ဥဗ္ဘတော**ဟူသည်=ထုတ်အပ်ပြီးသောဟူလို။

**ပရိဖန္ဒတိဒံစိတ္တံ**ဟူသည်=ရေဟူသောတည်ရာမှ ထုတ်အပ်သောကြည်းကုန်း၌ ပစ်အပ်သော ထိုငါးသည် ရေမရခြင်းကြောင့် တုန်လှုပ်သကဲ့သို့ ဤအတူ ဤကာမဂုဏ်ငါးပါး၌တည်၍ အလှန်မွေ့လျော်ခြင်းရှိသောစိတ်ကို ထိုကာမဂုဏ်ငါးပါးမှထုတ်၍ ကိလေသာမာရ်ဟု ဆိုအပ်သောဝဋ်ကိုပယ်ခြင်းငှါ ဝိပဿနာကမ္မဋ္ဌာန်း၌ စိတ်ကို ကိုယ်စိတ်နှင့်ယှဉ်သော လုံ့လဖြင့် ပူပန်စေအပ်သည်ရှိသော် တုန်လှုပ်၏။

တည်ခြင်းငှာမတတ်နိုင် ဤသို့ဖြစ်သည်ရှိသော်လည်း လုံ့လဟူသောဝန်ကို မချမူ၍ ပညာရှိသောပုဂ္ဂိုလ်သည် ထိုဝိပဿနာစိတ်ကို ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ဖြောင့်စွာခန့်သည်ကိုပြု၏ ဤကား အနက်တည်း ဟူလို။

**နည်းတစ်ပါးကိုဆိုဦးအံ့**–ဤမာရ်၏တည်ရာဟူသောကိလေသာဝဋ်ကို မစွန့်မူ၍ တည်သောစိတ်သည် ထိုငါးကဲ့သို့တုန်လှုပ်၏။ ထို့ကြောင့် ကိလေသာမာရ်၏ တည်ရာဟူသောဝဋ်ကို ပယ်ခြင်းငှါ ကိလေသာဝဋ်ဟုဆိုအပ်သော ကိလေသာမာရ်၏ တည်ရာ ဝဋ်ဖြင့်သာလျှင် တုန်လှုပ်ခြင်းကိုပယ်အပ်၏။ ဤကားအနက်တည်း ဟူလို။

ဂါထာတို့၏အဆုံး၌မေဃိယမထေရ်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။ တစ်ပါးလည်းဖြစ်ကုန်သော များစွာကုန်သောသူတို့သည် သောတာပန် အစရှိသည်တို့သည် ဖြစ်ကုန်၏။

ရှေးဦးစွာသော မေဃိယမထေရ်၏ဝတ္ထု ပြီး၏။

---

## ၂။ အညတရ ရဟန်းဝတ္ထု

**ဒုန္နိဂ္ဂဟဿလဟုနော** အစရှိသော ဤ တရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းစံပယ်တော်မူလျက် အမျိုးအမည် မထင်ရှားသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ကောသလမင်းကြီး၏ နိုင်ငံတော်အတွင်း တောင်ခြေရင်း၌ မာတိကာ အမည်ရှိသော တခဲနက်သော အိမ်ခြေနေရာဌာနတို့ဖြင့် လွန်စွာပြည့်ဝ စည်ကားလှသော တစ်ခုသောရွာသည်ရှိပေသတတ်၊ ထိုအခါ တစ်နေ့သ၌ ခြောက်ကျိပ်မျှ လောက်ကုန်သော ရဟန်းတော် အရှင်တို့သည် မြတ်စွာဘုရား၏ အထံတော်၌ အရဟတ္တဖိုလ် တိုင်အောင်သော ကမ္မဋ္ဌာန်းကို ဟောကြားတော် မူပါမည့် အကြောင်းကို တောင်းပန်လျှောက်ထား ဟောကြားစေလျက် ကမ္မဋ္ဌာန်းကို သင်ယူပြီးသော် ထိုမာတိကာရွာသို့ သွားရောက်၍ ဆွမ်းအလို့ငှာ ရွာတွင်းသို့ ကြွဝင်တော်မူကြကုန်၏။

## ကျောင်းနေရာ စသည်လှူဒါန်းခြင်း

ထိုအခါ ၎င်းမာတိကာရွာ၌ ရွာရှင်သူကြီးသည် မာတိကာ အမည်ရှိ၏။ ထိုရွာသူကြီး၏အမိ မာတိကာမာတာ အမည်ရှိသော ဒါယိကာမကြီးသည် ဆွမ်း အလို့ငှာ ကြွဝင်တော် မူလာကုန်သော ရဟန်းတော် အရှင်မြတ်တို့ကို မြင်၍ မိမိ၏အိမ်ထက်သို့ ပင့်ဖိတ်၍ ထိုင်နေ သီတင်းသုံးစေပြီး အထူးထူးအပြားပြား များစွာ ကောင်းမြတ်သော အရသာရှိသော ယာဂုဆွမ်းဖြင့် ပြုစု လုပ်ကျွေး ပြီးသော် အရှင်မြတ်တို့ ဘယ်အရပ် ဘယ်ဒေသကို ကြွတော်မူခြင်းငှာ အလို ရှိတော်မူကြပါကုန် သနည်းဟု မေးလျှောက်၏။

ဒါယိကာမကြီး ငါတို့သည် ချမ်းသာသော အရပ်ဌာန၌ သပ္ပါယဖြစ် လောက်သည်ကို မြော်ထောက်လှည့်လည် ကြည့်ရှုပေသတည်းဟု မိန့်တော် မူကြလျှင် ဒါယိကာမကြီးသည် အရှင်ကောင်း အရှင်မြတ်တို့သည်ကား ဝါဆိုရာ အရပ်ကို ရှာမှီးတော် မူကြကုန်လေသတည်း ဟူသော အမှတ်ဖြင့် တပ်အပ် တည့်တည့် သိပြီး၍ ခြေရင်း၌ ဝပ်လျှိုး ရှိခိုး ဦးတင်ပြီးလျှင် အရှင်ကောင်း အရှင်မြတ်တို့သည် ဤအရပ်ဌာန၌ ဝါတွင်းသုံးလပတ်လုံး အာလယ်၍ သီတင်း သုံးတော်မူကြကုန်သည် ဖြစ်ခဲ့ပါအံ့၊ တပည့်တော်မသည် သရဏဂုံနှင့်တကွ ငါးပါးသီလတော်မြတ်တို့ကို ခံယူဆောက်တည်၍ ဥပုသ်စောင့်သုံးခြင်း အမှုကို ပြုပါအံ့ဟု လျှောက်ကြား၏။

ရဟန်းတော် အရှင်မြတ်တို့ကလည်း "ငါတို့သည် ဤဒါယိကာမ ကြီးကို အမှီရ၍ ဆွမ်းဖြင့် မပင်ပန်းဘဲ ဘဝမှ ထွက်မြောက်ရာကို ပြုခြင်းငှာ စွမ်းနိုင်ကုန်လတ္တံ့" ဟု ဆင်ခြင်တော်မူကြပြီး ဝန်ခံကြကုန်၏။ ထိုဒါယိကာမ ကြီးသည် ရဟန်းတော် အရှင်သခင်မြတ်တို့၏ သီတင်းသုံးရာ ဖြစ်သော ကျောင်းရပ်ကို သုတ်သင်ပြုပြင်၍ ပေးလှူ၏။ ရဟန်းတော် အရှင်မြတ်တို့လည်း

ထိုဒါယိကာမကြီးသည် ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်း၌သာလျှင် သီတင်းသုံးတော်မူလျက် တစ်နေ့သ၌ စည်းဝေးတော်မူကြ၍ အချင်းချင်း ဆိုးမကြကုန်၏။

ရဟန်းတို့၏ ကတိကဝတ်

ငါ့ရှင်တို့ ငါတို့သည် မေ့လျော့သော အကျင့်ကို ကျင့်ခြင်းငှါ မအပ်။ ထိုစကား မှန်၏။ ငါတို့၏ နေရာကျောင်းကဲ့သို့ ငရဲကြီး ရှစ်ထပ်တို့သည် ဟင်းလင်း ပွင့်သောတံခါး ရှိကုန်လေသည် သာလျှင်တည်း။ စင်စစ်အားဖြင့် ကျား သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရား၏ အထံ၌ ကမ္မဋ္ဌာန်း ကို သင်ယူ၍ ငါတို့ လာခဲ့လေကုန်သည်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် တို့မည်သည်ကား အဆင့်ဆင့်မပြတ် ဖဝါးချင်းထပ်အောင် မပြတ်စဉ်ဆက် လိုက်လျက်သွားလာ ယူဇနာတစ်ရာ ဝေးကွာထုတ်ချောက် ရောက်သဖြင့် လည်း နှစ်သက်စေခြင်းငှါ မတတ်ကောင်း။ မြတ်လှစွာသော အဇ္ဈာသယဖြင့်သာ လျှင် နှစ်သက်စေခြင်းငှါ တတ်နိုင်ကောင်းပေသည် မမေ့လျော့သည် ဖြစ်ကြ ပါကုန်လော့။ နှစ်ယောက်ကုန်သော သူတို့သည် တစ်နေရာတည်း၌ မရပ်မတည် အပ်၊ မထိုင်နေအပ်၊ ညချမ်းသောအခါ မထေရ်ကို ခစားဆည်းကပ်သောအခါ၌ လည်းကောင်း၊ နံနက်စောစောကပင်လျှင် ဆွမ်းခံချိန်တိုင်သော အခါ၌ လည်းကောင်း တစ်ပေါင်းတည်းဖြစ်ကြကုန်အံ့။ ကြွင်းသော အခါ၌ နှစ်ယောက် ကုန်သော သူတို့သည် တစ်ပေါင်းတည်း မဖြစ်ကြကုန်အံ့။ စင်စစ်သော်ကား မချမ်းမသာ ရောဂါဖြစ်ပွားသော ရဟန်းသည်လာ၍ ကျောင်းအလယ်၌ရှိသော ကျောက်စည်ကို ထိုးခတ်သဖြင့် ကျောက်စည်ထိုးခတ်သော အမှတ်ဖြင့်လာပြီး လျှင် ထိုရဟန်းအား ဆေးအမှုကို ပြုကြကုန်အံ့ဟု ထိုရဟန်းတို့သည် ဤသို့ သော ကတိကဝတ်ကို ပြု၍ နေကြကုန်၏။

တစ်နေ့သောအခါ၌ မာတိကာမာတာ ဒါယိကာမကြီးသည် ထောပတ်, ဆီ, တင်လ, သကာ စသည်တို့ကို ယူစေ၍ ကျွန်ယောကျ်ား ကျွန်မိန်းမအမှုလုပ် စသည်တို့ဖြင့် ခြံရံကုန်လျက် ညချမ်းသောအခါ၌ ထိုကျောင်းသို့ သွား၍ ကျောင်းအလယ်၌ ရဟန်းတို့ကို မမြင်သောကြောင့် အရှင်ကောင်းတို့သည် ဘယ်အရပ်သို့ ကြွတော်မူကုန်သနည်းဟု ယောကျ်ားတို့ကို မေး၍ အရှင်မ မိမိတို့၏ ညဉ့်သန့်ရာ နေ့သန့်ရာအရပ်တို့၌ နေကုန်သည် ဖြစ်ပေကုန်လတ္တံ့ဟု ဆိုသည်ရှိသော် အဘယ်သို့သော အခြင်းအရာကို ပြု၍ အရှင်တို့ကို ဖူးမြင် ခြင်းငှါ စွမ်းနိုင်ပါတံုအံ့နည်းဟု ဆို၏။

ထိုအခါ ဒါယိကာမကြီးကို ရဟန်းသံဃာအပေါင်းတို့၏ ကတိကဝတ်ထား သည်ကို သိကြကုန်သော လူတို့က အရှင်မ ကျောက်စည်ကို ထိုးခတ်အပ် သည်ရှိသော် စည်းဝေးကုန်လတ္တံ့ဟု ပြောဆိုကြကုန်၏။ ထိုဒါယိကာမကြီးသည် လည်း ကျောက်စည်ကို ထိုးခတ်စေ၏။ ရဟန်းတို့သည်လည်း ကျောက်စည်သံကို ကြား၏၊ တစ်စုံတစ်ယောက်သော ရဟန်းအား မချမ်းမသာ ရောဂါစွဲကပ်ခြင်း ဖြစ်ပေလိမ့်မည်ဟု မိမိတို့၏ နေရာအရပ်တို့မှ ထွက်ခဲ့၍ ကျောင်းလယ်၌ စည်းဝေးကုန်၏။ နှစ်ယောက်သော သူတို့သည် တစ်ခုတည်းသော ခရီးဖြင့် လာခြင်းမည်သည်မရှိ၊ ဒါယိကာမကြီးသည် တစ်ခုတစ်ခုသော အရပ်မှ တစ်ပါး တစ်ပါးသာလျှင်ဖြစ်သော ရဟန်းတော် အရှင်မြတ်တို့သည် ကြွလာသည်ကို မြင်၍ ငါ၏သားတို့သည် အချင်းချင်းခိုက်ရန် ငြင်းခုံ ဖြစ်ပေလတ္တံ့ဟု ကြံ၍ ရဟန်းသံဃာ အပေါင်းတို့ကို ရိုသေမြတ်နိုး ရှိခိုးပြီးလျှင် အရှင်ဘုရားတို့ အရှင် မြတ်တို့သည် ငြင်းခုံခိုက်ရန်ကို ပြုကြကုန်လေသလောဟု မေးလျှောက်၏။

## မာတိကာမာတာဒါယိကာမကြီး အနာဂါမ်တည်ခြင်း

ဒါယိကာမကြီး ငါတို့သည် ငြင်းခုံခိုက်ရန်ကို မပြုကြကုန်ဟု မိန့်ဆိုကုန် သည်ရှိသော် အရှင်ဘုရားတို့ အရှင်ဘုရားတို့အား အကယ်၍ ခိုက်ရန်ငြင်းခုံခြင်း မရှိသည်ဖြစ်အံ့၊ ထိုသို့မရှိပါလျက် အဘယ့်ကြောင့် တပည့်တော်မတို့၏ အိမ်သို့ ကြွလာကုန်သည်ရှိသော် အလုံးစုံသော အရှင်မြတ်တို့သည် တစ်ပေါင်းတစ်ချက် တည်း ကြွလာကုန်ဘိသကဲ့သို့ ထိုအတူ မကြွလာကုန်မူ၍ တစ်ခုတစ်ခုသော နေရာဌာနမှ တစ်ပါး တစ်ပါးလျှင် ဖြစ်ကုန်သော အရှင်မြတ်တို့သည် ကြွလာကုန် ဘိသနည်းဟု မေးလျှောက်၏။

ဒါယိကာမကြီး ငါတို့သည် တစ်ခုတစ်ခုစီသော အရပ်ဌာန၌ နေကုန်လျက် ရဟန်းတရားကို ပြုကြကုန်၏ဟု မိန့်ဆိုတော်မူကြသော် အရှင်ဘုရားတို့ ထိုရဟန်းတရားမည်သည်ကား အဘယ်ပါနည်းဟု မေးလျှောက်၏။ ဒါယိကာမ ကြီး မိမိခန္ဓာကိုယ်အတ္တဘော၌ သုံးဆယ့်နှစ်ပါးသော အခြင်းအရာအစုဟု ဆိုအပ် ကုန်သော ဒွတ္တိံသာကာရတို့ကို သရဇ္ဈာယ်ခြင်း ပြုကြကုန်၏။ မိမိခန္ဓာကိုယ် အတ္တဘော၌ ကုန်ခြင်းပျက်ခြင်း ခယဝယကို ထင်စေကြကုန်၏ဟု မိန့်ဆိုတော် မူကြကုန်လျှင် အရှင်ဘုရားတို့ အသို့နည်း ဒွတ္တိံသာကာရတို့ကို သရဇ္ဈာယ်ခြင်း ပြုခြင်းငှါ အတ္တဘော၌ ခယဝယကို ထင်စေခြင်းငှါ အရှင်ဘုရားတို့အားသာ အပ်ပါသလော၊ သို့တည်းမဟုတ် တပည့်တော်မတို့အားလည်း အပ်ပါသလောဟု မေးလျှောက်၏။

**ဒါယိကာမကြီး** ဤတရားကို တစ်စုံတစ်ယောက်သော သူ့အား မတားမြစ် မပိတ်ပင်အပ်ဟု မိန့်တော်မူသည်ရှိသော် ထိုသို့ဖြစ်လျှင် အရှင်ဘုရားတို့ တပည့်တော်မအားလည်း ဒွတ္တိံသာကာရကို ပေးသနားကြပါကုန်လော့၊ အတ္တဘော၌လည်း ခယဝယကို ထင်စေခြင်းငှာ ကြားကြပါကုန်လော့ဟု လျှောက်၏။

ဒါယိကာမကြီး ထိုသို့ဖြစ်လျှင် သင်ယူလေလော့ဟု ပြောဆို၍ အလုံးစုံကို သင်စေကုန်၏။ ဒါယိကာမကြီးသည် ထိုအခါမှစ၍ ဒွတ္တိံသာကာရတို့ကို သရဇ္ဈာယ်ခြင်းကို ပြုလျက် မိမိကိုယ်၌ ခယဝယကို ကင်စေ၍ ထိုရဟန်းတို့မှ ရှေးဦးကပင်လျှင် မဂ်သုံးပါးတို့သို့ လည်းကောင်း၊ ဖိုလ်သုံးပါးတို့သို့ လည်းကောင်း ရောက်၏။ ဒါယိကာမကြီးအား မဂ်သို့ရောက်သည်နှင့် တစ်ပြိုင်နက်သာလျှင် ပဋိသမ္ဘိဒါလေးပါး လောကီအဘိညာဉ်တို့သည်လည်း လာရောက်ထင်မြင်ကုန်သဖြင့် ရရှိလေ၏။

## ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

ဒါယိကာမကြီးသည် မဂ်ဖိုလ်မှထ၍ ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုဆင်ခြင်လျက် ငါ၏သားတော်တို့သည် အဘယ်အခါ၌ ဤတရားထူးကို ရကြလေသနည်းဟု စူးစမ်းဆင်ခြင်သည်ရှိသော် အလုံးစုံလည်းဖြစ်ကုန်သော ငါ၏သားတို့သည် လောဘဒေါသ မောဟတို့သည် အထင်အရှား ရှိကုန်သေး၏၊ ထိုငါ၏သားတို့အား ဈာန်ဝိပဿနာမျှသော်လည်း မရှိချေသေး။ အသို့နည်း ငါ၏ သားတို့အား အရဟတ္တဖိုလ်၏ ပြည့်စုံအံ့သော အကြောင်းဖြစ်သော ဥပနိဿယသည် ရှိလေသလော၊ မရှိလေသလောဟု ဆင်ခြင်သည်ရှိသော် ဥပနိဿယ ရှိ၏ဟု မြင်ပြီး၍ ကျောင်းအိပ်ရာနေရာ လျောက်ပတ်ပါ၏လော၊ မလျောက်ပတ်လေသလောဟု ဆင်ခြင်ပြန်သည်ရှိသော် ကျောင်းအိပ်ရာနေရာ၏ သင့်လျော်လျောက်ပတ်သည်ကို မြင်ပြီး၍ ပုဂ္ဂလသပ္ပါယကို ရပါလေကုန်သလော၊ မရကုန်သလောဟု ဆင်ခြင်ပြန်၏၊ ပုဂ္ဂလသပ္ပါယကိုလည်း ရသည်အဖြစ်ကို မြင်ပြီး၍ အာဟာရသပ္ပါယကို ရပါကုန်လေ၏လော၊ မရပါကုန်သလောဟု စူးစမ်းဆင်ခြင်ပြန်သည်ရှိသော် ထိုငါ၏သားတို့အား အာဟာရသပ္ပါယသည် မရှိချေတကားဟု သိမြင်သောကြောင့် ဒါယိကာမကြီးသည် ထိုအခါမှစ၍ အထူးထူးအပြားပြားရှိသော ယာဂုကိုလည်းကောင်း၊ များသော အပြားရှိသော ခဲဖွယ်ကိုလည်းကောင်း၊ အထူးထူးသော အရသာရှိသော ဘောဇဉ်ကိုလည်းကောင်း စီရင်ပြည့်စုံစေ၍ အိမ်၌ ရဟန်းတို့ကို ပင့်ဖိတ်နေထိုင်စေပြီး အလှူရေစက်ကို သွန်းချပေးလှူ၍ အရှင်ဘုရားတို့ အရှင်မြတ်တို့အား အကြင်အကြင်သို့သော ခဲဖွယ်ဘောဇဉ်ကို မြတ်နိုးနှစ်သက်၏၊ ထိုထိုသို့သော မြတ်နိုးနှစ်သက်သော ခဲဖွယ်ဘောဇဉ်ကို ယူတော်မူပြီး အလိုရှိတိုင်း ဘုဉ်းပေးသုံးဆောင်တော်မူကြကုန်လော့ဟု ဆောင်နှင်းလိုက်၏။

ထိုရဟန်းတို့သည် အလိုအားလျော်စွာ ယာဂုအစရှိသည်ဘိုကိုယူ၍ ဘုဉ်းပေး သုံးဆောင်တော်မူကြကုန်၏။ လျောက်ပတ်သော အာဟာရကို ရကြကုန်သော ထိုအရှင်မြတ်တို့အား စိတ်သည် မြဲမြံခိုင်ခံ့စွာ စိုက်ထားအပ်သော ကျောက်တိုင် ပမာ အလွန်တရာ တည်ကြည်သည် ဖြစ်လေ၏။ ထိုရဟန်းတို့အား မတုန်မလှုပ် တည်ကြည်သောစိတ်ဖြင့် ဝိပဿနာကိုပွား၍ မကြာမီပင်လျှင် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ကြံဆင်ခြင်ကြကုန်၏။

"ဒါယိကာမကြီးသည် ပြောဲ-အံ့ဖွယ်ရှိပါပေစွတကား ငါတို့၏ ဆောက်တည် ရာ ဖြစ်လေစွတကား၊ ငါတို့သည် လျောက်ပတ်သော အာဟာရကို အကယ်၍ မရ ကုန်သည် ဖြစ်ခဲ့အံ့၊ ငါတို့အား မဂ်ဖိုလ်ကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်ပေရာ၊ ဤယခုအခါ၌ ဝါကျွတ်လတ်ပြီ ပဝါရဏာပြု၍ မြတ်စွာဘုရား ကိုယ်တော်မြတ် ၏ အထံသို့ သွားကုန်အံ့"ဟု ကြံပြီးလျှင် ထိုရဟန်းတို့သည် ဒါယိကာမကြီး ငါတို့သည် ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်လိုကုန်သည် ဖြစ်ပေ ကုန်ရာ၏ဟု ပန်ကြား၏။

ဒါယိကာမကြီးလည်း အရှင်ဘုရားတို့ ကောင်းလှပါပြီဟု ဝန်ခံ၏။ ရွာ၌ နေသူလူအပေါင်းတို့သည်လည်း အစဉ်လိုက်၍ အရှင်ဘုရားတို့ အရှင်မြတ်တို့သည် တစ်ဖန် တပည့်တော်တို့ကို ငဲ့ညှာသမှု ကြည့်ရှုတော်မူကြပါကုန်ဦးလော့ဟု များစွာကုန်သော ချစ်နှစ်သက်ဖွယ် စကားတို့ကို လျှောက်ထားပြောဆိုလျက် ဆုတ်နစ်ပြန်လည်လေ၏။

ထိုရဟန်းတို့သည်လည်း သာဝတ္ထိပြည်သို့သွား၍ မြတ်စွာဘုရား ကိုယ်တော် မြတ်ကို ညွှတ်ပျရိုကျိုး ရှိခိုးပန်ဆင်ပြီး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေကုန်သည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ အသို့နည်း ခန့်ကျန်းပါ၏လော၊ အသို့နည်း မျှတပါ၏လော၊ ဆွမ်းဖြင့် မပင်ပန်း ဘဲ ရှိပါကုန်၏လောဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူလှပေ သော မြတ်စွာဘုရား တပည့်တော်တို့အား ခန့်ကျန်းမျှတပါကုန်၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့အား ဆွမ်းဖြင့် အဘယ်မှာ ပင်ပန်းနွမ်းနယ်ခြင်း ရှိနိုင်ပါတုံအံ့နည်း။ မာတိကာမာတာ အမည်ရှိသော ဒါယိကာမကြီးသည် တပည့်တော်တို့၏ စိတ်အလိုကို သိ၍ ငါတို့အား ဤသို့ သဘောရှိသော အာဟာရကို ပြုပြင်စီရင် ပို့လှူလာပါမူကား ကောင်းလေစွဟု ကြံစည်အပ်သည်ရှိသော် ကြံစည်တိုင်းသော အာဟာရကို ပြုပြင်စီရင်၍ ပို့လှူ လာပါသည်ဟု ထိုမာတိကာမာတာ ဒါယိကာမကြီး၏ ဂုဏ်ကျေးဇူးစကားကို ပြောဆိုချီးမွမ်း လျှောက်ထားကုန်၏။

## အညတရ ရဟန်းတော်တစ်ပါး

မထင်ရှားသော အညတရ ရဟန်းတစ်ပါးသည် ထိုမာတိကာမာတာ ဒါယိကာမကြီး၏ ဂုဏ်ကျေးဇူးစကားကို ကြား၍ ထိုအရပ်သို့ သွားလိုသည် ဖြစ်သောကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံ၌ ကမ္မဋ္ဌာန်းကို သင်ယူ၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ရဟန်းတို့ ချီးမွမ်းထောမနာအပ်သော မာတိကာရွာသို့ သွားပါအံ့ဟု ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို ပန်ကြားခွင့်တောင်းပြီး ဇေတဝန်ကျောင်း တော်မှ ထွက်ခဲ့၍ အစဉ်အတိုင်းအားဖြင့် ထိုမာတိကာရွာသို့ ရောက်၍ ကျောင်းသို့ ဝင်သောနေ့၌သာလျှင် ဤမာတိကာမာတာမည်သော ဒါယိကာမ ကြီးသည် ကြံစည်တိုင်း,ကြံစည်တိုင်းကို သိပေသဘတ်၊ ငါသည်လည်း ခရီး ပင်ပန်းခဲ့၏။ ကျောင်းကို သုတ်သင်ခြင်းငှါ မစွမ်းနိုင်လတ္တံ့၊ ငါ့အား ကျောင်း ကို သုတ်သင် ရှင်းလင်းစိမ့်သောငှါ လူကို စေလွှတ်ပါမူကား ဧကန် ကောင်း လေစွဟု ကြံ၏။ ဒါယိကာမကြီးသည် အိမ်၌နေလျက်ပင် ဆင်ခြင်သည်ရှိသော် ထိုအကြောင်း အလုံးစုံကို အကုန်သိမြင်၍ သွားတဲ့ချေ၊ ကျောင်းကို သုတ်သင် ရှင်းလင်း၍ လာခဲ့လောဟု လူကို စေလွှတ်၏။

အာဂန္တုက ရဟန်းသည်လည်း အဖျော်ကို သောက်လိုသောကြောင့် ငါ့အား သကာအဖျော်တို့ကိုပို့၍ ပေးပို့လိုက်ပါမူကား ကောင်းလေစွဟု အောက်မေ့ကြံစည်၏။ ဒါယိကာမကြီးလည်း ထိုအောက်မေ့ ကြံစည်သော အဖျော်ရည်ကိုလည်း ပို့စေ၏။ အာဂန္တုက ဖြစ်သော ရဟန်းသည် တစ်ဖန် မိုးသောက်ရောက်သောနေ့၌ နံနက်စောစောကပင်လျှင် ငါ့အား ပြေပြစ် သိမ်မွေ့သောယာဂုကို လက်သုပ်ဟင်းလျာနှင့်အတူတကွ စေလွှတ်၍ ပို့လိုက်စေ သတည်းဟု ကြံစည်အောက်မေ့၏။ ဒါယိကာမကြီးလည်း ထိုရဟန်းတော် အရှင်မြတ်သည် ကြံစည်အောက်မေ့တိုင်းကို ပြုပေ၏။ အာဂန္တုက ဖြစ်သော ရဟန်းသည် ယာဂုကို သောက်ပြီး၍ ငါ့အား ဤသို့သဘောရှိသော ခဲဖွယ်ကို စေခိုင်း ပို့လွှတ်ပါမူကား ကောင်းလေစွဟု ကြံစည် အောက်မေ့၏။ဒါယိကာမ ကြီးလည်း ထိုခဲဖွယ်ကို ပို့စေ၏။ အာဂန္တုက ဖြစ်သော ရဟန်းသည် ဒါယိ ကာမကြီးသည်ကား ငါ ကြံစည် အောက်မေ့တိုင်း, ကြံစည် အောက်မေ့တိုင်း အလုံးစုံကို စေလွှတ်ပို့စေ၏။ ငါသည် ဒါယိကာမကြီးကို ရှုမြင်ခြင်းငှါ အလို ရှိ၏။ ငါ့အား အထူးထူးသော အရသာရှိသော ဘောဇဉ်ကို လက်စွဲကိုင်ယူ လျက် ဒါယိကာမကြီးသည် ကိုယ်တိုင်သာလျှင် လာရောက်မူကား ကောင်း လေစွဟု ကြံစည်အောက်မေ့၏။ ဒါယိကာမကြီးသည် ငါ၏သွားသည် ငါ့ကို ရှုမြင်ခြင်းငှါ အလိုရှိ၏။ ငါ၏ လာခြင်းကို တောင့်တပေ၏ဟု ဘောဇဉ်ကို ယူစေ၍ ကျောင်းသို့ သွားပြီးလျှင် လှူပေ၏။

အာဂန္တုက ဖြစ်သော အညတရရဟန်းသည် ဆွမ်းစားခြင်းကိစ္စ ပြီးလတ်သည်ရှိသော် ဒါယိကာမကြီး....အသင်သည် မာတိကာ ရွာရှင်သူကြီး၏ အမိ မည်သည် မဟုတ်ပေသလောဟု မေး၏။ ချစ်သား....ဟုတ်ပါ၏ဟု ဝန်ခံ၏။ ဒါယိကာမကြီး....အသင်သည် သူတစ်ပါးတို့စိတ်ကို သိပေသလောဟု မေး၏။ ချစ်သား ...အဘယ်သို့ မေးသနည်းဟု ဆို၏။ငါသည် ကြံစည်အောက်မေ့တိုင်း, ကြံစည်အောက်မေ့တိုင်းသော အလုံးစုံကို အကုန်ပြုပေ၏။ ထိုကြောင့် အသင် ဒါယိကာမကြီးအား ငါ မေးအပ်သတည်းဟုဆိုလျှင် ချစ်သား....သူတစ်ပါးတို့၏ စိတ်ကို သိကြကုန်သော ရဟန်းတို့သည် အများပင် ရှိကြချေသည်ဟု ပြော၏။

ဒါယိကာမကြီး....တစ်ပါးသောသူကို ငါ မမေး၊ အသင့်ကိုသာလျှင် မေးသတည်းဟု ပြောဆိုအပ်သည်ရှိသော်လည်း ဒါယိကာမကြီးသည် သူတစ်ပါး၏ စိတ်ကို သိ၏ဟု မဆိုမူ၍ ချစ်သား ...သူတစ်ပါး၏စိတ်ကို သိသောသူတို့မည်သည်ကား ဤသို့ ပြုကြကုန်သတည်းဟု ဆို၏။

အာဂန္တုက အညတရရဟန်းသည် "ဤအမှုသည်ကား အလွန်ဝန်လေး၏။ ပုထုဇဉ်တို့ မည်သည်ကား တင့်တယ်လျောက်ပတ် သင့်မြတ်သည်ကို ကြံမိသည်လည်း ရှိကုန်၏။ မတင့်တယ် မလျောက်ပတ် မသင့်မြတ်သည်ကို ကြံမိသည်လည်း ရှိကုန်၏။ ငါသည် မသင့်လျော် ချွတ်ချော်သော အရာကို အကယ်၍ ကြံမိသည် ဖြစ်ခဲ့ပါအံ့၊ ခိုးထုပ်ခိုးထည်နှင့် သျှောင်ဦးစွန်း၌ ကိုင်ဖမ်းယူမိသော ခိုးသူကဲ့သို့ ငါ့ကို ဖရိုဖရဲ ပြိုကွဲ ပျက်စီးခြင်းသို့ ပြောဆို အပြစ်တင်သောအားဖြင့် ရောက်စေလတ္တံ့။ ငါသည် ဤအရပ်မှ ကင်းပြတ် လွတ်လျက် ထွက်ပြေးခြင်းငှါ အပ်၏"ဟု ကြံ၍ ဒါယိကာမကြီး....ငါသည် သွားတော့အံ့ဟု ဆို၏။

အရှင်ဘုရား....အဘယ်အရပ်သို့ ကြွသွားမည်နည်းဟု မေးလျှောက်လျှင် ဒါယိကာမကြီး ... မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံတော်သို့ သွားတော့အံ့ဟု ဆို၏။ အရှင်ဘုရား....ဤအရပ်၌သာလျှင် သီတင်းသုံးတော်မူပါလော့၊ မကြွသွားပါလင့်ဟု တောင်းပန်၏။ ဒါယိကာမကြီး .. မနေငြားဘဲ သွားအံ့သလျှင်ကတည်းဟု ပြောဆိုပြီးလျှင် ထွက်လာခဲ့၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံတော်သို့ သွားလေ၏။

## တစ်နည်းသော တရားကို ပေးတော်မူခြင်း

ထိုအခါ မာတိကာရွာမှ ပြန်လာသော ရဟန်းကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သား ရဟန်း.... အသင်သည် အဘယ်ကြောင့် ထိုအရပ်၌ မနေသနည်းဟု မေးတော်မူ၏။ ဘုန်းတော် ကြီးတော်မူလှသော

မြတ်စွာဘုရား....မနေသည်ကား ဟုတ်ပါ၏။ ထိုအရပ်၌ နေခြင်းငှါ မစွမ်းနိုင်ပါဟု လျှောက်၏။ ချစ်သား ရဟန်း....အဘယ်အကြောင်းကြောင့် နေခြင်းငှါ မစွမ်းနိုင်သနည်းဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား.... မာတိကာမာတာ အမည်ရှိသော ယုံဒါယိကာမကြီးသည် ကြံစည် အောက်မေ့တိုင်း အောက်မေ့တိုင်း အလုံးစုံကို အကုန်သိ၏။ ပုထုဇဉ်တို့မည်သည်လည်း သင့်တင့်ကောင်းမြတ် လျှောက်ပတ်သည်တို့ကို ကြံမိသည်လည်း ရှိကုန်ရာ၏။ မသင့်တင့် မလျောက်ပတ် မလျော်သည်တို့ကို ကြံမိသည်လည်း ရှိကုန်ရာ၏။ တစ်စုံတစ်ခု မသင့်တင့် မလျောက်ပတ် မအပ်သော အကြံကို အကယ်၍ ငါသည် ကြံစည်အောက်မေ့မိသည် ဖြစ်ခဲ့တုံအံ့၊ ခိုးထုပ်ခိုးထည်နှင့်တကွ ဦးစွန်းဦးသျှောင်၌ ကိုင်ဆွဲဖမ်းမိသော ခိုးသူကဲ့သို့ တပည့်တော်ကို ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်းသို့ ပြောဆို အပြစ်တင်သောအားဖြင့် နှောက်စေလတ္တံ့ဟု ကြံဆင်ခြင်မိသောကြောင့် ပြန်လည်လာခဲ့ခြင်း ဖြစ်ပါသည်ဟု လျှောက်ထား၏။ ချစ်သား ရဟန်း ...ထိုအရပ်၌သာလျှင် အသင်သည် နေခြင်းငှာ အပ်၏ဟု မိန့်တော်မူသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ...တပည့်တော်သည် ထိုအရပ်၌ နေခြင်းငှာ မစွမ်းနိုင်ပါဟု လျှောက်၏။ ချစ်သား ရဟန်း.... ထိုသို့ဖြစ်လျှင် သင်သည် တစ်ခုတည်းသော တရားကိုသာလျှင် စောင့်ရှောက်နိုင်လတ္တံ့လောဟု မေးတော်မူသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ...တစ်ခုတည်းသော တရားဟူသည်ကား အဘယ်ပါနည်းဟု မေးလျှောက်သဖြင့် ချစ်သားရဟန်း .... အသင်၏ စိတ်ကိုသာလျှင် စောင့်ရှောက်လေလော့။ ချစ်သားရဟန်း ....ထိုစိတ်မည်သည်ကား စောင့်ရှောက်နိုင်ခဲ၏။ သင်သည် မိမိ၏ စိတ်ကိုသာလျှင် နှိပ်ကွပ်ဆုံးမလေလော့။ တစ်ပါးသော အခြင်းအရာ တစ်စုံတစ်ခုကိုမျှ မကြံစည် မအောက်မေ့လင့်။ ထိုစိတ်မည်သည်ကား အလွန်လျှင် နှိပ်နင်းနိုင်ခဲ၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

> ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
> စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

နှိပ်နင်းနိုင်ခဲထသော၊ လျင်မြန်သော ဖြစ်ခြင်းချုပ်ခြင်းရှိထသော အမှတ်မရှိသော ကာမဂုဏ်အာရုံ၌ ကျရောက်လေ့ရှိသသော စိတ်ကို ဆုံးမသူအား ကောင်း၏။ ယဉ်ကျေးပြီးသော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

ထိုဂါထာ၌—ဤစိတ်မည်သည်ကို ဆင်းရဲစွာ နှိပ်အပ်၏။ ထို့ကြောင့် ဒုန္နိဂ္ဂဟမည်၏။ လျင်စွာဖြစ်လည်း ဖြစ်၏။ ချုပ်လည်း ချုပ်၏။ ထို့ကြောင့် လဟုမည်၏။ နှိပ်နင်းနိုင်ခဲသော ထိုလျင်စွာဖြစ်ခြင်း, ချုပ်ခြင်းရှိသော စိတ်၏ဟူလို။

**ယတ္ထကာမနိပါတိနော** ဟူသည်= အကြင်အမှတ်မရှိသော အာရုံ၌လျှင် ကျလေ့ရှိသောစိတ်၏။ ထိုစကားမှန်၏–ဤစိတ်သည် ရအပ်သော အကြောင်းကိုလည်းကောင်း၊ မရအပ်သောအကြောင်းကိုလည်းကောင်း၊ သင့်သော အကြောင်းကိုလည်းကောင်း၊ မသင့်သောအကြောင်းကိုလည်းကောင်း မသိ။ အမျိုးကိုမကြည့်၊ အနွယ်ကိုမကြည့်၊ အရွယ်ကိုမကြည့်၊ အကြင်အကြင်အာရုံ၌ အလိုရှိ၏။ ထိုထိုအာရုံ၌လျှင် ကျ၏။ ထို့ကြောင့် ယတ္ထကာမနိပါတိနောဟူ၍ ဆိုအပ်၏။

ဤသို့သဘောရှိသော ထိုစိတ်ကိုလျှင် ဆုံးမခြင်းသည် ကောင်း၏။ အရိယာမဂ်လေးပါးတို့ဖြင့် ယဉ်ကျေးသောအဖြစ်သည် အဆိပ်မရှိခြင်းသည် ဖြစ်သကဲ့သို့ ထိုအတူ ကိလေသာဟူသော အဆိပ်မရှိအောင်ပြုခြင်းသည် ကောင်း၏။ အဘယ့်ကြောင့်နည်း ဟူမူကား–ထိုစကားသင့်စွ၊ ယဉ်ကျေးအောင် အဆိပ်မရှိအောင် ပြုအပ်သော ဤစိတ်သည် ချမ်းသာကို ဆောင်တတ်၏။ မဂ်ဖိုလ်ချမ်းသာကိုလည်းကောင်း၊ မြတ်သော နိဗ္ဗာန်ချမ်းသာကိုလည်းကောင်း ရှက်ဆောင်တတ်၏။ ဤကား အနက်တည်း ဟူလို။

ဒေသနာတော်၏အဆုံး၌ ရောက်လာကုန်သော ပရိသတ်တို့သည် များစွာသောတာပန်စသည်တို့ ဖြစ်ကြလေကုန်၏။

## ရဟန္တာဖြစ်ခြင်း

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ထိုရဟန်းအား ဤသို့သော အဆုံးအမကိုပေး၍ ချစ်သားရဟန်း သွားတော့လော့၊ တစ်ပါးသော တစ်စုံတစ်ခုသော အကြောင်းကို မကြံစည်မအောက်မေ့မူ၍ ထိုနေရာဌာန၌သာလျှင် နေလေလော့ဟု စေလွှတ်တော်မူ၏။ ထိုရဟန်းသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံတော်မှ အဆုံးအမကို ရခဲ့၍ ထိုမာတိကာ ရွာသို့သာလျှင် ပြန်လာခဲ့၏။

တစ်စုံတစ်ခုသော အပ၌ ကြံစည်အောက်မေ့ခြင်းမည်သည်ကို မကြံစည် မအောက်မေ့လေ။ ဒါယိကာမကြီးသည်လည်း ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုသည်ရှိသော် မထေရ်ကိုမြင်၍ ဤယခုအခါ၌ ငါ၏သားသည် အဆုံးအမကို ကယ်မပေးသနားတော်မူတတ်သော ဆရာထူး, ဆရာမြတ်ကို ရအပ်သည်ဖြစ်၍ ယခုတစ်ဖန် ပြန်ကြွတော်မူလာပြန်သည်ဟု မိမိဉာဏ်ဖြင့်သာလျှင် ပိုင်းခြားထင်ထင် သိမြင်ပြီး၍ ထိုရဟန်းအား သင့်တင့်လျောက်ပတ်သော အာဟာရကို စီရင်၍ ပေးလှူ၏။

## ကိုးဆယ့်ကိုးဘဝ လင်ကိုသတ်ခြင်း

ထိုရဟန်းသည် သင့်တင့်လျောက်ပတ်သော ဘောဇဉ်ကို မှီဝဲသုံးဆောင်ရသည်ဖြစ်၍ နှစ်ရက်သုံးရက်ဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်ပြီးသော် မဂ်ဖိုလ်ဘည်းဟူသော ချမ်းသာဖြင့် လွန်စေလျက် သြော်...အံ့ဖွယ်ရှိသုပေစွတကား၊ ဒါယိကာမကြီးသည် ငါ၏ထောက်တည်ရာ ဖြစ်လေစွတကား ငါသည် ဤဒါယိကာမကြီးကို အမှီရသဖြင့် ဘဝမှ ထွက်မြောက်ရာသို့ ရောက်နေပေပြီဟု ကြံဆင်ခြင်ပြီးလျှင် ဤအတ္တဘော၌သာလျှင် ငါ၏ ထောက်တည်ရာ ဖြစ်လေသလော၊ သံသရာ၌ ပြေးသွားကျင်လည်ရသော ငါ့အား တစ်ပါးလည်းဖြစ်ကုန်သော အတိတ်ဘဝတို့၌လည်း ဤဒါယိကာမကြီးသည် ထောက်တည်ရာ ဖြစ်ဖူးလေသလော၊ မဖြစ်ဖူးလေသလောဟု စူးစမ်း ဆင်ခြင်သည်ရှိသော် ကိုးဆယ့်ကိုးဘဝကို အစဉ်အတိုင်း အောက်မေ့လေ၏။ ဒါယိကာမကြီးသည်လည်း ကိုးဆယ့်ကိုးဘဝတို့ပတ်လုံး ထိုမထေရ်၏ ပြဲရင်း အလုပ်အကျွေးမိန်းမသည်ဖြစ်၍ တစ်ပါးသော ယောကျ်ားတို့၌ တပ်မက် နှစ်သက်စုံမက် မြတ်နိုးချစ်ခင် ညွတ်ရှိုင်းသော စိတ်ရှိသည်ဖြစ်၍ ထိုမထေရ်ကို အသက်မှ ပယ်ဖျက်ချသတ်လေ၏။

မထေရ်သည် ထိုဒါယိကာမကြီး၏ ဤမျှအတိုင်းအရှည်ရှိသော ကျေးဇူးမဲ့ပြုအပ်သော အပြစ်စုကို မြင်၍ သြော် .. အံ့ဖွယ်ရှိလေစွတကား၊ ဤဒါယိကာမကြီးသည် အလွန် ဝန်လေးသောအမှုကို ပြုလေသည်တကားဟု ဆင်ခြင်အောက်မေ့တော်မူ၏။

## အသက်နှင့် လဲ၍ ကယ်ဆယ်ခဲ့ခြင်း

ဒါယိကာမကြီးသည်လည်း အိမ်၌နေလျက်ပင်လျှင် အသို့နည်း၊ ငါ၏သားအား ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်လေပြီလော, မရောက်လေသေးသလောဟု စူးစမ်းဆင်ခြင်သည်ရှိသော် ထိုရဟန်း၏ အရဟတ္တဖိုလ်သို့ ရောက်သည်ကို သိပြီး၍ ထိုထက်အလွန် စူးစမ်းဆင်ခြင်အပ်သည်ရှိသော် ငါ၏သားသည် အရဟတ္တဖိုလ်သို့ ရောက်၍ သြော်...အံ့ဖွယ်ရှိလေစွ တကား၊ ဤဒါယိကာမကြီးသည် ငါ့အားကြီးကျယ်သော ထောက်တည်ရာဖြစ်လေစွတကားဟု ကြံ၍ လွန်လေပြီးသော အတိတ်၌လည်း ဤဒါယိကာမကြီးသည် ငါ့အား ထောက်တည်ရာ ဖြစ်ဖူးလေသလော, မဖြစ်ဖူးလေသလောဟု စူးစမ်းဆင်ခြင်လျက် ကိုးဆယ့်ကိုးဘဝကို အောက်မေ့လေပြီ၊ ငါသည် သားအား ကိုးဆယ့်ကိုးဘဝတို့ပတ်လုံး တစ်ပါးသော ယောကျ်ားတို့နှင့် အတူတကွ ပေါင်းသင်းခြင်းရှိသည်ဖြစ်၍ ဤမထေရ်ကို အသက်မှ ပယ်ဖျက်ချသတ် ခဲ့အပ်ပြီ။ (လေရ်

သည် ဤမျှအတိုင်းအရှည်ရှိသော ငါ၏ကျေးဇူးမဲ့အစု အပြစ်ပြုသည်ကို မြင်၍ ဩော်....အံ့ဖွယ်ရှိလေသည်တကား၊ ဒါယကာမကြီးသည် အလွန်ဝန်လေးသော အမှုကို ပြုလေသည် တကားဟု ငါ၏သားသည် ကြံဆင်ခြင်၍ နေလေသည်။ အသို့နည်း၊ သံသရာ၌ ကျင်လည်ရသည်ရှိသော် ငါသည် ငါ၏သားအား ပြုဖူး သော ကျေးဇူး ရှိလေသလော, မရှိလေသလောဟု စူးစမ်းဆင်ခြင်သည်ရှိသော် ထိုကိုးဆယ့်ကိုးဘဝမှအလွန် ခုနစ်ခုမြောက်သော ကိုယ်၏အဖြစ်ကို အစဉ် အောက်မေ့၍ ခုနစ်ခုမြောက်သော ကိုယ်၏အဖြစ်၌ ငါသည် ထိုမထေရ်၏ ခြေရင်း အလုပ်အကျွေးသည်ဖြစ်၍ ထိုမထေရ်ကို အသက်မှ ချသတ်ရာ၌ မိမိ အသက်ကို အသေခံသောအားဖြင့် ဇီဝိတဒါနကို ပေးဖူးပြီ။ ဩော်... အံ့ဖွယ် ရှိလေစွတကား၊ ငါသည် ငါ၏သားအား ကြီးကျယ်စွာသော ကျေးဇူးကို ပြုဖူး လေပြီတကားဟု အောက်မေ့ ထင်မြင်၍ အိမ်၌ နေလျက်ပင်လျှင် အထက်သို့ တက်၍ အထူးပြုပြီး စူစမ်းဆင်ခြင်တော်မူပါကုန်ဦးလော့ဟု လျှောက်ကြား လိုက်၏။

မထေရ်သည် ဒိဗ္ဗသောတ နားဖြင့် ဒါယိကာမကြီး လျှောက်ကြားလိုက် သော အသံကို ကြားသောကြောင့် အထူးပြု၍ အထက်ဖြစ်သော ခုနစ်ခု မြောက်သော ကိုယ်၏အဖြစ်ကို အစဉ်အောက်မေ့သော် ထိုခုနစ်ခုမြောက် သော ဘဝ၌ ဒါယိကာမကြီးသည် မိမိအား အသက်ကို အသေခံ၍ အသက်ကို ပေးအပ်သည်အဖြစ်ကို မြင်တော်မူသောကြောင့် ဩော်... အံ့ဖွယ်ရှိစွတကား ငါ့အား ဤဒါယိကာမကြီးသည် ကြီးကျယ်စွာသော ကျေးဇူးကို ပြုဖူးလေပြီ တကားဟု နှစ်လိုဝမ်းသာခြင်း ရှိသည်ဖြစ်၍ ဒါယိကာမကြီးကို ထိုကျောင်း၌ ပင်လျှင် လေးပါးကုန်သော မဂ် ဖိုလ်တို့၌ ပြဿနာကို ဟောတော်မူ၍ ခန္ဓာ ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံယူတော်မူလေ၏။

နှစ်ခုမြောက် အညတရရဟန်း၏

ဝတ္ထု ပြီး၏။

## ၃။ အညတရဥက္ကဏ္ဍိတဘိက္ခု ဝတ္ထု

**သုဒုဒ္ဒသံ**-အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူလျက် သာသနာဝယ် ပျင်းရိငြီးငွေ့သော အညတရ ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးစံနေတော်မူသည်ရှိသော် သေဋ္ဌေးသားတစ်ယောက်သည် မိမိအိမ်သို့ ကြွလာတော်မူသော ဆရာမထေရ်ကို ဦးလည်ညွတ်လျှိုး ရှိခိုးချဉ်းကပ်၍ အရှင်ဘုရား တပည့်တော်သည် အလွန်အကဲ ဆင်းရဲဒုက္ခမှ လွတ်ခြင်းငှာ အလိုရှိလှပါသည်။ တပည့်တော်အား တစ်ခုသော ဆင်းရဲမှ လွတ်ခြင်းအကြောင်းကို ဟောကြားတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ မထေရ်ကလည်း ဒါယကာ ကောင်းပြီ၊ အလွန်တကဲ ဆင်းရဲဒုက္ခမှ အကယ်၍ လွတ်လိုသည် ဖြစ်အံ့–

၁။ စာရေးတံချ၍ ပေးလှူခြင်းတည်းဟူသော သလာကဘတ်ကို ပေးလှူလေလော့။

၂။ ပက္ခတိုင်း, ပက္ခတိုင်း ပေးလှူခြင်းဟုဆိုအပ်သော ပက္ခိကဘတ်ကို ပေးလှူလေလော့၊

၃။ ဝါဆိုကျောင်းကို ပေးလှူလေလော့၊

၄။ သင်္ကန်းအစရှိသော ပစ္စည်းတို့ကို ပေးလှူလေလော့၊

၅။ မိမိ၏ ဥစ္စာပစ္စည်း အနှစ်ကို သုံးစုသုံးပုံ အဖို့တို့ကိုပြု၍ တစ်ဖို့ဖြင့် ရောင်းဝယ်ခြင်း စသောအမှုကို ယှဉ်စေလော့၊

၆။ တစ်ဖို့တစ်စုဖြင့် သားမယားကို မွေးမြူလေလော့၊

၇။ တစ်ဖို့တစ်စုကို မြတ်စွာဘုရား သာသနာတော်၌ အလှူဒါနကိုပေးလေလော့ဟု ဆို၏။

ထိုသေဋ္ဌေးသားသည် အရှင်ဘုရား ကောင်းလှပါပြီဟု ဝန်ခံပြီး ပြောဆိုပြသခဲ့သော အစဉ်အတိုင်းအားဖြင့် အလုံးစုံကို ပြုပြီး၍ တစ်ဖန် မထေရ်ကို အရှင်ဘုရား ထိုထက်အလွန် တစ်ပါးသော အဘယ်သို့သော အမှုကို ပြုရပါမည်နည်းဟု မေးလျှောက်၏။

ဒါယကာ သရဏဂုံသုံးပါးတို့ကို ခံယူဆောက်တည်လေလော့၊ ငါးပါးသီလတို့ကို ခံယူဆောက်တည်လေလော့ဟု မိန့်တော်မူ၏၊ ထိုသရဏဂုံ သီလတို့ကိုလည်း ခံယူဆောက်တည်ပြီး၍ ထိုထက်လွန်မြတ်သည်ကို မေးလျှောက်ပြန်၏။

ထိုသို့ဖြစ်လျှင် ဆယ်ပါးသီလကို ခံယူ ဆောက်တည်လေလော့ဟု ဆို၏၊ အရှင်ဘုရား ကောင်းပါပြီဟု ဝန်ခံပြီး ခံယူဆောက်တည်၏။

## အနုပုဗ္ဗသေဌေးသား ရဟန်းပြုခြင်း

ထိုသေဌေးသားသည် ဤသို့ အစဉ်အတိုင်းအားဖြင့် ကောင်းမှုကံကို ပြုသည်၏အဖြစ်ကြောင့် အနုပုဗ္ဗ သေဌေးသားမည်သည် ဖြစ်လေ၏၊ အရှင်ဘုရား ထိုထက် လွန်မြတ်သည်လည်း ပြုဖွယ်အမှုသည် ရှိပါသေးသလောဟု တစ်ဖန်မေးလျှောက်၍ ထိုသို့ဖြစ်လျှင် ရဟန်းပြုလေလော့ဟု ဆိုသည်ရှိသော် လူ့ဘောင်မှထွက်၍ ရဟန်းပြုလေ၏။

ထိုသေဌေးသားအား တစ်ပါးသောဆရာသည် အဘိဓမ္မာကိုဆောင်သော ဆရာဖြစ်ပေ၏၊ တစ်ပါးသောဆရာသည် ဝိနည်းကိုဆောင်သော ဥပဇ္ဈာယ်ဆရာ ဖြစ်ပေ၏။ ရအပ်ပြီးသော ပဉ္စင်းအဖြစ်ရှိသော ထိုရဟန်းအား ဆရာသည် မိမိ၏ထံသို့ လာရောက်သော် အဘိဓမ္မာ၌ ပြဿနာကို ဟောပြတော်မူ၏၊ မြတ်စွာဘုရား သာသနာတော်၌ ဤအမည်ရှိသော အမှုကိုပြုခြင်းငှါ အပ်၏၊ ဤအမည်ရှိသော အမှုကိုပြုခြင်းငှါ မအပ်ဟု ပြောဆိုဆုံးမပေ၏၊ ထိုရဟန်း၏ ဥပဇ္ဈာယ်သည်လည်း မိမိ၏ထံသို့ လာရောက်သော် ဝိနည်း၌ ပြဿနာကို ပြောဆိုလေ၏၊ မြတ်စွာဘုရားသာသနာတော်၌ ဤအမည်ရှိသော အမှုကို ပြုခြင်းငှါ သင့်လျော် လျောက်ပတ်၏၊ ဤအမှုသည်ကား မသင့်လျော် မလျောက်ပတ်၊ ဤအမှုသည်ကား အပ်၏၊ ဤအမှုသည်ကား မအပ်ဟု ပြောဆိုဆုံးမပေ၏၊ ထိုရဟန်းသည် ကြံဆင်ခြင်သည်မှာ "ဤအမှုသည်ကား အလွန်ဝန်လေးသော အမှုဖြစ်ချေသည်တကား၊ ငါသည် ဆင်းရဲမှ လွတ်လိုသောကြောင့် ရဟန်းပြုအပ်ပေ၏၊ ဤမြတ်စွာဘုရား သာသနာတော်၌ ငါ့အား လက်ကိုဆန့်ရာ အရပ်မျှသော်လည်း မထင်မမြင်ခဲ့ချေတကား၊ အိမ်၌ တည်လျက်သာလျှင် ဆင်းရဲမှလွတ်ခြင်းငှါ ထိုက်ကောင်း၏၊ ငါသည် လူဖြစ်ခြင်းငှါ အပ်၏"ဟု ကြံ၏၊ ထိုရဟန်းသည် ထိုအခါမှစ၍ သာသနာတော်၌ ဆန့်ကျင်သည်ဖြစ်၍ သာသနာတော်၌ မမွေ့မလျော်သည် ဖြစ်သောကြောင့် ဒွတ္တိံသာကာရတို့ကို သရဇ္ဈာယ်ခြင်းကို မပြု၊ ပါဠိကို မသင်ယူ၊ ကြုံလှီခြင်း, ခေါင်းပါးခြင်း, အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိခြင်းသည် ဖြစ်၏၊ ပျင်းရိခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ နံရိုးပြိုင်းပြိုင်းထလျက် ပွေးနာစသည်တို့ဖြင့် ပြွမ်းသည်ဖြစ်၏။

## သာမဏေတို့က မေးလျှောက်ခြင်း

ထိုအခါ သေဌေးသားရဟန်းကို သာမဏေငယ်တို့က အရှင်ဘုရားကြီး အသို့နည်း၊ အရှင်ဘုရားကြီးသည် ရပ်သောနေရာ၌ ရပ်တိုင်းသာလျှင် ထိုင်သောနေရာ၌ ထိုင်မြဲတိုင်းသာလျှင် တွေဝေကြံမှိုင်၍ ဖြစ်ခဲ့၏၊ အရှင်ဘုရားကြီး

အား ခယရုပ်အနာ နှိပ်စက်ခြင်းကြောင့် ကြုံလှီလေသလော၊ အရေအသား နည်းပါးလေသလော၊ နှံရိုးပြိုင်းပြိုင်းထလျက် ပေ့ါနာစသည်ဖြင့် ပြွမ်းလေသလော၊ အရှင်ဘုရားကြီးသည် အဘယ်ကဲ့သို့သောအမှုကို ပြုခဲ့ဘိသနည်းဟု မေးကုန်၏။

မောင်ရှင်သာမဏေတို့ သာသနာတော်၌ ဆန့်ကျင်ခြင်း ဖြစ်လေသည်ဟု ဆိုသော် အဘယ်အကြောင်းကြောင့် နည်းဟု မေးသဖြင့် ထိုအကြောင်း အလုံးစုံကို အကုန်ပြန်ကြား၏၊ သာမဏေငယ်တို့သည် သေဌေးသားရဟန်း၏ ဆရာဥပဇ္ဈာယ်တို့အား ကြားကုန်၏။ ဆရာဥပဇ္ဈာယ်တို့သည် ထိုရဟန်းကို ခေါ်ယူခဲ့၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ လာခဲ့ကုန်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ အဘယ်အကြောင်းကြောင့်လာကြကုန်ဘိသနည်းဟု မိန့်တော်မူ၏။ ဘုန်းတော် ကြီးတော်မူလှပေသော မြတ်စွာဘုရား ဤရဟန်းသည် အရှင်မြတ်တို့၏ သာသနာတော်၌ ဆန့်ကျင်ခြင်း ဖြစ်ပါသည်ဟု လျှောက်ကြား၏ ချစ်သား အသင်သည်ငါဘုရား၏ သာသနာတော်၌ ဆန့်ကျင်သည်ဟူသည် မှန်ပေသလော မေးတော်မူလျှင် အရှင်ဘုရား ဟုတ်မှန်ပါသည်ဟု ဝန်ခံလျှောက်ကြားသည် ရှိသော် အဘယ်အကြောင်းကြောင့်နည်းဟု မေးတော်မူသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ဆင်းရဲဒုက္ခမှ လွတ်မြောက်လိုသောကြောင့် ရဟန်းပြုပါသည် တပည့်တော်အား ဆရာသည် လွန်မြတ်သော အဘိဓမ္မာတရားစကားကို ဟောကြားပြသဆုံးမပါသည်၊ ဥပဇ္ဈာယ်ဆရာသည် ဝိနည်းတရားစကားကို ဟောကြားပြသဆုံးမပါသည် တပည့်တော်သည် ဤမြတ်စွာဘုရား သာသနာတော်၌ ငါ့အား လက်ကိုဆန့်ရာ အရပ်မျှသော်လည်း မရှိချေတကား၊ လူထွက်ပြီး ဆင်းရဲဒုက္ခမှ လွတ်မြင်းငှါ တတ်ကောင်းလိမ့်မည်၊ လူထွက်ဖြစ်တော့အံ့ဟု ဆုံးဖြတ်ခြင်းကို ပြုမိပါသည်ဟု လျှောက်ထား၏။

ချစ်သားရဟန်း သင်သည် တစ်ခုတစ်ပါးတည်းကိုသာလျှင် စောင့်ရှောက်ခြင်းငှါ အကယ်၍ စွမ်းနိုင်သည်ဖြစ်ခဲ့တုံအံ့၊ ကြွင်းသော အရာဌာနတို့ကို စောင့်ရှောက်ဖွယ်ကိစ္စ မရှိပြီဟု မိန့်တော်မူသော်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား စောင့်ရှောက်အပ်သော တစ်ပါးတစ်ခုတည်းဟူသည် အဘယ်ပါနည်းဟုမေးလျှောက်သဖြင့် ချစ်သားရဟန်း သင်၏ စိတ်တစ်ပါး တစ်ခုတည်းသာလျှင်တည်း၊ ထိုတစ်ပါး တစ်ခုတည်းသော စိတ်ကို စောင့်ရှောက်ခြင်းငှါ စွမ်းနိုင်ပါလတ္တံ့လောဟု မေးတော်မူလျှင် ဘုန်းတော်ကြီးသော မြတ်စွာဘုရား စွမ်းနိုင်ပါလတ္တံ့ဟု လျှောက်ကြား၏။

## သေဋ္ဌေးသား သောတာပန်တည်ခြင်း

ထိုသို့ဖြစ်လျှင် မိမိ၏ စိတ်ကိုသာလျှင် စောင့်ရှောက်လေဘိလော့၊ ဆင်းရဲဒုက္ခမှ လွတ်ရင်းငှါ ဟတ်ကောင်းပါလိမ့်မည်ဟု ဤသို့သော အဆုံးအမဩဝါဒကို ပေး၍ ဤဂါထာကိုဟောတော်မူ၏—

၃၆။ သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထ ကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

ကောင်းစွာခဲယဉ်းသဖြင့် မြင်အပ်ထသော အလွန်သိမ်မွေ့စွာထသော အမှတ်မရှိသော ကာမဂုဏ်အာရုံ၌ ကျလေ့ရှိထသောစိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ လုံခြုံပြီးသော စိတ်သည် ချမ်းသာကို ဆောင်တတ်၏။

ထိုဂါထာ၌ **သုဒုဒ္ဒသံ** ဟူသည်=လွန်စွာမြင်နိုင်ခဲသော ဟူလို။
**သုနိပုဏံ** ဟူသည်=လွန်စွာသိမ်မွေ့ခြင်းရှိသော ဟူလို။

**ယတ္ထကာမနိပါတိနံ** ဟူသည်=အမျိုးစသည်တို့ကို မငဲ့မူ၍ ရသင့်, မရသင့်, ယှဉ်သင့်, မယှဉ်သင့်သော ဠာနာရုံ, အနိဋ္ဌာရုံတို့တွင် အမှတ်မရှိ တစ်ပါးပါး၌ ကျလေ့ရှိသော ဟူလို။

**စိတ္တံ ရက္ခေထ မေဓာဝီ** ဟူသည်=အလွန်မိုက်သော ပညာမရှိသူသည် မိမိ၏ စိတ်ကိုစောင့်ခြင်းငှါ စွမ်းနိုင်ခြင်း မည်သည်မရှိ၊ စိတ်၏အလိုလိုက်ခြင်းဖြစ်၍ အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်၏။ စင်စစ်သော်ကား ထိုးထွင်းသော ဉာဏ်ရှိသော ပညာရှိသည်သာလျှင် စိတ်ကိုစောင့်ခြင်းငှါ တတ်နိုင်၏။ ထို့ကြောင့် သင်သည်လည်း စိတ်ကိုသာလျှင် လုံခြုံစေလော့။ ထိုစကားမှန်၏။ ဤစိတ်သည် လုံခြုံသည်ဖြစ်အံ့၊ ချမ်းသာကိုဆောင်နိုင်၏။ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာတို့ကို ရွက်ဆောင်နိုင်၏ဟူလို။

ထိုဒေသနာဂါထာ၏အဆုံး၌ သေဋ္ဌေးသားရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ တစ်ပါးလည်းဖြစ်ကုန်သော များစွာကုန်သော သူတို့သည် သောတာပန် အစရှိသည် ဖြစ်လေကုန်၏။

သုံးခုမြောက် အညတရဥက္ကဏ္ဌိတ
ဘိက္ခုဝတ္ထုကား ဤတွင်ရွေ ပြီးဆုံးလေသတည်း။

---

## ၄။ သံဃရက္ခိတမထေရ်၏ တူရင်းဖြစ်သော မထေရ်ငယ်ဝတ္ထု

**ဒူရင်္ဂမံ ဧကစရံ** –အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းစံပယ်တော်မူစဉ် သံဃရက္ခိတ အမည်ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူပေ၏။

သာဝတ္ထိပြည်၌ အမျိုးကောင်းသား တစ်ယောက်သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ တရားဒေသနာကို နာခံ မှတ်သား ကြားနာရသည်ဖြစ်၍ လူ့ဘောင်မှ ထွက်ပြီးလျှင် ရဟန်းပြုပေသတတ်။ ရဟန်း ပဉ္စင်းအဖြစ်ကို ရ၍ သံဃရက္ခိတ မထေရ်ဟူသော အမည်ရှိသည် ဖြစ်၍ နှစ်ရက်, သုံးရက် ချင်းဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုမထေရ်၏ နှမငယ်သည် သားငယ်ကို ရ၍ မထေရ်၏ အမည်ကိုသာလျှင် ပြုလေ၏။ ထိုသူငယ်သည် တူဖြစ်သော သံဃရက္ခိတဟူသော အမည်ရှိသည်ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် မထေရ်၏ အထံ၌သာလျှင် ရဟန်းပြု၍ ရအပ်သော ပဉ္စင်းအဖြစ်ရှိသဖြင့် တစ်ပါးသော မထင်ရှားသော ရွာငယ်တစ်ရွာ၏အနီး၌ ဝါသို့ကပ်၍ ခုနစ်တောင် ရှိသော ပုဆိုးတစ်ထည်, ရှစ်တောင်ရှိသောပုဆိုးတစ်ထည်အားဖြင့် နှစ်ထည်သော ဝါဆိုသင်္ကန်း ပုဆိုးတို့ကို ရ၍ ရှစ်တောင်ရှိသော ပုဆိုးသည် ငါ၏ဥပဇ္ဈာယ်အား ဖြစ်ပေလတ္တံ့ဟု ပိုင်းခြား သတ်မှတ်ပြီးသော် ခုနစ်တောင်ရှိသော ပုဆိုးသည် ငါ့အား ဖြစ်ပေလိမ့်မည်ဟု ကြံအောက်မေ့၍ ဝါမှ ထမြောက်၍ ဝါကျွတ် တည့်လျှင် ဥပဇ္ဈာယ်ကို ဖူးမြော်ကြည့်ရှုအံ့ဟု လာခဲ့သည်ရှိသော် လမ်းခရီး အကြား၌ မထေရ်သည် ဆွမ်းခံခြင်းငှာ လှည့်လည်စဉ်ပင်လျှင် လာခဲ့၍ မထေရ် သည် ကျောင်းသို့ မရောက်မီပင်လျှင် ကျောင်းသို့ဝင်၍ မထေရ်၏ နေ့သန့်ရာ၌ တံမြက်လှည်းပြီးလျှင် ခြေဆေးရေကို တည်ထား၍ အိပ်ရာနေရာကို ခင်းပြီး မထေရ် ကြွတော်မူလာအံ့သော ခရီးကို ကြည့်မျှော်လျက် ငုံ့ဆိုင်းစောင့်လင့်၍ နေနှင့်၏။

ထို့နောက် မထေရ် ကြွလာတော်မူသောအခါ မထေရ် ကြွလာသည်ကို သိ၍ ခရီးဦး ကြိုဆိုခြင်းကို ပြုပြီး သပိတ်သင်္ကန်းကို လှမ်းလင့် ယူငင်၍ အရှင်ဘုရား ထိုင်နေ သီတင်းသုံးတော် မူပါလော့ဟု မထေရ်ကို ထိုင်နေ သီတင်းသုံးစေတော် မူပြီးသော် ထန်းရွက်ယပ်ကို ယူ၍ ယပ်ခတ်လေပြီး သောက်တော်ရေကို ပေး၍ ခြေတို့ကို ဆေးပြီးလျှင် မိမိယူခဲ့သော ပုဆိုးကို ဆောင်ယူ၍ မထေရ်မြတ်၏ ခြေရင်း၌ ထားပြီးသော် အရှင်ဘုရား ဤပုဆိုးကို သုံးဆောင်တော်မူပါလော့ဟု လျှောက်ကြားပြီးလျှင် ယပ်လေခတ်လျက်သာလျှင် နေ၏။

ထိုအခါ ရဟန်းငယ်ကို မထေရ်က ငါ့ရှင် သံဃရက္ခိတ ငါ့အား သင်္ကန်း ပြည့်စုံ၏။ သင်သည်သာလျှင် သုံးဆောင်လေလော့ဟု မိန့်တော်မူ၏။ အရှင် ဘုရား တပည့်တော်သည် ဤအဝတ်ပုဆိုးကို ရသောအခါမှ စ၍ ဤအဝတ် ပုဆိုးကို အရှင်ဘုရားအားသာလျှင် ပိုင်းခြား မှတ်သားအပ်၏။ သုံးဆောင် ခြင်းကို ပြုတော်မူပါလော့ဟု လျှောက်၏။ ငါ့ရှင် သံဃရက္ခိတ ရှိစေတော့ ငါ့အား သင်္ကန်းပြည့်စုံ၏။ အသင်သည်သာလျှင် သုံးဆောင်လေလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား ဤသို့ မပြုပါကုန်လင့် အရှင်မြတ်တို့သည် သုံးဆောင်အပ်သည် ရှိသော် တပည့်တော်အား ကြီးမြတ်သော အကျိုး ဖြစ်ပါလိမ့်မည်ဟု အဖန်ဖန် အထပ်ထပ် လျှောက်ကြားအပ်သည် ရှိသော်လည်း မထေရ်သည် အလိုမရှိသည်သာလျှင်တည်း။ သံဃရက္ခိတရဟန်းသည် မထေရ်ကို ယပ်ခတ်လျက်သာလျှင် ဤသို့ ကြံ၏။

## စိတ်ကူးဖြင့် အိမ်ထောင်သားမွေးမှု

"ငါသည် မထေရ်၏ လူအဖြစ်၌ တူရင်း ဖြစ်ပေ၏။ ရဟန်းပြုသော အခါ၌ လည်း အတူနေ တပည့် ဖြစ်ပေ၏။ ဤသို့ ဖြစ်ပါလျက်သော်လည်း ငါနှင့် အတူဘက္ခ ဥပဇ္ဈာယ်ဆရာသည် သုံးဆောင်ခြင်းကို ပြုခြင်းငှာ အလိုမရှိ။ ဤ ဆရာ မထေရ်သည် ငါနှင့် အတူတကွ သုံးဆောင်ခြင်းကို မပြုသည်ရှိသော် ငါ့အား ရဟန်း၏ အဖြစ်ဖြင့် အဘယ် အကျိုးရှိအံ့နည်း လူဖြစ်တော့အံ့"ဟု ကြံ၍ ထိုနောက် တစ်ဖန် ဤသို့သော အကြံသည် ဖြစ်ပြန်၏။

လူ့ဘောင်မည်သည် တည်တံ့နိုင်ခဲ၏။ အဘယ်သို့သော အမှုကို ပြုပြီး လူ ဖြစ်၍ အသက်ရှည်အောင် မွေးပါအံ့နည်း"ဟု ကြံပြီးမှ တစ်ဖန် ထပ်မံ၍ ကြံပြည်ပြန်သည်မှာ "ရှစ်တောင်ရှိသော အဝတ်ပုဆိုးတစ်ထည်ကို ရောင်း၍ တစ်ကောင်သော ဆိတ်မကို ဝယ်ယူအံ့၊ ဆိတ်မ မည်သည်ကား လျင်စွာ သားဖွားလွယ်၏၊ ထိုငါသည် ဖွားတိုင်းဖွားတိုင်းသော ဆိတ်ကို ရောင်းချ၍ အဖိုးကိုပြုအံ့၊ အဖိုးငွေကို ပြုပြီး တစ်ယောက်သောမယားကို ဆောင်ယူအံ့၊ ထိုဆောင်ယူအပ်သော မယားသည် တစ်ယောက်သောသားကို ဖွားမြင်လတ္တံ့၊ ထိုသို့ ဖွားမြင်သောအခါ သားငယ်အား ငါ့ဦးရီး၏ အမည်ကိုပြု၍ လှည်း ယာဉ်ငယ်၌ ထိုင်နေစေပြီး ငါ၏သားကို လည်းကောင်း၊ မယားကို လည်း ကောင်း ယူခဲ့၍ ဦးရီးမထေရ်ကို ရှိခိုးခြင်းငှာ လာခဲ့အံ့၊ လာခဲ့သည်ရှိသော် ခရီးအကြား၌ ငါ၏မယားကို ဆိုအံ့၊ င၏သားကို ဆောင်ယူခဲ့လော့၊ ငါသည် ချီယူအံ့ဟု ဆိုပေအံ့၊ ထိုမယားက အသင်အာ အဘယ်ပြုအံ့နည်း၊ လာလှည့် ဤလှည်းယာဉ်ကို မောင်းနှင်လော့၊ ငါသည် သားကို ပွေ့ယူချီငင်၍ ဆောင်အံ့ ဟု ဆိုပြီး မယားသည် သားငယ်ကို ဆောင်ယူသည်ရှိသော် တည်ခြင်းငှာ

မစွမ်းနိုင်သောကြောင့် လှည်းဘီးသွားမှာ လမ်း၌ ပစ်ဘိသကဲ့သို့ ကျလတ္တံ့။ ထိုအခါ သားငယ်၏ ကိုယ်ပေါ်သို့ တက်၍ လှည်းဘီးစက်သည် လိမ့်သွားလတ္တံ့. ထိုအခါ မယားကို အသင်သည် ငါ၏သားကို ငါ့အားလည်းမပေး၊ မိမိသည်လည်း မြဲမြဲခိုင်ခံ့ တည်တံ့ ပွေ့ချီခြင်းငှာ မစွမ်းနိုင်၊ အသင်သည် ဖျက်ဆီးအပ်သည် ဖြစ်ခဲ့၏ဟု ဆို၍ နှင်တံဖြင့် ကျောက်ကုန်းကို ရိုက်ပုတ်အံ့" ဟု ကြံ၏။

ထိုရဟန်းငယ်သည် ဤသို့ အစဉ်အတိုင်း ကြံစည်အောက်မေ့လျက်သာလျှင် တန့်ရပ်တည်နေပြီး ယပ်လေခတ်လျက်သာလျှင် မထေရ်၏ ဦးခေါင်းကို ယပ်ဖြင့်ပုတ်ခတ် ရိုက်နှက်လေ၏။ မထေရ်သည် အသို့နည်း ဤသံဃရက္ခိတသည် ငါ၏ ဦးခေါင်း၌ ရိုက်ပုတ်အပ်သည် တကားဟု စူးစမ်း ဆင်ခြင်သည်ရှိသော် ထိုသံဃရက္ခိတ ရဟန်းငယ်သည် ကြံတိုင်း ကြံတိုင်းသော အလုံးစုံကို အကုန်သိမြင်ရ၍ ငါ့ရှင် သံဃရက္ခိတ သင်၏သားကို အမှီပြု၍ အသင်၏မယား မာတုဂါမကို ရိုက်နှက်ပုတ်ခတ်ခြင်းကို ပေးခြင်းငှာ မစွမ်းနိုင်ပါဘဲ ဤအရပ်၌ အိုမင်းကြီးရင့်လေပြီးသော ငါ့မထေရ်အား အဘယ်အပြစ် ရှိလေသနည်းဟု ဆို၏။

## ရဟန်းငယ် ထွက်ပြေးရန် ကြံခြင်း

ထိုသံဃရက္ခိတ ရဟန်းငယ်သည် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသော ပျက်စီးခြင်းဖြင့် ငါသည် ပျက်စီးရခြင်းဖြစ်ရချေပြီ၊ ငါ၏ကြံတိုင်း ကြံတိုင်းသော စိတ်အလိုကို ဥပဇ္ဈာယ်ဆရာသည် သိတော်မူခဲ့ချေပြီတကား၊ ငါ့အား ရဟန်း၏အဖြစ်ဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်းဟု ထန်းရွက်ယပ်ကို ချထား စွန့်ပစ်ပြီးလျှင် ပြေးခြင်းငှါ အားထုတ်၏။

ထိုအခါ ပြေးခြင်းငှါ အားထုတ်သော သံဃရက္ခိတကို ပဉ္စင်းငယ်တို့သည် လည်းကောင်း၊ သာမဏေတို့သည် လည်းကောင်း အစဉ်အတိုင်းလိုက်၍ ထိုသံဃရက္ခိတရဟန်းကို ဖမ်းယူပြီးလျှင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ သွားကြကုန်၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ထိုရဟန်းတို့ကို မြင်တော်မူ၍ ချစ်သားရဟန်းတို့ အဘယ်ကြောင့်လာကြကုန်ဘိသနည်း ချစ်သားရဟန်းတို့သည် တစ်ယောက်သော ရဟန်းကို အဘယ်က ဖမ်းယူခဲ့ကုန်ဘိသနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရား မေးတော်မူတိုင်း ဖမ်းယူအပ်ခဲ့သည်ကားမှန်ပါ၏။ ဤပဉ္စင်းငယ်သည် သာသနာတော်၌ မမွေ့လျော် ဆန့်ကျင်ခြင်းဖြစ်၍ လူထွက်ခြင်းငှါ ထွက်ပြေးသည်ကို ဖမ်းယူခဲ့ပြီ သည့်ကာလ အရှင်ဘုရားတို့၏အထံသို့ လာခဲ့ပါကုန်သည်ဟု လျှောက်ကြား၏။

ချစ်သားရဟန်း ဤသာသနာတော်၌ မမွေ့လျော် ဆန့်ကျင်သောဟူသည် ဟုတ်မှန်ပေသလောဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်ပါပေသည်ဟု လျှောက်ထားသဖြင့် ချစ်သားရဟန်း သင်သည် အဘယ်ကြောင့် ဤသို့ ဝန်လေးစွာသောအမှုကို ပြုလေဘိသနည်း၊ သင်သည် အားထုတ်အပ်သော ဝီရိယရှိသော တစ်ဆူသော ငါဘုရား၏ သားတော် မဟုတ်လေသလော၊ ငါသို့သဘောရှိသော မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုသည် ဖြစ်ပါလျက် မိမိကိုယ်ကို သောတာပန်ဟူ၍ လည်းကောင်း၊ သကဒါဂါမ်ဟူ၍လည်းကောင်း၊ အနာဂါမ်ဟူ၍ လည်းကောင်း၊ ရဟန္တာဟူ၍ လည်းကောင်း ဆိုစေခြင်းငှါ မစွမ်းပါလေသနည်း၊ အဘယ့်ကြောင့် ဤသို့ ဝန်လေးစွာသောအမှုကို ပြုဘိသနည်းဟု မေးတော်မူ၏။

## ရဟန်းငယ် သောတာပန်တည်ခြင်း

ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား တပည့်တော်အား မမွေ့လျော် ဆန့်ကျင်ခြင်းဖြစ်ပါသည်ဟု လျှောက်ထားသည်ရှိသော် အဘယ်အကြောင်း ကြောင့် ဆန့်ကျင်ခြင်း ဖြစ်လေဘိသနည်းဟု မေးတော် မူသောကြောင့် ထိုသံဃရက္ခိတ ရဟန်းငယ်သည် ဝါဆိုသင်္ကန်းပုဆိုးကို ရသောနေ့မှစ၍ မထေရ်အား ထန်းရွက်ယပ်ဖြင့် ရိုက်နှက်ပုတ်ခတ်သည်တိုင်အောင် အလုံးစုံသော ထိုအကြောင်းကို ကြားလျှောက်၍ ဘုန်းတော်ကြီးတော်မူလှပေသော မြတ်စွာဘုရား ဤသို့သော အကြောင်းကြောင့် ဘုရားတပည့်တော်အား ထွက်ပြေးခြင်း ဖြစ်ပါသည်ဟု လျှောက်ကြား၏။

ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သံဃရက္ခိတ ရဟန်းငယ်ကို ချစ်သားရဟန်း လာလှည့်၊ မပူပန် မကြံအောက်မေ့လင့်၊ ထိုစိတ်မည်သည်ကား အဝေး၌ ဖြစ်သည်လည်း ဖြစ်သော အာရုံကို ခံလင့်တတ်သော သဘောရှိ၏။ ရာဂ ဒေါသ မောဟတည်းဟူသော အနှောင်အဖွဲ့မှ လွတ်ခြင်းငှါ လုံ့လကို ပြုခြင်းငှါအပ်၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောကြားတော်မူ၏—

၃၇။ ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

အဝေးအာရုံသို့လည်း ပြေးထသော၊ တစ်ခုတည်းသာ လှည့်လည်ထသော ကိုယ်ထည်လည်း မရှိထသော မဟာဘုတ်တည်းဟူသော လိုဏ်လျှောင် တည်ရာ ရှိထသော စိတ်ကို စောင့်စည်းနိုင်သော သူတို့သည် မာရ်မင်းအနှောင်အဖွဲ့မှ လွတ်ကုန်လတ္တံ့။

ထိုဂါထာ၌ ဒုရင်္ဂမံဟူသည်= စိတ်၏သာလျှင် မျှော်မျှော်မျှော်အိပ်ခြင်းကာလ မျှလည်း အရှေ့စသောအရပ်မျက်နှာအဖိထိသို့ သွားခြင်းလာခြင်းမည်သည်မရှိ၊ ဝေးသောအရပ်၌ ထင်ရှား ရှိသည်လည်းဖြစ်သောအာရုံကိုကား လက်ခံတတ်၏။ ထိုကြောင့် ဒူရင်္ဂမမည်သည်ဖြစ်၏။

ဇောခုနစ်တန့် တဒါရုံမဟာဝိပါက်စိတ်ရှစ်ခုတို့သည်ကား တစ်ပေါင်းတည်း အထွက်ကချက်ကဲ့သို့ ဖွဲ့အပ်ကုန်သည်ဖြစ်၍ တစ်ပြိုင်နက် တစ်ခုတည်းသော ခဏ၌ ဖြစ်ခြင်းငှါ စမ်းနိုင်ခြင်းမည်သည် မရှိကုန်၊ ဖြစ်သောအခါ၌ တစ်ခု သောစိတ်သည်လျှင်ဖြစ်၏။ ထိုစိတ်သည် ချုပ်ပြီးသည်ရှိသော် တစ်ဖန် တစ်ခု တည်းသော စိတ်သည်သာလျှင်ဖြစ်၏။ ထိုကြောင့် **ဧကစရ** မည်သည် ဖြစ်၏။

စိတ်၏ ကိုယ်သဏ္ဌာန်သည် လည်းကောင်း၊ အညိုစသည် အပြားရှိသော အဆင်းအပြားသည်လည်းကောင်း မရှိ ထို့ကြောင့် အသရီရ မည်သည် ဖြစ်၏။

**ဂုဟာ**မည်သည်ကား- မဟာဘုတ် လေးပါးဟူသော လိုဏ်ဂူတည်း။ ဤစိတ် သည်လည်း ဟဒယရုပ်ကိုမှီ၍ ဖြစ်တတ်၏။ ထို့ကြောင့် **ဂုဟာသယ** မည်သည် ဖြစ်၏။

**ယေစိတ္တံ** ဟူသည်= ခပ်သိမ်းကုန်သော ယောကျ်ားတို့သည် လည်းကောင်း၊ မိန်းမတို့သည်လည်းကောင်း၊ လူတို့သည်လည်းကောင်း၊ ရဟန်းတို့သည်လည်း ကောင်း မဖြစ်သေးသော ကိလေသာ၏ ဖြစ်ခြင်းငှါ မပေးမူ၍ သတိမေ့လျော့ ခြင်းကြောင့် ဖြစ်လေပြီးသော ကိလေသာကို ပယ်ကုန်လျက်စိတ်ကို ဟူလို။

**သံယမေဿန္တိ**ဟူသည်= စောင့်သည်ဖြစ်၍ မပျံ့လွင့်သည်ကို ပြုကုန်လတ္တံ့ ဟူလို၏။

**မောက္ခန္တိမာရဗန္ဓနာ** ဟူသည်= ထိုအလုံးစုံသော သူတို့သည် ကိလေသာ ဟူသော အနှောင်အဖွဲ့မရှိခြင်းဖြင့် မာရဗန္ဓနဟုဆိုအပ်သော တေဘူမကဝဋ်မှ လွတ်ကုန်လတ္တံ့ ဟူလို။

ထိုဒေသနာ ပါဌ်ဂါထာ၏အဆုံး၌ တူဖြစ်သော သံဃရက္ခိတ မထေရ်သည် သောတာပတ္တိဖိုလ်သို့ရောက်လေ၏။ တစ်ပါးလည်းဖြစ်ကုန်သော များစွာကုန် သောသူတို့သည်လည်း သောတာပန်စသည်တို့ ဖြစ်လေကုန်၏။

လေးခုမြောက် သံဃရက္ခိတမထေရ်၏ တူရင်းဖြစ်သော
မထေရ်ငယ်၏ ဝတ္ထု ပြီး၏။

## ၅။ စိတ္တဟတ္ထ မထေရ်ဝတ္ထု

**အနဝဋ္ဌိတ** စိတ္တဿ အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် စိတ္တဟတ္ထမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူပေ၏။

သာဝတ္ထိပြည်၌ နေလေ့ရှိသော အမျိုးကောင်းသား တစ်ယောက်သည် ပျောက်လေပြီးသော နွားကို ရှာမှီးလျက် တောသို့ ဝင်သည်ရှိသော် မွန်းတည့်သော အခါ၌ နွားကို တွေ့မြင်၍ နွားအပေါင်းတို့ကို လွှတ်ထားခဲ့ပြီးလျှင် စင်စစ်မချွတ် အရှင်ကောင် ဘိုး၏ အထံ၌ အာဟာရမျှကို ရလတ္တံ့ဟု ဆာလောင် မွတ်သိပ်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ကျောင်းသို့ ဝင်သွားပြီးလျှင် ရဟန်းတို့၏ အထံသို့ သွား၍ ရှိခိုးပြီး သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေ၏။ ထိုအခါ ဟန်းတို့၏ စားကြွင်းထည့်သော ခွက်၌ စား၍ ပိုလွန်ကြွင်းကျန်သော စားကြွင်းထမင်းသည် ရှိပေ၏။

ရဟန်းတို့သည် ဆာလောင်မွတ်သိပ်ခြင်းဖြင့် နှိပ်စက်ပြင်းထန်စွာ လာရောက်သော ထိုဒါယကာကိုမြင်၍ ဤအရပ်မှ ထမင်းကို ယူ၍ စားလော့ဟု ဆိုကုန်၏။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိသောအခါ၌ကား များစွာကုန်သော စမဲဟင်းလျာ ထမင်းသည် ဖြစ်ပေ၏။ နွားကျောင်းယောက်ျား ခရီးသွားသည် ထိုစားကြွင်းခွက်မှ မျှလောက်ရုံသော ထမင်းဟင်းကို ယူပြီး စားသောက်၍ ရေကို သောက်ပြီးလျှင် လက်တို့ကို ဆေးကြော သုတ်သင်ပြီးသော် ရဟန်းတို့ကို ရှိခိုး၍ အရှင်ဘုရားတို့...အရှင်မြတ်တို့သည် ယနေ့ ပင့်ဖိတ်ရာ အရပ်သို့ ကြွအပ်ကုန်သလောဟု မေးလျှောက်၏။

### နွားပျောက်သော ယောကျ်ား ရဟန်းပြုခြင်း

ရဟန်းတို့က ဒါယကာ...ငါတို့အား ပင့်ဖိတ်အပ်သော အရပ်မရှိ၊ ဤသို့သော အမှတ်ဖြင့် အမြဲမပြတ် ရကုန်သတည်းဟု မိန့်တော်မူ၏။ ထိုယောကျ်ားသည် ကြံသင်ခြင်းသည်မှာ “ငါတို့သည် ဝီရိယကို ဖြစ်စေပြီး ညဉ့်နေ့ပတ်လုံး အမြဲမပြတ် အမှုကိစ္စကို ပြုလုပ်ပါကုန်သော်လည်း ဤသို့ သဘောရှိသော ကောင်းမြတ်သော စမဲဟင်းလျာ ထမင်းကို မရကြလေကုန်။ ဤရဟန်းတို့သည်ကား အမြဲမပြတ် သုံးဆောင် ရပေကုန်သတတ်၊ ငါ့အား လူ၏အဖြစ်နှင့် အဘယ်အကျိုးရှိအံ့နည်း ရဟန်းဖြစ်တော့အံ့”ဟု ကြံ၍ ရဟန်းတို့၏ အထံသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းအဖြစ်ကို တောင်းပန်၏။ ထိုအခါ နွားကျောင်းယောကျ်ား ခရီးသွား ဒါယကာကို ရဟန်းတို့သည် ဒါယကာ

ကောင်းလှပေပြီဟု ဝန်ခံပြီး ရဟန်းပြုစေကြကုန်၏။ ထိုယောကျ်ားသည် ရအပ်ပြီးသော ရဟန်းပဉ္စင်းအဖြစ် ရှိသည့်ဖြစ်၍ ခပ်သိမ်းသော အပြားရှိသော ဝတ်ကြီး, ဝတ်ငယ်ကို ပြု၏။

## ခြောက်ကြိမ်တိုင် လူထွက်ခြင်း

ထိုရဟန်းသည် မြတ်စွာဘုရား သာသနာတော်၌ ဖြစ်ပေါ်ပွားများသော လာဘ်ပူဇော်သက္ကာရ စားသောက်ရသဖြင့် နှစ်ရက်, သုံးရက် ဖြင့်သာလျှင် ထူထဲဝဖြိုးသော ကိုယ်ရှိသည် ဖြစ်လေ၏။ ထိုနောက်မှ အကြံဖြစ်သည်မှာ "ငါအား ဆွမ်းအလို့ငှာ လှည့်လည်၍ အသက်ရှည်သဖြင့် အဘယ်အကျိုး ရှိတုံအံ့နည်း လူဖြစ်တော့အံ့"ဟု ကြံ၍ ထိုရဟန်းသည် သွားရောက်ပြီး အိမ်သို့ ဝင်လေ၏။ အိမ်၌ အမှုကြီးငယ်တို့ကို ပြုစုလုပ်ကိုင်ရသော ထိုယောကျ်ားအား နှစ်ရက်, သုံးရက်ဖြင့်သာ ကိုယ်အဆင်းသဏ္ဌာန်သည် ညှိုးနွမ်းလေ၏။ ထို့နောက် "ငါ့အား ဤသို့သော ဆင်းရဲငြိုငြင် ပင်ပန်းခြင်းဖြင့် အဘယ်သို့ အကျိုးရှိတုံအံ့နည်း ရဟန်းဖြစ်တော့အံ့"ဟု ကြံပြီး တစ်ဖန် သွားရောက်၍ ရဟန်းပြု၏။ ထိုရဟန်းသည် နှစ်ရက် သုံးရက်ကို လွန်မြောက်စေ၍ တစ်ဖန် ဆန့်ကျင်သောကြောင့် လူထွက်၏။ ရဟန်းဖြစ်သော အခါ၌ကား ရဟန်းတို့အား ကျေးဇူးများလှပေ၏။ ထိုယောကျ်ားသည် နှစ်ရက် သုံးရက်ဖြင့်သာလျှင် တစ်ဖန် ဆန့်ကျင်၍ ငါ့အား လူ၏အဖြစ်ဖြင့် အဘယ်အကျိုး ရှိပါအံ့နည်း ရဟန်းပြုတော့အံ့ဟု ကြံ၍ သွားရောက်ပြီးလျှင် ရဟန်းတို့ကို ရှိသေ မြတ်နိုး ရှိခိုး၍ ရဟန်းအဖြစ်ကို တောင်းပန်၏။ ထိုအခါ ရဟန်းတို့သည် ကျေးဇူးများလှသည်၏ အစွမ်းဖြင့် ထိုယောကျ်ားကို တစ်ဖန် ရဟန်းပြုကုန်၏။ ဤသို့သော အခြင်းအရာ အမှတ်ဖြင့်သာလျှင် ခြောက်ကြိမ်တိုင်တိုင် ရဟန်းပြု၍ လူထွက်လေ၏။

ရဟန်းတို့သည် ထိုရဟန်းကြီးအား ဤသူသည် စိတ်ကို အလိုလိုက်သည် ဖြစ်၍ လှည့်လည်လေသည်ဟု စိတ္တဟတ္ထမထေရ်ဟူသော အမည်ကို ပြုကြကုန်၏။ ထိုရဟန်း၏ လူထွက်ချေ, ရဟန်းပြုချေဖြင့် လဲလှယ် လှည့်လည် စဉ်ပင်လျှင် မယားအား ကိုယ်ဝန်တည်လေ၏။ ထိုရဟန်းသည် ခုနစ်ကြိမ်မြောက်သော အလှည့်၌ တောမှ လယ်ထွန်ပြီး ထွန်တုံးဖြစ်သော ဘဏ္ဍာကို ယူ၍ အိမ်သို့လာခဲ့ပြီးသော် ထွန်တုံးစသော ဘဏ္ဍာကို ထား၍ မိမိသင်္ကန်းကို ယူအံ့သောငှာသွား၍ တိုက်ခန်းသို့ ဝင်၏။ ထိုခဏ၌ အိမ်ရှင်ဖြစ်သော မယားသည် လျောင်းလျက် အိပ်ပျော်၍နေ၏။ အိပ်ပျော်၍နေသောမယား၏ ကိုယ်ဝတ်သည် ကင်းကျွတ် လွတ်ထွက်၍နေ၏။ ခံတွင်းမှ အရိအရွဲသည် ယိုစီး ကျထွက်၏။ နှာခေါင်းမှ ရှုတ်ရှုတ်မြည်၏၊ ခံတွင်းသည် ဟင်းလင်းပွင့်၍ ရှိနေ၏။

## ခုနစ်ကြိမ်မြောက် ရဟန်းပြုခြင်း

ထိုအခါ အမျိုးကောင်းသား ယောကျ်ားလည်း တိုမယားနှ ဖူးဖူးယောင်သော သူကောင်ပုပ်ကဲ့သို့ ထင်၏။ ထိုယောကျ်ားသည် ဤဝတ္ထုသည်ကား အနိစ္စ ဒုက္ခသည် ဖြစ်ချေသည်တကား ဟူသော သညာကိုရ၍ ငါသည် ဤမျှလောက် အကိုင်းအရှည်ရှိသော ကာလပတ်လုံး ရဟန်းပြုပြီး ဤဝိနိမကိုမှီ၍ ရဟန်း၏အဖြစ်၌ တည်တံ့ခြင်းငှာ မစွမ်းနိုင်ဘဲ ရှိလေသည်ဟု သင်္ကန်းစန်းကို ကိုင်ယူ၍ ရင်၌ ဖွဲ့ပြီးလျှင် အိမ်မှထွက်ပြီး သွားလေ၏။ ထိုအခါ အခြားမဲ့သော အိမ်၌နေသော ယောက္ခမသည် သမက်ဖြစ်သော လလင်ယောကျ်ားသည် ထွက်သွားသည်ကိုမြင်၍ ဤသူသည် တစ်ဖန် ဆန့်ကျင်ခြင်း ဖြစ်ပေလိမ့်မည်။ ဤသို့ယာခုပင်လျှင် တောမှပြန်လာ၍ သင်္ကန်းကို ရင်၌ဖွဲ့ပြီး အိမ်မှ ထွက်ပြီးသော် ကျောင်းသို့ ရှေးရှု၍သာလျှင် သွား၏။

အကြောင်း အသို့နည်းဟု အိမ်သို့ဝင်၍ ကြည့်ရှုသည်ရှိသော် အိပ်ပျော်၍ နေသော သမီးကို မြင်လေ၏။ ထိုငါ၏ သမက်သည် ဤသို့ ဖြစ်သော အခြင်းအရာကို မြင်သည် ဖြစ်သောကြောင့် နှလုံး မသက်သာသည် ဖြစ်၍ သွားလေသည်ဟု သိသောကြောင့် သမီးကိုပုတ်ခတ်၍ ထလော့ သူယုတ်မ၊ ခင်ပွန်းအရှင် နင်၏လင်သည် အသင်၏ အိပ်ပျော် ဖောက်ပြန်သည်ကို မြင်သောကြောင့် နှလုံး မသာယာခြင်း ရှိသည်ဖြစ်၍ သွားလေပြီ၊ ထိုယောကျ်ားသည် ဤအခါမှစ၍ အသင်အား ပေါင်းသင်း ဆက်ဆံခြင်း ရှိတော့မည်မဟုတ်ဟု ဆို၏။

ထိုသမီးကလည်း မိခင် ဖဲသွားလေလော့၊ ထိုသူ၏ သွားခြင်းသည် အဘယ်မှာ ရှိအံ့နည်း နှစ်ရက် သုံးရက်ဖြင့်သာလျှင် တစ်ဖန် ပြန်လာလတ္တံ့ ဟု ဆို၏။ စိတ္တဟတ္ထအမည်ရသော လူထွက်ယောကျ်ားသည် အနိစ္စ ဒုက္ခဟု ခံတွင်းက ရွတ်ဆို၍ သွားစဉ်ပင်လျှင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုယောကျ်ားသည် ကျောင်းသို့သွားရောက်၍ ရဟန်းတို့ကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် ရဟန်းအဖြစ်သို့ တောင်းပန်၏၊ ငါတို့သည် အသင့်ကို ရဟန်းပြုခြင်းငှာ မစွမ်းနိုင်ကြကုန်။ အသင့်အား ရဟန်း၏အဖြစ်သည် အဘယ်မှာရှိပါအံ့နည်း။ အသင်၏ ဦးခေါင်း မျက်နှာသည် ဓားတိုဖြင့် ပွတ်သွေးအပ်သည်ဖြစ်၍ ပြောင်ပြောင်တောက်သော ကျောက်နှင့်တူသည်ဖြစ်၍ အရှက် မရှိလှချေတကားဟု ဆိုကြကုန်၏။

## ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

အရှင်ဘုရားတို့ ယခုအခါ၌ တပည့်တော်ကို ဝစ်ကြိမ် ရဟန် ပြုတော်မူကြပါကုန်လော့ဟု လျှောက်ကြားတောင်းပန်၏။ ရဟန်းတို့သည် ထိုယောကျ်ား၏ ကျေးဇူးများလှသည့် အစွမ်းအားဖြင့် ရဟန်းပြုကြကုန်၏။ ထို ရဟန်းသည် နှစ်ရက်သုံးရက်ချင်းဖြင့်သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ရဟန်းတို့သည်လည်း ထိုထေရ်ကို ဆိုကြကုန်၏။ ငါ့ရှင် စိတ္တဟတ္ထ အသင်သွားအံ့သော အချိန်အခါကို အသင်သာလျှင် သိလေလော့၊ ဤအလှည့် အကြိမ်အခါ၌ အသင်အား ကြာမြင့်လှပေသည်တကားဟု ပြောဆိုကြကုန်၏။ အရှင်ဘုရားတို့ ကိုယ်လက်နှီးနှော ရောယှက်ခြင်း ရှိသော ကာလ၌ သွားသည်ဖြစ်ပါသည်။ တပည့်တော်အား ကိုယ်လက်နှီးနှော ရောယှက်ခြင်းသည် ပြတ်ခဲ့ချေပြီ။ ဤယခုအခါမူကား မသွားခြင်း သဘော ရှိသည်ဖြစ်ပါကုန်ပြီဟု လျှောက်ကြား၏။

ရဟန်းတို့သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏အထံသို့ သွားကြ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤရဟန်းသည် တပည့်တော်တို့ ဤသို့ ဆိုအပ်ကုန်သည်ရှိသော် ဤအမည်ရှိသော စကားကို ဆိုပါသည်။ အရဟတ္တဖိုလ်ကို ဖြေဆိုပါသည်။ မဟုတ်မမှန်သည်ကို ဆိုပါသည်ဟု လျှောက်ကြားကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ဆိုသော အတိုင်းမှန်ပေ၏။ ငါ၏သားတော်သည် မိမိ၏ စိတ်သည် တစ်စုံတစ်ခုတည်းသော အရာ၌ တည်ရပ်ခြင်း မရှိသေးသောအခါ သူတော်ကောင်း တရားကို မသိသေးသော ကာလအားဖြင့် ဤကာလတို့၌သာ အိမ်နှင့် ကျောင်းကို မညောင်းမညာ လူးလာတုံခေါက် ပြန်လည်လျှောက်ခြင်းကို ပြုပေ၏။ ဤယခုအခါ၌ ထိုအမျိုးကောင်းသားအား ကုသိုလ်ကောင်းမှုကို လည်းကောင်း၊ အကုသိုလ် မကောင်းမှုကိုလည်းကောင်း ပယ်အပ်လေပြီဟု ဟောတော်မူပြီး၍ ဤဂါထာတို့ကို ဟောကြားတော်မူ၏—

၃၈။ အနဝဋ္ဌိတစိတ္တဿ၊ သဒ္ဓမ္မံ အဝိဇာနတော။
ပရိပ္လဝပသာဒဿ၊ ပညာ န ပရိပူရတိ။

၃၉။ အနဝဿုတစိတ္တဿ၊ အနန္ဝာဟတစေတသော။
ပုညပါပပဟီနဿ၊ နတ္ထိ ဇာဂရတော ဘယံ။

အနိုက်အတန့်၌တည်သော စိတ်ရှိသော သူတော်ကောင်းတရားကို မသိမြင်သော ဖောက်ပြန်ပျက်စီးလွယ်သော သဒ္ဓါတရားရှိထသော ပုဂ္ဂိုလ်အား လောကီ လောကုတ္တရာ ဉာဏ်ပညာသည် မပြည့်။ ကိလေသာမိုး မစိုသော စိတ်ရှိထသော

မဖျက်ဆီးအပ်သော စိတ်ရှိထသော ကုသိုလ်အကုသိုလ်ကို ပယ်ပြီးထသော နိုးကြားသူအား ဘေးသည် မရှိ။

ထိုဂါထာတို့တွင် အနဝဋ္ဌိတစိတ္တဿ ဟူသည်=ဤစိတ်မည်သည်ကား တစ်စုံတစ်ယောက်သောသူအား အမြဲတဲ့ခြင်းသည်လည်းကောင်း၊ အမြဲတည်ခြင်းသည်လည်းကောင်း မရှိ။ အကြင်ပုဂ္ဂိုလ်သည် မြင်းကျောက်ကုန်း၌ ထားအပ်သောဖရုံသီးကဲ့သို့လည်းကောင်း၊ ဖွဲ့စုပုံ၌ စိုက်ထားအပ်သော ဘင်ငုတ်တံသင်းတဲ့သို့လည်းကောင်း၊ မညီမညွတ်သော ဦးခေါင်း၌လည်းကောင်း ပန်အပ်ထားအပ်သော ထိမ်ပွင့်ကဲ့သို့လည်းကောင်း၊ တစ်စုံတစ်ယောက်သောသူ၌မတည်။ ရံခါ ဘုရားတပည့်သည်ဖြစ်၏။ရံခါ တက္ကတွန်းအာဇီဝက တပည့်ဖြစ်၏။ရံခါ ငါတို့သည် ကိလေသာ အထုံးအဖွဲ့မရှိပြီဟု ဆိုလေ့ရှိသော တိတ္ထိဖြစ်၏။ ရံခါ ရသေ့ဖြစ်၏။ ဤသို့သဘောရှိသော ပုဂ္ဂိုလ်သည် မတည်တံ့သော စိတ်ရှိသည်မည်၏။ ထိုမတည်တံ့သော စိတ်ရှိသောရဟန်းအားဟူလို။

သဒ္ဓမ္မံ အဝိဇာနတော ဟူသည်=၃၇-ပါးသော မောဓိပက္ခိယတရား အပြားရှိသော သူတော်ကောင်းတရားကို ဟုတ်မှန်စွာမသိသော နည်းသောယုံကြည်ခြင်းရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ပေါ်လွင်ပေါ့လျော့သော ယုံကြည်ခြင်းရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း။ နည်းသော ပေါ်လွင် ယုံကြည်ခြင်းရှိသော ကာမာဝစရ, ရူပါဝစရစသည် အပြားရှိသော ပညာသည် မပြည့်စုံ၊ ကာမဘုံ၌ဖြစ်သော ပညာသည်လည်း မပြည့်စုံသည်ရှိသော် ရူပါဝစရ အရူပါဝစရ လောကုတ္တရာဘုံ၌ဖြစ်သော ပညာသည် အဘယ်မှာ ပြည့်စုံနိုင်အံ့နည်း ဤသို့ဖြစ်၏ဟူလို။

အနဝဿုတ စိတ္တဿ ဟူသည်=တပ်မက်ခြင်းဖြင့် မစွတ်သော စိတ်ရှိသော ဟူလို။

အနန္ဝာဟတ စေတသော ဟူသည်=ခိလဇာတဟူ၍ လာရာပါဠိအရာ၌ပြစ်မှားခြင်းဒေါသဖြင့် စိတ်၏ ထိပါးသောအဖြစ်ကို ဆိုအပ်၏။ ဤပါဠိတော်၌ကား ဒေါသဖြင့် ထိပါးခြင်းမရှိသော စိတ်၏ ဟူလို။

ပုညပါပပဟီနဿဟူသည်=စတုတ္ထမဂ်ဖြင့် ပယ်အပ်သော ကုသိုလ်ရှိသည်လည်းဖြစ်သော ရဟန္တာပုဂ္ဂိုလ်အား ဟူလို။

နတ္ထိ ဇာဂရတော ဘယံ ဟူသည် = နိုးကြားခြင်း ရှိသည်သာလျှင် ဖြစ်သော ရဟန္တာပုဂ္ဂိုလ်အား ဘေးမရှိခြင်းကိုဆိုအပ်၏။ ထိုပုဂ္ဂိုလ်သည်ကား ယုံကြည်ခြင်း အစရှိကုန်သော နိုးကြားခြင်း ကျေးဇူးတရား ငါးပါးတို့နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ဇာဂရမည်၏။

ထို့ကြောင့် နိုးသည်လည်းဖြစ်သော ထိုရဟန်းအား ကိလေသာဟူသော ဘေးသည်မရှိ။ အဘယ့်ကြောင့်နည်းဟူမူကား ကိလေသာတို့၏ နောက်ထပ်တဖန်မဖြစ်ခြင်းကြောင့်တည်း။ ထိုစကားသင့်စွ၊ ထိုရဟန္တာပုဂ္ဂိုလ်သို့ ကိလေသာတို့သည် မလိုက်ကုန်။ အဘယ့်ကြောင့်နည်းဟူမူ ထိုထိုမဂ်ဖြင့် ပယ်အပ်ကုန်သော ကိလေသာတို့၏ တဖန်မကပ်လာခြင်းကြောင့်တည်း။ ထို့ကြောင့်လျှင် သောတာပတ္တိ(လ)ဂဋ္ဌတိတိဟူ၍ ဟော၏။

သောတာပတ္တိမဂ်ဖြင့် အကြင်ကိလေသာတို့ကို ပယ်အပ်ကုန်၏။ ထိုကိလေသာတို့သည် တဖန်မလာကုန်။ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဖြင့် အကြင်ကိလေသာတို့ကို ပယ်အပ်ကုန်၏။ ထိုကိလေသာတို့သည် တစ်ဖန်မလာကုန်ဟူသို၏။

ဒေသနာတော်သည် များစွာသော လူအပေါင်းတို့အား အကျိုးရှိသည် ဖြစ်လေ၏။

ထိုမှ နောက်ဖြစ်သော တစ်နေ့သ၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဤကိလေသာတို့မည်သည် အလွန်ဝန်လေးစွတကား၊ ဤသို့ သဘောရှိသော အရဟတ္တဖိုလ်သို့ ရောက်အပ်သော ကုသိုလ်ကံ အဆောက်အဦး ဥပနိဿယနှင့် ပြည့်စုံသော အမျိုးကောင်းသားသည် ကိလေသာတ်ဖြင့် မှေ့နှောက် ချောက်ချားအပ်သည် ဖြစ်၍ ခုနစ်ကြိမ် ခုနစ်ခါတိုင်တိုင် လူဖြစ်ပြီး ခုနစ်ကြိမ် ခုနစ်ခါတိုင်တိုင် ရဟန်းပြုရလေဘိသည် ဟူသောစကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့၏ စကားဖြစ်ခြင်းကို ကြားသိတော်မူ၍ ထိုခဏအား လျောက်ပတ်သည်သာလျှင်ဖြစ်သော ကြွသွားတော်မူခြင်းဖြင့် တရားသဘင်သို့ ကြွသွားတော်မူပြီး ဘုရား၏နေရာတော်၌ ထိုင်နေ သီတင်းသုံးတော်မူ၍ ချစ်သားရဟန်းတို့ ယခု ငါဘုရား ကြွတော်မူလာဆဲသော အခါ၌ အဘယ်မည်သောစကားဖြင့် ပြောကြား စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည် ရှိသော် ချစ်သားရဟန်းတို့ ကိလေသာတို့ မည်သည်ကား ဤအတူသာလျှင် အလွန်ဝန်လေးလှပေသည်။ ချစ်သား ရဟန်းတို့ ထိုကိလေသာတို့သည်

ကိုင်တွယ် ပြုလုပ်ခြင်းငှါ ခံ့သော ပျပ်တရားကဲ့သို့ဖြစ်၍ တစ်စုံ တစ်ခုသော ဝတ္ထု အတွင်း၌ ထည့်သွင်းခြင်းငှါ အကယ်၍ တတ်ကောင်းသည် ဖြစ်ခဲ့ပါတုံအံ့၊ အဝန်းကျယ်စွာ စကြာဝါသမိုက် လောကဓာတ်တိုက်သော်လည်း အလွန် ကျဉ်းသေးသည် ဖြစ်သောအားဖြင့်လည်းကောင်း၊ ဖြပ္ပာ့ပြည်သည် အလွန် နိမ့်သေးသည် ဖြစ်သောအားဖြင့်လည်းကောင်း ထိုကိလေသာတို့၏ တည်ရာ အရပ်ဌာန အခွင့်ကိုမရဘဲ ဖြစ်ခဲ့ပေရာ၏။

ထိုကိလေသာတို့ မည်သည်ကား ငါကဲ့သို့ သဘောရှိသော ပညာနှင့်ပြည့်စုံ သော ယောကျ်ား အာဇာနည်ကိုသော်လည်း တုန်လှုပ်ချောက်ချားတုံဘိ မသေး၏။ ကြွင်းကုန်သော သူတို့မှာမူကား အဘယ်မှာ ဆိုဖွယ်ရာ ရှိပါကုန်အံ့ နည်း။ ငါဘုရားရှင်သည်လည်း ကွမ်းစားထက်ဝက် ဝ.စ်ခွက်မျှလောက် အတိုင်းအရှည်ရှိသော မျိုးစေ့ပြောင်းလျင်ကို လည်းကောင်း၊ တုံးတိုသော ပေါက်တူးအုံကိုလည်းကောင်း အမှီပြု၍ ခြောက်ကြိမ်တိုင်တိုင် ရဟန်းပြုပြီးမှ လူထွက်ပုံးချေပြီဟု မိန့်တော်မူ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရး အဘယ်အခါ၌ပါနည်း၊ လာင်္ဂင်း ကောင်းတော်မူသော မြတ်စွာဘုရား အဘယ်ဘဝ၌ပါနည်းဟု မေးလျှောက်ကြ ကုန်သည်ရှိသော် ချစ်သားရဟန်းတို့ နားလိုကြကုန်သလောဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား နာလိုပါကုန်သည်ဟု လျှောက်ထား သဖြင့် ထိုသို့ဖြစ်လျှင် ချစ်သားရဟန်းတို့ နာကြကုန်လောဟု အတိတ်ကို ဆောင်တော်မူ၏။

## ကုဒ္ဒါလပဏ္ဍိတဇာတ်ဝတ္ထု

ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တ မင်းကြီးသည် မင်းအဖြစ်ကို ပြုသည်ရှိသော် ကုဒ္ဒါလပဏ္ဍိတ အမည်ရှိသော သူသည် သာသနာတော်မှအပ ဗာဟိရကဖြစ်သော ရသေ့ရဟန်းအဖြစ်ကိုပြု၍ ရှစ်လတို့ပတ်လုံး ဟိမဝန္တာ၌ ရသေ့ရဟန်း၏ အဖြစ်ဖြင့် တည်နေ၍ မိုးရွာသော အခါ၌ မြေကြီးသည် စိုစွတ်သည်ရှိသော် အိမ်၌ ကွမ်းစားထက်ဝက်မျှသော ပြောင်းလျင် မျိုးစေ့သည်လည်းကောင်း၊ တုံးသော ပေါက်တူးသည်လည်း ကောင်း ရှိပေ၏။ ပြောင်းလျင်မျိုးစေ့သည် မပျက်စီးပါစေသတည်းဟု လူထွက် ပြီး တစ်ခုသော အရပ်၌ ပေါက်တူးဖြင့် တူးဆွပြီးလျှင် ထိုမျိုးစေ့ကို စိုက်ပျိုး၍ စောင့်ရန်းကိုပြုပြီးလျှင် မှည့်ရင့်သောကာလ၌ နုတ်၍ ထစ်ကွမ်းစားမျှသော မျိုးစေ့ကို ထားပြီးသော် ကြွင်းသော ပြောင်းလျင်ကို စားသောက်၏။

ထိုကုဒ္ဒါလပဏ္ဍိတသည် ငါ့အား ဤယခုအခါ၌ အိမ်၌နေသဖြင့် အဘယ် အကျိုး ရှိပါတုံအံ့နည်း ဟု တစ်ဖန် ရှစ်လတို့ပတ်လုံး ရဟန်းပြုအံ့ဟု ကြံပြီးလျှင် ထွက်ပြီး ရဟန်းပြု၏။ ဤသို့သော အကြောင်းဖြင့်သာလျှင် တစ်ကွမ်းစား မျှလောက်သော ပြောင်းလျှင်မျိုးစေ့ကိုလည်းကောင်း၊ တုံးသောပေါက်တူးကို လည်းကောင်း အမှီ ၍ ခုနစ်ကြိမ်တိုင်တိုင် လူဖြစ်ပြီး၍ ခုနစ်ကြိမ်မြောက် ၌ကား ရသေ့ရဟန်းပြု၍ ကြံဆင်ခြင်သည်မှာ "ငါသည် ခုနစ်ကြိမ်တိုင်တိုင် ဤတုံးသော ပေါက်တူးကို အမှီပြုပြီး လူဖြစ်၍ ရသေ့ရဟန်း ပြုအပ်၏။ တစ်စုံ တစ်ခုသော အရပ်၌သာလျှင်ဤပေါက်တူးကို စွန့်ပစ်တော့အံ့"ဟု ကုဒ္ဒါလပဏ္ဍိတ သည် ဂင်္ဂါမြစ်နားသို့ သွားရောက်၍ ကျရာအရပ်ကို မြင်ရသည်ရှိသော် သက် ဆင်း၍ တစ်ဖန် လိုက်ယူ ပှန်ပေရာ၏။ အကြင်သို့သော အခြင်းအရာဖြင့် စွန့်ပစ် သည်ရှိသော် ထိုပေါက်တူး၏ ကျရာအရပ်ကို မမြင်၊ ထိုသို့သော အခြင်းအရာဖြင့် စွန့်ပစ်တော့အံ့ဟု ကြံရုံသော် တစ်ကွမ်းစားမျှလောက်သော ပြောင်းလျှင် မျိုးစေ့ကို ပုဆိုးပိုင်းဖြင့် မြဲမြံစွာဖွဲ့ထုပ်၍ ပေါက်တူးရိုး၌ ဖွဲ့ချည်ပြီးလျှင် ပေါက်တူးရိုး၏ အဖျား၌ ဆွဲငင်ကိုင်ထားပြီး ဂင်္ဂါမြစ်ကမ်းနား၌ ရပ်တည်လ က် မျက်စိတို့ကိုမှိတ်၍ ဦးခေါင်း၏အထက်၌ သုံးကြိမ်သုံးခါ လှည့်လည်၍ ဂင်္ဂါမြစ်၌ ပစ်ချပြီးသောအခါ ပြန်လည်၍ ကြည့်ရှုသည်ရှိသော် ကျရာအရပ်ကို မမြင်သည် ဖြစ်သောကြောင့်—

ဇိတံ မေ၊ ဇိတံ မေ—ဟူသော အသံကို သုံးကြိမ်တိုင်အောင် ဟစ်အော် ကြွေးကြော်ခြင်းကို ပြု၏။

ငါ့အား အောင်အပ်လေပြီ။ ငါ့အား အောင်အပ်လေပြီ။

## ဗာရာဏသီမင်းကြီးက မေးမြန်းခြင်း

ထိုသို့ ဟစ်အော်ကြွေးကြော်သော အခိုက်အခါ၌ ဗာရာဏသီပြည့်ရှင် မင်းမှတ်သည် ပစ္စန္တရစ်ရွာကို ငြိမ်သက်စေပြီးလျှင် လာခဲ့၍ ဂင်္ဂါမြစ်၏ကမ်း၌ သစ်ခက်တဲနန်းကို ဆောက်လုပ်စေတော်မူ၍ ရေချိုးခြင်းငှာ ဂင်္ဂါမြစ်သို့ သက်သည်ရှိသော် ထိုကုဒ္ဒါလပဏ္ဍိတ၏ ဟစ်အော်ကြွေးကြော်သော အသံကို ကြားလေ၏။ မင်းတို့မည်သည်ကား ငါသည် အောင်အပ်လေပြီဟူသော အသံ ကို မနှစ်သက် သည်းမခံနိုင်သည် ဖြစ်ပေ၏။ ပြည့်ရှင်မင်းကြီးသည် ကုဒ္ဒါလ ပဏ္ဍိတ၏ အထံသို့သွား၍ ငါသည် ဤယခုအခါ၌ ရန်သူကို နှိမ်နင်းချိုးဖဲ့ ဆုံးမ ခြင်းကိုပြုလျက် ငါ့အား အောင်အပ်လေပြီ၊ ငါ့အား အောင်အပ်လေပြီဟု အောက်မေ့ထင်မှတ်၍ လာခဲ့ပေသည်။ အသင်သည်ကား ငါ့အား အောင်အပ် လေပြီ၊ ငါ့အား အောင်အပ်လေပြီဟု ကြွေးကြော် ဟစ်အော်သည်မှာ ဤ အောင်ခြင်းမည်သည်ကား အဘယ်နည်းဟု မေး၏။

ကုဒ္ဒါလပဏ္ဍိတ က အရှင်မင်းကြီးသည် ဗာဟိရက ကိုယ်မှအပဖြစ်ကုန်သော ခိုးသူတို့ကို အောင်ပေ၏။ အသင်မင်းကြီးသည် အောင်အပ်ပြီးသော်လည်း နောက်၌တစ်ဖန် မအောင်အပ်သေးပြန်သည်သာလျှင်တည်း။ ငါသည်ကား အဇ္ဈတ္တိက ကိုယ်တွင်းသန္တာန်၌ဖြစ်သော လောဘတည်းဟူသော ခိုးသူကို အောင်အပ်ပေ၏။ ထိုလောဘတည်းဟူသော ခိုးသူသည် ငါ့ကိုတစ်ဖန် ပြန်၍ အောင်နိုင်ခြင်းငှါ မစွမ်းနိုင်လတ္တံ့။ တစ်ဖန်ပြန်၍ မိမိအား အောင်နိုင်ခြင်း သဘောမရှိသော အောင်ခြင်းသည်သာလျှင် အလွန်အကြူး အထူးသင့်တင့် ကောင်းမြတ်လှပေ၏ဟု ဆိုပြီး၍ ဤဂါထာကို ရွတ်လေ၏—

နတံ ဇိတံ သာဓုဇိတံ၊ ယံ ဇိတံ အဝဇီယတိ။
တံ ခေါ ဇိတံ သာဓု ဇိတံ၊ ယံ ဇိတံ နာဝဇီယတိ။

မင်းမြတ် အကြင်တစ်ဖန် ပြန်လှန်၍ အောင်မြင်ခြင်းသည် ယုတ်မာသော အောင်ခြင်းရှိ၏။ ထိုအောင်ခြင်းသည် ကောင်းသောအောင်ခြင်း မမည်၊ အကြင် နောက်တစ်ဖန် မပြန်လှန်သော အောင်ခြင်းသည် မယုတ်မာသော အောင်ခြင်းရှိ၏။ စင်စစ် ထိုတစ်ဖန် မပြန်လှန်သော အောင်မြင်ခြင်းသည် ကောင်းသော အောင်မြင်ခြင်း မည်ပေ၏။

## ခုနစ်ပြည်ထောင်မင်းများ တောထွက်ခြင်း

ပြည့်ရှင်မင်းကြီးသည် ဘုရားလောင်း၏ စကားကို ကြားနာရ၍ ရှိသေ မြတ်နိုးရှိခိုးပြီးလျှင် ရသေ့ရဟန်းအဖြစ်ကို တောင်းပန်သော် စစ်သည်အပေါင်း နှင့်တကွ ရသေ့ရဟန်းပြုလေ၏။ ထက်ဝန်းကျင်မှ ခြံရံအပ်သော ပရိသတ် သည် တစ်ယူဇနာမျှလောက် ရှိပေ၏။

တစ်ပါးလည်းဖြစ်သော ဗာရာဏသီပြည်နှင့် အနီးချဉ်းကပ် စပ်၍တည်သော ပြည့်ရှင်မင်းသည် ဗာရာဏသီပြည်ရှင်မင်းကြီး၏ ရသေ့ ရဟန်းပြုသည်၏အဖြစ် ကို ကြားသိ၍ ထိုမင်းကြီး၏တိုင်းပြည် ထီးနန်းစည်းစိမ်ကို သိမ်းယူအံ့ဟု လာ ပြီးသော် တိုသို့သဘောရှိသော အသီးသီး အရပ်ရပ် အထပ်ထပ် အဖုံဖုံတို့ဖြင့် ပြည့်စုံကြွယ်ဝ ပြန့်ပြောလှသော ဗာရာဏသီ ပြည်ကြီးသည် သုညာန်ပမာ လွန်စွာ တိတ်ဆိတ်သည်ကို မြင်၍ „ဤသို့သဘောရှိသော ပြည်ကြီးကို ထီးနန်း စည်းစိမ်နှင့်တကွ စွန့်လွှတ်ပယ်ချလျက် ပြည့်ရှင်မင်းကြီးသည် ရသေ့ရဟန်း ပြုတော်မူသည်မှာ ယုတ်သောနေရာဌာန၌မှာမူကား ရသေ့ရဟန်း မပြုပေလတ္တံ့။ ငါသည်လည်း ရဟန်းပြုခြင်းငှါ သင့်လျော် လျောက်ပတ် အပ်ပေ၏" ဟု

ကြံ့ဆင်ခြင်ပြီးလျှင် ဘုရားလောင်း သီတင်းသုံးရာဖြစ်သော ထိုအရပ်သို့ သွားရောက်၍ ဘုရားလောင်းရသေ့ကို ရဟန်းအဖြစ်ကို ထောင်းပန်ပြီး အခြံအရံ ပရိသတ်နှင့်တကွ ရသေ့ရဟန်းပြုလေ၏။

ဤသို့သော အကြောင်း နည်းလမ်းဖြင့်သာလျှင် ပြည့်ရှင်မင်းကြီး ခုနစ်ယောက်တို့သည် ရသေ့ရဟန်းပြုကြကုန်၏။ ခုနစ်ယူဇနာ အတိုင်းအရှည်ရှိသော ရသေ့ရဟန်းတို့၏ နေရာကျောင်းသင်္ခမ်းသည် ဖြစ်၍ ပြည့်ရှင်မင်းကြီး ခုနစ်ယောက်တို့သည် တိုင်းပြည်နှင့်တကွ ထီးနန်းစည်းစိမ်ချမ်းသာအလုံးစုံကို အကုန်အစင်စွန့်ပစ်ပြီး၍ ဤမျှအတိုင်းအရှည်ရှိကုန်သော လူတို့ကို ယူပြီး ရသေ့ရဟန်းပြုကြကုန်၏။

ဘုရားလောင်း ရသေ့သည်လည်း မြတ်သောအကျင့်ကို ကျင့်သုံးဆောက်တည်လျက် နေပြီး စုတိမနေ သေလွန် ပြောင်းကြွသည်ရှိသော ဗြဟ္မာ့ပြည်သို့ သွားရလေ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့ ငါဘုရားသည် ထိုအခါ၌ ကုဒ္ဒါလပဏ္ဍိတ ဖြစ်ဖူးပြီ၊ ချစ်သား ရဟန်းတို့ ထိုကိလေသာတို့ မည်သည်ကား ဤသို့သော အခြင်းအရာဖြင့် အလွန်တရာ ဝန်လေးလှသည်သာလျှင်တည်းဟူ၍ ဟောတော်မူပေ၏။

ငါးခုမြောက် စိတ္တဟတ္ထမထေရ်၏ဝတ္ထုပြီး၏။

---

## ၆။ ရဟန်းငါးရာတို့ဝတ္ထု

ကုမ္ဘူပမံ–အစရှိသော ဤတရားဒေသနာတော်ကို သုရားရှင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည်ကြီး၌ သီတင်းသုံးစံနေတော်မူစဉ် အားထုတ်အပ်သော ဝိပဿနာရှိကုန်သော ရဟန်းအပေါင်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူပေ၏။

သာဝတ္ထိပြည်၌ ရဟန်းငါးရာတို့သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံတော်၌ အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းကို သင်ယူ၍ ရဟန်းတရားကို အားထုတ်ခြင်း ပြုကြကုန်အံ့ဟု ယူဇနာ တစ်ရာမျှလောက်သော ခရီးသို့သွား၍ များစွာသော လူတို့၏နေရာဖြစ်သော တစ်ခုသော ရွာကြီးသို့ သွားရောက်ကြကုန်၏။

ထိုအခါ ရဟန်းအပေါင်းတို့ကို လူတို့သည် မြင်၍ ခင်းထားအပ်သော နေရာတို့၌ ထိုင်နေ သီတင်းသုံးစေတော်မူသော မွန်မြတ်ကုန်သော ယာဂု ထမင်း စသည်တို့ဖြင့် ပြုစုလုပ်ကျွေးပြီးသော အရှင်မြတ်တို့ အရှင်တို့သည် အဘယ်အရပ်သို့ ကြွတော်မူကြကုန်လတ္တံ့ နည်းဟု မေးလျှောက်လျှင် ဒါယကာတို့ ငါတို့သည် ချမ်းသာသော အရပ်ဌာနသို့ ကြွသွားကုန်အံ့ဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရားတို့ ဤဝါတွင်း သုံးလပတ်လုံး ဤအရပ်၌ သာလျှင် ဝါကပ်တော်မူကြပါကုန်လော့၊ တပည့်တော်တို့သည် အရှင်ဘုရားတို့၏ အထံ၌ သရဏဂုံတို့၌ တည်ပြီး ငါးပါးသီလတို့ကို စောင့်ရှောက်ပါကုန်အံ့ဟု လျှောက်ထားစောင်းပန်၍ ထိုအရှင်မြတ်တို့၏ သည်းခံခြင်းကို သိပြီးသော် အရှင်မြတ်တို့ ရှာနှင့် မနီးမဝေးသောအရပ်၌ တပည့်တော်တို့၏ ကြီးစွာသော တောအုပ်ကြီးသည် ရှိပါသည်၊ အရှင်ဘုရားတို့သည် ဤတော်အုပ်၌ သီတင်းသုံး တော်မူကြပါကုန်လော့ဟု လျှောက်ထား၍ လွှတ်လိုက်ကုန်၏။

**တောစောင့်နတ်တို့က ကြောက်မက်ဖွယ် အဆင်းအသံတို့ကို ပြခြင်း**

ရဟန်းတို့သည် ထိုဒါယကာတို့ ညွှန်ပြအပ်သော တောအုပ်သို့ ကြွပင်တော် မူကြကုန်၏။ ထိုတော၌ စောင့်ရှောက် ထိန်းသိမ်း၍နေကုန်သော နတ်တို့သည် "သီလရှိကုန်သော အရှင်မြတ်တို့သည် ဤတောအုပ်သို့ အစဉ်ကြွရောက်တော်မူ လာကြကုန်၏။ အရှင်တို့သည် ဤတောအုပ်၌ သီတင်းသုံးကုန်သည်ရှိသော် သားမယားတို့ကို ယူ၍ ငါတို့သည် သစ်ပင်ထက်၌ တက်၍ နေခြင်းငှါ စင်စစ် အားဖြင့် မသင့်လျော်မလျောက်ပတ်"ဟု ကြံ၍ ထိုနတ်တို့ သက်ဆင်းပြီးလျှင် မြေ၌တည်နေပြီးသော် အရှင်တို့သည် ဤအရပ်ဌာန၌ ယနေ့တစ်နေ့တစ်ညဉ့်မျှကို သီတင်းသုံးတော်မူ၍ နက်ဖြန် မချွတ်မယွင်း ကြွသွားတော်မူကုန်လတ္တံ့ဟု ကြံကုန်၏။ ရဟန်းတို့သည်လည်း တစ်ဖန် မိုးသောက် ရောက်သောနေ့ဝယ် ရွာ၏ အတွင်း၌ ဆွမ်းခံခြင်းငှါ လှည့်လည်တော်မူ၍ တစ်ဖန် တောအုပ်သို့သာ လျှင် ကြွဝင်တော်မူကြကုန်၏။

နတ်တို့သည် ရဟန်း သံဃာတော်တို့အား နက်ဖြန်အလို့ငှါ တစ်စုံတစ် ယောက်သောသူသည် ပင့်ဖိတ်အပ်သည်ဖြစ်ပေလတ္တံ့။ ထို့ကြောင့် တစ်ဖန် ကြွလာတော်မူကြကုန်ပြန်သည်၊ ယနေ့ ကြွသွားခြင်း မဖြစ်လတ္တံ့၊ နက်ဖြန်၌ မူကား ကြွသွားတော်မူကြလိမ့်မည်တကား ဟု ဤသို့သောအကြောင်းဖြင့် ကြံစည်အောက်မေ့လျက် လ၏ထက်ဝက် တစ်ဆယ့်ငါးရက်ပတ်လုံး မြေ၌သာ လျှင်နေကြကုန်၏။ ထိုနောက်မှ "အရှင်မြတ်တို့သည် ဤဝါတွင်းသုံးလပတ်လုံး ဤတောအုပ်၌သာလျှင် သီတင်းသုံးနေကြကုန်လတ္တံ့သည်တကား၊ ဤတော အုပ်၌သာ လျှင် အရှင်မြတ်တို့သည် သီတင်းသုံးနေကုန်သည်ရှိသော် ငါတို့အား

သစ်ပင်ထက်၌ တက်ပြီးနေခြင်းငှါ မသင့်လျော် မလျောက်ပတ် သုံးလတို ပတ်လုံး သား၊မယားကို ယူ၍ မြေ၌နေရမည့် အရာတို့လည်း အလွန်တရာ ဆင်းရဲချေကုန်သည်။ တစ်စုံတစ်ခုသော အမှုကို ပြု၍ ဤရဟန်းတို့ကို ပြေးစေခြင်းငှါ အပ်၏"ဟု ကြံကြကုန်၏။ နတ်အပေါင်းတို့သည် ညဉ့်သန်းရာ နေသန့်ရာတို့၌ လည်းကောင်း၊ စင်္ကြံစွန်းတို့၌ လည်းကောင်း၊ ထိုထိုသို့သော အရပ်တို့၌ ပြတ်သော ဦးခေါင်းရှိသော အဆင်းတို့ကိုလည်းကောင်း၊ ထက်ဝက် ပြတ်သော ကိုယ်ကိုလည်းကောင်း ပြကြကုန်၏။ ဘီလူးတို့၏ အသံကိုလည်း ကြားစေခြင်းငှါ အားထုတ်ကုန်၏။

## ရဟန်းတို့ ရောဂါဖြစ်ခြင်း

ရဟန်းတို့အား ချေဆတ်ခြင်း, ချောင်းဆိုးခြင်း အစရှိကုန်သော ရောဂါ တို့သည် ဖြစ်ကုန်၏။ ထိုရဟန်းတို့သည် အချင်းချင်း ငါ့ရှင် အသင့်အား အဘယ်ကဲ့သို့သော ထိုးကျင့် နှိပ်စက် မသက် မသာ ရောဂါဖြစ်ပွားလေ သနည်းဟု မေးမြန်းသည်ရှိသော် ငါ့အား ချေဆတ်သော ရောဂါသည် ဖြစ်၏။ ငါ့အား ချောင်းဆိုးသော ရောဂါသည်ဖြစ်၏ဟု ဆိုလျှင် ငါ့ရှင် ငါသည် စင်္ကြံစွန်း၌ ပြတ်သော ဦးခေါင်းရှိသော အဆင်းကို တွေ့မြင်ရ လေသည်။ ငါသည် ညဉ့်သန့်ရာအရပ်၌ ထက်ဝက်ပြတ်သော ကိုယ်ကို တွေ့မြင်ရသည်။ ငါသည် နေသန့်ရာ အရပ်၌ ဘီလူးအသံကို ကြားရ လေသည်။ ဤအရပ်သည်ကား ငါတို့အား ကြဉ်ရှောင်အပ်သော မသင့်တင့် မလျောက်ပတ်သော အရပ်ဖြစ်ချေသည်။ ဤအရပ်၌ ငါတို့အား မချမ်းသာ ခြင်း ဖြစ်ရလေသည်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အထံသို့ သွားကြကုန်အံ့ဟု ပြောဆိုတိုင်ပင်ပြီးမှ ထိုရဟန်းအပေါင်းတို့သည် တောအုပ်မှ ထွက်လာခဲ့ပြီးလျှင် အစဉ်အတိုင်းအားဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်၏ အထံသို့သွား၍ ရှိသေမြတ်နိုး ရှိခိုးပြီးသော် တင့်အပ်လျောက်ပတ် သော အရပ်၌ ထိုင်နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က လာရောက်ရှိခိုး ထိုင်နေ ကုန်သော ရဟန်းတို့ကို ချစ်သားရဟန်းတို့ အသင်တို့သည် ထိုအရပ်၌ နေခြင်းငှါ အဘယ်ကြောင့် မစွမ်းနိုင်ကြကုန်ဘိသနည်းဟု မေးတော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မစွမ်းနိုင်သည်ကား မှန်ပါ၏။ ထိုအရပ်၌ နေကုန်သော တပည့်တော်တို့အား ဤသို့ သဘော ရှိကုန်သော ကြောက်မက်ဖွယ်သော အာရုံတို့သည် ထင်ပါကုန်၏။ ထိုကြောင့် ဤသို့သဘောရှိသော မချမ်းသာခြင်းသည် ဖြစ်ရပါသည်၊ ထိုသို့ ကြောက်မက်

ဖွယ်သော အာရုံကို တွေ့ကြုံထင်မြင်ရခြင်း၊ မချမ်းမသာ ရောဂါဖြစ်ပွားခြင်းဟု ဆိုအပ်သော အကြောင်းကြောင့် တပည့်တော်တို့သည် ဤအရပ်သည်ကား ကြည်ရှောင်အပ်သော အရပ်၊ မသင့်လျော် မလျောက်ပတ်သော အရပ်ဟု ထိုအရပ်ကို စွန့်၍ အရှင်ဘုရားထံသို့ လာခဲ့ပါကုန်သည်ဟု လျှောက်ထားကြကုန်၏။

## မေတ္တသုတ် အာနုဘော်

"ချစ်သားရဟန်းတို့ အသင်တို့အား ထိုအရပ်သို့လျှင် သွားခြင်းငှါအင်္ဂ၏"ဟု မိန့်တော်မူသောအခါ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား တပည့်တော်တို့သည် ထိုအရပ်သို့သွားခြင်းငှါ မဝံ့ပါကုန်ဟု လျှောက်ကြားကုန်၏။ ချစ်သားရဟန်းတို့ အသင်တို့သည် လက်နက်ကို မစွဲမယူမူ၍ သွားကြကုန်၏။ ဤယခုအခါ၌ လက်နက်ကို ကိုင်စွဲ၍ သွားကြကုန်လော့ဟု မိန့်တော်မူသော် ဘုန်းတော်ကြီးသော မြတ်စွာဘုရား လက်နက်ကိုဟူသည် အဘယ်သည်တို့ ပါနည်းဟု မေးလျှောက်သဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ငါဘုရားသည် အသင်တို့အား လက်နက်ကို ပေးလိုက်အံ့ ငါဘုရားရှင်သည် ပေးတော်မူအပ်သော လက်နက်ကို ယူဆောင်၍ သွားကြကုန်လော့ဟု မိန့်တော်မူပြီး၍ ကရဏီယမတ္တကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။ ဤသို့ အစရှိသော အလုံးစုံသော မေတ္တသုတ် ပရိတ်တော်ကို ဟောကြားတော်မူ၍ ချစ်သား ရဟန်းတို့ ဤသုတ္တန် ဒေသနာကို ကျောင်းမှအပဖြစ်သော တောအုပ်မှ စ၍ သရဇ္ဈာယ်ခြင်းကိုပြုလျက် ကျောင်းသို့ ဝင်ကြကုန်လော့ဟု မှာထားမိန့်ဆိုတော်မူပြီး လွှတ်လိုက်၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရှိခိုးပြီးသော် ကျောင်းမှထွက်ခဲ့၍ ခရီးအစဉ်အတိုင်းအားဖြင့် ထိုတောအုပ်အရပ်သို့ ရောက်၍ ကျောင်း၏ အပ၌ အပေါင်းသရဇ္ဈာယ်ခြင်းကို ပြု၍ သရဇ္ဈာယ်လျက်သာလျှင် တောအုပ်သို့ ဝင်ကြကုန်၏။ အလုံးစုံသော တောအုပ်၌ နတ်အပေါင်းတို့သည် မေတ္တာစိတ်ကိုရ၍ ထိုရဟန်းတို့အား ခရီးဦး ကြိုဆိုခြင်းကို ပြုလျက် သပိတ် သင်္ကန်း လှမ်းယူခြင်းကို ပန်ကြားကုန်၏။ လက်ခြေဆုပ်နယ်ခြင်းကို ပန်ကြားကုန်၏။ ထိုရဟန်းတို့အား ထိုထိုသို့သော အရပ်၌ အစောင့်အရှောက် အရံ အတားကို စီရင်ကုန်၏။ အခိုးအပွက် ငြိမ်းပြီး၍ ကျက်လေပြီးသော ဆီကဲ့သို့ ကောင်းစွာ အညီအညွတ် စည်းဝေးကုန်၏။ တစ်စုံတစ်ယောက်သော ရဟန်း အား ဘီလူးတို့၏ အသံကို ကြားခြင်းသည် မဖြစ်ပေ။ ထိုရဟန်းတို့အား မတုန် မလှုပ် တည်ကြည်သော စိတ်ရှိသည် ဖြစ်ပေ၏။

## ရဟန်းငါးရာ ပြင်ဋ္ဌသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

ရဟန်းအပေါင်းတို့သည် နေ့သန့်ရာ ညဉ့်သန့်ရာအရပ်တို့၌ ကောင်းစွာထိုင်နေကုန်လျက် ဝိပဿနာ၌ စိတ်ကိုသက်စေ၍ မမြဲ၏ကိုယ်၌ ကုန်တတ် ခန်းတတ် ပျက်စီးတတ်သော ခယဝယကို ထင်စေပြီးလျှင် ဤခန္ဓာကိုယ် အတ္တဘော မည်သည်ကား ပျက်စီးတတ်သော အနက်သဘော သတ္တိရှိသောကြောင့် လည်းကောင်း၊ အမြဲမတည်သော အနက်ကြောင့်လည်းကောင်း မီးဖြင့် မဖုတ် အပ်သေးသော အိုးစိမ်းနှင့်တူပေ၏ဟု ဝိပဿနာကို ပွားများကြကုန်၏။ ဘုရားရှင်ကိုယ်တော်မြတ်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော်မူလျက်သာ လျှင် ထိုရဟန်းတို့အား ဝိပဿနာ၌ အားထုတ်ပွားများအပ်သည်၏ အဖြစ်ကို သိတော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူပြီးသော် ချစ်သားရဟန်းတို့ ဤအတူ သာလျှင် ဤအတ္တဘော မည်သည်ကား ပျက်စီးတတ်သော အနက်သဘော သတ္တိရှိသောကြောင့်လည်းကောင်း၊ အမြဲမတည်တတ်သော အနက်သဘော သတ္တိရှိသောကြောင့်လည်းကောင်း မီးဖြင့် မဖုတ်အပ်သေးသော အိုးစိမ်းနှင့် တူသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ကိုယ်ရောင်ကို လွှတ်တော်မူပြီး သော် ယူဇနာ တစ်ရာမျှသော အရပ်၌ တည်တော်မူလျက်လည်း တူရှုရှေ့ရှု ထိုင်နေ သီတင်း သုံးတော်မူဘိသကဲ့သို့ ခြောက်သွယ်ကုန်သော ရောင်ခြည် တော်တို့ကို လွှတ်လျက် ထင်ရှားတိတိ မြင်သိသော အဆင်းသဏ္ဍာန်တော်ဖြင့် ဤဂါထာကို ဟောကြားတော်မူ၏—

၄၀။ ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ၊ နဂရူပမံ စိတ္တမိဒံ ဌပေတွာ။
ယောဓေထ မာရံ ပညာဝုဓေန၊ ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

ဤကိုယ်ကို အိုးနှင့် တူသည်ဟု သိ၍ မြို့ကြီးသဖွယ်ဖြစ်သော ဤစိတ်ကို ဖြစ်စေ၍ ပညာတည်းဟူသော လက်နက်ဖြင့် ကိလေသမာရ်ကို စစ်ထိုးကုန် ရာ၏။ အောင်အပ်ပြီးသော စျာန်သမာပတ်ကိုလည်း စောင့်ရှောက်ရာ၏။ စျာန်ချမ်းသာ၌ သာယာတပ်ငြိခြင်းရှိသည်လည်း မဖြစ်ရာ။

ထိုဂါထာ၌ ကုမ္ဘူပမံ ဟူသည်=အားနည်းသောသဘောဖြင့် အားမှ ကင်းသော တစ်သက်လျှာမျှသာ တည်သောသဘောဖြင့် အရှည်မခိုင်ခံ့သော ဆံအစရှိသောအပေါင်းဟု ဆိုအပ်သော ဤကိုယ်ကို အိုးထိန်းသည်တို့၏ မဖုတ်သေးသော အိုးခွက်နှင့်တူသည်ကို သိ၍ဟူလို။

**နဂရူပမံ စိတ္တမိဒံ ဌပေတွာ** ဟူသည်=မြို့မည်သည်ကား အပ၌ ခိုင်ခံ့သည် ဖြစ်၏။ နက်သောကျုံးရှိ၏။ တံတိုင်းဖြင့် ခြံရံအပ်၏။ တံခါးပြအိုးနှင့် ယှဉ်ခြင်း ရှိ၏။အတွင်း၌ ကောင်းစွာ ဝေဖန်အပ်သော ခရီးလေးဆုံနှင့်ပြည့်စုံ၏။အိမ်ဈေး ရှိ၏။ ထိုအင်္ဂါနှင့်ပြည့်စုံသောပြည်ကို လုယက်ဖျက်ဆီးကုန်အံ့။ ဤသို့ အပမှ ခိုးသူတို့သည် လာ၍ဝင်ခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ တောင်ကိုကပ်၍ ညှဉ်းဆဲကုန်သကဲ့သို့ သွားကုန်၏၊ ဤအတူသာလျှင် ပညာရှိသော အမျိုး ကောင်းသားသည် မိမိ၏ ဝိပဿနာစိတ်ကို ခိုင်ခံ့စွာ ပြည်ကြီးနှင့်တူသည်ကို ပြု၍ ထား၍ မြို့၌တည်သော ယောကျ်ားသူရဲတစ်ယောက်သည် တစ်ဘက်သွား အစရှိသော အထူးထူးအပြားပြားရှိသော လက်နက်ဖြင့် ခိုးသူတို့ကို ဖမ်းယူခြင်း ကဲ့သို့ ဝိပဿနာဖြင့်ပြီးသော အရိယာမဂ်ဖြင့်ပြီးသော ပညာလက်နက်ဖြင့် ထိုထိုမဂ်ဖြင့် သတ်ဒးပ်သော ကိလေသာကို တစ်ဖန်ငြိမ်းစေလျက် ထိုထို ကိလေသာဟူသော မာရ်ကို ထိုးပစ်ကုန်ရာ၏ ဟူလို။

**ဇိတဉ္စ ရက္ခေ** ဟူသည်=ဖြစ်စေအပ်သော နုသောဝိပဿနာကို ကျောင်း၏ လျောက်ပတ်ခြင်း၊ ဥတု၏ လျောက်ပတ်ခြင်း၊ ဘောဇဉ်၏ လျောက်ပတ်ခြင်း၊ ပုဂ္ဂိုလ်၏ လျောက်ပတ်ခြင်း၊ တရားနာခြင်း၏ လျောက်ပတ်ခြင်း စသည်တို့ကို အဖန်တလဲလဲ မှီဝဲသည်ဖြစ်၍ အကြားအကြား၌ သမာပတ်ကို ဝင်စား၍ ထိုသမာပတ်မှထ၍ ဖြူစင်သောစိတ်ဖြင့် သင်္ခါရတို့ကို သုံးသပ်လျက် စောင့်ရှောက် ရာ၏။

**အနိဝေသနော သိယာ** ဟူသည်=ငဲ့ခြင်းကင်းသည် ဖြစ်ရာ၏။ သူရဲကောင်း သည် စစ်မြေဦး၌ ဗိုလ်စုကိုပြု၍ ရန်သူတို့နှင့်တကွ ထိုးပစ်သည်ရှိသော် ငတ်မွတ် ခြင်းဖြစ်၍လည်းကောင်း၊ ချပ်မိန်ညှိသည် လျော့ချောင်သော်လည်းကောင်း၊ လက်နက်သည် ကျသော်လည်းကောင်း ဗိုလ်စုသို့ဝင်၍ အပင်အပန်း ဖြေ၍ စား၍ သောက်၍ ချပ်မိန်ညှိကိုဖွဲ့၍ လက်နက်ကို ယူ၍ တစ်ဖန် ထွက်၍ စစ်ထိုး သည်ရှိသော် တစ်ပါးစစ်သည်ကို နှိပ်နင်းနိုင်၏။ မအောင်သေးသော ရန်သူကို စောင့်ရှောက်၏။ ကိုစကားမှန်၏–ထိုသူရဲကောင်းသည် ဗိုလ်စု၌တည်လျက် ဤသို့ အပင်အပန်းဖြေလျက် ထိုရဲမက်ဗိုလ်ပါအပေါင်းကို နှစ်သိမ့်စေလျက် အကယ်၍ နေငြားအံ့။ ထိုသို့နေသည်ရှိသော် ပြည်စည်းစိမ်ကို သူတစ်ပါး လက်သို့ ရောက်သည်ကို ပြုရာသကဲ့သို့။ ဤအတူသာလျှင် ရဟန်းသည် ရအပ်သော နုသောဝိပဿနာကို အဖန်တလဲလဲ သမာပတ်ကို ဝင်စား၍ ထိုသမာပတ်မှထ၍ စင်ကြယ်သောစိတ်ဖြင့် သင်္ခါရတို့ကို သုံးသပ်သည်ရှိသော် စောင့်ခြင်းငှာ တတ်နိုင်၏။ အလွန်မဂ်ဗိုလ်ရခြင်းဖြင့် ကိလေသမာရ်ကို အောင်၏။ ထိုရဟန်း သည် သမာပတ်ကိုသာလျှင် အကယ်၍ သာယာသည်ဖြစ်အံ့၊ စင်ကြယ်သော

စိတ်ဖြင့် အဖန်တလဲလဲ သခ်ါရတို့ကို မသုံးသပ်၊ အထက်ဖြစ်သော မဂ်, ဖိုလ်ကို ထိုးထွင်း၍ သိခြင်းကို ပြုခြင်းငှာ မတတ်နိုင်၊ ထို့ကြောင့် စောင့်အပ်သည်နှင့် ယှဉ်သည်ကို စောင့်လျက် ငဲ့ခြင်းကင်းသည် ဖြစ်ရာ၏။ သမာပတ်၌ နှလုံးသွင်းခြင်းကိုပြု၍ ထိုနှလုံးသွင်းသော သမာပတ်၌ မနှစ်သက်ရာ၊ ကပ်ငြိခြင်းကို မပြုရာ ဟူလို။

သင်တို့သည်လည်း မချွတ်မလွဲ ဤသို့ပြုကုန်လော့၊ ဤသို့ ဘုရားရှင်သည် ထိုရဟန်းတို့အား တရားတော်ကို ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ရဟန်းငါးရာတို့သည် သီတင်းသုံးထိုင်နေသော နေရာ၌ ထိုင်နေကုန်လျက်သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေကုန်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ဇမ္ဗူရာဇ်ရွှေ၏ အဆင်းကဲ့သို့သော ကိုယ်တော်ကို ချီးမွမ်းထောမနာ ရှိခိုးပူဇော်လျက် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ လာခဲ့ကြကုန်၏။

ခြောက်ခုမြောက် ရဟန်းငါးရာတို့၏ဝတ္ထု ပြီး၏။

ဓမ္မပဒဝတ္ထု ပထမတွဲ ပြီး၏။

၂၉၁၂
အမှတ်
ရက်စွဲ

ပ.မ.သ.စ. ၅၈/၈. ၂.၂၀၁၂ (၂၀၀၀) အုပ်၊ လာဘ်ဆိုင် (မြင်ပ)